
www.burmeseclassic.com

# ဟယ်ရီပေါ်တာ နှင့် မီးတောက်ခွက်

## ဒုတိယပိုင်း



ကြည်ကြည်မာ

# HARRY POTTER and the Goblet of Fire

J.K.ROWLING

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်- ၅၀၀၃၃၇၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်- ၅၀၀၃၄၉၀၅၀၄

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန်
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
၁၇၀၊ ၃၃ လမ်း၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ
ဦးထွန်းလင်း
ဖိုးဝအော့ဖ်ဆက် (၀၆၃၆၂)
၁၄၇၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်

ထုတ်ဝေသူ
ဦးလှဆွေ၊ ကြည်ကြည်မာစာပေတိုက် (၇၄၄)
၁၈၉/၂၊ ၃၄ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း
ပထမအကြိမ်

အုပ်ရေ
၁၀၀၀

ထုတ်ဝေသည့်ကာလ
၂၀၀၅ ခုနှစ်၊ မတ်လ

တန်ဖိုး
၂၂၀၀

BURMESE CLASSIC

# ဟယ်ရီ-ပေါ်တာ
# နှင့်
# မီးတောက်ခွက်

## [ဒုတိယပိုင်း]

ကြည်ကြည်မာ
[မြန်မာပြန်]

www.burmeseclassic.com

www.burmeseclassic.com

# HARRY POTTER
# and
# the Goblet of Fire
J.K.ROWLING

မာအိုက်ရှင်း၏ တရုတ်ဘာသာပြန်မှ ပြန်ဆိုသည်။

ကြည်ကြည်မာစာပေ
အမှတ်-၁၈၉(ခ)/၂၊ ၃၄ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၇၁၀၆

BURMESE CLASSIC .com



## ၂၁။ အိမ်မွေးမှင်စာလေးများ လွတ်မြောက်ရေး

ထိုညမှာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဇီးကွက်တဲအိမ်မှာ ဝက်ကလေးကို သွားရှာကြတယ်။ ဟယ်ရီက ဆီးရီးအက်စ်ကြယ်ကို စာတစ်စောင် ပို့ချင်တယ်။ မိမိဘာမှမဖြစ်ဘဲ မီးနဂါးကို ဖြတ်ခဲ့ကြောင်း သူ့ကို ပြောပြချင်တယ်။ လမ်းမှာ ဟယ်ရီက ဆီးရီးအက်စ်ကြယ် သူ့ကို ခါခါရော့ဖ်ကို သတိထားဖို့ပြောတာ အကုန်လုံး ရွန်ကို ပြောပြလိုက်တယ်။ ရွန်က ခါခါရော့ဖ်ဟာ ဒက်အီတာမုန်း သိရတော့ သိပ်အံ့သြသွားတယ်။ ဒါပေမယ့် သူတို့ ဇီးကွက်တဲအိမ်ကိုဝင်တော့ ရွန်က သူတို့ အစောကြီးကတည်းက ဒီအချက်ကို သံသယဖြစ်သင့်တယ်လို့ ပြောပြန်တယ်။

"ဒါဆို မှန်ပြီ" ရွန်က ပြောတယ်။ "မော်ဖိုင် ရထားပေါ်မှာပြောတဲ့ စကား မှတ်မိသေးလား။ သူ့အဖေနဲ့ ခါခါရော့ဖ်က မိတ်ဆွေဆိုတာလေ။ အခု သူတို့ ဘယ်မှာသိကြတယ်ဆိုတာ ငါတို့ သိပြီ။ သူတို့ဟာ ကမ္ဘာ့ဖလားပွဲတုန်းက မျက်နှာဖုံးစွပ်ပြီး အတူစီတန်းလှည့်လည်ကြတယ် . . . . ဒါပေမယ့်ငါ မင်းကို တစ်ခုပြောပြချင်တယ်၊ ဟယ်ရီ။ ခါခါရော့ဖ်က မင်းနာမည်ကို မီးတောက်ခွက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထည့်တယ်ဆိုရင် သူ အခုတော်တော်အကြပ်ရိုက်သွားပြီ။ ဟုတ်တယ်မဟုတ်လား။ သူ မတောင်မြင်ဘူး။ မင်း ပွန်းပဲ့ရှပ်ရှိတာ။ လာ . . . ငါ ဖမ်းမယ် . . . ”

ဝက်ကလေးက ၎င်းကို တပ္ပိုနိုင်းမယ်ကြားတော့ ဝမ်းသာပြီး ဟယ်ရီ့ ခေါင်းပေါ်မှာ ပတ်ပျံနေတယ်။ မနားတမ်း အော်နေတယ်။ ရွန်က ဝက်ကလေးကို ဆွဲဖမ်းလိုက်တယ်။ ဟယ်ရီက စာကို ၎င်းခြေထောက်မှာ ချည်လိုက်တယ်။

“ကျန်ကဏ္ဍနှစ်ခု ဒီလောက်အန္တရာယ် မရှိနိုင်ဘူး။ ဘယ်လိုမှ မရှိနိုင်ဘူး” ရွန်က ဝက်ကလေးကို ကိုင်ပြီး ပြတင်းပေါက်ဆီသွားရင်း ပြောတယ်။ “မင်းသိလား၊ ဒီတစ်ကြိမ်ယှဉ်ပြိုင်ပွဲမှာ မင်းနိုင်မယ်လို့ ငါထင်တယ်။ တကယ် ဟယ်ရီ၊ ငါ တကယ်ပြောတာ”

ရွန် ဒီလိုပြောတာဟာ လွန်ခဲ့တဲ့ ရက်သတ္တပတ်အချို့က သူ့အပြုအမူကို ပေးဆပ်ဖို့ဆိုတာ ဟယ်ရီ သိတယ်။ ဒါပေမယ့် သူ ကျေးဇူးတင်နေတယ်။ ဟာမီးက တဲအိမ်နံရံကိုမှီပြီး လက်ပိုက်ကာ ရွန့်ကို မျက်မှောင်ကြုတ်ကြည့်နေတယ်။

“ဒီယှဉ်ပြိုင်ပွဲပြီးဆုံးဖို့ ဟယ်ရီ့ရှေ့ခရီးက အရှည်ကြီး ရှိသေးတယ်” သူမက တည်ကြည်စွာ ပြောတယ်။ “ပထမကဏ္ဍတောင် ဒီလောက်အန္တရာယ်ရှိတာ၊ ဆက်လာမယ့်ဟာ ဘာဖြစ်မလဲလို့တောင် မတွေးဝံ့ဘူး”

“အလင်းရောင်ကို မြင်ဦးမှပေါ့” ရွန်က ပြောတယ်။ “ဟာမီး၊ နင်နဲ့ ပါမောက္ခ ထရီလောနီတို့မှာ တူညီတဲ့အမြင်ရှိတယ်၊ ပူးပေါင်းသင့်တယ်”

သူက ဝက်ကလေးကို ပြတင်းပေါက်က ပစ်လွှတ်လိုက်တယ်။ ဝက်ကလေးဟာ အောက်ကို ပေ ၂၀ ကျဆင်းသွားပြီးမှ ရုန်းကန်ပျံထွက်သွားတယ်။ ၎င်းခြေထောက်မှာ ချည်ထားတဲ့စာဟာ ခါတိုင်းထက် ရှည်တယ်၊ လေးတယ်။ ဟယ်ရီဟာ သူနဲ့ ဟွန်းတေးနဲ့ ပြိုင်ကြတာကို ဆီးရီးအက်စ်ကြယ်ဆီ အစုံရေးပေးမိတယ်။ ဘယ်လိုဆွဲဆောင်တယ်၊ ဘယ်လိုရှောင်တိမ်းတယ်ပေါ့။ ဝက်ကလေး ညအမှောင်ထဲမှာ ကွယ်ပျောက်သွားတာကို သူတို့ ကြည့်နေကြတယ်။ ဒီနောက် ရွန်က ပြောတယ်။ “ကောင်းပြီ၊ ဟယ်ရီ၊ ငါတို့ အောက်ဆင်းပြီး မင်းအတွက် ကျင်းပမယ့် ဇာတ်ဝမ်းသာပါတီပွဲကို သွားရအောင် —— ဖရက်နဲ့ဂျော့ဟာ မီးဖိုချောင်ထဲကနေ စားစရာတွေ အများကြီး ခိုးလာရျော့မယ်”

ထင်တဲ့အတိုင်းပဲ၊ သူတို့ ဂရစ်ဖင်းဒေါအများနားနေခန်းထဲ ဝင်လိုက်တော့ အော်ဟစ်သြဘာပေးသံ၊ ဆူညံသံတွေ ပေါက်ကွဲထွက်လာတယ်။ စားပွဲခုံ



ထိုင်ခုံတွေပေါ်မှာ တောင်ကုန်းကလေးလို ကိတ်မုန့်တွေ ပုံထားတယ်။ ရွှေဖရုံသီး အရည်ပုလင်းတွေနဲ့ ထောပတ်ဘီယာတွေလည်း ပါတယ်။ လီ-ဂျော်ဒန်က ဖစ်လစ်ဘတ်စတာမီးပန်းတချို့ လွှတ်လိုက်တယ်။ လေထုထဲမှာ ကြယ်တွေ၊ မီးပွင့်တွေ လက်နေတယ်။ ပန်းချီဆွဲတော်တဲ့ ဒင်း-သောမတ်စ်ဟာ ထင်းထင်းမြင်နိုင်တဲ့ ကန့်လန့်နဖူးစည်းအချို့ ချိတ်ဆွဲထားတယ်။ ဟယ်ရီ မီးသတ္တဝါစီးပြီး ဟွန်းတေးကို ပတ်ကာ ပျံသန်းတဲ့ပုံတွေ အများစုဆွဲထားတယ်၊ တခြားကားနှစ်ကားမှာတော့ စက်ဒရစ်ခေါင်း မီးစွဲတဲ့ပုံ ရေးဆွဲ ထားတယ်။

ဟယ်ရီ စားတယ်။ ဒီရက်တွေအတွင်းမှာ သူဟာ ပုံမှန်ဆာလောင်ခြင်းကိုတောင် မသိတော့ဘူး။ သူ၊ ရွန်နဲ့ ဟာမီးတို့ အတူထိုင်ကြတယ်။ သူ ဘယ်လောက်ပျော်တယ်ဆိုတာ မိမိကိုယ်မိမိတောင် မယုံနိုင်ဘူး။ ရွန်လည်း သူ့ဘေးပြန်ရောက်လာပြီ။ သူလည်း ပထမကဏ္ဍကို အောင်မြင်သွားပြီ၊ တစ်ခါ ဒုတိယကဏ္ဍကလည်း နောက်ထပ်သုံးလကြာမှ ရင်ဆိုင်ရမှာ။

“အမလေး . . . လေးလိုက်တာ” လီ-ဂျော်ဒန်က ဟယ်ရီ စားပွဲပေါ်တင်ထားတဲ့ ရွှေဥကို ကိုင်ပြီး လက်နှစ်ဖက်နဲ့ ဆကြည့်ရင်း ပြောတယ်။ “၎င်းကို မြန်မြန်ဖွင့်လိုက် ဟယ်ရီ၊ အထဲမှာ ဘာရှိလဲဆိုတာ ကြည့်ရအောင်”

“သူ့ဟာသူ သဲလွန်စရှာသင့်တယ်” ဟာမီးက အမြန်ပြောတယ်။ “ယှဉ်ပြိုင်ပွဲစည်းကမ်းမှာ သတ်မှတ်ထားတာက . . . . ”

“ငါလဲ ကိုယ့်ဖာသာ မီးနဂါးကို ကျော်ဖြတ်တဲ့ပြဿနာ ဖြေရှင်းသင့်တာပေါ့” ဟယ်ရီက ရေရွတ်လိုက်တယ်။ သူ့အသံဟာ တိုးတိုးလေးရယ်။ ဟာမီးပဲ ကြားရတယ်။ ဟာမီးဟာ အပြစ်ရှိသလိုနဲ့ ရယ်တယ်။

“ကောင်းပြီ၊ လာဟေ့၊ ဟယ်ရီ၊ ၎င်းကို ဖွင့်လိုက်” လူအချို့က ထောက်ခံပြောဆိုတယ်။

လီက ရွှေဥကို ဟယ်ရီ့ဆီ ပေးလိုက်တယ်။ ဟယ်ရီက ရွှေဥပေါ်က အချိုင့်တစ်ရစ်ကို လက်သည်းနဲ့ကော်ပြီး ရွှေဥကို ဖွင့်လိုက်တယ်။

အထဲမှာ ဗလာ၊ ဘာမှမရှိဘူး —— ဒါပေမယ့် ဟယ်ရီ ဖွင့်လိုက်စဉ်မှာပဲ အလွန့်အလွန် ကြောက်စရာကောင်းတဲ့ စူးစူးဝါးဝါးအော်သံ အခန်းထဲ ပြည့်လျှံသွားတယ်။ ဟယ်ရီ အရင်က ခေါင်းပျောက်ဖို့ နည်းနည်းသာ လိုတော့တဲ့ နစ်ခ်ရဲ့ သေဆုံးအထိမ်းအမှတ်ပွဲမှာပဲ ဒီအသံမျိုး ကြားရဖူးတယ်၊ အဲဒါ သရဲသဘက်တီးဝိုင်းက ဂီတလွှနဲ့ တီးမှုတ်တဲ့ အော်သံ။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပိတ်လိုက်" ဖရက်က လက်နဲ့ နားကို အုပ်ပြီး အော်ပြောတယ်။

ဟယ်ရီက ရွှေဥကို ဘတ်ခနဲ ပိတ်လိုက်တယ်။ "အဲဒါ ဘာလဲ" စီးမတ်-ဖင်နစ်ဂင်က ရွှေဥကို စိုက်ကြည့်ပြီး မေးတယ်။ "သရဲမအော်သံနဲ့ တူတယ် . . . . ဟယ်ရီ၊ မင်း နောက်တစ်ကြိမ် သရဲမနားက ဖြတ်သွားရမှာ"

"တစ်ယောက်ယောက် အနှိပ်စက်ခံနေရသလိုပဲ" —— နီဗီးက ပြောတယ်။ သူ့မျက်နှာ သွေးဆုတ်နေတယ်။ ဝက်အူချောင်းဖတ်တွေ မြေပေါ်ကျကုန်တယ်။ "မင်း ရင်ဆိုင်ရမှာက သည်းခိုက်နာကျင်ကျိန်စာ"

"လျှောက်မပြောနဲ့၊ နီဗီး၊ အဲဒါတရားမဝင်ဘူး" ဂျော့က ပြောတယ်။ "သူတို့ သူရဲကောင်းကို သည်းခိုက်နာကျင်ကျိန်စာ ချလို့မရဘူး။ ငါကတော့ ဒီအသံဟာ ဖတ်စီ သီချင်းဆိုသံနဲ့ နည်းနည်းတူတယ်လို့ ထင်တယ်။ သူ ရေချိုးနေတုန်း မင်း ဝင်ကိုက်ရမယ်နဲ့တူတယ်၊ ဟယ်ရီ"

"ယိုသွတ်မုန့်စားမလား၊ ဟာမီး"

ဟာမီးက သူ ကမ်းပေးတဲ့ ပန်းကန်ပြားကို သံသယနဲ့ ကြည့်နေတယ်။ ဖရက်က ရယ်တယ်။

"နင် စိတ်ချပါ" သူက ပြောတယ်။ "ငါ ဘာမှလုပ်မထားပါဘူး။ နင် သတိထားရမှာက ကြက်ဥနို့ဘီစကစ် ——"

နီဗီးဟာ ကြက်ဥနို့ဘီစကစ်ကို ကိုက်ရုံရှိသေးတယ်၊ ဒီစကား ကြားရတော့ နင်သွားတယ်။ ဘီစကစ်ကို ထွေးထုတ်တယ်။ ဖရက်က တအားရယ်တယ်။

"ငါက ရယ်စရာပြောတာပါ၊ နီဗီး . . . ."

ဟာမီးက ယိုသွတ်မုန့်တစ်ခု ယူလိုက်တယ်။ ဒီနောက် ပြောတယ်။ "ဒါတွေအားလုံး နင်တို့မီးဖိုချောင်က ယူလာတာလား၊ ဖရက်"

"ဟုတ်တယ်လေ" ဖရက်က ပြောတယ်။ ပြုံးစိစိနဲ့ သူမကို ကြည့်နေတယ်။ သူက အသံသေးသေးချွန်ချွန်ဖြစ်အောင်လုပ်ပြီး အိမ်မွေးမှင်စာလေးတွေကို အတုခိုးပြောတယ်။ "'ကျွန်ုပ်တို့ သင့်အတွက် အားလုံးပြင်ဆင်ပေးနိုင်ပါတယ်၊ ဆရာ၊ ဘာမဆိုရတယ်' သူတို့ သိပ်ကို လိုက်လျောတာပဲ . . . . ငါက နည်းနည်းဆာတယ်လို့ ပြောလိုက်တာနဲ့ သူတို့က ငါ့ကို နွားတစ်ကောင် ကင်ပေးတယ်"



"နင်တို့ ဘယ်လိုဝင်သွားတာလဲ"

ဟာမီးက ဘာမှမဖြစ်သလို အလကားမေးတဲ့ လေသံနဲ့ မေးတယ်။

"လွယ်လွယ်လေးရယ်" ဖရက်က ပြောတယ်။ "သစ်သီးတစ်ပန်းကန် ရေးဆွဲထားတဲ့ ပန်းချီကား နောက်မှာ တံခါးရှက်တစ်ချပ်ရှိတယ်။ အဲဒီသစ်သီးကို အသာလေး ကုတ်ပေးလိုက်ရင် ၎င်းက တခစ်ခစ်ရယ်လိမ့်မယ်၊ ဒီနောက် ——" သူ ဖါးစပ် ပိတ်သွားတယ်။ သူမကို သတိနဲ့ အကဲခတ်နေတယ်။ "ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး" ဟာမီးက အမြန်ပြောတယ်။

"အိမ်မွေးမှင်စာလေးတွေကို ဦးဆောင်ပြီး ဆန္ဒပြချင်လို့လား" ဂျော့က မေးတယ်။ "နင် ကြော်ငြာတို့ဘာတို့ကို စွန့်လွှတ်ပြီး သူတို့ကို ပုန်ကန်ဖို့ ဆော်ဩမလို့လား"

တချို့က ပျော်လို့ ရယ်ကြတယ်။ ဟာမီးက မဖြေဘူး။

"နင် ၎င်းတို့ အဝတ်အစား ရှုပ်ထွေးအောင် မလုပ်နဲ့။ သူတို့ကို အကျႌဝတ်ရမယ်၊ လုပ်ခယူရမယ်ပေါ့" ဖရက်က သူမကို သတိပေးတယ်။ "နင့်ကြောင့် ၎င်းတို့ ထမင်းမချက်ချင်ပဲ နေလိမ့်မယ်"

အဲဒီအချိန်မှာပဲ နီဗီးဟာ သဘော်စာဝါငှက်ကြီး ဖြစ်သွားတယ်။ အားလုံး ယာယီအာရုံပြောင်းသွားတယ်။

"အိုး —— ဝမ်းနည်းပါတယ်၊ နီဗီး" ဖရက်က အများရယ်သံကြားက အော်ပြောတယ်။ "ငါ မေ့သွားလို့ —— အဲဒါ ငါတို့မှော်မျက်လှည့်ပါတဲ့ ကြက်ဥနို့ဘီစကစ် ——"

တော်သေးတယ်။ တစ်မိနစ်တောင် မကြာဘူး၊ နီဗီးအမွေးတွေ ကျွတ်ကုန်တယ်။ အမွေးအကုန်ကျွတ်သွားတော့ သူ ပုံမှန်ပြန်ဖြစ်သွားတယ်။ သူက လည်း အများနဲ့ လိုက်ရယ်နေသေးတယ်။

"သဘော်စာဝါဘီစကစ်" ဖရက်က စိတ်ဓာတ်တက်ကြွနေတဲ့လူတွေကို အော်ပြောတယ်။ "ငါနဲ့ဂျော့ တီထွင်တာ —— တစ်ချပ်ကို ငွေ စစ်ခေါ် ခုနစ်ခု၊ အလွန်ပေါတယ်"

ဟယ်ရီ နောက်ဆုံးမှာ ရွန်၊ နီဗီး၊ စီးမတ်စ်၊ ဒင်းတို့နဲ့အတူ အပေါ်ထပ် အိပ်ဆောင်ခန်းဆီ ပြန်ရောက်တော့ နံနက်လင်းအားကြီး တစ်ချက်တီးနေပြီ။ ဟယ်ရီက ခုတင်ဘေးလိုက်ကာကို ဆွဲမပိတ်ခင်မှာ မိမိရဲ့ ဟန်ဂေရီ

www.burmeseclassic.com

www.burmeseclassic.com



ပွန်တေးရုပ်ထုလေးကို ခုတင်ဘေး ဗီရိုပုလေးပေါ် တင်ထားလိုက်တယ်။ နဂါးလေးဟာ သမ်းဝေရင်း ကွေးပြီး မျက်စိမှိတ်သွားတယ်။ ဟယ်ရီဟာ ခုတင်အကာကို ဆွဲစေ့ရင်း တွေးနေတယ်။ ဟက်ဂရစ်ဟာ အကျိုးအကြောင်း ရှိပါတယ် . . . . နဂါးဟာ စင်စစ် အလွန်ချစ်စရာကောင်းတယ်၊ တကယ် . . . .

ဒီဇင်ဘာလက ဟော့ဂ်ဝပ်ကို မုန်တိုင်းနဲ့ မိုးတွေ၊ ဆီးနှင်းတွေ သယ်ဆောင်လာတယ်။ ရဲတိုက်ကြီးထဲမှာ ဖြတ်တိုက်တဲ့လေ ရှိပေမယ့် ဟယ်ရီဟာ ကန်ရေပြင်မှာ ကျောက်ချထားတဲ့ ဒမ်စထရန်သင်္ဘောကြီးကို ဖြတ်သွားတိုင်း ရဲတိုက်ထဲက ပူနွေးတဲ့ မီးဖိုနဲ့ နံရံထူထူထဲထဲရှိလို့ ကံကောင်းတယ်လို့ ထင်တယ်။ အဲဒီသင်္ဘောကြီးဟာ လေပြင်းတိုက်လို့ လှုပ်ယိုင်နေတယ်။ အနက်ရောင်ရွက်ကြီးဟာ မှောင်မည်းတဲ့ ညကောင်းကင်မှာ လွင့်ပျံကခုန်နေတယ်။ ဒမ်စထရန်ရဲ့ လှုပ်ရှားအခန်းထဲမှာလည်း သေအောင် အေးလိမ့်မယ်လို့ သူက တွေးတယ်။ ဟက်ဂရစ်ဟာ မက်ဆင်းမ်ရဲ့ မြင်းကြီးတွေကို ၎င်းတို့ ကြိုက်နှစ်သက်တဲ့ ကပ်စေးနဲ့ဝီစကီစစ်စစ်ပေးတာကို ဟယ်ရီ သတိပြုမိတယ်။ ယာယီမြင်းဇောင်းဒေါင့်ရှိ မြင်းစာကျင်းထဲကနေ အရက်နံ့တွေ လွင့်ပျံလာတယ်။ ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်အချိန်တက်လာတဲ့ ကျောင်းသားတွေတောင် မူးဝေဝေ ဖြစ်လာတယ်။ ဒါက ဘာမှအကျိုးမရှိဘူး။ အကြောင်းက သူတို့ဟာ မီးပန်းပိုးကောင်ကိုပဲ ပြုစုနေရပြီး ဉာဏ်ပညာသုံးနေရလို့။

"၎င်းတို့ ဆောင်းအောင်းသလား မသိဘူး" နောက်တစ်ချိန်တက်တော့ ဟက်ဂရစ်က ရွှေဖရုံသီးခင်းထဲမှာ တဆတ်ဆတ် တုန်နေတဲ့ ကျောင်းသားတွေကို ပြောတယ်။ "ကျုပ်တို့ စမ်းကြည့်တာပေ့ါ၊ ၎င်းတို့ အိပ်ချင်လား မအိပ်ချင်ဘူးလား၊ ကြည့်ရအောင် . . . . ကျုပ်တို့ ဒီသေတ္တာတွေထဲမှာ ၎င်းတို့ကို ထည့်ထားရအောင်"

အခု မီးပန်းပိုးကောင် ဆယ်ကောင်ပဲ ကျန်တော့တယ်။ ၎င်းတို့ အပြန်အလှန် သတ်ပုတ်တဲ့ဆန္ဒဟာ လုံးဝမပြေပျောက်တာ ထင်ရှားတယ်။ အခု ၎င်းတို့ဟာ တစ်ကောင်တစ်ကောင်ကို ခြောက်ပေလောက် ရှည်လာပြီ။ ၎င်းတို့ရဲ့ မွဲမွဲထူထူ အပေါ်ရံကာကွယ်တဲ့အလွှာ၊ ၎င်းတို့ရဲ့ လှုပ်ယမ်းနေတဲ့ အားရှိတဲ့ ခြေထောက်၊ ၎င်းတို့ရဲ့ အဆက်မပြတ် ပေါက်ကွဲမီးပန်းတဲ့အမြီး။ ပြီးတော့ ၎င်းတို့ရဲ့ ဆူးပါတဲ့ စုပ်မွှက်။ အဲဒါ အားလုံးပေါင်းလိုက်တော့ မီးပန်းပိုးကောင်



ဟာ ဟယ်ရီ မြင်တွေ့ဖူးတဲ့ ရွံစရာအကောင်းဆုံးအရာ ဖြစ်သွားတယ်။ ကျောင်းသားတွေဟာ ဟက်ဂရစ် သယ်ထုတ်လာတဲ့ သေတ္တာတွေကို စိတ်မပါဘဲ ကြည့်နေတယ်။ သေတ္တာထဲမှာ ခေါင်းအုံးနဲ့ အမွှေးပွစောင်တွေ ရှိတယ်။

"၎င်းတို့ကို ခေါ်သွင်းကြမယ်" ဟက်ဂရစ်က ပြောတယ်။ "ဒီနောက် အဖုံးပိတ်လိုက်၊ ဘာအခြေအနေရှိမလဲဆိုတာ ကြည့်ရအောင်"

နောက်ဆုံးမှာ မီးပန်းပိုးကောင် ဆောင်းမအောင်းဘူးဆိုတာ တွေ့ရတယ်။ ပြီးတော့ ခေါင်းအုံးတွေဘာတွေ ခင်းထားတဲ့ သေတ္တာထဲ ထည့်ပြီး အဖုံးဖုံးထားတာလည်း မကြိုက်ဘူး။ မကြာဘူး၊ ဟက်ဂရစ်ဟာ အော်ဟစ်ပြောဆိုတာ ကြားရတယ်။ "ဒေါမကြီးနဲ့ . . . ဒေါမကြီးနဲ့" အကြောင်းက မီးပန်းပိုးကောင်တွေဟာ ရွှေဖရုံသီးအခင်းထဲမှာ ထင်ရာစိုင်းနေကြတယ်။ အခင်းထဲမှာ မီးခိုးထွက်နေတဲ့ သေတ္တာစတွေ နံ့နေတာပဲ။ ကျောင်းသားအများစုဟာ —— မော်ဖိုင်၊ ခရပ်နဲ့ ဂိုးက ခေါင်းဆောင်ပြီး —— နောက်ဖေးတံခါးကနေ ဟက်ဂရစ်အိမ်လေးထဲ ထွက်ပြေးကြတယ်။ အထဲမှာ တံခါးပိတ်နေကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ကတော့ တခြားကျောင်းသားအချို့နဲ့အတူ အပြင်မှာနေပြီး ဟက်ဂရစ်ကို ကူညီကြတယ်။ သူတို့ အတူတကွ ဝိုင်းဝန်းလိုက်တာ မီးပန်းပိုးကောင် ကိုးကောင်ကို ချုပ်ထိန်းနိုင်လိုက်တယ်။ ၎င်းတို့ကို ကြိုးချည်ထားတယ်။ ဒါပေမယ့် သူတို့မှာလည်း ကြီးလေးတဲ့တန်ဖိုး ပေးကြရတယ်။ ကိုယ်ပေါ်မှာ မီးလောင်ခံရ၊ အခြစ်ခံရတဲ့ ဒဏ်ရာတွေ မနည်းဘူး။ နောက်ဆုံးမှာ မီးပန်းပိုးကောင်တစ်ကောင်ပဲ ကျန်တော့တယ်။

"လန့်အောင်မလုပ်နဲ့" ဟယ်ရီနဲ့ရွန်က မှော်ကြိမ်လုံးနဲ့ မီးပန်းပိုးကောင်ကို မီးပွားတွေပန်းတော့ ဟက်ဂရစ်က အော်ပြောတယ် —— မီးပန်းပိုးကောင်ဟာ ဒေါသနဲ့ သူတို့ဆီ တိုးလာတယ်။ ကျောပေါ်က ဆူးတွေ ထောင်လာတယ်။ တနည်းငယ် တုန်ခါနေတယ် —— "ကြိုးနဲ့ ၎င်းဆူးကို ချည်ထား၊ ဒါမှ ကျန်မီးပန်းပိုးတောင်တွေကို ဒုက္ခမပေးမှာ"

"ဟုတ်တယ်၊ ကျွန်တော်တို့ ဒါမျိုးမဖြစ်ချင်ဘူးနော်" ရွန်က ဒေါသနဲ့ အော်ပြောတယ်။ ဒီအချိန်မှာ သူနဲ့ဟယ်ရီဟာ ဟက်ဂရစ်အိမ်ကလေးရဲ့ တံခါးမြိတ်အောက် ဆုတ်သွားရပြီ။ မှော်ကြိမ်လုံး မီးပွားနဲ့ မီးပန်းပိုးကောင် မကပ်နိုင်အောင် လုပ်နေတယ်။

"ကောင်းတယ်၊ ကောင်းတယ်၊ ကောင်းတယ် . . . . ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ပျော်စရာကောင်းတယ်"

ရီထာ-စကီးထာဟာ ဟက်ဂရစ် ဟင်းရွက်မြဲ ခြံစည်းရိုးမှာမှီပြီး အဲဒီ ဇာတ်လမ်းကို ကြည့်နေတယ်။ သူမဟာ ဒီနေ့ နီရဲရဲဝတ်ရုံရှည်ထူထူကြီး ဝတ်ထားတယ်။ ခရမ်းရောင်ကော်လာဟာ သားမွေးဖြစ်တယ်။ မိကျောင်းအရေခွံ လက်အိတ်ကို သူမလက်မောင်းမှာ ချိတ်ဆွဲထားတယ်။

မီးပန်းပိုးကောင်ဟာ ဟယ်ရီနဲ့ရွန်ကို ပြေးစရာလမ်း မရှိအောင် ဖြစ်စေတယ်။ ဟက်ဂရစ်က ပြေးလာကာ ၎င်းကိုယ်ပေါ် ဝင်အုပ်ပြီး ၎င်းကို ချုပ်ထိန်းထားလိုက်တယ်။ ၎င်းအမြီးနောက်က မီးလုံး ပန်းထွက်လာတယ်။ ဘေးရှိရွှေဖရုံညွှန့်တွေ မီးကျွမ်းသွားတယ်။

"ခစ်ဗျားဘယ်သူလဲ" ဟက်ဂရစ်က ရီထာ-စကီးထာကို မေးရင်း ကြိုးကွင်းကို မီးပန်းပိုးကောင်ရဲ့ဆူးပေါ် စွပ်လိုက်တယ်။ တင်းအောင် တုပ်ချည်လိုက်တယ်။

"ကျွန်မက ရီထာ-စကီးထာလို့ ခေါ်တယ်။ 'ကြိုဟောသူများနေ့စဉ်' က သတင်းထောက်ပါ" ရီထာက ဖြေတယ်။ ပြုံးပြီး ဟက်ဂရစ်ကို ကြည့်နေတယ်။ ပါးစပ်ထဲ ရွှေသွားတွေ လက်နေတယ်။

"ဒမ်ဘယ်လီဒိုးက ခင်ဗျား ကျောင်းထဲမဝင်ရတော့ဘူးလို့ ပြောဖူးသလိုပဲ" ဟက်ဂရစ်က အနည်းငယ် မျက်မှောင်ကြုတ်ပြီး ပြောတယ်။ ဖိထားလို့ နည်းနည်းပုံပျက်နေတဲ့ မီးပန်းပိုးကောင်ပေါ်က ဆင်းလိုက်တယ်။ ၎င်းကို တအားဆွဲပြီး ၎င်းအဖော်တွေဆီ ခေါ်သွားတယ်။

ရီထာကို ကြည့်ရတာ ဟက်ဂရစ်စကားကို လုံးဝကြားပုံမပေါ်ဘူး။

"ဒီချစ်စရာအကောင်တွေကို ဘာခေါ်လဲ" သူမက မေးတယ်။ မျက်နှာပေါ်က အပြုံးဟာ ပိုတောက်ပလာတယ်။

"မီးပန်းပိုးကောင်" ဟက်ဂရစ်က အသံသြသြနဲ့ ပြောတယ်။

"တကယ်လား" ရီထာက သိပ်စိတ်ဝင်စားတဲ့ပုံနဲ့ ပြောတယ်။ "ကျွန်မ အရင်က မကြားဖူးဘူး။ ၎င်းတို့ကို ဘယ်ကရတာလဲ"

ဟက်ဂရစ်ရဲ့ ပွယောင်းရှုပ်ထွေးတဲ့ မုတ်ဆိတ်နက်နောက်က မျက်နှာကြီး နီသွားတာ ဟယ်ရီ သတိပြုမိတယ်။ သူ ရင်လေးသွားတယ်။ ဒီမီးပန်းပိုးကောင်တွေကို ဟက်ဂရစ် ဘယ်ကရပါလိမ့်? ဟာမီးကလည်း ဒီအတိုင်း တွေးမိတယ်ထင်တယ်။ သူမက အမြန်ပြောလိုက်တယ်။ "၎င်းတို့ သိပ်စိတ်ဝင်



စားစရာကောင်းတယ် ဟုတ်လား။ နင်ပြောစမ်း၊ ဟယ်ရီ၊ ဟုတ်လား"

"ဘာလဲ၊ အော၊ ဟုတ်တယ် . . . . အမလေး . . . . သိပ်စိတ်ဝင်စားစရာကောင်းတယ်" ဟယ်ရီဟာ သူ့ခြေထောက်ကို ဟာမီးနင်းလိုက်လို့ လိုက်လျောပြောဆိုလိုက်တယ်။

"အား၊ မင်းလဲ ဒီမှာပါလား၊ ဟယ်ရီ" ရီထာ-စကီးထာက လှည့်ပြီး ပြောတယ်။ "ဒီလိုဆိုတော့ မင်း ထူးဆန်းသတ္တဝါကာကွယ်တဲ့ သင်ခန်းစာကို နှစ်သက်တယ် ဟုတ်လား။ ဒါ မင်း အတက်ချင်ဆုံး ဘာသာရပ်လား"

"ဟုတ်တယ်" ဟယ်ရီက ရှင်းရှင်းပဲ ပြောလိုက်တယ်။ ဟက်ဂရစ်က ပြုံးပြီး သူ့ကို ကြည့်နေတယ်။

"သိပ်ကောင်းတာပဲ" ရီထာက ပြောတယ်။ "တကယ်ပဲ သိပ်ကောင်းတယ်။ စာသင်ချိန်ကြာသလား" သူမက ဟက်ဂရစ်ကို မေးပြန်တယ်။

သူမဟာ အကြည့်ကို ဒင်း (သူ့မျက်နှာတစ်ခြမ်းပေါ်မှာ အရုပ်ဆိုးတဲ့ ဒဏ်ရာရှိတယ်။) လာဗင်ဒါ (သူမဝတ်ရုံရှည်မှာ မီးလောင်ကွက်ကြီး ရှိတယ်။) စီးမတ်စ် (သူက မီးလောင်ခံရတဲ့ လက်ချောင်းတချို့ကို ပြုစုနေတယ်)။ ဆက်လက်ပြီး သူမအကြည့်ဟာ အိမ်ကလေးရဲ့ ပြတင်းပေါက်ဆီ ရောက်သွားတယ်။ ကျောင်းသားအများစု အဲဒီမှာ ရပ်နေတယ်။ နှာခေါင်းကို ပြတင်းမှန်ပေါ် ဖိကပ်ထားပြီး အန္တရာယ်ကျော်လွန်သွားပြီလားဆိုတာ ကြည့်နေတယ်။

"သင်တာ ဒုတိယနှစ်စရုံပဲ ရှိသေးတယ်" ဟက်ဂရစ်က ပြောတယ်။

"သိပ်ကောင်းတာပဲ . . . . ရှင်တွေ့ဆုံမေးမြန်းတာ တစ်ကြိမ်လောက် လက်ခံမလား။ ဟင် . . . . ? ရှင် ထူးဆန်းသတ္တဝါကာကွယ်တဲ့ အတွေ့အကြုံကို စာဖတ်သူတွေ မျှဝေပေးပါလား ? "ကြိုဟောဆရာများနေ့စဉ်"မှာ ဗုဒ္ဓဟူးနေ့တိုင်း သတ္တဗေဒ အထူးကဏ္ဍတစ်ခုရှိတယ်။ ရှင်သိမှာပါ။ ကျွန်မတို့ ဒီ —— အင်း —— မီးပန်းပိုးကောင်တွေကို မိတ်ဆက်ပေးလို့ ရတာပေါ့"

"မီးပန်းပိုးကောင်" ဟက်ဂရစ်က လှိုက်လှဲစွာ ပြောတယ်။ "အင်း —— ဟုတ်တယ်လေ၊ ရပါတယ်"

ဒီကိစ္စကတော့ သိပ်ဟန်မကျဘူးလို့ ဟယ်ရီက ထင်တယ်။ ဒါပေမယ့် ရီထာ-စကီးထာမျက်စိအောက်မှာ ဒီလိုအတွေးကို ဟက်ဂရစ်သိအောင် မလုပ်နိုင်ဘဲ ဖြစ်နေတယ်။ ဒါနဲ့ ဘေးမှာရပ်နေပြီး ဟက်ဂရစ်နဲ့ ရီထာ-စကီးထာ တို့ ခုအပတ် နှောင်းပိုင်းမှာ တံမြက်စည်းသုံးလက်မှာ တွေ့ဆုံပြီး ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြဖို့ စီစဉ်နေတာကို ငြိမ်ငြိမ်လေး ကြည့်နေတယ်။ ဒီအချိန်မှာ ရဲတိုက်ခေါင်းလောင်းသံ ပေါ်ထွက်လာပြီ။ ဒီကျောင်းချိန် ပြီးဆုံးသွားပြီ။

"ကောင်းပြီ၊ ဂွတ်ဘိုင်၊ ဟယ်ရီ" ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ထွက်ခွာသွားတဲ့အခါမှာ ရီထာ-စကီးထာက ပျော်ရွှင်စွာအော်ပြောတယ်။ "ဒါဆို ပြောပြီးပြီနော်၊ ဟက်ဂရစ်၊ သောကြာနေ့တွေ့မယ်"

"သူမဟာ ဟက်ဂရစ်ပြောတဲ့စကားတိုင်းကို ထင်သလိုလုပ်ကြံ ရေးသားလိမ့်မယ်" ဟယ်ရီက အသံနိမ့်ပြီး ပြောတယ်။

"မီးပန်းပိုးကောင်နဲ့ တခြားအရာတွေကို ဟက်ဂရစ် တရားမဝင် ယူသွင်းလာတာ မဖြစ်ပါစေနဲ့လို့ ဆုတောင်းတယ်" ဟာမီးက စိတ်ပူစွာ ပြောတယ်။ သူတို့ အပြန်အလှန် ကြည့်နေကြတယ် —— ဒါဟာ ဟက်ဂရစ်လုပ်နိုင်တဲ့ ကိစ္စပဲ။

"အရင်က ဟက်ဂရစ် ပြဿနာတွေ အများကြီးတက်ခဲ့တယ်၊ ဒမ်ဘလီဒိုးဟာ သူ့ကို ထုတ်မပစ်ခဲ့ဘူး" ရွန်က သူတို့ကို နှစ်သိမ့်ပြောဆိုတယ်။ "အဆိုးဆုံးဖြစ်နိုင်တာကတော့ ဟက်ဂရစ် မီးပန်းပိုးကောင်တွေကို စွန့်လွှတ်ရမှာပဲ။ ဝမ်းနည်းပါတယ် . . . . ငါပြောတာ အဆိုးဆုံးလား။ ငါက အကောင်းဆုံးလို့ ထင်တယ်"

ဟယ်ရီနဲ့ဟာမီးတို့ ရယ်ကြတယ်။ သူတို့ နေ့ခင်းထမင်းသွားစားတော့ စိတ်နည်းနည်းပေါ့ပါးသွားတယ်။ အဲဒီနေ့ညနေပိုင်းမှာ ဗေဒင်အချိန်နှစ်ချိန် တက်ရတာ သိပ်ပျော်တယ်လို့ ဟယ်ရီ ခံစားရတယ်။ သူတို့ဟာ ကြယ်တာရာပုံ ဆွဲမြဲဆွဲရတယ်။ ကြိုဟောစာဟမ်း ရေးရတယ်၊ ဒါပေမယ့် အခု ရွန်ဟာ မိမိ သူငယ်ချင်း ပြန်ဖြစ်သွားတော့ ဒါတွေအားလုံး ပျော်စရာ၊ ရယ်စရာတွေ ဖြစ်ကုန်တယ်။ ဟယ်ရီနဲ့ရွန်တို့ဟာ မိမိတို့ ကြောက်စရာ သေရမယ့်အကြောင်းချည်း ကြိုဟောနေတဲ့အတွက် ပါမောက္ခ ထရီလောနီဟာ ၎င်းတို့ကို အထူးကျေနပ်နေတယ်။ ဒါပေမယ့် ဒီနေ့မှာ သူမဟာ ပလူတိုကြယ်က နေ့စဉ်ဘဝကို နှောင့်ယှက်တဲ့နည်းများကို ရှင်းပြတဲ့အခါမှာ သူတို့က တခစ်ခစ်ရယ်နေတဲ့အတွက် သူမဟာ ချက်ချင်းဒေါသထလာတယ်။

"ကိုယ်ထင်တယ်" သူမက ပြောတယ်။ အသံက တိုးတိုးလေးရယ်၊ လျှို့လျှို့ဝှက်ဝှက်နဲ့၊ ဒါပေမယ့် သူမ ဒေါသဖြစ်နေတာကိုတော့ မဖုံးကွယ်ဘူး။ "ကိုယ်တို့ထဲက လူတချို့" —— သူမဟာ အဓိပ္ပာယ်ပါပါနဲ့ ဟယ်ရီကို စိုက်ကြည့်



နေတယ် —— "ကိုယ် ညတုန်းက ခရစ်ဆယ်ဘောလုံးဗေဒင်မှာ မြင်ရတဲ့ အရာကို မြင်ရင် ခုလို ပေါ့ပြက်ပြက်ဖြစ်မှာ မဟုတ်ဘူး။ ညက ကိုယ် ဒီမှာထိုင်ပြီး ချုပ်စရာလေးတွေ ငုံ့ချုပ်နေစဉ် ကိုယ် ခရစ်ဆယ်ဘောလုံးကို မေးကြည့်ချင်တဲ့ စိတ်ကို တားမရဖြစ်မိတယ်။ ကိုယ် မတ်တတ်ရပ်လိုက်ပြီး ခရစ်ဆယ်ဘောလုံး ရှေ့ သွားထိုင်လိုက်တယ်။ ခရစ်ဆယ်ရဲ့ နက်ရှိုင်းတဲ့နေရာကို ငေးစိုက်ကြည့် နေတယ် . . . . မင်းတို့ပြောစမ်း၊ ဘာက ကိုယ့်ကို စိုက်ကြည့်နေတယ် မှတ်လဲ"

"အရုပ်ဆိုးတဲ့ လင်းနို့အိုကြီး၊ အလွန်ကြီးတဲ့ မျက်မှန်ကြီး တပ်ထားတယ်ပေါ့" ရွန်က အသံနိမ့်နိမ့် ရေရွတ်နေတယ်။

ဟယ်ရီက မျက်နှာထားတင်းထားတယ်၊ ရယ်သံမထွက်အောင် ထိန်းထားတယ်။

"အဲဒါ သေခြင်း၊ ကိုယ့်အချစ်လေးတွေ"

ပါဗာထီနဲ့လာဗင်ဒါတို့ ပါးစပ်ကို လက်နဲ့အုပ်ထားတယ်။ သိပ်ထိတ်လန့်နေကြတယ်။

"ဟုတ်တယ်" ပါမောက္ခ ထရီလောနီဟာ ဟန်ပါပါနဲ့ ခေါင်းညိတ်လိုက်တယ်။ "၎င်းလာပြီ၊ ကြာလေ နီးလာလေပဲ။ ၎င်းဟာ လင်းတကြီးတစ်ကောင်လို ခေါင်းပေါ်မှာ ဝဲနေတယ်၊ ကြာလေနိမ့်လေ . . . . ကြာလေနိမ့်လေ၊ ရဲတိုက်ရဲ့အပေါ်ဘက်မှာ . . . ."

သူမဟာ ဟယ်ရီကို စူးစူးရှရှ ကြည့်နေတယ်။ ဟယ်ရီက လုံးဝမဖုံးကွယ်ဘဲ အကျယ်ကြီး သမ်းလိုက်တယ်။

"သူမ ဒါမျိုးလုပ်တာ အကြိမ်ရှစ်ဆယ်မကတော့ဘူး၊ ဒီလိုမလုပ်ရင် သာ အံ့ဩစရာဖြစ်မှာ" ဟယ်ရီက ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ ပါမောက္ခ ထရီလောနီအခန်းအောက်က လှေကားပေါ် ရောက်လာကြပြီ။ လန်းဆန်းတဲ့ လေသန့်ကို ပြန်ရှူရှိုက်ရပြီ။ "ဒါပေမယ့် သူမက ငါသေမယ်လို့ ပြောတိုင်း ငါကလဲ သေရင် ငါတော့ ဆေးပညာသမိုင်းမှာ အံ့ဘွယ်ဖြစ်မှာပဲ"

"မင်းဟာ အံ့လွန့်အလွန်ပျစ်ခဲတဲ့သရဲဖြစ်မှာ" ရွန်က ပြောရင်း တခစ်ခစ်ရယ်တယ်။ "ငါတို့မှာ အိမ်စာမရှိတာ သေချာတယ်။ ဟာမီး ပါမောက္ခ ဗက်ခတာဆီကနေ အိမ်စာတွေ တစ်ပုံကြီး ရလာစေချင်တယ်။ သူမ အိမ်စာ လုပ်နေစဉ် ငါတို့အားနေတာ ငါ သိပ်ကြိုက်တယ် . . . ." ဒီအချိန်မှာ သူတို့ဟာ သွေးဘာရွန်နဲ့ ယှဉ်ဖြတ်သွားတယ်။ ဘာရွန်ရဲ့ ဒေါသနဲ့ မျက်လုံးကြီးတွေက

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို စိတ်ဆိုးဆိုး ကြည့်သွားတယ်။

သို့ပေမယ့် ညစာစားပွဲမှာ ဟာမီး မရှိဘူး။ ဒီနောက်မှာ သူတို့ စာကြည့်တိုက်ကို သူမ သွားရှာတယ်။ ဒါလည်း အရိပ်တောင် မတွေ့ရဘူး။ အဲဒီမှာ ဗစ်ခတာ-ခရွန်းမ်တစ်ယောက်တည်း ရှိတယ်။ ရွှန်ဟာ စာအုပ်စင်တွေနောက်မှာ ဟိုဟိုဒီဒီလျှောက်ရင်း ခရွန်းမ်ကို ကြည့်နေတယ်။ ဟယ်ရီနဲ့လည်း ၎င်းကို လက်မှတ်ရေးထိုးခိုင်းမလားဆိုတာ ငြင်းနေတယ် —— ဒါပေမယ့် နောက်တော့ ကျောင်းသူခြောက်ယောက် ခုနစ်ယောက်ဘေးက စာအုပ်စင်ဘေး ပုန်းနေပြီး အဲဒီလိုမျိုးကိစ္စအတွက် ငြင်းခုန်နေတာ ရွှန် တွေ့ရတော့ ဒီအတွေးပေါ်မှာ လိုက်လှဲမှု မရှိတော့ဘူး။

"တယ်ထူးဆန်းပါလား။ သူမ ဘယ်ရောက်သွားလဲ" ဟယ်ရီနဲ့အတူ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်ခဲ့တော့ ရွှန်က ပြောတယ်။

"မသိဘူး . . . . တွေ့ကရာလျှောက်ပြော"

မိန်းမဝဝကြီးဟာ ရှေ့ဘက်သို့ ဖွင့်ပေးစဉ်မှာပဲ ကျောဘက်က ခြေလှမ်းသုတ်သုတ်သံ ကြားရတယ်။ ဟာမီး လာပြီ။

"ဟယ်ရီ" သူမက မောဟိုက်ရင်း ပြောတယ်။ ဟယ်ရီ့ဘေးမှာ ခြေလှမ်းတန့်လိုက်တယ်။ (မိန်းမဝဝကြီးက သူမကို ငုံ့ကြည့်ပြီး မျက်ခုံးပင့်လိုက်တယ်)။ "ဟယ်ရီ နင်လာခဲ့ဦး —— နင်လာမှ ဖြစ်မယ်၊ အလွန်ထူးဆန်းတဲ့ ကိစ္စဖြစ်တယ် —— တောင်းပန်ပါတယ်၊ မြန်မြန်လာပါ"

သူမဟာ ဟယ်ရီ့ပခုံးကို လှမ်းဆွဲပြီး စင်္ကြံထဲကို ဆွဲခေါ်သွားတယ်။

"ဘာဖြစ်လို့လဲ"

"ငါတို့ အဲဒီကို ရောက်ရင် နင်မြင်ရမှာပါ —— အော၊ လာ၊ မြန်မြန် ——"

"ကောင်းပြီ" ဟယ်ရီက ပြောရင်း ဟာမီးနဲ့အတူ နောက်ပြန်သွားတယ်။ ရွှန်က အမြန်လိုက်လာတယ်။

"ဟော့၊ မင်းတို့ ငါ့ကို ပစ်ထားခဲ့တာလား"

မိန်းမဝဝကြီးက သူတို့ကျောဘက်ကနေ ဒေါသနဲ့ အော်ပြောတယ်။ "မင်းတို့က ငါ့ကို ဒုက္ခပေးပြီး တစ်ခွန်းမှတောင် တောင်းပန်တာ မရှိဘူး၊ ငါက ဒီအတိုင်းဖွင့်ထားပြီး မင်းတို့ ပြန်လာတာကို စောင့်ရမှာလား"

"ဟုတ်တယ်လေ၊ ကျေးဇူးပါပဲ" ရွှန်က လှည့်အော်ပြောတယ်။



"ဟာမီး၊ ငါတို့ ဘယ်ကိုသွားမှာလဲ" ဟယ်ရီက မေးတယ်။ အခု ဟာမီးက သူတို့ကို ခေါ်ပြီး လှေကားခြောက်ထပ်ဆင်းခဲ့ပြီး မာဘော်ကျောက်လှေကားကနေ ရှေ့တံခါးမခန်းထဲ ဝင်လာတယ်။

"နင်မြင်ရတော့မယ်၊ ခုတင်ပဲ မြင်ရတော့မယ်" ဟာမီးက စိတ်လှုပ်ရှားစွာ ပြောတယ်။

လှေကားခြေရင်းရောက်တော့ သူမက ဝဲဘက်ကို ကွေ့လိုက်ပြီး တံခါးတစ်ချပ်ဆီ လျှောက်သွားတယ်။ ဟယ်ရီဟာ စက်ဒရစ်-ဒစ်ဂိုရီ ဒီတံခါးထဲဝင်သွားတာ တွေ့ဖူးတယ်။ အဲဒါ မီးတောက်ခွက်က ၎င်းနဲ့ ဟယ်ရီ့နာမည်ကို ပန်းထုတ်တဲ့ညက။ ဟယ်ရီ အရင်က ဒီကို မလာဖူးဘူး။ သူနဲ့ရွှန်ဟာ ဟာမီးနောက်က လိုက်ပြီး ကျောက်လှေကားတစ်ခုက ဆင်းခဲ့တယ်။ အောက်မှာက မှောင်မည်းအေးစက်ပြီး စနိတ်ပ်ရဲ့ မြေအောက်စာသင်ခန်းဆီ ပေါက်ရောက်တဲ့ မြေအောက်လမ်းမျိုး မဟုတ်ဘူး။ ဒါနဲ့ ဆန့်ကျင်စွာပဲ သူတို့ဟာ ကျယ်ပြောတဲ့ ကျောက်စင်္ကြံထဲ ရောက်လာတာ တွေ့ရတယ်။ မီးတုတ်အလင်းရောင်ကြောင့် ဘေးပတ်လည်အကုန်လုံး လင်းနေတယ်။ နေရာတိုင်းမှာ ပျော်ရွှင်စရာ ပန်းချီကားတွေ ရှိတယ်။ ပန်းချီကားအများစုဟာ စားစရာတွေ ရေးဆွဲထားတယ်။

"အော၊ နေဦး . . . ." ကျောက်စင်္ကြံထဲ တစ်ဝက်ခန့်သွားမိတော့ ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ "ခဏနေဦး၊ ဟာမီး . . . ."

"ဘာဖြစ်တာလဲ" သူမက သူ့ကို လှည့်ကြည့်တယ်။ သူ့အဖြေကို သိချင်နေတယ်။

"ဘာလဲဆိုတာ ငါသိပြီ" ဟယ်ရီက ပြောတယ်။

သူက ရွှန့်ကို တံတောင်နဲ့တွက်ပြီး ဟာမီးကျောဘက်က အရုပ်ကားကို လက်ညှိုးထိုးပြတယ်။ ပန်းချီဆွဲထားတာက သစ်သီးတွေအပြည့်ထည့်ထားတဲ့ ငွေရောင်ပန်းကန်ကြီး။

"ဟာမီး" ရွှန်က နားလည်သွားတယ်။ သူက ပြောတယ်။ "နင်က ငါတို့ကို နင့် 'အော့အန်'တဲ့ အလုပ်ထဲ ပါဝင်ဖို့ နားချဦးမလို့လား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ရပါဘူး" သူမက ပူပင်စွာ ပြောတယ်။ "ပြီးတော့လဲ အော့အန်တာမဟုတ်ဘူး၊ ရွှန် ——"

"ဘယ်လိုလဲ၊ နာမည်ပြောင်းလိုက်ပြီလား"

ရွှန်က သူမကို မျက်မှောင်ကြုတ်ပြီးပြောတယ်။ "ဒါဆို ဘာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်မွေးမှင်စာလေးများ လွတ်မြောက်ရေးတပ်ဦးလား။ ငါကတော့ မီးဖိုထဲ အတင်းဝင်ပြီး သူတို့ကို အလုပ်မလုပ်ဖို့ ပြောဟောတာ မလုပ်ချင်ဘူး၊ ငါ ဘယ်နည်းနဲ့မှ ——"

"ငါ နင့်ကို ဒီလိုလုပ်ခိုင်းတာ မဟုတ်ပါဘူး" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "ငါ ခုနက ဒီကို လာသေးတယ်။ သူတို့နဲ့ စကားပြောတယ်။ ငါ တွေ့ရှိတာက —— အော၊ မြန်မြန်၊ ဟယ်ရီ၊ ငါ နင့်ကို ခေါ်သွားပြမယ်"

သူမဟာ ဟယ်ရီ့လက်မောင်းကို တစ်ခါဆွဲပြီး ဟိုသစ်သီးပန်းကန်ကြီး ပန်းချီကားရှေ့ ခေါ်သွားတယ်။ သူမဟာ လက်ညှိုးနဲ့ စိမ်းနေတဲ့ သစ်သော့သီးကြီးကို အသာကုတ်ပေးလိုက်တယ်။ သစ်သော့သီးက တွန့်လိမ်လာပြီး တခစ်ခစ်ရယ်တယ်။ ရုတ်တရက် တံခါးလက်ကိုင်ကြီး ဖြစ်သွားတယ်။ ဟာမီးက ၎င်းကို ဖမ်းကိုင်ပြီး တံခါးကို ဆွဲဖွင့်တယ်။ သူမဟာ ဟယ်ရီ့ကျောကို အားနဲ့ တွန်းလိုက်ပြီး အတွင်းကို ပို့လိုက်တယ်။

မျက်စိတ,မှိတ်အတွင်းမှာပဲ မျက်နှာကြက်အလွန်မြင့်တဲ့ အိမ်ခန်းကြီးကို ဟယ်ရီ မြင်တွေ့ရတယ်။ အကျယ်အဝန်းဟာ အပေါ်က ခန်းမကြီးနဲ့ အတူတူပဲ။ ဘေးပတ်လည် ကျောက်နံရံဘေးမှာ လက်ပြောင်နေတဲ့ ကြေးအိုးတွေ၊ ကြေးဇလုံတွေ ပုံထားတယ်။ အခန်းရဲ့ ဟိုတစ်ဖက်မှာ အုတ်နဲ့ ပြုလုပ်ထားတဲ့ မီးလင်းဖိုအကြီးကြီး ရှိတယ်။ သေချာတောင် မကြည့်ရသေးဘူး။ အရာကလေးတစ်ခု သူ့ဆီ အလျင်အမြန် ပြေးလာတယ်။ ပါးစပ်ကလည်း "ဟယ်ရီ-ပေါ်တာ၊ ဆရာ၊ ဟယ်ရီ-ပေါ်တာ"လို့ အော်လာတယ်။

ဒီနောက်မှာ စူးရှစွာ အော်လာတဲ့ မှင်စာလေးဟာ သူ့ဗိုက်ကို ဝင်ဆောင့်ပြီး သူ့ကို တင်းတင်းဖက်ထားတယ်။ နံရိုးတောင် ကျိုးခါနီးပြီလို့ ဟယ်ရီ ခံစားရတယ်။ အဆုတ်ထဲက လေတွေလည်း အကုန်ညှစ်ထုတ်ခံရသလိုပဲ။

"ဒေါ —— ဒေါ့ဘီ" ဟယ်ရီက အသက်မနည်းရှူပြီး ပြောတယ်။

"ဒေါ့ဘီပါ၊ ဆရာ၊ ဒေါ့ဘီပါ" အဲဒီအသံလေးဟာ ဟယ်ရီ့ချက်နားဆီက စူးရှစွာ အော်ပြောတယ်။ "ဒေါ့ဘီက ဟယ်ရီ-ပေါ်တာကို တွေ့ချင်လို့ မျှော်ရတာကြာလှပြီ၊ ဆရာ၊ အခုတော့ ဟယ်ရီ-ပေါ်တာကိုယ်တိုင် သူ့ကို လာတွေ့ပြီ၊ ဆရာ"

ဒေါ့ဘီက လက်ကို လွှတ်လိုက်ပြီး နောက်သို့ လေးငါးလှမ်း ဆုတ်လိုက်တယ်။ ဟယ်ရီ့ကို ပြုံးပြုံးကြီး မော့ကြည့်တယ်။ ပင်ပေါင်ဘောလုံးလောက်



ကြီးတဲ့ မျက်လုံးစိမ်းကြီးတွေဟာ ဝမ်းသာလို့ မျက်ရည်ဝဲနေတယ်။ ၎င်းဟာ ဟယ်ရီ့မှတ်ဉာဏ်ထဲက ပုံစံနဲ့ အတူတူပဲ။ ခဲတံလို သွယ်လျတဲ့ နှာတံ၊ လင်းနို့ သဏ္ဍာန် နားရွက်ကြီးနှစ်ခု၊ ပြီးတော့ လက်ချောင်းရှည်ရှည်နဲ့ ခြေတံရှည်ရှည် —— ဘာမှမပြောင်းဘူး။ သူဝတ်တဲ့အဝတ်အစားကသာ မူလကနဲ့ လုံးဝကွဲပြားနေတယ်။

ထိုစဉ်က ဒေါ့ဘီ၊ မော်ဖိုင်တို့အိမ်မှာ အလုပ်လုပ်တုန်းက တစ်နှစ်လုံးလုံး ညစ်ပတ်တဲ့ ခေါင်းအုံးစွပ်အဟောင်းကို ဝတ်ထားရတယ်။ အခု ၎င်းဝတ်ဆင်ထားတာဟာ ဟယ်ရီ မြင်တွေ့ဖူးတဲ့ အထူးဆန်းဆုံး ပေါင်းစပ်ဝတ်ဆင်မှုပဲ။ ၎င်းဟာ ကမ္ဘာ့ဖလားပွဲမှာ ဟိုမှော်ဆရာတွေ ဝတ်ဆင်တာထက်တောင် အခြေအနေဆိုးသေးတယ်။ ၎င်းခေါင်းပေါ်မှာ လက်ဖက်ရည်ခရား နွေးအောင်စွပ်တဲ့အစွပ်ကို ဆောင်းထားတယ်။ အစွပ်ပေါ်မှာ တံဆိပ်ရောင်စုံ တွယ်ထားတယ်။ အထက်ပိုင်းဗလာပေါ်မှာ မြင်းခွာသဏ္ဍာန် ဒီဇိုင်းရှိတဲ့ လည်စည်းကို စည်းထားတယ်။ အောက်ပိုင်းမှာတော့ ကလေးကန်ဘောသမားများ ဝတ်တဲ့ ဘောင်းဘီတိုလိုဟာမျိုး ဝတ်ထားတယ်။ ခြေထောက်မှာတော့ အစုံမဟုတ်တဲ့ ခြေစွပ်နှစ်ခု စွပ်ထားတယ်။ ၎င်းအနက် ခြေစွပ်တစ်ဖက်ဟာ မိမိခြေထောက်က ချွတ်ပြီး ဒေါ့ဘီကို ပစ်ပေးအောင် မစွတာ မော်ဖိုင်ကို လှည့်စားတဲ့ ခြေစွပ်။ ဒါကြောင့် ဒေါ့ဘီကို လွတ်လပ်သွားစေတဲ့ ခြေစွပ်အနက်။ ကျန်ခြေစွပ်တစ်ဖက်ပေါ်မှာ ပန်းရောင်နဲ့ လိမ္မော်ရောင်အစင်းတွေ နှိပ်ထားတယ်။

"ဒေါ့ဘီ၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ" ဟယ်ရီက အံ့ဩစွာမေးတယ်။

"ဒေါ့ဘီ ဟော့ဂ်ဝပ်မှာ အလုပ်လာလုပ်နေတာ၊ ဆရာ" ဒေါ့ဘီက စိတ်လှုပ်ရှားလို့ အော်ပြောတယ်။ ပါမောက္ခ ဒမ်ဘလီဒိုးက ဒေါ့ဘီနဲ့ဝင့်ခီကို အလုပ်ပေးတယ်၊ ဆရာ"

"ဝင့်ခီ ?" ဟယ်ရီက ပြောတယ်။ "သူမလဲ ဒီမှာပဲလား"

"ဟုတ်တယ်လေ၊ ဆရာ၊ ဟုတ်တယ်" ဒေါ့ဘီက ပြောရင်း ဟယ်ရီ့လက်ကို လှမ်းဆွဲပြီး သစ်သားစားပွဲရှည်ရှည်လေးလုံးကို ဖြတ်ကာ အတွင်းက မီးဖိုထဲ ဝင်သွားတယ်။ ဒီစားပွဲတွေ နေရာချထားတာဟာ အပေါ်ထပ်က ခန်းမထဲက ဟောက်စ်ကျောင်းလေးခုရဲ့ စားပွဲတွေ စီထားတာနဲ့ တစ်ပုံစံတည်းဆိုတာ ဟယ်ရီ တွေ့ရှိရတယ်။ ခုချိန်မှာ ညစာစားပြီးပြီမို့ စားပွဲပေါ်မှာ အစားအစာတွေ မရှိတော့ဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်နာရီတုန်းကတော့ ဒီစားပွဲတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ စားကောင်းသောက်ဖွယ်တွေနဲ့ ပြည့်နေပြီး၊ တစ်ခါမျက်နှာကြက်က တစ်ဆင့် အပေါ်က ဆီလျော်တဲ့ စားပွဲပေါ်ကို ပို့ပေးတာလို့ သူက ခန့်မှန်းတယ်။

အနည်းဆုံး မှင်စာလေးတစ်ရာ မီးဖိုထဲမှာ ရပ်နေတယ်။ ဒေါ့ဘီက ဟယ်ရီကို ခေါ်ပြီး ၎င်းတို့အနားက ဖြတ်သွားတော့ သူတို့အားလုံးဟာ ပြုံးပြီး ဦးညွတ်ဒူးညွှတ် အလေးပေးတယ်။ ၎င်းတို့ဟာ တူညီတဲ့ဝတ်စုံ ဝတ်ဆင်ထားတယ်။ ဟော့ဂ်ဝပ်တံဆိပ်အမှတ်အသားပါတဲ့ လက်သုတ်ပဝါဖြစ်တယ်။ ၎င်းတို့ဟာ ယခင်က ဝင့်ခ်ီလို လက်သုတ်ပဝါကို ဝတ်ရုံလိုလုပ်ပြီး ကိုယ်ပေါ်မှာ ပတ်ထားတယ်။

ဒေါ့ဘီက အုတ်ခဲနဲ့ လုပ်ထားတဲ့ မီးလင်းဖိုရှေ့မှာ ရပ်တန့်သွားပြီး ဟယ်ရီ့ကို လက်ညှိုးထိုးပြတယ်။

"ဝင့်ခ်ီ၊ ကြည့်ပါ၊ ဆရာ" သူက ပြောတယ်။

ဝင့်ခ်ီဟာ မီးဖိုဘေးက ထိုင်ခုံတစ်လုံးပေါ်မှာ ထိုင်နေတယ်။ သူမဟာ ဒေါ့ဘီနဲ့ မတူဘူး။ ဖြစ်သလိုရတဲ့အင်္ကျီကို ဝတ်ပုံမရဘူး။ သူမဟာ ဂါဝန်လေးနဲ့ အပေါ်အင်္ကျီအတိုလေး သပ်သပ်ရပ်ရပ်ဝတ်ထားတယ်။ ခေါင်းပေါ်မှာလည်း လိုက်ဖက်တဲ့ ဦးထုပ်အပြာလေး ဆောင်းထားတယ်။ ဦးထုပ်ပေါ်မှာ အပေါက်ကြီးနှစ်ပေါက်ဖောက်ပြီး သူမနားရွက်ကြီးကို ပေါ်နေစေတယ်။ ဒါပေမယ့် ဒေါ့ဘီရဲ့ ထူးဆန်းတဲ့ ပေါင်းစပ်ဝတ်ဆင်တဲ့အင်္ကျီဟာ အသစ်လို သန့်ရှင်းနေပြီး ဝင့်ခ်ီကတော့ မိမိအဝတ်အစားကို သိပ်ဂရုမစိုက်သလိုပဲ။ သူမအပေါ်အင်္ကျီ အတိုပေါ်မှာ ဟင်းရည်စွန်းရာတွေ ရှိပြီး ဂါဝန်ပေါ်မှာလည်း တစ်နေရာ မီးလောင်ထားတယ်။

"မင်္ဂလာပါ ဝင့်ခ်ီ" ဟယ်ရီက ပြောတယ်။

ဝင့်ခ်ီပါးစပ်တွေ တုန်နေတယ်။ ဒီနောက် ချုံးမဲ့ချငိုချတယ်။ မျက်ရည်ဟာ သူမရဲ့ အစိမ်းရောင်မျက်လုံးကြီးတွေထဲက စီးကျလာပြီး သူမရင်ဘတ်ပေါ် ကျလာတယ်။ ခွေးဒစ်ကမ္ဘာ့ဖလားပွဲတုန်းကနဲ့ အတူတူပဲ။

"အိုး၊ ဘုရား၊ ဘုရား" ဟာမီးက ပြောတယ် —— သူမနဲ့ ရွန်ဟာ ဟယ်ရီ၊ ဒေါ့ဘီတို့နဲ့အတူ မီးဖိုချောင်အတွင်းဆုံးကို ရောက်လာကြပြီ။ "ဝင့်ခ်ီ၊ မငိုနဲ့တော့၊ တောင်းပန်ပါတယ် . . . ."

ဒါပေမယ့် ဝင်ခ်ီဟာ ပိုငိုလာတယ်။ ဒေါ့ဘီကတော့ တပြုံးပြုံးနဲ့ ဟယ်ရီ့ကို မော့ကြည့်နေတယ်။



"ဟယ်ရီ-ပေါ်တာ၊ လက်ဖက်ရည်တစ်ခွက် သောက်မလား" သူက ချွန်သေးသေးအသံနဲ့ အကျယ်ကြီးမေးတယ်။ ဝင့်ခ်ီအသံကို ဖုံးလွှမ်းသွားတယ်။

"အင်း —— ရပါတယ်၊ ကောင်းပြီ" ဟယ်ရီက ပြောတယ်။

ချက်ချင်းပဲ အိမ်မွေးမှင်စာလေး ခြောက်ယောက် သူ့ကျောဘက်က ပြေးလာတယ်။ အလွန်ကြီးတဲ့ ငွေလင်ဗန်းကြီး မ,လာတယ်။ အထဲမှာ လက်ဖက်ရည်ခရားတစ်လုံး၊ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ရဲ့ခွက်လည်း ပါတယ်။ နွားနို့တစ်ခရားနဲ့ ဘီစကစ်မုန့်တစ်ပန်းကန်ပြားကြီးလည်း ပါတယ်။

"တယ်ဟုတ်ပါလား" ရွန်က အလွန်လှိုက်လှဲတဲ့အသံနဲ့ ပြောတယ်။ ဟာမီးက သူ့ကို မျက်မှောင်ကြုတ်ပြတယ်။ ဒါပေမယ့် အိမ်မွေးမှင်စာလေးတွေဟာ အလွန်ပျော်နေသလိုပဲ၊ ၎င်းတို့ဟာ ခါးကုန်းအလေးပြုပြီး ပြန်သွားတယ်။

"မင်း ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ၊ ဒေါ့ဘီ" ဒေါ့ဘီက လက်ဖက်ရည် ကမ်းပေးတော့ ဟယ်ရီက မေးတယ်။

"တစ်ပတ်ပဲ ရှိသေးတယ်၊ ဟယ်ရီ-ပေါ်တာ၊ ဆရာ" ဒေါ့ဘီက ပျော်ရွှင်စွာ ပြောတယ်။ "ဒေါ့ဘီက မစ္စတာဒမ်ဘလီဒိုးကို လာတွေ့တယ်၊ ဆရာ၊ သင်သိပါတယ်၊ ဆရာ၊ ထုတ်ပယ်ခံရတဲ့ အိမ်မွေးမှင်စာလေးဆိုတာ အလုပ်ရဖို့ သိပ်ခက်ပါတယ်၊ ဆရာ၊ တကယ့်ကို သိပ်သိပ်ခက်ပါတယ် ——"

ဒီစကားကြားရတော့ ဝင့်ခ်ီဟာ ပိုပြီးအငိုကြီးငိုလာတယ်။ သူမရဲ့ ပြားနေတဲ့ ခရမ်းချဉ်သီးကြီးနဲ့တူတဲ့ နှာခေါင်းက နှာရည်တွေ စီးကျလာတယ်။ ရင်ဘတ်ပေါ်ကို တတောက်တောက်ကျလာတယ်။ သူမဟာ နှာရည်ကိုလည်း မတားချင်ဘူး။

"ဒေါ့ဘီ ဟိုဟိုဒီဒီ လေလွင့်တာနှစ်နှစ်၊ ဆရာ၊ အဲဒါ အလုပ်တစ်ခု ရချင်လို့" ဒေါ့ဘီက အသံစူးစူးနဲ့ ပြောတယ်။ "ဒါပေမယ့် ဒေါ့ဘီ အလုပ်မရခဲ့ဘူး၊ ဆရာ။ အကြောင်းက အခု ဒေါ့ဘီ လုပ်ခတောင်းပြီလေ"

မီးဖိုထဲက အိမ်မွေးမှင်စာလေးတွေဟာ အစက အလွန်စိတ်ဝင်စားစွာနဲ့ သူတို့ကို ကြည့်နေတယ်။ သူတို့ စကားပြောတာ နားထောင်တယ်။ ဒီနေရာရောက်တော့ ၎င်းတို့ဟာ အကြည့်ကို လွှဲဖယ်လိုက်တယ်။ ဒေါ့ဘီဟာ ကြမ်းတမ်းတဲ့၊ လူကို အနေခက်စေတဲ့စကား ပြောလိုက်သလိုပဲ၊ ဒါပေမယ့် ဟာမီးကတော့ "ဒါမှပေါ့၊ ဒေါ့ဘီ"လို့ ပြောတယ်။

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်၊ မစ်" ဒေါ်ဘီက ပြောရင်း ဟာမီးကို ပြုံးပြတယ်။ သွားတွေ တပုံကြီးပေါ်လာတယ်။ "ဒါပေမယ့် မှော်ဆရာအများစုဟာ လုပ်ခ ကောင်းတဲ့ အိမ်မွေးမှင်စာလေးကို မလိုချင်ဘူး၊ မစ်။ 'အဲဒါ အိမ်မွေးမှင်စာ လေးရဲ့ အလုပ်မဟုတ်ဘူး'၊ သူတို့က ပြောပြီးတာနဲ့ ဒေါ်ဘီရှေ့မှာ တံခါးဆောင့် ပိတ်လိုက်ကြတယ်။ ဒေါ်ဘီ အလုပ်လုပ်ချင်တယ်။ ဒါပေမယ့် သူလဲ အင်္ကျီ ဝတ်ချင်တယ်။ လုပ်ခရချင်တယ်။ ဟယ်ရီ-ပေါ်တာ . . . . ဒေါ်ဘီ လွတ်လပ် တာ ကြိုက်တယ်"

ဟော့ဂ်ဝပ်က အိမ်မွေးမှင်စာလေးတွေဟာ အသာလေးရွှေ့သွားပြီး ဒေါ်ဘီကို ရှောင်ကြတယ်။ ဒေါ်ဘီကိုယ်ပေါ်မှာ ကူးစက်ရောဂါတစ်မျိုးမျိုး ရှိနေ သလိုပဲ။ ဝင့်ခီကတော့ နေရာတွင် မလှုပ်ဘဲနေတယ်။ ဒါပေမယ့် သူမ ငိုတဲ့ အသံဟာ ကျယ်လာပြန်တယ်။

"နောက်တော့ ဟယ်ရီ-ပေါ်တာ၊ ဒေါ်ဘီက ဝင့်ခီကို သွားတွေ့တယ်။ ဝင့်ခီကိုလဲ လွှတ်လိုက်တာ တွေ့ရတယ်၊ ဆရာ" ဒေါ်ဘီဟာ ပျော်ရွှင်အားရ ပြောတယ်။

ဝင့်ခီဟာ ဒီစကားကြားရတော့ ထိုင်ခုံပေါ်ကနေ ရှေ့ကို ထိုးချလိုက် တာ ကျောက်ပြားခင်းကြမ်းပေါ် မှောက်ရက်လဲကျသွားတယ်။ လက်သီးကလေး နဲ့ ထုရင်း နာကျင်စွာ အော်နေတယ်။ ဟာမီးဟာ သူမဘေးကို ကမန်းကတမ်း ထိုင်လိုက်ပြီး သူမကို နှစ်သိမ့်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဟာမီး ဘာပြော ပြော ဘာမှအကြောင်းမထူးဘူး၊ ဒေါ်ဘီက ပုံပြင်ကို ဆက်ပြောတယ်။ အသံ စူးစူး အော်ပြောလို့ ဝင့်ခီငိုသံကို ဖုံးသွားတယ်။

ဒီနောက် ဒေါ်ဘီ အကြံရလိုက်တယ်၊ ဟယ်ရီ-ပေါ်တာ၊ ဆရာ။ 'ဒေါ်ဘီနဲ့ ဝင့်ခီ ဘာဖြစ်လို့ အလုပ်အတူမလုပ်နိုင်ရမှာလဲ' ဒေါ်ဘီက ပြောတယ်။ 'ဟိုမှာ အိမ်မွေးမှင်စာလေးနှစ်ယောက်လုပ်ဖို့ အလုပ်တွေ ရှိတယ်လား' ဝင့်ခီက မေးတယ်။ ဒေါ်ဘီ သေချာတွေးတယ်။ ဒါနဲ့ အတွေးရလာတယ်၊ ဆရာ။ ဟော့ဂ်ဝပ်လေ။ ဒေါ်ဘီနဲ့ ဝင့်ခီလဲ ပါမောက္ခ ဒမ်ဘယ်လီဒိုးကို လာတွေ့တယ်၊ ဆရာ။ ပါမောက္ခဒမ်ဘယ်လီဒိုးက ကျွန်တော်တို့ကို လက်ခံလိုက်တယ်"

ဒေါ်ဘီမျက်နှာပေါ်မှာ အလွန်ဝင်းပစွာ ပြုံးနေတယ်။ မျက်စိထဲမှာ လည်း ဝမ်းသာတဲ့ မျက်ရည်တွေ ပြည့်နေတယ်။

"ပါမောက္ခဒမ်ဘယ်လီဒိုးက ပြောတယ်။ ဒေါ်ဘီ လုပ်ခလိုချင်ရင် ပေးမယ်



တဲ့။ ဒါကြောင့်လေ၊ ဒေါ်ဘီဟာ လွတ်လပ်တဲ့ မှင်စာလေး။ ဆရာ။ ဒေါ်ဘီ တစ်ပတ် ကို ဂါလုံးတစ်ခုရတယ်။ တစ်လကို နားရက်တစ်ရက်ရတယ်"

"အဲဒါ သိပ်မများပါဘူး" ဟာမီးဟာ ကြမ်းပေါ်ကနေ ဒေါသနဲ့ အော် ပြောတယ်။ ဝင့်ခီ ငိုယိုပြီး လက်သီးထုတဲ့အသံကို လွှမ်းသွားတယ်။

"မူလက ပါမောက္ခ ဒမ်ဘယ်လီဒိုးက ဒေါ်ဘီကို တနင်္ဂနွေတစ်ပတ်ကို ဆယ်ဂါလုံး၊ အပတ်ကုန်မှာ အနားပေးမလို့" ဒေါ်ဘီက ပြောရင်း ရုတ်တရက် ကြက်သီးထသွားတယ်။ ဒီလောက်များပြားတဲ့ ဥစ္စာနေနဲ့ အားလပ်ချိန်ဟာ သိပ်ကြောက်စရာကောင်းသလိုပဲ။ "ဒါပေမယ့် ဒေါ်ဘီက သူ့ကို ဈေးဆစ်တယ်၊ မစ် . . . . ဒေါ်ဘီ လွတ်လပ်တာ ကြိုက်တယ်၊ မစ်။ ဒါပေမယ့် သူ လွတ်လပ်ခွင့် သိပ်များတာ မလိုချင်ဘူး။ သူ အလုပ်လုပ်ရတာ ပိုနှစ်သက်တယ်"

"ဒါဖြင့်ရင် မင်းကော ဝင့်ခီ၊ ပါမောက္ခဒမ်ဘယ်လီဒိုးက မင်းကို လုပ်ခ ဘယ်လောက်ပေးလဲ" ဟာမီးက စေတနာနဲ့ မေးတယ်။

သူမဟာ ဒီလိုလုပ်လို့ ဝင့်ခီ ပျော်လာမယ်ထင်ခဲ့ရင် သိပ်ကို မှား သွားပြီ။ ဝင့်ခီဟာ အငိုရပ်လိုက်တာ အမှန်ပဲ။ ဒါပေမယ့် သူမ ထထိုင်လိုက် တယ်၊ ရေမမျက်လုံးကြီးနှစ်လုံးဟာ ဟာမီးကို စိုက်ကြည့်နေတယ်၊ စိုရွှဲနေတဲ့ မျက်နှာဟာ ရုတ်တရက် ဒေါသရောင်ထနေတယ်။

"ဝင့်ခီဟာ မောင်းထုတ်ခံရတဲ့ အိမ်မွေးမှင်စာလေးပါ။ ဒါပေမယ့် ဝင့်ခီဟာ လုပ်ခယူတဲ့အဆင့်ထိ မရောက်သေးပါဘူး" သူမဟာ နားစူးစေတဲ့ အသံနဲ့ ပြောတယ်။ "ဝင့်ခီဟာ အဲဒီအဆင့်အထိ မပျက်စီးသေးပါဘူး။ ဝင့်ခီ ဟာ လွတ်လပ်ခွင့်အတွက် ရှက်မိပါတယ်"

"ရှက်တယ် ?" ဟာမီးက နားဝေတိမ်တောင် ပြောတယ်။ "ဒါပေ မယ့် —— ဝင့်ခီ၊ ငါပြောတာ နားထောင်ပါဦး။ ရှက်ရမှာက မစ္စတာခရောက်ချ် နင်မဟုတ်ဘူး။ နင် ဘာမှမမှားဘူး။ သူကသာ မင်းအပေါ် သိပ်ရက်စက်တာ"

ဒါပေမယ့် ဝင့်ခီဟာ ဒီစကားကိုကြားတာနဲ့ မိမိဦးထုပ်က အပေါက် နှစ်ခုကို လက်နဲ့ အမြန်အုပ်ပြီး နားကို မကြားအောင် ဖိထားလိုက်တယ်။ ဒီလို ဆိုတော့ သူမ မကြားရတော့ဘူး။ ဒီနောက် သူမဟာ စူးစူးဝါးဝါးအော်ပြော တယ်။ "ကျွန်မသခင်ကို မဆဲဆိုပါနဲ့၊ မစ်၊ ကျွန်မရဲ့မစ္စတာခရောက်ချ်ကို မဆဲ ဆိုပါနဲ့။ မစ္စတာခရောက်ချ်ဟာ မှော်ဆရာကောင်းဖြစ်တယ်၊ မစ်၊ မစ္စတာ ခရောက်ချ်က ဆိုးတဲ့ဝင့်ခီကို ထုတ်ပစ်တာ သူမှန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝင့်ခီဟာ နားလည်မှု မလှည့်ပြောင်းနိုင်သေးဘူး၊ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီက အသံစူးစူးနဲ့ သူတို့ကို တိုးတိုးပြောပြတယ်။ "ဝင့်ခီဟာ သူမနဲ့ မစ္စတာခရောက်ချ်တို့ အိုးစားကွဲသွားတာ မေ့နေတယ်။ သူမ အခု တွေးသလို ပြောနိုင်ပြီ။ ဒါပေမယ့် သူမ ဒီလိုလုပ်လို့ မရဘူး"

"ဘယ်လို၊ အိမ်မွေးမှင်စာလေးတွေဟာ ၎င်းတို့သခင်ကို ဝေဖန်တဲ့အခါမှာ တွေးသလိုပြောလို့ မရဘူးလား" ဟယ်ရီက မေးတယ်။

"အော၊ မရဘူး၊ ဆရာ။ ဘယ်နည်းနဲ့မှ မရဘူး" ဒေါ့ဘီက ပြောတယ်။ အမူအရာက ရုတ်တရက် တည်သွားတယ်။ "ဒါဟာ အိမ်မွေးမှင်စာလေးတွေရဲ့ ကျွန်ဆိုတဲ့ အနေအထားက သတ်မှတ်ထားတာ၊ ဆရာ။ ကျွန်တော်တို့ဟာ သခင့်လျှို့ဝှက်ချက် ထိန်းရတယ်၊ ရေငုံနှုတ်ပိတ်နေရတယ်၊ ဆရာ၊ ကျွန်တော်တို့ဟာ မျိုးရိုးဂုဏ်သိက္ခာကို ထိန်းရတယ်။ သခင်မကောင်းကြောင်းကို ဘယ်တော့မှ မပြောရဘူး —— ဒါပေမယ့် ပါမောက္ခဒမ်ဘာလီဒိုးက ဒေါ့ဘီကို ပြောတယ်။ ကျွန်တော်တို့ ဒီအတိုင်း လုပ်ကိုလုပ်ရမယ်လို့ အတင်းမတောင်းဆိုဘူးတဲ့။ ပါမောက္ခဒမ်ဘာလီဒိုးက ကျွန်တော်တို့ လွတ်လွတ်လပ်လပ်နေလို့ရတယ်တဲ့ —— လွတ်လွတ်လပ်လပ် —— "

ရုတ်တရက် ဒေါ့ဘီဟာ စိုးရိမ်သလို ဖြစ်လာတယ်။ ဟယ်ရီ့ဆီ ကပ်လာပြီး ကိုယ်ကိုကိုင်းလိုက်တယ်။ ဒေါ့ဘီက တိုးတိုးပြောတယ်။ "သူက ပြောတယ်၊ တကယ်လို့ ကျွန်တော်တို့ ခေါ်ချင်တယ်ဆိုရင် သူ့ကို ထိုင်း တော့ကြီးလို့လဲ ခေါ်လို့ရတယ်တဲ့၊ ဆရာ"

ဒေါ့ဘီဟာ ထိတ်လန့်စွာ ခြောက်ကပ်ကပ် ရယ်လိုက်တယ်။

"ဒါပေမယ့် ဒေါ့ဘီ ဒီလိုမလုပ်ချင်ဘူး၊ ဟယ်ရီ-ပေါ်တာ" သူက ပြောတယ်။ အခုလေသံက ပုံမှန်ပြန်ဖြစ်သွားပြီ —— သူက ခေါင်းကို တွင်တွင်ခါတယ်။ နားရွက်နှစ်ခုက တဘတ်ဘတ် ရိုက်ခတ်နေတယ်။ "ဒေါ့ဘီက ပါမောက္ခဒမ်ဘာလီဒိုးကို အလွန်နှစ်သက်တယ်၊ ဆရာ။ သူ့လျှို့ဝှက်ရေးကို ထိန်းသိမ်းပေးချင်တယ်။ သူ့အတွက် ရေငုံနှုတ်ပိတ်နေချင်တယ်။ ဒီအတွက်လဲ ဂုဏ်ယူတယ်"

"ဒါဖြင့်ရင် မော်ဖိုင်ကျတော့ကော၊ မင်းအခု ပြောချင်သလို ပြောလို့ရပြီလား" ဟယ်ရီက ရယ်ရင်း ဒေါ့ဘီကို ဆက်မေးတယ်။

ကြောက်စိတ်တစ်မျှင် ဒေါ့ဘီရဲ့ ဇရာမမျက်လုံးကြီးထဲ ဖြတ်သွားတယ်။

"ဒေါ့ဘီ —— ဒေါ့ဘီ ရပါတယ်" သူက သိပ်မသေချာပဲ ပြောတယ်။



ရင်ဘတ်ကလေးကို ကော့ထားတယ်။ "ဒေါ့ဘီ ဟယ်ရီ-ပေါ်တာကို ပြောပြနိုင်တယ်၊ ဒေါ့ဘီရဲ့ သခင်ဟောင်းဟာ —— ဟာ —— အလွန်ဆိုးတဲ့ မှော်နက်မှော်ဆရာ"

ဒေါ့ဘီဟာ ခဏတာမျှ ငိုင်ရပ်နေတယ်။ တစ်ကိုယ်လုံး တုန်နေတယ်။ မိမိရဲ့အတင့်ရဲတဲ့ အပြုအမူကြောင့် ကြောက်ရွံ့နေတယ် —— ဒီနောက် သူဟာ အနီးဆုံးစားပွဲဆီ ပြေးသွားပြီး ခေါင်းနဲ့စားပွဲကို တအားဆောင့်ရင်း "ဆိုးတဲ့ ဒေါ့ဘီ၊ ဆိုးတဲ့ ဒေါ့ဘီ"လို့ စူးစူးဝါးဝါး အော်တယ်။

ဟယ်ရီဟာ ဒေါ့ဘီရဲ့ လည်စည်းနက်တိုင်ကို ဂုတ်ဘက်က ဆွဲပြီး ၎င်းကို စားပွဲခုံဘေးက ဆွဲပစ်တယ်။

"ကျေးဇူးတင်ပါတယ်၊ ဟယ်ရီ-ပေါ်တာ၊ ကျေးဇူးတင်ပါတယ်" ဒေါ့ဘီဟာ အသက်ရှူမဝဘဲ ပြောတယ်။ နဖူးကို လက်နဲ့ ပွတ်သပ်ပေးနေတယ်။

"မင်း များများလေ့ကျင့်ဖို့ပဲ လိုတယ်" ဟယ်ရီက ပြောတယ်။

"လေ့ကျင့်ရမယ်" ဝင့်ခီက ဒေါသနဲ့ စူးရှစွာ အော်ပြောတယ်။ "နင်ကိုယ့်ဖာသာ ရှက်ဖို့ကောင်းတယ်၊ ဒေါ့ဘီ။ နင့်သခင်ကို ဒီလိုဝေဖန်ရလား"

"သူတို့ဟာ ငါ့သခင်တွေ မဟုတ်တော့ဘူး၊ ဝင့်ခီ" ဒေါ့ဘီက မကျေနပ်ဘဲ ပြောတယ်။

"သူတို့ ဘယ်လိုတွေးတယ်ဆိုတာ ဒေါ့ဘီ အရေးမလုပ်တော့ဘူး"

"အော၊ နင်ဟာ မှင်စာဆိုးတစ်ကောင်ပဲ၊ ဒေါ့ဘီ" ဝင့်ခီက ရှိုက်ရင်းပြောတယ်။ မျက်ရည်တွေဟာ ပါးပြင်ကနေ စီးကျလာပြန်တယ်။ "ကျွန်မရဲ့ သနားစရာ မစ္စတာခရောက်ချ်။ သူ့မှာ ဝင့်ခီမရှိရင် ဘယ်လိုလုပ်မလဲ။ သူ ကျွန်မကို အလိုရှိတယ်။ သူ ကျွန်မအကူအညီလိုတယ်။ ကျွန်မဟာ မွေးဖွားလာကတည်းက ခရောက်ချ်မိသားစုကို ပြုစုခဲ့တာ။ ကျွန်မရှေ့မှာက ကျွန်မမေမေ။ သူမရှေ့မှာက ကျွန်မအဖွား . . . . အော၊ တကယ်လို့ သူမတို့က ဝင့်ခီကို လွှတ်လိုက်တာသိခဲ့ရင် ဘယ်လိုပြောကြမလဲ။ အော၊ ရှက်စရာကြီး၊ တကယ့်ကို ရှက်စရာကြီးပဲ" သူမဟာ မျက်နှာကို ဂါဝန်ထဲဝှက်ပြီး တစ်ခါချုံးမဲ့ချငိုပြန်ပါလေရော။

"ဝင့်ခီ" ဟာမီးက ပြတ်ပြတ်ပြောတယ်။ "မစ္စတာ ခရောက်ချ်ဟာ မင်းမရှိရင်လဲ ကောင်းကောင်းနေရမယ်ဆိုတာ ငါ သေချာပြောနိုင်တယ်။ မင်းသိလား၊ ငါတို့ သူ့ကို တွေ့ရတယ် ——"

www.burmeseclassic.com



"ရှင်တို့ ကျွန်မသခင်ကို တွေ့တယ် ?" ဝင့်ခီက ရှိုက်ရင်း မေးတယ်။ ဂါဝန်ထဲကနေ မျက်ရည်တွေနဲ့မျက်နှာကို မော့လိုက်တယ်။ မျက်လုံးကြီးပြူးပြီး ဟာမီးကို ကြည့်နေတယ်။ "ရှင် ဒီမှာ၊ ဟောင်ဂ်ဝပ်မှာ သူ့ကို မြင်တွေ့တာလား"

"ဟုတ်တယ်" ဟာမီးက ပြောတယ်။ "သူနဲ့ မစ္စတာ ဘက်ဂမင်းတို့ဟာ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲရဲ့ ဒိုင်လူကြီးတွေ"

"မစ္စတာ ဘက်ဂမင်းလဲ လာသလား" ဝင့်ခီက အသံစူးစူးနဲ့ မေးတယ်။ တစ်ခါ ဒေါသတကြီး ဖြစ်သွားပြန်တယ်။ ဒါကြောင့် ဟယ်ရီ လန့်သွားတယ်။ (ရွန်နဲ့ဟာမီးတို့ အမူအရာအရ သူတို့လည်း အတော်လန့်သွားတာ တွေ့ရတယ်)။ "မစ္စတာ ဘက်ဂမင်းဟာ မှော်ဆရာဆိုးဖြစ်တယ်။ အလွန့်အလွန် ဆိုးရွားတဲ့ မှော်ဆရာ။ ကျွန်မသခင်က သူ့ကို မနှစ်သက်ဘူး။ အော၊ နည်းနည်းလေးမှ မနှစ်သက်ဘူး"

"ဘက်ဂမင်း —— မှော်ဆရာဆိုး ?" ဟယ်ရီက ပြောတယ်။

"အော၊ ဟုတ်တယ်" ဝင့်ခီက ပြောရင်း ဒေါသနဲ့ ခေါင်းညိတ်နေတယ်။ "သခင်က ဝင့်ခီကို ပြောပြထားတာ ရှိတယ်။ ဒါပေမယ့် ဝင့်ခီပြောလို့ မဖြစ်ဘူး . . . . ဝင့်ခီ —— ဝင့်ခီက သခင့်အတွက် လျှို့ဝှက်ရေးထိန်းသိမ်းရမယ် . . . ."

သူမဟာ တစ်ခါ မျက်ရည်တွေ ရွှာသွန်းချပြန်တယ်။ သူမဟာ မျက်နှာကို ဂါဝန်ထဲမြှုပ်ပြီး ငိုနေတာ သူတို့ကြားရတယ်။ "သနားစရာသခင်၊ သနားစရာ သခင်။ သူ့ကို ကူညီမယ့်ဝင့်ခီ မရှိတော့ဘူး"

ဒီ့အပြင် သူတို့ဟာ ဝင့်ခီပါးစပ်ထဲကနေ ဘာမှရေရေလည်လည် မေးလို့မရတော့ဘူး။ ဒါနဲ့ သူတို့ဟာ သူမငိုချင်သလို ငိုပစေထားပြီး လက်ဖက်ရည် ထိုင်သောက်နေလိုက်တယ်။ ဒေါ့ဘီဟာ အနားမှာ ဝမ်းသာအားရ တတွတ်တွတ်ပြောနေတယ်။ လွတ်လပ်တဲ့ မှင်စာလေးအနေနဲ့ သူ ဘယ်လို နေထိုင်တယ်၊ သူ့လုပ်ခကို ဘယ်လိုသုံးမယ် စသဖြင့် ပြောနေတယ်။

"ဒေါ့ဘီက ခေါင်းစွပ်အကျီတစ်ထည် ဝယ်ဦးမှာ၊ ဟယ်ရီ-ပေါ်တာ" သူက ဗလာဖြစ်နေတဲ့ ရင်ဘတ်ကို လက်ညိုးထိုးပြပြီး ဝမ်းသာစွာ ပြောတယ်။

"မင်းကို ပြောပြမယ်၊ ဒေါ့ဘီ" ရွန်ဟာ ဒီမှင်စာလေးကို အလွန်ခံစား ချက်ကောင်းသွားတယ်နဲ့တူတယ်။ သူက ပြောတယ်။ "ဒီခရစ္စမတ်စ်ပွဲမှာ ငါ့ အမေ ငါ့ကို ထိုးပေးတဲ့ ဆွယ်တာကို ငါ မင်းပေးမယ်။ ငါ နှစ်တိုင်း သူမဆီက



တစ်ထည်ရတယ်။ မင်း ကြက်သွေးပုပ်ရောင်ကို မမုန်းဘူး မဟုတ်လား"

ဒေါ့ဘီ သိပ်ပျော်သွားတယ်။

"ငါတို့ အဲဒါကို နည်းနည်းသေးအောင် ကျုံ့ပစ်ရမယ်။ မင်းကိုယ်နဲ့ ကိုက်အောင်ပေါ့" ရွန်က သူ့ကို ပြောတယ်။ "ဒီဆွယ်တာဟာ မင်းရဲ့ ရေနွေးခရားအုပ်ဆောင်းနဲ့ဆိုရင် သိပ်လိုက်တယ်"

သူတို့ နှုတ်ဆက်ထွက်ခွာဖို့လုပ်တော့ အနားက မှင်စာလေးတွေဟာ ဝိုင်းအုံလာကြပြီး သွားရေစာ အများကြီး ပေးကြတယ်။ အပေါ်ထပ်ကို ယူသွားဖို့ပေးတယ်။ ဟာမီးက မယူချင်ဘူး။ သူမဟာ ၎င်းတို့ အဆက်မပြတ် အရိုအသေပေး၊ ဦးညွှတ်၊ ဒူးညွှတ်တာကိုကြည့်ပြီး စိတ်ဆင်းရဲတဲ့ အမူအရာ ပေါ်လာတယ်။ ဟယ်ရီနဲ့ ရွန်ကတော့ အိတ်ကပ်ထဲကို ခရင်မ်ကိတ်နဲ့ အဆာသွတ်မုန့်တွေ အများကြီး ထိုးထည့်ကြတယ်။

"သိပ်ကျေးဇူးတင်တယ်" ဟယ်ရီက မှင်စာလေးတွေကို ပြောတယ်။ သူတို့က တံခါးနားထိ လိုက်ပို့ကြတယ်။ သူတို့သုံးယောက်ကို မင်္ဂလာညချမ်းပါလို့ ဆုတောင်းကြတယ်။ "နောက်တွေ့မယ်၊ ဒေါ့ဘီ"

"ဟယ်ရီ-ပေါ်တာ . . . . ဒေါ့ဘီ တစ်ခါတလေ သင့်ဆီ လာလည်လို့ ရမလား၊ ဆရာ" ဒေါ့ဘီက စမ်းမေးကြည့်တယ်။

"ရတာပေါ့" ဟယ်ရီက ပြောတယ်။ ဒေါ့ဘီဟာ ချက်ချင်း ဝမ်းသာစွာ ပြုံးတယ်။

"မင်းတို့သိလား" ရွန်က ပြောတယ်။ ဒီအချိန်မှာ သူနဲ့ ဟာမီး၊ ဟယ်ရီ တို့ မီးဖိုက ထွက်လာကြပြီး တံခါးခန်းဆီပေါက်တဲ့ လှေကားက တက်လာကြ တယ်။ "ဒီနှစ်တွေအတွင်းမှာ ဖရက်နဲ့ ဂျော့တို့ သိပ်တော်တယ်လို့ ငါထင်ခဲ့တာ။ မီးဖိုထဲက စားစရာတွေ ခိုးထုတ်နိုင်ခဲ့တယ်ပေါ့ —— စင်စစ်မှာတော့ တယ်လဲ မခက်ပါဘူး။ ဟုတ်လား။ မှင်စာလေးတွေဟာ အလွန်လိုက်လှဲစွာ သင့်ကို ထိုးပေး နေတာ"

"ငါထင်တယ်၊ အိမ်မွေးမှင်စာလေးတွေအဖို့ ပြောရရင် ဒါဟာ အကောင်းဆုံးကိစ္စပဲ" ဟာမီးဟာ မာဘော်လှေကားပေါ်သို့ ရှေ့ကတက်သွားရင်း ပြောတယ်။ "ငါပြောတာက ဒေါ့ဘီ ဒီမှာအလုပ်လုပ်တာ တခြားမှင်စာလေး တွေ သူ လွတ်လပ်မှုရလို့ ပျော်ရွှင်နေတာတွေ့ရင် ဖြည်းဖြည်းချင်း သူတို့လဲ ပီအတိုင်း ဖြစ်ချင်တယ်ဆိုတာ သိလာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဝင့်ခီကို သိပ်ဂရုစိုက်မကြည့်စေချင်ဘူး" ဟယ်ရီက ပြောတယ်။

"အော —— သူမ ပျော်လာမှာပါ" ဟာမီးက ပြောတယ်။ ဒါပေမယ့် သူမလေသံထဲမှာ သံသယပါနေတယ်။ "ဒီတစ်ခါ ထိတ်လန့်မှုကျော်လွန်သွားပြီး ဟော့ဂ်ဝပ်ဘဝကို ကျင့်သားရလာရင် ခရောက်ချ်လို့ခေါ်တဲ့ ငနဲကို သူမ ခွဲခွာလာတဲ့နေ့ရက်တွေ ပိုကောင်းတာ တွေ့ရှိလိမ့်မယ်"

"ဟိုယောက်ျားကို သူမ သိပ်ချစ်သလိုပဲ" ရွန်က မပီမသပြောတယ်။ (သူ ခုတင်ပဲ ခရင်မ်ကိတ် တစ်ကိုက် ကိုက်စားလိုက်တယ်)။

"ဒါပေမယ့် သူမဟာ ဘက်ဂမင်းကို သိပ်အကောင်းမမြင်ဘူး၊ ဟုတ်လား" ဟယ်ရီက ပြောတယ်။ "ခရောက်ချ်ဟာ သူ့အိမ်မှာ ဘက်ဂမင်းကို ဘယ်လိုအကဲဖြတ်လဲ မသိဘူး"

"သူ့ကို ဌာနခွဲမှူးရာထူးနဲ့ သိပ်မတန်ဘူးလို့ ပြောမယ်ထင်တယ်" ဟာမီးက ပြောတယ်။ "အမှန်အတိုင်းပြောရရင် . . . သူ ဒီလိုပြောတာ အကျိုးအကြောင်းရှိတယ်။ မဟုတ်ဘူးလား"

"ခရောက်ချ်ဆိုတဲ့ ငနဲကြီးနဲ့စာရင် ငါ သူ့လက်အောက်မှာ အလုပ်လုပ်ချင်သေးတယ်။ မဟုတ်ဘူးလား" ရွန်က ပြောတယ် —— အခု သူဟာ ချော့ကလက်မုန့်တစ်ခုကို စားနေပြန်ပြီ။ "ရယ်စရာကောင်းတာက ဖေ့ါဘီရဲ့ ရေနွေးခရားအုပ်ဆောင်းပဲ ဆောင်းထားထား၊ သူ့ရှေ့မှာ ကိုယ်တုံးလုံးကပြရင်တောင် ရယ်စရာမှန်း သူ မသိဘူး"



## ၂၂။ မမျှော်လင့်တဲ့ စိန်ခေါ်မှု

"ပေါ်တာ၊ ဝယ်စလီ၊ မင်းတို့ နည်းနည်းစိတ်ဝင်စားပါဦးလား"

ပါမောက္ခမက်ဂေါ်နာဂေါ်ရဲ့ ကျာပွတ်လိုအသံဟာ ကြာသပတေးနေ့ ရုပ်ပြောင်းအချိန် ကျောင်းခန်းထဲမှာ တဖျပ်ဖျပ်မြည်လာတယ်။ ဟယ်ရီနဲ့ရွန်တို့ လန့်ပြီး ခေါင်းထောင်ကြည့်ကြတယ်။

ဒီစာသင်ချိန် ကုန်ဆုံးတော့မယ်။ သူတို့ဟာ ဆရာပေးတဲ့အလုပ်ကို ပြီးအောင်လုပ်ပြီးပြီ။ ခုနက ပူးကောင်ဖြစ်အောင် သူတို့လုပ်လိုက်တဲ့ ရစ်ကြက်ဟာ အခု ပါမောက္ခမက်ဂေါ်နာဂေါ် စာသင်စင်ပေါ်က လှောင်အိမ်ကြီးထဲ ပိတ်ထားပြီ (နီဗီးရဲ့ အကောင်ကိုယ်ပေါ်မှာ ကြက်မွေးကျန်နေတုန်းပဲ)။ ကျောက်သင်ပုန်းပေါ်က အိမ်စာကိုလည်း သူတို့စာအုပ်ထဲ ကူးရေးထားပြီးပြီ ("ဥပမာပြဖော်ပြပါရန် အမျိုးအစားမတူတဲ့အရာသို့ ရုပ်ပြောင်းတဲ့အခါမှာ ရုပ်ပြောင်းဂါထာကို ဘယ်လိုလျော်ညီအောင် ပြုပြင်ရမလဲ")။ ကျောင်းဆင်းခေါင်းလောင်း အချိန်မရွေး ထိုးလာနိုင်တယ်။ ဟယ်ရီနဲ့ ရွန်ဟာ ဖရက်နဲ့ဂျော့ တီထွင်တဲ့ မှော်ကြိမ်လုံးအတုကိုကိုင်ပြီး ကျောင်းခန်းနောက်တန်းမှာ အပြန်အလှန် ဓားချင်းယှဉ်

www.burmeseclassic.com



နေတယ်။ နှစ်ယောက်သား လန့်ပြီး ခေါင်းမော့ကြည့်တယ်။ ရွန့်လက်ထဲမှာ ခဲကြက်တူရွေး ကိုင်ထားပြီး ဟယ်ရီ့လက်ထဲမှာက ရာဘာဟက်ဒေါ့ဂါးတစ်ကောင် ကိုင်ထားတယ်။

"ပေါ်တာနဲ့ ဝယ်စလီ မိမိအပြုအမူကို မိမိအသက်အရွယ်နဲ့ ဆီလျော်အောင်လုပ်လို့ရမလား" ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ပြောရင်း ဒေါသနဲ့ သူတို့နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်တယ်။ ဒီအချိန်မှာပဲ ဟယ်ရီရဲ့ ဟက်ဒေါ့ဂါး ငါးခေါင်း ပြုတ်ကျလာတယ်။ အသံမထွက်ဘဲ ကြမ်းပေါ်ကျသွားတယ် —— ခုနက ရွန့်ကြက်တူရွေးနှုတ်သီးက ဖင်ကို ဖြတ်လိုက်တာ —— "မင်းတို့ အားလုံးကို စကားအနည်းငယ် ပြောစရာရှိတယ်။

"ခရစ်စမတ်ကပွဲ ရောက်လာတော့မယ် —— ဒါဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ အစဉ်အလာ အစိတ်အပိုင်းဖြစ်တယ်။ တို့တစ်တွေ နိုင်ငံခြားဧည့်သည်တွေနဲ့ ဆက်ဆံတဲ့အခွင့်ကောင်းဖြစ်တယ်။ ဒီလိုပါ၊ ကပွဲဟာ စတုတ္ထနှစ်အထက် ကျောင်းသားတွေကိုသာ ပါဝင်ခွင့်ပြုတယ် —— ဒါပေမယ့် မင်းတို့ပါချင်တယ်ဆိုရင် အတန်းငယ်တဲ့ ကျောင်းသားကျောင်းသူတစ်ယောက်ကို ဖိတ်ခေါ်နိုင်တယ် ——"

လာဗင်ဒါ-ဘရောင်းဟာ နားစူးစေတဲ့ ကြောင်တောင်တောင်ရယ်သံထွက်လာတယ်။ ပါဗာတီ-ပါတီက သူမနံဘေးကို တအားတွက်လိုက်တယ်။ ပါဗာတီမျက်နှာဟာလည်း ဒေါသထွက်သလို တင်းထားတယ်။ အကြောင်းက သူမဟာ မရယ်မိအောင် မနည်းအောင့်ထားရလို့။ သူတို့နှစ်ယောက်စလုံး ဟယ်ရီကို လှည့်ကြည့်နေကြတယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ သူတို့ကို အရေးမလုပ်ဘူး။ ဒါအလွန်မတရားဘူးလို့ ဟယ်ရီ ထင်တယ်။ ခုနက သူနဲ့ ရွန့်ကို ပြောဆိုခဲ့သေးတယ်။

"မင်းတို့ရဲ့ ဝတ်ရုံရှည်ကို ဝတ်ရမယ်" ပါမောက္ခမက်ဂေါ်နာဂေါ်က ဆက်ပြောတယ်။ "ကပွဲကို ခရစ္စမတ်ပွဲတော်ည ရှစ်နာရီအချိန် ခန်းမကြီးထဲမှာ ကျင်းပမယ်။ ညသန်းခေါင် ဆယ့်နှစ်နာရီမှာ ပြီးဆုံးမယ်။ နားထောင်ကြ ——"

ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ ကျောင်းသားအားလုံးကို သေသေချာချာ ကြည့်နေတယ်။

"ခရစ္စမတ်စ်ကပွဲဟာ တို့တစ်တွေကို —— အင်း —— ဆံပင်ဖြန့်ချပြီး ကိုယ့်ကိုကိုယ်ပေါ့ပါးအောင်နေဖို့ အခွင့်အရေးရမှာ သေချာတယ်" သူမက



သိပ်ဟုတ်တယ်မထင်တဲ့လေသံနဲ့ ပြောတယ်။

လာဗင်ဒါ ပိုပြီးရယ်လာတယ်။ အသံမထွက်အောင် လက်နဲ့ပါးစပ်ကို အတင်းအုပ်ထားတယ်။ ဒီတစ်ကြိမ် ဘာရယ်စရာကောင်းလဲဆိုတာ ဟယ်ရီသိတယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်ရဲ့ ဆံပင်ဟာ အမြဲတမ်း ဆံထုံးတင်းနေအောင် ထုံးထားတာ။ ဘယ်တုန်းကမှ ဆံပင်ကို ဖြန့်မချဘူး။

"ဒါပေမယ့် အဲဒါက . . . . " ပါမောက္ခမက်ဂေါ်နာဂေါ်က ဆက်ပြောတယ်။ "ဟော့ဂ်ဝပ်ကျောင်းသားတွေရဲ့ အပြုအမူစည်းကမ်းကို လျှော့လိုတယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ဘူး။ ဂရစ်ဖင်းဒေါကျောင်းသားတစ်ယောက်ယောက်ဟာ တစ်နည်းနည်းနဲ့ ကျောင်းကို အရှက်ရစေမယ်ဆိုရင်၊ ကိုယ်သိပ်ပြီး ရင်နာမိမှာပဲ"

ကျောင်းဆင်းခေါင်းလောင်း ထိုးပြီ။ အားလုံး ခါတိုင်းလိုပဲ စာအုပ်တွေကို လွယ်အိတ်ထဲ ထိုးထည့်ပြီး တစ်ခါ လွယ်အိတ်ကို ပခုံးပေါ် ပစ်တင်လိုက်တယ်။ ကျောင်းခန်းထဲမှာ တရုန်းရုန်းဆူနေတယ်။

ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ အသံမြှင့်ပြီး ဆူညံသံတွေကြားက အော်ပြောတယ်။ "ပေါ်တာ —— ခဏနေရစ်ပါ၊ မင်းကို စကားပြောစရာရှိတယ်"

ဟယ်ရီက တွေးတယ်။ အဲဒါ ဟိုခေါင်းမရှိတဲ့ ရာဘာပင်လယ်ငါးကြောင့်ဖြစ်မယ်ဆိုပြီး စိတ်မပါဘဲ စာသင်စင်ဆီ လျှောက်သွားတယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ ကျောင်းသားအားလုံး ထွက်သွားကုန်မှ ပြောတယ်။ "ပေါ်တာ၊ သူရဲကောင်းတိုင်းမှာ အဖော်ရှိကြတယ် ——"

"ဘာအဖော်လဲ" ဟယ်ရီက ပြောတယ်။

ပါမောက္ခမက်ဂေါ်နာဂေါ်က သံသယနဲ့ သူ့ကို ကြည့်နေတယ်။ သူ ရယ်စရာပြောနေတယ် ထင်သလိုပဲ။

"မင်း ခရစ္စမတ်စ်ကပွဲကို ခေါ်သွားမယ့်အဖော်လေ၊ ပေါ်တာ" သူမက အေးစက်စက်ပြောတယ်။ "မင်းနဲ့တွဲကဖို့ အဖော်"

ဟယ်ရီဟာ မိမိ ကလီဇာတွေ တွန့်လိမ်ကုန်တယ်လို့ ခံစားရတယ်။

"တွဲကဖို့အဖော် . . . . ?" မိမိမျက်နှာ နီလာပြီလို့ သူ ခံစားရတယ်။ "ကျွန်တော် မကဘူး" သူက ကမန်းကတမ်းပြောတယ်။

"အော၊ မင်း ကမှဖြစ်မယ်" ပါမောက္ခမက်ဂေါ်နာဂေါ်က စိတ်မရှည်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပြောတယ်။ "မင်းကို အဲဒါပြောမလို့။ အစဉ်အလာအရ ကပွဲဟာ သူရဲကောင်းတွေနဲ့ ၎င်းတို့ရဲ့ ကဖော်က စဖွင့်ရတာ"

ဟယ်ရီ့ခေါင်းထဲမှာ မိမိ အနက်ရောင်ဦးထုပ်မြင့်မြင့်ကြီး ဆောင်းပြီး အမြီးရှည်ကုတ်အင်္ကျီ ဝတ်ဆင်တဲ့ပုံ ပေါ်လာတယ်။ သူ့အနားမှာ မိန်းကလေးတစ်ယောက်လည်း ရှိတယ်။ သူမဟာ အတွန့်တွေပြည့်နေတဲ့ ဂါဝန်ဝတ်ထားတယ်။ အဲဒါ အဒေါ်ပီချူးနီယာ ဦးလေးဗားနွန်တို့ ကုမ္ပဏီကပွဲသွားတော့ ဝတ်တဲ့ဟာမျိုးပေါ့။

"ကျွန်တော် မကဘူး" သူက ပြောတယ်။

"အဲဒါ အစဉ်အလာထုံးစံ" ပါမောက္ခမက်ဂေါ်နာဂေါက ပြတ်ပြတ်ပြောတယ်။ "မင်းက သူရဲကောင်း၊ ကျောင်းက ကိုယ်စားလှယ်တစ်ယောက်အနေနဲ့၊ မင်းဟာ အများမျှော်လင့်သလို လုပ်ရလိမ့်မယ်။ ဒါကြောင့် မင်း ကဖော်တစ်ယောက်ရှာ၊ ပေါ်တာ"

"ဒါပေမယ့် —— ကျွန်တော် မ ——"

"မင်း ငါ့စကားကြားရပြီနော်၊ ပေါ်တာ" ပါမောက္ခမက်ဂေါ်နာဂေါဟာ စောဒကတက်လို့မရတဲ့လေသံနဲ့ ပြောတယ်။

လွန်ခဲ့တဲ့တစ်ပတ်ကဆိုရင် တွဲကဖို့ အဖော်တစ်ယောက်ရှာတာဟာ ဟန်ဂေရီဟွန်းတေးနဲ့စာရင် မပြောပလောက်ဘူးလို့ ဟယ်ရီပြောမှာ။ အခုတော့ သူ ဟွန်းတေးကို အနိုင်ရခဲ့ပြီ၊ ကောင်မလေးတစ်ယောက် တွဲကဖို့ရှာရမယ့် စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရတယ်။ မိမိ မီးနဂါးနဲ့ နောက်တစ်ကြိမ် သတ်ပုတ်ချင်သေးတယ်လို့ သူက ခံစားရတယ်။

ဟယ်ရီဟာ ဟော့ဂ်ဝပ်မှာ ခရစ္စမတ်စ်ပွဲဝင်ဖို့ စာရင်းပေးတဲ့ ကျောင်းသားတွေကို သိပ်မသိဘူး။ သူကတော့ အမြဲတမ်း ကျောင်းမှာပဲ ခရစ္စမတ်စ်ပွဲကျင်းပတယ်။ အကြောင်းက ဒီလိုမှမလုပ်ရင် သူ ရေဖယောင်းပင်လမ်းကို ပြန်သွားရမှာ။ ဒါပေမယ့် အရင်က ကျောင်းမှာနေခဲ့တဲ့လူဟာ အနည်းစုလေးရယ်။ ဒီနှစ်က အရင်ကနဲ့ မတူဘူး။ စတုတ္ထနှစ်အထက် ကျောင်းသားအားလုံးနေရစ်မယ့်ပုံပဲ။ ဟယ်ရီ့အဖို့ပြောရရင် သူတို့အားလုံးဟာ ရောက်လာတော့မယ့်ကပွဲကို အလွန်စွဲလမ်းနေတယ် —— အနည်းဆုံးတော့ ကျောင်းသူအားလုံး ဒီအတိုင်းပဲ။ သူဟာ ဟော့ဂ်ဝပ်မှာ ဒီလောက်များတဲ့ ကျောင်းသူတွေ ရှိနေ



တာကို ရုတ်တရက်တွေ့ရှိသွားတယ်။ အရင်က သူ လုံးဝသတိမထားမိဘူး။ ကျောင်းသူတွေဟာ စင်္ကြံထဲမှာ တခစ်ခစ်ရယ်ကြတယ်။ တိတ်တခိုးပြောဆိုကြတယ်။ ကျောင်းသူတွေဟာ ကျောင်းသားတွေဖြတ်သွားတိုင်း စူးရှစွာ အော်ရယ်တယ်။ ကျောင်းသူတွေဟာ စိတ်လှုပ်ရှားစွာ အမြင်ဖလှယ်ကြတယ်။ ခရစ္စမတ်ညပွဲမှာ ဘာအင်္ကျီဝတ်မလဲဆိုတာ ဆွေးနွေးကြတယ် . . . .

"သူတို့ ဘာဖြစ်လို့ အုပ်လိုက်လှုပ်ရှားရတာလဲ" ဟယ်ရီက ရွန့်ကို မေးတယ် —— ဒီအချိန်မှာ ကျောင်းသူဆယ်ယောက်ခန့် အနားက ဖြတ်သွားတယ်။ သူမတို့ဟာ ဟယ်ရီ့ကို အကဲခတ်ကြည့်ရင်း တိတ်တိတ်ကလေး ကြောင်တောင်တောင်ရယ်သွားကြတယ်။ "သူမတို့ တစ်ဦးချင်းလှုပ်ရှားတာကို ဘယ်လိုစောင့်လို့ရမလဲ။ ဘယ်လို တစ်ယောက်ကို ဖမ်းပြီး တောင်းဆိုရမလဲ"

"တစ်ယောက်ကို ကြိုးကွင်းနဲ့စွပ်ဖမ်း" ရွန်က အကြံပေးတယ်။ "မင်း ဘယ်သူ့ကို ဖိတ်ဖို့တွေးလဲ"

ဟယ်ရီ မဖြေဘူး။ မိမိ ဘယ်သူ့ကိုဖိတ်ချင်တယ်ဆိုတာ သူ့မှာ ရှင်းတယ်။ ဒါပေမယ့် ဖိတ်ဖို့သတ္တိရှိမရှိ ဆိုတာကတော့ တစ်မျိုးပေါ့ . . . . ချို-ချမ်းဟာ သူ့ထက် တစ်တန်းကြီးတယ်။ အလွန်လှပတယ်။ ပြီးတော့လည်း အလွန်တော်တဲ့ ခွေဒစ်ဘောသမား။ သူမလည်း လူချစ်လူခင်ပေါတယ်။

ရွန်ဟာ ဟယ်ရီ့စိတ်ထဲ ဘာတွေးတယ်ဆိုတာ သိနေသလိုပဲ။

"နားထောင်၊ မင်း ဘာအခက်အခဲမှ ရှိမှာမဟုတ်ဘူး။ မင်းက သူရဲကောင်းပဲဟာ။ မကြာခင်ကမှ ဟန်ဂေရီဟွန်းတေးကို မင်းအနိုင်ရခဲ့တာပဲ။ ၎င်းတို့တန်းစီပြီး မင်းနဲ့တွဲကဖို့ လုနေကြမယ်လို့ ငါပြောရဲတယ်"

မကြာခင်ကမှ ပြန်ရလာတဲ့ ၎င်းတို့ရဲ့ ခင်မင်မှုကို ကာကွယ်တဲ့အနေနဲ့ ရွန်ဟာ သူ့အသံထဲက စိတ်အားငယ်မှုကို အနည်းဆုံးဖြစ်အောင် ချုပ်ထိန်းထားတယ်။ ဟယ်ရီ အံ့ဩစွာ တွေ့ရှိတာက၊ လက်တွေ့က ရွန် ခန့်မှန်းနေတာ သက်သေပြလိုက်တယ်။

နောက်နေ့မှပဲ ဟာ့ဖ်ဖတ်ဟောက်စ်က တတိယနှစ် ဆံပင်ကောက်ကောက်နဲ့ ကျောင်းသူဟာ —— ဟယ်ရီအရင်က သူမနဲ့ စကားမပြောဖူးဘူး —— ဟယ်ရီ့ကို သူမနဲ့အတူ ကပွဲဝင်ဖို့ လာဖိတ်ခေါ်တယ်။ ဟယ်ရီ သိပ်လန့်သွားပြီး တွေးတောင်တွေးမနေဘဲ ငြင်းလိုက်တယ်။ အဲဒီကျောင်းသူဟာ ထိခိုက်တဲ့ပုံနဲ့ ထွက်သွားတယ်။ မော်သမိုင်းအချိန်တစ်ချိန်လုံးမှာ ဟယ်ရီဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒင်း၊ စီးမတ်စ်နဲ့ ရွန်တို့က အဲဒီကျောင်းသူကို ကဲ့ရဲ့ပြောဆိုတာကို အောင့်ခံနေရတယ်။ ဒီနောက် တစ်ရက်မှာ နောက်ထပ် ကျောင်းသူနှစ်ယောက် သူ့ကို လာဖိတ်ခေါ်ပြန်တယ်။ တစ်ယောက်က ဒုတိယနှစ်က၊ နောက်တစ်ယောက် (သူ ထိတ်လန့်စွာ တွေ့ရှိတာက) က ပဉ္စမနှစ်က၊ သူမပုံပန်းကြည့်ရတာ ဟယ်ရီ ငြင်းဆန်ခဲ့ရင် သူမက သူ့ကို အမှေ့ထိုးမယ့်ပုံပဲ။

"သူမ တော်တော်ချောပါတယ်" ရွန်က ရယ်လို့ဝတော့ တရားမျှတစွာ ပြောတယ်။

"သူမ ငါ့ထက် တစ်ပေကြီးများတောင် မြင့်တယ်" ဟယ်ရီက ပြောတယ်။ ထိတ်လန့်နေတုန်းပဲ။ "တွေးကြည့်လေ၊ ငါ သူမနဲ့ တွဲကရင် ရယ်စရာ ဖြစ်မနေဘူးလား"

ဟယ်ရီက ဟာမီး ခရွန်းမ်ကိုပြောတဲ့စကားကို အမြဲသတိရတယ်။ "သူမတို့ သူ့ကို ကြိုက်တယ်ဆိုတာ၊ သူနာမည်ကြီးလို့" မိမိသာ ကျောင်းသူရဲ ကောင်းမဟုတ်ရင် အဲဒီ သူ့ကိုတွဲကဖော်လုပ်ဖို့ ဖိတ်ခေါ်တဲ့ကျောင်းသူတွေဟာ သူနဲ့အတူ ကပွဲသွားချင်ပါ့မလားလို့ ဟယ်ရီက သံသယဖြစ်မိတယ်။ ဒီနောက် သူက ကိုယ့်ကိုကိုယ် မေးတယ်။ တကယ်လို့ ချို-ချမ်းက သူ့ကို လာရောက်ဖိတ်ခေါ်ရင် သူ ဒီပြဿနာကို ထည့်တွေးပါဦးမလား"

ချုပ်ပြောရရင် ဟယ်ရီဟာ ကပွဲပါဝင်ရမယ့်၊ သူ့အဖို့ အနေရကြပ်တဲ့ ကိစ္စနဲ့ ရင်ဆိုင်နေရပေမယ့် သူ ပထမကဏ္ဍကို အောင်မြင်ပြီးနောက်၊ အခြေအနေအများကြီး ပြောင်းလဲသွားတာကို သူ ဝန်မခံလို့ မရဘူး။ သူဟာ စင်္ကြံထဲမှာ မပျော်ရွှင်စရာ အတိုက်အခိုက်တွေနဲ့ သိပ်မရင်ဆိုင်ရတော့ဘူး။ ဒါ အများပိုင်းက စက်ဒရစ်ကြောင့်လို့ သူ ထင်တယ် —— ဟယ်ရီက စက်ဒရစ်ကို မီးနဂါးအကြောင်း သတင်းပေးတာကို ကျေးဇူးဆပ်တဲ့အနေနဲ့ စက်ဒရစ်က ဟာ့ဖ်ဖတ်ကျောင်းသားတွေကို ဟယ်ရီ့ကို ဗူကွမပေးဖို့ ပြောထားတယ်လို့ သူ ထင်နေတယ်။ ပြီးတော့ စက်ဒရစ်ကို ထောက်ခံတဲ့ ရင်ထိုးတွေလည်း ပတ်ဝန်းကျင်မှာ နည်းသွားတယ်။ ဍြာခို-မော်ဖိုင်ကတော့ အခွင့်အရေးရတိုင်း ရီထာ-စကီးထာရဲ့ ဆောင်းပါးထဲက စကားနဲ့ သူ့ကို ကဲ့ရယ်မြဲ ကဲ့ရယ်နေတယ်။ ဒါပေမယ့် မော်ဖိုင်ရရှိတဲ့ ရယ်သံက ကြာလေနည်းလေ ဖြစ်လာတယ်။ ဟယ်ရီရဲ့ ပျော်ရွှင်တဲ့စိတ်ကို ပိုတိုးလာစေဖို့နဲ့တူတယ်။ 'ကြိုပေါဆရာများနေ့စဉ်'မှာ ဟက်ဂရစ်နဲ့ ပတ်သက်တဲ့သတင်း ပါမလာဘူး။



"အမှန်အတိုင်း မင်းတို့ကို ပြောပြမယ်။ သူမဟာ ထူးဆန်းသတ္တဝါကို သိပ်စိတ်မဝင်စားဘူး" ဟက်ဂရစ်က ပြောတယ်။ အဲဒါ ကျောင်းပတ်ရဲ့ နောက်ဆုံး ထူးဆန်းသတ္တဝါ ကာကွယ်တဲ့ဘာသာအချိန်မှာ။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးက သူ့ကို ရီထာ-စကီးထာနဲ့ တွေ့ဆုံတဲ့အကြောင်း မေးကြတော့ ပြောတာ။ အခု ဟက်ဂရစ်ဟာ မီးပန်းပိုးကောင်နဲ့ တိုက်ရိုက်ထိတွေ့တဲ့ လုပ်နည်းကို ဟက်ဂရစ် စွန့်လွှတ်လိုက်ပြီ။ ဒါကြောင့် သူ အသက်ရှူချောင်သွားတယ်။ ဒီနေ့ သူတို့ဟာ ဟက်ဂရစ်ရဲ့ အိမ်လေးနောက်ဘက်မှာ အရိပ်မိုရင်း လေးချောင်းထောက်စားပွဲ ဘေးထိုင်ပြီး နောက်ဆုံးရွေးချယ်တဲ့ အစားအစာတချို့ကို ပြင်ဆင်ကြတယ်။ အဲဒီအစားအစာနဲ့ မီးပန်းပိုးကောင် အစာစားချင်အောင် ဆွဲဆောင်ရမှာ။

"သူမက ကျုပ်ကို မင်းအကြောင်းပဲ ပြောခိုင်းတယ်၊ ဟယ်ရီ" ဟက်ဂရစ်က အသံနှိမ့်ပြီး ဆက်ပြောတယ်။ "ကျုပ်ကတော့ မင်းကို ဒါစလီတို့အိမ်က ခေါ်လာကတည်းက ကျုပ်တို့မိတ်ဆွေရင်းတွေ ဖြစ်သွားတယ်လို့ သူမကို ပြောလိုက်တယ်။ 'ဒီလေးနှစ်အတွင်းမှာ ရှင် သူ့ကို မဆုံးမရဘူးလား' သူမက မေးတယ်။ 'သူကျောင်းတက်ချိန်မှာ ဗူကွမပေးဘူးလား'။ ကျုပ်က သူမကို 'မပေးဘူး'လို့ ပြောတယ်။ ဒါကြောင့် သူမဟာ အလွန်မကြိုက်သလို ဖြစ်သွားတယ်။ သူမက မင်းကို သိပ်ဆိုးအောင် ပြောစေချင်သလိုပဲ၊ ဟယ်ရီ"

"သူမ ဒီလိုပဲလုပ်မှာ" ဟယ်ရီကပြောရင်း နဂါးအသဲတုံးတွေကို သတ္တုပန်းကန်ကြီးတစ်လုံးထဲ ပစ်ထည့်တယ်။ တစ်ခါ ဓားယူပြီး နည်းနည်းထပ်လှီးဖို့ လုပ်ကယ်။ "သူမဟာ ကျွန်တော့်ကို ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ သူရဲကောင်းလေးလို့ချည်း ရေးနေလို့ ဘယ်ဖြစ်မလဲ။ လူတွေက ငြီးငွေ့မှာပေါ့"

"သူမဟာ ရှုထောင့်တစ်ခု ပြောင်းချင်တာ၊ ဟက်ဂရစ်" ရွှန်-ဝယ်စလီက ပြောရင်း စလာမင်းဒါးကင်းလိပ်ချောဥကို အခွံခွာနေတယ်။ "ဟယ်ရီဟာ ယဉ်းသိမ်းမရတဲ့ လူငယ်တရားခံလို့ ပြောလိုက်ပါလား"

"သူမှ မဟုတ်တာ" ဟက်ဂရစ်က ပြောတယ်။ လန့်ပြီး ငိုင်သွားသလိုပဲ။

"သူမဟာ စနိတ်ပ်ကို သွား ဒျူးရင် ကောင်းမယ်" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "သူက သူမကို ငါ့မကောင်းကြောင်း တစ်နေ့နေ့မှာ ပြောမှာပဲ။ ပေါ်တာ ဒီကျောင်းရောက်လာကတည်းက ကျောင်းစည်းကမ်းကို တစ်လျှောက်လုံး ချိုးဖောက်နေတယ်လို့ ...."

www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီစကားမျိုးပြောဖူးတယ်၊ ဟုတ်လား" ဟက်ဂရစ်က မေးတယ်။ ရွှန်နဲ့ ဟာမီးက တဟားဟားရယ်နေတယ်။ "ပြောရရင် မင်းဟာ ကျောင်းစည်းကမ်းတချို့ ချိုးဖောက်ခဲ့တာ အမှန်ပဲ၊ ဟယ်ရီ၊ ဒါပေမယ့် မင်းဖော်ပြချက်က တစ်လျှောက်လုံး ကောင်းတယ်မဟုတ်လား"

"ကျေးဇူးတင်ပါတယ်၊ ဟက်ဂရစ်" ဟယ်ရီက ပြောရင်း ရယ်လာတယ်။

"ခရစ္စမတ်စ်နေ့မှာ ဟိုကပွဲကို ခင်ဗျားလာမှာလား၊ ဟက်ဂရစ်" ရွှန်က မေးတယ်။

"ကျုပ် သွားကြည့်ကြည့်ရုံ ကြည့်မှာပါ" ဟက်ဂရစ်က အသံအအနဲ့ ပြောတယ်။ "အတော်စည်ကားလိမ့်မယ်လို့ ထင်တယ်။ ကပွဲကို မင်းက စဖွင့်မယ် ဟုတ်လား၊ ဟယ်ရီ။ မင်း ဘယ်သူ့ခေါ်သွားမလဲ"

"မရှိသေးဘူး" ဟယ်ရီကပြောရင်း မိမိမျက်နှာ နီလာတယ်လို့ထင်တယ်။ ဟက်ဂရစ်က ဆက်မမေးတော့ဘူး။

ကျောင်းပတ်ရဲ့ နောက်ဆုံးရက်သတ္တပတ်မှာ ကျောင်းဟာ ပိုပိုစည်ကားဆူညံလာတယ်။ လူတွေဟာ ခရစ္စမတ်စ်ကပွဲအကြောင်း ကောလာဟလတွေ ပြောဆိုနေကြတယ်။ ဒါပေမယ့် အများစုကို ဟယ်ရီမယုံဘူး —— ဥပမာ ဒမ်ဘလီဒိုးဟာ တံမြက်စည်းသုံးလက် ရှိ့စ်မာထာဆီကနေ ပျားအရက်မွှေးစည်ပိုး ရှစ်ရာ ဝယ်တယ်။ ဒါပေမယ့် ထူးဆန်းညီအစ်မကို ကြိုမှာထားတာတော့ သေချာတယ်။ ထူးဆန်းညီအစ်မဆိုတာ ဘယ်သူဘယ်ဝါ၊ ဘာလဲဆိုတာ ဟယ်ရီ မသိဘူး။ အကြောင်းက မှော်ဆရာအသံလွှင့်တာကို သူ နားမထောင်ဖူးလို့။ ဒါပေမယ့် ငယ်ငယ်ကတည်းက WWN (မှော်ဆရာအသံလွှင့်ကွန်ယက်)ကို နားထောင်တဲ့ ကျောင်းသားတွေ အရူးအမူးဖြစ်နေတာကိုကြည့်ရင် ထူးဆန်းညီအစ်မဟာ အလွန်နာမည်ကြီးတဲ့ ဂီတအဖွဲ့လို့ ထင်ရတယ်။

ဆရာတချို့၊ ဥပမာ - အရပ်ပုပု ပါမောက္ခ ဖလစ်ဝစ်ဟာ ကျောင်းသားတွေ စိတ်မပါတာ မြင်ရတော့ စာမသင်တော့ဘူး။ သူက ကျောင်းသားတွေကို ဗုဒ္ဓဟူးနေ့ သူ့ကျောင်းချိန်မှာ ကစားခွင့်ပေးတယ်။ သူကိုယ်နှိုက်ကတော့ အချိန်အများပိုင်းကို ဟယ်ရီနဲ့ စကားပြောနေကယ်။ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ပထမကဏ္ဍမှာ ဟယ်ရီသုံးခဲ့တဲ့ အလွန်အောင်မြင်တဲ့ ဆင့်ခေါ်ဂါထာအကြောင်း ဆွေးနွေးနေတယ်။ ကျန်ဆရာတွေကတော့ ဒီလောက်မလွယ်ဘူး။



ဥပမာ-ပါမောက္ခဘင်းစ်ရဲ့အာရုံကို ဘာကမှ လှည့်ပြောင်းလို့ မရဘူး။ သူဟာ ဂုင်းရဲ့ သရဲတစ္ဆေပုန်ကန်တဲ့ မှတ်စုတွေထဲမှာ လှော်ခတ်နေတုန်းပဲ —— ကျောင်းသားတွေ ခန့်မှန်းတာက ဘင်းစ်ဟာ မိမိရဲ့သေခြင်းကြောင့် မိမိ ဆက်လက်စာသင်ကြားမှုကို အတားအဆီးမဖြစ်ခဲ့တဲ့အတွက် ခရစ္စမတ်စ်လို ကိစ္စလေးမျိုးဟာ ဂုင်းကို လုံးဝစိတ်ပျံ့လွင့်စေမှာ မဟုတ်ဘူး။ ပြောရရင် အလွန် ထူးဆန်းတယ်။ သူဟာ သွေးသံရဲရဲ ထိတ်လန့်တုန်လှုပ်စရာ သရဲတစ္ဆေပုန်ကန်မှုကို ဖတ်စီရဲ့ ဆေးကျိုအိုး အိုးခင်းအစီရင်ခံစာလို ပျင်းခြောက်ခြောက် ဖြစ်အောင် ပြောနိုင်တယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်နဲ့ မူးဒီဟာလည်း ကျောင်းသားတွေကို ကျောင်းဆင်းခါနီး နောက်ဆုံးတစ်မိနစ်အထိ အအားမထားဘူး။ စနိတ်ပ်ကတော့ ပြောစရာမလိုဘူး။ သူဟာ ဟယ်ရီ့ကို သားအဖြစ် မွေးစားရချင် မွေးစားရပစေ၊ ကျောင်းသားတွေကို ကျောင်းတက်ချိန်မှာ ကစားခွင့် မပေးနိုင်ဘူး။ သူဟာ မှုန်တေတေနဲ့ ကျောင်းသားအားလုံးကို အကဲခတ်နေတယ်။ ကျောင်းပတ်ရဲ့ နောက်ဆုံးကျောင်းချိန်မှာ ဂုင်းတို့ရဲ့ အဆိပ်ဖြေဆေးကို စစ်ဆေးမယ်လို့ ပြောတယ်။

"ကောက်ကျစ်စဉ်းလဲတဲ့လူ" အဲဒီနေ့ညမှာ ရွှန်ဟာ ဂရစ်ဖင်းဒေါ အများနားနေခန်းထဲမှာ ဒေါသနဲ့ပြောတယ်။ "နောက်ဆုံးနေ့မှာ ငါတို့ကို စစ်မယ်ဆိုတော့ စာတွေတစ်ပုံကြီးနဲ့ ကျောင်းပတ်ရဲ့ နောက်ဆုံးအချိန်လေးကို ဖျက်ဆီးပစ်တာပဲ"

"အင်း . . . စင်စစ် နင် သိပ်ပြီးကြိုးစားတာမဟုတ်ဘူး၊ ဟုတ်လား" ဟာမီးဟာ သူမရဲ့ မှော်ဆေးပညာမှတ်စုပေါ်ကနေ ရွှန့်ကို ကြည့်နေတယ်။ ရွှန်က ထပေါက်ကွဲတံဆိပ် ဖဲချပ်နဲ့ ရဲတိုက်ဆောက်နေတယ် —— ဒါဟာ မတ်ဂေါ်ဖဲချပ်ထက် စိတ်ဝင်စားစရာကောင်းတယ်။ သတိမထားရင် သူတည်ဆောက်ထားတဲ့ ဖဲချပ်ဟာ အားလုံး ထပေါက်ကွဲကုန်မှာ။

"ဒါ ခရစ္စမတ်စ်လေ၊ ဟာမီး" ဟယ်ရီက ပျင်းရိရိပြောတယ်။ သူဟာ မီးဖိုဘေးက လက်တန်းကုလားထိုင်ပေါ် ထိုင်ပြီး 'အမြောက်တပ်ဖွဲ့နဲ့အတူ ပျံသန်း' စာအုပ်ကို ဆယ်ကြိမ်မြောက် ဖတ်ရှုနေတယ်။

ဟာမီးဟာ တည်ကြည်တဲ့အကြည့်နဲ့ သူ့ကို ကြည့်နေတယ်။ "ဟယ်ရီ နင် ဖြေဆေးမလေ့လာချင်တဲ့တိုင် ပိုပြီးတီထွင်မှုရှိတဲ့အလုပ် လုပ်လို့ရတာပဲ"

"ဥပမာ ဘာလဲ" ဟယ်ရီကမေးရင်း အမြောက်တပ်ဖွဲ့က ဂျိုး-ဂျင်စင်းစ်

www.burmeseclassic.com

www.burmeseclassic.com



ဘလဒ်ဂါတစ်လုံးကို ဘော်လီရဲတိုက်လင်းနဲ့အဖွဲ့က ဘောလိုက်သမားဆီ တအား နိုက်ပို့လိုက်တာကို စိုက်ကြည့်နေတယ်။

"ဟို ရွှေဥ" ဟာမီးက သွားကြားကနေ တိုးတိုးပြောတယ်။

"တော်ပြီ၊ ဟာမီး၊ ငါတို့ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထိ နားမယ်" ဟယ်ရီက ပြောတယ်။

ဟယ်ရီက ဟိုရွှေဥကို အပေါ်ထပ် သူ့သေတ္တာထဲမှာ ထည့်ထားတယ်။ ပထမကဏ္ဍဂုဏ်ပြုပွဲပြီးကတည်းက သူ နောက်ထပ်ဖွင့်မကြည့်သေးဘူး။ နောက်ထပ် နှစ်လခွဲကြာမှ အဲဒီလို စူးစူးဝါးဝါးအော်သံရဲ့ အဓိပ္ပာယ်ကို သူ သိဖို့လိုတာပဲ။

"ဒါပေမယ့် အဲဒီလျှို့ဝှက်ချက်ကို ဖော်ဖို့ဆိုတာ ရက်သတ္တပတ်အချို့ လိုနိုင်တယ်" ဟာမီးက ပြောတယ်။ "တကယ်လို့ ကျန်လူတွေအားလုံး နောက် လာမယ့်ကဏ္ဍဟာ ဘာလဲလို့ သိပြီး နင်တစ်ယောက်တည်း ဘာမှန်းမသိဖြစ် နေရင် နင်ဟာ ထိုင်းကြီးဖြစ်နေမှာပေါ့"

"သူ့ကို မနှောင့်ယှက်ပါနဲ့တော့၊ ဟာမီး။ သူနားဖို့ လိုပါတယ်" ရွန်က ပြောရင်း နောက်ဆုံးဖဲချပ်နှစ်ခုကို ရဲတိုက်ထိပ်မှာ တင်လိုက်တယ်။ ဝုန်းခနဲ မြည်ပြီး ရဲတိုက်တစ်ခုလုံး ပေါက်ကွဲသွားတယ်။ သူ့မျက်ခုံးမွေးလည်း မီးလောင် သွားတယ်။

"သိပ်ကြည့်လို့ကောင်းတာပဲ၊ ရွန် . . . . မင်းရဲ့ပွဲဝင်ဝတ်စုံနဲ့တော့ သိပ်လိုက်တာပဲ"

အဲဒါ ဖရက်နဲ့ ဂျော့။ သူတို့ဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ စားပွဲဘေးမှာ ထိုင်လိုက်ကြတယ်။ ရွန်က မျက်ခုံးမွေးကို ပွတ်သပ်ရင်း မိမိမီးလောင်ခံရတဲ့ အခြေအနေကို စစ်ဆေးနေတယ်။

"ရွန်၊ ငါတို့ ဝက်ကလေး ခဏငှားသုံးလို့ ရမလား" ဂျော့က မေးတယ်။

"မရဘူး၊ သူ စာသွားပို့တယ်" ရွန်က ပြောတယ်။ "ဘာလုပ်မလို့လဲ"

"ဂျော့က ၎င်းကို ကပွဲတက်ဖို့ ဖိတ်မလို့" ဖရက်က သရော်ပြောတယ်။

"ငါတို့ စာတစ်စောင် ပို့စရာရှိလို့ ငတုံးကြီးရဲ့" ဂျော့က ပြောတယ်။

"မင်းတို့နှစ်ယောက် ဘယ်သူ့ကို စာရေးပေးတာလဲ၊ ဟင်" ရွန်က ပြောတယ်။

"မဆိုင်တာမမေးနဲ့၊ ရွန်။ နို့မို့ရင် ငါ မင်းနှာခေါင်းပေါ် မီးရှို့ပစ်မှာ"



ဖရက်က ပြောတယ်။ မှော်ကြိမ်လုံးကို မြှောက်ပြီးလည်း ရွန်ကို ခြိမ်းခြောက်တယ်။ "ဘယ်လိုလဲ . . . . မင်းတို့ကောင်တွေ တွဲကဖော် မရသေးဘူးလား"

"မရသေးဘူး" ရွန်က ပြောတယ်။

"ငါပြောမယ်၊ ဘော်ဒါကြီး၊ မြန်မြန်လေးလုပ်။ နို့မို့ရင် ကောင်းတာတွေ သူများရွေးကုန်လိမ့်မယ်" ဖရက်က ပြောတယ်။

"ဒါဆို မင်း ဘယ်သူနဲ့သွားမှာလဲ" ရွန်က ပြောတယ်။

"အင်ဂလီနာ" ဖရက်က တွေးမနေဘဲ ဖြေတယ်။ ဘာမှရှက်မနေဘူး။

"ဘာ" ရွန်က အံ့သြစွာမေးတယ်။ "မင်း သူမကို ဖိတ်ထားပြီးပြီ ?"

"မေးတာသိပ်ကောင်းတယ်" ဖရက်က ပြောတယ်။ သူလှည့်ပြီး အများနားနေခန်းဆီ အော်ခေါ်တယ်။ "ဟေး . . . အင်ဂလီနာ"

အင်ဂလီနာဟာ မီးဖိုဘေးမှာ အလစ်စီယာ-စပင်းနက်နဲ့ စကားစမြည် ပြောနေတယ်။ ခေါ်သံကြားတော့ ဖရက်ဆီ လှမ်းကြည့်တယ်။

"ဘာဖြစ်လဲ" သူမက အကျယ်ကြီးမေးတယ်။

"ငါနဲ့အတူ ကပွဲပါဝင်မလား"

အင်ဂလီနာက ချင့်ချိန်တဲ့အကြည့်နဲ့ ဖရက်ကို ကြည့်တယ်။

"ကောင်းပြီ" သူမက ပြောတယ်။ ဒီနောက် လှည့်ပြီး အလစ်စီယာနဲ့ ဆက်စကားပြောတယ်။ မျက်နှာပေါ်မှာ အပြုံးရိပ်ရေးရေးလေး ပေါ်နေတယ်။

"ဒါပဲလေ" ဖရက်က ဟယ်ရီနဲ့ ရွန့်ကို ပြောတယ်။ "လွယ်လွယ်လေး ပါ"

သူ မတ်တတ်ရပ်လိုက်ပြီး သမ်းဝေလိုက်တယ်။ သူက ပြောတယ်။ "ငါတို့ကျောင်းက ဇီးကွက်တစ်ကောင်သုံးရင် ကောင်းမယ်၊ ဂျော့၊ မြန်မြန်သွား"

သူတို့ ထွက်သွားကြပြီ။ ရွန် သူ့မျက်ခုံးမွေးကို မစမ်းတော့ဘူး။ မိမိရဲ့ ပြာပုံဖြစ်နေတဲ့ မီးခိုးထနေတဲ့ ဖဲချပ်ရဲတိုက်တစ်ဖက်ကနေ ဟယ်ရီ့ကို ကြည့် နေတယ်။

"ငါတို့လဲ လှုပ်ရှားဖို့ သင့်ပြီ . . . . တစ်ယောက်ကို ဖိတ်။ သူပြောတာ မှန်တယ်။ ငါတို့ နောက်ဆုံးမှာ အကျည်းတန်တစ်စုံနဲ့ မကချင်ဘူး"

ဟာမီး သိပ်စိတ်ဆိုးသွားတယ်။ စကားပြောတာတောင် နည်းနည်း ထစ်နေတယ်။

"ခွင့်လွှတ်ပါ၊ ဘာ . . . . တစ်စုံ ?"

www.burmeseclassic.com

www.burmeseclassic.com



"အော —— မပြောလဲ နင်သိပါတယ်" ရွှန်က ပခုံးတွန့်ပြီး ပြောတယ်။ "ငါတစ်ယောက်တည်း သွားရသွားရ —— ဥပမာကွာ-အလွှိုင်းစီ-မစ်ဒ်ဂင်ကိုတော့ မဖိတ်ချင်ဘူး"

"ခုတလော သူမ ဝက်ခြံတွေ အများကြီး သက်သာလာပြီ —— တကယ်တော့ သူမဟာ အလွန်ချောပါတယ်"

"သူ့နှာခေါင်းက နည်းနည်းရွဲ့နေတယ်" ရွှန်က ပြောတယ်။

"အော၊ ငါ နားလည်ပြီ" ဟာမီး ဒေါသထွက်လာပြီး ပြောတယ်။ "လက်စသတ်တော့ စင်စစ် နင်က နင့်ကို လက်ခံမယ့် လှပတဲ့ မိန်းကလေးကို ဖိတ်ချင်တာကိုး၊ အဲဒီလူဟာ လုံးဝကြောက်စရာကောင်းအောင် ဆိုးနေနေပေါ့ ?"

"အင်း —— ဟုတ်တယ်၊ ပြောတာအခြေခံအားဖြင့် မှန်တယ်" ရွှန်က ပြောတယ်။

"ငါ သွားအိပ်တော့မယ်" ဟာမီးက မကျေမနပ်ပြောတယ်။ ဒီနောက် တစ်လုံးမှ မပြောတော့ဘဲ သူ အဆောင်လှေကားကို လျှောက်သွားတယ်။

ဟော့ဂ်ဝပ်က ဆရာနဲ့ ကျောင်းသားတွေဟာ ဗျစ်ဘာတန်နဲ့ ဒမ်စထရန်က ဧည့်သည်တွေကို ကောင်းမွန်တဲ့ခံစားချက် ပေးချင်တဲ့သဘော ပြလာတယ်။ ဒီခရစ္စမတ်စ်ပွဲမှာ ရဲတိုက်ရဲ့အလှကို အကောင်းဆုံး ဖော်ပြဖို့ဆုံးဖြတ်ထားသလိုပဲ။ ကျောင်းမှာ အလှဆင်တာတွေ လုပ်လာတော့ ကျောင်းရောက်ကတည်းက ဒီလောက်လှပတဲ့ အလှဆင်တာကို သူ မတွေ့ဖူးဘူးလို့ ဟယ်ရီ တွေ့ရှိတယ်။ မာဘော်ကျောက်လှေကား လက်တန်းပေါ်မှာ မပျော်တတ်တဲ့ ရေခဲပန်းဆွဲတွေ ပြည့်နေတယ်။ ခန်းမထဲမှာ ခါတိုင်းချထားတဲ့ ခရစ္စမတ်သစ်ပင် ၁၂ပင်ပေါ်မှာ အရာဝတ္ထုအမျိုးမျိုး ချိတ်ဆွဲထားတယ်။ လက်နေတဲ့ ဟိုးလီးဘာရီသီးကနေ မပြတ်အော်နေတဲ့ ရွှေရောင်ဇီးကွက်အရှင်တွေအထိပဲ။ ဟိုချပ်ဝတ်တန်ဆာတွေဟာ မှော်ပညာနဲ့ စီရင်ထားလို့ လူဖြတ်သွားတာနဲ့ ခရစ္စမတ်စ်သီချင်း ဆိုလာတယ်။ သံခမောက်အလွတ်တစ်ခုက ဆိုတယ်။ "အော၊ လာကြ၊ ကြည်ညို ရိုသေတဲ့လူတွေ"၊ တကယ့်ကို သိပ်ရယ်စရာကောင်းတာပဲ။ ချပ်ဝတ်က သီချင်းစာသားတစ်ဝက်ပဲ ရတယ်။ တံခါးစောင့်ဖစ်ချ်ဟာ ချပ်ဝတ်ထဲကနေ သရဲဖီးစ်ဗိစ်ကို အကြိမ်အချို့ ဆွဲထုတ်ရတယ်။ အကြောင်းက သရဲဖီးဗိစ်ဟာ ချပ်ဝတ်ထဲ ပုန်းနေပြီး ချပ်ဝတ်က ဆက်မဆိုတတ်တော့တဲ့အခါမှာ



သူက ထင်ရာစာသားထည့်ပြီး ဆိုတယ်။ သူဆိုတာအားလုံးဟာ ကြမ်းတမ်းနားကလောစရာတွေချည်းပဲ။

သို့ပေမယ့် ဟယ်ရီဟာ ချို-ချမ်းကို ကပွဲအတွက် မဖိတ်ခေါ်ရသေးဘူး။ ဟယ်ရီက ရွှန့်မှာ တွဲကဖော်မရှိပေမယ့် အရှက်ကြီးမကွဲနိုင်ဘူး။ သူကတော့ တခြားသူရဲကောင်းတွေနဲ့အတူ ပထမဆုံးစကရမှာလို့ ပြောပေမယ့် သူနဲ့ ရွှန်တို့ဟာ အခု အလွန်ပူပင်နေကြပြီ။

"ငိုကြွေးတဲ့မားတော် ဟိုနေရာမှာပဲ ရှိမယ်လို့ ငါ ထင်တယ်" သူက မပျော်မရွှင်ပြောတယ်။ တတိယလွှာ ကျောင်းသူကိုယ်လက်သန့်စင်ခန်းမှာ ပုန်းနေတဲ့ သရဲမကိုပြောတာ။

"ဟယ်ရီ —— ငါတို့ အံကြိတ်ပြီး အရဲစွန့်မှ ဖြစ်တော့မယ်" သောကြာနေ့ရောက်တော့ ရွှန်က ပြောတယ်။ သူ့လေသံနားထောင်ရတာ သူတို့ အင်မတန်နိုင်ခဲ့တဲ့ စခန်းတစ်ခုကို ဝင်တိုက်ဖို့ စီမံနေသလိုပဲ။ "ဒီည ငါတို့ အများနားနေခန်းကို ပြန်ပြီး ကဖော်ရအောင် ရှာရမယ် —— ဒီအတိုင်းပဲနော်"

"အင်း . . . . ကောင်းပြီ" ဟယ်ရီက ပြောတယ်။

ဒါပေမယ့် အဲဒီနေ့မှာ သူ ချို-ချမ်းကို အကြိမ်အချို့တွေ့တယ်။ ကျောင်းချိန်ကြား နားချိန်၊ နေ့လယ် ထမင်းစားချိန်၊ တစ်ကြိမ်ကတော့ မှော်သမိုင်းအချိန်တက်ဖို့ သွားတဲ့လမ်းမှာ —— သူမအားမှာ သူငယ်ချင်းတွေအများကြီးနဲ့။ သူမတစ်ယောက်တည်း ဘယ်မှမသွားဘူးလား။ သူမ အိမ်သာသွားတဲ့အခါမှာ ပုန်းစောင့်နေလို့ ရနိုင်မလား။ မဖြစ်ဘူး —— သူမဟာ အိမ်သာသွားတာတောင် ကျောင်းသူ ၄-၅ယောက် အနားမှာပါတယ်။ ဒါပေမယ့် သူနောက်ထပ် မကြိုးစားရင် သူမကို သူများဖိတ်ခေါ်သွားလိမ့်မယ်။

စနိတ်ပ်ရဲ့ မှော်ဆေးပညာစာမေးပွဲ။ သူဟာ စိတ်စုစည်းလို့မရ ဖြစ်နေတယ်။ ဒါကြောင့် အမိကဆေးတစ်မျိုးထည့်ဖို့ မေ့သွားတယ် —— ဘီဇော။ ဒါကြောင့် သူအမှတ်အနိမ့်ဆုံးရမယ်ဆိုတာ သေချာတယ်။ ဒါပေမယ့် သူအရေးမထားဘူး။ သူဟာ ရဲစိတ်တင်းပြီး ပြတ်ပြတ်သားသားလုပ်ဖို့ ဆုံးဖြတ်ထားတယ်။ ကျောင်းဆင်းခေါင်းလောင်းထိုးတာနဲ့ သူဟာ လွယ်အိတ်ကိုဆွဲပြီး မြေအောက်စာသင်ခန်းအဝဆီ ပြေးသွားတယ်။

"ညစာစားတော့တွေ့မယ်" သူက ရွှန်နဲ့ဟာမီးကိုပြောရင်း လှေကားက ပြေးတက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ချို-ချမ်းကို စကားတစ်ခွန်း မေးလိုက်ရုံပဲ၊ ဒါလေးပါပဲ။ သူဟာ လူတွေပြည့်ကြပ်နေတဲ့စကြီကို ခပ်လောလောဖြတ်ပြီး သူမကို လိုက်ရှာတယ်။ မကြာဘူး။ (ဒီလောက်မြန်မယ်လို့ သူ မထင်ဘူး) သူ သူမကို မြင်ရပြီ။ သူမဟာ မော်နက်ပညာခုခံကာကွယ်တဲ့ အတတ်ကျောင်းခန်းထဲက ထွက်လာနေတယ်။

"အင်း —— ချို-ချမ်း၊ မင်းနဲ့ စကားတစ်ခွန်းလောက် ပြောလို့ရမလား"

တရားဥပဒေဟာ တခစ်ခစ် မရယ်ရဘူးလို့ သတ်မှတ်သင့်တယ်။ ဟယ်ရီဟာ စိတ်ဆိုးစွာ တွေးတယ်။ အကြောင်းက ချို-ချမ်းဘေးက ကျောင်းသူတွေ တခစ်ခစ်ထရယ်ကြလို့။ တော်သေးတာက ချို-ချမ်းက မရယ်ဘူး။ သူမက "ကောင်းပြီ"လို့ပြောပြီး ဟယ်ရီနဲ့အတူ သူမသူငယ်ချင်းတွေ မကြားရတဲ့နေရာကို သွားတယ်။

ဟယ်ရီက လှည့်ပြီး သူမကို ကြည့်နေတယ်။ သူ့ရင်ထဲမှာ ထူးဆန်းစွာ အကြောဆွဲသလို ဖြစ်သွားတယ်။ သူ လှေကားဆင်းတဲ့အခါမှာ တစ်ထစ်ကျော်ကျသွားသလိုပဲ။

"အင်း" သူကပြောတယ်။

သူ သူမကို မေးလို့မဖြစ်ဘူး။ မဖြစ်ဘူး။ ဒါပေမယ့် သူမေးမှဖြစ်မယ်။ ချို-ချမ်းက ရပ်နေတယ်။ ဘာမှန်းမသိတဲ့ အမူအရာနဲ့ သူ့ကို ကြည့်နေတယ်။

အဲဒီစကားဟာ ဟယ်ရီ့ပါးစပ်ထဲက လွတ်ထွက်သွားပြီး အမြီးအမောက်မတည့် ပြောနေတယ်။ အသံတောင် မမှန်ဘူး။

"ကပွဲ ကျွန်တော်နဲ့သွားမလား"

"ဆောရီး၊ ဘာပြောတာလဲ" ချိုက ပြောတယ်။

"ခင်ဗျား —— ခင်ဗျား ကျွန်တော်နဲ့အတူ ကပွဲသွားမလား" ဟယ်ရီက မေးတယ်။ သူ ဘာဖြစ်လို့ မျက်နှာနီတာလဲ။ ဘာဖြစ်လို့လဲ။

"အင်း" ချို-ချမ်းက ပြောတယ် —— သူမလည်း မျက်နှာနီလာတယ်။ "အင်း၊ ဟယ်ရီ၊ ကျွန်မ တကယ်အားနာပါတယ်" သူမက ရိုးသားစွာ သူ့ကို ကြည့်နေတယ်။ "တခြားတစ်ယောက်နဲ့သွားဖို့ ပြောပြီးနေပြီ"

"အော" ဟယ်ရီက ပြောတယ်။

ဒီလိုခံစားချက်က သိပ်ကို တစ်မျိုးကြီးပဲ။ လွန်ခဲ့တဲ့တစ်မိနစ်က သူဟာ ကလီဇာတွေ မြွေလိုတွန့်လိမ်နေတယ်လို့ ထင်တယ်။ အခုတော့ ရုတ်တရက်ကြီး ကလီဇာတွေ လုံးဝမရှိတော့ဘူးလို့ သူ ခံစားရတယ်။



"အော၊ ကောင်းပြီ" သူက ပြောတယ်။ "ကိစ္စမရှိဘူး"

"ကျွန်မ တကယ် သိပ်အားနာတာပဲ" သူမက တစ်ကြိမ်ပြောပြန်တယ်။

"ကိစ္စမရှိဘူး" ဟယ်ရီက ပြောတယ်။

သူတို့ရပ်ပြီး အပြန်အလှန်ကြည့်နေတယ်။ ဒီနောက် ချို-ချမ်းက ပြောတယ်။ "ဒါဆို ဒီအတိုင်းပဲ ——"

"ရတယ်" ဟယ်ရီက ပြောတယ်။

"ကောင်းပြီ၊ ဘိုင်း" ချို-ချမ်းက ပြောတယ်။ မျက်နှာနီရဲနေတုန်းပဲ။ သူမ လှည့်ထွက်သွားတယ်။

ဟယ်ရီက နောက်ကနေ လှမ်းခေါ်တယ်။ မိမိဒီလိုလုပ်တာကို အချိန်မီ မတားလိုက်နိုင်ဘူး။

"ခင်ဗျား ဘယ်သူနဲ့ သွားမှာလဲ"

"အော —— စက်ဒရစ်" သူမက ပြောတယ်။ "စက်ဒရစ်-ဒစ်ဂိုရီ"

"အော၊ ကောင်းပြီ" ဟယ်ရီက ပြောတယ်။

သူ့ကလီဇာတွေ ပြန်လာပြီ။ ခုနက တစ်ယောက်ယောက်ကယူပြီး ခဲတွေလောင်းထည့်လိုက်သလိုပဲ။

ဟယ်ရီဟာ ညစာကို လုံးဝမေ့နေတယ်။ သူဟာ အပေါ်ထပ်က ဂရစ်ဖင်းဒေါ်အများနားနေခန်းထဲကို ဖြည်းဖြည်းချင်း လျှောက်ပြန်လာတယ်။ ခြေတစ်လှမ်းလှမ်းတိုင်း သူ့နားထဲမှာ ချို-ချမ်းအသံ ပေါ်လာတယ်။ "စက်ဒရစ် —— စက်ဒရစ်-ဒစ်ဂိုရီ" စင်စစ် သူဟာ စက်ဒရစ်ကို နည်းနည်းနှစ်သက်လာပြီ —— သူဟာ ဟိုကိစ္စတွေကို ခွင့်လွှတ်ဖို့ အသင့်ဖြစ်နေပြီ။ ဥပမာ-စက်ဒရစ်ဟာ ခွေဒစ်ပြိုင်ပွဲမှာ သူ့ကို အနိုင်ယူခဲ့တာ။ စက်ဒရစ်ဟာ ရုပ်ရည်ချောမောပြီး လူချစ်လူခင်လည်း ပေါတယ်။ လူတိုင်းလောက်နှစ်သက်တဲ့ သူရဲကောင်းဖြစ်တယ်။ အခု ဟယ်ရီ ရုတ်တရက် နားလည်တာကတော့ စင်စစ်မှာ စက်ဒရစ်ဟာ အသုံးမကျတဲ့ လူချော။ သူ့ခေါင်းထဲက ဦးနှောက်ဟာ ကြက်ဥအခွံတစ်လုံးတောင် ပြည့်တာမဟုတ်ဘူး။

"နံနက်အလင်းရောင်" သူက မိန်းမဝဝကြီးကို ခြောက်ကပ်ကပ်ပြောတယ် —— စကားဝှက်က တမြန်မနေ့က ပြောင်းထားတာ။

"ဟုတ်ပြီး ဟုတ်ပြီ၊ အချစ်လေး" သူမဟာ တုန်ခါတဲ့အသံနဲ့ ပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မကြာခင်က ချည်ထားတဲ့ ရွှေမျှင်ငွေမျှင်ဖဲကြိုးကို ဆွဲဆန့်လိုက်ကာ ရှေ့ကို လည်သွားပြီး သူ့ကို ဝင်စေတယ်။

အများနားနေခန်းထဲရောက်တော့ ဟယ်ရီ ဝေ့ကြည့်လိုက်တယ်။ ရွန်ဟာ မျက်နှာကြီး ဖြူဖပ်ဖြူရော်နဲ့ အဝေးက ထောင့်တစ်ထောင့်မှာ ထိုင်နေတာ တွေ့ရတယ်။ ဂျင်နီက သူ့ဘေးမှာထိုင်ပြီး အလွန်အသံနိမ့်နိမ့်နဲ့ စကားပြောနေတယ်။ သူ့ကို အားပေးနေသလိုပဲ။

"ဘယ်လိုလဲ၊ ရွန်" ဟယ်ရီကမေးရင်း သူတို့ဆီ လျှောက်သွားတယ်။

ရွန်က ဟယ်ရီ့ကို မော့ကြည့်တယ်။ သူ့မျက်နှာပေါ်မှာ ထိတ်လန့်တုန်လှုပ်နေသေးတဲ့ အရိပ်အယောင်ပေါ်နေတယ်။

"ငါဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ" သူက ဝေဝါးစွာ ပြောတယ်။ "ငါဘာဖြစ်လို့ ဒါမျိုးလုပ်တယ်ဆိုတာ ငါ မသိဘူး"

"ဘာလဲ ? " ဟယ်ရီက ပြောတယ်။

"သူ —— အင်း —— သူ ခုနက ဖလောအာ-ဒယ်လာခေါ်ကို သူနဲ့ကပွဲသွားဖို့ ဖိတ်တယ်" ဂျင်နီက ပြောတယ်။ သူမဟာ မရယ်မိအောင် အတင်းထိန်းထားသလိုပဲ။ ဒါပေမယ့် ရွန့်ပခုံးကို စာနာစွာ ပုတ်နေတယ်။

"မင်း ဘယ်လိုဖြစ်တာလဲ" ဟယ်ရီက မေးတယ်။

"ငါ ဘာဖြစ်လို့ ဒါမျိုးလုပ်မိမှန်းမသိဘူး" ရွန်က အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ "ငါ ဘာရယ်စရာလုပ်တာလဲ။ အဲဒီမှာ လူချည်းပဲ —— လူတွေပြည့်လို့ —— ငါ ခေါင်းချောင်သွားတာပဲ —— အားလုံးဝိုင်းကြည့်နေတယ်။ ငါ တံခါးခန်းကဖြတ်တော့ သူမကို တွေ့တယ် —— သူမဟာ ရပ်ပြီး ဒစ်ဂိုရီနဲ့ စကားပြောနေတယ် —— ငါ ရုတ်တရက်ကြီး ကိုယ့်ကိုကိုယ် မချုပ်ထိန်းနိုင်တော့ဘူး —— ဒါနဲ့ သူမကို သွားမေးမိတာ"

ရွန်ကလဲ ညည်းညူရင်း လက်နဲ့ မျက်နှာကို အုပ်ထားတယ်။ သူ အဆက်မပြတ် ပြောနေတယ်။ ဒါပေမယ့် သူ့စကားကို မနည်းကြိုးစားနားထောင်ရတယ်။

"သူမက ငါ့ကို ကြည့်နေတယ်။ ငါက ပြည်ကြီးမျှော့ကြီးလိုပဲ။ အဖက်လုပ်ပြီးတောင် ပြန်မဖြေဘူး။ ဒီနောက် —— ငါလဲ မသိတော့ဘူး၊ ငါ ရုတ်တရက် သတိပြန်ရလာပြီး ထွက်ပြေးခဲ့တာ"

"သူမမှာ ဗီးလာသွေးပါတယ်" ဟယ်ရီက ပြောတယ်။ "မင်း မှူလက ပြောတာမှန်တယ် —— သူမအဖွားက ဗီးလာပဲ၊ ဒါ မင်းအမှားမဟုတ်ဘူး။ သူမဟာ ဒစ်ဂိုရီကို မှော်ပညာစီရင်နေတုန်း မင်းက အတော်ပဲ ရောက်သွားတော့ မင်းကို ထိမှန်သွားတာလို့ ငါပြောဝံ့တယ် —— ဒါပေမယ့် သူမ အလကားပင်ပန်းတာပဲ၊ ဒစ်ဂိုရီက ချို-ချမ်းနဲ့ သွားမှာ"



ရွန် ခေါင်းမော့လိုက်တယ်။

"ငါ ခုနက သူမကို ငါနဲ့သွားဖို့ ဖိတ်တယ်" ဟယ်ရီက ခြောက်ကပ်ကပ် ပြောတယ်။ "သူမက ငါ့ကို ပြောပြတာ"

ဂျင်နီဟာ ရုတ်တရက် မရယ်တော့ဘူး။

"ဒါ သိပ်ကို အဓိပ္ပာယ်မရှိတာ" ရွန်က ပြောတယ်။ "ငါတို့နှစ်ယောက်ပဲ တွဲကဖော်မရှိတာ —— ဟုတ်ပြီ၊ နီဗီးကလွဲရင်ပေါ့။ ဟုတ်ပြီ —— သူ ဘယ်သူ့ကို ဖိတ်တယ်ထင်လဲ။ ဟာမီး"

"ဘာ ? " ဟယ်ရီက ပြောတယ်။ သူဟာ အဲဒီအံ့သြစရာသတင်းကို စိတ်ဝင်စားသွားတယ်။

"ဟုတ်တယ်၊ ဒါ ငါသိတယ်" ရွန်က ပြောရင်းရယ်တယ်။ သူ့မျက်နှာဟာ သွေးရောင်ပြန်သန်းလာတယ်။ "မှော်ဆေးပညာအချိန်ပြီးတော့ ငါ့ကို သူပြောပြတာ။ သူက ပြောတယ်။ သူမဟာ တစ်လျှောက်လုံး သူ့ကို အိမ်စာတွေ ကူလုပ်ပေးတယ်။ သိပ်သဘောကောင်းတာပဲတဲ့ —— ဒါပေမယ့် ဟာမီးက သူ့ကို ပြောတယ်။ သူမ တခြားလူကို လက်ခံပြီးပြီတဲ့၊ ဟား . . . . သူမ ပြောတာ တကယ်ဖြစ်သလိုပဲ။ သူမဟာ နီဗီးနဲ့ မသွားချင်တာပါ —— ငါ ပြောချင်တာက ဘယ်သူ သူမကို ဖိတ်မှာလဲ"

"မရယ်နဲ့" ဂျင်နီက ဒေါသနဲ့ပြောတယ်။ "မရယ်နဲ့ ——"

ဒီအချိန်မှာပဲ ဟာမီးဟာ အရုပ်ကားအပေါက်ဝက တွားဝင်လာတယ်။

"နင်တို့နှစ်ယောက် ဘာဖြစ်လို့ ညစာသွားမစားတာလဲ" သူမက ပြောပြီး သူတို့နဲ့အတူ လာထိုင်တယ်။

"အကြောင်းက —— မရယ်နဲ့တော့၊ နင်တို့နှစ်ယောက် —— သူတို့နှစ်ယောက် ကပွဲသွားဖို့ မိန်းကလေးတွေကို ဖိတ်တာ၊ အငြင်းခံရလို့" ဂျင်နီက ပြောတယ်၊

ဟယ်ရီနဲ့ ရွန်တို့ ချက်ချင်းတိတ်သွားတယ်။

"သိပ်ကျေးဇူးတင်တယ်၊ ဂျင်နီ" ရွန်က ခပ်ချဥ်ချဥ်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ချောတဲ့မိန်းကလေးတွေ သူများရွေးသွားကုန်ပြီ၊ ဟုတ်လား ရွန်" ဟာမီးက မာနနဲ့ ပြောတယ်။ "အလွှီင်းစီ-မစ်ဒ်ဂင်လဲ အလွန်ချောလာပြီ။ ဟုတ်လား။ ကိစ္စမရှိဘူး။ နင့်ကို လက်ခံမယ့်လူ တစ်နေရာရာမှာ တွေ့မှာပဲလို့ ငါယုံတယ်"

ရွန်က ဟာမီးကို စိုက်ကြည့်တယ်၊ ရုတ်တရက် အမြင်သစ်နဲ့ သူမကို အကဲခတ်နေသလိုပဲ။

"ဟာမီး၊ နီဗီးမှန်တယ် —— မင်းက မိန်းကလေးကောင်း . . . ."

"အော၊ ကောင်းတဲ့အမြင်" သူမက ခပ်ထန်ထန်ပြောတယ်။

"ဒါဆို —— နင် ငါတို့နှစ်ယောက်ထဲက တစ်ယောက်ကို ရွေး"

"မဖြစ်ဘူး၊ မရဘူး" ဟာမီးက ပြတ်ပြတ်ငြင်းတယ်။

"အော၊ မြန်မြန်လုပ်ပါ" သူက သူမကို စိတ်မရှည်ဘဲ ပြောတယ်။ "ငါတို့ တွဲကဖော်လိုတယ်။ တခြားလူတွေမှာ ရှိပြီး၊ ငါတို့ပဲ မရှိရင် သိပ်ကို ရှက်စရာပဲ . . . ."

"ငါ နင်တို့နဲ့သွားလို့ မရဘူး" ဟာမီးက ပြောတယ်၊ သူမ မျက်နှာနီလာတယ်။ "ငါ သူများကို လက်ခံထားပြီးလို့"

"မဖြစ်နိုင်ဘူး၊ နင် လက်မခံဘူး" ရွန်က ပြောတယ်၊ "နင် ဒီလိုပြောတာဟာ နီဗီးနဲ့ မတွဲချင်လို့"

"အော၊ ဟုတ်လား" ဟာမီးက ပြောတယ်၊ သူမမျက်လုံးထဲမှာ ကြောက်စရာအရောင် တောက်နေတယ်။ "နင်ဟာ သုံးနှစ်လုံးလုံး အချိန်ကုန်ခံပြီးမှ ငါ့ကို ကောင်းတဲ့မိန်းကလေးဆိုတာ သိတယ်။ ရွန်၊ ဒါဟာ တခြားလူတွေ ဒီအချက်ကို သတိမပြုမိဘူးလို့ အဓိပ္ပာယ်မရဘူး"

ရွန်က သူမကို ငိုင်ကြည့်နေတယ်။ ဒီနောက်မှာ ရယ်လာတယ်။

"ကောင်းပြီ၊ ကောင်းပြီ၊ နင် ကောင်းတဲ့ကောင်မလေးဆိုတာ ငါတို့ သိတယ်" သူက ပြောတယ်။ "ရပလား၊ နင်လက်ခံပါတော့"

"ငါ နင်တို့ကို ပြောပြီးပြီပဲ" ဟာမီးက အလွန်စိတ်ဆိုးစွာ ပြောတယ်။ "ငါ တခြားလူကို လက်ခံလိုက်ပြီ"

ပြောပြီးတာနဲ့ သူမဟာ ကျောင်းသူအိပ်ဆောင်ဆီ ပြေးသွားတယ်။

"သူမ လိမ်ပြောနေတာ" ရွန်က သူမကျောဘက်ကိုကြည့်ပြီး အမှုအရာမရှိ ပြောတယ်။



"သူမ လိမ်မပြောဘူး" ဂျင်နီက တိုးတိုးပြောတယ်။

"အော၊ အဲဒီလူက ဘယ်သူလဲ" ရွန်က စူးရှစွာ မေးတယ်။

"ပြောပြလို့မရဘူး၊ အဲဒါ သူမကိုယ်ရေးကိုယ်တာကိစ္စ" ဂျင်နီက ပြောတယ်။

"ကောင်းပြီ" ရွန်က ပြောတယ်။ သူ့ကြည့်ရတာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတယ်။ "ဒါ ကြာလေအဓိပ္ပာယ်မရှိလေပဲ။ ဂျင်နီ . . . . နင် ဟယ်ရီနဲ့အတူ သွားလို့ရတယ်၊ ငါကတော့ ——"

"ငါသွားလို့မရဘူး" ဂျင်နီက ပြောတယ်။ သူမမျက်နှာ နီရဲလာတယ်။ "ငါ —— ငါ နီဗီးကို လက်ခံလိုက်ပြီ။ ဟာမီးက သူ့ကို ငြင်းလိုက်ပြီးနောက် သူက ငါ့ကို ဖိတ်တယ်။ ငါတွေးတယ် . . . . ဘာပဲဖြစ်ဖြစ် . . . . ဘာပဲဖြစ်ဖြစ် သူ့ကို လက်မခံရင် ငါလဲ ပါရမှာမဟုတ်ဘူး။ ငါ စတုတ္ထနှစ်မှ မရောက်သေးတာ" သူမဟာ သိပ်စိတ်ပျက်သလိုပဲ။ "ငါ ညစာသွားစားရတော့မယ်" ပြောပြီး သူမ မတ်တတ်ရပ်လိုက်တယ်။ ခေါင်းငိုက်စိုက်နဲ့ အရုပ်ကားနောက်က အပေါက်ဝဆီ လျှောက်သွားတယ်။

ရွန်က မျက်လုံးကြီးပြူးပြီး ဟယ်ရီ့ကို ကြည့်နေတယ်။

"သူမတို့ ဘာရောဂါထနေလဲ" သူက မေးတယ်။

ဒီအချိန်မှာ ဟယ်ရီဟာ ပါဗာတီနဲ့ လာဗင်ဒါတို့ အရုပ်ကားအပေါက်ဝက ဝင်လာတာ မြင်ရတယ်။ ဒီတစ်ချီတော့ မရအရလုပ်မှဖြစ်မယ်။

"မင်း ဒီမှာစောင့်နေ" သူက ရွန့်ကို ပြောတယ်။ ဒီနောက် မတ်တတ်ရပ်လိုက်ပြီး ပါဗာတီဆီ တန်းသွားတယ်။ "ပါဗာတီ၊ နင် ငါနဲ့အတူ ကပွဲသွားမလား"လို့ ပြောလိုက်တယ်။

ပါဗာတီဟာ တခစ်ခစ်ရယ်လိုက်တယ်။ ဟယ်ရီက သူမရယ်သံ ပျောက်သွားတဲ့အထိ စောင့်နေတယ်။ သူ့လက်ချောင်းတွေဟာ ဝတ်ရုံရှည်ထဲမှာ ကြက်ခြေခတ်ထားတယ်။

"ရတယ်၊ ကောင်းပြီ" သူမက ပြောတယ်။ မျက်နှာကြီးနီရဲသွားတယ်။

"ကျေးဇူးပဲ" ဟယ်ရီက ပြောတယ်။ ခုမှ သက်ပြင်းချနိုင်သွားတယ်။ "လာဗင်ဒါ —— နင် ရွန်နဲ့အတူသွားနိုင်မလား"

"သူမက စီးမတ်စ်ကို လက်ခံလိုက်ပြီ" ပါဗာတီက ပြောတယ်။ သူမတို့ ပိုက် ရယ်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ သက်ပြင်းချလိုက်တယ်။

"နင်တို့ တွေးကြည့်ပါဦး၊ ဘယ်သူများ ရွှန်နဲ့အတူ သွားနိုင်မလဲ" သူက ပြောတယ်။ အသံကို ရွှန်မကြားအောင် နှိမ့်ပြောတယ်"

"ဟာမီး - ဂရန်ဂျာဆို ဘယ့်နှယ့်လဲ" ပါဗာထီက ပြောတယ်။

"သူမ သူများကို လက်ခံလိုက်ပြီ"

ပါဗာထီဟာ သိပ်အံ့ဩသလို ဖြစ်သွားတယ်။

"အော —— ဘယ်သူနဲ့လဲ" သူမက အလောတကြီး မေးတယ်။

ဟယ်ရီ ပခုံးတွန့်လိုက်တယ်။ "မသိဘူး" သူက ပြောတယ်။ "ဒါဆို ရွှန် ဘယ်လိုလုပ်မလဲ"

"ဒါ စဉ်းစားဦးမယ် . . . ." ပါဗာထီက ဖင့်နွှေးစွာ ပြောတယ်။ "ငါ့ ညီမလေးများ ရမလား . . . . သူမနာမည်က ပါတမာတဲ့။ နင် သိပါတယ် . . . . ရေဗင်ခလောမှာ။ နင်တို့သဘောတူရင် ငါသွားမေးပေးမယ်"

"ရတယ်၊ ဒါဆို သိပ်ကောင်းတာပဲ" ဟယ်ရီက ပြောတယ်။ သတင်း ရရင် ငါတို့ကို ပြောပြ၊ ရမလား"

သူ ရွှန့်ဆီပြန်လာခဲ့တယ်။ ဒီကပွဲဟာ တကယ့်ကို သိပ်ဒုက္ခများ တယ်လို့ထင်တယ်။ တကယ့်ကို မတန်ဘူး။ ပါတမာ-ဘာထီနှာခေါင်း နည်း နည်း တန်းစေချင်တယ်လို့ သူ မျှော်လင့်တယ်။



## ၂၃။ ခရစ္စမတ်စ်ကပွဲ

ဆရာတွေဟာ စတုတ္ထနှစ်ကျောင်းသားတွေကို အိမ်စာတစ်ပုံကြီး ပေးထားပေမယ့် ကျောင်းပတ်ကုန်ဆုံးတဲ့နောက် ဟယ်ရီဟာ စာထဲ စိတ်လုံးဝ မဝင်စားဘူး။ ခရစ္စမတ်စ်မတိုင်မီ ရက်သတ္တတစ်ပတ်မှာ သူဟာ အများနဲ့အတူ ပျော်ချင်တိုင်း ပျော်နေတယ်။ ဂရစ်ဖင်းဒေါအိမ်ချွန်က လူတွေဟာ ကျောင်း မပိတ်ခင်ကနဲ့ အတူတူလောက်ပဲ များတယ်။ ပြီးတော့ အိမ်ချွန်ဟာ သေးကျုံ့ သွားသလိုပဲ။ အကြောင်းက အဲဒီမှာနေတဲ့လူတွေဟာ ခါတိုင်းထက် အများကြီး ဆူနေကြလို့။ ဖရက်နဲ့ ဂျော့တို့ရဲ့ သဘော်စာဝါငှက်ခရင်မ်မုန့်ဟာလည်း သိပ်ရောင်းကောင်းတယ်။ ကျောင်းပိတ်ခါစ တစ်ရက်နှစ်ရက်မှာ ရှုတ်တရက် တစ်ကိုယ်လုံး အမွေးအတောင်တွေ ပေါက်လာတဲ့လူ မနည်းဘူး။ ဒါပေမယ့် မကြာဘူး။ ဂရစ်ဖင်းဒေါကျောင်းသားတွေ သင်ခန်းစာရသွားကြတယ်။ သူများ လာပေးတဲ့ မုန့်ဆိုရင် အလွန်သတိထားတယ်။ ကြားထဲမှာ စာဝါခရင်မ် မုန့်တစ်ချပ် ရောပါလာမှာစိုးလို့။ ဂျော့က ဟယ်ရီ့ကို အလွန်ယုံကြည်စွာ ပြောပြတယ်။ သူနဲ့ ဖရက်တို့ဟာ တခြားပစ္စည်းတစ်မျိုးကို စမ်းထုတ်နေပြီတဲ့။ ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



က မိမိကိုယ်မိမိ သတိပေးတယ်။ နောင်မှာ ဖရက်နဲ့ ဂျော့ပေးတဲ့အရာ ဆိုရင် လက်ခံလို့မရဘူး၊ အာလူးကြော်တစ်ချပ်ပဲ ဖြစ်ပါစေ။ သူဟာ ဒါစလီတို့ မိသားစုနဲ့ လျှာထွားတော်ဖီအကြောင်းကို မမေ့သေးဘူး။

ဆီးနှင်းတွေ ရဲတိုက်မြက်ခင်းပေါ် တဖွဲဖွဲကျလာတယ်။ ဗျူစ်ဘာတန်တို့ရဲ့ အပြာနုရောင် မြင်းလှည်းဟာ ဆောင်းတွင်း နှင်းခဲနေတဲ့ ရွှေဖရုံသီးကြီးလိုပဲ၊ ရင်းဘေးရှိ သကြားမှုန့်ဖြူးထားတဲ့ ဂျင်းပေါင်မုန့်အိမ်ကလေးကတော့ ဟက်ဂရစ်ရဲ့ အိမ်ကလေးပါပဲ၊ ဒမ်စထရန်သင်္ဘောကြီးရဲ့ ဝဲယာနှစ်ဖက်စလုံး ရေခဲနေတဲ့အတွက် ပြောင်ချောပြီး လက်နေတယ်။ ရွက်ကြိုးတွေပေါ်မှာလည်း နှင်းတွေ ခဲနေတယ်။ အောက်ဖက် မီးဖိုချောင်ထဲက မှင်စာလေးတွေ သိပ်ကို အလုပ်များနေကြတယ်။ အရသာအမျိုးမျိုးဖြစ်တဲ့ အသားနှပ်ပူပူနွေးနွေးနဲ့ ချိုမြတဲ့ ပူတင်းအမျိုးမျိုးကို ချက်ပြုတ်ထားတယ်။ ဖလောအာ-ဒယ်လာခေါ် တစ်ယောက်ပဲ အကြောင်းရှာပြီး ပြစ်တင်စကားပြောတယ်။

"ဟော့ဂ်ဝပ်က အစားအစာတွေ သိပ်ဆီများလွန်းတယ်" တစ်ညမှာ သူတို့ခန်းမက ထွက်လာတော့ (ရွန်က ဟယ်ရီ့နောက်မှာ ပုန်းနေတယ်။ ဒယ်လာခေါ် မြင်မှာစိုးလို့)။ သူမက မျက်မှောင်ကြုတ်ပြီး ပြောတယ်။ "ငါ့ပွဲဝင် ဝတ်စုံတောင် မဆံ့တော့ဘူး"

"အော၊ ဒါသိပ်ကို အဖြစ်ဆိုးတာပဲ" ဟာမီးဟာ ဖလောအာ ခန်းမထဲက ထွက်ပြီး တံခါးခန်းဝင်သွားတာ ကြည့်ပြီး အားမနာဘဲ ပြောတယ်၊ "သူမဟာ တစ်နေကုန် ကိုယ့်အတွက်ပဲ စဉ်းစားနေတယ်၊ ဟုတ်လား"

"ဟာမီး —— နင်ဘယ်သူနဲ့အတူ ကပွဲသွားမှာလဲ" ရွန်က မေးတယ်၊

သူက ဒီအတိုင်းပဲ သူမကို မထင်မှတ်ဘဲ ဒီမေးခွန်းမေးတတ်တယ်၊ ပြင်ဆင်မှုမရှိတဲ့အချိန်မှာ လန့်ပြီး အမှန်ကို ပြောထုတ်စေချင်တယ်၊ ဒါပေမယ့် ဟာမီးဟာ မျက်မှောင်ကုပ်လိုက်ပြီး ပြောတယ်။ "ငါ နင့်ကို ပြောမပြဘူး၊ နင် ငါ့ကို ကဲ့ရဲ့မှာ"

"မင်း ရယ်စရာပြောနေလား၊ ဝယ်စလီ" သူတို့ကျောဘက်ကနေ မော်ဖိုင့်အသံ ရုတ်တရက်ပေါ်လာတယ်။ "ဘယ်လို ?" ဂရင်းကိုများ ကပွဲကို ဖိတ်တဲ့လူရှိသေးလို့လား၊ အဲဒီရှေ့သွားကြီးတဲ့ ရွှံ့သွေးကိုလေ"

ဟယ်ရီနဲ့ ရွန်ဟာ ဆတ်ခနဲ လှည့်လိုက်တယ်၊ ဟာမီးကတော့ မော်ဖိုင့်နောက်ဖက်က တစ်ယောက်ယောက်ကို လက်ပြနေတယ်။ "မင်္ဂလာပါ၊



ပါမောက္ခမူးဒီ"လို့ အသံကျယ်ကြီး အော်ပြောတယ်။

မော်ဖိုင့်မျက်နှာ ချက်ချင်းသွေးဆုတ်သွားတယ်။ နောက်သို့ တစ်ချက် ခုန်လိုက်ပြီး ကျိုးကန်းတောင်းမှောက် ဟိုဒီကြည့်ပြီး မူးဒီကို ရှာတယ်။ မူးဒီဟာ ဆရာလုပ်သားစားပွဲမှာထိုင်ပြီး အသားနှပ်စားနေတာ မြင်ရတယ်။

"နင်က တစ်ကိုယ်လုံး အကြောဆွဲနေတဲ့ မြွေပါလေး၊ ဟုတ်တယ်နော်၊ မော်ဖိုင်" ဟာမီးက စူးရှစွာပြောပြီးတာနဲ့ ဟယ်ရီ၊ ရွန်တို့နဲ့အတူ မာဘော်ကျောက်လှေကားပေါ် တက်သွားတယ်။ ဝမ်းသာလို့ အော်ရယ်သွားတယ်။

"ဟာမီး" ရွန်က ပြောတယ်၊ မျက်နှာကိုစောင်းပြီး သူမကို ကြည့်နေတယ်။ ရုတ်တရက် သူ မျက်မှောင်ကြုတ်လိုက်တယ်၊ "နင့်သွား . . . . "

"ဘာဖြစ်လို့လဲ" ဟာမီးက မေးတယ်၊

"ဘုရား . . . . ဘုရား . . . . သွားတွေမတူတော့ဘူး၊ ငါခုမှ သတိပြုမိတယ်"

"သွားတွေ ဘယ်တူတော့မှာလဲ —— ဘာလဲ၊ နင်က ငါ့ကို မော်ဖိုင်ပေးတဲ့ သွားရှည်တွေ မွေးထားစေချင်လို့လား"

"မဟုတ်သေးဘူး၊ ငါဆိုလိုတာက နင့်သွားတွေဟာ မော်ဖိုင် နင့်ကို မှော်ကျိန်စာမချခင်တုန်းကနဲ့လဲ မတူတော့ဘူး . . . . ရင်းတို့အားလုံး . . . . ညီညာနေပြီ၊ ပြီးတော့ —— အကြီးအသေးလဲ ညီညာတယ်"

ဟာမီးဟာ ရုတ်တရက် အလွန်နောက်ပြောင်စွာ ရယ်လိုက်တယ်။ ဒီတော့မှ ဟယ်ရီလည်း သတိပြုမိသွားတယ်။ ဟာမီးရဲ့အပြုံးဟာ သူမှတ်သားထားတာနဲ့ တကယ်ပဲ ကွဲပြားနေတယ်။

"ဒီလိုပါ . . . . ငါ မဒမ်ဖွမ်ဖရေဆီမှာ မှော်ကျိန်စာထိထားတဲ့ သွားရှည်တွေကို ကျုံ့အောင်လုပ်တုန်းက သူမဟာ မှန်တစ်ချပ်ကို မြှောက်ပြပြီး ငါ့ကို ပြောတယ်။ သွားတွေ အရင်ကလို ပုံမှန်အရွယ်အစားရောက်ရင် သူမကို ခေါ်ပြီး ရပ်တန့်နိုင်းတဲ့" ဟာမီးက ပြောတယ်။ "ဒါနဲ့ ငါက . . . . သူမကို နည်းနည်းပိုအောင် လုပ်ခိုင်းလိုက်တယ်" သူမဟာ ပိုပြီးဝမ်းသာစွာ ရယ်နေတယ်။ "အဖေနဲ့ အမေတို့က ဝမ်းသာမှာမဟုတ်ဘူး။ နှစ်ပေါင်းများစွာ အတွင်းမှာ ငါ့သွားတွေကို နည်းနည်းသေးအောင်လုပ်ဖို့ သူတို့ကို ပြောခဲ့တာ။ ဒါပေမယ့် သူတို့က ငါ့ကို သွားတွေ တည့်မတ်အောင်လုပ်တဲ့ သံမဏိကြိုးဆိုင်းကိုပဲ တပ်ခိုင်းတယ်၊ နင်တို့သိတဲ့အတိုင်း သူတို့ဟာ သွားဆရာဝန်တွေ၊ သူတို့က

www.burmeseclassic.com



သွားနဲ့ မှော်ပညာ မရော —— မြန်မြန်ကြည့်၊ ဝက်ကလေး ပြန်လာပြီ"

ရွှံ့ဖီးကွက်ကလေးဟာ ရေခဲပန်းဆိုင်းတွေ တွဲလောင်းကျနေတဲ့ လက်တန်းထိပ်မှာ အရှုံးအမှုံးအတောင်ခတ်နေတယ်။ ၎င်းရဲ့ ခြေထောက်မှာ သိုးရေစက္ကူတစ်လိပ် ချည်ထားတယ်။ ဖြတ်သွားတဲ့လူတွေဟာ ၎င်းကို ညွှန်ပြပြီး တဟားဟားရယ်သွားတယ်။ တတိယနှစ် ကျောင်းသူတစ်အုပ်ဟာ ရပ်တန့်ပြီး ပြောတယ်။ "အော၊ ဟိုပိစိညပ်ဖီးကွက်ကလေးကို ကြည့်ကြစမ်း၊ သိပ်ချစ်ဖို့ကောင်းတာပဲ"

"ဒီငှက်န" ရွှန်က အံကြိတ်ပြီးပြောတယ်။ နှစ်ထစ်သုံးထစ်ကျော်ခုန်တက်ပြီး ဝက်ကလေးကို ဆွဲဖမ်းလိုက်တယ်။ "မင်းက စာကို လက်ခံရမယ့်သူကို ပေးရမယ်။ ဒီမှာ ကြွားနေလို့ မဖြစ်ဘူး"

ဝက်ကလေးဟာ ဝမ်းသာစွာ အော်နေတယ်။ ၎င်းဦးခေါင်းဟာ ရွှန့်လက်သီးဆုပ်ထဲက ထွက်လာတယ်။ တတိယနှစ်ကျောင်းသူတွေ လန့်ကုန်ကြသလိုပဲ။

"သွားကြ" ရွှန်က သူမတို့ကို မျက်နှာပုပ်ပုပ်နဲ့ ပြောတယ်။ ဝက်ကလေးကို ဆုပ်ထားတဲ့လက်နဲ့လည်း ယမ်းခါလွှတ်တယ်။ ဝက်ကလေးဟာ တောင်ပံကို ခတ်ပြီး မိုးပေါ်သို့ ရှုန်းတက်သွားတယ်။ အော်သံဟာ အရင်ကထက် ပိုပျော်ရွှင်နေတယ်။ ရွှန်က ဝက်ကလေးခြေထောက်ကနေ ဆီးရီးအက်စ်ကြယ်ရဲ့စာကို ဆွဲဖြုတ်လိုက်တယ်။ "ဒီမှာ —— ရော့၊ ဟယ်ရီ" ရွှန်က အသံနှိမ့်ပြောတယ်။ ဒီအချိန်မှာ တတိယနှစ်ကျောင်းသူတွေ သွားကုန်ကြပြီ။ သူမတို့ဟာ စိတ်တွေဆိုးသွားတယ်။ ဟယ်ရီက စာကို အိတ်ကပ်ထဲ ထိုးထည့်လိုက်တယ်။ ဒီနောက် သုံးယောက်သား ဂရစ်ဖင်းဒေါအိမ်ချွန်ကို စာဖတ်ဖို့ ပြေးသွားကြတယ်။

အများနားနေခန်းထဲရှိ လူတိုင်းဟာ ကျောင်းပိတ်ရက်အတွင်း ပိုလျှံနေတဲ့ ခွန်အားတွေကို ဖြေထုတ်နေကြတယ်။ သူများ ဘာလုပ်နေတယ်ဆိုတာ လုံးဝသတိမပြုမိဘူး။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ဟာ လူတွေကို ရှောင်ပြီး ဆီးနှင်းတွေ တဖြည်းဖြည်းဖုံးသွားနေတဲ့ အလင်းရောင်နည်းတဲ့ ပြတင်းဘေးကို သွားထိုင်ကြတယ်။ ဟယ်ရီက အသံထွက်ဖတ်တယ်။

ချစ်လှစွာသော ဟယ်ရီ

မင်း ဟွန်းတေးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းနာမည်ကို မီးတောက်ခွက်ထဲ ထည့်သူဟာ ဘယ်သူပဲဖြစ်ဖြစ် အခု သူ့ရင်ထဲမှာ မကြိုက်မနှစ်သက် ဖြစ်နေလိမ့်မယ်။ အစက ငါ မင်းကို "မျက်စိနာကျိန်စာ"သုံးဖို့ အကြံပေးမလို့။ အကြောင်းက နဂါးရဲ့ မျက်လုံးဟာ ၎င်းရဲ့အားအနည်းဆုံးနေရာပဲ —— "ခရွှန်းဟာ ဒီလိုလုပ်တာပဲ" ဟာမီးက အသံနှိမ့်ပြောတယ် —— ဒါပေမယ့် မင်းနည်းက ပိုဟန်ကျတယ်။ ငါ အလွန်နှစ်သက် ကျေနပ်တယ်။

ဒါပေမယ့် ဟယ်ရီ၊ မင်း သိပ်ပျော်မနေနဲ့ဦး။ မင်းဟာ ကဏ္ဍတစ်ခုပဲ အောင်မြင်သေးတာ။ မင်းကို ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ဝင်ရအောင် လုပ်တဲ့သူဟာ ဘယ်သူပဲဖြစ်ဖြစ် မင်းကို သေအောင်လုပ်ဖို့ အခွင့်အရေး အများကြီး ရှိနေသေးတယ်။ နား၊ မျက်စိဖွင့်ထားပါ —— အထူးသဖြင့် အရင်တစ်ခါ ငါတို့ ပြောဖူးတဲ့လူ အနားမှာရှိနေတဲ့အချိန်မှာ —— အချိန်မရွေး သတိရှိနေပါ။ မိမိကိုယ် မိမိ ဒုက္ခမရောက်အောင်နေပါ။

အမြဲတမ်း ဆက်သွယ်ပါ။ ထူးခြားတာတွေ့တာနဲ့ စာရေးပေးဖို့ မျှော်လင့်နေတယ်။

ဆီးရီးအက်စ်ကြယ်

"သူစကားပြောတဲ့လေသံဟာ မူးဒီနဲ့ တထေရာတည်းရယ်" ဟယ်ရီက တိုးတိုးပြောရင်း စာကို ဝတ်ရုံရှည်ထဲ ပြန်ထည့်လိုက်တယ်။ "'အချိန်မရွေး သတိရှိနေပါ' ငါ တစ်နေကုန် မျက်စိမှိတ်ပြီး သွားနေလို့ နံရံနဲ့ ဝင်တိုက်မိမယ်များ ထင်နေတယ် . . . ."

"ဒါပေမယ့် သူပြောတာ မှန်တယ်၊ ဟယ်ရီ" ဟာမီးက ပြောတယ်။ "နင့်မှာ ကဏ္ဍနှစ်ခု အောင်မြင်ဖို့ လိုသေးတယ်။ နင် ငှက်ရွှေဥကို ကြည့်ကြည့်သင့်တယ်။ ဘာအဓိပ္ပာယ်ဆိုတာ စဉ်းစားသင့်တယ် . . . ."

"ဟာမီး၊ အချိန်တွေ အများကြီးရှိသေးတယ်" ရွှန်က သူမကို ချေပလိုက်တယ်။ "ကျားတစ်ပွဲထိုးမလား၊ ဟယ်ရီ"

"ရတယ်၊ ပြဿနာမရှိဘူး" ဟယ်ရီက ပြောတယ်။ သူဟာ ဟာမီးရဲ့ အမူအရာကို မြင်လိုက်လို့ တစ်ခါပြောပြန်တယ်။ "တော်ပြီ၊ တော်ပြီ၊ ဒီမှာ ဒီလောက်ဆူညံနေတာ ငါ အာရုံစူးစိုက်လို့ ဘယ်ရမလဲ။ ဒီဆူညံသံတွေကြားမှာ ငါ ရွှေဥအော်သံတောင် မကြားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ နင်ပြောတာလဲ မှန်တယ်" ဟာမီးက သက်ပြင်းချလိုက်ပြီး သူတို့ ကျားထိုးတာ ထိုင်ကြည့်တယ်။ နောက်ဆုံးမှာ ရွန်က ရဲရင့်တဲ့ ပွန်းနှစ်ခု ပြင်းထန်တဲ့ ဘစ်ရှော့နဲ့ ဟယ်ရီ့ကို အသေသတ်လိုက်တယ်။

ခရစ္စမတ်စ်နေ့ နံနက်မှာ ဟယ်ရီ ရုတ်တရက် လန့်နိုးတယ်။ သူဟာ မျက်လုံးကို ဖွင့်ရင်း ဘာကြောင့် မိမိလန့်နိုးတာလဲလို့ တွေးကြည့်တယ်။ မျက်လုံးကြီးကြီး စိမ်းစိမ်းကြီးဟာ အမှောင်ထဲမှာ သူ့ကို ကြည့်နေတာ သူ မြင်ရတယ်၊ အဲဒီအရာဟာ သူနဲ့ အလွန်နီးတယ်။ နှာခေါင်းချင်း ထိမတတ်ပဲ။

"ဒေါ့ဘီ" ဟယ်ရီက အော်ပြောတယ်။ မှင်စာလေးရှေ့ကနေ ရှောင် လိုက်တာ အားလွန်ပြီး ခုတင်ပေါ်က လိမ့်ကျဖို့ နည်းနည်းလိုတယ်။ "ဒီလို မလုပ်နဲ့"

"ဒေါ့ဘီ ဝမ်းနည်းပါတယ်၊ ဆရာ" ဒေါ့ဘီဟာ လန့်ပြီး စူးစူးဝါးဝါး အော်တယ်။ နောက်သို့ ခုန်လိုက်ပြီး သေးသွယ်တဲ့လက်နဲ့ ပါးစပ်ကို ပိတ်ထား တယ်။ "ဒေါ့ဘီက ဟယ်ရီ-ပေါ်တာကို ခရစ္စမတ်စ် ပျော်ရွှင်ပါစေလို့ ဆုတောင်း ချင်တာ။ သူ့အတွက် လက်ဆောင်တစ်ခုလဲ ပါတယ်၊ ဆရာ။ ဟယ်ရီ-ပေါ်တာ က ပြောဖူးတယ်။ ဒေါ့ဘီ အချိန်မရွေး သူ့ဆီလာလည်လို့ ရတယ်တဲ့"

"ရပြီ ကိစ္စမရှိဘူး" ဟယ်ရီက ပြောတယ်။ သူ အသက်ရှူတာ ခါတိုင်း ထက် မြန်နေဆဲပဲ။ နှလုံးခုန်နှုန်းကတော့ ပုံမှန်ပြန်ဖြစ်သွားပြီ။ "နောင်ကို — နောင်ကို တို့လိုက်ရင် ပြီးတာပဲ၊ ဟုတ်တယ်နော်၊ ခါးကုန်းပြီး ငါ့ကို အဲဒီလို စိုက်ကြည့်မနေနဲ့ . . . ."

ဟယ်ရီဟာ ခုတင်ဘေးပတ်လည်က လိုက်ကာတွေကို ဆွဲဖွင့်လိုက် ပြီး ခုတင်ဘေးစားပွဲပေါ်က မျက်မှန်ကို ကောက်တပ်လိုက်တယ်။ သူ့အော်သံ ကြောင့် ရွန်၊ စီးမတ်စ်၊ ဒင်းနဲ့ နီဗီးတို့ လန့်နိုးလာတယ်။ သူတို့အားလုံး မိမိ တို့ ခြင်ထောင်အပေါက်ကနေ အပြင်ကို ကြည့်နေတယ်။ အားလုံး အိပ်ချင် မူးတူး၊ ဆံပင်တွေ ဘိုသီဘတ်သီနဲ့။

"မင်းကို လာတိုက်သလား၊ ဟယ်ရီ" စီးမတ်စ်က အိပ်ချင်မူးတူး မေးတယ်။

"မတိုက်ဘူး၊ အဲဒါ ဒေါ့ဘီ" ဟယ်ရီက တိုးတိုးပြောတယ်။ "ဆက် အိပ်ကြတော့"



"မအိပ်တော့ဘူး . . . . လက်ဆောင်တွေ" စီးမတ်စ်ဟာ သူ့ခုတင် ခြေရင်းက ပစ္စည်းပုံကိုကြည့်ပြီး ပြောတယ်။ ရွန်၊ ဒင်းနဲ့ နီဗီးတို့ဟာလည်း နိုးလာမှတော့ ခုတင်ပေါ်က ဆင်းပြီး လက်ဆောင်တွေ ဖွင့်ကြည့်ရမယ်လို့ ထင်တယ်။ ဟယ်ရီက ဒေါ့ဘီကို လှည့်ကြည့်တယ်။ ဒေါ့ဘီဟာ စိတ်တင်းကြပ် စွာနဲ့ သူ့ခုတင်နားမှာ ရပ်နေတယ်။ သူ့ကို အနှောင့်အယှက်ပေးမိတဲ့အတွက် မတည်မငြိမ် ဖြစ်နေတယ်။ ၎င်းရဲ့ လက်ဖက်ရည်ခရားအုပ်ဆောင်းရဲ့ ထိပ်က ကွင်းမှာ ခရစ္စမတ်စ်အမှတ်တရ ပစ္စည်းလေးတစ်ခု ချည်ထားတယ်။

"ဒေါ့ဘီ မိမိလက်ဆောင်ကို ဟယ်ရီ-ပေါ်တာကို ပေးလို့ရမလား" ၎င်းက အသံစူးစူးနဲ့ စမ်းမေးကြည့်တယ်။

"ရတာပေါ့" ဟယ်ရီက ပြောတယ်။ "အင်း . . . ငါ့မှာလဲ မင်းကို ပေးဖို့ ပစ္စည်းရှိတယ်"

ဒါ လိမ်ပြောတာ။ သူဟာ ဒေါ့ဘီအတွက် ဘာမှဝယ်မထားဘူး။ ဒါပေမယ့် သူဟာ သေတ္တာကို အလျင်အမြန်ဖွင့်ပြီး အတွင်းကနေ လုံးထွေး နေတဲ့ ခြေစွပ်ကို ဆွဲထုတ်တယ်။ ဒါဟာ သူ့မှာရှိတဲ့ အဟောင်းဆုံးနဲ့ အရုပ် ဆိုးဆုံး ခြေစွပ်တစ်ရံဖြစ်တယ်။ အဝါပုပ်ရောင်၊ မူလက ဦးလေးဗားနွန့်ခြေစွပ်။ ဒီခြေစွပ် လုံးထွေးနေတာဟာ တစ်နှစ်ကျော်အတွင်းမှာ ဟယ်ရီက အဲဒီခြေစွပ်နဲ့ ပိပိရဲ့ စောင့်ကြည့်မှန်ကို ထုပ်ထားလို့။ အခု သူဟာ စောင့်ကြည့်မှန်ကို ဆွဲ ထုတ်ပြီး ခြေစွပ်ကို ဒေါ့ဘီပေးလိုက်တယ်။ သူက ပြောတယ်။ "ဝမ်းနည်းပါ တယ်၊ ၎င်းတို့ကို ထုပ်ထားတာ မေ့နေလို့ . . . ."

ဒေါ့ဘီကတော့ ဝမ်းသာလို့ ပြုံးနေတယ်။

"ခြေစွပ်ဆိုတာ ဒေါ့ဘီ သိပ်သိပ်နှစ်သက်တဲ့အရာ၊ ဆရာ" ၎င်းက ပြောတယ်။ ခြေထောက်ပေါ်က ကျွဲတစ်ဖက်၊ နွားတစ်ဖက် ခြေစွပ်ကို ချွတ်ပြီး ဦးလေးဗားနွန့်ရဲ့ ခြေစွပ်ကို လဲဝတ်တယ်။ "ကျွန်တော့်မှာ ခုနစ်ခုရှိပြီ၊ ဆရာ . . . . ဒါပေမယ့် ဆရာ . . . ." သူက ခြေအိတ်နှစ်ခုကို အပေါ်သို့ ဆွဲတယ်။ ၎င်းရဲ့ ဘောင်းဘီတို ခြေထောက်ထဲ ဆွဲတင်တယ်။ ဒီအချိန်မှာ သူက မျက် လုံးကြီးပြူးပြီး အံ့သြစွာ ပြောတယ်။ "ဆိုင်က မှားပေးလိုက်ပြီ၊ ဟယ်ရီ-ပေါ်တာ၊ သူတို့က ခင်ဗျားကို နှစ်ခုစလုံး အတူတူပဲ ပေးလိုက်တာ"

"အား . . . . ခက်တယ်၊ ဟယ်ရီ၊ မင်း ဒါကို ဘာဖြစ်လို့ သတိမထား မိတာလဲ" ရွန်က ပြောတယ်။ သူဟာ ပစ္စည်းထုပ်တဲ့ စက္ကူတွေကြား ခုတင်

www.burmeseclassic.com



ပေါ်ထိုင်ပြီး ဟယ်ရီ့ကို ရယ်ပြနေတယ်။ "ဟေး၊ ဒေါ့ဘီ —— ဒါ မင်းကို ပေးမယ် —— မင်း ဒီခြေစွပ်နှစ်ခုကို ယူပြီး သင့်သလိုတွဲဝတ်၊ ဒါ မင်းဆွယ်တာ အင်္ကျီ"

သူဟာ ဒေါ့ဘီကို ခရမ်းရောင်ခြေစွပ်တစ်စုံ ပစ်ပေးလိုက်တယ်။ အဲ ခုတွင်ကပဲ လက်ဆောင်ထုပ်ထဲက သူ ဆွဲထုတ်ထားတာ။ ပြီးတော့ မစ္စစ်ဝ စလီ ပို့ပေးတဲ့ လက်ထိုးသိုးမွေးဆွယ်တာ၊ ဒေါ့ဘီ ဝမ်းသာလို့ သေတော့မယ်

"ဆရာ သိပ်သဘောကောင်းတာပဲ" သူက အော်ပြောရင်း ရွှန်းကို ဦးညွတ်အလေးပြုတယ်။ မျက်လုံးထဲမှာ မျက်ရည်ဝဲနေတယ်။ "ဆရာဟာ ကြီးမြတ်တဲ့ မှော်ဆရာဖြစ်မယ်ဆိုတာ ဒေါ့ဘီ သိတယ်။ အကြောင်းက သူဟာ ဟယ်ရီပေါ်တာရဲ့ အကြီးမြတ်ဆုံးမိတ်ဆွေဖြစ်လို့။ ဒါပေမယ့် ဆရာဟာ ဟယ်ရီ ပေါ်တာလိုပဲ ရက်ရောမှန်း၊ မြင့်မြတ်မှန်း၊ ကိုယ်ကျိုးစွန့်မှန်း မသိခဲ့ဘူး ——

"ခြေစွပ်တစ်စုံလေးပါ" ရွှန်းက ပြောတယ်၊ သူ့နားစပ်မှာ နည်းနည်း နီနေတယ်၊ ဒါပေမယ့် သူဟာ အလွန်ဝမ်းသာနေတယ်။ "ဝိုး၊ ဟယ်ရီ —— သူက ဟယ်ရီပေးတဲ့ လက်ဆောင်ထုပ်ကို ဖြေလိုက်တယ်။ ချာဒလီအမြော အဖွဲ့ဦးထုပ် ဖြစ်နေတယ်၊ "သိပ်မိုက်တာပဲ" သူက ဦးထုပ်ကို ခေါင်းပေါ် ဖြ သလိုဆောင်းလိုက်တယ်။ ဦးထုပ်နဲ့ သူ့ဆံပင်ဟာ ချက်ချင်းပဲ ပြင်းပြင်းထ ထန် တိုက်ခိုက်သံ ပေါ်ထွက်လာတယ်။

ဒေါ့ဘီက ဟယ်ရီ့ကို အထုပ်သေးသေးလေး ကမ်းပေးတယ်။ အထ မှာကလည်း ခြေစွပ်ပဲ ဖြစ်တယ်။

"ဒေါ့ဘီကိုယ်တိုင်ထိုးတာ၊ ဆရာ" မှင်စာလေးက ဝမ်းသာစွာ ပြေ တယ်။ "သူဟာ မိမိလုပ်ခနဲ့ သိုးမွေးဝယ်တယ်၊ ဆရာ"

ဘယ်ခြေအတွက် ခြေစွပ်က နီရဲရဲအရောင်၊ မိုးပျံတံမြက်စည်းရုပ် ပါတယ်၊ ညာခြေစွပ်က အစိမ်းရောင်၊ ၎င်းမှာ ရွှေဘောလုံးပျံလေးပုံ ပါတယ်

"တကယ့်ကိုပဲ . . . . တကယ့်ကိုပဲ . . . . သိပ်ကောင်းတာပဲ၊ ကျေး တင်တယ်၊ ဒေါ့ဘီ" ဟယ်ရီက ပြောရင်း ခြေစွပ်ကို စွပ်လိုက်တယ်။ ဒါကြော ဒေါ့ဘီဟာ ပျော်လွန်းလို့ မျက်ရည်တွေ ဝဲနေတယ်။

"ဒေါ့ဘီ သွားရတော့မယ် ဆရာ၊ ကျွန်တော်တို့ မီးဖိုထဲမှာ ခရစ္စမတ် ညစာစားပွဲ ပြင်ဆင်နေတယ်" ဒေါ့ဘီက ပြောပြီး အခန်းက အမြန်ထွက် သွားတယ်၊ တံခါးက ထွက်ခါနီးမှာ ရွှန်းနဲ့ ကျန်လူတွေကို လက်ပြနှုတ်ဆ



သွားတယ်။

ဒေါ့ဘီပေးတဲ့ အစုံမကျတဲ့ ခြေစွပ်နဲ့စာရင် ဟယ်ရီရတဲ့ တခြားလက်ဆောင်တွေဟာ ပိုစိတ်တိုင်းကျတယ် —— ဒါပေမယ့် ဒါစလီတို့ပေးတာအပြင် ပေါ့။ တစ်ရှူးတစ်ရွက်ပဲ ပေးတယ်။ သမိုင်းမှာ အနိမ့်ဆုံးစာရင်းကို ချိုးသွားတယ် —— သူတို့ဟာ လျှာထွားတော်ဖီအကြောင်း မမေ့သေးလို့လို့ ဟယ်ရီခန့်မှန်းတယ်။ ဟာမီးက ဟယ်ရီကို စာအုပ်တစ်အုပ်ပေးတယ်၊ နာမည် က "အင်္ဂလန်နဲ့ တိုက်ယာလန်က ခွေဒစ်အသင်း"။ ရွှန်းက ချေးပုံးအိတ်နဲ့ တစ်လုံးပေးတယ်၊ ဆီးရီးအက်စ်ကြွယ်က ပေါ့ပါးတဲ့ ခဲတံချွန်စားပေးတယ်။ မားနဲ့တွဲလျက် သော့ မျိုးစုံဖွင့်နိုင်တဲ့၊ ဖုထုံးမျိုးစုံကို ဖြေနိုင်တဲ့ ပစ္စည်းလေးလည်း ပါတယ်။ ဟက်ဂရစ် က သကြားလုံးတစ်ဘူးကြီး ပေးတယ်။ ဟယ်ရီကြိုက်တဲ့ အရသာဟူသမျှ ပါတယ်။ ဘီဘီရသာစုံ ပဲစေ့၊ ချော့ကလက်ဖား၊ ချူးရင်းဂမ်း၊ ပျားရည်သကြားလုံး စသည် ပါတယ်၊ မစ္စစ်ဝယ်စလီဟာလည်း နှစ်စဉ် အထုပ်တစ်ထုပ် ပို့တယ်။ အတွင်းမှာ သိုးမွေးဆွယ်တာ အသစ်တစ်ထည် ပါတယ်။ (အစိမ်းရောင်၊ နဂါးတစ်ကောင်ပုံ ပါတယ် —— ချာလီက သူမကို ဟွန်းတေးအကြောင်း အားလုံးပြောပြပြီးပြီလို့ ဟယ်ရီ တွေးတယ်)။ ပြီးတော့ ကိုယ်တိုင်လုပ် အဆာသွတ်မုန့်တွေ တစ်ပုံကြီးပဲ။

ဟယ်ရီနဲ့ ရွှန်းဟာ အများနားနေခန်းထဲမှာ ဟာမီးနဲ့ တွေ့ကြတယ်။ အတူတကွအောက်ဆင်း နံနက်စာစောစော စားတယ်။ သူတို့ဟာ တစ်မနက် လုံးလိုလို ဂရစ်ဖင်းဒေါအိမ်ချွန်ထဲမှာပဲ နေတယ်။ ကျောင်းနေဘက်တွေဟာ မိမိတို့ရရှိတဲ့ လက်ဆောင်တွေကို အရသာရှိရှိ ခံစားနေတယ်၊ ဒီနောက် သူတို့ ဟာ ခန်းမထဲပြန်ပြီး နေ့လယ်ထမင်းကို ဟင်းကောင်းတွေနဲ့ ခံစားကြတယ်၊ ကြက်ဆင်အကောင်တစ်ရာနဲ့ ခရစ္စမတ်စ်ပူတင်းတွေ တစ်ပုံကြီး ပါတယ်၊ ပြီး တော့ ဂရစ်ဘော့စ်မှော်ဆရာမုန့်ကလေးတွေလည်း ပါတယ်။

ညနေပိုင်းမှာ သူတို့ဟာ အပြင်ဘက်ကွင်းထဲ ဆင်းလာတယ်၊ နှင်းဖုံး မြေဟာ ဖြူဖွေးနေတယ်၊ ဘယ်သူမှ နင်းမထားသေးသလိုပဲ၊ ဒမ်စထရန်နဲ့ ဗျူစ်ဘာတန်က ကျောင်းသားတွေ ရဲတိုက်ကိုလာတော့ နင်းထားတဲ့ခြေရာ ကြီးတွေပဲ ရှိတယ်။ ဟာမီးဟာ ဟယ်ရီနဲ့ ဝယ်စလီညီအစ်ကိုတွေ ဆီးနှင်းစစ် တိုက်တာကို ကြည့်တယ်။ မိမိတော့ ဝင်မကစားဘူး။ ငါးနာရီထိုးတော့ သူမက အခန်းပြန်ပြီး ကပွဲသွားဖို့ ပြင်ဆင်မယ်ပြောတယ်။

"ဘာ၊ နင် သုံးနာရီတောင် လိုတယ် ?" ရွှန်းက မယုံနိုင်ဘဲ သူမကို

www.burmeseclassic.com



ကြည့်နေတယ်။ သူ ဒီလို သတိလစ်သွားတာနဲ့ ဂျော့ပစ်လိုက်တဲ့ နှင်းလုံးဟာ သူ့ပါးကို ထိမှန်သွားတယ်။ "နင် ဘယ်သူနဲ့ အတူသွားမှာလဲ" သူက ဟာမီ ကျော့ဘက်ကို အော်မေးတယ်။ ဒါပေမယ့် ဟာမီးက လက်ခါပြပြီး ကျော လှေကားကနေ ရဲတိုက်ထဲ ဝင်သွားတယ်။

ဒီနေ့ ခရစ္စမတ်စ်လက်ဖက်ရည်ပွဲ မရှိဘူး။ အကြောင်းက ကပွဲမှ ညစာစားပွဲ ပါတယ်။ ခုနစ်နာရီရောက်တော့ မှိုးချုပ်လာတယ်။ ပစ်မှတ် ချိန်လို့ သိပ်မလွယ်တော့ဘူး။ ကျန်လူတွေ ဆီးနှင်းတိုက်ပွဲကစားတာကို စွန့်လွှ ပြီး အများနားနေခန်းဆီ ပြန်သွားကြတယ်။ မိန်းမဝဝကြီးနဲ့ ၎င်းရဲ့မိတ်ဆွေ —— အောက်ထပ်က ဗိုင်အိုလက်တို့ ဘောင်ထဲမှာ အတူထိုင်နေတယ်။ သူ နှစ်ယောက်စလုံး အတော်မူးနေကြပြီ။ ပန်းချီကားအောက်ဘက်မှာ အရ ဌာပနာချော့ကလက်ဘူးလွတ် မနည်း လွှင့်ပစ်ထားတယ်။

"တောက်ပတဲ့အလင်းရောင်၊ ဟုတ်တယ်၊ ဒီအတိုင်းပဲ" သူမဟာ သူတို့စကားဝှက်ကို နားထောင်ပြီး တခစ်ခစ်ရယ်ကာ ရှေ့သို့ ဖယ်ပေးလိုက် တယ်။ သူတို့ကို ဝင်သွားစေတယ်။

ဟယ်ရီ၊ ရွန်၊ စီးမတ်စ်၊ ဒင်းနဲ့ နီဗီးတို့ဟာ အသီးသီး ပွဲဝင်ဝတ်ရုံ ဝတ်ဆင်ကြတယ်။ အားလုံး မတည်မငြိမ်ဖြစ်နေတယ်။ ဒါပေမယ့် ဘယ်သူ ရွန့်လောက် စိတ်ပျက်တာမရှိဘူး။ သူဟာ နံရံထောင့်က မှန်ရှည်ကြီးမှာ မိ ကိုယ်မိမိ ကြည့်ကြည့်တယ်။ သူ့အမူအရာက ထိတ်လန့်တဲ့အမူအရာကြီး။ သူ ပွဲဝင်ဝတ်ရုံရှည်ဟာ ဂါဝန်ကြီးနဲ့ တူနေတယ်။ ဒါဟာ ရှောင်တိမ်းလို့မရ အဖြစ်မှန်ပဲ။ ဝတ်ရုံရှည်ကို ယောကျ်ားဆန်အောင် သူဟာ အရဲစွန့်ပြီး အတွ တွေနဲ့ ဇာအနားကွပ်တွေကို လှီးဖြတ်ဂါထာရွတ်လိုက်တယ်။ တော်ပါသေးတယ် အကျီပေါ်က ဇာအနားကွပ်တွေ မရှိတော့ဘူး။ ဒါပေမယ့် သူလုပ်တာ သိ မသေသပ်ဘူး။ ကောင်လေးတွေ အောက်ထပ်ဆင်းဖို့လုပ်တော့ သူ့အင လည်ပင်းနဲ့ လက်ဝမှာ အမွေး ဖွာ ကျန်ရစ်နေတယ်။ သိပ်စိတ်ပျက်စရာပဲ

"ငါတကယ်ပဲ နားမလည်တော့ဘူး။ မင်းတို့နှစ်ယောက်က ဘယ် လုပ်ပြီး အတန်းထဲက အလှဆုံးကောင်မလေးတွေကို ရအောင်လုပ်တာလ ဒင်းက အသံနိမ့်နိမ့် ရေရွတ်နေတယ်။

"ဆန့်ကျင်ဘက်လိင်ချင်း ဆွဲဆောင်တာပေါ့" ရွန်က မပျော်ရွှ ဖြေရင်း လက်ဝက ချည်စကို ဆွဲပစ်တယ်။ အများနားနေခန်းထဲမှာ တစ်မျိုးကြီးပဲ



တွင်းရှိလူတွေဟာ ဝတ်ရုံအနက်ချည်း မဟုတ်တော့ဘဲ ရောင်စုံ ပွဲဝင်ဝတ်ရုံ ရှည်တွေ ဝတ်ဆင်ထားကြတယ်။ ပါဗာထီဟာ လှေကားအောက်ခြေမှာ ဟယ်ရီ့ ကို စောင့်နေတယ်။ သူမဟာ တကယ်ပဲ အလွန်လှနေတယ်။ မျက်စိစူးတဲ့ ပန်းရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားပြီး မည်းမှောင်တဲ့ ဆံကေသာကို ရွှေရောင် ပဲကြိုးနဲ့ ကျစ်ဆံမြီး ကျစ်ထားတယ်။ လက်ပေါ်က ရွှေလက်ကောက်က တလက် လက်နဲ့။ သူမ တခစ်ခစ်ရယ်မနေတာတွေ့တော့မှ ဟယ်ရီ စိတ်ပြင်းချနိုင် သွားတယ်။

"နင် —— အင်း —— သိပ်လှတယ်" သူက သဘာဝမကျဘဲ ပြောတယ်။

"ကျေးဇူးတင်တယ်" သူမက ပြောတယ်။ "ပါတမာ တံခါးခန်းမှာ နင်နဲ့တွေ့လိမ့်မယ်" သူမက ရွန့်ကို ပြောလိုက်တယ်။

"ကောင်းပြီ" ရွန်က ပြောရင်း ဟိုဟိုဒီဒီကြည့်နေတယ်။ "ဟာမီးကော"

ပါဗာထီက ပခုံးတွန့်လိုက်တယ်။ "ငါတို့ အောက်ဆင်းသွားရအောင်၊ ကောင်းလား၊ ဟယ်ရီ"

"ကောင်းပြီ" ဟယ်ရီကပြောတယ်။ သူဟာ အများနားနေခန်းထဲမှာ နေခဲ့ချင်တာ။ ဟယ်ရီဟာ အရုပ်ကားအဝကထွက်လိုက်တာနဲ့ ဖရက်နဲ့ တွေ့ တယ်။ ဖရက်က သူ့ကို မျက်စိမှိတ်ပြတယ်။

တံခါးခန်းထဲမှာ ကျောင်းသားတွေနဲ့ ပြည့်နေတယ်။ အဲဒီနားမှာ ဟိုလည့်ဒီလှည့်နဲ့ ရှစ်နာရီထိုးတာကို စောင့်နေတယ်။ အဲဒီအချိန်ကျမှ ခန်းမ တံခါးဖွင့်ပေးမှာ။ တချို့က တခြားဟောက်စ်က တွဲကဖော်နဲ့ တွေ့ရအောင် လူကြားထဲမှာ ကိုယ်ကို စောင်းတိုးပြီး လူရှာနေတယ်။ ပါဗာထီဟာ သူမညီမ လေး ပါတမာကို ရှာတွေ့တာနဲ့ သူမကို ဟယ်ရီနဲ့ ရွန့်ဆီ ခေါ်လာတယ်။

"မင်္ဂလာပါ" ပါတမာက ပြောတယ်။ သူမဟာ သူမအစ်မလိုပဲ လှတယ်။ အစိမ်းတောက်တောက်ဝတ်ရုံရှည် ဝတ်ထားတယ်။ ဒါပေမယ့် သူမ ဟာ ရွန်နဲ့ ကဖော်လုပ်ရတာ သိပ်စိတ်မဝင်စားသလိုပဲ။ သူမရဲ့ မျက်ဝန်းနက် နက်ဟာ ရွန့်ကို အထက်အောက် အကဲခတ်ကြည့်နေတယ်။ သူမအကြည့်ဟာ ရွန့်ဝတ်ရုံပေါ်က အမွေးဖွာနေတဲ့ လည်ပင်းနဲ့ လက်ဝဆီမှာ ရပ်သွားတယ်။

"မင်္ဂလာပါ" ရွန်က ပြောတယ်၊ ဒါပေမယ့် မျက်စိကတော့ သူမကို မကြည့်ဘူး။ လူကြားထဲကို ဟိုဒီလိုက်ကြည့်နေတယ်။ "အော၊ ခက်ပြီ . . ."

သူဟာ ဒူးကို အသာညွတ်ပြီး ဟယ်ရီ့နောက်မှာ ပုန်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက ဖလောအာ-ဒယ်လာခေါ် လာနေလို့။ သူမဟာ ခဲရောင်ပိုးဝတ်
ရုံရှည်ကို ဝတ်ဆင်ထားတယ်။ အံ့ဩလောက်အောင် လှပတယ်။ သူမဘေးမှာ
ပါလာသူက ရေဗင်ခလောခွေဒစ်အသင်းရဲ့ အသင်းခေါင်းဆောင် ရိုဂျာ
ဒေးဗစ်။ သူတို့ ဝေးသွားတော့မှ ရွန်က ကိုယ်ကိုမတ်လိုက်ပြီး လူအုပ်ကိုကျော်
ကာ အဝေးကို မျှော်ကြည့်နေတယ်။

"ဟာမီးကို မတွေ့ပါလား" သူက ပြောပြန်တယ်။

စလေးသရင်းကျောင်းသားတစ်အုပ်ဟာ ၎င်းတို့ရဲ့ မြေအောက်
အများနားနေခန်းကနေ လှေကားအတိုင်း တက်လာတယ်။ ရှေ့ဆုံးက လာသ
ဟာ မော်ဖိုင်။ သူဟာ စိန်ကတ္တီပါအနက်ရောင် ကော်လာမြင့်ဝတ်ရုံရှည်ကို
ဝတ်ဆင်ထားတယ်။ သူဟာ သင်းအုပ်ဘုန်းတော်ကြီးနဲ့ တူတယ်လို့ ဟယ်ရီ
ထင်တယ်။ ဖန်စီ-ဖတ်ကင်ဆန်ကတော့ အတွန့်တွေအများကြီးနဲ့ ပန်းရောင်
ဖျော့ဖျော့ဝတ်ရုံရှည်ကို ဝတ်ဆင်တယ်။ သူမဟာ မော်ဖိုင့်လက်ကို တင်းတင်း
ချိတ်ထားတယ်။ ခရပ်နဲ့ ဂိုးတို့ဟာ တစ်ကိုယ်လုံး အစိမ်းရောင်ဝတ်ထားတယ်
ရေညှိတွေတက်နေတဲ့ ကျောက်တုံးကြီးနှစ်တုံးနဲ့ တူတယ်။ သူတို့နှစ်ယောက်
စလုံးမှာ တွဲကဖော်မရှိတာကို ဟယ်ရီမြင်ရတဲ့အတွက် အလွန်ကျေနပ်မိတယ်

ဝက်သစ်ချရှေ့တံခါး ပွင့်သွားတယ်။ လူတွေလှည့်ကြည့်ကြတယ်
ဒမ်စထရန်က ကျောင်းသားတွေဟာ ပါမောက္ခခါခါရော့ဖ်နဲ့အတူ ဝင်လာတာ
မြင်ရတယ်။ ခရွန်းမ်ဟာ ရှေ့ဆုံးက လာတယ်။ ဘေးမှာက ဟယ်ရီမသိတဲ
ဝတ်ရုံရှည်အပြာဝတ်ဆင်ထားတဲ့ လှပတဲ့မိန်းကလေး။ ၎င်းတို့ခေါင်းပေါ်က
ကျော်ပြီး ရဲတိုက်ရှေ့ဘက်က မြက်ခင်းတစ်ခုကို လိုဏ်ဂူပြုလုပ်ထားတာ ဟယ်
မြင်ရတယ်။ အတွင်းမှာ နတ်မီးရောင် တောက်နေတယ် —— နတ်သမီးရာအ
ဟာ မှော်ပညာနဲ့ ဖန်ဆင်းထားတဲ့ နှင်းဆီရုံထဲမှာ ထိုင်နေမယ်၊ ဒါမှမဟုတ်
ရုပ်ထုတွေပေါ်မှာ တောင်ပံခတ်နေတယ်လို့ အဓိပ္ပာယ်ရတယ်။ အဲဒီရုပ်ထုတွေ
ဟာ ခရစ္စမတ်စ်အဖိုးအိုနဲ့ ၎င်းရဲ့ ရိန်းဒီးယားတွေ ဖြစ်သလိုပဲ။

ဒီအချိန်မှာ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့အသံ ထွက်ပေါ်လာတယ်
"သူ့ရဲကောင်းတွေ ဒီဘက်ကို ကြွပါ"

ပါဗာထီဟာ မိမိလက်ကောက်ကို နေရာပြင်လိုက်ပြီး မျက်နှာပေါ်မှ
တောက်ပတဲ့ပြုံးရိပ် သန်းလာတယ်။ သူမနဲ့ဟယ်ရီဟာ ရွန်နဲ့ ပါဒမာကို "တော
ကြာတွေ့မယ်"လို့ ပြောပြီး ရှေ့သို့လျှောက်သွားတယ်။ ဆူညံတဲ့ လူအုပ်ဟာ



သူတို့ဖြတ်သွားဖို့ လမ်းတစ်လမ်း ဖယ်ပေးတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဝတ်ရုံရှည်အနီအကွက် ဝတ်ဆင်ထားတယ်။ ဦးထုပ်ဖျားမှာ ကြည့်ရဆိုးတဲ့ ဆူးလေခက်တွေ ရစ်ပတ်ထားတယ်။ သူမက သူတို့ကို တံခါးဘေးမှာ စောင့်နေခိုင်းပြီး တခြားလူတွေကို အရင်ဝင်ခိုင်းတယ်။ ကျောင်းသားတွေ ထိုင်ကြပြီးမှ သူတို့တန်းစီပြီး ခန်းမထဲ ဝင်ရတယ်။ ဖလောအာ-ဒယ်လာခေါ်နဲ့ ရိုဂျာ-ဒေးဗစ်ဟာ တံခါးနဲ့အနီးဆုံးနေရာမှာ ရပ်နေတယ်။ ဒေးဗစ်ဟာ ဖလောအာနဲ့ တွဲဖက်ရလို့ မိမိ ဒီလောက်ကံကောင်းတယ်ဆိုတာ မယုံနိုင်ဘူး။ သူဟာ အကြည့်ကို သူမကိုယ်ပေါ်က တခြားကို လွှဲလို့မရဘူး။ စက်ဒရစ်နဲ့ ချို-ချမ်းဟာ ဟယ်ရီနဲ့ ဘေးမှာ ရပ်နေတယ်။ ဟယ်ရီက အကြည့်ကို တခြားလွှဲလိုက်တယ်။ ဒီလိုဆိုတော့ သူတို့နဲ့ စကားမပြောရတော့ဘူးပေါ့။ သူ့အကြည့်ဟာ ခရွန်းမ်ဘေးက ကောင်မလေးဆီ ရောက်သွားတယ်။ ရုတ်တရက် သူဟာ အံ့ဩလွန်းလို့ ပါးစပ်ကြီး ဟသွားတယ်။

အဲဒါ ဟာမီး။

ဒါပေမယ့် သူမကို ကြည့်ရတာ ဟာမီးနဲ့ နည်းနည်းမှ မတူတော့ဘူး။ သူမဟာ သူမဆံပင်ကို တစ်ခုခုလုပ်ထားတယ်။ ဆံပင်တွေ ရှုပ်ပွမနေတော့ဘူး။ ပျော့ပျောင်းပြီး အရောင်တောက်နေတယ်။ နောက်စေ့မှာ ဣန္ဒြေရတဲ့ ဆံထုံးမြင့်မြင့် ထုံးထားတယ်။ သူမဟာ ဝဲနေတဲ့ ခရမ်းနုရောင်သမ်းတဲ့ အပြာရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ ဘာကြောင့်မှန်းမသိဘူး၊ သူမဟာ ခါတိုင်းနဲ့ မတူဘဲ တမူထူးနေတယ် —— သူမ ခါတိုင်းလွယ်နေတဲ့ စာအုပ်ထူထူ နှစ်ဆယ်ကျော်ကို ဖြုတ်ချထားခဲ့လို့လည်း ဖြစ်မယ်။ သူမဟာလည်း ပြုံးနေတယ် —— အနည်းငယ် စိတ်လှုပ်ရှားတာတော့ အမှန်ပဲ —— သေးကျုံ့အောင် လုပ်ထားတဲ့ ရှေ့သွားနှစ်ချောင်းဟာ ကြည့်ရတာ ပိုသေးသွားသလိုပဲ။ သူ အရင်က ဘာကြောင့် သတိမထားမိတာလဲဆိုတာ ဟယ်ရီ နားမလည်နိုင်တော့ဘူး။

"မင်္ဂလာပါ၊ ဟယ်ရီ" သူမက ပြောတယ်။ "မင်္ဂလာပါ ပါဗာထီ"

ပါဗာထီဟာ သံသယမျက်လုံးနဲ့ ဟာမီးကို လုံးဝမဖုံးကွယ်ဘဲ ကြည့်နေတယ်။ ဒီလိုလုပ်တာ သူမတစ်ယောက်တည်း မဟုတ်ဘူး။ ခန်းမတံခါးပွင့်သွားတော့ စာကြည့်တိုက်ထဲကနေ ခရွန်းမ်နောက်လိုက်နေတဲ့ ခရွန်းမ်အချစ်တော်ကလပ်ဝင်တွေ ခြေလှမ်းကျဲကျဲဖြတ်လျှောက်သွားစဉ် ဟာမီးကို ခင်မတာန်မုန်းတီးတဲ့ အကြည့်နဲ့ ကြည့်သွားကြတယ်။ ဖန်စီ-ဖတ်ကင်ဆန်ဟာ မော်ဖိုင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ချိတ်ပြီး ဖြတ်သွားတော့ ဟာမီးကို စိုက်ကြည့်သွားတယ်။ မော်ဖိုင်က တောင် သူမကို စော်ကားဖို့ စကားရှာမတွေ့ဘူး။ ရွှန်ကတော့ ဟာမီးဘေးက တန်းဖြတ်သွားပြီး သူမကို ကြည့်တောင်မကြည့်ဘူး။

အားလုံး ခန်းမထဲမှာ ထိုင်ကြပြီးနောက် ပါမောက္ခ မက်ဂေါ်နာဂေါ က သူ့ရဲ့ကျောင်းတွေနဲ့ ၎င်းတို့ရဲ့ တွဲကဖော်ကို နှစ်ယောက်စီ တန်းစီခိုင်းပြီး သူမ နောက်က လိုက်ဝင်ရတယ်။ သူတို့ အလျှိုအလျှိုဝင်လာကြပြီး ခန်းမရှေ့ဘက်ရှိ ဒိုင်လူကြီးများထိုင်တဲ့ စားပွဲဝိုင်းကြီးဆီ လျှောက်သွားတယ်။ ခန်းမထဲကလူတွေ လှိုက်လှဲစွာ လက်ခုပ်သြဘာပေးကြတယ်။

ခန်းမကြီးနံရံပေါ်မှာ လက်နေတဲ့ ငွေရောင်ဆီးနှင်းတွေ ဖုံးနေတယ်။ မျက်နှာကြက်ကတော့ ကြယ်တွေ လင်းလက်နေတဲ့ ညကောင်းကင်၊ မစ်ဆိုထို အခက်လေး ရာအချို့နဲ့ နွယ်တွေပြုလုပ်ထားတဲ့ ပန်းခွေတွေလည်း ချိတ်ဆွဲ ထားတယ်။ ဟောက်စ်ကျောင်းစားပွဲလေးလုံး မရှိတော့ဘူး။ အဲဒီနေရာမှာ မီးပုံးတွေ ထွန်းထားတဲ့ စားပွဲလေး အလုံးတစ်ရာ ဖြစ်နေတယ်။ စားပွဲတိုင်းမှာ လူဆယ်ယောက်ထိုင်တယ်။

ဟယ်ရီဟာ ခလုတ်တိုက်မလဲရအောင် သတိရှိရှိသွားတယ်။ ပါဗာတီ ဟာ အလွန်ပျော်နေသလိုပဲ။ သူမဟာ လူတိုင်းကို တောက်ပတဲ့အပြုံး ပြုံးပြ တယ်။ ဟယ်ရီ့ကိုခေါ်ပြီး ရှေ့ကို သွားတယ်။ မိမိဟာ ဆပ်ကပ်အဖွဲ့ထဲက ခွေးတစ်ကောင်လို သူမကခေါ်ပြီး ကပြနေတယ်လို့ ဟယ်ရီခံစားရတယ်။ ထိပ်ဆုံးစားပွဲရှေ့ကို ရောက်တော့ ရွှန်နဲ့ပါတမာကို ဟယ်ရီ မြင်ရတယ်။ ရွှန်ဟာ မျက်လုံးမှေးပြီး ဟာမီးဖြတ်သွားတာကို ကြည့်နေတယ်။ ပါတမာက မျက်နှာကြီး တင်းထားပြီး စိတ်ဆိုးနေသလိုပဲ။

သူ့ရဲ့ကျောင်းတွေ ထိပ်ဆုံးစားပွဲရှေ့ကို ရောက်လာတယ်။ ဒမ်ဘလီဒို က ဝမ်းသာစွာရယ်နေတယ်။ ဒါပေမယ့် ခါခါရော့ဖ်ဟာ ခရွှန်းမ်နဲ့ ဟာမီ နီးကပ်လာတာမြင်တော့ ရွှန်နဲ့တူတဲ့ အမူအရာ ဖော်ပြလာတယ်။ လူဒို-ဘဂ ဂမင်းဟာ ဒီည ခရမ်းတောက်တောက်ဝတ်ရုံရှည် ဝတ်ဆင်ထားတယ်။ အဲ ပေါ်မှာ ကြယ်ဝါကြီးကြီးတွေ ရိုက်နှိပ်ထားတယ်။ သူဟာ ကျောင်းသားတွေ လိုပဲ လှိုက်လှဲစွာ လက်ခုပ်တီးနေတယ်။ မဒမ်မက်ဆင်းဟာ သူမ ခါတိုင် ဝတ်တဲ့ အနက်ရောင် ပိုးဝတ်စုံကို မဝတ်ဘဲ ခရမ်းဖျော့ဖျော့ ဝဲပျံ့နေတဲ့ ဂါဝ ကို ဝတ်ထားတယ်။ သို့ပေမယ့် ဟယ်ရီဟာ မစ္စတာခရောက်ချ် မလာတာ



ရုတ်တရက် သတိထားမိတယ်။ စားပွဲဘေးက ပဉ္စမထိုင်ခုံမှာ ဖတ်စီ-ဝယ်စလီ ထိုင်နေတယ်။

သူ့ရဲ့ကျောင်းတွေနဲ့ ကဖော်တွေ စားပွဲဘေးရောက်တော့ ဖတ်စီဟာ သူ့ဘေးက ထိုင်ခုံလွတ်ကို ဆွဲဖယ်ပြီး ဟယ်ရီ့ကို တောက်ပတဲ့အကြည့်နဲ့ ကြည့် နေတယ်။ ဟယ်ရီက သူ့သဘောကို နားလည်တာနဲ့ ဖတ်စီဘေးမှာ ဝင်ထိုင် တယ်။ ဖတ်စီဟာ ရေတပ်အပြာရောင်ဝတ်ရုံရှည် အသစ်စက်စက်ကို ဝတ်ထား တယ်။ သူ့မျက်နှာပေါ်မှာ သိပ်ကျေနပ်တဲ့ ထူးခြားတဲ့ အမူအရာရှိတယ်။

"ငါ ရာထူးတိုးတယ်" ဟယ်ရီ ဘာမှမပြောရသေးခင်မှာ ဖတ်စီက ပြောတယ် —— သူ့လေသံကြားရတာ သူဟာ မကြာခင်ကမှ အာကာသရဲ့ အမြင့်ဆုံးအုပ်ချုပ်သူ အရွေးခံရသလိုပဲ။ "ငါ အခု မစ္စဟာခရောက်ချ်ရဲ့ ကိုယ်ရေးလက်ထောက်ဖြစ်သွားပြီ။ ငါ သူ့ကိုယ်စား ဒီကိုလာတာ"

"သူ ဘာဖြစ်လို့မလာတာလဲ" ဟယ်ရီက မေးတယ်။ သူဟာ တစ် ညနေလုံး ဖတ်စီက ဆေးကျိုအိုးအိုးခင်းအကြောင်း မဆုံးနိုင်အောင် ပြောတာ ကို နားမထောင်ချင်ဘူး။

"ငါ စိတ်မကောင်းဘူး။ မစ္စတာခရောက်ချ် အခြေအနေမကောင်း ဘူး။ အလွန့်ကို မကောင်းတာ။ ကမ္ဘာ့ဖလားပွဲပြီးနောက် သူဟာ အခြေအနေ ကို သိပ်မကောင်းဘူး။ ဒါမဆန်းပါဘူး —— အလုပ်သိပ်ပင်ပန်းတာကိုး။ သူ အရင်ကလို မနုပျိုတော့ဘူး —— ခုထိလဲ သိပ်တော်သေးတယ်။ သူ့ ဦးနှောက်ဟာ အရင်ကလိုပဲ လျှင်သေးတယ်။ ဒါပေမယ့် ကမ္ဘာ့ဖလားဟာ မှော်ဝန်ကြီးဌာနတစ်ခုလုံးအဖို့ ပြောရရင် ကြောက်စရာဆုံးရှုံးမှုပဲ။ မစ္စတာ ခရောက်ချ်ဟာ ၎င်းရဲ့အိမ်မွေးမှင်စာလေး ဝင့်ခ်ီဆိုလားဘာလား အနေအထိုင် မတတ်လို့ သူ့စိတ်ဓာတ် အတော်ထိခိုက်သွားတယ်။ မမှတာပဲ၊ သူဟာ ဒီနောက် မှာ သူမကို ထုတ်ပစ်ခဲ့တယ်။ ဒါပေမယ့် —— အင်း၊ ငါ ခုနက ပြောသလိုပဲ၊ လူအသက်ကြီးလာပြီ။ ပြုစုဖို့ လူလိုတယ်။ ဟိုမှင်စာလေး သွားပြီး ကတည်းက သူ့အိမ်မှာ နေရထိုင်ရ အဆင်ပြေမှုဟာ သိပ်ညံ့သွားတယ်။ နောက်တော့ ငါတို့ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲအတွက် ပြင်ဆင်ရဖြန်တယ်။ ကမ္ဘာ့ဖလားပွဲက ကျန်ခဲ့ တဲ့ကိစ္စတွေကိုလဲ ဖြေရှင်းရတယ် —— ဟိုစကီးထာလို့ခေါ်တဲ့ မုန်းစရာမိန်းမ ဟာ ကောလာဟလတွေ လျှောက်ဖြန့်တယ် —— အင်း၊ သနားစရာမှ၊ သူဟာ အခု ခရစ္စမတ်စ်ပွဲတော်မှာ အေးအေးဆေးဆေးပဲ နေမယ်။ သူနားမှာလိုပြီ၊ သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ရမယ့်လူရှိတာ သူသိသွားတာကို ငါ အလွန် ဝမ်းသာတယ်။ အဲဒီလူက
သူ့အစား ပြဿနာတွေကို ဖြေရှင်းနိုင်တယ်"

ဟယ်ရီက မစ္စတာခရောက်ချ်ဟာ ဖတ်စီကို "ဝဲသားဘီ"လို့ကော
ခေါ်သေးလားလို့ မေးလိုက်ချင်တယ်။ ဒါပေမယ့် ဒီလိုမေးချင်စိတ်ကို သ
ချုပ်တည်းထားလိုက်တယ်။

ရွှေရောင်လက်နေတဲ့ ဖလုံထဲမှာ ဘာအစားအစာမှ မရှိသေးဘူး
ဒါပေမယ့် လူတိုင်းရှေ့မှာ ဟင်းလျာစာရင်းဖယားတစ်ခု ချထားတယ်။ ဟယ်
ဟာ ဆုပ်ဆုပ်ကိုင်ကိုင်မရှိဘဲ မိမိဟင်းဖယားကို ကိုင်လိုက်တယ်။ ဟိုဒီကြည့
ကြည့်တယ် —— စားပွဲထိုးမရှိဘူး။ ဒမ်ဘယ်လီဒိုးဟာ မိမိဟင်းဖယားကို သေချ
ကြည့်နေတယ်။ ဒီနောက်မှာ သူ့ပန်းကန်ကို အလွန်ရှင်းလင်းစွာ ပြောလိုက
တယ်။ "ဝက်သားစဉ်းကော"

ဝက်သားစဉ်းကော ချက်ချင်းပေါ်ထွက်လာတယ်။ စားပွဲရှိ လူအားလု
သဘောပေါက်သွားပြီး ဒီအတိုင်း လိုက်လုပ်တယ်။ မိမိနှစ်သက်တဲ့ အစားအစ
ကို ပန်းကန်ထဲမှာ ယူတယ်။ ဟယ်ရီက ဟာမီးကို မော့်ကြည့်လိုက်တယ်။ ဒီလ
ပိုအလုပ်ရှုပ်တဲ့ စားသောက်နည်းကို သူမဘယ်လိုခံစားလဲဆိုတာ သိလိုတယ
—— ဒါဟာ အိမ်မွေးမှင်စာလေးတွေ ပိုပြီးအလုပ်များများလုပ်ရမယ်ဆိုတ
အဓိပ္ပာယ် ဖြစ်နေတယ် မဟုတ်ဘူးလား —— သို့ပေမယ့် မကြုံစဖူး ပထ
အကြိမ်အားဖြင့် ဟာမီးဟာ S.P.E.W. ကို မေ့ထားလိုက်သလိုပဲ။ သူမဟာ
ဗစ်ခတာ-ခရွန်းမ်နဲ့ စကားလက်ဆုံကျနေတယ်။ မိမိဘာစားနေတယ်ဆိုတ
တောင် သတိမပြုမိသလိုပဲ။

သူ အရင်က ခရွန်းမ်စကားပြောတာ မကြားဖူးဘူးလို့ ဟယ်ရီ ရုတ်
ရက်တွေးမိတယ်။ ဒါပေမယ့် အခု သူဟာ စကားပြောနေတာ အမှန်ပဲ။ ပြီးတော
ဝမ်းသာအားရပြောနေတယ်။

"အား၊ ကျွန်တော်တို့မှာလဲ ရဲတိုက်တစ်ခု ရှိတယ်။ ဒီကလော
မကြီးဘူးလို့ ကျွန်တော်ထင်တယ်။ ဒီကလောက်လဲ နေလို့ထိုင်လို့မကောင်းဘူ
သူက ဟာမီးကို ပြောတယ်။ "ကျွန်တော်တို့ဟာက လေးထပ်ပဲ ရှိတယ်။ ပြီးတော
မှော်ပညာစီရင်မှသာ မီးညှိလို့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ကွင်းက ဒီ
ထက် ကျယ်ပြောတယ် —— ဒါပေမယ့် ဆောင်းတွင်းမှာ နေ့အချိန် သိပ်
တယ်။ ကွင်းထဲမှာ ကစားလို့မရဘူး။ နွေရောက်တော့ ကျွန်တော်တို့ နေ့တို



ပျံသန်းသွားလာတယ်။ ကန်ရေပြင်ကို ဖြတ်ပျံတယ်။ တောတောင်ကို ဖြတ်ပျံ
တယ် ——"

"ရပြီ၊ ရပြီ၊ ဗစ်ခတာ" ခါခါရော့ဖ်ကပြောရင်း တစ်ချက်ရယ်လိုက်
တယ်။ ဒါပေမယ့် ၎င်းရဲ့အေးစက်စက်မျက်လုံးထဲမှာ ရယ်တဲ့အရိပ်အရောင်
လုံးဝမရှိဘူး။ "ဒီထက်လျှို့ဝှက်ချက်တွေ မပေါက်ကြားစေနဲ့တော့၊ နို့မို့ရင် မင်းရဲ့
စွဲလမ်းစရာကောင်းတဲ့ မိတ်ဆွေဟာ ကျုပ်တို့ဘယ်မှာရှိနေတယ်ဆိုတာ သိသွား
လိမ့်မယ်"

ဒမ်ဘယ်လီဒိုးက ရယ်တယ်။ မျက်လုံးက အရောင်လက်နေတယ်။
"အီဂေါ၊ ဒီလိုလျှို့ဝှက်ချက် တင်းကြပ်တော့ . . . . လူတွေက ခင်ဗျားဆီ
လာလည်တာကို မကြိုက်ဘူးလို့ ထင်လိမ့်မယ်"

"အမလေး၊ ဒမ်ဘယ်လီဒိုး" ခါခါရော့ဖ်က ပြောတယ်။ ပါးစပ်ကြီးဖြဲ
လိုက်တော့ သွားဝါဝါတွေ ပေါ်လာတယ်။ "ကျွန်တော်တို့အားလုံး မိမိရဲ့ ကိုယ်
ပိုင် ပိုင်နက်ကို ကာကွယ်ချင်ကြတယ်။ မဟုတ်ဘူးလား။ ကျွန်တော်တို့ဟာ
ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်အပေးခံရတဲ့ ကျောင်းတော်ကြီးကို သတိနဲ့
ကာကွယ်စောင့်ရှောက်ဖို့ မလိုဘူးလား။ ကျွန်တော်တို့ကိုယ်တိုင်သာလျှင် ကျောင်း
ရဲ့လျှို့ဝှက်ချက်ကို သိတယ်။ ကျွန်တော်တို့ ဒီအတွက် ဂုဏ်မယူသင့်ဘူးလား၊
ကျွန်တော်တို့ ဒီလျှို့ဝှက်ချက်တွေကို မထိန်းသိမ်းသင့်ဘူးလား"

"အော၊ ကျုပ်ဟာ အိပ်မက်ထဲမှာတောင် ဟော့ဂ်ဝစ်ရဲ့ လျှို့ဝှက်
ချက်အားလုံးကို သိတယ်လို့ မပြောနိုင်ဘူး၊ အီဂေါ" ဒမ်ဘယ်လီဒိုးက ခင်မင်စွာ
ပြောတယ်။ "ဥပမာပြောရရင် ဒီနေ့နံနက်မှာပဲ ကျုပ်အိမ်သာသွားတာ လမ်း
ကွေ့မှားသွားပြီး အရင်က မမြင်ဖူးတဲ့၊ သေသေချာချာ ပြင်ဆင်ထားတဲ့ အခန်း
တစ်ခန်းကို မိမိရောက်သွားတာ တွေ့ရှိရတယ်။ အထဲမှာ အလွန်အနုစိတ်၊
အလွန်အဆင့်အတန်းမြင့်မြင့်ပြုလုပ်ထားတဲ့ နောက်ဖေးအိုးမျိုးစုံရှိတယ်။
ကျုပ်ပြန်သွားပြီး သေချာစုံစမ်းစစ်ဆေးတော့ အဲဒီအခန်း ပျောက်သွားတယ်။
ဒါပေမယ့် ကျုပ် သေချာသတိပြုနေရမယ်။ ၎င်းအခန်းကို နံနက်စောစော
ငါးနာရီခွဲမှာသာ ဝင်လို့ရမယ်ထင်တယ်။ ဒါမှမဟုတ် လထွက်လေးပိုင်းတစ်ပိုင်း
အချိန်မှာ ပေါ်ထွက်တာ —— အိမ်သာရှာတဲ့လူရဲ့ဆီးအိမ် အလွန်ပြည့်နေတဲ့
အခါမှာလဲ ဖြစ်နိုင်တယ်"

ဟယ်ရီဟာ မိမိရဲ့ ဟန်ဂေရီအမဲနှပ်ကို ကြည့်ပြီး ခိုးတိတ်တိတ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ဖတ်စီက မျက်မှောင်ကြုတ်တယ်၊ ဒါပေမယ့် ဒမ်ဘာလီဒိုးဟာ လုံး မသိသာဘဲ မိမိကို မျက်စိမှိတ်ပြသွားတာ ဟယ်ရီ ကျိန်ပြောဝံ့တယ်။

ဒါနဲ့ တစ်ချိန်တည်းမှာပဲ ဖလောအာ-ဒယ်လာခေါ်ဟာ ရိုဂျာ-ဒေးဗစ် ကို ဟော့ဂ်ဝပ်ရဲ့ အပြင်အဆင်ကို ဝေဖန်ပြောဆိုနေတယ်။ "ဗျူစ်ဘာတန်ရဲ့ တိုက်မှာဆိုရင် ကျွန်မတို့ခန်းမဟာ ခရစ္စမတ်စ်အခါမှာ ရေခဲပန်းပုတွေနဲ့ ပြည့် နေတာပဲ၊ ၎င်းတို့ ပျော်မသွားတာ သေချာတယ် . . . . ရောမစိန်ပန်းပုကြီး လိုပဲ ခန်းမထဲမှာ လက်နေတယ်။ အစားအစာဟာလဲ အဆင့်အတန်းလွန်တွေ ကျွန်မတို့မှာ တောတောင်နတ်သမီး စုပေါင်းအဆိုအဖွဲ့လဲ ရှိသေးတယ်၊ ကျွန်မ တို့ ထမင်းစားတဲ့အခါမှာ သူတို့က ညဆိုတေးလေးများ ဆိုပြတယ်။ ကျွန်မတ နံရံဘေးမှာ ဒီလိုအရုပ်ဆိုးတဲ့ ချပ်ဝတ်တန်ဆာတွေ မရှိဘူး။ တကယ်လို့ သိပ် နောက်၊ သိပ်ဒုက္ခပေးတဲ့ သရဲသဘက်တွေ ဗျူစ်ဘာတန်ထဲ ဝင်လာရင် မှချ မောင်းထုတ်ခံရမယ်၊ ဒီအတိုင်းပဲ" သူမက စိတ်မရှည်ဘဲ စားပွဲခုံကို လက် တစ်ချက်ပုတ်လိုက်တယ်။

ရိုဂျာ-ဒေးဗစ်ဟာ သူမစကားပြောတာ ကြည့်ပြီး မိန်းမောတွေလမ်းတဲ့ အမူအရာပေါ်နေတယ်။ ခက်ရင်းနဲ့ ပါးစပ် အကြိမ်ကြိမ်လွဲနေတယ်၊ ဒေးဗစ် ဟာ ဖလောအာကိုပဲ စိုက်ကြည့်နေပြီး သူမ ဘာပြောတယ်ဆိုတာ လုံးဝမကြား ဘူးလို့ ဟယ်ရီက ထင်တယ်။

"သိပ်မှန်တာပေါ့" ဒေးဗစ်က အမြန်တုံ့ပြန်လိုက်ပြီး ဖလောအာ လုပ်သလို စားပွဲကို လက်နဲ့ပုတ်လိုက်တယ်။ "ဒီအတိုင်းပဲ၊ ဟုတ်တယ်"

ဟယ်ရီက ခန်းမကြီးကို ဝေ့ကြည့်တယ်။ ဟက်ဂရစ်ဟာ တခြား ဆရာလုပ်သားစားပွဲတစ်လုံးမှာ ထိုင်နေတယ်၊ သူဟာ အရုပ်ဆိုးတဲ့ အမွေး ဖွားတဲ့ အညိုရောင် အနောက်ဝတ်စုံကို ဝတ်ထားပြန်ပြီ၊ သူဟာ ထိပ်ဆုံးစားပွဲ ကို ကြည့်နေတယ်၊ ဟက်ဂရစ် လက်ယမ်းပြတာ ဟယ်ရီ မြင်ရတယ်။ သူလှည့် ကြည့်လိုက်တော့ မဒမ်မက်ဆင်းကလည်း ဟက်ဂရစ်ကို လက်ယမ်းပြနေတယ်၊ သူမရဲ့ ကြောင်ကျောက်လက်ဝတ်လက်စားတွေဟာ ဖယောင်းတိုင်မီးအောက် မှာ လက်နေတယ်။

ဒီအချိန်မှာ ဟာမီးက ခရွန်းမ်ကို သူမနာမည်ကို မှန်အောင်ဖတ် တတ်ဖို့ သင်ပေးနေတယ်။ သူက သူမကို "ဟာမိ —— အွန်"လို့ချည်း ခေါ်နေ တယ်။



"ဟာ —— မီး" သူမက ဖြည်းဖြည်းချင်း တစ်လုံးကို တစ်ခါရုပ်ပြီး ပြောတယ်။

"ဟာမိ —— အင်"

"သိပ်မဆိုးတော့ဘူး" ဟာမီးက ပြောတယ်။ သူမဟာ ဟယ်ရီ့ အကြည့်နဲ့ ဆုံမိတော့ ရယ်ပြတယ်၊

စားစရာတွေ စားလို့ကုန်ပြီ။ ဒမ်ဘာလီဒိုး မတ်တတ်ရပ်လိုက်တယ်၊ ကျောင်းသားတွေကိုလည်း မတ်တတ်ရပ်ခိုင်းတယ်၊ ဒီနောက် မှော်ကြိမ်လုံးကို ယမ်းလိုက်တာနဲ့ စားပွဲအားလုံး နံရံဘေးကပ်သွားပြီး အလယ်မှာ နေရာလွတ် ဖြစ်သွားတယ်။ သူကတစ်ခါ ဇာတ်စင်မြင့်မြင့်တစ်ခု ဖန်ဆင်းပြီး ယာဘက် နံရံကို ကပ်ထားတယ်။ ဇာတ်စင်ပေါ်မှာ ဒေါက်နဲ့ ဗုံတစ်စုံ၊ ဂစ်တာအချို့၊ ယုထ်တစ်လက်၊ စဲလိုတစ်ခုနဲ့ ဘက်ဖိုက်စ်တချို့ ရှိတယ်။

ဒီအချိန်မှာ ထူးဆန်းညီအစ်မတို့ ဇာင်္စင်ပေါ် ပြိုင်တူတက်လာ ကြတယ်၊ ပရိသတ်ဆီက မိုးခြိမ်းသံလို လက်ခုပ်သံတွေ ထွက်ပေါ်လာတယ်။ သူမတို့ရဲ့ ဆံပင်တွေဟာ အထူးထူထဲတယ်၊ တမင်စုတ်ပြတ်အောင် ဖြဲထားတဲ့ အနက်ရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ သူမတို့ဟာ မိမိတို့ရဲ့ တူရိယာ တွေကို အသီးသီးယူကြတယ်။ ဟယ်ရီက စိတ်ဝင်စားစွာနဲ့ သူမတို့ကို ကြည့် နေတယ်။ ဆက်ပြီးဘာလုပ်ရမယ်ဆိုတာ မေ့နေသလောက်ပဲ။ သူဟာ တခြား စားပွဲပေါ်က မီးပုံးတွေ ငြိမ်းကုန်တာ ရုတ်တရက် သတိပြုမိတယ်။ တခြား သူရဲကောင်းတွေနဲ့ ၎င်းတို့ရဲ့ တွဲကဖော်တွေ မတ်တတ်ရပ်နေကြပြီ။

"မြန်မြန်" ပါဗာထီက တိုးတိုးပြောတယ်။ "ငါတို့ ကကြရတော့မယ်" ဟယ်ရီ မတ်တတ်ရပ်လိုက်တုန်းက ဝတ်ရုံရှည်ကို နင်းမိလို့ ခလုတ်တိုက်ဖို့ နည်းနည်းလိုတယ်။ ထူးဆန်းညီအစ်မဟာ ဖြည်းနှေးပြီး လွမ်းဖွယ်တေးဂီတကို တီးမှုတ်တယ်။ မီးရောင်လင်းထိန်နေတဲ့ ကဝိုင်းထဲကို ဝင်ခဲ့တယ်၊ လူအများရဲ့ အကြည့်ကို သတိနဲ့ရှောင်တယ်။ (စီးမတ်စ်နဲ့ ဒင်းက သူ့ကို လက်ယမ်းပြ၊ သူ့ကို တိတ်တိတ်လေး ပြက်ရယ်ပြုနေတာ သူမြင်ရတယ်)။ ဒီနောက် ပါဗာထီ ဟာ သူ့လက်နှစ်ဖက်ကို ဖမ်းကိုင်ပြီး လက်တစ်ဖက်ကို သူမခါးပေါ်မှာထားပြီး ကျန်လက်တစ်ဖက်ကို သူမလက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားတယ်။

တော်ပါသေးတယ်။ မူလက တွေးထင်သလောက် မဆိုးသေးဘူးလို့ ဟယ်ရီက တွေးတယ်၊ နေရာတွင် ဖြည်းဖြည်းချင်း လှည့်နေတယ်၊ (ပါဗာထီ

www.burmeseclassic.com



က သူ့ကို ချုပ်ကိုင်ထားတယ်)။ သူဟာ ဘေးက ရပ်ကြည့်သူတွေရဲ့ ခေါင်းအပေါ်ဘက်ကို စိုက်ကြည့်နေတယ်။ မကြာဘူး၊ လူအများအပြား ကဝိုင်းထဲ ဝင်လာကြပြီ။ သူမှဲကောင်းတွေဟာ အများသတိပြုတဲ့ ဗဟိုမဟုတ်တော့ဘူး။ နီဗီးနဲ့ ဂျင်နီဟာ အနီးမှာ ကနေတယ် —— ဂျင်နီ ခဏခဏ မျက်မှောင်ကြုတ်တာ၊ ရှောင်တိမ်းတာကို သူမြင်ရတယ်။ အကြောင်းက နီဗီးက သူမခြေထောက်ကို နင်းမိလို့ —— ဒမ်ဘလီဒိုးဟာ မဒမ်မက်ဆင်းနဲ့ ဝပ်ဇ်အက ကနေတယ်။ သူမနဲ့ ယှဉ်လိုက်တော့ သူဟာ လူပုလေးဖြစ်သွားတယ်။ သူ့ဦးထုပ်ချွန်ထိပ်ဖျားဟာ သူမမေးဖျားထိပဲ ရှိတယ်။ ဒါပေမယ့် ဒီလောက်အကောင်ကြီးတဲ့ မိန်းမအတွက် သူမကပုံဟာ သိပ်ကို သိမ်မွေ့ပါတယ်။ အရူးမျက်လုံး မူးဒီဟာ အလွန်ထိုင်းအစွာနဲ့ ပါမောက္ခ ဆင်နီစတရာနဲ့ ခြေနှစ်လှမ်းအက ကနေတယ်။ ပါမောက္ခ ဆင်နီစတရာဟာ အလွန်စိုးရိမ်စွာနဲ့ ၎င်းရဲ့ခြေတုကို ရှောင်နေတယ်။

"ခြေစွပ် သိပ်လှတယ်၊ ပေါ်တာ" ဖြတ်သွားတဲ့အခါမှာ မူးဒီက အသံကြမ်းကြမ်းနဲ့ ပြောတယ်။ ၎င်းရဲ့မှော်ပညာစီရင်ထားတဲ့ မျက်လုံးတစ်လုံးဟာ ဟယ်ရီ့ဝတ်ရုံရှည်ကို ဖောက်ထွင်းကြည့်တယ်။

"အော —— ဟုတ်တယ်၊ အိမ်မွေးမှင်စာလေး ဒေါ့ဘီ ကျွန်တော့်ကို ထိုးပေးတာ" ဟယ်ရီက ပြောရင်းပြုံးပြတယ်။

"သူ တကယ်ပဲ သိပ်ကြောက်စရာကောင်းတယ်" ပါဗာတီဟာ မူးဒီ တဒေါက်ဒေါက်နဲ့ ဝေးသွားတော့ အသံနှိမ့်ပြောတယ်။ "အဲဒီလိုမျက်လုံးမျိုး မရှိသင့်ဘူးလို့ ငါထင်တယ်"

ဟယ်ရီဟာ ဘက်ဖိုက်စ်ရဲ့နောက်ဆုံး တုန်ခါတဲ့သံစဉ်ကို ကြားရတော့ အသက်ရှူချောင်သွားတယ်။ ထူးဆန်းညီအစ်မဟာ တီးမှုတ်ခြင်းကို ရပ်လိုက်တယ်။ ခန်းမထဲမှာ လှိုက်လှဲတဲ့ လက်ခုပ်သံတွေ ပေါ်လာပြန်တယ်။ ဟယ်ရီက ပါဗာတီကို ချက်ချင်းဖြေလွှတ်လိုက်တယ်။

"ငါတို့ ထိုင်ကြရအောင်၊ ကောင်းလား"

"အော —— ဒါပေမယ့် —— ဒီတေးသွားဟာ သိပ်နားထောင်လို့ကောင်းတာပဲ" ပါဗာတီက ပြောတယ်။ ထူးဆန်းညီအစ်မဟာ တေးသစ်တစ်ပုဒ်ကို စတင်တီးမှုတ်ပြန်ပြီ။ ခုနထက် ပိုမြန်တယ်။

"မကောင်းဘူး၊ ငါ မနှစ်သက်ဘူး" ဟယ်ရီက ညာပြောတယ်။ သူဟာ ပါဗာတီကို ခေါ်ပြီး ကဝိုင်းက ထွက်ခဲ့ပြီး ရွန်နဲ့ပါတမာ ထိုင်နေတဲ့စားပွဲဆီ



လျှောက်သွားတယ်။ လမ်းမှာ ဖရက်နဲ့အင်ဂလီနာ ဘေးကဖြတ်သွားတယ်။ သူတို့နှစ်ယောက်ဟာ သိပ်ရဲရင့်လွတ်လပ်စွာ ကနေတယ်။ ဘေးကလူတွေ ထိမိမှာစိုးလို့ နောက်ကိုဆုတ်ပေးကြတယ်။

"ဘယ့်နှယ့်လဲ" ဟယ်ရီက ရွန့်ကို မေးတယ်။ ထိုင်ချလိုက်ပြီး ထောပတ်ဘီယာတစ်ပုလင်းကို ဖောက်လိုက်တယ်။

ရွန်က မဖြေဘူး။ သူဟာ အနီးမှာကနေတဲ့ ဟာမီးနဲ့ခရွန်းမ်ကို စိတ်ဆိုးဆိုးနဲ့ ကြည့်နေတယ်။ ပါတမာဟာ လက်နှစ်ဖက်ကို ထပ်ထားပြီး ခြေကလိမ်ချိတ်ထိုင်နေတယ်။ ခြေတစ်ချောင်းဟာ ဂီတစည်းသံကိုလိုက်ပြီး လှုပ်နေတယ်။ မကြာခဏလည်း မကျေနပ်တဲ့အကြည့်နဲ့ ရွန့်ကို မျက်ဖြူလန်ပြတယ်။ ရွန်က သူမကို လုံးဝပစ်ထားတယ်။ ပါဗာတီဟာ ဟယ်ရီ့တစ်ဖက်မှာ ထိုင်လိုက်တယ်။ သူမလည်း လက်နှစ်ဖက်ကိုထပ်ပြီး ခြေကလိမ်ချိတ်ထားတယ်။ မိနစ်အနည်းငယ်ကြာတော့ ဗျူ့ဘာတန်က ကျောင်းသားတစ်ယောက် သူမကို ကဖို့ လာခေါ်တယ်။

"နင်ကျေနပ်ပါတယ်နော်၊ ဟယ်ရီ" ပါဗာတီက ပြောတယ်။

"ဘာလဲ ?" ဟယ်ရီက ပြောတယ်။ သူဟာ ချို-ချမ်းနဲ့ စက်ဒရစ်ကို ကြည့်နေတယ်။

"အော၊ ဘာမှမဟုတ်ပါဘူး" ပါဗာတီက ပြတ်ပြတ်ပဲပြောပြီး ဗျူ့ဘာတန်ကကျောင်းသားနဲ့အတူ ထွက်သွားတယ်။ သီချင်းဆုံးတော့လည်း သူမ ပြန်မလာဘူး။

ဟာမီး လျှောက်လာတယ်။ ပါဗာတီထိုင်ခဲ့တဲ့ နေရာလွတ်မှာ ဝင်ထိုင်တယ်။ သူမဟာ ကထားလို့ ပါးပြင်မှာ သွေးရောင်သန်းနေတယ်။

"မင်္ဂလာပါ" ဟယ်ရီက ပြောတယ်။ ရွန်က အသံမထွက်ဘူး။

"သိပ်ပူတယ်၊ ဟုတ်လား" ဟာမီးက ပြောတယ်။ မိမိကိုယ်မိမိ လက်ဝါးနဲ့ ယပ်ခတ်တယ်။ "ဗစ်ခတာ သောက်စရာသွားယူတယ်"

ရွန်က မခံချိမခံသာနဲ့ သူမကို ကြည့်လိုက်တယ်။ "ဗစ်ခတာ ?" သူက ပြောတယ်။ "သူက နင့်ကို ဗစ်ကီလို့ကော အခေါ်မခိုင်းဘူးလား"

ဟာမီးက အံ့သြစွာ သူ့ကို ကြည့်နေတယ်။ "နင် ဘယ်လိုဖြစ်နေတာလဲ" သူမက ပြောတယ်။

"နင်မသိဘူးဆိုရင်" ရွန်က မကျေမနပ်ပြောတယ်။ "ငါကလဲ နင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောမပြချင်ဘူး"

ဟာမီးဟာ အံ့ဩစွာ သူ့ကိုကြည့်တယ်။ ဟယ်ရီ့ကိုလည်း ကြည့်လိုက်တယ်။ ဟယ်ရီက ပခုံးတွန့်ပြတယ်။

"ရွန်၊ နင်ဘယ်လို ——"

"သူက ဒမ်စထရန်ကလူ" ရွန်က ပြင်းထန်စွာ ပြောတယ်။ "သူက ဟယ်ရီရဲ့ပြိုင်ဘက်။ ဟော့ဂ်ဝပ်ရဲ့ ပြိုင်ဘက်။ နင် —— နင် . . . . ဒါက ——" ရွန်ကြည့်ရတာ ဟာမီးရဲ့ မဟာအမှားကြီးကို ဖော်ပြနိုင်ဖို့ အားကောင်းတဲ့ ဝေါဟာရကို နှိုက်ချွတ်ရှာဖွေနေသလိုပဲ။ "နင့် ဒါက ရန်သူနဲ့ပေါင်းတဲ့ လုပ်ရပ် အဲဒါ နင်လုပ်တဲ့အလုပ်လေ"

ဟာမီးဟာ ထိတ်လန့်စွာနဲ့ ပါးစပ်ကြီး ဟသွားတယ်။

"အရူးစကားတွေ ပြောမနေနဲ့တော့" ခဏနေတော့ သူမက ပြော တယ်။ "ရန်သူနဲ့ပေါင်းတယ်၊ ဘယ်သူက ရန်သူလဲ။ အမှန်ပြောရရင် —— သူလာနေတာ မြင်ရရင် မိမိကိုယ်မိမိ မချုပ်ထိန်းနိုင်တာ ဘယ်သူလဲ၊ သူ လက်မှတ်ထိုးတာရချင်တာ ဘယ်သူလဲ။ အိပ်ခန်းထဲမှာ သူ့ရုပ်ထုကိုထားတာ ဘယ်သူလဲ"

ရွန်က ဒီစကားတွေကို ဂရုမစိုက်ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ "သူက နင်တို့နှစ်ယောက်စလုံး စာကြည့်တိုက်မှာရှိတဲ့အချိန်မှာ နင့်ကို ဖိတ်ခေါ်တာ မဟုတ်လား"

"ဟုတ်တယ်၊ မှန်တယ်" ဟာမီးက ပြောတယ်။ သူမမျက်နှာပေါ်က သွေးရောင်ပိုတောက်လာတယ်။ "အဲဒါ ဘာဖြစ်လဲ"

"ကိစ္စက ဘယ်လိုဖြစ်ပွားတာလဲ —— နင်က သူ့ကို SPEW ထဲ ပါခိုင်းလို့ ?"

"ဟင့်အင်း၊ ဒီလိုဘယ်ဟုတ်မလဲ။ နင်တကယ်သိချင်ရင် ငါပြောပြ လိုက်မယ်။ သူ —— သူကပြောတယ်။ သူနေ့တိုင်း စာကြည့်တိုက်ကို လာတာ ဟာ ငါနဲ့စကားပြောချင်လို့တဲ့။ ဒါပေမယ့် သူသတ္တိမရှိလို့တဲ့"

ဟာမီးက ပြောတာအလွန်မြန်တယ်။ မျက်နှာလည်း ပိုနီလာတယ်။ ပါတာထီရဲ့ ဝတ်ရုံရှုံအရောင်နဲ့ တူတော့မယ်။

"ဟုတ်လား၊ ဟင်း —— အဲဒါ သူ့ဖာသာ ဒီလိုပြောတာ" ရွန်က မခံနိုင်ဘဲ ပြောတယ်။



"ဒါဆို သူ့သဘောက ဘာလဲ"

"အဲဒါမရှင်းဘူးလား။ သူက ခါခါရော့ဖ်ရဲ့ ကျောင်းသား၊ ဟုတ်လား။ သူက နင်တစ်နေ့လုံး ဘယ်သူနဲ့ အတူတွဲနေတယ်ဆိုတာ သိတယ်။ သူက ဟယ်ရီနဲ့ နီးစပ်ချင်တာ —— သူ့သတင်းယူချင်တာ —— ဒါမှမဟုတ် ဟယ်ရီ့ အနားကပ်ပြီး ဟယ်ရီ့ကို ကျိန်စာချချင်တာ ——"

ဟာမီး သိပ်စိတ်ဆိုးတယ်။ ရွန်က သူမကို ပါးရိုက်လိုက်သလိုပဲ။ သူမ စကားသံဟာ နည်းနည်းတုန်နေတယ်။

"နင့်ကို သတင်းအချက်အလက်တစ်ခု ပေးမယ်။ သူ ဘယ်တုန်းကမှ ဟယ်ရီ့အကြောင်း တစ်လုံးမမေးဘူး။ ဘယ်တုန်းကမှ မမေးဘူး ——"

ရွန်က အလင်းသွားနှုန်းနဲ့ သူ့နည်းနာကို မြင်လိုက်တယ်။

"ဒါဆိုရင် သူက ဟို့ရွှေဥထဲ ဘာရှိတယ်ဆိုတာ နင့်အကူအညီနဲ့ သိချင်တာပါ။ ငါထင်တယ်၊ နင်တို့ဟာ နွေးထွေးဇိမ်ရှိတဲ့ စာကြည့်တိုက်ထဲမှာ တွေ့ကြပြီး ခေါင်းချင်းအပ်ကာ ——"

"ငါဘယ်တုန်းကမှ ရွှေဥကို လေ့လာတဲ့နေရာမှာ သူ့ကို မကူညီခဲ့ဘူး" ဟာမီးဟာ ဒေါသမထိန်းနိုင်တော့ဘူး။ "ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။ နင် ဘာဖြစ်လို့ ဒီလိုစကား ပြောရတာလဲ —— ငါက ပြိုင်ပွဲမှာ ဟယ်ရီနိုင်စေချင် တာ။ ဒါကို ဟယ်ရီ သိတယ်။ ဟုတ်လား၊ ဟယ်ရီ"

"နင့်ဖော်ပြပုံက နည်းနည်းထူးဆန်းနေတယ်" ရွန်က သရော်ပြော တယ်။

"ဒီတစ်ကြိမ် ယှဉ်ပြိုင်ပွဲတစ်ခုလုံးကိုက နိုင်ငံခြားမှော်ဆရာတွေကို အားလုံးသိခွင့်ရအောင်၊ ရင်းတို့နဲ့ ချစ်ကြည်ရင်းနှီးအောင် လုပ်တာ" ဟာမီးက စိတ်လှုပ်ရှားစွာ ပြောတယ်။

"မဟုတ်ဘူး၊ ဘယ်ဟုတ်မှာလဲ" ရွန်က အကျယ်ကြီး ပြောတယ်။ "ပြိုင်ပွဲ နိုင်ချင်တာ"

လူတွေ သူတို့ကို လှည့်ကြည့်တယ်။

"ရွန်" ဟယ်ရီက တိုးတိုးပြောတယ်။ "ဟာမီးနဲ့ ခရွန်းမ် အတူတူရှိတာ ဘာမှမဖြစ်ဘူးလို့ ငါ ထင်တယ်"

ဒါပေမယ့် ရွန်က ဟယ်ရီ့စကားကိုလည်း ဂရုမစိုက်ဘူး။

"နင် ဘာဖြစ်လို့ ဗစ်ကီကို သွားမရှာတာလဲ။ သူ နင့်ကို မတွေ့ရင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်လိမ့်မယ်" ရွှန်က ပြောတယ်။

"သူ့ကို ဗစ်ကီလို့ မခေါ်နဲ့"

ဟာမီး ခုန်ထလိုက်ပြီး ဒေါသနဲ့ ကဝိုင်းကိုဖြတ်ပြီး လူအုပ်ထဲမှာ ပျောက်သွားတယ်။ ရွှန်ဟာ သူမကျောဘက်ကို ကြည့်ပြီး ဒေါသနဲ့ ပြောလိုက်ရလို့ ကျေနပ်တဲ့အမူအရာ ပေါ်နေတယ်။

"နင် ငါ့ကို ကဖို့ခေါ်ဦးမှာလား" ပါတမာက သူ့ကို မေးတယ်။

"ဟင့်အင်း" ရွှန်က ပြောတယ်။ ဟာမီးသွားရာဆီ ငေးကြည့်နေတုန်းပဲ။

"သိပ်ကောင်းတယ်" ပါတမာက မကျေမနပ်ပြောတယ်။ ဒီနောက် မတ်တတ်ရပ်လိုက်ပြီး ပါဗာထီနဲ့ ဗျူစ်ဘာတန်ကျောင်းသားဆီ သွားလိုက်တယ်။ အဲဒီကျောင်းသားဟာ မိမိမိတ်ဆွေတစ်ယောက်ကို ချက်ချင်း သူတို့အဖွဲ့ထဲ ခေါ်လိုက်တယ်။ မြန်ဆန်လိုက်ပုံကတော့ ဆင့်ခေါ်ဂါထာ ရွတ်လိုက်လို့ အဲဒီလူ ရှူးခနဲပျံလာသလိုပဲ။

"ဟာ —— မီ —— အုန်း ဘယ်မှာလဲ" အသံတစ်ခုက ပြောတယ်။

ခရွှန်းမ် သူတို့စားပွဲနား ရောက်လာတယ်။ လက်ထဲမှာ ထောပတ်ဘီယာ နှစ်ပုလင်း ကိုင်လာတယ်။

"မသိဘူး" ရွှန်က မာမာပြောပြီး သူ့ကို မော့ကြည့်နေတယ်။ "မင်း သူမကို ပျောက်သွားပြီ၊ ဟုတ်လား"

ခရွှန်းမ်မျက်နှာဟာ သုန်မှုန်သွားပြန်တယ်။

"ကောင်းပြီ၊ တကယ်လို့ သူမကို တွေ့ရင် ကျွန်တော် သောက်စရာ ယူထားတယ်လို့ ပြောပေးပါ" သူက ပြောပြီးတာနဲ့ မလန်းမဆန်း ထွက်သွားတယ်။

"မင်း ဗစ်ခတာ-ခရွှန်းမ်နဲ့ မိတ်ဆွေဖြစ်သွားပြီလား၊ ရွှန်"

ဖတ်စီဟာ ကမန်းကတမ်း ပြေးလာတယ်။ လက်နှစ်ဖက်ကို ပွတ်သပ်နေတယ်။ မိမိကိုယ်မိမိ သိပ်ဟုတ်တယ်ထင်တဲ့ပုံနဲ့။ "သိပ်ကောင်းတယ်၊ ဒါမှ ချက်ကျတာ၊ မင်း သိပါတယ် —— အပြည်ပြည်ဆိုင်ရာ မှော်လောက ပူးပေါင်းဆောင်ရွက်ရေးအတွက်"

ဖတ်စီဟာ ပါတမာရဲ့ နေရာလွတ်မှာ ဝင်ထိုင်တယ်။ ဒါကြောင့် ဟယ်ရီ နည်းနည်းငြီးငွေ့မိတယ်။ ထိပ်ဆုံးစားပွဲမှာ အခု လူမရှိတော့ဘူး။



ပါမောက္ခ ဒမ်ဘယ်လီဒိုးဟာ ပါမောက္ခ စပရောက်နဲ့ ကနေတယ်။ လူဒို-ဘက်ဂမင်းဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ကတယ်။ မဒမ်မက်ဆင်းနဲ့ ဟက်ဂရစ်တို့ဟာ ဝပ်ဇ်အက ကရင်း ကျောင်းသားတွေကြားမှာ လွန်းပျံသွားနေတယ်။ ဒါကြောင့် ကဝိုင်းထဲမှာ လမ်းကြောင်းအကျယ်ကြီး ဖြစ်သွားတယ်။ ခါခါရော့ဖ် ဘယ်ရောက်သွားမှန်း မသိဘူး၊ နောက်ထပ် တေးသီချင်းတစ်ပုဒ် ပြီးဆုံးသွားပြီ အားလုံး လက်ခုပ်တီးကြပြန်တယ်။ လူဒို-ဘက်ဂမင်းဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်လက်ကို နမ်းလိုက်ပြီး လူအုပ်ကို ဖြတ်ကာ ပြန်သွားတာ ဟယ်ရီ တွေ့ရတယ်။ ဒီအချိန်မှာ ဖရက်နဲ့ ဂျော့က သူ့နောက်လိုက်ပြီး စကားပြောတယ်။

"သူတို့ ဘာလုပ်နေတယ်ဆိုတာ သိလား။ မှော်ဝန်ကြီးဌာနက အဆင့်မြင့်အရာရှိကို အနှောင့်အယှက်ပေးနေတာလား" ဖတ်စီက သတိရှိရှိ ဖရက်နဲ့ ဂျော့ကို ကြည့်ရင်း တိုးတိုးပြောတယ်။ "နည်းနည်းမှ မလေးစားဘူး . . ."

လူဒို-ဘက်ဂမင်းဟာ ဖရက်နဲ့ ဂျော့ကို ချက်ချင်းထားခဲ့ပြီး ဟယ်ရီကို မြင်တာနဲ့ လက်ပြတယ်။ သူတို့စားပွဲဆီ လျှောက်လာတယ်။

"ကျွန်တော့်ညီနှစ်ယောက် သင့်ကို အနှောင့်အယှက် မပေးဘူးနော်၊ မစ္စတာ ဘက်ဂမင်း" ဖတ်စီက ချက်ချင်းပြောတယ်။

"ဘာလဲ၊ ဟင့်အင်း၊ ဟင့်အင်း" ဘက်ဂမင်းက ပြောတယ်။ "ဟင့်အင်း၊ သူတို့က ကျုပ်ကို သူတို့ရဲ့ မှော်ကြိမ်လုံးအတုအကြောင်း ပြောပြတာပါ။ ရောင်းချတဲ့ဘက်မှာ သူတို့ကို အကြံပေးဖို့ ပြောတာပါ။ ကျုပ်က သူတို့ကို 'ဇုန်ခို' ရယ်စရာပစ္စည်းအရောင်းဆိုင်က ဆက်သွယ်ရေးတာဝန်ခံနှစ်ယောက်နဲ့ အဆက်အသွယ်ရအောင် လုပ်ပေးမယ်လို့ ကတိပေးလိုက်တယ် . . . ."

ဖတ်စီဟာ ဒီစကားကြားရတာ အလွန်စိတ်ဆိုးတယ်။ ဖတ်စီ အိမ်ပြန်ရောက်တာနဲ့ ဒီအကြောင်းကို ခရီးရောက်မဆိုက် မစ္စစ်ဝယ်စလီကို ပြောပြမှာပဲဆိုတာ ဟယ်ရီ လောင်းဝံ့တယ်။ ဖရက်နဲ့ ဂျော့ဟာ လူအများကို သူတို့ ထုတ်လုပ်တဲ့ပစ္စည်း ရောင်းချင်တယ်။ ဒီအတိုင်းဆိုရင်တော့ သူတို့မှာ ပိုပြီး ရည်ရွယ်ချက်ကြီးတဲ့ စီမံကိန်းတွေ ရှိတယ်ထင်တယ်။ ဘက်ဂမင်းက ဟယ်ရီကို မေးချင်လို့ ပါးစပ်ဟလိုက်တယ်။ ဒါပေမယ့် ဖတ်စီက သူ့ကို အာရုံလွှဲသွားစေတယ်။

"ယှဉ်ပြိုင်ပွဲအခြေအနေ ဘယ်လိုရှိတယ်ထင်သလဲ၊ မစ္စတာ ဘက်ဂမင်း။ ကျွန်တော်တို့ဌာနခွဲကတော့ သိပ်ကျေနပ်တယ် —— မီးတောက်ခွက်

www.burmeseclassic.com

www.burmeseclassic.com



က ပြုံးသနားနည်းနည်းရှိသွားတယ်" သူက ဟယ်ရီ့ကို ကြည့်လိုက်တယ်၊ "မပြည့်မဝ ခံစားရတာပေါ့၊ ဒါတော့ ထားလိုက်တော့၊ ဒါပေမယ့် အဲဒီနောက် ပိုင်းမှာ အားလုံး အဆင်ပြေသွားသလိုပဲ၊ သင်ကော ဘယ်လိုထင်လဲ"

"အား၊ ဟုတ်တယ်လေ" ဘက်ဂမင်းက ပျော်ရွှင်စွာ ပြောတယ်၊ "တကယ့်ကို ပျော်စရာပဲ။ ဘာထီကြီး ဘာလုပ်နေလဲ။ သူမလာနိုင်တာ သိ နမြောမိတယ်"

"အော၊ မစ္စတာခရောက်ချ် မကြာခင်မှာ ကျန်းမာရေး ပြန်ကော လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်" ဖတ်စီက စိတ်မရှည်ဘဲ ပြောတယ် "ဒီအရင်ကတည်းက ကျွန်တော်ဟာ ကိုင်မယ့်သူမရှိတဲ့အလုပ်ကို ဝင်ကိုင်ချ တယ်။ ကပွဲပါဝင်တာတို့ ဘာတို့ချည်းတော့ ဘယ်ဟုတ်မလဲ" သူက မာန ရယ်လိုက်တယ်။ "အင်း . . . . သူမရှိတဲ့ကာလမှာ ဖြစ်ပေါ်တဲ့ ကိစ္စအားလုံးကိ ကျွန်တော် မတတ်သာဘဲ သူ့အစား ကိုင်တွယ်ပေးရတယ် —— အလီ-ဘာရှ ယား ပြည်တွင်းကို ကော်ဇောပျံ ခိုးသွင်းစဉ် ဖမ်းမိတဲ့ကိစ္စ ကြားပြီးပြီလား ဒီပြင် ကျွန်တော်တို့ဟာ ထရန်စီးပေးနီးယားတွေကို 'အပြည်ပြည်ဆိုင်ရာ နှစ်ဦးချင်း အပြတ်တိုက်ခြင်းကို တားမြစ်တဲ့ ဥပဒေ'မှာ လက်မှတ်ရေးထိုး နားချနေရတယ်၊ ကျွန်တော် နှစ်သစ်မှာ ၎င်းတို့ရဲ့ မော်ပူးပေါင်းဆောင်ရွက်ရေ ဌာနခွဲက ဌာနခွဲမှူးနဲ့ တွေ့ဖို့ရှိတယ် ——"

"ငါတို့ လမ်းသွားလျှောက်ရအောင်" ရွန်က ဟယ်ရီ့ကို တိုးတိုးပြော တယ်၊ "ဖတ်စီနဲ့ဝေးအောင် . . . ."

ဒါနဲ့ ဟယ်ရီနဲ့ရွန်တို့ သောက်စရာသွားယူချင်ယောင် ဆောင်ပြ ကဝိုင်းကို ကိုယ်စောင်းပြီး ပတ်ဖြတ်ခဲ့တယ်။ တိတ်တိတ်ကလေး တံခါးက ထွက်ပြီး တံခါးမအဝင်ခန်းကို ရောက်လာတယ်၊ ရှေ့တံခါးမ ပွင့်နေတယ်။ သူတ လေ့ကားထစ်က ဆင်းလာတော့ နှင်းဆီပန်းခြံထဲက နတ်သမီးအလင်းရော တလက်လက်ဖြစ်နေတယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး ချုံပုတ်တွေဖြစ်ပြီး လှလ ပပပြုလုပ်ထားတဲ့ ကွေ့ကောက်တဲ့လမ်းကလေးနဲ့ ကျောက်ထုရုပ်တွေကို သူတို့ တွေ့ကြရတယ်၊ ရေတဝေါဝေါကျသံကို ဟယ်ရီ ကြားရတယ်။ ရေပ ရေအိုင်နဲ့တူတယ်၊ လူတွေ ပန်းပုထုဆစ်ထားတဲ့ ခုံတန်းလျားပေါ်မှာ ထိုင်နေ တာ တစ်ခါတစ်ရံ တွေ့ရတယ်၊ သူနဲ့ ရွန်ဟာ လမ်းကွေ့ကွေ့ကောက်ကောက် ကလေးအတိုင်း နှင်းဆီပန်းချုံကြား ဖြတ်သွားတယ်၊ ဒါပေမယ့် သိပ်မသွာ



လိုက်ရဘူး။ စိတ်ပျက်စရာ ရင်းနှီးပြီးသား အသံတစ်သံကို ကြားကြရတယ်။

". . . . ဘာဖြစ်လို့ ဒီလောက်ဖြစ်နေတယ်ဆိုတာ နားမလည်ဘူး၊ အီဂေါ"

"ဆီးဗရတ်စ်၊ ဒါ အားလုံး မဖြစ်ပွားခဲ့ဘူးလို့ မင်း ဟန်ဆောင်လို့ မရဘူး" ခါခါရော့ဖ်အသံဟာ စိုးရွံ့ပြီး ပြာနေတယ်၊ သူများ ကြားသွားမှာ စိုးနေသလိုပဲ၊ "လအချို့အတွင်းမှာ ၎င်းဟာ ကြာလေထင်ရှားလာလေပဲ၊ ကျုပ် အခု အလွန်စိုးရိမ်တယ်၊ ကျုပ် ငြင်းလို့မဖြစ် ——"

"ဒါဆို ထွက်ပြေးလေ" စနိတ်ပ်အသံက စိတ်မရှည်ဘဲ ပြောတယ်။ "ထွက်ပြေးပါ —— ကျုပ် မင်းအတွက် ပြောပေးမယ်။ ဒါပေမယ့် ကျုပ်က ဟော့ဂ်ဝပ်မှာ နေချင်တယ်"

စနိတ်ပ်နဲ့ ခါခါရော့ဖ်တို့ ကွေ့ချိုးတစ်ခုကို ချိုးလိုက်တယ်၊ စနိတ်ပ် လက်ထဲမှာ မှော်ကြိမ်လုံးကိုင်ထားတယ်။ နှင်းဆီပန်းရုံကို ဘေးသို့မောင်းပစ် တယ်။ သူဟာ မျက်နှာကြောတင်းထားတယ်၊ အမူအရာ အလွန်ဆိုးတယ်။ ပန်းရုံအများအပြားထဲက အော်သံထွက်လာတယ်။ အရိပ်မည်းမည်းအချို့ ပန်းရုံ ထဲက ပြေးထွက်လာတယ်။

"ရေဗင်ခလောကို ဆယ်မှတ်လျှော့တယ်၊ ဖောစက်" စနိတ်ပ်က ဆိုးဝါး စွာ ပြောတယ် —— ကျောင်းသူတစ်ယောက် သူ့ဘေးက ဖြတ်ပြေးသွားတယ်။ "ဟာ့ဖ်ဖတ်လဲ ဆယ်မှတ်လျှော့တယ်၊ စတက်ဘင်စ်" နောက်ထပ် ကျောင်းသား တစ်ယောက် ခုနကကျောင်းသူနောက် လိုက်သွားတယ်၊ "ပြီးတော့ မင်းတို့ နှစ်ယောက် ဘာလုပ်နေတာလဲ" သူဟာ ဟယ်ရီနဲ့ ရွန်ကို ရှေ့က လမ်းကလေး ပေါ်မှ မြင်သွားတယ်။ မေးတယ်။ သူတို့ အဲဒီမှာ ရပ်နေတာကို ခါခါရော့ဖ်က မြင်တော့ နည်းနည်းထိတ်ပျာသွားတာ ဟယ်ရီ မြင်ရတယ်။ သူဟာ စိတ်မတည် ငြိမ်ဘဲ ၎င်းရဲ့ ဆိတ်မုတ်ဆိတ်ကို သွားစမ်းတယ်။ ဒီနောက် မုတ်ဆိတ်ကို လက်ချောင်းမှာ ရစ်ပတ်လိုက်တယ်၊

"ကျွန်တော်တို့ လမ်းလျှောက်နေတာ" ရွန်က အားမနာဘဲ စနိတ်ပ်ကို ပြောတယ်။ "ဒါ တရားဥပဒေ မချိုးဖောက်ပါဘူးနော်"

"ဒါဆို ဆက်လျှောက်" စနိတ်ပ်က ဒေါသနဲ့ အော်ပြောတယ်၊ ဒီ နောက် ခြေလှမ်းကျဲကျဲနဲ့ သူတို့ဘေးက ဖြတ်တက်သွားတယ်၊ ဝတ်ရုံအနက် ရှည်ရှည်ကြီးဟာ သူ့နောက်ဘက်မှာ လွင့်ပါသွားတယ်။ ခါခါရော့ဖ်ဟာလဲ

www.burmeseclassic.com

www.burmeseclassic.com



စနိတ်ပ်နောက်က လိုက်ပြီး ကမန်းကတမ်း ထွက်သွားတယ်။ ဟယ်ရီနဲ့ ရွန် ဆက်လမ်းလျှောက်တယ်။

"ခါခါရော့ဖ် ဘာဖြစ်လို့ ပူပင်သောက ရောက်နေတာလဲ" ရွန်က တိုးတိုးမေးတယ်၊

"သူနဲ့ စနိတ်ပ် ဘယ်တုန်းကစပြီး ပထမနာမည်နဲ့ ခေါ်ကြတာလဲ" ဟယ်ရီက ဖြည်းဖြည်းပြောတယ်။

ဒီအချိန်မှာ သူတို့ဟာ ရောမရိန်းဒီးယားသမင်ရုပ်ထုကြီးရှေ့ ရောက် လာတယ်။ သူတို့ဟာ ကျောက်သမင်ကိုကျော်ပြီး မြင့်မားတဲ့ ရေပန်းရေအိုင် ကို တွေ့ရတယ်။ ရေအိုင်ဟာ ရေတွေ စင်ထွက်ပြီး လက်နေတယ်။ ရော ကြီးမားတဲ့ လူရိပ်နှစ်ခုဟာ ကျောက်ထိုင်ခုံ တန်းလျားတစ်ခုမှာ ထိုင်နေတယ် လရောင်အောက်က စမ်းရေကို ကြည့်နေတယ်။ ဒီနောက် ဟက်ဂရစ် စကား ပြောတာ ဟယ်ရီ ကြားရတယ်။

"ကျုပ် ခင်ဗျားကို မြင်လိုက်တာနဲ့ စိတ်ထဲမှာ နားလည်သွားတယ်" သူက အလွန်ထူးခြားတဲ့ အသံအအနဲ့ ပြောတယ်။

ဟယ်ရီနဲ့ ရွန် ငိုင်သွားတယ်။ ဒီအခြေအနေကို သူတို့ မနှောင့်ယှက် သင့်ဘူးလို့ ထင်တယ် . . . . ဟယ်ရီ ဘေးပတ်လည်ကို ကြည့်တယ်။ လမ်း ကလေးကိုလည်း လှည့်ကြည့်တယ်။ ဖလောအာ-ဒယ်လာခေါ်နဲ့ ရိုဂျာ-ဒေးဗစ် တို့ အနီးကနှင်းဆီပန်းရုံထဲမှာ ပုန်းနေတာ တွေ့ရတယ်။ သူက ရွန့်ကျောက် ပုတ်လိုက်ပြီး ဟိုလူနှစ်ယောက်ကို မေးငေါ့ပြတယ်။ အဓိပ္ပာယ်က သူတို့ အဲ လမ်းက ထွက်သွားလို့ရတယ်။ သူများ သတိပြုမိမှာ မဟုတ်ဘူး (ဟယ်ရီက ဖလောအာနဲ့ ဒေးဗစ်တို့ သိပ်အလုပ်များနေတယ်လို့ ထင်တယ်)။ ဒါပေမယ် ရွန်က ဖလောအာကို မြင်လိုက်တာနဲ့ သိပ်စိုးရိမ်ထိတ်လန့်သွား တယ်။ ခေါင်း တအားခါပြီး ဟယ်ရီ့ကို ဆွဲကာ ရိန်းဒီးယားသမင်ရုပ်နောက်က ပိုပြီးမှော် မည်းတဲ့ အရိပ်ထဲ ဝင်သွားတယ်။

"ရှင် ဘာနားလည်သွားတာလဲ၊ ဟက်ဂရစ်" မဒမ်မက်ဆင်းက မေး တယ်။ သူမရဲ့ အသံနိမ့်နိမ့်ထဲမှာ ဟောဟောသံ ပါနေတယ်။

ဟယ်ရီဟာ တကယ်ပဲ ဆက်နားမထောင်ချင်တော့ဘူး။ ဒီလိုအခြေ အနေထဲမှာ ဟက်ဂရစ်ဟာ သူများခိုးနားထောင်တာကို မုန်းမှာ (မုန်းမှာ သေချာတယ်) —— တကယ်လို့ ဖြစ်နိုင်ရင် သူ လက်နဲ့ နားကိုအုပ်ပြီး ပါးစ



က တအုန်းအုန်းအော်နေမှာ။ ဒါပေမယ့် ဒီလိုလုပ်တာလဲ မသင့်တော်ဘူး။ ဝါနဲ့ သူဟာ ရိန်းဒီးယားကိုယ်ပေါ် တက်နေတဲ့ ပိုးပိတုန်းကို စိတ်ဝင်စားအောင် လုပ်တယ်။ ဒါပေမယ့် ပိုးပိတုန်းက ဒီလောက်ကစားလို့ မကောင်းဘူး။ ဟက် ဂရစ် ဆက်ပြောတဲ့စကားတွေ သူ့နားထဲ ဝင်လာတာပဲ။

"ကျုပ် နားလည်သွားတယ် . . . . ခင်ဗျားနဲ့ ကျုပ်ဟာ အတူတူပဲ။ ခင်ဗျားအဖေလား အမေလား"

"ကျွန်မ —— ကျွန်မ ရှင် ဘာအဓိပ္ပာယ်မှန်း မသိဘူး၊ ဟက်ဂရစ်"

"ကျွန်တော့်အမေ" ဟက်ဂရစ်က သာသာလေးပြောတယ်။ "သူမဟာ အင်္ဂလန်မှာ ကျန်ရှိနေသေးတဲ့ အချို့အတွင်းက တစ်ယောက်။ ဒါပေါ့လေ၊ ကျုပ် သူမကို သိပ်မမှတ်မိတော့ဘူး . . . . သူမ သွားနှင့်ပြီ၊ သိလား။ ကျုပ် သုံးနှစ်အရွယ်လောက်က။ အမှန်အတိုင်းပြောရရင် သူမဟာ မိခင်နဲ့ သိပ်မတူ ဘူး။ အင်း . . . . သူမတို့သဘာဝထဲမှာ မိခင်စိတ်မရှိဘူး၊ ဟုတ်လား။ သူမ နောင်မှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မသိတော့ဘူး . . . . ကျုပ်သိရသ လောက်က သေပြီနဲ့တူတယ် . . . ."

မဒမ်မက်ဆင်းဟာ အသံနည်းနည်းမှ မထွက်ဘူး။ ဟယ်ရီဟာ ဖကြည့် ကို ပိတုံးကောင်ဆီကနေ အလိုအလျောက် ဖယ်လိုက်ပြီး ရိန်းဒီးယားရဲ့ ဂျိုဖောင်း ဖောင်းကို ကျော်ပြီး လှမ်းကြည့်တယ်။ နားထောင်နေတယ် . . . . အရင်က မိမိငယ်ရွယ်စဉ်ဘဝအကြောင်း ဟက်ဂရစ်ပြောပြတာ သူ မကြားဖူးဘူး။

"အမေ သွားပြီးနောက်၊ အဖေ သိပ်ဝမ်းနည်းတယ်။ ကျုပ်အဖေက ပုပုလေး။ ကျုပ် ခြောက်နှစ်သားအရွယ်မှာ သူက ကျုပ်ကို စိတ်ဆိုးအောင် လုပ်ရင် ကျုပ်က သူ့ကို မ,ပြီး အဝတ်ဘီရိုပေါ် တင်ထားတယ်။ အမြဲတမ်းပဲ သူက ဝမ်းသာလို့ တဟားဟားရယ်တယ် . . . ." ဟက်ဂရစ်ရဲ့ အသံနိမ့်နိမ့် ကြီးဟာ ဆို့နင့်လာတယ်။ မဒမ်မက်ဆင်းဟာ နားထောင်နေတယ်။ မလှုပ် မယှက်ပဲ။ ငွေရောင်ရေပန်းအိုင်ကို ငေးကြည့်နေသလိုပဲ။ "အဖေက ကျုပ်ကို ကြီးအောင် မွေးတာ . . . . ဒါပေမယ့်၊ အင်း၊ သူသေသွားပြီ။ ကျုပ် ကျောင်းနေ ပြီး နောက်မှာပဲ။ အဲဒီအချိန်ကစပြီး ကျုပ်လဲ ကိုယ့်ကိုကိုယ် အားကိုးပြီး နေလာ ရတာ။ ဒမ်ဘာလီဒိုးက ကျုပ်ကို အများကြီး ကူညီတယ်။ တကယ်ပါ။ သူ ကျုပ် အပေါ်မှာ အလွန်ကောင်းတယ် . . . ."

ဟက်ဂရစ်ဟာ အစက်ကလေးတွေကို ရိုက်နှိပ်ထားတဲ့ ပိုးလက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ပဝါကြီးတစ်ထည်ကို ထုတ်ပြီး နှာခေါင်းကို ကျယ်လောင်စွာ မှုတ်နေတယ်
"ဒါပါပဲ . . . . ရပြီ . . . . ကျုပ် အခြေအနေပြောပြီးပြီ။ ခင်ဗျ
ကော၊ ခင်ဗျားက ဘယ်ဘက်က အမွေရတာလဲ"

မထင်မှတ်ပဲ မဒမ်မက်ဆင်းဟာ ရုတ်တရက် မတ်တတ်ရပ်လို
တယ်။

"သိပ်အေးတယ်" သူမက ပြောတယ် —— စင်စစ် ရာသီဥတုဘ
လောက်ပဲ အေးအေး၊ သူမရဲ့အသံလောက် ရိုးတွင်းခြင်ဆီခိုက်အောင် မ
ဘူး။ "ကျွန်မ ဝင်သွားချင်ပြီ"

"ဟင် ?" ဟက်ဂရစ်က ဘာမှန်းမသိဘဲ ပြောတယ်။ "ဟင့်အ
ခင်ဗျား မသွားနဲ့၊ ကျုပ် —— ကျုပ်အရင်က တခြားလူနဲ့ မတွေ့ခဲ့ဖူးဘူး"

"တခြားလူ၊ ရှင်ရှင်းရှင်းပြောပါ" မဒမ်မက်ဆင်းက ပြောတယ်
လေသံက အေးစက်နေတာပဲ။

ဟယ်ရီဟာ ဟက်ဂရစ်ကို မဖြေရင်ကောင်းမယ်လို့ ပြောလိုက်ချ
တယ်။ သူဟာ အမှောင်ထဲမှာ ရပ်နေရင်း အံကြိတ်ထားတယ်။ ရင်ထဲမ
မျှော်လင့်ချက်တစ်မျှင် ရှိနေတယ်။ ဟက်ဂရစ် မပြောသင့်တာ မပြောပါစေနဲ့
ဆုတောင်းတယ် —— သို့ပေမယ့် အသုံးမကျဘူး။

"တခြားသွေးနှော ဧရာမလူသားလေ။ ဒါ ပြောစရာ လိုသေးလာ
ဟက်ဂရစ်က ပြောတယ်။

"ရှင် တယ်အတင့်ရဲပါလား" မဒမ်မက်ဆင်းက စူးစူးဝါးဝါးအော
ပြောတယ်။ "ကျွန်မဘဝမှာ ဒီလိုစော်ကားတာမျိုး တစ်ခါမှ မခံရဘူး။ ဧရာ
သွေးနှောလူသား ? ကျွန်မ ? ကျွန်မဟာ —— ကျွန်မဟာ အရိုးအဆစ်ကြ
တာပဲရှိတယ်" သူမအသံဟာ ဆီးနှင်းအချက်ပေးအော်လံလိုပဲ ငြိမ်သက်
ညကောင်းကင်ကို ထိုးခွဲလိုက်တယ်။ ဖလောအာနဲ့ ရိုဂျာတို့ သူ့ကျောဘက်
နှင်းဆီပန်းရုံကနေ ပြေးထွက်လာတာ ဟယ်ရီ ကြားလိုက်တယ်။

မဒမ်မက်ဆင်းဟာ ဒေါသနဲ့ ထွက်သွားတယ်။ တစ်လမ်းလုံး စိ
ဆိုးဆိုးနဲ့ ပန်းရုံတွေကို ဘေးဖယ်ပစ်တာကြောင့် ရောင်စုံနတ်သမီးလေးတွေ
လန့်ပြီး မိုးပေါ်ပျံတက်သွားတယ်။ ဟက်ဂရစ်ဟာ ခုံတန်းရှည်ပေါ် ထိုင်နေဆဲ
သူမကျောဘက်ကို ကြည့်နေတယ်။ မိုးက သိပ်မှောင်နေလို့ သူ့မျက်နှာအ
အရာကို မမြင်ရဘူး။ ဒီနောက် တစ်မိနစ်ခန့်ကြာတော့ သူ မတ်တတ်ရပ်လိုက်



ပြီး ခြေလှမ်းကျဲကျဲ ထွက်ခွာသွားတယ်။ သူဟာ ရဲတိုက်ကို မပြန်ဘဲ မိမိ
အိမ်ကလေးဘက်သို့ ဦးတည်ပြီး အပြင်ဘက်က မှောင်မည်းတဲ့ကွင်းဆီ သွား
တယ်။

"မြန်မြန်လေး" ဟယ်ရီက အသံနိမ့်နိမ့်လေးနဲ့ ရွန်ကို ပြောတယ်။
"ငါတို့ သွားကြစို့ . . . ."

သို့ပေမယ့် ရွန်က မလှုပ်ဘူး။

"ဘယ်လိုလဲ" ဟယ်ရီက သူ့ကိုကြည့်ရင်း မေးတယ်။

ရွန်က ဟယ်ရီ့ကို လှည့်ကြည့်တယ်။ သူ့အမူအရာက အလွန်တည်
ကြည်နေတယ်။

"မင်း အစကသိလား" သူက တိုးတိုးမေးတယ်။ "ဟက်ဂရစ်ဟာ
ဧရာမသွေးနှောလူ"

"မသိဘူး" ဟယ်ရီက ပြောပြီး ပခုံးတွန့်ပြတယ်။ "ဒါ ဘာဖြစ်လဲ"

ရွန် သူ့ကို ကြည့်တဲ့ အကြည့်ထဲကနေ ဟယ်ရီ ချက်ချင်းနားလည်
လိုက်တာက —— သူဟာ မှော်လောကအကြောင်း မသိတာ တစ်ခါ ဗူးပေါ်
သလို ပေါ်လာတာပဲ။ သူဟာ ဒါစလီတို့အိမ်မှာ ကြီးပြင်းလာတယ်။ မှော်
ဆရာတွေ ဒီတိုင်းဖြစ်ရမယ်လို့ နားလည်တဲ့ကိစ္စတွေကို သူ့အဖို့ သစ်ဆန်းတဲ့
တွေ့ရှိချက် ဖြစ်နေတယ်။ ဒါပေမယ့် အချိန်တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်သွား
တာနဲ့အမျှ ဒီလိုထူးဆန်းအံ့ဩရတဲ့ အခြေအနေ ကြာလေနည်းလာလေပဲ။ အခု
သူ ရုတ်တရက် နိုးကြားလာတာကတော့ မှော်ဆရာအများစုဟာ မိတ်ဆွေ
တစ်ယောက်ယောက်ရဲ့ မိခင်ဟာ ဧရာမလူသားဖြစ်တယ်ဆိုတာ တွေ့ရှိတဲ့
အခါမှာ "ဒါ ဘာဖြစ်လဲ"လို့ မမေးတာပဲ။

"အထဲရောက်မှ မင်းကို ရှင်းပြမယ်" ရွန်က တိုးတိုးပြောတယ်။
"သွားစို့ . . . ."

ဖလောအာနဲ့ ရိုဂျာ-ဒေးဗစ် မတွေ့ရတော့ဘူး။ ပိုပြီးလျှို့ဝှက်တဲ့ ချုံထဲ
ဝင်သွားပြီထင်တယ်။ ဟယ်ရီနဲ့ ရွန် ခန်းမထဲ ပြန်ရောက်လာတယ်။ ပါဗာတီနဲ့
ပါတမာဟာ ဗျူစ်ဘာတန်က ကျောင်းသားတစ်အုပ်နဲ့အတူ အဝေးက စားပွဲ
တစ်ခုမှာ ထိုင်နေတယ်။ ဟာမီးဟာ ခရွန်းမ်နဲ့ ကနေပြန်ပြီ။ ဟယ်ရီနဲ့ ရွန်ဟာ
ကဝိုင်းနဲ့ဝေးတဲ့ စားပွဲခုံမှာ ထိုင်လိုက်ကြတယ်။

"ပြောလေ" ဟယ်ရီက ရွန့်ကို တိုက်တွန်းတယ်။ "ဧရာမလူသားဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘာပြဿနာရှိလဲ"

"ဒီလိုပါ၊ သူတို့တစ်တွေ . . . . သူတို့တစ်တွေ . . . ." ရွှန်ဟာ ကုတ်စဉ်းစားပေမယ့် သင့်တော်တဲ့ ဝေါဟာရကို ရှာမရဘူး။ ". . . . အား သိပ် မကောင်းဘူး" သူက အားအင်ချည့်နဲ့စွာ ပြောတယ်။

"ဘယ်သူအရေးလုပ်မှာလဲ" ဟယ်ရီက ပြောတယ်။ "ဟက်ဂရစ် မကောင်းတာ ဘာမှမရှိဘူး"

"ဒါ ငါသိတယ်၊ ဒါပေမယ့် . . . . ဘုရား . . . . ဘုရား၊ ဒါကြော သူ လုံးဝမပြောဘဲနေတာကိုး" ရွှန်ကပြောရင်း ခေါင်းခါတယ်။ "ငါက ငယ်စဉ်က မထင်မှတ်ပဲ ဆိုးဝါးတဲ့ ဖောင်းပွကျိန်စာတို့ဘာတို့ထိလို့ မပြော တာများလားလို့ . . . ."

"သူ့အမေ ရောမလူသားဖြစ်တယ်ထားဦး၊ ဘာများအရေးကြီးလို့လ ဟယ်ရီက ပြောတယ်။

"အင်း . . . . သူ့ကို သိတဲ့လူတိုင်းက အရေးမကြီးဘူးလို့ ထင်တယ အကြောင်းက သူ အန္တရာယ်မပေးဘူးဆိုတာ သူတို့သိလို့" ရွှန်က ဖြည်းဖြ ပြောတယ်။ "ဒါပေမယ့် . . . . ဟယ်ရီ၊ ရောမလူသားဟာ သိပ်ဆိုးဝါးကြမ်းတ တယ်။ ဟက်ဂရစ်ပြောသလိုပဲ။ အဲဒါ သူတို့ရဲ့ သဘာဝသဘော။ သူတို့ဟ ရောမဘီလူးကြီးလို . . . . မွေးကတည်းက လူသတ်ချင်တာ။ ဒါ လူတိုင်း တယ်။ ဒါပေမယ့် အခုအင်္ဂလန်မှာ ရောမလူသား မရှိတော့ဘူး"

"သူတို့ဘယ်ရောက်ကုန်ကြလဲ"

"အော၊ တဖြည်းဖြည်း မျိုးတုံးကုန်တယ်။ အများအပြားကို အော က သတ်လိုက်တယ်။ ဒါပေမယ့် နိုင်ငံခြားမှာ ရောမလူသား ရှိဦးမှာ . . . သူတို့အများစုဟာ တောကြီးတောင်ကြီးထဲမှာ ပုန်းနေတယ် . . . ."

"မက်ဆင်း ဘယ်သူ့ကို လိမ်ချင်မှန်း ငါ မသိဘူး" ဟယ်ရီက ပြောရ မဒမ်မက်ဆင်းတစ်ယောက်တည်း ဒိုင်လူကြီးစားပွဲမှာ ထိုင်နေတာကို ကြည လိုက်တယ်။ သူမဟာ မပျော်မရွှင် ဖြစ်နေပုံပေါ်တယ်။ "တကယ်လို့ ဟက်ဂရ ဟာ သွေးနှောရောမလူသားဖြစ်ရင် သူမလဲ ဒါပဲဖြစ်မှာ။ အရိုးအဆစ်ကြီးတာ . . . . သူမထက် အရိုးအဆစ်ကြီးတာ နဂါးပဲ ရှိတယ်"

ကပွဲရဲ့ ကျန်ရှိတဲ့အချိန်အတွင်းမှာ ဟယ်ရီနဲ့ ရွှန်တို့ဟာ ချောင်ထဲမှ ထိုင်ပြီး ရောမလူသားအကြောင်း ပြောနေတယ်။ ဘယ်သူမှ ကချင်စိတ် မ



ဘူး။ ဟယ်ရီဟာ ချို-ချမ်းနဲ့ စက်ဒရစ် ကတာ မကြည့်မိအောင် မိမိကိုယ်မိမိ ချုပ်ထိန်းထားတယ်။ ဒါက သူ့ကို တစ်ခုခုကို ကန်ချင်စိတ် ပြင်းပြင်းထန်ထန် ပေါ်လာစေတယ်။

ညသန်းခေါင် ဆယ့်နှစ်နာရီမှာ ထူးဆန်းညီအစ်မ အတီးအမှုတ် ရပ်လိုက်တယ်။ အများက သူမတို့ကို နောက်ဆုံးတစ်ကြိမ် လှိုက်လှဲတဲ့ လက်ခုပ် ဩဘာပေးကြတယ်။ ဒီနောက် တံခါးခန်းဆီ ထွက်ခွာသွားကြတယ်။ လူအများ ဟာ ကပွဲ နည်းနည်းအချိန်ကြာစေချင်တယ်။ ဒါပေမယ့် ဟယ်ရီကတော့ ပြန် အိပ်ရတာ သိပ်ကျေနပ်တယ်။ သူ့အဖို့ ဒီညဟာ သိပ်မပျော်မရွှင်တဲ့ညပဲ။

ခန်းမကထွက်ပြီး တံခါးခန်းထဲ ဝင်လိုက်တော့ ဟယ်ရီနဲ့ ရွှန်ဟာ ဟာမီး ခရွန်းမ်နဲ့ နှုတ်ဆက်နေတာ တွေ့ရတယ်။ ဒီနောက် ခရွန်းမ်ဟာ ဒမ်စထ ရန်လှေကြီးပေါ် ပြန်သွားတယ်။ ဟာမီးက ရွှန်ကို အေးစက်စက်ကြည့်လိုက်ပြီး စကားတစ်ခွန်းမှ မပြောဘဲ သူတို့နဲ့ ယှဉ်ဖြတ်သွားကာ မာဘော်ကျောက်လှေ ကားပေါ် တက်သွားတယ်။ ဟယ်ရီနဲ့ ရွှန်က သူမနောက်က လိုက်တယ်။ ဒါပေ မယ့် လှေကားတစ်ဝက်ပဲ တက်ရသေးတယ်။ သူ့ကို ခေါ်သံ ဟယ်ရီ ကြား ရတယ်။

"ဟေး၊ ဟယ်ရီ"

အဲဒါ စက်ဒရစ်-ဒစ်ဂိုရီ။ ချို-ချမ်းဟာ အောက်ဘက်တံခါးခန်းထဲမှာ သူ့ကို စောင့်နေတာ ဟယ်ရီ မြင်ရတယ်။

"ဘယ်လိုလဲ" ဟယ်ရီက အေးစက်စက်မေးတယ်။ စက်ဒရစ်က လှေကားက တက်လာပြီး သူ့ဆီ ပြေးလာတယ်။

စက်ဒရစ်ကြည့်ရတာ ရွှန့်ရှေ့မှာ ပြောလို့မကောင်းသလို ဖြစ်နေ တယ်။ ရွှန်က ပခုံးတွန့်ပြပြီး အလွန်မကြိုက်တဲ့ပုံ ပေါ်နေတယ်။ လှေကား ပေါ်သို့ ဆက်တက်သွားတယ်။

"နားထောင် . . ." ရွှန် ဝေးသွားတော့မှ စက်ဒရစ်က အသံနှိမ့်ပြီး ပြောတယ်။ "မင်း ငါ့ကို နဂါးကြီးအကြောင်း ပြောပြတယ်။ ငါ မင်းကို ပေးဆပ် ရမယ်။ မင်း ဟိုရွှေဥကို သိပြီလား။ မင်း ရွှေဥကို ဖွင့်တဲ့အခါမှာ ၎င်းက တအော အော်သလား"

"ဟုတ်တယ်လေ" ဟယ်ရီက ပြောတယ်။

"ဒါဆို ကောင်းပြီ . . . . ရေသွားချိုး၊ နားလည်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ?"

"ရေချိုးလိုက်၊ ပြီးတော့ —— အင်း —— ရွှေဥယူသွား၊ ဒီနော
—— အင်း —— ရေနွေးထဲမှာ သေချာစဉ်းစား။ ဒင်းက မင်းကို တွေးခေါ်ရာမှ ကူညီလိမ့်မယ် . . . . ငါ့စကားကို ယုံပါ"

ဟယ်ရီက နားမလည်ဘဲ သူ့ကို ကြည့်နေတယ်။

"ငါ ပြောတာနားထောင်" စက်ဒရစ်က ပြောတယ်။ "အလွန်ရှည်ေ သန့်စင်ခန်းကို သုံး၊ ခြောက်လွှာ၊ စိတ်ရှုပ်ထွေးတဲ့ ဘိုးရစ်ရုပ်ထုဘယ်ဘ စတုတ္ထတံခါး။ စကားဝှက်က "လတ်ဆတ်တဲ့နာနတ်သီး"။ ငါ သွားရတော့မ . . . . ငါ့ကို မင်္ဂလာညချမ်းလို့ ပြောမလား ——"

သူဟာ ဟယ်ရီကို ရယ်ပြပြီး လှေကားက မြန်မြန်ဆင်းကာ ချို-ချမ် ဆီ သွားတယ်။

ဟယ်ရီဟာ တစ်ယောက်တည်း ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်ခဲ့တယ် အဲဒါဟာ သိပ်ထူးဆန်းတဲ့ သတိပေးချက်ပဲ။ ရေချိုးတာနဲ့ အဲဟို စွတ်အော်ေ တဲ့ ရွှေဥဟာ ဘာအဓိပ္ပာယ်လဲဆိုတာ သိမယ်တဲ့လား။ စက်ဒရစ် သူ့ကို ကျီစ နေတာလား။ သူက ဟယ်ရီကို အရှက်ကွဲစေချင်တယ်။ ဒါမှ နှိုင်းယှဉ်လိုက်ရ ချို-ချမ်းက သူ့ကို ပိုနှစ်သက်မှာပေါ့။

မိန်းမဝဝကြီးနဲ့ သူမရဲ့မိတ်ဆွေ ဗိုင်အိုလက်ဟာ အရုပ်ကားကျင်း က ဘောင်ထဲမှာ တခေါ်ခေါ်အိပ်ပျော်နေတယ်။ ဟယ်ရီဟာ မတတ်သာဘ "နတ်အလင်းရောင်"လို့ ကုန်းအော်ရတယ်။ ဒါမှ သူမတို့ နိုးတော့တယ်။ သူမ တို့ဟာ လန့်နိုးပြီး အလွန်စိတ်ဆိုးကြတယ်။ ဟယ်ရီ အများနားနေခန်းထဲ ဝင်လိုက်တော့ ရွှန်နဲ့ ဟာမီးဟာ လှုလှုကြီးရန်ဖြစ်နေကြတာ တွေ့ရတယ်။ သူတို့ဟာ ဆယ်လှမ်းလောက်အကွာအဝေးမှာ မျက်နှာချင်းဆိုင် ရပ်နေတယ်။ အပြန်အလှန် အော်ဟစ်နေတယ်။ နှစ်ယောက်စလုံး မျက်နှာတွေ နီနေတယ်။

"ငါပြောတယ်၊ တကယ်လို့ နင် ဒီလိုမဖြစ်ချင်ရင် ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ နင်သိတယ်၊ ဟုတ်လား" ဟာမီးက အော်ပြော တယ်။ သူမဆံပင်ဟာ ကြွေခြေရတဲ့ ဆံထုံးကနေ ပြန့်ကျလာပြီ။ သူမမျက်နှာ ဟာ ဒေါသကြောင့် တွန့်လိမ်နေတယ်။

"အော၊ ဟုတ်လား" ရွှန်ကလည်း သူမကို အော်ပြောတယ်။ "ဘယ်လို ဖြေရှင်းမလဲ"



"နောက်တစ်ကြိမ် ကပွဲရှိရင် သူများရှေ့ကနေ ငါ့ကို ဖိတ်။ မတတ် နိုင်တော့မှ ငါ့ကို သတိမရနဲ့"

ရွှန့်ပါးစပ် လှုပ်နေတယ်။ အသံတော့ ထွက်မလာဘူး။ ရေထဲက ထွက်လာတဲ့ ရွှေငါးလိုပဲ။ ဒီအချိန်မှာ ဟာမီး ဆတ်ခနဲလှည့်လိုက်ပြီး ကျောင်းသူ အိပ်ဆောင် လှေကားကို စိတ်ဆိုးဆိုးနဲ့ တက်သွားပြီး အိပ်ဖို့ပြန်သွားတယ်။ ရွှန်က ဟယ်ရီ့ကို လှည့်ကြည့်နေတယ်။

"မင်းကြည့်စမ်း" သူက အထစ်အထစ်နဲ့ ပြောတယ်။ လုံးဝငိုင်သွား သလိုပဲ။ "မင်းကြည့်စမ်း —— ဒါ ဘာအကြောင်းပြချက်လဲ —— ပြဿနာရဲ့ ဇစ်မြစ်ကို လုံးဝမရောက်ဘူး ——"

ဟယ်ရီ ဘာမှမပြောဘူး။ အခု သူနဲ့ ရွှန် စကားပြောတာကို သူ သိပ်တန်ဖိုးထားတယ်။ ဒါကြောင့် သူဟာ သတိနဲ့ ငြိမ်နေတယ်။ မိမိအမြင်ကို ပြောမထုတ်ဘူး —— စင်စစ်မှာ ရွှန်နဲ့စာရင် ဟာမီးကမှ ပြဿနာရဲ့ ဇစ်မြစ် ကို တိကျစွာ ဆုပ်ကိုင်နိုင်တယ်လို့ သူထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ ရီထာ-စကီးထာရဲ့ သတင်းဦး

ခရစ္စမတ်စ်ရဲ့ နောက်ရက်မှာ အားလုံး အိပ်ရာထ နောက်ကျ
တယ်။ ဂရစ်ဖင်းဒေါ် အများနားနေခန်းထဲမှာ ရှေ့ကရက်တွေထက် အမျ
ကြီး ငြိမ်သက်သွားပြီ။ လူတွေဟာ ပျင်းပျင်းရိရိ စကားပြောကြတယ်။ မ
ခဏ သမ်းဝေတဲ့အသံကြောင့် စကားပြတ်သွားတတ်တယ်။ ဟာမီးဆံပင်ဟ
ပွယောင်းယောင်း ပြန်ဖြစ်လာပြန်ပြီ။ သူမက ဟယ်ရီ့ကို အမှန်အတိုင်း ပြေ
ပြတယ်။ သူမဟာ ကပွဲသွားဖို့အတွက် ဆံပင်ကို အလျင်အမြန်ဆံပင်ချော
အများကြီး ဖျန်းထားတယ်။ "ဒါပေမယ့် နေ့တိုင်း ဒီလိုလုပ်ရတာ သိပ်အလ
ရှုပ်တယ်" သူမက လက်တွေ့ကျကျ ပြောတယ်။ ခရွတ်ရှန်ရဲ့ နားရွက်ရင်း
လည်း ကုတ်ပေးနေတယ်။ ကြောင်က အရသာရှိလို့ တအီးအီးအော်နေတယ
ရွန်နဲ့ ဟာမီးဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူ
သလိုပဲ။ သူတို့ရန်ဖြစ်တဲ့ကိစ္စကို လုံးဝမပြောဘူး။ အခု သူတို့ အပြန်အလ
ချစ်ချစ်ခင်ခင် ရှိကြတယ်။ ဒါပေမယ့် သိပ်တော့ သဘာဝမကျဘူး။ ရွ
ဟယ်ရီဟာ သူတို့ ခိုးနားထောင်လို့ရတဲ့ မဒမ်မက်ဆင်းနဲ့ ဟက်ဂရစ်အက



စကားပြောတဲ့အကြောင်းကို ဟာမီးကို ချက်ချင်းပြောပြလိုက်တယ်။ ဒါပေမယ့် ဟာမီးဟာ ရွန့်လို ဟက်ဂရစ်ဟာ သွေးနှောဇရာမလူသားဖြစ်တဲ့သတင်းကို ကြောက်စရာလို့ မထင်ဘူး။

"စင်စစ် ငါ အစောကြီးကတည်းက သူဟာ ဇရာမလူသားလို့ ထင်မှတ်ပြီးသား" သူမကပြောရင်း ပခုံးတွန့်လိုက်တယ်။ "သူဟာ ဇရာမလူသား စစ်စစ် မဟုတ်နိုင်ဘူးဆိုတာ ငါ သိတယ်။ အကြောင်းက အစစ်ဆိုတာ ပေ နှစ်ဆယ်ခန့်မြင့်တာ။ ဒါပေမယ့် အမှန်ပြောရရင် ငါတို့ ဇရာမလူသားအတွက် ဒီလောက်အာရုံမထွေပြားစေချင်ဘူး။ သူတို့ဟာ အားလုံး ဒီလောက်ကြောက်ဖို့ မကောင်းပါဘူး . . . . ဒါဟာ တစ်ဖက်သတ် အမြင်မှားကာပဲ။ လူတွေက ဝံပုလွေလူသားပေါ်ထားတဲ့ သဘောထားလိုပေါ့ . . . . ဒါဟာ ရှေ့ကလူတွေရဲ့ ဘက်လိုက်အမြင်မှုသာဖြစ်တယ်၊ မဟုတ်ဘူးလား"

ရွန့်ကြည့်ရတာ စကားတချို့နဲ့ ဟာမီးကို ပြန်ချေပချင်ပုံရတယ်။ ဒါပေမယ့် နောက်ထပ် ရန်မဖြစ်ချင်လို့နဲ့တူတယ်၊ ဟာမီး သတိမပြုမိတဲ့အခါ မှာ ဒီလိုမထင်ဘူးဆိုတဲ့ပုံနဲ့ ခေါင်းခါလိုက်တယ်။

ကျောင်းပိတ်တဲ့ ပထမပတ်မှာ သူတို့ ကစားဖို့ပဲ သိတယ်။ အခု အိမ်စာကို ထည့်စဉ်းစားရတော့မယ်။ ခရစ္စမတ်စ်လွန်သွားတော့ အားလုံး စိတ်ငြိမ်သွားသလိုပဲ —— ဟယ်ရီပဲ ဒီလိုမဟုတ်ဘူး။ သူဟာ (နောက်တစ်ကြိမ်) စိတ်လှုပ်ရှားတင်းကျပ်တယ်လို့ ခံစားရပြန်ပြီ။

ခက်တာက ခရစ္စမတ်စ်လွန်သွားတာနဲ့ ဖေဖော်ဝါရီလ ၂၄ ရက်ဟာ နီးကပ်လာပြီလို့ ထင်ရတယ်။ သူ့မှာတော့ ရွှေဥထဲမှာ ဝှက်ထားတဲ့ သဲလွန်စဟာ ဘာလဲဆိုတာကို သေချာမစဉ်းစားရသေးဘူး။ ဒါကြောင့် သူဟာ အိပ်ဆောင်ကို ပြန်ရောက်တာနဲ့ သေတ္တာထဲကနေ အဲဒီ ရွှေဥကို ယူထုတ်ပြီး သေချာဖွင့်နားထောင်တယ်။ အတွင်းက လျှို့ဝှက်ချက်ကိုသိဖို့ လုပ်တယ်။ သူဟာ ဒီအသံက သူ့ကို ဂီတလွှ အလက်သုံးဆယ်ကို သတိရစေတာအပြင် တခြား ဘာများစဉ်းစားလို့ ရမလဲဆိုတာ အတင်းတွေးတောတယ်။ ဒါပေမယ့် သူ ဘာမှ တွေးလို့မရဘူး။ သူ အရင်က ဒီလိုအသံကို ဘယ်တုန်းကမှ မကြားဖူးဘူး။ သူဟာ ရွှေဥကို ပိတ်လိုက်ပြီး တအားလှုပ်တယ်။ ပြီးတော့ တစ်ခါ ပြန်ဖွင့်တယ်။ အသံအပြောင်းအလဲရှိမလား ကြည့်တယ်။ မရှိဘူး။ ဒီအတိုင်းပဲ။ သူဟာ ရွှေဥကို မေးခွန်းစမ်းမေးကြည့်သေးတယ်။ ဒါပေမယ့် ငိုယိုသံထဲမှာ

www.burmeseclassic.com



အာမြပြီး အော်မေးတယ်။ ဒါပေမယ့် ဘာမှမရဘူး။ သူဟာ ရွှေဥကို အခန်း
တစ်ဖက်ဆီ ပစ်လိုက်တယ် —— သူကိုယ်နှိုက်လည်း ဒီလိုလုပ်လို့ အကျိုး
ရှိမယ်မထင်ဘူး။

ဟယ်ရီဟာ စက်ဒရစ် သူ့ကိုပြောပြတဲ့နည်းကို မမေ့သေးဘူး။ ဒါပေ
မယ့် အခု သူဟာ စက်ဒရစ်အပေါ်မှာ သိပ်ကောင်းတဲ့ခံစားချက် မရှိဘူး။
ဒါကြောင့် ကိုယ့်မှာ နည်းနာအနည်းငယ်ရှိရင် စက်ဒရစ်အကူအညီကို မလို
ချင်ဘူး။ ပြီးတော့ ဟယ်ရီ့အနေနဲ့ တကယ်လို့ စက်ဒရစ်ဟာ သူ့ကို တကယ်
ကူညီချင်တယ်ဆိုရင် ဒါ့ထက်ရှင်းအောင် ပြောသင့်တယ်လို့ သူထင်တယ်။
မိမိဟာ ထိုစဉ်က စက်ဒရစ်ကို ပထမကဏ္ဍဟာ ဘာလဲဆိုတာ ရှင်းရှင်းပြော
တာပဲ —— စက်ဒရစ်ဘက်က တရားမျှတစွာ အလဲအလှယ်အနေနဲ့ ပေးတာကို
ရေချိုးဖို့တဲ့။ ဟင်း၊ ဟယ်ရီဟာ ဒီလို ဘာတန်ဖိုးမှမရှိတဲ့ အကူအညီကို မလို
ချင်ဘူး —— ပြီးတော့လည်း မိမိကို ဒီလို အကူအညီပေးတဲ့လူဟာ တစ်နေ့လုံး
ချို-ချမ်းနဲ့ လက်ချင်းချိတ်ပြီး လျှောက်သွားနေတယ်။ ဒါကြောင့် ကျောင်း
စဖွင့်တဲ့ ပထမရက်မှာ ဟယ်ရီ ကျောင်းသွားတက်တော့ ခါတိုင်းလို စာအုပ်
သိုးရေစက္ကူနဲ့ ငှက်မွေးကလောင်တွေကို လွယ်သွားတာတင်မကဘူး၊ မိမိ
ရွှေဥကို ကိုယ်နဲ့အပါ ယူဆောင်လာသလိုပဲ၊ ရွှေဥရဲ့ လေးပင်တဲ့ဖိအားကိုလည်း
ခံစားရတယ်။

ကွင်းထဲမှာ ဆီးနှင်းတွေထူထူကြီး ဖုံးလွှမ်းနေတုန်းပဲ။ အနွေးခန်းရဲ့
ပြတင်းပေါ်မှာ သေးသေးစိတ်စိတ် ရေငွေ့လေးတွေ တွယ်ကပ်နေတယ်။ သူတို့
မှော်ဆေးပင်ပညာအတန်းတက်တဲ့အခါမှာ ပြတင်းအပြင်က အခြေအနေကို
မမြင်ရဘူး။ ဒီလိုရာသီဥတုထဲမှာ ဘယ်သူမှ ထူးဆန်းသတ္တဝါကာကွယ်ရေး
အတတ်ကို သွားမတက်ချင်ဘူး။ ရွှန်က မီးပန်းပိုးကောင်ကြောင့် သူတို့နွေးထွေး
လာနိုင်တယ်လို့ ပြောပေမယ့် ၎င်းတို့က ကျောင်းသားတွေကို လိုက်လို့ လျှောက်
ပြေးရလိမ့်မယ်။ ဒါမှမဟုတ် မီးပွင့်တွေ အများကြီး ဖောက်ခွဲတဲ့အတွက် ဟက်
ဂရစ်အိမ်လေး မီးထလောင်လိမ့်မယ်။

သို့ပေမယ့် သူတို့ ဟက်ဂရစ်အိမ်ကလေးကို မြင်ရတော့ အဝမှာ
အသက်ကြီးတဲ့ မှော်ဆရာမတစ်ယောက် ရပ်နေတာတွေ့ရတယ်။ သူမရဲ့ ပြ
မွဲမွဲဆံပင်ကို တိုတိုညှပ်ပြီး မေးစေ့က ရှေ့ကို စွန်းထွက်နေတယ်။

"မြန်မြန်လုပ်၊ မြန်မြန်လုပ်၊ ကျောင်းတက်ခေါင်းလောင်းထိုးတာ



ငါးမိနစ်ရှိသွားပြီ" သူမက သူတို့ကို အော်ပြောတယ်။ သူတို့ဟာ နှင်းတောထဲမှာ
နိမ့်ချည်မြင့်ချည်နဲ့ သူမဆီ လျှောက်သွားတယ်။

"သင်ဘယ်သူလဲ" ရွှန်က သူမကို ကြည့်ပြီးပြောတယ်။ "ဟက်ဂရစ်
ကော"

"ကိုယ်က ပါမောက္ခဂရပ်ဘလီ-ဖလန့်ခ်" သူမက ပြတ်ပြတ်ရှင်းရှင်း
ပြောတယ်။ "မင်းတို့ရဲ့ ထူးဆန်းသတ္တဝါကာကွယ်တဲ့ အတတ်ဘာသာရပ်ရဲ့
ယာယီအစားထိုးတဲ့ ဆရာ"

"ဟက်ဂရစ် ဘယ်ရောက်သွားလဲ" ဟယ်ရီက အကျယ်ကြီး မေး
လိုက်တယ်။

"သူ နေလို့မကောင်းဘူး" ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်က တိုတိုပဲ
ပြောတယ်။

ဟယ်ရီဟာ စိတ်ကောင်းမရှိတဲ့ ပေါ့ပြက်ပြက်ရယ်သံ ကြားလိုက်ရ
တယ်။ သူ လှည့်ကြည့်လိုက်တော့ မွှာခို-မော်ဖိုင်နဲ့ စလေးသရင်းက တခြား
ကျောင်းသားတွေ လျှောက်လာတာတွေ့ရတယ်။ သူတို့အားလုံး ဝမ်းသာအားရ
ဖြစ်နေကြပြီး၊ ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ကို တွေ့တော့လည်း ဘယ်သူမှ
အံ့ဩပုံဖော်မပြဘူး။

"အားလုံး ဒီကလာကြ" ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်က ပြောတယ်။
ယာယီမြင်းဇောင်းကို ကွေ့ပတ်ပြီး အဝေးဆီကို သွားတယ်။ မြင်းဇောင်းထဲက
ဗျစ်ဘာတန်မြင်းတွေ ချမ်းလို့တုန်နေတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ သူမ
နောက်က လိုက်သွားတယ်။ သွားရင်း ဟက်ဂရစ်ရဲ့ အိမ်လေးကို ပြန်လှည့်
ကြည့်ကြတယ်။ ပြတင်းလိုက်ကာအားလုံး ချထားတယ်။ ဟက်ဂရစ် အဲထဲမှာ
ရှိမလား။ ဖျားနေပြီး အထီးကျန် ဖြစ်နေမလား။

"ဟက်ဂရစ် ဘာဖြစ်လဲ" ဟယ်ရီက ခပ်သုတ်သုတ်မီအောင်လိုက်ပြီး
ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ကို မေးတယ်။

"မင်းနဲ့မဆိုင်ဘူး" သူမက ပြောတယ်။ သူ့ကို မဆိုင်တာ သိပ်ပါတယ်
ထင်နေသလိုပဲ။

"ကျွန်တော်နဲ့ဆိုင်တယ်" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်။ "သူ
ဘာများဖြစ်လို့လဲ"

ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ဟာ သူ့စကားကို မကြားသလိုနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူမဟာ သူတို့ကို ဦးဆောင်ပြီး မြင်းဇောင်းကို ဖြတ်တယ်။ ဟိုရောမ ဖျစ်ဘာတန်မြင်းကြီးတွေ အထဲမှာ ရပ်နေတယ်။ အချင်းချင်း ပူးကပ်ပြီး အအေး ဓာတ်ကို ခုခံနေတယ်။ သူတို့ဟာ တားမြစ်သစ်တောဘေးက သစ်ပင်ကြီးတစ်ပင် ဆီ လျှောက်သွားတယ်။ သစ်ပင်မှာ လှပတဲ့ ဂျိုတစ်ဂျိုသတ္တဝါတစ်ကောင် ချည်ထားတယ်။

ကျောင်းသူအများအပြားဟာ ဂျိုတစ်ဂျိုသတ္တဝါကို မြင်တာနဲ့ စုတ် တသပ်သပ် အံ့သြနေတယ်။

"အိုး၊ တကယ့်ကို သိပ်လှတာပဲ" လာဗင်ဒါ-ဘရောင်းက ပြောတယ်။ "သူမ ဘယ်ကရလာတာလဲ။ ဂျိုတစ်ဂျိုသတ္တဝါကို ဖမ်းရမလွယ်ဘူးလို့ ကြား တယ်"

အဲဒီဂျိုတစ်ဂျိုသတ္တဝါဟာ မျက်စိစူးအောင် ဖြူတယ်။ ယှဉ်လိုက်တော့ ဘေးက နှင်းဖွေးဖွေးတွေတောင် မွဲသွားသလိုပဲ။ ၎င်းဟာ အနေရကြပ်ပြီး ရွှေရောင်ခွာနဲ့ မြေကြီးကို ပေါက်နေတယ်။ မိမိရဲ့ ဂျိုပါတဲ့ခေါင်းကို မော့ထား တယ်။

"ကျောင်းသားတွေ နောက်ဆုတ်" ပါမောက္ခ ဂရပ်ဘလီ-ဖရန့်ခ်က အကျယ်ကြီးအော်ပြောတယ်။ လက်တစ်ဖက်ကို မြှောက်ပြီး ဟယ်ရီ့ရင်ဝက တအားရိုက်ချလိုက်တယ်။ "ဂျိုတစ်ဂျိုသတ္တဝါဟာ အမျိုးသမီးပွတ်သပ်တာ နှစ်သက်တယ်။ ကျောင်းသူတွေရှေ့မှာ ရပ်၊ သတိနဲ့ ကပ်သွား။ လာ . . . စိတ် လျှော့ထား . . . ."

သူမဟာ ကျောင်းသူတွေနဲ့အတူ ဂျိုတစ်ဂျိုတိရစ္ဆာန်ဆီ ဖြည်းဖြည်း ချင်း ကပ်သွားတယ်။ ကျောင်းသားတွေကတော့ မြင်းဇောင်းခြံစည်းရိုးနားမှာ ကျန်ရစ်တယ်။ အဲဒီနေရာမှာရပ်ပြီး သူမတို့ကို ကြည့်နေတယ်။ ပါမောက္ခ ဂရပ်ဘလီ-ဖရန့်ခ်သွားတာ သူတို့စကားသံ မကြားရတော့တဲ့အခါမှာ ဟယ်ရီ က ရွန့်ကို ပြောတယ်။

"သူ ဘာပြဿနာပေါ်တယ်လို့ မင်းထင်လဲ၊ မီးပန်းပိုးကောင်တွေ ကောင်ကများ ——"

"အော၊ ပေါ်တာ၊ မင်း ဒါကို စိုးရိမ်တယ်ဆိုရင် ငါ မင်းကို ပြော မယ်။ သူ အတိုက်အခိုက်မခံရဘူး" မော်ဖိုင်က တိုးတိုးပြောတယ်။ "မခံရ သူဟာ သိပ်ရှက်နေလို့ သူ့အရုပ်ဆိုးတဲ့ မျက်နှာကြီးကို လူမြင်မှာစိုးလို့ပဲ"



"မင်း ဒါဘာအဓိပ္ပာယ်လဲ" ဟယ်ရီက အော်မေးတယ်။

မော်ဖိုင်က လက်ကို ဝတ်ရုံရှည်အိတ်ကပ်ထဲ ထည့်ပြီး ခေါက်ထားတဲ့ သတင်းစာတစ်စောင် ယူထုတ်လိုက်တယ်။

"မင်းဖတ်သာကြည့်" သူက ပြောတယ်။ "မင်းကို ဒီသတင်းမပေးချင် ပါဘူး၊ ပေါ်တာ . . . ."

သူဟာ ကျေနပ်စွာ ရယ်နေတယ်။ ဟယ်ရီက သတင်းစာကို ဆွဲယူ ပြီး ဖြန့်လိုက်တယ်။ ရွန်၊ စီးမတ်စ်၊ ဒင်းနဲ့ နီဗီးတို့လည်း ဝိုင်းအုံလာပြီး သူနဲ့ အတူ ကြည့်ကြတယ်။ အဲဒါ ဆောင်းပါးတစ်ပုဒ်။ အပေါ်မှာ ဟက်ဂရစ်ဓာတ်ပုံ ပါတယ်။ သူ့အမူအရာဟာ ခိုးချောင်ခိုးဝှက်လိုပဲ။

## ဒမ်ဘလီဒိုးရဲ့ မဟာအမှား

ကျွန်ုပ်တို့ရဲ့ အထူးသတင်းထောက် ရီထာ-စကီးထာရဲ့ သတင်းပေးပို့ ချက်အရ ဟော့ဂ်ဝပ် မှော်ပညာသင်ကျောင်းက ကြောင်တောင်တောင် ကျောင်း အုပ်ဆရာကြီးဖြစ်တဲ့ အောဘတ်စ်-ဒမ်ဘလီဒိုးဟာ အငြင်းပွားဖွယ်ဆရာတွေ ကို တစ်လျှောက်လုံး ခန့်အပ်လေ့ရှိတယ်။ ဒီနှစ် စက်တင်ဘာလတုန်းက သူက အလတ်စတာ "အရူးမျက်လုံး" မူးဒီကို မှော်နက်ပညာ ခုခံကာကွယ်ရေးဆရာ အဖြစ် ခန့်အပ်လိုက်တယ်။ ဒီဆုံးဖြတ်ချက်ဟာ မှော်ဝန်ကြီးဌာနက လူအများကို တုန်လှုပ်သွားစေတယ်။ မူးဒီဟာ မကောင်းသတင်းကျော်ကြားတဲ့ ဆိုးဝါးရက်စက် သူ။ အရင်က အောရာဖြစ်ခဲ့ဖူးတယ်။ အများသိတဲ့အတိုင်းပါပဲ။ သူ့ရှေ့မှာ ရုတ်တရက် လှုပ်ရှားတဲ့လူရှိရင် သူက ချက်ချင်းတိုက်ခိုက်တော့တာပဲ။ ဒါပေ မယ့် ဒမ်ဘလီဒိုးက ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်ကို သင်ဖို့ ငှားထားတဲ့ လူတစ်ပိုင်း သရဲတစ်ပိုင်းနဲ့စာရင်တော့ အရူးမျက်လုံးဟာ တာဝန်သိစိတ်ရှိပြီး သဘောကောင်းတယ်လို့ ဆိုရမယ်။

ရူးဘတ်စ်-ဟက်ဂရစ် ဝန်ခံတာကတော့ သူဟာ တတိယနှစ်မှာ ဟော့ဂ်ဝပ်က အထုတ်ခံရတယ်။ အဲဒီအချိန်ကစပြီး ကျောင်း တောလိုက်ကွင်း အစောင့် လုပ်ခဲ့တယ်။ ဒါက သူ့အတွက် ဒမ်ဘလီဒိုးကပေးတဲ့ အလုပ်။ မနှစ် ကတော့ ဟက်ဂရစ်ဟာ ကျောင်းအုပ်ဆရာကြီးကို လှို့ဝှက်စွာ ဂယက်ရိုက်အောင် လုပ်ခဲ့တယ်။ သူ့ထက်ပိုပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့သူတွေကြားမှ အနိုင်ရသွားပြီး မိမိအတွက် ထူးဆန်းသတ္တဝါကာကွယ်တဲ့ အတတ်ဆရာဆိုတဲ့ နေရာကို ရခဲ့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဂရစ်ဟာ ကိုယ်ခန္ဓာအလွန်ကြီးမားပြီး ရုပ်ရည်ခက်ထန်တဲ့လူ ဖြစ်တယ်။ သူဟာ မိမိ ခုမှရရှိတဲ့ အခွင့်အာဏာကို အလွဲသုံးစားလုပ်ပြီး ကြောက်စရာသတ္တဝါအမျိုးမျိုးကို ယူဆောင်လာကာ သူတာဝန်ယူရတဲ့ ကျောင်းသားတွေကို ခြိမ်းခြောက်တယ်။ လူအများက 'အလွန်ကြောက်စရာကောင်း'တဲ့ စာသင်ချိန် တသီတတန်းကြီးထဲမှာ ဟက်ဂရစ်ကြောင့် ကျောင်းသားတချို့ ဒဏ်ရာရ၊ ဒုက္ခိတဖြစ်သွားရတယ်။ ဒါပေမယ့် ဒမ်ဘာလီဒိုးကတော့ ဒါကို မမြင် ချင်ယောင်ဆောင်နေတယ်။

"ကျွန်တော် ဟစ်ပိုဂရစ်ဖ်တစ်ကောင် တိုက်ခိုက်တာ ခံရတယ်။ ကျွန် တော့်မိတ်ဆွေ ဗင်းဆင့်-ခရပ်ဟာ ဖလိုဘာပိုးကောင် ကိုက်ခံရတယ်"လို့ ဖွာခို မော်ဖိုင်လို့ခေါ်တဲ့ စတုတ္ထနှစ်ကျောင်းသားက ပြောတယ်။ "ကျွန်တော်တို့အားလုံး ဟက်ဂရစ်ကို မုန်းတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး ပြောရမှာ သိပ် ကြောက်တယ်"

သို့ပေမယ့် ဟက်ဂရစ်ဟာ ၎င်းရဲ့ ကြောက်စရာအပြုအမူကို ရပ်တန့်ဖို့ က မရပ်လိုဘူး။ လွန်ခဲ့တဲ့လက 'ကြို့ပြောဆရာများနေ့စဉ်'သတင်းထောက်နဲ့ စကားပြောရာမှာ မိမိ "မီးပန်းပိုးကောင်"လို့ခေါ်တဲ့ သတ္တဝါကို ပြုစုပျိုးထောင် တယ်လို့ ဝန်ခံတယ်။ ဒီလိုသတ္တဝါဟာ လူခေါင်း၊ ခြသေ့ံကိုယ်၊ နဂါးအမြီး တီရစ္ဆာန်နဲ့ မီးဂဏန်းတို့အကြားမှာရှိတဲ့ အလွန်အန္တရာယ်ရှိတဲ့ အကောင်ဖြစ် တယ်။ မှော်သတ္တဝါအသစ်ကို ပျိုးထောင်တဲ့လုပ်ရပ်ဟာ အစဉ်အလာအားဖြင့် မှော်ဝန်ကြီးဌာန ထူးဆန်းသတ္တဝါ ထိန်းသိမ်းချုပ်ကိုင်ရေး ဌာနခွဲက တင်းတင်း ကြပ်ကြပ် စောင့်ကြည့်ခံရမှာဖြစ်တယ်။ ဒါပေမယ့် ဟက်ဂရစ်ဟာ ဒီလိုရှုပ်ထွေး တဲ့ စည်းတွေဘောင်တွေကို သူ ကျော်လွန်နိုင်တယ်လို့ ထင်တယ်။

"ကျုပ်က သိပ်ပျော်စရာကောင်းတယ်လို့ ထင်တာပါ" သူက ပြော တယ်။ ဒီနောက် စကားကို ကမန်းကတမ်း ပြောင်းပစ်လိုက်တယ်။

ဒါနဲ့တင် မကသေးဘူး၊ 'ကြို့ပြောဆရာများနေ့စဉ်'ဟာ ခုတလောမှာ သက်သေအထောက်အထားတွေ ရှိတာကတော့ ဟက်ဂရစ်ဟာ ၎င်းတစ်လျှောက် လုံး ဟန်ဆောင်လာသလို မျိုးရိုးသန့်စင်တဲ့ မှော်ဆရာမဟုတ်ဘူး။ စင်စစ်မှာ ၎င်းဟာ မျိုးရိုးသန့်စင်တဲ့ လူသားတစ်ယောက်တောင် မဟုတ်ပါဘူး။ ကျွန်တော် တို့ သတင်းဦးပေးချင်တာက ၎င်းရဲ့အမေဟာ အမျိုးသမီးဧရာမလူသား ဖရစ်ဒ်ဝေါဖာဖြစ်ပြီး၊ အခု ဘယ်မှာဆိုတာ မသိရပါ။



ဧရာမလူသားဟာ ရက်စက်ကြမ်းကြုတ်၊ သွေးဆာတဲ့ဗီဇရှိတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်မှာ အချင်းချင်းသတ်ဖြတ်လို့ မျိုးတုံးလုနီးနီး ဖြစ်သွားတယ်။ ကျန်ရှိနေသေးတဲ့ လက်တစ်ဆုပ်စာဟာ နာမည်မခေါ်ဝံ့သူဘက် ပါသွားတယ်။ နာမည်မခေါ်ဝံ့သူ အုပ်ချုပ်တဲ့ ကြောက်စရာခြိမ်းခြောက်မှုကာလထဲမှာ ၎င်းတို့ ဟာ အရက်စက်ဆုံး မတ်ဂေါ်သတ်ဖြတ်မှု အကြိမ်အချို့ ပြုလုပ်ခဲ့တယ်။

နာမည်မခေါ်ဝံ့သူကို အလုပ်အကျွေးပြုတဲ့ ဧရာမလူသားအားလုံး ဟာ အမှောင်အင်အားနဲ့ တိုက်ပွဲဆင်တဲ့ အောရာလက်ချက်နဲ့ သေကုန်ကြ တယ်။ ဒါပေမယ့် ဖရစ်ဒ်ဝေါဖာတော့ မပါဘူး။ သူမဟာ ခုထိ ရှိနေဆဲ။ နိုင်ငံ ခြားက တောတောင်ဒေသရှိ ဧရာမလူသားရွာတစ်ရွာကို ထွက်ပြေးသွားတယ် ထင်တယ်။ ဒါပေမယ့် တကယ်လို့ ကျွန်ုပ်တို့ဟာ ထူးဆန်းသတ္တဝါကာကွယ်တဲ့ သင်တန်းက မူမမှန်တဲ့လုပ်ရပ်ကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် ဖရစ်ဒ်ဝေါဖာရဲ့ သားဟာ ၎င်းမိခင်ရဲ့ ရက်စက်တဲ့ဗီဇကို ဆက်ခံပုံရတယ်။

မထင်မှတ်မိတာကတော့ ဟက်ဂရစ်ဟာ ကောင်လေးတစ်ကောင်နဲ့ အလွန်ရင်းနှီးတယ်လို့ ကြားတယ်။ ဒီကောင်လေးကြောင့်လည်း နာမည်မခေါ်ဝံ့ သူ အာဏာပျောက်ဆုံးခဲ့ရတယ် —— ဒါကြောင့်လည်း ဟက်ဂရစ်ရဲ့ မွေးသမိခင် ဟာ 'ဟိုလူ'ရဲ့ တခြားနောက်လိုက်တွေလိုပဲ ဇာတ်မြုပ်ပြီး ပုန်းရှောင်နေရတယ်။ ဟယ်ရီ-ပေါ်တာဟာ မိမိရဲ့ အဲဒီဧရာမမိတ်ဆွေရဲ့ စိတ်ပျက်စရာအကြောင်း ကို မသိသေးတာလည်း ဖြစ်မယ် —— ဒါပေမယ့် အောဘတ်စ်-ဒမ်ဘာလီဒိုးဟာ ဟယ်ရီ-ပေါ်တာနဲ့ ၎င်းရဲ့ကျောင်းနေဘက်တွေကို သွေးနှောဧရာမလူသားနဲ့ ဆက်ဆံတဲ့ အန္တရာယ်ကို ရှင်းလင်းစွာ နားလည်အောင်လုပ်ဖို့ ဝတ္တရားရှိတာ အမှန်ပဲ။ ဟယ်ရီက ဖတ်ပြီးနောက် ရွန့်ကို မော့်ကြည့်တယ်။ ရွန်က ပါးစပ် အဟောင်းသားနဲ့ ငိုင်နေတယ်။

"သူမက ဘယ်လိုတွေ့ရှိသွားတာလဲ" သူက တိုးတိုးမေးတယ်။

ဒါပေမယ့် ဟယ်ရီတွေးနေတာ ဒါမဟုတ်ဘူး။

"မင်း ဒါဘာအဓိပ္ပာယ်လဲ၊ 'ကျွန်တော်တို့အားလုံး ဟက်ဂရစ်ကို မုန်းတယ်' ?" ဟယ်ရီက မော်ဖိုင်ကို ပြင်းထန်စွာမေးတယ်။ "ဒီမှာပြောတာ ဘာသောက်သုံးမကျတဲ့စကားလဲ" —— သူက ခရပ်ကို လက်ညှိုးထိုးတယ် —— သူ ဖလိုဘာပိုးကောင် အကိုက်ခံရတယ် ? အဲဒီအကောင်တွေမှာ သွား တောင်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခရပ်ဟာ ကြောင်တောင်တောင်နဲ့ တခစ်ခစ်ရယ်နေတယ်၊ သိပ်ကို
ကျေနပ်နေပုံ ပေါ်တယ်။

"တော်ပြီ၊ ဒီလူရိုင်းရဲ့ ဆရာဘဝ အဆုံးသတ်သင့်ပြီလို့ ငါထင်တယ်"
မော်ဖိုင်က ပြောတယ်။ သူ့မျက်လုံးအစုံက လက်နေတယ်။ "သွေးနှောရော
လူသား . . . . အစက သူငယ်ငယ်တုန်းက ကြီးထွားဆေးသောက်မိလို့ ထင်တာ
ကျောင်းသားမိဘတွေက လက်ခံမှာ မဟုတ်ဘူး . . . . သူတို့ကလေးတွေကို
ရင်းက စားပစ်မှာစိုးကြတယ်။ ဟား . . . . ဟား . . . ."

"မင်း ——"

"မင်းတို့ သင်ပြတာကို သဘောကျနေပြီလား"

ပါမောက္ခဂရပ်ဘလီ-ဖလန့်ခ်ရဲ့ အသံ ကျောင်းသားတွေဆီ ရောက်
လာတယ်။ ကျောင်းသူတွေကတော့ ဂျိုတစ်ဂျိုတိရွှောန်ဘေးမှာ ဝိုင်းနေပြီ
ရင်းကို ပွတ်သပ်ပေးနေတယ်၊ ဟယ်ရီ တအားစိတ်ဆိုးနေတယ်။ သူဟာ
ဝေဝါးတဲ့အကြည့်နဲ့ ဂျိုတစ်ဂျိုတိရွှောန်ကို ကြည့်နေစဉ် ဟို 'ကြိုဟောဆရ
များနေ့စဉ်'က ဆောင်းပါးဟာ သူ့လက်ထဲမှာ တဆတ်ဆတ်တုန်ခါနေတယ်
ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ဟာ ဂျိုတစ်ဂျိုတိရွှောန်ရဲ့ ထူးဆန်းအံ့ဩဘွယ
သဘောသဘာဝအများအပြားကို ပြောပြနေတယ်။ ကျောင်းသားတွေလည်
ကြားရအောင် သူမအသံကို အကျယ်ကြီး ချဲ့ထားတယ်။

"သူမဆက်သင်စေချင်တယ်၊ ဒီဆရာမ" ပါဗာထီ-ဗာထီက ပြောတယ်
အခု ကျောင်းဆင်းပြီ၊ အားလုံး ထမင်းစားဖို့ ရဲတိုက်ပြန်ကြပြီ။ "ဒါကမှ
မျှော်လင့်တဲ့ ထူးဆန်းသတ္တဝါကာကွယ်တဲ့သင်တန်း . . . . ဂျိုတစ်ဂျိုတိရွှော
လိုပေါ့၊ ဘီလူးလိုအကောင်မျိုး မဟုတ်ဘူး . . . ."

"ဟက်ဂရစ် ဘယ်လိုလုပ်မလဲ" သူတို့ လှေကားထစ်ကို တက်တော
ဟယ်ရီက ဒေါသနဲ့ ပြောတယ်။

"သူ ဘယ်လိုလုပ်မလဲ ?" ပါဗာထီက အေးစက်စက်ပြောတယ
"သူလုပ်တဲ့ တောလိုက်ကွင်းအစောင့်ပဲ ဆက်လုပ်လို့ရတာပဲ၊ မဟုတ်ဘူးလာ

ကပွဲပြီးနောက် ပါဗာထီဟာ ဟယ်ရီ့ကို အေးစက်စက် ဆက်ဆံတယ
ဟယ်ရီက သူ ကပွဲထဲမှာ သူမကို ပိုပြီးဂရုစိုက်သင့်တယ်လို့ တွေးတယ်။ ဒါ
မယ့် သူမဟာ ပျော်ပျော်ကြီး ကစားနိုင်ခဲ့တာပဲ။ အခုဆိုရင် သူမဟာ
တွေ့တိုင်း လာမယ့်ရက်သတ္တပတ်ကုန်ရက်မှာ ဗျူစ်ဘာတန်က ကျောင်းသ



နဲ့ ဟော့ဂ်စ်မိဒ်မှာ တွေ့ဖို့ ချိန်းထားပြီးပြီလို့ ပြောတယ်။

"ဒီအချိန်တက်ရတာ သိပ်ကောင်းတယ်" သူတို့ခန်းမထဲဝင်တော့
ဟာမီးက ပြောတယ်၊ "ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်က ပြောပြတဲ့ ဂျိုတစ်ဂျို
တိရွှောန်နဲ့ ပတ်သက်တဲ့ ဗဟုသုတထဲက ငါတစ်ဝက်လောက် မသိသေးဘူး"

"ဒါကို ကြည့်ပါဦး" ဟယ်ရီက ဒေါသနဲ့ အော်ပြောတယ်။ 'ကြိုဟော
သူများနေ့စဉ်'က ဆောင်းပါးကို ဟာမီးနှာခေါင်းအောက် ထိုးပေးတယ်၊

ဟာမီးဆောင်းပါးဖတ်ရင်း တုန်လှုပ်လို့ ပါးစပ်အဟောင်းသား ဖြစ်နေ
တယ်။ သူမဖော်ပြချက်ဟာ ရွန်နဲ့အတူတူပဲ။

"အဲဒီ မုန်းစရာမိန်းမ စကီးတာက ဘယ်လိုလုပ်သိတာလဲ။ ဟက်ဂရစ်
သူမကို ပြောပြတာ မဟုတ်ပါဘူးနော်"

"မဖြစ်နိုင်ဘူး" ဟယ်ရီက ပြောတယ်။ ဦးဆောင်ပြီး ဂရစ်ဖင်းဒေါ
စားပွဲကို သွားတယ်။ ဒီနောက် ဒိုင်းခနဲ ဝင်ထိုင်လိုက်တယ်၊ သိပ်ကို ဒေါသ
ထွက်နေတယ်။ "သူဟာ ငါတို့ကိုတောင် တစ်လျှောက်လုံး ဖုံးထားတာ၊ ဟုတ်
တယ်နော်။ ဟိုတစ်ခါ ဟက်ဂရစ်က ငါ့မကောင်းကြောင်း မပြောလို့ အဲဒီမိန်းမ
သိပ်ဒေါသထွက်နေတယ်လို့ ငါထင်တယ်။ ဒါကြောင့် သူ့အကြောင်းကို နေရာ
တကာလိုက်ရှာပြီး သူ့ကို ကလဲ့စားချေတာ"

"ကပွဲထဲမှာ ဟက်ဂရစ်က မဒမ်မက်ဆင်းကို ပြောတဲ့စကား ကြား
သွားတယ်ထင်တယ်" ဟာမီးက တိုးတိုးပြောတယ်။

"ဒီလိုဆိုရင် ငါတို့ သူမကို ပန်းခြံထဲမှာ မြင်မှာပေါ့" ရွန်က ပြောတယ်။
"ပြီးတော့ သူ ကျောင်းထဲ ထပ်ဝင်မလာသင့်ဘူး၊ ဗမ်ဘလီဒိုးက သူမကို တား
မြစ်ထားတယ်လို့ ဟက်ဂရစ်က ပြောတယ် . . . ."

"သူမမှာ ကိုယ်ပျောက်ဝတ်ရုံ ရှိမယ်ထင်တယ်" ဟယ်ရီက ပြောတယ်။
ငှန်းရှည်ကြီးနဲ့ ကြက်စွပ်ပြုတ်ကို မိမိပန်းကန်ထဲ ခပ်ထည့်တယ် —— သူ သိပ်
စိတ်ဆိုးနေလို့ ဟင်းရည်တွေ နေရာတကာ ဖိတ်ကျကုန်တယ်၊ "ဒါမျိုးတောင်
သူမ လုပ်နိုင်တယ်၊ ဟုတ်လား၊ ချုံပုပ်ထဲ ပုန်းပြီး သူများစကားပြောတာ ခိုးနား
ထောင်တယ်"

"နင်ပြောချင်တာက နင်နဲ့ ရွန်လိုပေါ့" ဟာမီးက ပြောတယ်။

"ငါတို့က တမင်သွားခိုးနားထောင်တာ မဟုတ်ဘူး" ရွန်က ဒေါသနဲ့
ပြောတယ်၊ "ငါတို့ ထိုစဉ်က ရွေးချယ်စရာလမ်း မရှိဘူး၊ အဲဒီငတုံးက သူ့

www.burmeseclassic.com

www.burmeseclassic.com



အမေဟာ ရောမလူသားဖြစ်တာ စွတ်ပြောနေတယ်။ သူများကြားနိုင်တယ်ဆိုတာ မသိဘူး"

"ငါတို့ သူ့သွားကြည့်မှဖြစ်မယ်" ဟယ်ရီက ပြောတယ်။ "ဒီနေ့ညနေပဲဒင်အချိန်ပြီးတာနဲ့ သွားမယ်။ ငါတို့ သူ့ကို ပြန်လာစေချင်တယ်လို့ ပြောပြရမယ် . . . နင် သူ့ကို ပြန်လာစေချင်လား" သူက ဟာမီးကို မထင်မှတ်ဘဲ မေးလိုက်တယ်။

"ငါ —— အင်း၊ ငါလိမ်မပြောချင်ဘူး။ တစ်ခါတလေ တူတူတန်တန် ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်အချိန် တစ်ချိန်လောက်တက်၊ အပြောင်းအလဲလေး လုပ်ရတာလဲ မဆိုးဘူး —— ဒါပေမယ့် ငါ တကယ်ပဲ ဟက်ဂရစ် ပြန်လာစေချင်တယ်။ ငါမျှော်လင့်တာပေါ့" ဟာမီးဟာ ဟယ်ရီရဲ့ ဒေါသအကြည့်ကြောင့် လန့်သွားပြီး အမြန်ဖြည့်ပြောတယ်။

ဒီလိုနဲ့ အဲဒီနေ့ ညစာစားပြီးနောက်၊ သူတို့သုံးယောက် ရဲတိုက်က ထွက်ခွာကြတယ်။ ဆီးနှင်းဖုံးလွှမ်းနေတဲ့ ကွင်းကိုဖြတ်ပြီး ဟက်ဂရစ်ရဲ့ အိမ်ကလေးဆီ လျှောက်သွားတယ်။ သူတို့ တံခါးခေါက်လိုက်တော့ အစွယ်ကြီးရဲ့ အသံနိမ့်နိမ့်ဟောင်သံ ကြားရတယ်။

"ဟက်ဂရစ်၊ ကျွန်တော်တို့ပါ" ဟယ်ရီက အော်ပြောတယ်။ တံခါးကို တအားထုတယ်။ "တံခါးမြန်မြန်ဖွင့်ပါ"

ဟက်ဂရစ် မဖြေဘူး။ အစွယ်ကြီး တံခါးကို ကုတ်နေတဲ့အသံ၊ တဂျအူး အသံနိမ့်နိမ့်အော်သံကို ကြားရတယ်။ ဒါပေမယ့် တံခါးမဖွင့်ဘူး။ သူတို့ဟာ ဆယ်မိနစ်ကျော်ကျော် ထပ်ခေါက်ပြန်တယ်။ ရွန်က ပြတင်းတံခါးကိုတောင် သွားခေါက်လိုက်သေးတယ်။ ဘာသံမှ ပေါ်မလာဘူး။

"သူ ဘာဖြစ်လို့ ငါတို့ကို ပုန်းနေတာလဲ" ဟာမီးက ပြောတယ် —— ဒီအချိန်မှာ သူတို့လက်လျှော့ပြီး ကျောင်းဘက်ပြန်သွားတယ်။ "ငါတို့ သူ့ကို သွေးနှောရောမလူသားဖြစ်လို့ အထင်သေးတယ် မထင်ပါဘူးနော်"

သို့ပေမယ့် ဟက်ဂရစ်ကတော့ သိပ်ကို အလေးထားတယ်။ တစ်ပတ်လုံးလုံး သူ့အရိပ်အယောင် မတွေ့ရဘူး။ ထမင်းစားတဲ့အခါမှာ သူဟာ ဆရာလုပ်သားစားပွဲမှာ မရှိဘူး။ သူတို့ဟာ ကွင်းထဲမှာ ၎င်းရဲ့တာဝန်ဖြစ်တဲ့ တောလိုက်ကွင်းအစောင့်တာဝန်ကို ထမ်းဆောင်တာလဲ မတွေ့ရဘူး။ ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ဟာ ထူးဆန်းသတ္တဝါကာကွယ်တဲ့အချိန် အစားထိုးတက်



ပေးနေဆဲပဲ။ မော်ဖိုင်ဟာ အခွင့်သာတာနဲ့ ထိုးနှက်တဲ့စကားတွေ ပြောနေတုန်းပဲ။

"မင်းရဲ့ လူတစ်ပိုင်းဘီလူးတစ်ပိုင်းမိတ်ဆွေကို သတိရနေသလား" ဆရာအနားမှာရှိလို့ ဟယ်ရီ သူ့ကို ကလဲ့စားမချေနိုင်မှန်း သိတဲ့အခါမှာ ဟယ်ရီ့ကို တိုးတိုးပြောတတ်တယ်။ "ဆင်ကြီးနဲ့တူတဲ့ ငနဲကို သတိရနေလား"

ဇန်နဝါရီလအလယ်မှာ ကျောင်းသားတွေ ဟော့ဂ်စ်မိဒ်ရွာကို သွားလည်ကြတယ်။ ဟာမီးက ဟယ်ရီလည်း သွားမယ်ကြားတော့ အံ့ဩသွားတယ်။

"ငါက နင် အများနားနေခန်းထဲမှာ လူမရှိဘဲ ငြိမ်သက်နေတုန်း ဟိုရွှေဥကို သေချာလေ့လာမလားထင်တာ" သူမက ပြောတယ်။

"အော၊ ငါ —— ၎င်းရဲ့သဘောကို ငါစဉ်းစားလို့ရပြီထင်တယ်" ဟယ်ရီက လိမ်ပြောတယ်။

"တကယ်လား" ဟာမီးက ပြောတယ်။ သိပ်ဝမ်းသာသွားတယ်။ "သိပ်ကောင်းတာပဲ"

ဟယ်ရီ လိမ်ပြောမိလို့ စိတ်မကောင်းဘူး။ စိတ်ထဲမှာ မတည်မငြိမ်ဖြစ်နေတယ်။ ဒါပေမယ့် ဒီလိုခံစားချက်က ရှုန်းမထွက်နိုင်ဘူး။ ဘာပဲဖြစ်ဖြစ် ငါးပတ်ကြီးများတောင် ရွှေဥကို လေ့လာဖို့ အချိန်ရှိသေးတာပဲ။ အဝေးကြီးလိုသေးတယ် . . . ပြီးတော့ တကယ်လို့ သူ ဟော့ဂ်စ်မိဒ်ကို သွားရင် ဟက်ဂရစ်နဲ့ တွေ့ချင်တွေ့မှာ။ သူ့ကို ပြန်လာဖို့ နားချဖို့ အခွင့်အရေး ရချင်ရမှာ။

စနေနေ့မှာ သူ၊ ရွန်နဲ့ ဟာမီးတို့ ရဲတိုက်က အတူထွက်လာတယ်။ အေးစက်စွတ်စိုတဲ့ကွင်းကိုဖြတ်ပြီး ကျောင်းတံခါးမဆီ လျှောက်သွားတယ်။ ကန်ထဲ ကျောက်ချထားတဲ့ ဒမ်စထရန်သင်္ဘောကြီးကို ဖြတ်သွားတော့၊ ဗစ်တော-ခရွန်းမ်ဟာ သင်္ဘောဝမ်းဗိုက်ထဲကနေ ကုန်းပတ်ပေါ် တက်လာတာ သူတို့မြင်ရတယ်။ သူ့ကိုယ်ပေါ်မှာ ရေကူးဘောင်းဘီတစ်ထည်ပဲ ဝတ်ထားတယ်။ သူ တကယ်ပဲ သိပ်ပိန်တယ်။ ဒါပေမယ့် ကိုယ်ခန္ဓာ အလွန်တောင့်တင်းပုံရတယ်။ သူဟာ ဖျတ်လတ်စွာ သင်္ဘောဘေးကို ကျော်တက်ပြီး လက်နှစ်ဖက်ဆန့်ကာ ပလုံခနဲ ရေထဲခုန်ဆင်းသွားတယ်။

"သူ ရူးနေပြီ" ဟယ်ရီက ခရွန်းမ်ရဲ့ မည်းနက်နက်ခေါင်း ကန်အလယ်မှာ ပေါ်နေတာ ကြည့်ပြီးပြောတယ်။ "အခုက ဇန်နဝါရီလ၊ သေအောင်အေးမှာ"

"သူလာတဲ့နေရာဟာ ဒီမှာထက် အများကြီးအေးတယ်" ဟာမီးက ပြောတယ်။ "ငါထင်တယ်၊ သူ့အဖို့ပြောရရင် ဒီမှာက အများကြီးနွေးနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမယ့် ကန်ထဲမှာ ဇရာမပြည်ကြီးငါးကြီး ရှိတယ်" ရွှန်က ပြောတယ်။ ဒါပေမယ့် သူ့လေသံထဲမှာ ပူပင်တဲ့အသံ မပါဘူး —— သေချာနားထောင်ရင် တစ်ခုခုဖြစ်စေချင်နေသလိုပဲ။ သူ့လေသံကို ဟာမီးက သတိပြုမိတာနဲ့ မျက်မှောင်ကြုတ်သွားတယ်။

"သူ တကယ်မဆိုးဘူး၊ နင်တို့သိလား" ဟာမီးက ပြောတယ်။ "သူဟာ ဒမ်စထရန်ကလူဖြစ်ပေမယ့် နင်တို့တွေးထင်သလို လုံးဝမဟုတ်ဘူး။ သူက ငါ့ကို ပြောတယ်။ သူ ဒီနေရာကို ပိုနှစ်သက်တယ်တဲ့"

ရွှန် စကားမပြောဘူး။ ကပွဲပြီးကတည်းက ဗစ်ခတာ-ခရွန်းမ်အကြောင်း တစ်လုံးမှ မပြောတော့ဘူး။ ခရစ္စမတ်စ်ရဲ့ နောက်နေ့မှာ ဟယ်ရီဟာ သူ့ခုတင် အောက်မှာ လက်မောင်းလေးတစ်ခုကို မြင်ရတယ်။ ဘူဂေးရီးယား ခွေဒစ် အသင်းဝတ်ရုံဝတ်ထားတဲ့ ရုပ်ထုက ဆွဲဖြုတ်ထားသလိုပဲ။

လမ်းပေါ်မှာ ဟိုဒီသွားကြတဲ့အခါမှာ ဟယ်ရီဟာ ဟက်ဂရစ်ကို သတိ ထား လိုက်ရှာတယ်။ ဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင် ဟက်ဂရစ်အရိပ်တောင် မတွေ့ ရတာ သေချာတော့မှ တံမြက်စည်းသုံးလက်အရက်ဆိုင်လေးကို သွားထိုင်ဖို့ သူက ပြောတယ်။

အရက်ဆိုင်လေးဟာ ခါတိုင်းလိုပဲ စည်ကားနေတယ်။ ဟယ်ရီဟာ စားပွဲတိုင်းကို အလျင်အမြန် လိုက်ရှာကြည့်တယ်။ ဟက်ဂရစ်ကို မတွေ့ရဘူး။ သူဟာ စိတ်လေးလေးနဲ့ ရွှန်၊ ဟာမီးတို့နဲ့အတူ ဘားခုံဆီ သွားပြီး မဒမ်ရို့စ် မာထာဆီကနေ ထောပတ်ဘီယာ သုံးခွက် ဝယ်လိုက်တယ်။ သူဟာ စိတ် မပျော်ဘဲ တွေးတယ်၊ စောစောက ဒီလိုမှန်းသိရင် ကျောင်းမှာနေခဲ့ပြီး ရွှေ ဥအော်ဟစ်တာ နားထောင်ရကောင်းသား။

"သူ ရုံးခန်းကို လုံးဝမသွားဘူးလား" ဟာမီးက ရုတ်တရက် တိုးတိုး ပြောတယ်။ "ကြည့်"

သူမဟာ ဘားခုံနောက်ကမှန်ကို ညွှန်ပြတယ်။ မှန်ထဲမှာ လူဒို-ဘက် ဂမင်းအရိပ် ပေါ်နေတယ်။ သူဟာ သရဲသဘက်တစ်အုပ်နဲ့ မှောင်မိုက်တဲ့ချောင် မှာ ထိုင်နေတယ်။ ဘက်ဂမင်းဟာ အသံကိုနှိမ့်ပြီး သရဲသဘက်တွေကို အလျင် အမြန် ဘာတွေပြောနေမှန်း မသိဘူး။ သရဲသဘက်တွေဟာ လက်ကို ထပ်ထား ပြီး ဒေါသထွက်နေတဲ့ပုံ ပေါ်နေတယ်။

ဒါ တကယ့်ကို နည်းနည်းထူးဆန်းတယ်။ ဟယ်ရီက တွေးတယ်။



ဒီနေ့ဟာ ရက်သတ္တပတ်ကုန်ရက်၊ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ လှုပ်ရှားမှု မရှိဘူး။ ဒိုင်လူကြီးလည်း မလိုဘူး။ ဘက်ဂမင်း ဘာကြောင့် တံမြက်စည်းသုံးလက် အရက်ဆိုင်လေးထဲ ရောက်နေတာလဲ။ သူဟာ မှန်ထဲက ဘက်ဂမင်းကို ကြည့် နေတယ်။ သူ့အမူအရာဟာ သိပ်တင်းကျပ်နေသလိုပဲ။ ဟိုနေ့က မှော်နက် အမှတ်အသားမပေါ်ခင် သစ်တောထဲမှာတုန်းကလိုပဲ။ ဒီအချိန်မှာပဲ ဘက်ဂမင်း ဟာ ဘားခုံဆီ လှမ်းကြည့်လိုက်ပြီး ဟယ်ရီ့ကို တွေ့သွားတာနဲ့ မတ်တတ်ရပ် လိုက်တယ်။

"ခဏလေးစောင့်၊ ခဏလေးစောင့်" ဘက်ဂမင်းက သရဲသဘက်တွေ ကို မာကျောကျောပြောတာ ဟယ်ရီ ကြားရတယ်။ ဒီနောက် ဟယ်ရီရှိရာကို ကမန်းကတမ်း လျှောက်လာတယ်။ သူ့ကလေးဆန်တဲ့ မျက်နှာပေါ်မှာ ပြုံးပန်း ပွင့်လာပြန်တယ်။

"ဟယ်ရီ" သူက ပြောတယ်။ "မင်း ဘယ့်နှယ့်လဲ၊ ကျုပ်က မင်းနဲ့ တွေ့ချင်တာ။ အားလုံး အဆင်ပြေပါတယ်နော်"

"သိပ်ကောင်းတယ်၊ ကျေးဇူးပဲ" ဟယ်ရီက ပြောတယ်။

"ကျုပ် မင်းနဲ့နှစ်ယောက်တည်း စကားနည်းနည်းပြောလို့ရမလား၊ ဟယ်ရီ" ဘက်ဂမင်းက လှိုက်လှဲစွာ ပြောတယ်။ "မင်းတို့နှစ်ယောက် တို့ကို ခွင့်ပြုမလား"

"အင်း —— ကောင်းပြီ" ရွှန်က ပြောပြီးတာနဲ့ ဟာမီးနဲ့အတူ ထိုင် စရာနေရာ သွားရှာတယ်။

ဘက်ဂမင်းဟာ ဟယ်ရီ့ကို မဒမ်ရို့စ်မာထာရဲ့ ဘားခုံနဲ့ဝေးတဲ့ အစွန်း နေရာကို ခေါ်သွားတယ်။

"ဟယ်ရီ၊ မင်း ဟိုဟွန်းတေးနဲ့တိုက်တုန်းက ထူးချွန်တဲ့ ဖော်ပြချက်ကို ကျုပ် နောက်ထပ်ဂုဏ်ပြုချင်တယ်" ဘက်ဂမင်းက ပြောတယ်။ "တကယ့်ကို သိပ်တော်တာပဲ"

"ကျေးဇူးတင်ပါတယ်" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် ဘက်ဂမင်း ပြောချင်တာ ဒါတင်မကဘူးဆိုတာ သူသိတယ်။ အကြောင်းက ဂုဏ်ပြုမယ် ဆိုရင် ရွှန်နဲ့ဟာမီးတို့ရှေ့မှာ ပြောလို့ရတာပဲ။ ဒါပေမယ့် ဘက်ဂမင်းဟာ အဖြေ ကို စောစောထုတ်မပြချင်သလိုပဲ။ သူဟာ ဘားခုံဆီက သရဲသဘက်တွေကို တစ်ချက်လှမ်းကြည့်တာ ဟယ်ရီတွေ့လိုက်တယ်။ ၎င်းတို့ဟာ မျက်မိမည်းမည်း

www.burmeseclassic.com

www.burmeseclassic.com



တွေကိုစောင်းကာ၊ ဘက်ဂမင်းနဲ့ ဟယ်ရီကို တိတ်တိတ်ကြည့်နေတယ်။

"တကယ့်ကို အိပ်မက်ဆိုးပဲ" ဟယ်ရီလည်း သရဲသဘက်တွေ
ကြည့်နေတာတွေ့တော့ ဘက်ဂမင်းက အသံနှိမ့်ပြီးပြောတယ်။ "သူတို့ အင်္ဂလိ
စကား သိပ်မပြောတတ်ဘူး . . . . ဒါဟာ ခွေဒစ်ကမ္ဘာ့ဖလားပွဲတုန်း
ဘူဂေးရီးယားတွေဆီ ပြန်ရောက်သွားသလိုပဲ . . . . ဒါပေမယ့် နောက်
သူတို့က လက်ဟန်ခြေဟန်နဲ့ ပြောလို့နားလည်နိုင်သေးတယ်။ ဒီဟာတွေ
တကွိကွိနဲ့ သူတို့ရဲ့ ကြက်ဆင်စကားပဲ ပြောနေတာ . . . . ကျုပ်ကလဲ ကြ
ဆင်စကားကို တစ်လုံးပဲတတ်တယ်။ ဘလတ်ဒဗဒ်၊ အဓိပ္ပာယ်က 'ဓား၊ အသ
နှစ်ဖက်ဓား'တဲ့။ ကျုပ် ဒီဝေါဟာရကို မသုံးချင်ဘူး။ ကျုပ် ခြိမ်းခြောက်နေတ
ထင်မှာစိုးလို့"

သူဟာ လေးပင်ပြီး တိုတောင်းစွာ ရယ်လိုက်တယ်။

"သူတို့ ဘာလိုချင်တာလဲ" ဟယ်ရီက ပြောတယ်။ သရဲသဘက်
ဟာ ဘက်ဂမင်းကို သတိနဲ့ကြည့်နေတာ သူ မြင်ရတယ်။

"အင်း —— ဒီလိုပါ . . . . " ဘက်ဂမင်းက ပြောတယ်။ ရုတ်တရ
ပျာနေတယ်။ "သူတို့ . . . . အင်း . . . . သူတို့က ဘာတီ-ခရောက်ချ
လိုက်ရှာနေတာ"

"ဘာဖြစ်လို့ သူ့ကို ဒီမှာလာရှာတာလဲ" ဟယ်ရီက ပြောတယ်။ "သူ
လန်ဒန်က မှော်ဝန်ကြီးဌာနမှာ မဟုတ်ဘူးလား"

"အင်း . . . . အမှန်ပြောရရင် ကျုပ်လဲ သူဘယ်မှာရှိတယ်ဆို
မသိဘူး" ဘက်ဂမင်းက ပြောတယ်။ "သူ . . . . သူ ရုတ်တရက် ရုံးလာမတ
တော့ဘူး။ ခုထိဆို နှစ်ပတ်တောင်ရှိပြီ။ သူ့လက်ထောက် လူငယ်ဖတ်စီ
သူ ဖျားနေတယ်လို့ ပြောတယ်။ ကြည့်ရတာ သူက ဇီးကွက်လွှတ်ပြီး ညွှန်ကြ
ချက် အဆက်မပြတ် ပေးနေတယ်ထင်တယ်။ ဒါပေမယ့် ဒီကိစ္စကို သူမ
လုံးဝပြောမပြပါနဲ့၊ ကောင်းလား၊ ဟယ်ရီ။ အကြောင်းက ရီတာ-စကီးတာမ
ရရာရှာပြီး သတင်းထောက်နေတယ်။ သူမဟာ ဘာတီ ဖျားတာကို အပိုဆာ
ထည့်ပြီး အဲဒါ ကပ်ဆိုက်တာလို့ ပြောလိမ့်မယ်။ သူမက သူလဲ ဘာသ
ဂျော်ကင်စ်လို ပျောက်သွားတယ်ပြောမှာ"

"ဘာသာ-ဂျော်ကင်စ်သတင်း ရပြီလား" ဟယ်ရီက မေးတယ်။

"မရသေးဘူး" ဘက်ဂမင်းက ပြောတယ်။ အမူအရာက တင်းက



လာပြန်တယ်။ "ကျုပ် လူလွှတ်ရှာခိုင်းထားပြီလေ . . . . (စောစောကတည်းက
ဒီလိုလုပ်ရမှာ။ ဟယ်ရီကတွေးတယ်) ကိစ္စက သိပ်ထူးဆန်းတယ်။ သူမ အယ်
ဘေးနီးယားရောက်တာ သေချာတယ်။ အကြောင်းက သူမဟာ အဲဒီမှာ သူမရဲ့
ဒုတိယအစ်မဝမ်းကွဲနဲ့ တွေ့ခဲ့တယ်။ ဒီနောက် ဒုတိယအစ်မဝမ်းကွဲအိမ်က
ထွက်လာပြီး တောင်ပိုင်းမှာ အဒေါ်တစ်ယောက်ဆီ သွားတယ် . . . . အဲဒီက
ပြီး ဘာသံမှ မကြားရတော့ဘဲ ပျောက်သွားတာ။ သေပါတော့။ သူမ ဘယ်ကို
သွားတယ်ဆိုတာ ကျုပ် နားကိုမလည်ဘူး . . . . သူမဟာလဲ လင်နောက်လိုက်
ပြေးတာမျိုးနဲ့ မတူဘူး။ ထွက်ပြေးတဲ့လူ . . . . ဒါပေမယ့် ဘယ်သူသိမှာလဲ
. . . . ဟင်း၊ ကျုပ်တို့ ဒီမှာ သရဲသဘက်နဲ့ ဘာသာ-ဂျော်ကင်အကြောင်း
ပြောနေပြီး ဘာလုပ်မှာလဲ။ ကျုပ် တကယ်တော့ မင်းကို မေးချင်တာ" ——
သူက အသံနှိမ့်ပြောတယ်။ "မင်း ဟိုရွှေဥကို ဖော်လာတာ ဘယ်လိုရှိလဲ"

"အင်း . . . . ဖြစ်ပါတယ်" ဟယ်ရီက မရိုးမသားပြောတယ်။

ဘက်ဂမင်းဟာ သူ အမှန်အတိုင်းမပြောဘူးဆိုတာ သိသလိုပဲ။

"နားထောင်၊ ဟယ်ရီ" သူက ပြောတယ် (အသံက နိမ့်နိမ့်ပဲ)။ "ကျုပ်
ပါတွေအားလုံးအတွက် သိပ်ကို စိတ်မကောင်းဘူး . . . . မင်းဟာ ပြိုင်ပွဲ
ထဲကို အတင်းဆွဲသွင်းခံရတာ။ မင်း ကိုယ့်သဘောနဲ့ ပါဝင်တာမဟုတ်ဘူး။
တကယ်လို့ . . . . (သူ့အသံ သိပ်ကို နှိမ့်တယ်။ ဟယ်ရီဟာ မတတ်သာဘဲ
ကပ်နားထောင်ရတယ်) တကယ်လို့ ကျုပ် ကူညီနိုင်မယ်ဆိုရင် . . . . မင်းကို
သင့်တော်တဲ့ သတိပေးမှု ပေးနိုင်ရင် . . . . ကျုပ်က မင်းကို ခံစားချက်ကောင်း
တယ် . . . . မင်း ဟိုနဂါးနဲ့တိုက်တာ သိပ်သတ္တိပြောင်မြောက်တာပဲ။ . . . .
ကိစ္စမရှိဘူး၊ မင်း စကားတစ်ခွန်းပဲ ပြော"

ဟယ်ရီဟာ ဘက်ဂမင်းရဲ့ နီရဲရဲမျက်နှာဝိုင်းဝိုင်းနဲ့ ဝိုင်းစက်အောင်
ဖြူးထားတဲ့ ကလေးလို ကြည်လင်တဲ့ မျက်လုံးပြာပြာကို မော့ကြည့်တယ်။

"ကျွန်တော်တို့ တစ်ယောက်ချင်း လျှို့ဝှက်ချက်ကို ရှာသင့်တယ်၊
ဟုတ်လား" ဟယ်ရီက ပြောတယ်။ သူဟာ သူ့စကားကို ရိုးရိုးပဲပြောသလို
ဖြစ်အောင်ပြောတယ်။ မှော်အားကစားဌာနခွဲက ဌာနမှူး လုပ်ငန်းစည်းကမ်း
ချိုးဖောက်တာကို အပြစ်တင်သလို မဖြစ်အောင် ပြောတယ်။

"အော . . . ဟုတ်တယ်၊ ဟုတ်တယ်" ဘက်ဂမင်းက စိတ်မရှည်ဘဲ
ပြောတယ်။ "ဒါပေမယ့် —— မအောစမ်းပါနဲ့၊ ဟယ်ရီ —— ကျုပ်တို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ဟော့ဂ်ဝပ်ဗိုလ်စွဲစေချင်တာ၊ မဟုတ်ဘူးလား"

"ခင်ဗျား စက်ဒရစ်ကိုကော အကူအညီပေးသလား" ဟယ်ရီက မေးတယ်။

ဘက်ဂမင်းရဲ့ ပြောင်လက်တဲ့မျက်နှာဟာ မျက်မှောင်နည်းနည်း ကုပ်သွားတယ်။ "ဟင့်အင်း" သူက ပြောတယ်။ "ကျုပ် —— အင်း၊ ခုန ကျုပ်ပြောခဲ့သလို၊ မင်းကို ခံစားချက်ကောင်းလို့၊ ကျုပ်က မင်းကို ကူ . . .

"ဒါဆို ကျေးဇူးတင်ပါတယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမဲ့ ကျွန်တော် ရွှေဥကို လေ့လာတာ အတော်ရောက်နေပြီလို့ ထင်တယ် . . . နောက်ထပ် တစ်ရက်နှစ်ရက်ဆို အဖြေပေါ်တော့မှာပါ"

မိမိဘာဖြစ်လို့ ဘက်ဂမင်းအကူအညီကို ငြင်းဆန်ရတာလဲဆိုတာ ဟယ်ရီ သိပ်နားမလည်ဘူး။ ဘက်ဂမင်းဟာ သူ့မျက်စိထဲမှာ လုံးဝသူစိမ်းဖြစ် နေလို့ထင်တယ်။ ရွန်၊ ဟာမီးနဲ့ ဆီးရီးအက်စ်ကြယ်ကိုမေးတာ ဘာမှမဖြစ်ဘူး ဘက်ဂမင်းအကူအညီကို လက်ခံတာ ခိုးချတာနဲ့ ပိုတူသလို ခံစားရတယ်။

ဘက်ဂမင်းဟာ နည်းနည်းစိတ်ဆိုးသလို ဖြစ်နေတယ်၊ ဒါပေမဲ့ သူ ဘာမှပြောချိန်မရလိုက်ဘူး။ အကြောင်းက ဖရက်နဲ့ ဂျော့ ဝီအချိန် အတော်ပဲရောက်လာတယ်။

"မင်္ဂလာပါ၊ မစ္စတာဘတ်ဂမင်း" ဖရက်က ပျော်ရွှင်စွာ ပြောတယ် "ကျွန်တော်တို့ ခင်ဗျားကို တစ်ခွက်လောက် တိုက်လို့ရမလား"

"အင်း . . . . မလိုပါဘူး" ဘတ်ဂမင်းတပြောရင်း ဟယ်ရီ့ကို စိတ် ပျက်စွာ နောက်ဆုံးတစ်ကြိမ် ကြည့်လိုက်တယ်။ "မလိုပါဘူး၊ ကျေးဇူးတင်တယ် ကလေး . . . ."

ဖရက်နဲ့ ဂျော့ဟာ ဘက်ဂမင်းလိုပဲ စိတ်ပျက်နေသလိုပဲ။ ဘက်ဂမင်း က ဟယ်ရီ့ကို ကြည့်တယ်၊ ဟယ်ရီဟာ သူ့ စိတ်ကောင်းစေတနာကို အလို တန်းဆိုးမသိဘဲ ငြင်းဆန်လိုက်သလိုပဲ။

"ကောင်းပြီ၊ ကျုပ် အမြန်သွားမှဖြစ်မယ်" သူက ပြောတယ်၊ "မင်း တို့ကို တွေ့ရတာ သိပ်ဝမ်းသာတယ်၊ ကံကောင်းပါစေ၊ ဟယ်ရီ"

သူဟာ အရက်ဆိုင်လေးက အမြန်ထွက်သွားတယ်။ သရဲသဘက် တွေဟာ ထိုင်ခုံပေါ်က ထလိုက်ပြီး သူ့နောက်က လိုက်ထွက်သွားတယ် ဟယ်ရီ ရွန်နဲ့ ဟာမီးဆီ ပြန်သွားတယ်၊



"သူ ဘာလိုချင်တာလဲ" ဟယ်ရီထိုင်ရုံရှိသေးတယ်၊ ရွန်က မေးတယ်။

"သူက ငါ့ကို ကူညီပြီး ရွှေဥရဲ့ လျှို့ဝှက်ချက်ကို အဖြေရှာဖို့ပြောတယ်" ဟယ်ရီက ပြောတယ်။

"သူ ဒီလိုမလုပ်သင့်ဘူး" ဟာမီးဟာ တလွန်တုန်လှုပ်သွားသလိုပဲ။ သူမက ပြောတယ်။ "သူက ဒိုင်လူကြီးတစ်ယောက်၊ ပြီးတော့ နင်လဲ ကိုယ့် ဟာသာ စဉ်းစားလို့ရပြီပဲ —— ဟုတ်တယ်မဟုတ်လား"

"အင်း . . . . ရတော့မှာပါ" ဟယ်ရီက ပြောတယ်။

"ဟင်း . . . ငါထင်တယ်၊ တကယ်လို့ ဒမ်ဘယ်လ်ဒိုးက မင်းကို ခိုးချဖို့ ဘက်ဂမင်းက နားချနေတာသိရင် သူ မကြိုက်မှာ သေချာတယ်" ဟာမီးက အလကားပါဆိုတဲ့ အမူအရာနဲ့ပဲ ပြောတယ်။ "သူ စက်ဒရစ်ကိုလဲ ဒီအတိုင်း အကူအညီပေးစေချင်တယ်"

"သူ မပေးဘူး၊ ငါမေးပြီးပြီ" ဟယ်ရီက ပြောတယ်။

"စက်ဒရစ်အကူအညီ ရသလား မရဘူးလားဆိုတာ ငါ စိတ်မဝင်စား ဘူး" ရွန်က ပြောတယ်။ ဟယ်ရီက တိတ်တိတ်သဘောတူတယ်။

"ဟိုသရဲသဘက်တွေကြည့်ရတာ သိပ်လွယ်ပုံမပေါ်ဘူး" ဟာမီးဟာ ထောပတ်ဘီယာကို နည်းနည်းချင်း မြည်းသောက်ရင်း ပြောတယ်။ "ရင်းတို့ ဒီမှာ ဘာလုပ်နေတာလဲ"

"ဘက်ဂမင်းအဆိုအရ သူတို့ ခရောက်ချ်ကို လိုက်ရှာနေတာတဲ့" ဟယ်ရီက ပြောတယ်။ "သူ့ရောဂါမကောင်းသေးဘူး၊ ရုံးလဲ မတက်သေးဘူး"

"ဖတ်စီ သူ့ကို အဆိပ်ခတ်တယ်နဲ့ တူတယ်" ရွန်က ပြောတယ်။ "သူက ခရောက်ချ်အသက်ထွက်သွားရင် အပြည်ပြည်ဆိုင်ရာ မှော်ပူးပေါင်း ဆောင်ရွက်ရေးဌာနခွဲမှာ သူ ဌာနခွဲမှူးဖြစ်မယ်ထင်နေတယ်နဲ့ တူတယ်"

ဟာမီးက ရွန့်ကို မျက်စောင်းထိုးလိုက်တယ်။ အဓိပ္ပာယ်က ဒီလိုကိစ္စ မျိုးနဲ့ ရယ်စရာမလုပ်နဲ့။ ဒီနောက် သူမက ပြောတယ်။ "တကယ့်ကို ဟာသပဲ။ သရဲသဘက်တွေက မစ္စတာခရောက်ချ်ကို လိုက်ရှာတယ်တဲ့ . . . . ယေဘုယျ အားဖြင့်ပြောရရင် ရင်းတို့ဟာ ထူးဆန်းသတ္တဝါ ထိန်းသိမ်းချုပ်ကိုင်ရေးဌာနခွဲ နဲ့ ဆက်ဆံရမှာ"

"ဒါပေမယ့် ခရောက်ချ်ဟာ ဘာသာစကားအများကြီး တတ်တယ်" ဟယ်ရီက ပြောတယ်။ "ရင်းတို့ ဘာသာပြန်တစ်ယောက် လိုတယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ နင်က မုန်းစရာမှင်စာလေးတွေအတွက် စိတ်ပူပြန်ပလား
ရွှန်က ဟာမီးကို မေးတယ်။ "S.P.U.G. (အကျည်းတန်သရဲသဘက်စောင့်
ရှောက်ရေးအသင်း)တို့ဘာတို့ တည်ထောင်ချင်ပြန်ပြီလား"

"ဟား . . . ဟား . . . ဟား . . . " ဟာမီးက သရော်ရယ် ရယ်လိုက်
ပြီး ပြောတယ်။ "သရဲသဘက်က စောင့်ရှောက်စရာ မလိုပါဘူး။ ပါမောက္
ဘင်းစ် သရဲသဘက်ပုန်ကန်တဲ့အကြောင်း ပြောတုန်းက ဘယ်လိုပြောတယ်
ဆိုတာ နင်မကြားဘူးလား"

"ဟင့်အင်း" ဟယ်ရီနဲ့ ရွှန်က ပြိုင်တူပြောတယ်။

"နားထောင်၊ သူတို့ မှော်ဆရာတွေကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတ
ဘက်မှာ- သိပ်တော်တယ်" ဟာမီးက ပြောရင်း ထောပတ်ဘီယာတစ်လုံ
သောက်လိုက်ပြန်တယ်။ "သူတို့ အလွန်ဉာဏ်ကောင်းတယ်။ သူတို့ဟာ အိ
မွေးမှင်စာလေးတွေလို မိမိအခွင့်အရေးကို မကာကွယ်တတ်တာ မဟုတ်ဘူး

"အမလေး" ရွှန်က တံခါးပေါက်ကို ကြည့်ပြီး အော်ပြောတယ်။

ရီထာ-စကီးထာ ဝင်လာတယ်။ ဒီနေ့ သူမဟာ ငှက်ပျောသီးအဝ
ရောင်ဝတ်ရုံရှည် ဝတ်ထားတယ်။ လက်သည်းရှည်ရှည်ကို မျက်စိစူးစေ
ပန်းရောင်ဆိုးထားတယ်။ ဘေးမှာက သူမရဲ့ ဗိုက်ရွဲရွဲ ကင်မရာဆရာ။ သူမဟ
သောက်စရာဝယ်ပြီး ကင်မရာဆရာနဲ့အတူ လူအုပ်ကိုဖြတ်ပြီး အနီးရှိစား
တစ်လုံးဆီ လျှောက်သွားတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ သူမကို စိုက်ကြည
နေတယ်။ သူမဟာ ဘာကို အလျင်အမြန်ပြောနေလဲမသိဘူး။ တစ်ခုခုက
အလွန်ကျေနပ်နေသလိုပဲ။

". . . . သူဟာ ကျွန်မတို့နဲ့ သိပ်စကားမပြောချင်သလိုပဲ၊ ဟုတ်လာ
ဘိုဇို။ ရှင်ပြောစမ်း၊ ဘာဖြစ်လို့ ဒီလိုဖြစ်တာလဲ။ သူ ဘာလုပ်နေလဲ။ သူ့နောက်မ
သရဲသဘက်တစ်အုပ်ကြီးနဲ့။ ဂရင်းတို့ကိုခေါ်ပြီး လျှောက်လည်မလို့တဲ့ . . .
အလကားလျှောက်ပြောနေတာ . . . . သူက လိမ်ပြောတာမှာ လက်ဟောင်းကြီ
ဘာများဖြစ်လို့လဲ။ ကျွန်မတို့ ဖော်ထုတ်လိုက်မလား။ မှော်အားကစား ဌာနခွဲမှ
ဟောင်း လူဒို-ဘက်ဂမင်း အရှက်ကွဲခြင်း . . . . ဒီလိုစတာ သိပ်ကို အရသ
ရှိတယ်၊ ဘိုဇို —— ကျွန်မတို့ ဂရင်းကို သင့်တော်တဲ့ပုံပြင် ရှာလိုက်ရုံပဲ ——

"လူတစ်ယောက်ဘဝကို ပျက်စီးအောင် လုပ်ချင်ပြန်ပြီလား" ဟယ်
က အကျယ်ကြီးပြောတယ်။



လူအချို့ လှည့်ကြည့်တယ်။ ရီထာ-စကီးထာဟာ စကားပြောတာ ဘယ်သူဆိုတာ သေချာမြင်တော့ ရတနာခြယ်ထားတဲ့ မျက်မှန်နောက်က မျက်လုံးကြီးတွေ ပြူးသွားတယ်။

"ဟယ်ရီ" သူမက ပြောတယ်။ မျက်နှာပေါ်မှာ ချက်ချင်း အပြုံးတွေ ဝေဆာသွားတယ်။ "သိပ်ကောင်းတာပဲ၊ မင်းတို့ဘာဖြစ်လို့ ဒီလာပြီး အတူ ——"

"ကျွန်တော် ဆယ်ပေရှည်တဲ့ မိုးပျံတံမြက်စည်းကို စီးနေတယ်ထားဦး၊ ခင်ဗျားနား မလာချင်ဘူး" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ခင်ဗျား ဘာဖြစ်လို့ ဟက်ဂရစ်ကို ဒီလိုလုပ်တာလဲ၊ ဟင် ?"

ရီထာ-စကီးထာဟာ ထူထူဆွဲထားတဲ့ မျက်ခုံးကို ပင့်လိုက်တယ်။

"ကျွန်မတို့ စာဖတ်သူတွေ အဖြစ်မှန်ကို သိခွင့်ရှိတယ်၊ ဟယ်ရီ။ ကျွန်မက မိမိတာဝန်ကို လုပ် ——"

"သူ သွေးနှောစရာမလူသား ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဘယ်သူက အရေးထားမှာလဲ" ဟယ်ရီက အော်ပြောတယ်။ "သူ့မှာ ပုံမမှန်တာ နည်းနည်းမှ မရှိဘူး"

အရက်ဆိုင်လေးတစ်ဆိုင်လုံး ချက်ချင်း ငြိမ်ကျသွားတယ်။ မဒမ် ရို့စ်မာထာဟာ ဘားခုံနောက်ကနေ ဒီဘက်ကို ကြည့်နေတယ် —— သူမဟာ အရက်ခရားကြီးထဲကို ပျားရည်အရက် သွန်ထည့်နေတယ်။ အရက်ခရားကြီး ပြည့်ပြီး လျှံကျနေတာတောင် သူမ သတိမထားမိဘူး။

ရီထာ-စကီးထာရဲ့ အပြုံးဟာ အနည်းငယ် လှုပ်ရှားသွားတယ်။ ဒါပေမယ့် သူမဟာ တစ်ခါပြန်ပုံမှန်အနေအထားမှာ ထားလိုက်တယ်။ သူမဟာ မိကျောင်းရေလက်ကိုင်အိတ်ကို ဖွင့်လိုက်ပြီး အမြန်မှတ်ကလောင်ကို ယူထုတ်လိုက်တယ်။ "မင်းသိထားတဲ့ ဟက်ဂရစ်အကြောင်းကို ကျွန်မကို ပြောပြမလား၊ ဟယ်ရီ။ တစ်ကိုယ်လုံး မာဆယ်တွေနဲ့လူရဲ့ ဘဝ ? မင်းတို့ရဲ့ နားမလည်နိုင်တဲ့ ချစ်ခင်မှုနဲ့ ချစ်ခင်မှုနောက်ကွယ်က အကျိုးအကြောင်း။ မင်း သူ့ကို ဖခင်လို သဘောထားလား"

ဟာမီးဟာ ဒိုင်းခနဲ မတ်တတ်ရပ်လိုက်တယ်။ သူမဟာ ထောပတ်ဘီယာခွက်ကို တအားဆုပ်ထားတယ်။ လက်ပစ်ဗုံးတစ်လုံးကို ဆုပ်ထားသလိုပဲ။

"အမြင်ကတ်စရာကောင်းတဲ့မိန်းမ" သူမဟာ အံကြိတ်မာန်ကြိတ် ပြောတယ်။ "ရှင် ဘာကိုမှ အလေးမထားဘူး၊ ပုံပြင်ရရင် ပြီးရော၊ ဘယ်သူ့မဆို

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခွင့် မပေးဘူး၊ ဟုတ်တယ်မဟုတ်လား။ လူဒို-ဘက်ဂမင်းတောင် ——

"ထိုင်၊ ပေါသွပ်သွပ်ကောင်မလေး၊ ကိုယ်မသိတဲ့ကိစ္စကို လျှောက် မပြောနဲ့" ရီထာ-စကီးထာက အေးစက်စက်ပြောတယ်။ သူမအကြည့်ဟာ ဟာမီးကိုယ်ပေါ် ကျရောက်တော့ အေးစက်ရိုင်းစိုင်းသွားတယ်။ "လူဒို-ဘက် ဂမင်းအကြောင်းတချို့ ကိုယ်သိထားတယ်။ အဲဒါက မင်းတို့ကို ကြက်သီးထ လိမ့်မယ် . . . . မပြောတော့ပါဘူး ——" သူမက ပြောတယ်။ ဟာမီးရဲ့ ပွယောင်းယောင်းဆံပင်ကို အကဲခတ်ကြည့်နေတယ်။

"တို့ သွားကြစို့" ဟာမီးက ပြောတယ်။ "မြန်မြန်၊ ဟယ်ရီ —— ရွန် . . . ."

သူတို့ထွက်ခွာသွားတယ်။ လူအများကြီး သူတို့ကို ကြည့်နေတယ်။ တံခါးနားရောက်တော့ ဟယ်ရီ ပြန်လှည့်ကြည့်လိုက်တယ်။ ရီထာ-စကီးထာရဲ့ အမြန်မှတ်ကလောင်ဟာ စားပွဲပေါ်က သိုးရေစက္ကူပေါ်မှာ လွန်းထိုးသွားနေ တာ တွေ့ရတယ်။

"နောက်တစ်ယောက်ဆိုရင် နင့်ကို တွယ်မှာ၊ ဟာမီး" သူတို့လမ်းပေါ် အမြန်လျှောက်သွားတော့ ရွန်က အသံနိမ့်ပြီး စိုးရိမ်စွာ ပြောတယ်။

"လုပ်ဝံ့လုပ်ကြည့်လေ" ဟာမီးက အရေးမထားဘဲ ပြောတယ်။ ဒါပေမယ့် ဒေါသကြောင့် တစ်ကိုယ်လုံး တုန်နေတယ်။ "ငါ သူမကို အကြောင်း ပြလိုက်မယ်။ ငါက ပေါကြောင်ကြောင်ကောင်မလေး ? ဟင်း၊ ငါ သူ့ကို တစ် ပေးခိုင်းမယ်။ ပထမက ဟယ်ရီအတွက်။ ဒီနောက်က ဟက်ဂရစ် . . . ."

"နင် ရီထာ-စကီးထာကို သွားမစနဲ့" ရွန်က စိတ်တင်းကျပ်စွာ ပြော တယ်။ "ငါ အတည်ပြောတာ။ ဟာမီး၊ သူမက နင့်အကြောင်းတချို့ကို ဖော် ထုတ်မှာ"

"ငါ့အဖေနဲ့အမေ 'ကြိုပေါ်ဆရာများနေ့စဉ်' မဖတ်ဘူး။ သူ့ကြော ငါကြောက်ပြီး ပုန်းမှာမဟုတ်ဘူး" ဟာမီးက ပြောတယ်။ "ပြီးတော့ ဟက် ဂရစ်ဟာလဲ ပုန်းနေမှာ မဟုတ်တော့ဘူး။ သူဟာ ဒီစကားတွေကြောင့် စိ မထွေပြားသင့်ဘူး။ မြန်မြန်သွား" အခု သူမ သွားတာ မြန်လွန်းလို့ ဟယ်ရီ ရွန်တောင် မနည်းလိုက်ရတယ်။ အရင်တစ်ခါ ဟာမီး ဒီလိုဒေါသထွက်တာ ဟယ်ရီ မြင်ရတာဟာ သူမ ဒရာခို-မော်ဖိုင်ကို ပါးရိုက်လိုက်တဲ့အခါတုန်းက

သူမဟာ စပြေးတယ်။ သူတို့ကို ဦးဆောင်ပြီး တစ်လမ်းလုံး ပြေ



သွားတယ်။ တောင်ပံပါတောဝက်စောင့်နေတဲ့ တံခါးမကြီးကို ဖြတ်တယ်။ ကွင်းကို ဖြတ်ပြေးတယ်။ ဟက်ဂရစ်အိမ်လေးရှေ့ ရောက်လာတယ်။

ပြတင်းလိုက်ကာတွေ လုံလုံခြုံခြုံ ချထားတုန်းပဲ။ သူတို့ အနားကပ် သွားတော့ အစွယ်ကြီးရဲ့အော်သံ ကြားရတယ်။

"ဟက်ဂရစ်" ဟာမီးက အော်ပြောတယ်။ အိမ်တံခါးကိုလည်း ရိုက် ပုတ်တယ်။ "ဟက်ဂရစ်၊ တော်ပြီ။ ကျွန်မတို့ ရှင်အထဲမှာရှိတာ သိတယ်။ ရှင့်အမေ ရာမလူသားဖြစ်တာ ဘယ်သူမှ အရေးမထားဘူး၊ ဟက်ဂရစ်။ စကီးထာဆိုတဲ့ အမြင်ကတ်စရာမိန်းမ အကြံအောင်မြင်ခွင့် မပေးနဲ့၊ ဟက်ဂရစ်။ မြန်မြန်ထွက်ခဲ့၊ ရှင်ဟာ ——"

တံခါးပွင့်သွားတယ်။ ဟာမီးက "ရှင် အစောကြီးကတည်းက ——" လို့ ပြောရုံရှိသေးတယ်။ ချက်ချင်း ရပ်ပစ်လိုက်တယ်။ အကြောင်းက သူမနဲ့ မျက်နှာချင်းဆိုင်မှာရှိတာ ဟက်ဂရစ်မဟုတ်ဘဲ အောဘတ်စ်-ဒမ်ဘယ်လီဒိုး ဖြစ် နေလို့ပဲ။

"မင်္ဂလာညနေခင်းပါ" သူက ပျော်ရွှင်စွာ ပြောတယ်။ ပြုံးစိစိနဲ့ သူတို့ကို ငုံ့ကြည့်တယ်။

"ကျွန်မတို့ —— အင်း —— ကျွန်မတို့ ဟက်ဂရစ်ကို တွေ့ချင်လို့" ဟာမီးက အသံတိုးတိုးလေး ပြောတယ်။

"အား၊ ကျုပ်ထင်သားပဲ" ဒမ်ဘယ်လီဒိုးက ပြောတယ်။ သူ့မျက်လုံး ထဲမှာ ပြောင်ချော်ချော်အရိပ်အယောင် ပေါ်နေတယ်။ "မင်းတို့ ဘာဖြစ်လို့ ဝင်မလာတာလဲ"

'အော . . . . အင်း . . . . ကောင်းပြီ" ဟာမီးက ပြောတယ်။ သူမ၊ ရွန်နဲ့ ဟယ်ရီ အိမ်ကလေးထဲ ဝင်လိုက်တယ်။ ဟယ်ရီအိမ်ထဲရောက်တာနဲ့ အစွယ်ကြီးက သူ့ဆီ ပြေးလာကာ တဝုတ်ဝုတ်ဟောင်ပြီး သူ့နားရွက်ကို လျက် ချင်တယ်။ ဟယ်ရီက အစွယ်ကြီးကို ရှောင်ပြီး ဟိုဒီကြည့်တယ်။

ဟက်ဂရစ် စားပွဲဘေး ထိုင်နေတယ်။ သူ့ရှေ့မှာ လက်ဖက်ရည် ခွက်ကြီးနှစ်လုံး ရှိတယ်။ သူ့ပုံပန်းက အလွန်ဆိုးနေတယ်။ မျက်နှာပေါ်မှာ မျက်ရည်စက်တွေနဲ့။ မျက်လုံးဟာ နီပြီး ရောင်နေတယ်။ ဆံပင်ကိစ္စမှာ သူဟာ အခြားအစွန်းတစ်ဖက် ရောက်သွားပြန်တယ်။ ဆံပင်ကို သပ်ရပ်အောင်လုပ်ဖို့ မကြိုးစားတော့ဘူး။ သူ့ဆံပင်တွေဟာ အခုဆိုရင် ယှက်လိမ်နေတဲ့ ခါတ်ကြိုး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ကုန်ပြီ။

"မင်္ဂလာပါ၊ ဟက်ဂရစ်" ဟယ်ရီက ပြောတယ်။

ဟက်ဂရစ် ခေါင်းမော့လိုက်တယ်။

"အင်း" သူက အသံအအကြီးနဲ့ ပြောတယ်။

"လက်ဖက်ရည်နည်းနည်း ထပ်သောက်လိုက်ပါ" ဒမ်ဘာလီဒိုးက ပြောရင်း ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ကျောဘက်ကနေ တံခါးကို ပိတ်လိုက်တယ်။ မှော်ကြိမ်လုံးထုတ်ပြီး အသာလေး လှုပ်ယမ်းနေတယ်။ မိုးပေါ်မှာ လည်နေတဲ့ လက်ဖက်ရည်ဗန်းနဲ့ ကိတ်မုန့်တစ်ပန်းကန် ပေါ်လာတယ်။ ဒမ်ဘာလီဒိုးက မှော်ပညာနဲ့ လက်ဖက်ရည်ဗန်းကို စားပွဲပေါ် တင်လိုက်တယ်။ အားလုံးထိုင်လိုက်တယ်။ ခဏငြိမ်နေပြီး ဒမ်ဘာလီဒိုးက ပြောတယ်။ "ဟက်ဂရစ်၊ မစ်ဂရန်ဂျာ အော်ပြောတဲ့စကားကို မင်းကြားသလား"

ဟာမီးမျက်နှာဟာ အနည်းငယ် နီလာတယ်။ ဒမ်ဘာလီဒိုးက သူမကို ပြုံးပြပြီး ဆက်ပြောတယ်။ "သူတို့ ခုနက တံခါးဖောက်ဝင်ချင်တဲ့ပုံကို ကြည့်ရင် ဟာမီး၊ ဟယ်ရီနဲ့ ရွန်ဟာ မင်းကို မိတ်ဆွေလို့ပဲ သဘောထားတယ်လို့ ထင်တယ်"

"ကျွန်တော်တို့က ခင်ဗျားကို မိတ်ဆွေလို့ပဲ သဘောထားတာပေါ့" ဟယ်ရီက ဟက်ဂရစ်ကို ကြည့်ပြီးပြောတယ်။ "ခင်ဗျားထင်နေတာက စကီးတာဆိုတဲ့ နွားမကြီး —— ဝမ်းနည်းပါတယ်၊ ပါမောက္ခ" သူက အမြန်ပြောပြီး ဒမ်ဘာလီဒိုးကို လှည့်ကြည့်နေတယ်။

"ကျုပ် ယာယီနားကန်းသွားတယ်။ မင်းပြောတာ မကြားလိုက်ဘူး ဟယ်ရီ" ဒမ်ဘာလီဒိုးက ပြောတယ်။ သူက လက်မကြီးနှစ်ချောင်းကို ကစားရင်း မျက်နှာကြက်ကို ကြည့်နေတယ်။

"အင်း —— ကောင်းပြီ" ဟယ်ရီက အနေရကျပ်စွာ ပြောတယ်။ "ကျွန်တော် ပြောချင်တာက —— ဟက်ဂရစ်၊ ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော်တို့ကို ဟို —— မိန်းမ —— ရေးတဲ့ဟာတွေကို အရေးထားမယ်ထင်တာလဲ"

မျက်ရည်စက်ဝိုင်းဝိုင်းကြီးနှစ်စက် ဟက်ဂရစ်ရဲ့ မည်းနက်တဲ့ မျက်လုံးထဲက စီးကျလာတယ်။ တဖြည်းဖြည်းနဲ့ လိမ်ရှုပ်နေတဲ့ မုတ်ဆိတ်ထဲ စိမ့်ဝင်သွားတယ်။

"ဟက်ဂရစ်၊ ဒါက ကျုပ် ခုနကပြောတဲ့စကားကို သက်သေပြတာပဲ"



ဒမ်ဘာလီဒိုးက ပြောတယ်။ မျက်နှာကြက်ကိုပဲ လှမ်းကြည့်နေတုန်းပဲ။ "မိဘအုပ်ထိန်းသူတွေ ရေးလာတဲ့စာကို ကျုပ် မင်းကို ပြပြီးပြီ။ သူတို့ဟာ ထိုစဉ်က ဒီကျောင်းမှာ နေခဲ့တယ်။ မင်းပေါ်မှာ ခံစားချက်ကောင်းတယ်။ သူတို့က အလွန်ပြတ်သားစွာ ကျုပ်ကို ပြောတယ်။ တကယ်လို့ မင်းကို ထုတ်ရင် သူတို့ ကျေနပ်မှာ မဟုတ်ဘူးတဲ့ ——"

"လူတိုင်းမှ မဟုတ်တာ" ဟက်ဂရစ်အသံအက်အက်က ပြောတယ်။ "လူတိုင်းက ကျုပ်ကို ဆက်လုပ်စေချင်တာမှ မဟုတ်တာ"

"အမှန်ပြောရရင် ဟက်ဂရစ်၊ မင်း တစ်ကမ္ဘာလုံးကလူတွေ ထောက်ခံတဲ့အထိ စောင့်မယ်ဆိုရင် ဒီအိမ်ကလေးထဲမှာ အကြာကြီးနေရလိမ့်မယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ ဒီအချိန်မှာ သူဟာ လခြမ်းသဏ္ဍာန် မျက်မှန်နောက်က စူးရှစွာကြည့်လိုက်တယ်။ "ကျုပ် ဒီကျောင်းက ကျောင်းအုပ်စလုပ်ကတည်းက အပတ်တိုင်းမှာ အနည်းဆုံး ဇီးကွက်တစ်ကောင် စာလာပို့တယ်။ ကျုပ် ကျောင်းအုပ်ချုပ်တဲ့ နည်းနာကို ဝေဖန်တာ။ မင်းပြော၊ ကျုပ် ဘယ်လိုလုပ်ရမလဲ။ ကိုယ့်ကိုကိုယ် စာကြည့်ခန်းထဲ ပိတ်ထားပြီး၊ ဘယ်သူနဲ့မှ စကားမပြောဘဲ နေရမလား"

"ဒါပေမယ့် သင်က သွေးနှောစရာမလူသားမှ မဟုတ်တာ"

ဟက်ဂရစ်က အသံအက်အက်နဲ့ ပြောတယ်။

"ဟက်ဂရစ်၊ ကျွန်တော့်မှာ ဘယ်လိုဆွေမျိုးတွေရှိတယ်ဆိုတာ ကြည့်ပါဦး" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ဒါစလီမိသားစုကို ကြည့်ပါ . . . ."

"သိပ်ကောင်းတဲ့အမြင်" ပါမောက္ခဒမ်ဘာလီဒိုးက ပြောတယ်။ "ကျုပ်ညီအရင်း အာဘာဖို့သ်ဟာ ဆိတ်တစ်ကောင်ကို မှော်ပညာအလွဲသုံးစားလုပ်မိလို့ တရားစွဲခံရတယ်။ ဒီကိစ္စကို သတင်းစာထဲမှာ ဖြောင်းဆန်အောင် ထည့်တာ။ ဒါပေမယ့် အာဘာဖို့သ် ပုန်းနေသလား။ မပုန်းဘူး။ လုံးဝမပုန်းဘူး။ သူက ခေါင်းမော့ရင်ကော့ပြီး လုပ်စရာရှိတာ လုပ်တာပဲ။ အင်းပေါ့လေ၊ သူ စာတတ်သလားဆိုတာ ကျုပ် မသေချာဘူး။ ဒါကြောင့် သူသတ္တိရှိတာလဲ ဟုတ်ချင်မှဟုတ်မယ် . . . ."

"စာပြန်လာသင်ပါ၊ ဟက်ဂရစ်" ဟာမီးက အသာလေးပြောတယ်။ "ပြန်လာဖို့ တောင်းပန်ပါတယ်။ ကျွန်မတို့ ရှင့်ကို တကယ်ပဲ သတိရတယ်"

ဟက်ဂရစ်ဟာ ရှိုက်သံကို ထိန်းထားတယ်။ မျက်ရည်တွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ကနေ စီးကျလာပြန်တယ်။ ရှုပ်ပွနေတဲ့ မုတ်ဆိတ်ထဲ စိမ့်ဝင်သွားတယ်။

ဒမ်ဘယ်လီဒိုး မတ်တတ်ရပ်လိုက်တယ်။ "မင်းနုတ်ထွက်စာကို ကျုပ် လက်မခံဘူး၊ ဟက်ဂရစ်။ လာမယ့်တနင်္လာနေ့မှာ စာပြန်သင်" သူက ပြောတယ်။ "မင်း ရှစ်နာရီခွဲမှာ ခန်းမထဲလာပြီး ကျုပ်နဲ့အတူ နံနက်စာစားစာ စား... အကြောင်းမြပြီး မလာလို့မရဘူး။ အားလုံးမင်္ဂလာညနေခင်းပါ"

ဒမ်ဘယ်လီဒိုး တံခါးဝဆီ လျှောက်သွားတယ်။ ရပ်ပြီး အစွယ်ကြီး နားရွက်ကို ကုတ်လိုက်ပြီး အိမ်ကလေးက ထွက်ခွာသွားတယ်။ တံခါး သူ့ကျောဘက်မှာ ပိတ်သွားတော့ ဟက်ဂရစ်ဟာ မျက်နှာကို အမှိုက်ပုံးအဖုံးလောက်ကြီးတဲ့ လက်ဝါးကြီးထဲ မြှုပ်ပြီး ဝမ်းနည်းပန်းနည်း ငိုပါလေရော။ ဟာမီးက သူ့လက်မောင်းကို မနားတမ်းပုတ်နေတယ်။ နောက်ဆုံး ဟက်ဂရစ် ခေါင်းထောင်လာတယ်။ မျက်လုံးနှစ်လုံး နီရဲနေတယ်။ သူက ပြောတယ်။ "တကယ့်ကိုတော်တဲ့ လူကြီး၊ ဒမ်ဘယ်လီဒိုး . . . . သိပ်တော်တဲ့လူ . . . ."

"ဟုတ်တယ်၊ သူသိပ်တော်တာ" ရွန်က ပြောတယ်။ "ကျွန်တော် ကိတ်တစ်ချပ်စားလို့ရမလား၊ ဟက်ဂရစ်"

"စားသာစားပါ" ဟက်ဂရစ်ကပြောရင်း လက်ဖမိုးနဲ့ မျက်လုံးကို သုတ်တယ်။ "အင်း၊ အမှန်ပဲ၊ သူပြောတာမှန်တယ် —— မင်းတို့ပြောတာ မှန်တယ် . . . .ကျုပ်သိပ်အတာ . . . . ကျုပ်ဒီလိုလုပ်တာ၊ ကျုပ်အဖေ ကျုပ်အတွက် မျက်နှာနီလိမ့်မယ် . . . ." မျက်ရည်တွေ စီးကျလာပြန်ပြီ။ သူက တအားသုတ်ပစ်ပြီး ပြောပြန်တယ်။ "ကျုပ် မင်းတို့ကို ကျုပ်အဖေအိုကြီး ဓာတ်ပုံ မပြရသေးဘူး၊ ဟုတ်လား၊ ဒီမှာ . . ."

ဟက်ဂရစ် မတ်တတ်ရပ်ပြီး အံဆွဲဗီရိုရှေ့ သွားတယ်။ အံဆွဲတစ်ဆွဲဖွင့်ပြီး ဓာတ်ပုံတစ်ပုံ ယူထုတ်လိုက်တယ်။ ဓာတ်ပုံထဲမှာ မှော်ဆရာပု တစ်ယောက်။ မျက်လုံးက ဟက်ဂရစ်နဲ့ အတူတူပဲ။ အနက်ရောင်ပဲ။ မျက်လုံး မှေးထားတယ်။ သူဟာ ဟက်ဂရစ်ရဲ့ ပခုံးပေါ် ထိုင်ပြီး ဝမ်းသာစွာ ရယ်နေတယ်။ ဘေးရှိ ပန်းသီးပင်တစ်ပင်နဲ့ နှိုင်းစာကြည့်ရင် ဟက်ဂရစ်ဟာ ခုနစ်ပေရှစ်ပေ မြင့်မယ်။ ဒါပေမယ့် သူ့မျက်နှာက ငယ်ပြီး ပြည့်တယ်၊ ချောပြောင်တယ်၊ မုတ်ဆိတ်မရှိဘူး —— သူ့ကြည့်ရတာ အများဆုံး ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။

"ဒါ ကျုပ် ဟော့ဂ်ဝပ်ရောက်ပြီး မကြာခင်မှာ ရိုက်တာ" ဟက်ဂရစ်က အသံအက်အက်နဲ့ ပြောတယ်။ "အဖေက သိပ်ပျော်တာ . . . . သူက ကျုပ်



မှော်ဆရာ မဖြစ်ဘူးထင်နေတာ။ မင်းတို့သိတဲ့အတိုင်း ကျုပ်အမေကြောင့် . . . . အင်း၊ မပြောလဲ ပြီးတာပဲ။ စင်စစ် ကျုပ် မှော်ပညာဘက်မှာ သိပ်မပေါက်ရောက်ဘူး။ ဒါပေမယ့် သူ ကျုပ်ကျောင်းထုတ်ခံရတာတော့ မတွေ့ရဘူးပေါ့။ သူ သေသွားတယ်။ နားလည်လား။ ကျုပ် ဒုတိယနှစ်တက်တဲ့အခါမှာ . . . .

"အဖေသေပြီးနောက် ဒမ်ဘယ်လီဒိုးက ကျုပ်ကို တစ်လျှောက်လုံး စောင့်ရှောက်ခဲ့တာ။ ကျုပ်ကို တောလိုက်ကွင်းအစောင့် အလုပ်ပေးတာ။ သူက လူများကို အလွန်ယုံတာ။ လူကို အမြဲလို ဒုတိယအခွင့်အရေးပေးတယ်။ ဒါက သူနဲ့ တခြားကျောင်းအုပ်တွေ မတူတဲ့နေရာပဲ။ နားလည်လား။ အရည်အချင်း ရှိတဲ့လူသာ ဖြစ်ပစေ၊ ဒမ်ဘယ်လီဒိုးက ၎င်းကို ဟော့ဂ်ဝပ်မှာ လက်ခံတယ်။ လူတစ်ယောက်ဟာ မိဘမျိုးရိုးမကောင်းပေမယ့် သူကောင်းတာလဲ ရှိတယ်ဆိုတာ ဒမ်ဘယ်လီဒိုး သိတယ် . . . . အင်း . . . . ဒီလိုလုပ်ပုံဟာ အလွန်ရိုးသေလေးစားဖို့ ကောင်းတယ်။ ဒါပေမယ့် လူတချို့ဟာ ဒါကို သဘောမပေါက်ကြဘူး။ လူတချို့ဟာ မျိုးရိုးကြောင့် သင့်ကို အထင်သေးတယ် . . . . တချို့ကျတော့ မိမိအရိုးအဆစ်ကြီးတာပါလို့တောင် ပြောသေးတယ်။ အစစ်အမှန်ကို ရဲဝံ့စွာ ပြောမထုတ်ဝံ့ဘူး။ ကျုပ်ဟာ ကျုပ်ပဲ။ ဘာမှ ရှက်စရာမလိုဘူး။ 'ဘယ်တော့မှ ရှက်တယ်လို့ မခံစားနဲ့'။ ကျုပ်အဖေ အရင်က အမြဲ ဒီလိုပြောတယ်၊ 'လူတချို့က ဒီအတွက် မင်းကို အထင်သေးပစ်ပယ်မယ်။ ဒါပေမယ့် အဲဒီလူတွေကြောင့် မင်းစိတ်ညစ်ရင် မတန်ဘူး' သူမှန်တယ်။ ကျုပ် သိပ်အလွန်းတယ်။ ကျုပ် ဟိုပိန်းမကြောင့် စိတ်မညစ်တော့ဘူး။ ကျုပ် မင်းတို့ကို ကတိပေးပါတယ်။ အရိုးအဆစ်ကြီး . . . . ကျုပ်က သူမကို ကျုပ် အရိုးအဆစ်ကြီးအကြောင်း သိစေမယ်"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ပူပင်စွာ အပြန်အလှန်ကြည့်လိုက်တယ်။ ဟယ်ရီဟာ မီးပန်းပိုးကောင် အကောင်ငါးဆယ်ကိုခေါ်ပြီး လမ်းလျှောက်လိုက်ချင်သေးတယ်။ ဟက်ဂရစ်နဲ့ မဒမ်မက်ဆင်းစကားပြောတာကို ခိုးနားထောင်ခဲ့တယ်ဆိုတာ ဟက်ဂရစ်ကို ဝန်မခံချင်ဘူး။ ဒါပေမယ့် ဟက်ဂရစ်ဟာ မနားတမ်းပြောနေတုန်းပဲ။ မိမိဘာမှန်းမသိ လျှောက်ပြောတာကို သိပုံမပေါ်ဘူး။

"မင်း သိလား၊ ဟယ်ရီ" သူက ပြောတယ်။ သူ့အဖေ ဓာတ်ပုံပေါ်ကနေ ခေါင်းမော့လိုက်တယ်။ မျက်လုံးက အလွန်တောက်ပနေတယ်။ "ကျုပ် ပထမဆုံး မင်းကိုမြင်ရတော့ မင်းဟာ ကျုပ်ကို ကိုယ့်ကိုကိုယ် သတိရစေတယ်။

www.burmeseclassic.com



မင်းမိဘနှစ်ပါး သေဆုံးသွားတယ်။ ဟော့ဂ်ဝပ်မှာ အဆင်မပြေမှာစိုးတ
မင်းဟာ ကိုယ့်ဖာသာ ခွန်အားရှိတယ်ဆိုတာ မယုံဘူး . . . . ဒါပေမယ့်
မင်းကို ကြည့်လေ၊ ဟယ်ရီ၊ ကျောင်းက သူ့ရဲ့ကောင်း”

သူဟာ ဟယ်ရီ့ကို ခဏကြည့်နေတယ်။ ဒီနောက် အလွန်တည်ကြ
စွာ ပြောတယ်။ “ကျုပ်က မျှော်လင့်တယ်ဆိုတာ မင်းသိလား၊ ဟုတ်လ
ဟယ်ရီ၊ ကျုပ်က မင်းနိုင်စေချင်တယ်။ တကယ့်ကို နိုင်စေချင်တာ၊ ဒ
၎င်းတို့ကို . . . . မှော်ဆရာစစ်စစ်မျိုးရိုးကလာတဲ့လူမှ ဒီလိုလုပ်နိုင်တာ မဟု
ဘူးဆိုတာ မြင်စေလိမ့်မယ်။ မိမိမျိုးရိုးကြောင့် ရှက်စရာမလိုဘူး။ ဒါက ၎င်းတို့
ဒမ်ဘယ်လီဒိုးရဲ့အမြင် မှန်ကန်ကြောင်း မြင်စေလိမ့်မယ်။ လူတစ်ယောက်
သူ့မှာ မှော်ပညာအရည်အချင်းရှိရင် သူ့ကို ကျောင်းနေခွင့်ပေးရမယ်။ မင်
ရွှေဥကို လေ့လာတာ ဘယ်လိုနေလဲ၊ ဟယ်ရီ”

“ကောင်းတယ်” ဟယ်ရီက ပြောတယ်။ “တကယ့်ကိုကောင်းတ

ဟက်ဂရစ်ရဲ့ သောကမျက်နှာပေါ်မှာ စိုစွတ်တဲ့ပြုံးပန်း ပွင့်သွားတ
“ကျုပ်ရဲ့ လိမ်မာတဲ့ကလေး . . . . ၎င်းတို့ကို ပြလိုက်စမ်းပါ၊ ဟယ်ရီ။ ၎င်းတို့
ပြလိုက်ပါ။ ၎င်းတို့အားလုံးကို အနိုင်ယူ”

ဟက်ဂရစ်ကို လိမ်ပြောရတာဟာ တခြားလူကို လိမ်ပြောရတ
ခံစားချက်မတူဘူး။ အဲဒီနေ့ညနေ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အတူ ရဲတိုက်
ပြန်ခဲ့ကြတော့၊ သူ့မျက်စိထဲမှာ ဟက်ဂရစ်ဟာ ဟယ်ရီ ဗိုလ်လုပွဲဗိုလ်စွဲတာ
စိတ်ကူးယဉ်တဲ့ မုတ်ဆိတ်ပါးသိုင်းမွေး ဗလပွနဲ့ မျက်နှာပေါ်က ပျော်ရွှင်
အမူအရာဟာ သူ့ခေါင်းထဲမှာ မပျောက်တော့ဘူး။ အဲဒီနေ့ညမှာ ဘာ
ခန့်မှန်းလို့မရတဲ့ ရွှေဥဟာ ဘယ်တုန်းကနဲ့မှမတူဘဲ ဟယ်ရီ့ရင်ကို လေးနေ
တယ်။ အိပ်ဖို့ ခုတင်ပေါ်တက်တော့ သူဟာ ဆုံးဖြတ်ချက်ချလိုက်တယ် —
မိမိမာနကိုချပြီး စက်ဒရစ် အကြံပေးတာ အသုံးကျသလားဆိုတာ ထည့်စဉ်း
တော့မယ်။



## ၂၅။ ရွှေဥနဲ့ မှော်မျက်လုံး

ဒီလိုရေချိုးတာ ဘယ်လောက်ကြာကြာချိုးမှ ရွှေဥရဲ့ လျှို့ဝှက်ချက်ကို
ဖော်နိုင်မယ်ဆိုတာ ဟယ်ရီ မသိဘူး။ ဒါကြောင့် ညကျမှ လှုပ်ရှားမယ်လို့ သူက
ဆုံးဖြတ်လိုက်တယ်။ ဒါဆိုရင် သူဘယ်လောက်ကြာကြာ ချိုးချိုး ကိစ္စမရှိဘူး။
ညသန်းခေါင်းဆောင်တွေအတွက် ရေချိုးခန်းကို ဝင်နိုင်တဲ့လူ သိပ်မရှိဘူး။
ဒါကြောင့် သူ့ကို အနှောင့်အယှက်ပေးမယ့် အခြေအနေလည်း နည်းတာပေါ့။

ဟယ်ရီဟာ မိမိရဲ့ ဒီလှုပ်ရှားမှုကို သေချာပြင်ဆင်နေတယ်။ အရင်က
သူဟာ ညဉ့်နက်သန်းခေါင်ထပြီး လျှောက်သွားလို့ တံခါးစောင့်ဖစ်ချ် အဖမ်းခံ
ရဖူးတယ်။ ဒီလိုအဖြစ်မျိုး ထပ်မဖြစ်စေချင်ဘူး။ ကိုယ်ပျောက်ဝတ်ရုံကတော့
မပါလို့မပြီးဘူး။ ဒါပေမယ့် ပိုပြီးသေချာအောင် ဟယ်ရီဟာ ဓားပြမြေပုံကိုပါ
ယူသွားချင်တယ်။ ကိုယ်ပျောက်ဝတ်ရုံပြီးရင် ဓားပြမြေပုံက အရေးအကြီးဆုံးပဲ
ဖြစ်ပါ ဟယ်ရီ ကျောင်းစည်းကမ်းချိုးဖောက်တဲ့နေရာမှာ သိပ်အသုံးကျတဲ့
အထောက်အကူကိရိယာပဲ။ မြေပုံပေါ်မှာ ဟော့ဂ်ဝပ်တစ်ခုလုံးကို ဖော်ပြတယ်။
ရှုပ်ထွေးပွေလီတဲ့ ဖြတ်လမ်းနဲ့ လျှို့ဝှက်လမ်းကြောင်းတွေ အပါအဝင်ပဲ။ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးဆုံးအချက်က ၎င်းဟာ နာမည်ရေးပြထားတဲ့ အစက်ကလေးနဲ့ ရဲတိုက်ထဲ လူတွေ စကြီထဲမှာ သွားလာတဲ့အခြေအနေကို ဖော်ပြတယ်။ တကယ်လို့ ခန်းနား လူကပ်လာရင် ဟယ်ရီဟာ ကြိုတင်သိရှိနိုင်တယ်။

ကြာသပတေးနေ့ညမှာ ဟယ်ရီဟာ တိတ်တိတ်ကလေးထပြီး ကို ပျောက်ဝတ်ရုံကို ခြုံကာ ခြေဖော့လက်ဖော့နဲ့ လှေကားက ခိုးဆင်းခဲ့တ ဒီနောက် ဟက်ဂရစ်က သူ့ကို မီးနဂါးသွားပြတဲ့ညတုန်းကလိုပဲ အရှိပ် အပေါက်ဝ ပွင့်သွားတာကို စောင့်တယ်။ ဒီတစ်ခါ အပြင်မှာ စောင့်နေ ရှွန်။ သူက မိန်းမဝဝကြီးကို စကားဝှက်ပြောလိုက်တယ် ("ငှက်ပျောကြော် "ကံကောင်းပါစေ" ရှွန်က တိုးတိုးပြောပြီး အများနားနေခန်းထဲ ဝင်လိုက်တ ဟယ်ရီကလည်း သူ့ဘေးကနေ အပြင်ကို ထွက်လိုက်တယ်။

ဒီနေ့ည ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံဝတ်ပြီး လှုပ်ရှားရတာ သ အဆင်မပြေဘူး။ အကြောင်းက သူ့ချိုင်းတစ်ဖက်အောက်မှာ လေးပင်တဲ့ ညှပ်ထားပြီး၊ ကျန်လက်တစ်ဖက်က မြေပုံကို နှာခေါင်းအောက်ထိ မြှော ထားလို့ဖြစ်တယ်။ တော်ပါသေးတယ်။ လရောင်ထိုးနေတဲ့ စကြီထဲမှာ ဟာ ဟင်းလင်းကြီး ငြိမ်သက်နေတယ်။ ဟယ်ရီဟာ အရေးကြီးတဲ့ နေရာအချို မြေပုံကို စစ်ဆေးကြည့်တယ်။ မိမိ တခြားသူနဲ့ ဝင်မတိုးအောင် စစ်ဆေးတ သူဟာ တွေဝေတဲ့ ဘိုးရစ်ရုပ်ထုရှေ့ရောက်တော့ —— ဒါက ဘာမှန်းမသိ အမူ အရာနဲ့ မှော်ဆရာ၊ လက်နှစ်ဖက်မှာ လက်အိတ်ပြောင်းပြန်ဖြစ်နေတ ဟယ်ရီဟာ ဧက်ဒရစ် ပြောပြထားသလို ရုပ်ထုဘေးက တံခါးကို ရှာတ ကပ်သွားပြီး "လတ်ဆတ်တဲ့ နာနတ်သီး"ဆိုတဲ့ စကားဝှက်ကို ပြောလိုက်တ

တံခါးဟာ ကျွိခနဲပွင့်သွားတယ်။ ဟယ်ရီ ဝင်လိုက်ပြီး ချက်ချ လိုက်တယ်။ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပြီး ဟိုဒီကြည့်တယ်။

သူ့ပထမတုံ့ပြန်ချက်က အတန်းခေါင်းဆောင် လုပ်ရတာ တ မဆိုးဘူး။ ဒီလိုရေချိုးခန်း အသုံးပြုရတာနဲ့တင် တန်နေပြီ။ ဖယောင်း ထွန်းထားတဲ့ အကိုင်းအခက်သဏ္ဌာန် မီးဆိုင်းဟာ အခန်းကို နွေးထွေး အလင်းရောင်ပေးနေတယ်။ အနားရှည်စတုဂံ ရေကူးကန်နဲ့တူတဲ့ အလယ် ကြမ်းပြင်ထက် နိမ့်ဆင်းနေတဲ့ ရေချိုးကန်ကြီး အပါအဝင်၊ အရာတိုင်း ဖြူဖွေးတဲ့ မာဘော်ကျောက်နဲ့ ပြုလုပ်ထားတာချည်းပဲ။ ရေချိုးကန်ကြီးဘေး ရွှေရောင်ရေပိုက်ခေါင်း တစ်ရာခန့်ရှိတယ်။ ပိုက်ခေါင်းတွေရဲ့ လက်ကိုင်



နေရာတိုင်းမှာ အရောင်မတူတဲ့ ရတနာကျောက်တစ်ပွင့်စီ စီခြယ်ထားတယ်။ ပြင် ဒိုင်ဗင်ထိုးဖို့စင်လည်း ရှိသေးတယ်။ ပြတင်းပေါ်မှာ ဖြူဖွေးတဲ့ လီနင် လိုက်ကာ တပ်ဆင်ထားတယ်။ ပျော့ပျောင်းပွယောင်းတဲ့ တဘက်အဖြူ တစ်ပုံ ကြီး နံရံထောင့်မှာ ရှိတယ်။ နံရံပေါ်မှာ ရွှေရေစိမ် မှန်ဘောင်ထဲမှာ ထည့် ထားတဲ့ ပန်းချီကားတစ်ကားရှိတယ်။ ပန်းချီက ကျောက်ဆောင်ပေါ် နှစ်နှစ် မြိုက်မြိုက် အိပ်ပျော်နေတဲ့ ရွှေရောင်ဆံပင်နဲ့ လူတစ်ပိုင်း ငါးတစ်ပိုင်း ရေသူမရဲ့ ပုံ။ သူမရဲ့ ဆံပင်ရှည်ရှည်ဟာ မျက်နှာပေါ် ကျနေတယ်။ သူမ အသက်ရှူတာနဲ့ အတူ လိုက်ပြီး အသာလေး တုန်ခါနေတယ်။

ဟယ်ရီက ရှေ့တက်သွားပြီး ဟိုဒီကြည့်တယ်။ သူ့ခြေသံဟာ နံရံ လေးဘက်မှာ ပဲ့တင်ထပ်နေတယ်။ ဒီရေချိုးခန်းဟာ တကယ်ပဲ ခမ်းနားလှပ တယ် —— သူကလည်း ရေဘုံဘိုင်ခေါင်းတချို့ကို စမ်းဖွင့်ချင်တယ် —— ဒါပေ မယ့် အခု သူ ဒီမှာရပ်နေပြီး စက်ဒရစ်" သူ့ကို ချောက်ချလိုက်ပြီလို့ ထင်နေ တယ်။ ဒီရေချိုးခန်းဟာ သူ ရွှေဥရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရာမှာ ဘာများ အကူ အညီပေးနိုင်မှာလဲ။ သူက ဒီလိုတွေးပေမယ့် သူဟာ ပျော့ပျောင်းတဲ့ တဘက်တစ်ထည်ရယ်၊ ကိုယ်ပျောက်ဝတ်ရုံ၊ ခေးပြမြေပုံနဲ့ ရွှေဥကို ရေကူးကန် တမျှ ကြီးမားတဲ့ ရေချိုးကန်ဘောင်ပေါ် တင်ထားလိုက်တယ်။ ဒီနောက် ဒူး ထောက်ပြီး ရေပိုက်ခေါင်းတချို့ကို လှည့်ဖွင့်လိုက်တယ်။

သူ ချက်ချင်းတွေ့ရှိတာက ဒီပိုက်ခေါင်းတွေက ပန်းထွက်လာတာ ဟာ ရေနွေးရောထားတဲ့ အမြှုပ်ထ ရေချိုးဆပ်ပြာဆီတွေ ဖြစ်နေတယ်။ ဒါပေ မယ့် ၎င်းတို့ဟာ ဟယ်ရီ အရင်က ကြုံတွေ့ဖူးတဲ့ အမြှုပ်ထဆပ်ပြာဆီနဲ့ ရေချိုး ရတာချင်း မတူဘူး။ ရေပိုက်ခေါင်းတစ်ခုဆိုရင် ကန်ဘောလောက်ကြီးတဲ့ ပန်းရောင်နဲ့ အပြာရောင်အမြှုပ်ကြီးတွေ ပန်းထွက်တယ်။ ကျန်တစ်ခုက ကြည် လင်ပြီး ထူထဲတဲ့ အမြှုပ်ထွက်လာတယ် —— သူသာ စမ်းကြည့်မယ်ဆိုရင် အဲဒီအမြှုပ်တွေဟာ သူ့ကို ရေပေါ်မြှောက်တင်ထားလိမ့်မယ်။ နစ်မှာမဟုတ် ဘူးလို့ ဟယ်ရီထင်တယ်။ တတိယရေပိုက်က အမွှေးနံ့ပြင်းတဲ့ ခရမ်းရောင် ရေငွေ့တွေ ပန်းထွက်တယ်။ ရေပေါ်မှာ လွင့်ပျံနေတယ်။ ဟယ်ရီဟာ အဲဒီ ရေပိုက်ခေါင်းတွေကို ကစားနေတယ်။ ဖွင့်လိုက်၊ ပိတ်လိုက်လုပ်တယ်။ လည်မြိမ်း သဏ္ဌာန် ရေပန်းထွက်ပြီး ရေပြင်ကို ထူးဆန်းတဲ့ရှုခင်းဖြစ်အောင် ရုပ်လိုက်သွား တဲ့ ရေပိုက်တစ်ခုကို သူ အလွန်နှစ်သက်တယ်။ မကြာလိုက်ဘူး။ ရေချိုးကန်

www.burmeseclassic.com

www.burmeseclassic.com



နတ်နက်ကြီးဟာ ရေနွေးတွေ၊ ရေမြှုပ်တွေနဲ့ ရေပူဖောင်းတွေနဲ့ ပြည့်သွားတယ်။ ဒီလောက်ကြီးတဲ့ ရေချိုးကန်ကြီး ဒီလို မြန်မြန်ပြည့်သွားတာ သိပ်ကို မြန်တယ်။ ဟယ်ရီဟာ ရေဘုံဘိုင်အားလုံးကို ပိတ်ပစ်လိုက်တယ်။ ညဝတ်အင်္ကျီ၊ ဖိနပ်နဲ့ ညဝတ်အင်္ကျီပေါ်ထပ်ဝတ်တဲ့ အင်္ကျီရှည်ကို ချွတ်ပြီး ရေထဲ စိမ်လိုက်တယ်။

ရေက သိပ်နက်တာပဲ။ သူ့ခြေထောက်ဟာ ရေချိုးကန်ကြမ်းခင်းကို မထိတထိပဲရှိတယ်။ သူဟာ ရေထဲမှာ နှစ်ကြော့လောက် ကူးခတ်ပြီးမှ ကန်ဘေးကို ပြန်လာခဲ့တယ်။ ခြေထောက်က ရေကိုနင်းပြီး ကိုယ်ဖော့ထားရင်း ရွှေဥကို သေချာကြည့်နေတယ်။ ရေပူပူ၊ အမြှုပ်ထနေတဲ့ရေထဲမှာ ရေကူးရပြီး ဘေးပတ်လည်မှာ ရောင်စုံရေငွေ့တွေ ဝေ့ဝဲနေတယ်။ အဲဒီအရသာဟာ ဘယ်လိုကောင်းမှန်းမသိဘူး။ ဒါပေမယ့် ဒါကြောင့် သူ့မှာ ဉာဏ်ရွှင်မလာဘူး။ ဦးနှောက်ထဲမှာလဲ ဉာဏ်အလင်းရောင်လက်လာပြီး သိနားလည်သွားတာ မရှိဘူး။

ဟယ်ရီဟာ လက်ကိုဆန့်ထုတ်ပြီး စိုနေတဲ့လက်နဲ့ ရွှေဥကို မ,လိုက်တယ်။ ၎င်းကို ဖွင့်လိုက်တယ်။ ချက်ချင်းပဲ နားကွဲမတတ် အော်ဟစ်သံတွေ ရေချိုးခန်းထဲ ပြည့်လျှံသွားတယ်။ မာဘော်နံရံကြားမှာ ပဲ့တင်ထပ်သွားတယ်။ တုန်ခါသွားတယ်။ ဒါပေမယ့် အဲဒီအသံဟာ အစကလိုပဲ ဘာမှန်းကို မသိဘူး။ ပြီးတော့ ပဲ့တင်သံနဲ့ ထပ်နေလို့ ပိုလို့တောင် ဘာမှန်းမသိတော့ဘူး။ သူဟာ ၎င်းကို ဘတ်ခနဲ ပိတ်ပစ်လိုက်တယ်။ ဒီအသံကြောင့် ဖစ်ချ်ရောက်လာမှာ စိုးတယ်။ ဒါ စက်ဒရစ်ရဲ့ အကောက်ကြံမှုလို့တောင် သူ သံသယဖြစ်တယ်။ ဒီအချိန်မှာပဲ စကားသံ ပေါ်ထွက်လာတယ်။ သူဟာ အသက်ပျောက်မတတ် လန့်သွားပြီး ရွှေဥ လက်ထဲက လွတ်ကျသွားတယ်။ ရွှေဥဟာ ရေချိုးခန်း ကြမ်းပြင်ပေါ်မှာ တဒေါင်ဒေါင်နဲ့ အဝေးကို လိမ့်သွားတယ်။

"ငါသာ မင်းဆိုရင် ၎င်းကို ရေထဲထည့်ပြီး စမ်းကြည့်မှာ"

ဟယ်ရီဟာ လန့်သွားပြီး ရေမြှုပ်တွေ လေးငါးလုတ် မျိုချမိသွားတယ်။ သူဟာ မတ်တတ်ရပ်ပြီး တထွီထွီနဲ့ ထွေးထုတ်တယ်။ ဒီတော့မှ ပူပင်သောကရောက်တဲ့မျက်နှာနဲ့ သရဲမတစ်ကောင်ဟာ ခြေကလိမ်ချိတ်ပြီး ရေပိုက်ခေါင်းတစ်ခုပေါ်မှာ ထိုင်နေတာ တွေ့ရတယ်။ အဲဒါ ငိုကြွေးတဲ့မားထော်။ ဒုတိယထွာက ကိုယ်လက်သန့်စင်ခန်းတစ်ခုထဲက ရေဆင်းပိုက်လိုင်းတစ်ခုထဲမှာ ဝမ်းနည်းစွာ ငိုနေတာကို လူတွေ ခဏခဏ ကြားရတယ်။

"မားထော်" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ကျွန်တော် . . . .



ကျွန်တော် ဘာမှမဝတ်ဘူး"

ဝင်စစ်မှာ ဒါ ဘာမှကိစ္စမရှိဘူး။ အကြောင်းက ရေထဲက အမြှုပ်တွေက အထူကြီးပဲ။ ဒါပေမယ့် သူ့မှာ အလွန်နေရခက်တဲ့ ခံစားချက် ဖြစ်နေတယ်။ သူဝင်လာကတည်းက မားထော်ဟာ ရေပိုက်ခေါင်းတစ်ခုထဲမှာ ပုန်းပြီး သူ့ကို ချောင်းကြည့်နေတယ်လို့ သူ သံသယဖြစ်မိတယ်။

"မင်း ဝင်သွားတော့ ငါ မျက်စိမှိတ်ထားတယ်" သူမက ပြောတယ်။ မျက်မှန်ထူထူနောက်ကနေ သူ့ကို မျက်စိမှိတ်ပြတယ်။ "မင်း ငါ့ကို လာမကြည့်တာ အတော်ကြာပြီ"

"ဟုတ်တယ် . . . . အင်း . . . ." ဟယ်ရီက ပြောတယ်။ ဒူးကိုလဲ နည်းနည်းညွှတ်ပြီး မားထော် သူ့ခေါင်းကလွဲပြီး တခြားဘာမှမမြင်နိုင်အောင် လုပ်တယ်။ "ကျွန်တော် ဒီသန့်စင်ခန်းထဲ မဝင်သင့်ဘူး၊ ဟုတ်လား၊ အဲဒါ ကျောင်းသူသန့်စင်ခန်း"

"မင်းအရင်က ဒါကို အရေးမထားဘူးပဲ" မားထော်က ဝမ်းနည်းစွာ ပြောတယ်။ "မင်းအရင်က တစ်နေကုန် အဲဒီထဲမှာ နေတာ"

ဒါတော့အမှန်ပဲ။ ဒါပေမယ့် အဲဒါဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီး မားထော်နေတဲ့ အိမ်သာအပျက်ဟာ အလွန်ကို လုံခြုံမှန်းသိလို့ သူတို့အထဲမှာ ကွန်ပေါင်းဆေးရည်ကို တိတ်တိတ်ခိုးကျိုလို့ရတဲ့ နေရာမို့ —— အဲဒီဆေးရည်ဟာ အသုံးပြုဖို့ တားမြစ်ထားတဲ့ မှော်ဆေးတစ်မျိုး ဖြစ်တယ်။ သူနဲ့ရွန်ကို အရှင်လတ်လတ်ကြီး ခရပ်နဲ့ ဂိုးရဲ့ မိတ်တူပုံတူဖြစ်စေပြီး၊ တစ်နာရီမျှကြာအောင် ရုပ်ပြောင်းစေခဲ့တယ်။ ဒါကြောင့် သူတို့ စလေးသရင်းအများနားနေခန်းထဲကို ရောနှောဝင်လို့ ရသွားတယ်။

"ကျွန်တော် အဲဒီနေရာသွားလို့ အဆူခံရတာ" ဟယ်ရီက ပြောတယ်။ ဒီစကားဟာ တစ်ဝက်တော့ အမှန်ပဲ။ တစ်ခါမှာ ဖတ်စီဟာ သူ မားထော်ရဲ့ ကိုယ်လက်သန့်စင်ခန်းထဲက ထွက်လာတာမြင်သွားတယ်။ "နောက်တော့ ကျွန်တော် မသွားရင်ကောင်းတယ်လို့ တွေးတယ်"

"အော . . . . နားလည်ပြီ . . . ." မားထော်က ပြောတယ်။ မိမိမေးစေ့ပေါ်က အဖုကို သုန်မှုန်စွာ ဆွဲနေတယ်။ "ကောင်းပြီ . . . . မပြောတော့ဘူး . . . . ငါ ရွှေဥကို ရေထဲထည့်ပြီး စမ်းကြည့်မယ်။ စက်ဒရစ်-ဒစ်ဂိုရီက ဒီအတိုင်း လုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူ့ကိုလဲ ခိုးကြည့်တယ်၊ ဟုတ်လား" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ခင်ဗျား ဒါ ဘာလုပ်တာလဲ၊ ညည ဒီနေရာကို ဝင်လာပြီး အတန်းခေါင်းဆောင်တွေ ရေချိုးတာ ခိုးကြည့်တယ် ?"

"တစ်ခါတလေပေါ့" မားထော်က အလွန်လျှို့ဝှက်သလို ပြောတယ်။ "ဒါပေမယ့် အရင်က သူများနဲ့ ထွက်လာပြီး စကားပြောတာ မရှိဘူး"

"ကျွန်တော် သိပ်ဂုဏ်ယူရမှာပေါ့" ဟယ်ရီက မကြိုက်ဘဲ ပြောတယ်။ "ခင်ဗျား မျက်စိမှိတ်ထား"

မားထော် လက်နှစ်ဖက်နဲ့ မျက်မှန်ကို တင်းတင်းအုပ်ထားတာတွေ့မှ ရေချိုးကန်ထဲကထပြီး တဘက်နဲ့ ခါးပိုင်းကို တင်းတင်းပတ်ပြီး ရွှေဥကို သွားကောက်တယ်။ သူဟာ ရေထဲပြန်ဝင်ရုံရှိသေးတယ်။ မားထော်က လက်ချောင်းကြားက သူ့ကိုကြည့်ပြီး ပြောတယ်။ 'ဟုတ်ပြီ၊ မြန်မြန်လေးလုပ် . . . . ရေထဲမှာ ၎င်းကို ဖွင့်လိုက်"

ဟယ်ရီဟာ ရွှေဥကို အမြှုပ်တွေ ဝေစီနေတဲ့ ရေအောက်မှာထားပြီး ဖွင့်လိုက်တယ် . . . . ဒီတစ်ကြိမ်မှာ ၎င်းက မအော်ဟစ်တော့ဘူး၊ ရွှေဥထဲကနေ ရေစီးသံလို သီချင်းသံ ထွက်လာတယ်။ ဒီသီချင်းသံဟာ ရေအောက်က လာတာမို့ ဘာတွေဆိုနေမှန်း သူ သေချာမကြားရဘူး။

"မင်းခေါင်းကိုလဲ ရေထဲထည့်ဖို့လိုတယ်" မားထော်က ပြောတယ်။ သူ့ကို ညွှန်ကြားရတာ သိပ်အရသာရှိသလိုပဲ။ "လုပ်လေ"

ဟယ်ရီဟာ အသက်ပြင်းပြင်းရှူလိုက်ပြီး ရေအောက်ကို ဝင်လိုက်တယ် —— အခု သူဟာ အမြှုပ်ထရေချိုးတဲ့ ရေအောက်ကြမ်းခင်း မာဘော်ကျောက်ပြားပေါ် ထိုင်နေတယ်။ လက်ထဲရှိ ပွင့်နေတဲ့ရွှေဥထဲမှာ ထူးဆန်းတဲ့ အသံတွေ ပြိုင်တူသီဆိုနေတာ ကြားရတယ်။

ကျုပ်တို့ကို ရှာဖွေပါ၊ ကျုပ်တို့အသံ ပေါ်ထွက်တဲ့နေရာမှာ
ကျုပ်တို့မြေပြင်ပေါ်မှာ သီဆိုလို့ မရဘူး။
သင်ရှာဖွေတဲ့အခါမှာ သေချာတွေးတောချင့်ချိန်ပါ။
ကျုပ်တို့က သင့်အချစ်ဆုံးရတနာကို လုသွားတယ်။
သင့်မှာ အချိန်တစ်နာရီပဲ ရှိတယ်။
ကျုပ်တို့လုယူသွားတဲ့အရာကို ရှာဖွေ၊ လုယူရမယ်။



တစ်နာရီကျော်သွားတာနဲ့ မျှော်လင့်ချက် ကုန်ဆုံးပြီ။
၎င်းဟာ လုံးဝပျောက်ကွယ်သွားပြီး ပြန်မပေါ်နိုင်ပါ။

ဟယ်ရီက ကိုယ်ကိုဖော့ပြီး၊ အမြှုပ်တွေ ပလုံစီနေတဲ့ ရေမျက်နှာပေါ် ဆီးထွက်လာတယ်။ သူဟာ ခေါင်းကို ရေခါလိုက်တယ်။ ဆံပင်ကို မျက်လုံးပေါ်က ဖယ်ပစ်လိုက်တယ်။

"ကြားရပြီလား" မားထော်က မေးတယ်။

"ကြားရပြီ . . . . "ကျုပ်တို့ကို ရှာဖွေပါ၊ ကျုပ်တို့အသံ ပေါ်ထွက်တဲ့နေရာမှာ . . . . " စင်စစ် ဒါ ပြောစရာမလိုဘူး . . . . ခဏနေဦး၊ ကျွန်တော် နောက်ထပ် နားထောင်ဖို့လိုတယ် . . . . "

သူဟာ ရေထဲ ပြန်ဝင်လိုက်တယ်။ ရွှေဥရဲ့ သီချင်းသံဟာ ရေအောက်မှာ သုံးကြိမ်သီဆိုတယ်။ ဒီတော့မှ ဟယ်ရီ သေချာမှတ်မိတယ်။ ဒီနောက် သူဟာ ရေကို နင်းကန်ရင်း တအားတွေးနေတယ်။ မားထော်ဟာ နေရာတွင် ထိုင်ပြီး သူ့ကို ကြည့်နေတယ်။

"ကျွန်တော် ဟိုမြေပြင်ပေါ်မှာ အသံထွက်လို့မရတဲ့လူကို သွားရှာရမယ် . . . " သူက ဖြည်းဖြည်းပြောတယ်။ "အင်း . . . အဲဒါ ဘယ်သူဖြစ်မလဲ"

"မင်း တယ်အတာပဲ၊ မဟုတ်ဘူးလား"

ဟိုနေ့က ဟာမီးဟာ ကွန်ပေါင်းဆေးရည်သောက်ပြီး မျက်နှာပေါ်မှာ အမွေးတွေ ပေါက်လာတယ်။ ကြောင်အမြီးတစ်ချောင်းလည်း ပေါက်လာတာ မြင်ရတဲ့အခါကလွဲပြီး မားထော် ဒီလောက်ပျော်တာ သူ မကြုံဖူးဘူး။

ထိုစဉ်က မားထော်လည်း အသားကုန် ပျော်သွားတယ်။ ဟယ်ရီဟာ ရေချိုးခန်းကိုကြည့်ပြီး တွေးနေတယ် . . . . တကယ်လို့ အသံဟာ ရေအောက်မှာမှ ကြားရတယ်ဆိုရင် ရေအောက်သတ္တဝါတစ်မျိုးမျိုးဖြစ်မှာ သေချာတယ်။ သူက ဒီအတွေးကို မားထော်ကို ပြောပြတယ်။ မားထော်က သူ့ကို ကဲ့ရဲ့ပြီး ပြောတယ်။

"အား၊ ဒစ်ဂိုရီကလဲ ဒီလိုပဲတွေးတာ" သူမက ပြောတယ်။ "သူ အဲဒီနေရာမှာ လှဲအိပ်ပြီး ကိုယ့်ဖာသာ စကားပြောနေတယ်။ ဒါပြီးသနာ တိုတွေးတယ်။ အကြာကြီးတွေးတယ်။ သိပ်ကို အကြာကြီးပဲ . . . . အမြှုပ်

www.burmeseclassic.com

www.burmeseclassic.com



အားသုံးတောင် ပျောက်ကုန်တော့မယ့်အထိပါပဲ . . . ."

"ရေအောက် . . . ." ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ "မားထော် . . . . ကန်ထဲမှာ ရောမပြည်ကြီးငါးကြီးအပြင် ဘာအကောင်တွေ နေသေးလဲ"

"အော၊ အမျိုးအစားတွေ တစ်ပုံကြီးပဲ" သူမက ပြောတယ်၊ "ငါလဲ တစ်ခါတလေ ကန်ထဲသွားတယ်။ တစ်ခါတလေ မတတ်သာဘူး။ ငါ သတိမထားတဲ့အချိန်မှာ ငါ့ အိမ်သာကို ရေလောင်းချတတ်တယ် . . . ."

ဟယ်ရီဟာ မားထော်အိမ်သာထဲက အညစ်အကြေးတွေနဲ့အတူ ပိုက်တစ်ခုထဲက ဆင်းသွားပြီး ကန်ထဲစီးဝင်သွားတဲ့ အခြေအနေ မတွေးမိအောင် ချုပ်ထိန်းထားတယ်။ သူက ပြောတယ်။ "ဒါဆို အဲဒီမှာ ဘာအရာက လူသံထွက်နိုင်လဲ၊ နေဦး ——"

ဟယ်ရီ့အကြည့်ဟာ နံရံပေါ်က နှစ်မြိုက်စွာ အိပ်ပျော်နေတဲ့ ရေသူမ ရုပ်ပုံပေါ် ကျရောက်သွားတယ်။

"မားထော်၊ အဲဒီမှာ ရေသူမ မရှိဘူးနော်၊ ရှိလား"

"အိုး၊ သိပ်ကောင်းတယ်" သူမက ပြောတယ် —— မျက်မှန်ထူထူက လက်နေတယ်။ "ဒစ်ဂိုရီက ဒါ့ထက် အများကြီး အချိန်ကြာတယ်။ ပြီးတော့ ထိုစဉ်က ရေသူမက နိုးနေတာ" မားထော်က ခေါင်းနဲ့ ရေသူမကို ညွှန်ပြလိုက်တယ်။ သောကမျက်နှာပေါ်မှာ မကြိုက်တဲ့အမူအရာ ပေါ်လာတယ်။ "တခစ်ခစ် ရယ်တယ်။ နှိုးကလည်း ပြလိုက်သေးတယ်။ သူမပါးဟက်ကိုလည်း ကြွားသေးတယ်။

"ဒါဆို မှန်ပြီပေါ့၊ ဟုတ်လား" ဟယ်ရီက စိတ်ဓာတ်တက်ကြွစွာ ပြောတယ်။ ဒုတိယကဏ္ဍက ကန်ထဲမှာ ရေသူမသွားရှာ၊ ဒီနောက် . . . . ဒီနောက် . . . ."

မိမိဘာပြောနေတယ်ဆိုတာ သူ ရုတ်တရက် သတိရလာပြီး တက်ကြွတဲ့စိတ်ဟာ ချက်ချင်းပျောက်သွားတယ်။ သူ့နှလုံးကို ချက်ချင်းနုတ်ယူခံလိုက်ရသလိုပဲ။ သူ ရေကူးသိပ်မကျွမ်းဘူး။ သိပ်လေ့ကျင့်မှု မရှိဘူး။ ဒါလီငယ်ငယ်က ရေကူးသင်တန်း တက်ဖူးတယ်။ ဒါပေမယ့် အဒေါ်ဗိချူနီယာနဲ့ ဦးလေးဗာနွန်တို့ဟာ ဟယ်ရီ့ကို တစ်နေ့နေ့မှာ ရေနစ်သေစေချင်လို့ ထင်တယ်။ ဘယ်တုန်းကမှ သူ့ကို ရေကူးသင်မပေးဘူး။ ဒီရေချိုးကန်ထဲမှာ တစ်ခေါက်နှစ်ခေါက် ကူးတာ ရတယ်။ ဒါပေမယ့် အဲဒီကန်ကြီးက အကြီးကြီး။ အနက်ကြီး . . . .



ရေသူမဟာ ရေထဲ အနက်ရှိုင်းဆုံးနေရာမှာ နေမှာသေချာတယ် . . . .

"မားထော်" ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ "ကျွန်တော် ဘယ်လို အသက်ရှူရမလဲ"

ဒီစကားကြားတော့ မားထော်မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲလာတယ်။

"အလိမ္မာနည်းလိုက်တာ" သူမက ရေရွတ်တယ်။ ဝတ်ရုံရှည်ထဲမှာ လက်ကိုင်ပဝါ နှိုက်နေတယ်။

"ဘာအလိမ္မာနည်းတာလဲ" ဟယ်ရီက မေးတယ်။ ဘာမှန်းမသိ ဖြစ်နေတယ်။

"ငါ့ရှေ့မှာ အသက်ရှူတာ လာပြောသေးတယ်" သူမက အသံစူးစူးနဲ့ ပြောတယ်။ အသံဟာ ရေချိုးခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။ "ငါ မရှူနိုင်ဘာ သိရက်နဲ့ . . . . သိရက်နဲ့ . . . . အကြာကြီး သိပ်အကြာကြီးပဲ . . . . ရေတာ . . . ."

သူမဟာ မျက်နှာကို လက်ကိုင်ပဝါထုတ်ပြီး နှပ်ညှစ်နေတယ်။ မားထော်ဟာ သူမ သေသွားပြီဆိုတာကို လက်မခံနိုင်ဘူးလို့ ဟယ်ရီတွေးတယ်။ သူသိတဲ့ ဘခြားသရဲသဘက်တွေကတော့ ဒီလောက်အဖြစ်မသည်းကြပါဘူး။

"ဝမ်းနည်းပါတယ်" သူက စိတ်မရှည်ဘဲ ပြောတယ်။ "ကျွန်တော် ဘမင်ပြောတာမဟုတ်ဘူး —— ကျွန်တော် မေ့နေလို့ . . . ."

"အော . . . . ဟုတ်တယ်၊ မားထော်သေပြီဆိုတာ မေ့လွယ်တာပေါ့" မားထော်ကပြောရင်း ရှိုက်နေတယ်။ နီရဲရောင်ယဉ်းနေတဲ့ မျက်လုံးနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ "ငါရှင်နေတဲ့အချိန်မှာတောင် ဘယ်သူကမှ ငါ့ကို သတိမရကြဘူး။ သူတို့ဟာ အကြာကြီးမှ အကြာကြီးနေမှ ငါ့အလောင်းကို တွေ့တာ —— ငါသိတယ်။ ငါက အဲဒီမှာထိုင်ပြီး သူတို့ကို စောင့်နေတာ။ အောလစ်ဗွန်းဘီ သန့်စင်ခန်းထဲ ဝင်လာတယ်။ 'နင် ဒီမှာ စိတ်ကောက်နေပြန်ပလား၊ မားထော်' သူမက ပြောတယ်။ 'ပါမောက္ခဒစ်ဖက်က နင့်ကို လိုက်ရှာခိုင်းလို့' ဒီအချိန်မှာ သူမဟာ ငါ့အလောင်းကို ရုတ်တရက်မြင်သွားတယ် . . . . အော . . . . သူမဟာ သေခါနီးထိ အဲဒီအဖြစ်အပျက်ကို မေ့မှာမဟုတ်ဘူးဆိုတာ ငါ အာမခံဝံ့တယ် . . . . ငါက သူမနောက်လိုက်ပြီး သူမကို သတိပေးနေတာ။ မှတ်မိသေးတယ်၊ သူမအစ်ကိုရဲ့ မင်္ဂလာဆောင်မှာ ——"

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဟယ်ရီ နားထောင်မနေဘူး။ သူဟာ လူတစ်ပိုင်းငါးတစ်ပိုင်းရဲ့ သီချင်းကို တွေးနေတယ်။ "ကျွန်ုပ်တို့ဟာ သင်တို့အနှစ်သက်ဆုံးရတနာကို လုယူဘယ်" ဒါက သူ့ပစ္စည်းတစ်ခုခုကို ၎င်းတို့ခိုးမယ်ပြောတာနဲ့တူတယ်။ သူ ပြန်လုယူရမယ်။ ၎င်းတို့ယူသွားမှာက ဘာများလဲ။

"—— နောက်တော့ ဒါပဲပေါ့။ သူမဟာ မှော်ဝန်ကြီးဌာန သွားတိုင်တယ်၊ သူမနောက်ကိုလိုက်တာ တားလိုက်တယ်။ ငါလဲ ဒီကိုပဲ ပြန်လာရတာပေါ့၊ အိမ်သာထဲမှာ နေရတာပေါ့"

"ဟုတ်တယ်" ဟယ်ရီက ပေါ့ပေါ့ပြောတယ်။ "ကောင်းပြီ၊ ကျွန်တော် အများကြီး တိုးတက်လာပြီပေါ့ . . . . မျက်စိမှိတ်ထားပါဦး၊ ကောင်းလား။ ကျွန်တော် ထွက်လာတော့မယ်"

သူဟာ ရေချိုးကန်ကြမ်းခင်းကနေ ရွှေဥကို ကောက်ယူလိုက်ပြီး အပေါ်တက်၊ ကိုယ်ခြောက်အောင်သုတ်၊ ညဝတ်အင်္ကျီနဲ့ အပေါ်ဝတ်အင်္ကျီ ဖားလျားရှည်ကို ဝတ်လိုက်တယ်။

"မင်း ငါ့သန့်စင်ခန်းထဲကို မကြာမကြာ ငါ့လာတွေ့ဦးမှာလား" ငိုကြွေးတဲ့ မားထော်ဟာ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံ ကောက်ယူတာတွေ့တော့ ဝမ်းနည်းစွာ မေးတယ်။

"အင်း . . . . ကျွန်တော် ကြိုးစားပါမယ်" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် သူ တိတ်တိတ်တွေးတာက ရဲတိုက်ထဲက သန့်စင်ခန်းအားလုံး အသေပိတ်ထားတော့မှ မားထော်ရဲ့ သန့်စင်ခန်း ကို သူသွားမှာ။ "နောက်မှတွေ့မယ် မားထော် . . . . ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဘိုင်းဘိုင်" သူမက ကြေကွဲစွာ ပြောတယ်။ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံဝတ်လိုက်တော့ သူမဟာ ပလုံဆိုပြီး ရေပိုက်ထဲ ပြန်ဝင်သွားတယ်။

အပြင်ဘက် မှောင်မည်းတဲ့စင်္ကြံထဲရောက်တော့ ဟယ်ရီဟာ ခိုးမြေပုံကို တစ်ခါစစ်ဆေးကြည့်တယ်။ ဘယ်လိုအရိပ်အခြည်ရှိလဲဆိုတာ ကြည့်ကြည့်တယ်။ တော်ပါသေးတယ်။ မြေပုံပေါ်မှာ ဖစ်ချ်နဲ့ သူ့ကြောင် မစ္စစ် နော်ရီးစ်ဆိုတဲ့ အစက်ကလေးနှစ်စက်ဟာ ၎င်းတို့ရဲ့ ရုံးခန်းထဲမှာ ကောင်းကောင်းမွန်မွန် ရှိနေတယ် . . . . ရဲတိုက်ထဲမှာ ငြိမ်သက်နေတယ်။ သရဲဖီးဗိစ်ပဲ လှုပ်ရှားတာ ရှိတယ်။ ဒါပေမယ့် သူဟာ အပေါ်ထပ် ဆုဖလားခန်းထဲမှာ ဆူပူနေတာ . . . . ဟယ်ရီဟာ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်မယ်လုပ်တုန်းမှာ



နောက်တရက် မြေပုံပေါ်မှာ တစ်ခုခုကို သူ သတိထားလိုက်မိတယ် . . . . ဒါ သိပ်ကို သွေးရိုးသားရိုး မဟုတ်ဘူး။

လှုပ်ရှားနေတာ သရဲဖီးဗိစ်တစ်ယောက်တည်း မဟုတ်ဘူး၊ နောက် အစက်ကလေးတစ်စက်ဟာ အောက်ဆုံးလွှာ ဝဲဘက်ကွေ့ချိုးမှာရှိတဲ့ အခန်း တစ်ခန်းထဲမှာ လှုပ်ရှားနေတယ် —— အဲဒါ စနိတ်ပ်ရဲ့ ရုံးခန်း။ ဒါပေမယ့် အစက်ကလေးဘေးမှာ ရေးထားတာက "ဆီးဗရတ်စ်-စနိတ်ပ်" မဟုတ်ဘူး . . . . ဘာထီ-ခရောက်ချ် ဖြစ်နေတယ်။

ဟယ်ရီဟာ အဲဒီအစက်ကလေးကို စိုက်ကြည့်နေတယ်။ မစ္စတာ ခရောက်ချ်ဟာ အတော်ဖျားနေလို့ ရုံးမတတ်နိုင်ဘူး၊ ခရစ္စမတ်စ်ကပွဲလည်း သာမတက်နိုင်ဘူးလို့ ကြားတယ် —— ဒါပေမယ့် သူဟာ နံနက်လင်းအားကြီး နာရီတစ်ချက်တီးမှာ ဟော့ဂ်ဝပ်ကို တိတ်တိတ်ဝင်လာပြီး ဘာလုပ်တာလဲ။ ဟယ်ရီဟာ အဲဒီအစက်ကလေး အခန်းထဲမှာ ဟိုသွားဒီသွား၊ ဟိုဒီရပ်လိုက် သွပ်နေတာကို သေချာကြည့်နေတယ် . . . .

ဟယ်ရီဟာ တုံ့ဆိုင်းနေတယ်။ တွေးတောနေတယ် . . . . ဒီနောက် ခြင်းရဲ့ သိလိုဇောက အသာစီးရသွားတယ်။ သူလှည့်ပြီး အနီးဆုံးလှေကားဆီ လျှောက်သွားတယ်။ ခရောက်ချ် ဘာလုပ်နေတယ်ဆိုတာ သူ ကြည့်ချင်တယ်။

ဟယ်ရီဟာ ခြေဖော့လက်ဖော့နဲ့ အောက်ကိုဆင်းတယ်။ အသံမထွက်အောင် အတတ်နိုင်ဆုံး လုပ်တယ်။ ဒါပေမယ့် အရုပ်ကားထဲက လူအချို့ဟာ ကြမ်းပြင်ရဲ့ ကျွိကျွိသံနဲ့ သူ့ညဝတ်အင်္ကျီရဲ့ တရှပ်ရှပ်သံကို ကြားကြတယ်။ သူတို့ဟာ အံ့သြစွာ လှည့်ကြည့်ကြတယ်။ အောက်ထပ်ရောက်တော့ သူဟာ စင်္ကြံအတိုင်း တိတ်တိတ်ကလေး စင်္ကြံတစ်ဝက်လောက် သွားတယ်။ ဒီနောက် နံရံပေါ်က ကော်ဇောကို မ,ဖယ်ပြီး ပိုပြီးကျဉ်းမြောင်းတဲ့ လှေကားကနေ ဆင်းခဲ့တယ်။ ဒါဟာ ဖြတ်လမ်းတစ်လမ်း၊ နှစ်လွှာဆင်းနိုင်တယ်။ သူဟာ မြေပုံကို အဆက်မပြတ်ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေတယ် . . . . တစ်လျှောက်လုံး မိမိကိုယ်မိမိ တင်းတင်းကြပ်ကြပ် တောင်းဆိုတဲ့ တရားဥပဒေအသွေမတိမ်းလိုက်နာတဲ့ မစ္စတာ ခရောက်ချ်ဟာ ဘာကြောင့် ညဉ့်နက်သန်းခေါင်ကြီးမှာ သူများရုံးခန်းထဲ ခိုးဝင်ရတာလဲ။ ဒါ သူ့စရိုက်နဲ့ မကိုက်ညီဘူး။

ဟယ်ရီဟာ မစ္စတာခရောက်ချ်ရဲ့ ထူးဆန်းတဲ့အပြုအမူကို စိတ်ထဲ တွက်ဆနေလို့ လမ်းသွားတာကို သတိမထားမိဘဲ လှေကားပေါ်မှာ တစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ သူ့ခြေတစ်ချောင်းဟာ ကျိုးတတ်တဲ့ လှေကားထစ်ထဲ ညပ်သွားတယ်၊ အဲဒီလှေကားထစ်ဟာ နှိပ်စီး အမြဲတမ်း မေ့မေ့ပြီး ခုန်မကျော်ဖြစ်တဲ့ လှေကားထစ်၊ ဟယ်ရီဟာ မဖျတ်မလတ် လှုပ်ရှားလိုက်တာ ရေစိုနေသေးတဲ့ ရွှေဥဟာ သူ့ချိုင်းအောက်ကနေ ပြုတ်ကျသွားတယ်။ သူက အမြန်လိုက်ဖမ်းတယ်၊ မမီတော့ဘူး။ ရွှေဥဟာ လှေကားမြင့်မြင့်ကြီးကနေ လိမ့်ဆင်းသွားတယ်၊ လှေကား တစ်ထစ်ဆင်းတိုင်း တဒုန်းဒုန်းနဲ့ အသံကျယ်လောင်စွာ ထွက်လာတယ်၊ ဗုံကြီးတစ်လုံးကို တီးလိုက်သလိုပဲ —— ကိုယ်ပျောက်ဝတ်ရုံလည်း လျှောကျသွားတယ် . . . . ဟယ်ရီက ဖမ်းဆွဲထားလိုက်တယ်။ ဒီတော့ မားပြမြေပုံလည်း သူ့လက်ထဲက လွင့်ထွက်သွားတယ်။ လှေကားထစ် ခြောက်ထစ်အောက် ကျသွားတယ်။ ဟယ်ရီဟာ ဒူးလောက်မြုပ်တဲ့ ကျိုးတဲ့လှေကားထစ်ထဲကျနေလို့ လှမ်းမမီဘူး။

ရွှေဥဟာ လှေကားခြေရင်းထိ လိမ့်သွားပြီး နံရံချိတ်ကော်ဇောအောက်က ထွက်သွားကာ ပွင့်ထွက်သွားတယ်။ အောက်ဘက်က စကြံထဲမှာ စူးစူးဝါးဝါး အော်နေတယ်။ ဟယ်ရီဟာ မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး မားပြမြေပုံကိုထိဖို့ ရှန်းကန်တယ်။ မြေပုံကို စက္ကူဖြူတစ်ရွက်ဖြစ်အောင် လုပ်ချင်တယ်၊ ဒါပေမယ့် သိပ်ဝေးလို့ မမီဘူး ——

ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံနဲ့ မိမိကိုယ်ကို ပြန်ခြုံထားလိုက်တယ်၊ ခါးကိုဆန့်ပြီး မျက်စိမှိတ်ကာ ကြောက်လန့်တကြား နားထောင်နေတယ် . . . . မျက်စိတစ်မှိတ်အချိန်လောက်မှာပဲ၊ ဟို . . . ."

"သရဲဖီးဗိစ်"

သံသယရှိစရာမလိုတာက ဒါဟာ တံခါးစောင့်ဖစ်ချ်ရဲ့ အော်သံ၊ အလျင်အမြန်၊ ဒတ်ဒတ်ဒတ်နဲ့ ခြေသံ ကြာလေနီးလေ နီးလာတာ ဟယ်ရီ ကြားရတယ်။ ဖစ်ချ်ရဲ့ မောဟိုက်တဲ့အသံဟာ ဒေါသကြောင့် ပိုကျယ်လာတယ်။

"ဒီမှာ ဆူဆူညံညံနဲ့ ဘာလုပ်နေတာလဲ၊ ရဲတိုက်ထဲက လူအားလုံး နိုးအောင် ဆူနေတာလား။ ကျုပ် မင်းကိုရအောင် ဖမ်းမယ်။ သရဲဖီးဗိစ် မင်း . . . . ဟင်၊ ဒါဘာလဲ"

ဖိစ်ချ်ရဲ့ခြေသံ ရပ်သွားတယ်။ ဂရတ်ဆိုတဲ့ သတ္တုချင်းထိမိတဲ့အသံ ကြားရပြီး ဟစ်အော်သံ ရပ်သွားတယ် —— ဖစ်ချ်က ရွှေဥကို ကောက်ယူပြီး ပိတ်လိုက်တာ။ ဟယ်ရီဟာ မလှုပ်မယှက်ရပ်နေရင်း နားစွင့်နေတယ်။ ခြေတစ်



ချောင်းဟာ မှော်ပညာစီရင်ထားတဲ့ လှေကားထစ်ထဲမှာ အသေညပ်နေတယ်။ အခု ဖစ်ချ်ဟာ အချိန်မရွေး ကော်ဇောကို မပြီး သရဲဖီးဗိစ်ကို ရှာကြည့်မှာ . . . . စင်စစ် ဘာသရဲဖီးဗိစ်မှ မရှိဘူး . . . ဒါပေမယ့် တကယ်လို့ သူ လှေကား ပေါ်တက်လာရင် မားပြမြေပုံကို မြင်သွားမှာပဲ . . . . ကိုယ်ပျောက်ဝတ်ရုံ ခြုံထားထား မထားထား၊ မြေပုံပေါ်မှာတော့ ဟယ်ရီ-ပေါ်တာ အခုရပ်နေတဲ့ နေရာမှာဆိုတာ ဖော်ပြမှာပဲ။

"ရွှေဥ ?" ဖစ်ချ်က လှေကားအောက်ခြေမှာ တိုးတိုးပြောတယ်။ "ကျုပ် ကောနာကြောင်းလေး" —— ကြည့်ရတာ မစ္စစ်နော်ရီးစ်လဲ သူနဲ့အတူ ရှိတယ် ထင်တယ် —— "ဒါဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ သဲလွန်စလေ။ ကျောင်းက ည်ရဲကောင်းတစ်ယောက်ဥစ္စာ"

ဟယ်ရီဟာ ခေါင်းတွေ မူးလာပြီး၊ နှလုံးခုန်တာ ဗုံတီးနေသလိုပဲလို့ ခံစားရတယ်။

"သရဲဖီးဗိစ်၊ မင်း ပစ္စည်းခိုးတယ်လား"

သူဟာ နံရံချိတ်ကော်ဇောကို ဆွဲဖယ်လိုက်တယ်၊ ၎င်းရဲ့ ကြောက် ရော၊ အသားအရေ လျော့ရဲတဲ့မျက်နှာနဲ့ ပြူးထွက်နေတဲ့ အရောင်ဖျော့ဖျော့ က်လုံး အပေါ်ကို စိုက်ကြည့်နေတာ ဟယ်ရီ မြင်ရတယ်။ (သူ့အဖို့ပြောရရင်) ူမရှိတဲ့လှေကားပေါ့။

"ပုန်းနေတယ်၊ ဟုတ်လား" သူက တိုးတိုးပြောတယ်။ "မင်းကို လာ မ်းဘာ၊ သရဲဖီးဗိစ် . . . . မင်းက ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ သဲလွန်စကို ခိုးတယ်၊ ရဲဖီးဗိစ် . . . . ဒီတစ်ခါ ဒမ်ဘယ်လီဒိုးက မင်းကို သက်သာပေးမှာ မဟုတ်ဘူး။ စ်ပတ်တဲ့၊ သခိုးသဝှက်၊ ဒုက္ခပေးတဲ့ သရဲရှိုင်း . . . ."

ဖစ်ချ်ဟာ လှေကားကို စတက်တယ်။ နောက်ကလိုက်လာတာက င်းရဲ့ပိန်ညှောင်ညှောင် အမွေးရောင်ပြာမွဲမွဲနဲ့ ကြောင်။ မစ္စစ်နော်ရိုးစ်ရဲ့ မီးသီး ကြီးတဲ့ မျက်လုံးဟာ ၎င်းရဲ့သခင်နဲ့ တစ်ပုံစံတည်းရယ်၊ အခု ဟယ်ရီ့ကို သေစိုက်ကြည့်နေတယ်။ ဟယ်ရီဟာ အရင်ကတည်းက ကိုယ်ပျောက်ဝတ်ရုံ ာ ကြောင်ကို မဖုံးကွယ်နိုင်ဘူးလို့ သံသယရှိခဲ့တယ် . . . . ဖလန်နယ်အပေါ် ားလျားရှည်အကျီအဟောင်း ဝတ်ထားတဲ့ ဖစ်ချ် တစ်လှမ်းပြီးတစ်လှမ်း တပ်လာတာကို ကြည့်နေရင်း သူဟာ လန့်ပြီးမေ့လဲတော့မယ်။ သူဟာ တအား န်းတယ်။ ညပ်နေတဲ့ခြေထောက်ကို ဆွဲထုတ်ဖို့ကြိုးစားတယ်။ မရဘဲ ပိုပိုနစ်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ် —— အခု ဖစ်ချ်ဟာ အချိန်မရွေး မြေပုံကို မြင်သွားလိမ့်မယ်၊ ဒါမှ မတုတ် လျှောက်လာပြီး သူနဲ့ ဝင်တိုးမယ် ——

"ဖစ်ချ်၊ ဘာဖြစ်သလဲ"

ဖစ်ချ်က ရပ်လိုက်ပြီး လှည့်လိုက်တယ်။ သူနဲ့ ဟယ်ရီ လှေကားထစ် တချို့သာ ကွာတော့တယ်။ လှေကားခြေရင်းမှာ လူတစ်ယောက် ရပ်နေတယ်။ ဟယ်ရီ့အခြေအနေကို ပိုဆိုးအောင် လုပ်နိုင်မယ့်သူရှိရင် ဒီလူပဲဖြစ်မယ်။ အဲဒါ စနိတ်ပ်။ သူဟာ မီးခိုးရောင်ရှပ်အင်္ကျီသဏ္ဍာန် ညဝတ်အင်္ကျီရှည် ဝတ်ထားပြီး မျက်နှာကြီး မည်းနေတယ်။

"သရဲဖိုးဗိစ်ပါ၊ ပါမောက္ခ" ဖစ်ချ်က မုန်းမုန်းနဲ့ တိုးတိုးပြောတယ်။ "သူက ဒီဥကို အပေါ်ထပ်က ပစ်ချတယ်"

စနိတ်ပ်ဟာ လှေကားကို အမြန်တက်လိုက်ပြီး ဖစ်ချ်ဘေးမှာ ရပ်လိုက်တယ်၊ ဟယ်ရီဟာ အံကြိတ်ထားတယ်။ မိမိရဲ့ တဒိုင်းဒိုင်းရင်ခုန်သံကြောင့် သူ ဒီမှာရှိနေတယ်ဆိုတာ အချိန်မရွေး ပေါ်သွားလိမ့်မယ်လို့ ယုံကြည်တယ်။

"သရဲဖိုးဗိစ် ?" စနိတ်ပ်က အသာပြောတယ်၊ ဖစ်ချ်လက်ထဲက ရွှေဥ ကို စိုက်ကြည့်နေတယ်။ "ဒါပေမယ့် သရဲဖိုးဗိစ်ဟာ ကျုပ်ရုံးခန်းထဲ ဝင်လို့ မရဘူးလေ . . ."

"ဒီရွှေဥ အစက သင့်ရုံးခန်းထဲမှာလား၊ ပါမောက္ခ"

"ဘယ်ဟုတ်မလဲ" စနိတ်ပ်က အသံမာမာနဲ့ ပြောတယ်။ "ကျုပ် တဒိုင်းဒိုင်းမြည်သံ ကြားတယ်။ ပြီးတော့ အော်ဟစ်သံလဲ ပါတယ် ——"

"ဟုတ်တယ်၊ ပါမောက္ခ၊ အဲဒါရွှေဥ ——"

"—— ကျုပ် စစ်ဆေးကြည့်မယ်"

"—— အဲဒါ သရဲဖိုးဗိစ် ပစ်ချတာ၊ ပါမောက္ခ ——"

"—— ကျုပ်၊ ကျုပ်ရုံးခန်းက ဖြတ်သွားတော့ မီးတုတ်ထွန်းထားတာ တွေ့ရတယ်၊ ဗီရိုတံခါးရွက်တစ်ခု ဟနေတယ်။ အထဲမှာ လူဝင်ရှာထားတယ်"

"ဒါပေမယ့် သရဲဖိုးဗိစ် မဖြစ်နိုင် . . . ."

"သူမဖြစ်နိုင်တာ ကျုပ် သိတယ်၊ ဖစ်ချ်" စနိတ်ပ်အသံဟာ မာလာ ပြန်တယ်။ "ကျုပ်က ကျိန်စာနဲ့ ကျုပ်ရုံးခန်းကို အသေပိတ်ထားတာ။ မှော် ဆရာမှ ဝင်လို့ရမှာ" စနိတ်ပ်ဟာ လှေကားပေါ်ကို မော့ကြည့်တယ်။ အကြည့် ဟာ ဟယ်ရီ့ကိုယ်ကို ဖောက်သွားတယ်။ ဒီနောက် သူဟာ ခေါင်းငုံ့ပြီး အောက်



ကြ်က စကြိုကို ကြည့်နေတယ်။ "မင်း ငါ့ကိုကူပြီး ခိုးဝင်လာတဲ့လူကို ရှာပေးပါ၊ ဖစ်ချ်"

"ကျွန်တော် . . . . ကောင်းပြီ၊ ပါမောက္ခ —— ဒါပေမယ့် ——"

ဖစ်ချ်ဟာ လှေကားအပေါ်ကို ငေးကြည့်နေတယ်။ အကြည့်ဟာ ဟယ်ရီ့ကို တိုက်ရိုက်ဖောက်ထွင်းသွားတယ်။ ဒီလို သရဲဖိုးဗိစ်ကို ပိတ်ဖမ်းနိုင်မယ့် အခွင့်အရေးကို စွန့်လွှတ်ရတာကို ဖစ်ချ် မကျေနပ်ဘူးဆိုတာ ဟယ်ရီ သိတယ်။ မြန်မြန်သွားပါတော့။ ဟယ်ရီဟာ အသံမထွက်ဘဲ ဆုတောင်းနေ တယ်။ စနိတ်ပ်နဲ့အတူ သွားပါ . . . . သွားပါတော့ . . . . မစ္စစ်နော်ရီးစ်ဟာ ဖစ်ချ်ခြေထောက်နား ဟိုကြည့်ဒီကြည့် လုပ်နေတယ် . . . . ၎င်းဟာ မိမိ ကိုယ်ပေါ်က အနံ့ကို ရတယ်ဆိုတာ ဟယ်ရီ ထင်ထင်ရှားရှား သိတယ်။ အင်း . . . . ရေချိုးကန်ထဲကို မွှေးရနံ့ရှိတဲ့ ရေချိုးဆီတွေ သူ ဘာလို့ အများကြီး ထည့်ရတာလဲ

"ဒီလိုပါ၊ ပါမောက္ခ" ဖစ်ချ်က စိတ်ပျက်လက်ပျက် ပြောတယ်။ "ဒီ တစ်ခါ ကျောင်းအုပ်ဆရာကြီး ကျုပ်စကား နားထောင်ရတော့မယ်။ သရဲဖိုးဗိစ် ဟာ ကျောင်းသားတစ်ယောက်ပစ္စည်း ခိုးတယ်။ ကျုပ် ဒီတစ်ချီမှာတော့ ၎င်းကို ကျောက်က ထာဝရမောင်းထုတ်နိုင်တဲ့အခွင့် ရပြီ ——"

"ဖစ်ချ်၊ ကျုပ် အဲဟိုမုန်းစရာဒုက္ခပေးတဲ့ သရဲသဘက်ကို ဂရုမစိုက် ချင်ဘူး။ ကျုပ်ရုံးခန်းမှာ အ ——"

ဒေါက်၊ ဒေါက်၊ ဒေါက်။

စနိတ်ပ်ဟာ သူ့စကားကို တန့်ရပ်လိုက်တယ်။ သူနဲ့ဖစ်ချ်တို့နှစ် ယောက်စလုံး လှေကားအောက်ဘက်ကို ငုံ့ကြည့်ကြတယ်။ သူတို့နှစ်ယောက် ခေါင်းနှစ်လုံးကြားကနေ အရှူးမျက်လုံးမူးဒီ ထော့နဲ့ထော့နဲ့ ပေါ်လာတာ ဟယ်ရီ မြင်ရတယ်။ မူးဒီဟာ ရှပ်အင်္ကျီသဏ္ဍာန် ညဝတ်အင်္ကျီရှည်အပေါ်မှာ ခရီးသွားခြုံထည်အဟောင်းကို ခြုံထားတယ်။ ခါတိုင်းလိုပဲ တုတ်ကောက်နဲ့။

"ညဝတ်အင်္ကျီပါတီပွဲ၊ ဟင် ?" သူက အသံကြမ်းကြမ်းနဲ့ လှေကား ပေါ်ကို ပြောတယ်။

"ပါမောက္ခစနိတ်ပ်နဲ့ ကျွန်တော် အသံတချို့ကြားလို့၊ ပါမောက္ခ" ဖစ်ချ်က ချက်ချင်းပြောတယ်။ "အဲဒါ နေရာတကာဒုက္ခပေးနေတဲ့ သရဲဖိုးဗိစ်ပါ၊ ခါတိုင်းလိုပဲ ပစ္စည်းတွေ လျှောက်ပစ်တယ် —— နောက်တော့ ပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com



စနိုက်ပ်ဟာ သူ့ရုံးခန်းထဲ လူဝင်တာ —"

"ပါးစပ်ပိတ်" စနိုက်ပ်က အသံနှိမ့်ပြီး ဖစ်ချ်ကို ပြောတယ်။

မူးဒီက လှေကားရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။ မူးဒီရဲ့ မှော်ပညာ စီရင်ထားတဲ့ မျက်လုံးဟာ စနိုက်ပ်ကို တစ်ချက်ကြည့်ပြီး သံသယရှိစရာမလိုဘဲ မိမိကိုယ်ပေါ် ကျရောက်လာတာ ဟယ်ရီ မြင်ရတယ်။

ဟယ်ရီ့ရင်ဟာ ကြောက်စရာကောင်းအောင် အရမ်းခုန်ပေါက်သွားတယ်။ မူးဒီမျက်လုံးက ကိုယ်ပျောက်ဝတ်ရုံကို ထိုးဖောက်မြင်နိုင်တယ်။ ၎င်းကမှ အခုလို ထူးဆန်းတဲ့ဖြစ်ရပ်ကို အလုံးစုံမြင်နိုင်တာ။ စနိုက်ပ်က ၎င်းရဲ့ရှပ်ပုံ သဏ္ဌာန် ညဝတ်အင်္ကျီရှည်ကို ဝတ်ထားတယ်။ ဖစ်ချ်လက်ထဲမှာ ရွှေဥကို တင်းတင်းဆုပ်ကိုင်ထားတယ်။ သူ — ဟယ်ရီကတော့ ၎င်းတို့နောက်ဖက်မှာ လှေကားထဲ ခြေညှပ်မိနေလို့ ထွက်မရဘူး။ မူးဒီရဲ့ ပါးစပ် — ရွဲ့စောင်းနေတဲ့ အပေါက်ကြီးဟာ 'အံ့ဩလို့ ဟသွားတယ်။ ခဏတာအတွင်း သူနဲ့ ဟယ်ရီတို့ အပြန်အလှန် ကြည့်နေတယ်။ ဒီနောက် မူးဒီပါးစပ် ပိတ်သွားတယ်။ ၎င်းရဲ့ မျက်လုံးပြာကို စနိုက်ပ်ကိုယ်ပေါ် လှည့်လိုက်တယ်။

"ကျုပ် နားကြားမလွဲပါဘူးနော်၊ စနိုက်ပ်" သူက ဖြည်းဖြည်းချင်း မေးတယ်။ "ခင်ဗျားရုံးခန်းထဲ လူဝင်တယ် ?"

"အဲဒါ သိပ်အရေးမကြီးပါဘူး" စနိုက်ပ်က အေးစက်စက်ပြောတယ်။

"ဒါနဲ့ လုံးဝဆန့်ကျင်စွာပဲ" မူးဒီက အသံကြမ်းကြမ်းနဲ့ အော်ပြောတယ်။

"အဲဒါ အလွန်အရေးကြီးတယ်။ ခင်ဗျားရုံးခန်းထဲကို ဘယ်သူဝင်တာလဲ"

"ကျောင်းသားတစ်ယောက်ဖြစ်မယ်ထင်တယ်" စနိုက်ပ်က ပြောတယ်။ စနိုက်ပ်ရဲ့ အဆီပြန်နေတဲ့နားထင်မှာ သွေးကြောတစ်ချောင်း ခုန်နေတာ ဟယ်ရီ မြင်ရတယ်။ "ဒါမျိုး အရင်ကလဲ ဖြစ်ဖူးတယ်။ ကျုပ် ပုဂ္ဂလိကသိုလှောင်ခန်းထဲက မှော်ဆေးတွေ ပျောက်သွားတယ် . . . . သံသယရှိစရာမလိုတာက ကျောင်းသားတွေ တားမြစ်ဆေးဝါး ဖော်စပ်ချင်လို့ပဲ . . . ."

"ခင်ဗျားက သူတို့မှော်ဆေးစပ်ဖို့ ဆေးရှာနေတယ်ထင်လား၊ ဟင်?" မူးဒီက မေးတယ်။ "ခင်ဗျားရုံးခန်းထဲမှာ တခြားဘာမှ ဝှက်မထားပါဘူးနော်"

စနိုက်ပ်ရဲ့ မြေမှုန့်ရောင်မျက်နှာဟာ အရုပ်ဆိုးတဲ့ အုတ်ခဲရောင် ဖြစ်သွားတာ ဟယ်ရီမြင်ရတယ်။ နားထင်ပေါ်က အဲဟို သွေးကြောဟာ ပိုမြန်မြန် ခုန်လာတယ်။



"ကျုပ် ဘာမှ ဝှက်မထားတာ ခင်ဗျားသိပါတယ်၊ မူးဒီ" သူက အန္တရာယ်ရှိတဲ့လေသံနဲ့ အသံလေးလေး ပြောတယ်။ "ခင်ဗျားပဲ ကျုပ်ရုံးခန်းကို ပြောင်းဆန်အောင် ရှာဖွေပြီးပြီ မဟုတ်လား"

မူးဒီမျက်နှာဟာ လိမ်ကွန့်သွားပြီး အပြုံးတစ်စ ညှစ်ထုတ်လိုက်တယ်။ "အဲဒါ အောရာရဲ့ အထူးအခွင့်အရေး၊ စနိုက်ပ်။ ဒမ်ဘလီဒိုးက ကျုပ်ကို သေချာစောင့်ကြည့် —"

"ဒမ်ဘလီဒိုးက ကျုပ်ကို အလွန်ယုံကြည်သူ ဖြစ်နေတယ်" စနိုက်ပ်က အံကြိတ်ပြီး ပြောတယ်။ "သူ ခင်ဗျားကို ကျုပ်ရုံးခန်းရှာဖွေဖို့ မှာတယ်ဆိုတာ ကျုပ် မယုံကြည်ဘူး"

"ဒမ်ဘလီဒိုးကတော့ ခင်ဗျားကို ယုံကြည်တာပေါ့" မူးဒီက အော်ပြောတယ်။ "သူက သိပ်ယုံလွယ်တဲ့လူ၊ မဟုတ်လား။ သူများကို ဒုတိယအခွင့်အရေး ပေးရမယ်ပဲ ထင်နေတာ။ ကျုပ်ကတော့ — ကျုပ်အနေနဲ့ အစွန်းအထင်းတချို့ဟာ ဘယ်တော့မှ ပျောက်ပစ်လို့မရဘူးလို့ ထင်တယ်၊ စနိုက်ပ်။ အစွန်းအထင်းတချို့ဟာ ဘယ်တော့မှ ပျောက်လို့မရဘူး။ ခင်ဗျား ကျုပ်အဓိပ္ပာယ်ကို နားလည်လား"

စနိုက်ပ်ဟာ ရုတ်တရက် အလွန်ထူးဆန်းတာ လုပ်လိုက်တယ်။ သူဟာ ညာဘက်လက်နဲ့ ဘယ်ဘက်လက်မောင်းကို ဖမ်းကိုင်လိုက်တယ်။ လက်မောင်း ရုတ်တရက် မခံနိုင်အောင် နာကျင်သွားသလိုပဲ။

မူးဒီက တဟားဟားရယ်တယ်။ "ပြန်အိပ်ချေတော့၊ စနိုက်ပ်"

"ကျုပ်ကို ဘယ်သွားညာသွားပြောဖို့ ခင်ဗျားမှာ အခွင့်အာဏာ မရှိဘူး" စနိုက်ပ်က တရှီးရှီးပြောတယ်။ လက်မောင်းကို လွှတ်လိုက်တယ်။ မိမိကိုယ်မိမိ အလွန်ဒေါသထွက်နေသလိုပဲ။ "ကျုပ်ဟာ ခင်ဗျားလိုပဲ ညအချိန်မှာ ဒီကျောင်းကို လှည့်လည်စစ်ဆေးကြည့်ဖို့ ဝတ္တရားရှိတယ်"

"ဒါဆိုလဲ လှည့်လည်ချင်သလို လှည့်လည်ပေတော့" မူးဒီက ပြောတယ်။ "ဒါပေမယ့် သူ့အသံထဲမှာ ခြိမ်းခြောက်သံ ပါတယ်။ "တစ်နေ့နေ့မှာ မှောင်မည်းတဲ့စင်္ကြံထဲမှာ ခင်ဗျားကို တွေ့ရမယ်ဆိုတာ ကျုပ် အစောကြီးကတည်းက သိပြီးသား . . . . စကားမစပ်၊ ခင်ဗျားပစ္စည်းကျနေတယ် . . . ."

မူးဒီက လှေကားထစ် ခြောက်ထစ်အောက် ကျနေတဲ့ ဒေသပြမြေပုံကို ညွှန်ပြနေတာကို ဟယ်ရီက ထိတ်လန့်စွာ တွေ့ရတယ်။ စနိုက်ပ်နဲ့ ဖစ်ချ်တို့

www.burmeseclassic.com

www.burmeseclassic.com



မြေပုံကို ငုံ့ကြည့်နေစဉ်မှာ ဟယ်ရီဟာ သတိထားရမှာတွေကို ဂရုမစိုက်တော့ဘဲ ဘိုယ်ပျောက်ဝတ်ရုံအောက်ကနေ လက်နှစ်ဖက်မြှောက်ကာ မူးဒီ သတိပြုမိအောင် လက်ကို ခါယမ်းပြတယ်။ ပါးစပ်ပုံစံနဲ့လဲ 'ကျွန်တော့်ဟာ၊ ကျွန်တော့်ဟာ'လို့ အသံမထွက်ဘဲ အော်ပြောတယ်။

စနိတ်ပ်ဟာ မြေပုံကို ကုန်းကောက်တယ်။ သူ့မျက်နှာပေါ်မှာ ကြောက်စရာတစ်ခုခုကို တွေးမိသလို အမူအရာပေါ်လာတယ်။

"သိုးရေစက္ကူ ပျံ့လာခဲ့"

မြေပုံဟာ ရှူးခနဲ မိုးပေါ်ပျံတက်ပြီး စနိတ်ပ်ရဲ့ ဟနေတဲ့ လက်ချောင်းထဲက လျှောထွက်ပြီး လှေကားအောက်ကို ပျံသွားကာ မူးဒီလက်ထဲ ကျရောက်သွားတယ်။

"ကျုပ် မှားသွားတယ်" မူးဒီက မှင်နဲ့ပြောတယ်။ "ဒါ ကျုပ်ဥစ္စာ —— စောစောက ကျုပ် ကျကျန်ရစ်တာဖြစ်မယ် ——"

ဒါပေမယ့် စနိတ်ပ်ရဲ့မျက်လုံးနက်နက်ဟာ ဖစ်ချ်ပိုက်ထားတဲ့ ရွှေဥကို ကြည့်လိုက်၊ မူးဒီလက်ထဲက မြေပုံကို ကြည့်လိုက် လုပ်နေတယ်။ ဒီအရာနှစ်ခုကို ဆက်စပ်နိုင်တာ စနိတ်ပ်ပဲရှိတယ်ဆိုတာ ဟယ်ရီ တွေ့ရှိရတယ် . . . .

"ပေါ်တာ" သူက တိုးတိုးပြောတယ်။

"ဘာအဓိပ္ပာယ်လဲ" မူးဒီက တည်ငြိမ်စွာ ပြောပြီးတော့ မြေပုံကို ခေါက်ကာ အိတ်ကပ်ထဲ ထည့်လိုက်တယ်။ "ပေါ်တာ" စနိတ်ပ်က ဒေါသတကြီးနဲ့ ပြောတယ်။ သူက ခေါင်းများတောင် လှည့်လိုက်ပြီး ဟယ်ရီရှိတဲ့နေရာကို တည့်တည့်ကြီး ကြည့်လိုက်သေးတယ်။ သူ ရုတ်တရက် ဟယ်ရီ့ကို မြင်ရသလိုပဲ။ "အဲဒီရွှေဥဟာ ဟယ်ရီ့ဥစ္စာ။ အဲဒီသိုးရေစက္ကူဟာလဲ ဟယ်ရီ့ဟာပဲ။ ကျုပ်အရင်က မြင်ဖူးတယ်။ ကျုပ် မှတ်မိတယ်။ ပေါ်တာ ဒီမှာရှိတယ်။ ပေါ်တာ ကိုယ်ပျောက်ဝတ်ရုံ ဝတ်ထားတယ်"

စနိတ်ပ်ဟာ မျက်ကန်းလို လက်နှစ်ဖက်ဆန့်ကားပြီး လှေကားပေါ် တက်လာတယ်။ ၎င်းရဲ့ အလွန်ကြီးတဲ့ နှာခေါင်းပေါက်ကြီး အကြီးကြီး ဟနေပြီး ဟယ်ရီရှိရာကို အနံ့ခံနေတာ ဟယ်ရီ မြင်တွေ့ရတယ် —— ဟယ်ရီဟာ လှေကားထစ်ထဲ ညပ်နေပြီး လှုပ်လို့မရဘူး။ ကိုယ်ကို နောက်သို့ တအားကော့ပြီး စနိတ်ပ်လက်ချောင်းနဲ့ မထိအောင် လုပ်ရတယ်။ ဒါပေမယ့် အချိန်မရွေး ——

"အဲဒီမှာ ဘာမှမရှိဘူး၊ စနိတ်ပ်" မူးဒီက အော်ပြောတယ်။ "ဒါပေမယ့်



ကျုပ်က ကျောင်းအုပ်ကြီးကို ခင်ဗျားဟာ ဘာလေးဖြစ်ဖြစ် ဟယ်ရီ-ပေါ်တာကိုပဲ သံသယရှိတယ်ဆိုတာ ပြောပြဖို့ သိပ်ဆန္ဒရှိပါတယ်"

"ဘာအဓိပ္ပာယ်လဲ" စနိတ်ပ်က လှည့်ပြီး မူးဒီကို ကြည့်တယ်။ လက်နှစ်ဖက်က ဆန့်ကားထားတုန်းပဲ။ ဟယ်ရီ့ရင်ဘတ်နဲ့ လက် အနည်းငယ်ပဲ လိုတော့တယ်။

"ကျုပ်ပြောချင်တာက ဒမ်ဘယ်လီဒိုးဟာ အဲဒီကောင်လေးပေါ်မှာ ဘယ်သူစိတ်ယုတ်ထားတယ်ဆိုတာ သိချင်တယ်" မူးဒီက ပြောတယ်။ တစ်ခါ တော့နဲ့တော့နဲ့နဲ့ လှေကားဆီ လေးငါးလှမ်း တိုးလာတယ်။ "ပြီးတော့၊ စနိတ်ပ်၊ ကျုပ်ကလဲ . . . သိပ်စိတ်ဝင်စားတယ် . . . ." မီးတုတ်အလင်းရောင်ဟာ သူ့ရဲ့ လိမ်ကောက်ပျက်စီးနေတဲ့ မျက်နှာပေါ် ဖြတ်သွားတယ်။ ဒါကြောင့် အက်ရာအမာရွတ်နဲ့ နှာခေါင်းပေါ်က အပေါက်ကြီး အရင်ကထက် ပိုနက်ပြီး ပိုကြောက်စရာကောင်းနေတယ်။

စနိတ်ပ်က မူးဒီကို ငုံ့ကြည့်နေတယ်။ သူ့မျက်နှာပေါ်က အမူအရာကို ဟယ်ရီ မမြင်ရဘူး။ ခဏတာမျှ ဘယ်သူမှ မလှုပ်တော့ဘူး။ ဘယ်သူမှ စကားမပြောဘူး။ ဒီနောက် စနိတ်ပ်ဟာ လက်နှစ်ဖက်ကို ဖြည်းဖြည်းချလိုက်တယ်။

"ကျုပ်ထင်တာက" စနိတ်ပ်က ပြောတယ်။ မိမိလေသံကို တည်ငြိမ်အောင် ကြိုးစားတယ်။ "တကယ်လို့ ပေါ်တာ ညဥ့်နက်သန်းခေါင် လျှောက်သွားရင် . . . . ဒါက သူ့ရဲ့ဝမ်းနည်းစရာအကျင့်ဆိုး . . . . သူ့ကို တားမြစ်ရမယ်။ သူ့ —— သူ့လုံခြုံရေးအတွက်"

"အား၊ ကျုပ်နားလည်ပြီ" မူးဒီက အသာပဲ ပြောတယ်။ "ခင်ဗျားက ပေါ်တာ့အကျိုးကို ရင်ဝယ်ပိုက်ထားတယ်၊ ဟုတ်လား"

ခဏတာမျှ ငြိမ်သက်နေတယ်။ စနိတ်ပ်နဲ့ မူးဒီတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြတယ်။ မစ္စစ်နော်ရီးစ်ဟာ မြီးခနဲထအော်ပြီး ဖစ်ချ်ရဲ့ခြေထောက်နားကနေ ခေါင်းပြူကြည့်နေတယ်။ ဟယ်ရီ့ကိုယ်ပေါ်က အမြှုပ်ထဲ ရေချိုးဆီ အမွှေးနံ့လာရာကို လိုက်ရှာနေတယ်။

"ကျုပ် ပြန်အိပ်တော့မယ်" စနိတ်ပ်က ရုတ်တရက်ပြောတယ်။

"ဒီည ဒီလိုတွေးတာ ခင်ဗျားအဖို့ အသင့်တော်ဆုံးပဲ" မူးဒီက ပြောတယ်။ "ကောင်းပြီ၊ ဖစ်ချ်၊ ခင်ဗျား ဟိုရွှေဥကို ကျုပ်ပေးလို့ရမလား ——"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး" ဖစ်ချ်က ပြောတယ်။ ရွှေဥကိုလည်း တင်းတင်းပိုက်ထားတယ်။ ၎င်းရဲ့သားဦးကို ဖက်ထားသလိုပဲ။ "ပါမောက္ခမူးဒီ၊ ဒါက သရဲဖိုးဗိစ်ပစ္စည်းခိုးတဲ့ သက်သေခံ ပစ္စည်း"

"ဒါဟာ သူရဲကောင်းတစ်ယောက်ဆီက သူခိုးလာတာ၊ အဲဒါ ဟိုသူရဲကောင်းပစ္စည်း" မူးဒီက ပြောတယ်။ "ပေးပါ"

စနိတ်ပ်ဟာ တစ်ခွန်းမှမပြောတော့ဘဲ လှေကားက အမြန်ဆင်းသွားတယ်။ မူးဒီဘေးက ဖြတ်သွားတယ်။ ဖစ်ချ်က မစ္စစ်နော်ရီးစ်ကို ပါးစပ်ကဘာဖျပ်ဖျပ်လုပ်ပြလို့ ကြောင်က ဘာမှန်းမသိဘဲ ဟယ်ရီ့ကို စက္ကန့်အချို့ စိုက်ကြည့်လိုက်သေးတယ်။ ဒီနောက်မှ လှည့်ပြီးသခင်နဲ့အတူ ဆင်းသွားတယ်။ ဟယ်ရီ့ရင်ဟာ တအားခုန်မြဲ ခုန်နေတယ်။ စနိတ်ပ်ဟာ စင်္ကြံတစ်လျှောက်ဝေးသွားတာ သူကြားရတယ်။ ဖစ်ချ်က ရွှေဥကို မူးဒီပေးလိုက်တယ်။ သူလည်းထွက်သွားတယ်။ မစ္စစ်နော်ရီးစ်ကို တတွတ်တွတ်ပြောသွားတယ်။ "ကိစ္စမရှိဘူး အချစ်လေး . . . ငါတို့အစောကြီး ဒမ်ဘလီဒိုးကို သွားတွေ့မယ် . . . . သရဲဖိုးဗိစ်လုပ်တာကို ပြောပြမယ် . . . ."

တံခါးတစ်ချပ် ဒိုင်းခနဲ မြည်သွားတယ်။ အခု ဟယ်ရီနဲ့ မူးဒီတို့ပဲ မျက်နှာချင်းဆိုင် ကျန်ရစ်တော့တယ်။ မူးဒီဟာ တုတ်ကောက်ကို လှေကားအောက်ဆုံးမှာထောက်ပြီး ခက်ခဲစွာ တက်လာတယ်။ ဟယ်ရီ့ဆီ လျှောက်လာတယ်။ ခြေတစ်လှမ်းလှမ်းတိုင်း ဒေါက်၊ ဒေါက်နဲ့ အသံဟာဟာကြီး ကြားရတယ်။

"သိပ်ကို အန္တရာယ်ရှိတာ၊ ပေါ်တာ" သူက တိုးတိုးပြောတယ်။

"ဟုတ်တယ် . . . . ကျွန်တော် —— အင်း . . . . ကျေးဇူးတင်ပါတယ်" ဟယ်ရီက ချည့်နဲ့စွာ ပြောတယ်။

"ဒါဘာလဲ" မူးဒီကပြောရင်း အိတ်ကပ်ထဲက ခေါက်ထားတဲ့မြေပုံကိုထုတ်ပြီး ဖြန့်လိုက်တယ်။

"ဟော့ဂ်ဝပ်မြေပုံ" ဟယ်ရီက ပြောတယ်။ သူ့ကို လှေကားကြားက ဆွဲထုတ်စေချင်တယ်။ သူ့ခြေထောက်နာလို့ သေတော့မယ်။

"မာလင်ရဲ့ မုတ်ဆိတ်" မူးဒီက မြေပုံကိုကြည့်ရင်း တိုးတိုးပြောတယ်။ မှော်ပညာစီးရင်ထားတဲ့ မျက်လုံးဟာ အရူးအမူးလည်ပတ်နေတယ်။ "ဒီ . . . . ဒီမြေပုံက ရိုးရိုးမြေပုံမဟုတ်ဘူး၊ ပေါ်တာ"

"ဟုတ်တယ် . . . . သိပ်အသုံးကျတယ်" ဟယ်ရီက ပြောတယ်။



သူ့မှာ နာလွန်းလို့ မျက်ရည်ကျနေပြီ။ "အင်း —— ပါမောက္ခမူးဒီ၊ ကျွန်တော့်ကို ကူပါဦး"

"ဘာလဲ၊ အိုး၊ ကောင်းပြီ . . . . ကောင်းပြီ၊ ပြဿနာမရှိဘူး"

မူးဒီဟာ ဟယ်ရီ့လက်မောင်းနှစ်ခုကိုကိုင်ပြီး အားနဲ့ဆွဲလိုက်တယ်။ ဟယ်ရီ့ခြေထောက်ဟာ လူကို ဒုက္ခပေးတဲ့ လှေကားထစ်ထဲက လွတ်ထွက်လာတယ်။ သူဟာ အပေါ်က လှေကားထစ်ကို တက်လိုက်တယ်။ မူးဒီက မြေပုံကိုစိုက်ကြည့်နေတယ်။

"ပေါ်တာ . . . ." သူက ဖြည်းနှေးစွာ ပြောတယ်။ "မင်း စနိတ်ပ်ရုံးခန်းထဲဝင်တဲ့လူကို တွေ့မိလား၊ ကျုပ်ပြောလိုတာက ဒီမြေပုံပေါ်မှာ"

"အင်း . . . . ကျွန်တော်မြင်တယ်" ဟယ်ရီက ပြောတယ်။ "အဲဒါ မစ္စတာခရောက်ချ်"

မူးဒီရဲ့ မှော်မျက်လုံးဟာ မြေပုံကို အသွားအပြန် ကြည့်နေတယ်။ မူးဒီဟာ ရုတ်တရက် အလွန်သတိရှိလာတယ်။

"ခရောက်ချ် ?" သူက ပြောတယ်။ "မင်း —— မင်းသေချာပြောနိုင်လား၊ ပေါ်တာ"

"လုံးဝသေချာတယ်" ဟယ်ရီက ပြောတယ်။

"အော၊ သူ အခုမရှိတော့ဘူး" မူးဒီကပြောရင်း မျက်လုံးက မြေပုံပေါ်မှာ ဟိုဒီကြည့်နေတယ်။ "ခရောက်ချ် . . . . တကယ့်ကို အလွန် . . . . အလွန် အဓိပ္ပာယ်ရှိတယ် . . . ."

တစ်မိနစ်တာမျှ သူ ဘာမှမပြောဘူး။ မြေပုံကိုပဲ စိုက်ကြည့်နေတယ်။ ဒီသတင်းဟာ မူးဒီအတွက် ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာ ဟယ်ရီသဘောပေါက်တယ်။ သူဟာ ဒါဘာလဲဆိုတာ သိပ်သိချင်တယ်။ မိမိ မူးဒီကို မေးဝံ့မဝံ့ဆိုတာ မပြောတတ်ဘူး။ သူ မူးဒီကို နည်းနည်းကြောက်တယ် . . . . ဒါပေမယ့် ခုနကတော့ မူးဒီဟာ ပြဿနာကြီးတစ်ခုမဖြစ်အောင် ကူညီခဲ့တယ်။

"အင်း . . . . ပါမောက္ခမူးဒီ . . . . မစ္စတာခရောက်ချ်က ဘာဖြစ်လို့ စနိတ်ပ်ရုံးခန်းကို ရှာဖွေရတယ်ထင်လဲ"

မူးဒီရဲ့ မှော်မျက်လုံးဟာ မြေပုံပေါ်က ဖယ်ပြီး ဟယ်ရီ့ကို ခွဲခွဲမြမြ အနည်းငယ်တုန်ခါစွာ စိုက်ကြည့်နေတယ်။ ဒါဟာ ထိုးဖောက်မြင်နိုင်တဲ့ ကြည့်ခြင်း၊ ဟယ်ရီဟာ မူးဒီ သူ့ကို စစ်ဆေးနေတယ်လို့ ခံစားရတယ်။ သူ့မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ခဲ့ဖြဲမလား၊ ဘယ်လောက်ပြောပြရမလဲဆိုတာ ချင့်ချိန်နေတယ်။

"ဒီလိုကွာ၊ ပေါ်တာ" နောက်ဆုံး မူးဒီက တိုးတိုးပြောတယ်။ "သူတို့က ခဲ့ပြာတယ်၊ အရူးမျက်လုံးငနဲကြီးဟာ မှော်နက်မှော်ဆရာဖမ်းတာကို ရှုးသွပ်နေ တယ်တဲ့ . . . . ဒါပေမယ့် ကျုပ်နဲ့ ခရောက်ချ်နဲ့ ယှဉ်လိုက်ရင် ဘာမှတောင် မပြောပဘူး —— ဘာမှ မပြောပဘူး"

သူဟာ မြေပုံကို ဆက်လက်စိုက်ကြည့်နေတယ်။ ဟယ်ရီက ဒီထက် မှားများ သိချင်ဇော တက်လာတယ်။

"ပါမောက္ခမူးဒီ" သူက မေးပြန်တယ်။ "သင့်အနေနဲ့ . . . . ဒီကိစ္စက . . . . မစ္စတာခရောက်ချ်ကလဲ တစ်မျိုးကြီးလို့ ထင်ချင်ထင်မှာပေါ့ . . . ."

"ဉပမာကကော ဘာလဲ" မူးဒီက စူးရှစွာမေးတယ်။

ဟယ်ရီဟာ မိမိ ဘယ်လောက်ပွင့်ပွင့်လင်းလင်းပြောရမှန်း မသိဘူး။ ဟော့ဂ်ဝပ်ပြင်ပမှာ သူ့ကို သတင်းပေးတဲ့လူရှိတာ မူးဒီ မသိစေချင်ဘူး။ ဒါက ဆီးရီးအက်စ်ကြယ်နဲ့ ပတ်သက်တဲ့ မေးခွန်းတွေ မေးလာနိုင်တယ်။ အဖြေ ကြပ်သွားမယ်။

"ကျွန်တော် မသိဘူး" ဟယ်ရီက ဇဝေဇဝါပြောတယ်။ "ခုတလော ထူးဆန်းတာတွေ ဖြစ်တယ်၊ ဟုတ်လား၊ 'ကြိုဟောဆရာများနေ့စဉ်'မှာ ရေးထား တယ်လေ . . . . ကမ္ဘာ့ဖလားပွဲက မှော်နက်အမှတ်အသား၊ ပြီးတော့ ဒက် အီတာတွေ ဘာတွေ . . . ."

မူးဒီရဲ့ ကြီးသေးမညီတဲ့ မျက်လုံးနှစ်လုံးစလုံး ပြူးသွားတယ်။

"မင်းဟာ အမြင်စူးရှတဲ့ ကောင်လေး၊ ပေါ်တာ" သူက ပြောတယ်။ မှော်မျက်လုံးဟာ လည်သွားပြီး ခါးပြမြေပုံကို ကြည့်နေပြန်တယ်။ "ခရောက်ချ် ဟာလဲ ဒီလိုပဲတွေးတာဖြစ်မယ်" သူက ဖြည်းနှေးစွာပြောတယ်။ "သိပ်ဖြစ်နိုင် ခြေရှိတယ် . . . . ခုတလော ကောလာဟလတချို့ ရှိတယ် —— ဓမ္မတာ ရီထာ-စကီးထာကလဲ တွန်းပို့တဲ့အခန်းက ပါနေတယ်။ ကျုပ်ထင်တယ်၊ ဒါကြောင့် လူတွေ ထိုးရိမ်ကြောင့်ကြနေကြတာ" ခက်ထန်တဲ့အပြုံးတစ်စဟာ ၎င်းရဲ့ ရွဲ့စောင်း တဲ့ ပါးစပ်ကို ပို့ပြီးရွဲ့သွားစေတယ်။ "ကျုပ် တစ်ခုခုကို အသေမုန်းခဲ့ရင်" သူက တိုးတိုးပြောတယ်။ ဟယ်ရီ့ကို ပြောနေတာနဲ့ မတူဘဲ မိမိဖာသာ ပြောနေတာနဲ့ ပိုတူတယ်။ မှော်မျက်လုံးဟာ မြေပုံရဲ့ ဝဲဘက်ထောင့်ကို စိုက်ကြည့်နေတယ်။ "အဲဒါ ဒက်အီတာတစ်ယောက် အပြင်မှာ ထင်သလိုကြနေတာကို မုန်းတာပဲ"



ဟယ်ရီက သူ့ကို ကြောင်ပြီးကြည့်နေတယ်။ မူးဒီပြောတဲ့ အဓိပ္ပာယ် ဟာ ဟယ်ရီတွေးသလိုပဲလား။

"ဒါဆို ကျုပ် မင်းကို မေးခွန်းတစ်ခု မေးမယ်၊ ပေါ်တာ" မူးဒီက အလုပ်ကို အလုပ်လိုလုပ်မယ်ဆိုတဲ့လေသံနဲ့ ပြောတယ်။

ဟယ်ရီ့ရင်တွင်း နိမ့်ဆင်းသွားတယ်။ သူ ဒီတုံးကိုတော့ မကျော်နိုင် တော့ဘူးဆိုတာ အစကတည်းက သိတယ်။ ဒီမြေပုံ ဘယ်ကရတာလဲလို့ မူးဒီက သူ့ကိုမေးမှာ သေချာတယ်။ အကြောင်းက ဒါဟာ လူကို သံသယဖြစ်စေနိုင်တဲ့ မှော်ပစ္စည်းတစ်ခု —— တကယ်လို့ မြေပုံ သူ့လက်ထဲ ရောက်လာရတဲ့ အကြောင်းကို အမှန်အတိုင်းပြောရင်၊ မိမိကို ပြဿနာအများကြီး တက်လာ စေမှာတင်မကဘူး။ မိမိဖခင်၊ ဖရက်နဲ့ ဂျော့-ဝယ်စလီ၊ ဒို့ပြင် ပါမောက္ခလူပင် —— လွန်ခဲ့တဲ့ကျောင်းပတ်က သူတို့ရဲ့ မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ် ဆရာပါ ပါလာလိမ့်မယ်။ မူးဒီဟာ ဟယ်ရီ့ရှေ့မှာ မြေပုံကို လှုပ်ယမ်းနေတယ်၊ ဟယ်ရီက အားတင်းပြီး ပြင်ဆင်မှုရှိရှိ နေတယ် ——

"ဒါ ကျုပ်ကို ခဏငှားမလား"

"အော" ဟယ်ရီက ပြောတယ်။

ဒီမြေပုံကို သူ သိပ်နှစ်သက်တယ်။ ဒါပေမယ့် တစ်ဖက်လှည့်တွေး တော့လဲ မူးဒီက သူ့ကို ဒီမြေပုံ ဘယ်ကရလဲဆိုတာ အတင်းမမေးတော့ သူ အသက်ရှူ ချောင်သွားတယ်။ ပြီးတော့လည်း သူဟာ မူးဒီကို ကျေးဇူးဆပ် မှာလဲ ရှိနေသေးတယ်။

"ရတယ်၊ ပြဿနာမရှိဘူး"

"ကလေးကောင်းလေး" မူးဒီက အသံကြမ်းကြမ်းနဲ့ ပြောတယ်။ "ကျုပ် ၎င်းကို ကောင်းကောင်းအသုံးချရမယ် . . . . ဒါ ကျုပ်ရှာနေတဲ့အရာပဲ ဖြစ်မယ် . . . . ကောင်းပြီ၊ သွားအိပ်တော့ ပေါ်တာ၊ မြန်မြန်လေး၊ သွားကြစို့"

နှစ်ယောက်သား လှေကားပေါ်ကို အတူတကွ တက်ကြတယ်။ မူးဒီ ဟာ မြေပုံကို သေချာလေ့လာနေတုန်းပဲ။ ဒါဟာ သူ အရင်က မတွေ့ဖူးတဲ့ ဘောနာပစ္စည်းလိုပဲ။ သူတို့ဟာ မူးဒီရုံးခန်းအဝထိ တိတ်တိတ်လျှောက်သွားကြ တယ်၊ ဒီနောက် မူးဒီ ရပ်လိုက်ပြီး ဟယ်ရီ့ကို မော့်ကြည့်တယ်။

"မင်း နောင်မှာ အောရာတစ်ယောက် မဖြစ်ချင်ဘူးလား၊ ပေါ်တာ"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ အံ့လည်း အံ့အားသင့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစဉ်းစားဖို့လိုတယ်" မူးဒီက ပြောတယ်။ သူဟာ ခေါင်းညိတ်ရင်း ဟယ်ရီ့ကို အတွေးနဲ့ ကြည့်နေတယ်။ "တကယ် . . . . အော၊ မေးရဦးမယ် . . . . မင်း ဒီည ရွှေဥကိုင်ပြီး လမ်းလျှောက်တာတင်မကဘူးထင်တယ်"

"အင်း —— မကဘူး" ဟယ်ရီက ရယ်ပြီးပြောတယ်။ "ကျွန်တော် သဲလွန်စရှာနေတာ"


မူးဒီက သူ့ဆီ မျက်တောင်ခတ်နေတယ်။ မှော်မျက်လုံးဟာ အရှူးအမူး လည်ပတ်နေပြန်တယ်။

"ညဥ့်နက်သန်းခေါင် လျှောက်သွားတာ မင်းကို ဘာစိတ်ကူးမှ ပေးမှာ မဟုတ်ဘူး၊ ပေါ်တာ . . . . မနက်ဖြန်နံနက် တွေ့မယ် . . . ."

သူဟာ လှည့်ပြီး ရုံးခန်းထဲ ဝင်သွားတယ်။ ခေါင်းငုံ့ပြီး ခေးပြမြေပုံကို လေ့လာရင်း လက်နဲ့ တံခါးကို ဆွဲပိတ်သွားတယ်။

ဟယ်ရီဟာ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ဖြည်းဖြည်းချင်း လျှောက်ပြန်ခဲ့တယ်။ တစ်လမ်းလုံးလည်း စနိတ်ပ်၊ ခရောက်ချ်၊ ဒါတွေအားလုံး ဘာအဓိပ္ပာယ်လဲ ဆိုတာ တွေးလာတယ် . . . . ခရောက်ချ် ဟော့ဂ်ဝပ်ကျောင်းတွင်းကို ကြိုက်သလို ဝင်ထွက်နိုင်ရက်နဲ့ ဘာလို့များ ဖျားချင်ယောင်ဆောင်ရတာလဲ။ စနိတ်ပ်ဟာ ရုံးခန်းထဲမှာ တစ်ခုခုဝှက်ထားတယ်လို့ သူထင်တယ်။

ပြီးတော့ မူးဒီက သူ့ကို —— ဟယ်ရီဟာ အောရာတစ်ယောက် ဖြစ်သင့်တယ်လို့ ထင်တယ်။ ဒီအတွေးဟာ သိပ်ကို စိတ်ဝင်စားစရာကောင်းတယ်။ သို့ပေမယ့် ဆယ်မိနစ်ကြာပြီးနောက် ဟယ်ရီဟာ ရွှေဥနဲ့ ကိုယ်ပျောက်ဝတ်ရုံကို သေတ္တာထဲ ပြန်ထည့်ပြီး ခုတင်ပေါ် အသာလေးတက်တဲ့အချိန်မှာ သူက တွေးပြန်တယ်။ တခြားအောရာတွေရဲ့ ကိုယ်ပေါ်မှာ ဒဏ်ရာအမာရွတ်တွေ ဘယ်လောက်ရှိတယ်ဆိုတာ စစ်ဆေးပြီးမှ နောင်မှာ အောရာလုပ်မလုပ် ဆိုတာ စဉ်းစားမယ်လို့ သူက တွေးပြန်တယ်။



## ၂၆။ ဒုတိယကဏ္ဍ

"နင် ရွှေဥရဲ့သဲလွန်စကို ရှာတွေ့ပြီလို့ နင်ပြောခဲ့တယ်" ဟာမီးက ဒေါသထွက်ပြီး ပြောတယ်။

"နင် တိုးတိုးလုပ်ပါ" ဟယ်ရီက စိတ်ဆိုးပြီး ပြောတယ်။ "ငါက ဒီအကြောင်းက —— ပိုရှင်းချင်လို့၊ မရဘူးလား"

မှော်ဂါထာအချိန်မှာ သူ၊ ရွန်နဲ့ ဟာမီးတို့ သုံးယောက်တည်း ကျောင်းခန်းနောက်တန်းစားပွဲမှာ ထိုင်နေကြတယ်။ ဒီနေ့ သူတို့လေ့ကျင့်ရမယ့်ဂါထာဟာ ဆင့်ခေါ်ဂါထာနဲ့ ပြောင်းပြန်ဖြစ်တယ် —— မောင်းနှင်ဂါထာ။ အရာဝတ္ထုတွေ ကျောင်းခန်းထဲမှာ ဟိုဒီပျံသွားနေရင် အန္တရာယ်ဖြစ်လွယ်တဲ့အတွက် ပရော်ဖက်ဆာ ဖလစ်ဝစ်ဟာ ကျောင်းသားတိုင်းကို ထိုင်ဖုံအပျော့တွေ တစ်ပုံကြီး လေ့ကျင့်ဖို့ ပေးတယ်။ ဒီလိုဆိုတော့ စောင်းလွဲသွားလည်း လူကို ဒဏ်ရာမရနိုင်ဘူးပေါ့။ ဒီအတွေးကတော့ သိပ်မဆိုးပါဘူး။ ဒါပေမယ့် လက်တွေ့လုပ်တော့ သိပ်အဆင်မပြေဘူး။ နီဗီးဟာ ဂါထာရွတ်ဆိုတာ မှန်အောင်ကို မဆိုနိုင်ဘူး။ သူဟာ အလွန်လေးတဲ့အရာတွေကို သတိမထားမိဘဲ တစ်ခန်းလုံး ဝဲပျံအောင်

www.burmeseclassic.com



လုပ်မိနေတယ်။ ဥပမာ၊ ပါမောက္ခ ဖလစ်ဝစ်။

"ရှေ့ဥကို ယာယီမေ့ထားလိုက်ပါ၊ ရမလား" ဟယ်ရီက အသံနိမ့်နိမ့်ပြော တယ်။ ဒီအချိန်မှာ ပါမောက္ခ ဖလစ်ဝတ်ဟာ ဘာမှမတတ်နိုင်ဘဲ သူတို့အနားက ဖြတ်ပျံသွားပြီး ဗီရိုကြီးတစ်ခုပေါ် ကျသွားတယ်။ "ငါ နင်တို့ကို စနိတ်ပ်နဲ့ မူးဒီအကြောင်း ပြောပြမယ် . . ."

ဒီကျောင်းချိန်ဟာ လျှို့ဝှက်စွာ စကားပြောနိုင်တဲ့ ကျေနပ်စရာကောင်း တဲ့ အကာအကွယ် အချိန်ပဲ။ ကျောင်းသားတွေ ကစားရတာ သိပ်ပျော်နေလို့ သူတို့ကို သတိထားမနေနိုင်ဘူး။ ခုနက နာရီဝက်အတွင်းမှာ ဟယ်ရီက အကြိမ် အချို့ခွဲကာ မိမိရှေ့တစ်ရက်ညက အဖြစ်အပျက်ကို တိုးတိုးပြောပြတယ်။

"စနိတ်ပ်က မူးဒီလဲ သူ့ရုံးခန်းကို ရှာဖွေခဲ့တယ်လို့ ပြောလား" ရွန်က တိုးတိုးပြောတယ်။ သူဟာ ဝမ်းသာလို့ မျက်လုံးအရောင်တောက်နေတယ်။ မှော်ကြိမ်လုံးကို ယမ်းလိုက်ပြီး၊ ထိုင်ဖုံပျော့ကို မောင်းနှင်ဂါထာရွတ်လိုက်တယ် (ထိုင်ဖုံက မိုးပေါ်ပျံတက်ပြီး ပါဗာတီရဲ့ ဦးထုပ်ကို တိုက်ချလိုက်တယ်)။ "အား . . . . မူးဒီဟာ ဒီမှာ ခါခါရော့ဖ်ကိုသာ စောင့်ကြည့်နေတာ မဟုတ်ဘူး။ စနိတ်ပ် ကိုလဲ စောင့်ကြည့်နေတယ်၊ ဟုတ်လား၊ ပြောစမ်းပါ"

"သူ့ကို ဒမ်ဘလီဒိုးက ရှာဖွေခိုင်းတာလားဆိုတာ ငါလဲ မသိဘူး။ ဒါပေမယ့် သူရှာဖွေတာ သေချာတယ်" ဟယ်ရီက ပြောတယ်။ လက်ကလည်း စိတ်မပါဘဲ မှော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ သူ့ထိုင်ဖုံဟာ တမျိုးကြီးစားပွဲ ကပ်ပြီး လျှောကျသွားတယ်။ "မူးဒီက ပြောတယ်၊ ဒမ်ဘလီဒိုးက စနိတ်ပ်ကို ဒီမှာထားတာဟာ ၎င်းကို ဒုတိယအကြိမ် အခွင့်အရေးပေးတာတဲ့ . . . ."

"ဘာ ?" ရွန်က ပြောတယ်။ မျက်လုံးကြီးပြူးထားတယ်။ ၎င်းရဲ့ ဒုတိယထိုင်ဖုံဟာ လည်ပတ်ပြီး မိုးပေါ်ပျံတက်သွားကာ မီးပန်းဆိုင်းကို ဝင် ဆောင့်မိလို့ မီးပန်းဆိုင်း ပျံထွက်ပြီး ဖလစ်ဝစ်စာသင်ခုံပေါ် ကျသွားတယ်။ "ဟယ်ရီ . . . . မူးဒီက မင်းနာမည်ကို မီးတောက်ခွက်ထဲ စနိတ်ပ်က ထည့် တာလို့ ထင်ချင်ထင်မှာ"

"အော၊ ရွန်" ဟာမီးက သံသယနဲ့ ခေါင်းခါပြီး ပြောတယ်။ "အရင် တစ်ခါက စနိတ်ပ်က ဟယ်ရီ့ကို သေအောင်ကြံတယ်လို့ ငါတို့ထင်တယ်။ ဒါပေမယ့် နောက်ဆုံး သူက ဟယ်ရီ့ကိုကယ်တာ ဖြစ်နေတယ်။ နင်မှတ်မိ သေးလား"



သူမဟာ ထိုင်ဖုံတစ်ခုကို မောင်းနှင်ဂါထာ ရွတ်လိုက်တယ်၊ ထိုင်ဖုံ ာ ကျောင်းခန်းအပေါ်ဘက်က ပျံသွားပြီး မိမိတို့ ချိန်ပစ်ရမယ့် သေတ္တာထဲ ဆင်းသွားတယ်။ ဟယ်ရီက ဟာမီးကိုကြည့်ရင်း တွေးနေတယ် . . . . နေ်ဘယ်၊ စနိတ်ပ် အရင်က သူ့အသက်ကို ကယ်ခဲ့ဖူးတယ်။ ဒါပေမယ့် ထူးဆန်း ာက စနိတ်ပ်ဟာ မိမိကို အသေအလဲမုန်းတယ်။ ထိုစဉ်က အတူကျောင်း နေကြစဉ် သူ ဟယ်ရီ့အဖေကို မုန်းသလိုပဲ။ စနိတ်ပ်ဟာ ဟယ်ရီ့ကို အမှတ် လျှော့တာ နှစ်သက်တယ်။ ပြီးတော့ ဟယ်ရီ့ကို ဒဏ်ပေးနိုင်တဲ့ အခွင့်အရေး ရသမျှ လက်လွှတ်မခံဘူး။ ဒီထက် ဟယ်ရီကို ကျောင်းကထုတ်ပစ်ဖို့ တင်ပြ တယ်။

"မူးဒီဘာပြောတယ်ဆိုတာ ငါ ဂရုမစိုက်ဘူး" ဟာမီးက ဆက်ပြော တယ်။ "ဒမ်ဘလီဒိုးဟာ မအဘူး။ ဟက်ဂရစ်နဲ့ ပါမောက္ခလူပင်ကိုပဲ ကြည့် ရအများကြီးက သူတို့ကို အလုပ်မပေးချင်ကြဘူး။ ဒမ်ဘလီဒိုးကတော့ သူတို့ ကို ယုံတယ်။ သူလုပ်တာမှန်တယ်။ ဒါကြောင့် စနိတ်ပ်အပေါ်ထားတဲ့ သူ့အမြင် ာလဲ မှန်နိုင်တယ်။ စနိတ်ပ်ဟာ နည်းနည်းတော့ ——"

" —— ဆိုးတယ်" ရွန်က အလျင်အမြန် ဆက်ပြောလိုက်တယ်။ "ဒါဆို၊ ဟာမီး၊ အဲဟို မှော်နက်မှော်ဆရာတွေကိုချည်း လိုက်ဖမ်းတဲ့ အဖမ်း သမားတွေဟာ ဘာဖြစ်လို့ သူ့ရုံးခန်းကို ရှာဖွေရတာလဲ"

"မစ္စတာ ခရောက်ချ် ဘာဖြစ်လို့ ဖျားချင်ယောင်ဆောင်တာလဲ" ာမီးက ရွန့်ကို အရေးမလုပ်ဘဲ ကိုယ့်ဖာသာပြောတယ်။ "သူ ခရစ္စမတ်စ်ကပွဲ ာမတက်ဘူး။ ညဥ့်နက်သန်းခေါင်မှာ စိတ်သွားတိုင်းကိုယ်ပါ ဒီကိုလာတယ်။ ဘာကယ်ပဲ သံသယဖြစ်စရာပဲ၊ မဟုတ်ဘူးလား"

"နင်က ဟိုမှင်စာလေး ဝင့်ခ်ီကြောင့် ခရောက်ချ်ကို မကြိုက်တာ" ကြ ပြောတယ်။ ထိုင်ဖုံကို ဂါထာတစ်ခု ရွတ်လိုက်တယ်။ ထိုင်ဖုံက ပြတင်း ပျံသွားတယ်။

"နင်က စနိတ်ပ် မကောင်းတာလုပ်မယ်ချည်းထင်နေတာ" ဟာမီးက ပြောတယ်။ သူမကလည်း ဂါထာတစ်ခု ရွတ်လိုက်တယ်။ သူမရဲ့ ထိုင်ဖုံဟာ ာသေသပ်သပ်နဲ့ သေတ္တာထဲ ဝင်သွားတယ်။

"ငါသိချင်တာက၊ တကယ်လို့ ဒါဟာ စနိတ်ပ်ရဲ့ ဒုတိယအခွင့်အရေး ဆိုရင် သူအစက ဘာတွေလုပ်ခဲ့သလဲဆိုတာပဲ" ဟယ်ရီက မျက်နှာထားတင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းနဲ့ ပြောတယ်။ သူ့ထိုင်ဖုံဟာ ကျောင်းခန်းကို ဖြတ်ပျံပြီး ဟာမီးရဲ့ထိုင်ခုံ ပေါ် ခိုင်ခိုင်မာမာ ကျသွားတယ်။ ဒါကြောင့် သူ အံ့ဩသွားတယ်။

ဆီးရီးအက်စ်ကြယ်ဟာ ဟော့ဂ်ဝပ်က အခြေအနေဟူသမျှ သိထို တယ်။ ဒါကြောင့် အဲဒီနေ့ညက၊ ဟယ်ရီဟာ ဇီးကွက်ညိုညိုတစ်ကောင်နဲ့ သူ့ဆီ စာပို့တယ်။ မစ္စတာခရောက်ချ် စနိတ်ပ်ရုံးခန်းထဲ ဝင်တဲ့အကြောင်းနဲ့ မူးဒီနဲ့ စနိတ်ပ်အကြား စကား အပြန်အလှန်ပြောကြတာကို မူရင်းအတိုင်း ပြော လိုက်တယ်။ ဒီနောက် ဟယ်ရီဟာ လက်ရှိနီးကပ်လာတဲ့ အရေးတကြီးပြဿနာ ပေါ်မှာ အာရုံစူးစိုက်ထားလိုက်တယ်။ ဖေဖော်ဝါရီလ ၂၄ရက်၊ သူ ရေအောက် မှာ ဘယ်လိုလုပ်ပြီး တစ်နာရီ အသက်ရှင်နေနိုင်မလဲ။

ရွန်ကတော့ ဆင့်ခေါ်ဂါထာကို နောက်တစ်ကြိမ် သုံးစေချင်တယ် —— ဟယ်ရီက သူတို့ကို ရေအဆုတ်အကြောင်း ပြောပြဖူးတယ်။ ရွန်က ဟယ် ဟာ အနီးရှိ မတ်ဂေါ်မြို့ရွာကနေ ရေအဆုတ်တစ်စုံ ရယူနိုင်တယ်လို့ထင်တယ် ဟာမီးက ဒီအကြံကို ပြတ်ပြတ်ပဲကန့်ကွက်လိုက်တယ်။ ဟယ်ရီဟာ သတ်မှတ် တစ်နာရီအတွင်းမှာ ရေအဆုတ်ကို အသုံးပြုပုံ သင်ယူနိုင်တယ်ထားဦး (ဒါ မဖြစ်နိုင်ဘူး)၊ ပြိုင်ပွဲဝင်ခွင့်ပယ်ဖျက်ခံရမှာလို့ သူမက ထောက်ပြတယ် အကြောင်းက သူဟာ "အပြည်ပြည်ဆိုင်ရာ မှော်လျှို့ဝှက်ချက်ဥပဒေ" ချိုးဖောက်လို့ —— ရေအဆုတ်တစ်စုံကို မြို့ရွာတွေဖြတ်ပြီး တဝီးဝီး ဟော့ဂ်ဝပ်ကို ပျံလာနိုင်းပြီး မတ်ဂေါ်တွေ မမြင်အောင် လုပ်ဖို့ဆိုတာ စိတ်ကူ ယဉ်အိပ်မက်သာ ဖြစ်တယ်။

"အင်းပေါ့လေ၊ အကောင်းဆုံးကတော့ မိမိကိုယ်ကို ရုပ်ပြောင်းတာပဲ ရေငုပ်သင်္ဘောတို့ဘာတို့ပေါ့" ဟာမီးက ပြောတယ်။ "ငါတို့ လူသားရုပ်ပြောင် ခြင်းကို လေ့ကျင့်ဖူးရင် ကောင်းမယ်။ ဒါပေမယ့် ငါတို့ ဆဋ္ဌမတန်းရောက် အဲဒီအကြောင်း စသင်မှာ။ ပြီးတော့ လုံးဝမပိုင်နိုင်ဘဲ မိမိကိုယ်မိမိ ရုပ်ပြောင် ပေးရင်၊ အဲဒီအကျိုးဆက်ဟာ မတွေးဝံ့စရာပဲ . . . ."

"ဟုတ်တယ်လေ၊ ငါ့ခေါင်းပေါ်မှာ ရေငုပ်အဝေးကြည့်မှန်ပြောင် တပ်ပြီး လျှောက်မသွားချင်ဘူး" ဟယ်ရီက ပြောတယ်။ "ငါထင်တယ်၊ ငါ မူ ရှေ့မှာ သူများကို ဝင်တိုက်ရင်၊ သူက ငါ့ကို ရုပ်ပြောင်းပစ်လိမ့်မယ် . . . ."

"ဒါပေမယ့် သူက နင်ဖြစ်ချင်တာဖြစ်အောင် လုပ်ပေးမှာ မဟုတ်ဘူး



ဟာမီးက တည်ကြည်စွာ ပြောတယ်။ "မဖြစ်ဘူး၊ အကောင်းဆုံးက မှော်ဂါထာ တစ်ခုကို နင်သုံးရင် ကောင်းမယ်"

ဒီလိုနဲ့ ဟယ်ရီဟာ ဖုန်တက်နေတဲ့ စာအုပ်ထူကြီးတွေကို ခေါင်းမ ဆောင်စတမ်း ဖတ်ရှုလေ့လာနေရတယ်။ လူကို အောက်စီဂျင်မရှိဘဲ အသက် ရှင်နိုင်တဲ့ ဂါထာကို ရှာဖွေတယ်။ သူဟာ စာကြည့်တိုက်ကို မကြာခင်မှာ ငြီးငွေ့ သွားပြီး၊ ဘယ်တော့မှ လာချင်မှာ မဟုတ်ဘူးလို့ သူက တွေးတယ်။ နေ့လယ် ထမင်းစားချိန်၊ ညအချိန်နဲ့ အပတ်ကုန် ကျောင်းပိတ်ရက်တွေမှာ သူ၊ ရွန်နဲ့ ဟာမီးတို့ဟာ ဒီမှာပဲ အချိန်ကုန်ခံပြီး ရှာဖွေနေကြတယ် —— ဟယ်ရီဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်ကို ထောက်ခံစာရေးခိုင်းပြီး မိမိ တားမြစ်စာအုပ်များ သုံးခွင့်ရအောင် လုပ်ခဲ့တယ်။ ဒါတင်မကသေးဘူး၊ လင်းတထိပ်ပြောင်နဲ့တူတဲ့ စာကြည့်တိုက်စာရေး မဒမ်ဖင့်စ်ကိုတောင် အကူအညီတောင်းခဲ့သေးတယ် —— သို့ပေမယ့် ဟယ်ရီ့ကို ရေအောက်မှာ တစ်နာရီနေနိုင်ပြီး၊ အသက်ရှင် ကျက် မိမိအကြောင်း ပြန်ပြောပြနိုင်မယ့် ဘယ်လိုနည်းနာမှ သူတို့ရှာမတွေ့ဘူး။

အခု၊ ဟယ်ရီ့ရင်ထဲမှာ အရင်ကဖြစ်ခဲ့ဖူးတဲ့ ကြောက်စိတ်တွေ ပြည့် နေပြန်ပြီ။ ကျောင်းတက်စဉ် အာရုံစုစည်းလို့ မရဘူးလို့ သူခံစားရတယ်။ ဟို ရေကန်ကြီးကို ဟယ်ရီ အရင်က အရေးမလုပ်ဘူး။ ၎င်းကို ကွင်းရဲ့တစ်စိတ် တစ်ဒေသလို့သာ သဘောထားတာ။ အခု သူ ကျောင်းခန်းပြတင်းနား ကပ်သွား တိုင်း ကန်ကြီးက သူ့အကြည့်ကို ဆွဲဆောင်သွားတယ်။ မွဲပြာပြာအေးစိမ့်တဲ့ ကန်ရေပြင်၊ ၎င်းရဲ့မည်းနက်ပြီး အေးစက်တဲ့ ရေအောက်ကြမ်းခင်းဟာ လမင်း လိုပဲ ထိတွေ့ရန် ခက်ခဲလှတယ်။

လွန်ခဲ့တဲ့အကြိမ် ဟွန်းတေးနဲ့ ရင်ဆိုင်ရခါနီးတုန်းကလို အချိန်ဟာ အဝေါ်ဝေါ် စီးဆင်းသွားတယ်။ နာရီကို မြန်မြန်လည်ပတ်အောင် မှော်ပညာနဲ့ ခိုင်းထားလိုက်သလိုပဲ။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ကိုရောက်ဖို့ တစ်ပတ်ပဲ လိုတော့တယ် (အချိန်ရှိသေးတယ်) . . . . အချိန်ငါးရက်ပဲ ကျန်တယ် (မကြာ ခင် နည်းနာရှာတွေ့မှာပါ) . . . . သုံးရက်လိုသေးတယ် (နည်းနာ အမြန် ရှာတွေ့ပါစေ . . . . မ,စပါ) . . . .

နှစ်ရက်ပဲ ကျန်တော့တယ်။ ဟယ်ရီ စားမဝင် ဖြစ်လာပြီ။ တနင်္လာ နေ့ နံနက်စောစောစာ စားတဲ့စားပွဲမှာ စိတ်နည်းနည်း သက်သာရာရတာက ဆီးရီးအက်စ်ကြယ်ဆီ သူစာပို့လွှတ်လိုက်တဲ့ ဇီးကွက်ညိုညို ပြန်လာတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



တယ်ရီက သိုးရေစက္ကူကို ဆွဲထုတ်ပြီး ဖွင့်လိုက်တယ်၊ ဆီးရီးအက်စ်ကြယ်
သုနဲ့ စာပေးစာယူလုပ်တဲ့ဖြစ်စဉ်အတွင်း အတိုဆုံးစာကို တွေ့ရတယ်။

ပြန်စာပို့မယ့် ဇီးကွက်ကိုလွှတ်ပြီး မင်းတို့ နောက်တစ်ကြိမ် ဟော့ဂ်စ်မိဒ်
ကို ကျောင်းအားရက် သွားလည်မယ့် နေ့စွဲကို ပြောပြပါ။

ဟယ်ရီဟာ သိုးရေစက္ကူကျောဘက်မှာ စာများပါဦးမလားလို့ လှ
ကြည့်တယ်၊ ဒါပေမယ့် ကျောဘက်မှာ ဘာမှ မရှိဘူး။

"လာမယ့်အပတ်ရဲ့ နောက်တစ်ပတ် ရက်သတ္တပတ်ကုန်" ဟာမီးယာ
ဟယ်ရီ့နောက်က စာတိုလေးကိုဖတ်ပြီး တိုးတိုးပြောတယ်၊ "ရော့ —— ငါ့
ဌက်မွေးကလောင်သုံး၊ ဒီဇီးကွက်ကို ချက်ချင်းပြန်လွှတ်ပြီး ပြန်စာပို့နိုင်း"

ဟယ်ရီက နေ့စွဲကို ဆီးရီးအက်စ်ကြယ်ပေးစာရဲ့ ကျောဘက်မှာ
ခပ်မြန်မြန်ရေးက၊ ဇီးကွက်ညိုညိုခြေထောက်မှာ ချည်ပေးပြီး ၎င်းပျံသွားတာ
ကြည့်နေတယ်။ သူ အစက ဘာလိုချင်နေတာလဲ၊ ဆီးရီးအက်စ်ကြယ် သူ့တို
ရေအောက်မှာ ဘယ်လိုအသက်ရှင်ရမယ်ဆိုတာ ပြောပြစေချင်တယ်၊ သူ
စာရေးတုန်းက စနိတ်ပ်နဲ့ မူဒီအကြောင်းသာပြောဖို့ သတိရပြီး၊ ရှေ့ဥကို လုံး
မေ့နေတယ်၊ တစ်လုံးမှ ထည့်မရေးဘူး။

"ငါတို့ နောက်တစ်ကြိမ် ဟော့ဂ်စ်မိဒ်သွားပြီးလည်မယ့်ရက်ကို သူ
ဘာကြောင့် သိချင်တာလဲ" ရွန်က မေးတယ်။

"မသိဘူး" ဟယ်ရီက ခြောက်သွေ့စွာ ပြောတယ်၊ ဇီးကွက်ကို မြင်
တုန်းက ဖြစ်ပေါ်လာတဲ့ တိုတောင်းတဲ့ ဝမ်းသာအားရမှု ပျောက်ပြယ်သွားပြီ
"သွားစို့ . . . . ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်အချိန် သွားတက်ကြစို့"

ဟက်ဂရစ်ဟာ မီးပန်းပိုးကောင်တုန်းက အများကို ထေမိချင်လို့လာ
မီးပန်းပိုးကောင် နှစ်ကောင်ပဲ ကျန်တော့လို့လား၊ ဒါမှမဟုတ်ရင် ပါမောက္ခ
ဂရပ်ဘလီ-ဖလန့်ခ် လုပ်နိုင်တာကို သူဆိုတဲ့ဟက်ဂရစ်လည်း လုပ်နိုင်တယ်
ဆိုတာ ပြချင်လို့လားတော့ ဟယ်ရီ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ဟက်ဂရစ် ပြန်လာ
သင်တော့ ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ရဲ့ ဂျိုတစ်ဂျိုတိရစ္ဆာန်ကို ဆက်သင်
တယ်၊ ဟက်ဂရစ်ဟာ ဂျိုတစ်ဂျိုတိရစ္ဆာန်ကို နားလည်တာဟာ ရော
အကောင်ကြီးတွေကို သိတာထက် မနည်းဘူးဆိုတာ ဖော်ပြတယ်၊ ဒါပေမယ့်
ဂျိုတစ်ဂျိုတိရစ္ဆာန်မှာ အစွယ်မရှိတာ သိပ်အံ့သြစရာကောင်းတယ်လို့ ထင်



တယ်။

ဒီနေ့ သူ ဂျိုတစ်ဂျိုတိရစ္ဆာန်ပေါက်ကလေးနှစ်ကောင် ဖမ်းမိတယ်၊
သားပေါက်ကလေးဟာ အရွယ်ရောက်ပြီးဂျိုတစ်ဂျိုတိရစ္ဆာန်နဲ့ မတူဘူး၊ ၎င်းတို့
ဟာ ရွှေရောင်စစ်စစ် ဖြစ်တယ်၊ ပါဗာထိနဲ့ လာဗင်ဒါတို့ဟာ ၎င်းတို့ကို မြင်တာ
နဲ့ ဝမ်းသာလွန်းလို့ အရူးအမူး ဖြစ်ကြတယ်၊ ဖန်စီ-ဖတ်ကင်ဆန်ကတောင်
၎င်းတို့ကို သိပ်နှစ်သက်တာ လူသိမှာစိုးလို့ ဖုံးကွယ်ဖို့ ဟန်ဆောင်နေရတယ်၊

"သားပေါက်ကလေးတွေဟာ အရွယ်ရောက်တဲ့အကောင်ထက် တွေ့ရှိ
ရလွယ်တယ်" ဟက်ဂရစ်က ကျောင်းသားအားလုံးကို ပြောတယ်၊ "၎င်းတို့ဟာ
နှစ်နှစ်အရွယ်မှာ ငွေရောင်ဖြစ်လာတယ်၊ လေးနှစ်လောက်မှာ ဂျိုပေါက်တယ်၊
အရွယ်ရောက်ပြီးတော့မှ အဖြူစစ်စစ် ဖြစ်လာတယ်၊ အဲဒါ ခုနစ်နှစ်ခန့်အရွယ်
ပေါ့၊ ၎င်းတို့ဟာ ငယ်ရွယ်စဉ်မှာ ယုံလွယ်တယ် . . . . ယောက်ျားလေးတွေကို
ကြိုက်တဲ့စိတ် မရှိဘူး . . . . လာကြ၊ နည်း နည်းကပ်ကြ၊ မင်းတို့ ပုတ်ချင်
တယ်ဆိုရင် ၎င်းတို့ကို ပုတ်လို့ရတယ် . . . . ဒီလေးထောင့်သကြားလုံးကို
၎င်းတို့ကို နည်းနည်းကျွေး . . . ."

"မင်း ဘာမှမဖြစ်ဘူးနော်၊ ဟယ်ရီ" ဟက်ဂရစ်ဟာ အားလုံး ဂျိုတစ်ဂျို
သားပေါက်လေးနား ဝိုင်းနေစဉ်မှာ လျှောက်လာပြီး တိုးတိုးမေးတယ်။

"ဘာမှမဖြစ်ဘူး" ဟယ်ရီက ပြောတယ်။

"နည်းနည်းစိတ်လှုပ်ရှားတယ်၊ ဟုတ်လား" ဟက်ဂရစ်က ပြောတယ်၊

"နည်းနည်းရှိတယ်ထင်တယ်" ဟယ်ရီက ပြောတယ်၊

"ဟယ်ရီ" ဟက်ဂရစ်က ပြောတယ်၊ လေးပင်တဲ့ လက်ကြီးနဲ့ သူ့ပခုံး
ကို ပုတ်တယ်၊ ဟယ်ရီ ဒူးတွေ ဖိအားကြောင့်ကွေးသွားတယ်၊ "ဟို ဟွန်းတေးနဲ့
မင်း ရင်မဆိုင်ရခင်က ကျုပ် မင်းအတွက် စိတ်ပူတာ အမှန်ပဲ၊ ဒါပေမယ့်
ကျုပ် အခု သိသွားပြီ၊ မင်းလုပ်ချင်တဲ့ အလုပ်ဆိုရင် လုပ်လို့မရတာ မရှိဘူး၊
ကျုပ်နည်းနည်းမှ စိတ်မပူဘူး၊ မင်း အောင်မြင်မှာ မုချပဲ၊ သဲလွန်စရှာလို့
ရပြီလား၊ ဟင် ?"

ဟယ်ရီက ခေါင်းညိတ်ပြတယ်၊ ဒါပေမယ့် သူ ခေါင်းညိတ်နေပေမယ့်
စိတ်ထဲမှာတော့ အဓိပ္ပာယ်မရှိ မိမိ ကန်ရေပြင်အောက်မှာ တစ်နာရီအသက်
ရှင်နေဖို့ ဘယ်လိုလုပ်ရမှန်း မသိဘူးဆိုတာ ဖြောင့်ဝန်ခံချင်စိတ် ဖြစ်ပေါ်နေ
တယ်၊ သူဟာ ဟက်ဂရစ်ကို မော့်ကြည့်တယ် —— ဟက်ဂရစ်ဟာ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တခုံ ရေအောက်ထဲဆင်းပြီး ကန်ထဲကအကောင်တွေကိစ္စကို လုပ်ရသလား။ ကွင်းထဲက ကျန်ကိစ္စတွေဟာ သူပဲလုပ်ရလို့ ——

"မင်းနိုင်မှာပါ" ဟက်ဂရစ်က အသံအအကြီးနဲ့ ပြောတယ်။ ဟယ်ရီ့ ကျောကို ပုတ်လိုက်ပြန်တယ် —— မိမိဟာ ပျော့မနေတဲ့ရွှံ့မြေထဲ နှစ်လက်မ လောက် နစ်ဆင်းသွားတယ်လို့ ဟယ်ရီ ခံစားရတယ်။ "ကျုပ်သိတယ်၊ ကျုပ် ခံစားရတယ်။ မင်း မုချနိုင်မှာပါ၊ ဟယ်ရီ"

ဟယ်ရီဟာ ဟက်ဂရစ်မျက်နှာပေါ်က ဝမ်းသာတဲ့၊ ယုံကြည်စိတ် အပြည့်နဲ့အပြုံးကို ဖျက်ဆီးမပစ်ချင်ဘူး။ သူဟာ ဂျိုတစ်ဂျိုတိရစ္ဆာန်ကလေးတွေ ကို သိပ်စိတ်ဝင်စားဟန်ဆောင်ပြီး ဟက်ဂရစ်ကို မချိသွားဖြဲ ရယ်ပြတယ်။ ရှေ့သို့တိုးသွားပြီး ကျောင်းသားတွေနဲ့အတူ အကောင်လေးနှစ်ကောင်ကို ချစ်ခင်စွာ ပွတ်သပ်ပေးတယ်။

ဒုတိယကဏ္ဍမတိုင်မီ ရှေ့တစ်ရက် ညနေရောက်တော့ ဟယ်ရီဟာ မိမိအိပ်မက်ဆိုးထဲ ကျရောက်နေပြီလို့ ခံစားရတယ်။ သူ အလွန်ရှင်းတာက ထူးဆန်းတဲ့အခြေအနေ ဖြစ်လာမယ်၊ သူ သင့်တော်တဲ့ ဂါထာတစ်ခု တွေ့ရှိ တယ်ထားဦး၊ တစ်ညတာအတွင်းမှာ ပိုင်နိုင်အောင်တတ်မြောက်ဖို့ဆိုတာ မဖြစ် နိုင်ဘူး။ သူဟာ ဒီလိုအခြေအနေ ဘာလို့ အရောက်ခံရတာလဲ။ သူဘာဖြစ်လို့ ရွှေဥကပေးတဲ့ သဲလွန်စကို စောစောမလေ့လာတာလဲ။ သူဘာဖြစ်လို့ စာသင် ချိန် စိတ်လေလွင့်တာလဲ —— ဆရာတစ်ယောက်ယောက်က ရေအောက် မှာ ဘယ်လိုအသက်ရှူရမယ်ဆိုတာ ပြောပြချင်–ပြောပြခဲ့မှာပေါ့။

ပြတင်းအပြင်ဘက်က နေမင်းဟာ အနောက်ဘက်သို့ စတင်ဆင်း သွားပြီ။ သူ၊ ဟာမီးနဲ့ ရွန်တို့ စာကြည့်တိုက်ထဲထိုင်ပြီး စိတ်ပူပင်စွာနဲ့ ဂါထာ စာအုပ်တွေ လှန်လှောဖတ်ရှုနေတယ်။ လူတိုင်းရှေ့က စားပွဲပေါ်မှာ စာအုပ်ပုံ တချို့စီနဲ့ အပြန်အလှန်တောင် မမြင်ရဘူး။ ဟယ်ရီဟာ စာအုပ်ထဲမှာ 'ရေ' ဆိုတဲ့စာလုံးတွေ့တိုင်း ရင်ထခုန်လာတယ်။ ဒါပေမယ့် သေချာကြည့်လိုက်တော့ ရေ နှစ်အောင်စ၊ လှီးပြီးမန်ဒရိတ်ခ်ရွက် ပေါင်ဝက်၊ ရေပုတ်သင်တစ်ကောင် ထပ်ထည့်ဆိုတာမျိုးတွေချည်းပဲ . . . .

"ဒီလိုလုပ်လို့ မဖြစ်ဘူး ငါထင်တယ်" ရွန့်အသံဟာ ခြောက်ကပ်ကပ်နဲ့ စားပွဲဟိုဘက်ဆီက ရောက်လာတယ်။ "ဘာမှ ရှာလို့မတွေ့ဘူး။ ဘာမှ မရှိဘူး။



ရေခပ်ထုတ်ဂါထာကမှ နီးစပ်ဦးမယ်။ ရေကန်၊ ရေအိုင်ကရေကို ခပ်ထုတ်၊ ဒါပေမယ့် မင်းမှာ ဒီကန်ကြီးတစ်ခုလုံးကရေကို ခပ်ထုတ်နိုင်လောက်အောင် အင်အားရှိမှာ မဟုတ်ဘူး"

"နည်းနာရှိမှာပါ" ဟာမီးက တိုးတိုးရေရွတ်နေတယ်။ ဖယောင်းတိုင် တစ်တိုင်ကို နီးအောင် ဆွဲယူတယ်။ သူမမျက်လုံး သိပ်ညောင်းနေပြီ၊ အလွန် နီးကပ်အောင် ကြည့်ရတယ်၊ နှာခေါင်းနဲ့ စာအုပ် တစ်လက်မပဲ ခြားတော့တယ်။ ဒါမှ 'မေ့ပျောက်နေတဲ့ ရှေးမှော်ပညာနဲ့ ဂါထာ'ပေါ်က သေးသေးစိပ်စိပ် စာလုံးလေးတွေကို မြင်ရတော့တယ်။ "သူတို့ဟာ မအောင်မြင်နိုင်တဲ့ ကဏ္ဍ တစ်ခုကို စီမံရေးဆွဲမှာ မဟုတ်ဘူး"

"သူတို့ရေးဆွဲမှာ" ရွန်က ပြောတယ်။ "ဟယ်ရီ မင်း မနက်ဖြန်ကျရင် ကန်ဘေး တန်းသွားပြီး ခေါင်းကို ရေထဲထိုးချပြီး လူတစ်ပိုင်းငါးတစ်ပိုင်းတွေဆီ အော်ပြော၊ သူတို့ကို ခိုးထားတဲ့ပစ္စည်း ပြန်ပေးခိုင်း၊ သူတို့ပစ်ထုတ်မလားဆိုတာ ကြည့်၊ ဒါ မင်းအဖို့ အကောင်းဆုံးနည်းပဲ၊ သူငယ်ချင်း"

"နည်းလမ်းတော့ မုချရှိမှာပါ" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "မုချရှိမှာ"

သူမဟာ စာကြည့်တိုက်မှာ အသုံးဝင်တဲ့ အချက်အလက် မရှိတာကို သူမကို စော်ကားတာပဲလို့ ထင်မှတ်ထားသလိုပဲ။ အရင်က သူမ ပြဿနာရှိရင် အဖြေကို စာအုပ်ထဲမှာ ရှာလို့တွေ့တာချည်းပဲ။

"ငါ ဘယ်လိုလုပ်ရမလဲဆိုတာ ငါသိတယ်" ဟယ်ရီက ပြောပြီး "ပြက်ရယ်ပြုဒုက္ခပေးခြင်းကို ခုခံတဲ့နည်းကောင်း" စာအုပ်ပေါ်မှာ မှောက်နေ တယ်။ "ငါ ဆီးရီးအက်စ်ကြယ်လို အာနီမာဂတ်စ်ဖြစ်အောင် လုပ်မှပဲ"

"ဟုတ်တယ်၊ မင်းဟာ စိတ်ကြိုက်ရွှေငါးလေး ဖြစ်နိုင်တယ်" ရွန်က ပြောတယ်။

"ဒါမှမဟုတ် ဖားတစ်ကောင်" ဟယ်ရီက သမ်းဝေလိုက်တယ်။ သူ ပင်ပန်းနေပြီ။

"အာနီမာဂတ်စ်တစ်ယောက်ဖြစ်ဖို့ နှစ်အတော်လိုတယ်။ ပြီးတော့ မှတ်ပုံတင်ရသေးတယ်၊ သိပ်ဒုက္ခများတယ်" ဟာမီးက မပွင့်တပွင့်ပြောတယ်။ သူမဟာ "ထူးဆန်းတဲ့ မှော်ပညာအခက်အခဲနဲ့အဖြေ" စာအုပ်ရဲ့အညွှန်းကို မျက်လုံးမှေးပြီး ဖတ်ရှုရှာဖွေနေတယ်။ "ပါမောက္ခမက်ဂေါ်နာဂေါ်က တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြဖူးတယ်၊ မှတ်မိလား . . . . မှော်ပညာအလွဲသုံးစားပြုခြင်း တားမြစ်
ရုံးမှာ မှတ်ပုံတင်ရမယ် . . . . နင် ဘာအကောင်ဖြစ်မယ်၊ ဘာအမှတ်အသာ
ရှိမယ်ဆိုတာ၊ ဒါမှ တခြားသူက နင့်ကို ထိခိုက်အနာတရ မဖြစ်အောင်
. . . ."

"ဟာမီး၊ ငါက ရယ်စရာပြောတာပါ" ဟယ်ရီက အားမရှိဘဲ ပြော
တယ်။ "မနက်ဖြန်အစောကြီးမှာ ငါ ဖားတစ်ကောင် ဖြစ်မသွားနိုင်ဘူးဆိုတ
ငါသိတယ် . . . ."

"အော၊ လုံးဝအသုံးမကျဘူး" ဟာမီးကပြောရင်း "ထူးဆန်းတဲ့ မှော်
ပညာအခက်အခဲနဲ့အဖြေ"ကို ဘတ်ခနဲ ပိတ်လိုက်တယ်။ "ဘယ်သူကများ မိ
နှာခေါင်းမွေးကို အလိပ်ကလေးတွေ ဖြစ်ချင်မှာလဲ"

"ငါကတော့ မဆန့်ကျင်ဘူး" ဖရက်-ဝယ်စလီ့အသံ ရုတ်တရက်
ရောက်လာတယ်။ "ဒါကမှ သူများပြောစရာစကားစ ရမှာ၊ဟုတ်လား"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ မော့ကြည့်တယ်။ ဖရက်နဲ့ ဂျော့ဟာ စာအု
စင်နောက်က ခုတွင်ထွက်လာကြတယ်။

"မင်းတို့နှစ်ယောက် ဒီမှာ ဘာလုပ်နေလဲ" ရွန်က မေးတယ်။

"မင့်ကို ရှာနေတာ" ဂျော့က ပြောတယ်၊ "မက်ဂေါ်နာဂေါက မင်းတ
ခေါ်နေတယ်၊ ရွန်။ ပြီးတော့ မင်း၊ ဟာမီး"

"ဘာလုပ်မလို့လဲ" ဟာမီးက မေးတယ်။ သိပ်အံ့ဩသလိုပဲ။

"မသိဘူး . . . . ဒါပေမယ့်၊ သူမပုံစံက အတော်တင်းတယ်" ဖရ
က ပြောတယ်။

"ငါတို့က မင်းတို့ကို သူမရုံးခန်း ခေါ်သွားရမယ်" ဂျော့က ပြောတယ်

ရွန်နဲ့ ဟာမီးတို့ ဟယ်ရီ့ကို ကြည့်နေတယ်။ ဟယ်ရီက ရင်လေးသွ
တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက ရွန်နဲ့ ဟာမီးကို ဆူမလို့လား။ သူမဟ
သူတို့ သူ့ကို ကူညီနေတာ သတိထားမိတယ်နဲ့ တူတယ်။ သူဟာ ပြိုင်ပွဲကဏ္
ကို ဘယ်လိုအောင်မြင်အောင် လုပ်ရမယ်ဆိုတာ ကိုယ့်ဖာသာ တွေးရမှာ။

"ငါတို့ အများနားနေခန်းမှာ နင်နဲ့တွေ့မယ်၊ ဟယ်ရီ" ဟာမီးထ
ဟယ်ရီ့ကိုပြောပြီး၊ ထကာ ရွန်နဲ့အတူ ထွက်သွားတယ် —— သူတို့နှစ်ယော
လုံး အလွန်စိုးရိမ်နေကြတယ်။ "ဒီစာအုပ်တွေ၊ နင်ယူနိုင်သလောက် ယူပြ
သွားနော်"



"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ စိတ်ထဲမှာ သောကရောက်နေ
တယ်။

ရှစ်နာရီထိုးတော့ မဒမ်ဖင့်စ်က မီးအားလုံးကို ပိတ်ပစ်လိုက်တယ်။
လျှောက်လာပြီး ဟယ်ရီ့ကို စာကြည့်တိုက်က နှင်ထုတ်လိုက်တယ်။ ဟယ်ရီဟာ
စာအုပ်တစ်ပုံကြီးကိုပိုက်ပြီး၊ ဂရစ်ဖင်းဒေါအများနားနေခန်းကို ပြန်ခဲ့တယ်
နံရံဘေးက စားပွဲတစ်လုံးဆီသွားပြီး ဆက်လက်ရှာဖွေနေတယ်။ "မှော်ဆရာ
စစ်မျိုးကြီးရဲ့ အရူးအမူးမှော်ပညာ"ထဲမှာ ဘာမှမရှိဘူး . . . . "အလယ်ခေတ်
မှော်အတတ်လမ်းညွှန်"ထဲမှာ ဘာမှမရှိဘူး . . . . "၁၈-ရာစုမှော်ဂါထာ လက်
ရွေးစင်"၊ "မြေအောက်နက်ရှိုင်းတဲ့နေရာက ကြောက်စရာသတ္တဝါ"နဲ့ "သင့်မှာ
ရှိနေတဲ့ စွမ်းအားကို သင်မသိပါ။ ဒိပြင် သင်နားလည်ပြီး ၎င်းတို့ကို ဘယ်လို
အသုံးချမလဲ" ထဲမှာလဲ ရေအောက်တွင် အသက်ရှင်တဲ့ နည်းနာနဲ့ ပတ်သက်ပြီး
တစ်လုံးမှ မပါဘူး။

ခရွတ်ရှန်က ဟယ်ရီ့ပေါင်ပေါ်တက်ပြီး ကိုယ်ကို ကွေးကျုံ့ထားတယ်။
စိတ်ကြိုက်စွာ ဟောက်နေတယ်။ အများနားနေခန်းထဲကလူတွေ တဖြည်းဖြည်း
သွားကုန်ကြပြီ။ ကျောင်းသားတွေဟာ သွားခါနီးမှာ သူ့ကို မနက်ဖြန် ကံကောင်း
စေဖို့ ဆုတောင်းသွားကြတယ်၊ လေသံကလည်း ဟက်ဂရစ်လိုပဲ ပျော်ရွှင်ပြီး
ယုံကြည်စိတ်အပြည့်နဲ့။ ထင်ရှားတာက၊ သူတို့ဟာ နောက်ထပ် အလွန်လှပတဲ့
စွမ်းပြချက်တစ်ခုနဲ့ ပထမကဏ္ဍတုန်းကလို သူ ပြီးမြောက်အောင်မြင်လိမ့်မယ်
လို့ ယုံကြည်ကြတယ်။ ဟယ်ရီ သူတို့ကို ပြန်မဖြေနိုင်ဘူး။ ခေါင်းပဲ ညိတ်ပြရ
တယ်။ လည်ချောင်းဝမှာ ဂေါ့ဖ်သီးတစ်လုံး ဆို့နေသလို ခံစားရတယ်။ ဆယ့်
နှစ်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ အများနားနေခန်းထဲမှာ သူနဲ့ ခရွတ်ရှန်ပဲ
ကျန်တော့တယ်။ သူဟာ စာအုပ်အားလုံးကို နှံ့အောင် လိုက်ရှာတယ်။ ရွန်နဲ့
ဟာမီးတို့ ပြန်မလာကြသေးဘူး။

သွားပါပြီ၊ သူက ကိုယ့်ဖာသာ ပြောတယ်။ မင်းမအောင်မြင်နိုင်တော့
ဘူး၊ မင်း မနက်ဖြန်ကျရင် ကန်ဘေးသွားပြီး ဒိုင်လူကြီးကို ပြောပြ . . . .

သူဟာ မိမိ ဒိုင်လူကြီးကို ဒီကဏ္ဍမပြီးမြောက်နိုင်တဲ့အကြောင်း
ပြောပြတာကို စိတ်ကူးကြည့်တယ်။ ဘက်ဂမင်းဟာ မျက်လုံးဝိုင်းစွင့်အောင်
ပြူးပြီး အံ့ဩနေပုံ။ ခါခါရော့ဖ်ဟာ သွားဝါတွေ ပေါ်လာပြီး ဝမ်းသာလို့ ရယ်
နေတာကို စိတ်ကူးကြည့်တယ်။ ဖလောအာ-ဒယ်လာခေါ်ရဲ့ အသံက "ငါ

www.burmeseclassic.com

www.burmeseclassic.com



အဓောကြီးထဲက သိတယ် . . . . သူ သိပ်ငယ်သေးတယ်။ သူက ကောင်တလေးပဲ ရှိသေးတာ"ကို ကြားရသလိုပဲ။ မော်ဖိုင်ဟာ လူအုပ်ရှေ့မှာ 'ပေါ်တာ ချေစော်နံတယ်'ဆိုတဲ့ တံဆိပ်ကို လှုပ်ယမ်းနေတာ မြင်ရတယ်။ ဟက်ဂရစ်ရဲ့ စိတ်ပျက်အားငယ်ပြီး မယုံနိုင်တဲ့မျက်နှာကို သူ မြင်ရတယ် . . . .

ဟယ်ရီဟာ ပေါင်ပေါ်က ခရွတ်ရှန်ကို မေ့ပြီး ဆတ်ခနဲ မတ်တတ်ရပ်လိုက်တယ်။ ခရွတ်ရှန် ကြမ်းပေါ်ကျသွားပြီး ဒေါသနဲ့ ဖြဲအော်နေတယ်။ ရွံမုန်းစွာနဲ့ ဟယ်ရီ့ကို မျက်ဖြူလန်ပြပြီး ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။ ပုလင်းဆေးတံလို အမြီးကြီးကို မိုးပေါ်ထောင်ထားတယ်။ ဒါပေမယ့် ဟယ်ရီဟာ လည်ပတ်လှေကားပေါ် အမြန်တက်သွားပြီး အိပ်ခန်းကို ပြန်သွားတယ် . . . . သူ ကိုယ်ပျောက်ဝတ်ရုံ သွားယူတယ်။ ဒီနောက် စာကြည့်တိုက်ထဲ ခိုးဝင်သွားတယ်။ လိုအပ်လို့ရှိရင်၊ သူ ဒီမှာ တစ်ညလုံး နေမယ် . . . .

"မီးလင်းစေ" ဆယ့်ငါးမိနစ်ကြာတော့ သူ စာကြည့်တိုက်တံခါးကို ဖွင့်ရင်း တိုးတိုးရွတ်လိုက်တယ်။

မှော်ကြိမ်လုံးထိပ်ကထွက်တဲ့ အလင်းရောင်မှိန်မှိန်နဲ့ သူဟာ စာအုပ်စင်ကြား ခိုးဝင်လိုက်တယ်။ စာအုပ်တစ်အုပ်ပြီးတစ်အုပ် ဆွဲထုတ်တယ် —— မှော်ပညာနဲ့ဂါထာစာအုပ်တွေ၊ ရေသူမနဲ့ ရေအောက်က သရဲတွေနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ နာမည်ကြီးမှော်ဆရာ့အကြောင်း စာအုပ်တွေ၊ မှော်ပညာ တီထွင်မှုစာအုပ်တွေ စသဖြင့် ရေအောက်မှာ အသက်ရှင်တာနဲ့ ပတ်သက်တဲ့ စကားတစ်ခွန်းတလေပါရင် သူ အကုန်ဆွဲထုတ်တယ်။ သူက ဒီစာအုပ်တွေကို စားပွဲတစ်လုံးပေါ် ဖြန့်ချပြီး ငုံ့ဖတ်ပါလေရော။ မှော်ကြိမ်လုံးကရတဲ့ အလင်းရောင်လေးနဲ့ ပင်ပန်းစွာ ရှာဖွေတယ်။ တစ်ခါတလေ လက်ပတ်နာရီကို ကြည့်တယ်။

လင်းအားကြီးတစ်ချက်တီး . . . . လင်းအားကြီးနှစ်ချက်တီး . . . . သူ ဒီလိုတောင့်ခံနိုင်တာကတော့ သူဟာ မိမိကိုယ်မိမိ တစ်ကြိမ်ပြီး တစ်ကြိမ် သတိပေးတယ်။ နောက်တစ်အုပ် . . . . နောက်တစ်အုပ်ထဲမှာ . . . . နောက် တစ်အုပ် . . . .

အတန်းခေါင်းဆောင် ရေချိုးခန်းပန်းချီကားထဲက ရေသူမဟာ တဟားဟား ရယ်နေတယ်။ ဟယ်ရီဟာ ဖော့ဆို့တစ်ခုလို ရေသူမလဲလျောင်း နေတဲ့



ကျောက်ဆောင်အနားက အမြှုပ်ထရေချိုးကန်ထဲမှာ မြှုပ်လိုက်ပေါ်လိုက် ဖြစ်နေတယ်။ သူမဟာ သူ့မီးသတ္တိကို သူ့ခေါင်းပေါ်မှာ အမြင့်ကြီး မြှောက်ထားတယ်။

"လာယူလေ" သူမက ကျီစားစွာ တခစ်ခစ်ရယ်နေတယ်၊ "လာ ခုန်လိုက်"

"ကျွန်တော် သွားလို့မရဘူး" ဟယ်ရီက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ မီးသတ္တိကို ဖမ်းယူဖို့ ကြိုးစားတယ်။ ရေထဲ မနစ်အောင်လဲ ရုန်းကန်နေတယ်။ "ပြန်ပေးပါ"

ဒါပေမယ့် သူမဟာ သူ့ကို အကျယ်ကြီး ကဲ့ရယ်ရင်း တံမြက်စည်းနဲ့ သူ့ကို ထိုးတယ်။ သူ အလွန်နာကျင်တယ်။

"နာလိုက်တာ —— မထိုးပါနဲ့ —— အမလေး ——"

"ဟယ်ရီ-ပေါ်တာ နိုးမှဖြစ်မယ်၊ ဆရာ"

"ငါ့ကို မထိုးပါနဲ့ ——"

"ဒေါ့ဘီ ဟယ်ရီ-ပေါ်တာကို ထိုးမှဖြစ်မယ်၊ ဆရာ။ သူ နိုးမှဖြစ်မယ်" ဟယ်ရီက မျက်စိဖွင့်လိုက်တယ်။ သူ စာကြည့်တိုက်ထဲမှာပဲ ရှိနေတယ်။ သူ အိပ်ပျော်နေစဉ် ကိုယ်ပျောက်ဝတ်ရုံဟာ သူ့ခေါင်းပေါ်ကနေ ကြမ်းပေါ်ကျသွားတယ်။ "မှော်ကြိမ်လုံးရှိရင် နည်းလမ်းရှိတယ်"ဆိုတဲ့ စာမျက်နှာမှာ ပါးကပ်ထားတယ်။ သူထိုင်လိုက်တယ်။ မျက်မှန်ကို ပြင်တပ်လိုက်တယ်။ လင်းလက်တဲ့ နေရောင်ကြောင့် သူ အဆက်မပြတ် မျက်တောင်ခတ်နေတယ်။

"ဟယ်ရီ-ပေါ်တာ မြန်မြန်လုပ်မှ ဖြစ်မယ်" ဒေါ့ဘီက အသံစူးစူးနဲ့ ပြောတယ်။ "ဒုတိယကဏ္ဍစဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်။ ဟယ်ရီ-ပေါ်တာ ——"

"ဆယ်မိနစ် ?" ဟယ်ရီက အသံအက်အက်နဲ့ ပြောတယ်။ "ဆယ် —— ဆယ်မိနစ် ?"

သူဟာ လက်ပတ်နာရီကို ငုံ့ကြည့်တယ်။ 'ဒေါ့ဘီ မမှားဘူး။ အခု ကိုးနာရီ နှစ်ဆယ်ရှိနေပြီ။ ချက်ချင်းပဲ၊ လေးပင်တဲ့ ကျောက်တုံးတစ်တုံးဟာ ဟယ်ရီ့ရင်တွင်းကနေ အစာအိမ်ထဲ ကျသွားသလိုပဲ။

"မြန်မြန်လေး၊ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီက အသံစူးစူးပြောရင်း ဟယ်ရီ့အင်္ကျီလက်မောင်းကို ဆွဲနေတယ်။ "သင်ဟာ တခြားသူရဲကောင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ အောက်ဘက်က ကန်ဘေးကို သွားရမယ်၊ ဆရာ"

"သိပ်နောက်ကျသွားပြီ ဒေါ့ဘီ" ဟယ်ရီက မျှော်လင့်ချက်မဲ့စွာ ပြောတယ်။ "ငါ ဒီကဏ္ဍ မပါတော့ဘူး၊ ငါ ဘယ်လိုလုပ်ရမှန်း ——"

"ဟယ်ရီ-ပေါ်တာ ဒီကဏ္ဍကို လုပ်နိုင်မှာပါ" မှင်စာလေးက စူးရှစွာ ပြောတယ်။ "ဟယ်ရီဟာ သင့်တော်တဲ့စာအုပ် ရှာမတွေ့ဘူးဆိုတာ ဒေါ့ဘီ သိတယ်၊ ဒါကြောင့် ဒေါ့ဘီက ကူရှာပေးတယ်"

"ဘာလဲ ?" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ဒုတိယကဏ္ဍက ဘာလဲဆိုတာ မင်း မသိဘူးလေ ——"

"ဒေါ့ဘီသိတယ်၊ ဆရာ၊ ဟယ်ရီ-ပေါ်တာ ကန်ထဲသွားမှ ဖြစ်မယ်၊ ၎င်းရဲ့ ဝီးဇီကို ရှာရမယ် ——"

"ငါ ဘာကိုရှာရမလဲ ?"

"—— သူ့ရဲ့ ဝီးဇီကို ရေသူမလက်ထဲက ပြန်ကယ်ယူရမယ်"

"ဝီးဇီဆိုတာ ဘာလဲ"

"သင့်ဝီးဇီလေ၊ ဆရာ၊ သင့်ဝီးဇီ —— မိမိသိုးမွေးဆွယ်တာကို ဒေါ့ဘီကိုပေးတဲ့ ဝီးဇီလေ" (ဒေါ့ဘီက ရွှန့်အမျိုးနာမည် ဝယ်စလီကို ဝီးဇီလို့ အမှတ်မှားတာ။)

ဒေါ့ဘီဟာ ၎င်းရဲ့ဘောင်းဘီတိုပေါ်မှာ ဝတ်ထားတဲ့၊ သေးကျုံ့ထားတဲ့ ကြက်သွေးရောင်ဆွယ်တာကို ဆွဲပြတယ်။

"ဘာလဲ" ဟယ်ရီက အသက်ရှူမဝဘဲ ပြောတယ်။ "သူတို့က —— သူတို့က ရွှန့်ကို ဖမ်းသွားပြီ ?"

"အဲဒါ ဟယ်ရီ-ပေါ်တာအချစ်ဆုံးအရာ၊ ဆရာ" ဒေါ့ဘီက အသံ့ဘူးစူးပြောတယ်။ "နောက်ထပ်တစ်နာရီဆိုရင် ——"

"—— မျှော်လင့်ချက်ကုန်ဆုံးမယ်" ဟယ်ရီက ရွတ်ဆိုတယ်။ မှင်စာလေးကိုလည်း ထိတ်လန့်စွာ ကြည့်နေတယ်။ " '၎င်း လုံးဝပျောက်ကွယ်သွားမယ်၊ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘူး' ဒေါ့ဘီ၊ ငါ ဘယ်လိုလုပ်ရမလဲ"

"သင် ဒါကို စားရမယ်၊ ဆရာ" မှင်စာလေးက စူးရှစွာပြောရင်း လက်ကို ဘောင်းဘီတိုအိတ်ကပ်ထဲ နှိုက်လိုက်တယ်။ အထဲကနေ အထွေးတစ်ခု ယူထုတ်တယ်။ အဲဒါ မရေမတွက်နိုင်တဲ့ ချောကျိုကျို၊ မီးခိုးရောင်ကြွက်အမြီးတွေနဲ့ တူတယ်။ "ရေထဲ မဆင်းခင်မှာ စားပါ၊ ဆရာ —— ပါးဟက်ပင်"



"ဘာအသုံးဝင်လဲ" ဟယ်ရီက ပါးဟက်ပင်ကို ကြည့်ပြီး မေးတယ်။

"၎င်းက ဟယ်ရီ-ပေါ်တာကို ရေအောက်မှာ အသက်ရှူနိုင်စေမယ်၊ ဆရာ"

"ဒေါ့ဘီ" ဟယ်ရီက ဝမ်းသာအားရပြောတယ်။ "နားထောင် —— မင်း တကယ်ပိုင်နိုင်ရဲ့လား"

အရင်တစ်ခါ ဒေါ့ဘီ သူ့ကို 'ကူညီ'တာကို သူ မမေ့နိုင်သေးဘူး၊ နောက်ဆုံး သူ့ညာဘက်လက်မောင်းက အရိုးအားလုံး ပျောက်သွားတယ်။

"ဒေါ့ဘီ လုံးဝပိုင်နိုင်ပါတယ်၊ ဆရာ" မှင်စာလေးက လေးနက်စွာ ပြောတယ်။ "ဒေါ့ဘီ အကြောင်းအရာတချို့ကို ကြားရတယ် ဆရာ။ ဒေါ့ဘီဟာ အိမ်မွေးမှင်စာလေးပါ၊ သူ မီးမွေးတဲ့အခါ၊ ကြမ်းတိုက်တဲ့အခါ၊ ရဲတိုက်နေရာအနှံ့ ရောက်တယ်။ ဒေါ့ဘီဟာ ပါမောက္ခ မက်ဂေါ်နာဂေါနဲ့ ပါမောက္ခ မူးဒီတို့ ဆရာလုပ်သား နားနေခန်းထဲမှာ လာမယ့်ကဏ္ဍအကြောင်း ပြောဆိုနေတာ ကြားရတယ် . . . . ဒေါ့ဘီဟာ ဟယ်ရီ-ပေါ်တာကို ၎င်းရဲ့ဝီးဇီ အဆုံးရှုံးခံနိုင်ဘူး"

ဟယ်ရီ့သံသယတွေ ပျောက်ပြယ်သွားတယ်။ သူဟာ ခုန်ထလိုက်ပြီး အိပ်ပျောက်ဝတ်ရုံကို လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။ ပါးဟက်ပင်ကို အိတ်ကပ်ထဲ ဆွဲထည့်လိုက်ပြီး စာကြည့်တိုက်ကနေ ခြေလှမ်းကျဲကျဲထွက်လာတယ်။ ဒေါ့ဘီက နောက်က ကပ်လိုက်သွားတယ်။

"ဒေါ့ဘီ မီးဖိုချောင်ထဲ သွားရတော့မယ်၊ ဆရာ" သူတို့ စင်္ကြံထဲ အမြန်ထွက်လာတော့ ဒေါ့ဘီက စူးရှစွာ ပြောတယ်။ "သူတို့ ဒေါ့ဘီကို ရှာနေမှာ —— ကံကောင်းပါစေ၊ ဟယ်ရီ-ပေါ်တာ၊ ဆရာ၊ ကံကောင်းပါစေ"

"ဘိုင်းဘိုင်၊ ဒေါ့ဘီ" ဟယ်ရီက အော်ပြောတယ်။ ဒီနောက် စင်္ကြံကို ပြေးဖြတ်ပြီး၊ လှေကားထစ်တွေကို ခုန်ဆင်းသွားတယ်။

တံခါးခန်းထဲမှာ ဖင့်နွှေးတဲ့လူတချို့ ကျန်သေးတယ်။ သူတို့ နံနက်စာစားစာ စားပြီးပြီ။ ဝက်သစ်ချတံခါးကြီး နှစ်ချပ်ကိုဖြတ်ပြီး ဒုတိယကဏ္ဍ ကြည့်ဖို့ သွားနေကြတယ်။ သူတို့ဟာ ဟယ်ရီ လျှပ်ပြက်သလို ပြေးသွားတာကို အံ့သြစွာ ကြည့်နေတယ်။ သူ ကျောက်လှေကားထစ်က ခုန်ချတော့ ကိုလင်နဲ့ ဒင်းနစ်-ခရိဗီးညီအစ်ကိုကို တိုက်ထွက်သွားတယ်။ သူဟာ အပြင်ဘက် အနေရောင်ထွန်းလင်းတဲ့ အေးချမ်းတဲ့ကွင်းထဲ ရောက်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းအတိုင်း အောက်သို့ပြေးဆင်းစဉ် မနှစ်က မီးနဂါးကွင်း ဒိုင်းပတ်တည်ရှိနေတဲ့ ထိုင်ခုံတွေဟာ အခု ကန်ကြီးတစ်ဖက်မှာ အဆင့်ဆ ရောက်ရှိနေပြီး နေရာလွတ်မရှိ ဖြစ်နေတာ တွေ့ရတယ်။ အောက်ဘက် ကန်ကြီးထဲမှာ ပွဲကြည့်စင်ကြီး အရိပ်ထင်နေတယ်။ ဟယ်ရီဟာ ကန်ကြီး တအားပြေးပတ်ပြီး ဒိုင်လူကြီးတွေဆီ ပြေးသွားတယ်။ ၎င်းတို့ဟာ ရေဘေး ရွှေရောင်စားပွဲခင်းနဲ့စားပွဲတစ်ခုဘေးမှာ ထိုင်နေတယ်။ စက်ဒရစ်၊ ဖလေအ နဲ့ ခရွန်းမ်တို့ ဒိုင်လူကြီးစားပွဲဘေးမှာရပ်ပြီး ဟယ်ရီ သူတို့ဆီ ပြေးလာတာ ကြည့်နေတယ်။

"ကျွန်တော် . . . . ကျွန်တော် လာပြီ . . . ." ဟယ်ရီက ဟော ဟောဟဲနဲ့ ပြောတယ်။ ရွှံ့မြေပေါ်မှာ ချောသွားပြီး ရပ်သွားတယ်။ ဖလေအာ ဝတ်ရုံရှည်ကို မတော်လို့ ရွှံ့စင်သွားစေတယ်။

"မင်း ဘယ်သွားနေလဲ" မောက်မာတဲ့အသံတစ်သံက မကျေမန ပြောတယ်။ "ပြိုင်ပွဲကဏ္ဍ ချက်ချင်းပဲ စတော့မှာ"

ဟယ်ရီ လှည့်ကြည့်လိုက်တော့၊ ဖတ်စီ-ဝယ်စလီဟာ ဒိုင်လူကြီးစာ မှာ ထိုင်နေတယ် —— မစ္စတာခရောက်ချ် မလာနိုင်ပြန်ဘူး။

"တော်ပြီ၊ တော်ပြီ၊ ဖတ်စီ" လူဒို-ဘက်ဂမင်းက ပြောတယ်။ သူဟ ဟယ်ရီ့ကို မြင်ရတော့ ရင်ထဲက ခဲလုံးကြီး မြေကျသွားသလိုပဲ . . . . သူ အမူအရာကို ကြည့်ရတာ ဟယ်ရီ ဒီနေ့လာတော့မှာ မဟုတ်ဘူးလို့ ထင်ထာ ရတယ်။

ဟယ်ရီဟာ ခါးကုန်းပြီး လက်ကို ဒူးမှာထောက်ကာ ဟောဟဲဟော ဖြစ်နေတယ်။ သူ့ရင်ဘတ်ဘေးဘက်မှာ ရုတ်တရက် အပြင်းအထန် နာလ တယ်။ ဓားတစ်ချောင်း မိမိနံရိုးကြား ထိုးသွင်းခံလိုက်ရသလိုပဲ။ ဒါပေမယ ဒီလိုနာတာကို ပြေပျောက်အောင်စောင့်ဖို့ အချိန်မရတော့ဘူး။ လူဒို-ဘက်ဂမ ဟာ သူ့ရဲကောင်းတွေကြား ရောက်လာပြီး ၎င်းတို့ကို ကမ်းဘေးမှာ တန်းစီ ပြောတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆယ်ပေကွာ ခြားတယ်။ ဟယ်ရီ နောက်ဆုံး ခရွန်းမ်နဲ့ ကပ်နေတယ်။ ခရွန်းမ်က ရေကူးဘောင်းဘီ ဝတ်ထာ တယ်၊ မှော်ကြိမ်လုံးထုတ်ပြီး အသင့်ပြင်ထားပြီးပြီ။

"ဘယ်လိုလဲ၊ ဟယ်ရီ" ဘက်ဂမင်းက ဟယ်ရီကိုခေါ်ပြီး ရှေ့ လေးငါးလှမ်း တက်ခိုင်းတယ်။ ခရွန်းမ်ကို ရှောင်ပြီး တိုးတိုးမေးတယ်။ "ဘာ



ပ်ရမယ်ဆိုတာ သိရဲ့လား"

"သိတယ်" ဟယ်ရီ အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ လက်နဲ့လည်း ိုကို ပွတ်သပ်နေတယ်။

ဘက်ဂမင်းဟာ ဟယ်ရီ့ပခုံးကို တအားညှစ်ပြီး ဒိုင်လူကြီးစားပွဲဆီ ်သွားတယ်။ သူဟာ မှော်ကြိမ်လုံးနဲ့ မိမိလည်မျိုကို ချိန်ပြီး၊ ကမ္ဘာ့ဖလားပွဲ ်းကလို ပြောလိုက်တယ်။ "အသံအောင်စေ"။ ဒီတော့ သူ့အသံဟာ မိုးချုန်း သို့ အနက်ရောင်ရေပြင်ကိုဖြတ်ပြီး ပွဲကြည့်စင်ပေါ် ရောက်သွားတယ်။

"အားလုံး သတိပြုကြပါ။ ကျွန်ုပ်တို့သူရဲကောင်းတွေ သူ့နေရာမှာ အဆင်သင့် ဖြစ်နေပါပြီ။ ကျွန်တော် ဝီစီမှုတ်လိုက်တာနဲ့ ဒုတိယကဏ္ဍ စပြီ။ ်းတို့လက်ထဲက လုယူခံရတဲ့အရာကို ပြန်လုယူနိုင်ဖို့ ၎င်းတို့မှာ တစ်နာရီတိတိ အချိန် ရှိတယ်။ ကျုပ် သုံးထိခေါ်မယ်။ တစ် . . . . နှစ် . . . . သုံး"

စူးရှတဲ့ဝီစီသံဟာ အေးချမ်းတဲ့၊ ငြိမ်သက်တဲ့ လေထုထဲမှာ ပဲ့တင်ထပ် ားတယ်။ ပွဲကြည့်စင်ပေါ်က လက်ခုပ်သံ၊ အားပေးအော်ဟစ်သံတွေ ပေါ် ်လာတယ်။ ဟယ်ရီဟာ တခြားသူရဲကောင်းတွေ ဘာလုပ်နေတယ်ဆိုတာ ် မကြည့်ဘဲ၊ ခြေစွပ်တွေ၊ ဖိနပ်တွေကို ဆွဲချွတ်ပြီး အိတ်ကပ်ထဲကနေ ပါးဟက် ်ခွေးကို ယူကာ ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ ပြီးတော့ ရေထဲ လျှောက် ်းသွားတယ်။

သိပ်ကို အေးစက်နေတာပဲ။ ခြေထောက်နှစ်ချောင်းက အရေပြား ော့ မီးလိုပူပြီး နာနေတယ်။ မီးလောင်နေသလိုပဲ ခံစားရတယ်။ သူ ရှေ့တိုး ားလေ ကန်ရေက နက်လေပဲ။ စိုရွှဲနေတဲ့ ဝတ်ရုံရှည်ဟာ လေးပင်စွာ အောက် ့ တွဲလောင်းကျနေတယ်။ အခု ကန်ရေဟာ ဒူးကို ကျော်သွားပြီ။ အလျင် အမြန် ထုံကျဉ်သွားတဲ့ ခြေနှစ်ချောင်းဟာ ရွှံ့တွေ၊ သဲတွေနဲ့ ပြောင်ချောတဲ့ ်စေးတဲ့ ကျောက်ခဲပေါ် နင်းမိပြီး အဆက်မပြတ် ချော်ချော်သွားတယ်။ ူဟာ ပါးဟက်ပင်ကို အလျင်အမြန် ဝါးနေတယ်။ အဲဒီခံစားချက်က သိပ်တော့ ကောင်းဘူး။ တွဲတွဲကြီး။ ချော်ချွတ်ချွတ်ကြီး။ အော်တိုပတ်စ်ရဲ့ လက်တံတွေ ဲ၊ သူဟာ ခါးမြုပ်တဲ့အခါ ရပ်လိုက်တယ်။ ပါးဟက်ပင်ကို မျိုချလိုက်တယ်။ ူဆန်းတဲ့ အကျိုးသက်ရောက်မှုကို စောင့်စားနေတယ်။

ပွဲကြည့်စင်ဆီက ရယ်သံတွေ ရောက်လာတယ်။ မိမိ သိပြီး ထိုင်းအ ် ပေါ်နေတယ်ဆိုတာ သူသိတယ်။ ဘယ်လိုမှော်ပညာမှ မပြဘဲ ဒီဘိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး နေရထဲ ဆင်းခဲ့တာ။ ကိုယ်အောက်ပိုင်းဟာ ရိုးတွင်းခြင်ဆီခိုက်အော ချမ်းတဲ့ ရေထဲ ရောက်နေပြီ။ လေအေးတစ်ချက် မညှာတာဘဲ သူ့ဆံပင် တိုက်ခတ်သွားတယ်။ သူ ဆတ်ဆတ်တုန်သွားတယ်။ သူ့ကိုယ်ပေါ် ရေမ သေးတဲ့ နေရာတွေမှာ ကြက်သီးထနေတယ်။ ပရိသတ်ကို တမင်မကြည့် နေတယ်။ ရယ်သံတွေ ပိုကျယ်လာတယ်။ ဒီအထဲမှာ စလေးသရင်းတွေ ရှူးလုပ်သံနဲ့ ကဲ့ရယ်သံတွေလည်း ပါတယ် . . . .

ဒီနောက်၊ ရုတ်တရက်ကြီး၊ မမြင်ရတဲ့ ခေါင်းအုံးက သူ့ပါးစပ် နှာခေါင်းကို ဖိထားသလို ဟယ်ရီ ခံစားရတယ်။ သူ အသက်ရှူလိုက်တာ ခေါင်းထဲမှာ ပြောင်းဆန်အောင် လည်ပတ်သွားတယ်။ သူ့အဆုတ်ထဲမှ ဟာလာကြီး။ လည်ပင်းဘေးနှစ်ဘက်မှာ ရုတ်တရက် ဓားနဲ့လှီးလိုက်သ အပြင်းအထန် နာလာတယ် ——

ဟယ်ရီဟာ လက်နှစ်ဘက်နဲ့ လည်မျိုကို အမြန်ဖိကိုင်ထားတယ် နားရွက်အောက်နား စမ်းမိတော့ သေးသေးရှည်ရှည် အကွဲရာရှိပြီး အေးစက် လေထုထဲမှာ ပွင့်ချည်ပိတ်ချည် လုပ်နေတာ တွေ့ရတယ် . . . . သူ့မှာ ပါးဟ ရှိပြီ။ သူ တွေဝေမနေတဲ့ မိမိရဲ့ တစ်ခုတည်းသော ကျိုးကြောင်းဆီလျော် လုပ်ရပ်ကို စတင်လိုက်တယ် —— ခေါင်းကို ရေထဲ ထည့်လိုက်တယ်။

ပထမဆုံး အေးစက်တဲ့ ကန်ရေကို စုပ်သွင်းလိုက်တော့ အသက်အ လိုအပ်တဲ့ အောက်စီဂျင်ကို ရသွားသလိုပဲ။ သူ့ခေါင်းဟာ ချာချာလည်မ တော့ဘူး။ သူဟာ ကန်ရေကို နောက်ထပ် တအားစုပ်သွင်းလိုက်တယ်။ ရေဟ မိမိရဲ့ ပါးဟက်ထဲကနေ လျှောခနဲ စီးဖြတ်သွားပြီး အောက်စီဂျင်ကို ဦးနှောက်ဆီ ပို့ပေးတာ ခံစားရတယ်။ သူက လက်နှစ်ဖက်ကို ရှေ့သို့ထား သေချာကြည့်တယ်။ ၎င်းတို့ဟာ ရေအောက်မှာ နည်းနည်းစိမ်းနေတယ်။ ပုံပ က သိပ်ကြောက်စရာကောင်းတယ်။ ပြီးတော့ လက်ချောင်းအချင်းချင်းကြား အရေပြားနဲ့ ဆက်နေတယ်။ သူက မိမိရဲ့ ခြေဖလာကို လှည့်ကြည့်တယ် — ခြေထောက်ရှည်သွားပြီး ခြေချောင်းအချင်းချင်းကြားမှာလည်း အရေပြား ဆ နေတယ်။ သူ့ခြေထောက်ဟာ ရုတ်တရက် ဘဲခြေထောက် ဖြစ်သွားသလို

ရေလည်း ရိုးတွင်းခြင်ဆီခိုက်အောင် မအေးစက်တော့ဘူး . . . . ဆန့်ကျင်ဘက်ပဲ အလွန်အေးမြပြီး အနေရသက်သာတယ်လို့ သူ ထင်တယ် ကိုယ်ခန္ဓာလည်း အလွန်ပေါ့ပါးသွားတယ် . . . . ဟယ်ရီဟာ ရှေ့သို့ ဆက်



သွားတယ်။ ခြေချောင်းကြား အရေပြားတွဲနေတဲ့ ခြေထောက်ဟာ မိမိကို ရေထဲ မှာ အလွန်လျင်မြန်စွာ၊ အလွန်ဝေးဝေး ရှေ့တိုးသွားနိုင်တာကို ဟယ်ရီ အားရ ဖွယ်ရာ တွေ့ရှိရတယ်။ သူဟာ လုံးဝ မျက်တောင်မခတ်ဘဲ ရှင်းရှင်းမြင်နိုင် တာကိုလည်း တွေ့ရှိတယ်။ သူဟာ ကန်ထဲမှာ အဝေးကြီး ရေကူးသွားလို့ ကန်ကြမ်းခင်းကို မမြင်ရတော့ဘူး။ သူ ကိုယ်ကို လှည့်လိုက်ပြီး ကန်ကြမ်းပြင် သို့ ဒိုက်ထိုးဆင်းသွားတယ်။

သူဟာ မည်းမှောင်ပြီး ဝေဝါးတဲ့ အဆန်းတကြယ်ရှုခင်းထဲမှာ ကူး နေစဉ်၊ နားကလည်း ဘာမှမကြားရဘူး။ သူဟာ ပတ်ဝန်းကျင် ဆယ်ပေ ကိုပဲ မြင်ရတယ်။ ဒါကြောင့် သူဟာ ရေထဲမှာ တစ်ချက်ကူးခတ်တိုင်း ရှုခင်း အသစ်အသစ်တွေဟာ ရှေ့ဘက်ဆီက အမှောင်ထဲမှာ ရုတ်တရက် ပေါ်လာ တယ်။ ယိမ်းနွဲ့ ယှက်နွယ်နေတဲ့ အနက်ရောင် ရေမှော်တွေနဲ့ ဖြစ်ပေါ်နေတဲ့ ...ပ်တွေ၊ တလက်လက်တောက်ခဲလေးတွေ ကြခင်းထားတဲ့ ကျယ်ပြောညီညာ တဲ့ သဲပြင်။ သူဟာ ကူးလေ ရေနက်ထဲ ရောက်လေ၊ ကန်ရဲ့အလယ်ဗဟိုဆီ ရောက်သွားတယ်။ သူ့မျက်လုံးကြီး ပြူးထားတယ်။ အကြည့်ဟာ မီးခိုးရောင် ...ဖြာက်တဲ့ ကန်ရေကိုဖြတ်ပြီး အဝေးက အမှောင်ရိပ်ကို ကြည့်နေတယ်။ အဲဒီ နေရာက ကန်ရေဟာ မှောင်မိုက်ပြီး ဝေဝါးနေတယ်။

ငါးကလေးတွေ ပေါ့ပါးစွာ သူ့အနားက ဖြတ်သွားတယ်။ ငွေရောင် ...းကလေးတွေနဲ့ တူနေသေးတယ်။ တစ်ကြိမ်နှစ်ကြိမ်မှာ ရှေ့ဘက်ဆီမှာ ...ကောင်ကြီးကြီး လှုပ်ရှားနေတာ တွေ့ရသလိုပဲ၊ ဒါပေမယ့် အနီးကူးသွား ...ည့်တော့မှ သစ်တုံးမည်းမည်းကြီး၊ ဒါမှမဟုတ် ရေမှော်ထွေးယှက်တင်တဲ့ ရေ ...ာ်မှန်း သိရတယ်။ တခြားသူရဲကောင်း၊ ရေသူမနဲ့ ရွှံ့နွံ့ကို မတွေ့ရဘူး —— ...ားထင်ရမှာက ရောမပြည်ကြီးငါးကြီးလဲ မတွေ့ရဘူး။

သူဟာ အဝေးကို ကြိုးစားကြည့်တယ်။ ရှေ့ဘက်မှာ စိမ်းစိုတဲ့ ရေမှော် ...တွေ ရှိတယ်။ နှစ်ပေလောက်နက်ပြီး အလွန်သိပ်သည်းတဲ့ မြက်ခင်းနဲ့တူတယ်။ ဟယ်ရီဟာ ရှေ့ဘက်ကို မျက်တောင်မခတ်ဘဲ ကြည့်နေတယ်။ အမှောင်ထဲက ...ပုံကို ကြိုးစားဝေခွဲကြည့်တယ် . . . . ဒီအချိန်မှာပဲ ဘာမှ ကြိုတင်သတိ ...ားမှုမရှိဘဲ၊ သူ့ခြေမျက်စိကို အရာတစ်ခုက ဖမ်းဆွဲတာ ခံရတယ်။

ဟယ်ရီဟာ ကိုယ်ကို တွန့်လိမ်ပြီး လှည့်လိုက်တယ်။ ဂရင်းဒီလိုး ...ငါကောင်ကို မြင်ရတယ် —— ခေါင်းပေါ်မှာ ချိုပေါက်တဲ့ ရေသရဲဟာ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းချော်ဘွတ်ထဲကနေ ထွက်လာတယ်။ လက်သည်းရှည်ရှည်ကြီးတွေနဲ့ ဟယ်ရီ့ ခြေထောက်ကို တင်းတင်းဖမ်းကိုင်ထားတယ်။ ပါးစပ်ထဲက အစွယ်ရှည်ရှည်ကြီး ထွက်နေတယ် —— ဟယ်ရီဟာ ဘဲခြေလိုလက်ကို ဝတ်ရုံရှည်ထဲ နှိုက်ပြီး မှော်ကြိမ်လုံးကို ယူလိုက်တယ်။ ဒါပေမယ့် သူ မှော်ကြိမ်လုံးကို ကိုင်မိရုံရှိသေး တယ်၊ ဂရင်းဒီလိုးနှစ်ကောင်ဟာ ရေမှော်ထဲက ထွက်လာပြီး ဟယ်ရီ့ဝတ်ရုံ ရှည်ကို အောက်ဘက်သို့ တအားဆွဲချတယ်။

"အချုပ်အနှောင်ပြယ်စေ" ဟယ်ရီက အော်ပြောတယ်။ ဒါပေမယ့် အသံတော့ မထွက်ဘူး . . . . ရေပူဖောင်းကြီးတစ်ခု ပါးစပ်ထဲက ထွက်လာ တယ်။ သူ့မှော်ကြိမ်လုံးဟာ ဂရင်းဒီလိုးကို မီးပန်းမထွက်ဘဲ၊ ဆူပွက်နေတဲ့ ရေလုံးဟာ ၎င်းတို့ကို ပန်းမိသွားသလိုပဲ၊ ၎င်းတို့ရဲ့ ကိုယ်ပေါ်က ရေလုံးထိတဲ့ နေရာတိုင်းမှာ အစိမ်းရောင်အရေပြားဟာ ချက်ချင်းနီရဲသွားတယ်။ ဟယ်ရီ ဟာ ခြေထောက်ကို ဂရင်းဒီလိုးတို့ ဆွဲထားတဲ့အထဲက ရုန်းထွက်လိုက်ပြီး ရှေ့ကို တအားကူးခတ်သွားတယ်။ မကြာခဏ နောက်ဘက်ကို ရေဆူဆူတွေ ပန်းထုတ် ခဲ့တယ်။ တစ်ခါတစ်ရံ သူ့ခြေထောက်ကို ဂရင်းဒီလိုး ဖမ်းဆွဲခံရတဲ့အခါ၊ သူက တအားဆောင့်ကန်ပစ်ခဲ့တယ်။ နောက်ဆုံးမှာ မိမိခြေထောက်နဲ့ ဂျိုပါတဲ့ ခေါင်း တစ်လုံး ထိမိတယ်လို့ ခံစားရတာနဲ့ ငုံ့ကြည့်တော့၊ သူကန်လို့ မေ့မျောသွားတဲ့ ဂရင်းဒီလိုးတစ်ကောင်ဟာ အကြည့်သေနေပြီး ရေစီးနဲ့ ပါသွားတာ တွေ့ရ တယ်။ ၎င်းရဲ့အဖော်တွေက ဟယ်ရီ့ကို လက်သီးပြပြီး ရေမှော်တဲ ဝင်သွားတယ်။

ဟယ်ရီက အရှိန်လျှော့လိုက်ပြီး မှော်ကြိမ်လုံးကို ဝတ်ရုံရှည်ထဲ ပြန် ထည့်လိုက်တယ်။ ဘေးပတ်ဝန်းကျင်ကိုကြည့်ရင်း နားစွင့်နေတယ်။ သူဟာ ရေထဲမှာ ဒီဂရီ ၃၆၀ ပတ်လိုက်တယ်။ ဆိတ်ငြိမ်ခြင်းက ၎င်းရဲ့နားစည်ကို ဒိနှိပ်နေတယ်လို့ ခံစားရတယ်။ မိမိ အလွန်နက်တဲ့ ကန်ရေအောက် ကြမ်းခင်း ရောက်နေပြီဆိုတာ သူ သိတယ်။ ဒါပေမယ့် ဘေးပတ်လည်မှာ ရေမှော်က လွဲပြီး လှုပ်ရှားတဲ့အရာ မရှိဘူး။

"မင်းအခြေအနေ တိုးတက်မှု ဘယ်လိုရှိလဲ"

ဟယ်ရီဟာ မိမိနှလုံးရောဂါရပြီ ထင်တယ်။ သူ ရုတ်တရက် လှည့် ကြည့်တော့ ငိုကြွေးတဲ့ မားထော်ဟာ သူ့ရှေ့မှာ ပေါလောပေါ်နေတယ်။ မျက်မှန်ထူထူ၊ ပုလဲရောင်ကတစ်ဆင့် သူ့ကို ကြည့်နေတယ်။

"မားထော်" ဟယ်ရီက အော်ချင်တယ် —— ဒါပေမယ့် အသံမထွက်



ခဲ့ဘူး။ ပါးစပ်ထဲက ရေပူဖောင်းကြီးတစ်လုံးပဲ ထွက်လာတယ်။ ငိုကြွေးတဲ့ မားထော်ဟာ တခစ်ခစ်ရယ်လာတယ်။

"မင်း ဟိုဘက်သွားကြည့်ကြည့်သင့်တယ်" သူက လက်ညှိုးထိုးပြပြီး ပြောတယ်။ "ငါ မင်းနဲ့ အဖော်မလိုက်တော့ဘူး . . . . ငါက သူတို့ကို သိပ် မကြိုက်ဘူး။ ငါ ကပ်သွားတိုင်း သူတို့က ငါ့ကို လိုက်တယ် . . . ."

ဟယ်ရီက သူမကို ကျေးဇူးတင်တဲ့အနေနဲ့ လက်မကြီးနှစ်ခု ထောင် ပြတယ်။ ဒီနောက် ထွက်ခွာလာတယ်။ ဒီတစ်ခါ သူက နည်းနည်းမြင့်မြင့် ကူးတယ်။ ဂရင်းဒီလိုးတွေ ထပ်တိုက်လာမှာစိုးလို့ အဲဟိုရေမှော်တွေနဲ့ဝေးဝေး ကူးတယ်။

သူဟာ အနည်းဆုံး မိနစ်နှစ်ဆယ်ခန့် ကူးပြန်တယ်။ အခု ရေအောက် မှာ အမည်းရောင်နွံ့စေးတွေ အပြင်လိုက်ကြီး ရှိနေတယ်။ ကန်ရေဟာ သူသွား နောက်လို့ အမည်းရောင်ရေဝဲတွေ ထနေတယ်။ အကြာကြီးနေတော့ လူ တစ်ပိုင်း ငါးတစ်ပိုင်းရဲ့ မေ့မရတဲ့သီချင်းသံကို ကြားရတယ်။

အချိန်တစ်နာရီပဲ ရတယ်၊

ငါတို့ လုယူခဲ့တဲ့အရာကို ရှာဖွေလုယူပါ . . . .

ဟယ်ရီ ပိုမြန်မြန်ကူးခတ်တယ်။ မကြာဘူး။ ရှေ့ဘက် နောက်ကျိတဲ့ ကန်ရေထဲမှာ ကျောက်ဆောင်ကြီးတစ်ခု ပေါ်လာတာ တွေ့ရတယ်။ ကျောက် ဆောင်ပေါ်မှာ လူတစ်ပိုင်း ငါးတစ်ပိုင်းပုံတွေ အများကြီး ရေးဆွဲထားတယ်။ ၎င်းတို့လက်ထဲမှာ လှံတွေကိုင်ပြီး ရောမပြည်ကြီးငါးနဲ့တူတဲ့အရာကို လိုက်နေ တယ်။ ဟယ်ရီက ကျောက်ဆောင်ဘေးက ကူးဖြတ်ပြီး လူတစ်ပိုင်း ငါးတစ်ပိုင်း တွေရဲ့ သီချင်းသံဆီ လိုက်သွားတယ်။

. . . . အချိန်မဆွဲနဲ့တော့၊ အချိန်တစ်ဝက်ကျိုးပြီ၊

မင်းရှာဖွေတဲ့အရာ ဒီမှာ ပုပ်ဆွေးမသွားစေနဲ့ . . . .

ရုတ်တရက် ပတ်ဝန်းကျင်မှာ ခပ်ကြမ်းကြမ်းကျောက်ခေါင်းအိမ်တွေ ပေါ်ထွက်လာတယ်။ အိမ်ပေါ်မှာ ရေမှော်တွေ ကွက်ပေါက်နေတယ်။ အဲဒီ မှောင်မည်းတဲ့ ပြတင်းပေါက်ထဲမှာ မျက်နှာတချို့ကို ဟယ်ရီ မြင်ရတယ် . . . . အဲဒီမျက်နှာတွေဟာ အတန်းခေါင်းဆောင်ရေချိုးခန်းထဲရှိ ပန်းချီကားထဲက လူတစ်ပိုင်း ငါးတစ်ပိုင်းနဲ့ လုံးဝမတူဘူး . . . .

လူတစ်ပိုင်းငါးတစ်ပိုင်းတွေရဲ့ အရေပြားဟာ သံချေးရောင်။ အစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘုံဆောင် ဆံပင်ရှည်ရှည်ဟာ ရှုပ်ပွနေတယ်။ ၎င်းတို့မျက်လုံးက အဝါရောင် မကြည်လင်တဲ့ သွားကလဲ အဝါရောင်။ လည်ပင်းမှာ ကြိုးကြမ်းကြမ်းနဲ့ သီထားတဲ့ ကျောက်စလစ်ခဲ ဆွဲထားတယ်။ ဟယ်ရီ ကူးခတ်သွားတော့ သူတို့က သူ့ကို စိတ်ယုတ်နဲ့ ရယ်ပြတယ်။ တစ်ကောင်နှစ်ကောင်ဟာ ပိုရှင်းရှင်းမြင်ရအောင် ဂူထဲက ပြေးထွက်လာတယ်။ လက်ထဲမှာ လှံတွေကိုင်ထားတယ်။ တုတ်နိုင်တဲ့ ငွေရောင်အမြီးနဲ့ ကန်ရေကို ရိုက်ခတ်နေတယ်။

ဟယ်ရီဟာ ရှေ့သို့ အလျင်အမြန် ကူးသွားတယ်။ ပတ်ဝန်းကျင်ကို လည်း အကဲခတ်သွားတယ်။ မကြာဘူး။ ကျောက်ခေါင်းအိမ်တွေ ကြာလေများ လေပဲ။ တချို့ကျောက်ခေါင်းအိမ်ဘေးမှာ ပန်းခြံတောင် ပါသေးတယ်။ တံခါး တစ်ခုရှေ့မှာ ဂရင်းဒီလိုးလေးတစ်ကောင် ချည်ထားတာ မြင်ရတယ်။ လူတစ်ပိုင်း ငါးတစ်ပိုင်းတွေဟာ အရပ်လေးမျက်နှာကနေ ပေါ်ထွက်လာတယ်။ သူ့ကို အံ့သြစွာ ကြည့်နေတယ်။ သူ့ရဲ့ ဘဲလိုလက်ချောင်းချင်းတွဲနေတဲ့ လက်နဲ့ ပါးဟက်ကို လက်ညှိုးထိုးပြောဆိုနေတယ်။ လက်နဲ့ ပါးစပ်ကိုအုပ်ပြီး တိတ် တိတ်ပြောဆိုနေကြတယ်။ ဟယ်ရီက အလျင်အမြန် ကွေ့ချိုးလိုက်တယ်။ ရှေ့မှာ အလွန်ထူးခြားတဲ့ မြင်ကွင်းကို မြင်ရတယ်။

အဲဒီနေရာဟာ လူတစ်ပိုင်းငါးတစ်ပိုင်းတွေရဲ့ ကွင်းကျယ်လိုပဲ။ ဘေး ပတ်လည်မှာ အိမ်တချို့ရှိတယ်။ အိမ်ရှေ့မှာ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ တစ် အုပ်ကြီး ပေါလောပေါ်နေတယ်။ အလယ်မှာ လူတစ်ပိုင်းငါးတစ်ပိုင်းတစ် ပြိုင်တူ သီဆိုနေတယ်။ သူ့ရဲကောင်းကို ခေါ်နေတယ်။ ၎င်းတို့ကျောဘက်မှာ ခပ်ကြမ်းကြမ်းရုပ်ထုတစ်ခု ရှိတယ်။ အဲဒါ ရောမကျောက်တုံးကြီးနဲ့ ထွင်းထုထား တဲ့ လူတစ်ပိုင်းငါးတစ်ပိုင်း။ လူတစ်ပိုင်းငါးတစ်ပိုင်းကျောက်ရုပ်ရဲ့ အမြီးပေါ်မှာ လူလေးယောက်ကို ခိုင်ခိုင်တုပ်ချည်ထားတယ်။

ရွန်ကို ဟာမီးနဲ့ ချို-ချမ်းကြားမှာ ချည်ထားတယ်။ တခြားတစ်ယောက် က အလွန်ဆုံး ရှစ်နှစ်အရွယ်ရှိတဲ့ ကောင်မလေး။ တိမ်ခိုးလို ငွေရောင်ဆံပင် ကြောင့် သူမဟာ ဖလောအာ-ဒယ်လာခေါ်ရဲ့ ညီမလေးဆိုတာ ဟယ်ရီ ယုံကြည် တယ်။ သူတို့အားလုံး အိပ်မောကျနေသလိုပဲ။ ဦးခေါင်းဟာ အားမရှိဘဲ ပခုံး ပေါ် ပြုတ်ကျနေတယ်။ ပါးစပ်ကနေ ရေပူဖောင်းသေးသေးလေးတွေ အဆက် မပြတ် ထွက်နေတယ်။

ဟယ်ရီဟာ ဓားစာခံတွေဆီ ကြိုးစားကူးသွားတယ်။ လူတစ်ပိုင်းငါး



တစ်ပိုင်းတွေဟာ လှံကို ကန့်လန့်လုပ်ပြီး သူ့ကို တားမယ်ထင်တာ၊ ဒါပေမယ့် ၎င်းတို့ ဒီလိုမလုပ်ဘူး။ ဓားစာခံကို ရုပ်ထုမှာ ချည်ထားတဲ့ကြိုးက ရေမှော်နဲ့ ပြုလုပ်ထားတာ။ ကြမ်းပြီးချောတယ်။ အလွန်ခိုင်ခံ့တယ်။ သူ့ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာတယ်။ ခရစ္စမတ်စ်တုန်းက ဆီးရီးအက်စ်ကြယ် သူ့ကို ပေးတဲ့ ဓားလေးကို သတိရတယ် —— တစ်မိုင်ကွာမှာရှိတဲ့ ရဲတိုက်ထဲက သေတ္တာထဲမှာမို့ လုံးဝအသုံးချလို့ မရဘူး။

သူက ဘေးကိုကြည့်လိုက်တယ်။ ဓားစာခံအနားက လူတစ်ပိုင်းငါး တစ်ပိုင်းတွေဟာ လှံတွေကိုင်ထားကြတယ်။ သူက အစိမ်းရောင်မုတ်ဆိတ်ရှည်နဲ့ ငါးလင်းသွားနဲ့လုပ်တဲ့ လည်ဆွဲတပ်ဆင်ထားတဲ့ ခုနစ်ပေမြင့်တဲ့ လူတစ်ပိုင်း ငါးတစ်ပိုင်းဆီ အမြန်ကူးခတ်သွားပြီး ၎င်းရဲ့လှံကို ငှားတယ်။ အဲဒီ လူတစ်ပိုင်း ငါးတစ်ပိုင်းက တဟားဟားရယ်ပြီး ခေါင်းခါတယ်။

"ကျုပ်တို့ ကူညီလို့မရဘူး" လူတစ်ပိုင်းငါးတစ်ပိုင်းက လေးပင်အက် ကွဲတဲ့အသံနဲ့ ပြောတယ်။

"ပေးစမ်းပါ" ဟယ်ရီက ရိုင်းစိုင်းစွာ ပြောတယ် (ဒါပေမယ့် သူ့ပါးစပ် ထဲက ရေပူဖောင်းပဲ ထွက်တယ်)။ လူတစ်ပိုင်းငါးတစ်ပိုင်းလက်ထဲက လှံကို လုတယ်။ ဒါပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းက လှံကို ပြန်ဆွဲသွားတယ်၊ ခေါင်းခါရင်း တဟားဟားရယ်နေပြန်တယ်။

ဟယ်ရီဟာ ရေထဲမှာ ကိုယ်ကိုလှည့်လိုက်တယ်။ ဟိုဒီကြည့်တယ်၊ ချွန်ထက်တဲ့အရာတစ်ခု လိုတယ် . . . . ဘာပဲဖြစ်ဖြစ် ရတယ် . . . .

ကန်ကြမ်းခင်းမှာ ကျောက်ခဲတွေရှိတယ်၊ သူ ထိုးဆင်းသွားတယ်၊ အလွန်ချွန်တဲ့ ကျောက်တုံးကိုယူပြီး ရုပ်ထုဘေး ပြန်လာခဲ့တယ်။ သူက ကျောက်ခဲ နဲ့ ရွန့်ကို ချည်နှောင်ထားတဲ့ ကြိုးကို တအားခုတ်ထစ်တယ်။ မိနစ်အနည်းငယ် ကြာတော့ ကြိုးပြတ်သွားတယ်။ ရွန်ဟာ သတိမရဘဲ ကန်ကြမ်းခင်းအထက် လက်မအနည်းငယ်မှာ ပေါလောပေါ်နေတယ်။ ရေလှိုင်းနဲ့အတူ လွင့်နေတယ်။

ဟယ်ရီက ဘေးဘီကြည့်တယ်။ တခြားသူရဲကောင်းတွေရဲ့ အရိပ်ကို မမြင်ရဘူး။ သူတို့ ဘာလုပ်နေတာလဲ၊ ဘာဖြစ်လို့ မြန်မြန်မလုပ်တာလဲ၊ သူ ဟာမီးဘေး ပြန်သွားတယ်။ ခဲကိုမပြီး သူမကိုယ်ပေါ်ကကြိုးကို ခုတ်ထစ်ပြန် တယ် ——

ချက်ချင်းပဲ သန်မာတဲ့ မီးခိုးရောင်လက်ကြီးတွေဟာ သူ့ကို ဖမ်းလိုက်

www.burmeseclassic.com



တယ်။ လူတစ်ပိုင်းငါးတစ်ပိုင်း ခြောက်ယောက် ခုနစ်ယောက်ဟာ သူ့ကို ဟာမီး သေတာ ဆွဲဖယ်တယ်။ သူတို့ဟာ ဆံပင်အစိမ်းနဲ့ ခေါင်းကိုခါပြီး ရယ်နေကြ တယ်။

"မင်းဟာ မင်းစားစာခံပဲ ခေါ်သွားနိုင်တယ်" ၎င်းတို့အနက် တစ် ယောက်က ဟယ်ရီ့ကို ပြောတယ်။ "ကျန်လူတွေကို ထားခဲ့ . . . ."

"မဖြစ်ဘူး" ဟယ်ရီက ဒေါသနဲ့ပြောတယ် —— ဒါပေမယ့် ပါးစပ် ထဲက ရေပူဖောင်းကြီးနှစ်လုံးပဲ ထွက်လာတယ်။

"ခင်ဗျားကဏ္ဍက မိမိမိတ်ဆွေကို ကယ်ထုတ်ဖို့ . . . . ကျန်လူတွေနဲ့ မဆိုင်ဘူး . . . ."

"သူမက ကျွန်တော့်မိတ်ဆွေ" ဟယ်ရီက ဟာမီးကို လက်ညှိုးထိုးပြပြီး အော်ပြောတယ်။ ငွေရောင်မွဲမွဲ လေပူဖောင်းကြီးက အသံမထွက်ဘဲ သူ့ပါးစပ် ထဲက ထွက်လာတယ်။ "ပြီးတော့ သူမတို့ကို မသေစေချင်ဘူး"

ချို-ချမ်းရဲ့ခေါင်းဟာ ဟာမီးပခုံးပေါ် မှီထားတယ်။ ငွေရောင်ဆံပင်နဲ့ ကောင်မလေးဟာ မျက်နှာပြာလာပြီ။ အသက်ရှိပုံမပေါ်တော့ဘူး။ ဟယ်ရီက လူတစ်ပိုင်းငါးတစ်ပိုင်းဆီက လွတ်အောင်ရုန်းတယ်။ ဒါပေမယ့် သူတို့ဟာ ပိုပြီးရယ်လာတယ်။ သူ့ကို ပြန်ဆွဲခေါ်လိုက်တယ်။ ဟယ်ရီဟာ မျှော်လင့်ချက် ကင်းမဲ့စွာ ပတ်ဝန်းကျင်ကို ကြည့်နေတယ်။ တခြားသူရဲကောင်းတွေ ဘယ် ရောက်ကုန်လဲ။ သူ ရွန့်ကို ရေပေါ်ပို့ပြီး၊ ဟာမီးနဲ့ တခြားလူတွေကို ပြန်ကယ် အချိန်ရပါဦးမလား။ သူ သူမတို့ကို ရှာလို့တွေ့ပါဦးမလား။ သူက လက်ပတ် နာရီကို ငုံ့ကြည့်တယ်။ အချိန်ဘယ်လောက် ကျန်သေးတယ်ဆိုတာ သိချင်တယ် —— နာရီရပ်သွားပြီ။

အဲဒီအချိန်မှာပဲ သူ့အနားက လူတစ်ပိုင်းငါးတစ်ပိုင်းတွေဟာ ဝမ်းသာအားရနဲ့ သူ့ခေါင်းပေါ်ကို လက်ညှိုးထိုးပြတယ်။ ဟယ်ရီ မော့ကြည့် လိုက်တော့ စက်ဒရစ် သူတို့ဆီကူးလာတာ မြင်ရတယ်။ သူ့ခေါင်းနားမှာ ရေမရေပူဖောင်းကြီးရှိတယ်။ သူ့အာရင်ပါးဟာ ဆွဲဆန့်ထားသလိုပဲ၊ အလွန် ရယ်စရာဖြစ်နေတယ်။

"လမ်းမှားသွားတယ်" သူက ပါးစပ်ပုံစံနဲ့ ပြောတယ်။ အလွန် ပြာနေ ရတယ်။ "ဖလောအာနဲ့ ခရွန်းမ်လဲ လာတော့မယ်"

ဟယ်ရီဟာ ရင်ထဲက အလုံးကြီး ကျသွားတယ်လို့ ခံစားရတယ်



က်ဒရစ်ဟာ အိတ်ကပ်ထဲက ဓားကလေးကိုထုတ်ပြီး ကြိုးကိုဖြတ်ကာ ချို-ချမ်း ကို ကယ်ထုတ်တယ်။ သူဟာ ချို-ချမ်းကိုဆွဲပြီး အထက်သို့ ကူးတက်သွားတာ ာကလေးနဲ့ မတွေ့ရတော့ဘူး။

ဟယ်ရီက ဟိုဒီကြည့်ရင်း စောင့်နေတယ်။ ဖလောအာနဲ့ ခရွန်းမ် တွေ့ပါလား။ အချိန်သိပ်မရှိတော့ဘူး။ အဲဟိုသီချင်းထဲမှာဆိုထားသလို အချိန် ာစ်နာရီလွန်ရင်၊ ဓားစာခံတွေကို ရှာလို့မရတော့ဘူး . . . .

လူတစ်ပိုင်းငါးတစ်ပိုင်းတွေ ရုတ်တရက် ပျော်ရွှင်စွာ ဆူဆူညံညံ အော် ာတယ်။ အဲဟို ဟယ်ရီ့ကိုဖမ်းထားတဲ့ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ လက်လွှတ် ိုက်တယ်။ နောက်ဘက်လှည့်ပြီး ကြည့်နေတယ်။ ဟယ်ရီ လှည့်ကြည့်တော့ ရာမအရာကြီးတစ်ခု သူတို့ဘက် ကူးလာတာ မြင်ရတယ်။ အောက်မှာက ကိုယ်ခန္ဓာ၊ ရေကူးဘောင်းဘီ ဝတ်ထားတယ်။ အပေါ်ဘက်က ငမန်းခေါင်း . . . . အဲဒါ ခရွန်းမ်။ သူဟာ မိမိကိုယ်မိမိ ရုပ်ပြောင်းတယ်နဲ့တူတယ် —— ဒါပေမယ့် သိပ်မအောင်မြင်ဘူး။

လူတစ်ပိုင်းငါးမန်းတစ်ပိုင်းခရွန်းမ်ဟာ ဟာမီးဆီ တန်းသွားပြီး သူမ ကိုယ်ပေါ်က ကြိုးတွေကို ဆွဲဖြတ်ကိုက်ဖြတ်တယ်။ ခရွန်းမ်ရဲ့ သွားသစ်ဖွဲ့စည်းပုံ ာ ဘစ်မျိုးကြီးမို့ လဘိုင်ထက်ငယ်တဲ့အရာဆိုရင် ကိုက်ရတာ တစ်မျိုးကြီးပဲ။ ပြီးတော့ ခရွန်းမ်လုပ်ပုံက သိပ်သတိမထားလို့ ဟာမီးကို နှစ်ခြမ်းဖွဲ့ပစ်တော့မလို ဖြစ်နေတယ်ဆိုတာ ဟယ်ရီ သေချာပြောနိုင်တယ်။ ဟယ်ရီက ရှေ့တက်သွားပြီး ရွန်းမ်ပခုံးကို တအားပုတ်လိုက်တယ်။ ဟိုကျောက်တုံးချွန်ချွန်ကို မြှောက်ပြ တယ်။ ခရွန်းမ်က ဆွဲယူပြီး ဟာမီးကိုယ်ပေါ်ကကြိုးကို စတင်ခုတ်ဖြတ်တယ်။ ကွန့်အနည်းငယ်ကြာတော့ သူအောင်မြင်သွားတယ်။ သူက ဟာမီးခါးကို ဆွဲပြီး လှည့်တောင်မကြည့်တော့ဘဲ ရေပေါ်သို့ အလျင်အမြန် တန်းတက်သွား တယ်။

အခု ဘယ်လိုလုပ်မလဲ။ ဟယ်ရီက စိတ်ပူစွာ စဉ်းစားတယ်။ ဖလော အာ လာနေမှန်း သေချာသိရင် . . . . သူမအရိပ်တောင် မမြင်ရဘူး။ တခြား နည်းလမ်း မရှိတော့ဘူး။ ဒါပဲ . . . .

သူက ခရွန်းမ်ပစ်ချခဲ့တဲ့ ကျောက်တုံးကို ယူလိုက်တယ်။ ဒါပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းတွေဟာ ရွန်နဲ့ ကလေးမလေးကို ဝန်းရံထားတယ်။ သူ့ကို အားခေါင်းခါပြတယ်။ ဟယ်ရီက မော့ကြိမ်လုံး ဆွဲထုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပေး"

သူ့ပါးစပ်ထဲက လေပူဖောင်းတစ်တွဲ ထွက်လာတယ်။ ဒါပေမယ့် လူ တစ်ပိုင်းငါးတစ်ပိုင်းတွေ သူ့သဘောကို နားလည်မှန်း သူသိတယ်။ သူတို့ ရုတ်တရက် မရယ်ကြတော့လို့။ မျက်လုံးဝါဝါတွေဟာ ဟယ်ရီ့မော်ကြိမ်လုံးကို စိုက်ကြည့်နေတယ်။ အလွန်ကြောက်နေပုံရတယ်။ ၎င်းတို့ဟာ လူများတယ်။ သူက တစ်ယောက်တည်း။ ဒါပေမယ့် သူတို့ မျက်နှာပေါ်က အမူအရာအရ ၎င်းတို့ဟာ ရေမပြည်ကြီးငါးကြီးလိုပဲ၊ မော်ပညာနည်းနည်းမှ မတတ်ဘူးဆိုတာ ဟယ်ရီ တွေ့ရတယ်။

"သုံးထိခေါ်မယ်" ဟယ်ရီက အော်ပြောတယ်။ လေပူဖောင်းကြီးတွေ သူ့ပါးစပ်ထဲက ပန်းထွက်လာတယ်။ သူက လက်သုံးချောင်းထောင်လိုက်တယ်။ သူတို့ သူ့စကားကို နားလည်စေချင်တယ်။ "တစ် . . . ." (သူက လက်ချောင်း တစ်ချောင်းကို ချိုးလိုက်တယ်) "နှစ် . . . ." (သူက လက်ချောင်းတစ်ချောင်း ချိုးလိုက်ပြန်တယ်) ——

လူတစ်ပိုင်းငါးတစ်ပိုင်းတွေ ရှဲသွားကြတယ်။ ဟယ်ရီက ရှေ့တက်ပြီး ကလေးမလေးကို ရုပ်ထုမှာ ချည်ထားတဲ့ကြိုးကို ဖြတ်တယ်။ နောက်ဆုံး သူမ လည်း လွတ်လပ်သွားတယ်။ ဟယ်ရီက ကလေးမလေးကို ခါးကချီပြီး ရှပ် ဝတ်စုံရှည် လည်ပင်းကို ဖမ်းကိုင်ကာ ခြေနှစ်ဖက်ကန်ပြီး ရေအောက်က တက် သွားတယ်။

သူ တိုးသွားတာ သိပ်နှေးတယ်။ သူဟာ ဘဲခြေလိုလက်ကို ယက်ရင်း ကိုယ်ကို ရှေ့တိုးအောင် လုပ်ရခက်နေတယ်။ သူဟာ ဘဲခြေကို တအားရိုက်ခတ် တယ်။ ဒါပေမယ့် ရွှန်နဲ့ ဖလောအာရဲ့ ညီမလေးဟာ အာလူးတွေ အပြည့်ထည့် ထားတဲ့အိတ်လို သူ့ကို အောက်ဆွဲချနေတယ် . . . . သူဟာ မိုးပေါ်ကို ကြည့် တယ်။ မိမိရေနက်ထဲမှာပဲရှိတာ သူသိတယ်။ ရေမျက်နှာပြင်ကို လှမ်းကြည့်တာ မည်းမှောင်နေတာပဲ . . . .

လူတစ်ပိုင်းငါးတစ်ပိုင်းဟာ သူနဲ့အတူ ရေကူးတက်လာတယ်။ ၎င်းတို့ ဟာ သူ့ဘေးမှာ ပေါ့ပါးသွက်လက်စွာ ကူးခတ်နေရင်း သူ ရေထဲမှာ ရုန်းကန် နေတာကို ကြည့်နေတယ် . . . . အချိန်ရောက်တာနဲ့ ၎င်းတို့က သူ့ကို ရေ အောက်ပြန်ဆွဲခေါ်သွားမှာလား။ ၎င်းတို့ လူသားစားလား။ ဟယ်ရီဟာ အစွမ်း ကုန်အားကုန်ထုတ်ကူးခတ်တယ်။ နောက်ဆုံး ခြေနှစ်ဖက်စလုံး တောင့်သွား



တယ်။ ပခုံးလည်း ရွှန်နဲ့ ကလေးမလေး ဆွဲရတာကြောင့် သေအောင်နာနေ တယ် . . . .

သူဟာ ကြာလေ အသက်ရှူကြပ်လာလေပဲ။ လည်ပင်းနှစ်ဘက်မှာ ခံနိုင်အောင် နာလာတယ် . . . . သူ့ပါးစပ်ထဲက ကန်ရေဟာ ဘယ်လောက် စိုပြီး ဘယ်လောက်အေးစက်မှန်း သူ စသိလာပြီ . . . . ဒါပေမယ့် လေးပင် တဲ့အနက်ရောင်ဟာ ကြာလေဖျော့တော့လာလေပဲ . . . . အပေါ်ဘက် မိုး ကောင်းကင်အရောင်ကို သူ တွေ့ရပြီ . . . .

သူက ဘဲခြေလို ခြေနှစ်ဖက်နဲ့ ရေကို တအားကန်တယ်။ ၎င်းတို့ဟာ ခြေထောက် ပြန်ဖြစ်နေတာ တွေ့ရတယ် . . . . သူဟာ မူးဝေလာတယ်။ ဒါပေမယ့် နေရောင်နဲ့ လေထုဟာ ဆယ်ပေအထက်မှာရှိတာ သူသိတယ် . . . . သူ အဲဒီကိုရောက်ရမယ် . . . . မုချပဲ . . . .

ဟယ်ရီဟာ ခြေနဲ့ ရေကိုကန်တယ်။ အရှိန်က သိပ်မြန်ပြီး အားလည်း အကြီးကြီးသုံးတယ်။ သူ့ကြွက်သားတွေဟာ အော်ဟစ်ပြီး ကန့်ကွက်နေသလိုပဲ။ သူ့ခေါင်းထဲမှာလည်း ရေပြည့်နေသလိုပဲ။ သူ အသက်ရှူလို့ မရတော့ဘူး။ သူ အောက်စီဂျင် လိုတယ်။ သူ ရှေ့တိုးရမယ်။ ရပ်လို့မဖြစ်ဘူး ——

ရုတ်တရက် မိမိခေါင်း ရေပေါ်ပေါ်လာတယ်လို့ သူ ခံစားရတယ်။ ကောင်းမွန်တဲ့၊ လတ်ဆတ်တဲ့၊ အေးမြတဲ့လေဟာ စိုနေတဲ့ သူ့မျက်နှာပေါ် ကိုက်ခတ်သွားတယ်။ သူ နာကျင်နေတယ်။ လေကို ရှိုက်ရှိုက်ရှူနေတယ်။ တစ်သက်လုံး ကောင်းကောင်းအသက်မရှူဖူးဘူးလို့ ခံစားရတယ်။ သူဟာ အသက်လုရှူရင်း ရွှန်နဲ့ကလေးမလေးကိုဆွဲပြီး ရှေ့သို့ ဆက်တက်တယ်။ သူ့ဘေးမှာ အစိမ်းရောင်ဆံပင်ဗလပွနဲ့ ခေါင်းတွေဟာ အတူတကွ ရေပေါ် ပေါ်လာတယ်။ ဒါပေမယ့် သူတို့က သူ့ကို သဘောကောင်းစွာ ပြုံးပြနေတယ်။

ပွဲကြည့်စင်ပေါ်မှာ လူသံတွေ အုန်းအုန်းကြွက်ကြွက် ဖြစ်နေတယ်။ အော်ကြဟစ်ကြနဲ့ အားလုံးလောက် မတ်တတ်ရပ်နေကြတယ်။ သူတို့ဟာ ရွှန်နဲ့ ကလေးမလေး သေပြီထင်လို့လို့ ဟယ်ရီက ထင်တယ်။ ဒါပေမယ့် သူတို့ မှားသွားပြီ . . . . ရွှန်နဲ့ ကလေးမလေးတို့ နှစ်ယောက်စလုံး မျက်စိဖွင့်ကြည့် ကြတယ်။ ကလေးမလေးဟာ ထိတ်လန့်ပြီး နဝေတိမ်တောင် ဖြစ်နေတယ်။ ရွှန်ကတော့ ကန်ရေ တစ်လုတ်ကြီး ထွေးထုတ်ပြီး၊ ထွန်းလင်းတဲ့နေရောင် အောက်မှာ မျက်တောင်သုံးလေးချက် ခတ်လိုက်ကာ ဟယ်ရီဘက် လှည့်ပြော

www.burmeseclassic.com

www.burmeseclassic.com



ဘယ်။ "အားလုံးစိုကုန်ပြီ၊ ဟုတ်လား" ဒီနောက် သူဟာ ဖလောအာရဲ့ ညီမလေး ကို မြင်သွားတယ်။ "မင်း ဘာဖြစ်လို့ သူမကို ခေါ်လာတာလဲ"

"ဖလောအာ ပေါ်မလာတော့ ငါ သူမကို ပစ်ထားလို့မဖြစ်ဘူး" ဟယ်ရီက မောဟိုက်ရင်း ဖြေတယ်။

"ဟယ်ရီ မင်းငတုံးပဲ" ရွန်က ပြောတယ်။ "မင်း ဟိုသီချင်းကို တကယ် များ ထင်နေသလား။ ဒမ်ဘလီဒိုးက ငါတို့ထဲက ဘယ်သူ့ကိုမှ ရေနစ်အသေခံ မှာ မဟုတ်ဘူး"

"ဟိုသီချင်းက ပြောတယ် ——"

"အဲဒါ မင်းတို့ကို သတ်မှတ်အချိန်အတွင်း ပြန်လာစေချင်လို့" ရွန်က ပြောတယ်။ "မင်း ရေအောက်မှာ သူရဲကောင်းလုပ်နေတာနဲ့ အချိန် အလကား မကုန်ပါစေနဲ့လို့ ဆုတောင်းတယ်"

ဟယ်ရီဟာ စိတ်လည်းကုန်၊ ဒေါသလည်းဖြစ်မိတယ်။ ရွန့်အဖို့ ဒါတွေ ဟာ ဘာမှမဟုတ်ဘူး။ သူ အိပ်ပျော်နေတယ်။ ကန်အောက်ပိုင်းက မှောင်မည်း ပြီး ကြောက်စရာကောင်းတာ သူ မခံစားရဘူး။ ပတ်ဝန်းကျင်မှာ လှံကိုင်တဲ့ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ၊ အားလုံး လူသတ်သမားဝါရင့်ကြီးတွေလိုပဲ။

"တော်ပြီ" ဟယ်ရီက မကျေနပ်ဘဲ ပြောတယ်။ "သူမကို ကူဆွဲပါဦး၊ သူမ သိပ်ရေမကူးတတ်ဘူးနဲ့တူတယ်"

သူတို့ဟာ ဖလောအာရဲ့ ညီမလေးကိုဆွဲရင်း ရေထဲဖြတ်ပြီး ကမ်းဆီ လာခဲ့တယ်။ ဒိုင်လူကြီးတွေရပ်ပြီး ကြည့်နေတယ်။ လူတစ်ပိုင်းငါးတစ်ပိုင်း အယောက်နှစ်ဆယ်လောက် သူတို့ဘေးမှာ အခမ်းအနားလုပ်သလို တန်း ရပ်နေတယ်။ အသံစူးစူးနဲ့ နားထောင်လို့ မကောင်းတဲ့ သီချင်းတွေ ဆိုနေတယ်။

မဒမ်ဖွမ်ဖရေဟာ ရေကြီးခွင်ကျယ်နဲ့ ဟာမီး၊ ခရွန်းမ်၊ စက်ဒရစ် ချို-ချမ်းဘေးမှာ အလုပ်ရှုပ်နေတာ ဟယ်ရီ မြင်ရတယ်။ သူတို့အားလုံး စောင် ထူထူနဲ့ ပတ်ထားကြတယ်။ ဟယ်ရီ၊ ရွန် ကမ်းစပ်ရောက်လာတော့ ဒမ်ဘလီဒိုး နဲ့ လူဒို-ဘက်ဂမင်းက ပြုံးပြီး သူတို့ကို ကြည့်နေတယ်။ ဖတ်စီမျက်နှာ ဖြူဖပ် ဖြူယော် ဖြစ်နေတယ်။ သူ့ကြည့်ရတာ ခါတိုင်းထက် လေးငါးနှစ် ငယ်သွား သလိုပဲ။ သူတို့ကို အလောတကြီးပြေးပြီး ကြိုဆိုတယ်။ ဒါနဲ့ တစ်ချိန်တည်းမှာ မဒမ်မက်ဆင်းက ဖလောအာကို တအားဆွဲထားတယ်။ ဖလောအာဟာ ထိန်း မနေဘဲ ရေထဲခုန်ချဖို့ တအားရုန်းနေတယ်။



"ဂါဘရီ၊ ဂါဘရီ၊ သူမ အသက်ရှင်နေသေးလား၊ သူမ ဒဏ်ရာရလား"

"သူမ ကောင်းပါတယ်" ဟယ်ရီက ပြောပြချင်တယ်။ ဒါပေမယ့် သူ သိပ်ပင်ပန်းလို့ စကားတောင်' မပြောနိုင်တော့ဘူး။ အော်ပြောဖို့ဆိုတာ ဝေ လာဝေး။

ဖတ်စီက ရွန့်ကို ကမ်းပေါ် ဆွဲတင်တယ်။ ("လွှတ်၊ ဖတ်စီ။ ငါ ဘာမှ မဖြစ်ဘူး")။ ဒမ်ဘလီဒိုးနဲ့ ဘက်ဂမင်းက ဟယ်ရီ့ကို ဆွဲထူတယ်။ ဖလောအာ ဟာ မဒမ်မက်ဆင်းတားတာကို ရုန်းထွက်ပြီး ညီမလေးကို ဖက်ထားလိုက်တယ်။

"ဂရင်းဒီလိုးတွေ . . . . အဲဒီ ဂရင်းဒီလိုးတွေက ငါ့ကို တိုက်ခိုက် တယ် . . . . အော၊ ဂါဘရီ၊ ငါက ထင်တယ် . . . . ငါက ထင်တယ်"

မင်းတို့အားလုံး ဒီကိုလာပါ" မဒမ်ဖွမ်ဖရေက ပြောတယ်။ သူမဟာ ဟယ်ရီကိုဆွဲပြီး ဟာမီးနဲ့ တခြားလူတွေအနား ခေါ်သွားတယ်။ စောင်တစ်ထည် နဲ့ လုံလုံခြုံခြုံ ထုပ်ထားပေးတယ်။ ဟယ်ရီဟာ အကျဉ်းသားနဲ့ အရူးတွေကို ချုပ်ထိန်းတဲ့ တင်းကျပ်အင်္ကျီ ဝတ်ထားသလို ခံစားရတယ်။ မဒမ်ဖွမ်ဖရေဟာ ပူစပ်တဲ့ဆေးရည်ကို သူ့ပါးစပ်ထဲ အတင်းလောင်းထည့်တယ်။ ချက်ချင်းပဲ အငွေ့ဟာ သူ့နားထဲက ထွက်လာတယ်။

"ဟယ်ရီ၊ သိပ်တော်တယ်" ဟာမီးက အော်ပြောတယ်။ "နင် အောင် မြင်ပြီ။ နင့် နင့်ဖာသာ ဖြေရှင်းနိုင်တာ"

"စင်စစ် —— ဟယ်ရီက ပြောတယ်။ သူက သူမကို ဒေါ့ဘီ အကြောင်းပြောမယ်လုပ်တုန်းမှာ၊ လှည့်ကြည့်လိုက်တော့ ခါခါရော့ဖ် မိမိကို ကြည့်နေတာ တွေ့လိုက်ရတယ်။ ဒိုင်လူကြီးတွေထဲမှာ သူတစ်ယောက်ပဲ စားပွဲ က မထတာ။ သူသာလျှင် ဟယ်ရီ၊ ရွန်နဲ့ ဖလောအာရဲ့ ညီမလေး ကောင်းမွန် စွာ ပြန်ရောက်လာပြီး ဝမ်းသာခြင်း၊ စိတ်ချမ်းသာမှုရခြင်းကို မဖော်ပြတဲ့လူ ဖြစ်တယ်။ "ဟုတ်တယ်၊ မှန်တယ်" ဟယ်ရီက တစ်မျိုးပြောင်းပြောလိုက်တယ်။ အမင်လည်း အသံကိုမြှင့်ပြီး ခါခါရော့ဖ်ကြားအောင် ပြောတယ်။

"ခင်ဗျားဆံပင်ထဲမှာ ရေပိုးတုန်းတစ်ကောင် ရှိတယ်၊ ဟာ-မိ-အင်" ခရွန်းမ်က ပြောတယ်။ ခရွန်းမ်က ဟာမီးရဲ့ စိတ်ဝင်စားမှုကို မိမိပေါ် ဆွဲခေါ် တယ်လို့ ဟယ်ရီ ထင်တယ်။ ဟာမီးကို ခုနက ကန်အောက်ကနေ ကယ်ခဲ့တာ သူပါပဲလို့ သတိပေးတာလဲ ဖြစ်မယ်။ ဒါပေမယ့် ဟာမီးဟာ စိတ်မရှည်ဘဲ ရေပိုးတုန်းကို ခါပစ်ပြီး ပြောတယ်။ "ဒါပေမယ့် ဟယ်ရီ၊ နင် အချိန်လွန်သွားပြီ

www.burmeseclassic.com



. . . . နင် ငါတို့ကိုတွေ့ဖို့ အချိန်အများကြီး ကုန်သွားသလား"

"ဟင့်အင်း . . . ငါ နင်တို့ကိုတွေ့တာ နောက်မကျဘူး . . . ."

ဟယ်ရီဟာ မိမိ သိပ်ကို အ,လွန်းတယ်လို့ ထင်လာတယ်။ အခု သူ ရှေ့ပြင်က ခွဲခွာလာပြီးမှ ဒမ်ဘယ်လီဒိုးဟာ ထိရောက်တဲ့ လုံခြုံရေးစီမံထားမှာ သေချာတယ်ဆိုတာ ရှင်းလင်းစွာ သိလာတယ်။ မားစာခံတွေ သူရဲကောင်း လာမကယ်လို့ အသက်ဆုံးရှုံးတာ ခွင့်မပြုဘူး။ ဒါဟာ ရှင်းနေတဲ့ကိစ္စပဲဟာ သူ ဘာဖြစ်လို့ ရွန့်ကို ဆွဲခေါ်ပြီး တန်းမပြန်ရတာလဲ။ သူ ပထမဆုံး ပြန်လာလို့ ရတာပဲဟာ . . . . စက်ဒရစ်နဲ့ ခရွန်းမ်ဟာ သူများအတွက် စိတ်ပူဖို့ အချိန် မဖြုန်းဘူး။ သူတို့က လူတစ်ပိုင်းငါးတစ်ပိုင်းရဲ့ သီချင်းကို အတည်မမှတ်ဘူး။

ဒမ်ဘယ်လီဒိုးဟာ ရေဘေးမှာ ဆောင့်ကြောင့်ထိုင်နေတယ်။ ခေါင်း ဆောင်ပုံပေါက်တဲ့ ကြမ်းတမ်းပြီး ရိုင်းစိုင်းတဲ့ ရေသူမနဲ့ နက်နက်ရှိုင်းရှိုင်း စကားပြောနေတယ်။ ဒမ်ဘယ်လီဒိုးဟာ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ ရေပေါ်မှာ ထွက်တဲ့ နားစူးတဲ့အသံမျိုး ထွက်နေတယ်။ သူလည်း လူတစ်ပိုင်းငါးတစ်ပိုင်း စကားပြောတတ်တာ သေချာတယ်။ နောက်ဆုံး သူ မတ်တတ်ရပ်လိုက်ပြီး ကျန်ဒိုင်လူကြီးတွေဘက်လှည့်ပြီး ပြောတယ်။ "အစည်းအဝေးလေး ခဏထိုင် ပြီးမှ အမှတ်ပေးတာပေါ့"

ဒိုင်လူကြီးတွေ စုဝေးနေကြတယ်။ မဒမ်ဖွမ်ဖရေက ဖတ်စီတင်းတင်း ဖက်ထားတဲ့ထဲက ရွန့်ကို ကယ်ထုတ်ပြီး၊ သူ့ကို ဟယ်ရီနဲ့ တခြားလူတွေရှိရာ ခေါ်လာတယ်။ သူ့ကို စောင်တစ်ထည်နဲ့ ငရုပ်ကောင်းဆေးရည် ပေးတယ်။ ဒီနောက် တစ်ခါ ဖလောအာနဲ့ ၎င်းရဲ့ညီမလေးကို ခေါ်လာတယ်။ ဖလောအာရဲ့ မျက်နှာနဲ့ လက်မောင်းတွေမှာ ဒဏ်ရာတွေနဲ့၊ ဝတ်ရုံရှည်လည်း ပြဲနေပြီ။ ဒါပေ မယ့် သူမက အရေးမလုပ်ဘူး၊ မဒမ်ဖွမ်ဖရေ သူမကို ဆေးကြောပေးတာလည်း မခံဘူး။

"ဂါဘရီကို သွားပြုစုပါ" သူက မဒမ်ဖွမ်ဖရေကို ပြောပြီး ဟယ်ရီဘက် လှည့်ပြောတယ်။ "ရှင် သူမကို ကယ်တယ်" သူမဟာ စိတ်လှုပ်ရှားလို့ အသက် ရှုတောင် မမှန်ဘူး။ "သူမက ရှင့်မားစာခံ မဟုတ်ပေမယ့် ကယ်တယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ အခု သူဟာ ထိုစဉ်က အခြား မိန်းကလေးသုံးယောက်ကို ပစ်ထားခဲ့ရင် ကောင်းမယ်လို့ ထင်လာတယ်။ သူ တို့ကို ရုပ်ထုမှာ ချည်ထားတဲ့အတိုင်း ထားခဲ့ရမှာ။



ဖလောအာက ခေါင်းငုံ့ပြီး ဟယ်ရီရဲ့ ပါးနှစ်ဘက်ကို တစ်ချက်စီ နမ်းလိုက်တယ် (ဟယ်ရီဟာ သူ့မျက်နှာ မီးလောင်သလို ခံစားရတယ်၊ မိမိ နားထဲကပါ အပူငွေ့ထွက်လာရင်၊ သူ အံ့ဩမှာမဟုတ်ဘူး)။ ဒီနောက် ရွန့်ကို ပြောပြန်တယ်။ "ပြီးတော့ ရှင် —— ရှင်လဲ ကူညီတယ် —— "

"ဟုတ်တယ်" ရွန်က ပြောတယ်။ မျှော်လင့်နေတဲ့ပုံစံနဲ့။ "ဟုတ်တယ် လေ၊ နည်းနည်းကူညီတယ် ——"

ဖလောအာက သူ့ကိုလည်း ကုန်းပြီးနမ်းလိုက်တယ်။ ဟာမီးကြည့်ရတာ သိပ်ဒေါပွနေသလိုပဲ။ ဒါပေမယ့် ဒီအချိန်မှာပဲ လူဗို-ဘက်ဂမင်းရဲ့ မှော်ပညာနဲ့ ချဲ့ထားတဲ့ အသံကြီး သူတို့နားနားမှာ ရုတ်တရက် ပေါ်လာတယ်။ သူတို့ လန့်သွားတယ်။ ပွဲကြည့်စင်ပေါ်က ပရိသတ်လည်း ချက်ချင်း ငြိမ်ကျ သွားတယ်။

"အမျိုးသမီးများနဲ့ အမျိုးသားများခင်ဗျား၊ ကျွန်တော်တို့ ဆုံးဖြတ်ချက် ရပါပြီ။ လူတစ်ပိုင်းငါးတစ်ပိုင်းခေါင်းဆောင် မားကပ်စ်ဟာ ရေကန်အောက်က အဖြစ်အပျက်ကို မှုရင်းအတိုင်း ကျွန်ုပ်တို့ကို ပြောပြတယ်။ အမှတ်ပြည့် ငါးဆယ်မှတ်ကို အခြေခံပြီး၊ သူရဲကောင်းအသီးသီးကို အောက်ပါအတိုင်း အမှတ်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ် . . . .

"မစ်ဖလောအာ-ဒယ်လာခေါ်ဟာ ရေမြှုပ်ခေါင်းဂါထာကို ပိုင်နိုင်စွာ အသုံးပြုနိုင်ပေမယ့်၊ ရည်မှန်းချက်ရောက်ခါနီးမှာ ဂရင်းဒီလိုးများ တိုက်ခိုက် တာခံရတဲ့အတွက် မားစာခံကို အောင်မြင်စွာ ကယ်မထုတ်နိုင်ခဲ့ဘူး။ ကျွန်ုပ် တို့က သူမကို နှစ်ဆယ့်ခုနစ်မှတ် ပေးတယ်"

ပွဲကြည့်စင်ပေါ်က လက်ခုပ်သံတွေ ပေါ်လာတယ်။

"ကျွန်မ သုည ရရမှာ" ဖလောအာဟာ သူမရဲ့ လှပတဲ့ခေါင်းကို ခါလိုက်ပြီး အသံအက်အက်နဲ့ ပြောတယ်။

"မစ္စတာ စက်ဒရစ်-ဒစ်ဂိုရီဟာလဲ ရေမြှုပ်ခေါင်းဂါထာသုံးတယ်။ သူဟာ ပထမဆုံး မားစာခံကို ပြန်ခေါ်လာတဲ့လူပဲ။ ဒါပေမယ့် သူဟာ သတ်မှတ် အချိန်တစ်နာရီထက် တစ်မိနစ် ပိုသွားတယ်" လူအုပ်ထဲက ဟပ်ဖ်ဖတ်ကျောင်း သားတွေ လှိုက်လှဲစွာ ဩဘာပေးကြလို့ နားကွဲမတတ် ဆူညံသွားတယ်။ ချိုချန်းဟာ လှိုက်လှဲတဲ့အကြည့်နဲ့ စက်ဒရစ်ကို ကြည့်လိုက်တာ ဟယ်ရီ မြင်ရ တယ်။ "ဒါကြောင့် ကျွန်ုပ်တို့က သူ့ကို လေးဆယ့်ခုနစ်မှတ် ပေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ့နှလုံးသား နိမ့်ဆင်းသွားသလိုပဲ။ တကယ်လို့ စက်ဒရစ်တောင် သတ်မှတ်အချိန်ထက် လွန်သွားရင်၊ သူလဲ မချအချိန်လွန်မှာပဲ။

“မစ္စတာ ဗစ်ခတာ-ခရွန်းမ်က ရုပ်ပြောင်းပညာကို သုံးတယ်။ အပြည့်အဝ မလုပ်နိုင်ပေမယ့် အလွန်အကျိုးရှိပါတယ်။ သူက ဓားစာခံကို ဒုတိယ ပြန်ခေါ်လာသူ ဖြစ်တယ်။ ကျွန်ုပ်တို့ သူ့ကို အမှတ်လေးဆယ် ပေးတယ်”

ခါခါရော့ဖ် အထူးတက်ကြွစွာ လက်ခုပ်တီးတယ်။ အလွန်ကျေနပ်တဲ့ပုံ ပေါ်နေတယ်။

“မစ္စတာ ဟယ်ရီ-ပေါ်တာက ပါးဟက်ပင်သောက်တဲ့အတွက် အံ့သြလောက်တဲ့ အကျိုးသက်ရောက်မှုရှိတယ်” ဘက်ဂမင်းက ဆက်ပြောတယ်။ “သူက နောက်ဆုံးမှ ပြန်လာတယ်၊ သတ်မှတ်ချိန်တစ်နာရီထက် အများကြီး အချိန်လွန်သွားတယ်။ သို့ပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းခေါင်းဆောင် ရေသူမက ကျွန်ုပ်တို့ကို ပြောပြတာက၊ မစ္စတာ ပေါ်တာဟာ ပထမဆုံး ဓားစာခံတွေကို ရှာတွေ့တာ။ သူ အချိန်မီ ပြန်မလာနိုင်တာဟာ ဓားစာခံအားလုံး လုံခြုံစွာ ပြန်ခေါ်လာနိုင်ရေးကို ရှေ့တန်းထားလို့၊ မိမိရဲ့ ဓားစာခံတစ်ယောက်ထဲကိုသာ ဂရုစိုက်တာ မဟုတ်လို့တဲ့”

ရွန်နဲ့ ဟာမီးဟာ စိတ်မကောင်းခြင်းတစ်ဝက်၊ စာနာခြင်းတစ်ဝက်နဲ့ ဟယ်ရီ့ကို ကြည့်လိုက်တယ်။

“ဒိုင်လူကြီးအများစုက” ဒီနေရာရောက်တော့ ဘက်ဂမင်းက အလွန် မကျေမနပ်နဲ့ ခါခါရော့ဖ်ကို ကြည့်လိုက်တယ်။ “ဒါဟာ မြင့်မြတ်တဲ့ ကိုယ်ကျင့် တရားကို ဖော်ပြတာပဲလို့ ယူဆတယ်။ သို့ပေမယ့် . . . . မစ္စတာပေါ်တာရဲ့ အမှတ်က လေးဆယ့်ငါးမှတ်”

ဟယ်ရီ့ရင်တွေ ဝမ်းသာလို့ခုန်နေတယ် —— သူဟာ ပထမဆုံး အကြိမ်အားဖြင့် စက်ဒရစ်နဲ့ သရေဖြစ်သွားတယ်။ ရွန်နဲ့ဟာမီးတို့ တအား အံ့သြသွားတယ်။ ဟယ်ရီ့ကို ငိုင်ကြည့်နေတယ်။ ဒီနောက် ဝမ်းသာစွာ တဟား ဟားရယ်ကြတယ်။ တခြားပရိသတ်တွေနဲ့အတူ လက်ခုပ်တအားတီးကြတယ်။

“တယ်ဟုတ်ပါလား၊ ဟယ်ရီ” ရွန်က ဆူညံသံတွေကြားက အားကြိုး အော်ပြောတယ်။ “မင်း အ,တာမဟုတ်ဘူးကိုး —— မင်းက ကိုယ်ကျင့်တရား ကို ဖော်ပြတာ”

ဖလောအာဟာလည်း လက်ခုပ်တအားတီးတယ်။ ဒါပေမယ့် ခရွန်းမ်က



အလွန်မကြိုက်ပုံ ပေါ်နေတယ်။ သူက ဟာမီးနဲ့ စကားပြောချင်ပြန်တယ်၊ ဒါပေမယ့် သူမက ဟယ်ရီ့အတွက် အော်ဟစ်သြဘာပေးနေတယ်။ သူ့ကို ဂရုမစိုက်ဘူး။

“နောက်ဆုံးကဏ္ဍလဲဖြစ်တဲ့ တတိယကဏ္ဍကို ဇွန်လ ၂၄ရက်နေ့ ညနေမှာ ယှဉ်ပြိုင်မယ်” ဘက်ဂမင်းက ဆက်ပြောတယ်။ “သူ့ရဲ့ကောင်းတွေဟာ တစ်လကြိုပြီး ယှဉ်ပြိုင်ရမယ့်ကဏ္ဍရဲ့ အခိုင်အမာအတွင်းသဘောကို သိခွင့်ရမယ်။ သူ့ရဲ့ကောင်းများကို ထောက်ခံတဲ့အတွက် အားလုံးကို ကျေးဇူး တင်ပါတယ်”

ပြီးဆုံးပြီ။ ဟယ်ရီက ဇဝေဇဝါ တွေးတယ်။ အခု မဒမ်ဖွမ်ဖရေဟာ သူ့ရဲ့ကောင်းတွေနဲ့ ဓားစာခံတွေကို ရဲတိုက်ပြန်ပြီး ခြောက်သွေ့တဲ့ အဝတ်အစား ဆီသို့ စတင်လိုက်ပို့ပြီ . . . . ပြီးဆုံးပြီ . . . . ဇွန်လ ၂၄ရက်နေ့အထိ သူ ဘာမှ စိတ်ပူစရာမလိုတော့ဘူး . . . .

ဟယ်ရီဟာ ရဲတိုက်ထဲဝင်မယ့် ကျောက်လှေကားထစ်ကို နင်းမိတာနဲ့ စိတ်ထဲမှာ တွေးတယ်။ နောက်တစ်ကြိမ် ဟော့ဂ်စ်မိဒ်ရွာကို သွားရင်၊ ဒေါ့ဘီကို ခြေအိတ်တစ်ပုံကြီး ဝယ်ပေးရမယ်။ တစ်နှစ်ပတ်လုံး နေ့စဉ် ခြေအိတ်အသစ် ဝတ်နိုင်အောင် သူ့ကို ပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၂၇။ ခြေပြားကြီး ပြန်လာပြီ

ဒုတိယကဏ္ဍပြီးဆုံးပြီးနောက် အကောင်းဆုံးကိစ္စကတော့ ကန်
အောက်ခြေမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စကို အများက သိချင်နေတာပဲ။ ဒါက ရွန်ဟ
လည်း သူ့ဘဝမှာ ပထမဆုံးအကြိမ်အားဖြင့် ဟယ်ရီ့လိုပဲ လူတွေစိတ်ဝင်စာ
ရတယ်။ ရွန်ဟာ ပုံပြင်ကို တစ်ခါပြီးတစ်ခါ ပြောတယ်။ ပြောတိုင်း နည်းနည
ကွာခြားတယ်ဆိုတာ ဟယ်ရီ သတိထားမိတယ်။ စစချင်းမှာ သူပြောတာ အ
မှန်နဲ့ ကိုက်ညီသေးတယ်။ ဟာမီးပြောတာနဲ့ အများအားဖြင့် အတူတူပဲ —
ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ ရုံးခန်းထဲမှာ ဒမ်ဘလီဒိုးက ဓားစာခံတွေ
အိပ်မွေ့ချပေးတယ်။ ပြီးတော့ သူတို့ကို လုံးဝအန္တရာယ်မရှိစေရဘူး။ ရေထဲ
ထွက်လာတာနဲ့ နိုးလာမယ်လို့ အရင်ဆုံး အာမခံတယ်။ သို့ပေမယ့် ရ
သတ္တပတ်ကြာတော့၊ ရွန်ဟာ ထိတ်လန့်ဖွယ် ပြန်ပေးဆွဲခံရတဲ့ပုံပြင်ကို ပြေ
လာတယ်။ သူက လက်နက်မပါဘဲ လက်နက်အပြည့်အစုံတပ်ဆင်ထား
လူတစ်ပိုင်းငါးတစ်ပိုင်း အယောက်ငါးဆယ်နဲ့ ဘယ်လိုသတ်ပုတ်ခဲ့တယ်ဆိုတ
ပြောပြန်တယ်။ ပါဒမာဟာ သူ့ကို အများကြီး လိုက်လှဲလာတယ်။ စကြံထဲ



တွေ့တိုင်း သူမကစပြီး ရွန့်ကို စကားပြောတယ်။ "ကိစ္စမရှိဘူး၊ ငါက မော်ကြိမ်
လုံးကို အကျီလက်မောင်းထဲ ဝှက်ထားတာ" သူက ပါဒမာ-ပါထီကို အာမခံ
ပြောတယ်။ "ငါလုပ်ချင်ရင်၊ အဲဒီ လူတစ်ပိုင်းငါးတစ်ပိုင်းတွေကို ဝပ်သွားအောင်
လုပ်နိုင်တယ်"

"နင်ဘယ်လိုလုပ်ချင်တာလဲ။ သူတို့ကို ဟောက်ပြမှာလား" ဟာမီးက
အပြတ်ချွတ်တယ်။ သူမဟာ ဗစ်ခတာ-ခရွန်းမ်ရဲ့ အနှစ်သက်ဆုံးဖြစ်လို့ အားလုံး
က ဒီကိစ္စနဲ့ သူမကို တစ်နေကုန် စနေကြတယ်။ ဒါကြောင့် သူမ အခု ဒေါသ
ဖြစ်ဖို့ သိပ်လွယ်တယ်။

ရွန့်နားရွက် နီလာတယ်။ အဲဒီကစပြီး သူ့ပုံပြင်ဟာ မော်ပညာနဲ့
အိပ်မွေ့ချခံရတဲ့ ပုံပြင်ပြန်ဖြစ်သွားတယ်။

မတ်လထဲရောက်တော့ ရာသီဥတုဟာ နည်းနည်းပွင့်လင်းလာတယ်။
ဒါပေမယ့် အပြင်ဘက်ကွင်းထဲရောက်တိုင်း အေးစက်တဲ့ လေတိုက်ခံရလို့
သူတို့ရဲ့ လက်နဲ့ မျက်နှာတွေ နာကျင်နေတယ်။ လေပြင်းတိုက်လို့ ဇီးကွက်တွေ
မှုံသန်းတဲ့လမ်းကြောင်း ပြောင်းပြောင်းသွားတဲ့အတွက်၊ စာကို အချိန်မီ မပို့နိုင်
ကြဘူး။ ဟယ်ရီဟာ ဟိုဇီးကွက်ညိုညိုကို လွှတ်ပြီး၊ ကျောင်းသားတွေ ရက်
သတ္တပတ်ကုန်မှာ ဟော့ဂ်စ်မိဒ်သွားမယ့် နေ့စွဲကို ဆီးရီးအက်စ်ကြယ်ဆီ စာပို့
ထားတယ်။ ဇီးကွက်ဟာ သောကြာနေ့နံနက်စောစောစာစားချိန်မှာ ပေါ်လာ
တယ်။ ၎င်းကိုယ်ပေါ်က အမွေးအတောင်တစ်ဝက်လောက်ဟာ လေတိုက်လို့
ယိမ်းနေတယ်။ ဟယ်ရီက ဆီးရီးအက်စ်ကြယ်ရဲ့စာကို ဖြုတ်ယူပြီးတာနဲ့ ဇီးကွက်
က ချက်ချင်းပျံထွက်သွားတယ်။ နောက်ထပ်စာပို့ခိုင်းမှာစိုးတာ ထင်ရှားတယ်။

ဆီးရီးအက်စ်ကြယ်ရဲ့ စာဟာ အရင်စာလိုပဲ တိုတိုလေးရယ်။

စနေနေ့၊ မွန်းလွဲနှစ်နာရီ ဟော့ဂ်စ်မိဒ်ရွာအပြင်ဘက် (ဒါးဗစ်ရှ်နဲ့
ဘန်းစ်ကို ဖြတ်သွားတယ်) လမ်းအဆုံးက ခြံစည်းရိုးဘေး။ စားစရာ
များနိုင်သလောက်များများ ယူခဲ့ပါ။

"သူ ဟော့ဂ်စ်မိဒ်ကို မရောက်သေးဘူး ?" ရွန်က မယုံနိုင်ဘဲ
ပြောတယ်။

"ကြည့်ရတာ ဒီအတိုင်းပဲ ထင်တယ်၊ မဟုတ်ဘူးလား" ဟာမီးက
ပြောတယ်။

"ငါတကယ်ပဲ မယုံနိုင်ဘူး" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"တတယ်လို့ သူ အဖမ်းခံရရင် . . . ."

"ခုချိန်ထိ သူ လုံခြုံနေပါသေးတယ်၊ ဟုတ်တယ်မဟုတ်လား" ရွှန်က ပြောတယ်။ "ပြီးတော့ အခု အရင်ကနဲ့မတူဘူး။ နေရာတကာမှာ ဝိညာဉ်စုပ်ကောင်ရှိတာ မဟုတ်ဘူး"

ဟယ်ရီက စာကိုခေါက်ရင်း တွေးနေတယ်။ အမှန်တိုင်းပြောရရင် သူဟာ ဆီးရီးအက်စ်ကြယ်ကို နောက်ထပ်တွေ့ချင်တာအမှန်ပဲ။ ညနေပိုင်း သူ နောက်ဆုံးအချိန် ကျောင်းသွားတက်တယ် —— နှစ်ချိန်ဆက်တက်တဲ့ မှော်ဆေးပညာအချိန်၊ လှေကားထစ်ကနေ မြေအောက်စာသင်ခန်းကို ဆင်းသွားတော့ ခါတိုင်းထက် စိတ်ပျော်တာ တွေ့ရတယ်။

မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ ကျောင်းခန်းရှေ့မှာ ရပ်နေတယ်။ ဖန်စီ-ဖတ်ကင်ဆန်ခေါင်းဆောင်တဲ့ စလေးသရင်းတွေနဲ့ ဝိုင်းဖွဲ့နေတယ်။ သူတို့ဟာ ဘာကိုကြည့်နေမှန်း မသိဘူး (အဲဒါဘာလဲဆိုတာ ဟယ်ရီ မမြင်ရဘူး)။ အားလုံး တခစ်ခစ်နဲ့ ရယ်ရင်း ပျော်နေကြတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ နီးလာတော့ ဖန်စီရဲ့ မြေခွေးမျက်နှာဟာ ဂိုးရဲ့ဝတုတ်တုတ်ကျောပြားကြီးနောက်က တက်ကြွစွာ ပြူထွက်လာတယ်။

"သူတို့လာပြီ၊ သူတို့လာပြီ" သူမက တခစ်ခစ်ရယ်ရင်း ပြောတယ်။ အုံနေကဲ့ စလေးသရင်းတွေ လူခွဲလိုက်ကြတယ်၊ သူမလက်ထဲမှာ မဂ္ဂဇင်းတစ်စောင် ကိုင်ထားတာ ဟယ်ရီ တွေ့ရတယ် —— "မှော်ဆရာအပတ်စဉ်ဂျာနယ်" ။ မျက်နှာဖုံးပေါ်က လှုပ်ရှားတဲ့ဓာတ်ပုံက ဆံထုံးနဲ့ မှော်ဆရာမ။ သူမဟာ သွားဖြီးရယ်နေတယ်၊ သွားတွေအားလုံး ပေါ်နေတယ်။ မှော်ကြိမ်လုံးနဲ့ ရေမြှုပ်ပုံသဏ္ဌာန်ကိတ်မုန့်အကြီးကြီးကို ညွှန်ပြနေတယ်။

"နင်စိတ်ဝင်စားတဲ့အရာကို ဒီထဲမှာ တွေ့လိမ့်မယ်၊ ဂရန်ဂျာ" ဖန်စီက အကျယ်ကြီးပြောပြီး မဂ္ဂဇင်းကို ဟာမီးဆီ ပစ်ပေးတယ်။ ဟာမီးက ဖမ်းယူလိုက်တယ်။ နည်းနည်းပြာသွားသလိုပဲ၊ ဒီအချိန်မှာပဲ မြေအောက်စာသင်ခန်းတံခါး ပွင့်လာတယ်။ စနိတ်ပ်က အားလုံးကို ဝင်ဖို့ခေါ်တယ်။

ဟာမီး၊ ဟယ်ရီနဲ့ ရွှန်ဟာ ခါတိုင်းလိုပဲ ကျောင်းခန်းနောက်ဘက်က စားပွဲတစ်လုံးမှာ သွားထိုင်တယ်။ စနိတ်ပ်က ဒီနေ့ဖော်စပ်ရမယ့် မှော်ဆေးအမယ်တွေကို ရေးဖို့ လှည့်လိုက်ရုံ ရှိသေးတယ်၊ ဟာမီးက စားပွဲအောက်မှာ ဖိုု့မဂ္ဂဇင်းကို အမြန်လှန်ကြည့်တယ်။ နောက်ဆုံး၊ မဂ္ဂဇင်းအလယ်လောက်မှာ



သူတို့ရှာချင်တဲ့ဟာကို တွေ့ပါပြီ။ ဟယ်ရီနဲ့ ရွှန်လည်း ဝိုင်းကြည့်ကြတယ်၊ ဟယ်ရီရဲ့ ရောင်စုံဓာတ်ပုံတစ်ပုံအောက်မှာ ဒီလိုစာတိုလေး ရေးထားတယ်၊

## ဟယ်ရီ-ပေါ်တာရဲ့ လျှို့ဝှက်အသဲကွဲခြင်း

ရင်းဟာ အများနဲ့မတူတဲ့ ကောင်လေးဖြစ်ချင်ဖြစ်မယ် —— ဒါပေမယ့် သူဟာလဲ လူပျိုဖော်ဝင်စမှာ ဖြစ်တတ်တဲ့ စိတ်ဒုက္ခကို ခံစားနေရတယ်၊ ရီတာ-စကီးတာက ဒီလို သတင်းပေးလိုက်တယ်။ မိဘနှစ်ပါး ဆုံးရှုံးပြီးနောက်၊ ဆယ့်လေးနှစ်အရွယ် ဟယ်ရီ-ပေါ်တာဟာ ဟော့ဂ်ဝပ်မှာ ရင်းနဲ့ တတွဲတွဲနေတဲ့ မတ်ဂေါ်အိမ်ထောင်ကလာတဲ့ ဟာမီး-ဂရန်ဂျာဆီမှာ မိမိစိတ်နှစ်သိမ့်မှုကို ရခဲ့တယ်။ ဒါပေမယ့် ရင်းရဲ့ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နေတဲ့ ဘဝထဲမှာ နောက်ချင်းဆိုသလို စိတ်ထိခိုက်မှု ခံရလိမ့်မယ်ဆိုတာ သူဘယ်သိမှာလဲ၊

မစ်ဂရန်ဂျာဟာ ရုပ်ရည်ရွှက်ကြမ်းရေကျိုရှိပြီး၊ ရမ္မက်ကြီးတဲ့ မိန်းကလေးဖြစ်တယ်။ နာမည်ကြီးမှော်ဆရာတွေကို ကြိုက်နှစ်သက်ပုံရတယ်၊ ဟယ်ရီတစ်ယောက်ထဲက သူမလိုအင်ကို မဖြည့်နိုင်ဘူး၊ ဘူဂေးရီးယားအသင်းနာမယ်သမား၊ လွန်ခဲ့တဲ့ကမ္ဘာ့ဖလားပွဲသူရဲကောင်း ဗစ်ခတာ-ခရွန်းမ် ဟော့ဂ်ဝပ်ကို ရောက်လာပြီးကတည်းက၊ မစ်ဂရန်ဂျာဟာ ကောင်လေးနှစ်ယောက်ရဲ့ အချစ်ကို ဆော့ကစားခဲ့တယ်။ ခရွန်းမ်ဟာ ကောက်ကျစ်တဲ့ မစ်ဂရန်ဂျာကြောင့် အစွဲလမ်းကြီး စွဲလမ်းနေပုံရတယ်။ သူက သူမကို နွေကျောင်းပိတ်ရက်မှာ ဘူဂေးရီးယား သွားလည်ဖို့ ဖိတ်ခေါ်ပြီးပြီ၊ သူဟာ "တခြားမိန်းကလေးတွေပေါ်မှာ ဒီလိုခံစားချက်မရှိခဲ့ဖူးဘူး"လို့ ရပ်တည်ပြောဆိုတယ်။

ဒါပေမယ့် ဒီလို ကံမကောင်းအကြောင်းမလှတဲ့ ယောကျ်ားလေးတွေ ဒီလိုစွဲလမ်းစေတာဟာ မစ်ဂရန်ဂျာရဲ့ သဘာဝရုပ်ရည်ကြောင့် မဟုတ်ဘူး၊

"သူမ တကယ့်ကို အရုပ်ဆိုးတယ်" ဖန်စီ-ဖတ်ကင်ဆန်က ပြောတယ်။ ဖတ်ကင်ဆန်ဟာ လှပသွက်လက်တဲ့ စတုတ္ထနှစ်ကျောင်းသူ ဖြစ်တယ်၊ "သူမဟာ အချစ်ဆေးရည်တစ်မျိုး ဖြုလုပ်တာ ဖြစ်နိုင်တယ်။ သူမက သိပ်ဉာဏ်လျင်တာ။ ဟုတ်တယ်၊ သူမက ဒီအတိုင်းလုပ်တာလို့ ကျွန်မထင်တယ်"

ဟော့ဂ်ဝပ်မှာ အချစ်ဆေးရည်ဟာ တားမြစ်တဲ့ထဲမှာပါတာ သေချာတယ်၊ အောဘတ်စ်-ဒမ်ဘလီဒိုးဟာ ဒီကိစ္စကို သေချာစုံစမ်းစစ်ဆေးသင့်တယ်၊ တစ်ချိန်ထဲမှာ ဟယ်ရီ-ပေါ်တာအပေါ် ကောင်းမွန်တဲ့ မျှော်လင့်ချက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ၊ နောက်တစ်ကြိမ် အချစ်စစ်ကို ပေးအပ်တဲ့အခါမှာ ပိုပြီးတန်ဖိုးရှိတဲ့ သူကို ရွေးချယ်ဖို့ မျှော်လင့်ကြတယ်။

"ငါပြောဖူးတယ်" ရွန်က ဆောင်းပါးကို ငုံ့ဖတ်နေတဲ့ ဟာမီးကို ပြော တယ်။ "ငါပြောဖူးတယ်၊ ရီထာ-စကီးထာကို မစနဲ့။ သူမက နင့်ကို နာမည် ဖျက်လိုက်တာ ဟို —— မိန်းမပျက်လိုပဲ"

ဟာမီးမျက်နှာပေါ်က အံ့ဩတဲ့အမူအရာ မရှိတော့ဘူး။ သူမက သရော်ရယ် ထရယ်တယ်။

"မိန်းမပျက် ?" သူမက ထပ်ပြောတယ်။ ရွန့်ကို လှည့်ကြည့်တယ်။ ရယ်တာကို တအားချုပ်တည်းထားတယ်။ တစ်ကိုယ်လုံး တုန်နေတာပဲ။

"ငါ့အမေက သူမတို့ကို ဒီလိုပဲ ခေါ်တယ်" ရွန်က ပွစိပွစိပြောတယ်။ နားရွက်နီလာတယ်။

"တကယ်လို့ ရီထာဟာ ဒါမျိုးလောက်ပဲ လုပ်တတ်တယ်ဆိုရင်၊ သူမ မှာ ဘာပညာမှ ရှိပုံမပေါ်ဘူး" ဟာမီးက ပြောတယ်၊ ရယ်မြဲရယ်နေတယ်။ မဂ္ဂဇင်းကို ဘေးကထိုင်ခုံလွတ်ပေါ် ပစ်ချလိုက်တယ်။ "အစုတ်အပြတ် အမှိုက် သရိုက်တွေချည်းပဲ"

သူမဟာ စလေးသရင်းကျောင်းသားတွေကို မော့်ကြည့်တယ်။ ၎င်းတို့ ဟာ အဝေးကနေ သူမနဲ့ ဟယ်ရီကို ကြည့်နေကြတယ်။ သူတို့ သတင်းဆောင်းပါး ဖတ်ပြီး ဒေါသထွက်နေသလား သိချင်ကြတယ်၊ ဟာမီးက ၎င်းတို့ကို သရော် ရယ်ပြတယ်၊ လက်လဲ ယမ်းပြတယ်။ ဒီနောက် သူမနဲ့ ဟယ်ရီ၊ ရွန်တို့ဟာ ဉာဏ်တိုးဆေးပြုလုပ်ဖို့ ဆေးတွေကို ယူထုတ်ကြတယ်။

"ဒါပေမယ့် နည်းနည်းတော့ ထူးဆန်းတယ်" ဆယ်မိနစ်ကြာတော့ ဟာမီးက ကျည်ပွေ့ကို ချေးပိတုန်းကောင်တစ်ပန်းလုံးပေါ် မြှောက်ထားရင်း ပြောတယ်။ "ရီထာ-စကီးထာ ဘယ်လိုလုပ်သိတာလဲ . . . ."

"ဘာသိတာလဲ" ရွန်က အမြန်မေးတယ်။ "နင် တကယ်ပဲ အချစ် ဆေးရည် ပြုလုပ်လို့လား"

"မအစမ်းပါနဲ့" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်၊ ဆက်ပြီး မိမိရဲ့ ချေးပိတုန်းတောင်ကို ထောင်းချေတယ် . . . . "မဟုတ်သေးဘူး၊ အံ့ဩစရာ . . . . သူမဟာ ဘယ်လိုလုပ်ပြီး ဗစ်ခတာက ငါ့ကို နွေကျောင်းပိတ်ရက်မှာ



သူ့ဆီ သွားလည်ဖို့ ဖိတ်တာကို သိတာလဲ"

ဟာမီး ဒီစကားပြောတဲ့အခါမှာ ရှက်လို့ မျက်နှာကြီး နီနေတယ်၊ ရွန့်အကြည့်ကို ရှောင်နေတယ်။

"ဘာလဲ ?" ရွန်က ပြောတယ်။ ဒိုင်းခနဲ သူ့ကျည်ပွေ့ စားပွဲပေါ် ပြုတ်ကျသွားတယ်။

"သူက ငါ့ကို ရေကန်ထဲက ဆွဲတင်လိုက်တာနဲ့ ငါ့ကို ဖိတ်တာပဲ" ဟာမီးက အသံနှိမ့်ပြောတယ်။ "အဲဒီတုန်းက သူ့ငမန်းခေါင်းကို ဖယ်ရှားပစ်ခဲ့ ပြီးသေးတယ်၊ မဒမ်ဖွမ်ဖရေက စောင်ကို ငါတို့နှစ်ယောက် လာပေးတယ်၊ အဲဒီအချိန်မှာ ခရွန်းမ်က ဒိုင်လူကြီးတွေမကြားအောင် ငါ့ကို တစ်ဖက်ခေါ် သွားပြီး ပြောတယ်၊ တကယ်လို့ နွေကျောင်းပိတ်ရက်မှာ တခြားအလုပ်မရှိရင် သူ့ဆီ သွားချင် ——"

"နင်က ဘယ်လိုပြောလဲ" ရွန်က ပြောတယ်၊ သူဟာ ကျည်ပွေ့ကို ကောက်ပြီး စားပွဲပေါ်မှာ ဖြစ်သလိုထောင်းနေတယ်။ သူ့ပန်းကန်နဲ့ လေးငါး လက်မ ကွာနေတယ်။ သူက စိတ်မပါဘဲ ဟာမီးကိုပဲ ကြည့်နေလို့။

"ပြီးတော့၊ သူများပေါ်မှာ ဒီလိုခံစားရဖူးဘာ မရှိခဲ့ဘူးလို့ သူ တကယ် ပြောဖူးတယ်" ဟာမီးက ဆက်ပြောတယ် —— သူမမျက်နှာဟာ မီးတောက် လို နီရဲနေတယ်။ သူမကိုယ်ပေါ်က ထွက်လာတဲ့အပူငွေ့ကို ဟယ်ရီ ခံစားရ တယ်။ "ဒါပေမယ့် ရီထာ-စကီးထာဟာ သူ့စကားကို ဘယ်လိုကြားတာလဲ၊ သူမ အဲဒီတုန်းက မရှိမှမရှိတာ . . . . သူမ ရှိနေလို့လား၊ သူမမှာလဲ ကိုယ် ဖျောက်ဝတ်ရုံတစ်ထည် ရှိနေလို့လား၊ သူမ ကွင်းထဲကို တိတ်တိတ်ဝင်လာပြီး ဒုတိယကဏ္ဍကို လာကြည့်သလား . . . ."

"နင်က ဘယ်လိုပြောလဲ" ရွန်က ဆက်မေးပြန်တယ်။ ကျည်ပွေ့ကို အားထုချလိုက်တာ စားပွဲကို ခွက်သွားတယ်။

"အော၊ ငါ အဲဒီတုန်းက နင်နဲ့ဟယ်ရီ ကောင်းကောင်းမွန်မွန် ရှိရဲ့ လားဆိုတာပဲ ကြည့်နေတာ ——"

"မစ်ဂရန်ဂျာ၊ မင်းရဲ့ ဆိုရှယ်ဘဝဟာ အလွန်ကြွယ်ဝပေမယ့်" သူတို့ နောက် အေးစက်စက်အသံတစ်သံပေါ်လာလို့ သူတို့သုံးဦးစလုံး လန့်သွားတယ်။ "ဒါပေမယ့် မင်းကို သတိပေးရမှာက ကျုပ်စာသင်ချိန်မှာ တတွတ်တွတ်လုပ်လို့ မရဘူး၊ ဂရစ်ဖင်းဒေါကို ဆယ်မှတ်လျှော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



စနိတ်ပ်ဟာ သူတို့စကားပြောနေစဉ်၊ တိတ်တိတ်ကလေး သူတို့စား
နား ရောက်လာတာ။ ကျောင်းသားအားလုံး သူတို့ကို လှည့်ကြည့်တယ်။ မော်
ဟာ ဒီအခွင့်ကောင်းကိုယူပြီး ကျောင်းခန်းတစ်ဖက်ကနေ 'ပေါ်တာ ချေး
နံတယ်' ရင်ထိုးကို ဟယ်ရီဘက် လှည့်ပြီး တလက်လက် လက်ပြတယ်။

"အား . . . . စားပွဲအောက်ဝှက်ပြီး မဂ္ဂဇင်းကြည့်သေးတယ်
စနိတ်ပ်က ပြောပြန်တယ်။ အဲဒီ 'မှော်ဆရာအပတ်စဉ်မဂ္ဂဇင်း'ကို ဆွဲလို
တယ်။ "ဂရစ်ဖင်းဒေါ်ကို နောက်ထပ် ဆယ်မှတ်လျှော့တယ် . . . . ဒါပေမ
ဒါပေါ့လေ . . . ." စနိတ်ပ်အကြည့်ဟာ ရီတာ-စကီးတာရဲ့ ဟိုဆောင်းပါးပေ
ရောက်သွားတယ်။ မျက်လုံးနက်နက်ဟာ ချက်ချင်း အရောင်တောက်လာတယ်
"ပေါ်တာက သတင်းကိုက်ညှပ်ယူဖို့ လိုတာကိုး . . . ."

မြေအောက်စာသင်ခန်းထဲမှာ [illegible]သရင်းတွေရဲ့ရယ်သံ ဝုန်းခ
ဖြစ်သွားတယ်၊ စနိတ်ပ်ရဲ့ နှုတ်ခမ်းပါးပ[illegible]ည်း တွန့်နေတယ်။ အကော
မဟုတ်တဲ့အပြုံး ပေါ်လာတယ်။ ဟယ်ရီ တအားစိတ်ဆိုးတာက၊ စနိတ်ပ်ဟ
အဲဒီဆောင်းပါးကို အကျယ်ကြီးအော်ဖတ်လို့ပဲ။

"ဟယ်ရီ-ပေါ်တာရဲ့ လျှို့ဝှက်အသဲကွဲခြင်း . . . . ဘုရား၊ ဘုရာ
ပေါ်တာ၊ မင်း ဘာရောဂါထပြန်ပလဲ။ သူဟာ အများနဲ့မတူတဲ့ကောင်လေ
ဖြစ်ချင်ဖြစ်မယ် . . . ."

မိမိမျက်နှာတွေ ပူနေတယ်လို့ ဟယ်ရီ ထင်တယ်။ စနိတ်ပ်ဟ
တစ်ခွန်းဖတ်လိုက် ရပ်လိုက်၊ စလေးသရင်းတွေ ဝအောင်ရယ်စေတယ်။
ဆောင်းပါးဟာ စနိတ်ပ်ပါးစပ်က ဖတ်လိုက်တော့၊ အကျိုးသက်ရောက်မှု
ဆယ်ဆဆိုးတယ်။ အခု ဟာမီးမျက်နှာတောင် နီရဲနေပြီ။

". . . . ဟယ်ရီ-ပေါ်တာ့အပေါ် ကောင်းမွန်တဲ့မျှော်လင့်ချက်ထား
လူတွေက၊ နောက်တစ်ကြိမ် အချစ်စစ်ကို ပေးအပ်တဲ့အခါမှာ၊ ပိုပြီးတန်ဖိုးရှိ
သူကို ရွေးချယ်ဖို့ မျှော်လင့်ကြတယ်။ ဘယ်လောက် စိတ်ထိခိုက်စရာကောင်းလဲ
စနိတ်ပ်က သရော်ပြောတယ်။ စလေးသရင်းတွေရဲ့ အော်ရယ်သံထဲမှာ မဂ္ဂဇ
ကို လိပ်လိုက်တယ်။ "ဟင်း၊ မင်းတို့သုံးယောက်ကို ခွဲထားရင်ကောင်းမယ်
ဒါမှ ဒီလိုရှုပ်ရှုပ်ယှက်ယှက်၊ အပျော်အပါးကိစ္စတွေကိုချည်း တွေးမနေဘဲ ဆေး
ဖော်စပ်တဲ့ထဲမှာ အာရုံစူးစိုက်နိုင်မှာ။ ဝယ်စလီ၊ မင်း အဲဒီမှာပဲ ထိုင်နေ
မစ်ဂရန်ဂျာ၊ မင်း ဟိုမှာ သွားထိုင်။ မစ်ဖတ်ကင်ဆန်ဘေးမှာ ထိုင်။ ပေါ်တာ



— ကျုပ် စာသင်စင်ရှေ့က စားပွဲမှာ သွားထိုင်။ ကောင်းပြီ၊ မြန်မြန်လုပ်ကြ"

ဟယ်ရီ အသေစိတ်ဆိုးနေတယ်။ သူက ဆေးတွေနဲ့ လွယ်အိတ်ကို
ဆေးကျိုအိုးထဲ ပစ်ထည့်လိုက်ပြီး ဆေးကျိုအိုးကိုမ,ကာ ကျောင်းခန်းရှေ့က
စားပွဲလွတ်ဆီ သွားတယ်။ စနိတ်ပ်ကလည်း လိုက်သွားပြီး သူ့စာသင်စင်ဘေးမှာ
ထိုင်နေတယ်။ ဟယ်ရီ ဆေးကျိုအိုးထဲကပစ္စည်းတွေ တစ်ခုပြီးတစ်ခု ယူထုတ်
တာကို ကြည့်နေတယ်။ ဟယ်ရီက စနိတ်ပ်ကို မကြည့်ဖို့ ဆုံးဖြတ်ထားတယ်။
မီးချေးပိုးတုန်းကောင်တွေကို စထောင်းချေတယ်။ ချေးပိုးတုန်းကောင်အားလုံး
စနိတ်ပ်မျက်နှာဖြစ်ဖို့ စိတ်ကူးယဉ်နေတယ်။

"မင်းဟာ မီဒီယာတွေစိတ်ဝင်စားတဲ့ စုမှတ်ဖြစ်နေပြီ။ ဒါက မင်းရဲ့
စကတည်းက မသေးတဲ့ခေါင်းကို ဖောင်းပွလာစေတယ်၊ ပေါ်တာ" ကျောင်း
ခန်းထဲက တခြားကျောင်းသားတွေ ငြိမ်သက်သွားတော့ စနိတ်ပ်က တိုးတိုးပြော
တယ်။

ဟယ်ရီ ပြန်မဖြေဘူး။ စနိတ်ပ်ဟာ သူ့ကို ဆွပေးချင်တယ်၊ စိတ်ဆိုး
အောင် လုပ်ချင်တယ်ဆိုတာ သူသိတယ်။ စနိတ်ပ် အရင်ကလည်း ဒါမျိုး လုပ်ဖူး
တယ်။ သူဟာ ကျောင်းမဆင်းခင်မှာ ဂရစ်ဖင်းဒေါ်ကို အမှတ်ငါးဆယ် လျှော့
ချင်တာ ပြောစရာမလိုဘူး။

"မင်းဟာ မှော်လောကတစ်ခုလုံး မင်းကို အံ့သြဘနန်း ဖြစ်နေလိမ့်
မယ်လို့များ ထင်နေတယ်ထင်တယ်" စနိတ်ပ်က ဆက်ပြောတယ်။ သူ့အသံက
အလွန်သေးလို့ ကျန်ကျောင်းသားတွေ မကြားဘူး (ဟယ်ရီဟာ မိမိရဲ့ချေးပိုးတုန်း
ကောင်ကိုပဲ ထောင်းနေတယ်။ ချေးပိုးတုန်းကောင်တွေဟာ မှုန့်ညက်နေပေမယ့်
ဆက်ထောင်းတုန်းပဲ)။ "ဒါပေမယ့် မင်းဓာတ်ပုံ သတင်းစာပေါ်မှာ ဘယ်နှစ်ကြိမ်
ပါတယ်ဆိုတာ ငါ စိတ်မဝင်စားဘူး။ ငါ့မျက်စိထဲမှာ ပေါ်တာ၊ မင်းဟာ မုန်းစရာ
ကောင်သာဖြစ်တယ်။ ဒါပေမယ့် မင်းဟာ မိမိ ဘာစည်းကမ်းကလနားမှ
လေးမထားဘူးလို့ ထင်နေတယ်"

ဟယ်ရီဟာ ချေးပိုးတုန်းကောင်မှုန့်တွေကို ဆေးကျိုအိုးထဲ လောင်း
ထည့်လိုက်တယ်။ ဂျင်းမြစ်ကို စတင်လှီးဖြတ်တယ်။ သူဟာ ဒေါသကြောင့်
လက်တွေအနည်းငယ် တုန်နေတယ်။ ဒါပေမယ့် သူဟာ အစအဆုံးမျက်လွှာ
ချထားတယ်။ စနိတ်ပ် သူ့ကို ပြောတဲ့စကားကို လုံးဝမကြားဘူးလို့ပဲ။

"ဒါကြောင့်၊ ကျုပ် မင်းကို စိတ်ကောင်းနဲ့သတိပေးချင်တယ်၊ ပေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ခနဲဘဲပ်က ပို၍သိမ်မွေ့၊ ပို၍ကောက်ကျစ်တဲ့အသံနဲ့ ပြောတယ်။ "မင်းမှ
နာမည်လေးရနေပေမယ့် —— တကယ်လို့ မင်း ငါ့ရုံးခန်းထဲဝင်တာ တွေ့ရှိ
——

"ကျွန်တော် သင့်ရုံးခန်းကို ဘယ်တုန်းကမှ အနားတောင်မကပ်ဘူး
ဟယ်ရီက ဒေါသထွက်ပြီး ပြောတယ်။ ခုနက နားကန်းချင်ယောင်ဆောင်
ဘာကို ပစ်ထားလိုက်တယ်။

"ငါ့ကို မလိမ်နဲ့" စနိတ်ပ်က အသံနှိမ့်ပြောတယ်။ ဘာရယ်လို့ ဝေခွဲ
မရတဲ့ သူ့မျက်လုံးနက်နက်ဟာ ဟယ်ရီ့ကို ဒေါသနဲ့ ကြည့်နေတယ်။ "အာဖရိ
သစ်ပင် မြွေရေခွံ၊ ပါးဟက်ပင်။ ဒီနှစ်မျိုးစလုံးဟာ ငါ့ပုဂ္ဂလိကသိုလှောင်ထား
ပစ္စည်းတွေ။ ဘယ်သူခိုးတယ်ဆိုတာ ကျုပ်သိတယ်"

ဟယ်ရီက အလျှော့မပေးဘဲ စနိတ်ပ်ကို စိုက်ကြည့်နေတယ်။ သူဟာ
မျက်တောင်မခတ်ဘဲ တင်းထားတယ်။ စိတ်အားငယ်ပုံလည်း မပြဘူး။ အမှ
ပြောရရင် သူ စနိတ်ပ်ဆီက ဒီပစ္စည်းနှစ်မျိုး မခိုးခဲ့ဘူး။ ဒုတိယနှစ်တုန်း
ဟာမီး အာဖရိကသစ်ပင် မြွေရေခွံ ယူခဲ့ဖူးတယ် —— သူတို့ ကွန်ပေါ
ဆေးရည်ပြုလုပ်ဖို့ ၎င်းကိုလိုလို့ —— ထိုစဉ်က စနိတ်ပ်ဟာ ဟယ်ရီ့ကို သံသ
ဖြစ်တယ်။ ဒါပေမယ့် သက်သေအထောက်ထား မရခဲ့ဘူး။ အဲဟို ပါးဟက်ပ
ကတော့ ဒေါ်ဘီ ခိုးတယ်ဆိုတာ ပြောစရာမလိုဘူး။

"သင် ဘာပြောနေတယ်ဆိုတာ ကျွန်တော် မသိဘူး" ဟယ်ရီက အေ
စက်စက်ပြောတယ်။

"ကျုပ်ရုံးခန်းကို လူဝင်တဲ့ညက မင်း ကိုယ့်ခုတင်ပေါ်မှာ မရှိဘူ
စနိတ်ပ်က တရှိုးရှိုးပြောတယ်။ "ဒါ ကျုပ်ကို ဖုံးကွယ်လို့မရဘူး၊ ပေါ်တ
ဟုတ်တယ်။ အရူးမျက်လုံး မူးဒီဟာလဲ မင်းရဲ့ အချစ်တော်ကလပ်ဝါသနာ
ဖြစ်ချင်ဖြစ်နေမယ်။ ဒါပေမယ့် မင်းအပြုအမူကို ကျုပ် နောက်ထပ်သည်းခံ
မဟုတ်တော့ဘူး။ တကယ်လို့ ညဉ့်နက်သန်းခေါင် ကျုပ်ရုံးခန်းထဲ ထပ်ဝင်ခဲ့
ပေါ်တာ၊ ကြည့်သေးတာပေါ့"

"ကောင်းပြီ" ဟယ်ရီက အေးဆေးစွာ ပြောတယ်။ ခေါင်းငုံ့ပြီး ဂျင်း
ကို လှီးနေပြန်တယ်။ "ကျွန်တော် အဲဒါ မှတ်ထားတယ်။ တော်ကြာ ကျွန်တေ
ဝင်ချင်စိတ်ပေါက်လာပြီး အဲဒီကိုသွားမိမှာ စိုးလို့"

စနိတ်ပ်မျက်လုံး လက်သွားတယ်။ သူက လက်တစ်ဖက်ကို ၎င်



တော်ရုံနက်ထဲ နှိုက်လိုက်တယ်။ ခဏတာအတွင်းမှာ ဟယ်ရီက စနိတ်ပ် မော်
လမ်လုံးဆွဲထုတ်ပြီး မိမိကို ကျိန်စာချတော့မယ်ထင်တာ —— ဒီနောက်
နိတ်ပ်က ခရစ်ဆယ်ပုလင်းလေးတစ်လုံး ယူထုတ်လိုက်တာ မြင်ရတယ်။
လင်းထဲမှာက ကြည်လင်တဲ့ဆေးရည် ရှိတယ်။ ဟယ်ရီက သေချာကြည့်နေ
တယ်။

"ဒါဘာလဲဆိုတာ မင်းသိလား၊ ပေါ်တာ" စနိတ်ပ်က ပြောတယ်။
သူ့မျက်လုံးတွေထဲမှာ စိတ်ယုတ်တဲ့အရောင် တောက်နေတယ်။

"မသိဘူး" ဟယ်ရီက ပြောတယ်။ ဒီတစ်ကြိမ်မှာ သူက ရိုးရိုးသား
သားပြောတာ ဖြစ်တယ်။

"အမှန်ဖွင့်ပြောဆေးရည် —— မင်းကို အမှန်အတိုင်းပြောစေမယ့်
ဆေးရည်။ အကျိုးသက်ရောက်မှု အထူးကောင်းတယ်။ သုံးစက်ထဲနဲ့ မင်းစိတ်ထဲ
နက်ရှိုင်းစွာရှိနေတဲ့ လျှို့ဝှက်ချက်ကို ဖွင့်ပြောစေနိုင်တယ်။ ကျောင်းသားအား
လုံး နားထောင်ရတာပေါ့" စနိတ်ပ်က အမုန်းနဲ့ပြောတယ်။ "ဒီဆေးမျိုး အသုံး
ပြုတာမှာ မော်ဝန်ကြီးဌာနက တင်းကျပ်စွာ ချုပ်ကိုင်တာတော့ အမှန်ပေါ့။
ဒါပေမယ့် မင်း သေချာသတိထားနေ၊ နို့မို့ရင် ကျုပ်က လက်လွန်သွားနိုင်တယ်"
—— သူက ခရစ်ဆယ်ပုလင်းကို အသာလှုပ်နေတယ် —— "မင်း ညစာ
မွှေပရုံသီးအရည်ထဲ သွန်ထည့်ထားမှာ။ ပြီးတော့၊ ပေါ်တာ . . . . ပြီးတော့
ကျုပ်တို့က မင်း ကျုပ်ရုံးခန်း ဝင်ခဲ့ဖူးလား၊ မဝင်ခဲ့ဖူးလားဆိုတာ ရှင်းသွားမယ်"

ဟယ်ရီ စကားမပြောဘူး။ သူဟာ မိမိရဲ့ ဂျင်းမြစ်ဆီ ပြန်လှည့်လိုက်
တယ်။ ဓားကလေးနဲ့ ၎င်းတို့ကို သေးသေးလှီးဖြတ်တယ်။ စနိတ်ပ်ပြောတဲ့
အမှန်ဖွင့်ပြောဆေးရည်ကို ဟယ်ရီ အလွန်နှစ်မုန်းတယ်။ စနိတ်ပ်ဟာ သူ့ကို
တိတ်တိတ် အစက်ချမယ်လို့လဲ ယုံကြည်တယ်။ တကယ်လို့ စနိတ်ပ် ဒီအတိုင်း
လုပ်ခဲ့ရင်၊ မိမိပါးစပ်ထဲက ဘာတွေများ ပြောထုတ်မယ်မသိဘူးလို့ သူက
တွေးကြည့်တယ်။ ဒါကို တွေးမိတော့၊ သူကြက်သီးမွေးညင်းတောင် ထသွား
တယ် . . . . သူ့ကြောင့် လူအတော်များများ ပြဿနာတက်ရလိမ့်မယ် ——
အရင်ဆုံးက ဟာမီးနဲ့ ဒေါ်ဘီ —— ပိုဆိုးတာက သူ့ရင်ထဲမှာ လျှို့ဝှက်ချက်
အများကြီးရှိသေးတယ် . . . . ဥပမာ၊ သူဟာ ဆီးရီးအက်စ်ကြယ်နဲ့ တစ်
လျှောက်လုံး ဆက်သွယ်မှုရှိတာ . . . . ရှိသေးတယ် —— သူတွေးပိုက်တိုင်း
ရင်ထဲ ပြောင်းဆန်သွားတယ် —— ချိုအပေါ် သူ့ခွဲလမ်းမှု . . . . သူက

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းမြစ်ကို ဆေးကျိုအိုးထဲ ထည့်လိုက်တယ်။ စိတ်ထဲက မှုးဒီကို အတုခိုးပြ ဘောင်းဘီအိတ်ကပ်ထဲမှာ အရက်ဘူးခုံးတစ်လုံး ထည့်ထားပြီး အဲဒီအထဲ ဟာပဲ သောက်ရမလားလို့ တွေးတယ်။

ကျောင်းခန်းတံခါးကို ခေါက်သံ ပေါ်လာတယ်။

တံခါးပွင့်သွားတယ်။ ကျောင်းသားအားလုံး လှည့်ကြည့်တယ် ပါမောက္ခ ခါခါရော့ဖ် ဝင်လာတယ်။ သူ စနိတ်ပ်စာသင်စင်ဆီသွားတာ အားလုံ ကြည့်နေတယ်။ သူဟာ လက်ချောင်းနဲ့ ဆိတ်မုတ်ဆိတ်ကို ရစ်နေတယ်။ သိ သောကရောက်နေတဲ့ပုံပဲ။

“ကျုပ်တို့စကားပြောဖို့ လိုတယ်” စနိတ်ပ်ဘေးရောက်တာနဲ့ ခါ ရော့ဖ်က တန်းပြောတယ်။ ဘယ်သူမှမကြားအောင်ပြောမယ်လို့ ဆုံးဖြတ်ထာ တယ်နဲ့တူတယ်။ သူ့နှုတ်ခမ်းမလှုပ်သလောက်ပဲ။ ဒါကြောင့် သူဟာ အလွ ခေတဲ့ ဗင်ထရစ်အောခွစ် (အခြားတစ်ဦးက အဝေးတစ်နေရာမှ အသံထွက် လာတယ်လို့ ထင်မှတ်ရအောင် ပြောဆိုတတ်သူ —— ဘာသာပြန်သူ) တ ယောက်နဲ့တူနေတယ်။ ဟယ်ရီဟာ ဂျင်းမြစ်ကို စိုက်ကြည့်ရင်း နားစွင့်နေတယ်

“ကျုပ်ကျောင်းဆင်းပြီးမှ ခင်ဗျားနဲ့ပြောမယ်၊ ခါခါရော့ဖ်” စနိတ်ပ် တိုးတိုးပြောတယ်။ ဒါပေမယ့် ခါခါရော့ဖ်က သူ့ကို ဖြတ်ပြောတယ်။

“ကျုပ်အခုပဲပြောချင်တယ်။ မင်းထွက်မပြေးခင် ဆီးဗရတ်စ်၊ မင ငါ့ကို ပုန်းပုန်းနေတယ်”

“ကျောင်းဆင်းမှလုပ်ပါ” စနိတ်ပ်က မာမာပြောတယ်။

ဟယ်ရီက ချိန်ခွက်ကိုမ,ပြီး သူသွန်ထည့်လိုက်တဲ့ သင်းခွေချပ်သည် ခြေအရည် လုံလောက်သလား ကြည့်ဟန်ဆောင်ပြီး မျက်စိထောင့်ကနေ သူ နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်တယ်။ ခါခါရော့ဖ်ဟာ တုန်လှုပ်ချောက်ချာ နေတဲ့ပုံ။ စနိတ်ပ်က အလွန်စိတ်ဆိုးနေတယ်။

အဲဒီနှစ်ချိန်တွဲတက်တဲ့ ကျန်အချိန်အတွင်းမှာ ခါခါရော့ဖ်ဟာ စနိတ် စာသင်စင်နောက်မှာ တဝဲလည်လည် လုပ်နေတယ်။ သူ့ကြည့်ရတာ စနိတ် ကျောင်းဆင်းတာနဲ့ လစ်မသွားရအောင် စောင့်နေသလိုပဲ။ ခါခါရော့ဖ် ဘာ ပြောမယ်ဆိုတာ ဟယ်ရီ သိပ်သိချင်တယ်။ ဒါကြောင့် မကျောင်းဆင်းဖို့ နှစ်မိနစ် အလိုမှာ သင်းခွေချပ်သည်းခြေအရည်ကို တမင်မှောက်ပစ်လိုက်တယ်။ ဒီလို ဆိုတော့ တခြားကျောင်းသားတွေ ဆူဆူညံညံနဲ့ တံခါးဝဆီ သွားကြစဉ် သူ့မှာ



းကျိုအိုးနောက် ဆောင့်ကြောင့်ထိုင်ပြီး အဝတ်နဲ့ ကြမ်းကို သုတ်ဖို့ အကြောင်း ခက် ရသွားတယ်။

“ဘာကိစ္စ ဒီလောက် အလောတကြီး ဖြစ်တာလဲ” စနိတ်ပ်က အသံ ပြီး ခါခါရော့ဖ်ကိုပြောတာ သူကြားရတယ်။

“မင်းကြည့်စမ်း” ခါခါရော့ဖ်က ပြောတယ်။ ဟယ်ရီက ဆေးကျိုအိုး က ခိုးကြည့်လိုက်တယ်။ ခါခါရော့ဖ်ဟာ ဝတ်ရုံရှည် ဘယ်ဘက်လက်မောင်း ို လှန်ပြီး စနိတ်ပ်ကို သူ့လက်တံတောင်ဆစ်အောက်ပိုင်းကို ပြတယ်။

“ဘယ့်နှယ့်လဲ” ခါခါရော့ဖ်က မိမိနှုတ်ခမ်းမလှုပ်အောင် ပင်ပန်း စွာ ပြောတယ်။ “မြင်ပြီလား၊ ဘယ်တုန်းကမှ ဒီလောက် မပေါ်လွင်ဘူး ——”

“မြန်မြန်ဖုံးထား” စနိတ်ပ်က ဟောက်တယ်။ မျက်လုံးနက်နက်တွေက ောင်းခန်းကို ဝေ့ကြည့်တယ်။

“ဒါပေမယ့် မင်းသတိထားမိရောပေါ့ ——” ခါခါရော့ဖ်ဟာ ပူပန်တဲ့ သံနဲ့ပြောတယ်။

“နောက်မှဆွေးနွေးမယ်၊ ခါခါရော့ဖ်” စနိတ်ပ်က မာမာပြောတယ်။ တာ၊ မင်းဘာလုပ်နေလဲ”

“ကျွန်တော် ဖိတ်သွားတဲ့သင်းခွေချပ်သည်းခြေအရည်ကို သုတ်သင် ာပါ၊ ပါမောက္ခ” ဟယ်ရီက ရိုးစင်းဟန်ဆောင်ပြီးပြောရင်း ခါးမတ်လိုက် ယ်။ လက်ထဲက အဝတ်စုတ်စိုစိုကို မြှောက်ပြတယ်။

ခါခါရော့ဖ်လှည့်ပြီး ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။ သူ့ကြည့်ရ စိတ်လဲပူတယ်။ ဒေါသလဲဖြစ်သလိုပဲ။ ဟယ်ရီဟာ ဒေါသူပုန်ထတော့ ် စနိတ်ပ်နဲ့ နှစ်ယောက်တည်း ဆက်မနေချင်လို့ စာအုပ်နဲ့ ဆေးတွေကို ယ်အိတ်ထဲ ပစ်ထည့်ပြီး အလျင်အမြန် ထွက်လာခဲ့တယ်။ ခုနက မြင်တွေ့ ဲ့အကြောင်းကို ရွန်နဲ့ဟာမီးကို သူပြောပြချင်တယ်။

ဒုတိယနေ့နေ့လယ် သူတို့ ရဲတိုက်ကထွက်လာတော့ ကွင်းကို ဖျော့ ာ့တဲ့ငွေရောင်နေခြည်ထိုးနေတာ တွေ့ရှိရတယ်။ ရာသီဥတုကတော့ တစ် င်း အနွေးဆုံးအချိန်ပဲ။ သူတို့ ဟော့ဂ်စ်မိဒ်ရွာရောက်တော့ သုံးယောက် င်း မြူထည်ကို ချွတ်ပစ်လိုက်ပြီး ပခုံးပေါ် တင်ထားလိုက်ကြတယ်။ ဆီးရီး

www.burmeseclassic.com



အက်စ်ကြယ်က သူတို့ကို ယူလာခိုင်းတဲ့ အစားအစာတွေဟာ ဟယ်ရီ့လွ အိတ်ထဲမှာ ရှိတယ်။ သူတို့ဟာ နေ့လယ်ထမင်းစားစဉ် ကြက်ပေါင် ဆယ် လောက်ရယ်၊ ပေါင်မုန့်ရှည်တစ်လုံးရယ်၊ ပြီးတော့ ဧရွှဖရုံသီးရည် တစ်ပုလ နယ် ခိုးလာကြတယ်။

သူတို့ဟာ ဂလက်ဒ်ရက်ဂ်စ်မှော်ဆရာအကျီဆိုင်မှာ ဖေ့ါဘီအတွ လက်ဆောင်ဝယ်တယ်။ သူတို့ဟာ ရှိသမျှထဲက အတောက်ပဆုံး၊ အထူး ဆုံးခြေစွပ်တွေ ရွေးထုတ်ကြတယ်။ ခြေစွပ်တစ်ရန်ပေါ်မှာက လက်နေ ရွှေကြယ်ငွေကြယ်ဒီဇိုင်း။ တစ်ရန်ကတော့ သိပ်နံလာရင် ထအော်တတ်တ သူတို့ရွေးရင်း သိပ်ပျော်နေတယ်။ တစ်နာရီခွဲတော့ သူတို့ဟာ လမ်းမ အတိုင်း ဒါးဗစ်ရှိုနဲ့ ဘန်းစ်ကိုဖြတ်ပြီး ရွာပြင်ကို လျှောက်သွားတယ်။

အရင်က ဒီဘက်ဆီကို ဟယ်ရီမရောက်ဖူးဘူး။ ကွေ့ကောက်တဲ့ လ ကလေးက သူတို့ကို ဟော့ဂ်စ်မိဒ်ရွာပြင်က မဖွံ့ဖြိုးတဲ့ကျေးလက်ဆီ ပို့ပေးလို တယ်။ ဒီမှာ သစ်သားအိမ်အချို့သာ ရှိတယ်။ ဒါပေမယ့် အိမ်တိုင်းမှာ အကျယ်ကြီးရှိတယ်။ သူတို့ တောင်ခြေကိုလျှောက်သွားတယ်။ ဟော့ဂ်စ် ရွာဟာ အဲဒီတောင်ကြီးရဲ့အရိပ်ထဲမှာ ကျရောက်နေတယ်။ ဒီနောက်ထေ သူတို့ ကွေ့ချိုးတစ်ခုကို ချိုးလိုက်တယ်။ လမ်းကလေးအဆုံးမှာ ခြံစည်းရိုးရှိ တွေ့ရတယ်။ အဲဒီနေရာမှာ သူတို့ကိုစောင့်နေတာကတော့ အမွေးစုတ်ဖွာ ခွေးကြီးတစ်ကောင်။ ၎င်းရဲ့ရှေ့ခြေထောက်ကို ခြံစည်းရိုးရဲ့အပေါ်ဆုံးတန်း တင်ထားတယ်။ ပါးစပ်ထဲမှာ သတင်းစာတချို့ ခဲထားတယ်။ ဒီခွေးကို ကြ ရတာ မြင်ဖူးသလိုပဲ . . . .

"မင်္ဂလာပါ၊ ဆီးရီးအက်စ်ကြယ်" သူတို့လျှောက်သွားတော့ ဟယ်ရီ ပြောတယ်။

ခွေးနက်ကြီးဟာ ဟယ်ရီ့လွယ်အိတ်ကို အငမ်းမရ နမ်းနေတယ် အမြီးလှုပ်လိုက်တယ်။ ဒီနောက် လှည့်ပြီး ချုံပုပ်တွေရှိတဲ့ ကွင်းထဲမှာ အ လေးသွားတယ်။ ဒီကွင်းဟာ ကျောက်ဆောင်တွေပေါတဲ့တောင်ခြေကို ပေါ တယ်။ ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ဟာ ခြံစည်းရိုးကို အမြန်ကျော်ဖြတ်ပြီး နောက် လိုက်သွားတယ်။

ဆီးရီးအက်စ်ကြယ်ဟာ သူတို့ကိုခေါ်ပြီး တောင်ခြေထိ လာတယ် ဒီကမြေပြင်မှာ ကျောက်တုံးကြီး၊ ကျောက်တုံးသေးတွေနဲ့ ပြည့်နေတယ်။ ၎င်း



ခြေထောက်လေးချောင်းရှိလို့ သွားရတာပေ့ါပါးသွက်လက်တယ်။ ဒါပေမယ့် ယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ကတော့ မကြာခင်မှာပဲ မောဟိုက်လာကြတယ်။ သူတို့ ာ ဆီးရီးအက်စ်ကြယ်နောက်လိုက်သွားတာ ကြာလေထေးလေပဲ။ အထက်ကို ာက်ကြတယ်။ သူတို့ဟာ ဆီးရီးအက်စ်ကြယ်ရဲ့ လှုပ်ယမ်းတဲ့အမြီးနောက်က း ကွေ့ကောက်မတ်စောက်ပြီး ကျောက်တုံးကျောက်စွယ်တွေနဲ့ လမ်းတငေး နေ အထက်ကို နာရီဝက်လောက် တက်လာခဲ့တယ်။ နေပြင်းလို့ သူတို့ ူးရွှဲနေပြီ။ ဟယ်ရီ့လွယ်အိတ်ကြိုးက သူ့ပခုံးကို နာလာစေတယ်။

နောက်ဆုံး ဆီးရီးအက်စ်ကြယ် လှစ်ခနဲ ပျောက်သွားတယ်။ သူတို့ ်တွေ ၎င်းပျောက်သွားတဲ့နေရာကိုရောက်တော့ ကျောက်ဆောင်ပေါ်မှာ ျဉ်းမြောင်းတဲ့အပေါက်ရှိတာ တွေ့ရတယ်။ သူတို့ တိုးဝင်သွားတယ်။ အလင်း ောင်မှိန်ပြီး အေးမြတဲ့ကျောက်ဂူထဲ ရောက်လာတာတွေ့ရတယ်။ ဘတ်ခ်ဘိခ် ့ခေါ်တဲ့ ဟစ်ပိုဂရစ်ဖ်ဟာ ဂူရဲ့အတွင်းဆုံးမှာ ချည်ထားတယ်။ ကြိုးကို ောက်တုံးကြီးတစ်တုံးမှာ ရစ်ပတ်ထားတယ်။ သူတို့သုံးယောက်ဟာ ၎င်းကို ွဘ်အလေးပြုတယ်။ ဘတ်ခ်ဘိခ်ဟာ သူတို့ကို ခဏအကဲခတ်ကြည့်ပြီး ောက် အကြေးခွံတွေနဲ့ရှေ့ခြေကို ကွေးချလိုက်တယ်။ ဟာမီးက ၎င်းရဲ့ငှက်မွေး က်တဲ့လည်ပင်းကို ပွတ်သပ်တာ ခံနေတယ်။ ဟယ်ရီကတော့ ဟိုခွေးနက်ကို ည့်နေတယ်။ ဒီအချိန်မှာပဲ ခွေးနက်ဟာ သူ့ဖေ့ါဖားသားဖြစ်သွားတယ်။

ဆီးရီးအက်စ်ကြယ်ဟာ ဝတ်ရုံရှည်မီးခိုးရောင်အစုတ်ကို ဝတ်ထား ယ်။ သူ အက်ဇခါဘန်က ထွက်လာတုန်းက ဝတ်တဲ့အကျီပဲ။ သူ့ဆံပင် ်နက်ဟာ အရင်တခါ မီးဖိုထဲကထွက်လာတာထက် အများကြီးရှည်တယ်။ ဘော့ ရှုပ်ပွနေပြန်ပြီ။ သူအလွန်ပိန်နေတယ်။

"ကြက်"သူဟာ 'ကြိုဟောဆရာများနေ့စဉ်' အဟောင်းကို မြေကြီး ် ပစ်ချလိုက်ရုံ ရှိသေးတယ်။ အသံအအနဲ့ပြောတယ်။

ဟယ်ရီ လွယ်အိတ်ကိုဖွင့်ပြီး ကြက်ပေါင်နဲ့ပေါင်မုန့်ကို ပေးလိုက် ယ်။

"ကျေးဇူးပဲ" ဆီးရီးအက်စ်ကြယ်ကပြောပြီး အထုပ်ကိုဖြည်ကာ ကြက် ်တစ်ချောင်း ဆွဲထုတ်လိုက်တယ်။ မြေကြီးပေါ်ထိုင်ချပြီး ကြက်အားကို ်ဖြလိုက်တယ်။ "ကျုပ် ကြွက်သားစားပြီး အသက်ရှင်နေရသလောက် ဖြစ် ယ်။ ဟော့ဂ်စ်မိဒ်က အစားအစာ သိပ်ခိုးလို့မရဘူး။ နှိမ့်ရင် သူများ သတိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့လိမ့်မယ်"

သူက ဟယ်ရီ့ကို မော့ကြည့်ပြီး ရယ်တယ်။ ဒါပေမယ့် ဟယ်ရီ
မနည်းကြိုးစားရယ်ပြတယ်။

"သင် ဒီမှာ ဘာလုပ်နေလဲ၊ ဆီးရီးအက်စ်ကြယ်" သူက မေးတယ်
"ဂေါ့ဖားသားတစ်ယောက်ရဲ့ ဝတ္ထုရားကို ထမ်းဆောင်နေတာ" ဆီး
အက်စ်ကြယ်က ပြောတယ်။ ကြက်ရိုးကိုလည်း ကိုက်နေတယ်။ အဲဒီပုံပန်းတ
ခွေးတစ်ကောင်နဲ့တူနေတယ်။ "ဒီအတွက် စိတ်မပူပါနဲ့၊ ကျုပ်က တစ်အိ
အိမ်က ပျောက်နေတဲ့ ချစ်စရာခွေးယောင် ဆောင်နေတာ"

သူက ဒီအတိုင်းရယ်နေတယ်။ ဒါပေမယ့် ဟယ်ရီ့မျက်နှာပေါ်
ပူပန်တဲ့အမူအရာကိုမြင်တော့ တည်ကြည်စွာပြောတယ်။ "ကျုပ် အခင်းနေ
ကို ကိုယ်တိုင်သွားမှဖြစ်မယ်။ မင်း နောက်ဆုံးပေးတဲ့စာ . . . . အနည်း
တော့ ကျုပ်တို့ကိစ္စက ပိုပိုသံသယရှိစရာ ဖြစ်လာပြီလို့ ပြောနိုင်တယ်။ လွှင့်
ထားတဲ့သတင်းစာတွေ့ရင် ကျုပ်ကောက်လာတယ်။ အခုဖြစ်ပွားတဲ့အခြေအ
အရ ပူပင်သောကရောက်နေတာ ကျုပ်တစ်ယောက်တည်းမဟုတ်ဘူး"

သူက မြေကြီးပေါ်က ဝါနေတဲ့ "ကြိုဟောဆရာများနေ့စဉ်"ကို ခေါ်
ညိတ်ပြတယ်။ ရွန်က သတင်းစာကို ကောက်ပြီးဖြန့်လိုက်တယ်။ ဟယ်ရီ
တော့ ဆီးရီးအက်စ်ကြယ်ကိုပဲ ကြည့်နေတယ်။

"သူတို့ သင့်ကိုဖမ်းမိရင် ဘယ်လိုလုပ်မလဲ၊ သူများ သင့်ကိုတွေ့သွ
ရင် ဘယ်လိုလုပ်မလဲ"

"ဒီတစ်ဝိုက်မှာ မင်းတို့သုံးယောက်နဲ့ ဒမ်ဘလီဒိုးပဲ ကျုပ်အာနိ
ဂတ်စ်ဆိုတာ သိတယ်" ဆီးရီးအက်စ်ကြယ်က ပခုံးတွန့်လိုက်ပြီး ကြက်ပေါ
ကို အလုတ်ကြီးကိုက်စားနေတယ်။

ရွန်က ဟယ်ရီ့ကို တံတောင်ဆစ်နဲ့တွက်လိုက်ပြီး "ကြိုဟောဆရာမ
နေ့စဉ်"ကို ပေးလိုက်တယ်။ သတင်းစာက နှစ်စောင်၊ ၎င်းအနက် တစ်စော
မှာ ဒီလိုခေါင်းစီးနှိပ်ထားတယ်။ ဘာထီ-ခရောက်ချ်ရဲ့သံသယရှိစရာဖျားခြ
ကျန်တစ်စောင်မှာက၊ မော်ဝန်ကြီးဌာနက မော်ဆရာမ ခုထိဘယ်ရောက်
မှန်းမသိဘူး —— အခုမှော်ဝန်ကြီးကိုယ်နှိုက်လဲ ဒီအမှုထဲပါနေပြီ။

ဟယ်ရီဟာ ခရောက်ချ်ကိုရေးထားတဲ့အပိုင်းကို အလျင်အမြန်ကြ
လိုက်တယ်။ အဲဒီထဲက စကားလုံးတချို့ သူ့မျက်စိထဲဝင်လာတယ်။ နိုဝင်ဘာ



စပြီး မတွေ့ရတော့ဘူး . . . . အိမ်မှာလဲလူမနေသလိုပဲ . . . . စိန့်မန်ဂိုး
ရောဂါနဲ့ဒဏ်ရာကုမှော်ဆေးရုံက ဝေဖန်ပြောဆိုဖို့ ငြင်းဆန်တယ် . . . . မှော်
ဝန်ကြီးဌာနက သူ ရောဂါကျွမ်းနေပြီဆိုတာ အတည်မပြုချင်ဘူး . . . .

"သူတို့လေသံက သူသေတော့မလိုပဲ" ဟယ်ရီက ဖြည်းဖြည်းပြော
တယ်။ "သူ ဒီကိုတောင်လာဖို့ ခွန်အားရှိနေမှတော့ သိပ်အပြင်းဖျားနာနေတာ
ဖြစ်နိုင်ဘူး . . . ."

"ကျွန်တော့်အစ်ကိုက ခရောက်ချ်ရဲ့ကိုယ်ရေးအရာရှိ" ရွန်က ဆီးရီး
အက်စ်ကြယ်ကို ပြောပြတယ်။ "ခရောက်ချ်ဟာ အလုပ်သိပ်ပင်ပန်းလို့ ရောဂါ
ရတာလို့ပြောတယ်"

"ဒါပေမယ့် ကျွန်တော်ပြောပြမယ်၊ အရင်တခါက ကျွန်တော် အနား
ကပ်ပြီး သူ့ကို အကဲခတ်ကြည့်တာ၊ သူဟာ တကယ်ပဲရောဂါရှိတဲ့ပုံပဲ" ဟယ်ရီ
က ဖြည်းဖြည်းပြောရင်း ဟိုသတင်းဆောင်းပါးကို ကြည့်နေတုန်းပဲ၊ "ကျွန်တော့်
နာမည် မီးတောက်ခွက်ထဲကထွက်လာတဲ့နေ့ ညမှာ . . . ."

"အဲဒါ သူ ဝင့်ခီကို ထုတ်ပစ်လို့ရတဲ့အကျိုးဆက်ပဲ၊ မဟုတ်ဘူးလား"
ဟာမီးကပြောတယ်။ လေသံက နည်းနည်းစူးရှတယ်။ ဘတ်ခ်ဘိခ်ဟာ ဆီးရီး
အက်စ်ကြယ်စွန့်ပစ်တဲ့ ကြက်ရိုးကို တကျွတ်ကျွတ်ဝါးစားနေတယ်။ ဟာမီးက
ခေါင်းကို သိမ်မွေ့စွာ ပွတ်သပ်ပေးနေတယ်။ "သူ အခု မိမိလုပ်တာကိုနောင်တ
ရနေတယ်လို့ ကျွန်မ ပြောဝံ့တယ် —— ဝင့်ခီ အရင်ကလိုပြုစုတာမရှိတော့
ဘူးနေရတာ အရင်ကလိုမဟုတ်တော့ဘူးလို့ ကျွန်မပြောဝံ့တယ်"

"ဟာမီးက အိမ်မွေးမှင်စာလေးတွေကို သိပ်စွဲလမ်းနေတာ" ရွန်က
ဆီးရီးအက်စ်ကြယ်ကို တိုးတိုးပြောပြတယ်။ ဟာမီးကိုလည်း မျက်ဖြူလန်ပြ
တယ်။

ဒါပေမယ့် ဆီးရီးအက်စ်ကြယ်ကတော့ သိပ်စိတ်ဝင်စားတာပဲ၊
ခရောက်ချ်က သူ့အိမ်မွေးမှင်စာလေးကို ထုတ်ပစ်တယ် ?"

"ဟုတ်တယ်လေ၊ ခွေဒစ်ကမ္ဘာ့ဖလားပွဲတုန်းက "ဟယ်ရီက ပြော
တယ်၊ ဆက်လက်ပြီး သူက မှော်နက်အမှတ်အသား ဘယ်လိုပေါ်လာတာ၊
ဝင့်ခီလက်ထဲမှာ ဟယ်ရီ့မှော်ကြိမ်လုံးနဲ့ ဘယ်လိုဖမ်းမိတာ၊ မစ္စတာခရောက်ချ်
ဘယ်လိုဒေါသူပုန်ထတာတွေကို ခရာစေ့တွင်းကျ ပြောပြလိုက်တယ်၊ ဟယ်ရီ
ပြောပြီးတာနဲ့ ဆီးရီးအက်စ်ကြယ်က မတ်တတ်ရပ်လိုက်တယ်၊ လိုဏ်ဂူထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



စတင်ပြီး ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတယ်။

"ကျုပ် ဒီကိစ္စကို ရှင်းအောင်လုပ်မယ်" ခဏနေတော့ သူက ပြော တယ်။ လက်ထဲမှာလည်း ခုတင်ယူထုတ်လိုက်တဲ့ကြက်ပေါင်ကို ယမ်းနေတယ် "အရင်ဆုံးဟိုမှင်စာလေးကို ထိပ်ဆုံးပွဲကြည့်စင်ထဲမှာ မင်းမြင်တယ်။ သူမက ခရောက်ချ်ကို နေရာဦးပေးနေတယ်၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီ၊ ရွန်နဲ့ ဟာမီးက ပြိုင်တူပြောတယ်။

"ဒါပေမယ့် ခရောက်ချ်ပြိုင်ပွဲလာမကြည့်ဘူး ?"

"မကြည့်ဘူး" ဟယ်ရီက ပြောတယ်။ "သူက အလုပ်သိပ်များလို့လို့ ပြောတာ ကျွန်တော်မှတ်မိတယ်"

"ဆီးရီးအက်စ်ကြယ်ဟာ လိုဏ်ဂူထဲမှာ တိတ်တိတ်လေး ဟိုဒီလမ်း လျှောက်နေတယ်။ ဆက်လက်ပြီး သူကပြောတယ်။ "ဟယ်ရီ၊ မင်း အပေါ်ဆုံး ပွဲကြည့်စင်ကထွက်တော့ အိတ်ကပ်ကို စမ်းကြည့်သေးလား။ မှော်ကြိမ်လုံးရှိသေး လား"

"အင်း . . . . " ဟယ်ရီ ကြိုးစားပြီး ပြန်စဉ်းစားတယ်။ "ဟင့်အင်း" သူ နောက်ဆုံးပြောတယ်။ "သစ်တောထဲမဝင်ခင်မှာ၊ ကျွန်တော် မှော်ကြိမ်လုံး သုံးစရာမလိုဘူး။ သစ်တောထဲဝင်တော့ ကျွန်တော်အိတ်ကပ်ထဲ နှိုက်လိုက်တာ ကျွန်တော့်ရဲ့တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းပဲ ကျန်တော့တယ်" သူက ဆီးရီးအက်စ်ကြယ်ကို ကြည့်နေတယ်။ "သင်ပြောချင်တာက မှော်နက်အမှတ် အသားကို ဖန်ဆင်းတဲ့လူဟာ အပေါ်ဆုံးပွဲကြည့်စင်မှာ ကျွန်တော့်မှော်ကြိမ်လုံး ကို ခိုးသွားတယ် ?"

"သိပ်ဖြစ်နိုင်တယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။

"ဝင့်ခီ မှော်ကြိမ်လုံးကို မခိုးဘူး" ဟာမီးက ပြတ်သားစွာပြောတယ်

"ဒါဆို ပွဲကြည့်စင်ခန်းထဲမှာ ဝင့်ခီအပြင် တခြားလူလဲရှိတာပဲ" ဆီးရီး အက်စ်ကြယ်က ပြောတယ်။ သူမျက်မှောင်ကြုတ်ပြီး ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်နေပြန်တယ်။ "မင်းနောက်မှာထိုင်တာ ဘယ်သူရှိသေးလဲ"

"အများကြီးပဲ" ဟယ်ရီကပြောတယ်။ "ဘူဂေးရီးယားကဝန်ကြီးတချို့ . . . . ကွန်နယ်လစ်-ဖဒ်ဂ် . . . . ပြီးတော့ မော်ဖိုင်တို့မိသားစု . . . . "

"မော်ဖိုင်" ရွန်က ရုတ်တရက်အော်ပြောတယ်။ သူ့အသံက ကျယ် လွန်းလို့ လိုဏ်ဂူထဲမှာ တအုန်းအုန်းမြည်သွားတယ်။ ဘတ်ခ်ဘိခ်က မငြိမ်



က် ခေါင်းကို လှုပ်ခါတယ်။ "အဲဒါ လူးရှပ်စ်-မော်ဖိုင်ပဲလို့ ငါပြောခဲ့တယ်"

"တခြားလူရှိသေးလား" ဆီးရီးအက်စ်ကြယ်က မေးတယ်။

"မရှိတော့ဘူး" ဟယ်ရီက ပြောတယ်။

"ရှိတယ်၊ လူဒို-ဘက်ဂမင်းရှိသေးတယ်" ဟာမီးက သတိပေးတယ်၊

"အော၊ ဟုတ်တယ် . . . . "

"ကျုပ် ဘက်ဂမင်းကို သိပ်မသိဘူး၊ ဝင်းဘောင်းစ်ပျားနကျယ်အသင်း ဘာရိုက်သမားလို့သာသိတယ်" ဆီးရီးအက်စ်ကြယ်က ခေါက်တုံ့ခေါက်ပြန် ာက်ရင်းပြောတယ်။ "သူက ဘယ့်နှယ့်လဲ"

"မဆိုးပါဘူး" ဟယ်ရီကပြောတယ်။ "သူက ဇိုလ်သုံးဇိုလ်ယှဉ်ပြိုင်ပွဲမှာ န်တော့်ကို ကူညီမယ်လို့ အကြိမ်အချို့လာပြောတယ်"

"အော၊ ဟုတ်လား" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ မျက်မှောင် ကြုတ်သွားတယ်။ "သိပ်အံ့သြစရာပဲ၊ သူဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

"သူက ကျွန်တော့်ပေါ် ခံစားချက်ကောင်းလို့လို့ ပြောတယ်" ဟယ်ရီ ပြောတယ်။

"ဟင်" ဆီးရီးအက်စ်ကြယ်က တစ်ခုတွေးမိသလိုပဲ။

"မှော်နက်အမှတ်အသားမပေါ်ထွက်ခင်မှာပဲ ကျွန်မတို့ သစ်တော မှာ သူ့ကိုတွေ့တယ်" ဟာမီးက ဆီးရီးအက်စ်ကြယ်ကို ပြောတယ်။ "မှတ်မိ း" သူမက ဟယ်ရီနဲ့ ရွန်ကို မေးတယ်။

"ဟုတ်တယ်၊ ဒါပေမယ့် သူသစ်တောထဲမှာ မနေရစ်ဘူး၊ ဟုတ်တယ် ာ်လား" ရွန်က ပြောတယ်။ "ကျွန်တော်တို့က သူ့ကို ရုန်းရင်းဆန်ခတ် ဘယ်ဆိုတာ ပြောပြတာနဲ့ သူစခန်းချရာကို လိုက်သွားတယ်"

"နင်ဘယ်လိုလုပ်သိလဲ" ဟာမီးက ချက်ချင်းပြန်မေးတယ်။ "သူ ခွေ့ပြောင်းသွားတာ ဘယ်ကိုရောက်သွားတယ်ဆိုတာ နင်ဘယ်လိုလုပ် လဲ"

"လျှောက်မပြောနဲ့တော့" ရွန်က မယုံနိုင်ဘဲ ပြောတယ်။ "နင်က ဒို-ဘက်ဂမင်းက မှော်နက်အမှတ်အသားကို ဖန်ဆင်းတယ်ထင်တာလား"

"သူက ဝင့်ခီထက်ပိုပြီး ဖြစ်နိုင်တယ်" ဟာမီးက ခေါင်းမာမာပြော ယ်၊

"ကျွန်တော် သင့်ကို ပြောပြဖူးတယ်" ရွန်က အဓိပ္ပာယ်ရှိရှိနဲ့ ဆီးရီး

www.burmeseclassic.com



အက်စ်ကြယ်ကိုကြည့်ပြီး ပြောတယ်။ "ကျွန်တော် သင့်ကိုပြောပြဖူးတယ်။ သူ ဟာ အိမ်မွေးမှင်စာလေးတွေပေါ် စွဲ ——"

ဒါပေမယ့် ဆီးရီးအက်စ်ကြယ်က လက်တစ်ချောင်းမြှောက်ပြီး ရွှန့် တားလိုက်တယ်။

"မှော်နက်အမှတ်အသားဖန်ဆင်းပေါ်ထွက်လာပြီးနောက်၊ မှင် လေးက ဟယ်ရီ့မှော်ကြိမ်လုံးကိုကိုင်လျက် လူတွေ့သွားတော့၊ ခရောက်ချ် ဘယ်လိုလုပ်လဲ"

"သူက ချုံပုပ်ထဲဝင်ကြည့်တယ်" ဟယ်ရီကပြောတယ်။ "ဒါပေမ အဲဒီမှာ လူမရှိဘူး"

"ဒါပေါ့" ဆီးရီးအက်စ်ကြယ်က လမ်းလျှောက်ရင်း သာသာရေရွ နေတယ်။ "ဒါပေါ့၊ သူက သူများကို အပြစ်ပုံချင်တာ၊ မိမိမှင်စာလေးကို မဟု ဘူး .... ဒီနောက် သူက သူမကို ထုတ်ပစ်လိုက်တယ် ?"

"ဟုတ်တယ်" ဟာမီးက အလွန်စိတ်ဆိုးတဲ့အသံနဲ့ ပြောတယ်။ "သူ သူမကို ထုတ်ပစ်တယ်။ အကြောင်းက သူမ သူများနင်းချေချင်တိုင်းနင်း ခံရအောင် ရွက်ထည်တဲထဲမှာမနေလို့"

"ဟာမီး၊ နင်မှင်စာလေးအရေးပဲ သိပ်ပြောမနေလို့ရမလား" ရွှန် ပြောတယ်။

ဆီးရီးအက်စ်ကြယ်က ခေါင်းခါလိုက်ပြီးပြောတယ်။ "သူမက မ ထက်ပိုပြီး ခရောက်ချ်ရဲ့စိတ်ဓာတ်ကို သိတယ်၊ ရွှန်။ မင်း လူတစ်ယောက် စိတ်နေစိတ်ထားကို သိချင်ရင်၊ ၎င်းဟာ ၎င်းလက်အောက်ကလူကို ဘယ် ဆက်ဆံတယ်ဆိုတာ ကြည့်ရမယ်။ ၎င်းနဲ့ အဆင့်အတန်းတူတဲ့လူကို ဘယ် ဆက်ဆံတယ်ဆိုတာချည်း ကြည့်လို့ မရဘူး"

သူက မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ပါးပြင်ကို လက်နဲ့သပ် တယ်။ တစ်ခုခုကို စဉ်းစားနေတာ သေချာတယ်။

"ဘာတီ-ခရောက်ချ် ဒီလောက်အကြိမ်များများ ပေါ်မလာ .... ခွေဒစ်ကမ္ဘာ့ဖလားပွဲတုန်းက သူက သူ့အိမ်မွေးမှင်စာလေးကို အတွက် နေရာယူခိုင်းတယ်။ သူကိုယ်နှိုက်ကတော့ မလာဘူး။ သူဟာ အချိန် အလုပ်လုပ်ပြီး ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ပြန်လည်ကျင်းပနိုင်အောင် လုပ်တ သူကိုယ်နှိုက်က မတက်ရောက်ဘူး။ ဒါခရောက်ချ်ရဲ့စရိုက်နဲ့ မကိုက်ညီဘူး



ခုရင်က သူဟာ နေမကောင်းလို့ တစ်ရက်ခွင့်ယူဖူးရင်၊ ကျုပ်က ဘတ်ခ်ဘိခ်ကို ရှင်လတ်လတ် မျိုချမှာ"

"ဘာလဲ ? သင် ခရောက်ချ်ကို သိတယ် ?" ဟယ်ရီက ပြောတယ်၊

ဆီးရီးအက်စ်ကြယ်ရဲ့ အမူအရာမှေးမှိန်သွားတယ်။ ရုတ်တရက် ကြောက်စရာကောင်းလာတယ်။ ဟယ်ရီ ပထမအကြိမ် သူ့ကိုမြင်တွေ့ရတုန်း သို့ပဲ။ ထိုစဉ်က ဟယ်ရီဟာ ဆီးရီးအက်စ်ကြယ်ကို လူသတ်သမားလို့ ထင် တုန်းပဲ။

"အော၊ ကျုပ် ခရောက်ချ်ကို သိတာပေါ့" သူက အသာပြောတယ်။ ပ်ကို အက်ဇခါဘန်ပို့ဖို့ သူက အမိန့်ပေးတာ၊ တရားစီရင်တာတောင် ပ်ဘူး"

"ဘာလဲ ?" ရွှန်နဲ့ဟာမီးက ပြိုင်တူပြောတယ်။

"ဟင့်အင်း၊ ရယ်စရာပြောတာမဟုတ်ဘူး" ဆီးရီးအက်စ်ကြယ်က ပြောရင်း ကြက်ပေါင်ကို တစ်ချက်ကိုက်လိုက်တယ်။ "ခရောက်ချ်ဟာ မှော် ကြီးဌာနရဲ့ တရားဥပဒေကျင့်သုံးရေးဌာနခွဲက ဌာနခွဲမှူးဖြစ်တယ်။ အဲဒါ င်းတို့မသိဘူးမဟုတ်လား"

ဟယ်ရီ၊ ရွှန်နဲ့ ဟာမီး ခေါင်းခါတယ်။

"သူ့ကို လာမယ့်အကြိမ်မှာ မှော်ဝန်ကြီးအဖြစ် အရွေးခံရမယ်လို့ မှန်းသူရှိတယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ "သူဟာ သိပ်တော်တဲ့ ဆရာ။ ဘာတီ-ခရောက်ချ်၊ မှော်ပညာလဲ မြင့်မားတယ် —— အာဏာ က်လဲ သိပ်ကြီးတယ်။ အော၊ ဗိုလ်ဒီမွန့်ကို ထောက်ခံသူမဖြစ်နိုင်ဘူး" သူဟာ ယ်ရီ့အမူအရာကိုမြင်တော့ ပြောတယ်။ "ဘာတီ-ခရောက်ချ်ဟာ သူ မှော် ကို ဆန့်ကျင်တယ်လို့ အတိအလင်းပြောလေ့ရှိတယ်။ ဒါပေမယ့် မှော်နက် ဆန့်ကျင်တဲ့လူအများဟာလဲ .... အင်း၊ မင်းတို့နားလည်မှာမဟုတ်ဘူး .... မင်းတို့အသက်သိပ်ငယ်သေးတယ် ...."

"ကျွန်တော့်အဖေက ကမ္ဘာ့ဖလားပွဲမှာ ဒီအတိုင်းပြောတယ်" ရွှန်က ပြောတယ်။ လေသံမှာ စိတ်ဆိုးသံပါတယ်။ "သင်စမ်းပြောပြကြည့်လေ၊ ကျွန် တော်တို့ နားလည်နိုင်မလားလို့"

ဆီးရီးအက်စ်ကြယ်ရဲ့ ပိန်ချုံးတဲ့မျက်နှာပေါ်မှာ ပြုံးရိပ်သန်းသွား တယ်၊ "ကောင်းပြီ၊ ကျုပ် စမ်းကြည့်မယ် ...." သူက လိုက်ဂူရဲ့တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကိုသွားပြီး ပြန်လှည့်လာပြီး ပြောတယ်။ "အခုတွေးထင်ကြည့်ပါ။ ဗိုလ်ဒီမွ
အင်အားကောင်းနေတယ်ထား၊ ဘယ်သူက သူ့ကိုထောက်ခံသလဲ၊ ဘယ်သူ
သူ့ကို အလုပ်အကျွေးပြုနေသလဲ၊ ဘယ်သူက မထောက်ခံ၊ အလုပ်အကျွေ
မပြုသလဲဆိုတာ သင်မသိဘူး။ သင်သိတာက ၎င်းက လူတွေကို ချုပ်ကိုင်ထ
ပြီး၊ သူတို့ကို မတတ်သာပဲ ကြောက်စရာကိစ္စတွေ ပြုလုပ်စေတယ်။ သင်ဟ
မိမိအတွက်၊ အိမ်သားတွေအတွက်၊ မိတ်ဆွေတွေအတွက် ကြောက်နေရတယ်
အပတ်တိုင်း လူသေဆုံးတဲ့သတင်းတွေ ရောက်လာတယ်။ လူသေပြန်ပြီ၊ လူ
ပျောက်ဆုံးကုန်ပြန်ပြီ၊ လူတွေအနှိပ်စက်ခံနေရပြန်ပြီ . . . . မှော်ဝန်ကြီးဌာ
လဲ ရှုပ်ထွေးကုန်ပြီ။ သူတို့ဟာ ဘယ်လိုလုပ်ရမယ်မှန်းမသိဘူး။ သူဟာ မတ်
တွေ မသိအောင် အမျိုးမျိုးဖုံးကွယ်ရသေးတယ်။ တစ်ချိန်တည်းမှာ မတ်
တွေလဲ သေနေကြတယ်။ နေရာတိုင်းချောက်ချားနေတယ် . . . . စိတ်မတ
ငြိမ်ဖြစ်နေတယ် . . . . ရှုပ်ထွေးနေတယ် . . . . ထိုစဉ်ကအခြေအနေက
အတိုင်းပဲ။

"အင်း၊ ဒီလိုအချိန်မျိုးမှာ လူကောင်းကို အကောင်းဆုံးအရည်အသွေ
ဖော်ပြစေနိုင်ပြီး၊ လူဆိုးကို အဆိုးရွားဆုံးအကျင့်စရိုက်တွေ ပေါ်ထွက်လာ
တယ်။ စစချင်းမှာ ခရောက်ချ်ရဲ့မူက သိပ်မဆိုးဘူးထင်တယ် —— ကျုပ် သိ
မရှင်းဘူး။ သူဟာ ဌာနကြီးဌာနထဲမှာ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတယ်
ဗိုလ်ဒီမွန့်ကို ထောက်ခံသူတွေကို တင်းမာစွာ ကိုင်တွယ်တယ်။ အောရာ
ဟာ အခွင့်အာဏာအသစ်တွေ ရရှိတယ် —— ဥပမာ သူတို့မှာ လူသတ်ခွ
ရှိတယ်။ ဖမ်းရုံတင်မဟုတ်တော့ဘူး။ တရားမစီရင်ဘဲ ဝိညာဉ်စုပ်ကော
လက်ထဲ တိုက်ရိုက်အပ်ခံရတာ ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး။ ခရောက်
ဟာ အကြမ်းဖက်ခြင်းကို အကြမ်းဖက်ခြင်းနဲ့ ရင်ဆိုင်တယ်။ သူက သံသ
ရှိသူကို ခွင့်မလွှတ်ဂါထာတွေ အသုံးပြုခွင့်ပေးတယ်။ ကျုပ်အမြင်အရ သူ
မှော်နက်တွေလို ရက်စက်ကြမ်းကြုတ်တယ်၊ အစာနာတရားမရှိတော့ဘူ
မင်းတို့ သိကြလား။ သူ့မှာလဲသူ့ကို ထောက်ခံတဲ့လူရှိတယ် —— လူအ
များများက သူ ဒီလိုလုပ်တာမှန်တယ်လို့ ထင်တယ်။ မှော်ဆရာအများအပြ
ဟာ သူ့ကို ဝန်ကြီးခန့်အပ်ဖို့ တောင်းဆိုကြတယ်။ ဗိုလ်ဒီမွန့် ကွယ်ပျောက်သွ
ပြီးနောက် ခရောက်ချ် ဝန်ကြီးဖြစ်ဖို့ဟာ အချိန်မျှသာ လိုတော့တယ်။ သို့
မယ့် အဲဒီအချိန်မှာပဲ အလွန်ကံမကောင်းစွာ ပြဿနာတစ်ခုဖြစ်တယ် . . .



ဆီးရီးအက်စ်ကြယ်ဟာ အေးစက်တဲ့အပြုံး ပေါ်လာတယ်။ "ခရောက်ချ်ရဲ့ သား
အရင်း အဖမ်းခံရတယ်။ သူဟာ အက်ဇခါဘန်ကနေ လှည့်စားပြေးဆိုပြီး
ဘ်လာတဲ့ ဒက်အီတာတွေနဲ့ တွဲနေတယ်။ သူတို့ဟာ ဗိုလ်ဒီမွန့်ကို လိုက်ရှာ
၎င်းကို ပြန်လည်ထူထောင်စေချင်ပုံရတယ်"

"ခရောက်ချ်ရဲ့သား အဖမ်းခံရတယ် ?" ဟာမီးက အံ့ဩစွာမေးတယ်။

"ဟုတ်တယ်လေ" ဆီးရီးအက်စ်ကြယ်ကပြောရင်း အရိုးကို ဘတ်ခ်
ခ်ကို ပစ်ပေးလိုက်ပြီး ပေါင်မုန့်ဘေး ထိုင်ချလိုက်တယ်။ ပေါင်မုန့်ကိုကိုင်ပြီး
စ်ပိုင်းချိုးလိုက်တယ်။ "ဒါဟာ ဘာထိကြီးအဖို့ အလွန်အထိနာသွားတာ
ဘ့ကြည့်လို့ရတယ်။ သူဟာ မိသားစုနဲ့ အတူနေဖို့ အချိန်ပိုပေးသင့်တယ်၊
ဟုတ်ဘူးလား။ မကြာမကြာ အလုပ်ကစောစောပြန်ပြီး မိမိသားကို နားလည်
အောင် လုပ်သင့်တယ်"

သူဟာ ပေါင်မုန့်ကို အငမ်းမရစားနေတယ်။

"သူ့သားဟာ ဒက်အီတာလား" ဟယ်ရီက ပြောတယ်။

"မသိဘူး" ဆီးရီးအက်စ်ကြယ်ကပြောရင်း ပါးစပ်ထဲကို ပေါင်မုန့်
သွင်းနေတယ်။ "သူ့ကို အက်ဇခါဘန်ပို့တော့ ကျုပ်လဲ အဲဒီမှာရှိတယ်။
အခြေအနေတွေဟာ ကျုပ်ထွက်လာပြီးမှ သိရဟာ။ အဲဒီကောင်လေး အဖမ်း
တော့ သူနဲ့အတူရှိတဲ့လူအားလုံးဟာ ဒက်အီတာချည်းပဲ။ ဒါကိုတော့ ကျုပ်က
သက်နဲ့လောင်းဝံ့တယ် —— ဒါပေမယ့် သူဟာ အဲဒီအချိန်မှာ၊ အဲဒီနေရာ
မရှိသင့်တာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဟိုအိမ်မွေးမှင်စာလေးလိုပေါ့"

"ခရောက်ချ်က သူ့သား လွတ်အောင်လုပ်သေးလား" ဟာမီးက
ိုးမေးတယ်။

ဆီးရီးအက်စ်ကြယ်က ရယ်လိုက်တယ်။ ခွေးအူသံနဲ့ သိပ်တူတယ်။

"ခရောက်ချ်က သူ့သားလွတ်အောင်လုပ်တယ် ? ဟာမီး၊ ခုနက
သူ့ဇီဇကို အလွန်နားလည်တယ်ထင်ခဲ့တာ၊ သူ့နာမည်ကို ထိခိုက်မယ့်ဟာ
င် အားလုံးပစ်ပယ်လိုက်တာပဲ။ သူ့ဘဝတစ်ခုလုံးကို မှော်ဝန်ကြီးဖြစ်ဖို့
ပ်နေးအတွက် စတေးတာ၊ သူက သူ့ပေါ်သစ္စာရှိတဲ့ အိမ်မွေးမှင်စာလေး
 ထုတ်ပစ်တာ မင်းတို့မြင်တယ်။ အဲဒီမှင်စာလေးဟာ ၎င်းကို မှော်နက်
တ်အသားနဲ့ ဆက်စပ်သွားစေလို့ပဲ —— သူဟာ ဘယ်လိုလူဆိုတာ မင်းတို့
ကြသေးဘူးလား။ ခရောက်ချ်ရဲ့ဖခင်အချစ်ဟာ သားကို တရားခွင်တင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာပဲ အလွန်ဆုံးဖော်ပြတယ်။ ဘေးမှာပြောဆိုနေကြတာကတော့ ဒါဟာ သူ့အဖို့ ဒီကောင်လေးကို ဘယ်လောက်မုန်းတီးတယ်ဆိုတာ ဖော်ပြဖို့ အကြောင် ပြချက်သာ ဖြစ်တယ်"

"သူက သူ့သားကို ဝိညာဉ်စုပ်ကောင်ကိုအပ်တယ် ?" ဟယ်ရီက အသာလေးမေးတယ်။

"ဒီအတိုင်းပါပဲ" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ အခု သူ့အ အရာဟာ ရယ်ချင်တဲ့အမှုအရာမဟုတ်တော့ဘူး။ "ဝိညာဉ်စုပ်ကောင်တွေ သူ့ကို ခေါ်သွင်းလာတာ ကျုပ်မြင်ရတယ်။ သံတိုင်ကြားက သူတို့ကို ကျ ကြည့်နေတယ်။ သူအလွန်ဆုံးရှိရင် ဆယ့်ကိုးနှစ်ပဲ။ သူတို့က သူ့ကို ကျုပ်ဘေ က ထောင်ခန်းမှာထားတယ်။ ညနေစောင်းမှာ သူဟာ အမေကို အော်ဟ တမ်းတနေတယ်။ ဒါပေမယ့် ရက်အနည်းငယ်ကြာတော့ ဘာသံမှမထွက်တော့ ဘူး . . . . သူတို့ နောက်ဆုံးမှာ ဘာသံမှမထွက်တော့ဘူး . . . . အိပ်မ ထဲမှာပဲ တစ်ခါတစ်ရံ ထအော်တော့တယ် . . . ."

ခဏတာအတွင်းမှာ ဆီးရီးအက်စ်ကြယ်မျက်လုံးထဲက စိတ်ဆင်းရဲ အရိပ်အယောင်သာ ပိုသည်းလာတယ်။ မျက်လုံးနောက်ရှိ တရုတ်ကပ်ပြတင် ပိတ်သွားသလိုပဲ။

"ဒီလိုဆိုရင်၊ သူ အခုအက်ဇခါဘန်မှာပဲပေါ့" ဟယ်ရီက မေးတယ်

"မရှိတော့ဘူး" ဆီးရီးအက်စ်ကြယ်က ပေါ့ပေါ့ပဲပြောတယ်၊ "အ ဟိုမှာမရှိတော့ဘူး။ သူတို့ သူ့ကိုခေါ်လာပြီး တစ်နှစ်ကြာတော့ သူသေသွ တယ်"

"သူသေပြီ ?"

"သေတာ သူတစ်ယောက်တည်းမဟုတ်ဘူး" ဆီးရီးအက်စ်ကြယ် နာကျင်စွာပြောတယ်၊ "အဲဒီမှာ၊ လူအများစု ရူးသွားကြတယ်။ လူအများဟ နောက်ဆုံး အစာငတ်ခံကြတယ်။ သူတို့မှာ ဆက်လက်အသက်ရှင်နေထိုင် မျှော်လင့်ချက်ကုန်ဆုံးသွားတယ်။ လူတစ်ယောက် ဘယ်တော့သေမယ်ဆိုတ သိနိုင်တယ်။ ဝိညာဉ်စုပ်ကောင်က ခံစားရလို့၊ ဒီလိုအချိန်မျိုးရောက်ရင် ၎င်း သိပ်တက်ကြွတာ။ အဲဒီကောင်လေးဟာ လာတုန်းကတည်းက ဖျားနေတ ခရောက်ချ်ဟာ မှော်ဝန်ကြီးဌာနက အရေးကြီးအရာရှိကြီးမို့ သူနဲ့သူ့ဇနီးဟ သေခါနီးသားကို သွားတွေ့ခွင့်ရတယ်။ အဲဒါ ကျုပ် ဘာထီ-ခရောက်ချ်



နောက်ဆုံးတွေ့တာပဲ။ သူက ဇနီးသည်ကို ဖေးမတွဲခေါ်ပြီး ကျုပ်ထောင်ခန်း နားက ဖြတ်သွားတယ်။ ကြည့်ရတာ သူ့ဇနီးသည် မကြာခင်မှာပဲ သေသွား ပုံပေါ်တယ်။ သိပ်ဝမ်းနည်းတာကိုး။ အဲဒီကောင်လေးလို ညှိုးရော်သေသွား တာ။ ခရောက်ချ်ဟာ သူ့သားအလောင်းကို လာမယူဘူး။ ဝိညာဉ်စုပ်ကောင်က အလောင်းကို ခံတပ်အပြင်ဘက်မှာ မြှုပ်လိုက်တယ်။ သူတို့ဒီလိုလုပ်တာ ကျုပ် မြင်ရတယ်"

ဆီးရီးအက်စ်ကြယ်ဟာ ပါးစပ်နားမြှောက်ထားတဲ့ ပေါင်မုန့်ကို ဘေးချထားပြီး ရွှေဖရုံသီးရည်ပုလင်းကို ကောက်ကာ တစ်ချိုတည်း သောက် ချလိုက်တယ်။

"ဒါကြောင့်၊ သနားစရာခရောက်ချ်ဟာ သူအောင်မြင်ပြီထင်တဲ့အချိန် မှာ အားလုံးဆုံးရှုံးသွားတယ်" သူက လက်မောင်းနဲ့ပါးစပ်ကို သုတ်လိုက်ပြီး ဆက်ပြောတယ်။ "ခုနကပဲ သူရဲကောင်း၊ မှော်ဝန်ကြီးဌာနဝန်ကြီးဖြစ်ဖို့ ယုံကြည် ချက်အပြည့်နဲ့ . . . . မျက်စိတစ်မှိတ်အတွင်းမှာ သားလဲသေတယ်၊ ဇနီးသည် လဲ သေသွားတယ်။ မိသားစုနာမည်လဲ အမည်းကွက်စွန်းသွားတယ်။ ပြီးတော့ ကျုပ်ထွက်ပြေးလွတ်မြောက်ပြီး ကြားရတာက၊ အများစိတ်ထဲရှိ သူ့အနေ အထားဟာ အလျှင်အမြန် ကျဆင်းသွားတယ်။ ကောင်လေးသေသွားပြီး နောက်၊ လူတွေဟာ သားဖြစ်သူကိုပိုပြီး တနာသနားကြတယ်။ ဘာဖြစ်လို့ ကောင်းမွန်တဲ့အိမ်ထောင်ကလာတဲ့ ကလေးဟာ ဒီလိုလမ်းမှားကို လိုက်သွား တာလဲလို့ သံသယမေးခွန်းထုတ်ကြတယ်၊ ရရှိတဲ့နိဂုံးချုပ်ချက်ကတော့၊ သူ့ အဖေဟာ ဘယ်တုန်းကမှ သူ့ကို ဂရုမစိုက်ဘူးတဲ့။ ဒီလိုနဲ့ ကွန်နယ်လစ်-ဖဒ်ဂ်ျ ဟာ ထိပ်ဆုံးနေရာရသွားပြီး၊ ခရောက်ချ်ကိုတော့ အပြည်ပြည်ဆိုင်ရာ မှော် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ ပို့လိုက်တယ်"

ဒီနောက်တော့ အတော်ကြာကြာ ငြိမ်နေကြတယ်။ ဟယ်ရီက ခွေးဒစ် ဘော့ဖလားပွဲနေ့သစ်တောထဲမှာ၊ ခရောက်ချ်က သူ့စကားနားမထောင်တဲ့ အိမ်မွေးမှင်စာလေးကို ခေါင်းငုံ့ကြည့်နေစဉ် မျက်လုံးပြူးထွက်နေတဲ့ ပုံပန်းကို သတိရမိတယ်။ ဒါကြောင့် ဝင်ကီကို မှော်နက်အမှတ်အသားအောက်မှာ တွေ့မိ သွားတော့၊ ခရောက်ချ်ဟာ အလွန်အကျွံ တုံ့ပြန်တာကိုး။ အဲဒါက သူ့ကို မိမိ သားကို သတိရစေတယ်။ လွန်ခဲ့တဲ့အခါက အရှုပ်ဆိုးတဲ့သတင်းနဲ့ မှော်ဝန်ကြီး ဌာနမှာ နာမည်ပျက်ခဲ့ရတဲ့ အတွေ့အကြုံကို သတိရမိစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မူးဒီက ပြောတယ်၊ ခရောက်ချ်ဟာ တစ်နေ့လုံး မှော်နက်မှော်ဆရာ ဒမ်ဘဲ့ ခွဲလမ်းနေတယ်လို့ ပြောတယ်" ဟယ်ရီက ဆီးရီးအက်စ်ကြွယ်ကို ပြော ပြတယ်။

"ဟုတ်တယ်၊ ဒါ သူ့ဝါသနာဖြစ်နေပြီလို့ ကြားတယ်" ဆီးရီးအက်စ် ကြွယ်က ခေါင်းညိတ်ပြပြီးပြောတယ်။ "ကျုပ်အမြင်ကတော့၊ ဒက်အီတာ တစ်ယောက် ပိုဖမ်းမိတိုင်း အများရဲ့ထောက်ခံမှုကို ပိုရမယ်လို့ သူထင်တယ် ထင်တာပဲ"

"သူက ဒီကိုခိုးဝင်ပြီး စနိတ်ပ်ရုံးခန်းကို ရှာဖွေတယ်" ရွန်က ဟာမီး ကိုကြည့်ပြီး ကျေနပ်စွာပြောတယ်။

"ဟုတ်ဘယ်၊ ဒါပေမယ့် ဒါက ဘာကိုမှ ရှင်းမပြနိုင်ဘူး" ဆီးရီးအက်စ် ကြွယ်က ပြောတယ်။

"ဟာ၊ ဒါရှင်းပြနိုင်တာပေါ့" ရွန်က စိတ်လှုပ်ရှားစွာ ပြောတယ်။

ဒါပေမယ့် ဆီးရီးအက်စ်ကြွယ်က ခေါင်းခါတယ်။ "နားထောင် တကယ်လို့ ခရောက်ချ်က စနိတ်ပ်ကို စုံစမ်းချင်ရင် သူဘာဖြစ်လို့ ယှဉ်ပြိုင်ပွဲ ဒိုင်လာမလုပ်တာလဲ။ ဒါဆို သူဟာ အကြောင်းပြချက်ရှိရှိနဲ့ ဟော့ဂ်ဝပ်ကို အချိန်မှန်လာပြီး စနိတ်ပ်အပြုအမူကို စောင့်ကြည့်လို့ရတာပေါ့"

"ဒါဆို စနိတ်ပ်မှာ မအော်တဲ့လုပ်ရပ်ရှိတယ်လို့ သင်ထင်သလား" ဟယ်ရီက မေးတယ်။ ဒါပေမယ့် ဟာမီးက ဖြတ်ပြောတယ်။

"ဒီမှာ၊ နင်ဘယ်လိုပြောပြော၊ ဒမ်ဘလီဒိုးက စနိတ်ပ်ကို ယုံကြည် နေတာပဲ ——"

"အော၊ နင်ခဏနေပါဦး၊ ဟာမီး" ရွန်က စိတ်မရှည်ဘဲ ပြောတယ် "ဒမ်ဘလီဒိုး သိပ်တော်တာ ငါသိတယ်၊ သိပ်ကိုချီးကျူးစရာကောင်းတယ် ဒါပေမယ့် ဒါက အလွန်ကောက်ကျစ်တဲ့မှော်နက်ဆရာဟာ သူ့ကို လိမ်လို့ မရဘူးဆိုတဲ့ အဓိပ္ပာယ်မဟုတ်ဘူး ——"

"ဒါဆို၊ ပထမနှစ်တုန်းက၊ စနိတ်ပ်က ဘာဖြစ်လို့ ဟယ်ရီ့အသက်ကို ကယ်ရတာလဲ။ သူဘာဖြစ်လို့ ဟယ်ရီသေ ပြီးတာပဲ မလုပ်တာလဲ"

"ငါမသိဘူး —— သူက ဒမ်ဘလီဒိုး သူ့ကို မောင်းထုတ်လိမ့်မယ် ထင်လို့နေ့တူတယ် ——"

"မင်းတို့နှစ်ယောက်စလုံးပြောတာ အကျိုးအကြောင်းရှိတယ်လို့ ကျုပ်



ထင်တယ်" ဆီးရီးအက်စ်ကြွယ်ဟာ တစ်ခုခုတွေးမိသလိုနဲ့ ရွန်နဲ့ဟာမီးကို ကြည့်နေတယ်။ "စနိတ်ပ်ဒီမှာစာသင်တဲ့အကြောင်း ကျုပ်ကြားပြီးနောက်၊ ဒမ်ဘလီဒိုး ဘာကြောင့်သူ့ကို ခန့်တာလဲဆိုတာ သံသယဖြစ်မိတယ်။ စနိတ်ပ် ဟာ မှော်နက်ပညာကို တစ်လျှောက်လုံး စွဲလမ်းခဲ့တယ်။ ကျောင်းသားဘဝကလဲ ဒါကြောင့် နာမည်ကြီးတယ်။ ထိုစဉ်က သူဟာ အလွန်လည်ပတ်ပြီး ကပ်ပါး နပ်ပါးကောင်လေးဖြစ်တယ်" ဆီးရီးအက်စ်ကြွယ်က ဖြည့်ပြောတယ်။ ဟယ်ရီနဲ့ ရွန်ဟာ ပြုံးပြီး အပြန်အလှန်ကြည့်လိုက်တယ်။ "စနိတ်ပ် ကျောင်းရောက်ခါစက သူသိထားတဲ့ ဂါထာကျိန်စာတွေဟာ သတ္တမနှစ်ကျောင်းသားတစ်ဝက်ထက် ဘောင် များသေးတယ်။ သူဟာ စလေးသရင်းအုပ်စုဝင်လဲ ဖြစ်တယ်၊ နောက် ဘော့ အဲဒီအုပ်စုထဲကလူအားလုံးလောက်ဟာ ဒက်အီဟာတွေ ဖြစ်ကုန် ကြတယ်"

ဆီးရီးအက်စ်ကြွယ်ဟာ လက်ချိုးပြီး လူနာမည် တစ်ခုပြီးတစ်ခု ရွတ် နေတယ်။ "ရိုစီရာနဲ့ ဝတ်ခ်စ် —— သူတို့ဟာ ဗိုလ်ဒီမွန့် မကျဆုံးခင် တစ်နှစ် မှာပဲ အောရာသတ်လို့ သေတယ်။ လက်စ်ထရန့်ဂ်စ်လင်မယား —— အက်ဇ ဘန်မှာ ချုပ်ထားတယ်။ အဝရီ —— ကျုပ်သိရသလောက်၊ သူဟာ လိမ်ညာ တဲ့နည်းနဲ့ ပတ်သက်မှုက လွတ်ထွက်ခဲ့တယ်။ သူက ဝိညာဉ်လုပ်ကျိန်စာမိလို့ တော်သာပဲ လုပ်ခဲ့ရတာလို့ ပြောတယ် —— သူ အခုထိ လွတ်နေတယ်။ ဒါပေမယ့် ကျုပ်သိရသလောက်၊ စနိတ်ပ်ဟာ ဘယ်တုန်းကမှ ဒက်အီတာလို့ အစွပ်စွဲမခံရဘူး —— ဒါလဲ ဘာပြဿနာမှ ရှင်းမပြနိုင်ဘူး။ သူတို့အများ ကြီး အဖမ်းမခံကြရဘူး။ စနိတ်ပ်ဟာ ကောက်ကျစ်ပြီး လျင်တဲ့လူတစ်ယောက် နဲ့ ခိမိကိုယ်မိမိ အမှုမပတ်အောင် လုပ်နိုင်တယ်"

"စနိတ်ပ်နဲ့ ခါခါရော့ဖ် အလွန်ရင်းနှီးတယ်၊ ဒါပေမယ့် သူက ဒါကို သူများမသိစေချင်ဘူး" ရွန်က ပြောတယ်။

"ဟုတ်တယ်၊ မနေ့က ခါခါရော့ဖ် မှော်ဆေးစာသင်ချိန်မှာဝင်လာ တုန်းက စနိတ်ပ်မျက်နှာပေါ်က အမူအရာကို သင်မြင်စေ့ချင်တယ်" ဟယ်ရီက အမြန်ပြောတယ်။ "ခါခါရော့ဖ်က စနိတ်ပ်နဲ့ စကားပြောချင်တယ်။ စနိတ်ပ်က သူ့ကို ရှောင်နေတယ်လို့ သူကပြောတယ်။ ခါခါရော့ဖ်ဟာ အလွန်စိတ်ပူနေ သလိုပဲ။ သူက စနိတ်ပ်ကို သူ့လက်မောင်းပေါ်က ဘာကိုပြသလဲမသိဘူး။ ဒါ ဘာဆိုတာ ကျွန်တော်သေချာမမြင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ စနိုက်ပ်ကို သူ့လက်မောင်းပေါ်က ဘာပြသလဲ ?" ဆီးရီးအက် ကြယ်က ပြောတယ်။ ဘာမှန်းမသိဖြစ်နေတယ်။ သူဟာ လက်ချောင်းနဲ့ သူ ညစ်ပတ်တဲ့ဆံပင်ကို စိတ်မပါဘဲ သပ်နေတယ်။ ဒီနောက် ပခုံးတွန့်လိုက်တယ် "အင်း၊ အဲဒါဘာလဲဆိုတာ ကျုပ်လဲမသိဘူး . . . . ဒါပေမယ့် ခါခါရော သိပ်ကို ပွပင်နေရင်၊ ပြီးတော့ စနိုက်ပ်ဆီ အကြဲလာတောင်းတယ်ဆိုရင် . . . ."

ဆီးရီးအက်စ်ကြယ်ဟာ ဂွန်ရဲကို ကြည့်နေတယ်။ ဒီနောက် မတ နိုင်ဘဲ ပြောင်ပြလိုက်တယ်။ "ဟုတ်တယ်၊ ဒမ်ဘယ်လီဒိုးက စနိုက်ပ်ကို ယုံတယ် တစ်ခါတလေ ဒမ်ဘယ်လီဒိုးယုံတဲ့လူကို တခြားလူတွေက မယုံဘူး။ ဒါပေမယ့် ကျုပ်ထင်တယ်၊ တကယ်လို့ စနိုက်ပ်ဟာ ဗိုလ်ဒီမွန့်ကို အလုပ်အကျွေးပြုခဲ့ရင် ဒမ်ဘယ်လီဒိုးက သူ့ကို ဘယ်နည်းနဲ့မှ ဟော့ဂ်ဝပ်မှာ ခန့်မှာမဟုတ်ဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ မူးဒီနဲ့ ခရောက်ချ်တို့ဟာ စနိုက်ပ်ရုံးခန်း အလောတကြီးဝင်ရှာတာလဲ" ရွန်က ခေါင်းမာမာပြောတယ်။

"ကျုပ်ထင်တယ်" ဆီးရီးအက်ကြယ်က ဖြည်းနှေးစွာပြောတယ် "အရူးမျက်လုံး ဟော့ဂ်ဝပ်ကို ရောက်လာပြီးနောက်၊ ဆရာတိုင်းရဲ့ ရုံးခန်း ရှာပြီးရော့မယ်။ မူးဒီဟာ ဂုဏ်ရဲ့မှော်နက်ပညာခုခံကာကွယ်တဲ့အတတ် သင်တ ကို သိပ်အရေးထားတာ။ သူက ဘယ်သူ့ကိုမှ မယုံဘူးထင်တယ်။ အဖြစ်အပျ တွေ အများကြီးမြင်တွေ့ခဲ့ပြီးနောက်၊ သူ ဒီလိုလုပ်တာ မဆန်းပါဘူး။ ဒါ မယ့်၊ ကျုပ် မူးဒီအစား တရားမျှတစွာပြောချင်တာက၊ သူဟာ ရှောင်လို့ရရ ဘယ်တော့မှ အပြစ်မဲ့သူကို လျှောက်မသတ်ဘူး၊ သူဟာ အတတ်နိုင်ဆုံ အရှင်ဖမ်းလာတယ်။ သူဟာ အလွန်ကြမ်းတမ်းတယ်၊ ဒါပေမယ့် မိမိကို မိမိ ဒက်အီတာအဆင့်အတန်း ကျရောက်အောင် ဘယ်တော့မှမလုပ်ဘူ ခရောက်ချ်ကတော့ . . . . လုံးဝမတူဘူး . . . . သူတကယ်ပဲ ဖျားနေတာလာ ဖျားနေရင် ဘာဖြစ်လို့ စနိုက်ပ်ရုံးခန်းကို ရောက်အောင်လာရတာလဲ။ မဖျားဘူ ဆိုရင် . . . . သူဘာလုပ်ချင်လို့လဲ။ သူယှဉ်ပြိုင်ပွဲမှာ ဒိုင်လူကြီးလုပ်ရမ အချိန်မှာ သူဘာတွေလုပ်နေသလဲ"

ဆီးရီးအက်စ်ကြယ် အတွေးထဲကျရောက်သွားတယ်။ မျက်လုံး တော့ ဂူနံရံကိုပဲ စိုက်ကြည့်နေတယ်။ ဘတ်ခ်ဘိခ်ဟာ ကျောက်တုံးတွေ မြေကြီးပေါ်မှာ ဟိုဒီရှာဖွေနေတယ်။ ကျန်နေတဲ့အရိုးကို လိုက်ရှာနေတယ် နောက်ဆုံး ဆီးရီးအက်စ်ကြယ်က ခေါင်းမော့ပြီး ရွန့်ကို ကြည့်တယ်။



"မင်းအစ်ကိုဟာ ခရောက်ချ်ရဲ့ ကိုယ်ရေးအရာရှိလို့ မင်းပြောတယ်? တလော ခရောက်ချ်ကို တွေ့လားလို့ သူ့ကို မေးကြည့်လို့ရမလား"

"မေးစမ်းကြည့်မယ်" ရွန်က တွံ့ဆိုင်းစွာ ပြောတယ်။ "ဒါပေမယ့် ဘွန်တော် ခရောက်ချ်ကို မဟုတ်တာလုပ်နေတယ်လို့ထင်တာ သူ မရိုပ်မိမှ ဖြစ်မယ်။ ဖတ်စီက ခရောက်ချ်ကို ကြိုက်နှစ်သက်နေတာ"

"မင်းတစ်ခါတည်း ဘာသာ-ဂျော်ကင်စ် ဘယ်ရောက်နေတယ်ဆို တာ သူစုံစမ်းလို့ ရမရမေးကြည့်ပါလား" ဆီးရီးအက်စ်ကြယ်ကပြောရင်း 'ပြဲဟောဆရာများနေ့စဉ်' နောက်တစ်စောင်ကို လက်ညှိုးထိုးပြတယ်။

"ဘက်ဂမင်းက မတွေ့သေးဘူးလို့ ဘွန်တော့်ကို ပြောတယ်" ဟယ်ရီ က ပြောတယ်။

"ဟုတ်တယ်၊ ဆောင်းပါးထဲမှာ သူ့စကားကို ကိုးကားထားတယ်" ဆီးရီးအက်စ်ကြယ်ကပြောရင်း သတင်းစာကို ခေါင်းညိတ်ပြတယ်။ "သူက ဘာသာရဲ့မှတ်ဉာဏ်ဟာ ဘယ်လောက်ညံ့ကြောင်း စိတ်လှုပ်ရှားစွာ ပြောတယ်၊ ကျုပ်အရင်က ဘာသာကို သိတယ်၊ သူမ အခု လုံးဝပြောင်းသွားရင်တော့ ဆစ်မျိုးပေါ့။ ကျုပ်မှတ်မိသလောက်၊ သူမဟာ နည်းနည်းမှမမေ့တတ်ပါဘူး —— ပြီးတော့ အဲဒါနဲ့ဆန့်ကျင်စွာပဲ သူမဟာ နည်းနည်းတော့ ကိစ္စတွေကို တွေးတတ်တယ်။ ဒါပေမယ့် ကောလာဟလဘက်မှာ မှတ်ဉာဏ်က ပထမ တန်းစားဖြစ်တယ်၊ ဒါကြောင့် သူမဟာ မကြာမကြာ အရှုပ်အရှင်းထဲ ကျ ရောက်နေတတ်တယ်။ သူမဟာ ဘယ်အချိန်မှာ ပါးစပ်ပိတ်ထားရမယ်ဆိုတာ ဘယ်တုန်းကမှ မသိဘူး။ သူမဟာ မှော်ဝန်ကြီးဌာနထဲမှာ အမြင်ကတ်စရာ တုပ်ဝန်ပိုးဖြစ်နေမယ်ဆိုတာ ကျုပ် တွေးကြည့်လို့ရတယ် . . . . ဒါကြောင့် လား မသိဘူး၊ ဘက်ဂမင်းဟာ တော်တော်နဲ့ သူမကို လိုက်မရှာတာ . . . ."

ဆီးရီးအက်စ်ကြယ်ဟာ သက်ပြင်းကြီးချလိုက်ပြီး၊ မျက်ကွင်းမည်း ညိုနဲ့မျက်လုံးကို လက်နဲ့ပွတ်လိုက်တယ်။

"ဘယ်အချိန်ရှိပြီလဲ"

ဟယ်ရီက နာရီကြည့်လိုက်တယ်၊ ချက်ချင်းပဲ ကန်ကြီးထဲမှာ တစ် ခရိုနေပြီးနောက် နာရီရပ်သွားတာ သတိရလိုက်တယ်။

"သုံးနာရီခွဲ" ဟာမီးက ပြောတယ်။

"မင်းတို့ကျောင်းပြန်ရင် ကောင်းမယ်" ဆီးရီးအက်စ်ကြယ်ကပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်လိုက်တယ်။ "အခု ကျုပ်ပြောတာနားထောင် . . . ." သူ
တယ်ရီ့ကို သေချာကြည့်နေတယ်။ "မင်း ကျောင်းကနေ လစ်လာပြီး ကျုပ်
မကြည့်စေချင်ဘူး၊ နားလည်လား။ ကျုပ်ဆီကို စာပို့ရင် ပြီးတာပဲ။ ဘာထူးခြ
တဲ့ အခြေအနေရှိတယ်ဆိုတာ ကျုပ်သိချင်တယ်။ ဒါပေမယ့် မင်းဟာ ခွင့်
ချက်မရှိဘဲ ဟော့ဂ်ဝပ်က ထွက်မလာနဲ့။ မင်းကို တိုက်ခိုက်မယ့်လူရှိရင်၊ အဲ
အခွင့်အတောင်းဆုံးဖြစ်လိမ့်မယ်"

"ခုချိန်ထိတော့၊ ကျွန်တော့်ကို တိုက်ခိုက်ချင်တဲ့လူ မရှိသေးဘူး
မီးနဂါးတစ်ကောင်နဲ့ ဂရင်းဒီလိုးကလွဲရင်ပေါ့" ဟယ်ရီကပြောတယ်။ ဒါပေမ
ဆီးရီးအက်စ်ကြယ်က သူ့ကို မကျေနပ်ဘဲ ကြည့်နေတယ်။

"ကျုပ် ကိစ္စမရှိဘူး . . . . ဒီယှဉ်ပြိုင်ပွဲပြီးသွားရင်၊ ကျုပ် အသ
ကောင်းကောင်းရှူနိုင်ပြီပေါ့။ အဲဒါ ငွန်လထိ။ မင်းတို့ ကျုပ်အကြောင်းပြောရ
ကျုပ်ကို စနပ်ဖော်စ်လို့ခေါ်ဖို့ မမေ့နဲ့၊ ကောင်းလား"

သူက စက္ကူလက်သုတ်ပဝါနဲ့ ပုလင်းလွတ်ကို ဟယ်ရီ့ပေးလိုက်တယ်
တစ်ခါ ဘတ်ခ်ဘိစ်ကို သွားပုတ်ပြီး ၎င်းကို နှုတ်ဆက်တယ်။ "ကျုပ် မင်းတို့
အတူ ရွာနားထိ သွားမယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ "သတင်း
တစ်စောင်နှစ်စောင် ခိုးလို့ရမလား မသိဘူး"

သူဟာ ခွေးနက်ကြီးအဖြစ် ရုပ်ပြောင်းလိုက်တယ်။ ဒီနောက် အားလုံ
အတူတကွ ဂူကထွက်ခဲ့တယ်။ သူတို့ဟာ သူနဲ့အတူ တောင်အောက်ဆင်
တယ်။ ကျောက်စလစ်ခဲတွေနဲ့ ပြည့်နေတဲ့ကွင်းကို ဖြတ်ခဲ့ပြီး ခြံစည်းရိုးဘေး
ပြန်လာတယ်။ အဲဒီနေရာမှာ၊ သူက သူတို့အားလုံး သူ့ခေါင်းကို အပုတ်ခံတယ်
ဒီနောက် လှည့်ပြီး ရွာအပြင်စည်းက ထွက်ပြေးသွားတယ်။ ဟယ်ရီ၊ ရွှန်
ဟာမီးတို့လည်း လာလမ်းအတိုင်း ဟော့ဂ်စ်မီဒ်ကို ပြန်ခဲ့ပြီး၊ ဟော့ဂ်ဝပ်ဆီ ရှေ
သွားကြတယ်။

"ဖတ်စီ ခရောက်ချ်အကြောင်း သိလားမသိဘူး" သူတို့ ရဲတိုက်
ပေါက်တဲ့ယာဉ်လမ်းကြောင်းပေါ်မှာ သွားနေတော့ ရွှန်က ပြောတယ်။ "ဒါ
မယ့်လဲ သူ ဒါကို အရေးထားမှာမဟုတ်ဘူးထင်တယ် . . . . ဒါက ခရောက်
ကို သူပိုကြည်ညိုသွားစေလိမ့်မယ်ထင်တယ်။ ဟုတ်တယ်၊ ဖတ်စီက စည်းမျ
စည်းတမ်းတွေကို သိပ်ကြိုက်တာ။ သူက ခရောက်ချ်ဟာ မိမိသားအရ
အတွက် စည်းမျဉ်းကို မချိုးဖောက်ချင်လို့လို့ ပြောမှာ"

"ဖတ်စီဟာ သူ့အိမ်သားတွေကို ဘယ်နည်းနဲ့မှ ဝိညာဉ်စုပ်ကောင်
ို အပ်မှာမဟုတ်ဘူး" ဟာမီးက တည်ကြည်စွာပြောတယ်။

"ဒါတော့ ငါလဲမသေချာဘူး" ရွှန်က ပြောတယ်။ "ငါတို့က သူ့
ာ်ပ်ငန်းကို အတားအဆီးဖြစ်နေတယ် သူထင်ရင် . . . . ဖတ်စီဟာ သိပ်ရမ္မက်
ြီးတာ၊ နင်တို့သိတယ် . . . ."

သူတို့ကျောက်လှေကားထစ်ကတက်ပြီး တံခါးခန်းထဲ ဝင်ခဲ့တယ်။
်းမကြီးထဲကလာတဲ့ညစာရဲ့ ဟင်းမွှေးနံ့တွေကို ရကြတယ်။

"သနားစရာ စနပ်ဖော်စ်ကြီး" ရွှန်က အနံ့ကို ပြင်းပြင်းရှူရင်း ပြော
ယ်။ "သူက မင်းကို အင်မတန်ချစ်မှာ၊ ဟယ်ရီ . . . . မင်းတွေးကြည့်စမ်း၊
ြွက်စားပြီးနေရတာ"

www.burmeseclassic.com



## ၂၈။ မစ္စတာခရောက်ချ် ရှူးသွားပြီ

တနင်္ဂနွေနေ့နံနက်စာစားပြီးနောက်၊ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဇီးကွ တဲအိမ်ကို လာကြတယ်။ သူတို့ဟာ ဆီးရီးအက်စ်ကြယ် အကြံပေးသလို ဖ ဆီ စာတစ်စောင်ပို့မလို့။ သူ့ကို ခုတလော မစ္စတာ ခရောက်ချ်ကို မြင်ေ လားမေးတာ။ သူတို့က ဟက်ဒဝစ်ကို ရွေးလိုက်တယ်။ အကြောင်းက အလုပ်လက်မဲ့ဖြစ်နေတာ အတော်ကြာနေလို့။ သူတို့ဟာ ဇီးကွက်တဲအိမ်ပြ ကနေ ၎င်းတဖြည်းဖြည်းဝေးသွားတာကို ကြည့်နေပြီးနောက် အောက်က ချောင်ဆီ လာခဲ့တယ်၊ ဝယ်လာတဲ့ခြေစွပ်တွေကို ဒေါ့ဘီပေးလိုက်တယ်။

အိမ်မွေးမှင်စာလေးတွေဟာ သူတို့ကို ဝမ်းသာအားရ ကြိုဆိုကြတ ဦးညွှတ်အလေးပြုကြ၊ ဒူးညွှတ်အလေးပြုကြတဲ့အပြင်၊ သူတို့အတွက် လက် ရည်တို့ မုန့်တို့ကို အလောတကြီး ပြင်ဆင်ပေးကြတယ်။ ဒေါ့ဘီက လက်ဆေ ကို မြင်တော့ အလွန့်ကို အားရဝမ်းသာတယ်။

"ဟယ်ရီ-ပေါ်တာ ဒေါ့ဘီအပေါ် သိပ်ကောင်းတာပဲ" သူက ရှုရှုပြောတယ်၊ မျက်လုံးကြီးထဲက ထွက်လာတဲ့မျက်ရည်ကို သုတ်လိုက်တ



"မင်းက ပါးဟက်ပင်နဲ့ ငါ့အသက်ကို ကယ်ခဲ့တာ၊ ဒေါ့ဘီ၊ တကယ်" ဟယ်ရီက ပြောတယ်။

"ဟို မုန့်လက်ချောင်းရှိသေးလား" ရွန်က ဘေးမှာဝိုင်းနေတဲ့ ပြုံးချိုစွာ ဆက်မပြတ် အလေးပြုနေတဲ့ အိမ်မွေးမှင်စာလေးတွေကိုကြည့်ပြီး မေးတယ်။

"နင် ခုမှ နံနက်စာစောစောစားပြီးတာ" ဟာမီးက ဒေါသနဲ့ ပြော တယ်။ သို့ပေမယ့် မုန့်လက်ချောင်းတွေအပြည့်နဲ့ ငွေလင်ပန်းကြီးဟာ မှင်စာ လေး လေးယောက်က မြှောက်ကိုင်ပြီး လေပွေတိုက်သလို သူတို့မျက်မှောက် ဆီ ရောက်လာတယ်။

"ငါတို့ စားစရာနည်းနည်းပိုတောင်းပြီး စနပ်ဖော်စ်ကို ပေးရအောင်" ဟယ်ရီက တိုးတိုးပြောတယ်။

"အကြံကောင်းပဲ" ရွန်က ပြောတယ်။ "ဝက်ကလေးကို အလုပ်လုပ် စရာရှိအောင်ပေါ့။ မင်းတို့ ငါတို့ကို စားစရာနည်းနည်း ထပ်ပေးနိုင်မလား" သူက ဘေးရှိမှင်စာလေးတွေကို မေးတယ်။ ၎င်းတို့ဟာ ဝမ်းသာစွာ အလေး ပြုရင်း၊ တန်းပြီး အစားအစာသွားယူတယ်။

"ဒေါ့ဘီ၊ ဝင့်ခီရော" ဟာမီးက ဘေးပတ်လည်ကိုကြည့်ပြီး မေးတယ်။

"ဝင့်ခီ မီးဖိုဘေးမှာ၊ မစ်" ဒေါ့ဘီက တိုးတိုးပြောတယ်။ သူ့နားရွက် က အောက်တွဲကျနေတယ်။

"အော၊ ဘုရား၊ ဘုရား" ဟာမီးက ဝင့်ခီကို မြင်တော့ အာမေဋိတ်သံ ထွက်သွားတယ်။

ဟယ်ရီကလည်း မီးလင်းဖိုဘက်ကို ကြည့်လိုက်တယ်။ ဝင့်ခီဟာ အရင်တခါက ခွေးခြေလေးမှာပဲထိုင်ပြီး မိမိကိုယ်မိမိ ညစ်ပေအောင်နေတာမှ သူမနောက်ဘက်က မီးခိုးရိုက်လို့ မည်းနက်နေတဲ့ အုတ်နံရံလိုပဲ၊ ခွဲခြားလို့တောင် မရဘူး။ သူမ အင်္ကျီမလျှော်ဖွပ်တဲ့အတွက် ညစ်ပတ်စုတ်ပြတ်နေတယ်။ သူမ လက်ထဲမှာ ယောပတ်ဘီယာတစ်ပုလင်း ကိုင်ထားတယ်။ ကိုယ်ခန္ဓာက ခွေ ခြေပေါ်မှာ လူးပ်ယိုင်နေတယ်။ မျက်လုံးက မီးဖိုမီးကို ငေးငိုင်ကြည့်နေတယ်။ သူတို့ သူမကို ကြည့်နေစဉ်မှာပဲ၊ သူမဟာ ကျယ်ကျယ်ကြီး ကြို့ထိုးလိုက်တယ်။

"ဝင့်ခီဟာ အခု တစ်နေ့ကို ခြောက်ပုလင်းသောက်တယ်" ဒေါ့ဘီက ဟယ်ရီ့ကို တိုးတိုးပြောပြတယ်။

"အော၊ ဒီလိုဘီယာမျိုးက မပြင်းဘူး" ဟယ်ရီက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘီကတော့ ခေါင်းခါပြတယ်။ "အိမ်မွေးမှင်စာလေးအဖို့က သိ
ပြင်းတာ၊ ဆရာ" သူက ပြောတယ်။

ဝင့်ခီဟာ ကြို့ထိုးလိုက်ပြန်တယ်၊ မုန့်လက်ညှိုးယူလာတဲ့ မှင်စာလေ
က သူမကို မကျေမနပ် မျက်စောင်းထိုးလိုက်ပြီး အလုပ်ပြန်လုပ်တယ်။

"ဝင့်ခီ အခု သိပ်ပိန်ချုံးနေပြီ၊ ဟယ်ရီ-ပေါ်တာ" ဒေါ်ဘီက ဝမ်းနည်
စွာ တိုးတိုးပြောတယ်။ "ဝင့်ခီက အိမ်ပြန်ချင်တယ်။ မစ္စတာ ခရောက်ချ်ဟာ
သူမသခင်လို့ပဲ ထင်မှတ်နေတယ်၊ ဆရာ။ ဒေါ်ဘီက သူမ အခုသခင်
ဒမ်ဘလီဒိုးလို့ အကြိမ်ကြိမ်ပြောပြပေမယ့် သူမက နားမဝင်ဘူး"

"ဟေး၊ ဝင့်ခီ" ဟယ်ရီဟာ ရုတ်တရက် အကြံတစ်ခုရလို့ သူမအနား
သွားပြီး ကုန်းပြောတယ်။ "မစ္စတာ ခရောက်ချ် ဘာလုပ်နေတယ်ဆိုတာ မင်
သိလား။ သူ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲလဲ ဒိုင်လူကြီးလာမလုပ်ဘူး"

ဝင့်ခီရဲ့မျက်လုံး လှုပ်နေတယ်၊ ဧရာမသူငယ်အိမ်နှစ်ခုဟာ ဟယ်ရီ
ကြည့်နေတယ်။ ကိုယ်ခန္ဓာဟာလည်း အနည်းငယ် လှုပ်ယိုင်နေပြန်တယ်။ သူ
က ပြောတယ်။ "သ —— သခင် —— အော —— မလာဘူး ?"

"ဟုတ်တယ်လေ" ဟယ်ရီက ပြောတယ်။ "ပထမကဏ္ဍစကတည်းက
ငါတို့ သူ့ကို မမြင်ရတော့ဘူး၊ 'ကြိုဟောဆရာများနေ့စဉ်'မှာ သူဖျားနေတယ်
လို့ ကြားတယ်"

ဝင့်ခီဟာ တစ်ခါလှုပ်ယိုင်သွားပြန်တယ်။ အကြည့်ဝေဝါးစွာ ဟယ်ရီ
ကို ကြည့်နေတယ်။

"သခင် —— အော —— နေမကောင်းဘူး ?"

သူမရဲ့အောက်နှုတ်ခမ်း တုန်ယင်လာတယ်။

"ဒါအမှန်လားဆိုတာ ငါတို့ သေချာမပြောနိုင်သေးဘူး" ဟာမီး
အမြန်ပြောတယ်။

"သခင်ဟာ အခု ၎င်းရဲ့ —— အော —— ဝင့်ခီကို လိုအပ်တယ်"
မှင်စာလေးက ရှိုက်ငင်ရင်းပြောတယ်။ "သခင်တစ်ယောက်တည်း —— အော
—— ဘယ့်နှယ့်လုပ် —— အော —— ဘယ့်နှယ့်လုပ်နိုင်မှာလဲ . . . ."

"အိမ်မှုကိစ္စတွေ တခြားလူလဲ လုပ်နိုင်တယ်၊ ဝင့်ခီ" ဟာမီးက တည်
တည်ပြောတယ်။

"ဝင့်ခီ —— အော —— မစ္စတာခရောက်ချ်အတွက်တင် —— အော



—— အိမ်မှုလုပ်ရတာမဟုတ်ဘူး" ဝင့်ခီက ဒေါသနဲ့ပြောတယ်။ ကိုယ်ခန္ဓာဟာ
ပြိုးလှုပ်ယိုင်လာတယ်။ ထောပတ်ဘီယာဟာလည်း မူလကတည်းက ညစ်ပေ
နေတဲ့အင်္ကျီပေါ် ဖိတ်ကျကုန်တယ်။ "သခင် —— အော —— ဝင့်ခီကို ယုံတယ်၊
အရေးအကြီးဆုံး —— အော —— အလျှို့ဝှက်ဆုံးကိစ္စကို —— ပြောပြတယ်
—— ဝင့်ခီ ——"

"ဘာကိစ္စလဲ" ဟယ်ရီက ပြောတယ်။

ဒါပေမယ့် ဝင့်ခီဟာ ခေါင်းကိုတအားခါလိုက်တယ်။ ဘီယာတွေ
ကိုယ်ပေါ်ဖိတ်ကျပြန်တယ်။

"ဝင့်ခီ —— မဖြစ်ဘူး —— အော —— သခင်ရဲ့လျှို့ဝှက်ချက်ကို
ပေါက်ကြားလို့မဖြစ်ဘူး" သူမဟာ မိမိကိုယ်မိမိ ချုပ်ထိန်းလို့မရတော့ဘူး။
ကိုယ်ခန္ဓာဟာ ပြင်းထန်စွာ တုန်လှုပ်နေတယ်။ မျက်မှောင်ကြုတ်ကာ မျက်လုံး
အရောင်မရှိဘဲ ဟယ်ရီကို ကြည့်နေတယ်။ "ရှင် —— အော —— ရှင်မဆိုင်
ဘာ ဝင်ပါနေတယ်"

"ဝင့်ခီ ဟယ်ရီ-ပေါ်တာကို ဒီလိုမပြောရဘူး" ဒေါ်ဘီက စိတ်ဆိုးစွာ
ပြောတယ်။ "ဟယ်ရီ-ပေါ်တာဟာ သတ္တိပြောင်မြောက်ပြီး မွန်မြတ်တယ်။
ဟယ်ရီ-ပေါ်တာ ဘယ်တုန်းကမှ မဆိုင်တာဝင်မပါဘူး"

"သူက ကျွန်မသခင်ရဲ့ —— အော —— လျှို့ဝှက်ချက်ကို ——
တ်နေတယ် —— အော —— ဝင့်ခီဟာ ကောင်းတဲ့အိမ်မွေးမှင်စာလေးပါ
—— အော —— လူတွေဟာ နည်းအမျိုးမျိုးနဲ့ —— အော —— မေးကြ
တ်ကြ —— အော ——"

ဝင့်ခီ မျက်ခွံတွေကျလာပြီး ရုတ်တရက် ခွေးခြေပေါ်ကနေ မီးလင်းဖို
ရှေ့ ကော်ဇောပေါ် လျှောကျသွားတယ်။ အိမ်မွေးမှင်စာလေး ခြောက်ယောက်
နစ်ယောက် ပြေးလာကြတယ်။ ရွံ့မုန်းတဲ့အမူအရာတွေ ဖော်ပြကြတယ်။
တို့အနက် တစ်ယောက်က အရက်ပုလင်းကို ကောက်တယ်။ ကျန်သူတွေက
ပွဲခင်းအကွက်ကြီးနဲ့ ဝင့်ခီကို အုပ်ထားတယ်။ လေးဘက်လေးတန် သေချာ
းတယ်။ သူများ သူမကို မမြင်ရအောင်လုပ်တယ်။

"သင်တို့ဒါမြင်ရတဲ့အတွက် ဝမ်းနည်းပါတယ်၊ ဆရာနဲ့ မစ်"အနီးက
င်စာလေးက စူးရှစွာပြောတယ်။ ခေါင်းလည်းခါနေတယ်။ သိပ်ရှက်နေပုံပေါ်
တယ်။ "ဝင့်ခီကိုကြည့်ပြီး ကျွန်ုပ်တို့အားလုံးကို ကောက်ချက်မချစေချင်ဘူး၊

www.burmeseclassic.com



ဆရာနဲ့ မစ်"

"သူမ မပျော်ဘူး" ဟာမီးက ပူပင်စွာပြောတယ်။ "မင်းတို့က ဘ
ဖြစ်လို့ သူမကို ပျော်အောင်မလုပ်တာလဲ၊ သူမကို ဖုံးထားပြန်တယ်"

"ဝမ်းနည်းပါတယ်၊ မစ်" အဲဒီအိမ်မွေးမှင်စာလေးက ပြောတယ်
ဦးညွှတ်အလေးပြုပြန်တယ်။ "ဒါပေမယ့် အလုပ်လုပ်စရာရှိတယ်။ သခင်
အလုပ်အကျွေးပြုရမယ်ဆိုရင်၊ အိမ်မွေးမှင်စာလေးတွေမှာ မပျော်ဖို့အခွ
အရေး မရှိပါဘူး"

"အော၊ ဘုရား၊ ဘုရား၊ ဟာမီးက အော်ပြောတယ်။ "မင်းတို့
ပြောတာနားထောင်။ မင်းတို့ဟာ မှော်ဆရာတွေလိုပဲ မပျော်ရွှင်ဖို့ အခွင့်အရေ
လုံးဝရှိတယ်၊ မင်းတို့မှာ လုပ်ခယူဖို့၊ ခွင့်ရက်ယူဖို့၊ သင့်တင့်လျောက်ပတ်
အဝတ်အစားဝတ်ဖို့ အခွင့်အရေးရှိတယ်။ နေရာတိုင်းမှာ သူများခိုင်းစေတာ
လုပ်ဖို့ မလိုဘူး —— ဒေါ်ဘီကို ကြည့်ကြပါ"

"ဒေါ်ဘီကို ထည့်မပြောပါနဲ့၊ မစ်" ဒေါ်ဘီက မရှင်းမလင်းပြောတယ်
အလွန့်အလွန်ကြောက်သလိုပဲ၊ မီးဖိုချောင်ထဲက အိမ်မွေးမှင်စာလေး
မျက်နှာပေါ်က ပျော်ရွှင်တဲ့အပြုံးတွေ ကွယ်ပျောက်သွားတယ်။ ၎င်းတို့
ရုတ်တရက် အကြည့်တစ်မျိုးနဲ့ ဟာမီးကို ကြည့်နေတယ်။ သူမဟာ ရူးသွပ်
အန္တရာယ်ရှိနေသလိုပဲ။

"စားစရာတွေ သင်တို့ဖို့ ယူလာပြီ" ဟယ်ရီ့တံတောင်ဆစ်နား
မှင်စာလေးက အသံစူးစူးနဲ့ ပြောတယ်။ ဒီနောက် ဝက်ပေါင်ခြောက်အတုံး
ရယ်၊ ကိတ်မုန့်တစ်ဒါဇင်နဲ့ သစ်သီးအချို့ကို ဟယ်ရီ့လက်ထဲ ထိုးပေးတယ်
"ဂွတ်ဒ်ဘိုင်"

အိမ်မွေးမှင်စာလေးတွေဟာ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးဘေးမှာဝိုင်း
လက်ကလေးများနဲ့ သူတို့ရဲ့ခါးတွေ၊ ကျောတွေကို တွန်းကာ၊ မီးဖိုထဲက မော
ထုတ်တယ်။

"ခြေစွပ်ပေးလို့ ကျေးဇူးတင်ပါတယ်၊ ဟယ်ရီ-ပေါ်တာ" ဒေါ်ဘီ
မီးလင်းဖိုရှေ့ ကော်ဇောပေါ်ကနေ သနားစရာအော်ပြောတယ်။ သူဟာ စာ
ခင်းနဲ့ အုပ်ထားတဲ့ ဝင့်ခီဘေးမှာ ရပ်နေတယ်။

"နင့်ပါးစပ်ပိတ်ထားလို့ မရဘူးလား၊ ဟာမီး" မီးဖိုချောင်ကတံ
သူတို့ကျောဘက်မှာ ဒိုင်းခနဲပိတ်သွားတော့၊ ရွှန်က ဒေါသနဲ့ပြောတယ်။ "အ



သူတို့ဟာ တို့ကို ဒီလာတာ မကြိုက်တော့ဘူး။ ငါတို့ ဝင့်ခီပါးစပ်ထဲကနေ
နောက်ဆုံးအခြေအနေကို နှိုက်ယူလို့ မရတော့ဘူး"

"တော်စမ်းပါ၊ နင်က ဒါကို စိတ်ဝင်စားတာ မဟုတ်ပါဘူး" ဟာမီးက
ကဲ့ရဲ့ပြောဆိုတယ်။ "နင်က ဒီမှာ စားစရာလာရှာတာပါ"

အဲဒီအချိန်ကစပြီး ထိုနေ့ဟာ လူကိုစိတ်ဆိုးစေတဲ့နေ့ ဖြစ်သွားတယ်။
ညကျတော့ ရွှန်နဲ့ဟာမီး အများနားနေခန်းထဲမှာ အိမ်စာလုပ်စဉ် စကားများလို့
မပြီးဘူး။ ဟယ်ရီက ငြီးငွေ့လာလို့ တစ်ယောက်တည်း ဆီးရီးအက်စ်ကြွယ်
အတွက် အစားအစာယူပြီး ဇီးကွက်တဲအိမ်ကို လာတယ်။

ဝက်ကလေးဟာ သိပ်သေးငယ်လွန်းလို့ တစ်ကောင်တည်းနဲ့ ဝက်
ပေါင်ခြောက်တစ်တုံးကို မနိုင်ဘူး။ ဒါကြောင့် ဟယ်ရီက ကျောင်းပိုင် နားရွက်
ရှည် ဇီးကွက်နှစ်ကောင်ကိုရွေးပြီး ကူညီခိုင်းတယ်။ ၎င်းတို့ဟာ မှောင်ရီရော
ထဲမှာ အဝေးကို ပျံသွားတယ်။ အလယ်မှာ အထုပ်ကြီးကို မ,သွားကြတာ ပုံပန်း
တ တစ်မျိုးကြီးဖြစ်နေတယ်။ ဟယ်ရီဟာ ပြတင်းကိုမှီပြီး အပြင်ကကွင်းကို
ကြည့်နေတယ်။ တားမြစ်သစ်တောထဲက မည်းနက်ပြီး တရှပ်ရှပ်မြည်နေတဲ့
သစ်ပင်ထိပ်ဖျားနဲ့ ဒမ်စထရန်ရဲ့ လေနဲ့အတူလွင့်ပျံနေတဲ့ရွက်ကြီးကို ကြည့်
နေတယ်။ ဇီးကွက်ကလေးတစ်ကောင်ဟာ ဟက်ဂရစ်အိမ်ကလေးက ထွက်
လာတဲ့ မီးခိုးတစ်စီကို ဖြတ်ပျံပြီး ရဲတိုက်ဆီလာနေတယ်။ ဒီနောက် ဇီးကွက်
တဲအိမ်ကိုကွေ့ပြီး ပျောက်သွားတယ်။ ဟယ်ရီ ငုံ့ကြည့်လိုက်တော့ ဟက်ဂရစ်
ဟာ မိမိရဲ့အိမ်ကလေးရှေ့မှာ ခွန်နဲ့အားနဲ့ မြေပေါက်နေတာ မြင်ရတယ်။ သူ
ဘာလုပ်နေတယ်ဆိုတာ ဟယ်ရီမသိဘူး။ မြေတစ်ကွက်ပေါက်ပြီး ဟင်းသီး
ဟင်းရွက် စိုက်မလို့နဲ့တူတယ်။ ဒီအချိန်မှာပဲ၊ မဒမ်မက်ဆင်းဟာ ဗျူစ်ဘာတန်
မြင်းလှည်းထဲက ထွက်လာပြီး ဟက်ဂရစ်ဆီ လျှောက်သွားတယ်။ သူမဟာ
သူနဲ့စကားပြောချင်ပုံ ရတယ်။ ဟက်ဂရစ်ဟာ ဂေါ်ပြားကိုထောက်ပြီး စကား
များများပြောချင်ပုံ မရဘူး။ အကြောင်းက မဒမ်မက်ဆင်းဟာ ချက်ချင်းဆိုသလို
မြင်းလှည်းပြန်သွားလို့ပဲ။

ဟယ်ရီဟာ ဂရစ်ဖင်းဒေါအိမ်ချွန်ကိုပြန်ပြီး ရွှန်နဲ့ဟာမီး အပြန်အလှန်
ဆူဆဲနေတာကို နားမထောင်ချင်ဘူး။ ဒါနဲ့ ဟက်ဂရစ်မြေတူးနေတာကို သူ့
အရိပ် ညအမှောင်ဖုံးသွားတဲ့ထိ တိတ်တိတ်လေးကြည့်နေတယ်။ ဟယ်ရီ့ဘေး
တော်လည်က ဇီးကွက်တွေ တစ်ကောင်ပြီးတစ်ကောင် နိုးလာတယ်။ တရှူးရှူး

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခွင့် မပေးဘူး၊ ဟုတ်တယ်မဟုတ်လား။ လူဒို-ဘက်ဂမင်းတောင် ——

"ထိုင်၊ ပေါ်သွပ်သွပ်ကောင်မလေး၊ ကိုယ်မသိတဲ့ကိစ္စကို လျှောက် မပြောနဲ့" ရီထာ-စကီးထာက အေးစက်စက်ပြောတယ်။ သူမအကြည့်ဟာ ဟာမီးကိုယ်ပေါ် ကျရောက်တော့ အေးစက်ရိုင်းစိုင်းသွားတယ်။ "လူဒို-ဘက် ဂမင်းအကြောင်းတချို့ ကိုယ်သိထားတယ်။ အဲဒါက မင်းတို့ကို ကြက်သီးထ လိမ့်မယ် . . . . မပြောတော့ပါဘူး ——" သူမက ပြောတယ်။ ဟာမီးရဲ့ ပွယောင်းယောင်းဆံပင်ကို အကဲခတ်ကြည့်နေတယ်။

"တို့ သွားကြစို့" ဟာမီးက ပြောတယ်။ "မြန်မြန်၊ ဟယ်ရီ —— ရွန် . . . ."

သူတို့ထွက်ခွာသွားတယ်။ လူအများကြီး သူတို့ကို ကြည့်နေတယ် တံခါးနားရောက်တော့ ဟယ်ရီ ပြန်လှည့်ကြည့်လိုက်တယ်။ ရီထာ-စကီးထာ အမြန်မှတ်ကလောင်ဟာ စားပွဲပေါ်က သိုးရေစက္ကူပေါ်မှာ လွန်းထိုးသွား တာ တွေ့ရတယ်။

"နောက်တစ်ယောက်ဆိုရင် နင့်ကို တွယ်မှာ၊ ဟာမီး" သူတို့လမ်း ပေါ် အမြန်လျှောက်သွားတော့ ရွန်က အသံနိမ့်ပြီး စိုးရိမ်စွာ ပြောတယ်။

"လုပ်ဝံ့လုပ်ကြည့်လေ" ဟာမီးက အရေးမထားဘဲ ပြောတယ် ဒါပေမယ့် ဒေါသကြောင့် တစ်ကိုယ်လုံး တုန်နေတယ်။ "ငါ သူမကို အကြောင် ပြလိုက်မယ်။ ငါက ပေါ်ကြောင်ကြောင်ကောင်မလေး ? ဟင်း၊ ငါ သူ့ကို တန် ပေးနိုင်းမယ်။ ပထမက ဟယ်ရီအတွက်။ ဒိနောက်က ဟက်ဂရစ် . . . ."

"နင် ရီထာ-စကီးထာကို သွားမစနဲ့" ရွန်က စိတ်တင်းကျပ်စွာ ပြော တယ်။ "ငါ အတည်ပြောတာ၊ ဟာမီး၊ သူမက နင့်အကြောင်းတချို့ကို ဖေ ထုတ်မှာ"

"ငါ့အဖေနဲ့အမေ 'ကြိုပေါ်ဆရာများနေ့စဉ်' မဖတ်ဘူး။ သူ့ကြော ငါကြောက်ပြီး ဟိုဒီပုန်းမှာမဟုတ်ဘူး" ဟာမီးက ပြောတယ်။ "ပြီးတော့ ဟာ ဂရစ်ဟာလဲ ပုန်းနေမှာ မဟုတ်တော့ဘူး။ သူဟာ ဒီစကားတွေကြောင့် စိ မထွေပြားသင့်ဘူး။ မြန်မြန်သွား" အခု သူမ သွားတာ မြန်လွန်းလို့ ဟယ် ရွန်တောင် မနည်းလိုက်ရတယ်။ အရင်တစ်ခါ ဟာမီး ဒီလိုဒေါသထွက်တာ ဟယ်ရီ မြင်ရတာဟာ သူမ ဍ္ဍာခို-မော်ဖိုင်ကို ပါးရိုက်လိုက်တဲ့အခါတုန်းက

သူမဟာ စပြေးတယ်။ သူတို့ကို ဦးဆောင်ပြီး တစ်လမ်းလုံး ပြေ



သွားတယ်။ တောင်ပံပါတောဝက်စောင့်နေတဲ့ တံခါးမကြီးကို ဖြတ်တယ်။ ကွင်းကို ဖြတ်ပြေးတယ်။ ဟက်ဂရစ်အိမ်လေးရှေ့ ရောက်လာတယ်။

ပြတင်းလိုက်ကာတွေ လုံလုံခြုံခြုံ ချထားတုန်းပဲ။ သူတို့ အနားကပ် သွားတော့ အစွယ်ကြီးရဲ့အော်သံ ကြားရတယ်။

"ဟက်ဂရစ်" ဟာမီးက အော်ပြောတယ်။ အိမ်တံခါးကိုလည်း ရိုက် ပုတ်တယ်။ "ဟက်ဂရစ်၊ တော်ပြီ။ ကျွန်မတို့ ရှင်အထဲမှာရှိတာ သိတယ်။ ရှင့်အမေ ရာမလူသားဖြစ်တာ ဘယ်သူမှ အရေးမထားဘူး၊ ဟက်ဂရစ်။ စကီးထာဆိုတဲ့ အမြင်ကတ်စရာမိန်းမ အကြံအောင်မြင်ခွင့် မပေးနဲ့၊ ဟက်ဂရစ်။ မြန်မြန်ထွက်ခဲ့၊ ရှင်ဟာ ——"

တံခါးပွင့်သွားတယ်။ ဟာမီးက "ရှင် အစောကြီးကတည်းက ——" လို့ ပြောရုံရှိသေးတယ်။ ချက်ချင်း ရပ်ပစ်လိုက်တယ်။ အကြောင်းက သူမနဲ့ မျက်နှာချင်းဆိုင်မှာရှိတာ ဟက်ဂရစ်မဟုတ်ဘဲ အောဘတ်စ်-ဒမ်ဘလီဒိုး ဖြစ် နေလို့ပဲ။

"မင်္ဂလာညနေခင်းပါ" သူက ပျော်ရွှင်စွာ ပြောတယ်။ ပြုံးစိစိနဲ့ သူတို့ကို ငုံ့ကြည့်တယ်။

"ကျွန်မတို့ —— အင်း —— ကျွန်မတို့ ဟက်ဂရစ်ကို တွေ့ချင်လို့" ဟာမီးက အသံတိုးတိုးလေး ပြောတယ်။

"အား၊ ကျုပ်ထင်သားပဲ" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့မျက်လုံး ထဲမှာ ပြောင်ချော်ချော်အရိပ်အယောင် ပေါ်နေတယ်။ "မင်းတို့ ဘာဖြစ်လို့ ဝင်မလာတာလဲ"

'အော . . . . အင်း . . . . ကောင်းပြီ" ဟာမီးက ပြောတယ်။ သူမ၊ ရွန်နဲ့ ဟယ်ရီ အိမ်ကလေးထဲ ဝင်လိုက်တယ်။ ဟယ်ရီအိမ်ထဲရောက်တာနဲ့ အစွယ်ကြီးက သူ့ဆီ ပြေးလာကာ တဝုတ်ဝုတ်ဟောင်ပြီး သူ့နားရွက်ကို လျက် ချင်တယ်။ ဟယ်ရီက အစွယ်ကြီးကို ရှောင်ပြီး ဟိုဒီကြည့်တယ်။

ဟက်ဂရစ် စားပွဲဘေး ထိုင်နေတယ်။ သူ့ရှေ့မှာ လက်ဖက်ရည် ခွက်ကြီးနှစ်လုံး ရှိတယ်။ သူ့ပုံပန်းက အလွန်ဆိုးနေတယ်။ မျက်နှာပေါ်မှာ မျက်ရည်စက်တွေနဲ့။ မျက်လုံးဟာ နီပြီး ရောင်နေတယ်။ ဆံပင်ကိစ္စမှာ သူဟာ အခြားအစွန်းတစ်ဖက် ရောက်သွားပြန်တယ်။ ဆံပင်ကို သပ်ရပ်အောင်လုပ်ဖို့ မကြိုးစားတော့ဘူး။ သူ့ဆံပင်တွေဟာ အခုဆိုရင် ယှက်လိမ်နေတဲ့ ဓာတ်ကြိုး

www.burmeseclassic.com



တွေ ဖြစ်ကုန်ပြီ။

"မင်္ဂလာပါ၊ ဟက်ဂရစ်" ဟယ်ရီက ပြောတယ်။

ဟက်ဂရစ် ခေါင်းမော့လိုက်တယ်။

"အင်း" သူက အသံအအကြီးနဲ့ ပြောတယ်။

"လက်ဖက်ရည်နည်းနည်း ထပ်သောက်လိုက်ပါ" ဒမ်ဘယ်လ်ဒိုးက ပြောရင်း ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ကျောဘက်ကနေ တံခါးကို ပိတ်လိုက်တယ်။ မှော်ကြိမ်လုံးထုတ်ပြီး အသာလေး လှုပ်ယမ်းနေတယ်။ မိုးပေါ်မှာ လည်နေတဲ့ လက်ဖက်ရည်ဇွန်းနဲ့ ကိတ်မုန့်တစ်ပန်းကန် ပေါ်လာတယ်။ ဒမ်ဘယ်လ်ဒိုးက မှော်ပညာနဲ့ လက်ဖက်ရည်ဇွန်းကို စားပွဲပေါ် တင်လိုက်တယ်။ အားလုံးထိုင်လိုက်တယ်။ ခဏငြိမ်နေပြီး ဒမ်ဘယ်လ်ဒိုးက ပြောတယ်။ "ဟက်ဂရစ်၊ မစ်ဂရန်ဂျာ အော်ပြောတဲ့စကားကို မင်းကြားသလား"

ဟာမီးမျက်နှာဟာ အနည်းငယ် နီလာတယ်။ ဒမ်ဘယ်လ်ဒိုးက သူမကို ပြုံးပြပြီး ဆက်ပြောတယ်။ "သူတို့ ခုနက တံခါးဖောက်ဝင်ချင်တဲ့ပုံကို ကြည့်ရင် ဟာမီး၊ ဟယ်ရီနဲ့ ရွန်ဟာ မင်းကို မိတ်ဆွေလို့ပဲ သဘောထားတယ်လို့ ထင်တယ်"

"ကျွန်တော်တို့က ခင်ဗျားကို မိတ်ဆွေလို့ပဲ သဘောထားတာပေါ့" ဟယ်ရီက ဟက်ဂရစ်ကို ကြည့်ပြီးပြောတယ်။ "ခင်ဗျားထင်နေတာက စကီးတာဆိုတဲ့ နွားမကြီး —— ဝမ်းနည်းပါတယ်၊ ပါမောက္ခ" သူက အမြန်ပြောပြီး ဒမ်ဘယ်လ်ဒိုးကို လှည့်ကြည့်နေတယ်။

"ကျုပ် ယာယီနားကန်းသွားတယ်။ မင်းပြောတာ မကြားလိုက်ဘူး ဟယ်ရီ" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။ သူက လက်မကြီးနှစ်ချောင်းကို ကစားရင်း မျက်နှာကြက်ကို ကြည့်နေတယ်။

"အင်း —— ကောင်းပြီ" ဟယ်ရီက အနေရကျပ်စွာ ပြောတယ်။ "ကျွန်တော် ပြောချင်တာက —— ဟက်ဂရစ်၊ ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော်တို့ကို ဟို —— မိန်းမ —— ရေးတဲ့ဟာတွေကို အရေးထားမယ်ထင်တာလဲ"

မျက်ရည်စက်ဝိုင်းဝိုင်းကြီးနှစ်စက် ဟက်ဂရစ်ရဲ့ မည်းနက်တဲ့ မျက်လုံးထဲက စီးကျလာတယ်။ တဖြည်းဖြည်းနဲ့ လိမ်ရှုပ်နေတဲ့ မုတ်ဆိတ်ထဲ စိမ့်ဝင်သွားတယ်။

"ဟက်ဂရစ်၊ ဒါက ကျုပ် ခုနကပြောတဲ့စကားကို သက်သေပြတာပဲ"



ဒမ်ဘယ်လ်ဒိုးက ပြောတယ်။ မျက်နှာကြက်ကိုပဲ လှမ်းကြည့်နေတုန်းပဲ။ "မိဘအုပ်ထိန်းသူတွေ ရေးလာတဲ့စာကို ကျုပ် မင်းကို ပြပြီးပြီ။ သူတို့ဟာ ထိုစဉ်က ဒီကျောင်းမှာ နေခဲ့တယ်။ မင်းပေါ်မှာ ခံစားချက်ကောင်းတယ်။ သူတို့က အလွန်ပြတ်သားစွာ ကျုပ်ကို ပြောတယ်။ တကယ်လို့ မင်းကို ထုတ်ရင် သူတို့ ကျေနပ်မှာ မဟုတ်ဘူးတဲ့ ——"

"လူတိုင်းမှ မဟုတ်တာ" ဟက်ဂရစ်အသံအက်အက်က ပြောတယ်။ "လူတိုင်းက ကျုပ်ကို ဆက်လုပ်စေချင်တာမှ မဟုတ်တာ"

"အမှန်ပြောရရင် ဟက်ဂရစ်၊ မင်း တစ်ကမ္ဘာလုံးကလူတွေ ထောက်ခံတဲ့အထိ စောင့်မယ်ဆိုရင် ဒီအိမ်ကလေးထဲမှာ အကြာကြီးနေရလိမ့်မယ်" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။ ဒီအချိန်မှာ သူဟာ လခြမ်းသဏ္ဌာန် မျက်မှန်နောက်က စူးရှစွာကြည့်လိုက်တယ်။ "ကျုပ် ဒီကျောင်းက ကျောင်းအုပ်စလုပ်ကတည်းက အပတ်တိုင်းမှာ အနည်းဆုံး ဇီးကွက်တစ်ကောင် စာလာပို့တယ်။ ကျုပ် ကျောင်းအုပ်ချုပ်တဲ့ နည်းနာကို ဝေဖန်တာ။ မင်းပြော၊ ကျုပ် ဘယ်လိုလုပ်ရမလဲ။ ကိုယ့်ကိုကိုယ် စာကြည့်ခန်းထဲ ပိတ်ထားပြီး၊ ဘယ်သူနဲ့မှ စကားမပြောဘဲ နေရမလား"

"ဒါပေမယ့် သင်က သွေးနှောရောမလူသားမှ မဟုတ်တာ"

ဟက်ဂရစ်က အသံအက်အက်နဲ့ ပြောတယ်။

"ဟက်ဂရစ်၊ ကျွန်တော့်မှာ ဘယ်လိုဆွေမျိုးတွေရှိတယ်ဆိုတာ ကြည့်ပါဦး" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ဒါစလီမိသားစုကို ကြည့်ပါ . . . ."

"သိပ်ကောင်းတဲ့အမြင်" ပါမောက္ခဒမ်ဘယ်လ်ဒိုးက ပြောတယ်။ "ကျုပ်ညီအရင်း အာဘာဖို့သ်ဟာ ဆိတ်တစ်ကောင်ကို မှော်ပညာအလွဲသုံးစားလုပ်မိလို့ တရားစွဲခံရတယ်။ ဒီကိစ္စကို သတင်းစာထဲမှာ ဖြောင်းဆန်အောင် ထည့်တာ။ ဒါပေမယ့် အာဘာဖို့သ် ပုန်းနေသလား။ မပုန်းဘူး။ လုံးဝမပုန်းဘူး။ သူက ခေါင်းမော့ရင်ကော့ပြီး လုပ်စရာရှိတာ လုပ်တာပဲ။ အင်းပေါ့လေ၊ သူ စာတတ်သလားဆိုတာ ကျုပ် မသေချာဘူး။ ဒါကြောင့် သူသတ္တိရှိတာလဲ ဟုတ်ချင်မှဟုတ်မယ် . . . ."

"စာပြန်လာသင်ပါ၊ ဟက်ဂရစ်" ဟာမီးက အသာလေးပြောတယ်။ "ပြန်လာဖို့ တောင်းပန်ပါတယ်။ ကျွန်မတို့ ရှင့်ကို တကယ်ပဲ သတိရတယ်"

ဟက်ဂရစ်ဟာ ရှိုက်သံကို ထိန်းထားတယ်။ မျက်ရည်တွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ကနေ စီးကျလာပြန်တယ်။ ရှုပ်ပွနေတဲ့ မုတ်ဆိတ်ထဲ စိမ့်ဝင်သွားတယ်

ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်။ "မင်းနုတ်ထွက်စာကို ကျ လက်မခံဘူး၊ ဟက်ဂရစ်။ လာမယ့်တနင်္လာနေ့မှာ စာပြန်သင်" သူက ပြောတယ် "မင်း ရှစ်နာရီခွဲမှာ ခန်းမထဲလာပြီး ကျုပ်နဲ့အတူ နံနက်စာစာ စာ အကြောင်းမြပြီး မလာလို့မရဘူး။ အားလုံးမင်္ဂလာညနေခင်းပါ"

ဒမ်ဘလီဒိုး တံခါးဝဆီ လျှောက်သွားတယ်။ ရပ်ပြီး အစွယ်ကြီး နားရွက် ကို ကုတ်လိုက်ပြီး အိမ်ကလေးက ထွက်ခွာသွားတယ်။ တံခါး သူ့ကျောဘက်မှ ပိတ်သွားတော့ ဟက်ဂရစ်ဟာ မျက်နှာကို အမှိုက်ပုံးအဖုံးလောက်ကြီး လက်ဝါးကြီးထဲ မြှုပ်ပြီး ဝမ်းနည်းပန်းနည်း ငိုပါလေရော။ ဟာမီးက သူ့လ မောင်းကို မနားတမ်းပုတ်နေတယ်။ နောက်ဆုံး ဟက်ဂရစ် ခေါင်းထောင်လ တယ်။ မျက်လုံးနှစ်လုံး နီရဲနေတယ်။ သူက ပြောတယ်။ "တကယ့်ကိုတော် လူကြီး၊ ဒမ်ဘလီဒိုး . . . . သိပ်တော်တဲ့လူ . . . ."

"ဟုတ်တယ်၊ သူသိပ်တော်တာ" ရွန်က ပြောတယ်။ "ကျွန်တော ကိတ်တစ်ချပ်စားလို့ရမလား၊ ဟက်ဂရစ်"

"စားသာစားပါ" ဟက်ဂရစ်ကပြောရင်း လက်ဖမိုးနဲ့ မျက်လုံး သုတ်တယ်။ "အင်း၊ အမှန်ပဲ၊ သူပြောတာမှန်တယ် —— မင်းတို့ပြောတ မှန်တယ် . . . . ကျုပ်သိပ်အတာ . . . . ကျုပ်ဒီလိုလုပ်တာ၊ ကျုပ်အဖေ ကျုပ်အတွက် မျက်နှာနီလိမ့်မယ် . . . ." မျက်ရည်တွေ စီးကျလာပြန်ပြီ။ သူ တအားသုတ်ပစ်ပြီး ပြောပြန်တယ်။ "ကျုပ် မင်းတို့ကို ကျုပ်အဖေအိုကြီး ဓာတ်ပုံ မပြရသေးဘူး၊ ဟုတ်လား၊ ဒီမှာ . . ."

ဟက်ဂရစ် မတ်တတ်ရပ်ပြီး အကျီဗီရိုရှေ့ သွားတယ်။ အံဆွဲတစ် ဆွဲဖွင့်ပြီး ဓာတ်ပုံတစ်ပုံ ယူထုတ်လိုက်တယ်။ ဓာတ်ပုံထဲမှာ မှော်ဆရာပု တစ်ယောက်။ မျက်လုံးက ဟက်ဂရစ်နဲ့ အတူတူပဲ။ အနက်ရောင်ပဲ။ မျက် မှေးထားတယ်။ သူဟာ ဟက်ဂရစ်ရဲ့ ပခုံးပေါ် ထိုင်ပြီး ဝမ်းသာစွာ ရယ်နေတယ် ဘေးရှိ ပန်းသီးပင်တစ်ပင်နဲ့ နှိုင်းစာကြည့်ရင် ဟက်ဂရစ်ဟာ ခုနစ်ပေရှစ် မြင့်မယ်။ ဒါပေမယ့် သူ့မျက်နှာက ငယ်ပြီး ပြည့်တယ်၊ ချောပြောင်တယ် မုတ်ဆိတ်မရှိဘူး —— သူ့ကြည့်ရတာ အများဆုံး ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်

"ဒါ ကျုပ် ဟော့ဂ်ဝပ်ရောက်ပြီး မကြာခင်မှာ ရိုက်တာ" ဟက်ဂရစ် အသံအက်အက်နဲ့ ပြောတယ်။ "အဖေက သိပ်ပျော်တာ . . . . သူက ကျ



မှော်ဆရာ မဖြစ်ဘူးထင်နေတာ။ မင်းတို့သိတဲ့အတိုင်း ကျုပ်အမေကြောင့် . . . . အင်း၊ မပြောလဲ ပြီးတာပဲ။ စင်စစ် ကျုပ် မှော်ပညာဘက်မှာ သိပ်မပေါက်ရောက် ဘူး။ ဒါပေမယ့် သူ ကျုပ်ကျောင်းထုတ်ခံရတာတော့ မတွေ့ရဘူးပေါ့။ သူ သေသွားတယ်။ နားလည်လား။ ကျုပ် ဒုတိယနှစ်တက်တဲ့အခါမှာ . . . .

"အဖေသေပြီးနောက် ဒမ်ဘလီဒိုးက ကျုပ်ကို တစ်လျှောက်လုံး စောင့်ရှောက်ခဲ့တာ။ ကျုပ်ကို တောလိုက်ကွင်းအစောင့် အလုပ်ပေးတာ။ သူက သူများကို အလွန်ယုံတာ။ လူကို အမြဲလို ဒုတိယအခွင့်အရေးပေးတယ်။ ဒါက သူနဲ့ တခြားကျောင်းအုပ်တွေ မတူတဲ့နေရာပဲ။ နားလည်လား။ အရည်အချင်း ရှိတဲ့လူသာ ဖြစ်ပစေ၊ ဒမ်ဘလီဒိုးက ရင်းကို ဟော့ဂ်ဝပ်မှာ လက်ခံတယ်။ လူ တစ်ယောက်ဟာ မိဘမျိုးရိုးမကောင်းပေမယ့် သူကောင်းတာလဲ ရှိတယ်ဆိုတာ မ်ဘလီဒိုး သိတယ် . . . . အင်း . . . . ဒီလိုလုပ်ပုံဟာ အလွန်ရိုသေလေးစားဖို့ ကောင်းတယ်။ ဒါပေမယ့် လူတချို့ဟာ ဒါကို သဘောမပေါက်ကြဘူး။ လူတချို့ ဟာ မျိုးရိုးကြောင့် သင့်ကို အထင်သေးတယ် . . . . တချို့ကျတော့ မိမိအရိုး အဆစ်ကြီးတာပါလို့တောင် ပြောသေးတယ်။ အစစ်အမှန်ကို ရဲဝံ့စွာ ပြော မထုတ်ဝံ့ဘူး။ ကျုပ်ဟာ ကျုပ်ပဲ။ ဘာမှ ရှက်စရာမလိုဘူး။ 'ဘယ်တော့မှ ရှက် တယ်လို့ မခံစားနဲ့'။ ကျုပ်အဖေ အရင်က အမြဲ ဒီလိုပြောတယ်။ 'လူ တချို့က ဒီအတွက် မင်းကို အထင်သေးပစ်ပယ်မယ်။ ဒါပေမယ့် အဲဒီလူတွေကြောင့် မင်းစိတ်ညစ်ရင် မတန်ဘူး' သူမှန်တယ်။ ကျုပ် သိပ်အလွန်းတယ်။ ကျုပ် ဟိုပိန်းမကြောင့် စိတ်မညစ်တော့ဘူး။ ကျုပ် မင်းတို့ကို ကတိပေးပါတယ်။ အရိုးအဆစ်ကြီး . . . . ကျုပ်က သူမကို ကျုပ် အရိုးအဆစ်ကြီးအကြောင်း သိစေမယ်"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ပူပင်စွာ အပြန်အလှန်ကြည့်လိုက်တယ်။ ဟယ်ရီဟာ မီးပန်းပိုးကောင် အကောင်ငါးဆယ်ကိုခေါ်ပြီး လမ်းလျှောက်လိုက် ချင်သေးတယ်။ ဟက်ဂရစ်နဲ့ မဒမ်မက်ဆင်းစကားပြောတာကို ခိုးနားထောင် ခဲ့တယ်ဆိုတာ ဟက်ဂရစ်ကို ဝန်မခံချင်ဘူး။ ဒါပေမယ့် ဟက်ဂရစ်ဟာ မနား တမ်းပြောနေတုန်းပဲ။ မိမိဘာမှန်းမသိ လျှောက်ပြောတာကို သိပုံမပေါ်ဘူး။

"မင်း သိလား၊ ဟယ်ရီ" သူက ပြောတယ်။ သူ့အဖေ ဓာတ်ပုံပေါ်က နေ ခေါင်းမော့လိုက်တယ်။ မျက်လုံးက အလွန်တောက်ပနေတယ်။ "ကျုပ် ပထမဆုံး မင်းကိုမြင်ရတော့ မင်းဟာ ကျုပ်ကို ကိုယ့်ကိုကိုယ် သတိရစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမိဘနှစ်ပါး သေဆုံးသွားတယ်။ ဟော့ဂ်ဝပ်မှာ အဆင်မပြေမှာစိုးတ
မင်းဟာ ကိုယ့်ဖာသာ ခွန်အားရှိတယ်ဆိုတာ မယုံဘူး . . . . ဒါပေမယ့်
မင်းကို ကြည့်လေ၊ ဟယ်ရီ၊ ကျောင်းက သူ့ရဲကောင်း"

သူဟာ ဟယ်ရီ့ကို ခဏကြည့်နေတယ်။ ဒီနောက် အလွန်တည်ကြ
စွာ ပြောတယ်။ "ကျုပ်က မျှော်လင့်တယ်ဆိုတာ မင်းသိလား၊ ဟုတ်လ
ဟယ်ရီ။ ကျုပ်က မင်းနိုင်စေချင်တယ်။ တကယ့်ကို နိုင်စေချင်တာ။ ဒ
ဇင်းတို့ကို . . . . မှော်ဆရာစစ်စစ်မျိုးရိုးကလာတဲ့လူမှ ဒီလိုလုပ်နိုင်တာ မဟု
ဘူးဆိုတာ မြင်စေလိမ့်မယ်။ မိမိမျိုးရိုးကြောင့် ရှက်စရာမလိုဘူး။ ဒါက ဇင်းတို့
ဒမ်ဘလီဒိုးရဲ့အမြင် မှန်ကန်ကြောင်း မြင်စေလိမ့်မယ်။ လူတစ်ယောက်
သူ့မှာ မှော်ပညာအရည်အချင်းရှိရင် သူ့ကို ကျောင်းနေခွင့်ပေးရမယ်။ မင်
ရွှေဥကို လေ့လာတာ ဘယ်လိုနေလဲ၊ ဟယ်ရီ"

"ကောင်းတယ်" ဟယ်ရီက ပြောတယ်။ "တကယ့်ကိုကောင်းတ

ဟက်ဂရစ်ရဲ့ သောကမျက်နှာပေါ်မှာ စိုစွတ်တဲ့ပြုံးပန်း ပွင့်သွားတ
"ကျုပ်ရဲ့ လိမ်မာတဲ့ကလေး . . . . ဇင်းတို့ကို ပြလိုက်စမ်းပါ၊ ဟယ်ရီ။ ဇင်းတို့
ပြလိုက်ပါ။ ဇင်းတို့အားလုံးကို အနိုင်ယူ"

ဟက်ဂရစ်ကို လိမ်ပြောရတာဟာ တခြားလူကို လိမ်ပြောရတ
ခံစားချက်မတူဘူး။ အဲဒီနေ့ညနေ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အတူ ရဲတိုက်
ပြန်ခဲ့ကြတော့၊ သူ့မျက်စိထဲမှာ ဟက်ဂရစ်ဟာ ဟယ်ရီ ဗိုလ်လုပွဲဗိုလ်စွဲတာ
စိတ်ကူးယဉ်တဲ့ မုတ်ဆိတ်ပါးသိုင်းမွေး ဗလပွနဲ့ မျက်နှာပေါ်က ပျော်ရွှင်
အမူအရာဟာ သူ့ခေါင်းထဲမှာ မပျောက်တော့ဘူး။ အဲဒီနေ့ညမှာ ဘာမ
ခန့်မှန်းလို့မရတဲ့ ရွှေဥဟာ ဘယ်တုန်းကနဲ့မှမတူဘဲ ဟယ်ရီ့ရင်ကို လေးနေ
တယ်။ အိပ်ဖို့ ခုတင်ပေါ်တက်တော့ သူဟာ ဆုံးဖြတ်ချက်ချလိုက်တယ် —
မိမိမာနကိုချပြီး စက်ဒရစ် အကြံပေးတာ အသုံးကျသလားဆိုတာ ထည့်စဉ်း
တော့မယ်။



# ၂၅။ ရွှေဥနဲ့ မှော်မျက်လုံး

ဒီလိုရေချိုးတာ ဘယ်လောက်ကြာကြာချိုးမှ ရွှေဥရဲ့ လျှို့ဝှက်ချက်ကို
ဖော်နိုင်မယ်ဆိုတာ ဟယ်ရီ မသိဘူး။ ဒါကြောင့် ညကျမှ လုပ်ရှားမယ်လို့ သူက
ဆုံးဖြတ်လိုက်တယ်။ ဒါဆိုရင် သူဘယ်လောက်ကြာကြာ ချိုးချိုး ကိစ္စမရှိဘူး။
ကကန်းခေါင်းဆောင်တွေအတွက် ရေချိုးခန်းကို ဝင်နိုင်တဲ့လူ သိပ်မရှိဘူး။
ဒါကြောင့် သူ့ကို အနှောင့်အယှက်ပေးမယ့် အခြေအနေလည်း နည်းတာပေါ့။

ဟယ်ရီဟာ မိမိရဲ့ ဒီလှုပ်ရှားမှုကို သေချာပြင်ဆင်နေတယ်။ အရင်က
သူဟာ ညဥ့်နက်သန်းခေါင်ထပြီး လျှောက်သွားလို့ တံခါးစောင့်ဖစ်ချ် အဖမ်းခံ
ရဖူးတယ်။ ဒီလိုအဖြစ်မျိုး ထပ်မဖြစ်စေချင်ဘူး။ ကိုယ်ပျောက်ဝတ်ရုံကတော့
ယူပါလို့မပြီးဘူး။ ဒါပေမယ့် ပိုပြီးသေချာအောင် ဟယ်ရီဟာ မားပြမြေပုံကိုပါ
ယူသွားချင်တယ်။ ကိုယ်ပျောက်ဝတ်ရုံပြီးရင် မားပြမြေပုံက အရေးအကြီးဆုံးပဲ
ပေါ့ ဟယ်ရီ ကျောင်းစည်းကမ်းချိုးဖောက်တဲ့နေရာမှာ သိပ်အသုံးတွေ့တဲ့
ထောက်အကူကိရိယာပဲ။ မြေပုံပေါ်မှာ ဟော့ဂ်ဝပ်တစ်ခုလုံးကို ဖော်ပြတယ်။
ကွေ့ပတ်ထွေးပွေလိုတဲ့ ဖြတ်လမ်းနဲ့ လျှို့ဝှက်လမ်းကြောင်းတွေ အပါအဝင်ပဲ။ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးဆုံးအချက်က ၎င်းဟာ နာမည်ရေးပြထားတဲ့ အစက်ကလေးနဲ့ ရဲတိုက်ထဲ
လူတွေ စကြံ်ထဲမှာ သွားလာတဲ့အခြေအနေကို ဖော်ပြတယ်။ တကယ်လို့ ရေ
ခန်းနား လူကပ်လာရင် ဟယ်ရီဟာ ကြိုတင်သိရှိနိုင်တယ်။

ကြာသပတေးနေ့ညမှာ ဟယ်ရီဟာ တိတ်တိတ်ကလေးထပြီး ကို
ပျောက်ဝတ်ရုံကို ခြုံကာ ခြေဖျော့လက်ဖျော့နဲ့ လှေကားက ခိုးဆင်းခဲ့တ
ဒီနောက် ဟက်ဂရစ်က သူ့ကို မီးနဂါးသွားပြတဲ့ညတုန်းကလိုပဲ အရှုပ်
အပေါက်ဝ ပွင့်သွားတာကို စောင့်တယ်။ ဒီတစ်ခါ အပြင်မှာ စောင့်နေ
ရှွန်။ သူက မိန်းမဝဝကြီးကို စကားဝှက်ပြောလိုက်တယ် ("ငှက်ပျောကြော်
"ကံကောင်းပါစေ" ရှွန်က တိုးတိုးပြောပြီး အများနားနေခန်းထဲ ဝင်လိုက်တ
ဟယ်ရီကလည်း သူ့ဘေးကနေ အပြင်ကို ထွက်လိုက်တယ်။

ဒီနေ့ည ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံဝတ်ပြီး လှုပ်ရှားရတာ သ
အဆင်မပြေဘူး။ အကြောင်းက သူ့ချိုင်းတစ်ဖက်အောက်မှာ လေးပင်တဲ့ ရေ
ညှပ်ထားပြီး၊ ကျန်လက်တစ်ဖက်က မြေပုံကို နှာခေါင်းအောက်ထိ မြှော
ထားလို့ဖြစ်တယ်။ တော်ပါသေးတယ်။ လရောင်ထိုးနေတဲ့ စင်္ကြံထဲမှာ ဟာ
ဟင်းလင်းကြီး ငြိမ်သက်နေတယ်။ ဟယ်ရီဟာ အရေးကြီးတဲ့ နေရာအချို့
မြေပုံကို စစ်ဆေးကြည့်တယ်။ မိမိ တခြားသူနဲ့ ဝင်မတိုးအောင် စစ်ဆေးတ
သူဟာ တွေဝေတဲ့ ဘိုးရစ်ရုပ်ထုရှေ့ရောက်တော့ —— ဒါက ဘာမှန်းမသိ
အမူ အရာနဲ့ မှော်ဆရာ၊ လက်နှစ်ဖက်မှာ လက်အိတ်ပြောင်းပြန်ဖြစ်နေတ
ဟယ်ရီဟာ စက်ဒရစ် ပြောပြထားသလို ရုပ်ထုဘေးက တံခါးကို ရှာတ
ကပ်သွားပြီး "လတ်ဆတ်တဲ့ နာနတ်သီး"ဆိုတဲ့ စကားဝှက်ကို ပြောလိုက်တ

တံခါးဟာ ကျွီခနဲပွင့်သွားတယ်။ ဟယ်ရီ ဝင်လိုက်ပြီး ချက်ချ
လိုက်တယ်။ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပြီး ဟိုဒီကြည့်တယ်။

သူ့ပထမတုံ့ပြန်ချက်က အတန်းခေါင်းဆောင် လုပ်ရတာ တ
မဆိုးဘူး။ ဒီလိုရေချိုးခန်း အသုံးပြုရတာနဲ့တင် တန်နေပြီ။ ဖယောင်း
ထွန်းထားတဲ့ အကိုင်းအခက်သဏ္ဌာန် မီးဆိုင်းဟာ အခန်းကို နွေးထွေး
အလင်းရောင်ပေးနေတယ်။ အနားရှည်စတုဂံ ရေကူးကန်နဲ့တူတဲ့ အလယ်
ကြမ်းပြင်ထက် နိမ့်ဆင်းနေတဲ့ ရေချိုးကန်ကြီး အပါအဝင်၊ အရာတိုင်း
ဖြူဖွေးတဲ့ မာဘော်ကျောက်နဲ့ ပြုလုပ်ထားတာချည်းပဲ။ ရေချိုးကန်ကြီးဘေး
ရွှေရောင်ရေပိုက်ခေါင်း တစ်ရာခန့်ရှိတယ်။ ပိုက်ခေါင်းတွေရဲ့ လက်ကိုင်



နေရာတိုင်းမှာ အရောင်မတူတဲ့ ရတနာကျောက်တစ်ပွင့်စီ စီခြယ်ထားတယ်။ ခုန်ပြင် ဒိုင်ဗင်ထိုးဖို့စင်လည်း ရှိသေးတယ်။ ပြတင်းပေါ်မှာ ဖြူဖွေးတဲ့ လီနင် လိုက်ကာ တပ်ဆင်ထားတယ်။ ပျော့ပျောင်းပွယောင်းတဲ့ တဘက်အဖြူ တစ်ပုံကြီး နံရံထောင့်မှာ ရှိတယ်။ နံရံပေါ်မှာ ရွှေရေစိမ် မှန်ဘောင်ထဲမှာ ထည့်ထားတဲ့ ပန်းချီကားတစ်ကားရှိတယ်။ ပန်းချီက ကျောက်ဆောင်ပေါ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ရွှေရောင်ဆံပင်နဲ့ လူတစ်ပိုင်း ငါးတစ်ပိုင်း ရေသူမရဲ့ပုံ။ သူမရဲ့ ဆံပင်ရှည်ရှည်ဟာ မျက်နှာပေါ် ကျနေတယ်။ သူမ အသက်ရှူတာနဲ့ အတူ လိုက်ပြီး အသာလေး တုန်ခါနေတယ်။

ဟယ်ရီက ရှေ့တက်သွားပြီး ဟိုဒီကြည့်တယ်။ သူ့ခြေသံဟာ နံရံလေးဘက်မှာ ပဲ့တင်ထပ်နေတယ်။ ဒီရေချိုးခန်းဟာ တကယ်ပဲ ခမ်းနားလှပတယ် —— သူကလည်း ရေဘုံဘိုင်ခေါင်းတချို့ကို စမ်းဖွင့်ချင်တယ် —— ဒါပေမယ့် အခု သူ ဒီမှာရပ်နေပြီး စက်ဒရစ်"သူ့ကို ချောက်ချလိုက်ပြီလို့ ထင်နေတယ်။ ဒီရေချိုးခန်းဟာ သူ ရွှေဥရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရာမှာ ဘာများ အကူ အညီပေးနိုင်မှာလဲ။ သူက ဒီလိုတွေးပေမယ့် သူဟာ ပျော့ပျောင်းတဲ့ တဘက်တစ်ထည်ရယ်၊ ကိုယ်ပျောက်ဝတ်ရုံ၊ ခေးပြမြေပုံနဲ့ ရွှေဥကို ရေကူးကန် တမျှ ကြီးမားတဲ့ ရေချိုးကန်ဘောင်ပေါ် တင်ထားလိုက်တယ်။ ဒီနောက် ဒူးထောက်ပြီး ရေပိုက်ခေါင်းတချို့ကို လှည့်ဖွင့်လိုက်တယ်။

သူ ချက်ချင်းတွေ့ရှိတာက ဒီပိုက်ခေါင်းတွေက ပန်းထွက်လာတာဟာ ရေနွေးရောထားတဲ့ အမြှုပ်ထ ရေချိုးဆပ်ပြာဆီတွေ ဖြစ်နေတယ်။ ဒါပေမယ့် ၎င်းတို့ဟာ ဟယ်ရီ အရင်က ကြုံတွေ့ဖူးတဲ့ အမြှုပ်ထဆပ်ပြာဆီနဲ့ ရေချိုး ရတာချင်း မတူဘူး။ ရေပိုက်ခေါင်းတစ်ခုဆိုရင် ကန်ဘောလောက်ကြီးတဲ့ ပန်းရောင်နဲ့ အပြာရောင်အမြှုပ်ကြီးတွေ ပန်းထွက်တယ်။ ကျန်တစ်ခုက ကြည်လင်ပြီး ထူထဲတဲ့ အမြှုပ်ထွက်လာတယ် —— သူသာ စမ်းကြည့်မယ်ဆိုရင် တဲဒီအမြှုပ်တွေဟာ သူ့ကို ရေပေါ် မြှောက်တင်ထားလိမ့်မယ်။ နစ်မှာမဟုတ်ဘူးလို့ ဟယ်ရီထင်တယ်။ တတိယရေပိုက်က အမွှေးနံ့ပြင်းတဲ့ ခရမ်းရောင် ရေငွေ့တွေ ပန်းထွက်တယ်။ ရေပေါ်မှာ လွင့်ပျံနေတယ်။ ဟယ်ရီဟာ အဲဒီ ရေပိုက်ခေါင်းတွေကို ကစားနေတယ်။ ဖွင့်လိုက်၊ ပိတ်လိုက်လုပ်တယ်။ လင်းမြီး သဏ္ဌာန် ရေပန်းထွက်ပြီး ရေပြင်ကို ထူးဆန်းတဲ့ရှုခင်းဖြစ်အောင် ရုပ်လိုက်သွားတဲ့ ရေပိုက်တစ်ခုကို သူ အလွန်နှစ်သက်တယ်။ မကြာလိုက်ဘူး၊ ရေချိုးကန်

www.burmeseclassic.com

www.burmeseclassic.com



နတ်နက်ကြီးဟာ ရေနွေးတွေ၊ ရေမြှုပ်တွေနဲ့ ရေပူဖောင်းတွေနဲ့ ပြည့်သွားတယ်။ ဒီလောက်ကြီးတဲ့ ရေချိုးကန်ကြီး ဒီလို မြန်မြန်ပြည့်သွားတာ သိပ်ကို မြန်တယ်။ ဟယ်ရီဟာ ရေဘုံဘိုင်အားလုံးကို ပိတ်ပစ်လိုက်တယ်။ ညဝတ်အင်္ကျီ၊ ဖိနပ်နဲ့ ညဝတ်အင်္ကျီပေါ်ထပ်ဝတ်တဲ့ အင်္ကျီရှည်ကို ချွတ်ပြီး ရေထဲ စိမ်လိုက်တယ်။

ရေက သိပ်နက်တာပဲ။ သူ့ခြေထောက်ဟာ ရေချိုးကန်ကြမ်းခင်းကို မထိတထိပဲရှိတယ်။ သူဟာ ရေထဲမှာ နှစ်ကြော့လောက် ကူးခတ်ပြီးမှ ကန်ဘေးကို ပြန်လာခဲ့တယ်။ ခြေထောက်က ရေကိုနင်းပြီး ကိုယ်ဖော့ထားရင်း ရွှေဥကို သေချာကြည့်နေတယ်။ ရေပူပူ၊ အမြှုပ်ထနေတဲ့ရေထဲမှာ ရေကူးရပြီး ဘေးပတ်လည်မှာ ရောင်စုံရေငွေ့တွေ ဝေ့ဝဲနေတယ်။ အဲဒီအရသာဟာ ဘယ်လိုကောင်းမှန်းမသိဘူး။ ဒါပေမယ့် ဒါကြောင့် သူ့မှာ ဉာဏ်ရွှင်မလာဘူး။ ဦးနှောက်ထဲမှာလဲ ဉာဏ်အလင်းရောင်လက်လာပြီး သိနားလည်သွားတာ မရှိဘူး။

ဟယ်ရီဟာ လက်ကိုဆန့်ထုတ်ပြီး စိုနေတဲ့လက်နဲ့ ရွှေဥကို မ,လိုက်တယ်။ ၎င်းကို ဖွင့်လိုက်တယ်။ ချက်ချင်းပဲ နားကွဲမတတ် အော်ဟစ်သံတွေ ရေချိုးခန်းထဲ ပြည့်လျှံသွားတယ်။ မာဘော်နံရံကြားမှာ ပဲ့တင်ထပ်သွားတယ်။ တုန်ခါသွားတယ်။ ဒါပေမယ့် အဲဒီအသံဟာ အစကလိုပဲ ဘာမှန်းကို မသိဘူး။ ပြီးတော့ ပဲ့တင်သံနဲ့ ထပ်နေလို့ ပိုလို့တောင် ဘာမှန်းမသိတော့ဘူး။ သူဟာ ၎င်းကို ဘတ်ခနဲ ပိတ်ပစ်လိုက်တယ်။ ဒီအသံကြောင့် ဖစ်ခ်ျရောက်လာမှာ စိုးတယ်။ ဒါ စက်ဒရစ်ရဲ့ အကောက်ကြံမှုလို့တောင် သူ သံသယဖြစ်တယ်။ ဒီအချိန်မှာပဲ စကားသံ ပေါ်ထွက်လာတယ်။ သူဟာ အသက်ပျောက်မတတ် လန့်သွားပြီး ရွှေဥ လက်ထဲက လွတ်ကျသွားတယ်။ ရွှေဥဟာ ရေချိုးခန်းကြမ်းပြင်ပေါ်မှာ တဒေါင်ဒေါင်နဲ့ အဝေးကို လိမ့်သွားတယ်။

"ငါသာ မင်းဆိုရင် ၎င်းကို ရေထဲထည့်ပြီး စမ်းကြည့်မှာ"

ဟယ်ရီဟာ လန့်သွားပြီး ရေမြှုပ်တွေ လေးငါးလုတ် မျိုချမိသွားတယ်။ သူဟာ မတ်တတ်ရပ်ပြီး တထွီထွီနဲ့ ထွေးထုတ်တယ်။ ဒီတော့မှ ပူပင်သောကရောက်တဲ့မျက်နှာနဲ့ သရဲမတစ်ကောင်ဟာ ခြေကလိမ်ချိတ်ပြီး ရေပိုက်ခေါင်းတစ်ခုပေါ်မှာ ထိုင်နေတာ တွေ့ရတယ်။ အဲဒါ ငိုကြွေးတဲ့မားထော်။ ဒုတိယသွာက ကိုယ်လက်သန့်စင်ခန်းတစ်ခုထဲက ရေဆင်းပိုက်လိုင်းတစ်ခုထဲမှာ ဝမ်းနည်းစွာ ငိုနေတာကို လူတွေ ခဏခဏ ကြားရတယ်။

"မားထော်" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ကျွန်တော် . . . .



ကျွန်တော် ဘာမှမဝတ်ဘူး"

ငင်စစ်မှာ ဒါ ဘာမှကိစ္စမရှိဘူး။ အကြောင်းက ရေထဲက အမြှုပ်တွေက အထူကြီးပဲ။ ဒါပေမယ့် သူ့မှာ အလွန်နေရခက်တဲ့ ခံစားချက် ဖြစ်နေတယ်။ သူဝင်လာကတည်းက မားထော်ဟာ ရေပိုက်ခေါင်းတစ်ခုထဲမှာ ပုန်းပြီး သူ့ကို ချောင်းကြည့်နေတယ်လို့ သူ သံသယဖြစ်မိတယ်။

"မင်း ဝင်သွားတော့ ငါ မျက်စိမှိတ်ထားတယ်" သူမက ပြောတယ်။ မျက်မှန်ထူထူနောက်ကနေ သူ့ကို မျက်စိမှိတ်ပြတယ်။ "မင်း ငါ့ကို လာမကြည့်တာ အတော်ကြာပြီ"

"ဟုတ်တယ် . . . . အင်း . . . ." ဟယ်ရီက ပြောတယ်။ ဒူးကိုလဲ နည်းနည်းညွတ်ပြီး မားထော် သူ့ခေါင်းကလွဲပြီး တခြားဘာမှမမြင်နိုင်အောင် လုပ်တယ်။ "ကျွန်တော် ဒီသန့်စင်ခန်းထဲ မဝင်သင့်ဘူး၊ ဟုတ်လား၊ အဲဒါ ကျောင်းသူသန့်စင်ခန်း"

"မင်းအရင်က ဒါကို အရေးမထားဘူးပဲ" မားထော်က ဝမ်းနည်းစွာ ပြောတယ်။ "မင်းအရင်က တစ်နေကုန် အဲဒီထဲမှာ နေတာ"

ဒါတော့အမှန်ပဲ။ ဒါပေမယ့် အဲဒါဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီး မားထော်နေတဲ့ အိမ်သာအပျက်ဟာ အလွန့်ကို လုံခြုံမှန်းသိလို့ သူတို့အထဲမှာ ကွန်ပေါင်းဆေးရည်ကို တိတ်တိတ်ခိုးကျိုလို့ရတဲ့ နေရာမို့ —— အဲဒီဆေးရည်ဟာ အသုံးပြုဖို့ တားမြစ်ထားတဲ့ မှော်ဆေးတစ်မျိုး ဖြစ်တယ်။ သူနဲ့ရွန်ကို အရှင်လတ်လတ်ကြီး ခရပ်နဲ့ ဂိုးရဲ့ မိတ်တူပုံတူဖြစ်စေပြီး၊ တစ်နာရီမျှကြာအောင် ရုပ်ပြောင်းစေခဲ့တယ်။ ဒါကြောင့် သူတို့ စလေးသရင်းအများနားနေခန်းထဲကို ရောနှောဝင်လို့ ရသွားတယ်။

"ကျွန်တော် အဲဒီနေရာသွားလို့ အဆူခံရတာ" ဟယ်ရီက ပြောတယ်။ ဒီစကားဟာ တစ်ဝက်တော့ အမှန်ပဲ။ တစ်ခါမှာ ဖတ်စီဟာ သူ မားထော်ရဲ့ ကိုယ်လက်သန့်စင်ခန်းထဲက ထွက်လာတာမြင်သွားတယ်။ "နောက်တော့ ကျွန်တော် မသွားရင်ကောင်းတယ်လို့ တွေးတယ်"

"အော . . . . နားလည်ပြီ . . . ." မားထော်က ပြောတယ်။ မိမိ မေးစေ့ပေါ်က အဖုကို သုန်မှုန်စွာ ဆွဲနေတယ်။ "ကောင်းပြီ . . . . မပြောတော့ဘူး . . . . ငါ ရွှေဥကို ရေထဲထည့်ပြီး စမ်းကြည့်မယ်။ စက်ဒရစ်-ဒစ်ဂိုရီက ဒီအတိုင်း လုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူ့ကိုလဲ ခိုးကြည့်တယ်၊ ဟုတ်လား" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ခင်ဗျား ဒါ ဘာလုပ်တာလဲ၊ ညညဒီနေရာကို ဝင်လာပြီး အတန်းခေါင်းဆောင်တွေ ရေချိုးတာ ခိုးကြည့်တယ် ?"

"တစ်ခါတလေပေါ့" မားထော်က အလွန်လျှို့ဝှက်သလို ပြောတယ်။ "ဒါပေမယ့် အရင်က သူများနဲ့ ထွက်လာပြီး စကားပြောတာ မရှိဘူး"

"ကျွန်တော် သိပ်ဂုဏ်ယူရမှာပေါ့" ဟယ်ရီက မကြိုက်ဘဲ ပြောတယ်။ "ခင်ဗျား မျက်စိမှိတ်ထား"

မားထော် လက်နှစ်ဖက်နဲ့ မျက်မှန်ကို တင်းတင်းအုပ်ထားတာတွေ့မှ ရေချိုးကန်ထဲကထပြီး တဘက်နဲ့ ခါးပိုင်းကို တင်းတင်းပတ်ပြီး ရွှေဥကို သွားကောက်တယ်။ သူဟာ ရေထဲပြန်ဝင်ရုံရှိသေးတယ်။ မားထော်က လက်ချောင်းကြားက သူ့ကိုကြည့်ပြီး ပြောတယ်။ 'ဟုတ်ပြီ၊ မြန်မြန်လေးလုပ် . . . . ရေထဲမှာ ၎င်းကို ဖွင့်လိုက်"

ဟယ်ရီဟာ ရွှေဥကို အမြှုပ်တွေ ဝေစီနေတဲ့ ရေအောက်မှာထားပြီး ဖွင့်လိုက်တယ် . . . . ဒီတစ်ကြိမ်မှာ ၎င်းက မအော်ဟစ်တော့ဘူး၊ ရွှေဥထဲကနေ ရေစီးသံလို သီချင်းသံ ထွက်လာတယ်။ ဒီသီချင်းသံဟာ ရေအောက်က လာတာမို့ ဘာတွေဆိုနေမှန်း သူ သေချာမကြားရဘူး။

"မင်းခေါင်းကိုလဲ ရေထဲထည့်ဖို့လိုတယ်" မားထော်က ပြောတယ်။ သူ့ကို ညွှန်ကြားရတာ သိပ်အရသာရှိသလိုပဲ။ "လုပ်လေ"

ဟယ်ရီဟာ အသက်ပြင်းပြင်းရှူလိုက်ပြီး ရေအောက်ကို ဝင်လိုက်တယ် —— အခု သူဟာ အမြှုပ်ထရေချိုးတဲ့ ရေအောက်ကြမ်းခင်း မာဘော်ကျောက်ပြားပေါ် ထိုင်နေတယ်။ လက်ထဲရှိ ပွင့်နေတဲ့ရွှေဥထဲမှာ ထူးဆန်းတဲ့ အသံတွေ ပြိုင်တူသီဆိုနေတာ ကြားရတယ်။

ကျုပ်တို့ကို ရှာဖွေပါ၊ ကျုပ်တို့အသံ ပေါ်ထွက်တဲ့နေရာမှာ
ကျုပ်တို့မြေပြင်ပေါ်မှာ သီဆိုလို့ မရဘူး။
သင်ရှာဖွေတဲ့အခါမှာ သေချာတွေးတောချင့်ချိန်ပါ။
ကျုပ်တို့က သင့်အချစ်ဆုံးရတနာကို လုသွားတယ်။
သင့်မှာ အချိန်တစ်နာရီပဲ ရှိတယ်။
ကျုပ်တို့လုယူသွားတဲ့အရာကို ရှာဖွေ၊ လုယူရမယ်။



တစ်နာရီကျော်သွားတာနဲ့ မျှော်လင့်ချက် ကုန်ဆုံးပြီ။
၎င်းဟာ လုံးဝပျောက်ကွယ်သွားပြီး ပြန်မပေါ်နိုင်ပါ။

ဟယ်ရီက ကိုယ်ကိုဖော့ပြီး၊ အမြှုပ်တွေ ပလုံစီနေတဲ့ ရေမျက်နှာပေါ်ဆီးထွက်လာတယ်။ သူဟာ ခေါင်းကို ရေခါလိုက်တယ်။ ဆံပင်ကို မျက်လုံးပေါ်က ဖယ်ပစ်လိုက်တယ်။

"ကြားရပြီလား" မားထော်က မေးတယ်။

"ကြားရပြီ . . . . "ကျုပ်တို့ကို ရှာဖွေပါ၊ ကျုပ်တို့အသံ ပေါ်ထွက်တဲ့နေရာမှာ . . . . " စင်စစ် ဒါ ပြောစရာမလိုဘူး . . . . ခဏနေဦး၊ ကျွန်တော် နောက်ထပ် နားထောင်ဖို့လိုတယ် . . . ."

သူဟာ ရေထဲ ပြန်ဝင်လိုက်တယ်။ ရွှေဥရဲ့ သီချင်းသံဟာ ရေအောက်မှာ သုံးကြိမ်သီဆိုတယ်။ ဒီတော့မှ ဟယ်ရီ သေချာမှတ်မိတယ်။ ဒီနောက် သူဟာ ရေကို နင်းကန်ရင်း တအားတွေးနေတယ်။ မားထော်ဟာ နေရာတွင် ဆိုင်ပြီး သူ့ကို ကြည့်နေတယ်။

"ကျွန်တော် ဟိုမြေပြင်ပေါ်မှာ အသံထွက်လို့မရတဲ့လူကို သွားရှာရမယ် . . . " သူက ဖြည်းဖြည်းပြောတယ်။ "အင်း . . . အဲဒါ ဘယ်သူဖြစ်မလဲ"

"မင်း တယ်အတာပဲ၊ မဟုတ်ဘူးလား"

ဟိုနေ့က ဟာမီးဟာ ကွန်ပေါင်းဆေးရည်သောက်ပြီး မျက်နှာပေါ်မှာ အမွေးတွေ ပေါက်လာတယ်။ ကြောင်အမြီးတစ်ချောင်းလည်း ပေါက်လာတာ မြင်ရတဲ့အခါကလွဲပြီး မားထော် ဒီလောက်ပျော်တာ သူ မကြုံဖူးဘူး။

ထိုစဉ်က မားထော်လည်း အသားကုန် ပျော်သွားတယ်။ ဟယ်ရီဟာ ရေချိုးခန်းကိုကြည့်ပြီး တွေးနေတယ် . . . . တကယ်လို့ အသံဟာ ရေအောက်မှာမှ ကြားရတယ်ဆိုရင် ရေအောက်သတ္တဝါတစ်မျိုးမျိုးဖြစ်မှာ သေချာတယ်။ သူက ဒီအတွေးကို မားထော်ကို ပြောပြတယ်။ မားထော်က သူ့ကို ကဲ့ရဲ့ပြီး ပြောတယ်။

"အား၊ ဒစ်ဂိုရီကလဲ ဒီလိုပဲတွေးတာ" သူမက ပြောတယ်။ "သူ အဲဒီနေရာမှာ လှဲအိပ်ပြီး ကိုယ့်ဖာသာ စကားပြောနေတယ်။ ပြီးသနာ တိုတွေးတယ်။ အကြာကြီးတွေးတယ်။ သိပ်ကို အကြာကြီးပဲ . . . . အမြှုပ်

www.burmeseclassic.com

www.burmeseclassic.com



အားသုံးတောင် ပျောက်ကုန်တော့မယ့်အထိပါပဲ . . . ”

“ရေအောက် . . . . ” ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ “မားထော် . . . . ကန်ထဲမှာ ရောမပြည်ကြီးငါးကြီးအပြင် ဘာအကောင်တွေ နေသေးလဲ”

“အော၊ အမျိုးအစားတွေ တစ်ပုံကြီးပဲ” သူမက ပြောတယ်၊ “ငါလဲ တစ်ခါတလေ ကန်ထဲသွားတယ်။ တစ်ခါတလေ မတတ်သာဘူး။ ငါ သတိမထားတဲ့အချိန်မှာ ငါ့ အိမ်သာကို ရေလောင်းချတတ်တယ် . . . . ”

ဟယ်ရီဟာ မားထော်အိမ်သာထဲက အညစ်အကြေးတွေနဲ့အတူ ပိုက်တစ်ခုထဲက ဆင်းသွားပြီး ကန်ထဲစီးဝင်သွားတဲ့ အခြေအနေ မတွေးမိအောင် ချုပ်ထိန်းထားတယ်။ သူက ပြောတယ်။ “ဒါဆို အဲဒီမှာ ဘာအရာက လူသံထွက်နိုင်လဲ၊ နေဦး ——”

ဟယ်ရီ့အကြည့်ဟာ နံရံပေါ်က နှစ်မြှုပ်စွာ အိပ်ပျော်နေတဲ့ ရေသူမရုပ်ပုံပေါ် ကျရောက်သွားတယ်။

“မားထော်၊ အဲဒီမှာ ရေသူမ မရှိဘူးနော်၊ ရှိလား”

“အိုး၊ သိပ်ကောင်းတယ်” သူမက ပြောတယ် —— မျက်မှန်ထူထူက လက်နေတယ်။ “ဒစ်ဂိုရီက ဒါ့ထက် အများကြီး အချိန်ကြာတယ်။ ပြီးတော့ ထိုစဉ်က ရေသူမက နိုးနေတာ ” မားထော်က ခေါင်းနဲ့ ရေသူမကို ညွှန်ပြလိုက်တယ်။ သောကမျက်နှာပေါ်မှာ မကြိုက်တဲ့အမူအရာ ပေါ်လာတယ်။ “တခစ်ခစ် ရယ်တယ်။ ရှိုးကလည်း ပြလိုက်သေးတယ်။ သူမပါးဟက်ကိုလည်း ကြွားသေးတယ်။

“ဒါဆို မှန်ပြီပေါ့၊ ဟုတ်လား” ဟယ်ရီက စိတ်ဓာတ်တက်ကြွစွာ ပြောတယ်။ ဒုတိယကဏ္ဍက ကန်ထဲမှာ ရေသူမသွားရှာ၊ ဒီနောက် . . . . ဒီနောက် . . . . ”

မိမိဘာပြောနေတယ်ဆိုတာ သူ ရုတ်တရက် သတိရလာပြီး တက်ကြွတဲ့စိတ်ဟာ ချက်ချင်းပျောက်သွားတယ်။ သူ့နှလုံးကို ချက်ချင်းနုတ်ယူခံလိုက်ရသလိုပဲ။ သူ ရေကူးသိပ်မကျွမ်းဘူး။ သိပ်လေ့ကျင့်မှု မရှိဘူး။ ဒါလီငယ်ငယ်က ရေကူးသင်တန်း တက်ဖူးတယ်။ ဒါပေမယ့် အဒေါ်ဖီချူးနီယာနဲ့ ဦးလေးဗာနွန်တို့ဟာ ဟယ်ရီ့ကို တစ်နေ့နေ့မှာ ရေနစ်သေစေချင်လို့ ထင်တယ်။ ဘယ်တုန်းကမှ သူ့ကို ရေကူးသင်မပေးဘူး။ ဒီရေချိုးကန်ထဲမှာ တစ်ခေါက်နှစ်ခေါက်ကူးတာ ရတယ်။ ဒါပေမယ့် အဲဒီကန်ကြီးက အကြီးကြီး။ အနက်ကြီး . . . .



ရေသူမဟာ ရေထဲ အနက်ရှိုင်းဆုံးနေရာမှာ နေမှာသေချာတယ် . . . .

“မားထော်” ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ “ကျွန်တော် ဘယ်လို အသက်ရှူရမလဲ”

ဒီစကားကြားတော့ မားထော်မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲလာတယ်။

“အလိမ္မာနည်းလိုက်တာ” သူမက ရေရွတ်တယ်။ ဝတ်ရုံရှည်ထဲမှာ လက်ကိုင်ပဝါ နှိုက်နေတယ်။

“ဘာအလိမ္မာနည်းတာလဲ” ဟယ်ရီက မေးတယ်။ ဘာမှန်းမသိ ဖြစ်နေတယ်။

“ငါ့ရှေ့မှာ အသက်ရှူတာ လာပြောသေးတယ်” သူမက အသံစူးစူးနဲ့ ပြောတယ်။ အသံဟာ ရေချိုးခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။ “ငါ မရှူနိုင်တာ သိရက်နဲ့ . . . . သိရက်နဲ့ . . . . အကြာကြီး သိပ်အကြာကြီးပဲ . . . . ရှိတာ . . . . ”

သူမဟာ မျက်နှာကို လက်ကိုင်ပဝါထုတ်ပြီး နှပ်ညှစ်နေတယ်။ မားထော်ဟာ သူမ သေသွားပြီဆိုတာကို လက်မခံနိုင်ဘူးလို့ ဟယ်ရီတွေးတယ်။ သူသိတဲ့ အခြားသရဲသဘက်တွေကတော့ ဒီလောက်အဖြစ်မသည်းကြပါဘူး။

“ဝမ်းနည်းပါတယ်” သူက စိတ်မရှည်ဘဲ ပြောတယ်။ “ကျွန်တော် အဓိပ္ပာယ်ပြောတာမဟုတ်ဘူး —— ကျွန်တော် မေ့နေလို့ . . . . ”

“အော . . . . ဟုတ်တယ်၊ မားထော်သေပြီဆိုတာ မေ့လွယ်တာပေါ့” မားထော်ကပြောရင်း ရှိုက်နေတယ်။ နီရဲရောင်ယဉ်းနေတဲ့ မျက်လုံးနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ “ငါရှင်နေတဲ့အချိန်မှာတောင် ဘယ်သူကမှ ငါ့ကို သတိမရကြဘူး။ သူတို့ဟာ အကြာကြီးမှ အကြာကြီးနေမှ ငါ့အလောင်းကို တွေ့တာ —— ငါသိတယ်။ ငါက အဲဒီမှာထိုင်ပြီး သူတို့ကို စောင့်နေတာ။ အောလစ်ဗွန်းဘီ သန့်စင်ခန်းထဲ ဝင်လာတယ်။ ‘နင် ဒီမှာ စိတ်ကောက်နေပြန်ပလား၊ မားထော်’ သူမက ပြောတယ်။ ‘ပါမောက္ခဒစ်ဖက်က နင့်ကို လိုက်ရှာခိုင်းလို့’ ဒီအချိန်မှာ သူမဟာ ငါ့အလောင်းကို ရုတ်တရက်မြင်သွားတယ် . . . . အော . . . . သူမဟာ သေခါနီးထိ အဲဒီအဖြစ်အပျက်ကို မေ့မှာမဟုတ်ဘူးဆိုတာ ငါ အာမခံဝံ့တယ် . . . . ငါက သူမနောက်လိုက်ပြီး သူမကို သတိပေးနေတာ။ မှတ်မိသေးတယ်၊ သူမအစ်ကိုရဲ့ မင်္ဂလာဆောင်မှာ ——”

www.burmeseclassic.com



သို့ပေမယ့် ဟယ်ရီ နားထောင်မနေဘူး။ သူဟာ လူတစ်ပိုင်းငါးတစ်ပိုင်းရဲ့ သီချင်းကို တွေးနေတယ်။ "ကျွန်ုပ်တို့ဟာ သင်တို့အနှစ်သက်ဆုံးရတနာကို လုယူဘာယ်" ဒါက သူ့ပစ္စည်းတစ်ခုခုကို ၎င်းတို့ခိုးမယ်ပြောတာနဲ့တူတယ်။ သူ ပြန်လုယူရမယ်။ ၎င်းတို့ယူသွားမှာက ဘာများလဲ။

"—— နောက်တော့ ဒါပဲပေါ့။ သူမဟာ မှော်ဝန်ကြီးဌာန သွားတိုင်တယ်၊ သူမနောက်ကိုလိုက်တာ တားလိုက်တယ်။ ငါလဲ ဒီကိုပဲ ပြန်လာရတာပေါ့၊ အိမ်သာထဲမှာ နေရတာပေါ့"

"ဟုတ်တယ်" ဟယ်ရီက ပေါ့ပေါ့ပြောတယ်။ "ကောင်းပြီ၊ ကျွန်တော် အများကြီး တိုးတက်လာပြီပေါ့ . . . . မျက်စိမှိတ်ထားပါဦး၊ ကောင်းလား။ ကျွန်တော် ထွက်လာတော့မယ်"

သူဟာ ရေချိုးကန်ကြမ်းခင်းကနေ ရွှေဥကို ကောက်ယူလိုက်ပြီး အပေါ်တက်၊ ကိုယ်ခြောက်အောင်သုတ်၊ ညဝတ်အင်္ကျီနဲ့ အပေါ်ဝတ်အင်္ကျီ ဖားလျားရှည်ကို ဝတ်လိုက်တယ်။

"မင်း ငါ့သန့်စင်ခန်းထဲကို မကြာမကြာ ငါ့လာတွေ့ဦးမှာလား" ငိုကြွေးတဲ့ မားထော်ဟာ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံ ကောက်ယူတာတွေ့တော့ ဝမ်းနည်းစွာ မေးတယ်။

"အင်း . . . . ကျွန်တော် ကြိုးစားပါမယ်" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် သူ တိတ်တိတ်တွေးတာက ရဲတိုက်ထဲက သန့်စင်ခန်းအားလုံး အသေ ပိတ်ထားတော့မှ မားထော်ရဲ့ သန့်စင်ခန်း ကို သူသွားမှာ။ "နောက်မှတွေ့မယ် မားထော် . . . . ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဘိုင်းဘိုင်" သူမက ကြေကွဲစွာ ပြောတယ်။ ဟယ်ရီ ကိုယ်ပျောက် ဝတ်ရုံဝတ်လိုက်တော့ သူမဟာ ပလုံဆိုပြီး ရေပိုက်ထဲ ပြန်ဝင်သွားတယ်။

အပြင်ဘက် မှောင်မည်းတဲ့စင်္ကြံထဲရောက်တော့ ဟယ်ရီဟာ ခေါ မြေပုံကို တစ်ခါစစ်ဆေးကြည့်တယ်။ ဘယ်လိုအရိပ်အခြည်ရှိလဲဆိုတာ ကြည့် ကြည့်တယ်။ တော်ပါသေးတယ်။ မြေပုံပေါ်မှာ ဖစ်ချ်နဲ့ သူ့ကြောင် မစ္စ နော်ရီးစ်ဆိုတဲ့ အစက်ကလေးနှစ်စက်ဟာ ၎င်းတို့ရဲ့ ရုံးခန်းထဲမှာ ကောင်း ကောင်းမွန်မွန် ရှိနေတယ် . . . . ရဲတိုက်ထဲမှာ ငြိမ်သက်နေတယ်။ သရဲဖီးဗိစ် လှုပ်ရှားတာ ရှိတယ်။ ဒါပေမယ့် သူဟာ အပေါ်ထပ် ဆုဖလားခန်းထဲမှာ ဆူပူနေတာ . . . . ဟယ်ရီဟာ ဂရစ်ဖင်းဒေါ်အိမ်ချွန်ကို ပြန်မယ်လုပ်တုန်းမှာ



နောက်တရက် မြေပုံပေါ်မှာ တစ်ခုခုကို သူ သတိထားလိုက်မိတယ် . . . . ဒါ သိပ်ကို သွေးရိုးသားရိုး မဟုတ်ဘူး။

လှုပ်ရှားနေတာ သရဲဖီးဗိစ်တစ်ယောက်တည်း မဟုတ်ဘူး၊ နောက် အစက်ကလေးတစ်စက်ဟာ အောက်ဆုံးလွှာ ဝဲဘက်ထောင့်ချိုးမှာရှိတဲ့ အခန်း ဘစ်ခန်းထဲမှာ လှုပ်ရှားနေတယ် —— အဲဒါ စနိတ်ပ်ရဲ့ ရုံးခန်း။ ဒါပေမယ့် အစက်ကလေးဘေးမှာ ရေးထားတာက "ဆီးဗရတ်စ်-စနိတ်ပ်" မဟုတ်ဘူး . . . . ဘာထီ-ခရောက်ချ် ဖြစ်နေတယ်။

ဟယ်ရီဟာ အဲဒီအစက်ကလေးကို စိုက်ကြည့်နေတယ်။ မစ္စတာ ခရောက်ချ်ဟာ အတော်ဖျားနေလို့ ရုံးမတတ်နိုင်ဘူး၊ ခရစ္စမတ်စ်ကပွဲလည်း သာမတက်နိုင်ဘူးလို့ ကြားတယ် —— ဒါပေမယ့် သူဟာ နံနက်လင်းအားကြီး နာရီတစ်ချက်တီးမှာ ဟော့ဂ်ဝပ်ကို တိတ်တိတ်ဝင်လာပြီး ဘာလုပ်တာလဲ။ ဟယ်ရီဟာ အဲဒီအစက်ကလေး အခန်းထဲမှာ ဟိုသွားဒီသွား၊ ဟိုဒီရပ်လိုက် လုပ်နေတာကို သေချာကြည့်နေတယ် . . . .

ဟယ်ရီဟာ တုံ့ဆိုင်းနေတယ်။ တွေးတောနေတယ် . . . . ဒီနောက် ...င်းရဲ့ သိလိုဇောက အသာစီးရသွားတယ်။ သူလှည့်ပြီး အနီးဆုံးလှေကားဆီ လျှောက်သွားတယ်။ ခရောက်ချ် ဘာလုပ်နေတယ်ဆိုတာ သူ ကြည့်ချင်တယ်။

ဟယ်ရီဟာ ခြေဖော့လက်ဖော့နဲ့ အောက်ကိုဆင်းတယ်။ အသံမထွက် အောင် အတတ်နိုင်ဆုံး လုပ်တယ်။ ဒါပေမယ့် အရုပ်ကားထဲက လူအချို့ဟာ ကြမ်းပြင်ရဲ့ ကျွိကျွိသံနဲ့ သူ့ညဝတ်အင်္ကျီရဲ့ တရှပ်ရှပ်သံကို ကြားကြတယ်။ သူတို့ဟာ အံ့သြစွာ လှည့်ကြည့်ကြတယ်။ အောက်ထပ်ရောက်တော့ သူဟာ စင်္ကြံအတိုင်း တိတ်တိတ်ကလေး စင်္ကြံတစ်ဝက်လောက် သွားတယ်။ ဒီနောက် နံရံပေါ်က ကော်ဇောကို မ,ဖယ်ပြီး ပိုပြီးကျဉ်းမြောင်းတဲ့ လှေကားကနေ ဆင်း ခဲ့ဘယ်။ ဒါဟာ ဖြတ်လမ်းတစ်လမ်း။ နှစ်လွှာဆင်းနိုင်တယ်။ သူဟာ မြေပုံကို အဆက်မပြတ်ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေတယ် . . . . တစ် လျှောက်လုံး မိမိကိုယ်မိမိ တင်းတင်းကြပ်ကြပ် တောင်းဆိုတဲ့ တရားဥပဒေ အသွေမတိမ်းလိုက်နာတဲ့ မစ္စတာ ခရောက်ချ်ဟာ ဘာကြောင့် ညဉ့်နက်သန်း ခေါင်ကြီးမှာ သူများရုံးခန်းထဲ ခိုးဝင်ရတာလဲ။ ဒါ သူ့စရိုက်နဲ့ မကိုက်ညီဘူး၊

ဟယ်ရီဟာ မစ္စတာခရောက်ချ်ရဲ့ ထူးဆန်းတဲ့အပြုအမူကို စိတ်ထဲ ...ာက်ဆနေလို့ လမ်းသွားတာကို သတိမထားမိဘဲ လှေကားပေါ်မှာ တစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ သူ့ခြေတစ်ချောင်းဟာ ကျိုးတတ်တဲ့ လှေကားထစ်ထဲ ညပ်သွားတယ်၊ အဲဒီလှေကားထစ်ဟာ နိုဗိုး အမြဲတမ်း မှေမှေ့ပြီး ခုန်မကျော်ဖြစ်တဲ့ လှေကားထစ်၊ ဟယ်ရီဟာ မဖျတ်မလတ် လှုပ်ရှားလိုက်တာ ရေစိုနေသေးတဲ့ ရွှေဥဟာ သူ့ချိုင်းအောက်ကနေ ပြုတ်ကျသွားတယ်။ သူက အမြန်လိုက်ဖမ်းတယ်၊ မမီတော့ဘူး။ ရွှေဥဟာ လှေကားမြင့်မြင့်ကြီးကနေ လိမ့်ဆင်းသွားတယ်၊ လှေကား တစ်ထစ်ဆင်းတိုင်း တဒုန်းဒုန်းနဲ့ အသံကျယ်လောင်စွာ ထွက်လာတယ်၊ ဗုံကြီးတစ်လုံးကို တီးလိုက်သလိုပဲ —— ကိုယ်ပျောက်ဝတ်ရုံလည်း လျှောကျသွားတယ် . . . . ဟယ်ရီက ဖမ်းဆွဲထားလိုက်တယ်။ ဒီတော့ ဓားပြမြေပုံလည်း သူ့လက်ထဲက လွင့်ထွက်သွားတယ်၊ လှေကားထစ် ခြောက်ထစ်အောက် ကျသွားတယ်၊ ဟယ်ရီဟာ ဒူးလောက်မြုပ်တဲ့ ကျိုးတဲ့လှေကားထစ်ထဲကျနေလို့ လှမ်းမမီဘူး၊

ရွှေဥဟာ လှေကားခြေရင်းထိ လိမ့်သွားပြီး နံရံချိတ်ကော်ဇောအောက်က ထွက်သွားကာ ပွင့်ထွက်သွားတယ်။ အောက်ဘက်က စကြိုထဲမှာ စူးစူးဝါးဝါး အော်နေတယ်၊ ဟယ်ရီဟာ မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး ဓားပြမြေပုံကိုထိဖို့ ရုန်းကန်တယ်။ မြေပုံကို စက္ကူဖြူတစ်ရွက်ဖြစ်အောင် လုပ်ချင်တယ်၊ ဒါပေမယ့် သိပ်ဝေးလို့ မမီဘူး ——

ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံနဲ့ မိမိကိုယ်ကို ပြန်ခြုံထားလိုက်တယ်၊ ခါးကိုဆန့်ပြီး မျက်စိမှိတ်ကာ ကြောက်လန့်တကြား နားထောင်နေတယ် . . . . မျက်စိတစ်မှိတ်အချိန်လောက်မှာပဲ၊ ဟို . . . . "

"သရဲဖိုးပိစ်"

သံသယရှိစရာမလိုတာက ဒါဟာ တံခါးစောင့်ဖစ်ချ်ရဲ့ အော်သံ၊ အလျင်အမြန်၊ ဒတ်ဒတ်ဒတ်နဲ့ ခြေသံ ကြာလေနီးလေ နီးလာတာ ဟယ်ရီကြားရတယ်။ ဖစ်ချ်ရဲ့ မောဟိုက်တဲ့အသံဟာ ဒေါသကြောင့် ပိုကျယ်လာတယ်။

"ဒီမှာ ဆူဆူညံညံနဲ့ ဘာလုပ်နေတာလဲ၊ ရဲတိုက်ထဲက လူအားလုံး နိုးအောင် ဆူနေတာလား။ ကျုပ် မင်းကိုရအောင် ဖမ်းမယ်။ သရဲဖိုးပိစ် မင်း . . . . ဟင်၊ ဒါဘာလဲ"

ဖိစ်ချ်ရဲ့ခြေသံ ရပ်သွားတယ်။ ဂရတ်ဆိုတဲ့ သတ္တုချင်းထိမိတဲ့အသံ ကြားရပြီး ဟစ်အော်သံ ရပ်သွားတယ် —— ဖစ်ချ်က ရွှေဥကို ကောက်ယူပြီး ပိတ်လိုက်တာ။ ဟယ်ရီဟာ မလှုပ်မယှက်ရပ်နေရင်း နားစွင့်နေတယ်။ ခြေတစ်



ချောင်းဟာ မှော်ပညာစီရင်ထားတဲ့ လှေကားထစ်ထဲမှာ အသေညပ်နေတယ်။ အခု ဖစ်ချ်ဟာ အချိန်မရွေး ကော်ဇောကို မပြီး သရဲဖိုးပိစ်ကို ရှာကြည့်မှာ . . . . စင်စစ် ဘာသရဲဖိုးပိစ်မှ မရှိဘူး . . . ဒါပေမယ့် တကယ်လို့ သူ လှေကားပေါ်တက်လာရင် ဓားပြမြေပုံကို မြင်သွားမှာပဲ . . . . ကိုယ်ပျောက်ဝတ်ရုံခြုံထားထား မထားထား၊ မြေပုံပေါ်မှာတော့ ဟယ်ရီ-ပေါ်တာ အခုရပ်နေတဲ့နေရာမှာဆိုတာ ဖော်ပြမှာပဲ။

"ရွှေဥ ?" ဖစ်ချ်က လှေကားအောက်ခြေမှာ တိုးတိုးပြောတယ်။ "ကျုပ်တောနာကြောင်လေး" —— ကြည့်ရတာ မစ္စစ်နော်ရီးစ်လဲ သူနဲ့အတူ ရှိတယ်ထင်တယ် —— "ဒါဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ သဲလွန်စလေ။ ကျောင်းကဒူးရဲကောင်းတစ်ယောက်ဥစ္စာ"

ဟယ်ရီဟာ ခေါင်းတွေ မူးလာပြီး၊ နှလုံးခုန်တာ ဗုံတီးနေသလိုပဲလို့ ခံစားရတယ်။

"သရဲဖိုးပိစ်၊ မင်း ပစ္စည်းခိုးတယ်လား"

သူဟာ နံရံချိတ်ကော်ဇောကို ဆွဲဖယ်လိုက်တယ်၊ ၎င်းရဲ့ ကြောက်ရော၊ အသားအရေ လျှော့ရဲတဲ့မျက်နှာနဲ့ ပြူးထွက်နေတဲ့ အရောင်ဖျော့ဖျော့ မျက်လုံး အပေါ်ကို စိုက်ကြည့်နေတာ ဟယ်ရီ မြင်ရတယ်။ (သူ့အဖို့ပြောရရင်) လူမရှိတဲ့လှေကားပေါ့။

"ပုန်းနေတယ်၊ ဟုတ်လား" သူက တိုးတိုးပြောတယ်။ "မင်းကို လာမ်းဘာ၊ သရဲဖိုးပိစ် . . . . မင်းက ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ သဲလွန်စကို ခိုးတယ်၊ သရဲဖိုးပိစ် . . . . ဒီတစ်ခါ ဒမ်ဘယ်လီဒိုးက မင်းကို သက်သာပေးမှာ မဟုတ်ဘူး။ ညစ်ပတ်တဲ့၊ သခိုးသဝှက်၊ ဒုက္ခပေးတဲ့ သရဲရိုင်း . . . . "

ဖစ်ချ်ဟာ လှေကားကို စတက်တယ်၊ နောက်ကလိုက်လာတာက ၎င်းရဲ့ပိန်ညှောင်ညှောင် အမွေးရောင်ပြာမွဲမွဲနဲ့ ကြောင်။ မစ္စစ်နော်ရီးစ်ရဲ့ မီးသီးကြီးတဲ့ မျက်လုံးဟာ ၎င်းရဲ့သခင်နဲ့ တစ်ပုံစံတည်းရယ်၊ အခု ဟယ်ရီ့ကို အသေစိုက်ကြည့်နေတယ်။ ဟယ်ရီဟာ အရင်ကတည်းက ကိုယ်ပျောက်ဝတ်ရုံဟာ ကြောင်ကို မဖုံးကွယ်နိုင်ဘူးလို့ သံသယရှိခဲ့တယ် . . . . ဖလန်နယ်အပေါ် အားလျှားရှည်အကျီအဟောင်း ဝတ်ထားတဲ့ ဖစ်ချ် တစ်လှမ်းပြီးတစ်လှမ်း တက်လာတာကို ကြည့်နေရင်း သူဟာ လန့်ပြီးမေ့လဲတော့မယ်၊ သူဟာ တအား ရုန်းတယ်၊ ညပ်နေတဲ့ခြေထောက်ကို ဆွဲထုတ်ဖို့ကြိုးစားတယ်။ မရဘဲ ပိုပိုနစ်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ် —— အခု ဖစ်ချ်ဟာ အချိန်မရွေး မြေပုံကို မြင်သွားလိမ့်မယ်၊ ဒါမှ မတုတ် လျှောက်လာပြီး သူနဲ့ ဝင်တိုးမယ် ——

"ဖစ်ချ်၊ ဘာဖြစ်သလဲ"

ဖစ်ချ်က ရပ်လိုက်ပြီး လှည့်လိုက်တယ်။ သူနဲ့ ဟယ်ရီ လှေကားထစ်တချို့သာ ကွာတော့တယ်။ လှေကားခြေရင်းမှာ လူတစ်ယောက် ရပ်နေတယ်။ ဟယ်ရီ့အခြေအနေကို ပိုဆိုးအောင် လုပ်နိုင်မယ့်သူရှိရင် ဒီလူပဲဖြစ်မယ်။ အဲဒါ စနိတ်ပ်၊ သူဟာ မီးခိုးရောင်ရှပ်အင်္ကျီသဏ္ဍာန် ညဝတ်အင်္ကျီရှည် ဝတ်ထားပြီး မျက်နှာကြီး မည်းနေတယ်။

"သရဲဖီးဗိစ်ပါ၊ ပါမောက္ခ" ဖစ်ချ်က မုန်းမုန်းနဲ့ တိုးတိုးပြောတယ်။ "သူက ဒီဥကို အပေါ်ထပ်က ပစ်ချတယ်"

စနိတ်ပ်ဟာ လှေကားကို အမြန်တက်လိုက်ပြီး ဖစ်ချ်ဘေးမှာ ရပ်လိုက်တယ်၊ ဟယ်ရီဟာ အံကြိတ်ထားတယ်။ မိမိရဲ့ တဒိုင်းဒိုင်းရင်ခုန်သံကြောင့် သူ ဒီမှာရှိနေတယ်ဆိုတာ အချိန်မရွေး ပေါ်သွားလိမ့်မယ်လို့ ယုံကြည်တယ်။

"သရဲဖီးဗိစ် ?" စနိတ်ပ်က အသာပြောတယ်၊ ဖစ်ချ်လက်ထဲက ရွှေဥကို စိုက်ကြည့်နေတယ်။ "ဒါပေမယ့် သရဲဖီးဗိစ်ဟာ ကျုပ်ရုံးခန်းထဲ ဝင်လို့ မရဘူးလေ . . ."

"ဒီရွှေဥ အစက သင့်ရုံးခန်းထဲမှာလား၊ ပါမောက္ခ"

"ဘယ်ဟုတ်မလဲ" စနိတ်ပ်က အသံမာမာနဲ့ ပြောတယ်။ "ကျုပ် တဒိုင်းဒိုင်းမြည်သံ ကြားတယ်။ ပြီးတော့ အော်ဟစ်သံလဲ ပါတယ် ——"

"ဟုတ်တယ်၊ ပါမောက္ခ၊ အဲဒါရွှေဥ ——"

"—— ကျုပ် စစ်ဆေးကြည့်မယ်"

"—— အဲဒါ သရဲဖီးဗိစ် ပစ်ချတာ၊ ပါမောက္ခ ——"

"—— ကျုပ်၊ ကျုပ်ရုံးခန်းက ဖြတ်သွားတော့ မီးတုတ်ထွန်းထားတာ တွေ့ရတယ်၊ ဗီရိုတံခါးရွက်တစ်ခု ဟနေတယ်။ အထဲမှာ လူဝင်ရှာထားတယ်"

"ဒါပေမယ့် သရဲဖီးဗိစ် မဖြစ်နိုင် . . . ."

"သူမဖြစ်နိုင်တာ ကျုပ် သိတယ်၊ ဖစ်ချ်" စနိတ်ပ်အသံဟာ မာလာ ပြန်တယ်။ "ကျုပ်က ကျိန်စာနဲ့ ကျုပ်ရုံးခန်းကို အသေပိတ်ထားတာ၊ မှော် ဆရာမှ ဝင်လို့ရမှာ" စနိတ်ပ်ဟာ လှေကားပေါ်ကို မော့ကြည့်တယ်။ အကြည့် ဟာ ဟယ်ရီ့ကိုယ်ကို ဖောက်သွားတယ်။ ဒီနောက် သူဟာ ခေါင်းငုံ့ပြီး အောက်



က်က စင်္ကြံကို ကြည့်နေတယ်။ "မင်း ငါ့ကိုကူပြီး ခိုးဝင်လာတဲ့လူကို ရှာပေးပါ၊ ဖစ်ချ်"

"ကျွန်တော် . . . . ကောင်းပြီ၊ ပါမောက္ခ —— ဒါပေမယ့် ——"

ဖစ်ချ်ဟာ လှေကားအပေါ်ကို ငေးကြည့်နေတယ်။ အကြည့်ဟာ ယ်ရီ့ကို တိုက်ရိုက်ဖောက်ထွင်းသွားတယ်။ ဒီလို သရဲဖီးဗိစ်ကို ပိတ်ဖမ်းနေ မယ့် အခွင့်အရေးကို စွန့်လွှတ်ရတာကို ဖစ်ချ် မကျေနပ်ဘူးဆိုတာ ဟယ်ရီ ိတယ်။ မြန်မြန်သွားပါတော့။ ဟယ်ရီဟာ အသံမထွက်ဘဲ ဆုတောင်းနေ ယ်။ စနိတ်ပ်နဲ့အတူ သွားပါ . . . . သွားပါတော့ . . . . မစ္စစ်နော်ရီးစ်ဟာ စ်ချ်ခြေထောက်နား ဟိုကြည့်ဒီကြည့် လုပ်နေတယ် . . . . ၎င်းဟာ မိမိ ယ်ပေါ်က အနံ့ကို ရတယ်ဆိုတာ ဟယ်ရီ ထင်ထင်ရှားရှား သိတယ်။ အင်း . . . . ရေချိုးကန်ထဲကို မွှေးရနံ့ရှိတဲ့ ရေချိုးဆီတွေ သူ ဘာလို့ အများကြီး ည့်ရတာလဲ

"ဒီလိုပါ၊ ပါမောက္ခ" ဖစ်ချ်က စိတ်ပျက်လက်ပျက် ပြောတယ်။ "ဒီ င်ခါ ကျောင်းအုပ်ဆရာကြီး ကျုပ်စကား နားထောင်ရတော့မယ်။ သရဲဖီးဗိစ် ာ ကျောင်းသားတစ်ယောက်ပစ္စည်း ခိုးတယ်။ ကျုပ် ဒီတစ်ချီမှာတော့ ၎င်းကို ကက ထာဝရမောင်းထုတ်နိုင်တဲ့အခွင့် ရပြီ ——"

"ဖစ်ချ်၊ ကျုပ် အဲဟိုမုန်းစရာဒုက္ခပေးတဲ့ သရဲသဘက်ကို ဂရုမစိုက် င်ဘူး။ ကျုပ်ရုံးခန်းမှာ အ ——"

ဒေါက်၊ ဒေါက်၊ ဒေါက်။

စနိတ်ပ်ဟာ သူ့စကားကို တန့်ရပ်လိုက်တယ်။ သူနဲ့ဖစ်ချ်တို့နှစ် ောက်စလုံး လှေကားအောက်ဘက်ကို ငုံ့ကြည့်ကြတယ်။ သူတို့နှစ်ယောက် ေါင်းနှစ်လုံးကြားကနေ အရှူးမျက်လုံးမူးဒီ ထော့နဲ့ထော့နဲ့နဲ့ ပေါ်လာတာ ယ်ရီ မြင်ရတယ်။ မူးဒီဟာ ရှပ်အင်္ကျီသဏ္ဍာန် ညဝတ်အင်္ကျီရှည်အပေါ်မှာ ိုးသွားခြုံထည်အဟောင်းကို ခြုံထားတယ်။ ခါတိုင်းလိုပဲ တုတ်ကောက်နဲ့။

"ညဝတ်အင်္ကျီပါတီပွဲ၊ ဟင် ?" သူက အသံကြမ်းကြမ်းနဲ့ လှေကား ေါ်ကို ပြောတယ်။

"ပါမောက္ခစနိတ်ပ်နဲ့ ကျွန်တော် အသံတချို့ကြားလို့၊ ပါမောက္ခ" ဖစ်ချ်က ချက်ချင်းပြောတယ်။ "အဲဒါ နေရာတကာဒုက္ခပေးနေတဲ့ သရဲဖီးဗိစ်ပါ၊ ခါတိုင်းလိုပဲ ပစ္စည်းတွေ လျှောက်ပစ်တယ် —— နောက်တော့ ပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com



စနိတ်ပ်ဟာ သူ့ရုံးခန်းထဲ လူဝင်တာ ——"

"ပါးစပ်ပိတ်" စနိတ်ပ်က အသံနှိမ့်ပြီး ဖစ်ချ်ကို ပြောတယ်။

မူးဒီက လှေကားရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။ မူးဒီရဲ့ မှော်ပညာ စီရင်ထားတဲ့ မျက်လုံးဟာ စနိတ်ပ်ကို တစ်ချက်ကြည့်ပြီး သံသယရှိစရာမလိုဘဲ မိမိကိုယ်ပေါ် ကျရောက်လာတာ ဟယ်ရီ မြင်ရတယ်။

ဟယ်ရီ့ရင်ဟာ ကြောက်စရာကောင်းအောင် အရမ်းခုန်ပေါက်သွားတယ်။ မူးဒီမျက်လုံးက ကိုယ်ပျောက်ဝတ်ရုံကို ထိုးဖောက်မြင်နိုင်တယ်။ ၎င်းကမှ အခုလို ထူးဆန်းတဲ့ဖြစ်ရပ်ကို အလုံးစုံမြင်နိုင်တာ။ စနိတ်ပ်က ၎င်းရဲ့ရှပ်ပုံ သဏ္ဌာန် ညဝတ်အင်္ကျီရှည်ကို ဝတ်ထားတယ်။ ဖစ်ချ်လက်ထဲမှာ ရွှေဥကို တင်းတင်းဆုပ်ကိုင်ထားတယ်။ သူ —— ဟယ်ရီကတော့ ၎င်းတို့နောက်ဖက်မှာ လှေကားထဲ ခြေညှပ်မိနေလို့ ထွက်မရဘူး။ မူးဒီရဲ့ ပါးစပ် —— ရွဲ့စောင်းနေတဲ့ အပေါက်ကြီးဟာ 'အံ့ဩလို့ ဟသွားတယ်။ ခဏတာအတွင်း သူနဲ့ ဟယ်ရီတို့ အပြန်အလှန် ကြည့်နေတယ်။ ဒီနောက် မူးဒီပါးစပ် ပိတ်သွားတယ်။ ၎င်းရဲ့ မျက်လုံးပြာကို စနိတ်ပ်ကိုယ်ပေါ် လှည့်လိုက်တယ်။

"ကျုပ် နားကြားမလွဲပါဘူးနော်၊ စနိတ်ပ်" သူက ဖြည်းဖြည်းချင်း မေးတယ်။ "ခင်ဗျားရုံးခန်းထဲ လူဝင်တယ် ?"

"အဲဒါ သိပ်အရေးမကြီးပါဘူး" စနိတ်ပ်က အေးစက်စက်ပြောတယ်။

"ဒါနဲ့ လုံးဝဆန့်ကျင်တွာပဲ" မူးဒီက အသံကြမ်းကြမ်းနဲ့ အော်ပြောတယ်။

"အဲဒါ အလွန်အရေးကြီးတယ်။ ခင်ဗျားရုံးခန်းထဲကို ဘယ်သူဝင်ဘာလဲ"

"ကျောင်းသားတစ်ယောက်ဖြစ်မယ်ထင်တယ်" စနိတ်ပ်က ပြောတယ်။ စနိတ်ပ်ရဲ့ အဆီပြန်နေတဲ့နားထင်မှာ သွေးကြောတစ်ချောင်း ခုန်နေတာ ဟယ်ရီ မြင်ရတယ်။ "ဒါမျိုး အရင်ကလဲ ဖြစ်ဖူးတယ်။ ကျုပ် ပုဂ္ဂလိကသိုလှောင်ခန်းထဲက မှော်ဆေးတွေ ပျောက်သွားတယ် . . . . သံသယရှိစရာမလိုတာက ကျောင်းသားတွေ တားမြစ်ဆေးဝါး ဖော်စပ်ချင်လို့ပဲ . . . ."

"ခင်ဗျားက သူတို့မှော်ဆေးစပ်ဖို့ ဆေးရှာနေတယ်ထင်လား၊ ဟင်?" မူးဒီက မေးတယ်။ "ခင်ဗျားရုံးခန်းထဲမှာ တခြားဘာမှ ဝှက်မထားပါဘူးနော်"

စနိတ်ပ်ရဲ့ မြေမှုန့်ရောင်မျက်နှာဟာ အရုပ်ဆိုးတဲ့ အုတ်ခဲရောင် ဖြစ်သွားတာ ဟယ်ရီမြင်ရတယ်။ နားထင်ပေါ်က အဲဟို သွေးကြောဟာ ပိုမြန်မြန်



ခုန်လာတယ်။

"ကျုပ် ဘာမှ ဝှက်မထားတာ ခင်ဗျားသိပါတယ်၊ မူးဒီ" သူက အန္တရာယ်ရှိတဲ့လေသံနဲ့ အသံလေးလေး ပြောတယ်။ "ခင်ဗျားပဲ ကျုပ်ရုံးခန်းကို ပြောင်းဆန်အောင် ရှာဖွေပြီးပြီ မဟုတ်လား"

မူးဒီမျက်နှာဟာ လိမ်တွန့်သွားပြီး အပြုံးတစ်စ ညှစ်ထုတ်လိုက်တယ်။ "အဲဒါ အောရာရဲ့ အထူးအခွင့်အရေး၊ စနိတ်ပ်။ ဒမ်ဘယ်လီဒိုးက ကျုပ်ကို သေချာစောင့်ကြည့် ——"

"ဒမ်ဘယ်လီဒိုးက ကျုပ်ကို အလွန်ယုံကြည်သူ ဖြစ်နေတယ်" စနိတ်ပ်က အံကြိတ်ပြီး ပြောတယ်။ "သူ ခင်ဗျားကို ကျုပ်ရုံးခန်းရှာဖွေဖို့ မှာတယ်ဆိုတာ ကျုပ် မယုံကြည်ဘူး"

"ဒမ်ဘယ်လီဒိုးကတော့ ခင်ဗျားကို ယုံကြည်တာပေါ့" မူးဒီက အော်ပြောတယ်။ "သူက သိပ်ယုံလွယ်တဲ့လူ၊ ဟုတ်လား။ သူများကို ဒုတိယအခွင့်အရေးပေးရမယ်ပဲ ထင်နေတာ။ ကျုပ်ကတော့ —— ကျုပ်အနေနဲ့ အစွန်းအထင်းတချို့ဟာ ဘယ်တော့မှ ပျောက်ပစ်လို့မရဘူးလို့ ထင်တယ်၊ စနိတ်ပ်။ အစွန်းအထင်းတချို့ဟာ ဘယ်တော့မှ ပျောက်လို့မရဘူး။ ခင်ဗျား ကျုပ်အဓိပ္ပာယ်ကို နားလည်လား"

စနိတ်ပ်ဟာ ရုတ်တရက် အလွန်ထူးဆန်းတာ လုပ်လိုက်တယ်။ သူဟာ ညာဘက်လက်နဲ့ ဘယ်ဘက်လက်မောင်းကို ဖမ်းကိုင်လိုက်တယ်။ လက်မောင်း ရုတ်တရက် မခံနိုင်အောင် နာကျင်သွားသလိုပဲ။

မူးဒီက တဟားဟားရယ်တယ်။ "ပြန်အိပ်ချေတော့၊ စနိတ်ပ်"

"ကျုပ်ကို ဘယ်သွားညာသွားပြောဖို့ ခင်ဗျားမှာ အခွင့်အာဏာ မရှိဘူး" စနိတ်ပ်က တရှိုးရှိုးပြောတယ်။ လက်မောင်းကို လွှတ်လိုက်တယ်။ မိမိကိုယ်မိမိ အလွန်ဒေါသထွက်နေသလိုပဲ။ "ကျုပ်ဟာ ခင်ဗျားလိုပဲ ညအချိန်မှာ ဒီကျောင်းကို လှည့်လည်စစ်ဆေးကြည့်ဖို့ ဝတ္တရားရှိတယ်"

"ဒါဆိုလဲ လှည့်လည်ချင်သလို လှည့်လည်ပေတော့" မူးဒီက ပြောတယ်။ "ဒါပေမယ့် သူ့အသံထဲမှာ ခြိမ်းခြောက်သံ ပါတယ်။ "တစ်နေ့နေ့မှာ မှောင်မည်းတဲ့စင်္ကြံထဲမှာ ခင်ဗျားကို တွေ့ရမယ်ဆိုတာ ကျုပ် အစောကြီးကတည်းက သိပြီးသား . . . . စကားမစပ်၊ ခင်ဗျားပစ္စည်းကျနေတယ် . . . ."

မူးဒီက လှေကားထစ် ခြောက်ထစ်အောက် ကျနေတဲ့ ဒေးပြမြေပုံကို ညွှန်ပြနေတာကို ဟယ်ရီက ထိတ်လန့်စွာ တွေ့ရတယ်။ စနိတ်ပ်နဲ့ ဖစ်ချ်ဘို့

www.burmeseclassic.com

www.burmeseclassic.com



မြေပုံကို ငုံ့ကြည့်နေစဉ်မှာ ဟယ်ရီဟာ သတိထားရမှာတွေကို ဂရုမစိုက်တော့ဘဲ ကိုယ်ပျောက်ဝတ်ရုံအောက်ကနေ လက်နှစ်ဖက်မြှောက်ကာ မူးဒီ သတိပြုမိအောင် လက်ကို ခါယမ်းပြတယ်။ ပါးစပ်ပုံစံနဲ့လဲ 'ကျွန်တော့်ဟာ၊ ကျွန်တော့်ဟာ'လို့ အသံမထွက်ဘဲ အော်ပြောတယ်။

စနိတ်ပ်ဟာ မြေပုံကို ကုန်းကောက်တယ်။ သူ့မျက်နှာပေါ်မှာ ကြောက်စရာတစ်ခုခုကို တွေးမိသလို အမူအရာပေါ်လာတယ်။

"သိုးရေစက္ကူ ပျံလာခဲ့"

မြေပုံဟာ ရှူးခနဲ မိုးပေါ်ပျံတက်ပြီး စနိတ်ပ်ရဲ့ ဟနေတဲ့ လက်ချောင်းထဲက လျှောထွက်ပြီး လှေကားအောက်ကို ပျံသွားကာ မူးဒီလက်ထဲ ကျရောက်သွားတယ်။

"ကျုပ် မှားသွားတယ်" မူးဒီက မှင်နဲ့ပြောတယ်။ "ဒါ ကျုပ်ဥစ္စာ —— စောစောက ကျုပ် ကျကျန်ရစ်တာဖြစ်မယ် ——"

ဒါပေမယ့် စနိတ်ပ်ရဲ့မျက်လုံးနက်နက်ဟာ ဖစ်ချ်ပိုက်ထားတဲ့ ရွှေဥကို ကြည့်လိုက်၊ မူးဒီလက်ထဲက မြေပုံကို ကြည့်လိုက် လုပ်နေတယ်။ ဒီအရာနှစ်ခုကို ဆက်စပ်နိုင်တာ စနိတ်ပ်ပဲရှိတယ်ဆိုတာ ဟယ်ရီ တွေ့ရှိရတယ် . . . .

"ပေါ်တာ" သူက တိုးတိုးပြောတယ်။

"ဘာအဓိပ္ပာယ်လဲ" မူးဒီက တည်ငြိမ်စွာ ပြောပြီးတော့ မြေပုံကို ခေါက်ကာ အိတ်ကပ်ထဲ ထည့်လိုက်တယ်။ "ပေါ်တာ" စနိတ်ပ်က ဒေါသတကြီးနဲ့ ပြောတယ်။ သူက ခေါင်းများတောင် လှည့်လိုက်ပြီး ဟယ်ရီရှိတဲ့နေရာကို တည့်တည့်ကြီး ကြည့်လိုက်သေးတယ်။ သူ ရုတ်တရက် ဟယ်ရီ့ကို မြင်ရသလိုပဲ။ "အဲဒီရွှေဥဟာ ဟယ်ရီ့ဥစ္စာ။ အဲဒီသိုးရေစက္ကူဟာလဲ ဟယ်ရီ့ဟာပဲ။ ကျုပ်အရင်က မြင်ဖူးတယ်။ ကျုပ် မှတ်မိတယ်။ ပေါ်တာ ဒီမှာရှိတယ်။ ပေါ်တာ ကိုယ်ပျောက်ဝတ်ရုံ ဝတ်ထားတယ်"

စနိတ်ပ်ဟာ မျက်ကန်းလို လက်နှစ်ဖက်ဆန့်ကားပြီး လှေကားပေါ် တက်လာတယ်။ ၎င်းရဲ့ အလွန်ကြီးတဲ့ နှာခေါင်းပေါက်ကြီး အကြီးကြီး ဟနေပြီး ဟယ်ရီရှိရာကို အနံ့ခံနေတာ ဟယ်ရီ မြင်တွေ့ရတယ် —— ဟယ်ရီဟာ လှေကားထစ်ထဲ ညပ်နေပြီး လှုပ်လို့မရဘူး။ ကိုယ်ကို နောက်သို့ တအားကော့ပြီး စနိတ်ပ် လက်ချောင်းနဲ့ မထိအောင် လုပ်ရတယ်။ ဒါပေမယ့် အချိန်မရွေး ——

"အဲဒီမှာ ဘာမှမရှိဘူး စနိတ်ပ်" မူးဒီက အော်ပြောတယ်။ "ဒါပေမယ့်



ကျုပ်က ကျောင်းအုပ်ကြီးကို ခင်ဗျားဟာ ဘာလေးဖြစ်ဖြစ် ဟယ်ရီ-ပေါ်တာဆိုပဲ သံသယရှိတယ်ဆိုတာ ပြောပြဖို့ သိပ်ဆန္ဒရှိပါတယ်"

"ဘာအဓိပ္ပာယ်လဲ" စနိတ်ပ်က လှည့်ပြီး မူးဒီကို ကြည့်တယ်။ လက်နှစ်ဖက်က ဆန့်ကားထားတုန်းပဲ။ ဟယ်ရီ့ရင်ဘတ်နဲ့ လက် အနည်းငယ်ပဲ လွဲသွားတယ်။

"ကျုပ်ပြောချင်တာက ဒမ်ဘလီဒိုးဟာ အဲဒီကောင်လေးပေါ်မှာ ဘယ်သူစိတ်ယုတ်ထားတယ်ဆိုတာ သိချင်တယ်" မူးဒီက ပြောတယ်။ တစ်ခါ ထော့နဲ့ထော့နဲ့နဲ့ လှေကားဆီ လေးငါးလှမ်း တိုးလာတယ်။ "ပြီးတော့၊ စနိတ်ပ်၊ ကျုပ်ကလဲ . . . သိပ်စိတ်ဝင်စားတယ် . . . ." မီးတုတ်အလင်းရောင်ဟာ သူ့ရဲ့ လိမ်ကောက်ပျက်စီးနေတဲ့ မျက်နှာပေါ် ဖြတ်သွားတယ်။ ဒါကြောင့် အက်ရာအမာရွတ်နဲ့ နှာခေါင်းပေါ်က အပေါက်ကြီး အရင်ကထက် ပိုနက်ပြီး ပိုကြောက်စရာကောင်းနေတယ်။

စနိတ်ပ်က မူးဒီကို ငုံ့ကြည့်နေတယ်။ သူ့မျက်နှာပေါ်က အမူအရာကို ဟယ်ရီ မမြင်ရဘူး။ ခဏတာမျှ ဘယ်သူမှ မလှုပ်တော့ဘူး။ ဘယ်သူမှ စကားမပြောဘူး။ ဒီနောက် စနိတ်ပ်ဟာ လက်နှစ်ဖက်ကို ဖြည်းဖြည်းချလိုက်တယ်။

"ကျုပ်ထင်တာက" စနိတ်ပ်က ပြောတယ်။ မိမိလေသံကို တည်ငြိမ်အောင် ကြိုးစားတယ်။ "တကယ်လို့ ပေါ်တာ ညဥ့်နက်သန်းခေါင် လျှောက်သွားရင် . . . . ဒါက သူ့ရဲ့ဝမ်းနည်းစရာအကျင့်ဆိုး . . . . သူ့ကို တားမြစ်ရမယ်။ သူ့ —— သူ့လုံခြုံရေးအတွက်"

"အား၊ ကျုပ်နားလည်ပြီ" မူးဒီက အသာပဲ ပြောတယ်။ "ခင်ဗျားက ပေါ်တာ့အကျိုးကို ရင်ဝယ်ပိုက်ထားတယ်၊ ဟုတ်လား"

ခဏတာမျှ ငြိမ်သက်နေတယ်။ စနိတ်ပ်နဲ့ မူးဒီတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြတယ်။ မစ္စစ်နော်ရစ်ဟာ မြီးခနဲထအော်ပြီး ဖစ်ချ်ရဲ့ခြေထောက်နားကနေ ခေါင်းပြူကြည့်နေတယ်။ ဟယ်ရီ့ကိုယ်ပေါ်က အမြှုပ်ထနေချိုးဆီ အမွှေးနံ့လာရာကို လိုက်ရှာနေတယ်။

"ကျုပ် ပြန်အိပ်တော့မယ်" စနိတ်ပ်က ရုတ်တရက်ပြောတယ်။

"ဒီည ဒီလိုတွေးတာ ခင်ဗျားအဖို့ အသင့်တော်ဆုံးပဲ" မူးဒီက ပြောတယ်။ "ကောင်းပြီ၊ ဖစ်ချ်၊ ခင်ဗျား ဟိုရွှေဥကို ကျုပ်ပေးလို့ရမလား ——"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး" ဖစ်ချ်က ပြောတယ်။ ရွှေဥကိုလည်း တင်းတင်းပိုက်ထားတယ်။ ၎င်းရဲ့သားဦးကို ဖက်ထားသလိုပဲ။ "ပါမောက္ခမူးဒီ၊ ဒါက သရဲဖီးဗိစ်ပစ္စည်းခိုးတဲ့ သက်သေခံ ပစ္စည်း"

"ဒါဟာ သူ့ရဲကောင်းတစ်ယောက်ဆီက သူခိုးလာတာ၊ အဲဒါ ဟိုသူရဲကောင်းပစ္စည်း" မူးဒီက ပြောတယ်။ "ပေးပါ"

စနိတ်ပ်ဟာ တစ်ခွန်းမှမပြောတော့ဘဲ လှေကားက အမြန်ဆင်းသွားတယ်။ မူးဒီဘေးက ဖြတ်သွားတယ်။ ဖစ်ချ်က မစ္စစ်နော်ရီးစ်ကို ပါးစပ်ကဘာမှပျပ်ပျပ်လုပ်ပြလို့ ကြောင်က ဘာမှန်းမသိဘဲ ဟယ်ရီ့ကို စက္ကန့်အချို့ စိုက်ကြည့်လိုက်သေးတယ်။ ဒီနောက်မှ လှည့်ပြီးသခင်နဲ့အတူ ဆင်းသွားတယ်။ ဟယ်ရီ့ရင်ဟာ တအားခုန်မြဲ ခုန်နေတယ်။ စနိတ်ပ်ဟာ စကြိုတစ်လျှောက်ဝေးသွားတာ သူကြားရတယ်။ ဖစ်ချ်က ရွှေဥကို မူးဒီပေးလိုက်တယ်။ သူလည်းထွက်သွားတယ်။ မစ္စစ်နော်ရီးစ်ကို တတွတ်တွတ်ပြောသွားတယ်။ "ကိစ္စမရှိဘူး အချစ်လေး . . . ငါတို့အစောကြီး ဒမ်ဘလီဒိုးကို သွားတွေ့မယ် . . . . သရဲဖီးဗိစ်လုပ်တာကို ပြောပြမယ် . . . ."

တံခါးတစ်ချပ် ဒိုင်းခနဲ ပြည်သွားတယ်။ အခု ဟယ်ရီနဲ့ မူးဒီတို့ပဲ မျက်နှာချင်းဆိုင် ကျန်ရစ်တော့တယ်။ မူးဒီဟာ တုတ်ကောက်ကို လှေကားအောက်ဆုံးမှာထောက်ပြီး ခက်ခဲစွာ တက်လာတယ်။ ဟယ်ရီ့ဆီ လျှောက်လာတယ်။ ခြေတစ်လှမ်းလှမ်းတိုင်း ဒေါက်၊ ဒေါက်နဲ့ အသံဟာဟာကြီး ကြားရတယ်။

"သိပ်ကို အန္တရာယ်ရှိတာ၊ ပေါ်တာ" သူက တိုးတိုးပြောတယ်။

"ဟုတ်တယ် . . . . ကျွန်တော် —— အင်း . . . . ကျေးဇူးတင်ပါတယ်" ဟယ်ရီက ချည့်နဲ့စွာ ပြောတယ်။

"ဒါဘာလဲ" မူးဒီကပြောရင်း အိတ်ကပ်ထဲက ခေါက်ထားပြမြေပုံကိုထုတ်ပြီး မြှန့်လိုက်တယ်။

"ဟော့ဂ်ဝပ်မြေပုံ" ဟယ်ရီက ပြောတယ်။ သူ့ကို လှေကားကြားကဆွဲထုတ်စေချင်တယ်။ သူ့ခြေထောက်နာလို့ သေတော့မယ်။

"မာလင်ရဲ့ မုတ်ဆိတ်" မူးဒီက မြေပုံကိုကြည့်ရင်း တိုးတိုးပြောတယ်။ မှော်ပညာစီရင်ထားတဲ့ မျက်လုံးဟာ အရူးအမူးလည်ပတ်နေတယ်။ "ဒီ . . . . ဒီမြေပုံက ရိုးရိုးမြေပုံမဟုတ်ဘူး၊ ပေါ်တာ"

"ဟုတ်တယ် . . . . သိပ်အသုံးကျတယ်" ဟယ်ရီက ပြောတယ်။



သူ့မှာ နာလွန်းလို့ မျက်ရည်ကျနေပြီ။ "အင်း —— ပါမောက္ခမူးဒီ၊ ကျွန်တော့်ကို ကူပါဦး"

"ဘာလဲ၊ အိုး၊ ကောင်းပြီ . . . . ကောင်းပြီ၊ ပြဿနာမရှိဘူး"

မူးဒီဟာ ဟယ်ရီ့လက်မောင်းနှစ်ခုကိုကိုင်ပြီး အားနဲ့ဆွဲလိုက်တယ်။ ဟယ်ရီ့ခြေထောက်ဟာ လူကို ဒုက္ခပေးတဲ့ လှေကားထစ်ထဲက လွတ်ထွက်လာတယ်။ သူဟာ အပေါ်က လှေကားထစ်ကို တက်လိုက်တယ်။ မူးဒီက မြေပုံကို စိုက်ကြည့်နေတယ်။

"ပေါ်တာ . . . ." သူက ဖြည်းနှေးစွာ ပြောတယ်။ "မင်း စနိတ်ပ်ရုံးခန်းထဲဝင်တဲ့လူကို တွေ့မိလား၊ ကျွပ်ပြောလိုတာက ဒီမြေပုံပေါ်မှာ"

"အင်း . . . . ကျွန်တော်မြင်တယ်" ဟယ်ရီက ပြောတယ်။ "အဲဒါ မစ္စတာခရောက်ချ်"

မူးဒီရဲ့ မှော်မျက်လုံးဟာ မြေပုံကို အသွားအပြန် ကြည့်နေတယ်။ မူးဒီဟာ ရုတ်တရက် အလွန်သတိရှိလာတယ်။

"ခရောက်ချ် ?" သူက ပြောတယ်။ "မင်း —— မင်းသေချာပြောနိုင်လား၊ ပေါ်တာ"

"လုံးဝသေချာတယ်" ဟယ်ရီက ပြောတယ်။

"အော၊ သူ အခုမရှိတော့ဘူး" မူးဒီကပြောရင်း မျက်လုံးက မြေပုံပေါ်မှာ ဟိုဒီကြည့်နေတယ်။ "ခရောက်ချ် . . . . တကယ့်ကို အလွန် . . . . အလွန် အဓိပ္ပာယ်ရှိတယ် . . . ."

တစ်မိနစ်တာမျှ သူ ဘာမှမပြောဘူး။ မြေပုံကိုပဲ စိုက်ကြည့်နေတယ်။ ဒီသတင်းဟာ မူးဒီအတွက် ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာ ဟယ်ရီသဘောပေါက်တယ်။ သူဟာ ဒါဘာလဲဆိုတာ သိပ်သိချင်တယ်။ မိမိ မူးဒီကို မေးဝံ့မဝံ့ဆိုတာ မပြောတတ်ဘူး။ သူ မူးဒီကို နည်းနည်းကြောက်တယ် . . . . ဒါပေမယ့် ခုနကတော့ မူးဒီဟာ ပြဿနာကြီးတစ်ခုမဖြစ်အောင် ကူညီခဲ့တယ်။

"အင်း . . . . ပါမောက္ခမူးဒီ . . . . မစ္စတာခရောက်ချ်က ဘာဖြစ်လို့ စနိတ်ပ်ရုံးခန်းကို ရှာဖွေရတယ်ထင်လဲ"

မူးဒီရဲ့ မှော်မျက်လုံးဟာ မြေပုံပေါ်က ဖယ်ပြီး ဟယ်ရီ့ကို ရဲ့ပြီမြဲအနည်းငယ်တုန်ခါစွာ စိုက်ကြည့်နေတယ်။ ဒါဟာ ထိုးဖောက်မြင်နိုင်တဲ့ ကြည့်ခြင်း၊ ဟယ်ရီဟာ မူးဒီ သူ့ကို စစ်ဆေးနေတယ်လို့ ခံစားရတယ်။ သူ့မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ကဲ့ ခဲ့ပြမလား။ ဘယ်လောက်ပြောပြရမလဲဆိုတာ ချင့်ချိန်နေတယ်။

"ဒီလိုကွာ၊ ပေါ်တာ" နောက်ဆုံး မူးဒီက တိုးတိုးပြောတယ်။ "သူတို့က ခဲ့ပြာတယ်၊ အရှုးမျက်လုံးငနဲကြီးဟာ မှော်နက်မှော်ဆရာဖမ်းတာကို ရှုးသွပ်နေ ထယ်တဲ့ . . . . ဒါပေမယ့် ကျုပ်နဲ့ ခရောက်ချ်နဲ့ ယှဉ်လိုက်ရင် ဘာမှတောင် မပြောပဘူး —— ဘာမှ မပြောပဘူး"

သူဟာ မြေပုံကို ဆက်လက်စိုက်ကြည့်နေတယ်။ ဟယ်ရီက ဒီထက် မှားများ သိချင်ဇော တက်လာတယ်။

"ပါမောက္ခမူးဒီ" သူက မေးပြန်တယ်။ "သင့်အနေနဲ့ . . . . ဒီကိစ္စက . . . . မစ္စတာခရောက်ချ်ကလဲ တစ်မျိုးကြီးလို့ ထင်ချင်ထင်မှာပေါ့ . . . ."

"ဥပမာကကော ဘာလဲ" မူးဒီက စူးရှစွာမေးတယ်။

ဟယ်ရီဟာ မိမိ ဘယ်လောက်ပွင့်ပွင့်လင်းလင်းပြောရမှန်း မသိဘူး။ ဟော့ဂ်ဝပ်ပြင်ပမှာ သူ့ကို သတင်းပေးတဲ့လူရှိတာ မူးဒီ မသိစေချင်ဘူး။ ဒါက ဆီးရီးအက်စ်ကြယ်နဲ့ ပတ်သက်တဲ့ မေးခွန်းတွေ မေးလာနိုင်တယ်။ အဖြေ ကြပ်သွားမယ်။

"ကျွန်တော် မသိဘူး" ဟယ်ရီက ဇဝေဇဝါပြောတယ်။ "ခုတလော ထူးဆန်းတာတွေ ဖြစ်တယ်၊ ဟုတ်လား၊ 'ကြိုဟောဆရာများနေ့စဉ်'မှာ ရေးထား တယ်လေ . . . . ကမ္ဘာ့ဖလားပွဲက မှော်နက်အမှတ်အသား၊ ပြီးတော့ ဒက် အီတာတွေ ဘာတွေ . . . ."

မူးဒီရဲ့ ကြီးသေးမညီတဲ့ မျက်လုံးနှစ်လုံးစလုံး ပြူးသွားတယ်။

"မင်းဟာ အမြင်စူးရှတဲ့ ကောင်လေး၊ ပေါ်တာ" သူက ပြောတယ်။ မှော်မျက်လုံးဟာ လည်သွားပြီး ခါးပြမြေပုံကို ကြည့်နေပြန်တယ်။ "ခရောက်ချ် ဟာလဲ ဒီလိုပဲတွေးတာဖြစ်မယ်" သူက ဖြည်းနှေးစွာပြောတယ်။ "သိပ်ဖြစ်နိုင် ခြေရှိတယ် . . . . ခုတလော ကောလာဟလတချို့ ရှိတယ် —— ဓမ္မတာ ရိထာ-စကီးထာကလဲ တွန်းပို့တဲ့အခန်းက ပါနေတယ်။ ကျုပ်ထင်တယ်၊ ဒါကြောင့် လူတွေ ဒိုးရိမ်ကြောင့်ကြနေကြတာ" ခက်ထန်တဲ့အပြုံးတစ်စဟာ ၎င်းရဲ့ ရွဲ့စောင်း တဲ့ ပါးစပ်ကို ပို့ပြီးရွဲ့သွားစေတယ်။ "ကျုပ် တစ်ခုခုကို အသေမုန်းခဲ့ရင်" သူက တိုးတိုးပြောတယ်။ ဟယ်ရီ့ကို ပြောနေတာနဲ့ မတူဘဲ မိမိဖာသာ ပြောနေတာနဲ့ ပိုတူတယ်။ မှော်မျက်လုံးဟာ မြေပုံရဲ့ ဝဲဘက်ထောင့်ကို စိုက်ကြည့်နေတယ်။ "အဲဒါ ဒက်အီတာတစ်ယောက် အပြင်မှာ ထင်သလိုကြနေတာကို မုန်းတာပဲ"



ဟယ်ရီက သူ့ကို ကြောင်ပြီးကြည့်နေတယ်။ မူးဒီပြောတဲ့ အဓိပ္ပာယ် ဘာ ဟယ်ရီတွေးသလိုပဲလား။

"ဒါဆို ကျုပ် မင်းကို မေးခွန်းတစ်ခု မေးမယ်၊ ပေါ်တာ" မူးဒီက အလုပ်ကို အလုပ်လိုလုပ်မယ်ဆိုတဲ့လေသံနဲ့ ပြောတယ်။

ဟယ်ရီ့ရင်တွင်း နိမ့်ဆင်းသွားတယ်။ သူ ဒီတုံးကိုတော့ မကျော်နိုင် တော့ဘူးဆိုတာ အစကတည်းက သိတယ်။ ဒီမြေပုံ ဘယ်ကရတာလဲလို့ မူးဒီက သူ့ကိုမေးမှာ သေချာတယ်။ အကြောင်းက ဒါဟာ လူကို သံသယဖြစ်စေနိုင်တဲ့ မှော်ပစ္စည်းတစ်ခု —— တကယ်လို့ မြေပုံ သူ့လက်ထဲ ရောက်လာရတဲ့ အကြောင်းကို အမှန်အတိုင်းပြောရင်၊ မိမိကို ပြဿနာအများကြီး တက်လာ စေမှာတင်မကဘူး။ မိမိဖခင်၊ ဖရက်နဲ့ ဂျော့-ဝယ်စလီ၊ ဒိုပြင် ပါမောက္ခလူပင် —— လွန်ခဲ့တဲ့ကျောင်းပတ်က သူတို့ရဲ့ မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ် ဆရာပါ ပါလာလိမ့်မယ်။ မူးဒီဟာ ဟယ်ရီ့ရှေ့မှာ မြေပုံကို လှုပ်ယမ်းနေတယ်၊ ဟယ်ရီက အားတင်းပြီး ပြင်ဆင်မှုရှိရှိ နေတယ် ——

"ဒါ ကျုပ်ကို ခဏငှားမလား"

"အော" ဟယ်ရီက ပြောတယ်။

ဒီမြေပုံကို သူ သိပ်နှစ်သက်တယ်။ ဒါပေမယ့် တစ်ဖက်လှည့်တွေး ဘော့လဲ မူးဒီက သူ့ကို ဒီမြေပုံ ဘယ်ကရလဲဆိုတာ အတင်းမမေးတော့ သူ အသက်ရှူ ချောင်သွားတယ်။ ပြီးတော့လည်း သူဟာ မူးဒီကို ကျေးဇူးဆပ် မှာလဲ ရှိနေသေးတယ်။

"ရတယ်၊ ပြဿနာမရှိဘူး"

"ကလေးကောင်းလေး" မူးဒီက အသံကြမ်းကြမ်းနဲ့ ပြောတယ်။ "ကျုပ် ၎င်းကို ကောင်းကောင်းအသုံးချရမယ် . . . . ဒါ ကျုပ်ရှာနေတဲ့အရာပဲ ဖြစ်မယ် . . . . ကောင်းပြီ၊ သွားအိပ်တော့၊ ပေါ်တာ၊ မြန်မြန်လေး၊ သွားကြစို့"

နှစ်ယောက်သား လှေကားပေါ်ကို အတူတကွ တက်ကြတယ်။ မူးဒီ ဟာ မြေပုံကို သေချာလေ့လာနေတုန်းပဲ။ ဒါဟာ သူ အရင်က မတွေ့ဖူးတဲ့ ဘောနာပစ္စည်းလိုပဲ။ သူတို့ဟာ မူးဒီရုံးခန်းအဝထိ တိတ်တိတ်လျှောက်သွားကြ တယ်၊ ဒီနောက် မူးဒီ ရပ်လိုက်ပြီး ဟယ်ရီ့ကို မော့ကြည့်တယ်။

"မင်း နောင်မှာ အော်ရာတစ်ယောက် မဖြစ်ချင်ဘူးလား၊ ပေါ်တာ"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ အံ့လည်း အံ့အားသင့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစဉ်းစားဖို့လိုတယ်" မူးဒီက ပြောတယ်။ သူဟာ ခေါင်းညိတ်ရင်း ဟယ်ရီ့ကို အတွေးနဲ့ ကြည့်နေတယ်။ "တကယ် . . . . အော၊ မေးရဦးမယ် . . . . မင်း ဒီည ရွှေဥကိုင်ပြီး လမ်းလျှောက်တာတင်မကဘူးထင်တယ်"

"အင်း —— မကဘူး" ဟယ်ရီက ရယ်ပြီးပြောတယ်။ "ကျွန်တော် သဲလွန်စရှာနေတာ"


မူးဒီက သူ့ဆီ မျက်တောင်ခတ်နေတယ်။ မှော်မျက်လုံးဟာ အရှူး အမူး လည်ပတ်နေပြန်တယ်။

"ညဉ့်နက်သန်းခေါင် လျှောက်သွားတာ မင်းကို ဘာစိတ်ကူးမှ ပေးမှာ မဟုတ်ဘူး၊ ပေါ်တာ . . . . မနက်ဖြန်နံနက် တွေ့မယ် . . . ."

သူဟာ လှည့်ပြီး ရုံးခန်းထဲ ဝင်သွားတယ်။ ခေါင်းငုံ့ပြီး ဓားပြမြေပုံကို လေ့လာရင်း လက်နဲ့ တံခါးကို ဆွဲပိတ်သွားတယ်။

ဟယ်ရီဟာ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ဖြည်းဖြည်းချင်း လျှောက်ပြန်ခဲ့တယ်။ တစ်လမ်းလုံးလည်း စနိတ်ပ်၊ ခရောက်ချ်၊ ဒါတွေအားလုံး ဘာအဓိပ္ပာယ်လဲ ဆိုတာ တွေးလာတယ် . . . . ခရောက်ချ် ဟော့ဂ်ဝပ်ကျောင်းတွင်းကို ကြိုက် သလို ဝင်ထွက်နိုင်ရက်နဲ့ ဘာလို့မျှား ဖျားချင်ယောင်ဆောင်ရတာလဲ။ စနိတ်ပ် ဟာ ရုံးခန်းထဲမှာ တစ်ခုခုဝှက်ထားတယ်လို့ သူထင်တယ်။

ပြီးတော့ မူးဒီက သူ့ကို —— ဟယ်ရီဟာ အောရာတစ်ယောက် ဖြစ်သင့်တယ်လို့ ထင်တယ်။ ဒီအတွေးဟာ သိပ်ကို စိတ်ဝင်စားစရာကောင်း တယ်။ သို့ပေမယ့် ဆယ်မိနစ်ကြာပြီးနောက် ဟယ်ရီဟာ ရွှေဥနဲ့ ကိုယ်ပျောက် ဝတ်ရုံကို သေတ္တာထဲ ပြန်ထည့်ပြီး ခုတင်ပေါ် အသာလေးတက်တဲ့အချိန်မှာ သူက တွေးပြန်တယ်။ တခြားအောရာတွေရဲ့ ကိုယ်ပေါ်မှာ ဒဏ်ရာအမာရွတ် တွေ ဘယ်လောက်ရှိတယ်ဆိုတာ စစ်ဆေးပြီးမှ နောင်မှာ အောရာလုပ်မလုပ် ဆိုတာ စဉ်းစားမယ်လို့ သူက တွေးပြန်တယ်။



## ၂၆။ ဒုတိယကဏ္ဍ

"နင် ရွှေဥရဲ့သဲလွန်စကို ရှာတွေ့ပြီလို့ နင်ပြောခဲ့တယ်" ဟာမီးက ဒေါသထွက်ပြီး ပြောတယ်။

"နင် တိုးတိုးလုပ်ပါ" ဟယ်ရီက စိတ်ဆိုးပြီး ပြောတယ်။ "ငါက ...ဘက် —— ပိုရှင်းချင်လို့၊ မရဘူးလား"

မှော်ဂါထာအချိန်မှာ သူ၊ ရွန်နဲ့ ဟာမီးတို့ သုံးယောက်တည်း ကျောင်း ...နောက်တန်းစားပွဲမှာ ထိုင်နေကြတယ်။ ဒီနေ့ သူတို့လေ့ကျင့်ရမယ့်ဂါထာ ...ာ ဆင့်ခေါ်ဂါထာနဲ့ ပြောင်းပြန်ဖြစ်တယ် —— မောင်းနှင်ဂါထာ။ အရာဝတ္ထု ...ွေ ကျောင်းခန်းထဲမှာ ဟိုဒီပျံသွားနေရင် အန္တရာယ်ဖြစ်လွယ်တဲ့အတွက် ...ဖေ့ာကူ ဖလစ်ဝစ်ဟာ ကျောင်းသားတိုင်းကို ထိုင်ဖုံအပျော့တွေ တစ်ပုံကြီး ...ေ့ကျင့်ဖို့ ပေးတယ်။ ဒီလိုဆိုတော့ စောင်းလွဲသွားလည်း လူကို ဒဏ်ရာမရနိုင် ...ဘူးပေါ့။ ဒီအတွေးကတော့ သိပ်မဆိုးပါဘူး။ ဒါပေမယ့် လက်တွေ့လုပ်တော့ ...င်း အဆင်မပြေဘူး။ နီဗီးဟာ ဂါထာရွတ်ဆိုတာ မှန်အောင်တို့ မဆိုနိုင်ဘူး။ ...ူဟာ အလွန်လေးတဲ့အရာတွေကို သတိမထားမိဘဲ တစ်ခန်းလုံး ဝဲပျံအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မိနေတယ်။ ဥပမာ၊ ပါမောက္ခ ဖလစ်ဝစ်။

"ရွှေဥကို ယာယီမေ့ထားလိုက်ပါ၊ ရမလား" ဟယ်ရီက အသံနှိမ့်ပြောတယ်။ ဒီအချိန်မှာ ပါမောက္ခ ဖလစ်ဝတ်ဟာ ဘာမှမတတ်နိုင်ဘဲ သူတို့အနားက ဖြတ်ပျံသွားပြီး ဗီရိုကြီးတစ်ခုပေါ် ကျသွားတယ်။ "ငါ နင်တို့ကို စနိတ်ပ်နဲ့ မူးဒီအကြောင်း ပြောပြမယ် . . ."

ဒီကျောင်းချိန်ဟာ လွှတ်လွှတ်လပ်လပ် စကားပြောနိုင်တဲ့ ကျေနပ်စရာကောင်းတဲ့ အကာအကွယ် အချိန်ပဲ။ ကျောင်းသားတွေ ကစားရတာ သိပ်ပျော်နေလို့ သူတို့ကို သတိထားမနေနိုင်ဘူး။ ခုနက နာရီဝက်အတွင်းမှာ ဟယ်ရီက အကြိမ်ကြိမ် အချိုးခွဲကာ မိမိရှေ့တစ်ရက်ညက အဖြစ်အပျက်ကို တိုးတိုးပြောပြတယ်။

"စနိတ်ပ်က မူးဒီလဲ သူ့ရုံးခန်းကို ရှာဖွေခဲ့တယ်လို့ ပြောလား" ရွှန်က တိုးတိုးပြောတယ်။ သူဟာ ဝမ်းသာလို့ မျက်လုံးအရောင်တောက်နေတယ်။ မှော်ကြိမ်လုံးကို ယမ်းလိုက်ပြီး၊ ထိုင်ဖုံပျော့ကို မောင်းနှင်ဂါထာရွတ်လိုက်တယ် (ထိုင်ဖုံက မိုးပေါ်ပျံတက်ပြီး ပါဗာတီရဲ့ ဦးထုပ်ကို တိုက်ချလိုက်တယ်)။ "အား . . . . မူးဒီဟာ ဒီမှာ ခါခါရော့ဖ်ကိုသာ စောင့်ကြည့်နေတာ မဟုတ်ဘူး။ စနိတ်ပ်ကိုလဲ စောင့်ကြည့်နေတယ်၊ ဟုတ်လား၊ ပြောစမ်းပါ"

"သူ့ကို ဒမ်ဘာလီဒိုးက ရှာဖွေခိုင်းတာလားဆိုတာ ငါလဲ မသိဘူး။ ဒါပေမယ့် သူရှာဖွေတာ သေချာတယ်" ဟယ်ရီက ပြောတယ်။ လက်ကလည်း စိတ်မပါဘဲ မှော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ သူ့ထိုင်ဖုံဟာ တမျိုးကြီးစားပွဲကပ်ပြီး လျှောကျသွားတယ်။ "မူးဒီက ပြောတယ်၊ ဒမ်ဘာလီဒိုးက စနိတ်ပ်ကို ဒီမှာထားတာဟာ ၎င်းကို ဒုတိယအကြိမ် အခွင့်အရေးပေးတာတဲ့ . . . ."

"ဘာ ?" ရွှန်က ပြောတယ်။ မျက်လုံးကြီးပြူးထားတယ်။ ၎င်းရဲ့ ဒုတိယထိုင်ဖုံဟာ လည်ပတ်ပြီး မိုးပေါ်ပျံတက်သွားကာ မီးပန်းဆိုင်းကို ဝင်ဆောင့်မိလို့ မီးပန်းဆိုင်း ပျံထွက်ပြီး ဖလစ်ဝစ်စာသင်ခုံပေါ် ကျသွားတယ်။ "ဟယ်ရီ . . . . မူးဒီက မင်းနာမည်ကို မီးတောက်ခွက်ထဲ စနိတ်ပ်က ထည့်တာလို့ ထင်ချင်ထင်မှာ"

"အော၊ ရွှန်" ဟာမီးက သံသယနဲ့ ခေါင်းခါပြီး ပြောတယ်။ "အရင်တစ်ခါက စနိတ်ပ်က ဟယ်ရီ့ကို သေအောင်ကြံတယ်လို့ ငါတို့ထင်တယ်။ ဒါပေမယ့် နောက်ဆုံး သူက ဟယ်ရီ့ကိုကယ်တာ ဖြစ်နေတယ်။ နင်မှတ်မိသေးလား"



သူမဟာ ထိုင်ဖုံတစ်ခုကို မောင်းနှင်ဂါထာ ရွတ်လိုက်တယ်၊ ထိုင်ဖုံဟာ ကျောင်းခန်းအပေါ်ဘက်က ပျံသွားပြီး မိမိတို့ ချိန်ပစ်ရမယ့် သေတ္တာထဲကျဆင်းသွားတယ်။ ဟယ်ရီက ဟာမီးကိုကြည့်ရင်း တွေးနေတယ် . . . . မှန်တယ်၊ စနိတ်ပ် အရင်က သူ့အသက်ကို ကယ်ခဲ့ဖူးတယ်။ ဒါပေမယ့် ထူးဆန်းတာက စနိတ်ပ်ဟာ မိမိကို အသေအလဲမုန်းတယ်။ ထိုစဉ်က အတူကျောင်းနေကြစဉ် သူ ဟယ်ရီ့အဖေကို မုန်းသလိုပဲ။ စနိတ်ပ်ဟာ ဟယ်ရီ့ကို အမှတ်လျှော့တာ နှစ်သက်တယ်။ ပြီးတော့ ဟယ်ရီ့ကို ဒဏ်ပေးနိုင်တဲ့ အခွင့်အရေးသမျှ လက်လွှတ်မခံဘူး။ ဒီထက် ဟယ်ရီကို ကျောင်းကထုတ်ပစ်ဖို့ တင်ပြတယ်။

"မူးဒီဘာပြောတယ်ဆိုတာ ငါ ဂရုမစိုက်ဘူး" ဟာမီးက ဆက်ပြောတယ်။ "ဒမ်ဘာလီဒိုးဟာ မအဘူး။ ဟက်ဂရစ်နဲ့ ပါမောက္ခလူပင်ကိုပဲ ကြည့်၊ လူအများကြီးက သူတို့ကို အလုပ်မပေးချင်ကြဘူး။ ဒမ်ဘာလီဒိုးကတော့ သူတို့ကို ယုံတယ်။ သူလုပ်တာမှန်တယ်။ ဒါကြောင့် စနိတ်ပ်အပေါ်ထားတဲ့ သူ့အမြင်ဟာလဲ မှန်နိုင်တယ်။ စနိတ်ပ်ဟာ နည်းနည်းတော့ ——"

" —— ဆိုးတယ်" ရွှန်က အလျင်အမြန် ဆက်ပြောလိုက်တယ်။ "ဒါဆို၊ ဟာမီး၊ အဲဟို မှော်နက်မှော်ဆရာတွေကိုချည်း လိုက်ဖမ်းတဲ့ အဖမ်းအဆီးသမားတွေဟာ ဘာဖြစ်လို့ သူ့ရုံးခန်းကို ရှာဖွေရတာလဲ"

"မစ္စတာ ခရောက်ချ် ဘာဖြစ်လို့ ဖျားချင်ယောင်ဆောင်တာလဲ" ဟာမီးက ရွှန့်ကို အရေးမလုပ်ဘဲ ကိုယ့်ဖာသာပြောတယ်။ "သူ ခရစ္စမတ်စ်ကပွဲလာမတက်ဘူး။ ညဉ့်နက်သန်းခေါင်မှာ စိတ်သွားတိုင်းကိုယ်ပါ ဒီကိုလာတယ်။ ဒါ ဘာကယ်ပဲ သံသယဖြစ်စရာပဲ၊ မဟုတ်ဘူးလား"

"နင်က ဟိုမှင်စာလေး ဝင့်ခီကြောင့် ခရောက်ချ်ကို မကြိုက်တာ" ရွှန်က ပြောတယ်။ ထိုင်ဖုံကို ဂါထာတစ်ခု ရွတ်လိုက်တယ်။ ထိုင်ဖုံက ပြတင်းပေါက် ပျံသွားတယ်။

"နင်က စနိတ်ပ် မကောင်းတာလုပ်မယ်ချည်းထင်နေတာ" ဟာမီးက ပြောတယ်။ သူမကလည်း ဂါထာတစ်ခု ရွတ်လိုက်တယ်။ သူမရဲ့ ထိုင်ဖုံဟာ သေသေသပ်သပ်နဲ့ သေတ္တာထဲ ဝင်သွားတယ်။

"ငါသိချင်တာက၊ တကယ်လို့ ဒါဟာ စနိတ်ပ်ရဲ့ ဒုတိယအခွင့်အရေးဆိုရင် သူအစက ဘာတွေလုပ်ခဲ့သလဲဆိုတာပဲ" ဟယ်ရီက မျက်နှာထားတင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းနဲ့ ပြောတယ်။ သူ့ထိုင်ဖုံဟာ ကျောင်းခန်းကို ဖြတ်ပျံပြီး ဟာမီးရဲ့ထိုင်ခုံ ပေါ် ခိုင်ခိုင်မာမာ ကျသွားတယ်။ ဒါကြောင့် သူ အံ့ဩသွားတယ်။

ဆီးရီးအက်စ်ကြယ်ဟာ ဟော့ဂ်ဝပ်က အခြေအနေဟူသမျှ သိထိုး တယ်။ ဒါကြောင့် အဲဒီနေ့ညက၊ ဟယ်ရီဟာ ဇီးကွက်ညိုညိုတစ်ကောင်နဲ့ သူ့ဆီ စာပို့တယ်။ မစ္စတာခရောက်ချ် စနိတ်ပ်ရုံးခန်းထဲ ဝင်တဲ့အကြောင်းနဲ့ မူးဒီနဲ့ စနိတ်ပ်အကြား စကား အပြန်အလှန်ပြောကြတာကို မူရင်းအတိုင်း ပြော လိုက်တယ်။ ဒီနောက် ဟယ်ရီဟာ လက်ရှိနီးကပ်လာတဲ့ အရေးတကြီးပြဿနာ ပေါ်မှာ အာရုံစူးစိုက်ထားလိုက်တယ်။ ဖေဖော်ဝါရီလ ၂၄ရက်၊ သူ ရေအောက် မှာ ဘယ်လိုလုပ်ပြီး တစ်နာရီ အသက်ရှင်နေနိုင်မလဲ။

ရွန်ကတော့ ဆင့်ခေါ်ဂါထာကို နောက်တစ်ကြိမ် သုံးစေချင်တယ် —— ဟယ်ရီက သူတို့ကို ရေအဆုတ်အကြောင်း ပြောပြဖူးတယ်။ ရွန်က ဟယ် ဟာ အနီးရှိ မတ်ဂေါ်မြို့ရွာကနေ ရေအဆုတ်တစ်စုံ ရယူနိုင်တယ်လို့ထင်တယ် ဟာမီးက ဒီအကြံကို ပြတ်ပြတ်ပဲကန့်ကွက်လိုက်တယ်။ ဟယ်ရီဟာ သတ်မှတ် တစ်နာရီအတွင်းမှာ ရေအဆုတ်ကို အသုံးပြုပုံ သင်ယူနိုင်တယ်ထားဦး (ဒါ မဖြစ်နိုင်ဘူး)၊ ပြိုင်ပွဲဝင်ခွင့်ပယ်ဖျက်ခံရမှာလို့ သူမက ထောက်ပြတယ် အကြောင်းက သူဟာ "အပြည်ပြည်ဆိုင်ရာ မှော်လျှို့ဝှက်ချက်ဥပဒေ" ချိုးဖောက်လို့ —— ရေအဆုတ်တစ်စုံကို မြို့ရွာတွေဖြတ်ပြီး တဝီးဝီး ဟော့ဂ်ဝပ်ကို ပျံလာခိုင်းပြီး မတ်ဂေါ်တွေ မမြင်အောင် လုပ်ဖို့ဆိုတာ စိတ်ကူး ယဉ်အိပ်မက်သာ ဖြစ်တယ်။

"အင်းပေါ့လေ၊ အကောင်းဆုံးကတော့ မိမိကိုယ်ကို ရုပ်ပြောင်းတာပဲ ရေငုပ်သင်္ဘောတို့ဘာတို့ပေါ့" ဟာမီးက ပြောတယ်။ "ငါတို့ လူသားရုပ်ပြောင်း ခြင်းကို လေ့ကျင့်ဖူးရင် ကောင်းမယ်။ ဒါပေမယ့် ငါတို့ ဆဋ္ဌမတန်းရောက် အဲဒီအကြောင်း စသင်မှာ။ ပြီးတော့ လုံးဝမပိုင်နိုင်ဘဲ မိမိကိုယ်မိမိ ရုပ်ပြောင်း ပေးရင်၊ အဲဒီအကျိုးဆက်ဟာ မတွေးဝံ့စရာပဲ . . . ."

"ဟုတ်တယ်လေ၊ ငါ့ခေါင်းပေါ်မှာ ရေငုပ်အဝေးကြည့်မှန်ပြောင်း တပ်ပြီး လျှောက်မသွားချင်ဘူး" ဟယ်ရီက ပြောတယ်။ "ငါထင်တယ်၊ ငါ မူ ရှေ့မှာ သူများကို ဝင်တိုက်ရင်၊ သူက ငါ့ကို ရုပ်ပြောင်းပစ်လိမ့်မယ် . . . ."

"ဒါပေမယ့် သူက နင်ဖြစ်ချင်တာဖြစ်အောင် လုပ်ပေးမှာ မဟုတ်ဘူး



ဟာမီးက တည်ကြည်စွာ ပြောတယ်။ "မဖြစ်ဘူး၊ အကောင်းဆုံးက မှော်ဂါထာ တစ်ခုကို နင်သုံးရင် ကောင်းမယ်"

ဒီလိုနဲ့ ဟယ်ရီဟာ ဖုန်တက်နေတဲ့ စာအုပ်ထူကြီးတွေကို ခေါင်းမ ဆောင်စတမ်း ဖတ်ရှုလေ့လာနေရတယ်။ လူကို အောက်စီဂျင်မရှိဘဲ အသက် ရှင်နိုင်တဲ့ ဂါထာကို ရှာဖွေတယ်။ သူဟာ စာကြည့်တိုက်ကို မကြာခင်မှာ ငြီးငွေ့ သွားပြီး၊ ဘယ်တော့မှ လာချင်မှာ မဟုတ်ဘူးလို့ သူက တွေးတယ်။ နေ့လယ် စာမင်းစားချိန်၊ ညအချိန်နဲ့ အပတ်ကုန် ကျောင်းပိတ်ရက်တွေမှာ သူ၊ ရွန်နဲ့ ဟာမီးတို့ဟာ ဒီမှာပဲ အချိန်ကုန်ခံပြီး ရှာဖွေနေကြတယ် —— ဟယ်ရီဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်ကို ထောက်ခံစာရေးခိုင်းပြီး မိမိ တားမြစ်စာအုပ်များ သုံးခွင့်ရအောင် လုပ်ခဲ့တယ်။ ဒါတင်မကသေးဘူး၊ လင်းတထိပ်ပြောင်နဲ့တူတဲ့ စာကြည့်တိုက်စာရေး မဒမ်ဖင့်စ်ကိုတောင် အကူအညီတောင်းခဲ့သေးတယ် —— သို့ပေမယ့် ဟယ်ရီ့ကို ရေအောက်မှာ တစ်နာရီနေနိုင်ပြီး၊ အသက်ရှင် ဘက် မိမိအကြောင်း ပြန်ပြောပြနိုင်မယ့် ဘယ်လိုနည်းနာမှ သူတို့ရှာမတွေ့ဘူး။

အခု၊ ဟယ်ရီ့ရင်ထဲမှာ အရင်ကဖြစ်ခဲ့ဖူးတဲ့ ကြောက်စိတ်တွေ ပြည့် နေပြန်ပြီ။ ကျောင်းတက်စဉ် အာရုံစုစည်းလို့ မရဘူးလို့ သူခံစားရတယ်။ ဟို ကန်ကြီးကို ဟယ်ရီ အရင်က အရေးမလုပ်ဘူး။ ၎င်းကို ကွင်းရဲ့တစ်စိတ် ခင်ပိုင်းလို့သာ သဘောထားတာ။ အခု သူ ကျောင်းခန်းပြတင်းနား ကပ်သွား ခင်း ကန်ကြီးက သူ့အကြည့်ကို ဆွဲဆောင်သွားတယ်။ မွဲပြာပြာအေးစိမ့်တဲ့ ခရေပြင်၊ ၎င်းရဲ့မည်းနက်ပြီး အေးစက်တဲ့ ရေအောက်ကြမ်းခင်းဟာ လမင်း ပဲ ထိတွေ့ရန် ခက်ခဲလှတယ်။

လွန်ခဲ့တဲ့အကြိမ် ဟွန်းတေးနဲ့ ရင်ဆိုင်ရခါနီးတုန်းကလို အချိန်ဟာ ဝေါ်ဝေါ် စီးဆင်းသွားတယ်။ နာရီကို မြန်မြန်လည်ပတ်အောင် မှော်ပညာနဲ့ ခင်ဘားလိုက်သလိုပဲ။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ကိုရောက်ဖို့ တစ်ပတ်ပဲ တော့တယ် (အချိန်ရှိသေးတယ်) . . . . အချိန်ငါးရက်ပဲ ကျန်တယ် (မကြာ နည်းနာရှာတွေ့မှာပါ) . . . . သုံးရက်လိုသေးတယ် (နည်းနာ အမြန် တွေ့ပါစေ . . . . မ,စပါ) . . . .

နှစ်ရက်ပဲ ကျန်တော့တယ်။ ဟယ်ရီ စားမဝင် ဖြစ်လာပြီ။ တနင်္လာ နံနက်စောစောစာ စားတဲ့စားပွဲမှာ စိတ်နည်းနည်း သက်သာရာရတာက ဆီးရီးအက်စ်ကြယ်ဆီ သူစာပို့လွှတ်လိုက်တဲ့ ဇီးကွက်ညိုညို ပြန်လာတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ သိုးရေစက္ကူကို ဆွဲထုတ်ပြီး ဖွင့်လိုက်တယ်၊ ဆီးရီးအက်စ်ကြယ် သူနဲ့ စာပေးစာယူလုပ်တဲ့ဖြစ်စဉ်အတွင်း၊ အတိုဆုံးစာကို တွေ့ရတယ်။

ပြန်စာပို့မယ့် ဇီးကွက်ကိုလွှတ်ပြီး မင်းတို့ နောက်တစ်ကြိမ် ဟော့ဂ်စ်မိ ကို ကျောင်းအားရက် သွားလည်မယ့် နေ့စွဲကို ပြောပြပါ။

ဟယ်ရီဟာ သိုးရေစက္ကူကျောဘက်မှာ စာများပါဦးမလားလို့ လှ ကြည့်တယ်၊ ဒါပေမယ့် ကျောဘက်မှာ ဘာမှ မရှိဘူး။

"လာမယ့်အပတ်ရဲ့ နောက်တစ်ပတ် ရက်သတ္တပတ်ကုန်" ဟာမီးဟာ ဟယ်ရီ့နောက်က စာတိုလေးကိုဖတ်ပြီး တိုးတိုးပြောတယ်၊ "ရော့ —— ငှက်မွေးကလောင်သုံး၊ ဒီဇီးကွက်ကို ချက်ချင်းပြန်လွှတ်ပြီး ပြန်စာပို့ခိုင်း"

ဟယ်ရီက နေ့စွဲကို ဆီးရီးအက်စ်ကြယ်ပေးစာရဲ့ ကျောဘက်မှာ ခပ်မြန်မြန်ရေးက၊ ဇီးကွက်ညိုညိုခြေထောက်မှာ ချည်ပေးပြီး ၎င်းပျံသွားတာ ကြည့်နေတယ်။ သူ အစက ဘာလိုချင်နေတာလဲ၊ ဆီးရီးအက်စ်ကြယ် သူ့ ရေအောက်မှာ ဘယ်လိုအသက်ရှင်ရမယ်ဆိုတာ ပြောပြစေချင်တယ်၊ အ စာရေးတုန်းက စနိတ်ပ်နဲ့ မူးဒီအကြောင်းသာပြောဖို့ သတိရပြီး၊ ရွှေဥကို လုံး မေ့နေတယ်၊ တစ်လုံးမှ ထည့်မရေးဘူး။

"ငါတို့ နောက်တစ်ကြိမ် ဟော့ဂ်စ်မိဒ်သွားပြီးလည်မယ့်ရက်ကို သ ဘာကြောင့် သိချင်တာလဲ" ရွန်က မေးတယ်။

"မသိဘူး" ဟယ်ရီက ခြောက်သွေ့စွာ ပြောတယ်၊ ဇီးကွက်ကို မြ တုန်းက ဖြစ်ပေါ်လာတဲ့ တိုတောင်းတဲ့ ဝမ်းသာအားရမှု ပျောက်ပြယ်သွားပြီ "သွားစို့ .... ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်အချိန် သွားတက်ကြစို့"

ဟက်ဂရစ်ဟာ မီးပန်းပိုးကောင်တုန်းက အမှားကို ထေမိချင်လို့လာ မီးပန်းပိုးကောင် နှစ်ကောင်ပဲ ကျန်တော့လို့လား၊ ဒါမှမဟုတ်ရင် ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ် လုပ်နိုင်တာကို သူဆိုတဲ့ဟက်ဂရစ်လည်း လုပ်နိုင်တယ် ဆိုတာ ပြချင်လို့လားတော့ ဟယ်ရီ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ဟက်ဂရစ် ပြန်လာ သင်တော့ ပါမောက္ခ ဂရပ်ဘလီ-ဖလန့်ခ်ရဲ့ ဂျိုတစ်ဂျိုတိရစ္ဆာန်ကို ဆက်သင တယ်၊ ဟက်ဂရစ်ဟာ ဂျိုတစ်ဂျိုတိရစ္ဆာန်ကို နားလည်တာဟာ ရော အကောင်ကြီးတွေကို သိတာထက် မနည်းဘူးဆိုတာ ဖော်ပြတယ်၊ ဒါပေမယ့် ဂျိုတစ်ဂျိုတိရစ္ဆာန်မှာ အစွယ်မရှိတာ သိပ်အံ့ဩစရာကောင်းတယ်လို့ ထင်



ရတယ်။

ဒီနေ့ သူ ဂျိုတစ်ဂျိုတိရစ္ဆာန်ပေါက်ကလေးနှစ်ကောင် ဖမ်းမိတယ်၊ သားပေါက်ကလေးဟာ အရွယ်ရောက်ပြီးဂျိုတစ်ဂျိုတိရစ္ဆာန်နဲ့ မတူဘူး၊ ၎င်းတို့ ဟာ ရွှေရောင်စစ်စစ် ဖြစ်တယ်။ ပါဗာတီနဲ့ လာဗင်ဒါတို့ဟာ ၎င်းတို့ကို မြင်တာ နဲ့ ဝမ်းသာလွန်းလို့ အရူးအမူး ဖြစ်ကြတယ်။ ဖန်စီ-ဖတ်ကင်ဆန်ကတောင် ၎င်းတို့ကို သိပ်နှစ်သက်တာ လူသိမှာစိုးလို့ ဖုံးကွယ်ဖို့ ဟန်ဆောင်နေရတယ်၊

"သားပေါက်ကလေးတွေဟာ အရွယ်ရောက်တဲ့အကောင်ထက် တွေ့ရှိ ရှာ့ယ်တယ်" ဟက်ဂရစ်က ကျောင်းသားအားလုံးကို ပြောတယ်၊ "၎င်းတို့ဟာ နှစ်နှစ်အရွယ်မှာ ငွေရောင်ဖြစ်လာတယ်၊ လေးနှစ်လောက်မှာ ဂျိုပေါက်တယ်၊ အရွယ်ရောက်ပြီးတော့မှ အဖြူစစ်စစ် ဖြစ်လာတယ်၊ အဲဒါ ခုနစ်နှစ်ခန့်အရွယ် ပေါ့၊ ၎င်းတို့ဟာ ငယ်ရွယ်စဉ်မှာ ယုံလွယ်တယ် .... ယောက်ျားလေးတွေကို ကြိုက်တဲ့စိတ် မရှိဘူး .... လာကြ၊ နည်း နည်းကပ်ကြ၊ မင်းတို့ ပုတ်ချင် တယ်ဆိုရင် ၎င်းတို့ကို ပုတ်လို့ရတယ် .... ဒီလေးထောင့်သကြားလုံးကို ၎င်းတို့ကို နည်းနည်းကျွေး ...."

"မင်း ဘာမှမဖြစ်ဘူးနော်၊ ဟယ်ရီ" ဟက်ဂရစ်ဟာ အားလုံး ဂျိုတစ်ဂျို သားပေါက်လေးနား ဝိုင်းနေစဉ်မှာ လျှောက်လာပြီး တိုးတိုးမေးတယ်။

"ဘာမှမဖြစ်ဘူး" ဟယ်ရီက ပြောတယ်။

"နည်းနည်းစိတ်လှုပ်ရှားတယ်၊ ဟုတ်လား" ဟက်ဂရစ်က ပြောတယ်၊

"နည်းနည်းရှိတယ်ထင်တယ်" ဟယ်ရီက ပြောတယ်။

"ဟယ်ရီ" ဟက်ဂရစ်က ပြောတယ်။ လေးပင်တဲ့ လက်ကြီးနဲ့ သူ့ပခုံး ကို ပုတ်တယ်။ ဟယ်ရီ ဒူးတွေ ဖိအားကြောင့်ကွေးသွားတယ်။ "ဟို ဟွန်းတေးနဲ့ မင်း ရင်မဆိုင်ရခင်က ကျုပ် မင်းအတွက် စိတ်ပူတာ အမှန်ပဲ၊ ဒါပေမယ့် ကျုပ် အခု သိသွားပြီ၊ မင်းလုပ်ချင်တဲ့ အလုပ်ဆိုရင် လုပ်လို့မရတာ မရှိဘူး၊ ကျုပ်နည်းနည်းမှ စိတ်မပူဘူး။ မင်း အောင်မြင်မှာ မုချပဲ။ သဲလွန်စရှာလို့ ပြီလား၊ ဟင် ?"

ဟယ်ရီက ခေါင်းညိတ်ပြတယ်။ ဒါပေမယ့် သူ ခေါင်းညိတ်နေပေမယ့် စိတ်ထဲမှာတော့ အခိပ္ပာယ်မရှိ မိမိ ကန်ရေပြင်အောက်မှာ တစ်နာရီအသက် ရှင်နေဖို့ ဘယ်လိုလုပ်ရမှန်း မသိဘူးဆိုတာ ပြောင်ဝန်ခံချင်စိတ် ဖြစ်ပေါ်နေ တယ်၊ သူဟာ ဟက်ဂရစ်ကို မော့်ကြည့်တယ် —— ဟက်ဂရစ်ဟာ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တခု ရေအောက်ထဲဆင်းပြီး ကန်ထဲကအကောင်တွေကိစ္စကို လုပ်ရသလား။ ကွင်းထဲက ကျန်ကိစ္စတွေဟာ သူပဲလုပ်ရလို့ ——

"မင်းနိုင်မှာပါ" ဟက်ဂရစ်က အသံအအကြီးနဲ့ ပြောတယ်။ ဟယ်ရီရဲ့ ကျောကို ပုတ်လိုက်ပြန်တယ် —— မိမိဟာ ပျော့နေတဲ့ရွံ့မြေထဲ နစ်လက်မလောက် နစ်ဆင်းသွားတယ်လို့ ဟယ်ရီ ခံစားရတယ်။ "ကျုပ်သိတယ်၊ ကျုပ်ခံစားရတယ်။ မင်း မုချနိုင်မှာပါ၊ ဟယ်ရီ"

ဟယ်ရီဟာ ဟက်ဂရစ်မျက်နှာပေါ်က ဝမ်းသာတဲ့၊ ယုံကြည်စိတ်အပြည့်နဲ့အပြုံးကို ဖျက်ဆီးမပစ်ချင်ဘူး။ သူဟာ ဂျီတစ်ဂျီတီရဇ္ဇာနံကလေးတွေကို သိပ်စိတ်ဝင်စားဟန်ဆောင်ပြီး ဟက်ဂရစ်ကို မချိသွားဖြဲ ရယ်ပြတယ်။ ရှေ့သို့တိုးသွားပြီး ကျောင်းသားတွေနဲ့အတူ အကောင်လေးနှစ်ကောင်ကို ချစ်ခင်စွာ ပွတ်သပ်ပေးတယ်။

ဒုတိယကဏ္ဍမတိုင်မီ ရှေ့တစ်ရက် ညနေရောက်တော့ ဟယ်ရီဟာ မိမိအိပ်မက်ဆိုးထဲ ကျရောက်နေပြီလို့ ခံစားရတယ်။ သူ အလွန်ရှင်းတာက ထူးဆန်းတဲ့အခြေအနေ ဖြစ်လာမယ်၊ သူ သင့်တော်တဲ့ ဂါထာတစ်ခု တွေ့ရှိတယ်ထားဦး၊ တစ်ညတာအတွင်းမှာ ပိုင်နိုင်အောင်တတ်မြောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သူဟာ ဒီလိုအခြေအနေ ဘာလို့ အရောက်ခံရတာလဲ။ သူဘာဖြစ်လို့ ရွှေဥကပေးတဲ့ သဲလွန်စကို စောစောမလေ့လာတာလဲ။ သူဘာဖြစ်လို့ စာသင်ချိန် စိတ်လေလွင့်တာလဲ —— ဆရာတစ်ယောက်ယောက်က ရေအောက်မှာ ဘယ်လိုအသက်ရှူရမယ်ဆိုတာ ပြောပြချင်-ပြောပြခဲ့မှာပေါ့။

ပြတင်းအပြင်ဘက်က နေမင်းဟာ အနောက်ဘက်သို့ စတင်ဆင်းသွားပြီ။ သူ၊ ဟာမီးနဲ့ ရွန်တို့ စာကြည့်တိုက်ထဲထိုင်ပြီး စိတ်ပူပင်စွာနဲ့ ဂါထာစာအုပ်တွေ လှန်လှောဖတ်ရှုနေတယ်။ လူတိုင်းရှေ့က စားပွဲပေါ်မှာ စာအုပ်ပုံတချို့စီနဲ့ အပြန်အလှန်တောင် မမြင်ရဘူး။ ဟယ်ရီဟာ စာအုပ်ထဲမှာ 'ရေ' ဆိုတဲ့စာလုံးတွေ့တိုင်း ရင်ထခုန်လာတယ်။ ဒါပေမယ့် သေချာကြည့်လိုက်တော့ ရေ နှစ်အောင်စ၊ လှီးပြီးမန်ဒရိတ်ခ်ရွက် ပေါင်ဝက်၊ ရေပုတ်သင်တစ်ကောင် ထပ်ထည့်ဆိုတာမျိုးတွေချည်းပဲ . . . .

"ဒီလိုလုပ်လို့ မဖြစ်ဘူး ငါထင်တယ်" ရွန့်အသံဟာ ခြောက်ကပ်ကပ်နဲ့ စားပွဲဟိုဘက်ဆီက ရောက်လာတယ်။ "ဘာမှ ရှာလို့မတွေ့ဘူး။ ဘာမှ မရှိဘူး



ရေခပ်ထုတ်ဂါထာကမှ နီးစပ်ဦးမယ်။ ရေကန်၊ ရေအိုင်ကရေကို ခပ်ထုတ်၊ ဒါပေမယ့် မင်းမှာ ဒီကန်ကြီးတစ်ခုလုံးကရေကို ခပ်ထုတ်နိုင်လောက်အောင် အင်အားရှိမှာ မဟုတ်ဘူး"

"နည်းနာရှိမှာပါ" ဟာမီးက တိုးတိုးရေရွတ်နေတယ်။ ဖယောင်းတိုင်တစ်တိုင်ကို နီးအောင် ဆွဲယူတယ်။ သူမမျက်လုံး သိပ်ညောင်းနေပြီ၊ အလွန်နီးကပ်အောင် ကြည့်ရတယ်။ နှာခေါင်းနဲ့ စာအုပ် တစ်လက်မပဲ ခြားတော့တယ်။ ဒါမှ 'မေ့ပျောက်နေတဲ့ ရှေးမှော်ပညာနဲ့ ဂါထာ'ပေါ်က သေးသေးစိပ်စိပ် စာလုံးလေးတွေကို မြင်ရတော့တယ်။ "သူတို့ဟာ မအောင်မြင်နိုင်တဲ့ ကဏ္ဍတစ်ခုကို စီမံရေးဆွဲမှာ မဟုတ်ဘူး"

"သူတို့ရေးဆွဲမှာ" ရွန်က ပြောတယ်။ "ဟယ်ရီ မင်း မနက်ဖြန်ကျရင် ကန်ဘေး တန်းသွားပြီး ခေါင်းကို ရေထဲထိုးချပြီး လူတစ်ပိုင်းငါးတစ်ပိုင်းတွေဆီ အော်ပြော၊ သူတို့ကို ခိုးထားတဲ့ပစ္စည်း ပြန်ပေးခိုင်း၊ သူတို့ပစ်ထုတ်မလားဆိုတာ ကြည့်၊ ဒါ မင်းအဖို့ အကောင်းဆုံးနည်းပဲ၊ သူငယ်ချင်း"

"နည်းလမ်းတော့ မုချရှိမှာပါ" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "မုချရှိမှာ"

သူမဟာ စာကြည့်တိုက်မှာ အသုံးဝင်တဲ့ အချက်အလက် မရှိတာကို သူမကို စော်ကားတာပဲလို့ ထင်မှတ်ထားသလိုပဲ။ အရင်က သူမ ပြဿနာရှိရင် အဖြေကို စာအုပ်ထဲမှာ ရှာလို့တွေ့တာချည်းပဲ။

"ငါ ဘယ်လိုလုပ်ရမလဲဆိုတာ ငါသိတယ်" ဟယ်ရီက ပြောပြီး "ပြက်ရယ်ပြုဒုက္ခပေးခြင်းကို ခုခံတဲ့နည်းကောင်း" စာအုပ်ပေါ်မှာ မှောက်နေတယ်။ "ငါ ဆီးရီးအက်စ်ကြယ်လို အာနီမာဂတ်စ်ဖြစ်အောင် လုပ်မှပဲ"

"ဟုတ်တယ်၊ မင်းဟာ စိတ်ကြိုက်ရွှေငါးလေး ဖြစ်နိုင်တယ်" ရွန်က ပြောတယ်။

"ဒါမှမဟုတ် ဖားတစ်ကောင်" ဟယ်ရီက သမ်းဝေလိုက်တယ်။ သူ ပင်ပန်းနေပြီ။

"အာနိမာဂတ်စ်တစ်ယောက်ဖြစ်ဖို့ နှစ်အတော်လိုတယ်။ ပြီးတော့ မှတ်ပုံတင်ရသေးတယ်၊ သိပ်ဒုက္ခများတယ်" ဟာမီးက မပွင့်တပွင့်ပြောတယ်။ သူမဟာ "ထူးဆန်းတဲ့ မှော်ပညာအခက်အခဲနဲ့အဖြေ" စာအုပ်ရဲ့အညွှန်းကို မျက်လုံးမှေးပြီး ဖတ်ရှုရှာဖွေနေတယ်။ "ပါမောက္ခမက်ဂေါ်နာဂေါက တို့ကို

www.burmeseclassic.com



ပြောပြဖူးတယ်၊ မှတ်မိလား . . . . မှော်ပညာအလွဲသုံးစားပြုခြင်း တားမြစ်
ရုံးမှာ မှတ်ပုံတင်ရမယ် . . . . နင် ဘာအကောင်ဖြစ်မယ်၊ ဘာအမှတ်အသာ
ရှိမယ်ဆိုတာ၊ ဒါမှ တခြားသူက နင့်ကို ထိခိုက်အနာတရ မဖြစ်အောင်
. . . ."

"ဟာမီး၊ ငါက ရယ်စရာပြောတာပါ" ဟယ်ရီက အားမရှိဘဲ ပြော
တယ်။ "မနက်ဖြန်အစောကြီးမှာ ငါ ဖားတစ်ကောင် ဖြစ်မသွားနိုင်ဘူးဆိုတာ
ငါသိတယ် . . . ."

"အော၊ လုံးဝအသုံးမကျဘူး" ဟာမီးကပြောရင်း "ထူးဆန်းတဲ့ မှော်
ပညာအခက်အခဲနဲ့အဖြေ"ကို ဘတ်ခနဲ ပိတ်လိုက်တယ်။ "ဘယ်သူကများ မိ
နှာခေါင်းမွေးကို အလိပ်ကလေးတွေ ဖြစ်ချင်မှာလဲ"

"ငါကတော့ မဆန့်ကျင်ဘူး" ဖရက်-ဝယ်စလီ့အသံ ရုတ်တရ
ရောက်လာတယ်။ "ဒါကမှ သူများပြောစရာစကားစ ရမှာ၊ ဟုတ်လား"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ မော့ကြည့်တယ်။ ဖရက်နဲ့ ဂျော့ဟာ စာအု
စင်နောက်က ခုတွင်ထွက်လာကြတယ်။

"မင်းတို့နှစ်ယောက် ဒီမှာ ဘာလုပ်နေလဲ" ရွန်က မေးတယ်။

"မင့်ကို ရှာနေတာ" ဂျော့က ပြောတယ်၊ "မက်ဂေါ်နာဂေါက မင်းတ
ခေါ်နေတယ်၊ ရွန်။ ပြီးတော့ မင်း၊ ဟာမီး"

"ဘာလုပ်မလို့လဲ" ဟာမီးက မေးတယ်။ သိပ်အံ့ဩသလိုပဲ။

"မသိဘူး . . . . ဒါပေမယ့်၊ သူမပုံစံက အတော်တင်းတယ်" ဖရ
က ပြောတယ်။

"ငါတို့က မင်းတို့ကို သူမရုံးခန်း ခေါ်သွားရမယ်" ဂျော့က ပြောတယ်

ရွန်နဲ့ ဟာမီးတို့ ဟယ်ရီ့ကို ကြည့်နေတယ်၊ ဟယ်ရီက ရင်လေးသွ
တယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါက ရွန်နဲ့ ဟာမီးကို ဆူမလို့လား။ သူမဟ
သူတို့ သူ့ကို ကူညီနေတာ သတိထားမိတယ်နဲ့ တူတယ်။ သူဟာ ပြိုင်ပွဲကဏ္
ကို ဘယ်လိုအောင်မြင်အောင် လုပ်ရမယ်ဆိုတာ ကိုယ့်ဖာသာ တွေးရမှာ။

"ငါတို့ အများနားနေခန်းမှာ နင်နဲ့တွေ့မယ်၊ ဟယ်ရီ" ဟာမီးထ
ဟယ်ရီ့ကိုပြောပြီး၊ ထကာ ရွန်နဲ့အတူ ထွက်သွားတယ် —— သူတို့နှစ်ယော
လုံး အလွန်စိုးရိမ်နေကြတယ်။ "ဒီစာအုပ်တွေ၊ နင်ယူနိုင်သလောက် ယူပြ
သွားနော်"



"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ စိတ်ထဲမှာ သောကရောက်နေ
တယ်။

ရှစ်နာရီထိုးတော့ မဒမ်ဖင့်စ်က မီးအားလုံးကို ပိတ်ပစ်လိုက်တယ်။
လျှောက်လာပြီး ဟယ်ရီ့ကို စာကြည့်တိုက်က နှင်ထုတ်လိုက်တယ်။ ဟယ်ရီဟာ
စာအုပ်တစ်ပုံကြီးကိုပိုက်ပြီး၊ ဂရစ်ဖင်းဒေါအများနားနေခန်းကို ပြန်ခဲ့တယ်
နံရံဘေးက စားပွဲတစ်လုံးဆီသွားပြီး ဆက်လက်ရှာဖွေနေတယ်။ "မှော်ဆရာ
တစ်မျိုးကြီးရဲ့ အရူးအမူးမှော်ပညာ"ထဲမှာ ဘာမှမရှိဘူး . . . . "အလယ်ခေတ်
မှော်အတတ်လမ်းညွှန်"ထဲမှာ ဘာမှမရှိဘူး . . . . "၁၈-ရာစုမှော်ဂါထာ လက်
ရွေးစင်"၊ "မြေအောက်နက်ရှိုင်းတဲ့နေရာက ကြောက်စရာသတ္တဝါ"နဲ့ "သင့်မှာ
ရှိနေတဲ့ စွမ်းအားကို သင်မသိပါ။ ဒီပြင် သင်နားလည်ပြီး ၎င်းတို့ကို ဘယ်လို
အသုံးချမလဲ" ထဲမှာလဲ ရေအောက်တွင် အသက်ရှင်တဲ့ နည်းနာနဲ့ ပတ်သက်ပြီး
တစ်လုံးမှ မပါဘူး။

ခရွတ်ရှန်က ဟယ်ရီ့ပေါင်ပေါ်တက်ပြီး ကိုယ်ကို ကွေးကျုံ့ထားတယ်။
နင်ခြိုက်စွာ ဟောက်နေတယ်။ အများနားနေခန်းထဲကလူတွေ တဖြည်းဖြည်း
သွားကုန်ကြပြီ။ ကျောင်းသားတွေဟာ သွားခါနီးမှာ သူ့ကို မနက်ဖြန် ကံကောင်း
စေဖို့ ဆုတောင်းသွားကြတယ်၊ လေသံကလည်း ဟက်ဂရစ်လိုပဲ ပျော်ရွှင်ပြီး
ယုံကြည်စိတ်အပြည့်နဲ့။ ထင်ရှားတာက၊ သူတို့ဟာ နောက်ထပ် အလွန်လှပတဲ့
စွမ်းဆောင်ချက်တစ်ခုနဲ့ ပထမကဏ္ဍတုန်းကလို သူ ပြီးမြောက်အောင်မြင်လိမ့်မယ်
လို့ ယုံကြည်ကြတယ်။ ဟယ်ရီ သူတို့ကို ပြန်မဖြေနိုင်ဘူး။ ခေါင်းပဲ ညိတ်ပြရ
တယ်။ လည်ချောင်းဝမှာ ဂေါ့ဖ်သီးတစ်လုံး ဆို့နေသလို ခံစားရတယ်၊ ဆယ့်
နှစ်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ အများနားနေခန်းထဲမှာ သူနဲ့ ခရွတ်ရှန်ပဲ
ကျန်တော့တယ်။ သူဟာ စာအုပ်အားလုံးကို နှံ့အောင် လိုက်ရှာတယ်။ ရွန်နဲ့
ဟာမီးတို့ ပြန်မလာကြသေးဘူး။

သွားပါပြီ၊ သူက ကိုယ့်ဖာသာ ပြောတယ်။ မင်းမအောင်မြင်နိုင်တော့
ဘူး၊ မင်း မနက်ဖြန်ကျရင် ကန်ဘေးသွားပြီး ဒိုင်လူကြီးကို ပြောပြ . . . .

သူဟာ မိမိ ဒိုင်လူကြီးကို ဒီကဏ္ဍမပြီးမြောက်နိုင်တဲ့အကြောင်း
ပြောပြတာကို စိတ်ကူးကြည့်တယ်၊ ဘက်ဂမင်းဟာ မျက်လုံးဝိုင်းစေ့အောင်
ပြူးပြီး အံ့ဩနေပုံ၊ ခါခါရော့ဖ်ဟာ သွားဝါတွေ ပေါ်လာပြီး ဝမ်းသာလို့ ရယ်
နေတာကို စိတ်ကူးကြည့်တယ်၊ ဖလောအာ-ဒယ်လာခေါ်ရဲ့ အသံက "ငါ

www.burmeseclassic.com



အစောကြီးထဲက သိတယ် . . . . သူ သိပ်ငယ်သေးတယ်။ သူက ကောင်တလေးပဲ ရှိသေးတာ”ကို ကြားရသလိုပဲ။ မော်ဖိုင်ဟာ လူအုပ်ရှေ့မှာ ‘ပေါ်တာ ချေစော်နံတယ်’ဆိုတဲ့ တံဆိပ်ကို လှုပ်ယမ်းနေတာ မြင်ရတယ်။ ဟက်ဂရစ်ရဲ့ စိတ်ပျက်အားငယ်ပြီး မယုံနိုင်တဲ့မျက်နှာကို သူ မြင်ရတယ် . . . .

ဟယ်ရီဟာ ပေါင်ပေါ်က ခရွတ်ရှန်ကို မေ့ပြီး ဆတ်ခနဲ မတ်တတ်ရပ်လိုက်တယ်။ ခရွတ်ရှန် ကြမ်းပေါ်ကျသွားပြီး ဒေါသနဲ့ ဖြဲအော်နေတယ်။ ရွံမုန်းစွာနဲ့ ဟယ်ရီ့ကို မျက်ဖြူလန်ပြပြီး ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။ ပုလင်းဆေးတံလို အမြီးကြီးကို မိုးပေါ်ထောင်ထားတယ်။ ဒါပေမယ့် ဟယ်ရီဟာ လည်ပတ်လှေကားပေါ် အမြန်တက်သွားပြီး အိပ်ခန်းကို ပြန်သွားတယ် . . . . သူ ကိုယ်ပျောက်ဝတ်ရုံ သွားယူတယ်။ ဒီနောက် စာကြည့်တိုက်ထဲ ခိုးဝင်သွားတယ်။ လိုအပ်လို့ရှိရင်၊ သူ ဒီမှာ တစ်ညလုံး နေမယ် . . . .

“မီးလင်းစေ” ဆယ့်ငါးမိနစ်ကြာတော့ သူ စာကြည့်တိုက်တံခါးကို ဖွင့်ရင်း တိုးတိုးရွတ်လိုက်တယ်။

မှော်ကြိမ်လုံးထိပ်ကထွက်တဲ့ အလင်းရောင်မှိန်မှိန်နဲ့ သူဟာ စာအုပ်စင်ကြား ခိုးဝင်လိုက်တယ်။ စာအုပ်တစ်အုပ်ပြီးတစ်အုပ် ဆွဲထုတ်တယ် —— မှော်ပညာနဲ့ဂါထာစာအုပ်တွေ၊ ရေသူမနဲ့ ရေအောက်က သရဲတွေနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ နာမည်ကြီးမှော်ဆရာ့အကြောင်း စာအုပ်တွေ၊ မှော်ပညာတီထွင်မှုစာအုပ်တွေ စသဖြင့် ရေအောက်မှာ အသက်ရှင်တာနဲ့ ပတ်သက်တဲ့ စကားတစ်ခွန်းတလေပါရင် သူ အကုန်ဆွဲထုတ်တယ်။ သူက ဒီစာအုပ်တွေကို စားပွဲတစ်လုံးပေါ် ဖြန့်ချပြီး ငုံ့ဖတ်ပါလေရော။ မှော်ကြိမ်လုံးကရတဲ့ အလင်းရောင်လေးနဲ့ ပင်ပန်းစွာ ရှာဖွေတယ်။ တစ်ခါတလေ လက်ပတ်နာရီကို ကြည့်တယ်။

လင်းအားကြီးတစ်ချက်တီး . . . . လင်းအားကြီးနှစ်ချက်တီး . . . . သူ ဒီလိုတောင့်ခံနိုင်တာကတော့ သူဟာ မိမိကိုယ်မိမိ တစ်ကြိမ်ပြီး တစ်ကြိမ် သတိပေးတယ်။ နောက်တစ်အုပ် . . . . နောက်တစ်အုပ်ထဲမှာ . . . . နောက်တစ်အုပ် . . . .

အတန်းခေါင်းဆောင် ရေချိုးခန်းပန်းချီကားထဲက ရေသူမဟာ တဟားဟား ရယ်နေတယ်။ ဟယ်ရီဟာ ဖော့ဆို့တစ်ခုလို ရေသူမလဲလျောင်း နေတဲ့



ကျောက်ဆောင်အနားက အမြှုပ်ထရေချိုးကန်ထဲမှာ မြုပ်လိုက်ပေါ်လိုက်ဖြစ်နေတယ်။ သူမဟာ သူ့မီးသတ္တုကို သူ့ခေါင်းပေါ်မှာ အမြင့်ကြီး မြှောက်ထားတယ်။

“လာယူလေ” သူမက ကျီစားစွာ တခစ်ခစ်ရယ်နေတယ်။ “လာခုန်လိုက်”

“ကျွန်တော် သွားလို့မရဘူး” ဟယ်ရီက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ မီးသတ္တုကို ဖမ်းယူဖို့ ကြိုးစားတယ်။ ရေထဲ မနစ်အောင်လဲ ရုန်းကန်နေတယ်။ “ပြန်ပေးပါ”

ဒါပေမယ့် သူမဟာ သူ့ကို အကျယ်ကြီး ကဲ့ရယ်ရင်း တံမြက်စည်းနဲ့ သူ့ကို ထိုးတယ်။ သူ အလွန်နာကျင်တယ်။

“နာလိုက်တာ —— မထိုးပါနဲ့ —— အမလေး ——”

“ဟယ်ရီ-ပေါ်တာ နိုးမှဖြစ်မယ်၊ ဆရာ”

“ငါ့ကို မထိုးပါနဲ့ ——”

“ဒေါ်ဘီ ဟယ်ရီ-ပေါ်တာကို ထိုးမှဖြစ်မယ်၊ ဆရာ။ သူ နိုးမှဖြစ်မယ်” ဟယ်ရီက မျက်စိဖွင့်လိုက်တယ်။ သူ စာကြည့်တိုက်ထဲမှာပဲ ရှိနေတယ်။ သူ အိပ်ပျော်နေစဉ် ကိုယ်ပျောက်ဝတ်ရုံဟာ သူ့ခေါင်းပေါ်ကနေ ကြမ်းပေါ်ကျသွားတယ်။ “မှော်ကြိမ်လုံးရှိရင် နည်းလမ်းရှိတယ်”ဆိုတဲ့ စာမျက်နှာမှာ ပါးကပ်ထားတယ်။ သူထိုင်လိုက်တယ်။ မျက်မှန်ကို ပြင်တပ်လိုက်တယ်။ လင်းလက်တဲ့နေရောင်ကြောင့် သူ အဆက်မပြတ် မျက်တောင်ခတ်နေတယ်။

“ဟယ်ရီ-ပေါ်တာ မြန်မြန်လုပ်မှ ဖြစ်မယ်” ဒေါ်ဘီက အသံစူးစူးနဲ့ ပြောတယ်။ “ဒုတိယကဏ္ဍစဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်။ ဟယ်ရီ-ပေါ်တာ ——”

“ဆယ်မိနစ် ?” ဟယ်ရီက အသံအက်အက်နဲ့ ပြောတယ်။ “ဆယ် —— ဆယ်မိနစ် ?”

သူဟာ လက်ပတ်နာရီကို ငုံ့ကြည့်တယ်။ ‘ဒေါ်ဘီ မမှားဘူး။ အခု ကိုးနာရီ နှစ်ဆယ်ရှိနေပြီ။ ချက်ချင်းပဲ၊ လေးပင်တဲ့ ကျောက်တုံးတစ်တုံးဟာ ဟယ်ရီ့ရင်တွင်းကနေ အစာအိမ်ထဲ ကျသွားသလိုပဲ။

“မြန်မြန်လေး၊ ဟယ်ရီ-ပေါ်တာ” ဒေါ်ဘီက အသံစူးစူးပြောရင်း ဟယ်ရီ့အင်္ကျီလက်မောင်းကို ဆွဲနေတယ်။ “သင်ဟာ တခြားသူရဲကောင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ အောက်ဘက်က ကန်ဘေးကို သွားရမယ်၊ ဆရာ"

"သိပ်နောက်ကျသွားပြီ ဒေါ်ဘီ" ဟယ်ရီက မျှော်လင့်ချက်မဲ့စွာ ပြောတယ်။ "ငါ ဒီကဏ္ဍ မပါတော့ဘူး၊ ငါ ဘယ်လိုလုပ်ရမှန်း ——"

"ဟယ်ရီ-ပေါ်တာ ဒီကဏ္ဍကို လုပ်နိုင်မှာပါ" မှင်စာလေးက စူးရှစွာ ပြောတယ်။ "ဟယ်ရီဟာ သင့်တော်တဲ့စာအုပ် ရှာမတွေ့ဘူးဆိုတာ ဒေါ်ဘီ သိတယ်၊ ဒါကြောင့် ဒေါ်ဘီက ကူရှာပေးတယ်"

"ဘာလဲ ?" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ဒုတိယကဏ္ဍက ဘာလဲဆိုတာ မင်း မသိဘူးလေ ——"

"ဒေါ်ဘီသိတယ်၊ ဆရာ၊ ဟယ်ရီ-ပေါ်တာ ကန်ထဲသွားမှ ဖြစ်မယ်၊ ၎င်းရဲ့ ဝီးဇီကို ရှာရမယ် ——"

"ငါ ဘာကိုရှာရမလဲ ?"

"—— သူ့ရဲ့ ဝီးဇီကို ရေသူမလက်ထဲက ပြန်ကယ်ယူရမယ်"

"ဝီးဇီဆိုတာ ဘာလဲ"

"သင့်ဝီးဇီလေ၊ ဆရာ၊ သင့်ဝီးဇီ —— မိမိသိုးမွေးဆွယ်တာကို ဒေါ်ဘီကိုပေးတဲ့ ဝီးဇီလေ" (ဒေါ်ဘီက ရွှန့်အမျိုးနာမည် ဝယ်စလီကို ဝီးဇီလို့ အမှတ်မှားတာ။)

ဒေါ်ဘီဟာ ၎င်းရဲ့ဘောင်းဘီတိုပေါ်မှာ ဝတ်ထားတဲ့၊ သေးကျုံ့ထားတဲ့ ကြက်သွေးရောင်ဆွယ်တာကို ဆွဲပြတယ်။

"ဘာလဲ" ဟယ်ရီက အသက်ရှူမဝဘဲ ပြောတယ်။ "သူတို့က —— သူတို့က ရွှန့်ကို ဖမ်းသွားပြီ ?"

"အဲဒါ ဟယ်ရီ-ပေါ်တာအချစ်ဆုံးအရာ၊ ဆရာ" ဒေါ်ဘီက အသံဒုံးစူးပြောတယ်။ "နောက်ထပ်တစ်နာရီဆိုရင် ——"

"—— မျှော်လင့်ချက်ကုန်ဆုံးမယ်" ဟယ်ရီက ရွတ်ဆိုတယ်။ မှင်စာလေးကိုလည်း ထိတ်လန့်စွာ ကြည့်နေတယ်။ " 'ငါ့အား လုံးဝပျောက်ကွယ်သွားမယ်၊ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘူး' ဒေါ်ဘီ၊ ငါ ဘယ်လိုလုပ်ရမလဲ"

"သင် ဒါကို စားရမယ်၊ ဆရာ" မှင်စာလေးက စူးရှစွာပြောရင်း လက်ကို ဘောင်းဘီတိုအိတ်ကပ်ထဲ နှိုက်လိုက်တယ်။ အထဲကနေ အထွေးတစ်ခု ယူထုတ်တယ်။ အဲဒါ မရေမတွက်နိုင်တဲ့ ချောကျိုကျို၊ မီးခိုးရောင်ကြွက်အမြီးတွေနဲ့ တူတယ်။ "ရေထဲ မဆင်းခင်မှာ စားပါ၊ ဆရာ —— ပါးဟက်ပင်"



"ဘာအသုံးဝင်လဲ" ဟယ်ရီက ပါးဟက်ပင်ကို ကြည့်ပြီး မေးတယ်။

"၎င်းက ဟယ်ရီ-ပေါ်တာကို ရေအောက်မှ အသက်ရှူနိုင်စေမယ်၊ ဆရာ"

"ဒေါ်ဘီ" ဟယ်ရီက ဝမ်းသာအားရပြောတယ်။ "နားထောင် —— ...င်း တကယ်ပိုင်နိုင်ရဲ့လား"

အရင်တစ်ခါ ဒေါ်ဘီ သူ့ကို 'ကူညီ'တာကို သူ မမေ့နိုင်သေးဘူး၊ နောက်ဆုံး သူ့ညာဘက်လက်မောင်းက အရိုးအားလုံး ပျောက်သွားတယ်။

"ဒေါ်ဘီ လုံးဝပိုင်နိုင်ပါတယ်၊ ဆရာ" မှင်စာလေးက လေးနက်စွာ ပြောတယ်။ "ဒေါ်ဘီ အကြောင်းအရာတချို့ကို ကြားရတယ် ဆရာ။ ဒေါ်ဘီဟာ အိမ်မွေးမှင်စာလေးပါ၊ သူ မီးမွေးတဲ့အခါ၊ ကြမ်းတိုက်တဲ့အခါ၊ ရဲတိုက်နေရာ အနှံ့ ရောက်တယ်။ ဒေါ်ဘီဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ပါမောက္ခ မူးဒီတို့ ဆရာလုပ်သား နားနေခန်းထဲမှာ လာမယ့်ကဏ္ဍအကြောင်း ပြောဆိုနေတာ ကြားရတယ် . . . . ဒေါ်ဘီဟာ ဟယ်ရီ-ပေါ်တာကို ၎င်းရဲ့ဝီးဇီ အဆုံးရှုံး ...နိုင်ဘူး"

ဟယ်ရီ့သံသယတွေ ပျောက်ပြယ်သွားတယ်။ သူဟာ ခုန်ထလိုက်ပြီး ...ယ်ပျောက်ဝတ်ရုံကို လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။ ပါးဟက်ပင်ကို ...ဘီကပ်ထဲ ဆွဲထည့်လိုက်ပြီး စာကြည့်တိုက်ကနေ ခြေလှမ်းကျဲကျဲထွက်လာ...ယ်။ ဒေါ်ဘီက နောက်က ကပ်လိုက်သွားတယ်။

"ဒေါ်ဘီ မီးဖိုချောင်ထဲ သွားရတော့မယ်၊ ဆရာ" သူတို့ စင်္ကြံထဲ အမြန်...ထွက်လာတော့ ဒေါ်ဘီက စူးရှစွာ ပြောတယ်။ "သူတို့ ဒေါ်ဘီကို ရှာနေမှာ —— ကံကောင်းပါစေ၊ ဟယ်ရီ-ပေါ်တာ၊ ဆရာ၊ ကံကောင်းပါစေ"

"ဘိုင်းဘိုင်၊ ဒေါ်ဘီ" ဟယ်ရီက အော်ပြောတယ်။ ဒီနောက် စင်္ကြံကို ...ဖြတ်ပြီး၊ လှေကားထစ်တွေကို ခုန်ဆင်းသွားတယ်။

တံခါးခန်းထဲမှာ ဖင့်နွှေးတဲ့လူတချို့ ကျန်သေးတယ်။ သူတို့ နံနက်...စာစာ စားပြီးပြီ။ ဝက်သစ်ချတံခါးကြီး နှစ်ချပ်ကိုဖြတ်ပြီး ဒုတိယကဏ္ဍ ...ကြည့်ဖို့ သွားနေကြတယ်။ သူတို့ဟာ ဟယ်ရီ လျှပ်ပြက်သလို ပြေးသွားတာကို ...အံ့သြစွာ ကြည့်နေတယ်။ သူ ကျောက်လှေကားထစ်က ခုန်ချတော့ ...လင်နဲ့ ...င်းနစ်-ခရိစီးညီအစ်ကိုကို တိုက်ထွက်သွားတယ်။ သူဟာ အပြင်ဘက် ...နေရောင်ထွန်းလင်းတဲ့ အေးချမ်းတဲ့ကွင်းထဲ ရောက်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းအတိုင်း အောက်သို့ပြေးဆင်းစဉ် မနှစ်က မီးနဂါးကွင်း ဒိုင်းပတ်တည်ရှိနေတဲ့ ထိုင်ခုံတွေဟာ အခု ကန်ကြီးတစ်ဖက်မှာ အဆင့်ဆင့် ရောက်ရှိနေပြီး နေရာလွတ်မရှိ ဖြစ်နေတာ တွေ့ရတယ်။ အောက်ဘက် ကန်ကြီးထဲမှာ ပွဲကြည့်စင်ကြီး အရိပ်ထင်နေတယ်။ ဟယ်ရီဟာ ကန်ကြီး တအားပြေးပတ်ပြီး ဒိုင်လူကြီးတွေဆီ ပြေးသွားတယ်။ ၎င်းတို့ဟာ ရေဘေး ရွှေရောင်စားပွဲခင်းနဲ့စားပွဲတစ်ခုဘေးမှာ ထိုင်နေတယ်။ စက်ဒရစ်၊ ဖလေအာ နဲ့ ခရွန်းမ်တို့ ဒိုင်လူကြီးစားပွဲဘေးမှာရပ်ပြီး ဟယ်ရီ သူတို့ဆီ ပြေးလာတာ ကြည့်နေတယ်။

"ကျွန်တော် . . . . ကျွန်တော် လာပြီ . . . ." ဟယ်ရီက ဟောဟဲ ဟောဟဲနဲ့ ပြောတယ်။ ရွံ့မြေပေါ်မှာ ချောသွားပြီး ရပ်သွားတယ်။ ဖလေအာ ဝတ်ရုံရှည်ကို မတော်လို့ ရွံ့စင်သွားစေတယ်။

"မင်း ဘယ်သွားနေလဲ" မောက်မာတဲ့အသံတစ်သံက မကျေမနပ် ပြောတယ်။ "ပြိုင်ပွဲကတော့ ချက်ချင်းပဲ စတော့မှာ"

ဟယ်ရီ လှည့်ကြည့်လိုက်တော့၊ ဖတ်စီ-ဝယ်စလီဟာ ဒိုင်လူကြီးစား မှာ ထိုင်နေတယ် —— မစ္စတာခရောက်ချ် မလာနိုင်ပြန်ဘူး။

"တော်ပြီ၊ တော်ပြီ၊ ဖတ်စီ" လူဒို-ဘက်ဂမင်းက ပြောတယ်။ သူဟာ ဟယ်ရီ့ကို မြင်ရတော့ ရင်ထဲက ခဲလုံးကြီး မြေကျသွားသလိုပဲ . . . . သူ အမူအရာကို ကြည့်ရတာ ဟယ်ရီ ဒီနေ့လာတော့မှာ မဟုတ်ဘူးလို့ ထင်ထား ရတယ်။

ဟယ်ရီဟာ ခါးကုန်းပြီး လက်ကို ဒူးမှာထောက်ကာ ဟောဟဲဟော ဖြစ်နေတယ်။ သူ့ရင်ဘတ်ဘေးဘက်မှာ ရုတ်တရက် အပြင်းအထန် နာလာ တယ်။ ဓားတစ်ချောင်း မိမိနံရိုးကြား ထိုးသွင်းခံလိုက်ရသလိုပဲ။ ဒါပေမယ့် ဒီလိုနာတာကို ပြေပျောက်အောင်စောင့်ဖို့ အချိန်မရတော့ဘူး။ လူဒို-ဘက်ဂမင်း ဟာ သူ့ရဲကောင်းတွေကြား ရောက်လာပြီး ၎င်းတို့ကို ကမ်းဘေးမှာ တန်းစီ ပြောတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆယ်ပေကွာ ခြားတယ်။ ဟယ်ရီ နောက်ဆုံး ခရွန်းမ်နဲ့ ကပ်နေတယ်။ ခရွန်းမ်က ရေကူးဘောင်းဘီ ဝတ်ထား တယ်၊ မှော်ကြိမ်လုံးထုတ်ပြီး အသင့်ပြင်ထားပြီးပြီ။

"ဘယ်လိုလဲ၊ ဟယ်ရီ" ဘက်ဂမင်းက ဟယ်ရီကိုခေါ်ပြီး ရွှေ့ လေးငါးလှမ်း တက်ခိုင်းတယ်။ ခရွန်းမ်ကို ကျော်ပြီး တိုးတိုးမေးတယ်။ "ဘာ



လုပ်ရမယ်ဆိုတာ သိရဲ့လား"

"သိတယ်" ဟယ်ရီ အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ လက်နဲ့လည်း နံရိုးကို ပွတ်သပ်နေတယ်။

ဘက်ဂမင်းဟာ ဟယ်ရီ့ပခုံးကို တအားညှစ်ပြီး ဒိုင်လူကြီးစားပွဲဆီ ပြန်သွားတယ်။ သူဟာ မှော်ကြိမ်လုံးနဲ့ မိမိလည်မျိုကို ချိန်ပြီး၊ ကမ္ဘာ့ဖလားပွဲ တုန်းကလို ပြောလိုက်တယ်။ "အသံအောင်စေ"။ ဒီတော့ သူ့အသံဟာ မိုးချုန်း သလို အနက်ရောင်ရေပြင်ကိုဖြတ်ပြီး ပွဲကြည့်စင်ပေါ် ရောက်သွားတယ်။

"အားလုံး သတိပြုကြပါ။ ကျွန်ုပ်တို့သူရဲကောင်းတွေ သူ့နေရာမှာ အဆင်သင့် ဖြစ်နေပါပြီ။ ကျွန်တော် ဝီစီမှုတ်လိုက်တာနဲ့ ဒုတိယကဏ္ဍ စပြီ။ ၎င်းတို့လက်ထဲက လုယူခံရတဲ့အရာကို ပြန်လုယူနိုင်ဖို့ ၎င်းတို့မှာ တစ်နာရီတိတိ အချိန် ရှိတယ်။ ကျုပ် သုံးထိခေါ်မယ်။ တစ် . . . . နှစ် . . . . သုံး"

စူးရှတဲ့ဝီစီသံဟာ အေးချမ်းတဲ့၊ ငြိမ်သက်တဲ့ လေထုထဲမှာ ပဲ့တင်ထပ် သွားတယ်။ ပွဲကြည့်စင်ပေါ်က လက်ခုပ်သံ၊ အားပေးအော်ဟစ်သံတွေ ပေါ် ပေါက်လာတယ်။ ဟယ်ရီဟာ တခြားသူရဲကောင်းတွေ ဘာလုပ်နေတယ်ဆိုတာ ကို မကြည့်ဘဲ၊ ခြေစွပ်တွေ၊ ဖိနပ်တွေကို ဆွဲချွတ်ပြီး အိတ်ကပ်ထဲကနေ ပါးဟက် ပင်ထွေးကို ယူကာ ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ ပြီးတော့ ရေထဲ လျှောက် ဆင်းသွားတယ်။

သိပ်ကို အေးစက်နေတာပဲ။ ခြေထောက်နှစ်ချောင်းက အရေပြား တွေ မီးလိုပူပြီး နာနေတယ်။ မီးလောင်နေသလိုပဲ ခံစားရတယ်။ သူ ရှေ့တိုး သွားလေ ကန်ရေက နက်လေပဲ။ စိုရွှဲနေတဲ့ ဝတ်ရုံရှည်ဟာ လေးပင်စွာ အောက် ကို ဆွဲလောင်းကျနေတယ်။ အခု ကန်ရေဟာ ဒူးကို ကျော်သွားပြီ။ အလျှင် အမြန် ထုံကျဉ်သွားတဲ့ ခြေနှစ်ချောင်းဟာ ရွံ့တွေ၊ သဲတွေနဲ့ ပြောင်ချောတဲ့၊ ပါးစေးတဲ့ ကျောက်ခဲပေါ် နင်းမိပြီး အဆက်မပြတ် ချော်ချော်သွားတယ်။ သူဟာ ပါးဟက်ပင်ကို အလျှင်အမြန် ဝါးနေတယ်။ အဲဒီခံစားချက်က သိပ်တော့ မကောင်းဘူး။ တွဲတွဲကြီး၊ ချော်ချွတ်ချွတ်ကြီး။ အော်တိုပတ်စ်ရဲ့ လက်တံတွေ ပဲ၊ သူဟာ ခါးမြုပ်တဲ့အခါ ရပ်လိုက်တယ်။ ပါးဟက်ပင်ကို မျိုချလိုက်တယ်။ ထူးဆန်းတဲ့ အကျိုးသက်ရောက်မှုကို စောင့်စားနေတယ်။

ပွဲကြည့်စင်ဆီက ရယ်သံတွေ ရောက်လာတယ်။ မိမိ သိပြီး ထိုင်းအ ပေါ်နေတယ်ဆိုတာ သူသိတယ်။ ဘယ်လိုမှော်ပညာမှ မပြဘဲ ဒီဘိုင်း

www.burmeseclassic.com



ကြီး ခရထဲ ဆင်းခဲ့တာ။ ကိုယ်အောက်ပိုင်းဟာ ရိုးတွင်းခြင်ဆီခိုက်အော
ခုန်းဘဲ့ ရေထဲ ရောက်နေပြီ။ လေအေးတစ်ချက် မညှာတာဘဲ သူ့ဆံပင်
တိုက်ခတ်သွားတယ်။ သူ ဆတ်ဆတ်တုန်သွားတယ်။ သူ့ကိုယ်ပေါ် ရေမ
သေးတဲ့ နေရာတွေမှာ ကြက်သီးထနေတယ်။ ပရိသတ်ကို တမင်မကြည့်
နေတယ်။ ရယ်သံတွေ ပိုကျယ်လာတယ်။ ဒီအထဲမှာ စလေးသရင်းတွေ
ရှုးလုပ်သံနဲ့ ကဲ့ရယ်သံတွေလည်း ပါတယ် . . . .

ဒီနောက်၊ ရုတ်တရက်ကြီး၊ မမြင်ရတဲ့ ခေါင်းအုံးက သူ့ပါးစပ်
နှာခေါင်းကို ဖိထားသလို ဟယ်ရီ ခံစားရတယ်။ သူ အသက်ရှူလိုက်တာ
ခေါင်းထဲမှာ ဖြောင်းဆန်အောင် လည်ပတ်သွားတယ်။ သူ့အဆုတ်ထဲမှ
ဟာလာကြီး။ လည်ပင်းဘေးနှစ်ဘက်မှာ ရုတ်တရက် ဓားနဲ့လှီးလိုက်သ
အပြင်းအထန် နာလာတယ် ——

ဟယ်ရီဟာ လက်နှစ်ဘက်နဲ့ လည်မျိုကို အမြန်ဖိကိုင်ထားတယ်
နားရွက်အောက်နား စမ်းမိတော့ သေးသေးရှည်ရှည် အကွဲရာရှိပြီး အေးစက်
လေထုထဲမှာ ပွင့်ချည်ပိတ်ချည် လုပ်နေတာ တွေ့ရတယ် . . . . သူ့မှာ ပါးဟ
ရှိပြီ။ သူ တွေဝေမနေဘဲ မိမိရဲ့ တစ်ခုတည်းသော ကျိုးကြောင်းဆီလျော်
လုပ်ရပ်ကို စတင်လိုက်တယ် —— ခေါင်းကို ရေထဲ ထည့်လိုက်တယ်။

ပထမဆုံး အေးစက်တဲ့ ကန်ရေကို စုပ်သွင်းလိုက်တော့ အသက်အ
လိုအပ်တဲ့ အောက်စီဂျင်ကို ရသွားသလိုပဲ။ သူ့ခေါင်းဟာ ချာချာလည်မ
တော့ဘူး။ သူဟာ ကန်ရေကို နောက်ထပ် တအားစုပ်သွင်းလိုက်တယ်။ ရေဟ
မိမိရဲ့ ပါးဟက်ထဲကနေ လျှောခနဲ စီးဖြတ်သွားပြီး အောက်စီဂျင်ကို သ
ဦးနှောက်ဆီ ပို့ပေးတာ ခံစားရတယ်။ သူက လက်နှစ်ဖက်ကို ရှေ့သို့ထား
သေချာကြည့်တယ်။ ၎င်းတို့ဟာ ရေအောက်မှာ နည်းနည်းစိမ်းနေတယ်။ ပုံပ
က သိပ်ကြောက်စရာကောင်းတယ်။ ပြီးတော့ လက်ချောင်းအချင်းချင်းကြားမှ
အရေပြားနဲ့ ဆက်နေတယ်။ သူက မိမိရဲ့ ခြေဖလာကို လှည့်ကြည့်တယ် —
ခြေထောက်ရှည်သွားပြီး ခြေချောင်းအချင်းချင်းကြားမှာလည်း အရေပြား ဆ
နေတယ်၊ သူ့ခြေထောက်ဟာ ရုတ်တရက် ဘဲခြေထောက် ဖြစ်သွားသလို

ရေလည်း ရိုးတွင်းခြင်ဆီခိုက်အောင် မအေးစက်တော့ဘူး . . .
ဆန့်ကျင်ဘက်ပဲ အလွန်အေးမြပြီး အနေရသက်သာတယ်လို့ သူ ထင်တယ်
ကိုယ်ခန္ဓာလည်း အလွန်ပေါ့ပါးသွားတယ် . . . . ဟယ်ရီဟာ ရှေ့သို့ ဆက်



သွားတယ်။ ခြေချောင်းကြား အရေပြားတွဲနေတဲ့ ခြေထောက်ဟာ မိမိကို ရေထဲ
မှာ အလွန်လျင်မြန်စွာ၊ အလွန်ဝေးဝေး ရှေ့တိုးသွားနိုင်တာကို ဟယ်ရီ အားရ
ဝမ်းသာ တွေ့ရှိရတယ်။ သူဟာ လုံးဝ မျက်တောင်မခတ်ဘဲ ရှင်းရှင်းမြင်နိုင်
တာကိုလည်း တွေ့ရှိတယ်။ သူဟာ ကန်ထဲမှာ အဝေးကြီး ရေကူးသွားလို့
ကန်ကြမ်းခင်းကို မမြင်ရတော့ဘူး။ သူ ကိုယ်ကို လှည့်လိုက်ပြီး ကန်ကြမ်းပြင်
ဆီသို့ ဒိုက်ထိုးဆင်းသွားတယ်။

သူဟာ မည်းမှောင်ပြီး ဝေဝါးတဲ့ အဆန်းတကြယ်ရှုခင်းထဲမှာ ကူး
သွားနေစဉ်၊ နားကလည်း ဘာမှမကြားရဘူး။ သူဟာ ပတ်ဝန်းကျင် ဆယ်ပေ
ခန့်ကိုပဲ မြင်ရတယ်။ ဒါကြောင့် သူဟာ ရေထဲမှာ တစ်ချက်ကူးခတ်တိုင်း ရှုခင်း
အသစ်အသစ်တွေဟာ ရှေ့ဘက်ဆီက အမှောင်ထဲမှာ ရုတ်တရက် ပေါ်လာ
တယ်။ ယိမ်းနွဲ့၊ ယှက်နွယ်နေတဲ့ အနက်ရောင် ရေမှော်တွေနဲ့ ဖြစ်ပေါ်နေတဲ့
ချုံပိတ်တွေ၊ တလက်လက်ကျောက်ခဲလေးတွေ ကြခင်းထားတဲ့ ကျယ်ပြောညီညာ
တဲ့ သဲပြင်။ သူဟာ ကူးလေ ရေနက်ထဲ ရောက်လေ၊ ကန်ရဲ့အလယ်ဗဟိုဆီ
ရောက်သွားတယ်။ သူ့မျက်လုံးကြီး ပြူးထားတယ်။ အကြည့်ဟာ မီးခိုးရောင်
ဖျော့ဖျော့ဘက်တဲ့ ကန်ရေကိုဖြတ်ပြီး အဝေးက အမှောင်ရိပ်ကို ကြည့်နေတယ်။ အဲဒီ
နေရာက ကန်ရေဟာ မှောင်မိုက်ပြီး ဝေဝါးနေတယ်။

ငါးကလေးတွေ ပေါ့ပါးစွာ သူ့အနားက ဖြတ်သွားတယ်။ ငွေရောင်
ငါးကလေးတွေနဲ့ တူနေသေးတယ်။ တစ်ကြိမ်နှစ်ကြိမ်မှာ ရှေ့ဘက်ဆီမှာ
အကောင်ကြီးကြီး လှုပ်ရှားနေတာ တွေ့ရသလိုပဲ။ ဒါပေမယ့် အနီးကူးသွား
ကြည့်တော့မှ သစ်တုံးမည်းမည်းကြီး၊ ဒါမှမဟုတ် ရောထွေးယှက်တင်တဲ့ ရေ
မှော်မှန်း သိရတယ်။ တခြားသူရဲကောင်း၊ ရေသူမနဲ့ ရွှံ့နံ့ကို မတွေ့ရဘူး ——
ကျေးဇူးတင်ရမှာက ရောမပြည်ကြီးငါးကြီးလဲ မတွေ့ရဘူး။

သူဟာ အဝေးကို ကြိုးစားကြည့်တယ်။ ရှေ့ဘက်မှာ စိမ်းစိုတဲ့ ရေမှော်
တွေ ရှိတယ်။ နှစ်ပေလောက်နက်ပြီး အလွန်သိပ်သည်းတဲ့ မြက်ခင်းနဲ့တူတယ်။
ဟယ်ရီဟာ ရှေ့ဘက်ကို မျက်တောင်မခတ်ဘဲ ကြည့်နေတယ်။ အမှောင်ထဲက
ပုံရိပ်ကို ကြိုးစားဝေခွဲကြည့်တယ် . . . . ဒီအချိန်မှာပဲ ဘာမှ ကြိုတင်အသိ
ပေးမှုမရှိဘဲ၊ သူ့ခြေမျက်စိကို အရာတစ်ခုက ဖမ်းဆွဲတာ ခံရတယ်။

ဟယ်ရီဟာ ကိုယ်ကို တွန့်လိမ်ပြီး လှည့်လိုက်တယ်။ ဂရင်းဒီလိုး
ဆိုတဲ့အကောင်ကို မြင်ရတယ် —— ခေါင်းပေါ်မှာ ဂျိုပေါက်တဲ့ ရေသရဲဟာ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဘေးအောင်းဘဲကနေ ထွက်လာတယ်။ လက်သည်းရှည်ရှည်ကြီးတွေနဲ့ ဟယ်ရီ့ ခြေထောက်ကို တင်းတင်းဖမ်းကိုင်ထားတယ်။ ပါးစပ်ထဲက အစွယ်ရှည်ရှည် ကြီး ထွက်နေတယ် —— ဟယ်ရီဟာ ဘဲခြေလိုလက်ကို ဝတ်ရုံရှည်ထဲ နိုက်ပြီး မှော်ကြိမ်လုံးကို ယူလိုက်တယ်။ ဒါပေမယ့် သူ မှော်ကြိမ်လုံးကို ကိုင်မိရုံရှိသေး တယ်၊ ဂရင်းဒီလိုးနှစ်ကောင်ဟာ ရေမှော်ထဲက ထွက်လာပြီး ဟယ်ရီ့ဝတ်ရုံ ရှည်ကို အောက်ဘက်သို့ တအားဆွဲချတယ်။

"အချုပ်အနှောင်ပြယ်စေ" ဟယ်ရီက အော်ပြောတယ်။ ဒါပေမယ့် အသံတော့ မထွက်ဘူး . . . . ရေပူဖောင်းကြီးတစ်ခု ပါးစပ်ထဲက ထွက်လာ တယ်။ သူ့မှော်ကြိမ်လုံးဟာ ဂရင်းဒီလိုးကို မီးပန်းမထွက်ဘဲ၊ ဆူပွက်နေတဲ့ ရေလုံးဟာ ၎င်းတို့ကို ပန်းမိသွားသလိုပဲ၊ ၎င်းတို့ရဲ့ ကိုယ်ပေါ်က ရေလုံးထိတဲ့ နေရာတိုင်းမှာ အစိမ်းရောင်အရေပြားဟာ ချက်ချင်းနီရဲသွားတယ်။ ဟယ်ရီ ဟာ ခြေထောက်ကို ဂရင်းဒီလိုးတို့ ဆွဲထားတဲ့အထဲက ရုန်းထွက်လိုက်ပြီး ရှေ့ကို တအားကူးခတ်သွားတယ်။ မကြာခဏ နောက်ဘက်ကို ရေဆူဆူတွေ ပန်းထုတ် ခဲ့တယ်။ တစ်ခါတစ်ရံ သူ့ခြေထောက်ကို ဂရင်းဒီလိုး ဖမ်းဆွဲခံရတဲ့အခါ၊ သူက တအားဆောင့်ကန်ပစ်ခဲ့တယ်။ နောက်ဆုံးမှာ မိမိခြေထောက်နဲ့ ဂျိုပါတဲ့ ခေါင်း တစ်လုံး ထိမိတယ်လို့ ခံစားရတာနဲ့ ငုံ့ကြည့်တော့၊ သူကန်လို့ မေ့မျောသွားတဲ့ ဂရင်းဒီလိုးတစ်ကောင်ဟာ အကြည့်သေနေပြီး ရေစီးနဲ့ ပါသွားတာ တွေ့ရ တယ်။ ၎င်းရဲ့အဖော်တွေက ဟယ်ရီ့ကို လက်သီးပြပြီး ရေမှော်ထဲ ဝင်သွားတယ်။

ဟယ်ရီက အရှိန်လျှော့လိုက်ပြီး မှော်ကြိမ်လုံးကို ဝတ်ရုံရှည်ထဲ ပြန် ထည့်လိုက်တယ်။ ဘေးပတ်ဝန်းကျင်ကိုကြည့်ရင်း နားစွင့်နေတယ်။ သူဟာ ရေထဲမှာ ဒီဂရီ ၃၆၀ ပတ်လိုက်တယ်။ ဆိတ်ငြိမ်ခြင်းက ၎င်းရဲ့နားစည်ကို ဖိနှိပ်နေတယ်လို့ ခံစားရတယ်။ မိမိ အလွန်နက်တဲ့ ကန်ရေအောက် ကြမ်းခင်းကို ရောက်နေပြီဆိုတာ သူ သိတယ်။ ဒါပေမယ့် ဘေးပတ်လည်မှာ ရေမှော်တွေ လှုပ်ပြီး လှုပ်ရှားတဲ့အရာ မရှိဘူး။

"မင်းအခြေအနေ တိုးတက်မှု ဘယ်လိုရှိလဲ"

ဟယ်ရီဟာ မိမိနှလုံးရောဂါရပြီ ထင်တယ်။ သူ ရုတ်တရက် လှည့် ကြည့်တော့ ငိုကြွေးတဲ့ မားထော်ဟာ သူ့ရှေ့မှာ ပေါ်လောပေါ်နေတယ်။ မျက်မှန်ထူထူ၊ ပုလဲရောင်ကတစ်ဆင့် သူ့ကို ကြည့်နေတယ်။

"မားထော်" ဟယ်ရီက အော်ချင်တယ် —— ဒါပေမယ့် အသံမထွက်



ခဲ့ဘူး။ ပါးစပ်ထဲက ရေပူဖောင်းကြီးတစ်လုံးပဲ ထွက်လာတယ်။ ငိုကြွေးတဲ့ မားထော်ဟာ တခစ်ခစ်ရယ်လာတယ်။

"မင်း ဟိုဘက်သွားကြည့်ကြည့်သင့်တယ်" သူက လက်ညှိုးထိုးပြပြီး ပြောတယ်။ "ငါ မင်းနဲ့ အဖော်မလိုက်တော့ဘူး . . . . ငါက သူတို့ကို သိပ် မကြိုက်ဘူး။ ငါ ကပ်သွားတိုင်း သူတို့က ငါ့ကို လိုက်တယ် . . . ."

ဟယ်ရီက သူမကို ကျေးဇူးတင်တဲ့အနေနဲ့ လက်မကြီးနှစ်ခု ထောင် ပြတယ်။ ဒီနောက် ထွက်ခွာလာတယ်။ ဒီတစ်ခါ သူက နည်းနည်းမြင့်မြင့် ကူးတယ်။ ဂရင်းဒီလိုးတွေ ထပ်တိုက်လာမှာစိုးလို့ အဲဟိုရေမှော်တွေနဲ့ဝေးဝေး ကူးတယ်။

သူဟာ အနည်းဆုံး မိနစ်နှစ်ဆယ်ခန့် ကူးပြန်တယ်။ အခု ရေအောက် မှာ အမည်းရောင်နွံ့စေးတွေ အပြင်လိုက်ကြီး ရှိနေတယ်။ ကန်ရေဟာ သူသွား နောက်လို့ အမည်းရောင်ရေဝဲတွေ ထနေတယ်။ အကြာကြီးနေတော့ လူ တစ်ပိုင်း ငါးတစ်ပိုင်းရဲ့ မေ့မရတဲ့သီချင်းသံကို ကြားရတယ်။

အချိန်တစ်နာရီပဲ ရတယ်၊

ငါတို့ လုယူခဲ့တဲ့အရာကို ရှာဖွေလုယူပါ . . . .

ဟယ်ရီ ပိုမြန်မြန်ကူးခတ်တယ်။ မကြာဘူး။ ရှေ့ဘက် နောက်ကျိတဲ့ ကန်ရေထဲမှာ ကျောက်ဆောင်ကြီးတစ်ခု ပေါ်လာတာ တွေ့ရတယ်။ ကျောက် ဆောင်ပေါ်မှာ လူတစ်ပိုင်း ငါးတစ်ပိုင်းပုံတွေ အများကြီး ရေးဆွဲထားတယ်။ ၎င်းတို့လက်ထဲမှာ လှံတွေကိုင်ပြီး ရောမပြည်ကြီးငါးနဲ့တူတဲ့အရာကို လိုက်နေ တယ်။ ဟယ်ရီက ကျောက်ဆောင်ဘေးက ကူးဖြတ်ပြီး လူတစ်ပိုင်း ငါးတစ်ပိုင်း တွေရဲ့ သီချင်းသံဆီ လိုက်သွားတယ်။

. . . . အချိန်မဆွဲနဲ့တော့၊ အချိန်တစ်ဝက်ကျိုးပြီ၊

မင်းရှာဖွေတဲ့အရာ ဒီမှာ ပုပ်ဆွေးမသွားစေနဲ့ . . . .

ရုတ်တရက် ပတ်ဝန်းကျင်မှာ ခပ်ကြမ်းကြမ်းကျောက်ခေါင်းအိမ်တွေ ပေါ် ထွက်လာတယ်။ အိမ်ပေါ်မှာ ရေမှော်တွေ ကွက်ပေါက်နေတယ်။ အဲဒီ အမှောင်မည်းတဲ့ ပြတင်းပေါက်ထဲမှာ မျက်နှာတချို့ကို ဟယ်ရီ မြင်ရတယ် . . . . အဲဒီမျက်နှာတွေဟာ အတန်းခေါင်းဆောင်ရေချိုးခန်းထဲရှိ ပန်းချီကားထဲက လူတစ်ပိုင်း ငါးတစ်ပိုင်းနဲ့ လုံးဝမတူဘူး . . . .

လူတစ်ပိုင်းငါးတစ်ပိုင်းတွေရဲ့ အရေပြားဟာ သံချေးရောင်။ အစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘင်ရောင် ဆံပင်ရှည်ရှည်ဟာ ရှုပ်ပွနေတယ်။ ၎င်းတို့မျက်လုံးက အဝါရောင် မှေးမှိန်တဲ့ သွားကလဲ အဝါရောင်။ လည်ပင်းမှာ ကြိုးကြမ်းကြမ်းနဲ့ သီထားတဲ့ ကျောက်စလစ်ခဲ ဆွဲထားတယ်။ ဟယ်ရီ ကူးခတ်သွားတော့ သူတို့က သူ့ကို စိတ်ယုတ်နဲ့ ရယ်ပြတယ်။ တစ်ကောင်နှစ်ကောင်ဟာ ပိုရှင်းရှင်းမြင်ရအောင် ဂူထဲက ပြေးထွက်လာတယ်။ လက်ထဲမှာ လှံတွေကိုင်ထားတယ်။ တုတ်ခိုင်တဲ့ ငွေရောင်အမြီးနဲ့ ကန်ရေကို ရိုက်ခတ်နေတယ်။

ဟယ်ရီဟာ ရှေ့သို့ အလျှင်အမြန် ကူးသွားတယ်။ ပတ်ဝန်းကျင်ကို လည်း အကဲခတ်သွားတယ်။ မကြာဘူး။ ကျောက်ခေါင်းအိမ်တွေ ကြာလေမှာ လေပဲ။ တချို့ကျောက်ခေါင်းအိမ်ဘေးမှာ ပန်းခြံတောင် ပါသေးတယ်။ တံခါး တစ်ခုရှေ့မှာ ဂရင်းဒီလိုးလေးတစ်ကောင် ချည်ထားတာ မြင်ရတယ်။ လူတစ်ပိုင်း ငါးတစ်ပိုင်းတွေဟာ အရပ်လေးမျက်နှာကနေ ပေါ်ထွက်လာတယ်။ သူ့ကို အံ့သြစွာ ကြည့်နေတယ်။ သူ့ရဲ့ ဘဲလိုလက်ချောင်းချင်းတွဲနေတဲ့ လက်နဲ့ ပါးဟက်ကို လက်ညှိုးထိုးပြောဆိုနေတယ်။ လက်နဲ့ ပါးစပ်ကိုအုပ်ပြီး တိတ်တိတ်ပြောဆိုနေကြတယ်။ ဟယ်ရီက အလျှင်အမြန် ကွေ့ချိုးလိုက်တယ်။ ရှေ့မှာ အလွန်ထူးခြားတဲ့ မြင်ကွင်းကို မြင်ရတယ်။

အဲဒီနေရာဟာ လူတစ်ပိုင်းငါးတစ်ပိုင်းတွေရဲ့ ကွင်းကျယ်လိုပဲ။ ဘေး ပတ်လည်မှာ အိမ်တချို့ရှိတယ်။ အိမ်ရှေ့မှာ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ တ အုပ်ကြီး ပေါလောပေါ်နေတယ်။ အလယ်မှာ လူတစ်ပိုင်းငါးတစ်ပိုင်းတ ပြိုင်တူ သီဆိုနေတယ်။ သူ့ရဲကောင်းကို ခေါ်နေတယ်။ ၎င်းတို့ကျောဘက်မှ ခပ်ကြမ်းကြမ်းရုပ်ထုတစ်ခု ရှိတယ်။ အဲဒါ ရောမကျောက်တုံးကြီးနဲ့ ထွင်းထု ဘဲ့ လူတစ်ပိုင်းငါးတစ်ပိုင်း။ လူတစ်ပိုင်းငါးတစ်ပိုင်းကျောက်ရုပ်ရဲ့ အမြီးပေါ်မှာ လူလေးယောက်ကို ခိုင်ခိုင်တုပ်ချည်ထားတယ်။

ရွန့်ကို ဟာမီးနဲ့ ချို-ချမ်းကြားမှာ ချည်ထားတယ်။ တခြားတစ်ယောက် က အလွန်ဆုံး ရှစ်နှစ်အရွယ်ရှိတဲ့ ကောင်မလေး။ တိမ်ခိုးလို ငွေရောင်ဆံ ကြောင့် သူမဟာ ဖလောအာ-ဒယ်လာခေါ်ရဲ့ ညီမလေးဆိုတာ ဟယ်ရီ ယုံကြည် တယ်။ သူတို့အားလုံး အိပ်မောကျနေသလိုပဲ။ ဦးခေါင်းဟာ အားမရှိဘဲ ပခုံး ပေါ် ပြုတ်ကျနေတယ်။ ပါးစပ်ကနေ ရေပူဖောင်းသေးသေးလေးတွေ အဆက် မပြတ် ထွက်နေတယ်။

ဟယ်ရီဟာ ဓားစာခံတွေဆီ ကြိုးစားကူးသွားတယ်။ လူတစ်ပိုင်းငါး



တစ်ပိုင်းတွေဟာ လှံကို ကန့်လန့်လုပ်ပြီး သူ့ကို တားမယ်ထင်တာ။ ဒါပေမယ့် ၎င်းတို့ ဒီလိုမလုပ်ဘူး။ ဓားစာခံကို ရုပ်ထုမှာ ချည်ထားတဲ့ကြိုးက ရေမှော်နဲ့ ပြုလုပ်ထားတာ။ ကြမ်းပြီးချောတယ်။ အလွန်ခိုင်ခံ့တယ်။ သူ့ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာတယ်။ ခရစ္စမတ်စ်တုန်းက ဆီးရီးအက်စ်ကြယ် သူ့ကို ပယ်ပေးတဲ့ ဓားလေးကို သတိရတယ် —— တစ်မိုင်ကွာမှာရှိတဲ့ ရဲတိုက်ထဲက သေတ္တာထဲမှာမို့ လုံးဝအသုံးချလို့ မရဘူး။

သူက ဘေးကိုကြည့်လိုက်တယ်။ ဓားစာခံအနားက လူတစ်ပိုင်းငါး တစ်ပိုင်းတွေဟာ လှံတွေကိုင်ထားကြတယ်။ သူက အစိမ်းရောင်မုတ်ဆိတ်ရှည်နဲ့ ငါးလင်းသွားနဲ့လုပ်တဲ့ လည်ဆွဲတပ်ဆင်ထားတဲ့ ခုနစ်ပေမြင့်တဲ့ လူတစ်ပိုင်း ငါးတစ်ပိုင်းဆီ အမြန်ကူးခတ်သွားပြီး ၎င်းရဲ့လှံကို ငှားတယ်။ အဲဒီ လူတစ်ပိုင်း ငါးတစ်ပိုင်းက တဟားဟားရယ်ပြီး ခေါင်းခါတယ်။

"ကျုပ်တို့ ကူညီလို့မရဘူး" လူတစ်ပိုင်းငါးတစ်ပိုင်းက လေးပင်အကျ ကွဲတဲ့အသံနဲ့ ပြောတယ်။

"ပေးစမ်းပါ" ဟယ်ရီက ရိုင်းစိုင်းစွာ ပြောတယ် (ဒါပေမယ့် သူ့ပါးစပ် ထဲက ရေပူဖောင်းပဲ ထွက်တယ်)။ လူတစ်ပိုင်းငါးတစ်ပိုင်းလက်ထဲက လှံကို လုတယ်။ ဒါပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းက လှံကို ပြန်ဆွဲသွားတယ်။ ခေါင်းခါရင်း တဟားဟားရယ်နေပြန်တယ်။

ဟယ်ရီဟာ ရေထဲမှာ ကိုယ်ကိုလှည့်လိုက်တယ်။ ဟိုဒီကြည့်တယ်။ ချွန်ထက်တဲ့အရာတစ်ခု လိုတယ် .... ဘာပဲဖြစ်ဖြစ် ရတယ် ....

ကန်ကြမ်းခင်းမှာ ကျောက်ခဲတွေရှိတယ်။ သူ ထိုးဆင်းသွားတယ်။ အလွန်ချွန်တဲ့ ကျောက်တုံးကိုယူပြီး ရုပ်ထုဘေး ပြန်လာခဲ့တယ်။ သူက ကျောက်ခဲ နဲ့ ရွန့်ကို ချည်နှောင်ထားတဲ့ ကြိုးကို တအားခုတ်ထစ်တယ်။ မိနစ်အနည်းငယ် ကြာတော့ ကြိုးပြတ်သွားတယ်။ ရွန်ဟာ သတိမရဘဲ ကန်ကြမ်းခင်းအထက် လက်မအနည်းငယ်မှာ ပေါလောပေါ်နေတယ်။ ရေလှိုင်းနဲ့အတူ လွင့်နေတယ်။

ဟယ်ရီက ဘေးဘီကြည့်တယ်။ တခြားသူ့ရဲ့ကောင်းတွေရဲ့ အရိပ်ကို မမြင်ရဘူး။ သူတို့ ဘာလုပ်နေတာလဲ။ ဘာဖြစ်လို့ မြန်မြန်မလုပ်တာလဲ။ သူ ဟာမီးဘေး ပြန်သွားတယ်။ ခဲကိုမပြီး သူမကိုယ်ပေါ်ကကြိုးကို ခုတ်ထစ်ပြန် တယ် ——

ချက်ချင်းပဲ သန်မာတဲ့ မီးခိုးရောင်လက်ကြီးတွေဟာ သူ့ကို ဖမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူတစ်ပိုင်းငါးတစ်ပိုင်း ခြောက်ယောက် ခုနစ်ယောက်ဟာ သူ့ကို ဟာမီး ဘေးက ဆွဲဖယ်တယ်။ သူတို့ဟာ ဆံပင်အစိမ်းနဲ့ ခေါင်းကိုခါပြီး ရယ်နေကြ တယ်။

"မင်းဟာ မင်းဓားစာခံပဲ ခေါ်သွားနိုင်တယ်" ရင်းတို့အနက် တစ် ယောက်က ဟယ်ရီ့ကို ပြောတယ်။ "ကျန်လူတွေကို ထားခဲ့ . . . ."

"မဖြစ်ဘူး" ဟယ်ရီက ဒေါသနဲ့ပြောတယ် —— ဒါပေမယ့် ပါးစပ် ထဲက ရေပူဖောင်းကြီးနှစ်လုံးပဲ ထွက်လာတယ်။

"ခင်ဗျားကဏ္ဍက မိမိမိတ်ဆွေကို ကယ်ထုတ်ဖို့ . . . . ကျန်လူတွေနဲ့ မဆိုင်ဘူး . . . ."

"သူမက ကျွန်တော့်မိတ်ဆွေ" ဟယ်ရီက ဟာမီးကို လက်ညှိုးထိုးပြပြီး အော်ပြောတယ်။ ငွေရောင်မွဲမွဲ လေပူဖောင်းကြီးက အသံမထွက်ဘဲ သူ့ပါးစပ် ထဲက ထွက်လာတယ်။ "ပြီးတော့ သူမတို့ကို မသေစေချင်ဘူး"

ချို-ချမ်းရဲ့ခေါင်းဟာ ဟာမီးပခုံးပေါ် မှီထားတယ်။ ငွေရောင်ဆံပင်နဲ့ ကောင်မလေးဟာ မျက်နှာပြာလာပြီ။ အသက်ရှိပုံမပေါ်တော့ဘူး။ ဟယ်ရီက လူတစ်ပိုင်းငါးတစ်ပိုင်းဆီက လွတ်အောင်ရုန်းတယ်။ ဒါပေမယ့် သူတို့ဟာ ပိုပြီးရယ်လာတယ်။ သူ့ကို ပြန်ဆွဲခေါ်လိုက်တယ်။ ဟယ်ရီဟာ မျှော်လင့်ချက် ကင်းမဲ့စွာ ပတ်ဝန်းကျင်ကို ကြည့်နေတယ်။ တခြားသူရဲကောင်းတွေ ဘယ် ရောက်ကုန်လဲ။ သူ ရွန့်ကို ရေပေါ်ပို့ပြီး၊ ဟာမီးနဲ့ တခြားလူတွေကို ပြန်ကယ် အချိန်ရပါဦးမလား။ သူ သူမတို့ကို ရှာလို့တွေ့ပါဦးမလား။ သူက လက်ပတ် နာရီကို ငုံ့ကြည့်တယ်။ အချိန်ဘယ်လောက် ကျန်သေးတယ်ဆိုတာ သိချင်တယ် —— နာရီရပ်သွားပြီ။

အဲဒီအချိန်မှာပဲ သူ့အနားက လူတစ်ပိုင်းငါးတစ်ပိုင်းတွေဟာ ဝမ်းသာအားရနဲ့ သူ့ခေါင်းပေါ်ကို လက်ညှိုးထိုးပြတယ်။ ဟယ်ရီ မော့်ကြည့် လိုက်တော့ စက်ဒရစ် သူတို့ဆီကူးလာတာ မြင်ရတယ်။ သူ့ခေါင်းနားမှာ ရေမရေပူဖောင်းကြီးရှိတယ်။ သူ့ဒွာရငါးပါးဟာ ဆွဲဆန့်ထားသလိုပဲ၊ အလွန် ရယ်စရာဖြစ်နေတယ်။

"လမ်းမှားသွားတယ်" သူက ပါးစပ်ပုံစံနဲ့ ပြောတယ်။ အလွန် ပြာနေ ရတယ်။ "ဖလောအာနဲ့ ခရွန်းမ်လဲ လာတော့မယ်"

ဟယ်ရီဟာ ရင်ထဲက အလုံးကြီး ကျသွားတယ်လို့ ခံစားရတယ်



စက်ဒရစ်ဟာ အိတ်ကပ်ထဲက ဓားကလေးကိုထုတ်ပြီး ကြိုးကိုဖြတ်ကာ ချို-ချမ်း ကို ကယ်ထုတ်တယ်။ သူဟာ ချို-ချမ်းကိုဆွဲပြီး အထက်သို့ ကူးတတ်သွားတာ အကာလေးနဲ့ မတွေ့ရတော့ဘူး။

ဟယ်ရီက ဟိုဒီကြည့်ရင်း စောင့်နေတယ်။ ဖလောအာနဲ့ ခရွန်းမ် တွေ့ပါလား။ အချိန်သိပ်မရှိတော့ဘူး။ အဲဟိုသီချင်းထဲမှာဆိုထားသလို အချိန် တစ်နာရီလွန်ရင်၊ ဓားစာခံတွေကို ရှာလို့မရတော့ဘူး . . . .

လူတစ်ပိုင်းငါးတစ်ပိုင်းတွေ ရုတ်တရက် ပျော်ရွှင်စွာ စူးစူးရှရှ အော် လာတယ်။ အဲဟို ဟယ်ရီ့ကိုဖမ်းထားတဲ့ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ လက်လွှတ် လိုက်တယ်။ နောက်ဘက်လှည့်ပြီး ကြည့်နေတယ်။ ဟယ်ရီ လှည့်ကြည့်တော့ ရာမအရာကြီးတစ်ခု သူတို့ဘက် ကူးလာတာ မြင်ရတယ်။ အောက်မှာက ကိုယ်ခန္ဓာ၊ ရေကူးဘောင်းဘီ ဝတ်ထားတယ်။ အပေါ်ဘက်က ငမန်းခေါင်း . . . . အဲဒါ ခရွန်းမ်။ သူဟာ မိမိကိုယ်မိမိ ရုပ်ပြောင်းတယ်နဲ့တူတယ် —— ဒါပေမယ့် သိပ်မအောင်မြင်ဘူး။

လူတစ်ပိုင်းငါးမန်းတစ်ပိုင်းခရွန်းမ်ဟာ ဟာမီးဆီ တန်းသွားပြီး သူမ ကိုယ်ပေါ်က ကြိုးတွေကို ဆွဲဖြတ်ကိုက်ဖြတ်တယ်။ ခရွန်းမ်ရဲ့ သွားသစ်ဖွဲ့စည်းပုံ ဟာ ဘစ်မျိုးကြီးမို့ လဘိုင်ထက်ငယ်တဲ့အရာဆိုရင် ကိုက်ရတာ တစ်မျိုးကြီးပဲ။ ပြီးတော့ ခရွန်းမ်လုပ်ပုံက သိပ်သတိမထားလို့ ဟာမီးကို နှစ်ခြမ်းဖွဲ့ပစ်တော့မလို ဖြစ်နေတယ်ဆိုတာ ဟယ်ရီ သေချာပြောနိုင်တယ်။ ဟယ်ရီက ရှေ့တက်သွားပြီး ခရွန်းမ်ပခုံးကို တအားပုတ်လိုက်တယ်။ ဟိုကျောက်တုံးချွန်ချွန်ကို မြှောက်ပြ တယ်။ ခရွန်းမ်က ဆွဲယူပြီး ဟာမီးကိုယ်ပေါ်ကကြိုးကို စတင်ခုတ်ဖြတ်တယ်။ စက္ကန့်အနည်းငယ်ကြာတော့ သူအောင်မြင်သွားတယ်။ သူက ဟာမီးခါးကို ဆွဲပြီး၊ လှည့်တောင်မကြည့်တော့ဘဲ ရေပေါ်သို့ အလျင်အမြန် တန်းတက်သွား တယ်။

အခု ဘယ်လိုလုပ်မလဲ။ ဟယ်ရီက စိတ်ပူစွာ စဉ်းစားတယ်။ ဖလော အာ လာနေမှန်း သေချာသိရင် . . . . သူမအရိပ်တောင် မမြင်ရဘူး။ တခြား နည်းလမ်း မရှိတော့ဘူး။ ဒါပဲ . . . .

သူက ခရွန်းမ်ပစ်ချခဲ့တဲ့ ကျောက်တုံးကို ယူလိုက်တယ်။ ဒါပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းတွေဟာ ရွန်နဲ့ ကလေးမလေးကို ဝန်းရံထားတယ်။ သူ့ကို အားခေါင်းခါပြတယ်။ ဟယ်ရီက မော့်ကြိမ်လုံး ဆွဲထုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပေး"

သူ့ပါးစပ်ထဲက လေပူဖောင်းတစ်စ်တွဲ ထွက်လာတယ်။ ဒါပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းတွေ သူ့သဘောကို နားလည်မှန်း သူသိတယ်။ သူတို့ ရုတ်တရက် မရယ်ကြတော့လို့။ မျက်လုံးဝါဝါတွေဟာ ဟယ်ရီ့မှော်ကြိမ်လုံးကို စိုက်ကြည့်နေတယ်။ အလွန်ကြောက်နေပုံရတယ်။ ၎င်းတို့ဟာ လူများတယ်။ သူက တစ်ယောက်တည်း။ ဒါပေမယ့် သူတို့ မျက်နှာပေါ်က အမူအရာအရ ၎င်းတို့ဟာ ရေမပြည်ကြီးငါးကြီးလိုပဲ၊ မှော်ပညာနည်းနည်းမှ မတတ်ဘူးဆိုတာ ဟယ်ရီ တွေ့ရတယ်။

"သုံးထိခေါ်မယ်" ဟယ်ရီက အော်ပြောတယ်။ လေပူဖောင်းကြီးတွေ သူ့ပါးစပ်ထဲက ပန်းထွက်လာတယ်။ သူက လက်သုံးချောင်းထောင်လိုက်တယ်။ သူတို့ သူ့စကားကို နားလည်စေချင်တယ်။ "တစ် . . . ." (သူက လက်ချောင်းတစ်ချောင်းကို ချိုးလိုက်တယ်) "နှစ် . . . ." (သူက လက်ချောင်းတစ်ချောင်း ချိုးလိုက်ပြန်တယ်) ——

လူတစ်ပိုင်းငါးတစ်ပိုင်းတွေ ရှဲသွားကြတယ်။ ဟယ်ရီက ရှေ့တက်ပြီး ကလေးမလေးကို ရုပ်ထုမှာ ချည်ထားတဲ့ကြိုးကို ဖြတ်တယ်။ နောက်ဆုံး သူမလည်း လွတ်လပ်သွားတယ်။ ဟယ်ရီက ကလေးမလေးကို ခါးကချီပြီး ရွှန်းဝတ်ရုံရှည် လည်ပင်းကို ဖမ်းကိုင်ကာ ခြေနှစ်ဖက်ကန်ပြီး ရေအောက်က တက်သွားတယ်။

သူ တိုးသွားတာ သိပ်နှေးတယ်။ သူဟာ ဘဲခြေလိုလက်ကို ယက်ရင်း ကိုယ်ကို ရှေ့တိုးအောင် လုပ်ရခက်နေတယ်။ သူဟာ ဘဲခြေကို တအားရိုက်ခတ်တယ်။ ဒါပေမယ့် ရွှန်နဲ့ ဖလေအာရဲ့ ညီမလေးဟာ အာလူးတွေ အပြည့်ထည့်ထားတဲ့အိတ်လို သူ့ကို အောက်ဆွဲချနေတယ် . . . . သူဟာ မိုးပေါ်ကို ကြည့်တယ်။ မိမိရေနက်ထဲမှာပဲရှိတာ သူသိတယ်။ ရေမျက်နှာပြင်ကို လှမ်းကြည့်တာ မည်းမှောင်နေတာပဲ . . . .

လူတစ်ပိုင်းငါးတစ်ပိုင်းဟာ သူနဲ့အတူ ရေကူးတက်လာတယ်။ ၎င်းတို့ဟာ သူ့ဘေးမှာ ပေါ့ပါးသွက်လက်စွာ ကူးခတ်နေရင်း သူ ရေထဲမှာ ရုန်းကန်နေတာကို ကြည့်နေတယ် . . . . အချိန်ရောက်တာနဲ့ ၎င်းတို့က သူ့ကို ရေအောက်ပြန်ဆွဲခေါ်သွားမှာလား။ ၎င်းတို့ လူသားစားလား။ ဟယ်ရီဟာ အစွမ်းကုန်အားကုန်ထုတ်ကူးခတ်တယ်။ နောက်ဆုံး ခြေနှစ်ဖက်စလုံး တောင့်သွား



တယ်။ ပခုံးလည်း ရွှန်နဲ့ ကလေးမလေး ဆွဲရတာကြောင့် သေအောင်နာနေတယ် . . . .

သူဟာ ကြာလေ အသက်ရှူကြပ်လာလေပဲ။ လည်ပင်းနှစ်ဘက်မှာ နာနိုင်အောင် နာလာတယ် . . . . သူ့ပါးစပ်ထဲက ကန်ရေဟာ ဘယ်လောက်စွတ်စိုပြီး ဘယ်လောက်အေးစက်မှန်း သူ စသိလာပြီ . . . . ဒါပေမယ့် လေးပင်ရဲ့အနက်ရောင်ဟာ ကြာလေဖျော့တော့လာလေပဲ . . . . အပေါ်ဘက် မိုးကောင်းကင်အရောင်ကို သူ တွေ့ရပြီ . . . .

သူက ဘဲခြေလို ခြေနှစ်ဖက်နဲ့ ရေကို တအားကန်တယ်။ ၎င်းတို့ဟာ ခြေထောက် ပြန်ဖြစ်နေတာ တွေ့ရတယ် . . . . သူဟာ မူးဝေလာတယ်။ ဒါပေမယ့် နေရောင်နဲ့ လေထုဟာ ဆယ်ပေအထက်မှာရှိတာ သူသိတယ် . . . . သူ အဲဒီကိုရောက်ရမယ် . . . . မုချပဲ . . . .

ဟယ်ရီဟာ ခြေနဲ့ ရေကိုကန်တယ်။ အရှိန်က သိပ်မြန်ပြီး အားလည်း အကြီးကြီးသုံးတယ်။ သူ့ကြွက်သားတွေဟာ အော်ဟစ်ပြီး ကန့်ကွက်နေသလိုပဲ။ သူ့ခေါင်းထဲမှာလည်း ရေပြည့်နေသလိုပဲ။ သူ အသက်ရှူလို့ မရတော့ဘူး။ သူ အောက်စီဂျင် လိုတယ်။ သူ ရှေ့တိုးရမယ်။ ရပ်လို့မဖြစ်ဘူး ——

ရုတ်တရက် မိမိခေါင်း ရေပေါ်ပေါ်လာတယ်လို့ သူ ခံစားရတယ်။ ကောင်းမွန်တဲ့၊ လတ်ဆတ်တဲ့၊ အေးမြတဲ့လေဟာ စိုနေတဲ့ သူ့မျက်နှာပေါ် ရိုက်ခတ်သွားတယ်။ သူ နာကျင်နေတယ်။ လေကို ရှိုက်ရှိုက်ရှူနေတယ်။ တစ်သက်လုံး ကောင်းကောင်းအသက်မရှူဖူးဘူးလို့ ခံစားရတယ်။ သူဟာ အသက်လုရှူရင်း ရွှန်နဲ့ကလေးမလေးကိုဆွဲပြီး ရှေ့သို့ ဆက်တက်တယ်။ သူ့ဘေးမှာ အစိမ်းရောင်ဆံပင်ဖလပွနဲ့ ခေါင်းတွေဟာ အတူတကွ ရေပေါ် ပေါ်လာတယ်။ ဒါပေမယ့် သူတို့က သူ့ကို သဘောကောင်းစွာ ပြုံးပြနေတယ်။

ပွဲကြည့်စင်ပေါ်မှာ လူသံတွေ အုန်းအုန်းကြွက်ကြွက် ဖြစ်နေတယ်။ အော်ကြဟစ်ကြနဲ့ အားလုံးလောက် မတ်တတ်ရပ်နေကြတယ်။ သူတို့ဟာ ရွှန်နဲ့ ကလေးမလေး သေပြီထင်လို့လို့ ဟယ်ရီက ထင်တယ်။ ဒါပေမယ့် သူတို့ မှားသွားပြီ . . . . ရွှန်နဲ့ ကလေးမလေးတို့ နှစ်ယောက်စလုံး မျက်စိဖွင့်ကြည့်ကြတယ်။ ကလေးမလေးဟာ ထိတ်လန့်ပြီး နဝေတိမ်တောင် ဖြစ်နေတယ်။ ရွှန်ကတော့ ကန်ရေ တစ်လုတ်ကြီး ထွေးထုတ်ပြီး၊ ထွန်းလင်းတဲ့နေရောင်အောက်မှာ မျက်တောင်သုံးလေးချက် ခတ်လိုက်ကာ ဟယ်ရီဘက် လှည့်ပြော

www.burmeseclassic.com



ဘယ်။ "အားလုံးစိုကုန်ပြီ၊ ဟုတ်လား" ဒီနောက် သူဟာ ဖလောအာရဲ့ ညီမလေး ကို မြင်သွားတယ်။ "မင်း ဘာဖြစ်လို့ သူမကို ခေါ်လာတာလဲ"

"ဖလောအာ ပေါ်မလာတော့ ငါ သူမကို ပစ်ထားလို့မဖြစ်ဘူး" ဘယ်ရီက မောဟိုက်ရင်း ဖြေတယ်။

"ဟယ်ရီ မင်းဝေဒနာပဲ" ရွန်က ပြောတယ်။ "မင်း ဟိုသီချင်းကို တကယ် များ ထင်နေသလား။ ဒမ်ဘလီဒိုးက ငါတို့ထဲက ဘယ်သူ့ကိုမှ ရေနစ်အသေခံ မှာ မဟုတ်ဘူး"

"ဟိုသီချင်းက ပြောတယ် ——"

"အဲဒါ မင်းတို့ကို သတ်မှတ်အချိန်အတွင်း ပြန်လာစေချင်လို့" ရွန်က ပြောတယ်။ "မင်း ရေအောက်မှာ သူရဲကောင်းလုပ်နေတာနဲ့ အချိန် အလကား မကုန်ပါစေနဲ့လို့ ဆုတောင်းတယ်"

ဟယ်ရီဟာ စိတ်လည်းကုန်၊ ဒေါသလည်းဖြစ်မိတယ်။ ရွန့်အဖို့ ဒါတွေ ဟာ ဘာမှမဟုတ်ဘူး။ သူ အိပ်ပျော်နေတယ်။ ကန်အောက်ပိုင်းက မှောင်မည်း ပြီး ကြောက်စရာကောင်းတာ သူ မခံစားရဘူး။ ပတ်ဝန်းကျင်မှာ လှံကိုင်တဲ့ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ၊ အားလုံး လူသတ်သမားဝါရင့်ကြီးတွေလိုပဲ။

"တော်ပြီ" ဟယ်ရီက မကျေနပ်ဘဲ ပြောတယ်။ "သူမကို ကူဆွဲပါဦး သူမ သိပ်ရေမကူးတတ်ဘူးနဲ့တူတယ်"

သူတို့ဟာ ဖလောအာရဲ့ ညီမလေးကိုဆွဲရင်း ရေထဲဖြတ်ပြီး ကမ်းဆီ လာခဲ့တယ်။ ဒိုင်လူကြီးတွေရပ်ပြီး ကြည့်နေတယ်။ လူတစ်ပိုင်းငါးတစ်ပိုင် အယောက်နှစ်ဆယ်လောက် သူတို့ဘေးမှာ အခမ်းအနားလုပ်သလို တန်း ရပ်နေတယ်။ အသံစူးစူးနဲ့ နားထောင်လို့ မကောင်းတဲ့ သီချင်းတွေ ဆိုနေတယ်

မဒမ်ပွမ်ဖရေဟာ ရေးကြီးခွင်ကျယ်နဲ့ ဟာမီး၊ ခရွန်းမ်၊ စက်ဒရစ် ချို-ချမ်းဘေးမှာ အလုပ်ရှုပ်နေတာ ဟယ်ရီ မြင်ရတယ်။ သူတို့အားလုံး စောင် ထူထူနဲ့ ပတ်ထားကြတယ်။ ဟယ်ရီ၊ ရွန် ကမ်းစပ်ရောက်လာတော့ ဒမ်ဘလီဒိုး နဲ့ လူဒို-ဘက်ဂမင်းက ပြုံးပြီး သူတို့ကို ကြည့်နေတယ်။ ဖတ်စီမျက်နှာ ဖြူဖပ် ဖြူယော် ဖြစ်နေတယ်။ သူ့ကြည့်ရတာ ခါတိုင်းထက် လေးငါးနှစ် ငယ်သွား သလိုပဲ။ သူတို့ကို အလောတကြီးပြေးပြီး ကြိုဆိုတယ်။ ဒါနဲ့ တစ်ချိန်တည်းမှာ မဒမ်မက်ဆင်းက ဖလောအာကို တအားဆွဲထားတယ်။ ဖလောအာဟာ ထိန်း မနိုင်ဘဲ ရေထဲခုန်ချဖို့ တအားရုန်းနေတယ်။



"ဂါဘရီ၊ ဂါဘရီ၊ သူမ အသက်ရှင်နေသေးလား၊ သူမ ဒဏ်ရာရလား"

"သူမ ကောင်းပါတယ်" ဟယ်ရီက ပြောပြချင်တယ်။ ဒါပေမယ့် သူ သိပ်ပင်ပန်းလို့ စကားတောင်' မပြောနိုင်တော့ဘူး။ အော်ပြောဖို့ဆိုတာ ဝေ လာဝေး။

ဖတ်စီက ရွန့်ကို ကမ်းပေါ် ဆွဲတင်တယ်။ ("လွှတ်၊ ဖတ်စီ။ ငါ ဘာမှ မဖြစ်ဘူး")။ ဒမ်ဘလီဒိုးနဲ့ ဘက်ဂမင်းက ဟယ်ရီ့ကို ဆွဲထူတယ်။ ဖလောအာ ဟာ မဒမ်မက်ဆင်းတားတာကို ရုန်းထွက်ပြီး ညီမလေးကို ဖက်ထားလိုက်တယ်။

"ဂရင်းဒီလိုးတွေ . . . . အဲဒီ ဂရင်းဒီလိုးတွေက ငါ့ကို တိုက်ခိုက် ဘယ် . . . . အော၊ ဂါဘရီ၊ ငါက ထင်တယ် . . . . ငါက ထင်တယ်"

မင်းတို့အားလုံး ဒီကိုလာပါ" မဒမ်ပွမ်ဖရေက ပြောတယ်။ သူမဟာ ဟယ်ရီကိုဆွဲပြီး ဟာမီးနဲ့ တခြားလူတွေအနား ခေါ်သွားတယ်။ စောင်တစ်ထည် နဲ့ လုံလုံခြုံခြုံ ထုပ်ထားပေးတယ်။ ဟယ်ရီဟာ အကျဉ်းသားနဲ့ အရူးတွေကို ချုပ်ထိန်းတဲ့ တင်းကျပ်အင်္ကျီ ဝတ်ထားသလို ခံစားရတယ်။ မဒမ်ပွမ်ဖရေဟာ ူခပ်တဲ့ဆေးရည်ကို သူ့ပါးစပ်ထဲ အတင်းလောင်းထည့်တယ်။ ချက်ချင်းပဲ အပူငွေ့ဟာ သူ့နားထဲက ထွက်လာတယ်။

"ဟယ်ရီ၊ သိပ်တော်တယ်" ဟာမီးက အော်ပြောတယ်။ "နင် အောင် မြင်ပြီ။ နင့် နင့်ဖာသာ ဖြေရှင်းနိုင်တာ"

"စင်စစ် —— ဟယ်ရီက ပြောတယ်။ သူက သူမကို ဒေါ့ဘီ အကြောင်းပြောမယ်လုပ်တုန်းမှာ၊ လှည့်ကြည့်လိုက်တော့ ခါခါရော့ဖ် မိမိကို ကြည့်နေတာ တွေ့လိုက်ရတယ်။ ဒိုင်လူကြီးတွေထဲမှာ သူတစ်ယောက်ပဲ စားပွဲ က မထတာ။ သူသာလျှင် ဟယ်ရီ၊ ရွန်နဲ့ ဖလောအာရဲ့ ညီမလေး ကောင်းမွန် စွာ ပြန်ရောက်လာပြီး ဝမ်းသာခြင်း၊ စိတ်ချမ်းသာမှုရခြင်းကို မဖော်ပြတဲ့လူ ဖြစ်တယ်။ "ဟုတ်တယ်၊ မှန်တယ်" ဟယ်ရီက တစ်မျိုးပြောင်းပြောလိုက်တယ်။ ကမင်လည်း အသံကိုမြှင့်ပြီး ခါခါရော့ဖ်ကြားအောင် ပြောတယ်။

"ခင်ဗျားဆံပင်ထဲမှာ ရေပိုတုန်းတစ်ကောင် ရှိတယ်။ ဟာ-မီ-အင်" ခရွန်းမ်က ပြောတယ်။ ခရွန်းမ်က ဟာမီးရဲ့ စိတ်ဝင်စားမှုကို မိမိပေါ် ဆွဲခေါ် တယ်လို့ ဟယ်ရီ ထင်တယ်။ ဟာမီးကို ခုနက ကန်အောက်ကနေ ကယ်ခဲ့တာ သူပါပဲလို့ သတိပေးတာလဲ ဖြစ်မယ်။ ဒါပေမယ့် ဟာမီးဟာ စိတ်မရှည်ဘဲ ရေပိုတုန်းကို ခါပစ်ပြီး ပြောတယ်။ "ဒါပေမယ့် ဟယ်ရီ၊ နင် အချိန်လွန်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



. . . . နင် ငါတို့ကိုတွေ့ဖို့ အချိန်အများကြီး ကုန်သွားသလား"

"ဟင့်အင်း . . . ငါ နင်တို့ကိုတွေ့တာ နောက်မကျဘူး . . . ."

ဟယ်ရီဟာ မိမိ သိပ်ကို အ,လွန်းတယ်လို့ ထင်လာတယ်။ အခု သူ့ရေပြင်က ခွဲခွာလာပြီးမှ ဒမ်ဘလီဒိုးဟာ ထိရောက်တဲ့ လုံခြုံရေးစီမံထားမှာ သေချာတယ်ဆိုတာ ရှင်းလင်းစွာ သိလာတယ်။ မားစာခံတွေ သူ့ရဲကောင်း လာမကယ်လို့ အသက်ဆုံးရှုံးတာ ခွင့်မပြုဘူး။ ဒါဟာ ရှင်းနေတဲ့ကိစ္စပဲဟာ။ သူ ဘာဖြစ်လို့ ရွန့်ကို ဆွဲခေါ်ပြီး တန်းမပြန်ရတာလဲ။ သူ ပထမဆုံး ပြန်လာလို့ ရတာပဲဟာ . . . . စက်ဒရစ်နဲ့ ခရွန်းမ်ဟာ သူများအတွက် စိတ်ပူဖို့ အချိန် မဖြုန်းဘူး။ သူတို့က လူတစ်ပိုင်းငါးတစ်ပိုင်းရဲ့ သီချင်းကို အတည်မမှတ်ဘူး။

ဒမ်ဘလီဒိုးဟာ ရေဘေးမှာ ဆောင့်ကြောင့်ထိုင်နေတယ်။ ခေါင်းဆောင်ပုံပေါက်တဲ့ ကြမ်းတမ်းပြီး ရိုင်းစိုင်းတဲ့ ရေသူမနဲ့ နက်နက်ရှိုင်းရှိုင်း စကားပြောနေတယ်။ ဒမ်ဘလီဒိုးဟာ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ ရေပေါ်မှာ ထွက်တဲ့ နားစူးတဲ့အသံမျိုး ထွက်နေတယ်။ သူလည်း လူတစ်ပိုင်းငါးတစ်ပိုင်း စကားပြောတတ်တာ သေချာတယ်။ နောက်ဆုံး သူ မတ်တတ်ရပ်လိုက်ပြီး ကျန်ဒိုင်လူကြီးတွေဘက်လှည့်ပြီး ပြောတယ်။ "အစည်းအဝေးလေး ခဏထိုင်ပြီးမှ အမှတ်ပေးတာပေါ့"

ဒိုင်လူကြီးတွေ စုဝေးနေကြတယ်။ မဒမ်ဖွမ်ဖရေက ဖတ်စီတင်းတင်း ဖက်ထားတဲ့ထဲက ရွန့်ကို ကယ်ထုတ်ပြီး၊ သူ့ကို ဟယ်ရီနဲ့ တခြားလူတွေရှိရာ ခေါ်လာတယ်။ သူ့ကို စောင်တစ်ထည်နဲ့ ငရုပ်ကောင်းဆေးရည် ပေးတယ်။ ဒီနောက် တစ်ခါ ဖလောအာနဲ့ ၎င်းရဲ့ညီမလေးကို ခေါ်လာတယ်။ ဖလောအာရဲ့ မျက်နှာနဲ့ လက်မောင်းတွေမှာ ဒဏ်ရာတွေနဲ့၊ ဝတ်ရုံရှည်လည်း ပြဲနေပြီ။ ဒါပေမယ့် သူမက အရေးမလုပ်ဘူး၊ မဒမ်ဖွမ်ဖရေ သူမကို ဆေးကြောပေးတာလည်း မခံဘူး။

"ဂါဘရီကို သွားပြုစုပါ" သူက မဒမ်ဖွမ်ဖရေကို ပြောပြီး ဟယ်ရီဘက် လှည့်ပြောတယ်။ "ရှင် သူမကို ကယ်တယ်" သူမဟာ စိတ်လှုပ်ရှားလို့ အသံ ရှုတောင် မမှန်ဘူး။ "သူမက ရှင့်မားစာခံ မဟုတ်ပေမယ့် ကယ်တယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ အခု သူဟာ ထိုစဉ်က အဲဒီ မိန်းကလေးသုံးယောက်ကို ပစ်ထားခဲ့ရင် ကောင်းမယ်လို့ ထင်လာတယ်။ သူ့တို့ကို ရုပ်ထုမှာ ချည်ထားတဲ့အတိုင်း ထားခဲ့ရမှာ။



ဖလောအာက ခေါင်းငုံ့ပြီး ဟယ်ရီရဲ့ ပါးနှစ်ဘက်ကို တစ်ချက်စီ နမ်းလိုက်တယ် (ဟယ်ရီဟာ သူ့မျက်နှာ မီးလောင်သလို ခံစားရတယ်၊ မိမိ နားထဲကပါ အပူငွေ့ထွက်လာရင်၊ သူ အံ့သြမှာမဟုတ်ဘူး)။ ဒီနောက် ရွန့်ကို ပြောပြန်တယ်။ "ပြီးတော့ ရှင် —— ရှင်လဲ ကူညီတယ် —— "

"ဟုတ်တယ်" ရွန်က ပြောတယ်။ မျှော်လင့်နေတဲ့ပုံစံနဲ့။ "ဟုတ်တယ် လေ၊ နည်းနည်းကူညီတယ် ——"

ဖလောအာက သူ့ကိုလည်း ကုန်းပြီးနမ်းလိုက်တယ်။ ဟာမီးကြည့်ရတာ သိပ်ဒေါပွနေသလိုပဲ။ ဒါပေမယ့် ဒီအချိန်မှာပဲ လူဒို-ဘက်ဂမင်းရဲ့ မှော်ဆန်တဲ့ အသံကြီး သူတို့နားနားမှာ ရုတ်တရက် ပေါ်လာတယ်။ သူတို့ လန့်သွားတယ်။ ပွဲကြည့်စင်ပေါ်က ပရိသတ်လည်း ချက်ချင်း ငြိမ်ကျသွားတယ်။

"အမျိုးသမီးများနဲ့ အမျိုးသားများခင်ဗျား၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချပါပြီ။ လူတစ်ပိုင်းငါးတစ်ပိုင်းခေါင်းဆောင် မားကပ်စ်ဟာ ရေကန်အောက်က အဖြစ်အပျက်ကို မူရင်းအတိုင်း ကျွန်ုပ်တို့ကို ပြောပြတယ်။ အမှတ်ပြည့် ငါးဆယ်မှတ်ကို အခြေခံပြီး၊ သူ့ရဲကောင်းအသီးသီးကို အောက်ပါအတိုင်း အမှတ်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ် . . . .

"မစ်ဖလောအာ-ဒယ်လာခေါ်ဟာ ရေမြှုပ်ခေါင်းဂါထာကို ပိုင်နိုင်စွာ အသုံးပြုနိုင်ပေမယ့်၊ ရည်မှန်းချက်ရောက်ခါနီးမှာ ဂရင်းဒီလိုးများ တိုက်ခိုက်တာခံရတဲ့အတွက် မားစာခံကို အောင်မြင်စွာ ကယ်မထုတ်နိုင်ခဲ့ဘူး။ ကျွန်ုပ်တို့က သူမကို နှစ်ဆယ့်ခုနစ်မှတ် ပေးတယ်"

ပွဲကြည့်စင်ပေါ်က လက်ခုပ်သံတွေ ပေါ်လာတယ်။

"ကျွန်မ သုည ရရမှာ" ဖလောအာဟာ သူမရဲ့ လှပတဲ့ခေါင်းကို ခါလိုက်ပြီး ဗလုံးအက်အက်နဲ့ ပြောတယ်။

"မစ္စတာ စက်ဒရစ်-ဒစ်ဂိုရီဟာလဲ ရေမြှုပ်ခေါင်းဂါထာသုံးတယ်။ သူဟာ ပထမဆုံး မားစာခံကို ပြန်ခေါ်လာတဲ့လူပဲ။ ဒါပေမယ့် သူဟာ သတ်မှတ်အချိန်တစ်နာရီထက် တစ်မိနစ် ပိုသွားတယ်" လူအုပ်ထဲက ဟပ်ဖဲလ်ပတ်ကျောင်းသားတွေ လှိုက်လှဲစွာ သြဘာပေးကြလို့ နားကွဲမတတ် ဆူညံသွားတယ်။ ချိုချန်းဟာ လှိုက်လှဲတဲ့အကြည့်နဲ့ စက်ဒရစ်ကို ကြည့်လိုက်တာ ဟယ်ရီ မြင်ရတယ်။ "ဒါကြောင့် ကျွန်ုပ်တို့က သူ့ကို လေးဆယ့်ခုနစ်မှတ် ပေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ့နှလုံးသား နိမ့်ဆင်းသွားသလိုပဲ။ တကယ်လို့ စက်ဒရစ်တောင် သတ်မှတ်အချိန်ထက် လွန်သွားရင်၊ သူလဲ မုချအချိန်လွန်မှာပဲ။

“မစ္စတာ ဗစ်ခတာ-ခရွန်းမ်က ရုပ်ပြောင်းပညာကို သုံးတယ်။ အပြည့်အဝ မလုပ်နိုင်ပေမယ့် အလွန်အကျိုးရှိပါတယ်။ သူက ဓားစာခံကို ဒုတိယ ပြန်ခေါ်လာသူ ဖြစ်တယ်။ ကျွန်ုပ်တို့ သူ့ကို အမှတ်လေးဆယ် ပေးတယ်”

ခါခါရော့ဖ် အထူးတက်ကြွစွာ လက်ခုပ်တီးတယ်။ အလွန်ကျေနပ်တဲ့ပုံ ပေါ်နေတယ်။

“မစ္စတာ ဟယ်ရီ-ပေါ်တာက ပါးဟက်ပင်သောက်တဲ့အတွက် အံ့သြလောက်တဲ့ အကျိုးသက်ရောက်မှုရှိတယ်” ဘက်ဂမင်းက ဆက်ပြောတယ်။ “သူက နောက်ဆုံးမှ ပြန်လာတယ်၊ သတ်မှတ်ချိန်တစ်နာရီထက် အများကြီး အချိန်လွန်သွားတယ်။ သို့ပေမယ့် လူတစ်ပိုင်းငါးတစ်ပိုင်းခေါင်းဆောင် ရေသူက ကျွန်ုပ်တို့ကို ပြောပြတာက၊ မစ္စတာ ပေါ်တာဟာ ပထမဆုံး ဓားစာခံတွေကို ရှာတွေ့တာ။ သူ အချိန်မီ ပြန်မလာနိုင်တာဟာ ဓားစာခံအားလုံး လုံခြုံစွာ ပြန်ခေါ်လာနိုင်ရေးကို ရှေ့တန်းထားလို့၊ မိမိရဲ့ ဓားစာခံတစ်ယောက်ထဲကိုသာ ဂရုစိုက်တာ မဟုတ်လို့တဲ့”

ရွန်နဲ့ ဟာမီးဟာ စိတ်မကောင်းခြင်းတစ်ဝက်၊ စာနာခြင်းတစ်ဝက်နဲ့ ဟယ်ရီ့ကို ကြည့်လိုက်တယ်။

“ဒိုင်လူကြီးအများစုက” ဒီနေရာရောက်တော့ ဘက်ဂမင်းက အလွန်မကျေမနပ်နဲ့ ခါခါရော့ဖ်ကို ကြည့်လိုက်တယ်။ “ဒါဟာ မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားကို ဖော်ပြတာပဲလို့ ယူဆတယ်။ သို့ပေမယ့် . . . . မစ္စတာပေါ်တာရဲ့ အမှတ်က လေးဆယ့်ငါးမှတ်”

ဟယ်ရီ့ရင်တွေ ဝမ်းသာလို့ခုန်နေတယ် —— သူဟာ ပထမဆုံး အကြိမ်အားဖြင့် စက်ဒရစ်နဲ့ သရေဖြစ်သွားတယ်။ ရွန်နဲ့ဟာမီးတို့ တအား အံ့သြသွားတယ်။ ဟယ်ရီ့ကို ငိုင်ကြည့်နေတယ်။ ဒီနောက် ဝမ်းသာစွာ တဟားဟားရယ်ကြတယ်။ တခြားပရိသတ်တွေနဲ့အတူ လက်ခုပ်တအားတီးကြတယ်။

“တယ်ဟုတ်ပါလား၊ ဟယ်ရီ” ရွန်က ဆူညံသံတွေကြားက အော်ပြောတယ်။ “မင်း အ,တာမဟုတ်ဘူးကိုး —— မင်းက ကိုယ်ကျင့်တရားကို ဖော်ပြတာ”

ဖလောအာဟာလည်း လက်ခုပ်တအားတီးတယ်။ ဒါပေမယ့် ခရွန်းမ်က



အလွန်မကြိုက်ပုံ ပေါ်နေတယ်။ သူက ဟာမီးနဲ့ စကားပြောချင်ပြန်တယ်၊ ဒါပေမယ့် သူမက ဟယ်ရီ့အတွက် အော်ဟစ်သြဘာပေးနေတယ်။ သူ့ကို ရှုမစိုက်ဘူး။

“နောက်ဆုံးကဏ္ဍလဲဖြစ်တဲ့ တတိယကဏ္ဍကို ဇွန်လ ၂၄ရက်နေ့ ညနေမှာ ယှဉ်ပြိုင်မယ်” ဘက်ဂမင်းက ဆက်ပြောတယ်။ “သူ့ရဲကောင်းတွေဟာ တစ်လကြိုပြီး ယှဉ်ပြိုင်ရမယ့်ကဏ္ဍရဲ့ အခိုင်အမာအတွင်းသဘောကို သိခွင့်ရမယ်။ သူ့ရဲကောင်းများကို ထောက်ခံတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်”

ပြီးဆုံးပြီ။ ဟယ်ရီက ဇဝေဇဝါ တွေးတယ်။ အခု မဒမ်ပွမ်ဖရေဟာ သူ့ရဲကောင်းတွေနဲ့ ဓားစာခံတွေကို ရဲတိုက်ပြန်ပြီး ခြောက်သွေ့တဲ့ အဝတ်အစားသို့ စတင်လိုက်ပို့ပြီ . . . . ပြီးဆုံးပြီ . . . . ဇွန်လ ၂၄ရက်နေ့အထိ သူ ဘာမှ စိတ်ပူစရာမလိုတော့ဘူး . . . .

ဟယ်ရီဟာ ရဲတိုက်ထဲဝင်မယ့် ကျောက်လှေကားထစ်ကို နင်းမိတာနဲ့ စိတ်ထဲမှာ တွေးတယ်။ နောက်တစ်ကြိမ် ဟော့ဂ်စ်မိဒ်ရွာကို သွားရင်၊ ဖော့ဘီကို ခြေအိတ်တစ်ပုံကြီး ဝယ်ပေးရမယ်။ တစ်နှစ်ပတ်လုံး နေ့စဉ် ခြေအိတ်အသစ် စီးနိုင်အောင် သူ့ကို ပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၂၇။ ခြေပြားကြီး ပြန်လာပြီ

ဒုတိယကဏ္ဍပြီးဆုံးပြီးနောက် အကောင်းဆုံးကိစ္စကတော့ ကန်ကြ
အောက်ခြေမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စကို အများက သိချင်နေတာပဲ။ ဒါက ရှန်ဟ
လည်း သူ့ဘဝမှာ ပထမဆုံးအကြိမ်အားဖြင့် ဟယ်ရီ့လိုပဲ လူတွေစိတ်ဝင်စာ
ရတယ်။ ရှန်ဟာ ပုံပြင်ကို တစ်ခါပြီးတစ်ခါ ပြောတယ်။ ပြောတိုင်း နည်းနည်
ကွာခြားတယ်ဆိုတာ ဟယ်ရီ သတိထားမိတယ်။ စစချင်းမှာ သူပြောတာ အဖြ
မှန်နဲ့ ကိုက်ညီသေးတယ်။ ဟာမီးပြောတာနဲ့ အများအားဖြင့် အတူတူပဲ —
ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ ရုံးခန်းထဲမှာ ဒမ်ဘယ်လီဒိုးက ဓားစာခံတွေ
အိပ်မွေ့ချပေးတယ်။ ပြီးတော့ သူတို့ကို လုံးဝအန္တရာယ်မရှိစေရဘူး။ ရေထဲ
ထွက်လာတာနဲ့ နိုးလာမယ်လို့ အရင်ဆုံး အာမခံတယ်။ သို့ပေမယ့် ရေ
သတ္တပတ်ကြာတော့၊ ရှန်ဟာ ထိတ်လန့်ဖွယ် ပြန်ပေးဆွဲခံရတဲ့ပုံပြင်ကို ပြေ
လာတယ်။ သူက လက်နက်မပါဘဲ လက်နက်အပြည့်အစုံတပ်ဆင်ထား
လူတစ်ပိုင်းငါးတစ်ပိုင်း အယောက်ငါးဆယ်နဲ့ ဘယ်လိုသတ်ပုတ်ခဲ့တယ်ဆိုတ
ပြောပြန်တယ်။ ပါတမာဟာ သူ့ကို အများကြီး လိုက်လှဲလာတယ်။ စကြီးထဲ



တွေ့တိုင်း သူမကစပြီး ရှန့်ကို စကားပြောတယ်။ "ကိစ္စမရှိဘူး၊ ငါက မှော်ကြိမ်
လုံးကို အကျီလက်မောင်းထဲ ဝှက်ထားတာ" သူက ပါတမာ-ပါထီကို အာမခံ
ပြောတယ်။ "ငါလုပ်ချင်ရင်၊ အဲဒီ လူတစ်ပိုင်းငါးတစ်ပိုင်းတွေကို ဝပ်သွားအောင်
လုပ်နိုင်တယ်"

"နင်ဘယ်လိုလုပ်ချင်တာလဲ။ သူတို့ကို ဟောက်ပြမှာလား" ဟာမီးက
အပြတ်ချတ်တယ်။ သူမဟာ ဗစ်ခတာ-ခရွန်းမ်ရဲ့ အနှစ်သက်ဆုံးဖြစ်လို့ အားလုံး
က ဒီကိစ္စနဲ့ သူမကို တစ်နေကုန် စနေကြတယ်။ ဒါကြောင့် သူမ အခု ဒေါသ
ဖြစ်ဖို့ သိပ်လွယ်တယ်။

ရှန့်နားရွက် နီလာတယ်။ အဲဒီကစပြီး သူ့ပုံပြင်ဟာ မှော်ပညာနဲ့
အိပ်မွေ့ချခံရတဲ့ ပုံပြင်ပြန်ဖြစ်သွားတယ်။

မတ်လထဲရောက်တော့ ရာသီဥတုဟာ နည်းနည်းပွင့်လင်းလာတယ်။
ဒါပေမယ့် အပြင်ဘက်ကွင်းထဲရောက်တိုင်း အေးစက်တဲ့ လေတိုက်ခံရလို့
ငင်းတို့ရဲ့ လက်နဲ့ မျက်နှာတွေ နာကျင်နေတယ်။ လေပြင်းတိုက်လို့ ဇီးကွက်တွေ
မှုံသန်းတဲ့လမ်းကြောင်း ပြောင်းပြောင်းသွားတဲ့အတွက်၊ စာကို အချိန်မီ မပို့နိုင်
ကြဘူး။ ဟယ်ရီဟာ ဟိုဇီးကွက်ညိုညိုကို လွှတ်ပြီး၊ ကျောင်းသားတွေ ရက်
သတ္တပတ်ကုန်မှာ ဟော့ဂ်စ်မိဒ်သွားမယ့် နေ့စွဲကို ဆီးရီးအက်စ်ကြယ်ဆီ စာပို့
ထားတယ်။ ဇီးကွက်ဟာ သောကြာနေ့နံနက်စောစောစာစားချိန်မှာ ပေါ်လာ
တယ်။ ၎င်းကိုယ်ပေါ်က အမွေးအတောင်တစ်ဝက်လောက်ဟာ လေတိုက်လို့
လန်ပြီနေတယ်။ ဟယ်ရီက ဆီးရီးအက်စ်ကြယ်ရဲ့စာကို ဖြုတ်ယူပြီးတာနဲ့ ဇီးကွက်
က ချက်ချင်းပျံထွက်သွားတယ်။ နောက်ထပ်စာပို့ခိုင်းမှာစိုးတာ ထင်ရှားတယ်။

ဆီးရီးအက်စ်ကြယ်ရဲ့ စာဟာ အရင်စာလိုပဲ တိုတိုလေးရယ်။

စနေနေ့၊ မွန်းလွဲနှစ်နာရီ ဟော့ဂ်စ်မိဒ်ရွာအပြင်ဘက် (ဒါးဗစ်ရှ်နဲ့
ဘန်းစ်ကို ဖြတ်သွားတယ်) လမ်းအဆုံးက ခြံစည်းရိုးဘေး။ စားစရာ
များနိုင်သလောက်များများ ယူခဲ့ပါ။

"သူ ဟော့ဂ်စ်မိဒ်ကို မရောက်သေးဘူး ?" ရှန်က မယုံနိုင်ဘဲ
ပြောတယ်။

"ကြည့်ရတာ ဒီအတိုင်းပဲ ထင်တယ်၊ မဟုတ်ဘူးလား" ဟာမီးက
ပြောတယ်။

"ငါတကယ်ပဲ မယုံနိုင်ဘူး" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူ အဖမ်းခံရရင် . . . ."

"ခုချိန်ထိ သူ လုံခြုံနေပါသေးတယ်၊ ဟုတ်တယ်မဟုတ်လား" ရွန်က ပြောတယ်။ "ပြီးတော့ အခု အရင်ကနဲ့မတူဘူး။ နေရာတကာမှာ ဝိညာဉ်စုပ်ကောင်ရှိတာ မဟုတ်ဘူး"

ဟယ်ရီက စာကိုခေါက်ရင်း တွေးနေတယ်။ အမှန်တိုင်းပြောရရင် သူဟာ ဆီးရီးအက်စ်ကြယ်ကို နောက်ထပ်တွေ့ချင်တာအမှန်ပဲ။ ညနေပိုင်း သူ နောက်ဆုံးအချိန် ကျောင်းသွားတက်တယ် —— နှစ်ချိန်ဆက်တက်တဲ့ မှော်ဆေးပညာအချိန်၊ လှေကားထစ်ကနေ မြေအောက်စာသင်ခန်းကို ဆင်းသွားတော့ ခါတိုင်းထက် စိတ်ပျော်တာ တွေ့ရတယ်။

မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ ကျောင်းခန်းရှေ့မှာ ရပ်နေတယ်။ ဖန်စီ-ဖတ်ကင်ဆန်ခေါင်းဆောင်တဲ့ စလေးသရင်းတွေနဲ့ ဝိုင်းဖွဲ့နေတယ်။ သူတို့ဟာ ဘာကိုကြည့်နေမှန်း မသိဘူး (အဲဒါဘာလဲဆိုတာ ဟယ်ရီ မမြင်ရဘူး)။ အားလုံး တခစ်ခစ်နဲ့ ရယ်ရင်း ပျော်နေကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ နီးလာတော့ ဖန်စီရဲ့ မြေခွေးမျက်နှာဟာ ဂိုးရဲ့ဝတုတ်တုတ်ကျောပြားကြီးနောက်က တက်ကြွစွာ ပြူထွက်လာတယ်။

"သူတို့လာပြီ၊ သူတို့လာပြီ" သူမက တခစ်ခစ်ရယ်ရင်း ပြောတယ်။ အုံနေကဲ့ စလေးသရင်းတွေ လူခွဲလိုက်ကြတယ်။ သူမလက်ထဲမှာ မဂ္ဂဇင်းတစ်စောင် ကိုင်ထားတာ ဟယ်ရီ တွေ့ရတယ် —— "မှော်ဆရာအပတ်စဉ်ဂျာနယ်" ။ မျက်နှာဖုံးပေါ်က လှုပ်ရှားတဲ့ဓာတ်ပုံက ဆံထုံးနဲ့ မှော်ဆရာမ။ သူမဟာ သွားဖြဲရယ်နေတယ်၊ သွားတွေအားလုံး ပေါ်နေတယ်။ မှော်ကြိမ်လုံးနဲ့ ရေမြှုပ်ပုံသဏ္ဌာန်ကိတ်မုန့်အကြီးကြီးကို ညွှန်ပြနေတယ်။

"နင်စိတ်ဝင်စားတဲ့အရာကို ဒီထဲမှာ တွေ့လိမ့်မယ်၊ ဂရန်ဂျာ" ဖန်စီက အကျယ်ကြီးပြောပြီး မဂ္ဂဇင်းကို ဟာမီးဆီ ပစ်ပေးတယ်။ ဟာမီးက ဖမ်းယူလိုက်တယ်။ နည်းနည်းပြာသွားသလိုပဲ၊ ဒီအချိန်မှာပဲ မြေအောက်စာသင်ခန်းတံခါး ပွင့်လာတယ်။ စနိတ်ပ်က အားလုံးကို ဝင်ဖို့ခေါ်တယ်။

ဟာမီး၊ ဟယ်ရီနဲ့ ရွန်ဟာ ခါတိုင်းလိုပဲ ကျောင်းခန်းနောက်ဘက်က စားပွဲတစ်လုံးမှာ သွားထိုင်တယ်။ စနိတ်ပ်က ဒီနေ့ဖော်စပ်ရမယ့် မှော်ဆေးအမယ်တွေကို ရေးဖို့ လှည့်လိုက်ရုံ ရှိသေးတယ်၊ ဟာမီးက စားပွဲအောက်မှာ ဟိုမဂ္ဂဇင်းကို အမြန်လှန်ကြည့်တယ်။ နောက်ဆုံး၊ မဂ္ဂဇင်းအလယ်လောက်မှာ



သူတို့ရှာချင်တဲ့ဟာကို တွေ့ပါပြီ။ ဟယ်ရီနဲ့ ရွန်လည်း ဝိုင်းကြည့်ကြတယ်။ ဟယ်ရီရဲ့ ရောင်စုံဓာတ်ပုံတစ်ပုံအောက်မှာ ဒီလိုစာတိုလေး ရေးထားတယ်။

## ဟယ်ရီ-ပေါ်တာရဲ့ လျှို့ဝှက်အသဲကွဲခြင်း

ၛင်းဟာ အများနဲ့မတူတဲ့ ကောင်လေးဖြစ်ချင်ဖြစ်မယ် —— ဒါပေမယ့် သူဟာလဲ လူပျိုဖော်ဝင်စမှာ ဖြစ်တတ်တဲ့ စိတ်ဒုက္ခကို ခံစားနေရတယ်။ ရီတာ-စကီးတာက ဒီလို သတင်းပေးလိုက်တယ်။ မိဘနှစ်ပါး ဆုံးရှုံးပြီးနောက်၊ ဆယ့်လေးနှစ်အရွယ် ဟယ်ရီ-ပေါ်တာဟာ ဟော့ဂ်ဝပ်မှာ ၛင်းနဲ့ တတွဲတွဲနေတဲ့ မဂ်ဂေါ်အိမ်ထောင်ကလာတဲ့ ဟာမီး-ဂရန်ဂျာဆီမှာ မိမိစိတ်နှစ်သိမ့်မှုကို ရခဲ့တယ်။ ဒါပေမယ့် ၛင်းရဲ့ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နေတဲ့ ဘဝထဲမှာ နောက်ချင်းဆိုသလို စိတ်ထိခိုက်မှု ခံရလိမ့်မယ်ဆိုတာ သူဘယ်သိမှာလဲ။

မစ်ဂရန်ဂျာဟာ ရုပ်ရည်ချောက်ချားကြမ်းရေကျို့ရှိပြီး၊ ရမ္မက်ကြီးတဲ့ မိန်းကလေးဖြစ်တယ်။ နာမည်ကြီးမှော်ဆရာတွေကို ကြိုက်နှစ်သက်ပုံရတယ်၊ ဟယ်ရီတစ်ယောက်ထဲက သူမလိုအင်ကို မဖြည့်နိုင်ဘူး။ ဘူဂေးရီးယားအသင်းနာမည်ကြီး ဖမ်းသမား၊ လွန်ခဲ့တဲ့ကမ္ဘာ့ဖလားပွဲသူရဲကောင်း ဗစ်ခတာ-ခရွန်းမ် ဟော့ဂ်ဝပ်ကို ရောက်လာပြီးကတည်းက၊ မစ်ဂရန်ဂျာဟာ ကောင်လေးနှစ်ယောက်ရဲ့ အချစ်ကို ဆော့ကစားခဲ့တယ်။ ခရွန်းမ်ဟာ ကောက်ကျစ်တဲ့ မစ်ဂရန်ဂျာကြောင့် အစွဲလမ်းကြီး စွဲလမ်းနေပုံရတယ်။ သူက သူမကို နွေကျောင်းပိတ်ရက်မှာ ဘူဂေးရီးယား သွားလည်ဖို့ ဖိတ်ခေါ်ပြီးပြီ။ သူဟာ "တခြားမိန်းကလေးတွေပေါ်မှာ ဒီလိုခံစားချက်မရှိခဲ့ဖူးဘူး"လို့ ရပ်တည်ပြောဆိုတယ်။

ဒါပေမယ့် ဒီလို ကံမကောင်းအကြောင်းမလှတဲ့ ယောက်ျားလေးတွေ ဒီလိုစွဲလမ်းစေတာဟာ မစ်ဂရန်ဂျာရဲ့ သဘာဝရုပ်ရည်ကြောင့် မဟုတ်ဘူး။

"သူမ တကယ့်ကို အရုပ်ဆိုးတယ်" ဖန်စီ-ဖတ်ကင်ဆန်က ပြောတယ်။ ဖတ်ကင်ဆန်ဟာ လှပသွက်လက်တဲ့ စတုတ္ထနှစ်ကျောင်းသူ ဖြစ်တယ်။ "သူမဟာ အချစ်ဆေးရည်တစ်မျိုး ဖြုလုပ်တာ ဖြစ်နိုင်တယ်။ သူမက သိပ်တော်တက်လျင်တာ။ ဟုတ်တယ်။ သူမက ဒီအတိုင်းလုပ်တာလို့ ကျွန်မထင်တယ်"

ဟော့ဂ်ဝပ်မှာ အချစ်ဆေးရည်ဟာ တားမြစ်တဲ့ထဲမှာပါတာ သေချာတယ်။ အောဘတ်စ်-ဒမ်ဘလီဒိုးဟာ ဒီကိစ္စကို သေချာစုံစမ်းစစ်ဆေးသင့်တယ်။ တစ်ချိန်ထဲမှာ ဟယ်ရီ-ပေါ်တာအပေါ် ကောင်းမွန်တဲ့ မျှော်လင့်ချက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေက၊ နောက်တစ်ကြိမ် အချစ်စစ်ကို ပေးအပ်တဲ့အခါမှာ ပိုပြီးတန်ဖိုးရှိတဲ့ သူကို ရွေးချယ်ဖို့ မျှော်လင့်ကြတယ်။

"ငါပြောဖူးတယ်" ရှန်က ဆောင်းပါးကို ငုံ့ဖတ်နေတဲ့ ဟာမီးကို ပြော တယ်။ "ငါပြောဖူးတယ်၊ ရီထာ-စကီးထာကို မစနဲ့။ သူမက နင့်ကို နာမည် ဖျက်လိုက်တာ ဟို —— မိန်းမပျက်လိုပဲ"

ဟာမီးမျက်နှာပေါ်က အံ့ဩတဲ့အမူအရာ မရှိတော့ဘူး။ သူမက သရော်ရယ် ထရယ်တယ်။

"မိန်းမပျက် ?" သူမက ထပ်ပြောတယ်။ ရှန့်ကို လှည့်ကြည့်တယ်။ ရယ်တာကို တအားချုပ်တည်းထားတယ်။ တစ်ကိုယ်လုံး တုန်နေတာပဲ။

"ငါ့အမေက သူမတို့ကို ဒီလိုပဲ ခေါ်တယ်" ရှန်က ပွစိပွစိပြောတယ်။ နားရွက်နီလာတယ်။

"တကယ်လို့ ရီထာဟာ ဒါမျိုးလောက်ပဲ လုပ်တတ်တယ်ဆိုရင်၊ သူမ မှာ ဘာပညာမှ ရှိပုံမပေါ်ဘူး" ဟာမီးက ပြောတယ်။ ရယ်မြဲရယ်နေတယ်။ မဂ္ဂဇင်းကို ဘေးကထိုင်ခုံလွတ်ပေါ် ပစ်ချလိုက်တယ်။ "အစုတ်အပြတ် အမှိုက် သရိုက်တွေချည်းပဲ"

သူမဟာ စလေးသရင်းကျောင်းသားတွေကို မော့ကြည့်တယ်။ ၎င်းတို့ ဟာ အဝေးကနေ သူမနဲ့ ဟယ်ရီကို ကြည့်နေကြတယ်။ သူတို့ သတင်းဆောင်းပါး ဖတ်ပြီး ဒေါသထွက်နေသလား သိချင်ကြတယ်။ ဟာမီးက ၎င်းတို့ကို သရော် ရယ်ပြတယ်။ လက်လဲ ယမ်းပြတယ်။ ဒီနောက် သူမနဲ့ ဟယ်ရီ၊ ရှန်တို့ဟာ ဥဏ်တိုးဆေးဖျော်လုပ်ဖို့ ဆေးတွေကို ယူထုတ်ကြတယ်။

"ဒါပေမယ့် နည်းနည်းတော့ ထူးဆန်းတယ်" ဆယ်မိနစ်ကြာတော့ ဟာမီးက ကျည်ပွေ့ကို ခွေးပိတုန်းကောင်တစ်ပန်းလုံးပေါ် မြှောက်ထားရင်း ပြောတယ်။ "ရီထာ-စကီးထာ ဘယ်လိုလုပ်သိတာလဲ . . . ."

"ဘာသိတာလဲ" ရှန်က အမြန်မေးတယ်။ "နင် တကယ်ပဲ အချ ဆေးရည် ဖျော်လုပ်လို့လား"

"မအစမ်းပါနဲ့" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်၊ ဆက်ပြီး မိမိ ခွေးပိတုန်းတောင်ကို ထောင်းချေတယ် . . . . "မဟုတ်သေးဘူး၊ အံ့ဩစရာ . . . . သူမဟာ ဘယ်လိုလုပ်ပြီး ဗစ်ခတာက ငါ့ကို နွေကျောင်းပိတ်ရက်မှာ



သူ့ဆီ သွားလည်ဖို့ ဖိတ်တာကို သိတာလဲ"

ဟာမီး ဒီစကားပြောတဲ့အခါမှာ ရှက်လို့ မျက်နှာကြီး နီနေတယ်၊ ရှန့်အကြည့်ကို ရှောင်နေတယ်။

"ဘာလဲ ?" ရှန်က ပြောတယ်။ ဒိုင်းခနဲ သူ့ကျည်ပွေ့ စားပွဲပေါ် လွတ်ကျသွားတယ်။

"သူက ငါ့ကို ရေကန်ထဲက ဆွဲတင်လိုက်တာနဲ့ ငါ့ကို ဖိတ်တာပဲ" ဟာမီးက အသံနှိမ့်ပြောတယ်။ "အဲဒီတုန်းက သူ့ငမန်းခေါင်းကို ဖယ်ရှားပစ်ခဲ့ ပြီးသေးတယ်၊ မဒမ်ဖွမ်ဖရေက စောင်ကို ငါတို့နှစ်ယောက် လာပေးတယ်၊ အဲဒီအချိန်မှာ ခရွန်းမ်က ဒိုင်လူကြီးတွေမကြားအောင် ငါ့ကို တစ်ဖက်ခေါ် သွားပြီး ပြောတယ်၊ တကယ်လို့ နွေကျောင်းပိတ်ရက်မှာ တခြားအလုပ်မရှိရင် သူ့ဆီ သွားချင် ——"

"နင်က ဘယ်လိုပြောလဲ" ရှန်က ပြောတယ်၊ သူဟာ ကျည်ပွေ့ကို ကောက်ပြီး စားပွဲပေါ်မှာ ဖြစ်သလိုထောင်းနေတယ်။ သူ့ပန်းကန်နဲ့ လေးငါး လက်မ ကွာနေတယ်။ သူက စိတ်မပါဘဲ ဟာမီးကိုပဲ ကြည့်နေလို့။

"ပြီးတော့၊ သူများပေါ်မှာ ဒီလိုခံစားရဟာ မရှိခဲ့ဘူးလို့ သူ တကယ် ပြောဖူးတယ်" ဟာမီးက ဆက်ပြောတယ် —— သူမမျက်နှာဟာ မီးတောက် လို နီရဲနေတယ်။ သူမကိုယ်ပေါ်က ထွက်လာတဲ့အပူငွေ့ကို ဟယ်ရီ ခံစားရ တယ်။ "ဒါပေမယ့် ရီထာ-စကီးထာဟာ သူ့စကားကို ဘယ်လိုကြားတာလဲ၊ သူမ အဲဒီတုန်းက မရှိမှမရှိတာ . . . . သူမ ရှိနေလို့လား၊ သူမမှာလဲ ကိုယ် ပျောက်ဝတ်ရုံတစ်ထည် ရှိနေလို့လား၊ သူမ ကွင်းထဲကို တိတ်တိတ်ဝင်လာပြီး ဒုတိယကဏ္ဍကို လာကြည့်သလား . . . ."

"နင်က ဘယ်လိုပြောလဲ" ရှန်က ဆက်မေးပြန်တယ်။ ကျည်ပွေ့ကို အားထုချလိုက်တာ စားပွဲကို ခွက်သွားတယ်။

"အော၊ ငါ အဲဒီတုန်းက နင်နဲ့ဟယ်ရီ ကောင်းကောင်းမွန်မွန် ရှိရဲ့ လားဆိုတာပဲ ကြည့်နေတာ ——"

"မစ်ဂရန်ဂျာ၊ မင်းရဲ့ ဆိုရှယ်ဘဝဟာ အလွန်ကြွယ်ဝပေမယ့်" မှုတ် ထရက် အေးစက်စက်အသံတစ်သံပေါ် လာလို့ သူတို့သုံးဦးစလုံး လန့်သွားတယ်။ "ဒါပေမယ့် မင်းကို သတိပေးရမှာက ကျုပ်စာသင်ချိန်မှာ တတွတ်တွတ်လုပ်လို့ မရဘူး၊ ဂရစ်ဖင်းဒေါ်ကို ဆယ်မှတ်လျှော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



စနိတ်ပ်ဟာ သူတို့စကားပြောနေစဉ်၊ တိတ်တိတ်ကလေး သူတို့စာ
နား ရောက်လာတာ။ ကျောင်းသားအားလုံး သူတို့ကို လှည့်ကြည့်တယ်။ မော်
ဟာ ဒီအခွင့်ကောင်းကိုယူပြီး ကျောင်းခန်းတစ်ဖက်ကနေ 'ပေါ်တာ ချေး
နံတယ်' ရင်ထိုးကို ဟယ်ရီဘက် လှည့်ပြီး တလက်လက် လက်ပြတယ်။

"အား . . . . စားပွဲအောက်ဝှက်ပြီး မဂ္ဂဇင်းကြည့်သေးတယ်
စနိတ်ပ်က ပြောပြန်တယ်။ အဲဒီ 'မှော်ဆရာအပတ်စဉ်မဂ္ဂဇင်း'ကို ဆွဲလို
တယ်။ "ဂရစ်ဖင်းဒေါ်ကို နောက်ထပ် ဆယ်မှတ်လျှော့တယ် . . . . ဒါပေမ
ဒါပေ့ါလေ . . . ." စနိတ်ပ်အကြည့်ဟာ ရီထာ-စကီးထာရဲ့ ဟိုဆောင်းပါးပေ
ရောက်သွားတယ်။ မျက်လုံးနက်နက်ဟာ ချက်ချင်း အရောင်တောက်လာတယ်
"ပေါ်တာက သတင်းကိုက်ညှပ်ယူဖို့ လိုတာကိုး . . . ."

မြေအောက်စာသင်ခန်းထဲမှာ [illegible]သရင်းတွေရဲ့ရယ်သံ ဝုန်းခ
ဖြစ်သွားတယ်။ စနိတ်ပ်ရဲ့ နှုတ်ခမ်းပါး[illegible]ည်း တွန့်နေတယ်။ အကော
မဟုတ်တဲ့အပြုံး ပေါ်လာတယ်။ ဟယ်ရီ တအားစိတ်ဆိုးတာက၊ စနိတ်ပ်ဟ
အဲဒီဆောင်းပါးကို အကျယ်ကြီးအော်ဖတ်လို့ပဲ။

"ဟယ်ရီ-ပေါ်တာရဲ့ လျှို့ဝှက်အသဲကွဲခြင်း . . . . ဘုရား၊ ဘုရာ
ပေါ်တာ၊ မင်း ဘာရောဂါထပြန်ပလဲ။ သူဟာ အများနဲ့မတူတဲ့ကောင်လေ
ဖြစ်ချင်ဖြစ်မယ် . . . ."

မိမိမျက်နှာတွေ ပူနေတယ်လို့ ဟယ်ရီ ထင်တယ်။ စနိတ်ပ်ဟ
တစ်ခွန်းဖတ်လိုက် ရပ်လိုက်၊ စလေးသရင်းတွေ ဝအောင်ရယ်စေတယ်။
ဆောင်းပါးဟာ စနိတ်ပ်ပါးစပ်က ဖတ်လိုက်တော့၊ အကျိုးသက်ရောက်မှု
ဆယ်ဆဆိုးတယ်။ အခု ဟာမီးမျက်နှာတောင် နီရဲနေပြီ။

". . . . ဟယ်ရီ-ပေါ်တာ့အပေါ် ကောင်းမွန်တဲ့မျှော်လင့်ချက်ထား
လူတွေက၊ နောက်တစ်ကြိမ် အချစ်စစ်ကို ပေးအပ်တဲ့အခါမှာ၊ ပိုပြီးတန်ဖိုးရှိ
သူကို ရွေးချယ်ဖို့ မျှော်လင့်ကြတယ်။ ဘယ်လောက် စိတ်ထိခိုက်စရာကောင်းလဲ
စနိတ်ပ်က သရော်ပြောတယ်။ စလေးသရင်းတွေရဲ့ အော်ရယ်သံထဲမှာ မဂ္ဂဇ
ကို လိပ်လိုက်တယ်။ "ဟင်း၊ မင်းတို့သုံးယောက်ကို ခွဲထားရင်ကောင်းမယ်
ဒါမှ ဒီလိုရှုပ်ရှုပ်ယှက်ယှက်၊ အပျော်အပါးကိစ္စတွေကိုချည်း တွေးမနေဘဲ ဆေ
ဖော်စပ်တဲ့ထဲမှာ အာရုံစူးစိုက်နိုင်မှာ။ ဝယ်စလီ၊ မင်း အဲဒီမှာပဲ ထိုင်နေ
မစ်ဂရန်ဂျာ၊ မင်း ဟိုမှာ သွားထိုင်။ မစ်ဖတ်ကင်ဆန်ဘေးမှာ ထိုင်။ ပေါ်တာ



— ကျုပ် စာသင်စင်ရှေ့က စားပွဲမှာ သွားထိုင်။ ကောင်းပြီ၊ မြန်မြန်လုပ်ကြ"

ဟယ်ရီ အသေစိတ်ဆိုးနေတယ်။ သူက ဆေးတွေနဲ့ လွယ်အိတ်ကို
ဆးကျိုအိုးထဲ ပစ်ထည့်လိုက်ပြီး ဆေးကျိုအိုးကိုမ,ကာ ကျောင်းခန်းရှေ့က
းပွဲလွတ်ဆီ သွားတယ်။ စနိတ်ပ်ကလည်း လိုက်သွားပြီး သူ့စာသင်စင်ဘေးမှာ
ထိုင်နေတယ်။ ဟယ်ရီ ဆေးကျိုအိုးထဲကပစ္စည်းတွေ တစ်ခုပြီးတစ်ခု ယူထုတ်
တာကို ကြည့်နေတယ်။ ဟယ်ရီက စနိတ်ပ်ကို မကြည့်ဖို့ ဆုံးဖြတ်ထားတယ်။
ခီချေးပိုးတုန်းကောင်တွေကို စထောင်းချေတယ်။ ချေးပိုးတုန်းကောင်အားလုံး
နိတ်ပ်မျက်နှာဖြစ်ဖို့ စိတ်ကူးယဉ်နေတယ်။

"မင်းဟာ မီဒီယာတွေစိတ်ဝင်စားတဲ့ စုမှတ်ဖြစ်နေပြီ။ ဒါက မင်းရဲ့
ခေါကတည်းက မသေးတဲ့ခေါင်းကို ဖောင်းပွလာစေတယ်၊ ပေါ်တာ" ကျောင်း
ခန်းထဲက တခြားကျောင်းသားတွေ ငြိမ်သက်သွားတော့ စနိတ်ပ်က တိုးတိုးပြော
တယ်။

ဟယ်ရီ ပြန်မဖြေဘူး။ စနိတ်ပ်ဟာ သူ့ကို ဆွပေးချင်တယ်၊ စိတ်ဆိုး
အောင် လုပ်ချင်တယ်ဆိုတာ သူသိတယ်။ စနိတ်ပ် အရင်ကလည်း ဒါမျိုး လုပ်ဖူး
တယ်။ သူဟာ ကျောင်းမဆင်းခင်မှာ ဂရစ်ဖင်းဒေါ်ကို အမှတ်ငါးဆယ် လျှော့
င်ချင်တာ ပြောစရာမလိုဘူး။

"မင်းဟာ မှော်လောကတစ်ခုလုံး မင်းကို အံ့သြဘနန်း ဖြစ်နေလိမ့်
ယ်လို့များ ထင်နေတယ်ထင်တယ်" စနိတ်ပ်က ဆက်ပြောတယ်။ သူ့အသံက
အလွန်သေးလို့ ကျန်ကျောင်းသားတွေ မကြားဘူး (ဟယ်ရီဟာ မိမိရဲ့ချေးပိုးတုန်း
ကောင်ကိုပဲ ထောင်းနေတယ်။ ချေးပိုးတုန်းကောင်တွေဟာ မှုန့်ညက်နေပေမယ့်
ဆက်ထောင်းတုန်းပဲ)။ "ဒါပေမယ့် မင်းဓာတ်ပုံ သတင်းစာပေါ်မှာ ဘယ်နှစ်ကြိမ်
ပါတယ်ဆိုတာ ငါ စိတ်မဝင်စားဘူး။ ငါ့မျက်စိထဲမှာ ပေါ်တာ၊ မင်းဟာ မုန်းစရာ
ကောင်သာဖြစ်တယ်။ ဒါပေမယ့် မင်းဟာ မိမိ ဘာစည်းကမ်းကလနားမှ
လေးမထားဘူးလို့ ထင်နေတယ်"

ဟယ်ရီဟာ ချေးပိုးတုန်းကောင်မှုန့်တွေကို ဆေးကျိုအိုးထဲ လောင်း
ထည့်လိုက်တယ်။ ဂျင်းမြစ်ကို စတင်လှီးဖြတ်တယ်။ သူဟာ ဒေါသကြောင့်
လက်တွေအနည်းငယ် တုန်နေတယ်။ ဒါပေမယ့် သူဟာ အစအဆုံးမျက်လွှာ
ချထားတယ်။ စနိတ်ပ် သူ့ကို ပြောတဲ့စကားကို လုံးဝမကြားသလိုပဲ။

"ဒါကြောင့်၊ ကျုပ် မင်းကို စိတ်ကောင်းနဲ့သတိပေးချင်တယ်၊ ပေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘယ်ဒိုက ပို၍သိမ်မွေ့၊ ပို၍ကောက်ကျစ်တဲ့အသံနဲ့ ပြောတယ်။ "မင်းမှ
နားမည်လေးရနေပေမယ့် —— တကယ်လို့ မင်း ငါ့ရုံးခန်းထဲဝင်တာ တွေ့ရှိရ
——

"ကျွန်တော် သင့်ရုံးခန်းကို ဘယ်တုန်းကမှ အနားတောင်မကပ်ဘူး
ဟယ်ရီက ဒေါသထွက်ပြီး ပြောတယ်။ ခုနက နားကန်းချင်ယောင်ဆောင်
ဘာကို ပစ်ထားလိုက်တယ်။

"ငါ့ကို မလိမ်နဲ့" စနိတ်ပ်က အသံနိမ့်ပြောတယ်။ ဘာရယ်လို့ ဝေခွဲ
မရတဲ့ သူ့မျက်လုံးနက်နက်ဟာ ဟယ်ရီ့ကို ဒေါသနဲ့ ကြည့်နေတယ်။ "အာဖရိ
သစ်ပင် မြွေရေခွံ၊ ပါးဟက်ပင်။ ဒီနှစ်မျိုးစလုံးဟာ ငါ့ပုဂ္ဂလိကသိုလှောင်ထား
ပစ္စည်းတွေ။ ဘယ်သူခိုးတယ်ဆိုတာ ကျုပ်သိတယ်"

ဟယ်ရီက အလျှော့မပေးဘဲ စနိတ်ပ်ကို စိုက်ကြည့်နေတယ်။ သူဟာ
မျက်တောင်မခတ်ဘဲ တင်းထားတယ်။ စိတ်အားငယ်ပုံလည်း မပြဘူး။ အမှ
ပြောရရင် သူ စနိတ်ပ်ဆီက ဒီပစ္စည်းနှစ်မျိုး မခိုးခဲ့ဘူး။ ဒုတိယနှစ်တုန်း
ဟာမီး အာဖရိကသစ်ပင် မြွေရေခွံ ယူခဲ့ဖူးတယ် —— သူတို့ ကွန်ပေါ
ဆေးရည်ပြုလုပ်ဖို့ ၎င်းကိုလိုလို့ —— ထိုစဉ်က စနိတ်ပ်ဟာ ဟယ်ရီ့ကို သံသ
ဖြစ်တယ်။ ဒါပေမယ့် သက်သေအထောက်ထား မရခဲ့ဘူး။ အဲဟို ပါးဟက်ပ
ကတော့ ဒေါ့ဘီ ခိုးတယ်ဆိုတာ ပြောစရာမလိုဘူး။

"သင် ဘာပြောနေတယ်ဆိုတာ ကျွန်တော် မသိဘူး" ဟယ်ရီက အေ
စက်စက်ပြောတယ်။

"ကျုပ်ရုံးခန်းကို လူဝင်တဲ့ညက မင်း ကိုယ့်ခုတင်ပေါ်မှာ မရှိဘူ
စနိတ်ပ်က တရှိုးရှိုးပြောတယ်။ "ဒါ ကျုပ်ကို ဖုံးကွယ်လို့မရဘူး၊ ပေါ်တာ
ဟုတ်တယ်။ အရူးမျက်လုံး မူးဒီဟာလဲ မင်းရဲ့ အချစ်တော်ကလပ်ဝါသနာအ
ဖြစ်ချင်ဖြစ်နေမယ်။ ဒါပေမယ့် မင်းအပြုအမူကို ကျုပ် နောက်ထပ်သည်းခံမှ
မဟုတ်တော့ဘူး။ တကယ်လို့ ညဉ့်နက်သန်းခေါင် ကျုပ်ရုံးခန်းထဲ ထပ်ဝင်ခဲ့ရ
ပေါ်တာ၊ ကြည့်သေးတာပေါ့"

"ကောင်းပြီ" ဟယ်ရီက အေးဆေးစွာ ပြောတယ်။ ခေါင်းငုံ့ပြီး ဂျင်းမြ
ကို လှီးနေပြန်တယ်။ "ကျွန်တော် အဲဒါ မှတ်ထားတယ်။ တော်ကြာ ကျွန်တေ
ဝင်ချင်စိတ်ပေါက်လာပြီး အဲဒီကိုသွားမိမှာ စိုးလို့"

စနိတ်ပ်မျက်လုံး လက်သွားတယ်။ သူက လက်တစ်ဖက်ကို ၎င်း



တော်ရုံနက်ထဲ နှိုက်လိုက်တယ်။ ခဏတာအတွင်းမှာ ဟယ်ရီက စနိတ်ပ် မှော်
ငြမ်လုံးဆွဲထုတ်ပြီး မိမိကို ကျိန်စာချတော့မယ်ထင်တာ —— ဒီနောက်
နိတ်ပ်က ခရစ်ဆယ်ပုလင်းလေးတစ်လုံး ယူထုတ်လိုက်တာ မြင်ရတယ်။
ပုလင်းထဲမှာက ကြည်လင်တဲ့ဆေးရည် ရှိတယ်။ ဟယ်ရီက သေချာကြည့်နေ
တယ်။

"ဒါဘာလဲဆိုတာ မင်းသိလား၊ ပေါ်တာ" စနိတ်ပ်က ပြောတယ်။
သူ့မျက်လုံးတွေထဲမှာ စိတ်ယုတ်တဲ့အရောင် တောက်နေတယ်။

"မသိဘူး" ဟယ်ရီက ပြောတယ်။ ဒီတစ်ကြိမ်မှာ သူက ရိုးရိုးသား
သားပြောတာ ဖြစ်တယ်။

"အမှန်ဖွင့်ပြောဆေးရည် —— မင်းကို အမှန်အတိုင်းပြောစေမယ့်
ဆေးရည်။ အကျိုးသက်ရောက်မှု အထူးကောင်းတယ်။ သုံးစက်ထဲနဲ့ မင်းစိတ်ထဲ
နက်ရှိုင်းစွာရှိနေတဲ့ လျှို့ဝှက်ချက်ကို ဖွင့်ပြောစေနိုင်တယ်။ ကျောင်းသားအား
သုံး နားထောင်ရတာပေါ့" စနိတ်ပ်က အမုန်းနဲ့ပြောတယ်။ "ဒီဆေးမျိုး အသုံး
ပြုတာမှာ မှော်ဝန်ကြီးဌာနက တင်းကျပ်စွာ ချုပ်ကိုင်တာတော့ အမှန်ပေါ့။
ဒါပေမယ့် မင်း သေချာသတိထားနေ၊ နို့မို့ရင် ကျုပ်က လက်လွန်သွားနိုင်တယ်"
—— သူက ခရစ်ဆယ်ပုလင်းကို အသာလှုပ်နေတယ် —— "မင်း ညစာ
ရွှေဖရုံသီးအရည်ထဲ သွန်ထည့်ထားမှာ။ ပြီးတော့၊ ပေါ်တာ . . . . ပြီးတော့
ကျုပ်တို့က မင်း ကျုပ်ရုံးခန်း ဝင်ခဲ့ဖူးလား၊ မဝင်ခဲ့ဖူးလားဆိုတာ ရှင်းသွားမယ်"

ဟယ်ရီ စကားမပြောဘူး။ သူဟာ မိမိရဲ့ ဂျင်းမြစ်ဆီ ပြန်လှည့်လိုက်
တယ်။ ဓားကလေးနဲ့ ၎င်းတို့ကို သေးသေးလှီးဖြတ်တယ်။ စနိတ်ပ်ပြောတဲ့
အမှန်ဖွင့်ပြောဆေးရည်ကို ဟယ်ရီ အလွန်နှိမ့်မုန်းတယ်။ စနိတ်ပ်ဟာ သူ့ကို
တိတ်တိတ် အစက်ချမယ်လို့လဲ ယုံကြည်တယ်။ တကယ်လို့ စနိတ်ပ် ဒီအတိုင်း
လုပ်ခဲ့ရင်၊ မိမိပါးစပ်ထဲက ဘာတွေများ ပြောထုတ်မယ်မသိဘူးလို့ သူက
တွေးကြည့်တယ်။ ဒါကို တွေးမိတော့၊ သူကြက်သီးမွေးညင်းတောင် ထသွား
တယ် . . . . သူ့ကြောင့် လူအတော်များများ ပြဿနာတက်ရလိမ့်မယ် ——
အရင်ဆုံးက ဟာမီးနဲ့ ဒေါ့ဘီ —— ပိုဆိုးတာက သူ့ရင်ထဲမှာ လျှို့ဝှက်ချက်
အများကြီးရှိသေးတယ် . . . . ဥပမာ၊ သူဟာ ဆီးရီးအက်စ်ကြယ်နဲ့ တစ်
လျှောက်လုံး ဆက်သွယ်မှုရှိတာ . . . . ရှိသေးတယ် —— သူတွေးလိုက်တိုင်း
ရင်ထဲ ပြောင်းဆန်သွားတယ် —— ချိုအပေါ် သူ့ခံစားချက် . . . . သူက

www.burmeseclassic.com

www.burmeseclassic.com





ဂျင်းမြစ်ကို ဆေးကျိုအိုးထဲ ထည့်လိုက်တယ်။ စိတ်ထဲက မှုးဒီကို အတုခိုး ဘောင်းဘီအိတ်ကပ်ထဲမှာ အရက်ဘူးခုံးတစ်လုံး ထည့်ထားပြီး အဲဒီအထဲ ဟာပဲ သောက်ရမလားလို့ တွေးတယ်။

ကျောင်းခန်းတံခါးကို ခေါက်သံ ပေါ်လာတယ်။

တံခါးပွင့်သွားတယ်။ ကျောင်းသားအားလုံး လှည့်ကြည့်တယ် ပါမောက္ခ ခါခါရော့ဖ် ဝင်လာတယ်။ သူ စနိတ်ပ်စာသင်စင်ဆီသွားတာ အားလုံ ကြည့်နေတယ်။ သူဟာ လက်ချောင်းနဲ့ ဆိတ်မှုတ်ဆိတ်ကို ရစ်နေတယ်။ သိ သောကရောက်နေတဲ့ပုံပဲ။

"ကျုပ်တို့စကားပြောဖို့ လိုတယ်" စနိတ်ပ်ဘေးရောက်တာနဲ့ ခါ ရော့ဖ်က တန်းပြောတယ်။ ဘယ်သူမှမကြားအောင်ပြောမယ်လို့ ဆုံးဖြတ်ထာ တယ်နဲ့တူတယ်။ သူ့နှုတ်ခမ်းမလှုပ်သလောက်ပဲ။ ဒါကြောင့် သူဟာ အလွ ခေတဲ့ ဗင်ထရစ်အောခွစ် (အခြားတစ်ဦးက အဝေးတစ်နေရာမှ အသံထွက် လာတယ်လို့ ထင်မှတ်ရအောင် ပြောဆိုတတ်သူ —— ဘာသာပြန်သူ) တ ယောက်နဲ့တူနေတယ်။ ဟယ်ရီဟာ ဂျင်းမြစ်ကို စိုက်ကြည့်ရင်း နားစွင့်နေတယ်

"ကျုပ်ကျောင်းဆင်းပြီးမှ ခင်ဗျားနဲ့ပြောမယ်၊ ခါခါရော့ဖ်" စနိတ်ပ် တိုးတိုးပြောတယ်။ ဒါပေမယ့် ခါခါရော့ဖ်က သူ့ကို ဖြတ်ပြောတယ်။

"ကျုပ်အခုပဲပြောချင်တယ်။ မင်းထွက်မပြေးခင် ဆီးဗရတ်စ်၊ မ ငါ့ကို ပုန်းပုန်းနေတယ်"

"ကျောင်းဆင်းမှလုပ်ပါ" စနိတ်ပ်က မာမာပြောတယ်။

ဟယ်ရီက ချိန်ခွက်ကိုမ,ပြီး သူသွန်ထည့်လိုက်တဲ့ သင်းခွေချပ်သည် ခြေအရည် လုံလောက်သလား ကြည့်ဟန်ဆောင်ပြီး မျက်စိထောင့်ကနေ သူ နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်တယ်။ ခါခါရော့ဖ်ဟာ တုန်လှုပ်ချောက်ချာ နေတဲ့ပုံ။ စနိတ်ပ်က အလွန်စိတ်ဆိုးနေတယ်။

အဲဒီနှစ်ချိန်တွဲတက်တဲ့ ကျန်အချိန်အတွင်းမှာ ခါခါရော့ဖ်ဟာ စနိတ် စာသင်စင်နောက်မှာ တဝဲလည်လည် လုပ်နေတယ်။ သူ့ကြည့်ရတာ စနိတ် ကျောင်းဆင်းတာနဲ့ လစ်မသွားရအောင် စောင့်နေသလိုပဲ။ ခါခါရော့ဖ် ဘာ ပြောမယ်ဆိုတာ ဟယ်ရီ သိပ်သိချင်တယ်။ ဒါကြောင့် မကျောင်းဆင်းဖို့ နှစ်မိန အလိုမှာ သင်းခွေချပ်သည်းခြေအရည်ကို တမင်မှောက်ပစ်လိုက်တယ်။ ဒီ ဆိုတော့ တခြားကျောင်းသားတွေ ဆူဆူညံညံနဲ့ တံခါးဝဆီ သွားကြစဉ် သူ့မှာ းကျိုအိုးနောက် ဆောင့်ကြောင့်ထိုင်ပြီး အဝတ်နဲ့ ကြမ်းကို သုတ်ဖို့ အကြောင်း ချက် ရသွားတယ်။

"ဘာကိစ္စ ဒီလောက် အလောတကြီး ဖြစ်တာလဲ" စနိတ်ပ်က အသံ ပြီး ခါခါရော့ဖ်ကိုပြောတာ သူကြားရတယ်။

"မင်းကြည့်စမ်း" ခါခါရော့ဖ်က ပြောတယ်။ ဟယ်ရီက ဆေးကျိုအိုး းက ခိုးကြည့်လိုက်တယ်။ ခါခါရော့ဖ်ဟာ ဝတ်ရုံရှည် ဘယ်ဘက်လက်မောင်း လှန်ပြီး စနိတ်ပ်ကို သူ့လက်တံတောင်ဆစ်အောက်ပိုင်းကို ပြတယ်။

"ဘယ့်နှယ့်လဲ" ခါခါရော့ဖ်က မိမိနှုတ်ခမ်းမလှုပ်အောင် ပင်ပန်း စွာ ပြောတယ်။ "မြင်ပြီလား၊ ဘယ်တုန်းကမှ ဒီလောက် မပေါ်လွင်ဘူး ——"

"မြန်မြန်ဖုံးထား" စနိတ်ပ်က ဟောက်တယ်။ မျက်လုံးနက်နက်တွေက ာင်းခန်းကို ဝှေ့ကြည့်တယ်။

"ဒါပေမယ့် မင်းသတိထားမိရောပေါ့ ——" ခါခါရော့ဖ်ဟာ ပူပန်တဲ့ သံနဲ့ပြောတယ်။

"နောက်မှဆွေးနွေးမယ်၊ ခါခါရော့ဖ်" စနိတ်ပ်က မာမာပြောတယ်။ တာ၊ မင်းဘာလုပ်နေလဲ"

"ကျွန်တော် ဖိတ်သွားတဲ့သင်းခွေချပ်သည်းခြေအရည်ကို သုတ်သင် ဘာပါ၊ ပါမောက္ခ" ဟယ်ရီက ရိုးစင်းဟန်ဆောင်ပြီးပြောရင်း ခါးမတ်လိုက် ယ်။ လက်ထဲက အဝတ်စုတ်စိုစိုကို မြှောက်ပြတယ်။

ခါခါရော့ဖ်လှည့်ပြီး ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။ သူ့ကြည့်ရ စိတ်လဲပူတယ်။ ဒေါသလဲဖြစ်သလိုပဲ။ ဟယ်ရီဟာ ဒေါသူပုန်ထတော့ စနိတ်ပ်နဲ့ နှစ်ယောက်တည်း ဆက်မနေချင်လို့ စာအုပ်နဲ့ ဆေးတွေကို ယ်အိတ်ထဲ ပစ်ထည့်ပြီး အလျင်အမြန် ထွက်လာခဲ့တယ်။ ခုနက မြင်တွေ့ ဲ့အကြောင်းကို ရွန်နဲ့ဟာမီးကို သူပြောပြချင်တယ်။

ဒုတိယနေ့နေ့လယ် သူတို့ ရဲတိုက်ကထွက်လာတော့ ကွင်းကို ဖြော့ ာ့တဲ့ငွေရောင်နေခြည်ထိုးနေတာ တွေ့ရှိရတယ်။ ရာသီဥတုကတော့ တစ် င်း အနွေးဆုံးအချိန်ပဲ။ သူတို့ ဟော့ဂ်စ်မိဒ်ရွာရောက်တော့ သုံးယောက် င်း မြှုထည်ကို ချွတ်ပစ်လိုက်ပြီး ပခုံးပေါ် တင်ထားလိုက်ကြတယ်။ ဆီးရီး

www.burmeseclassic.com



အက်စ်ကြယ်က သူတို့ကို ယူလာခိုင်းတဲ့ အစားအစာတွေဟာ ဟယ်ရီ့လွ
အိတ်ထဲမှာ ရှိတယ်၊ သူတို့ဟာ နေ့လယ်ထမင်းစားစဉ် ကြက်ပေါင် ဆယ်
လောက်ရယ်၊ ပေါင်မုန့်ရှည်တစ်လုံးရယ်၊ ပြီးတော့ ရွှေဖရုံသီးရည် တစ်ပုလ
နယ် နိုးလာကြတယ်။

သူတို့ဟာ ဂလက်ဒ်ရက်ဂ်စ်မှော်ဆရာအကျီဆိုင်မှာ ဖေ့ါဘီအတွ
လက်ဆောင်ဝယ်တယ်။ သူတို့ဟာ ရှိသမျှထဲက အတောက်ပဆုံး၊ အထူးခြ
ဆုံးခြေစွပ်တွေ ရွေးထုတ်ကြတယ်။ ခြေစွပ်တစ်ရန်ပေါ်မှာက လက်နေ
ရွှေကြယ်ငွေကြယ်ဒီဇိုင်း။ တစ်ရန်ကတော့ သိပ်နံလာရင် ထအော်တတ်တယ
သူတို့ရွေးရင်း သိပ်ပျော်နေတယ်။ တစ်နာရီခွဲတော့ သူတို့ဟာ လမ်းမပြ
အတိုင်း ဒါးဗစ်ရှိုနဲ့ ဘန်းစ်ကိုဖြတ်ပြီး ရွာပြင်ကို လျှောက်သွားတယ်။

အရင်က ဒီဘက်ဆီကို ဟယ်ရီမရောက်ဖူးဘူး။ ကွေ့ကောက်တဲ့ လ
ကလေးက သူတို့ကို ဟော့ဂ်စ်မိဒ်ရွာပြင်က မဖွံ့ဖြိုးတဲ့ကျေးလက်ဆီ ပို့ပေးလို
တယ်။ ဒီမှာ သစ်သားအိမ်အချို့သာ ရှိတယ်။ ဒါပေမယ့် အိမ်တိုင်းမှာ
အကျယ်ကြီးရှိတယ်။ သူတို့ တောင်ခြေကိုလျှောက်သွားတယ်။ ဟော့ဂ်စ်
ရွာဟာ အဲဒီတောင်ကြီးရဲ့အရိပ်ထဲမှာ ကျရောက်နေတယ်။ ဒီနောက်ထေ
သူတို့ ကွေ့ချိုးတစ်ခုကို ချိုးလိုက်တယ်။ လမ်းကလေးအဆုံးမှာ ခြံစည်းရိုးရှိ
တွေ့ရတယ်။ အဲဒီနေရာမှာ သူတို့ကိုစောင့်နေတာကတော့ အမွေးစုတ်ဖွာ
ခွေးကြီးတစ်ကောင်။ ၎င်းရဲ့ရှေ့ခြေထောက်ကို ခြံစည်းရိုးရဲ့အပေါ်ဆုံးတန်း
တင်ထားတယ်။ ပါးစပ်ထဲမှာ သတင်းစာတချို့ ခဲထားတယ်။ ဒီခွေးကို ကြ
ရတာ မြင်ဖူးသလိုပဲ . . . .

"မင်္ဂလာပါ၊ ဆီးရီးအက်စ်ကြယ်" သူတို့လျှောက်သွားတော့ ဟယ်ရီ
ပြောတယ်။

ခွေးနက်ကြီးဟာ ဟယ်ရီ့လွယ်အိတ်ကို အငမ်းမရ နမ်းနေတယ
အမြီးလှုပ်လိုက်တယ်။ ဒီနောက် လှည့်ပြီး ချုံပုပ်တွေရှိတဲ့ ကွင်းထဲမှာ အ
လေးသွားတယ်။ ဒီကွင်းဟာ ကျောက်ဆောင်တွေပေါတဲ့တောင်ခြေကို ပေါ
တယ်။ ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ဟာ ခြံစည်းရိုးကို အမြန်ကျော်ဖြတ်ပြီး နောက်
လိုက်သွားတယ်။

ဆီးရီးအက်စ်ကြယ်ဟာ သူတို့ကိုခေါ်ပြီး တောင်ခြေထိ လာတယ
ဒီကမြေပြင်မှာ ကျောက်တုံးကြီး၊ ကျောက်တုံးသေးတွေနဲ့ ပြည့်နေတယ်။ ၎င်း



ခြေထောက်လေးချောင်းရှိလို့ သွားရတာပေ့ါပါးသွက်လက်တယ်၊ ဒါပေမယ့်
ယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ကတော့ မကြာခင်မှာပဲ မောဟိုက်လာကြတယ်၊ သူတို့
ာ ဆီးရီးအက်စ်ကြယ်နောက်လိုက်သွားတာ ကြာလေဝေးလေပဲ၊ အထက်ကို
ာက်ကြတယ်။ သူတို့ဟာ ဆီးရီးအက်စ်ကြယ်ရဲ့ လှုပ်ယမ်းတဲ့အမြီးနောက်က
း ကွေ့ကောက်မတ်စောက်ပြီး ကျောက်တုံးကျောက်စွယ်တွေနဲ့ လမ်းတလေး
ခန အထက်ကို နာရီဝက်လောက် တက်လာခဲ့တယ်။ နေပြင်းလို့ သူတို့
ွေးရွှဲနေပြီ။ ဟယ်ရီ့လွယ်အိတ်ကြိုးက သူ့ပခုံးကို နာလာစေတယ်။

နောက်ဆုံး ဆီးရီးအက်စ်ကြယ် လုစ်ခနဲ ပျောက်သွားတယ်၊ သူတို့
င်တွေ ၎င်းပျောက်သွားတဲ့နေရာကိုရောက်တော့ ကျောက်ဆောင်ပေါ်မှာ
ည်းမြောင်းတဲ့အပေါက်ရှိတာ တွေ့ရတယ်။ သူတို့ တိုးဝင်သွားတယ်၊ အလင်း
ောင်မှိန်ပြီး အေးမြတဲ့ကျောက်ဂူထဲ ရောက်လာတာတွေ့ရတယ်။ ဘတ်ခ်ဘိခ်
ိုခေါ်တဲ့ ဟစ်ပိုဂရစ်ဖ်ဟာ ဂူရဲ့အတွင်းဆုံးမှာ ချည်ထားတယ်။ ကြိုးကို
ျောက်တုံးကြီးတစ်တုံးမှာ ရစ်ပတ်ထားတယ်။ သူတို့သုံးယောက်ဟာ ၎င်းကို
ွဘ်အလေးပြုတယ်။ ဘတ်ခ်ဘိခ်ဟာ သူတို့ကို ခဏအကဲခတ်ကြည့်ပြီး
ာက် အကြေးခွံတွေနဲ့ရှေ့ခြေကို ကွေးချလိုက်တယ်။ ဟာမီးက ၎င်းရဲ့ငှက်မွေး
ကြတဲ့လည်ပင်းကို ပွတ်သပ်တာ ခံနေတယ်။ ဟယ်ရီကတော့ ဟိုခွေးနက်ကို
ည့်နေတယ်။ ဒီအချိန်မှာပဲ ခွေးနက်ဟာ သူ့ဂေါ့ဖားသားဖြစ်သွားတယ်။

ဆီးရီးအက်စ်ကြယ်ဟာ ဝတ်ရုံရှည်မီးခိုးရောင်အစုတ်ကို ဝတ်ထား
ယ်။ သူ အက်ဇခါဘန်က ထွက်လာတုန်းက ဝတ်တဲ့အကျီပဲ။ သူ့ဆံပင်
ဲနက်ဟာ အရင်တခါ မီးဖိုထဲကထွက်လာတာထက် အများကြီးရှည်တယ်၊
ောဘ့ ရှုပ်ပွနေပြန်ပြီ။ သူအလွန်ပိန်နေတယ်။

"ကြက်"သူဟာ 'ကြိုဟောဆရာများနေ့စဉ်' အဟောင်းကို မြေကြီး
ော် ပစ်ချလိုက်ရုံ ရှိသေးတယ်။ အသံအအနဲ့ပြောတယ်။

ဟယ်ရီ လွယ်အိတ်ကိုဖွင့်ပြီး ကြက်ပေါင်နဲ့ပေါင်မုန့်ကို ပေးလိုက်
ယ်။

"ကျေးဇူးပဲ" ဆီးရီးအက်စ်ကြယ်ကပြောပြီး အထုပ်ကိုဖြည်ကာ ကြက်
ောင်တစ်ချောင်း ဆွဲထုတ်လိုက်တယ်။ မြေကြီးပေါ်ထိုင်ချပြီး ကြက်သားကို
ိုက်ဖြဲလိုက်တယ်။ "ကျုပ် ကြွက်သားစားပြီး အသက်ရှင်နေရသလောက် ဖြစ်
ယ်။ ဟော့ဂ်စ်မိဒ်က အစားအစာ သိပ်ခိုးလို့မရဘူး၊ နှိုးမိုးရင် သူများ သတိ

www.burmeseclassic.com



ဖြူခိုသိခ့်မယ်"

သူက ဟယ်ရီ့ကို မော့်ကြည့်ပြီး ရယ်တယ်။ ဒါပေမယ့် ဟယ်ရီ
မနည်းကြိုးစားရယ်ပြတယ်။

"သင် ဒီမှာ ဘာလုပ်နေလဲ၊ ဆီးရီးအက်စ်ကြယ်" သူက မေးတယ်

"ဂေါ့အားသားတစ်ယောက်ရဲ့ ဝတ္ထုရားကို ထမ်းဆောင်နေတာ" ဆီး
အက်စ်ကြယ်က ပြောတယ်။ ကြက်ရိုးကိုလည်း ကိုက်နေတယ်။ အဲဒီပုံပန်းဟ
ခွေးတစ်ကောင်နဲ့တူနေတယ်။ "ဒီအတွက် စိတ်မပူပါနဲ့၊ ကျုပ်က တစ်အိ
အိမ်က ပျောက်နေတဲ့ ချစ်စရာခွေးယောင် ဆောင်နေတာ"

သူက ဒီအတိုင်းရယ်နေတယ်။ ဒါပေမယ့် ဟယ်ရီ့မျက်နှာပေါ်
ပူပန်တဲ့အမူအရာကိုမြင်တော့ တည်ကြည်စွာပြောတယ်။ "ကျုပ် အခင်းနေ
ကို ကိုယ်တိုင်သွားမှဖြစ်မယ်။ မင်း နောက်ဆုံးပေးတဲ့စာ . . . . အနည်းဆ
တော့၊ ကျုပ်တို့ကိစ္စက ပိုပိုသံသယရှိစရာ ဖြစ်လာပြီလို့ ပြောနိုင်တယ်။ လွှင့်
ထားတဲ့သတင်းစာတွေ့ရင် ကျုပ်ကောက်လာတယ်။ အခုဖြစ်ပွားတဲ့အခြေအ
အရ၊ ပူပင်သောကရောက်နေတာ ကျုပ်တစ်ယောက်တည်းမဟုတ်ဘူး"

သူက မြေကြီးပေါ်က ဝါနေတဲ့ "ကြိုဟောဆရာများနေ့စဉ်"ကို ခေါ
ညိတ်ပြတယ်။ ရွန်က သတင်းစာကို ကောက်ပြီးဖြန့်လိုက်တယ်။ ဟယ်ရီ
တော့ ဆီးရီးအက်စ်ကြယ်ကိုပဲ ကြည့်နေတယ်။

"သူတို့ သင့်ကိုဖမ်းမိရင် ဘယ်လိုလုပ်မလဲ၊ သူများ သင့်ကိုတွေ့သွ
ရင် ဘယ်လိုလုပ်မလဲ"

"ဒီတစ်ဝိုက်မှာ မင်းတို့သုံးယောက်နဲ့ ဒမ်ဘယ်ဒိုးပဲ ကျုပ်အာနိ
ဂတ်စ်ဆိုတာ သိတယ်" ဆီးရီးအက်စ်ကြယ်က ပခုံးတွန့်လိုက်ပြီး ကြက်ပေ
ကို အလုတ်ကြီးကိုက်စားနေတယ်။

ရွန်က ဟယ်ရီ့ကို တံတောင်ဆစ်နဲ့တွက်လိုက်ပြီး "ကြိုဟောဆရာမ
နေ့စဉ်"ကို ပေးလိုက်တယ်။ သတင်းစာက နှစ်စောင်၊ ၎င်းအနက် တစ်စေ
မှာ ဒီလိုခေါင်းစီးနှိပ်ထားတယ်။ ဘာထီ-ခရောက်ချ်ရဲ့သံသယရှိစရာဖျားခြ
ကျန်တစ်စောင်မှာက၊ မော်ဝန်ကြီးဌာနက မော့်ဆရာမ ခုထိဘယ်ရောက်
မှန်းမသိဘူး —— အခုမှော်ဝန်ကြီးကိုယ်နှိုက်လဲ ဒီအမှုထဲပါနေပြီ။

ဟယ်ရီဟာ ခရောက်ချ်ကိုရေးထားတဲ့အပိုင်းကို အလျင်အမြန်ကြ
လိုက်တယ်။ အဲဒီထဲက စကားလုံးတချို့ သူ့မျက်စိထဲဝင်လာတယ်။ နိုဝင်ဘာ



စပြီး မတွေ့ရတော့ဘူး . . . . အိမ်မှာလဲလူမနေသလိုပဲ . . . . စိန့်မန်ဂိုး
ရောဂါနဲ့ဒဏ်ရာကုမှော်ဆေးရုံက ဝေဖန်ပြောဆိုဖို့ ငြင်းဆန်တယ် . . . . မှော်
ဝန်ကြီးဌာနက သူ ရောဂါကျွမ်းနေပြီဆိုတာ အတည်မပြုချင်ဘူး . . . .

"သူတို့လေသံက သူသေတော့မလိုပဲ" ဟယ်ရီက ဖြည်းဖြည်းပြော
တယ်။ "သူ ဒီကိုတောင်လာဖို့ ခွန်အားရှိနေမှတော့ သိပ်အပြင်းဖျားနာနေတာ
ဖြစ်နိုင်ဘူး . . . ."

"ကျွန်တော့်အစ်ကိုက ခရောက်ချ်ရဲ့ကိုယ်ရေးအရာရှိ" ရွန်က ဆီးရီး
အက်စ်ကြယ်ကို ပြောပြတယ်။ "ခရောက်ချ်ဟာ အလုပ်သိပ်ပင်ပန်းလို့ ရောဂါ
ဖြစ်တာလို့ပြောတယ်"

"ဒါပေမယ့် ကျွန်တော်ပြောပြမယ်၊ အရင်တခါက ကျွန်တော် အနား
ကပ်ပြီး သူ့ကို အကဲခတ်ကြည့်တာ၊ သူဟာ တကယ်ပဲရောဂါရှိတဲ့ပုံပဲ" ဟယ်ရီ
က ဖြည်းဖြည်းပြောရင်း ဟိုသတင်းဆောင်းပါးကို ကြည့်နေတုန်းပဲ။ "ကျွန်တော့်
နာမည် မီးတောက်ခွက်ထဲကထွက်လာတဲ့နေ့ ညမှာ . . . ."

"အဲဒါ သူ ဝင့်ခီကို ထုတ်ပစ်လို့ရတဲ့အကျိုးဆက်ပဲ၊ မဟုတ်ဘူးလား"
ဟာမီးကပြောတယ်။ လေသံက နည်းနည်းစူးရှတယ်။ ဘတ်ခ်ဘိခ်ဟာ ဆီးရီး
အက်စ်ကြယ်စွန့်ပစ်တဲ့ ကြက်ရိုးကို တကျွတ်ကျွတ်ဝါးစားနေတယ်။ ဟာမီးက
ငှက်ကို သိမ်မွေ့စွာ ပွတ်သပ်ပေးနေတယ်။ "သူ အခု မိမိလုပ်တာကိုနောင်တ
ရနေတယ်လို့ ကျွန်မ ပြောဝံ့တယ် —— ဝင့်ခီ အရင်ကလိုပြုစုတာမရှိတော့၊
ဒုနေရတာ အရင်ကလိုမဟုတ်တော့ဘူးလို့ ကျွန်မပြောဝံ့တယ်"

"ဟာမီးက အိမ်မွေးမှင်စာလေးတွေကို သိပ်စွဲလမ်းနေတာ" ရွန်က
ဆီးရီးအက်စ်ကြယ်ကို တိုးတိုးပြောပြတယ်။ ဟာမီးကိုလည်း မျက်ဖြူလန်ပြ
တယ်။

ဒါပေမယ့် ဆီးရီးအက်စ်ကြယ်ကတော့ သိပ်စိတ်ဝင်စားတာပဲ။
ခရောက်ချ်က သူ့အိမ်မွေးမှင်စာလေးကို ထုတ်ပစ်တယ် ?"

"ဟုတ်တယ်လေ၊ ခွဲဒစ်ကမ္ဘာ့ဖလားပွဲတုန်းက "ဟယ်ရီက ပြော
တယ်၊ ဆက်လက်ပြီး သူက မှော်နက်အမှတ်အသား ဘယ်လိုပေါ်လာတာ၊
ဝင့်ခီလက်ထဲမှာ ဟယ်ရီ့မှော်ကြိမ်လုံးနဲ့ ဘယ်လိုဖမ်းမိတာ၊ မစ္စတာခရောက်ချ်
ဘယ်လိုဒေါသပုန်ထတာတွေကို ခရာစေ့တွင်းကျ ပြောပြလိုက်တယ်၊ ဟယ်ရီ
ပြောပြီးတာနဲ့ ဆီးရီးအက်စ်ကြယ်က မတ်တတ်ရပ်လိုက်တယ်၊ လိုဏ်ဂူထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



စတင်ပြီး ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတယ်။

"ကျုပ် ဒီကိစ္စကို ရှင်းအောင်လုပ်မယ်" ခဏနေတော့ သူက ပြော တယ်။ လက်ထဲမှာလည်း ခုတင်ယူထုတ်လိုက်တဲ့ကြက်ပေါင်ကို ယမ်းနေတယ် "အရင်ဆုံးဟိုမှင်စာလေးကို ထိပ်ဆုံးပွဲကြည့်စင်ထဲမှာ မင်းမြင်တယ်။ သူမက ခရောက်ချ်ကို နေရာဦးပေးနေတယ်၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီ၊ ရွန်နဲ့ ဟာမီးက ပြိုင်တူပြောတယ်။

"ဒါပေမယ့် ခရောက်ချ်ပြိုင်ပွဲလာမကြည့်ဘူး ?"

"မကြည့်ဘူး" ဟယ်ရီက ပြောတယ်။ "သူက အလုပ်သိပ်များလို့လို့ ပြောတာ ကျွန်တော်မှတ်မိတယ်"

"ဆီးရီးအက်စ်ကြယ်ဟာ လိုဏ်ဂူထဲမှာ တိတ်တိတ်လေး ဟိုဒီလမ်း လျှောက်နေတယ်။ ဆက်လက်ပြီး သူကပြောတယ်။ "ဟယ်ရီ၊ မင်း အပေါ်ဆုံး ပွဲကြည့်စင်ကထွက်တော့ အိတ်ကပ်ကို စမ်းကြည့်သေးလား။ မှော်ကြိမ်လုံးရှိသေး လား"

"အင်း . . . . " ဟယ်ရီ ကြိုးစားပြီး ပြန်စဉ်းစားတယ်။ "ဟင့်အင်း" သူ နောက်ဆုံးပြောတယ်။ "သစ်တောထဲမဝင်ခင်မှာ၊ ကျွန်တော် မှော်ကြိမ်လုံး သုံးစရာမလိုဘူး။ သစ်တောထဲဝင်တော့ ကျွန်တော်အိတ်ကပ်ထဲ နှိုက်လိုက်တာ ကျွန်တော့်ရဲ့တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းပဲ ကျန်တော့တယ်" သူက ဆီးရီးအက်စ်ကြယ်ကို ကြည့်နေတယ်။ "သင်ပြောချင်တာက မှော်နက်အမှတ် အသားကို ဖန်ဆင်းတဲ့လူဟာ အပေါ်ဆုံးပွဲကြည့်စင်မှာ ကျွန်တော့်မှော်ကြိမ်လုံး ကို ခိုးသွားတယ် ?"

"သိပ်ဖြစ်နိုင်တယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။

"ဝင့်ခီ မှော်ကြိမ်လုံးကို မခိုးဘူး" ဟာမီးက ပြတ်သားစွာပြောတယ်။

"ဒါဆို ပွဲကြည့်စင်ခန်းထဲမှာ ဝင့်ခီအပြင် တခြားလူလဲရှိတာပဲ" ဆီးရီး အက်စ်ကြယ်က ပြောတယ်။ သူမျက်မှောင်ကြုတ်ပြီး ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်နေပြန်တယ်။ "မင်းနောက်မှာထိုင်တာ ဘယ်သူရှိသေးလဲ"

"အများကြီးပဲ" ဟယ်ရီကပြောတယ်။ "ဘူဂေးရီးယားကဝန်ကြီးတချို့ . . . . ကွန်နယ်လစ်-ဖဒ်ဂ် . . . . ပြီးတော့ မော်ဖိုင်တို့မိသားစု . . . . "

"မော်ဖိုင်" ရွန်က ရုတ်တရက်အော်ပြောတယ်။ သူ့အသံက ကျယ် လွန်းလို့ လိုဏ်ဂူထဲမှာ တအုန်းအုန်းမြည်သွားတယ်။ ဘတ်ခ်ဘိခ်က မငြိမ်



က် ခေါင်းကို လှုပ်ခါတယ်။ "အဲဒါ လူးရှပ်စ်-မော်ဖိုင်ပဲလို့ ငါပြောရဲတယ်"

"တခြားလူရှိသေးလား" ဆီးရီးအက်စ်ကြယ်က မေးတယ်။

"မရှိတော့ဘူး" ဟယ်ရီက ပြောတယ်။

"ရှိတယ်၊ လူဒို-ဘက်ဂမင်းရှိသေးတယ်" ဟာမီးက သတိပေးတယ်၊

"အော၊ ဟုတ်တယ် . . . . "

"ကျုပ် ဘက်ဂမင်းကို သိပ်မသိဘူး၊ ဝင်းဘောင်းစ်ပျားနကျယ်အသင်း ဘောရိုက်သမားလို့သာသိတယ်" ဆီးရီးအက်စ်ကြယ်က ခေါက်တုံ့ခေါက်ပြန် ာက်ရင်းပြောတယ်။ "သူက ဘယ့်နှယ့်လဲ"

"မဆိုးပါဘူး" ဟယ်ရီကပြောတယ်။ "သူက ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲမှာ ကျွန်တော့်ကို ကူညီမယ်လို့ အကြိမ်အချို့လာပြောတယ်"

"အော၊ ဟုတ်လား" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ မျက်မှောင် ကြုတ်သွားတယ်။ "သိပ်အံ့ဩစရာပဲ၊ သူဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

"သူက ကျွန်တော့်ပေါ် ခံစားချက်ကောင်းလို့လို့ ပြောတယ်" ဟယ်ရီ ပြောတယ်။

"ဟင်" ဆီးရီးအက်စ်ကြယ်က တစ်ခုတွေးမိသလိုပဲ။

"မှော်နက်အမှတ်အသားမပေါ်ထွက်ခင်မှာပဲ ကျွန်မတို့ သစ်တော မှာ သူ့ကိုတွေ့တယ်" ဟာမီးက ဆီးရီးအက်စ်ကြယ်ကို ပြောတယ်။ "မှတ်မိ " သူမက ဟယ်ရီနဲ့ ရွန်ကို မေးတယ်။

"ဟုတ်တယ်၊ ဒါပေမယ့် သူသစ်တောထဲမှာ မနေရစ်ဘူး၊ ဟုတ်တယ် ဘ်လား" ရွန်က ပြောတယ်။ "ကျွန်တော်တို့က သူ့ကို ရုန်းရင်းဆန်ခတ် ဘယ်ဆိုတာ ပြောပြတာနဲ့ သူစခန်းချရာကို လိုက်သွားတယ်"

"နင်ဘယ်လိုလုပ်သိလဲ" ဟာမီးက ချက်ချင်းပြန်မေးတယ်။ "သူ ရွှေ့ပြောင်းသွားတာ ဘယ်ကိုရောက်သွားတယ်ဆိုတာ နင်ဘယ်လိုလုပ် လဲ"

"လျှောက်မပြောနဲ့တော့" ရွန်က မယုံနိုင်ဘဲ ပြောတယ်။ "နင်က ဒို-ဘက်ဂမင်းက မှော်နက်အမှတ်အသားကို ဖန်ဆင်းတယ်ထင်တာလား"

"သူက ဝင့်ခီထက်ပိုပြီး ဖြစ်နိုင်တယ်" ဟာမီးက ခေါင်းမာမာပြော တယ်။

"ကျွန်တော် သင့်ကို ပြောပြဖူးတယ်" ရွန်က အဓိပ္ပာယ်ရှိရှိနဲ့ ဆီးရီး

www.burmeseclassic.com

www.burmeseclassic.com



အက်စ်ကြယ်ကိုကြည့်ပြီး ပြောတယ်။ "ကျွန်တော် သင့်ကိုပြောပြဖူးတယ်။ သူ
ဟာ အိမ်မွေးမှင်စာလေးတွေပေါ် စွဲ ——"

ဒါပေမယ့် ဆီးရီးအက်စ်ကြယ်က လက်တစ်ချောင်းမြှောက်ပြီး ရွှန်
ဘားလိုက်တယ်။

"မှော်နက်အမှတ်အသားဖန်ဆင်းပေါ်ထွက်လာပြီးနောက်၊ မှင်
လေးက ဟယ်ရီ့မှော်ကြိမ်လုံးကိုကိုင်လျက် လူတွေ့သွားတော့၊ ခရောက်ချ်
ဘယ်လိုလုပ်လဲ"

"သူက ချုံပုပ်ထဲဝင်ကြည့်တယ်" ဟယ်ရီကပြောတယ်။ "ဒါပေမ
အဲဒီမှာ လူမရှိဘူး"

"ဒါပေ့" ဆီးရီးအက်စ်ကြယ်က လမ်းလျှောက်ရင်း သာသာရေရွ
နေတယ်။ "ဒါပေ့၊ သူက သူမှားကို အပြစ်ပုံချင်တာ၊ မိမိမှင်စာလေးကို မဟု
ဘူး . . . . ဒီနောက် သူက သူမကို ထုတ်ပစ်လိုက်တယ် ?"

"ဟုတ်တယ်" ဟာမီးက အလွန်စိတ်ဆိုးတဲ့အသံနဲ့ ပြောတယ်။ "သူ
သူမကို ထုတ်ပစ်တယ်။ အကြောင်းက သူမ သူမှားနင်းချေချင်တိုင်းနင်း
ခံရအောင် ရွက်ထည်တဲထဲမှာမနေလို့"

"ဟာမီး၊ နင်မှင်စာလေးအရေးပဲ သိပ်ပြောမနေလို့ရမလား" ရွှန်
ပြောတယ်။

ဆီးရီးအက်စ်ကြယ်က ခေါင်းခါလိုက်ပြီးပြောတယ်။ "သူမက မ
ထက်ပိုပြီး ခရောက်ချ်ရဲ့စိတ်ဓာတ်ကို သိတယ်၊ ရွှန်။ မင်း လူတစ်ယောက်
စိတ်နေစိတ်ထားကို သိချင်ရင်၊ ၎င်းဟာ ၎င်းလက်အောက်ကလူကို ဘယ်
ဆက်ဆံတယ်ဆိုတာ ကြည့်ရမယ်။ ၎င်းနဲ့ အဆင့်အတန်းတူတဲ့လူကို ဘယ်
ဆက်ဆံတယ်ဆိုတာချည်း ကြည့်လို့ မရဘူး"

သူက မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ပါးပြင်ကို လက်နဲ့သပ်
တယ်။ တစ်ခုခုကို စဉ်းစားနေတာ သေချာတယ်။

"ဘာသီ-ခရောက်ချ် ဒီလောက်အကြိမ်များများ ပေါ်မလာ
. . . . ခွေဒစ်ကမ္ဘာ့ဖလားပွဲတုန်းက သူက သူ့အိမ်မွေးမှင်စာလေးကို
အတွက် နေရာယူခိုင်းတယ်။ သူကိုယ်နှိုက်ကတော့ မလာဘူး။ သူဟာ အချိန်
အလုပ်လုပ်ပြီး ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ပြန်လည်ကျင်းပနိုင်အောင် လုပ်တ
သူကိုယ်နှိုက်က မတက်ရောက်ဘူး။ ဒါခရောက်ချ်ရဲ့စရိုက်နဲ့ မကိုက်ညီဘူ



အရင်က သူဟာ နေမကောင်းလို့ တစ်ရက်ခွင့်ယူဖူးရင်၊ ကျုပ်က ဘတ်ခ်ဘိခ်ကို
ရှင်လတ်လတ် မျိုချမှာ"

"ဘာလဲ ? သင် ခရောက်ချ်ကို သိတယ် ?" ဟယ်ရီက ပြောတယ်၊

ဆီးရီးအက်စ်ကြယ်ရဲ့ အမူအရာမှေးမှိန်သွားတယ်။ ရုတ်တရက်
ကြောက်စရာကောင်းလာတယ်။ ဟယ်ရီ ပထမအကြိမ် သူ့ကိုမြင်တွေ့ရတုန်း
သို့ပဲ။ ထိုစဉ်က ဟယ်ရီဟာ ဆီးရီးအက်စ်ကြယ်ကို လူသတ်သမားလို့ ထင်
ဘုန်းပဲ။

"အော၊ ကျုပ် ခရောက်ချ်ကို သိတာပေါ့" သူက အသာပြောတယ်။
ကျုပ်ကို အက်ဇခါဘန်ပို့ဖို့ သူက အမိန့်ပေးတာ၊ တရားစီရင်တာတောင်
ဘူး"

"ဘာလဲ ?" ရွှန်နဲ့ဟာမီးက ပြိုင်တူပြောတယ်။

"ဟင့်အင်း၊ ရယ်စရာပြောတာမဟုတ်ဘူး" ဆီးရီးအက်စ်ကြယ်က
ပြောရင်း ကြက်ပေါင်ကို တစ်ချက်ကိုက်လိုက်တယ်။ "ခရောက်ချ်ဟာ မှော်
ကြီးဌာနရဲ့ တရားဥပဒေကျင့်သုံးရေးဌာနခွဲက ဌာနခွဲမှူးဖြစ်တယ်။ အဲဒါ
တို့မသိဘူးမဟုတ်လား"

ဟယ်ရီ၊ ရွှန်နဲ့ ဟာမီး ခေါင်းခါတယ်။

"သူ့ကို လာမယ့်အကြိမ်မှာ မှော်ဝန်ကြီးအဖြစ် အရွေးခံရမယ်လို့
မှန်းသူရှိတယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ "သူဟာ သိပ်တော်တဲ့
ဆရာ။ ဘာသီ-ခရောက်ချ်၊ မှော်ပညာလဲ မြင့်မားတယ် —— အာဏာ
က်လဲ သိပ်ကြီးတယ်။ အော၊ ဗိုလ်ဒီမွန့်ကို ထောက်ခံသူမဖြစ်နိုင်ဘူး" သူဟာ
ယ်ရီ့အမူအရာကိုမြင်တော့ ပြောတယ်။ "ဘာသီ-ခရောက်ချ်ဟာ သူ မှော်
ကို ဆန့်ကျင်တယ်လို့ အတိအလင်းပြောလေ့ရှိတယ်။ ဒါပေမယ့် မှော်နက်
ဆန့်ကျင်တဲ့လူအများဟာလဲ . . . . အင်း၊ မင်းတို့နားလည်မှာမဟုတ်ဘူး
. . . . မင်းတို့အသက်သိပ်ငယ်သေးတယ် . . . ."

"ကျွန်တော့်အဖေက ကမ္ဘာ့ဖလားပွဲမှာ ဒီအတိုင်းပြောတယ်" ရွှန်က
ပြောတယ်။ လေသံမှာ စိတ်ဆိုးသံပါတယ်။ "သင်စမ်းပြောပြကြည့်လေ၊ ကျွန်
တော်တို့ နားလည်နိုင်မလားလို့"

ဆီးရီးအက်စ်ကြယ်ရဲ့ ပိန်ချုံးတဲ့မျက်နှာပေါ်မှာ ပြုံးနိုင်သန်းသွား
တယ်၊ "ကောင်းပြီ၊ ကျုပ် စမ်းကြည့်မယ် . . . ." သူက လိုက်ကွက်ရဲ့တစ်ဖက်

www.burmeseclassic.com



ကိုသွားပြီး ပြန်လှည့်လာပြီး ပြောတယ်။ "အခုတွေးထင်ကြည့်ပါ။ ဗိုလဒီမွ
အင်အားကောင်းနေတယ်ထား၊ ဘယ်သူက သူ့ကိုထောက်ခံသလဲ၊ ဘယ်သူ
သူ့ကို အလုပ်အကျွေးပြုနေသလဲ၊ ဘယ်သူက မထောက်ခံ၊ အလုပ်အကျွေ
မပြုသလဲဆိုတာ သင်မသိဘူး။ သင်သိတာက ၎င်းက လူတွေကို ချုပ်ကိုင်ထ
ပြီး၊ သူတို့ကို မတတ်သာပဲ ကြောက်စရာကိစ္စတွေ ပြုလုပ်စေတယ်။ သင်ဟ
မိမိအတွက်၊ အိမ်သားတွေအတွက်၊ မိတ်ဆွေတွေအတွက် ကြောက်နေရတယ်
အပတ်တိုင်း လူသေဆုံးတဲ့သတင်းတွေ ရောက်လာတယ်။ လူသေပြန်ပြီ၊ လူ
ပျောက်ဆုံးကုန်ပြန်ပြီ၊ လူတွေအနှိပ်စက်ခံနေရပြန်ပြီ . . . . မှော်ဝန်ကြီးဌာ
လဲ ရှုပ်ထွေးကုန်ပြီ။ သူတို့ဟာ ဘယ်လိုလုပ်ရမယ်မှန်းမသိဘူး။ သူဟာ မတ်
တွေ မသိအောင် အမျိုးမျိုးဖုံးကွယ်ရသေးတယ်။ တစ်ချိန်တည်းမှာ မတ်
တွေလဲ သေနေကြတယ်။ နေရာတိုင်းချောက်ချားနေတယ် . . . . စိတ်မတ
ငြိမ်ဖြစ်နေတယ် . . . . ရှုပ်ထွေးနေတယ် . . . . ထိုစဉ်ကအခြေအနေက
အတိုင်းပဲ။

"အင်း၊ ဒီလိုအချိန်မျိုးမှာ လူကောင်းကို အကောင်းဆုံးအရည်အသွေ
ဖော်ပြစေနိုင်ပြီး၊ လူဆိုးကို အဆိုးရွားဆုံးအကျင့်စရိုက်တွေ ပေါ်ထွက်လာ
တယ်။ စစချင်းမှာ ခရောက်ချ်ရဲ့မှုက သိပ်မဆိုးဘူးထင်တယ် —— ကျုပ် သိ
မရှင်းဘူး။ သူဟာ ဝန်ကြီးဌာနထဲမှာ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတယ်
ဗိုလဒီမွန့်ကို ထောက်ခံသူတွေကို တင်းမာစွာ ကိုင်တွယ်တယ်။ အောရာ
ဟာ အခွင့်အာဏာအသစ်တွေ ရရှိတယ် —— ဥပမာ သူတို့မှာ လူသတ်
ရှိတယ်။ ဖမ်းရုံတင်မဟုတ်တော့ဘူး။ တရားမစီရင်ဘဲ ဝိညာဉ်စုပ်ကော
လက်ထဲ တိုက်ရိုက်အပ်ခံရတာ ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး။ ခရောက်
ဟာ အကြမ်းဖက်ခြင်းကို အကြမ်းဖက်ခြင်းနဲ့ ရင်ဆိုင်တယ်။ သူက သံသ
ရှိသူကို ခွင့်မလွှတ်ဂါထာတွေ အသုံးပြုခွင့်ပေးတယ်။ ကျုပ်အမြင်အရ သူဟ
မှော်နက်တွေလို ရက်စက်ကြမ်းကြုတ်တယ်၊ အစာနာတရားမရှိတော့ဘူ
မင်းတို့ သိကြလား။ သူ့မှာလဲသူ့ကို ထောက်ခံတဲ့လူရှိတယ် —— လူအထေ
များများက သူ ဒီလိုလုပ်တာမှန်တယ်လို့ ထင်တယ်။ မှော်ဆရာအများအပြ
ဟာ သူ့ကို ဝန်ကြီးခန့်အပ်ဖို့ တောင်းဆိုကြတယ်။ ဗိုလဒီမွန့် ကွယ်ပျောက်သွ
ပြီးနောက် ခရောက်ချ် ဝန်ကြီးဖြစ်ဖို့ဟာ အချိန်မျှသာ လိုတော့တယ်။ သို့
မယ့် အဲဒီအချိန်မှာပဲ အလွန်ကံမကောင်းစွာ ပြဿနာတစ်ခုဖြစ်တယ် . . .



ဆီးရီးအက်စ်ကြယ်ဟာ အေးစက်တဲ့အပြုံး ပေါ်လာတယ်။ "ခရောက်ချ်ရဲ့ သား
အရင်း အဖမ်းခံရတယ်။ သူဟာ အက်ဇခါဘန်ကနေ လှည့်စားပြောဆိုပြီး
ထွက်လာတဲ့ ဒက်အီတာတွေနဲ့ တွဲနေတယ်။ သူတို့ဟာ ဗိုလဒီမွန့်ကို လိုက်ရှာ
ပြီး ၎င်းကို ပြန်လည်ထူထောင်စေချင်ပုံရတယ်"

"ခရောက်ချ်ရဲ့သား အဖမ်းခံရတယ် ?" ဟာမီးက အံ့သြစွာမေးတယ်။

"ဟုတ်တယ်လေ" ဆီးရီးအက်စ်ကြယ်ကပြောရင်း အရိုးကို ဘတ်ခ်
ခဲ့ကို ပစ်ပေးလိုက်ပြီး ပေါင်မုန့်ဘေး ထိုင်ချလိုက်တယ်။ ပေါင်မုန့်ကိုကိုင်ပြီး
စ်ပိုင်းချိုးလိုက်တယ်။ "ဒါဟာ ဘာထိကြီးအဖို့ အလွန်အထိနာသွားတာ
ပြောကြည့်လို့ရတယ်။ သူဟာ မိသားစုနဲ့ အတူနေဖို့ အချိန်ပိုပေးသင့်တယ်၊
ဟုတ်ဘူးလား။ မကြာမကြာ အလုပ်ကစောစောပြန်ပြီး မိမိသားကို နားလည်
အောင် လုပ်သင့်တယ်"

သူဟာ ပေါင်မုန့်ကို အငမ်းမရစားနေတယ်။

"သူ့သားဟာ ဒက်အီတာလား" ဟယ်ရီက ပြောတယ်။

"မသိဘူး" ဆီးရီးအက်စ်ကြယ်ကပြောရင်း ပါးစပ်ထဲကို ပေါင်မုန့်
ထည့်နေတယ်။ "သူ့ကို အက်ဇခါဘန်ပို့တော့ ကျုပ်လဲ အဲဒီမှာရှိတယ်။
အခြေအနေတွေဟာ ကျုပ်ထွက်လာပြီးမှ သိရဟာ။ အဲဒီကောင်လေး အဖမ်း
တော့ သူနဲ့အတူရှိတဲ့လူအားလုံးဟာ ဒက်အီတာချည်းပဲ။ ဒါကိုတော့ ကျုပ်က
သက်နဲ့လောင်းဝံ့တယ် —— ဒါပေမယ့် သူဟာ အဲဒီအချိန်မှာ၊ အဲဒီနေရာ
မရှိသင့်တာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဟိုအိမ်မွေးမှင်စာလေးလိုပေါ့"

"ခရောက်ချ်က သူ့သား လွတ်အောင်လုပ်သေးလား" ဟာမီးက
တိုးမေးတယ်။

ဆီးရီးအက်စ်ကြယ်က ရယ်လိုက်တယ်။ ခွေးအူသံနဲ့ သိပ်တူတယ်။

"ခရောက်ချ်က သူ့သားလွတ်အောင်လုပ်တယ် ? ဟာမီး၊ ခုနက
သူ့ဇီဇကို အလွန်နားလည်တယ်ထင်ခဲ့တာ။ သူ့နာမည်ကို ထိခိုက်မယ့်ဟာ
ရင် အားလုံးပစ်ပယ်လိုက်တာပဲ။ သူ့ဘဝတစ်ခုလုံးကို မှော်ဝန်ကြီးဖြစ်ဖို့
ပန်းအတွက် စတေးတာ။ သူက သူ့ပေါ်သစ္စာရှိတဲ့ အိမ်မွေးမှင်စာလေး
ထုတ်ပစ်တာ မင်းတို့မြင်တယ်။ အဲဒီမှင်စာလေးဟာ ၎င်းကို မှော်နက်
တ်အသားနဲ့ ဆက်စပ်သွားစေလို့ပဲ —— သူဟာ ဘယ်လိုလူဆိုတာ မင်းတို့
ကြသေးဘူးလား။ ခရောက်ချ်ရဲ့ဖခင်အချစ်ဟာ သားကို တရားခွင်တင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာပဲ အလွန်ဆုံးဖော်ပြတယ်။ ဘေးမှာပြောဆိုနေကြတာကတော့ ဒါဟာ သူ့အဖို့ ဒီကောင်လေးကို ဘယ်လောက်မုန်းတီးတယ်ဆိုတာ ဖော်ပြဖို့ အကြောင် ပြချက်သာ ဖြစ်တယ်"

"သူက သူ့သားကို ဝိညာဉ်စုပ်ကောင်ကိုအပ်တယ် ?" ဟယ်ရီက အသာလေးမေးတယ်။

"ဒီအတိုင်းပါပဲ" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ အခု သူ့အ အရာဟာ ရယ်ချင်တဲ့အမှုအရာမဟုတ်တော့ဘူး။ "ဝိညာဉ်စုပ်ကောင်တွေ သူ့ကို ခေါ်သွင်းလာတာ ကျုပ်မြင်ရတယ်။ သံတိုင်ကြားက သူတို့ကို ကျု ကြည့်နေတယ်။ သူအလွန်ဆုံးရှိရင် ဆယ့်ကိုးနှစ်ပဲ။ သူတို့က သူ့ကို ကျုပ်အေ က ထောင်ခန်းမှာထားတယ်။ ညနေစောင်းမှာ သူဟာ အမေကို အော်ဟ တမ်းတနေတယ်။ ဒါပေမယ့် ရက်အနည်းငယ်ကြာတော့ ဘာသံမှမထွက်တော ဘူး . . . . သူတို့ နောက်ဆုံးမှာ ဘာသံမှမထွက်တော့ဘူး . . . . အိပ်မ ထဲမှာပဲ တစ်ခါတစ်ရံ ထအော်တော့တယ် . . . ."

ခဏတာအတွင်းမှာ ဆီးရီးအက်စ်ကြယ်မျက်လုံးထဲက စိတ်ဆင်းရဲ အရိပ်အယောင်သာ ပိုသည်းလာတယ်။ မျက်လုံးနောက်ရှိ တရုတ်ကပ်ပြတင် ပိတ်သွားသလိုပဲ။

"ဒီလိုဆိုရင်၊ သူ့ အခုအက်ဇခါဘန်မှာပဲပေါ့" ဟယ်ရီက မေးတယ်

"မရှိတော့ဘူး" ဆီးရီးအက်စ်ကြယ်က ပေါ့ပေါ့ပဲပြောတယ်။ "ဒ ဟိုမှာမရှိတော့ဘူး။ သူတို့ သူ့ကိုခေါ်လာပြီး တစ်နှစ်ကြာတော့ သူသေသွ တယ်"

"သူသေပြီ ?"

"သေတာ သူတစ်ယောက်တည်းမဟုတ်ဘူး" ဆီးရီးအက်စ်ကြယ် နာကျင်စွာပြောတယ်။ "အဲဒီမှာ၊ လူအများစု ရူးသွားကြတယ်။ လူအများဟ နောက်ဆုံး အစာငတ်ခံကြတယ်။ သူတို့မှာ ဆက်လက်အသက်ရှင်နေထိုင် မျှော်လင့်ချက်ကုန်ဆုံးသွားတယ်။ လူတစ်ယောက် ဘယ်တော့သေမယ်ဆိုတ သိနိုင်တယ်။ ဝိညာဉ်စုပ်ကောင်က ခံစားရလို့။ ဒီလိုအချိန်မျိုးရောက်ရင် ၎င်း သိပ်တက်ကြွတာ။ အဲဒီကောင်လေးဟာ လာတုန်းကတည်းက ဖျားနေတ ခရောက်ချ်ဟာ မှော်ဝန်ကြီးဌာနက အရေးကြီးအရာရှိကြီးမို့ သူနဲ့သူ့ဇနီးဟ သေခါနီးသားကို သွားတွေ့ခွင့်ရတယ်။ အဲဒါ ကျုပ် ဘာထိ-ခရောက်ချ်



နောက်ဆုံးတွေ့တာပဲ။ သူက ဇနီးသည်ကို ဖေးမတွဲခေါ်ပြီး ကျုပ်ထောင်ခန်း ရှေ့က ဖြတ်သွားတယ်။ ကြည့်ရတာ သူ့ဇနီးသည် မကြာခင်မှာပဲ သေသွား ယ်ထင်တယ်။ သိပ်ဝမ်းနည်းတာကိုး။ အဲဒီကောင်လေးလို ညှိုးရော်သေသွား ား။ ခရောက်ချ်ဟာ သူ့သားအလောင်းကို လာမယူဘူး။ ဝိညာဉ်စုပ်ကောင်က င်းကို ခံတပ်အပြင်ဘက်မှာ မြှုပ်လိုက်တယ်။ သူတို့ဒီလိုလုပ်တာ ကျုပ် မြင်ရတယ်"

ဆီးရီးအက်စ်ကြယ်ဟာ ပါးစပ်နားမြှောက်ထားတဲ့ ပေါင်မုန့်ကို ဘေးချထားပြီး ရွှေဖရုံသီးရည်ပုလင်းကို ကောက်ကာ တစ်ချိုတည်း သောက် င်လိုက်တယ်။

"ဒါကြောင့်၊ သနားစရာခရောက်ချ်ဟာ သူအောင်မြင်ပြီထင်တဲ့အချိန် မှာ အားလုံးဆုံးရှုံးသွားတယ်" သူက လက်မောင်းနဲ့ပါးစပ်ကို သုတ်လိုက်ပြီး ဆက်ပြောတယ်။ "ခုနကပဲ သူရဲကောင်း၊ မှော်ဝန်ကြီးဌာနဝန်ကြီးဖြစ်ဖို့ ယုံကြည် ချက်အပြည့်နဲ့ . . . . မျက်စိတစ်မှိတ်အတွင်းမှာ သားလဲသေတယ်၊ ဇနီးသည် လဲ သေသွားတယ်။ မိသားစုနာမည်လဲ အမည်းကွက်စွန်းသွားတယ်။ ပြီးတော့၊ ကျုပ်ထွက်ပြေးလွတ်မြောက်ပြီး ကြားရတာက၊ အများစိတ်ထဲရှိ သူ့အနေ အထားဟာ အလျင်အမြန် ကျဆင်းသွားတယ်။ ကောင်လေးသေသွားပြီး နောက်၊ လူတွေဟာ သားဖြစ်သူကိုပိုပြီး တနာသနားကြတယ်။ ဘာဖြစ်လို့ ကောင်းမွန်တဲ့အိမ်ထောင်ကလာတဲ့ ကလေးဟာ ဒီလိုလမ်းမှားကို လိုက်သွား တာလဲလို့ သံသယမေးခွန်းထုတ်ကြတယ်၊ ရရှိတဲ့နိဂုံးချုပ်ချက်ကတော့၊ သူ့ အဖေဟာ ဘယ်တုန်းကမှ သူ့ကို ဂရုမစိုက်ဘူးတဲ့။ ဒီလိုနဲ့ ကွန်နယ်လစ်-ဖတ်ဂ် ဟာ ထိပ်ဆုံးနေရာရသွားပြီး၊ ခရောက်ချ်ကိုတော့ အပြည်ပြည်ဆိုင်ရာ မှော် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ ပို့လိုက်တယ်"

ဒီနောက်တော့ အတော်ကြာကြာ ငြိမ်နေကြတယ်။ ဟယ်ရီက ခွေးဒစ် ကနွှာ့ဖလားပွဲနေ့သစ်တောထဲမှာ၊ ခရောက်ချ်က သူ့စကားနားမထောင်တဲ့ အိမ်မွေးမှင်စာလေးကို ခေါင်းငုံ့ကြည့်နေစဉ် မျက်လုံးပြူးထွက်နေတဲ့ ပုံပန်းကို သတိရမိတယ်။ ဒါကြောင့် ဝင့်ခီကို မှော်နက်အမှတ်အသားအောက်မှာ တွေ့မိ သွားတော့၊ ခရောက်ချ်ဟာ အလွန်အကျွံ တုံ့ပြန်တာကိုး။ အဲဒါကသူ့ကို မိမိ သားကို သတိရစေတယ်။ လွန်ခဲ့တဲ့အခါက အရှုပ်ဆိုးတဲ့သတင်းနဲ့ မှော်ဝန်ကြီး ဌာနမှာ နာမည်ပျက်ခဲ့ရတဲ့ အတွေ့အကြုံကို သတိရမိစေတယ်။

www.burmeseclassic.com

www.burmeseclassic.com


"မူးဒီက ပြောတယ်၊ ခရောက်ချ်ဟာ တစ်နေ့လုံး မှော်နက်မှော်ဆရာ ဒမ်ဘယ်ဒိုးနဲ့ ခွဲလမ်းနေတယ်လို့ ပြောတယ်" ဟယ်ရီက ဆီးရီးအက်စ်ကြယ်ကို ပြော ပြတယ်။

"ဟုတ်တယ်၊ ဒါ သူ့ဝါသနာဖြစ်နေပြီလို့ ကြားတယ်" ဆီးရီးအက်စ် ကြယ်က ခေါင်းညိတ်ပြပြီးပြောတယ်။ "ကျုပ်အမြင်ကတော့၊ ဒက်အီတာ တစ်ယောက် ပိုဖမ်းမိတိုင်း အများရဲ့ထောက်ခံမှုကို ပိုရမယ်လို့ သူထင်တယ် ထင်တာပဲ"

"သူက ဒီကိုခိုးဝင်ပြီး စနိတ်ပ်ရုံးခန်းကို ရှာဖွေတယ်" ရွန်က ဟာမီး ကိုကြည့်ပြီး ကျေနပ်စွာပြောတယ်။

"ဟုတ်ဘယ်၊ ဒါပေမယ့် ဒါက ဘာကိုမှ ရှင်းမပြနိုင်ဘူး" ဆီးရီးအက်စ် ကြယ်က ပြောတယ်။

"ဟာ၊ ဒါရှင်းပြနိုင်တာပေါ့" ရွန်က စိတ်လှုပ်ရှားစွာ ပြောတယ်။

ဒါပေမယ့် ဆီးရီးအက်စ်ကြယ်က ခေါင်းခါတယ်။ "နားထောင် တကယ်လို့ ခရောက်ချ်က စနိတ်ပ်ကို စုံစမ်းချင်ရင် သူဘာဖြစ်လို့ ယှဉ်ပြိုင်ပွဲ ဒိုင်လာမလုပ်တာလဲ။ ဒါဆို သူဟာ အကြောင်းပြချက်ရှိရှိနဲ့ ဟော့ဂ်ဝပ်ကို အချိန်မှန်လာပြီး စနိတ်ပ်အပြုအမူကို စောင့်ကြည့်လို့ရတာပေါ့"

"ဒါဆို စနိတ်ပ်မှာ မအောင်တဲ့လုပ်ရပ်ရှိတယ်လို့ သင်ထင်သလား" ဟယ်ရီက မေးတယ်။ ဒါပေမယ့် ဟာမီးက ဖြတ်ပြောတယ်။

"ဒီမှာ၊ နင်ဘယ်လိုပြောပြော၊ ဒမ်ဘလီဒိုးက စနိတ်ပ်ကို ယုံကြည် နေတာပဲ ——"

"အော၊ နင်ခဏနေပါဦး၊ ဟာမီး" ရွန်က စိတ်မရှည်ဘဲ ပြောတယ် "ဒမ်ဘလီဒိုး သိပ်တော်တာ ငါသိတယ်၊ သိပ်ကိုချီးကျူးစရာကောင်းတယ် ဒါပေမယ့် ဒါက အလွန်ကောက်ကျစ်တဲ့မှော်နက်ဆရာဟာ သူ့ကို လိမ်လို့ မရဘူးဆိုတဲ့ အဓိပ္ပာယ်မဟုတ်ဘူး ——"

"ဒါဆို၊ ပထမနှစ်တုန်းက၊ စနိတ်ပ်က ဘာဖြစ်လို့ ဟယ်ရီ့အသက်ကို ကယ်ခဲ့တာလဲ။ သူဘာဖြစ်လို့ ဟယ်ရီသေ ပြီးတာပဲ မလုပ်တာလဲ"

"ငါမသိဘူး —— သူက ဒမ်ဘလီဒိုး သူ့ကို မောင်းထုတ်လိမ့်မယ် ထင်လို့နေ့တူတယ် ——"

"မင်းတို့နှစ်ယောက်စလုံးပြောတာ အကျိုးအကြောင်းရှိတယ်လို့ ကျုပ်

www.burmeseclassic.com


ထင်တယ်" ဆီးရီးအက်စ်ကြယ်ဟာ တစ်ခုခုတွေးမိသလိုနဲ့ ရွန်နဲ့ဟာမီးကို ကြည့်နေတယ်။ "စနိတ်ပ်ဒီမှာစာသင်တဲ့အကြောင်း ကျုပ်ကြားရပြီးနောက် ဒမ်ဘလီဒိုး ဘာကြောင့်သူ့ကို ခန့်တာလဲဆိုတာ သံသယဖြစ်မိတယ်။ စနိတ်ပ် ဟာ မှော်နက်ပညာကို တစ်လျှောက်လုံး စွဲလမ်းခဲ့တယ်။ ကျောင်းသားဘဝကလဲ ဒါကြောင့် နာမည်ကြီးတယ်။ ထိုစဉ်က သူဟာ အလွန်လည်ပတ်ပြီး ကပ်ပါး နပ်ပါးကောင်လေးဖြစ်တယ်" ဆီးရီးအက်စ်ကြယ်က ဖြည့်ပြောတယ်။ ဟယ်ရီနဲ့ ရွန်ဟာ ပြုံးပြီး အပြန်အလှန်ကြည့်လိုက်တယ်။ "စနိတ်ပ် ကျောင်းရောက်ခါစက သူသိထားတဲ့ ဂါထာကျိန်စာတွေဟာ သတ္တမနှစ်ကျောင်းသားတစ်ဝက်ထက် ဘောင် များသေးတယ်။ သူဟာ စလေးသရင်းအုပ်စုဝင်လဲ ဖြစ်တယ်၊ နောက် ဘော့ အဲဒီအုပ်စုထဲကလူအားလုံးလောက်ဟာ ဒက်အီဟာတွေ ဖြစ်ကုန် ကြတယ်"

ဆီးရီးအက်စ်ကြယ်ဟာ လက်ချိုးပြီး လူနာမည် တစ်ခုပြီးတစ်ခု ရွတ် နေတယ်။ "ရိုစီရာနဲ့ ဝတ်ခ်စ် —— သူတို့ဟာ ဗိုလဒီမွန့် မကျဆုံးခင် တစ်နှစ် မှာပဲ အောရာသတ်လို့ သေတယ်။ လက်စ်ထရန့်ဂ်စ်လင်မယား —— အက်ဇ ် ဘန်မှာ ချုပ်ထားတယ်။ အဝရီ —— ကျုပ်သိရသလောက်၊ သူဟာ လိမ်ညာ တဲ့နည်းနဲ့ ပတ်သက်မှုက လွတ်ထွက်ခဲ့တယ်။ သူက ဝိညာဉ်လုကျိန်စာမိလို့ ကောက်သာပဲ လုပ်ခဲ့ရတာလို့ ပြောတယ် —— သူ အခုထိ လွတ်နေတယ်။ ဒါပေမယ့် ကျုပ်သိရသလောက်၊ စနိတ်ပ်ဟာ ဘယ်တုန်းကမှ ဒက်အီတာလို့ အစွပ်စွဲမခံရဘူး —— ဒါလဲ ဘာပြဿနာမှ ရှင်းမပြနိုင်ဘူး။ သူတို့အများ ကြီး အဖမ်းမခံကြရဘူး။ စနိတ်ပ်ဟာ ကောက်ကျစ်ပြီး လျင်တဲ့လူတစ်ယောက် နဲ့ ခိမိကိုယ်မိမိ အမှုမပတ်အောင် လုပ်နိုင်တယ်"

"စနိတ်ပ်နဲ့ ခါခါရော့ဖ် အလွန်ရင်းနှီးတယ်၊ ဒါပေမယ့် သူက ဒါကို သူများမသိစေချင်ဘူး" ရွန်က ပြောတယ်။

"ဟုတ်တယ်၊ မနေ့က ခါခါရော့ဖ် မှော်ဆေးစာသင်ချိန်မှာဝင်လာ တုန်းက စနိတ်ပ်မျက်နှာပေါ်က အမူအရာကို သင်မြင်စေ့ချင်တယ်" ဟယ်ရီက အမြန်ပြောတယ်။ "ခါခါရော့ဖ်က စနိတ်ပ်နဲ့ စကားပြောချင်တယ်။ စနိတ်ပ်က သူ့ကို ရှောင်နေတယ်လို့ သူကပြောတယ်။ ခါခါရော့ဖ်ဟာ အလွန်စိတ်ပူနေ သလိုပဲ။ သူက စနိတ်ပ်ကို သူ့လက်မောင်းပေါ်က ဘာကိုပြသလိမ့်မသိဘူး၊ ဒါ ဘာဆိုတာ ကျွန်တော်သေချာမမြင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ စနိုက်ပ်ကို သူ့လက်မောင်းပေါ်က ဘာပြသလဲ ?" ဆီးရီးအက် ကြယ်က ပြောတယ်။ ဘာမှန်းမသိဖြစ်နေတယ်။ သူဟာ လက်ချောင်းနဲ့ သူ ညစ်ပတ်တဲ့ဆံပင်ကို စိတ်မပါဘဲ သပ်နေတယ်။ ဒီနောက် ပခုံးတွန့်လိုက်တယ် "အင်း၊ အဲဒါဘာလဲဆိုတာ ကျုပ်လဲမသိဘူး . . . . ဒါပေမယ့် ခါခါရော့ သိပ်ကို ပွပင်နေရင်၊ ပြီးတော့ စနိုက်ပ်ဆီ အကြဲလာတောင်းတယ်ဆိုရင် . . . ."

ဆီးရီးအက်စ်ကြယ်ဟာ ဂွန်ရဲကို ကြည့်နေတယ်။ ဒီနောက် မတ နိုင်ဘဲ ပြောင်ပြလိုက်တယ်။ "ဟုတ်တယ်၊ ဒမ်ဘာလီဒိုးက စနိုက်ပ်ကို ယုံတယ် တစ်ခါတလေ ဒမ်ဘာလီဒိုးယုံတဲ့လူကို တခြားလူတွေက မယုံဘူး။ ဒါပေမယ့် ကျုပ်ထင်တယ်၊ တကယ်လို့ စနိုက်ပ်ဟာ ဗိုလ်ဒီမွန့်ကို အလုပ်အကျွေးပြုခဲ့ရင် ဒမ်ဘာလီဒိုးက သူ့ကို ဘယ်နည်းနဲ့မှ ဟော့ဂ်ဝပ်မှာ ခန့်မှာမဟုတ်ဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ မူးဒီနဲ့ ခရောက်ချ်တို့ဟာ စနိုက်ပ်ရုံးခန်း အလောတကြီးဝင်ရှာတာလဲ" ရွန်က ခေါင်းမာမာပြောတယ်။

"ကျုပ်ထင်တယ်" ဆီးရီးအက်ကြယ်က ဖြည်းနှေးစွာပြောတယ် "အရူးမျက်လုံး ဟော့ဂ်ဝပ်ကို ရောက်လာပြီးနောက်၊ ဆရာတိုင်းရဲ့ ရုံးခန်း ရှာပြီးရော့မယ်။ မူးဒီဟာ ဝင်းရဲ့မှော်နက်ပညာခုခံကာကွယ်တဲ့အတတ် သင် ကို သိပ်အရေးထားတာ။ သူက ဘယ်သူ့ကိုမှ မယုံဘူးထင်တယ်။ အဖြစ်အပျ တွေ အများကြီးမြင်တွေ့ခဲ့ရပြီးနောက်၊ သူ ဒီလိုလုပ်တာ မဆန်းပါဘူး။ ဒါ မယ့်၊ ကျုပ် မူးဒီအစား တရားမျှတစွာပြောချင်တာက၊ သူဟာ ရှောင်လို့ရရ ဘယ်တော့မှ အပြစ်မဲ့သူကို လျှောက်မသတ်ဘူး။ သူဟာ အတတ်နိုင်ဆုံး အရှင်ဖမ်းလာတယ်။ သူဟာ အလွန်ကြမ်းတမ်းတယ်။ ဒါပေမယ့် မိမိကို မိမိ ဒက်အီတာအဆင့်အတန်း ကျရောက်အောင် ဘယ်တော့မှမလုပ်ဘူး ခရောက်ချ်ကတော့ . . . . လုံးဝမတူဘူး . . . . သူတကယ်ပဲ ဖျားနေတာလာ ဖျားနေရင် ဘာဖြစ်လို့ စနိုက်ပ်ရုံးခန်းကို ရောက်အောင်လာရတာလဲ။ မဖျားဘူ ဆိုရင် . . . . သူဘာလုပ်ချင်လို့လဲ။ သူယှဉ်ပြိုင်ပွဲမှာ ဒိုင်လူကြီးလုပ်ရမ အချိန်မှာ သူဘာတွေလုပ်နေသလဲ"

ဆီးရီးအက်စ်ကြယ် အတွေးထဲကျရောက်သွားတယ်။ မျက်လုံး တော့ ဂူနံရံကိုပဲ စိုက်ကြည့်နေတယ်။ ဘတ်ခ်ဘိခ်ဟာ ကျောက်တုံးတွေ မြေကြီးပေါ်မှာ ဟိုဒီရှာဖွေနေတယ်။ ကျန်နေတဲ့အရိုးကို လိုက်ရှာနေတယ် နောက်ဆုံး ဆီးရီးအက်စ်ကြယ်က ခေါင်းမော့ပြီး ရွန့်ကို ကြည့်တယ်။



"မင်းအစ်ကိုဟာ ခရောက်ချ်ရဲ့ ကိုယ်ရေးအရာရှိလို့ မင်းပြောတယ်? တလော ခရောက်ချ်ကို တွေ့လားလို့ သူ့ကို မေးကြည့်လို့ရမလား"

"မေးစမ်းကြည့်မယ်" ရွန်က တွံ့ဆိုင်းစွာ ပြောတယ်။ "ဒါပေမယ့် ပာစီ ခရောက်ချ်ကို မဟုတ်တာလုပ်နေတယ်လို့ထင်တာ သူ မရိုပ်မိမှ ဖြစ်မယ်။ ဖတ်စီက ခရောက်ချ်ကို ကြိုက်နှစ်သက်နေတာ"

"မင်းတစ်ခါတည်း ဘာသာ-ကျော်ကင်စ် ဘယ်ရောက်နေတယ်ဆို တာ သူစုံစမ်းလို့ ရမရမေးကြည့်ပါလား" ဆီးရီးအက်စ်ကြယ်ကပြောရင်း ကြီဟောဆရာများနေ့စဉ်' နောက်တစ်စောင်ကို လက်ညှိုးထိုးပြတယ်။

"ဘက်ဂမင်းက မတွေ့သေးဘူးလို့ ကျွန်တော့်ကို ပြောတယ်" ဟယ်ရီ က ပြောတယ်။

"ဟုတ်တယ်၊ ဆောင်းပါးထဲမှာ သူ့စကားကို ကိုးကားထားတယ်" ဆီးရီးအက်စ်ကြယ်ကပြောရင်း သတင်းစာကို ခေါင်းညိတ်ပြတယ်။ "သူက ဘာသာရဲ့မှတ်ဉာဏ်ဟာ ဘယ်လောက်ညံ့ကြောင်း စိတ်လှုပ်ရှားစွာ ပြောတယ်။ ကျုပ်အရင်က ဘာသာကို သိတယ်၊ သူမ အခု လုံးဝပြောင်းသွားရင်တော့ ဆစ်မျိုးပေါ့။ ကျုပ်မှတ်မိသလောက်၊ သူမဟာ နည်းနည်းမှမမေ့တတ်ပါဘူး —— ပြီးတော့ အဲဒါနဲ့ဆန့်ကျင်စွာပဲ သူမဟာ နည်းနည်းတော့ ကိစ္စတွေကို တွေးတတ်တယ်။ ဒါပေမယ့် ကောလာဟလဘက်မှာ မှတ်ဉာဏ်က ပထမ တန်းစားဖြစ်တယ်။ ဒါကြောင့် သူမဟာ မကြာမကြာ အရှုပ်အရှင်းထဲ ကျ ရောက်နေတတ်တယ်။ သူမဟာ ဘယ်အချိန်မှာ ပါးစပ်ပိတ်ထားရမယ်ဆိုတာ ဘယ်တုန်းကမှ မသိဘူး။ သူမဟာ မှော်ဝန်ကြီးဌာနထဲမှာ အမြင်ကတ်စရာ န်ထုပ်ဝန်ပိုးဖြစ်နေမယ်ဆိုတာ ကျုပ် တွေးကြည့်လို့ရတယ် . . . . ဒါကြောင့် လား မသိဘူး၊ ဘက်ဂမင်းဟာ တော်တော်နဲ့ သူမကို လိုက်မရှာတာ . . . ."

ဆီးရီးအက်စ်ကြယ်ဟာ သက်ပြင်းကြီးချလိုက်ပြီး၊ မျက်ကွင်းမည်း ည်းနဲ့မျက်လုံးကို လက်နဲ့ပွတ်လိုက်တယ်။

"ဘယ်အချိန်ရှိပြီလဲ"

ဟယ်ရီက နာရီကြည့်လိုက်တယ်။ ချက်ချင်းပဲ ကန်ကြီးထဲမှာ တစ် ခိုနေပြီးနောက် နာရီရပ်သွားတာ သတိရလိုက်တယ်။

"သုံးနာရီခွဲ" ဟာမီးက ပြောတယ်။

"မင်းတို့ကျောင်းပြန်ရင် ကောင်းမယ်" ဆီးရီးအက်စ်ကြယ်ကပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်လိုက်တယ်။ "အခု ကျုပ်ပြောတာနားထောင် . . . ." သူ
တယ်ရီ့ကို သေချာကြည့်နေတယ်။ "မင်း ကျောင်းကနေ လစ်လာပြီး ကျုပ်
မကြည့်စေချင်ဘူး၊ နားလည်လား။ ကျုပ်ဆီကို စာပို့ရင် ပြီးတာပဲ။ ဘာထူးခြ
တဲ့ အခြေအနေမှာရှိတယ်ဆိုတာ ကျုပ်သိချင်တယ်။ ဒါပေမယ့် မင်းဟာ ခွင့်
ချက်မရှိဘဲ ဟော့ဂ်ဝပ်က ထွက်မလာနဲ့၊ မင်းကို တိုက်ခိုက်မယ့်လူရှိရင်၊ အဲ
အခွင့်အကောင်းဆုံးဖြစ်လိမ့်မယ်"

"ခုချိန်ထိတော့၊ ဗွန်တော့်ကို တိုက်ခိုက်ချင်တဲ့လူ မရှိသေးဘူး
မီးနဂါးတစ်ကောင်နဲ့ ဂရင်းဒီလိုးကလွဲရင်ပေါ့" ဟယ်ရီကပြောတယ်။ ဒါပေမ
ဆီးရီးအက်စ်ကြယ်က သူ့ကို မကျေနပ်ဘဲ ကြည့်နေတယ်။

"ကျုပ် ကိစ္စမရှိဘူး . . . . ဒီယှဉ်ပြိုင်ပွဲပြီးသွားရင်၊ ကျုပ် အသ
ကောင်းကောင်းရှုနိုင်ပြီပေါ့။ အဲဒါ ဗွန်လထိ၊ မင်းတို့ ကျုပ်အကြောင်းပြောရ
ကျုပ်ကို စနပ်ဖော်စ်လို့ခေါ်ဖို့ မမေ့နဲ့၊ ကောင်းလား"

သူက စက္ကူလက်သုတ်ပဝါနဲ့ ပုလင်းလွတ်ကို ဟယ်ရီ့ပေးလိုက်တယ်
တစ်ခါ ဘတ်ခ်ဘိစ်ကို သွားပုတ်ပြီး ၎င်းကို နှုတ်ဆက်တယ်။ "ကျုပ် မင်းတို့
အတူ ရွာနားထိ သွားမယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ "သတင်း
တစ်စောင်နှစ်စောင် ခိုးလို့ရမလား မသိဘူး"

သူဟာ ခွေးနက်ကြီးအဖြစ် ရုပ်ပြောင်းလိုက်တယ်။ ဒီနောက် အားလုံ
အတူတကွ ဂူကထွက်ခဲ့တယ်။ သူတို့ဟာ သူနဲ့အတူ တောင်အောက်ဆင်
တယ်။ ကျောက်စလစ်ခဲတွေနဲ့ ပြည့်နေတဲ့ကွင်းကို ဖြတ်ခဲ့ပြီး ခြံစည်းရိုးဘေး
ပြန်လာတယ်။ အဲဒီနေရာမှာ၊ သူက သူတို့အားလုံး သူ့ခေါင်းကို အပုတ်ခံတယ်
ဒီနောက် လှည့်ပြီး ရွာအပြင်စည်းက ထွက်ပြေးသွားတယ်။ ဟယ်ရီ၊ ရွှ
ဟာမီးတို့လည်း လာလမ်းအတိုင်း ဟော့ဂ်စ်မိဒ်ကို ပြန်ခဲ့ပြီး၊ ဟော့ဂ်ဝပ်ဆီ
သွားကြတယ်။

"ဖတ်စီ ခရောက်ချ်အကြောင်း သိလားမသိဘူး" သူတို့ ရဲတိုက်
ပေါက်တဲ့ယာဉ်လမ်းကြောင်းပေါ်မှာ သွားနေတော့ ရွှန်က ပြောတယ်။ "ဒါ
မယ့်လဲ သူ ဒါကို အရေးထားမှာမဟုတ်ဘူးထင်တယ် . . . . ဒါက ခရောက်
ကို သူပိုကြည်ညိုသွားစေလိမ့်မယ်ထင်တယ်။ ဟုတ်တယ်၊ ဖတ်စီက စည်းမျ
စည်းတမ်းတွေကို သိပ်ကြိုက်တာ၊ သူက ခရောက်ချ်ဟာ မိမိသားအရ
အတွက် စည်းမျဉ်းကို မချိုးဖောက်ချင်လို့လို့ ပြောမှာ"



"ဖတ်စီဟာ သူ့အိမ်သားတွေကို ဘယ်နည်းနဲ့မှ ဝိညာဉ်စုပ်ကောင်
ို အပ်မှာမဟုတ်ဘူး" ဟာမီးက တည်ကြည်စွာပြောတယ်။

"ဒါတော့ ငါလဲမသေချာဘူး" ရွှန်က ပြောတယ်။ "ငါတို့က သူ့
ုပ်ငန်းကို အတားအဆီးဖြစ်နေတယ် သူထင်ရင် . . . . ဖတ်စီဟာ သိပ်ရူးမွက်
ီးတာ၊ နင်တို့သိတယ် . . . ."

သူတို့ကျောက်လှေကားထစ်ကတက်ပြီး တံခါးခန်းထဲ ဝင်ခဲ့တယ်။
န်းမကြီးထဲကလာတဲ့ညစာရဲ့ ဟင်းမွှေးနံ့တွေကို ရကြတယ်။

"သနားစရာ စနပ်ဖော်စ်ကြီး" ရွှန်က အနံ့ကို ပြင်းပြင်းရှူရင်း ပြော
ယ်။ "သူက မင်းကို အင်မတန်ချစ်မှာ၊ ဟယ်ရီ . . . . မင်းတွေးကြည့်စမ်း၊
ွက်စားပြီးနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



## ၂၈။ မစ္စတာခရောက်ချ် ရူးသွားပြီ

တနင်္ဂနွေနေ့နံနက်စာစားပြီးနောက်၊ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ငှက်ကွ
တဲအိမ်ကို လာကြတယ်။ သူတို့ဟာ ဆီးရီးအက်စ်ကြယ် အကြံပေးသလို ဖ
ဆီ စာတစ်စောင်ပို့မလို့။ သူ့ကို ခုတလော မစ္စတာ ခရောက်ချ်ကို မြင်
လားမေးတာ။ သူတို့က ဟက်ဒဝစ်ကို ရွေးလိုက်တယ်။ အကြောင်းက
အလုပ်လက်မဲ့ဖြစ်နေတာ အတော်ကြာနေလို့။ သူတို့ဟာ ငှက်ကွက်တဲအိမ်ပြ
ကနေ ၎င်းတဖြည်းဖြည်းဝေးသွားတာကို ကြည့်နေပြီးနောက် အောက်က
ချောင်ဆီ လာခဲ့တယ်။ ဝယ်လာတဲ့ခြေစွပ်တွေကို ဒေါ်ဘီပေးလိုက်တယ်။

အိမ်မွေးမှင်စာလေးတွေဟာ သူတို့ကို ဝမ်းသာအားရ ကြိုဆိုကြတ
ဦးညွှတ်အလေးပြုကြ၊ ဒူးညွှတ်အလေးပြုကြတဲ့အပြင်၊ သူတို့အတွက် လက်
ရည်တို့ မုန့်တို့ကို အလောတကြီး ပြင်ဆင်ပေးကြတယ်။ ဒေါ်ဘီက လက်ဆေ
ကို မြင်တော့ အလွန့်ကို အားရဝမ်းသာတယ်။

"ဟယ်ရီ-ပေါ်တာ ဒေါ်ဘီအပေါ် သိပ်ကောင်းတာပဲ" သူက
ရှုရှုပြောတယ်။ မျက်လုံးကြီးထဲက ထွက်လာတဲ့မျက်ရည်ကို သုတ်လိုက်တ



"မင်းက ပါးဟက်ပင်နဲ့ ငါ့အသက်ကို ကယ်ခဲ့တာ၊ ဒေါ်ဘီ၊ တကယ်"
ဟယ်ရီက ပြောတယ်။

"ဟို မုန့်လက်ချောင်းရှိသေးလား" ရွန်က ဘေးမှာဝိုင်းနေတဲ့ ပြုံးချိုစွာ
ဆက်မပြတ် အလေးပြုနေတဲ့ အိမ်မွေးမှင်စာလေးတွေကိုကြည့်ပြီး မေးတယ်။

"နင် ခုမှ နံနက်စာစောစောစားပြီးတာ" ဟာမီးက ဒေါသနဲ့ ပြော
တယ်။ သို့ပေမယ့် မုန့်လက်ချောင်းတွေအပြည့်နဲ့ ငွေလင်ပန်းကြီးဟာ မှင်စာ
လေး လေးယောက်က မြှောက်ကိုင်ပြီး လေပွေတိုက်သလို သူတို့မျက်မှောက်
ဆီ ရောက်လာတယ်။

"ငါတို့ စားစရာနည်းနည်းပိုတောင်းပြီး စနပ်ဖော်စ်ကို ပေးရအောင်"
ဟယ်ရီက တိုးတိုးပြောတယ်။

"အကြံကောင်းပဲ" ရွန်က ပြောတယ်။ "ဝက်ကလေးကို အလုပ်လုပ်
စရာရှိအောင်ပေါ့။ မင်းတို့ ငါတို့ကို စားစရာနည်းနည်း ထပ်ပေးနိုင်မလား"
သူက ဘေးရှိမှင်စာလေးတွေကို မေးတယ်။ ၎င်းတို့ဟာ ဝမ်းသာစွာ အလေး
ပြုရင်း၊ တန်းပြီး အစားအစာသွားယူတယ်။

"ဒေါ်ဘီ၊ ဝင့်ခီရော" ဟာမီးက ဘေးပတ်လည်ကိုကြည့်ပြီး မေးတယ်။

"ဝင့်ခီ မီးဖိုဘေးမှာ၊ မစ်" ဒေါ်ဘီက တိုးတိုးပြောတယ်။ သူ့နားရွက်
က အောက်တွဲကျနေတယ်။

"အော၊ ဘုရား၊ ဘုရား" ဟာမီးက ဝင့်ခီကို မြင်တော့ အာမေဋိတ်သံ
ထွက်သွားတယ်။

ဟယ်ရီကလည်း မီးလင်းဖိုဘက်ကို ကြည့်လိုက်တယ်။ ဝင့်ခီဟာ
အရင်တခါက ခွေးခြေလေးမှာပဲထိုင်ပြီး မိမိကိုယ်မိမိ ညစ်ပေအောင်နေတာမို့
သူမနောက်ဘက်က မီးခိုးရိုက်လို့ မည်းနက်နေတဲ့ အုတ်နံရံလိုပဲ၊ ခွဲခြားလို့တောင်
မရဘူး။ သူမ အင်္ကျီမလျှော်ဖွပ်တဲ့အတွက် ညစ်ပတ်စုတ်ပြတ်နေတယ်။ သူမ
လက်ထဲမှာ ဗဋာပတ်ဘီယာတစ်ပုလင်း ကိုင်ထားတယ်။ ကိုယ်ခန္ဓာက ခွေးခြေ
ပေါ်မှာ လှုပ်ယိုင်နေတယ်။ မျက်လုံးက မီးဖိုမီးကို ငေးငိုင်ကြည့်နေတယ်။ သူတို့
သူမကို ကြည့်နေစဉ်မှာပဲ၊ သူမဟာ ကျယ်ကျယ်ကြီး ကြို့ထိုးလိုက်တယ်။

"ဝင့်ခီဟာ အခု တစ်နေ့ကို ခြောက်ပုလင်းသောက်တယ်" ဒေါ်ဘီက
ဟယ်ရီ့ကို တိုးတိုးပြောပြတယ်။

"အော၊ ဒီလိုဘီယာမျိုးက မပြင်းဘူး" ဟယ်ရီက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘီကတော့ ခေါင်းခါပြတယ်။ "အိမ်မွေးမှင်စာလေးအဖို့က သိ
ပြင်းတာ၊ ဆရာ" သူက ပြောတယ်။

ဝင့်ခီဟာ ကြို့ထိုးလိုက်ပြန်တယ်၊ မုန့်လက်ညှိုးယူလာတဲ့ မှင်စာလေ
က သူမကို မကျေမနပ် မျက်စောင်းထိုးလိုက်ပြီး အလုပ်ပြန်လုပ်တယ်။

"ဝင့်ခီ အခု သိပ်ပိန်ချုံးနေပြီ၊ ဟယ်ရီ-ပေါ်တာ" ဒေါ်ဘီက ဝမ်းနည်
စွာ တိုးတိုးပြောတယ်။ "ဝင့်ခီက အိမ်ပြန်ချင်တယ်။ မစ္စတာ ခရောက်ချ်ဟာ
သူမသခင်လို့ပဲ ထင်မှတ်နေတယ်၊ ဆရာ။ ဒေါ်ဘီက သူမ အခုသခင်
ဒမ်ဘလီဒိုးလို့ အကြိမ်ကြိမ်ပြောပြပေမယ့် သူမက နားမဝင်ဘူး"

"ဟေး၊ ဝင့်ခီ" ဟယ်ရီဟာ ရုတ်တရက် အကြံတစ်ခုရလို့ သူမအနား
သွားပြီး ကုန်းပြောတယ်။ "မစ္စတာ ခရောက်ချ် ဘာလုပ်နေတယ်ဆိုတာ မင်
သိလား။ သူ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲလဲ ဒိုင်လူကြီးလာမလုပ်ဘူး"

ဝင့်ခီရဲ့မျက်လုံး လှုပ်နေတယ်၊ ဧရာမသူငယ်အိမ်နှစ်ခုဟာ ဟယ်ရီ
ကြည့်နေတယ်။ ကိုယ်ခန္ဓာဟာလည်း အနည်းငယ် လှုပ်ယိုင်နေပြန်တယ်။ သူ
က ပြောတယ်။ "သ —— သခင် —— အော —— မလာဘူး ?"

"ဟုတ်တယ်လေ" ဟယ်ရီက ပြောတယ်။ "ပထမကဏ္ဍစကတည်း
ငါတို့ သူ့ကို မမြင်ရတော့ဘူး၊ 'ကြိုဟောဆရာများနေ့စဉ်'မှာ သူဖျားနေတယ
လို့ ကြားတယ်"

ဝင့်ခီဟာ တစ်ခါလှုပ်ယိုင်သွားပြန်တယ်။ အကြည့်ဝေဝါးစွာ ဟယ်ရီ
ကို ကြည့်နေတယ်။

"သခင် —— အော —— နေမကောင်းဘူး ?"

သူမရဲ့အောက်နှုတ်ခမ်း တုန်ယင်လာတယ်။

"ဒါအမှန်လားဆိုတာ ငါတို့ သေချာမပြောနိုင်သေးဘူး" ဟာမီးယ
အမြန်ပြောတယ်။

"သခင်ဟာ အခု ၎င်းရဲ့ —— အော —— ဝင့်ခီကို လိုအပ်တယ်"
မှင်စာလေးက ရှိုက်ငင်ရင်းပြောတယ်။ "သခင်တစ်ယောက်တည်း —— အော
—— ဘယ့်နှယ့်လုပ် —— အော —— ဘယ့်နှယ့်လုပ်နိုင်မှာလဲ . . . ."

"အိမ်မှုကိစ္စတွေ တခြားလူလဲ လုပ်နိုင်တယ်၊ ဝင့်ခီ" ဟာမီးက တည်
တည်ပြောတယ်။

"ဝင့်ခီ —— အော —— မစ္စတာခရောက်ချ်အတွက်တင် —— အော



—— အိမ်မှုလုပ်ရတာမဟုတ်ဘူး" ဝင့်ခီက ဒေါသနဲ့ပြောတယ်။ ကိုယ်ခန္ဓာဟာ
ပိုပြီးလှုပ်ယိုင်လာတယ်။ ထောပတ်ဘီယာဟာလည်း မူလကတည်းက ညစ်ပေ
နေတဲ့အင်္ကျီပေါ် ဖိတ်ကျကုန်တယ်။ "သခင် —— အော —— ဝင့်ခီကို ယုံတယ်၊
အရေးအကြီးဆုံး —— အော —— အလျှို့ဝှက်ဆုံးကိစ္စကို —— ပြောပြတယ်
—— ဝင့်ခီ ——"

"ဘာကိစ္စလဲ" ဟယ်ရီက ပြောတယ်။

ဒါပေမယ့် ဝင့်ခီဟာ ခေါင်းကိုတအားခါလိုက်တယ်။ ဘီယာတွေ
ကိုယ်ပေါ်ဖိတ်ကျပြန်တယ်။

"ဝင့်ခီ —— မဖြစ်ဘူး —— အော —— သခင်ရဲ့လျှို့ဝှက်ချက်ကို
ပေါက်ကြားလို့မဖြစ်ဘူး" သူမဟာ မိမိကိုယ်မိမိ ချုပ်ထိန်းလို့မရတော့ဘူး။
ကိုယ်ခန္ဓာဟာ ပြင်းထန်စွာ တုန်လှုပ်နေတယ်။ မျက်မှောင်ကြုတ်ကာ မျက်လုံး
အရောင်မရှိဘဲ ဟယ်ရီကို ကြည့်နေတယ်။ "ရှင် —— အော —— ရှင်မဆိုင်
ဘာ ဝင်ပါနေတယ်"

"ဝင့်ခီ ဟယ်ရီ-ပေါ်တာကို ဒီလိုမပြောရဘူး" ဒေါ်ဘီက စိတ်ဆိုးစွာ
ပြောတယ်။ "ဟယ်ရီ-ပေါ်တာဟာ သတ္တိပြောင်မြောက်ပြီး မွန်မြတ်တယ်။
ဟယ်ရီ-ပေါ်တာ ဘယ်တုန်းကမှ မဆိုင်တာဝင်မပါဘူး"

"သူက ကျွန်မသခင်ရဲ့ —— အော —— လျှို့ဝှက်ချက်ကို ——
ရှာနေတယ် —— အော —— ဝင့်ခီဟာ ကောင်းတဲ့အိမ်မွေးမှင်စာလေးပါ
—— အော —— လူတွေဟာ နည်းအမျိုးမျိုးနဲ့ —— အော —— မေးကြ
မြန်းကြ —— အော ——"

ဝင့်ခီ မျက်ခွံတွေကျလာပြီး ရုတ်တရက် ခွေးခြေပေါ်ကနေ မီးလင်းဖို
ရှေ့ ကော်ဇောပေါ် လျှောကျသွားတယ်။ အိမ်မွေးမှင်စာလေး ခြောက်ယောက်
ခုနစ်ယောက် ပြေးလာကြတယ်။ ရွံ့မုန်းတဲ့အမူအရာတွေ ဖော်ပြကြတယ်။
သူတို့အနက် တစ်ယောက်က အရက်ပုလင်းကို ကောက်တယ်။ ကျန်သူတွေက
စားပွဲခင်းအကွက်ကြီးနဲ့ ဝင့်ခီကို ဖုံးထားတယ်။ လေးဘက်လေးတန် သေချာ
ဖုံးတယ်။ သူများ သူမကို မမြင်ရအောင်လုပ်တယ်။

"သင်တို့ဒါမြင်ရတဲ့အတွက် ဝမ်းနည်းပါတယ်၊ ဆရာနဲ့ မစ်"အနီးက
မှင်စာလေးက စူးရှစွာပြောတယ်။ ခေါင်းလည်းခါနေတယ်။ သိပ်ရှက်နေပုံပေါ်
နေတယ်။ "ဝင့်ခီကိုကြည့်ပြီး ကျွန်ုပ်တို့အားလုံးကို ကောက်ချက်မချစေချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာနဲ့ မစ်"

"သူမ မပျော်ဘူး" ဟာမီးက ပွင့်ပွင့်လင်းလင်းပြောတယ်။ "မင်းတို့က ဘ
ဖြစ်လို့ သူမကို ပျော်အောင်မလုပ်တာလဲ၊ သူမကို ဖုံးထားပြန်တယ်"

"ဝမ်းနည်းပါတယ်၊ မစ်" အဲဒီအိမ်မွေးမှင်စာလေးက ပြောတယ်
ဦးညွှတ်အလေးပြုပြန်တယ်။ "ဒါပေမယ့် အလုပ်လုပ်စရာရှိတယ်။ သခင်
အလုပ်အကျွေးပြုရမယ်ဆိုရင်၊ အိမ်မွေးမှင်စာလေးတွေမှာ မပျော်ဖို့အခွ
အရေး မရှိပါဘူး"

"အော၊ ဘုရား၊ ဘုရား၊ ဟာမီးက အော်ပြောတယ်။ "မင်းတို့
ပြောတာနားထောင်။ မင်းတို့ဟာ မှော်ဆရာတွေလိုပဲ မပျော်ရွှင်ဖို့ အခွင့်အရေ
လုံးဝရှိတယ်၊ မင်းတို့မှာ လုပ်ခယူဖို့၊ ခွင့်ရက်ယူဖို့၊ သင့်တင့်လျောက်ပတ်
အဝတ်အစားဝတ်ဖို့ အခွင့်အရေးရှိတယ်။ နေရာတိုင်းမှာ သူများခိုင်းစေတာ
လုပ်ဖို့ မလိုဘူး —— ဒေါ့ဘီကို ကြည့်ကြပါ"

"ဒေါ့ဘီကို ထည့်မပြောပါနဲ့၊ မစ်" ဒေါ့ဘီက မရှင်းမလင်းပြောတယ်
အလွန့်အလွန်ကြောက်သလိုပဲ။ မီးဖိုချောင်ထဲက အိမ်မွေးမှင်စာလေး
မျက်နှာပေါ်က ပျော်ရွှင်တဲ့အပြုံးတွေ ကွယ်ပျောက်သွားတယ်။ ၎င်းတို့ဟာ
ရုတ်တရက် အကြည့်တစ်မျိုးနဲ့ ဟာမီးကို ကြည့်နေတယ်။ သူမဟာ ရူးသွပ်
အန္တရာယ်ရှိနေသလိုပဲ။

"စားစရာတွေ သင်တို့ဖို့ ယူလာပြီ" ဟယ်ရီ့တံတောင်ဆစ်နား
မှင်စာလေးက အသံစူးစူးနဲ့ ပြောတယ်။ ဒီနောက် ဝက်ပေါင်ခြောက်အတုံး
ရယ်၊ ကိတ်မုန့်တစ်ဒါဇင်နဲ့ သစ်သီးအချို့ကို ဟယ်ရီ့လက်ထဲ ထိုးပေးတယ်
"ဂွတ်ဒ်ဘိုင်"

အိမ်မွေးမှင်စာလေးတွေဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဘေးမှာဝိုင်း
လက်ကလေးများနဲ့ သူတို့ရဲ့ခါးတွေ၊ ကျောတွေကို တွန်းကာ၊ မီးဖိုထဲက မော
ထုတ်တယ်။

"ခြေစွပ်ပေးလို့ ကျေးဇူးတင်ပါတယ်၊ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီဟ
မီးလင်းဖိုရှေ့ ကော်ဇောပေါ်ကနေ သနားစရာအော်ပြောတယ်။ သူဟာ စာ
ခင်းနဲ့ အုပ်ထားတဲ့ ဝင့်ခီဘေးမှာ ရပ်နေတယ်။

"နင့်ပါးစပ်ပိတ်ထားလို့ မရဘူးလား၊ ဟာမီး" မီးဖိုချောင်ကတံ
သူတို့ကျောဘက်မှာ ဒိုင်းခနဲပိတ်သွားတော့၊ ရွန်က ဒေါသနဲ့ပြောတယ်။ "အ



သူတို့ဟာ တို့ကို ဒီလာတာ မကြိုက်တော့ဘူး။ ငါတို့ ဝင့်ခီပါးစပ်ထဲကနေ
ခရောက်ချ်အခြေအနေကို နှိုက်ယူလို့ မရတော့ဘူး"

"တော်စမ်းပါ၊ နင်က ဒါကို စိတ်ဝင်စားတာ မဟုတ်ပါဘူး" ဟာမီးက
ကဲ့ရဲ့ပြောဆိုတယ်။ "နင်က ဒီမှာ စားစရာလာရှာတာပါ"

အဲဒီအချိန်ကစပြီး ထိုနေ့ဟာ လူကိုစိတ်ဆိုးစေတဲ့နေ့ ဖြစ်သွားတယ်။ ညကျတော့ ရွန်နဲ့ဟာမီး အများနားနေခန်းထဲမှာ အိမ်စာလုပ်စဉ် စကားများလို့ မပြီးဘူး။ ဟယ်ရီက ငြီးငွေ့လာလို့ တစ်ယောက်တည်း ဆီးရီးအက်စ်ကြွယ်အတွက် အစားအစာယူပြီး ဇီးကွက်တဲအိမ်ကို လာတယ်။

ဝက်ကလေးဟာ သိပ်သေးငယ်လွန်းလို့ တစ်ကောင်တည်းနဲ့ ဝက်ပေါင်ခြောက်တစ်တုံးကို မနိုင်ဘူး။ ဒါကြောင့် ဟယ်ရီက ကျောင်းပိုင် နားရွက်မှည့် ဇီးကွက်နှစ်ကောင်ကိုရွေးပြီး ကူညီခိုင်းတယ်။ ၎င်းတို့ဟာ မှောင်ရိရောထဲမှာ အဝေးကို ပျံသွားတယ်။ အလယ်မှာ အထုပ်ကြီးကို မ,သွားကြတာ ပုံပန်းက တစ်မျိုးကြီးဖြစ်နေတယ်။ ဟယ်ရီဟာ ပြတင်းကိုမှီပြီး အပြင်ကကွင်းကို ကြည့်နေတယ်။ တားမြစ်သစ်တောထဲက မည်းနက်ပြီး တရှပ်ရှပ်မြည်နေတဲ့ သစ်ပင်ထိပ်ဖျားနဲ့ ဒမ်စထရန်ရဲ့ လေနဲ့အတူလွင့်ပျံနေတဲ့ရွက်ကြီးကို ကြည့်နေတယ်။ ဇီးကွက်ကလေးတစ်ကောင်ဟာ ဟက်ဂရစ်အိမ်ကလေးက ထွက်လာတဲ့ မီးခိုးတစီစီကို ဖြတ်ပျံပြီး ရဲတိုက်ဆီလာနေတယ်။ ဒီနောက် ဇီးကွက်တဲအိမ်ကိုကွေ့ပြီး ပျောက်သွားတယ်။ ဟယ်ရီ ငုံ့ကြည့်လိုက်တော့ ဟက်ဂရစ်ဟာ မိမိရဲ့အိမ်ကလေးရှေ့မှာ ခွန်နဲ့အားနဲ့ မြေပေါက်နေတာ မြင်ရတယ်။ သူဘာလုပ်နေတယ်ဆိုတာ ဟယ်ရီမသိဘူး။ မြေတစ်ကွက်ပေါက်ပြီး ဟင်းသီးဟင်းရွက် စိုက်မလို့နဲ့တူတယ်။ ဒီအချိန်မှာပဲ၊ မဒမ်မက်ဆင်းဟာ ဗျူစ်ဘာတန်မြင်းလှည်းထဲက ထွက်လာပြီး ဟက်ဂရစ်ဆီ လျှောက်သွားတယ်။ သူမဟာ သူနဲ့စကားပြောချင်ပုံ ရတယ်။ ဟက်ဂရစ်ဟာ ဂေါ်ပြားကိုထောက်ပြီး စကားများများပြောချင်ပုံ မရဘူး။ အကြောင်းက မဒမ်မက်ဆင်းဟာ ချက်ချင်းဆိုသလို မြင်းလှည်းပြန်သွားလို့ပဲ။

ဟယ်ရီဟာ ဂရစ်ဖင်းဒေါ်အိမ်ချွန်ကိုပြန်ပြီး ရွန်နဲ့ဟာမီး အပြန်အလှန်ဆူဆဲနေတာကို နားမထောင်ချင်ဘူး။ ဒါနဲ့ ဟက်ဂရစ်မြေတူးနေတာကို သူ့အရိပ် ညအမှောင်ဖုံးသွားတဲ့ထိ တိတ်တိတ်လေးကြည့်နေတယ်။ ဟယ်ရီ့ဘေးဝတ်လည်က ဇီးကွက်တွေ တစ်ကောင်ပြီးတစ်ကောင် နိုးလာတယ်၊ တရှုးရှုး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ့နားနားကနေ ညကောင်းကင်ဆီ ပျံသွားကြတယ်။

နောက်နေ့နံနက် စောစောစားတော့ ရွှန်နဲ့ ဟာမီးတို့ စိတ်ပြေသွာ
ကြပြီ။ ဒါကြောင့် ဟယ်ရီလည်း အသက်ရှူချောင်သွားတယ်။ ဟာမီးက မှင်
လေးတွေကို စော်ကားလို့ ၎င်းတို့က ဂရစ်ဖင်းဒေါစားပွဲကိုပေးတဲ့ အစားအ
တွေ သိပ်နည်းသွားမယ်လို့ ရွှန်က အဆိုးမြင်စွာ ပြောခဲ့ဖူးတယ်။ အခု
ကြိုပြောတာ မှားနေတာ သက်သေပြလိုက်ပြီ။ ဟို အသားဆားနယ်မီးမြိုက်တွေ
ကြက်ဥနဲ့ ကျပ်တင်ငါးတွေဟာ ခါတိုင်းလိုပဲ ကြွယ်ဝကောင်းမွန်တယ်။
စာပို့တဲ့ဇီးကွက်တွေ ပြန်လာပြီ။ ဟာမီးဟာ စိတ်လောစွာ ခေါင်းမေ
ကြည့်တယ်။ သူမဟာ စောင့်စားနေသလိုပဲ။
"ဖတ်စီ စာမပြန်အားသေးဘူး" ရွှန်က ပြောတယ်၊ "ငါတို့ မနေ့တု
ကမှ ဟက်ဒဝစ်နဲ့ စာပို့လိုက်တာ"
"မဟုတ်ဘူး၊ အဲဒါမဟုတ်ဘူး" ဟာမီးက ပြောတယ်။ "ငါ 'ကြိုဟေ
ဆရာများနေ့စဉ်' တစ်စောင် မှာယူထားတယ်။ အခု ဘာမဆို စလေးသရ
တို့ဆီက သိရတယ်၊ ငါ စိတ်ရှုပ်လှပြီ"
"အကြံကောင်းပဲ" ဟယ်ရီက ပြောတယ်၊ ဟိုဇီးကွက်တွေကို သူ
မော့ကြည့်နေတယ်။ "ဟေး၊ ဟာမီး၊ နင် ကံကောင်းတယ်ထင်တယ် ——"
မီးခိုးရောင်ဇီးကွက်တစ်ကောင် ဟာမီးဆီ ပျံလာတယ်။
"ဒါပေမယ့် ၎င်းမှာ သတင်းစာမပါဘူး" သူမကပြောတယ်။ စိတ်ပျ
ပုံပေါ်နေတယ်၊ "၎င်း ——"
မီးခိုးရောင်ဇီးကွက် သူမရှေ့က ပန်းကန်ပြားပေါ် ရပ်ပြီးနောက်၊ စ
ကျီဇီးကွက်လေးကောင်၊ ဇီးကွက်အညိုတစ်ကောင်နဲ့ ထော်နီဇီးကွက်တစ်ကော
ဆက်တိုက်ရောက်လာတယ်။
"နင် အမှာစာ ဘယ်နှစ်စောင်ပို့လို့လဲ" ဟယ်ရီကပြောရင်း၊ ဟာမီး
ခြေတံရှည်ခွက်ကို ဆွဲယူလိုက်တယ်။ ဇီးကွက်အုပ်ကြီးကြောင့် မှောက်သွားမှ
စိုးလို့။ ၎င်းတို့ဟာ အလုအယက် ရှေ့တိုးကြတယ်။ သူမလက်ထဲကို ရှေ့ဆုံး
စာပို့ချင်ကြတယ်။
"ခက်ပြီ၊ ဘယ်လိုမျိုး ——" ဟာမီးကပြောရင်း မီးခိုးရောင်ဇီးကွ
ယူလာတဲ့စာကို ယူဖတ်တယ်။ "အမလေး၊ အမလေး" သူမက ဒေါသထွ



ပြောတယ်။ မျက်နှာကြီးလည်း နီရဲနေတယ်။
"ဘာဖြစ်လဲ" ရွှန်ကပြောတယ်။
"ဒါ —— ဒါသိပ်ကို အဓိပ္ပာယ်မရှိတာ ——"
သူမက စာကို ဟယ်ရီ့ထိုးပေးတယ်၊ အဲဒါ လက်နဲ့ရေးတဲ့စာလုံး
ဟုတ်ဘဲ 'မှော်ဆရာအပတ်စဉ်'ပေါ်က ညှပ်ယူတဲ့ စာလုံးနဲ့ စပ်ရေးထားတာနဲ့
တူနေတာ ဟယ်ရီ မြင်ရတယ်။
မင်းက မိန်းကလေးဆိုး။ ဟယ်ရီ-ပေါ်တာဟာ ပိုကောင်းတဲ့ ကောင်
လေး ရသင့်တယ်၊ မင်းရဲ့မတ်ဂေါ်အိမ်ကို ပြန်သွား။
"ဒီစာမျိုးချည်းပဲ" ဟာမီးက စာကို တစ်စောင်ပြီးတစ်စောင် ဖွင့်ပြီး
ဲ့ပျက်စွာ ပြောတယ်၊ "ဟယ်ရီ-ပေါ်တာဟာ မင်းထက် အဆတစ်ရာသာတဲ့
ကောင်မလေးကို ရသင့်တယ် . . . . မင်းကို ရေညှိထဲထည့်ကျိုသင့်တယ် . . . .
အမလေး"
သူမဟာ နောက်ဆုံးစာကို ဖောက်ရုံရှိသေးတယ်၊ အဝါရောင်အရည်
စ်မျိုး သူမလက်နှစ်ဖက်ပေါ် ပန်းထွက်ပြီး ဓာတ်ဆီနံ့စူးစူး ထွက်လာတယ်၊
လက်ပေါ်မှာ အဝါရောင်ရေဖုကြီးတွေ ချက်ချင်းထွက်လာတယ်။
"ရေမရောရသေးတဲ့ ဘူဘိုအမြစ်ပုပြည်" ရွှန်က ပြောတယ်။ သူက
အိတ်ကို သတိနဲ့ကိုင်ပြီး နမ်းကြည့်တယ်။
"အမလေး" ဟာမီးက အော်တယ်။ မျက်ရည်တွေ ထွက်လာတယ်၊
ဟာ လက်သုတ်ပဝါတစ်ထည်ယူပြီး သူမလက်ပေါ်က ပြည်တွေကို သုတ်
ဘယ်။ ဒါပေမယ့် လက်ချောင်းပေါ်မှာ အလွန်နာကျင်ခံရခက်တဲ့ အမာရွတ်
ဘုကြီးတွေနဲ့ ပြည့်နေပြီ။ အဖုအထစ်တွေနဲ့ လက်အိတ်ထူထူနဲ့ တူနေတယ်။
"နင် ကျောင်းဆေးရုံကို အမြန်သွားရင်ကောင်းမယ်" ဟယ်ရီက ပြော
ယ်၊ ဟာမီးအနားက ဇီးကွက်တွေလည်း တစ်ကောင်ပြီးတစ်ကောင် ပျံသွား
ည်၊ "ငါတို့ ပါမောက္ခ စပရောက်ကို အဖြစ်အပျက် သွားပြောပြမယ် . . . ."
"ငါ သူမကို သတိပေးဖူးတယ်" ဟာမီးက လက်နှစ်ဖက်ကိုအုပ်ပြီး
းက အမြန်ထွက်သွားတယ်။ ရွှန်က ပြောတယ်၊ "ငါ သူမကို သတိပေး
ယ်။ ရီထာ-စကီးထာကို သွားမစနဲ့လို့။ ဒီစာကိုကြည့်စမ်း . . . ." သူက
မီးထားရစ်ခဲ့တဲ့စာကို အကျယ်ကြီး ဖတ်တယ်။ "ကွျန်ုပ်ဟာ 'မှော်ဆရာ
ဘ်စဉ်'မှာ မင်း ဟယ်ရီ-ပေါ်တာ့အချစ်ကို ကျီစားနေတယ်လို့ ဖတ်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်လေးဟာ ဒုက္ခတွေအများကြီး ရောက်ခဲ့ပြီ။ စောင့်နေပါ၊ စာအိ
အကြီးကြီးရခဲ့ရင်၊ နောက်တစ်ခါ မင်းကို ကျိန်စာတစ်ခု ပို့လိုက်မယ်။ ဘုရာ
ဘုရား၊ သူမ တကယ်ပဲ သတိထားရလိမ့်မယ်"

ဟာမီး မော့်ဆေးပင်အတန်း လာမတက်ဘူး။ ဟယ်ရီ၊ ရွန်တို့ အခ
ခန်းကထွက်ပြီး ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်တက်ဖို့ သွားတေ
မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ ခေါင်းချင်းဆိုင်ပြောဆိုရင်း တခစ်ခစ်ရယ်နေတ
တွေ့ရတယ်။ ဖန်စီဟာ ဟယ်ရီ့မြင်တာနဲ့ အကျယ်ကြီးမေးတယ်။ "ပေါ်တ
နင်နဲ့မိန်းကလေးမိတ်ဆွေ ခွာပြဲသွားပလား။ နံနက်စောစောစာ စားတုန်း
သူမ ဘာဖြစ်လို့ ဒီလောက်ဒေါပွနေတာလဲ"

ဟယ်ရီက သူမကို အရေးမလုပ်ဘူး။ 'မှော်ဆရာအပတ်စဉ်'
ဆောင်းပါးကြောင့် ဘယ်လောက် ဒုက္ခရောက်တယ်ဆိုတာ သူမကို မသိ
ချင်ဘူး၊ တော်ကြာ သူမက သူများဒုက္ခရောက်လို့ ဝမ်းသာပြီး သိပ်ဟုတ်တ
ထင်နေဦးမယ်။

ဟက်ဂရစ်ဟာ အရင်အချိန်ကတည်းက သူတို့ကို ဂျိုတစ်ဂျိုတိရွှေ
အကြောင်းပြောပြီးပြီလို့ ပြောထားတယ်။ အခု၊ သူဟာ အိမ်ကလေးရှေ့
ရပ်ပြီး ကျောင်းသားတွေကို စောင့်နေတယ်။ သူ့ခြေထောက်နားမှာ သူ
အရင်က မမြင်ဖူးသေးတဲ့ ပွင့်နေတဲ့စက္ကူသေတ္တာတွေ ရှိတယ်။ ဟယ်ရီ
စက္ကူသေတ္တာမြင်တာနဲ့ ရင်လေးသွားတယ် —— မီးပန်းပိုးကောင်အုပ်
ပေါက်ပြန်တာမဟုတ်တန်ရာဘူး —— ဒါပေမယ့် အနားရောက်လို့ ကြ
လိုက်တော့မှ၊ အထဲမှာက အမွေးဖွားဖွားနဲ့ နက်နက်အကောင်တွေမှန်း သိ
တယ်။ နှာခေါင်းရှည်ရှည်၊ ရှေ့လက်သည်းက ဂေါ်ပြားလို ညီညီညာညာ
အလွန်ထူးဆန်းတယ်။ ၎င်းတို့ဟာ ကျောင်းသားအားလုံးကို မော့်ကြည့်
မျက်တောင်ခတ်နေတယ်၊ ဒီလောက်လူများများ ဝိုင်းကြည့်နေတာကို ၎င်းတို့
နားမလည်နိုင်ဖြစ်နေတယ်။

"ဒါတွေက နစ်ဖလာတွေ" ဟက်ဂရစ်က ကျောင်းသားအားလုံး
တော့ ပြောတယ်။ "မိုင်းတွင်းတွေထဲမှာ ၎င်းတို့ကို တွေ့ရတတ်တယ်။ ၎င
ဟာ လက်နေတဲ့အရာကို နှစ်သက်တယ် . . . . နော၊ အမြန်ကြည့်"

နစ်ဖလာတစ်ကောင်ဟာ ရုတ်တရက်ထခုန်ပြီး ဖန်စီ-ဖတ်ကင်ဆ
လက်ကောက်ဝတ်က လက်ပတ်နာရီကို ကိုက်ဖြတ်ချင်တယ်။ ဖန်စီက အော်



ာက်ဆုတ်တယ်။

"သိပ်အသုံးကျတဲ့ ရတနာရှာကိရိယာကလေးတွေ" ဟက်ဂရစ်က
းသာစွာ ပြောတယ်။ "ဒီနေ့ကျုပ်တို့ ၎င်းတို့ကို ကျေနပ်အောင် ကစားနိုင်
ယ်၊ ဟိုနေရာကို တွေ့ကြလား" သူက မကြာခင်ကမှ မြေလှန်ထားတဲ့ မြေကြီး
 လက်ညှိုးထိုးပြီး ပြောတယ်။ အဲဒါ ဟယ်ရီ ဇီးကွက်တဲအိမ်ကနေ သူ
နေတာမြင်တဲ့နေရာ။ "ကျုပ်ရွှေဒင်္ဂါးတချို့ မြှုပ်ထားတယ်။ ရွှေဒင်္ဂါးအများ
းတွေတဲ့ နစ်ဖလာကိုရွေးတဲ့လူကို ဆုပေးမယ်။ မင်းတို့ကိုယ်ပေါ်က တန်ဖိုး
ဲ့ပစ္စည်းတွေ ဖယ်ပစ်လိုက်။ ပြီးတော့ နစ်ဖလာတစ်ကောင်ကို ရွေးပြီး အသင့်
် ၎င်းတို့ကို လွှတ်လိုက်"

ဟယ်ရီက လက်ပတ်နာရီကိုချွတ်ပြီး အိတ်ကပ်ထဲ ထည့်လိုက်တယ်။
က်ပတ်နာရီက ရပ်နေပြီ။ သူက အကျင့်ဖြစ်နေလို့ ပတ်ထားတာ။ ဒီနောက်
က နစ်ဖလာတစ်ကောင်ကို ရွေးလိုက်တယ်။ ၎င်းက နှာခေါင်းရှည်ရှည်ကို
ယ်ရီ့နားရွက်ထဲထိုးပြီး တအားနမ်းကြည့်နေတယ်။ ဒီအကောင်လေးတွေ
 လူနဲ့တော့ အလွန်ရင်းနှီးသား။

"နေဦး" ဟက်ဂရစ်က ပြောတယ်။ ခေါင်းငုံ့ပြီး သေတ္တာထဲကြည့်
ယ်၊ "ဒီမှာ နစ်ဖလာတစ်ကောင်ကျန်နေတယ် . . . . ဘယ်သူမလာဘူးလဲ။
မ်းမတွေ့ပါလား"

"သူမ ဆေးရုံမသွားလို့မဖြစ် သွားရတယ်" ရွန်က ပြောတယ်။

"ကျွန်တော်တို့ တော်ကြာမှ ခင်ဗျားကို ရှင်းပြမယ်" ဟယ်ရီက အသံ
ပြောတယ်။ ဖန်စီ-ဖတ်ကင်ဆန်က နားစွင့်နေတယ်။

ဒါဟာ သူတို့တက်ခဲ့ဖူးတဲ့အထဲက တကယ့်ကို ပျော်စရာအကောင်း
 ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ် ဖြစ်တယ်။ နစ်ဖလာတွေဟာ အဲဒီ
ကြီးထဲမှာ ဝင်လိုက်ထွက်လိုက်နဲ့ ရေထဲမှာလိုပဲ၊ အကောင်တိုင်းဟာ ၎င်း
ကို လွှတ်ပေးတဲ့ကျောင်းသားဆီကို ကမန်းကတမ်းသွားပြီး ရွှေဒင်္ဂါးကို ၎င်း
ထဲ အန်ထည့်တယ်။ ရွန် အများကြီးရတယ်။ ပေါင်ပေါ်မှာ ရွှေဒင်္ဂါးတွေ
ာခင်စုပုံနေတယ်။

"၎င်းတို့ကို အချစ်တော်မွေးဖို့ ဝယ်ယူလို့ရလား၊ ဟက်ဂရစ်" ရွန်က
ကြွစွာမေးတယ်။ သူ့နစ်ဖလာဟာ မြေကြီးထဲ တိုးဝင်လိုက်တယ်၊ သူ့
ရံတောင် ရွှံ့စင်လို့ ပေကျံကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေကြိုက်မှာ မဟုတ်ဘူး၊ ရွှန်" ဟက်ဂရစ်က ပြုံးပြီးပြော တယ်။ "နစ်ဖလာအကောင်တွေဟာ အိမ်ကို ဖျက်ဆီးပစ်တယ်။ ကောင်းပြီ သူတို့အများစုရှာလို့ရကုန်ပြီ" သူက ပြောတယ်။ အဲဒီမြေကြီးပေါ်မှာ ဟိုဒီ လျှောက်နေတယ်။ နစ်ဖလာတွေဟာ မြေကြီးထဲ ဝင်လိုက်ထွက်လိုက် လုပ်နေ တယ်။ "ကျုပ် ရွှေဒင်္ဂါးအခုတစ်ရာပဲ မြှုပ်ထားတာ။ အော၊ လာပြီလား၊ ဟာမီး"

ဟာမီးဟာ မြက်ခင်းကိုဖြတ်ပြီး သူတို့ဆီ လျှောက်လာတယ်။ သူ့ လက်နှစ်ဖက်စလုံး ပတ်တီးထူထူ စည်းထားတယ်။ သိပ်သနားစရာကောင်း နေတယ်။ ဖန်စီ-ဖတ်ကင်ဆန်ဟာ သူမကို စူးရှစွာ ကြည့်နေတယ်။

"ကောင်းပြီ။ မင်းတို့လုပ်တာ ဘယ်လိုနေလဲလို့ ကျုပ်ကြည့်မယ်" ဟက်ဂရစ်ကပြောတယ်။ "မင်းတို့ ရွှေဒင်္ဂါးတွေကို ရေတွက်ကြပါ။ ခိုးချင်လို့ တော့ အလကားပဲ၊ ဂိုး" သူကပြောရင်း မျက်စိမည်းမည်းလက်လက်ကို ရှေ့ ထားတယ်။ "ဒါက သူရဲပုလေးတွေရဲ့ရွှေဒင်္ဂါး၊ နာရီအနည်းငယ်ကြာရင် ပျောက် သွားမှာ"

ဂိုးက အိတ်ကပ်ထဲက ရွှေဒင်္ဂါးကို နှိုက်ထုတ်တယ်။ စိတ်ပျက်လက် ပျက် ဖြစ်နေတယ်။ နောက်ဆုံးနိဂုံးချုပ်တော့ ရွှန့်နစ်ဖလာက ဗိုလ်စွဲသွားတယ်။ ဟက်ဂရစ်က သူ့ကို ဗျားရည်အမတ်ကြီး ချောကလက်အချပ်အကြီးကြီးပေးပြီး ဆုချတယ်။ နေ့လယ်ထမင်းစားခေါင်းလောင်းထိုးသံဟာ ကွင်းရဲ့ဟိုတစ်ဖက်က ရောက်လာတယ်။ တခြားကျောင်းသားတွေ ရဲတိုက်ကို ပြန်ကြပြီ။ ဟယ်ရီ၊ ရွှန်၊ ဟာမီးတို့ နောက်ချန်ရစ်ပြီး နစ်ဖလာတွေကို သေတ္တာထဲ ပြန်ထည့်တာ ဟက်ဂရစ်ကို ကူလုပ်တယ်။ မဒမ်မက်ဆင်းဟာ ပြတင်းပေါက်ကနေ သူတို့ ကြည့်နေတာ ဟယ်ရီ မြင်တွေ့ရတယ်။

"မင်းလက်နှစ်ဖက် ဘာဖြစ်တာလဲ၊ ဟာမီး" ဟက်ဂရစ်က အလွန် စိုးရိမ်စွာမေးတယ်။

ဟာမီးက မနက်တုန်းက မကောင်းကြံတဲ့စာရတဲ့အကြောင်း၊ ပြီးတော့ ဘူဘိုသစ်ဖုပြည်ထည့်ထားတဲ့စာအကြောင်း ပြောပြတယ်။

"အား၊ မပူနဲ့" ဟက်ဂရစ်က သူမကို ငုံ့ကြည့်ပြီး နွေးထွေးစွာပြော တယ်။ "ရီတာ-စကီးတာဆောင်းပါးထဲမှာ ကျုပ်အမေအကြောင်း ရေးပြီး တည်းက၊ ကျုပ်လဲ စာတချို့ရတယ်။ သင်ဟာ ဘီလူး၊ သင့်ကို ထုတ်ပစ်သင့် တယ်။ သင့်အမေဟာ အပြစ်မဲ့သူကို လျှောက်သတ်တယ်။ သင့်ရက်တတ်ရဲ့



ထဲခုန်ချသေသင့်တယ်"

"အော၊ ဘုရား၊ ဘုရား" ဟာမီးဟာ အလွန်ထိတ်လန့်တုန်လှုပ်သွား သလိုပဲ။

"ဟုတ်တယ်" ဟက်ဂရစ်ကပြောရင်း နစ်ဖလာထည့်ထားတဲ့ စဉ့် သေတ္တာတွေကို အိမ်ကလေးနံရံဘေး ချထားတယ်။ "သူတို့အားလုံး အရူးတွေ ဟာမီး။ နောင်ဒီလိုစာမျိုးရရင် မဖွင့်နဲ့။ တစ်ခါတည်း မီးဖိုထဲထည့်ပစ်"

"နင် အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အချိန်တစ်ချိန် လွဲသွား တယ်" သူတို့ ရဲတိုက်ကို ပြန်လာတော့ ဟယ်ရီက ဟာမီးကို ပြောတယ်။ "အဲဒီ နစ်ဖလာတွေ သိပ်ပျော်ဖို့ကောင်းတယ်၊ ဟုတ်လား၊ ရွှန်"

ဒါပေမယ့် ရွှန်က မျက်မှောင်ကြုတ်ပြီး ဟက်ဂရစ် သူ့ကိုပေးတဲ့ ချောကလက်ကို ကြည့်နေတယ်။ သူ တစ်ခုခုကြောင့် စိတ်ရှုပ်ထွေးနေသလိုပဲ။

"ဘယ်လိုဖြစ်တာလဲ" ဟယ်ရီက မေးတယ်။ "အရသာမကောင်းဘူး လား"

"မဟုတ်ဘူး" ရွှန်က စိတ်မရှည်ဘဲ ပြောတယ်။ "မင်း ဘာဖြစ်လို့ ရွှေဒင်္ဂါးအကြောင်း ငါ့ကို ပြောမပြတာလဲ"

"ဘာရွှေဒင်္ဂါးလဲ" ဟယ်ရီက မေးတယ်။

"ငါ ကမ္ဘာ့ဖလားပွဲတုန်းက မင်းကိုပေးတဲ့ ရွှေဒင်္ဂါး" ရွှန်က ပြော တယ်။ "ဟိုသရဲပုလေးတွေရဲ့ရွှေဒင်္ဂါးလေ၊ တစ်ခွင်လုံးမြင် အဝေးကြည့်မှန် ပြောင်းဖိုး ပေးတာလေ။ ထိပ်ဆုံးပွဲကြည့်စင်ခန်းထဲမှာ။ ၎င်းတို့ပျောက်ကုန်တာ မင်းဘာဖြစ်လို့ ငါ့ကို မပြောတာလဲ"

ဟယ်ရီက ခဏတွေးပြီးမှ၊ ရွှန်ဘာပြောတယ်ဆိုတာ သိတယ်။

"အော . . . . " သူကပြောတယ်။ အရင်ကအကြောင်းကို သတိပြန် ရတယ်။ "ငါမသိဘူး . . . . ငါ အဲဒီဒင်္ဂါးတွေကို လုံးဝသတိမရဘူး။ ငါ ဗိုလ်ကြီးလုံးကိုပဲ ပူနေတာ၊ မဟုတ်ဘူးလား"

သူတို့ဟာ တံခါးခန်းဆီ လှေကားထစ်က တက်သွားပြီး ခန်းမထဲ နေ့လယ်ထမင်းစားဖို့ သွားတယ်။

"ဒီခံစားချက်က သိပ်ကောင်းမှာပဲ" သူတို့ ထိုင်လိုက်ပြီး အမဲကင်နဲ့ အာလူးပူတင်း ခပ်ထည့်စဉ်၊ ရွှန်က ရုတ်တရက် စကားတစ်ခွန်း ထပြောတယ်။ ငွေများလွန်းလို့ မရေတွက်နိုင်ဘူး၊ ရွှေဒင်္ဂါးတစ်အိတ် ပျောက်သွားတာတောင်

www.burmeseclassic.com

www.burmeseclassic.com



မသိလိုက်ဘူး"

"နားထောင်၊ အဲဒီညက ငါ တခြားကိုစွစဉ်းစားနေတာ" ဟယ်ရီ စိတ်မရှည်ဘဲ ပြောတယ်။ "ထိုစဉ်က ငါ့ခေါင်းထဲမှာ ရှုပ်နေတယ်။ မှတ်မိလား"

"သရဲပုလေးတွေရဲ့ ရွှေဒင်္ဂါး ပျောက်သွားတတ်တယ်ဆိုတာ မသိဘူး" ရွန်က တတွတ်တွတ်ပြောတယ်။ "ငါက အကြွေးဆပ်ပြီးပြီထင်တာ ခရစ္စမတ်စ်တုန်းက မင်း ငါ့ကို ဟိုချာဒလီအမြောက်အသင်းဦးထုပ် မ သင့်ဘူး"

"ဒါတွေ မေ့လိုက်စမ်းပါ၊ ကောင်းလား" ဟယ်ရီက ပြောတယ်။

ရွန်က ခက်ရင်းနဲ့ အာလူးမီးဖုတ်တစ်လုံး ထိုးယူပြီး စိတ်ညစ်ည ၎င်းကို ကြည့်နေတယ်။ ဒီနောက်ပြောတယ်။ "ငါဆင်းရဲတဲ့အရသာကို သိ မုန်းတာပဲ"

ဟယ်ရီနဲ့ ဟာမီးတို့ အပြန်အလှန်ကြည့်လိုက်ပြီး၊ နှစ်ယောက်စလုံ ဘာပြောရမှန်းမသိဘူး။

"ဒါတွေပြောနေလဲ အလကားပဲ" ရွန်ကပြောရင်း အဲဒီအာလူးကို ကြည့်နေတယ်။ "ဖရက်နဲ့ ဂျော့ဟာ ငွေနည်းနည်းရှာချင်တယ်၊ အဲဒါ ဘာမှမ ဘူးလို့ ငါထင်တယ်။ ငါလဲဒီလိုဖြစ်ချင်တယ်။ ငါ့မှာ နစ်ဖလာတစ်ကောင် ရှိ တယ်"

"ကောင်းပြီ၊ လာမယ့်နှစ်ခရစ္စမတ်စ်မှာ နင့်ကို ဘာလက်ဆော ပေးရမယ်ဆိုတာ ငါတို့သိပြီ" ဟာမီးက ပျော်ရွှင်စွာပြောတယ်။ ရွန် မ မရွှင်ဖြစ်နေသေးတာမြင်တော့ သူမက ပြောပြန်တယ်။ "တော်တော့၊ ရွန်၊ ဒါ အဆိုးဆုံးမဟုတ်သေးဘူး။ အနည်းဆုံးတော့ နင့်လက်ပေါ်မှာ ပြည်တွေစွ မနေသေးဘူး" ဟာမီး ဓားတို့၊ ခက်ရင်းတို့သုံးရတာ အလွန်ခက်တယ်။ ကော နေပြီး၊ လိုရာမရောက်ဘူး။ "ငါ စကီးတာဆိုတဲ့မိန်းမကို သိပ်မုန်းတယ်" သူမ ရုတ်တရက် မုန်းမုန်းနဲ့အကျယ်ကြီးပြောတယ်။ "ငါ့မှာ နောက်ဆုံးထွက်သ ကျန်ကျန်၊ ငါ သူမကို တန်ဖိုးပေးခိုင်းမယ်"

ဆက်လာတဲ့ ရက်သတ္တပတ်မှာ၊ ဟာမီးဟာ စိတ်ယုတ်နဲ့ပို့တဲ့စာ ရတယ်။ သူမဟာ ဟက်ဂရစ်အကြံပေးတာကို နားထောင်ပြီး၊ စာကို မဖွင့် ပေမယ့်၊ သူမပေါ် စိတ်ယုတ်ရှိတဲ့လူတွေက မြှိမ်းခြောက်စာ ပို့လိုက်တယ်



အဲဒီစာတွေဟာ ဂရစ်ဖင်းဒေါ စားပွဲပေါ်မှာ ပေါက်ကွဲပြီး သူမကို စော်ကားတဲ့ စကားတွေ စူးစူးဝါးဝါး အော်ထွက်လာလို့ ခန်းမကြီးတစ်ခုလုံး ကြားရတယ်၊ 'မော်ဆရာအပတ်စဉ်' မဖတ်တဲ့လူတွေတောင် ဟယ်ရီ၊ ခရွန်းမ်၊ ဟာမီးတို့နဲ့ ဆုံပွင့်ခိုင်အချစ်ပြဿနာကို သိသွားကြတယ်။ ဟယ်ရီဟာ လူတွေကို ဟာမီး ဟာ သူ့ချစ်သူမဟုတ်ကြောင်း ထပ်ခါထပ်ခါရှင်းပြရတာ သိပ်ကို ငြီးငွေ့လှပြီ၊

"ဖြည်းဖြည်းတော့ ငြိမ်သွားမှာပါ" သူက ဟာမီးကို ပြောတယ်။ "ငါတို့ အရေးမလုပ်ပဲနေ . . . . အရင်တစ်ခါ သူမ ငါ့အကြောင်းရေးတဲ့ဆောင်းပါး တုန်းက၊ နောက်တော့ လူတွေအိသွားတာပဲ ——"

"ငါသိချင်တာက၊ သူမဟာ အစက ကွင်းထဲလာဖို့ တားမြစ်ခံထား ရတာ၊ ဘယ်လိုလုပ်ပြီး သူများတွေ ပုဂ္ဂလိကအကြား စကားပြောတာကို ခိုး နားထောင်လို့ရတာလဲ" ဟာမီးက ဒေါသနဲ့ပြောတယ်။

သူတို့ရဲ့နောက်တစ်ချိန် မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်အခိုန် မှာ ဟာမီးဟာ နောက်ချန်ပြီး ပါမောက္ခ မူးဒီဆီမှာ မေးစရာရှိတာ မေးကြည့် တယ်။ အတန်းထဲက ကျန်ကျောင်းသားတွေဟာ ကျောင်းခန်းက အလုအယက် ထွက်သွားကြတယ်။ မူးဒီဟာ စာသင်ချိန်မှာ ကျောင်းသားတွေကို လှည့်ပြောင်း စေ့ပညာကို အညာအတာမပေးဘဲ စစ်ဆေးခဲ့တယ်။ ဒါကြောင့် အတော်များများ ဒဏ်ရာအနည်းငယ်ရကြတယ်။ ဟယ်ရီဟာ အလွန်ပြင်းထန်တဲ့ နားရွက်ကြွက် ရောက်ကျိန်စာထိလို့၊ ကျောင်းခန်းက ထွက်ခွာတော့၊ လက်နဲ့ နားနှစ်ဖက်ကို ဖုံးထားရတယ်။

"ကြည့်ရတာ ရီတာဟာ ကိုယ်ပျောက်ဝတ်ရုံသုံးတာမဟုတ်ဘူး" ငါးမိနစ်ကြာတော့၊ ဟာမီးဟာ တံခါးခန်းမှာ ဟယ်ရီနဲ့ ရွန်ကို မီလာပြီး၊ မော ပိုက်ရင်းပြောတယ်။ သူမဟာ ဟယ်ရီ့လက်တစ်ဖက်ကို အကြောဆွဲနေတဲ့ နားရွက်ပေါ်က ဆွဲဖယ်သေးတယ်။ ဒါမှသူမစကားကို ဟယ်ရီကြားရမှာ။ "မူးဒီ က ပြောတယ်၊ ဒုတိယကဏ္ဍာယှဉ်ပြိုင်စဉ်မှာ၊ ဒိုင်လူကြီးစားပွဲ ဒါမှမဟုတ် ကန်ဘေးတစ်နေရာရာမှာ ရီတာကို မတွေ့မိဘူးလို့ပြောတယ်"

"ဟာမီး၊ ဒီအကြောင်းမတွေးနဲ့လို့ ငါပြောတယ်။ နင်ဘာဖြစ်လို့ နားမထောင်တာလဲ" ရွန်ကပြောတယ်။

"မထောင်နိုင်ဘူး" ဟာမီးက ခေါင်းမာမာပြောတယ်။ "သူမက ငါနဲ့ ဟယ်ရီပြောတာ စကားပြောတာကို ဘယ်လိုသိတယ်ဆိုတာ ငါသိချင်တယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဂရစ်အမေအကြောင်း သူဘယ်လိုလုပ်သိတာလဲ"

"သူမဟာ နင့်ကိုယ်ပေါ်မှာ ခိုးနားထောင်ကိရိယာတပ်ထားချင်ထ မှာပေါ့" ဟယ်ရီက ပြောတယ်။

"ခိုးနားထောင်ကိရိယာ ?" ရွန်က နားမလည်လို့မေးတယ်။ "သ ပစ္စည်းလဲ . . . . ကြမ်းပိုးကို သူမကိုယ်ပေါ် ထားလိုက်တာလား"

ဟယ်ရီက ဒါနဲ့ သူ့ကို ဝှက်ထားတဲ့ မိုက်နဲ့အသံဖမ်းတပ်ဆင်မှု တာကို ရှင်းပြတယ်။ ရွန်က သိပ်စိတ်ဝင်စားတယ်။ ဒါပေမယ့် ဟာမီးက သူ ကို ဖြတ်ပြောတယ်။

"နင်တို့နှစ်ယောက် 'ဟော့ဂ်ဝပ်၊ ကျောင်းသမိုင်းတစ်ပုဒ်'ကို မဖ ဖူးဘူးမဟုတ်လား"

"လိုအပ်လို့လား" ရွန်ကပြောတယ်။ "နင်က ထုံးလိုချေ၊ ရေလိုနှော ဖတ်ထားမှတော့၊ ငါတို့ နင့်ကိုမေးကြည့်ရင်ပြီးတာပဲ"

"မတ်ဂေါ်အသုံးပြုတဲ့ မှော်ဆရာအစားထိုးအရာ —— လျှပ်စစ် တွက်စက်တို့၊ ရေဒါတို့၊ အဲဒီအရာအားလုံး —— ဟော့ဂ်ဝပ်အနားရောက်ရ စက်ပြဿနာပေါ်တာပဲ။ အကြောင်းက ဒီကမိုးပေါ်မှာ မှော်သံလိုက်နယ် သိပ်အားကောင်းလို့။ မဟုတ်သေးဘူး။ ရီတာဟာ မှော်ပညာနဲ့ သူများစကာ ပြောတာ ခိုးနားထောင်တာ၊ ဒီအတိုင်းဖြစ်ရမယ် . . . . ဘာမှော်ပညာလဲဆိုတ ငါ သိနိုင်ရင်ကောင်းမယ် . . . . အော၊ တရားမဝင်နည်းဆိုရင်၊ သူမ ပြေးလွ မှာမဟုတ်ဘူး . . . ."

"ငါတို့ပူရမှာတွေ နည်းနေသေးလို့လား" ရွန်က သူမကို မေးတယ် "ငါတို့က ရီတာ-စကီးတာနဲ့ သူသေကိုယ်သေလုပ်ရမှာလား"

"ငါ နင့်ကိုအကူအညီမတောင်းဘူး" ဟာမီးက မနှစ်သက်ဘဲ ပြေ တယ်။ "ငါ့ဖာသာ ဒီကိစ္စကိုရှင်းမယ်"

သူမဟာ မာဘော်ကျောက်လှေကားကို နှစ်ထစ်သုံးထစ်ခုန်ခုန်တ သွားတယ်။ တစ်ချက်မှတောင် ပြန်လှည့်မကြည့်ဘူး။ သူမ စာကြည့်တိုက်သွ မှာလို့ ဟယ်ရီ ယုံကြည်တယ်။

"သူမဟာ ကျွန်မ ရီတာ-စကီးတာကို မုန်းတယ်ဆိုတဲ့ ရင်ထိုးတစ် ပိုက်ပြီး ပြန်လာလိမ့်မယ်။ မင်းယုံမလား၊ မယုံဘူးလား" ရွန်က ပြောတယ်

သို့ပေမယ့် ဟာမီးဟာ ဟယ်ရီနဲ့ ရွန့်ကို ရီတာ-စကီးတာကို ဒ



တ်ဖို့ မခေါ်ဘူး။ ဒါကြောင့် သူတို့နှစ်ယောက် အသက်ရှူချောင်သွားတယ်။ ူတို့ကျောင်းစာတွေ ကြာလေများလေဖြစ်ပြီး၊ အီစတာပွဲတော်လည်း ရောက် ာတော့မယ်။ ဟာမီးဟာ သူတို့လိုပဲ အိမ်စာတွေကို ပြီးအောင်လုပ်ရတဲ့အပြင် ိုးနားထောင်တဲ့မှော်ပညာကို လေ့လာရသေးတယ်ဆိုတော့ သိပ်ကိုချီးကျ ရာကောင်းတယ်လို့ ဟယ်ရီက ရိုးသားစွာ ဝန်ခံတယ်။ သူ့မှာ အိမ်စာလုပ်ရ ာနဲ့တင် ဖလက်ပြနေပြီ၊ ဒါပေမယ့် သူဟာ ဂူထဲက ဆီးရီးအက်စ်ကြွယ် အတွက် အချိန်မှန် စားစရာအထုပ်တွေ ပို့ပေးတယ်။ မနှစ်က နွေရာသီကတည်း က ဟယ်ရီဟာ နေ့စဉ်ဆာလောင်မွတ်သိပ်တဲ့အရသာကို မမေ့တော့ဘူး၊ သူဟာ တစ်ခါတည်း ဆီးရီးအက်စ်ကြွယ်ဆီ စာပါထည့်ပြီး ထူးခြားတဲ့အခြေ အနေမရှိကြောင်း၊ သူတို့ ဖတ်စီ့ပြန်စာကို စောင့်နေကြောင်း ပြောပြတယ်၊

အီစတာပွဲတော် ပြီးဆုံးခါနီးကျမှ ဟက်ဒဝစ်ပြန်လာတယ်။ ဖတ်စီရဲ့ ြန်စာဟာ အီစတာရောင်စုံဥတွေနဲ့ အတူပါလာတာ၊ အဲဒါမစ္စစ်ဝယ်စလီက ို့လိုက်တာ။ ဟယ်ရီနဲ့ ရွန်တို့ရတဲ့ ရောင်စုံဥဟာ နဂါးဥလောက်ကြီးတယ်၊ အထဲမှာ ကိုယ်တိုင်လုပ်တော်ဖီတွေ ပြည့်နေတာပဲ။ ဟာမီးရဲ့ရောင်စုံဥကတော့ ကြက်ဥထက်တောင်ငယ်တယ်။ သူမဟာ မြင်တာနဲ့ မျက်နှာကြီးမည်းသွားတယ်၊

"နင့်အမေကြိုက်လို့ 'မှော်ဆရာအပတ်စဉ်'ကို မဖတ်ဘူးထင်ပါတယ် နော်၊ ရွန်" သူမက တိုးတိုးမေးတယ်။

"ဟင့်အင်း" ရွန်က ပြောတယ်။ သူ့ပါးစပ်ထဲမှာ တော်ဖီအပြည့်နဲ့၊ "သူမက သတင်းစာထဲက ဟင်းချက်နည်းကို ကြည့်တယ်"

"ဖတ်စီဘာရေးတယ်ဆိုတာ ဖတ်ချင်လား" ဟယ်ရီက သူမကို မေး တယ်။

ဖတ်စီရဲ့စာက တိုတိုပဲ၊ လေသံကလည်း စိတ်မရှည်ဘူး။

"ကြိုယောဆရာများနေ့စဉ်"ကို အဆက်မပြတ် ငါပြောနေသလိုပဲ၊ စွတာခရောက်ချ် အလုပ်သိပ်ပင်ပန်းလို့၊ မျက်မှောက်အချိန်မှာ အနားယူနေ ပါတယ်၊ သူဟာ အချိန်မှန် ဇီးကွတ်နဲ့ ညွှန်ကြားချက်ပို့ပါတယ်၊ မတွေ့ဘူး၊ ငါ သူ့ကိုယ်နှိုက်ကိုမတွေ့ဘူး၊ ဒါပေမယ့် မင်းတို့ယုံရမှာက၊ ငါဟာ ငါ့အထက် အရာရှိရဲ့လက်ရေးကို ဘယ်လိုမှမှားမှာမဟုတ်ဘူးဆိုတာပဲ၊ အခု ငါ သိပ်ကို အလုပ်များနေတယ်၊ ဒီတောလာဟလတွေကိုလဲ ရှင်းနေရတယ်၊ ငါ့ကို ထပ် နှောင့်ယှက်ပါနဲ့တော့၊ အရေးကြီးတဲ့ကိစ္စတလွဲလို့၊ အီစတာပွဲတော် ပျော်ရွှင် ပါစေ၊

www.burmeseclassic.com



ခါတိုင်းနွေရာသီကျောင်းစဖွင့်ကတည်းက ဟယ်ရီဟာ ဒီပြိုင်ပွဲရာသီရဲ့ နောက်ဆုံးခွဲဒစ်ပြိုင်ပွဲအတွက် အချိန်တိုးလေ့ကျင့်ရမှာ ဖြစ်တယ်။ ဒါပေမယ့် ဒီနှစ်ကျတော့ သူဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ တတိယလည်း ဖြစ်၊ နောက်ဆုံး လည်း ဖြစ်တဲ့ကဏ္ဍအတွက် ပြင်ဆင်ရမယ်။ ဒါပေမယ့် သူဟာ ဘာလုပ်ရမှန်း မသိဘဲဖြစ်နေတယ်။ နောက်ဆုံး၊ မေလရဲ့နောက်ဆုံး ရက်သတ္တပတ်ကို ရောက် တော့၊ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ရုပ်ပြောင်းအချိန်တက်ပြီးတော့ သူ့ကို ခေါ်ထားတယ်။

"ပေါ်တာ၊ မင်း ဒီညကိုးနာရီမှာ အောက်ကခွဲဒစ်ကွင်းကို သွား" ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့ကိုပြောတယ်။ "မစ္စတာဘက်ဂမင်းက အဲဒီမှာ သူရဲကောင်းတွေကို တတိယကဏ္ဍက ဘာဆိုတာ ပြောပြလိမ့်မယ်"

ဒါနဲ့၊ အဲဒီည ရှစ်နာရီခွဲမှာ ဟယ်ရီဟာ ဂရစ်ဖင်းဒေါအိမ်ချွန်မှာ ရွှန်း ဟာမီးတို့နဲ့ နှုတ်ဆက်ပြီး အောက်ကိုဆင်းလာတယ်။ သူတံခါးခန်းထ ဖြတ်လာတော့ စက်ဒရစ်ဟာ ဟာ့ဖ်ဖတ်အများနားနေခန်းက ထွက်လာတယ်။

"မင်း ဘာဖြစ်မယ်ထင်သလဲ" နှစ်ယောက်သား ကျောက်လှေကား က ဆင်းပြီး တိမ်ထူထပ်တဲ့ ညရိပ်ထဲရောက်တော့၊ စက်ဒရစ်က ဟယ်ရီ့ကို မေးတယ်။ "ဖလောအာဟာ မြေအောက်လိုဏ်ခေါင်းအကြောင်းပဲ ပြောနေ တယ်။ သူမက ငါတို့ရတနာရှာရမယ်ထင်နေတယ်"

"ဒါဆို ဘယ်ဆိုးမလဲ" ဟယ်ရီကပြောတယ်။ ဟက်ဂရစ်ဆီက နစ်ဖ လာတစ်ကောင်ငှားပြီး ၎င်းကို ခိုင်းလိုက်ရင်ပြီးတာပဲလို့ သူက တွက်တယ်။

သူတို့ဟာ မှောင်မည်းတဲ့မြက်ခင်းအတိုင်း ခွဲဒစ်ကွင်းဆီ လျှောက် သွားတယ်။ ဒီနောက် ပွဲကြည့်စင်ကြားကအပေါက်ကနေ ဘောကွင်းထဲ ဝင် လိုက်တယ်။

"သူတို့ ဒီမှာဘာတွေလုပ်ထားလဲ" စက်ဒရစ်ဟာ ခြေလှမ်းကို ဆတ်ခနဲ ရပ်လိုက်ပြီး ဒေါသနဲ့ပြောတယ်။

ခွဲဒစ်ဘောကွင်းဟာ ညီညာပြောင်ချောမနေတော့ဘူး။ ဒီမှာမရေ မတွက်နိုင်တဲ့ ထရံနိမ့်နိမ့်၊ ရှည်ရှည်တွေ လာထောင်ထားသလိုပဲ။ ဒီထရံနိမ့်နိမ့် ရှည်ရှည်တွေဟာ ရှုပ်ထွေးယှက်တင်ဖြစ်ပြီး၊ အရပ်လေးမျက်နှာသို့ ကွေ့ကောက် သွားတယ်။

"အဲဒါ ခြံစည်းရိုး" ဟယ်ရီကပြောပြီး သူနဲ့အနီးဆုံးထရံနိမ့်ကို ငုံ့ကြည့်



တယ်။

"အားလုံးမင်္ဂလာပါ" ပျော်ရွှင်တဲ့အသံတစ်သံက အော်ပြောတယ်။

လူဒို-ဘက်ဂမင်းဟာ ဘောကွင်းအလယ်မှာ ရပ်နေတယ်။ ဘေးမှာ က ခရွန်းမ်နဲ့ ဖလောအာ။ ဟယ်ရီနဲ့ စက်ဒရစ်တို့လည်း ထရံနိမ့်တွေကို ကျော် ကျော်ပြီး သူတို့ရှိရာကို သွားတယ်။ ဟယ်ရီအနီးရောက်တော့ ဖလောအာက ့ကို ပြုံးရွှင်စွာ ရယ်ပြတယ်။ ဟယ်ရီက သူမညီမလေးကို ကန်ထဲက ကယ် ခဲ့ပြီးနောက်၊ သူမရဲ့ ဟယ်ရီ့ပေါ်သဘောထားဟာ ဒီဂရီတစ်ရာ့ရှစ်ဆယ် ပြောင်းလဲသွားတယ်။

"ဘယ့်နှယ့်လဲ၊ မင်းတို့ခံစားမှု" ဟယ်ရီနဲ့ စက်ဒရစ်တို့ နောက်ဆုံး ထရံနိမ့်ကို ကျော်လိုက်တော့၊ ဘက်ဂမင်းက ပျော်ရွှင်စွာမေးတယ်။ "ဆောက် ်ထားတာ မဆိုးဘူးနော်၊ နောက်တစ်လဆိုရင်၊ ဟက်ဂရစ်က ၎င်းကို ပေ စ်ဆယ်အမြင့်ထိ တက်ပြီးမှာ။ စိတ်မပူကြပါနဲ့" ဟယ်ရီနဲ့ စက်ဒရစ်တို့ရဲ့ ကြိုက်တဲ့အမူအရာကိုမြင်တော့ ရယ်ပြီးပြောတယ်၊ "ယှဉ်ပြိုင်ပွဲပြီးတာနဲ့ င်းတို့ခွဲဒစ်ဘောကွင်းလဲ မူလအတိုင်း ပြန်ဖြစ်မှာပါ။ ကောင်းပြီ၊ ကျုပ်တို့ မှာ ဘာလုပ်မယ်ဆိုတာ မင်းတို့လဲ ခန့်မှန်းမိရောပေါ့"

ခဏတာအတွင်းမှာ ဘယ်သူမှစကားမပြောဘူး။ ဒီနောက် ——

"ဝင်္ကပါ" ခရွန်းမ်က အသံဩဩနဲ့ပြောတယ်။

"ဟုတ်ပြီ" ဘက်ဂမင်းက ပြောတယ်။ "အဲဒါ ဝင်္ကပါပဲ။ တတိယကဏ္ဍ ာ အလွန်ရိုးရှင်းတယ်။ ဗိုလ်သုံးဗိုလ်ဖလားဟာ ဝင်္ကပါရဲ့အလယ်ဗဟိုမှာ ားမယ်။ ပထမဆုံး ၎င်းကို ထိမိတဲ့သူရဲကောင်းဟာ အမှတ်ပြည့်ရမယ်"

"ကျွန်မတို့ ဝင်္ကပါကို ဖြတ်သွားနိုင်ရင်ပြီးရောလား" ဖလောအာက ပြောတယ်။

"အတားအဆီးအများကြီးရှိမယ်" ဘက်ဂမင်းက ပျော်ရွှင်စွာပြောရင်း ခြေဖျားထောက်ပြီး ခုန်နေတယ်။ "ဟက်ဂရစ်က အကောင်တွေအများကြီး ေးတယ် . . . . ပြီးတော့ ဂါထာချထားတာကို ဖြည်ရမယ် . . . . အဲဒါမျိုး တွေပေါ့။ မင်းတို့သိပါတယ်။ ပြီးတော့ အမှတ်ရှေ့ရောက်တဲ့ သူရဲကောင်းက ဝင်္ကပါထဲကို အရင်ဆုံးဝင်ရမယ်" ဘက်ဂမင်းဟာ ဟယ်ရီနဲ့ စက်ဒရစ်ကို ပြုံးပြ နေတယ်။ "ဆက်လက်ပြီး မစ္စတာခရွန်းမ် ဝင်ရမယ် . . . . နောက်ဆုံးမှာ စ်ဒယ်လာခေါ်။ ဒါပေမယ့် မင်းတို့ရှုံးကန်တိုက်ခိုက်မှသာ အောင်မြင်မှာ။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ အတားအဆီးကို ဖြတ်ကျော်တဲ့အစွမ်းကို ကြည့်ရမှာပဲ။ သိပ်ပျော်စ ကောင်းမှာ၊ ဟုတ်လား"

ဟက်ဂရစ်ဟာ ဒီလိုကိစ္စမှာ ဘာအကောင်ပေးမယ်ဆိုတာ ဟယ်ရီ လောက်ရှင်းတဲ့လူမရှိဘူး။ အဲဒါနည်းနည်းမှတော့ ပျော်စရာမကောင်းဘူး ဒါပေမယ့် သူလည်းပဲ တခြားသူရဲကောင်းတွေလို ယဉ်ကျေးစွာ ခေါင်းညိတ် လိုက်တယ်။

"သိပ်ကောင်းတယ် . . . . မင်းတို့မေးစရာမရှိဘူးဆိုရင်၊ ကျုပ်တ ရဲတိုက်ကို ပြန်ကြတာပေါ့၊ ကောင်းလား။ ဒီမှာက နည်းနည်းအေးတယ် . . . .

အားလုံး အဆက်မပြတ်ရှည်လာတဲ့ ထရံအနိမ့်တွေကို ကျော်ဖြတ် ကြတော့၊ ဘက်ဂမင်းဟာ ဟယ်ရီ့ဘေးကို ကမန်းကတမ်းကပ်လာတယ် ဟယ်ရီက ဘက်ဂမင်းဟာ သူ့ကို ကူညီချင်တယ်လာပြောလိမ့်မယ်လို့ ထင် တယ်။ ဒါပေမယ့် ဒီအချိန်မှာပဲ ခရွန်းမ်က ဟယ်ရီ့ပခုံးကို ပုတ်လိုက်တယ်။

"မင်းနဲ့စကားပြောလို့ရမလား"

"ရတယ်၊ ပြဿနာမရှိဘူး" ဟယ်ရီက ပြောတယ်။ နည်းနည်းအံ့အား သင့်မိတယ်။

"မင်း ငါနဲ့လိုက်ခဲ့၊ ကောင်းလား"

"ရတယ်" ဟယ်ရီက အံ့ဩစွာပြောတယ်။

ဘက်ဂမင်းဟာ စိတ်ရှုပ်သွားသလိုပဲ။

"ကျုပ် ဒီမှာစောင့်နေမယ်၊ ဟယ်ရီ၊ ရလား"

"အော၊ မလိုတော့ဘူး၊ မစ္စတာဘက်ဂမင်း" ဟယ်ရီက မရယ်မိ အောင် အောင့်ထားပြီးပြောတယ်။ "ကျွန်တော် ကိုယ့်ဖာသာ ရဲတိုက်ကို ရှာလို့ တွေ့ပါတယ်၊ ကျေးဇူးတင်ပါတယ်"

ဟယ်ရီနဲ့ ခရွန်းမ်တို့အတူ ဘောလုံးကွင်းက ထွက်ခဲ့တယ်။ ဒါပေမယ့် ခရွန်းမ်ဟာ ဒမ်စထရန်သင်္ဘောကြီးဆီ မသွားဘဲ သစ်တောဘက် သွားတယ်။

"ကျွန်တော်တို့ ဘာလို့ဒီလမ်းသွားရတာလဲ" ဟယ်ရီက မေးတယ်။ သူတို့ဟာ ဟက်ဂရစ်ရဲ့အိမ်လေးနဲ့ မီးရောင်လင်းလက်နေတဲ့ ဗျူစ်ဘာတန် မြင်းလှည်းကို ဖြတ်ခဲ့ပြီ။

"သူများမကြားစေချင်လို့" ခရွန်းမ်က တိုတိုပဲပြောတယ်။

နောက်ဆုံး သူတို့ဟာ ဆိတ်ငြိမ်တဲ့ကွက်လပ်တစ်ခုကို ရောက်လာ



တယ်။ ဗျူစ်ဘာတန်မြင်းလှည်းကြီးနဲ့ဆိုရင် အကွာအဝေးတော်တော်ဝေးသွားတယ်။ ခရွန်းမ်ဟာ သစ်ပင်အရိပ်ထဲမှာ ရပ်လိုက်ပြီး ဟယ်ရီ့ကို လှည့်ကြည့်နေတယ်။

"ကျွန်တော် သိချင်တယ်" သူက မျက်နှာပုပ်ပြီး ပြောတယ်။ "ခင်ဗျားနဲ့ ဟာ —— မီ —— အွန်က ဘယ်လိုလဲ"

ခုနက ခရွန်းမ် ခိုးကြောင်ခိုးဝှက်နဲ့ပုံကို မြင်ရတော့၊ သူအလွန်ထူးဆန်း ကြည်တဲ့အကြောင်း ပြောမယ်လို့ ဟယ်ရီထင်တာ။ သူက ခရွန်းမ်ကို အံ့ဩစွာ ကြည့်နေတယ်။

"ဘာမှမဟုတ်ဘူး" သူကပြောတယ်။ ဒါပေမယ့် ခရွန်းမ်က သူ့ကို မျက်ပြူးပြဲကြည့်နေတုန်းပဲ။ ဟယ်ရီက ရုတ်တရက် ခရွန်းမ်အရပ် သိပ်မြင့်တယ်လို့ ခံစားရတယ်။ ဒါနဲ့ စကားကိုပိုရှင်းအောင် အမြန်ပြောလိုက်တယ်။ "ကျွန်တော် တို့က မိတ်ဆွေတွေပါ။ ဒါပေမယ့် သူက ကျွန်တော့်ရည်းစားတော့ မဟုတ်ဘူး။ ဘယ်တုန်းကမှ မဟုတ်ဘူး။ အားလုံးစကီးတာဆိုတဲ့မိန်းမ မဟုတ်တာလျှောက် ပြောတာ"

"ဟာ —— မီ —— အွန်က ခင်ဗျားအကြောင်း အမြဲပြောတယ်" ခရွန်းမ်ကပြောရင်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။

"ဟုတ်တယ်လေ" ဟယ်ရီကပြောတယ်။ "ကျွန်တော်တို့က မိတ်ဆွေ တွေပဲ"

သူဟာ မိမိ ဗစ်ခတာ-ခရွန်းမ်နဲ့ ဒီပြဿနာဆွေးနွေးတယ်ဆိုတာ ယုံနိုင်အောင် ဖြစ်နေတယ်။ ခရွန်းမ်ဆိုတာ နာမည်ကြီးကမ္ဘာကျော်ခွေဒစ် ဘောလုံးသမား။ အသက်ဆယ့်ရှစ်နှစ်အရွယ် ခရွန်းမ်ဟာ သူ၊ ဟယ်ရီကို ပြိုင်ဘက်လို့ မှတ်ထင်နေတယ် —— တကယ့်ပြိုင်ဘက်တစ်ယောက် ——

"ခင်ဗျားတို့ ဘယ်တုန်းကမှ မဟုတ်ဘူး . . . . ခင်ဗျားတို့ မဟုတ်ဘူး . . . ."

"မဟုတ်ဘူး" ဟယ်ရီက အလွန်သေချာစွာ ပြောတယ်။

ခရွန်းမ်ဟာ နည်းနည်းပျော်သွားသလိုပဲ။ သူက ဟယ်ရီ့ကို စက္ကန့် အနည်းငယ်ကြည့်နေပြီး ပြောတယ်။ "ခင်ဗျားပျံတာ သိပ်တော်တယ်။ ကျွန် တော် ပထမကဏ္ဍကြည့်ပြီးပြီ"

"ကျေးဇူးတင်ပါတယ်" ဟယ်ရီကပြောပြီး ပေါ့ပါးစွာ ရယ်နေတယ်။ ရုတ်ချင်းပဲ မိမိအများကြီးမြင့်လာသလိုပဲ။ "ကျွန်တော် ခွေဒစ်ကမ္ဘာ့ဖလားပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့မြင်တယ်၊ ရန်းစကီးယောင်ပြနည်း၊ ခင်ဗျားသိပ် ——"

ရုတ်တရက်၊ ခရွှန်းမ်ကျောဘက်က ချုံပုပ်ထဲမှာ လှုပ်လှုပ်ရှားရှ ဖြစ်သွားတယ်၊ ဟယ်ရီဟာ သစ်တောထဲ မြုပ်နေတဲ့အရာကို အတွေ့အကြ အချို့ရှိခဲ့တယ်။ သူက ခရွှန်းမ်ရဲ့လက်မောင်းကို ဖမ်းဆွဲပြီး သူ့ဘက်ဆွဲခေ လိုက်တယ်။

"ဘယ်လိုဖြစ်တာလဲ"

ဟယ်ရီက ခေါင်းခါတယ်။ ခုနက လှုပ်ရှားသွားတဲ့နေရာကို ကြည့်ေ တယ်၊ သူက လက်ကို ဝတ်ရုံရှည်ထဲနှိုက်ပြီး မှော်ကြိမ်လုံးကို စမ်းတယ်။

ဒီအချိန်မှာ၊ ယောက်ျားတစ်ယောက် ရုတ်တရက် ဂယိမ်းဂယိုင် ဝက်သစ်ချပင်မြင့်မြင့်ကြီးနောက်က ထွက်လာတယ်။ ဟယ်ရီဟာ ရုတ်တရက် ဘယ်သူမှန်းမသိဘူး . . . . ဒီနောက်မှ သူသတိရလာတယ်၊ အဲဒါ မစ္စတ ခရောက်ချ်။

သူ့ကြည့်ရတာ အပြင်ဘက်မှာ ရက်အတော်များများ လေလွင့်ေ သလိုပဲ။ ဝတ်ရုံရှည်ဒူးနေရာမှာ ပေါက်နေတယ်။ သွေးစွန်းရာတွေနဲ့။ မျက်နှ ပေါ်မှာလည်း ဒဏ်ရာတွေ၊ မုတ်ဆိတ်ပါးမြိုင်းမွေးတွေနဲ့။ မျက်နှာဟာ ဖြူ ညှိုးရော်နေတယ်။ မူလက သန့်စင်တဲ့ဆံပင်နဲ့ မုတ်ဆိတ်ဟာ ဆေးကြောရမ ဖြတ်သင့်ပြီ။ သူ့ပုံပန်းက ထူးဆန်းနေပေမယ့်၊ ပိုဆိုးတာက သူ့အပြုအမူ မစ္စတာခရောက်ချ်ဟာ တစ်ယောက်ယောက်နဲ့ စကားပြောနေသလိုပဲ။ အ လူကို သူသာလျှင်မြင်ရတယ်။ သူဟာ အဆက်မပြတ် ရေရွတ်ပြောဆိုပြီး မ ခဏလည်း လက်ဟန်ခြေဟန်ပြတယ်။ ဟယ်ရီက သူ့ကိုမြင်တာနဲ့၊ သူတစ် က ဒါစလီမိသားစုနဲ့ ဈေးဝယ်သွားစဉ် ကြုံတွေ့ရတဲ့ လေလွင့်နေတဲ့ အဘိုး ကို သွားသတိရတယ်၊ အဲဒီလူဟာလည်း ဒီတိုင်းပဲ လေထုကို မဆုံးေ စကားပြောနေတယ်၊ အဒေါ်ဖီချူနီယာဟာ ဒါလီ့လက်ကိုဆွဲပြီး လမ်းဟိုဘ ဘို့ ခေါ်သွားတယ်၊ ဟိုအဖူးကို ရှောင်တယ်။ ဦးလေးဗာနွန်ကတော့ ဒီအကြေ ဘို့ အခြေခံပြီး အိမ်သားတွေကို သူတောင်းစားနဲ့ လေလွင့်သူတွေကို ဘယ် လုပ်မယ်ဆိုတာ မဆုံးနိုင်အောင် ပြောဆိုရေရွတ်နေတယ်။

"သူက ဒိုင်လူကြီးမဟုတ်လား" ခရွှန်းမ်က မစ္စတာခရောက်ချ် ကြည့်ပြီး မေးတယ်၊ "သူက ခင်ဗျားတို့မှော်ဝန်ကြီးဌာနကလူ မဟုတ်လာ

ဟယ်ရီက ခေါင်းညိတ်ပြတယ်။ သူဟာ ခဏတွေဝေနေပြီး မစ္စတ



ခရောက်ချ်ဆီ ဖြည်းဖြည်းလျှောက်သွားတယ်၊ မစ္စတာခရောက်ချ်ဟာ သူ့ကို ကြည့်ဘူး။ ဘေးကသစ်ပင်တစ်ပင်ကိုပဲ စကားပြောနေတယ်။

". . . . ဝဲသားဘီ၊ မင်း ဒီကိစ္စလုပ်ပြီးတာနဲ့ ဇီးကွက်လွှတ်ပြီး ဒမ်ဘယ် ဒိုဆီ စာပို့။ ဒမ်စထရန်က ယှဉ်ပြိုင်ပွဲထဲပါမယ့် ကျောင်းသားအရေအတွက်ကို သေချာအောင် လုပ်။ ခါခါရော့ဖ်ကလူဆယ့်နှစ်ယောက်လို့ စာလာတယ် . . . ."

"မစ္စတာခရောက်ချ်" ဟယ်ရီက သတိနဲ့ပြောတယ်။

". . . . ဒီနောက်၊ နောက်ထပ် ဇီးကွက်လွှတ်ပြီး မဒမ်မက်ဆင်းဆီ ပို့၊ သူ့မလဲ ကျောင်းသားအရေအတွက်တိုးမယ်ထင်တယ်။ ခါခါရော့ဖ်ရဲ့ ကျောင်းသားအရေအတွက်က ဆယ့်နှစ်ယောက်ထိ တိုးလာမှတော့ . . . . ဒီတိုင်းလုပ်ပါ၊ ဝဲသားဘီ။ ရလား၊ ရလား၊ ရ . . . ."

မစ္စတာခရောက်ချ်ရဲ့မျက်လုံးဟာ ပြူးထွက်နေတယ်။ သူဟာရပ်ပြီး သစ်ပင်ကို စိုက်ကြည့်နေတယ်၊ ပါးစပ်ထဲကလည်း အသံမထွက်ဘဲ ရေရွတ် နေသယ်။ ဒီနောက်၊ သူဟာ ဘေးကို ဂယိမ်းဂယိုင်သွားလိုက်ပြီး မြေကြီးပေါ် ထောက်ချလိုက်တယ်။

"မစ္စတာခရောက်ချ် ?" ဟယ်ရီက အကျယ်ကြီးအော်ပြောတယ်၊ "ခင်ဗျားဘာမှမဖြစ်ပါဘူးနော်"

ခရောက်ချ်ဟာ မျက်ဖြူလန်နေတယ်။ ဟယ်ရီက ခရွှန်းမ်ကို လှည့် ကြည့်တယ်၊ ခရွှန်းမ်ကလည်း သူနဲ့သစ်တောထဲလိုက်ဝင်ပြီး ခရောက်ချ်ကို ကြည့်တယ်။

"သူဘာဖြစ်တာလဲ"

"မသိဘူး" ဟယ်ရီက တိုးတိုးပြောတယ်။ "နားထောင်၊ ခင်ဗျား လူ ခေါ်မှန်သွားခေါ်ရင် ကောင်းမယ် ——"

"ဒမ်ဘလီဒိုး" မစ္စတာခရောက်ချ်က အသက်ပြင်းပြင်းရှူရင်း ပြော တယ်၊ သူက ပြေးဝင်လာပြီး ဟယ်ရီ့ဝတ်ရုံရှည်ကို ဖမ်းကိုင်တယ်၊ ဟယ်ရီ့ကို အနားဆွဲခေါ်တယ်။ ဒါပေမယ့် သူ့မျက်လုံးကတော့ ဟယ်ရီ့ခေါင်းအပေါ် ဘက်ကို ကြောင်ကြည့်နေတယ်၊ "ကျုပ် . . . . ဒမ်ဘလီဒိုးကို . . တွေ့ . . . . တွေ့မယ် . . . ."

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ "ခင်ဗျားထပါ၊ မစ္စတာ ခရောက်ချ်

www.burmeseclassic.com



ဒါဆို ကျွန်တော်တို့ သွား ——"

"ငါ မိုက်မဲတဲ့ . . . . အလုပ် . . . . တစ်ခုလုပ်တယ် . . . ." ခရောက် က အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ သူ့ကြည့်ရတာ လုံးဝရူးနေပြီ။ မျက် က ပြူးထွက်ပြီး လည်နေတယ်။ သွားရည်တွေ မေးစေ့က စက်ကျနေတယ် "ဒမ်ဘလီဒိုးကို . . . . ပြောပြ . . . . ရမယ် . . . ."

"ထပါ၊ မစ္စတာခရောက်ချ်" ဟယ်ရီက အသံကျယ်ကျယ်ရှင်း ပြောတယ်။ "မြန်မြန်ထပါ၊ ကျွန်တော် ခင်ဗျားကို ဒမ်ဘလီဒိုးဆီ ခေါ်သွားမယ်

မစ္စတာခရောက်ချ်ရဲ့မျက်လုံး လှည့်လာပြီး၊ ဟယ်ရီ့ကို စိုက်ကြ တယ်။

"မင်း . . . . ဘယ်သူလဲ" သူက တိုးတိုးပြောတယ်။

"ကျွန်တော်က ကျောင်းကကျောင်းသားတစ်ယောက်" ဟယ်ရီ ပြောပြီး ခရွန်းမ်ကို ကြည့်တယ်။ သူ နည်းနည်းလာကူစေချင်တယ်။ ဒါပေမ ခရွန်းမ်က နောက်မှာကုပ်နေတယ်။ အလွန်စိုးရွံ့ပုံရတယ်။

"မင်းက . . . . သူ့လူမဟုတ်ဖူးလား" ခရောက်ချ်က အသာ တယ်။ ပါးစပ်က တွဲကျနေတယ်။

"မဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ ခရောက်ချ် ဘာပြောတ ဆိုတာ သူ နည်းနည်းမှနားမလည်ဘူး။

"ဒမ်ဘလီဒိုးလူလား ?"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

ခရောက်ချ်က သူ့ကို ပိုနီးအောင်ဆွဲထားပြန်တယ်။ ဟယ်ရီက သ ဝတ်ရုံရှည်ကိုဆွဲထားတဲ့ ခရောက်ချ်လက်ကို ဖြည်ချင်တယ်။ ဒါပေမယ့် သူ တအားတင်းတင်းဆွဲထားတယ်။

"ဒမ်ဘလီဒိုးကို . . . . သတိတစ်ခုပေး . . . ."

"ခင်ဗျား ကျွန်တော့်ကို လွှတ်လိုက်ရင်၊ ကျွန်တော် ဒမ်ဘလီဒိုး သွားတွေ့မယ်" ဟယ်ရီက ပြောတယ်။ "ကျွန်တော့်ကို လွှတ်ပါ၊ မစ္စတ ခရောက်ချ်၊ ကျွန်တော် သူ့သွားရှာမယ် . . . ."

"ကျေးဇူးတင်တယ်၊ ဝဲသားဘီ၊ မင်း ဟိုကိစ္စလုပ်ပြီးရင်၊ ငါ လက်ဖ ရည်တစ်ခွက် သောက်ချင်တယ်။ ငါ့ဇနီးနဲ့သား ရောက်လာတော့မယ်၊ ငါ ဒီည မစ္စတာ ဖဒ်ဂ်တို့ဇနီးမောင်နှံနဲ့အတူ ဂီတပွဲသွားမယ်"



ခရောက်ချ်ဟာ သစ်ပင်တစ်ပင်ကို ဖောင်လောက်အောင် ပြောနေ ဘယ်။ ဟယ်ရီကို ချက်ချင်းမေ့သွားသလိုပဲ။ ဒါကို ဟယ်ရီက သိပ်အံ့ဩ းတယ်။ ခရောက်ချ်က သူ့ကို လွှတ်လိုက်တာတောင် မသိဘူး။

"ဟုတ်တယ်၊ ကျုပ်သား ခုတလော O.W.Ls စာမေးပွဲ ဆယ့်နှစ်ခါ အောင်တယ်။ အောင်မြင်မှုက ကျေနပ်စရာကောင်းတယ်။ ကျေးဇူးတင်ပါ ယ်၊ ဟုတ်တယ်၊ သူ့အတွက် သိပ်ဂုဏ်ယူမိတယ်။ ကောင်းပြီ၊ မော်ဝန်ကြီး င်ဒေါ်ရန်းရဲ့မှတ်တမ်းကို ကျုပ်ဆီ ယူလာနိုင်ရင်၊ ကျုပ် ပြန်စာတစ်စောင် နိုင်လိမ့်မယ် . . . ."

"ခင်ဗျား ဒီမှာ သူ့ကိုစောင့်နေ" ဟယ်ရီက ခရွန်းမ်ကို ပြောတယ်။ ကျွန်တော် ဒမ်ဘလီဒိုးကို သွားခေါ်မယ်။ သူ့ရုံးခန်း ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် သိတယ်၊ မြန်မြန်သွားနိုင်တယ် ——"

"သူ ရူးသွားပြီ" ခရွန်းမ်က တုံ့ဆိုင်းစွာပြောတယ်။ ခရောက်ချ်ကို ကြည့်နေတယ်၊ ခရောက်ချ်ဟာ ဟိုသစ်ပင်ကိုကြည့်ပြီး မနားတမ်းပြောနေ ယ်၊ အဲဒါ ဖတ်စီလို့ထင်နေတယ်နဲ့တူတယ်။

"ခင်ဗျား သူ့ကို စောင့်နေလိုက်ပါ" ဟယ်ရီကပြောပြီး သွားမယ် င်တယ်။ ဒါပေမယ့် သူ့လှုပ်ရှားမှုက ခရောက်ချ်ကို ထိုးဆွသလိုဖြစ်ပြီး၊ ာ်တရက် အနေအထားပြောင်းကာ ဟယ်ရီ့ဒူးကို လှမ်းဖက်ပြီး သူ့ကို မြေကြီး ါ ဆွဲလှဲသလိုဖြစ်သွားတယ်။

"ကျုပ်ကို . . . . ခွဲမ . . . . သွားနဲ့" သူက တိုးတိုးပြောတယ်၊ က်လုံးက ပြူးထွက်လာပြန်တယ်။ "ကျုပ် . . . . ထွက်ပြေးလာပြီ . . . . တိပေးရမယ် . . . . ပြောပြရမယ် . . . . ကျုပ် ဒမ်ဘလီဒိုးကို တွေ့မယ် . . . . ကျုပ်ကြောင့် . . . . ကျုပ်ကြောင့် ဘာသာသေပြီ . . . . ကျုပ်ကြောင့် . . . . ကျုပ်သား . . . . ကျုပ်ကြောင့် . . . . ဒမ်ဘလီဒိုးကို ပြောပြ . . . . ယ်ရီ-ပေါ်တာ . . . . မှော်နက်ဆရာကြီး . . . . အားကောင်းလာပြီ . . . . ယ်ရီ-ပေါ်တာ . . . ."

"ခင်ဗျား ကျွန်တော့်ကို လွှတ်လိုက်ရင် ကျွန်တော် ဒမ်ဘလီဒိုး သွား ရှာမယ်၊ မစ္စတာ ခရောက်ချ်" ဟယ်ရီက ပြောတယ်။ သူက စိတ်ဆိုးစွာနဲ့ ခရွန်းမ်ကို လှည့်ကြည့်တယ်။ "ခင်ဗျား ကျုပ်ကို ကူညီနိုင်မလား"

ခရွန်းမ်ဟာ တွန့်ဆုတ်တဲ့ပုံနဲ့။ သူက ရှေ့တိုးလာပြီး မစ္စတာခရောက်ချ်

www.burmeseclassic.com

www.burmeseclassic.com



ဘား ဆောင့်ကြောင့်ထိုင်လိုက်တယ်။

"ခင်ဗျား သူ့ကို ဒီမှာထိန်းထား" ဟယ်ရီက ပြောပြီး မစ္စတာခရောက်
လက်ထဲက ရုန်းထွက်လိုက်တယ်။ "ကျွန်တော် ဒမ်ဘလီဒိုးခေါ်ပြီး လာမ

"မင်း မြန်မြန်လာနော်" ခရွန်းမ်က ဟယ်ရီ့နောက်က အော်ပြေ
တယ်။ ဟယ်ရီဟာ အလျှင်အမြန် သစ်တောထဲက ထွက်ပြေးပြီး မှောင်မည်း
ကွင်းကို ဖြတ်ခဲ့တယ်။ ကွင်းထဲမှာ လူတစ်ယောက်မှ မရှိဘူး။ ဘက်ဂမ်
စက်ဒရစ်နဲ့ ဖလောအာ မရှိတော့ဘူး။ ဟယ်ရီဟာ ကျောက်လှေကားကို နှစ်ထ
သုံးထစ် ခုန်ခုန်တက်ပြီး ဝက်သစ်ချတံခါးမကြီးကို ဖြတ်၊ မာဘော်ကျော
လှေကားကနေ တတိယလွှာကို ပြေးသွားတယ်။

ငါးမိနစ်ကြာတော့၊ သူဟာ စကြံဗလာရဲ့အလယ်က တိရစ္ဆာ
ကျောက်ဘီလူးရုပ်ဆီ ပြေးသွားတယ်။

"ရေခဲစိမ် —— ရေခဲစိမ် သံပရာရည်" ဟယ်ရီက မောဟိုက်ရ
ပြောတယ်။

ဒါက ဒမ်ဘလီဒိုးရုံးခန်းကိုပေါက်တဲ့ လျှို့ဝှက်လှေကားရဲ့ စကားဝှ
—— အနည်းဆုံး လွန်ခဲ့တဲ့နှစ်နှစ်က ဒီလိုပြောရတယ်။ ဒါပေမယ့် ထင်ရှားတ
က စကားဝှက်ပြောင်းသွားပြီ။ တိရစ္ဆာန်ကျောက်ဘီလူးက လှုပ်ရှားပြီး ဘေး
ခုန်မသွားဘူး။ မလှုပ်မယှက်ရပ်နေပြီး ဟယ်ရီ့ကို မိုက်ကန်းကန်း ကြည့်
တယ်။

"ဖယ်ပေး" ဟယ်ရီက ၎င်းကို ဟောက်တယ်။ "မြန်မြန်လုပ်"

ဒါပေမယ့် ဟော့ဂ်ဝပ်မှာ ဘယ်အရာမှ အော်ဟောက်တာနဲ့ ဖယ်
တာမရှိဘူး။ ဒါအသုံးမကျဘူးဆိုတာ ဟယ်ရီသိတယ်။ သူဟာ မှောင်မည်း
စကြံထဲမှာ ဟိုဟိုဒီဒီကြည့်တယ်။ ဒမ်ဘလီဒိုးဟာ ဆရာလုပ်သားနားနေ
ထဲမှာ ရှိချင်ရှိမှာ။ သူဟာ လှေကားဆီ တအားပြေးသွားပြန်တယ် ——

"ဟယ်ရီ"

ဟယ်ရီ ချော်သွားပြီး ရပ်သွားတယ်။ သူ လှည့်ကြည့်တော့၊ စနိတ်
ဟာ တိရစ္ဆာန်ကျောက်ဘီလူးနောက်က လျှို့ဝှက်လှေကားကနေ ထွက်လ
တယ်၊ သူက ဟယ်ရီ့ကို လက်ယပ်ပြန်ခေါ်တဲ့အချိန်ကျမှ သူ့နောက်က ကျော
တံခါး ဖြည်းဖြည်းပိတ်သွားတယ်။

"မင်း ဒီမှာဘာလုပ်နေလဲ၊ ပေါ်တာ"



"ကျွန်တော် ပါမောက္ခ ဒမ်ဘလီဒိုးကို တွေ့မလို့" ဟယ်ရီက ပြော
တယ်။ စကြံအတိုင်း ပြန်ပြေးသွားတယ်။ ဒီနောက် လျှောစီးရပ်လိုက်သလို
ဘ်ပ်ရှေ့မှာ ရပ်သွားတယ်။ "မစ္စတာခရောက်ချ် . . . . သူထွက်လာတယ်
. . . သစ်တောထဲမှာ . . . . သူက ——"

"ဘာတွေလျှောက်ပြောတာလဲ" စနိတ်ပ်က ပြောတယ်။ မျက်လုံး
ာ်နက်တွေဟာ လက်နေတယ်။ "မင်း ဘာပြောနေတာလဲ"

"မစ္စတာခရောက်ချ်" ဟယ်ရီက အော်ပြောတယ်။ "ဝန်ကြီးဌာနက
ရောက်ချ်။ သူဖျားနေလားဘာလား မသိဘူး —— သစ်တောထဲမှာ၊ သူက ဒမ်
ဘလီဒိုးကို တွေ့ချင်တယ်။ စကားဝှက်ကို ကျွန်တော့်မြန်မြန်ပြောပြပါ ——"

"ကျောင်းအုပ်ကြီး အလုပ်သိပ်များတယ်၊ ပေါ်တာ" စနိတ်ပ်က ပြော
တယ်။ ၎င်းရဲ့နှုတ်ခမ်းပါးပါးဟာ လိမ်တွန့်နေတယ်။ အရုပ်ဆိုးတဲ့အပြုံး ပေါ်
ာတယ်။

"ကျွန်တော် ဒမ်ဘလီဒိုးကို သွားပြောပြမယ်" ဟယ်ရီက အော်ပြော
တယ်။

"မင်း ငါ့စကားမကြားဘူးလား၊ ဟယ်ရီ"

စနိတ်ပ်ဟာ သူ ဒီလိုပြောနေတဲ့အချိန်မှာ သူလိုချင်တာကို မရအောင်
ပ်ရတာ သူ့စိတ်ထဲမှာ သိပ်ပျော်နေတယ်ဆိုတာ ဟယ်ရီ မြင်တွေ့ရတယ်။

"ဒီလိုပါ" ဟယ်ရီက စိတ်ဆိုးစွာပြောတယ်။ "ခရောက်ချ်အခြေအနေ
နဘူး —— သူ —— သူ ခေါင်းမမှန်ဘူး —— သူက သူသတိပေးချင် ——"

စနိတ်ပ်နောက်က ကျောက်နံရံ အသံမထွက်ပဲ ပွင့်သွားတယ်။ ဒမ်
ဘလီဒိုး အဲဒီမှာ ရပ်နေတယ်။ အစိမ်းရောင်ဝတ်ရုံရှည်ရှည် ဝတ်ထားတယ်။
မျက်နှာပေါ်မှာ အနည်းငယ်အံ့ဩတဲ့အမူအရာနဲ့။ "ပြဿနာပေါ်ပြီလား" သူက
မေးတယ်။ ဟယ်ရီ့ကို ကြည့်လိုက်၊ စနိတ်ပ်ကို ကြည့်လိုက် ကြည့်တယ်။

"ပါမောက္ခ" ဟယ်ရီက စနိတ်ပ်စကားပြောတာမစောင့်ဘဲ၊ ဘေးသို့
တစ်လှမ်းလှမ်းပြီး သူ့ကို ရှောင်လိုက်တယ်။ သူက ပြောတယ်။ "မစ္စတာ
ခရောက်ချ် ဒီမှာရှိတယ် . . . . သစ်တောထဲမှာ၊ သူ သင်နဲ့စကားပြောချင်တယ်"

ဟယ်ရီက ဒမ်ဘလီဒိုး မေးခွန်းတချို့ မေးမယ်ထင်တာ။ ဒါပေမယ့်
ဒမ်ဘလီဒိုးက ဘာမှမမေးဘူး။ ဒါကြောင့် သူ အသက်ရှူချောင်သွားတယ်။

"ရှေ့ကလမ်းပြ" ဒမ်ဘလီဒိုးက တုံ့ဆိုင်းမနေဘဲပြောပြီး ဟယ်ရီ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ စကြိုအတိုင်း အမြန်ထွက်သွားတယ်။ စနိုက်ပ်တစ်ယောက်တ
ကျောက်ဘီလူးဘေးမှာ ငိုင်ကျန်ရစ်တယ်။ သူ့မျက်နှာဟာ ပိုကြည့်ရဆိုး
တယ်။

"မစ္စတာခရောက်ချ် ဘာပြောလဲ၊ ဟယ်ရီ" သူတို့ မာဘော်ကျော
လှေကားက အပြေးဆင်းလာတော့ ဒမ်ဘလီဒိုးက မေးတယ်။ "သူက သင့်
သတိပေးချင်တယ်တဲ့ . . . . သူကြောက်စရာကိစ္စ လုပ်မိတယ်တဲ့ . . . .
သားကိုလဲ ပြောတယ် . . . . ပြီးတော့ ဘာသာ-ဂျော်ကင်စ် . . . . ပြီးတေ
—— ပြီးတော့ ဗိုလဒီမွှန့်အားကောင်းလာပြီတဲ့ . . . ."

"တကယ် ?" ဒမ်ဘလီဒိုးက ပြောတယ်။ ခြေလှမ်းပိုမြန်မြန်နဲ့ အ
ဘက် မှောင်မည်းတဲ့ညရိပ်ထဲ ဝင်လိုက်တယ်။

"သူ့အပြုအမူက လုံးဝပုံမှန်မရှိဘူး" ဟယ်ရီက ဒမ်ဘလီဒိုးဘေး
အမြန်သွားရင်းပြောတယ်။ "သူဟာ မိမိဘယ်ရောက်နေမှန်းသိပုံ မပေါ်ဘူ
သူက မနားတမ်း စကားပြောတယ်။ ဖတ်စီ-ဝယ်စလီအနားမှာရှိတယ် ထင်
တယ်။ ဒီနောက်၊ သူ ရုတ်တရက်ပြောင်းသွားပြီး သင့်ကိုတွေ့မယ် ပြောတ
. . . . ကျွန်တော်က ဗစ်ခတာခရွှန်းမ်ကို သူ့စောင့်နေခိုင်းခဲ့တာ"

"ဟုတ်လား" ဒမ်ဘလီဒိုးက သတိနဲ့မေးတယ်။ သူ့ခြေလှမ်း ပို
လာတယ်။ ဟယ်ရီက ပြေးလိုက်မှမီတော့တယ်။ "တခြားဘယ်သူ မစ္စတ
ခရောက်ချ်မြင်တာရှိသေးလဲ"

"မရှိတော့ဘူး" ဟယ်ရီက ပြောတယ်။ "ကျွန်တော်နဲ့ခရွှန်းမ် စက
ပြောနေတုန်းမှာ ဖြစ်တာ။ မစ္စတာ ဘက်ဂမင်းက ကျွန်တော်တို့ကို တတိ
ကဏ္ဍရဲ့ အတွင်းသဘောကို ပြောပြီးရုံရှိသေးတယ်။ ကျွန်တော်တို့နှစ်ယော
နောက်ချန်နေခဲ့တယ်။ နောက်တော့ မစ္စတာခရောက်ချ် သစ်တောထဲက ထွ
လာတာမြင်ရတယ် ——"

"သူတို့ ဘယ်မှာလဲ" ဒမ်ဘလီဒိုးက မေးတယ်။ အခု ဗျူစ်ဘာတန်
မြင်းလှည်းကြီးကို ရေးရေးမြင်ရပြီ။.

"ဟိုဘက်မှာ" ဟယ်ရီကပြောရင်း ဒမ်ဘလီဒိုးရှေ့ကျော်တက်
သူ့ကို ချုံပုပ်တွေဖြတ်ခေါ်သွားတယ်။ သူဟာ ခရောက်ချ်အသံကို မကြားဘူ
ဒါပေမယ့် သူလမ်းမမှားဘူးဆိုတာ သိတယ်။ အဲဒီနေရာဟာ ဗျူစ်ဘာတ
မြင်းလှည်းကို နည်းနည်းကျော်သွားတယ် . . . . ဒီနားလောက်မှာပဲ . . .



"ဗစ်ခတာ" ဟယ်ရီက အော်ခေါ်တယ်။

ဘယ်သူမှမထူးဘူး။

"ခုနက သူတို့ ဒီမှာပဲ" ဟယ်ရီက ဒမ်ဘလီဒိုးကို ပြောတယ်။ "သူတို့
ာစ်ဝိုက်မှာပဲရှိမှာ . . . ."

"မီးရောင်လက်စေ" ဒမ်ဘလီဒိုးကပြောပြီး မှော်ကြိမ်လုံးကို မီးထွန်းပြီး
ကျက်ကိုင်ထားတယ်။

အဲဒီမီးရောင်ကျဉ်းကျဉ်းလေးဟာ သစ်ကိုင်းတွေကြားမှာ အသွား
ိန် ရွေ့လျားနေတယ်။ မြေပြင်ကို အလင်းရစေတယ်။ ဒီနောက် ခြေတစ်စုံ
ကျရောက်သွားတယ်။

ဟယ်ရီနဲ့ ဒမ်ဘလီဒိုး ရှေ့ကိုအမြန်တက်လိုက်တယ်။ ခရွှန်းမ်ဟာ
ပြီး သစ်တောမြေကြီးပေါ် လဲနေတယ်။ သတိမရသလို ဖြစ်နေတယ်။
ပတ်လည်မှာ မစ္စတာခရောက်ချ်ရဲ့အရိပ်တောင် မတွေ့ရဘူး။ ဒမ်ဘလီဒိုး
ခါးကုန်းပြီး ခရွှန်းမ်ရဲ့မျက်ခွံတစ်ခုကို အသာဖွင့်ကြည့်တယ်။

"မေ့သွားတာ" သူက အသာလေးပြောတယ်။ သူက ဘေးပတ်လည်ရှိ
ပ်တွေကို ကြည့်နေတယ်။ လခြမ်းသဏ္ဍာန်မျက်မှန်ဟာ မှော်ကြိမ်လုံးရဲ့
လင်းဖျော့ဖျော့မှာ လက်နေတယ်။

"ကျွန်တော် လူသွားခေါ်ရမလား" ဟယ်ရီက ပြောတယ်။ "မဒမ်
ရေ ?"

"မသွားနဲ့" ဒမ်ဘလီဒိုးက အမြန်ပြောတယ်။ "ဒီမှာပဲနေ မလှုပ်နဲ့"

သူက မှော်ကြိမ်လုံးကို အမြင့်ကြီးမြှောက်ပြီး ဟက်ဂရစ်အိမ်လေး
က် ညွှန်ပြထားတယ်။ ငွေရောင်အရာတစ်ခု မှော်ကြိမ်လုံးထဲက ပန်းထွက်
တာ ဟယ်ရီတွေ့ရတယ်။ ဖြူမွဲမွဲငှက်တစ်ကောင်နဲ့တူပြီး၊ ချုံပုပ်ထဲမှာ
ခနဲဖြတ်သွားတယ်။ ဒီနောက် ဒမ်ဘလီဒိုးဟာ ခရွှန်းမ်ဆီကုန်းပြီး မှော်
လုံးနဲ့ ၎င်းကိုချိန်ကာ၊ တိုးတိုးဆိုလိုက်တယ်။ "မြန်မြန်နိုးလာ"

ခရွှန်းမ်က မျက်လုံးဖွင့်လိုက်တယ်။ ဘာမှန်းမသိတဲ့ အမူအရာ
ပြနေတယ်။ သူဟာ ဒမ်ဘလီဒိုးကိုမြင်တာနဲ့ ရုန်းထတယ်။ ဒါပေမယ့်
ဘလီဒိုးက လက်တစ်ဖက်ကို သူ့ပခုံးပေါ်တင်ပြီး၊ လဲလျောင်းနေခိုင်းတယ်။

"သူ ကျွန်တော့်ကို ရိုက်တယ်" ခရွှန်းမ်က လက်နဲ့ခေါင်းကို အုပ်
ရင်း တတွတ်တွတ်ပြောတယ်။ "အဲဒီအရူးကြီးက ကျွန်တော့်ကို ရိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပေါ်တာဘယ်ရောက်နေလဲ ဆေးမျှော်ကြည့်နေတာ၊ သူက နောက်ကနေ ကျွန်တော့်ကိုလုပ်တာ"

"ငြိမ်ငြိမ်လေးခဏလှဲနေပါ" ဒမ်ဘယ်လီဒိုးက ပြောတယ်။

မိုးခြိမ်းလိုက်သလိုခြေသံဟာ သူတို့နားထဲ ဝင်လာတယ်။ ဟက်ဂရစ်ဟာ ဟောဟဲဟောဟဲနဲ့ ပေါ်လာတယ်။ သူ့နောက်မှာက အစွယ်ကြီး၊ သူ့လက်ထဲမှာ လေးကြီးပါလာတယ်။

"ပါမောက္ခ ဒမ်ဘယ်လီဒိုး" သူကပြောတယ်။ မျက်လုံးကြီးဝိုင်းနေအောင် ပြူးထားတယ်။ "ဟယ်ရီ —— ဘယ့်နှယ် ?"

"ဟက်ဂရစ်၊ မင်း ပါမောက္ခ ခါခါရော့ဖ်ကို မြန်မြန်သွားခေါ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "သူ့ကျောင်းသား လူရိုက်ခံရတယ်၊ ပြီးတော့၊ ပါမောက္ခ မူးဒီကို အကြောင်းကြားပေးပါ ——"

"မလိုဘူး၊ ဒမ်ဘယ်လီဒိုး" အသံနိမ့်နိမ့်တစ်သံက တဝူးဝူးနဲ့ပြောတယ် "ကျုပ်ဒီမှာ"

မူးဒီက တုတ်ကောက်ထောက်ပြီး ထော့နဲ့ထော့နဲ့နဲ့ သူတို့ဆီ လာတယ်၊ သူ့မှော်ကြိမ်လုံးလည်း လင်းနေတယ်။

"အသုံးမကျတဲ့ခြေထောက်" သူက စိတ်ဆိုးစွာ ပြောတယ်။ "မြန်မြန် လိုက်လာရမှာ . . . . ဘာဖြစ်သလဲ။ စနိတ်ပ်က ခရောက်ချ် ——"

"ခရောက်ချ် ?" ဟက်ဂရစ်က နားမလည်ဘဲ မေးတယ်။

"ဟက်ဂရစ်၊ ခါခါရော့ဖ်ကို မြန်မြန်သွားခေါ်" ဒမ်ဘယ်လီဒိုးက မာမာ ပြောတယ်။

"အော၊ ကောင်းပြီ . . . . ပြဿနာမရှိဘူး၊ ပါမောက္ခ . . . ." ဟက်ဂရစ်ကပြောပြီး လှည့်ထွက်သွားတယ်။ မှောင်မည်းတဲ့ချုံပုပ်ကြားမှာ ပျောက်သွားတယ်။ အစွယ်ကြီးက အပြေးလေးလိုက်သွားတယ်။

"ဘာတီ-ခရောက်ချ် ဘယ်မှာဆိုတာ ကျုပ် မသိဘူး" ဒမ်ဘယ်လီဒိုးက မူးဒီကို ပြောတယ်။ "ဒါပေမယ့် ကျုပ်တို့ သူ့ကိုတွေ့အောင် ရှာရမယ်"

"ကျုပ် ခုပဲသွားရှာမယ်" မူးဒီက အသံကြမ်းကြမ်းနဲ့ ပြောတယ်။ ဒီနောက် မှော်ကြိမ်လုံးကိုမြှောက်ကာ ထော့နဲ့ထော့နဲ့နဲ့ သစ်တောထဲ ဝင်သွားတယ်။

ဒမ်ဘယ်လီဒိုးနဲ့ ဟယ်ရီတို့ စကားမပြောကြဘူး။ နောက်တော့ သူတို့



အသံ ကြားတယ်။ အဲဒါ ဟက်ဂရစ်နဲ့ အစွယ်ကြီးတို့ ပြန်လာပြီဆိုတာ သိသာတယ်။ ခါခါရော့ဖ်က နောက်ကလိုက်လာတယ်။ သူဟာ ပြောင်ချောတဲ့ ငွေရောင်သားမွေးဝတ်ရုံရှည် ဝတ်ထားတယ်။ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ သိပ်စိုးရိမ်နေပုံပေါ်တယ်။

"ဒါ ဘယ်လိုဖြစ်တာလဲ" သူဟာ ခရွန်းမ်က မြေကြီးပေါ်လဲနေပြီး ဒမ်ဘယ်လီဒိုးနဲ့ ဟယ်ရီက သူ့ကိုစောင့်နေတာတွေ့တော့ ထိတ်လန့်တကြား ပြောတယ်။ "ဘာဖြစ်သလဲ"

"ကျွန်တော် လူရိုက်ခံရတယ်" ခရွန်းမ်က ပြောတယ်။ အခု သူ ဖြည်းဖြည်းထထိုင်တယ်။ လက်နဲ့ ခေါင်းကိုပွတ်နေတယ်။ "အဲဒီလူက မစ္စတာ ခရောက်ချ်လို့ခေါ်တယ်ပြောတယ် ——"

"ခရောက်ချ်က မင်းကိုရိုက်တယ် ?၊ ခရောက်ချ်က မင်းကိုရိုက်တယ်? ဒိုင်သုံးဖိုင်ယှဉ်ပြိုင်ပွဲဒိုင်လူကြီးက မင်းကိုရိုက်တယ် ?"

"အီဂေါ် —— " ဒမ်ဘယ်လီဒိုးက စကားပြောချင်တယ်၊ ဒါပေမယ့် ခါခါရော့ဖ်က ကိုယ်ကိုမတ်ပြီး ကိုယ်ပေါ်က သားမွေးဝတ်ရုံရှည်ကို တင်းတင်းဆွဲကာ မျက်နှာကြီးမည်းနေတယ်။

"လိမ်ပွဲကြီး" သူက ဒမ်ဘယ်လီဒိုးကို အော်ဟောက်ပြောတယ်။ "ဒါ အကြံယုတ်၊ ခင်ဗျားနဲ့ ခင်ဗျားတို့မှော်ဝန်ကြီးဌာနက မဟုတ်တဲ့အကြောင်းပြချက်နဲ့ ကျုပ်ကို ဒီကိုလိမ်ခေါ်လာတယ်။ ဒမ်ဘယ်လီဒိုး၊ ဒါဟာ တရားမျှတတဲ့ ယှဉ်ပြိုင်မှုမဟုတ်ဘူး။ ပထမဆုံးမှာ၊ သူ့မှာအသက်အရွယ်မရောက်သေးပေမယ့် ခင်ဗျားတို့က ပေါ်တာကို တိတ်တိတ်ထည့်တယ်။ အခု၊ ခင်ဗျားတို့မှော်ဝန်ကြီးဌာနက မိတ်ဆွေက ကျုပ်တို့သူရဲကောင်းကို တိုက်ခိုက်အား ပျောက်သွားအောင် လုပ်တယ်။ ဒီကိစ္စတစ်ခုလုံးထဲမှာ၊ ကျုပ် လိမ်ညာတဲ့ ပုပ်ဆွေးတဲ့အနံ့ရနေတယ်၊ နံ့သေးတယ်၊ ဒမ်ဘယ်လီဒိုး၊ ခင်ဗျားက အပြည်ပြည်ဆိုင်ရာမှော်လောကဆက်ဆံရေး တိုးတက်အောင်လုပ်မယ်၊ ရှေးက ကောင်းမွန်တဲ့ဆက်ဆံရေးကို ပြန်ဖော်မယ်၊ အရင်က ကွဲပြားမှုကို မေ့လိုက်ပြောတယ် —— ကျုပ် အခုမှ ခင်ဗျားဟာ ဘယ်လိုလူလဲဆိုတာ နားလည်တယ်"

ခါခါရော့ဖ်က ဒမ်ဘယ်လီဒိုးခြေထောက်နားကို တံတွေးထွေးလိုက်တယ်။ ပြောနေကြသေးတယ်၊ ဟက်ဂရစ်ဟာ ခါခါရော့ဖ်ရဲ့ သားမွေးဝတ်ရုံရှည် ရင်ဘတ်ကိုဆွဲတဲ့ပြီး ဒင်းကို မြှောက်လိုက်တယ်။ အနီးရှိသစ်ပင်တစ်ပင်ပေါ်ကို

www.burmeseclassic.com



ဒိုင်းခနဲ ဖိကပ်ထားလိုက်တယ်။

"မြန်မြန်တောင်းပန်" ဟက်ဂရစ်က ဟောက်တယ်။ ခါခါရော့ဖ်ဟာ
ဟောဟောနဲ့ အသက်ရှူနေတယ်။ ဟက်ဂရစ်ရဲ့ ကြီးမားတဲ့လက်သီးဟာ သူ့
လည်မျိုကို ထောက်ထားတယ်။ သူ့ခြေထောက်ဟာ အပေါ်ကို မြောက်နေတယ်

"ဟက်ဂရစ်၊ မလုပ်နဲ့" ဒမ်ဘာလီဒိုးက အော်ပြောတယ်။ မျက်လုံး
စူးရှစွာ လက်နေတယ်။

ဟက်ဂရစ်က ခါခါရော့ဖ်ကို သစ်ပင်မှာထောက်ထားတဲ့လက်
လွှတ်လိုက်တယ်၊ ခါခါရော့ဖ်ဟာ သစ်ပင်ပင်စည်အတိုင်း လျှောကျလာပြီ
သစ်မြစ်ဘေးမှာ ပုံကျသွားတယ်။ သစ်ကိုင်းတချို့နဲ့ သစ်ရွက်တွေ မိုးရွာသ
သူ့ခေါင်းပေါ် ကျလာတယ်၊

"ကျေးဇူးပြုပြီး ဟယ်ရီ့ကို ရဲတိုက်လိုက်ပို့ပေးပါ၊ ဟက်ဂရစ်" ဒမ်ဘာ
ဒိုးက မာမာပြောတယ်။

ဟက်ဂရစ်ဟာ အသက်ပြင်းပြင်းရှူရင်း ခါခါရော့ဖ်ကို ဒေါသနဲ့ ကြည်
လိုက်တယ်၊

"ကျွန်တော် ဒီမှာနေရင်ကောင်းမယ်ထင်တယ်၊ ကျောင်းအုပ်ကြ
. . . ."

"မင်း ဟယ်ရီကို ကျောင်းပြန်ပို့ ဟက်ဂရစ်" ဒမ်ဘာလီဒိုးက ထပ်ပြော
တယ်။ လေသံက အလွန်ပြတ်တယ်။ "သူ့ကို ဂရစ်ဖင်းဒေါအိမ်ချွန်ကို တိုက်ရိုက်
ပို့ပေးလိုက်။ ဟယ်ရီ —— မင်း အဲဒီမှာပဲနေ၊ ဘယ်မှမသွားနဲ့။ မင်း ဘာလု
ချင်လုပ်ချင် —— ဥပမာပြောရရင်၊ ဇီးကွက်တချို့လွှတ်ပြီး စာပို့ချင်တာ
ဘာတို့ —— အားလုံး မနက်ဖြန်နံနက်ထိ စောင့်။ မင်း ကျုပ်သဘော
နားလည်လား"

"အင်း —— နားလည်တယ်" ဟယ်ရီက သူ့ကိုကြည့်ပြီး ဖြေတယ်
ခုလိုအချိန်မှာ၊ သူဟာ တကယ်ပဲ ဝက်ကလေးကိုလွှတ်ပြီး ဆီးရီးအက်စ်ကြယ်
စာပို့ချင်တာအမှန်ပဲ၊ ဖြစ်ပျက်တဲ့အကြောင်းစုံကို ပြောပြချင်တယ်။ ဒါပေမဲ့
ဒမ်ဘာလီဒိုး ဘယ်လိုလုပ်သိတာလဲ။

"ကျွန်တော် အစွယ်ကြီးကို သင့်ဆီထားခဲ့မယ်၊ ကျောင်းအုပ်ကြီး"
ဟက်ဂရစ်ကပြောရင်း ဒေါသတကြီးနဲ့ ခါခါရော့ဖ်ကို ကြည့်တယ်။ ခါခါရော့
ဟာ သစ်ပင်ခြေရင်းမှာ ဝပ်နေတုန်းပဲ။ ရှုပ်ပွေတဲ့ဝတ်ရုံရှည်နဲ့ သစ်မြစ်ကြား



သိမ်ယှက်နေတယ်။ "အစွယ်ကြီး၊ နေခဲ့၊ သွားစို့၊ ဟယ်ရီ"

သူတို့ဟာ ဗျူစ်ဘာတန်မြင်းလှည်းကြီးကို တိတ်တိတ်ဖြတ်လာပြီး
ရဲတိုက်ဆီ သွားကြတယ်၊

"တယ်အတင့်ရဲတယ်" သူဟာ ကန်လေးကို ခြေလှမ်းကျဲကြီးနဲ့ ဖြတ်
သွားတော့ ဟက်ဂရစ်က ဒေါ်နဲ့ပြောတယ်။ "သူကများ ဒမ်ဘာလီဒိုးကို အပြစ်
ပြောဝံ့တယ်တဲ့။ ဒမ်ဘာလီဒိုးက ဟိုကိစ္စမျိုးလုပ်တယ် စွပ်စွဲတယ်၊ ဒမ်ဘာလီဒိုးတ
မင်းကို ပြိုင်ပွဲထဲ တမင်ထည့်သလို စွပ်စွဲနေတာ။ သူ သိပ်ပူပင်စရာများတယ်၊
ခုတလောလောက် ဒမ်ဘာလီဒိုး ပူပင်စရာများတာ ကျုပ် မကြုံဖူးသေးဘူး၊
မင်းလဲ ရှိသေးတယ်" ဟက်ဂရစ်ဟာ ရုတ်တရက် ဒေါသထွက်ပြီး ဟယ်ရီ့ကို
ပြောတယ်၊ ဟယ်ရီက လန့်ပြီး သူ့ကို မော့ကြည့်နေတယ်၊ "မင်းက ဟိုခရွန်းမ်နဲ့
ဘာလမ်းလျှောက်စရာလိုလဲ၊ သူက ဒမ်စထရန်က၊ ဟယ်ရီ၊ သူက ဒီမှာ မင်းတို
လုပ်ကြံနိုင်တယ်၊ မဟုတ်ဖူးလား။ မူးဒီက မင်းကို ဘာမှသင်မထားဘူးလား၊
တွေးကြည့်ပါဦး၊ မင်း သူလိမ်တာခံရပြီး မထင်မှတ်ဘဲ ——"

"ခရွန်းမ်က ကောင်းပါတယ်" ဟယ်ရီက ပြောတယ်။ အခု သူတို့ဟာ
တံခါးခန်းကိုသွားမယ့် ကျောက်လှေကားထစ်ပေါ် တက်လာပြီ။ "သူ ကျွန်တော့်
ကို ဘာမှအကောက်မကြံပါဘူး။ သူက ကျွန်တော်နဲ့ ဟာမီးအကြောင်း ——"

"ကျုပ်လဲ ဟာမီးကို သတိပေးရဦးမယ်" ဟက်ဂရစ်က ဒုန်း၊ ဒုန်း၊
ဒုန်းနဲ့ လှေကားက တက်တယ်၊ တည်ကြည်စွာပြောပြန်တယ်၊ "မင်းတို့တစ်တွေ
နိုင်ငံခြားသားတွေနဲ့ သိပ်မရောနဲ့၊ နည်းလေကောင်းလေပဲ၊ သူတို့ ဘယ်သူ့ကိုမှ
မယုံရဘူး"

"ခင်ဗျား အစက မဒမ်မက်ဆင်းနဲ့ အတော်အဆင်ပြေတာပဲ" ဟယ်ရီ
က စိတ်ဆိုးစွာပြောတယ်၊

"ကျုပ်ကို သူမအကြောင်း မပြောနဲ့" ဟက်ဂရစ်က ပြောတယ်၊ သူ့
မျက်နှာဟာ ခဏတာအတွင်း အလွန်ကြောက်စရာကောင်းနေတယ်၊ "ကျုပ် အခု
သူမအကြောင်း သိသွားပြီ၊ ကျုပ်ကို လာချော့ချင်တယ်၊ တတိယကဏ္ဍဟာ
ဘာလဲဆိုတာ သူမကို ပြောပြစေချင်တယ်၊ ဟား ဟား၊ သူတို့ တစ်ယောက်မှ
ယုံလို့မဖြစ်ဘူး"

ဟက်ဂရစ် စိတ်သိပ်ဆိုးနေတယ်၊ ဟယ်ရီဟာ မိန်းမကြီးရှေ့မှာ
သူ့ကို နှုတ်ဆက်တော့မှ အသက်ရှူချောင်သွားသလိုပဲ၊ ဟယ်ရီဟာ အရှပ်တား

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝကနေ အများနားနေခန်းထဲကို တွားဝင်လိုက်ပြီး ရှန်နဲ့ ဟာမီးတို့ ထိုင်နေတဲ့ချောင်ကို အမြန်သွားတယ်။ ခုနက ဖြစ်ပွားတာတွေကို အကုန်လုံး ပြောပြလိုက်တယ်။



# ၂၉။ အိပ်မက်

"ဒီလိုဆိုရင်" ဟာမီးက နဖူးကိုသပ်ရင်း ပြောတယ်။ "ခရောက်ချ်က ဒစ်ခတာကို ရိုက်တာမဟုတ်ဘူး။ တစ်ယောက်ယောက်က ဒစ်ခတာ သတိမထားတုန်း သူတို့နှစ်ယောက်ကို ရိုက်တာ"

"ခရောက်ချ်ဆိုတာ သေချာတယ်" ရှန်က ချက်ချင်းပြောတယ်။ "ဒါကြောင့် ဟယ်ရီနဲ့ ဒမ်ဘလီဒိုး အဲဒီကို ရောက်သွားတော့ သူ့ကို မတွေ့ရတော့တာ။ ပြေးတာ တယ်လဲမြန်တယ်"

"ငါ့အထင်တော့ မဟုတ်ဘူး" ဟယ်ရီက ခေါင်းခါပြီးပြောတယ်။ "သူကြည့်ရတာ အင်အားချည့်နဲ့နေတယ်။ သူ —— ရုပ်ရှေ့ပြောင်းနိုင်မယ်လို့ ငါမထင်ဘူး"

"ဟော့ဂ်ဝပ်ပိုင်ကွင်းထဲမှာ ရုပ်ရှေ့ပြောင်းလို့ မရဘူး။ နင့်ကို ဘယ်နှစ်ကြိမ်ပြောပြီးပလဲ ?" ဟာမီးက ပြောတယ်။

"အင်း . . . . ဒီလိုဖြစ်မလား" ရှန်က တက်ကြွစွာပြောတယ်။ "ခရွန်းမ်တာ ခရောက်ချ်ကို တိုက်တယ် —— အင်း —— မိမိကိုယ်မိမိ မေ့မြောဂါထာ

www.burmeseclassic.com

www.burmeseclassic.com



ရွတ်လိုက်တယ်"

"ဒီနောက် မစ္စတာခရောက်ချ်ဟာ အငွေ့ဖြစ်ပြီး ပျောက်သွားတယ်၊ ဟုတ်လား" ဟာမီးက အေးစက်စက်ပြောတယ်။

"အား၊ ဒါ . . . ."

မိုးလင်းရုံရှိသေးတယ်၊ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အစောကြီး အိပ်ဆောင်က လစ်ထွက်ခဲ့ကြတယ်။ ဇီးကွက်တဲအိမ်ဆီပြေးပြီး ဆီးရီးအက်စ်ကြယ်ကို တပ္ပိုတယ်၊ အခု သူတို့ဟာ အဲဒီမှာရပ်ပြီး နှင်းဝေနေတဲ့ကွင်းကို ကြည့်တယ်၊ သုံးယောက်စလုံး မျက်ခွံတွေမို့ပြီး မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေတယ်။ မနေ့ညက ခရောက်ချ်ကိစ္စကို ညဉ့်နက်တဲ့ထိ ဆွေးနွေးနေခဲ့ကြလို့။

"နောက်တစ်ခေါက်ထပ်ပြောပါဦး၊ ဟယ်ရီ" ဟာမီးက ပြောတယ်၊ "မစ္စတာခရောက်ချ်က ဘာများပြောလဲ"

"ငါ နင့်ကို ပြောပြပြီးပြီပဲ၊ သူ ထိုစဉ်က စကားကို ဟိုပြောဒီပြောပြောတာ" ဟယ်ရီက ပြောတယ်၊ "ဒမ်ဘလီဒိုးကို သတိပေးရမယ်ပြောတယ်၊ သူဟာ ဘာသာ-ဂျော်ကင်စ်အကြောင်းပြောတာ သေချာတယ်။ သူက သူမ သေပြီလို့ ထင်တယ်၊ သူ့အမှားပါလို့လဲ ပြောပြောနေတယ် . . . . သူ့သား အကြောင်းလဲ ပါတယ်"

"ဟုတ်တယ်၊ အဲဒါ သူ့အမှားပဲ" ဟာမီးက စိတ်ဆိုးစွာပြောတယ်၊

"သူစိတ်မမှန်တော့ဘူး" ဟယ်ရီက ပြောတယ်။ "တစ်ဝက်လောက်က သူ့ဇနီးနဲ့ သား အသက်ရှင်နေသေးတယ် ထင်နေတယ်၊ သူက ဖတ်စီနဲ့ အလုပ်အကြောင်းချည်း ပြောနေတယ်၊ ဖတ်စီကို ညွှန်ကြားချက်ပေးနေတယ်"

"အင်း . . . . သူက ဟိုလူ ဘယ်လိုလို့ပြောတယ် ?" ရွန်က စမ်းဖေးကြည့်တယ်၊

ခဏငြိမ်သက်နေပြီးနောက်၊ ရွန်က အလွန်သေချာယောင်ဆောင်ပြီး ပြောတယ်၊ "မင်းက သူရူးသွားပြီပြောတယ်၊ ဒါကြောင့် သူ့စကားတစ်ဝက်က အရူးစကားဖြစ်မယ် . . . ."

"ဗိုလ်ဒီမွန်အကြောင်း ပြောတဲ့အချိန်ဟာ သူအရှင်းဆုံးအချိန်" ဟယ်ရီက ပြောတယ်၊ အဲဒီနာမည်ကြောင့် ရွန်က လန့်ပြီး၊ ကြုံ့သွားတယ်။ "သူ စကားကို အဆက်အစပ်မရှိ ပြောတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ သူ ဘယ်ရောက်နေတယ်ဆိုတာ သိနေသလိုပဲ၊ သူ ဘာလုပ်ချင်တယ်ဆိုတာ သိတယ်၊



တာ ဒမ်ဘလီဒိုးကို တွေ့မယ်လို့ မနားတမ်းပြောတယ်"

ဟယ်ရီက ပြတင်းပေါက်ကခွာပြီး ငှက်နားကိုင်းကို မော့ကြည့်တယ်၊ ငှက်နားကိုင်းတွေဟာ တစ်ဝက်လောက်က လွတ်နေတယ်၊ တစ်ခါတစ်ရံ ကွက်တစ်ကောင်တလေ ပြတင်းပေါက်က ပျံဝင်လာတယ်၊ ညအချိန်ဖမ်းလို့ ဲ့ လယ်ကြွက်ကို ကိုက်လာတယ်၊

"စနိတ်ပ်က ငါ့ကို တားထားလို့၊ နို့မို့ရင် ငါတို့ အချိန်မီရောက်နိုင် ယ်" ဟယ်ရီက မကျေမနပ်ပြောတယ်၊ 'ကျောင်းအုပ်ကြီး သိပ်အလုပ်ရှုပ် တယ်၊ ပေါ်တာ . . . . တကယ့်ကို လျှောက်ပြောနေတာ၊ ပေါ်တာ' သူ ဘာ လို့ ဖယ်မပေးနိုင်တာလဲ"

"သူက မင်းတို့ ဟိုနေရာကို အချိန်မီမရောက်စေချင်လို့ဖြစ်မှာ" ရွန်က က်ချင်းပြောတယ်၊ "ဟုတ်ပြီ —— သူ သစ်တောကိုရောက်အောင် ဘယ် ာက်သွားရမယ်လို့ မင်းထင်လဲ၊ သူက မင်းနဲ့ ဒမ်ဘလီဒိုးရှေ့ကများ ?"

"သူ့ကိုယ်သူ လင်းနို့တို့ ဘာတို့ဖြစ်အောင်လုပ်မှာပဲ" ဟယ်ရီက ပြော ယ်၊

"မဖြစ်နိုင်တာတော့ မဟုတ်ဘူး" ရွန်က ဗလုံးဗထွေးပြောတယ်၊

"ငါတို့ ပါမောက္ခမူဒီကို သွားတွေ့ဖို့ လိုတယ်" ဟာမီးက ပြောတယ်၊ သူ မစ္စတာခရောက်ချ်ကို ရှာတွေ့ပလားမသိဘူး"

"သူ မားပြမြေပုံပါရင်၊ ရှာရသိပ်ခက်မှာမဟုတ်ဘူး" ဟယ်ရီက ပြော ယ်၊

"ခရောက်ချ် ဒီကွင်းကထွက်သွားမှပဲ" ရွန်က ပြောတယ်၊ "မြေပုံက ကျောင်းဝန်းအစပ်ထိပဲ ဆွဲထားတာ၊ ဟုတ်လား ——"

"ရှူး" ဟာမီးက ရုတ်တရက်ပြောတယ်၊

ဇီးကွက်တဲအိမ်ဆီကို လှေကားကတက်လာတဲ့လူ ရှိတယ်၊ အသံ သံ ငြင်းခုံနေတာ ဟယ်ရီ ကြားရတယ်၊

"—— အဲဒါ ငွေညှစ်တာ၊ ငါတို့ ပြဿနာတက်လိမ့်မယ် ——"

"—— ငါတို့ အားနာတဲ့နည်းသုံးပြီးပြီ၊ အခု လူယုတ်တစ်ခါ လုပ်ရ ာမယ်၊ သူ့လိုလူမျိုးကိုပဲ၊ သူဟာ သူ့လုပ်ရပ်ကို မော်ဝန်ကြီးဌာန သိစေ င်မှာ မဟုတ်ဘူး ——"

"ငါပြောပြမယ်၊ မင်း ဒါကိုရေးရင်၊ အဲဒါ ငွေညှစ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါတို့ ငွေတွေရရင် မင်းအပြစ်တင်မှာ မဟုတ်တော့ ဟုတ်လား"

ဇီးကွက်တဲအိမ်တံခါး ဒိုင်းခနဲ တွန်းဖွင့်လိုက်တယ်။ ဖရက်နဲ့ ဝင်လာတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကိုမြင်တော့၊ သူတို့ ငိုင်သွားတယ်။

"မင်းတို့ ဒီဘာလာလုပ်တာလဲ" ရွန်နဲ့ ဖရက်က တစ်ပြိုင်နက် တယ်။

"တပို့တာ" ဟယ်ရီနဲ့ ဂျော့က တစ်ပြိုင်နက်ဖြေတယ်။

"ဘာလဲ၊ ဒီအချိန်မှ ?" ဟာမီးနဲ့ ဖရက်က တစ်ပြိုင်နက်ပြောတ

ဖရက်က သွားဖြဲရယ်တယ်။

"ကောင်းပြီ —— မင်းတို့ ဘာလုပ်နေတယ်ဆိုတာ ငါတို့မမေး မင်းတို့လဲ ငါတို့ကို မမေးနဲ့"

သူ့လက်ထဲမှာ ပိတ်ပြီးသားစာတစ်စောင် ကိုင်ထားတယ်။ ဟယ် လှမ်းကြည့်လိုက်တယ်။ ဒါပေမယ့် ဖရက်လက်ဟာ တမင်လား၊ တမင်မဟု လားမသိ လှုပ်လိုက်တယ်။ စာအိတ်ပေါ်ကနာမည်ကို ကွယ်သွားတယ်။

"ရပြီ၊ မင်းတို့လမ်းကို မပိတ်ဘူး" ဖရက်က ဟန်ပန်နဲ့ ဦးညွတ်အ ပြရင်း လက်နဲ့ တံခါးဆီ ညွှန်ပြတယ်။

ရွန်က မလှုပ်ဘူး။ "မင်းတို့ ဘယ်သူ့ကို ငွေညှစ်မလို့လဲ"

ဖရက်မျက်နှာပေါ်ကအပြုံး ပျောက်သွားတယ်။ ဂျော့က ဖရ ကြည့်လိုက်ပြီးနောက် ရွန့်ကိုကြည့်ကာ ရယ်တယ်။

"မအစမ်းပါနဲ့၊ ငါက ရယ်စရာပြောတာ" သူက ပေါ့ပေါ့ပဲပြောတ

"လေသံက မတူဘူး" ရွန်က ပြောတယ်။

ဖရက်နဲ့ ဂျော့ အပြန်အလှန်ကြည့်လိုက်တယ်။ ဖရက်က ရုတ်တ ပြောတယ်။ "ငါ မင်းကို ပြောပြီးပြီ၊ ရွန်။ မင်းနှာခေါင်း ခုပုံစံအတိုင်းရှိချ မဆိုင်တာ မပါနဲ့။ မင်း ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ ငါ မသိဘူး၊ ဒါပေ ——"

"မင်းတို့ သူများကို ငွေညှစ်ရင်၊ အဲဒါမဆိုင်တာမဟုတ်တော့ ရွန်က ပြောတယ်။ "ဂျော့ပြောတာ မှန်တယ်၊ မင်းတို့ ပြဿနာတက်လိမ့်

"မင်းကို ငါက ရယ်စရာပြောတာလို့ ပြောပြီးပြီပဲ" ဂျော့က တယ်၊ သူက ဖရက်အနားသွားပြီး သူ့လက်ထဲကစာကို ဆွဲယူတယ်။



ဆုံးဇီးကွက်ခြေထောက်မှာ ချည်လိုက်တယ်။ "မင်းစကားပြောတဲ့လေသံက ရဲ့ ချစ်စရာအစ်ကိုနဲ့ နည်းနည်းတူနေတယ်၊ ရွန်။ ဒီအတိုင်းဆိုရင်၊ မင်းလဲ ာန်းခေါင်းဆောင်ဖြစ်လိမ့်မယ်"

"ဟင့်အင်း၊ ငါမဖြစ်ဘူး" ရွန်က ပြင်းထန်စွာပြောတယ်။

ဂျော့က ဇီးကွက်ကို ပြတင်းပေါက်ဆီ ခေါ်သွားပြီး လွှတ်လိုက်တယ်။ ာ ရွန့်ကို လှည့်ပြီး၊ ရယ်ပြတယ်။

"ကောင်းပြီ၊ ဒါဆို ဟိုပါဒီပါမလုပ်နဲ့တော့၊ ဘိုင်းဘိုင်"

သူနဲ့ဖရက်တို့ ဇီးကွက်တဲအိမ်က ထွက်သွားတယ်။ ဟယ်ရီ၊ ရွန်နဲ့ မီးတို့ အပြန်အလှန် ငိုင်ကြည့်နေတယ်။

"သူတို့ ဘာအခြေအနေသိသလဲလို့ နင်ထင်သလဲ" ဟာမီးက တိုးတိုး တယ်။ "ခရောက်ချ်အကြောင်းကို"

"မသိနိုင်ဘူး" ဟယ်ရီက ပြောတယ်။ "တကယ်လို့ ဒီလိုသိပ်ဆိုးတဲ့ ဆိုရင်၊ သူတို့က သူများကို ပြောပြမှာ၊ သူတို့ ဒမ်ဘာလီဒိုးကို ပြောပြမှာ"

ဒါပေမယ့် ရွန်က တစ်မျိုးဖြစ်နေတယ်။

"ဘယ်လိုလဲ" ဟာမီးက သူ့ကို မေးတယ်။

"အင်း . . . ." ရွန်က ဖြည်းဖြည်းပြောတယ်။ "သူတို့ လုပ်မလား ာ ငါမသိဘူး။ သူတို့ . . . . သူတို့ ခုတလော ငွေရဖို့ပဲ တွေးနေတာ။ ငါက တို့နဲ့အတူရှိတဲ့အချိန်မှာ တွေ့ရှိတာ —— အဲဒါ —— နင်သိတယ် ——"

"ငါတို့မတည့်လို့ စကားမပြောဘဲနေတုန်းက" ဟယ်ရီက သူ့အစား လိုက်တယ်။ "ငါသိတယ်၊ ဒါပေမယ့် ငွေညှစ်တာ . . . ."

"သူတို့က ကျီစားကုန်ဆိုင် ဖွင့်ချင်တယ်" ရွန်က ပြောတယ်။ "အစက ာ့ သူတို့ပြောတာ အမေ စိတ်ဆိုးအောင် ပြောတယ်ထင်တာ၊ သူတို့က ာယ်ဖွင့်ချင်တာ။ သူတို့ ဟော့ဂ်ဝပ်မှာ တစ်နှစ်ပဲ ကျန်တော့တယ်။ သူတို့က င်ရေးအတွက် ပြင်ဆင်ရမယ်ချည်း ပြောတယ်။ အဖေက သူတို့ကို မကူညီ ာူး၊ သူတို့ ဆိုင်ဖွင့်ဖို့ ငွေလိုတယ်"

အခု ဟာမီးလဲ ပူပင်လာတယ်။

"ဟုတ်တယ်၊ ဒါပေမယ့် . . . . သူတို့ဟာ ငွေရဖို့ တရားဥပဒေ အောက်တာတော့ မလုပ်ပါဘူးနော်"

"လုပ်မလား၊ မလုပ်ဘူးလား" ရွန်က သံသယနဲ့ ပြောတယ်။ "ငါမသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး . . . . သူတို့ဟာ စည်းကမ်းချိုးဖောက်သလား၊ မချိုးဖောက်ဘူးလားဆို ဂရုမစိုက်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ဒါက တရားဥပဒေလေ" ဟာမီးက ထို လန့်စွာ ပြောတယ်။ "ခပ်တုံးတုံးကျောင်းစည်းကမ်း မဟုတ်ဘူး . . . . ငွေ တဲ့ အကျိုးဆက်က တိုက်ပိတ်တာထက် အများကြီးဆိုးတယ်။ ရွန်၊ နင် ဖ ကို ပြောပြရင်ကောင်းမယ် . . . ."

"နင် ရူးနေလား" ရွန်က ပြောတယ်။ "ဖတ်စ်ကို ပြောရမယ် ? သူ ခရောက်ချ်လို သူတို့ကို တိုင်မှာ" သူဟာ ဖရက်နဲ့ ဂျော့တို့ရဲ့ ဇီးကွက်ပျံထွ သွားတဲ့ ပြတင်းပေါက်ကို ငေးကြည့်နေတယ်။ ဒီနောက် ပြောတယ်။ "သွာ ငါတို့ နံနက်စောစောစာ သွားစားရအောင်"

"အခု ပါမောက္ခ မူးဒီကို သွားတွေ့တာ သိပ်စောနေမလား" သူ ကြောင်လိမ်လှေကားကဆင်းတော့ ဟာမီးက မေးတယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ငါတို့ မိုးလင်းရုံရှိသေးတ သူ့သွားနိုးရင်၊ ငါတို့ကို မောင်းထုတ်လိမ့်မယ်။ သူ အိပ်နေတုန်း ငါတို့ ဝင်တိုက်မယ်ထင်မှာ။ ကျောင်းဆင်းမှလုပ်ပါ"

မှော်သမိုင်းအချိန်ဟာ ဒီနေ့လောက် နှေးကွေးပြီး၊ အနေရခက် မရှိဘူး။ ဟယ်ရီက ရွန့်လက်ပတ်နာရီကို မနားတမ်းကြည့်တယ်။ သူ့လက် နာရီကို ခုတော့ ပစ်ပစ်လိုက်ပြီ။ ဒါပေမယ့် ရွန့်နာရီက သိပ်နှေးနေတ သူဟာ ၎င်းလဲ ပျက်နေပြီလို့ ကောက်ချက်ချချင်တယ်။ သူတို့သုံးယောက် သိပ်ပင်ပန်းနေပြီ၊ စားပွဲပေါ် မှောက်အိပ်ချင်ကြတယ်။ ဟာမီးတောင် မှ လိုက်မရေးဘူး။ ပါမောက္ခဘင်းစ်ကို မျက်စိစင်းစင်းနဲ့ ငေးကြည့်နေတယ်

ကျောင်းဆင်းခေါင်းလောင်းတီးပါပြီ။ သူတို့ဟာ စင်္ကြံကို အ ဖြတ်ပြီး မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ကျောင်းခန်းကို ပြေးသွားတ ပါမောက္ခ မူးဒီဟာ အတော်ပဲ ကျောင်းခန်းထဲက ထွက်လာတယ်။ သူ့ကြ ရတာ သူတို့လိုပဲ ပန်းနေပြီ။ ၎င်းရဲ့ပုံမှန်မျက်လုံးရဲ့မျက်ခွံက မှိတ်နေတ သူ့မျက်နှာဟာ ခါတိုင်းထက် စောင်းရွဲ့နေသလိုပဲ။

"ပါမောက္ခ မူးဒီ" ဟယ်ရီက တိုးဝှေ့နေတဲ့ စင်္ကြံထဲမှာ အော် တယ်။

"မင်္ဂလာပါ၊ ပေါ်တာ" မူးဒီက အသံအုံ့အုံ့ကြီးနဲ့ ပြောတယ်။ ၎င်



မှော်မျက်လုံးဟာ ပထမနှစ်ကျောင်းသားနှစ်ယောက်ကို ကြည့်နေတယ်။ သူတို့ ာ ခြေလှမ်းသွက်သွက်သွားတယ်၊ စိတ်လဲလှုပ်ရှားနေပုံရတယ်။ ဒီနောက်၊ ဲဒီမျက်လုံးဟာ နောက်စေ့ဘက် ရောက်သွားတယ်။ ဟိုကျောင်းသားနှစ် ယာက် ကွေ့ချိုးသွားတာမြင်မှ၊ သူက စကားစပြောတယ်၊

"ဝင်ခဲ့ကြ"

သူက နောက်တစ်လှမ်းဆုတ်ပြီး သူတို့ကို လူမရှိတဲ့ကျောင်းခန်းထဲ င်ခိုင်းတယ်။ သူလဲပဲ ထော့နဲ့ထော့နဲ့နဲ့ လိုက်ဝင်လာပြီး တံခါးပိတ်လိုက်တယ်။

"မစ္စတာခရောက်ချ်ကို ရှာလို့တွေ့လား" ဟယ်ရီက တန်းမေးတယ်။

"မတွေ့ဘူး" မူးဒီက စာသင်စင်ရှေ့သွားပြီး ထိုင်လိုက်တယ်။ ၎င်းရဲ့ စ်သားခြေထောက်ကို ဆန့်တယ်၊ အနည်းငယ် ညည်းညူလိုက်တယ်၊ ဘောင်း ိအိတ်ကပ်ထဲက အရက်ပုလင်းခုံးခုံးကို ထုတ်လိုက်တယ်။

"သင်ံ မြေပုံသုံးသလား" ဟယ်ရီက မေးတယ်၊

"သုံးတာပေါ့" မူးဒီက ပုလင်း ပါးစပ်ကိုအပ်ပြီး အဝသောက်လိုက် ယ်၊ "ကျုပ်လဲ မင်းလုပ်သလို ဆင့်ခေါ်ဂါထာနဲ့ ကျုပ်ရုံးခန်းကနေ မြေပုံကို စ်တောထဲ ခေါ်ယူတယ်။ ဒါပေမယ့် ဘယ်မှာမှ သူ့ကို မတွေ့ဘူး"

"ဒါဆို သူ တကယ်ပဲ ရုပ်ရှေ့ပြောင်းသွားပြီ" ရွန်က ပြောတယ်၊

"ကျောင်းပရဝုဏ်ထဲမှာ ရုပ်ရှေ့ပြောင်းလို့ မရဘူး၊ ရွန်" ဟာမီးက ြာတယ်။ "သူ ပျောက်သွားဖို့ဆိုတာ အခြားနည်းနာရှိတယ်။ ဟုတ်လား၊ ါမောက္ခ"

မူးဒီရဲ့ မှော်မျက်လုံးဟာ အနည်းငယ် တုန်ခါစွာနဲ့ ဟာမီးကို ကြည့် တယ်။ "မင်းလဲ နောင်မှာ အော်ရာတစ်ယောက်လုပ်ဖို့ စဉ်းစားနိုင်တယ်၊ ကျာ၊ တွေးခေါ်ပုံအလွန်မှန်ကန်တယ်။

ဟာမီးဟာ ဝမ်းသာလို့ မျက်နှာကြီးနီနေတယ်။

"အင်း၊ သူ ကိုယ်မပျောက်ဘူး" ဟယ်ရီက ပြောတယ်။ "မြေပုံပေါ်မှာ ယ်ပျောက်တဲ့လူကို ဖော်ပြတယ်။ သူ ကွင်းက ထွက်သွားတာဖြစ်မယ်"

"သူ့အင်အားနဲ့ ?" ဟာမီးက အလောတကြီးမေးတယ်။ "သူများ တို့ ခေါ်သွားတာလား"

"မှန်တယ်။ သူများခေါ်သွားတာဖြစ်မယ် —— သူ့ကို ဗုံးပျံတံမြက် ပေါ် တင်ခေါ်သွားတာ၊ ဟုတ်လား" ရွန်က အမြန်ပြောတယ်။ မူးဒီကို

www.burmeseclassic.com

www.burmeseclassic.com



ယည်း မျှော်လင့်စွာ ကြည့်နေတယ်။ သူ့ကိုလည်း မူးဒီက အောရာအရည်အသွေ
ရှိကြောင်း ချီးမွမ်းစေချင်သလိုပဲ။

"ပြန်ပေးဆွဲတာကိုလဲ ပစ်ပယ်လို့မဖြစ်ဘူး" မူးဒီက အသံကြမ်းကြမ်း
ပြောတယ်။

"ဒါဆို သူ ဟော့ဂ်စ်မိဒ်ရွာမှာလို့ သင်ထင်သလား" ရွန်က မေးတ
"ဘယ်နေရာမဆို ဖြစ်နိုင်တယ်" မူးဒီက ခေါင်းခါရင်းပြောတ
"သူ ဒီမှာမရှိတာပဲ ပြောနိုင်တယ်"

သူဟာ အကျယ်ကြီးသမ်းလိုက်တယ်။ မျက်နှာပေါ်က ဒဏ်ရာ
တင်းသွားတယ်။ ရွဲ့စောင်းတဲ့ပါးစပ်ထဲမှာ သွားတချို့ ကျိုးနေတာတောင်
ရတယ်။ ဒီနောက် သူက ပြောတယ်။ "ဟုတ်ပြီ၊ ဒမ်ဘလီဒိုးက ကျုပ်ကို
တယ်၊ မင်းတို့သုံးယောက် စုံထောက်လုပ်ချင်တယ်တဲ့။ ဒါပေမယ့် ခရောက်
ကိစ္စမှာ မင်းတို့ ဘာမှမကူညီနိုင်ဘူး။ ဒမ်ဘလီဒိုးက မော်ဝန်ကြီးဌာန
အကြောင်းကြားပြီးပြီ။ ဌာနထဲက လူလွှတ်ရှာနေပြီ။ ပေါ်တာ၊ မင်းလဲ တတိ
ကဏ္ဍကို စိတ်ဝင်စားစွာ ပြင်ဆင်ပါ"

"ဘာလဲ ?" ဟယ်ရီက ပြောတယ်။ "အော၊ ကောင်းပြီ . . . .

သူနဲ့ ခရွှန်းမ်တို့ မနေ့ညက ဝက်ပါက ထွက်လာပြီးကတည်း
ဒီကိစ္စကို သူ လုံးဝမေ့နေပြီ။

"ဒီတစ်ခါတော့ မင်းကျွမ်းပြီးသားပဲ" မူးဒီက ဟယ်ရီ့ကို မော့်ကြ
တယ်။ တစ်ဖက်ကလည်း ၎င်းရဲ့ မုတ်ဆိတ်မွေးဗလဗျစ်နဲ့ မေးစေ့ကို ပွတ်
တယ်။ "ဒမ်ဘလီဒိုးက ပြောတယ်။ ဒါမျိုးကို မင်း အကြိမ်မနည်း တွေ့ဖူးတ
ပထမ နှစ်တုန်းက မှော်ကျောက်တုံးကို ကာကွယ်တဲ့မှော်အတားအဆီးများစွာ
မင်း ကျော်နင်းခဲ့တယ်၊ ဟုတ်လား"

"ကျွန်တော်တို့လဲ ကူညီတယ်၊ ကျွန်တော်နဲ့ ဟာမီး" ရွန်က အ
ဝင်ပြောတယ်။

မူးဒီက ရယ်တယ်။

"ကောင်းပြီ၊ သူ့ကို ဒီတစ်ကြိမ်အတွက် ထပ်ကူညီကြပါဦး၊ တတ
လို့ သုမနိုင်ရင်၊ ကျုပ် အများကြီးအံ့သြမှာ" မူးဒီက ပြောတယ်။ "တစ်ချိန်တ
မှာ . . . . သတိရှိရမယ်၊ ပေါ်တာ။ သတိရှိပါ" သူကတစ်ခါ ခပ်ကြာ
ခေါ်သောက်ပြန်တယ်။ မှော်မျက်လုံးဟာ ပြတင်းအပြင်ဘက်ကို လှည့်



ယ်။ အဲဒီနေရာကနေ ဒမ်စထရန်သင်္ဘောကြီးပေါ်က အမြင့်ဆုံးရွက်တစ်ခု
မြင်ရတယ်။

"မင်းတို့နှစ်ယောက်" မူးဒီဟာ ပုံမှန်မျက်လုံးနဲ့ ရွန်နဲ့ ဟာမီးတို့ကြည့်ပြီး
ပြောတယ်။ "ပေါ်တာနဲ့ နီးနီးကပ်ကပ်နေ၊ ကောင်းလား။ ကျုပ်လဲ အဖြစ်
မျက် ဘယ်လိုလာမယ်ဆိုတာ သေချာစောင့်ကြည့်နေတယ်။ ဒါပေမယ့်
. . . မျက်လုံးနည်းနည်းပိုတော့ ပိုကောင်းတာပေါ့"

နောက်နေ့နံနက်မှာ၊ ဆီးရီးအက်စ်ကြွယ်ဟာ သူတို့ရဲ့ဇီးကွက်ကို ပြန်
တ်လိုက်တယ်။ ၎င်းဟာ တောင်ပံခတ်ပြီး ဟယ်ရီ့အနား ဆင်းလာတယ်။
တစ်ချိန်တည်းမှာ၊ ညိုဝါဝါဇီးကွက်တစ်ကောင် ဟာမီးရှေ့မှာ လာဆင်း
ယ်၊ ပါးစပ်ထဲမှာ 'ကြိုဟောဆရာများနေ့စဉ်' ပါလာတယ်၊ သူမက သတင်း
တို့ ယူ၊ သုံးလေးရွက်လှန်ပြီး ပြောတယ်။ "ဟယ်ရီ၊ ဟိုမိန်းမ ခရောက်ချ်
ကြောင်း မသိသေးဘူး" ဒီနောက် သူမနဲ့ ရွန်၊ ဟယ်ရီတို့အတူ ဆီးရီးအက်စ်
ယ်ရဲ့စာကို ဖတ်ကြတယ်။ တမြန်မနေ့က ထူးဆန်းတဲ့ ကိစ္စအပေါ် ဘယ်လို
ပြောလဲ သိလိုကြတယ်။

ဟယ်ရီ —— မင်းက ဒါပျော်စရာထင်နေလား။ ဇစ်ခတာ-ခရွှန်းမ်နဲ့
င်တောထဲသွားတယ် ! မင်းပြန်စာထဲမှာ ကျုပ်ကို ကတိပေး၊ ညဥ့်နက်သန်း
ခင်မှာ သူများနဲ့ထွက်ပြီး လျှောက်မသွားတော့ပါဘူးလို့ ကတိပေး။ ဟော့ဂ်ဝပ်
အလွန်အန္တရာယ်ရှိတဲ့လူတချို့ ရှိတယ်။ သူတို့ဟာ ခရောက်ချ်ကို ဒမ်ဘလီဒိုး
မတွေ့စေချင်ဘူးလို့ ကျုပ် ထင်တယ်။ အမှောင်ထဲမှာ မင်းဟာ ၎င်းတို့နဲ့
လှမ်းအနည်းငယ်ပဲ ကွာဝေးလိမ့်မယ်။ မင်းအသက်ပျောက်လိမ့်မယ်။

မင်းနာမည် မီးတောက်ခွက်ထဲက ထွက်လာတာ ရှောင်တခင်ကိစ္စ
တ်ဘူး။ မင်းကို တိုက်ခိုက်မယ့်လူရှိရင် ဒါဟာ အကောင်းဆုံးအခွင့်အရေးပဲ။
နဲ့ ဟာမီးတို့နဲ့ အတူနေ။ ကျောင်းဆောင်ရင် ဂရစ်ဖင်းဒေါအိမ်ချွန်က မထွက်နဲ့။
ထိယကဏ္ဍကို ကောင်းကောင်းပြင်ဆင်။ မေ့မြောဂါထာနဲ့ လက်နက်ဖြုတ်
ဘာကို သေချာလေ့ကျင့်။ ဆိုးရွားကျိန်စာတစ်ခုနှစ်ခု လေ့လာထားရင်လဲ
ကျိုးမယုတ်ဘူး။ ခရောက်ချ်ကိစ္စ မင်းမလုပ်နိုင်ဘူး။ မင်းကိုယ်မင်း ဂရုစိုက်
ထဲမှာပဲ အားထုတ်။ မင်း ပြန်စာကို စောင့်နေတယ်။ နောက်ထပ်မလုပ်သင့်
မလုပ်ဘူးလို့ ကျုပ်ကို ကတိပေး။

ဆီးရီးအက်စ်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာမို့လို့ ငါ့ကို မလုပ်သင့်တာ ဓလုပ်နဲ့လို့ လာဆုံးမတာ ဟယ်ရီက ဆီးနီးအက်စ်ကြယ်ရဲ့စာကို ခေါက်ပြီး ဝတ်ရုံရှည်အတွင်းအိတ် ထဲထည့်ရင်း၊ နည်းနည်းစိတ်ဆိုးစွာ ပြောတယ်။ "သူကိုယ်နှိုက်က ကျောင်း လျှောက်လုပ်ခဲ့သေးတာ"

"သူက နင့်ကို စိုးရိမ်လို့" ဟာမိုင်းက စူးရှစွာ ပြောတယ်။ "မူ ဟက်ဝရစ်လိုပဲပေါ့၊ နင် သူတို့စကား နားထောင်ရမယ်"

"တစ်နှစ်ပတ်လုံး ငါ့ကို တိုက်ခိုက်တဲ့လူ မရှိဘူး" ဟယ်ရီက တယ်။ "ဘယ်သူမှ ငါ့ကိုမလုပ်ရဲဘူး ——"

"ဒါပေမယ့် နင့်နာမည်ကို မီးတောက်ခွက်ထဲ ထည့်တဲ့လူရှိတ ဟာမိုင်းက ပြောတယ်။ "သူတို့ ဒီလိုလုပ်တာ အကြောင်းရှိမှာ သေချာတ ဟယ်ရီ၊ 'စနပ်ဖော်စ်' ပြောတာမှန်တယ်။ သူတို့ အခါအခွင့်စောင့်နေတာ ဖြစ်မယ်။ သူတို့က ပြိုင်ပွဲကျင်းပနေစဉ် နင့်ကို တိုက်ခိုက်မှာလဲ ဖြစ်မယ်"

"ကောင်းပြီ" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ " 'စနပ်ဖော် ပြောတာမှန်တယ်ပဲထားဦး။ ပြီးတော့ ခရွန်းမ်ကို မေ့အောင်ရိုက်ပြီး ခရော ကို ပြန်ပေးဆွဲသွားတယ်ထား။ သူတို့ဟာ ငါတို့အနီးက ချုံပုပ်ထဲမှာ ပုန်းနေမှ ဟုတ်လား။ ဒါပေမယ့် သူတို့ဟာ ငါသွားတော့မှလုပ်တာ၊ ဟုတ်လား။ ဆိုတော့၊ ငါဟာ သူတို့တိုက်ချင်တဲ့ပစ်မှတ် မဟုတ်ဘူး၊ ဟုတ်လား"

"သူတို့ နင့်ကို တားမြစ်သစ်တောထဲမှာ သတ်ရင်၊ ရှောင်တခင် လို လုပ်လို့မရဘူး။ ဒါပေမယ့် နင်ဟာ ပြိုင်ပွဲထဲမှာ သေရင် ——"

"ဒါပေမယ့် သူတို့ ခရွန်းမ်ကို စိုးရိမ်မှုမရှိဘဲ တိုက်ခိုက်တယ်၊ ဟု လား" ဟယ်ရီက မေးတယ်။ "ဘာဖြစ်လို့ ငါ့ကိုပါ တစ်ချိန်တည်း သတ် တာလဲ။ ငါနဲ့ ခရွန်းမ် နှစ်ဦးချင်း အပြတ်တိုက်ဟန်ဆောင်လို့ ရတာပဲ"

"ဟယ်ရီ၊ ငါလဲ မရှင်းဘူး" ဟာမိုင်းက ဘာမှမတတ်နိုင်ဘဲ ပြောတ "ငါသိတာက နားမလည်နိုင်စရာကိစ္စ အများအပြားဖြစ်နေတယ်ဆိုတ သိတယ်။ ငါ မနှစ်သက်ဘူး . . . . မူးဒီပြောတာ မှန်တယ် —— 'စနပ်ဖော် ပြောတာလဲ မှန်တယ် —— နင် တတိယကဏ္ဍအတွက် သေချာပြင်ဆင်ရ မယ်။ ခုပဲစတော့၊ နင် 'စနပ်ဖော်စ်'ကို စာပြန်ရမယ်။ တစ်ယောက်တ လျှောက်မသွားဘူးလို့ အာမခံရမယ်"



ဟယ်ရီ မတတ်သာဘဲ အခန်းထဲနေနေရပြီးနောက်၊ ဟော့ဂ်ဝပ်ကွင်း တာ သိပ်ကိုဆွဲဆောင်အားကောင်းတယ်လို့ ထင်လာတယ်။ နောက်ရက် အချို့မှာ သူဟာ ရွန်၊ ဟာမိုင်းတို့နဲ့အတူ စာကြည့်တိုက်ထဲမှာ ဆိုးရွားကျိန်စာ ရှာဖွေကြတယ်။ ဒါမှမဟုတ် သူတို့နဲ့အတူ လူမရှိတဲ့ကျောင်းခန်းထဲ လစ်ဝင်ပြီး လေ့ကျင့်ကြတယ်။ ဟယ်ရီက မေ့မြောဂါထာကို စိတ်ပါဝင်စားစွာ လေ့ကျင့် တယ်။ သူ အရင်က ဒီဂါထာကို မသုံးဖူးဘူး။ ရွန်နဲ့ ဟာမိုင်းတို့က စွန့်လွှတ်မှု နည်းနည်းလုပ်ရတာပေါ့။

ငါတို့ မစ္စစ်နော်ရီးစ်ကို ပြန်ပေးဆွဲလို့ ရမလား" တနင်္လာနေ့ နေ့လယ် မှာ ရွန်က အကြံပြုတယ်။ သူဟာ မော့်ဂါထာ ကျောင်းခန်းကြမ်းပေါ် လှဲအိပ် ရင်း၊ ခုတင်ပဲ ဟယ်ရီက ငါးကြိမ်တိုင်တိုင် မေ့မြောအောင်လုပ်ပြီး ပြန်နိုးအောင် လုပ်ခဲ့ရတယ်။ "လေ့ကျင့်ရာမှာ သုံးရအောင်။ ဒါမှမဟုတ်ရင်၊ ဒေါ့ဘီ။ ဟယ်ရီ ခင်းအတွက်ဆိုရင် ဂုင်းက ဘာမဆိုလုပ်မှာလို့ ငါ လောင်းဝံ့တယ်။ ငါ အပြစ် ပြောတာ မဟုတ်ဘူး ——" သူက သတိထား မတ်တတ်ရပ်တယ်။ကျောကို ပွတ်နေတယ် —— "ဒါပေမယ့် ငါ တစ်ကိုယ်လုံးနာနေတယ် . . . ."

"နင်က ထိုင်ဖုံပေါ်မှ လှဲမချတာ" ဟာမိုင်းက စိတ်မရှည်ဘဲ ပြောတယ်။ သူတို့ မောင်းနှင်ဂါထာလေ့ကျင့်တုန်းကသုံးတဲ့ ထိုင်ဖုံတွေကို စီနေတယ်။ ဖလစ် ဝစ်က ထိုင်ဖုံတွေကို ဗီရိုထဲ ထည့်ထားခဲ့တာ။ "နင်က နောက်ကို လဲကျရမှာ ပေါ့"

"ကျိန်စာထိလို့ မေ့သွားတော့ ဒီလောက်နေရာမှန်မှန် ဘယ်လဲမလဲ၊ ဟာမိုင်း" ရွန်က စိတ်ဆိုးပြီး ပြောတယ်။ "နင် ဘာဖြစ်လို့ ကိုယ့်ဖာသာ စမ်း ကြည့်တာလဲ"

"အော၊ ငါက ဟယ်ရီ ရသွားပြီထင်တယ်" ဟာမိုင်းက အမြန်ပြော တယ်။ "လက်နက်ဖြုတ်ဂါထာက ပူစရာမလိုဘူး။ သူ အစောကြီးကတည်းက တတ်နေပြီ . . . . ဒီည ဆိုးရွားကျိန်စာတချို့ လေ့ကျင့်ရင်ကောင်းမယ်"

သူမဟာ ခေါင်းငုံ့ပြီး သူတို့စာကြည့်တိုက်ကငှားတဲ့ စာအုပ်စာရင်းကို ကြည့်နေတယ်။

"ဒါ မဆိုးဘူးလို့ ထင်တယ်။ အတားအဆီးကျိန်စာ။ သင့်ကိုတိုက်ခိုက် သည့် အရာအားလုံးကို တားနိုင်တယ်။ ဟယ်ရီ၊ ငါတို့ ဒီက စရအောင်"

ခေါင်းလောင်းသံ ပေါ်လာတယ်။ သူတို့ဟာ ထိုင်ဖုံတွေကို ဖလစ်ဝစ်

www.burmeseclassic.com

www.burmeseclassic.com



ဒီရိုထဲ အမြန်ထိုးထည့်ပြီး ကျောင်းခန်းက လစ်ထွက်ခဲ့တယ်။

"ညစာစားတော့ တွေ့မယ်" ဟာမီးက ပြောတယ်။ သူမက ဂဏန်း ဗေဒင်အတန်း သွားတက်တယ်။ ဟယ်ရီနဲ့ ရွန်က မြောက်ဘက်အဆောင်မှ ဗေဒင်အချိန် သွားတက်တယ်။ မျက်စိရှုစေတဲ့နေရောင်ဟာ စကြံထဲက ပြတင်း မြင့်မြင့်ကနေ အလင်းတန်းကျယ်ကျယ် ထိုးဆင်းလာတယ်။ ပြတင်းအပြင်ထ မိုးကောင်းကင်ပြာပြာဟာ လင်းလက်တာမှ ခုတွင် ဆေးသုတ်ထားသလိုပဲ

"ထရီလောနီရဲ့ကျောင်းခန်းဟာ ပေါင်းချောင်လို ပူနေမှာ။ သူမဟာ ဘယ်တော့မှ မီးဖိုကို မငြိမ်းသတ်ဘူး" သူတို့ဟာ ငွေရောင်လှေကားနဲ့ တံခါ ရွက်ရှင်ဆီပေါက်တဲ့လှေကားကိုရောက်တော့ ရွန်က ပြောတယ်။

သူပြောတဲ့အတိုင်းပဲ၊ အဲဒီအလင်းရောင်မှိန်မှိန် စာသင်ခန်းဟာ ပူလွန်းလို့ အသက်တောင်မရှုနိုင်ဘူး။ အမွှေးနံ့ဟာ ခါတိုင်းထက် ပိုပြင်းတယ် ဟယ်ရီဟာ လိုက်ကာချထားတဲ့ ပြတင်းပေါက်တစ်ခုရှေ့ သွားတယ်။ ခေါင်းထ အုံနေတယ်လို့ ခံစားရတယ်။ သူဟာ ပါမောက္ခ ထရီလောနီဟာ မီးသီးပေ အုပ်ထားတဲ့ပဝါကို ဖြေယူနေစဉ်မှာ ပြတင်းပေါက်ကို နည်းနည်းဟသွားအောင် ခိုးဖွင့်လိုက်တယ်။ ဒီနောက် အိန္ဒိယပန်းရိုက်ပိတ်စစွပ်ထားတဲ့ လက်တန်း ထိုင်ခုံပေါ် မှီနေတယ်။ လေပြည်လေး သူ့မျက်နှာပေါ် တိုက်လာတဲ့အတွ အလွန်နေရသက်သာသွားတယ်။

"အချစ်လေး" ပါမောက္ခ ထရီလောနီဟာ တောင်ပံပါလက်တန်း ကုလားထိုင်မှာထိုင်ပြီး သူမရဲ့ အံ့ဩလောက်အောင် ချဲ့ထားတဲ့မျက်လုံး သူတို့ကို ဝေ့ကြည့်တယ်။ "ကိုယ်တို့ ပလန်းနက်ဗေဒင်ကို သင်လို့ပြီးပြီ။ ဒါပေ မယ့် ဒီနေ့ဟာ အင်္ဂါဂြိုဟ်ရဲ့အခန်းကို လေ့လာဖို့ အကောင်းဆုံးအခွင့်အရေ ဖြစ်တယ်။ အကြောင်းက ၎င်းဟာ လက်ရှိအချိန်မှာ အလွန်စိတ်ဝင်စားစရာ အနေအထားမှာ ရှိနေတယ်။ အခု ဒီဘက်ကို ကြည့်ပါ။ ကိုယ်က မီးငြိမ်း လိုက်မယ် . . . ."

သူမဟာ မော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ ရှိသမျှမီးတွေ ငြိမ်းကျ တယ်။ မီးဖိုကမီးသာ အလင်းရောင်ရတယ်။ ပါမောက္ခ ထရီလောနီဟာ ခါးရှေ ပြီး မိမိထိုင်ခုံအောက်ကနေ ဖန်အုပ်ဆောင်းဝိုင်းထဲ ထည့်ထားတဲ့ နေစန နမူနာပုံစံကို ယူလိုက်တယ်။ အဲဒီနမူနာပုံစံဟာ အလွန်လှတယ်။ မီးလော နေတဲ့ နေ၊ ပလန်းနက်ဂြိုဟ်ကြီး ကိုးလုံးနဲ့ ၎င်းတို့ရဲ့ အရံဂြိုဟ်တွေဟာ ဖန်အု



ဆောင်းထဲမှာ လွင့်နေတယ်။ ၎င်းတို့အသီးသီးရဲ့ နေရာအနေအထားမှာ လက် နေတယ်။ ဟယ်ရီက ပျင်းရိစွာ ကြည့်နေတယ်။ ပါမောက္ခ ထရီလောနီတ အင်္ဂါဂြိုဟ်နဲ့ ကိတ်ဂြိုဟ်အကြား ဖြစ်ပွားနေတဲ့ စိတ်ဝင်စားစရာထောင့်အ ကြောင်း စတင်ပြောပြတယ်။ အနံ့ပြင်းတဲ့ အမွှေးအကြိုင်အနံ့ဟာ ဟယ်ရီ့ဆီ ရောက်လာတယ်။ ပြတင်းက ဝင်လာတဲ့လေပြည်လေးဟာ သူ့မျက်နှာကို ပွတ် သပ်နေတယ်။ သူဟာ ပြတင်းလိုက်ကာနောက်က ပိုးကောင်တစ်ကောင်ရဲ့ အသံသေးသေးကို ကြားရတယ်။ သူ့ မျက်လုံးစင်းလာပြီ . . . .

သူဟာ ဇီးကွက်တစ်ကောက်ပေါ် စီးနင်းကာ ပြာလဲ့တဲ့ မိုးကောင်းကင် မှာ ပျံသန်းနေတယ်။ တောင်ပေါ်ရှိ နွယ်ဖုံးနေတဲ့ အိမ်အိုကြီးဆီရောက်အောင် ပျံသန်းသွားတယ်။ လေပြည်လေးဟာ ဟယ်ရီ့မျက်နှာကို တိုက်ခတ်နေတယ်။ သူတို့ဟာ ပျံလေနိမ့်လေ၊ နောက်ဆုံး အပေါ်ဆုံးထပ်က မှောင်မည်းတဲ့ ပြတင်း ပေါက်ကနေ ပျံဝင်သွားတယ်။ အခု သူတို့ဟာ မှောင်မည်းတဲ့ စကြံအတိုင်း ပျံသန်းနေတယ်။ စကြံအဆုံးမှာ တံခါးတစ်ချပ်ရှိတယ် . . . . သူတို့ တံခါးထဲ ပျံဝင်သွားတယ်။ အဲဒီအခန်းဟာ အနက်ရောင်အခန်း၊ ပြတင်းပေါက်အားလုံး ပိတ်ထားတယ် . . . .

ဟယ်ရီ ဇီးကွက်ကျောပေါ်မှာ မရှိတော့ဘူး . . . . ၎င်းဟာ သူ့ကို ကျောပေးထားတဲ့ ထိုင်ခုံထဲ ပျံသွားတာကို သူကြည့်နေတယ် . . . . ထိုင်ခုံ ဘေးမှာ အမှောင်ရိပ်နှစ်ခုရှိတယ် . . . . ၎င်းတို့ လှုပ်နေတယ် . . . .

တစ်ခုက မြွေကြီးတစ်ကောင် . . . . နောက်တစ်ခုက လူ . . . . ဒိပ်ပြောင်ယောကျ်ားပုပု၊ နှာခေါင်းချွန်ချွန်၊ မျက်ရည်တွေနဲ့ . . . . ၎င်းဟာ ဒူးတုပ်ကာ ကော်ဇောပေါ်မှာ ရှိုက်ငင်ငိုယိုနေတယ် . . . .

"မင်း ကံကောင်းတယ်၊ ပိုးကောင်အမျိုး" အေးစက်တင်းမာပြီး နားစူး တဲ့ အသံတစ်သံဟာ ထိုင်ခုံထဲက ထွက်လာတယ်။ "မင်းဟာ တကယ်ပဲ အလွန် ကံကောင်းတယ်။ မင်းအမှားဟာ ကိစ္စကို ဆိုးမသွားစေဘူး။ သူသေပြီ"

"သခင်" ကြမ်းပေါ်ကယောကျ်ားက အော်ပြောတယ်။ "သခင်၊ ကျွန် တော် . . . . ကျွန်တော် သိပ်ဝမ်းသာတယ် . . . . ကျွန်တော် စိတ်မကောင်း ဘူး . . . ."

"နာဂိနီ" အဲဒီအေးစက်စက်အသံက ပြောတယ်။ "မင်း ကံမကောင်း ဘူး ငါ ပိုးကောင်အမျိုးနဲ့ မင်းကိုမကျွေးတော့ဘူး . . . . ဒါပေမယ့် ကိစ္စမရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



. . . . ဟယ်ရီ-ပေါ်တာ ရှိသေးတယ် . . . ."

မြွေကြီးက တရှီရှီသံ ထွက်လာတယ်။ ၎င်း လျှာထုတ်နေတာ ဟယ် မြင်ရတယ်။

"အခု၊ ပိုးကောင်အမြီး" အဲဒီအေးစက်စက်အသံက ပြောပြန်တယ် "မင်းကို သတိပေးရမယ်ထင်တယ်။ မင်း နောက်ထပ်အမှားကျူးလွန်တာ သည်းမခံတော့ဘူး . . . ."

"သခင် . . . . မလုပ်ပါနဲ့ . . . . တောင်းပန်ပါတယ် . . . ."

ထိုင်ခုံအနားမှာ မှော်ကြိမ်လုံးထိပ်ဖျားပေါ်လာတယ်။ ပိုးကောင်အ ကို ချိန်ထားတယ်။

"သည်းခိုက်နာကျင်စေ" အဲဒီအေးစက်စက်အသံက ပြောတယ်။

ပိုးကောင်အမြီးဟာ နာကျင်လို့ စူးရှစွာ ထအော်တယ်။ ၎င်းရဲ့အ ကြောတိုင်း မီးလောင်နေသလိုပဲ။ စူးရှတဲ့အော်သံဟာ ဟယ်ရီ့နားထဲ ရော လာတယ်။ သူ့နဖူးပေါ်က အမာရွတ်ဟာ မီးနဲ့ရှို့ခံရသလို နာကျင်လာတ သူလဲ အသံထွက်အော်လိုက်တယ် . . . . ဗိုလ်ဒီမွန့် ကြားလိမ့်မယ်၊ သူ အဲဒ ရှိတာ တွေ့သွားလိမ့်မယ် . . . .

"ဟယ်ရီ၊ ဟယ်ရီ"

ဟယ်ရီက မျက်လုံးဖွင့်လိုက်တယ်။ သူဟာ ကျောင်းခန်းကြမ်း လဲနေပြီး၊ လက်နှစ်ဖက်က မျက်နှာကို အုပ်ထားတယ်။ အမာရွတ်ဟာ မီးလေ သလို နာနေတုန်းပဲ။ နာလို့ သူ မျက်ရည်တောင် ကျလာတယ်။ အဲဒီနာတာ အစစ်နာတာ။ ကျောင်းသားအားလုံး ဝိုင်းနေတယ်။ ရွန်က သူ့ဘေးမှာ ဒူးထော နေတယ်။ သူ့ကြည့်ရတာ အတော်တုန်လှုပ်နေတယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်" ရွန်က ပြောတယ်။

"သူဖြစ်တာပေါ့" ပါမောက္ခ ထရီလောနီဟာ သိပ်တက်ကြွ ပေါ်တယ်။ သူမရဲ့မျက်လုံးကြီးဟာ ဟယ်ရီ့ကို ငေးကြည့်နေတယ်။ သူ့အ ကို ကပ်သွားတယ်။ "ဘယ်လိုဖြစ်တာလဲ၊ ပေါ်တာ။ နိမိတ်တစ်ခု ? အ တစ်ခု ? မင်း ဘာဖြစ်သလဲ"

"ဘာမှမဟုတ်ပါဘူး" ဟယ်ရီက လိမ်ပြောတယ်။ သူ ထထိုင်တ မိမိတုန်နေတယ်လို့ ထင်တယ်။ သူဟာ ဟိုဒီကြည့်မိတယ်။ သူ့နောက်ဘ အရိပ်ကို သေချာကြည့်တယ်။ ဗိုလ်ဒီမွန့်အသံဟာ နီးနီးလေးမှာလိုပဲ . . .



"မင်း ခုနက အမာရွတ်ကို အုပ်ထားတယ်" ပါမောက္ခ ထရီလောနီက ပြာတယ်။ "မင်း အမာရွတ်ကိုအုပ်ပြီး ကြမ်းပေါ်မှာ လိမ့်နေတယ်၊ လာ၊ ပါ်တာ။ ဒီကိစ္စတွေမှာ ကိုယ် အတွေ့အကြုံရှိတယ်"

ဟယ်ရီက သူမကို မော့ကြည့်တယ်။

"ကျွန်တော် ဆေးရုံသွားဖို့လိုမယ်ထင်တယ်" သူက ပြောတယ်။ ခေါင်းသိပ်ကိုက်တာပဲ"

"အချစ်လေး၊ မင်းဟာ ကိုယ့်ကျောင်းခန်းထဲက ထူးခြားတဲ့အမြင် ရဲ့ တုန်ခါမှုဂယက်ကြောင့်ဆိုတာ ထင်ရှားတယ်" ပါမောက္ခ ထရီလောနီက ပြာတယ်။ "မင်းအခု တခြားသွားရင်၊ မင်းဘယ်တုန်းကမှ မမြင်ဖူးတာကို ်ရမှာ မဟုတ်ဘူး ——"

"ကျွန်တော်က ခေါင်းကိုက်ပျောက်တဲ့နည်းပဲ ကြည့်ချင်တာ" ဟယ်ရီ ပြောတယ်။

သူ မတ်တတ်ရပ်လိုက်တယ်။ ကျောင်းသားအားလုံး နောက်ဆုတ် ကြတယ်။ မျက်နှာပေါ်မှာတော့ စိုးရိမ်တဲ့အမူအရာတွေနဲ့။

"ခဏနေတော့တွေ့မယ်" ဟယ်ရီက ရွန့်ကို တိုးတိုးပြောတယ်။ ာ လွယ်အိတ်ကိုသူ့ပြီး တံခါးရှင်ဆီကို သွားတယ်။ ပါမောက္ခ ထရီလောနီ ရှမစိုက်ဘူး။ သူမဟာ ကြွယ်ဝတဲ့နွေလယ်စာကို လူလုခံလိုက်ရသလို စိတ် ျနာရစ်တယ်။

ဒါပေမယ့် ဟယ်ရီဟာ လှေကားကဆင်းပြီး ကျောင်းဆေးရုံကို မသွား သူ အဲဒီကိုသွားဖို့ တွေးကိုမတွေးတာ။ တကယ်လို့ အမာရွတ်နောက်ထပ် ် ဘယ်လိုလုပ်ရမယ်ဆိုတာ ဆီးရီးအက်စ်ကြယ်က သူ့ကို ပြောပြဖူးတယ်၊ ဒမ်ဘာလီဒိုးရုံးခန်းကို သွားမယ်။ သူဟာ စင်္ကြံကို ဖြတ်သွားရင်း အိပ်မက် အခြေအနေကို တွေးနေတယ် . . . . ၎င်းဟာ ရေဖယောင်းပင်လမ်းက ်လိုပဲ အစစ်အမှန်လိုဖြစ်တယ် . . . . သူက အသေးစိတ်အချက် တ်ကို ပြန်စဉ်းစားတယ်။ မိမိကိုယ်မိမိ မမေ့သွားအောင်လုပ်တယ် . . . . ွန့်က ပိုးကောင်အမြီးကို အမှားကျူးလွန်လို့ အပြစ်တင်တာ ကြားရတယ် . ဒါပေမယ့် ဇီးကွက်က သတင်းကောင်းယူလာလို့ အမှားကို ဖာထေးနိုင် တယ်၊ ဘယ်သူသေတာလဲ . . . . ပိုးကောင်အမြီးကို မြွေကို မကျွေးတော့ . . . . သူ၊ ဟယ်ရီဟာ မြွေကို ကျွေးခံရမယ် . . . .

www.burmeseclassic.com



ဟယ်ရီဟာ အတွေးနဲ့သွားနေလို့၊ ဒမ်ဘလီဒိုးရုံးခန်းအဝင်ဝ
တိရစ္ဆာန်ကျောက်ဘီလူးရုပ်က ဖြတ်သွားတာတောင် မသိလိုက်ဘူး၊ သူ ကြော
သွားပြီး လှည့်ကြည့်တော့မှ လွန်သွားတာ သိတော့တယ်၊ ဒါနဲ့ ပြန်လှည့်
တယ်၊ ကျောက်ဘီလူးရုပ်မှာ ရပ်လိုက်တယ်၊ ဒီအချိန်ကျမှ သူ စကားဝှ
မသိမှန်း သတိရတယ်၊

"ရေခဲစိမ်သံပရာရည်" သူက စမ်းမေးကြည့်တယ်၊

ကျောက်တိရစ္ဆာန်က လှုပ်တောင်မလှုပ်ဘူး၊

"ကောင်းပြီ" ဟယ်ရီက ၎င်းကိုကြည့်ပြီး ပြောတယ်။

"သစ်သော့သီးသကြားလုံးအမာ၊ အိုး —— နွယ်ချိုမော့ကြိမ်လုံ
တရှိုရှိုပျားတော်ဖီ၊ အဆင့်လွန်ပူဖောင်းသကြားလုံး၊ ဘီဘီရသာစုံပဲ . . . .
အော၊ မဟုတ်သေးဘူး၊ ပါမောက္ခ ဒမ်ဘလီဒိုးက ဒါတွေမကြိုက်ဘူး . . . .
တံခါးဖွင့်ပေးလို့ရမလား" သူက ဒေါသနဲ့ပြောတယ်၊ "ကျွန်တော် သူ့
တကယ်တွေ့ချင်တာ၊ အရေးကြီးကိစ္စရှိတယ်"

တိရစ္ဆာန်ဘီလူးဟာ နည်းနည်းမှမလှုပ်ဘူး၊

ဟယ်ရီက ခြေနဲ့ ၎င်းကို ကန်လိုက်တယ်၊ ခြေမကြီး အသဲခိုက်အော
နာတာကလွဲပြီး၊ ဘာမှအကျိုးသက်ရောက်မှု မရှိဘူး၊

"ချော့ကလက်ဖား" သူဟာ ခြေတစ်ပေါင်ကျိုးခုန်ရင်း ဒေါသထိ
မရဘဲ အော်ပြောတယ်၊ "သကြားငှက်မွေးကလောင်၊ ပိုးဟပ်ပုံ"

ဘီလူးက ရှင်လာတယ်၊ တစ်ဖက်ကို ခုန်သွားတယ်၊ ဟယ်ရီ ငိုင်
တယ်၊

"ပိုးဟပ်ပုံ ?" သူက အံ့သြစွာ ပြောတယ်၊ "ငါက အလကားလျှော
ပြောတာ . . . ."

သူက နံရံပေါ်ကအပေါက်ကို အမြန်ဖြတ်ဝင်လိုက်တယ်၊ ကြောင်
ပုံသဏ္ဍာန် ကျောက်လှေကားပေါ် တက်လာတယ်၊ တံခါးမကြီးဟာ သူ့နော
မှာ ပိတ်သွားတယ်၊ လှေကားဟာ ဖြည်းဖြည်းချင်း အလိုအလျောက် မြင့်တ
သွားတယ်၊ သူ့ကို ပြောင်ချောတဲ့ ဝက်သစ်ချတံခါးရှေ့ ပို့လိုက်တယ်၊ တံခါ
ပေါ်မှာ ကြေးဝါလက်ကိုင်ကွင်း ရှိတယ်၊

ရုံးခန်းထဲမှာ စကားပြောနေတယ်၊ သူက အလိုအလျောက် လှေ
က ဆင်းကာ တွေဝေစွာရပ်ပြီး နားထောင်တယ်၊



"ဒမ်ဘလီဒိုး၊ ဘာအဆက်အစပ်ရှိတယ်ဆိုတာ ကျုပ် မတွေ့ဘူး၊
နည်းနည်းမှ မတွေ့ဘူး" အဲဒါ မော်ဝန်ကြီးဌာန ဝန်ကြီး ကွန်နယ်လစ်-ဖဒ်ဂ်ရဲ့
အသံ၊ "လူဒိုက ပြောတယ်၊ ဘာသာဟာ လမ်းမှားနေလို့တဲ့၊ ကျုပ်ကလဲ အခု
သူမကို ရှာလို့တွေ့ဖို့ကောင်းပြီလို့ ထင်တာပဲ၊ ဒါပေမယ့် ဘယ်လိုပဲပြောပြော၊
ကျွန်တော်တို့ ရာဇဝတ်မှုဖြစ်တဲ့ပုံ မတွေ့ရဘူး၊ ဒမ်ဘလီဒိုး၊ နည်းနည်းမှ မတွေ့
ဘူး၊ သူမ ပျောက်ဆုံးတာကို ဘာထီ-ခရောက်ချ် ပျောက်တာနဲ့ တွဲပြောတာ
ကတော့၊ တွေ့ကရာလျှောက်ပြောနေတာပဲ"

"ဝန်ကြီး၊ ဘာထီ-ခရောက်ချ် ဘယ်လိုဖြစ်မယ်လို့ ခင်ဗျားထင်လဲ"
မူဒီရဲ့အသံသြသြက ပြောတယ်၊

"ကျုပ်က ဖြစ်နိုင်ခြေနှစ်မျိုးရှိတယ်လို့ ထင်တယ်၊ အလတ်စတာ"
ဖဒ်ဂ်က ပြောတယ်၊ "ခရောက်ချ်ဟာ လုံးဝရူးသွားတာ ဖြစ်ချင်ဖြစ် ——
သူ့ဖြစ်စဉ်အရ ပြောရရင်၊ ဒါဖြစ်နိုင်တယ်၊ ခင်ဗျားတို့လဲ သဘောတူမယ်
ထင်တယ် —— သူ သတိလစ်ပြီး လျှောက်သွားတော့ ဘယ်ရောက်သွားမှန်း
မသိတော့ဘူး ——"

"ဒီလိုသာဆိုရင်၊ သူသွားတာလဲ သိပ်ကိုမြန်လွန်းနေတယ်၊ ကွန်နယ်
လစ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်၊

"ဒါဆိုလဲ —— ဖြစ်နိုင်တာက . . . ." ဖဒ်ဂ်အသံဟာ နည်းနည်း
ရှိန်းတိန်းတိန်းနဲ့၊ "ဖြစ်နိုင်တာက၊ သူ့ကို တွေ့တဲ့နေရာကို ကျုပ် သွားကြည့်
ပြီးမှပဲ ခန့်မှန်းတာပေါ့၊ ဒါပေမယ့်၊ ခင်ဗျားက ဗျူစ်ဘာတန် မြင်းလှည်းဘေးမှာ
တွေ့တယ်လို့ ပြောတယ် ? ဒမ်ဘလီဒိုး၊ ခင်ဗျား အဲဒီမိန်းမအကြောင်း သိလား"

"သူမဟာ အလွန်တော်တဲ့ အမျိုးသမီးကျောင်းအုပ်လို့ ကျွန်တော်
ထင်တယ် —— ပြီးတော့ အကလဲ သိပ်ကောင်းတယ်" ဒမ်ဘလီဒိုးက တည်ငြိမ်
စွာ ပြောတယ်၊

"ရပြီ၊ ဒမ်ဘလီဒိုး" ဖဒ်ဂ်က စိတ်ဆိုးစွာ ပြောတယ်၊ "ခင်ဗျားဟာ
ဟက်ဂရစ်အတွက်မို့ သူမကို ဘက်လိုက်တယ်လို့ မထင်ဘူးလား၊ သူတို့ဟာ
အဆိပ်မရှိကြတာ မဟုတ်ဘူး —— တကယ်လို့ ခင်ဗျားက ဟက်ဂရစ်ဟာ
အန္တရာယ်မရှိဘူးလို့ ပြောနိုင်ရင်၊ ရေမတိရစ္ဆာန်ကြီးတွေပေါ် ၎င်းရဲ့ထွလမ်းမှု
ကိုကော ——"

"ကျွန်တော် မဒမ်မက်ဆင်းပေါ်မှာ ဟက်ဂရစ်ကို သိုသလိုယုံတယ်"

www.burmeseclassic.com



ဒမ်ဘလီဒိုးဟာ တည်ငြိမ်စွာပဲ ဖြေတယ်။ "ခင်ဗျားမှာ တစ်ဖက်သတ်ကျ အမြင်ရှိတယ်လို့ ကျွန်တော်က ထင်တယ်၊ ကွန်နယ်လစ်"

"ကျွန်တော်တို့ ရပ်လို့ရမလား" မူးဒီက အော်ဟောက်တယ်။

"ကောင်းပြီ၊ ကောင်းပြီ၊ ကျုပ်တို့ ခုပဲကွင်းထဲသွားမယ်" ဖဒ်ဂ် စိတ်မရှည်ဘဲ ပြောတယ်။

"ဟင့်အင်း၊ ကျုပ်က ဒီသဘောမဟုတ်ဘူး" မူးဒီက ပြောတယ် "ဒမ်ဘလီဒိုး၊ ပေါ်တာက ခင်ဗျားနဲ့ စကားပြောချင်တယ်။ သူ တံခါးအပြင်မှာ စောင့်နေတယ်"



# ၃၀။ အတွေးဇလုံ

ရုံးခန်းတံခါး ပွင့်သွားတယ်။

"မင်္ဂလာပါ၊ ပေါ်တာ" မူးဒီက ပြောတယ်။ "ဝင်ခဲ့ပါ"

ဟယ်ရီ အခန်းထဲ ဝင်လိုက်တယ်။ သူ အရင်က ဒမ်ဘလီဒိုးရုံးခန်းကို …က်ဖူးတယ်။ ဒါဟာ အလွန်လှပတဲ့ အခန်းဝိုင်းဝိုင်းဖြစ်တယ်။ နံရံပေါ်မှာ …ဂ်ဝပ်ရဲ့ ကျောင်းအုပ်အဆက်ဆက် ဓာတ်ပုံတွေ ချိတ်ထားတယ်။ ၎င်းတို့ …းလုံး အိပ်မောကျနေတယ်။ ရင်ဘတ်တွေ အသာလေး နိမ့်ချည်မြင့်ချည် …နေတယ်။

ကွန်နယ်လစ်-ဖဒ်ဂ်ဟာ ဒမ်ဘလီဒိုးစားပွဲဘေး ရပ်နေတယ်။ ၎င်း …ကိုင်းဝတ်ဆင်တဲ့ အစင်းစိပ်စိပ်ခြုံထည်ကို ခြုံထားတယ်၊ လက်ထဲမှာက …ရဲ့ အစိမ်းပုပ်ရောင်ဦးထုပ်။

"ဟယ်ရီ" ဖဒ်ဂ်က ပျော်ရွှင်စွာ လျှောက်လာပြီး ပြောတယ်။ "နေ …ကောင်းရဲ့လား"

"ကောင်းပါတယ်" ဟယ်ရီက အမှန်အတိုင်းမပြောဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဟိုညက မစ္စတာ ခရောက်ချ် ကွင်းထဲမှာ ပေါ်ပေါက်လာတဲ့ အကြောင်း ပြောနေတယ်" ဖဒ်ဂ်က ပြောတယ်။ "မင်း သူ့ကို တွေ့တာ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ သူတို့စကားပြောနေတာကို မကြားဘူးလို့ ဟန်ဆောင်တာ အကျိုးမရှိဘူးလို့ သူထင်တယ်။ ဒါနဲ့ ဖြည့်ပြော တယ်။ "ဒါပေမယ့် ကျွန်တော် မဒမ်မက်ဆင်းကို မတွေ့ဘူး။ သူမ သေချာပုန် နေဖို့ဆိုတာ သိပ်မလွယ်ဘူး၊ ဟုတ်လား"

ဒမ်ဘလီဒိုးဟာ ဖဒ်ဂ်ကျောဘက်ကနေ ဟယ်ရီ့ကို ပြုံးပြတယ် သူ့မျက်လုံးက လက်နေတယ်။

"အော၊ အော" ဖဒ်ဂ်က မနေတတ်သလို ဖြစ်သွားတယ်။ "ကျုပ်တို့ ကွင်းထဲ သွားမလို့။ ဟယ်ရီ၊ မင်းဖြစ်နိုင်မယ်ဆိုရင် . . . . စာသင်ခန်းကို ပြန် သွားလို့ ရပြီ . . . ."

"ပါမောက္ခ၊ ကျွန်တော် သင်နဲ့ စကားပြောချင်တယ်" ဟယ်ရီက ဒမ်ဘလီဒိုးကို ကြည့်ပြီး အလောတကြီးပြောတယ်။ ဒမ်ဘလီဒိုးက သူ့ကို အမြ အကဲခတ်ကြည့်လိုက်တယ်။ "မင်း ဒီမှာစောင့်နေ၊ ကျုပ်တို့ ကွင်းကို စစ်ကြည် တာ သိပ်မကြာပါဘူး"

သုံးယောက်သား ဟယ်ရီ့ဘေးကနေ တိတ်တိတ်ထွက်သွားတယ် တံခါးပိတ်သွားတယ်။ တစ်မိနစ်ကြာတော့ မူးဒီရဲ့ သစ်သားခြေတုဟာ အောက် ဘက်စင်္ကြံထဲမှာ တဖြည်းဖြည်းဝေးသွားတာ ဟယ်ရီ ကြားရတယ်။ သူဟာ ဘေးပတ်လည်ကို စတင်ကြည့်ရှုတယ်။

"မင်္ဂလာပါ၊ ဖော့ခ်စ်" ဟယ်ရီက ပြောတယ်။

ပါမောက္ခ ဒမ်ဘလီဒိုးရဲ့ ဖီးနစ်ငှက်ဖော့ခ်စ်ဟာ တံခါးဘေးက ရောင်နားကိုင်းပေါ်မှာ နားနေတယ်။ အရွယ်က ငန်းလောက်ကြီးတယ်။ အ ရဲရဲနဲ့ ရွှေရောင်အမွေးအတောင်တွေ ရှိတယ်။ ၎င်းက အမြီးတောင်ရှည်ရှည် လှုပ်ပြပြီး ဟယ်ရီ့ကို ခင်မင်စွာ မျက်စိမှိတ်ပြတယ်။

ဟယ်ရီဟာ ဒမ်ဘလီဒိုးစားပွဲရှေ့က ထိုင်ခုံတစ်လုံးမှာ ထိုင်လိုက် တယ်၊ မိနစ်အချို့ကြာအောင်ထိုင်ပြီး မှန်ဘောင်ထဲမှာ ဟောက်နေတဲ့ ကျောင် အုပ်ဆရာကြီးတွေကို ကြည့်နေတယ်။ ခုနက သူကြားရတဲ့စကားကို စဉ်းစာ နေတယ်၊ လက်နဲ့လည်း သူ့အမာရွတ်ကို ပွတ်သပ်နေတယ်။ အခုအမာရွတ်က



နာတော့ဘူး။

ဒမ်ဘလီဒိုးရုံးခန်းထဲ ရောက်နေပြီး၊ ချက်ချင်းဆိုသလို ဟိုအိပ်မက် ကို ကျောင်းအုပ်ဆရာကြီး ပြောပြရတော့မယ်ဆိုတာ သိတဲ့အတွက်၊ ဟယ်ရီ ဟာ အများကြီး တည်ငြိမ်သွားတယ်။ သူဟာ စားပွဲနောက်က နံရံပေါ်ကို ကြည့်တယ်။ ဟောင်းနွမ်းပြီး အဖာအထေးနဲ့ အမျိုးအစားခွဲဦးထုပ်ကို စင်ပေါ် မှာ တင်ထားတယ်။ ဘေးက ဖန်ဘူးထဲမှာ ငွေရောင်လက်နေတဲ့ ဓားတစ်လက် ထည့်ထားတယ်။ ဓားရိုးပေါ်မှာ ပတ္တမြားလုံးအကြီးကြီး ရှိတယ်။ အဲဒါဟာ ဟယ်ရီ ဒုတိယနှစ်တုန်းက အမျိုးအစားခွဲဦးထုပ်ထဲက ဆွဲထုတ်တဲ့ဓားဆိုတာ သူမှတ်မိတယ်။ ၎င်းဟာ အရင်က သူတို့ ဟောက်စ်ကျောင်းကို တည်ထောင် ခဲ့သူ ဂေါ့ဒရစ်-ဂရစ်ဖင်းဒေါ ပိုင်တယ်။ ဟယ်ရီက ဓားကို ငေးကြည့်နေတယ်၊ သူ့အဖို့ အားလုံးကုန်ဆုံးသွားပြီလို့ ထင်တဲ့အခါမှာ ဒီဓားက သူ့ကို ကယ်ခဲ့တာ။ ခဏတရက်၊ ဖန်အုပ်ဆောင်းပေါ်မှာ ငွေရောင်လက်သွားတာ သူမြင်လိုက်ရ တယ်။ အလင်းရောင် ဘယ်ကလာလဲဆိုတာ သူလှည့်ကြည့်တယ်။ သူ့ကျော ဘက်မှာ သေချာပိတ်မထားတဲ့ ဗီရိုအနက်တစ်ခုရှိတာ တွေ့ရတယ်။ အထဲ ကနေ လင်းလက်တဲ့ငွေရောင် ထွက်လာတယ်။ ဟယ်ရီ ခဏတုံ့ဆိုင်းနေပြီး၊ ဖော့ခ်စ်ကို ကြည့်လိုက်တယ်။ ဒီနောက် လျှောက်သွားပြီး ဗီရိုတံခါးကို ဆွဲဖွင့် လိုက်တယ်။

ဗီရိုထဲမှာ ကျောက်ဇလုံတိမ်တိမ်လေးတစ်လုံး ရှိတယ်။ ဇလုံနှုတ်ခမ်း မှာ ထူးဆန်းတဲ့ ပန်းပုထုထားတယ်၊ ဟယ်ရီ မသိတဲ့စာလုံးနဲ့ သင်္ကေတတွေ ပဲ။ ငွေရောင်ဟာ ဇလုံထဲကအရာက ထွက်လာတာ။ ဟယ်ရီဟာ ဒီလို အရာကို ဘယ်တုန်းကမှ မတွေ့ဖူးဘူး။ ၎င်းဟာ အရည်လား၊ အငွေ့လား ဆိုတာ သူ မဝေခွဲတတ်ဘူး။ ၎င်းဟာ တောက်ပတဲ့ငွေစင်နဲ့ တူတယ်၊ ဒါပေမယ့် အဆက်မပြတ် စီးဆင်းနေတယ်၊ ရေမျက်နှာပြင်လို လေပြည်မှာ လှိုင်းကြက်ခွပ် လေးတွေ တက်နေတယ်၊ တိမ်စိုင်တွေလိုလည်း လွင့်ပြယ်သွားလိုက်၊ သိမ်မွေ့စွာ လည်ပတ်လိုက် ဖြစ်နေတယ်။ ၎င်းဟာ အရည်ဖြစ်သွားတဲ့ အလင်းရောင်နဲ့ တူတယ် —— အခဲဖြစ်နေတဲ့ လေနဲ့လည်း တူတယ် —— ဟယ်ရီ ဝေခွဲလို့ မရဘူး။

သူက ၎င်းကို ကိုင်ကြည့်ချင်တယ်။ ဘယ်လိုခံစားရမလဲ သိချင်တယ်။ ဒါပေမယ့် မှော်လောကမှာ လေးနှစ်နီးပါးနေခဲ့တဲ့ အတွေ့အကြုံက လက်ကို

www.burmeseclassic.com

www.burmeseclassic.com



မသိသေးတဲ့အရာရှိတဲ့ ဇလုံထဲထည့်တာဟာ အနရာကျတယ်ဆိုတာ သူသိ တယ်၊ ဒါနဲ့ သူဟာ ဝတ်ရုံရှည်ထဲကနေ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ် စိတ်တင်းကျပ်စွာနဲ့ ဘေးဘီကို ကြည့်ပြီးနောက် ဇလုံထဲကအရာကို ထိုးလိုက် တယ်၊ ငွေရောင်အရာဝတ္ထုရဲ့ မျက်နှာပြင်ဟာ ပိုပြီး မြန်မြန်လည်ပတ်လာတယ်

ဟယ်ရီက ကုန်းပြီး ခေါင်းကို ဗီရိုထဲ အကုန်ထိုးကြည့်တယ်။ ငွေရောင် အရာဝတ္ထုဟာ ကြည်လင်လာတယ်၊ မှန်နဲ့ တူလာတယ်။ သူက အထဲကို သေချာကြည့်တယ်။ ကျောက်ဇလုံရဲ့အခင်းကို တွေ့ရမယ်ထင်တယ် —— ဒါပေမယ့် အဲဒီထူးဆန်းတဲ့ အရာဝတ္ထုရဲ့အောက်မှာက အလွန်ကြီးတဲ့အိမ်ကြီး ဖြစ်နေတယ်။ သူဟာ ခေါင်မိုးပြုတင်းဝိုင်းဝိုင်းကြီးကနေ အိမ်ထဲကြည့်ရသလို

အိမ်ထဲမှာ အလင်းရောင်မှုန်မွားနေတယ်၊ အဲဒါ မြေအောက်မှာ ဖြစ်မယ်လို့ သူက တွေးတယ်၊ အကြောင်းက အိမ်ရဲ့လေးဘက်လေးတန်စလုံး မှာ ပြုတင်းပေါက်မရှိဘဲ ဟော့ဂ်ဝပ်မှာလို နံရံရှိ ဒေါက်ပေါ် ထိုးထားတဲ့ မီးတုတ် ရှိတယ်၊ ဟယ်ရီက ပိုကပ်ကြည့်တယ်၊ နှာခေါင်းနဲ့ မှန်လိုအရာဝတ္ထုနဲ့ တစ် လက်မပဲ ကွာတော့တယ်။ မှော်ဆရာတွေဟာ လေးဘက်စလုံးမှာရှိတဲ့ လှေကား ထစ်သဏ္ဌာန် ခုံတန်းရှည်ပေါ်မှာ ထိုင်နေတာ တွေ့ရတယ်။ အခန်းရဲ့အလယ် ဗဟိုမှာ ကုလားထိုင်အလွတ်တစ်လုံး ချထားတယ်၊ ဒီထိုင်ခုံဟာ ဟယ်ရီ့ကို နိမိတ်မကောင်းတဲ့ ခံစားချက်ဖြစ်စေတယ်။ အကြောင်းက ၎င်းရဲ့ လက်တန်း ပေါ်မှာ သံကြိုးရစ်ထားတယ်၊ လူကိုချည်ဖို့နဲ့ တူတယ်။

ဒါဘယ်နေရာလဲ။ ဟော့ဂ်ဝပ်မဟုတ်တာ သေချာတယ်၊ ရဲတိုက် ထဲမှာ ဒီလိုအခန်းမျိုး သူမမြင်ဖူးဘူး။ ဒီပြင်၊ ဇလုံအောက်က ဆန်းကြယ်တဲ့ အိမ်ခန်းထဲကလူတွေဟာ အားလုံး လူကြီးတွေပဲ။ ဟော့ဂ်ဝပ်မှာ ဆရာ ဒီလောက် များများ မရှိတာ ဟယ်ရီ သိတယ်။ ဒီလူတွေဟာ တစ်ခုခုစောင့်နေတယ်လို့ သူထင်တယ်။ သူဟာ ၎င်းတို့ရဲ့ ဦးထုပ်ထိပ်ကိုပဲ မြင်ရပေမယ့်၊ လူအားလုံးရဲ့ မျက်နှာဟာ တစ်ဖက်တည်းကိုပဲ လှည့်နေတယ်။ ပြီးတော့ ဘယ်သူမှ စကား မပြောဘူး။

ဇလုံးက အဝိုင်း၊ အဲဒီအိမ်ခန်းက လေးထောင့်။ ဟယ်ရီဟာ ထောင့် ထဲက အခြေအနေကို မမြင်ရဘူး။ သူက ပိုကုန်းသွားပြီး ခေါင်းကိုစောင်းကာ မြင်ရအောင်လုပ်တယ် . . . .

သူ့နှာခေါင်းဖျားဟာ အဲဒီထူးဆန်းအရာဝတ္ထုရဲ့ မျက်နှာပြင်နဲ့ ထိ



သွားတယ်။

ဒမ်ဘလီဒိုးရဲ့ ရုံးခန်းဟာ ရုတ်တရက် စောင်းသွားတယ် —— ဟယ်ရီ့ ကိုယ်ခန္ဓာ ရှေ့သို့တွန်းပို့လိုက်သလိုဖြစ်ပြီး ခေါင်းဇောက်ထိုးစိုက်ကာ ဇလုံထဲ ထိုးကျသွားတယ် ——

ဒါပေမယ့် သူ့ခေါင်းနဲ့ ဇလုံအောက်ခင်းနဲ့ မထိဘူး။ သူဟာ အေးစက် မှောင်မည်းတဲ့ အရာဝတ္ထုထဲမှာ အောက်ကို ကျဆင်းသွားတယ်။ အနက်ရောင် ဝဲဩဃက်ထဲ စုတ်သွင်းခံရသလိုပဲ ——

ရုတ်တရက်ကြီး၊ ဟယ်ရီဟာ မိမိဇလုံအောက်ရှိ ဟိုအိမ်ခန်းထဲက အစွန်ဆုံးတန်းလျားပေါ် ထိုင်နေတာ တွေ့ရတယ်။ အဲဒီတန်းလျားဟာ တခြား ခုံတွေထက် မြင့်တယ်။ သူက ကျောက်မျက်နှာကြက်မြင့်မြင့်ကြီးကို မော့ ကြည့်တယ်၊ ဟိုခေါင်မိုးတံခါးဝိုင်းဝိုင်းကို ရှာတယ်။ ဒါပေမယ့် အမှောင်နဲ့ ခိုင်ခန့်တဲ့ ကျောက်တုံးတွေပဲ တွေ့ရတယ်။

ဟယ်ရီ အသက်ရှူမှုဟာ တင်းကျပ်ပြီး မြန်နေတယ်။ သူက လေး ဘက်လေးတန် ဝေ့ကြည့်တယ်။ ဘယ်မှော်ဆရာကမှ သူ့ကို မကြည့်ဘူး (အိမ် ခန်းထဲမှာ အနည်းဆုံး မှော်ဆရာနှစ်ရာလောက် ရှိတယ်)။ အသက် ဆယ့်လေး နှစ်အရွယ် မှော်ဆရာတစ်ယောက် ခုတင်ပဲ မျက်နှာကြက်ကနေ သူတို့ထဲ ကျလာတာကို သတိပြုမိသူမရှိသလိုပဲ၊ ဟယ်ရီက သူ့ဘေးရှိ မှော်ဆရာကို လှည့်ကြည့်လိုက်တော့၊ လန့်ပြီး အော်ထွက်သွားတယ်။ အော်သံဟာ လေးနက် ငြိမ်သက်တဲ့ အိမ်ခန်းအလယ်မှာ ပဲ့တင်ထပ်သွားတယ်။

သူ့ဘေးကလူဟာ အောဘတ်စ်-ဒမ်ဘလီဒိုး ဖြစ်နေတယ်။

"ပါမောက္ခ" ဟယ်ရီဟာ အသက်မရှူနိုင်သလောက်ဖြစ်ပြီး တိုးတိုး ပြောတယ်။ "ဝမ်းနည်းပါတယ် —— ကျွန်တော် တမင်လုပ်တာမဟုတ်ဘူး။ ကျွန်တော် ခုနက သင့်ဗီရိုထဲက ကျောက်ဇလုံကို ကြည့်နေတာပါ —— ကျွန် တော် —— ကျွန်တော်တို့ ဘယ်မှာလဲ"

ဒါပေမယ့် ဒမ်ဘလီဒိုးဟာ လှုပ်လည်းမလှုပ်ဘူး၊ စကားလည်း မပြော ဘူး၊ သူဟာ ဟယ်ရီ့ကို လုံးဝဂရုမစိုက်ဘူး။ သူဟာ တန်းလျားပေါ်က ကျန် မှော်ဆရာတွေလိုပဲ အဝေးက အိမ်ခန်းထောင့်ကို ကြည့်နေတယ်။ အဲဒီမှာ တံခါးတစ်ခုရှိတယ်။

ဟယ်ရီက နားမလည်စွာနဲ့ ဒမ်ဘလီဒိုးကို ကြည့်နေတယ်၊ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ စောင့်စားနေတဲ့လူတွေကို ကြည့်ပြန်တယ်။ ဒီနောက် တစ် ဒမ်ဘယ်လီဒိုးကို ကြည့်ပြန်တယ်။ သူ ရုတ်တရက် သတိရလိုက်တယ် . . . .

အရင်က၊ ဟယ်ရီလည်း တစ်နေရာရောက်ဖူးတယ်။ အဲဒီကလူတွေ သူ့ကို မမြင်ရဘူး၊ သူစကားပြောတာလည်း မကြားရဘူး။ အဲဒီအကြိမ်တုန်းက သူဟာ မှော်ပညာနဲ့ စီရင်ထားတဲ့ နေ့စဉ်မှတ်တမ်းက စာမျက်နှာတစ်ခုက လူတစ်ယောက်ရဲ့ ပြန်လည်သတိရချက်ထဲ ရောက်သွားတာ . . . . သူထင်တာ မလွဲဘူးဆိုရင်၊ အခုအဲဒါမျိုး ထပ်ဖြစ်ပြန်ပြီ . . . .

ဟယ်ရီက ညာဘက်လက်ကို မြှောက်လိုက်တယ်။ ခဏတွေဝေ နောက်၊ ဒမ်ဘယ်လီဒိုးရှေ့မှာ အားနဲ့ ယမ်းလိုက်တယ်။ ဒမ်ဘယ်လီဒိုးက မျက်တော မခတ်ဘူး၊ ဟယ်ရီ့ကိုလည်း လှည့်မကြည့်ဘူး။ သူ တုတ်တုတ်မျှ မလှုပ်ဘူ ဒါက မိမိတွေးတာ မှန်ကန်ကြောင်း အပြည့်အဝ သက်သေပြတာပဲလို့ ဟယ် က တွေးတယ်။ ဒမ်ဘယ်လီဒိုးဟာ မိမိကို ဒီလိုမမြင်ချင်ယောင်ဆောင်မှာ မဟု ဘူး။ သူ အခု ပြန်လည်သတိရတဲ့ထဲမှာ ရောက်နေတယ်။ ဒါ လက်ရှိဒမ်ဘယ်လီ မဟုတ်ဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ကာလအကြာကြီးက ဖြစ်မယ် . . . . သူ့ေ မှာ ထိုင်နေတဲ့ ဒမ်ဘယ်လီဒိုးဟာ အခုလိုပဲ ဆံပင်ဖြူဖွေးနေတယ်၊ ဒါပေမ ဒါ ဘယ်နေရာလဲ၊ ဒီမှော်ဆရာတွေ ဘာစောင့်နေလဲ။

ဟယ်ရီဟာ ဘေးပတ်လည်ကို သေချာအကဲခတ်ကြည့်တယ်။ အပေါ်ကအောက်ကို ကြည့်တုန်းက ခန့်မှန်းသလိုပဲ၊ ဒီအိမ်ခန်းဟာ မြေအော မှာလို့ လုံးဝပြောနိုင်တယ် —— ၎င်းဟာ မြေအောက်ထောင်နဲ့ ပိုတူနေတယ် သူထင်တယ်။ အိမ်ခန်းထဲမှာ မည်းပြီးခက်ထန်တဲ့လေထု လွှမ်းနေတယ်။ န ပေါ်မှာ ပန်းချီကားမရှိဘူး၊ တခြား ဘာအလှဆင်မှုမှ မရှိဘူး။ နံရံလေးဘက် ခုံတန်းရှည်ရှည်တွေ လှေကားထစ်ပုံစံ တန်းစီနေတာသာ ရှိတယ်။ နေ အားလုံးကနေ သံကြိုးပါတဲ့ ထိုင်ခုံကို မြင်နိုင်တယ်။

ဒါ ဘယ်နေရာလဲဆိုတာ ဟယ်ရီ တွေးမရသေးခင်မှာပဲ၊ ခြေသံ ကြ ရတယ်။ မြေအောက်ထောင်ခန်းအကွေ့က တံခါးပွင့်သွားတယ်။ လူသုံးယော ဝင်လာတယ် —— အနည်းဆုံးတစ်ယောက်ကတော့ လူ။ ဝိညာဉ်စုပ်ကော နှစ်ကောင်က ချုပ်ခေါ်လာတယ်။

ဟယ်ရီရဲ့ ကလီဇာတွေ ချက်ချင်း ရေခဲလို အေးစက်သွားတယ အဲဒီ ဝိညာဉ်စုပ်ကောင်နှစ်ကောင် —— မျက်နှာကို ခေါင်းစွပ်ဦးထုပ်နဲ့ ဖုံးကွ



ထားတဲ့ ကြီးမားတဲ့အကောင်တွေ —— ဖြည်းဖြည်းချင်း အိမ်ခန်းအလယ်က ကုလားထိုင်ဆီ လျှောက်သွားတယ်။ ပုပ်ဆွေးနေတဲ့ လူသေလိုလက်မျိုးဟာ အလယ်ကလူရဲ့လက်မောင်းကို တအားဆုပ်ကိုင်ထားတယ်။ အဲဒီလူဟာ မေ့လဲ မိန်းနေပြီလိုပဲ။ ဒါ သူ့ကို အပြစ်မတင်သင့်ဘူးလို့ ဟယ်ရီက ထင်တယ် . . . . ပြန်လည်သတိရချက်ထဲမှာ ဝိညာဉ်စုပ်ကောင်ဟာ သူ့ကို ဒုက္ခမပေးနိုင်ဘူး ဆိုတာ ဟယ်ရီ သိပေမယ့်၊ သူဟာ ၎င်းတို့ရဲ့အင်အားကို စွဲနေအောင် မှတ်မိ နေတဲ့အတွက်၊ ဒီနေ့ထိ ကြောက်စိတ်ရှိတုန်းပဲ။ ပတ်ဝန်းကျင်ကလူတွေဟာ နည်းနည်းကြောက်သလိုပဲ။ ဝိညာဉ်စုပ်ကောင်ဟာ ဟိုလူကို သံကြိုးရှိတဲ့ထိုင်ခုံ မှာ ထည့်ပြီးနောက်၊ ဖြည်းဖြည်းချင်း အိမ်ခန်းထဲက ထွက်သွားကာ တံခါးကို ပိတ်လိုက်တယ်။

ဟယ်ရီက ထိုင်ခုံပေါ်ကလူကို ကြည့်လိုက်တယ်၊ အဲဒါ ခါခါရော့ဖ် ဖြစ်နေတယ်။

ဒမ်ဘယ်လီဒိုးနဲ့ မတူဘူး၊ ခါခါရော့ဖ်ဟာ အခုထက်အများကြီးငယ်ပုံ ရတယ်။ ဆံပင်နဲ့ မုတ်ဆိတ်တွေ မည်းနေတုန်းပဲ။ သူဟာ ပြောင်ချောတဲ့ သားမွေးဝတ်ရုံရှည် ဝတ်မထားဘဲ၊ ပါးလွှာစုတ်ပြတ်တဲ့ ဝတ်ရုံရှည် ဝတ်ထား တယ်၊ သူ တုန်နေတယ်။ ဟယ်ရီ သူ့ကို ကြည့်နေတဲ့အချိန်မှာပဲ၊ ထိုင်ခုံလက် တန်းပေါ် ရစ်ထားတဲ့ သံကြိုးဟာ ရွှေရောင်ထွက်လာပြီး ခါခါရော့ဖ်ရဲ့လက် မောင်းကို ရစ်ပတ်ကာ ၎င်းကို ထိုင်ခုံမှာ ချည်နှောင်ထားလိုက်တယ်။

"အီဂေါ-ခါခါရော့ဖ်" ဟယ်ရီ့ဝဲဘက်က အလွန်ငေါင်းငေါင်းအသံ တစ်သံက ပြောတယ်။ ဟယ်ရီ လှည့်ကြည့်လိုက်တော့ မစ္စတာခရောက်ချ် ဟာ ဘေးရှိထိုင်ခုံတန်းလျားအလယ်မှာ မတ်တတ်ရပ်လိုက်တာ တွေ့ရတယ်။ ခရောက်ချ်ရဲ့ ဆံပင်က အနက်၊ မျက်နှာပေါ်က အရေးအကြောင်းတွေလည်း အတော် နည်းတယ်။ သူ့ကြည့်ရတာ အာရုံပွင့်လန်းနေတယ်။ "သင့်ကို အက် ဇဘန်က ခေါ်ထုတ်လာတာ၊ မှော်ဝန်ကြီးဌာနကို သက်သေပြဖို့ ဖြစ်တယ်။ သင်က ကျွန်ုပ်တို့ကို အရေးကြီးသတင်း အစီရင်ခံစရာရှိတယ်လို့ ပြောတယ်"

ခါခါရော့ဖ်ဟာ ထိုင်ခုံမှာ တင်းတင်းချည်နှောင်ထားတဲ့အတွက် မတ်နိုင်သလောက် ကိုယ်ကို မတ်လိုက်တယ်။

"ဟုတ်ပါတယ်၊ ဆရာ" သူ့အသံထဲမှာ ကြောက်ရွံ့မှုအပြည့်ရှိနေပေ မယ့် သူ ၎င်းနှီးပြီးသား ၎င်းရဲ့ကလိမ်ကကျစ်လေသံကို ဟယ်ရီ ကြားနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မှော်ဝန်ကြီးဌာနအတွက် အလုပ်အကျွေးပြုချင်ပါတယ်။ ကျွန်တော် အကူအညီပေးလိုပါတယ် —— မှော်ဝန်ကြီးဌာနဟာ အခု —— မှော်နက် ဆရာကြီးကို ထောက်ခံသူတွေကို လိုက်ဖမ်းနေတယ်။ ကျွန်တော် တတ်အား သဖြင့် သင်တို့ကို ကူညီပါမယ် . . . ."

အခန်းထဲမှာ အချင်းချင်းစကားပြောသံတွေ ပေါ်လာတယ်။ မှော် ဆရာတချို့ဟာ စိတ်ဝင်စားစွာနဲ့ ခါခါရောဖ်ကို အကဲခတ်ကြည့်နေတယ်။ ကျန် တချို့ကတော့ ထင်ရှားစွာ မယုံကြည်ပုံပေါ်နေတယ်။ ဒမ်ဘလီဒိုးရဲ့ ပိုတစ် ဖက်က သူကျက်မိနေတဲ့ အသံအောအောနဲ့ ပြောလိုက်တဲ့ "အမှိုက်သရိုက်" ဆိုတဲ့ အသံကို ဟယ်ရီ ရှင်းလင်းစွာ ကြားရတယ်။

ဟယ်ရီက အဲဒီဘက်ကို ခေါင်းငဲ့ကြည့်လိုက်တော့ အရှူးမျက်လုံး မူးဒီ အဲဒီမှာ ထိုင်နေတယ် —— ဒါပေမယ့် သူ့ရုပ်ပုံဟာ အလွန်ထူးခြားစွာ မတူတာ ရှိတယ်။ သူ့မှာ မှော်မျက်လုံးမရှိသေးဘူး၊ ရိုးရိုးမျက်လုံးတစ်စုံပဲ ရှိတယ်။ အဲဒီ မျက်လုံးအစုံဟာ ခါခါရောဖ်ကို ကြည့်နေတယ်။ မူးဒီရဲ့ မျက်လုံးတွေ မှေးထား တယ်၊ ပြင်းထန်တဲ့ ရွံမုန်းစိတ် ပါနေတယ်။

"ခရောက်ချ်က သူ့ကို လွှတ်မလို့" မူးဒီက ဒမ်ဘလီဒိုးကို တိုးတိုး ပြောတယ်၊ "သူက သူနဲ့ အလဲအလှယ်လုပ်လိုက်တယ်။ ကျုပ်က သူ့ကို ခြောက်လအကုန်ခံပြီးမှ ဖမ်းလို့ရတာ။ အခုတော့ သူက တခြားလူအများကို ဖော်ထုတ်နိုင်ရင် ခရောက်ချ်က သူ့ကို လွှတ်ပစ်မှာ။ ကျုပ်အနေနဲ့ကတော့ သူပြောမယ့်သတင်းကို အရင်နားထောင်ကြည့်၊ ဒီနောက် သူ့ကို ဝိညာဉ်စုပ် ကောင်တွေဆီ ပြန်ပေးလိုက်"

ဒမ်ဘလီဒိုးဟာ ၎င်းရဲ့ သိန်းငှက်နှုတ်သီးလို နှာခေါင်းရှည်ရှည်ထဲ ကနေ ဒီလိုလည်း မဟုတ်သေးဘူးဆိုတဲ့အသံမျိုး ထွက်လာတယ်။

"အား၊ ကျုပ် မေ့နေတယ် . . . . မင်းက ဝိညာဉ်စုပ်ကောင်တွေ မကြိုက်ဘူး၊ ဟုတ်လား။ အောဘတ်စ်" မူးဒီက သရော်တဲ့အပြုံးနဲ့ မေးတယ်။

"ဟုတ်တယ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ "ကျုပ် မကြိုက် ဘူး၊ မှော်ဝန်ကြီးဌာနနဲ့ ဒီအကောင်တွေ ရောထွေးနေတာ မှားတယ်လို့ ကျုပ် တစ်လျှောက်လုံး ထင်ခဲ့တယ်"

"ဒါပေမယ့်၊ ဒီလိုအမှိုက်သရိုက် . . . ." မူးဒီက တိုးတိုးပြောတယ်။

"ခါခါရောဖ်၊ မင်းက လူတချို့နာမည် သိတယ်ပြောတယ်" ခရောက်ချ်



က ပြောတယ်။ "ကျုပ်တို့ကို ပြောပြစမ်းပါ"

"သင်သိရမှာက" ခါခါရောဖ်က လောလောပြောတယ်။ "ဟိုနာမည် ခေါ်ဝံ့သူဟာ အလုပ်လုပ်တာ သိပ်လျှို့ဝှက်တယ် . . . . သူက ကျွန်တော် တို့ကို . . . . ကျွန်တော်ဆိုလိုတာက သူ့အပေါင်းပါတွေ —— ကျွန်တော် မိမိ ကိုယ်မိမိ သူတို့နဲ့ပေါင်းမိတာ သိပ်နောင်တရတယ် ——"

"အပိုတွေမပြောနဲ့" မူးဒီက ကဲ့ရယ်ပြောတယ်။

"—— ကျွန်တော်တို့ဟာ အပေါင်းပါတွေရဲ့ နာမည်ကို ဘယ်တုန်း ကမှ မသိဘူး —— သူတစ်ယောက်ကသာ ကျွန်တော်တို့မှာ ဘယ်သူတွေ ပါတယ်ဆိုတာ သိတယ် ——"

"ဒီလိုလုပ်တာ သိပ်အမြော်အမြင်ရှိတယ်၊ ဟုတ်လား၊ ခါခါရောဖ်၊ မင်းလိုလူမျိုးက သူတို့အားလုံးကို ရောင်းစားမှာကို ကာကွယ်လို့ရတယ်" မူးဒီက ရေရွတ်ပြောဆိုတယ်။

"မင်းက လူတချို့နာမည်သိတယ်လို့ပြောတယ် မဟုတ်လား" ခရောက်ချ်က ပြောတယ်။

"ကျွန်တော် —— ဟုတ်တယ်" ခါခါရောဖ်ဟာ အသက်ရှုကြပ်စွာ ပြောတယ်။ "သတိပြုကြပါ၊ သူတို့အားလုံးဟာ အရေးအကြီးဆုံးနောက်လိုက် တွေ ဖြစ်တယ်။ သူတို့ဟာ သူ့အမိန့်အတိုင်း လုပ်ဆောင်တာ ကျွန်တော် ကိုယ်တိုင်တွေ့တယ်။ ကျွန်တော် ဒီသတင်းပေးခြင်းဖြင့်၊ ကျွန်တော်နဲ့ ၎င်းတို့ အကြား လုံးဝစည်းခြားသွားကြောင်း သက်သေပြပါတယ်၊ ပြီးတော့ အပြစ် ဒဏ်ကြောင်း ——"

"နာမည်ကော" မစ္စတာခရောက်ချ်က တင်းမာစွာ ပြောတယ်။

ခါခါရောဖ်က အသက်ပြင်းပြင်းရှူလိုက်တယ်။

"အန်တိုနီ-ဒိုလိုဟော့ဗ်" သူက ပြောတယ်။ "ကျွန်တော် —— ကျွန် တော်၊ သူ မတ်ဂဲလ် အမြောက်အမြားနဲ့ —— မှော်နက်ဆရာကြီးကို မထောက်ခံ တဲ့ လူအမြောက်အမြားကို —— သူ နှိပ်စက်တာတွေ့တယ်"

"မင်းလဲ သူ့ကို ကူညီပြီး အတူလုပ်ခဲ့တယ်" မူးဒီက ရေရွတ်ပြော တယ်၊

"ကျုပ်တို့ ဒိုလိုဟော့ဗ်ကို ဖမ်းထားပြီ" ခရောက်ချ်က ပြောတယ်၊ "မင်းကို ဖမ်းပြီးမကြာခင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား" ခါခါရော့ဖ် မျက်လုံးကြီးပြူးသွားတယ်။ "ကျွန်တော
—— ကျွန်တော် သိပ်ဝမ်းသာတယ်"

ဒါပေမယ့် သူ့ကြည့်ရတာ ဝမ်းမသာဘူး။ ဒီသတင်းဟာ သူ့အ
မြင်းထန်တဲ့ ထိုးနှက်ချက်ဆိုတာ ဟယ်ရီ မြင်တယ်။ သူ့လက်ထဲက နာမ
တစ်ခု မရှိတော့ဘူး။

"ရှိသေးလား" ခရောက်ချ်က အေးစက်စက်မေးတယ်။

"အား ရှိတယ် . . . . ရိုစီယာရှိသေးတယ်" ခါခါရော့ဖ်က ကမ
ကတမ်း ပြောတယ်။ "အိဗင်-ရိုစီယာ"

"ရိုစီယာ သေသွားပြီ" ခရောက်ချ်က ပြောတယ်၊ "သူလဲပဲ မင်းနောဝ
မကြာခင်အဖမ်းခံရတာ၊ သူက ခံမနေဘဲ သတ်ပုတ်တဲ့ထဲမှာသေတာ"

"ကျုပ် ပစ္စည်းအနည်းငယ် ယူသွားသေးတယ်" မူးဒီက ဟယ်ရီ့ည
ဘက်မှာ တိုးတိုးပြောတယ်။ ဟယ်ရီက သူ့ကို လှည့်ကြည့်ပြန်တယ်။ သူဟ
နှာခေါင်းပေါ်က ချိုင့်နေတဲ့နေရာကို လက်ညှိုးထိုးပြီး ဒမ်ဘလီဒိုးကို ပြတယ်

"ဒါ —— ရိုစီယာဟာ သူ့အပြစ်နဲ့သူပါပဲ" ခါခါရော့ဖ်ရဲ့လေသံဟ
တကယ်ပဲ စတင်ပြာလာပြီ။ သူဟာ မိမိသတင်း မှော်ဝန်ကြီးဌာနအတွက် ဘာ
အသုံးမဝင်မှာ စိုးလာပုံရတာ ဟယ်ရီ မြင်တွေ့ရတယ်၊ ခါခါရော့ဖ်ဟာ အိ
ထောင့်ကတံခါးကို ကြည့်လိုက်တယ်။ ဝိညာဉ်စုပ်ကောင်နှစ်ကောင် တံခ
နောက်မှာ ရပ်စောင့်နေမှာ သေချာတယ်၊

"ရှိသေးလား" ခရောက်ချ်က ပြောတယ်။

"ရှိတယ်" ခါခါရော့ဖ်က ပြောတယ်၊ "ထရာဗာစ် —— သူက မ
ကင်နွန်စ်ကိုသတ်ရာမှာ အကူအညီပေးတယ်၊ ပြီးတော့ မော်စီဘာ —— သူ
ဝိညာဉ်လုကျိန်စာချည်းသုံးတယ်၊ လူအများအပြားကို ကြောက်စရာအလု
တွေ အတင်းလုပ်ခိုင်းတယ်။ ရွတ်ခ်ဝုဒ်၊ သူက သူလျှို၊ မှော်ဝန်ကြီးဌာနထဲက
နာမည်မခေါ်ဝံ့သူကို အသုံးကျတဲ့သတင်း ပေးတယ်"

ဒီတစ်ခါတော့ ခါခါရော့ဖ်ဟာ ရွှေတူးမိပြီဆိုတာ ဟယ်ရီ မြင်တွေ့
တယ်။ လေးဘက်စလုံးက တိုးတိုးတိတ်တိတ်စကားသံတွေ ပေါ်ထွက်လာတ

"ရွတ်ခ်ဝုဒ်" ခရောက်ချ်က သူ့ရှေ့မှာထိုင်နေတဲ့ မှော်ဆရာမ
ခေါင်းညိတ်ပြတယ်။ ဒါနဲ့ သူမဟာ သိုးရေစက္ကူပေါ်မှာ ရေးချနေတယ်၊ "လျို့
လုပ်ငန်းဌာနခွဲက ဩဂတ်စတပ်စ်-ရွတ်ခ်ဝုဒ် ?"



"သူပဲ" ခါခါရော့ဖ်က လောလောပြောတယ်။ "သူဟာ မှော်ဝန်ကြီး
ဌာနအတွင်းမှာ ထည့်ထားတဲ့ မှော်ဆရာတစ်သုတ်ကို အသုံးပြုပြီး သတင်း
ဆောင်းတယ်လို့ ကျွန်တော် ယုံကြည်တယ် ——"

"ဒါပေမယ့် ထရာဗာစ်နဲ့ မော်စီဘာက ကျုပ်တို့သိပြီးသား" ခရောက်ချ်
ပြောတယ်။ "ကောင်းတယ်၊ ခါခါရော့ဖ်။ ဒါတွေပဲဆိုရင်၊ မင်းကို အက်ဇခါ
န် ပြန်ပို့ရလိမ့်မယ်။ ကျုပ်တို့ ဆုံးဖြတ်ပြီးမှ ——"

"ဟင့်အင်း" ခါခါရော့ဖ်က မျှော်လင့်ချက်မဲ့စွာ ထအော်တယ်။ "ခဏ
ဦး၊ ရှိသေးတယ်"

မီးတုတ်အလင်းရောင်အောက်မှာ သူ ချွေးထွက်နေတာ ဟယ်ရီ
င်ရတယ်။ ဖြူဖပ်ဖြူရော်အသားနဲ့ မည်းနက်တဲ့ဆံပင်ဟာ ဆန့်ကျင်ဘက်
လွှင်နေတယ်။

"စနိတ်ပ်" သူက အကျယ်ကြီးပြောတယ်။ "ဆီးဗရပ်စ်-စနိတ်ပ်"

"စနိတ်ပ်ကို ဤကော်မတီက လွှတ်လိုက်ပြီ" ခရောက်ချ်က အထင်
းစွာ ပြောတယ်။ "အောဘတ်စ်-ဒမ်ဘလီဒိုးက သူ့ကို အာမခံတယ်"

"ဟင့်အင်း" ခါခါရော့ဖ်က အော်ပြန်တယ်၊ သူ့ကို ထိုင်ခုံမှာ ချည်
းတဲ့သံကြိုးကို ရုန်းထွက်ချင်တယ်။ ဆီးဗရပ်စ်-စနိတ်ပ်ဟာ ဒက်အီတာ"

ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်။

"ဒီကိစ္စအတွက် ကျုပ်သက်သေခံပြီးပြီ" သူက တည်ငြိမ်စွာ ပြော
ယ်၊ "ဆီးဗရပ်စ်-စနိတ်ပ် တကယ်ပဲ ဒက်အီတာဖြစ်ခဲ့ဖူးတယ်။ ဒါပေမယ့်
ဟာ ဗိုလ်ဒီမွန့်မပြုတ်ခင်ကတည်းက ကျုပ်တို့ဘက် ရောက်လာတယ်။ အလွန်
းတဲ့အန္တရာယ်ကို ရင်ဆိုင်ပြီး ကျုပ်တို့အတွက် သူလျှိုလုပ်ပေးခဲ့တယ်။ သူ
မင်းတို့ငါတို့လိုပဲ၊ ဒက်အီတာမဟုတ်တော့ဘူး"

ဟယ်ရီက ဒမ်ဘလီဒိုးနောက်ဘက်က အရူးမျက်လုံးမူးဒီကို ကြည့်
ယ်၊ မူးဒီမျက်နှာပေါ်မှာ အလွန်ကြီးတဲ့သံသယ ပေါ်နေတယ်၊

"ကောင်းပြီ၊ ခါခါရော့ဖ်" ခရောက်ချ်က အေးစက်စက်ပြောတယ်၊
င်းက တို့အလုပ်ကို ကူညီတယ်။ ကျုပ်တို့က မင်းအမှုကို ပြန်စစ်ဆေးမယ်၊
အက်ဇခါဘန်ကို အရင်ပြန် . . . . "

ခရောက်ချ်ရဲ့အသံ ဝေးသွားတယ်။ ဟယ်ရီက ဘေးပတ်ဝန်းကျင်ကို
ည့်တယ်။ မြေအောက်ထောင်ဟာ မီးခိုးငွေ့လို ပျက်ပြယ်သွားနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှအရာတွေ ပျောက်ကွယ်သွားတယ်။ သူဟာ မိမိကိုယ်ကိုပဲ မြင်ရတ — ကျန်အားလုံးဟာ လည်ပတ်နေတဲ့အမှောင် ဖြစ်သွားတယ် . . . .

ဒီနောက်တော့၊ မြေအောက်အကျဉ်းထောင် ပေါ်လာပြန်တယ် ဟယ်ရီက တခြားတစ်နေရာမှာ ထိုင်နေပြန်တယ်။ မူလကအတိုင်း အမြင့် ခုံတန်းလျားမှာပဲ၊ ဒါပေမယ့် အခု သူဟာ မစ္စတာခရောက်ချ်ရဲ့ ဘယ်ဘက် ထိုင်နေတယ်။ လေထုဟာ ခုနကနဲ့မတူသလိုပဲ။ အလွန်ပေ့ါပါးပြီး ပျော် နေတယ်။ လေးဘက်စလုံးရှိ မှော်ဆရာတွေ အပြန်အလှန် စကားပြော တယ်၊ အားကစားပြိုင်ပွဲ ကြည့်နေကြသလိုပဲ။ ရှေ့ဘက်အလယ်တန်းက ဆရာမတစ်ယောက်ကို ဟယ်ရီ သတိပြုမိတယ်။ ရွှေရောင်ဆံပင်တိုတို၊ နီ ဝတ်ရုံရှည် ဝတ်ထားတယ်၊ မျက်စိစူးတဲ့ အစိမ်းရောင်ငှက်မွေးကလောင် ကို စုပ်နေတယ်။ သံသယရှိစရာ မလိုဘူး၊ ဒါ နည်းနည်းငယ်ရွယ်တဲ့ ရီတ စကီးတာပဲ။ ဟယ်ရီက ဘေးဘီကိုကြည့်တယ်၊ ဒမ်ဘလီဒိုးဟာ သူ့ဘေးမှာ ထိုင်နေတယ်။ ဝတ်ရုံရှည် လဲထားတယ်။ မစ္စတာခရောက်ချ်ဟာ ခုနက ပင်ပန်းပုံပေါ်ပြီး နည်းနည်းကြောက်စရာကောင်းတယ်၊ နည်းနည်းနွမ်းနယ် တယ် . . . . ဟယ်ရီ နားလည်သွားပြီ။ ဒါဟာ တခြားပြန်လည်သတိရ တစ်ခု။ တခြားတစ်နေ့ . . . . တခြားတစ်ကြိမ် စစ်မေးခြင်း။

အိမ်ထောင့်ကတံခါး ပွင့်သွားတယ်။ လူဒို-ဘက်ဂမင်း ဝင်လာတ

ဒါပေမယ့် ဒါဟာ အိုမင်းတဲ့ဘက်ဂမင်း မဟုတ်ဘူး။ အထွတ်အ ရောက်နေတဲ့ ခွေဒစ်ဘောစတား လူဒို-ဘက်ဂမင်း ဖြစ်တယ်။ သူ့နှာခေါ် မကျိုးသေးဘူး။ အရပ်မြင့်မြင့်ပိန်ပိန်၊ ကိုယ်ခန္ဓာတောင့်တင်းခိုင်မာတ ဘက်ဂမင်းဟာ သံကြိုးပါတဲ့ထိုင်ခုံပေါ် ထိုင်လိုက်တော့ နည်းနည်းပူပင်သ ဒါပေမယ့် အဲဒီသံကြိုးတွေဟာ သူ့ကို မချည်နှောင်ဘူး၊ ဒါက ဘက်ဂမင် စိတ်ဓာတ်တက်စေတယ်နဲ့ တူတယ်။ သူဟာ လေးဘက်လေးတန်က ပရိသ ကို ဝေ့ကြည့်လိုက်တယ်။ လူတချို့ကို လက်ယမ်းပြတယ်၊ အပြုံးရိပ်လေးတော ပေါ်လာတယ်။

"လူဒို-ဘက်ဂမင်း၊ သင့်ကို မှော်တရားဥပဒေကော်မတီရှေ့မှော ခေါ်ယူပြီး၊ ဒက်အီတာလှုပ်ရှားခြင်းနဲ့ ပတ်သက်တဲ့ သင့်ရဲ့စွပ်စွဲချက်ကို ဖြစ်တယ်" မစ္စတာခရောက်ချ်က ပြောတယ်။ "ကျုပ်တို့ဟာ သင့်ကို တိုင်ကြာ သက်သေစကားကို ကြားနာပြီးပြီ။ အခု တရားချမှတ်တော့မှာ ဖြစ်တ



ရားချမှတ်တာ မကြေညာခင်မှာ သင် ဘာပြောစရာရှိသေးလဲ"

ဟယ်ရီက မိမိနားရွက်ကို မယုံနိုင်ဘူး။ လူဒို-ဘက်ဂမင်း၊ ဒက်အီတာ?

"တစ်ခွန်းပဲရှိတယ်" လူဒို-ဘက်ဂမင်းက သဘာဝမကျစွာ ပြုံးပြီးပြော ယ်၊ "အင်း —— ကျွန်တော်ဟာ လူအဆိုတာ ကျွန်တော်သိတယ် ——"

ဘေးပတ်လည်ထိုင်ခုံပေါ်က မှော်ဆရာတစ်ယောက်နှစ်ယောက်ဟာ နှင်းလွတ်စွာ ရယ်တယ်။ မစ္စတာခရောက်ချ်ကတော့ ဘာမှမဖြစ်ဘူး၊ သူဟာ ဘက်စီးကနေ လူဒို-ဘက်ဂမင်းကို အကဲခတ်နေတယ်၊ မျက်နှာပေါ်မှာ ည်ပြီး မုန်းတီးပုံပေါ်နေတယ်။

"ဒီစကားဟာ သိပ်မှန်တယ်။ နောင်ကြီး" ဟယ်ရီ့ကျောဘက်က လူ င်ယောက် ဒမ်ဘလီဒိုးကို ခြောက်ကပ်ကပ်ပြောတယ်။ ဟယ်ရီ လှည့်ကြည့် ာ့ မူးဒီ အဲဒီနေရာမှာ ထိုင်နေပြန်တာ တွေ့ရတယ်။ "သူ တစ်လျှောက်လုံး ာင်တာ ကျုပ်သိလို့၊ နို့မို့ရင် အဲဟို ဘလဒ်ဂါကြောင့် သူ့ဦးနှောက်ကို ရေရှည် ိုက်တယ်လို့ ပြောမှာ . . . ."

"လူဒို-ဘက်ဂမင်း၊ သင်ဟာ ဗိုလ်ဒီမွန်ရဲ့ အပေါင်းပါတွေကို သတင်း ပို့နေစဉ် အဖမ်းခံရတယ်" မစ္စတာခရောက်ချ်က ပြောတယ်။ "ဒါကြောင့်၊ င့်ကို အက်ဇခါဘန်မှာ အနည်းဆုံး ——"

ဒါပေမယ့် လေးဘက်စလုံးက ဒေါသနဲ့ အော်သံတွေ ထွက်လာတယ်။ ော်ဆရာတချို့ဟာ မတ်တတ်ရပ်ပြီး မစ္စတာခရောက်ချ်ကို ခေါင်းခါပြတယ်၊ ေသီးမှောက်ပြတာတောင် ရှိတယ်။

"ဒါပေမယ့် ကျွန်တော် ပြောဖူးတယ်။ ကျွန်တော် ဘာမှမသိဘူး" ာ်ဂမင်းက မျက်လုံးပြာပြာဝိုင်းဝိုင်းကို ပြူးပြီး၊ အော်သံတွေကြားမှာ အလော ကြီး အော်ပြောတယ်။ "လုံးဝမသိဘူး။ ရွတ်ခ်ဝုဒ်ဟာ ကျွန်တော့်အဖေ့ ်ဆွေ . . . . သူဟာ ဟိုလူ့လက်အောက်ကလို့ ဘယ်တုန်းကမှ မတွေးမိဘူး။ ော်က ကျွန်တော်တို့လူတွေအတွက် သတင်းစုဆောင်းနေတယ်ထင်တာ။ ်ဝုဒ်က ကျွန်တော့်အတွက် မှော်ဝန်ကြီးဌာနမှာ အလုပ်ရှာပေးမယ်ပြော ယ် . . . . ကျွန်တော် ခွေဒစ်အသင်းက ထွက်လာပြီးနောက်၊ သင်သိပါတယ် . . ကျွန်တော် တစ်သက်လုံး ဘလဒ်ဂါလိုက်ရိုက်တာ မခံနိုင်ဘူး၊ မဟုတ် ား"

ပရိသတ် စင်ပေါ်က တခစ်ခစ်ရယ်သံ ပေါ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မဲခွဲပါ" မစ္စတာခရောက်ချ်က အေးစက်စက်ပြောတယ်။ သူ
မြေအောက်ထောင်ရဲ့ ယာဘက်ကို လှည့်လိုက်တယ်။ "ဂျူရီလူကြီးများသ
. . . . ထောင်ဒဏ်ပေးဖို့သဘောတူသူ လက်ထောင်ပါ . . . ."

ဟယ်ရီက မြေအောက်ထောင်ရဲ့ ယာဘက်ကို ကြည့်လိုက်တ
တစ်ယောက်မှ လက်မထောင်ဘူး။ မှော်ဆရာအများအပြား လက်ခုပ်တီး
တယ်။ ဂျူရီလူကြီးထဲက မှော်ဆရာမတစ်ယောက်က မတ်တတ်ရပ်လိုက်တ

"ဘယ်လိုလဲ" ခရောက်ချ်က ဟောက်တယ်။

"ကျွန်မတို့ မစ္စတာဘက်ဂမင်း လွန်ခဲ့တဲ့စနေနေ့က တူရကီနဲ့ ခွေ
ပြိုင်ပွဲမှာ ထူးချွန်စွာ ကစားနိုင်တဲ့အတွက်၊ အင်္ဂလန်အတွက် ဂုဏ်ဆောင်ခဲ့
ဂုဏ်ပြုချင်လို့ပါ" အဲဒီမှော်ဆရာမက စိတ်လှုပ်ရှားစွာ ပြောတယ်။

မစ္စတာခရောက်ချ်ဟာ ဒေါသူပုန်ထနေတယ်။ မြေအောက်ထော
ထဲမှာ လက်ခုပ်သံ မိုးချုန်းသလို မြည်သွားတယ်။ ဘက်ဂမင်းက မတ်တတ်
ပြီး ဦးညွှတ်အလေးပြု၊ ပြုံးပြတယ်။

"အထင်သေးစရာပဲ" ဘက်ဂမင်း မြေအောက်ထောင်က ထွက်သွ
တော့၊ မစ္စတာခရောက်ချ် ထိုင်လိုက်တယ်။ ဒေါသနဲ့ ဒမ်ဘလီဒိုးကို ပြောတ
"ရှတ်ခ်ဝုဒ်က သူ့ကို တကယ်ပဲ အလုပ်ရှာပေးတာယ် . . . . လူဒို-ဘက်ဂမ
အလုပ်လာတက်တဲ့နေ့ဟာ မှော်ဝန်ကြီးဌာန ဒုက္ခရောက်တဲ့နေ့ပဲ . . . ."

မြေအောက်ထောင် ပျောက်သွားပြန်တယ်။ ၎င်းနောက် ထပ်
လာတော့၊ ဟယ်ရီက ဘေးပတ်လည်ကို ကြည့်တယ်။ သူနဲ့ ဒမ်ဘလီဒိုး
မစ္စတာခရောက်ချ်ဘေးမှာ ထိုင်နေတုန်းပဲ။ ဒါပေမယ့် လေထုကတော့ မိုး
ခြားသွားပြီ။ မြေအောက်ထောင်ထဲမှာ ငြိမ်သက်နေတယ်။ မစ္စတာခရော
ဘေးက ချည့်နဲ့နဲ့မှော်ဆရာမတစ်ယောက်ရဲ့ ရှိုက်သံပဲ ကြားရတယ်။ သူ
တုန်ယင်တဲ့ လက်နှစ်ဘက်ဟာ လက်ကိုင်ပဝါတစ်ထည်ကို ပါးစပ်ပေါ် ဖိ
ထားတယ်။ ဟယ်ရီက ခရောက်ချ်ကို မော့ကြည့်တယ်။ သူ့မျက်နှာဟာ အ
ကထက် ပိန်ချုံးပြီး ညှိုးရော်နေတယ်။ နားထင်ကြောတစ်ခုဟာ တအား
နေတယ်။

"ခေါ်ခဲ့" သူ့အသံဟာ မြေအောက်ထောင်ထဲမှာ ပဲ့တင်ထပ်သွ
ာသယ်။

အိမ်ထောင့်က တံခါးပွင့်သွားပြန်တယ်။ ဝိညာဉ်စုပ်ကောင်ခြေ



ောင်ဟာ၊ လူလေးယောက်ကို ဆွဲခေါ်လာတယ်။ လူအများဟာ မစ္စတာ
ရောက်ချ်ကို လှည့်ကြည့်နေတာ ဟယ်ရီ မြင်ရတယ်။ လူအချို့ တိတ်တိတ်
ကားပြောနေတယ်။

ဝိညာဉ်စုပ်ကောင်ဟာ လူလေးယောက်ကို မြေအောက်ထောင်
လယ်မှာရှိတဲ့ သံကြိုးနဲ့ထိုင်ခုံထဲ ထည့်လိုက်တယ်။ ၎င်းတို့အနက် ပုပုဝဝ
ယောကျ်ားတစ်ယောက်ဟာ ခရောက်ချ်ကို ဇဝေဇဝါကြည့်နေတယ်။ တခြား
ိန်ပိန်ယောကျ်ားဟာ ပိုပြီးစိတ်လှုပ်ရှားနေတယ်။ ပရိသတ်စင်ပေါ်ကိုချည်း
ည့်နေတယ်။ ဆံပင်နက်နက်ထူထူ၊ မျက်တောင်ရှည်ရှည်အမျိုးသမီးကို ကြည့်
ာ ရာဇပလ္လင်ပေါ် ထိုင်နေရသလိုပဲ။ ပြီးတော့ အသက်ဆယ့်ခုနစ်နှစ်အရွယ်
ောင်လေး၊ သူ့ကြည့်ရတာ လန့်ပြီး၊ ငေါင်နေတယ်။ တစ်ကိုယ်လုံးတုန်နေ
ယ်။ ကောက်ရိုးအရောင်ဆံပင်တွေ မျက်နှာပေါ် ကျနေတယ်။ မှဲ့ခြောက်
တွေနဲ့မျက်နှာဟာ ပိုးဟပ်ဖြူလို ဖြစ်နေတယ်။ ခရောက်ချ်ဘေးက အားအင်
ည့်နဲ့တဲ့မိန်းမဟာ စတင်ပြီး ရှေ့နောက်ယိမ်းယိုင်နေတယ်။ လက်ကိုင်ပဝါနဲ့
းစပ်ကိုအုပ်ပြီး တအီးအီးငိုနေတယ်။

ခရောက်ချ် မတ်တတ်ရပ်လိုက်တယ်။ အဲဒီလူလေးယောက်ကို ငုံ့ကြည့်
ယ်။ မျက်နှာပေါ်မှာ အလွန်မုန်းတီးတဲ့ အမူအရာပြတယ်။

"သင်တို့ဟာ မှော်တရားဥပဒေကော်မတီရှေ့သို့ တရားချမှတ်တာ
ကြားနာရအောင် ရောက်ရှိလာပြီ" သူက စကားသံရှင်းလင်းစွာ ပြောတယ်။
သင်တို့ပြစ်မှုဟာ အလွန်တရာ ဆိုးရွားတဲ့အတွက် ——"

"အဖေ" ကောက်ရိုးရောင်ဆံပင်နဲ့ ကောင်လေးက ပြောတယ်။
အဖေ . . . . တောင်းပန်ပါတယ် . . . ."

"—— ဤတရားရုံးမှ ကိုင်တွယ်တဲ့အမှုအနက် ရှားပါးတဲ့အမှု ဖြစ်
ယ်" မစ္စတာခရောက်ချ်က အသံကိုမြှင့်ပြီးပြောရာ သူ့သားအသံကို ဖုံးသွား
ယ်။ "ကျွန်ုပ်တို့ဟာ သင်တို့အပေါ် စွဲဆိုခြင်းကို ကြားနာခဲ့တယ်။ သင်တို့
ေးဦးက အောရာတစ်ယောက်ကို ဖြန့်ပေးဆွဲခဲ့တယ် —— ဖရန့် —— လွန်
ာ့တမ်။ ၎င်းကို သည်းခိုက်နာကျင်ကျိန်စာ သုံးခဲ့တယ်။ သူ ပါးစပ်ထဲကအန
င်ဘို့သခင်ဖြစ်တဲ့ ဟိုလူ ဘယ်ရောက်နေတယ်ဆိုတာ နှိုက်ထုတ်ဖို့ကြိုးစား
ယ် ——"

"အဖေ၊ ကျွန်တော် မလုပ်ပါဘူး" ထိုင်ခုံပေါ် ကြိုးတုပ်ခံထားရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘောင်လေးက အော်ပြောတယ်။ "ကျွန်တော် မလုပ်ဘူး၊ ကျွန်တော် ကျိန်ေ
ရဲတယ်။ အဖေ၊ ကျွန်တော့်ကို ဝိညာဉ်စုပ်ကောင်လက်ထဲ မအပ်ပါနဲ့ ——

"စွဲဆိုချက်ထဲမှာ ပါသေးတယ်" မစ္စတာခရောက်ချ်က အော်ဟ
တယ်။ "ဖရန့်-လွန်ဘော့တမ်က သတင်းမပေးလို့ သင်တို့က ၎င်းဇနီးကို သည
ခိုက်နာကျင်ကျိန်စာချတယ်။ သင်တို့ဟာ ဟိုလူကို ပြန်ထူထောင်လာအော
ကြံစည်တယ်။ ၎င်းအားကောင်းစဉ် သင်တို့ရဲ့ အကြမ်းဖက်ဘဝကို ပြန်ရ
တယ်။ အခု ကျွန်ုပ်က ဂျူရီလူကြီးတွေကို ——"

"အမေ" ကလေးက တအားအော်တယ်။ ခရောက်ချ်ဘေးက ပိန်သေ
သေးမှော်ဆရာမဟာ ရှိုက်ငိုလာတယ်။ ကိုယ်ခန္ဓာရှေ့နောက် ယိမ်းယိုင်
တယ်။ "အမေ၊ တားပေးပါ။ အမေ၊ ကျွန်တော် အဲဒါတွေ မလုပ်ဘူး၊ ကျွန်တေ
မလုပ်ဘူး"

"အခု ဂျူရီလူကြီးများ မဲခွဲကြပါ" မစ္စတာခရောက်ချ်က အကျယ်
အော်ပြောတယ်။ "ကျွန်ုပ်လိုပဲ ဒီပြစ်မှုတွေဟာ အက်ဇခါဘန်မှာ တစ်သ
ထောင်ချဖို့ သင့်တယ်ထင်သူ၊ လက်ထောင်ပါ"

မြေအောက်ထောင်ညာဘက်က မှော်ဆရာတွေ တညီတည်း လ
ထောင်ကြတယ်။ ဘေးပတ်လည်က ပရိသတ်ဟာ ဘက်ဂမင်းကို တရားစီ
တုန်းကလို လက်ခုပ်တီးကြတယ်။ မျက်နှာပေါ်မှာ ရက်စက်တဲ့အောင်မြင်
အမူအရာတွေ ပေါ်နေတယ်။ ကောင်လေးဟာ စူးရှစွာ အော်နေတယ်။

"ဟင့်အင်း၊ အမေ၊ ဟင့်အင်း။ ကျွန်တော်လုပ်တာ မဟုတ်ဘူး၊ ကျ
တော် မဟုတ်ဘူး၊ ကျွန်တော်မသိဘူး၊ ကျွန်တော့်ကို ဟိုမပို့ပါနဲ့၊ တားပေး

ဝိညာဉ်စုပ်ကောင်တွေဟာ ဖြည်းဖြည်းချင်း ဝင်လာတယ်။ ကော
လေးရဲ့ အဖော်သုံးယောက်ဟာ ကုလားထိုင်ပေါ်ကနေ တိတ်တိတ်ပဲ မတ်တ
ရပ်လိုက်တယ်။ မျက်တောင်ရှည်မိန်းမဟာ ခရောက်ချ်ကို အော်ပြောတ
"မှော်နက်ဆရာကြီး ပြန်လာမှာ၊ ခရောက်ချ်၊ ငါတို့ကို အက်ဇခါဘန်ထဲ ထ
ထား၊ ငါတို့ စောင့်နေမယ်၊ သူ ငါတို့ကို ပြန်လာကယ်လိမ့်မယ်။ သူက ငါတို့
အထူးဆု ချီးမြှင့်လိမ့်မယ်၊ ငါတို့သာလျှင် သစ္စာရှိသူဖြစ်တယ်။ ငါတို့သာလ
သူ့ကို ရှာလို့မရတာ"

ဟိုကောင်လေးဟာ ဝိညာဉ်စုပ်ကောင်လက်က အတင်းရုန်းတ
၎င်းတို့ရဲ့စုပ်အားဟာ ကောင်လေးပေါ်မှာ အကျိုးသက်ရောက်နေပြီဆို



ယ်ရီ မြင်ရတယ်။ ပရိသတ်တွေဟာ ကဲ့ရယ်နေကြတယ်၊ တချို့က မတ်တတ်
ပ်ကြတယ်။ အဲဟိုမိန်းမဟာ မြေအောက်ထောင်ကနေ မာနနဲ့ ထွက်သွားတယ်၊
ောင်လေးက ခုခံနေတုန်းပဲ။

"ကျွန်တော်က ခင်ဗျားသားပါ" သူက ခရောက်ချ်ကို အော်ပြော
တယ်။ "ခင်ဗျားသား"

"မင်း ငါ့သားမဟုတ်ဘူး" ခရောက်ချ်က အော်ဟစ်တယ်။ မျက်လုံး
ာ ရုတ်တရက် ပြူးထွက်လာတယ်။ "ငါ့မှာ သားမရှိဘူး"

ပိန်သေးတဲ့မှော်ဆရာမဟာ အသက်ရှူများသွားပြီး ထိုင်ခုံပေါ် လဲကျ
သွားတယ်။ သူမ မေ့သွားပြီ။ ခရောက်ချ်ဟာ မမြင်သလိုပဲ။

"သူတို့ကို ခေါ်သွား" သူက ဝိညာဉ်စုပ်ကောင်တွေကို အော်ဟောက်
တယ်၊ သွားရည်တွေထွက်အောင် အော်တယ်၊ "ခေါ်သွား၊ သူတို့ အဲဒီမှာ
ပ်ဆွေးကုန်ပစေ"

"အဖေ၊ အဖေ။ ကျွန်တော် မပါဘူး၊ ဟင့်အင်း၊ ဟင့်အင်း။ အဖေ၊
ယ်ပါဦး"

"ဟယ်ရီ၊ ကျုပ်တို့ ပြန်သင့်ပြီ" အသံတစ်သံက ဟယ်ရီ့နားနားမှာ
သာလေးပြောတယ်။

ဟယ်ရီ လန့်သွားတယ်၊ သူ လှည့်ကြည့်တယ်။ တစ်ခါ တခြားတစ်
က်ကို ကြည့်တယ်။

သူ့ညာဘက်မှာ အောဘတ်စ်-ဒမ်ဘလီဒိုးတစ်ယောက် ထိုင်နေ
ယ်၊ ခရောက်ချ်ရဲ့သားကို ဝိညာဉ်စုပ်ကောင်တွေ ဆွဲခေါ်သွားတာ ကြည့်နေ
ယ် —— ဘယ်ဘက်မှာလည်း အောဘတ်စ်-ဒမ်ဘလီဒိုးတစ်ယောက်ရှိတယ်။
က်နဲ့ ဟယ်ရီ့လက်မောင်းကို ကိုင်ထားတယ်။ ဟယ်ရီဟာ မိမိဖြည်းဖြည်းချင်း
ပေါ် တက်သွားတယ်လို့ ခံစားရတယ်။ မြေအောက်ထောင် ပျောက်ပြယ်သွား
ယ်၊ မျက်စိတစ်မှိတ်အတွင်းမှာ မှောင်မည်းခြင်းသာ ကျန်တယ်။ ဒီနောက်
ဲ ဂွမ်းအနှေးထိုးလိုက်သလို ခြေနှစ်ချောင်း ရုတ်တရက် ကြမ်းနဲ့ထိသွားတယ်။
တ်ခန်းကျင်က အလင်းရောင်ဟာ မျက်စိစူးစေတယ်။ သူ ဒမ်ဘလီဒိုးရဲ့ အန
ောင်ခြည်လင်းလက်တဲ့ ရုံးခန်းထဲ ရောက်နေပြီ။ အဲဟိုကျောက်ခွက်လိုဟာ
ိ်ရှေ့က ဗီရိုထဲမှာ လက်နေတယ်။ အောဘတ်စ်-ဒမ်ဘလီဒိုး သူ့ဘေးမှာ
ပ်နေတယ်။

www.burmeseclassic.com

"ပါမောက္ခ" ဟယ်ရီက ပြာသွားပြီး ပြောတယ်။ "ကျွန်တော် မကြ သင့်ဘူးဆိုတာ သိတယ် —— ကျွန်တော် တမင်လုပ်တာ မဟုတ်ဘူး —— ဗီရိုတံခါးက ပွင့်နေတယ် ——"

"ကျုပ် နားလည်တယ်" ဒမ်ဘလီဒိုးက ပြောတယ်၊ သူက ကျော ဇလုံကို မပြီး စာရေးစားပွဲရှေ့ သွားတယ်။ ဇလုံကို ပြောင်ချောတဲ့စားပွဲ တင်လိုက်တယ်။ ဒီနောက် စားပွဲနောက်က ထိုင်ခုံပေါ်မှာ ထိုင်လိုက်တ ဟယ်ရီ့ကို သူ့ရှေ့မှာထိုင်ဖို့ လက်ယပ်ခေါ်တယ်။

ဟယ်ရီ ထိုင်လိုက်ပြီး ကျောက်ဇလုံကို ကြည့်နေတယ်။ ဇလုံထဲ အရာတွေဟာ ငွေဖြူရောင်အခြေအနေ ပြန်ရောက်သွားပြီ။ သူ့ရှေ့မှာ ဝဲ နေတယ်။ လှိုင်းဂယက်ထနေတယ်။

"အဲဒါဘာလဲ" ဟယ်ရီက အသံတုန်တုန်နဲ့ မေးတယ်၊

"ဒါလား။ ၎င်းကို အတွေးဇလုံလို့ ခေါ်တယ်" ဒမ်ဘလီဒိုးက ပြေ တယ်။ "တစ်ခါတလေ ကျုပ်ခေါင်းထဲမှာ အတွေးအခေါ်နဲ့ ပြန်လည်သတိရချ တွေ သိပ်များနေတတ်တယ်၊ ဒီလိုခံစားမှုကို မင်းနားလည်လိမ့်မယ်လို့ ကျ ယုံကြည်တယ်"

"ဟင်" ဟယ်ရီက မိမိမှာ ဒီလိုခံစားချက်မျိုး ရှိခဲ့ဖူးတယ်လို့ တကယ် မပြောနိုင်ဘူး။

"အဲဒီအချိန်မှာ ကျုပ်က မှတ်သားမှုဇလုံကို သုံးတယ်" ဒမ်ဘလီဒို ကျောက်ဇလုံကို ညွှန်ပြပြီးပြောတယ်။ "ပိုလျှံတဲ့အတွေးအခေါ်ကို ဦးနှော ထဲက စုပ်ထုတ်ပြီး ဒီဇလုံထဲ သွန်ထည့်တယ်၊ အားတဲ့အချိန်မှာ သေချာ ကြည့်တယ်။ မင်း သိပါတယ်၊ အဲဒီလို အခြေအနေမှာ ၎င်းတို့ရဲ့ အသွင်သဏ္ဍာ နဲ့ သူတို့ကြားက ဆက်နွယ်မှုကို ပိုပြီးလွယ်လွယ်မြင်နိုင်တယ်"

"သင်ပြောချင်တာက . . . . ဒီအရာဟာ သင့်အတွေးအခေါ် ဟယ်ရီက ဇလုံထဲက လည်ပတ်နေတဲ့ ငွေရောင်အရာကိုကြည့်ပြီး ပြောတ

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်းကို ပြဦးမယ်"

ဒမ်ဘလီဒိုးဟာ ဝတ်ရုံရှည်ထဲကနေ မှော်ကြိမ်လုံးကို ဆွဲထုတ်တ ကြိမ်လုံးထိပ်ဖျားကို သူ့ဆံပင်ထဲ နားထင်နား ထိုးထည့်တယ်။ သူ မှော်ကြ လုံးကို ဆွဲထုတ်လိုက်တော့ မှော်ကြိမ်လုံးထိပ်မှာ ဆံချည် အနည်းငယ် ကပ် လာတယ် —— ဒါပေမယ့် ချက်ချင်းဆိုသလို အဲဒါဟာ ဇလုံထဲကနဲ့တူ



ငွေရောင်အရာဝတ္ထုအစုလေးဆိုတာ ဟယ်ရီ တွေ့ရှိတယ်။ ဒမ်ဘလီဒိုးဟာ အဲဒီအတွေးသစ်ကို ဇလုံထဲ ထည့်လိုက်တယ်။ ဟယ်ရီဟာ မိမိမျက်နှာ ဇလုံထဲမှာ ပေါ်လောပေါ်နေတာ အံ့သြစွာ မြင်တွေ့ရတယ်။ ဒမ်ဘလီဒိုးဟာ သွယ်လျတဲ့ လက်နှစ်ဘက်နဲ့ အတွေးဇလုံကို မပြီးလှည့်တယ်။ ရွှေကျင်တဲ့လူတွေ သဲဇလုံကို လှည့်သလိုပဲ . . . . မိမိမျက်နှာဟာ စနိတ်ပ်မျက်နှာဖြစ်သွားတာ ဟယ်ရီ မြင်ရတယ်။ စနိတ်ပ်ဟာ ပါးစပ်အဟောင်းသားနဲ့ မျက်နှာကြက်ဆီကို ကားပြောနေတယ်၊ ပဲ့တင်သံတောင် နည်းနည်းပါတယ်။

"၎င်းပြန်လာပြီ . . . . ခါခါရော့ဖ်ဥစ္စာလဲ ဟုတ်တယ် . . . . အရင် ဘယ်တုန်းကထက်မဆို ပိုပေါ်လွင်တယ်၊ ပိုရှင်းတယ်"

"ကျုပ် ကူညီဖို့မလိုဘဲ ဒီအထဲက ဆက်နွယ်မှုကို တွေ့ရှိနိုင်တယ်" ဒမ်ဘလီဒိုးက ညည်းလိုက်တယ်။ "ဒါပေမယ့် ကိစ္စမရှိဘူး" သူဟာ လခြမ်းသဏ္ဍာန်မျက်မှန်ပေါ်ကနေ ဟယ်ရီ့ကို ငေးကြည့်နေတယ်။ ဟယ်ရီက ဇလုံထဲမှာ စနိတ်ပ်မျက်နှာ ဆက်လက်လည်ပတ်နေတာကို ငိုင်ကြည့်နေတယ်၊ "မစ္စတာဖဒ်ဂ် လာတုန်း ကျုပ် အတွေးဇလုံကို အသုံးပြုနေတယ်။ ကျုပ်က အမန်းကတမ်း ဇလုံကို သိမ်းလိုက်တယ်။ ဗီရိုတံခါးကို ကောင်းကောင်းမပိတ်ဘူးထင်တယ်။ အဲတော့ မင်း ဇလုံကို သတိပြုမိမှာပေါ့"

"ဝမ်းနည်းပါတယ်" ဟယ်ရီက မပီမသပြောတယ်။

ဒမ်ဘလီဒိုးက ခေါင်းခါတယ်။

"သိလိုစိတ်ဟာ အပြစ်မဟုတ်ဘူး" သူက ပြောတယ်။ "ဒါပေမယ့် ကျုပ်တို့ သိလိုစိတ်ဖြစ်တဲ့အခါမှာ သတိထားရမယ် . . . . တကယ် . . . ."

သူက အနည်းငယ် မျက်မှောင်ကြုတ်လိုက်တယ်။ မှော်ကြိမ်လုံး ထိပ်ဖျားနဲ့ ဇလုံထဲကအတွေးကို မွှေလိုက်တယ်။ ဇလုံထဲမှာ လူတစ်ယောက် အရိပ် ချက်ချင်းပေါ်လာတယ်။ အသက်ဆယ့်ငါးခြောက်နှစ်အရွယ် ကောင်မလေး၊ ဝဝတုတ်တုတ်၊ မကျေမနပ်ဖြစ်နေတဲ့ အမူအရာနဲ့။ သူမရဲ့ ခြေနှစ်ချောင်းဟာ ဇလုံထဲမှာ ရပ်နေတယ်။ အဲဒီကောင်မလေးဟာ ဟယ်ရီနဲ့ ပါမောက္ခ ဒမ်ဘလီဒိုးကို ကြည့်တောင်မကြည့်ဘူး။ သူမ စကားစပြောတော့လည်း စနိတ်ပ် လိုပဲ ပဲ့တင်သံ ပါနေတယ်။ ကျောက်ဇလုံအတွင်းထဲက ပေါ်လာတဲ့အသံလိုပဲ။ "သူက ကျွန်မကို မှော်ပညာသုံးတယ်၊ ပါမောက္ခ ဒမ်ဘလီဒိုး၊ ကျွန်မက သူ့ကို စနောက်တာပါ၊ လွန်ခဲ့တဲ့ ကြာသပတေးနေ့က အစွေးခန်းနောက်ဘက်မှာ သူနဲ့

www.burmeseclassic.com





ဓလောရင့် ဖက်နမ်းနေတာ တွေ့တယ်လို့ပဲ ပြောတာပါ . . . ."

"ဒါပေမယ့် ဘာသာ" ဒမ်ဘလီဒိုးဟာ ခေါင်းမော့ပြီး အသံမထွက် လည်နေတဲ့ကောင်မလေးကို ကြည့်နေတယ်၊ သူက ဝမ်းနည်းစွာ ပြောတယ် "မင်း စကတည်းက ဘာဖြစ်လို့ သူ့နောက်လိုက်နေတာလဲ"

"ဘာသာ" ဟယ်ရီက အဲဒီကောင်မလေးကို မော့ကြည့်တယ်၊ တိုး တိုးပြောတယ်။ "သူက —— ဘာသာ-ဂျော်ကင်စ် ?"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ဇလုံထဲက အတွေးကို မွှေလိုက်ပြ တယ်၊ ဘာသာ မြုပ်သွားတယ်။ ဇလုံထဲမှာ ထွင်းဖောက်မမြင်ရတဲ့ ငွေဖြူရောင် ဖြစ်သွားပြန်တယ်။ "အဲဒါ ကျုပ်မှတ်မိတဲ့ ကျောင်းသားဘဝက ဘာသာ"

အတွေးဇလုံထဲက ငွေရောင်ဟာ ဒမ်ဘလီဒိုးရဲ့မျက်နှာကို လင်း စေတယ်၊ သူဟာ ဒီလောက်တောင် အိုမင်းနေမှန်း ဟယ်ရီ ရုတ်တရက် တွေ့ သွားတယ်။ ဒမ်ဘလီဒိုး အသက်ကြီးနေပြီဆိုတာ သူသိတာပေါ့။ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘူး၊ သူ့ကို လူအိုလို့ ဘယ်တုန်းကမှ မခံစားခဲ့ဘူး။

"ဟယ်ရီ" ဒမ်ဘလီဒိုးက သာသာညှင်းညှင်းပြောတယ်။ "မင်း ကျု အတွေးထဲကျမသွားခင်မှာ၊ မင်း ကျုပ်ကို ပြောစရာရှိတယ်နော်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်၊ "ပါမောက္ခ —— ကျွန်တော် ဗေဒင်သင်တန်းတက်နေစဉ်၊ ကျွန်တော် —— ကျွန်တော် အိပ်ပျော်သွားတယ်"

သူက နည်းနည်းတုံ့ဆိုင်းနေတယ်၊ သူ့ကို ဝေဖန်မယ်ထင်တာ။ ဒါ မယ့် ဒမ်ဘလီဒိုးက ပြောတယ်။ "နားလည်ပေးနိုင်တယ်၊ ဆက်ပြောပါ"

"အင်း၊ ကျွန်တော် အိပ်မက်မက်တယ်" ဟယ်ရီက ပြောတယ် "ဗိုလဒီမွန့်ကို မက်တယ်။ သူက ပိုးကောင်အမြီးကို နှိပ်စက်နေတယ် . . . . သင် ပိုးကောင်အမြီးကို သိတယ် ——"

"ကျုပ်သိတယ်" ဒမ်ဘလီဒိုးက ချက်ချင်းပြောတယ်။ "ဆက်ပြော"

"ဗိုလဒီမွန့်ဟာ ဇီးကွက်ပို့တဲ့စာကို ရတယ်။ ပိုးကောင်အမြီးရဲ့ အမှ ပြင်ဆင်လို့ရတယ်ဆိုလား ပြောတယ်၊ သူက လူသေတယ်ပြောတယ်။ သူ ကောင်အမြီးကို မြွေစာအဖြစ် မကျွေးတော့ဘူးလို့လဲ ပြောတယ် —— သူ့ထိုင် ဘေးမှာ မြွေတစ်ကောင်ရှိတယ်။ သူက ပြောသေးတယ် —— ကျွန်တော့် မြွေစာလုပ်ပြီး ကျွေးမယ်ပြောသေးတယ်၊ ဒီနောက် သူက ပိုးကောင်အမြီး သည်းခိုက်နာကျင်ကျိန်စာရွတ်တယ် —— ကျွန်တော့်အမာရွတ်က နာလာရော

ယ်ကို နာတယ်၊ နာလို့ ကျွန်တော် နိုးလာတယ်"

ဒမ်ဘလီဒိုးက သူ့ကိုပဲ ကြည့်နေတယ်။

"အင်း —— ဒါတွေပဲ" ဟယ်ရီက ပြောတယ်။

"အော" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ "ဒီလိုကိုး၊ ဒါဆို မင်းအမာရွတ် ဒီနှစ် နာဖူးသေးလား။ နွေကျောင်းပိတ်ရက်မှာ နာလို့နိုးလာတဲ့ အကြိမ်ကလွဲပြီး"

"ဟင့်အင်း၊ ကျွန်တော် —— ကျွန်တော် နွေကျောင်းပိတ်ရက်မှာ နာလို့ နိုးလာတာ သင်ဘယ်လိုလုပ်သိလဲ" ဟယ်ရီက အံ့ဩလို့ မေးတယ်။

"ဆီးရီးအက်စ်ကြယ်ဆီ စာရေးတာ မင်းတစ်ယောက်တည်း မဟုတ် ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "သူ မနှစ်က ဟော့ဂ်ဝပ်က ထွက်သွားပြီး နောက်၊ ကျုပ်လဲ သူနဲ့ အဆက်အသွယ်ရှိနေတယ်။ သူ့ကို ဂူထဲမှာ ပုန်းနေဖို့ ကျုပ် အကြံပေးတာ။ အဲဒါ အလုံခြုံဆုံးပဲ"

ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်။ စားပွဲခုံနောက်မှာ အသွား အပြန် လျှောက်နေတယ်။ မော့ကြိမ်လုံးထိပ်ဖျားကို နားထင်မှာ ထောက်ထား ငွေရောင်လက်နေတဲ့ အတွေးတစ်စု ဆွဲထုတ်ပြီး အတွေးဇလုံထဲ ထည့် လိုက်တယ်။ ဇလုံထဲကအတွေးတွေ အလျင်အမြန် လည်ပတ်လာတယ်။ ဟယ်ရီ ဘာမှမမြင်ရတော့ဘူး။ ဝေဝါးတဲ့ငွေဖြူရောင်ပဲ မြင်ရတယ်။

"ပါမောက္ခ" နှစ်မိနစ်ကြာတော့၊ သူက တိုးတိုးခေါ်တယ်။

ဒမ်ဘလီဒိုးက လမ်းလျှောက်ရပ်ပြီး ဟယ်ရီ့ကို ကြည့်နေတယ်။

"ဝမ်းနည်းပါတယ်" သူက အသာလေးပြောတယ်။ စားပွဲရှေ့မှာ ပြန် ထိုင်လိုက်တယ်။

"သင် —— သင် ကျွန်တော့်အမာရွတ် ဘာကြောင့်နာတယ်ဆိုတာ သိလား"

ဒမ်ဘလီဒိုးဟာ ဟယ်ရီ့ကို ခဏလောက်သေချာကြည့်နေပြီးနောက် ပြောတယ်။ "ကျုပ်မှာ ခန့်မှန်းချက်တစ်ခုပဲ ရှိတယ်။ ခန့်မှန်းတာပဲ ဖြစ်တယ် . . . . ကျုပ်ထင်တယ်။ ဗိုလဒီမွန့် မင်းနဲ့နီးတဲ့အခါမှာ၊ ဒါမှမဟုတ် သူ့မှာ အမုန်း ပြင်းထန်တဲ့ ကလဲ့စားချေစိတ် ဖြစ်ပေါ်လာတဲ့အခါမှာ၊ မင်းအမာရွတ်က နာ တယ်"

"ဒါပေမယ့် . . . . ဘာဖြစ်လို့လဲ"

www.burmeseclassic.com



"အကြောင်းက အဲဟိုမအောင်မြင်တဲ့ကျိန်စာက မင်းနဲ့သူ့ကို တွဲဆက်ထားလို့ပဲ" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ဒါဟာ ရိုးရိုးအမာရွတ်မဟုတ်ဘူး"

"ဒါဆို သင့်အနေနဲ့ . . . . အဲဒီအိပ်မက်က . . . . အစစ်လို့ထင်လား"

"ဖြစ်နိုင်တယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ကျုပ်ပြောမယ် —— သိပ်ဖြစ်နိုင်တယ်။ ဟယ်ရီ —— မင်း ဗိုလ်ဒီမွန့်ကို မြင်လား"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ "သူ့ကုလားထိုင်နောက်ကျော ကိုပဲ မြင်တယ်။ ဒါပေမယ့် —— တကယ်တော့လဲ ဘာမှမမြင်ရဘူး၊ ဟုတ်တယ် မဟုတ်လား။ သူ့မှာ ကိုယ်ခန္ဓာမရှိဘူး၊ မှန်လား။ ဒါပေမယ့် . . . . ဒါဆို သူ ဘယ်လိုလုပ်ပြီး မှော်ကြိမ်လုံးကိုင်နိုင်တာလဲ" ဟယ်ရီက ဖြည်းဖြည်းပြောတယ်။

"ဟုတ်တယ်လေ" ဒမ်ဘယ်လီဒိုးက ရေရွတ်ပြောတယ်။ "ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ . . . ."

ခဏတာအတွင်း နှစ်ယောက်စလုံး ဘယ်သူမှ စကားမပြောဘူး။ ဒမ်ဘယ်လီဒိုးက ရှေ့ကိုငေးကြည့်နေတယ်။ မကြာခဏ မှော်ကြိမ်လုံးနဲ့ နားထင်က ငွေရောင်အတွေးတစ်ခုကို ဆွဲထုတ်ပြီး ဆူပွက်လှိုင်းထနေတဲ့ အတွေးဇလုံထဲ ထည့်လိုက်တယ်။

"ပါမောက္ခ" ဟယ်ရီက နောက်ဆုံးမှာပြောတယ်။ "သူ အားကောင်းလာနေတယ်လို့ သင်ထင်သလား"

"ဗိုလ်ဒီမွန့်လား" ဒမ်ဘယ်လီဒိုးက အတွေးဇလုံတစ်ဖက်ကနေ ဟယ်ရီကို ကြည့်ပြီး ပြောတယ်။ သူ့မှာ အထူးရှိနေတဲ့ ထိုးဖောက်မြင်နိုင်တဲ့အကြည့်နဲ့ ကြည့်နေတယ်။ ဟယ်ရီက ဒမ်ဘယ်လီဒိုးဟာ သူ့ကို လုံးဝထိုးဖောက်မြင်နိုင်တယ်လို့ ထင်တယ်။ ဒါဟာ မူးဒီရဲ့မှော်မျက်လုံးကတောင် မတတ်နိုင်တဲ့ကိစ္စပဲ ဖြစ်တယ်။ "ကျုပ် မင်းကို ခန့်မှန်းချက်ပဲ ပေးနိုင်တယ်၊ ဟယ်ရီ"

ဒမ်ဘယ်လီဒိုးဟာ သက်ပြင်းတစ်ချက် ချလိုက်ပြန်တယ်။ ပိုပြီးအိုမင်း နွမ်းနယ်ပုံ ပေါ်နေတယ်။

"ဗိုလ်ဒီမွန့်အင်အားတိုးလာတဲ့ ဒီနှစ်တွေမှာ လူပျောက်. ဘဲ့ကိစ္စတွေ ဖြစ်ပွားတယ်" သူက ပြောတယ်။ "ဘာသာ-ဂျော်ကင်စ်ဟာ ဗိုလ်ဒီမွန့်မှ ဝက်ခိုအောင်းတဲ့နေရာမှာ အစအနမရှိအောင် ပျောက်ဆုံးသွားတယ်။ မစ္စတာ ခရောက်ချ်လဲ ပျောက်သွားပြီ . . . . ကျုပ်တို့ကွင်းထဲမှာပဲ။ ပြီးတော့ တတိယ ပျောက်ဆုံးမှုတစ်ခု ရှိသေးတယ်။ စိတ်မကောင်းစရာဖြစ်တာက မှော်ဝန်ကြီး



ဌာနဟာ ဒီကိစ္စကို အရေးမကြီးဘူးထင်တာပဲ။ အကြောင်းက ပျောက်သွားသာ မတ်ဂေါ်ဖြစ်နေလို့။ သူ့နာမည်က ဖရန့်-ဘရိုက်စ်တဲ့။ ဗိုလ်ဒီမွန့်အဖေ မွေးဖွားတဲ့ရွာထဲမှာ နေတယ်။ သူ့ကို မနှစ်က ဩဂုတ်လကတည်းက မတွေ့တော့တာ။ မင်းသိတယ်၊ ကျုပ် မတ်ဂေါ်သတင်းစာဖတ်တယ်။ ဒီအချက်မှာ ကျုပ်နဲ့ ဝန်ကြီးဌာနက မိတ်ဆွေအများစုနဲ့ မတူဘူး"

ဒမ်ဘယ်လီဒိုးက အလွန်တည်ကြည်စွာနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။

"ဒီပျောက်ဆုံးမှုတွေဟာ အဆက်အစပ်ရှိတယ်လို့ ကျုပ်ထင်တယ်၊ ဒါပေမယ့် ဝန်ကြီးဌာနက ဒီလိုမထင်ဘူး —— မင်းရုံးခန်းအပြင်ဘက်မှာ ကြားပြီးပြီထင်တယ်"

ဟယ်ရီက ခေါင်းညိတ်တယ်။ နှစ်ယောက်စလုံး ငြိမ်နေပြန်တယ်။ ဒမ်ဘယ်လီဒိုးဟာ မကြာမကြာ အတွေးတချို့ကို ယူထုတ်တယ်။ ဟယ်ရီက သူ သွားဖို့သင့်ပြီလို့ ထင်တယ်။ ဒါပေမယ့် သိလိုစိတ်က သူ့ကို ဆက်ထိုင်နေစေတယ်။

"ပါမောက္ခ" သူက ခေါ်ပြန်တယ်။

"ဘယ်လိုလဲ၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးက ပြောတယ်။

"အင်း . . . . ကျွန်တော် အတွေးဇလုံထဲမှာမြင်တဲ့ . . . . စစ်မေးတဲ့ ခုံရုံးကို . . . . မေးလို့ရမလား"

"ရတယ်" ဒမ်ဘယ်လီဒိုးက စိတ်လေးစွာပြောတယ်။ "ကျုပ်စစ်မေးတာ အကြိမ်အများကြီး ပါဝင်ဖူးတယ်၊ ဒါပေမယ့် စစ်မေးတာတချို့ကို အထူးရှင်းလင်းစွာ မှတ်မိတယ် . . . . အထူးသဖြင့် အခု . . . ."

"သင်မှတ်မိတယ် —— သင်တွေ့ရှိတဲ့၊ ကျွန်တော်နားထောင်နေတဲ့ စစ်မေးခြင်း။ ခရောက်ချ်ရဲ့သားကို စစ်မေးတဲ့ဟာ၊ အင်း . . . . သူတို့ပြောတာ နီဗီးလ်ရဲ့မိဘလား"

ဒမ်ဘယ်လီဒိုးက ဟယ်ရီ့ကို စူးရှတဲ့အကြည့်နဲ့ ကြည့်လိုက်တယ်။ "နီဗီးလ်က မင်းကို သူဘာဖြစ်လို့ အဖွားက ကျွေးမွေးခဲ့ရတာလဲဆိုတာ ပြောမပြဘူးလား"

ဟယ်ရီက ခေါင်းခါတယ်။ သူ နီဗီးကိုသိတာ လေးနှစ်ရှိတော့မယ်၊ အကြောင်းကိုမေးဖို့ ဘာလို့မေ့နေတာလဲဆိုတာ စိတ်ထဲမှာ အံ့ဩနေတယ်။

"ဟုတ်တယ်၊ သူတို့ပြောတာ နီဗီးမိဘပဲ" ဒမ်ဘယ်လီဒိုးက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေ ဖရန့်ဟာ ပါမောက္ခမှူးဒီလိုပဲ အောရာဖြစ်တယ်၊ မင်းကြားရပြီလ အဲဒီလူတွေဟာ ဖရန့်နဲ့ သူ့ဇနီးကို ရက်ရက်စက်စက် နှိပ်စက်တယ်။ သူတို့ဟာ ဗိုလ်ဒီမွန့်မော်အား ပျောက်ဆုံးသွားပြီးနောက် ဘယ်ရောက်သွားလဲဆိုတာ အတင်းပြောခိုင်းတယ်"

"သူတို့ သေသွားပြီလား" ဟယ်ရီက တိုးတိုးမေးတယ်၊

"ဟင့်အင်း" ဒမ်ဘလီဒိုးရဲ့အသံထဲမှာ ဟယ်ရီ မကြားဖူးတဲ့ ကြေကွဲမှု နဲ့ ပြည့်နေတယ်။ "သူတို့ ရူးသွားပြီ၊ နှစ်ယောက်စလုံး စိန့်မန်းဂိုးရောဂါ ဒဏ်ရာကုဆေးရုံမှာ၊ နီဗီးဟာ ကျောင်းပိတ်ရက်တိုင်း အဖွားနဲ့အတူ သူတို့ကို သွားကြည့်တယ်ထင်တယ်၊ သူတို့က သူ့ကို မမှတ်မိတော့ဘူး"

ဟယ်ရီဟာ ထိတ်လန့်စွာ ထိုင်နေတယ်၊ သူတစ်လျှောက်လုံး မသိ ခဲ့ဘူး . . . . လေးနှစ်တောင်ရှိပြီ၊ ဘယ်တုန်းကမှမေးဖို့ သတိမရဘူး . . . .

"လွန်ဘော့တမ်လင်မယားဟာ လူချစ်လူခင်ပေါတယ်" ဒမ်ဘလီဒိုးက ပြောတယ်၊ "သူတို့ဟာ ဗိုလ်ဒီမွန့် ကျဆုံးပြီးနောက်မှ အတိုက်အခိုက်ခံရတာ အားလုံးက လုံခြုံပြီလို့ ထင်တဲ့အခါကျမှ၊ ဒီလိုရက်စက်မှုဟာ ဘယ်တုန်းကမှ မရှိတဲ့ အများရဲ့ဒေါသကို ဖြစ်ပေါ်စေတယ်၊ မော်ဝန်ကြီးဌာနဟာ ဖိအား သိပ်ကြီးလို့ လက်သည်ကိုရအောင် ဖမ်းရတယ်၊ ကံမကောင်းတာက၊ လွန် ဘော့တမ်လင်မယားရဲ့ ထိုစဉ်က အခြေအနေအရ၊ ၎င်းတို့ရဲ့ ထွက်ဆိုချက်ဟာ သိပ်ပြီးစိတ်မချရဘူး"

"ဒါဆို မစ္စတာခရောက်ချ်ရဲ့သားဟာ အပြစ်မရှိဘဲ ခံရတာလား" ဟယ်ရီက မေးတယ်။

ဒမ်ဘလီဒိုးက ခေါင်းခါပြတယ်၊

"ကျုပ် မသိဘူး"

ဟယ်ရီ ငြိမ်သွားပြန်တယ်၊ အတွေးဇလုံထဲကအရာတွေ အဲဒီမှာ လည်နေတာကို ကြည့်နေတယ်။ သူ့မှာ မေးခွန်းနှစ်ခု မေးကိုမေးချင်နေတယ် . . . . ဒါပေမယ့် အဲဒီမေးခွန်းဟာ ရှင်နေတဲ့လူနဲ့ ပတ်သက်နေတယ် . . . .

"ဒါဆို" သူက ပြောတယ်၊ "မစ္စတာဘက်ဂမင်း . . . ."

". . . . နောင်မှာ မှော်နက်လှုပ်ရှားမှုထဲ ပါတယ်လို့ ထပ်အစွပ်အစွဲ မခံရတော့ဘူး" ဒမ်ဘလီဒိုးဟာ တည်ငြိမ်စွာ ပြောတယ်၊

"အော" ဟယ်ရီက လောလောပြောတယ်၊ အတွေးဇလုံကို ထပ်ကြည့်



နေပြန်တယ်။ ဒမ်ဘလီဒိုးဟာ အထဲကို အတွေးထပ်မထည့်တော့ဘူး၊ ဇလုံ ထဲက အရာဝတ္ထုဟာ လည်နှုန်းနှေးလာတယ်၊ "ပြီးတော့ . . . . အင်း . . . ."

ဒါပေမယ့် အတွေးဇလုံက သူ့အစား မေးလိုက်သလိုပဲ၊ စနိတ်ပ် မျက်နှာ တစ်ခါပြန်ပေါ်လာပြန်တယ်၊ ဒမ်ဘလီဒိုးက ၎င်းကို ကြည့်လိုက်ပြီး ဟယ်ရီ့ကို မော့ကြည့်နေတယ်။

"ပါမောက္ခစနိတ်ပ်လဲ မခံရဘူးလား"

ဟယ်ရီဟာ ဒမ်ဘလီဒိုးရဲ့ အပြာဖျော့ဖျော့မျက်လုံးကို ငေးကြည့်ရင်း၊ သူ တကယ်မေးလိုတဲ့မေးခွန်း ပါးစပ်က ထွက်သွားတယ်။

"သင် ဘာဖြစ်လို့ သူ ဗိုလ်ဒီမွန့်ကို မထောက်ခံတော့ဘူးလို့ ထင် တာလဲ"

ဒမ်ဘလီဒိုးဟာ ဟယ်ရီနဲ့ အပြန်အလှန် စက္ကန့်အနည်းငယ် ကြည့် နေကြပြီးနောက် ပြောတယ်၊ "ဒါက ပါမောက္ခစနိတ်ပ်နဲ့ကျုပ် နှစ်ယောက်ကြား ကိစ္စပါ၊ ဟယ်ရီ"

တွေ့ဆုံပြောဆိုတာ ပြီးဆုံးသွားပြီလို့ ဟယ်ရီ သိတယ်။ ဒမ်ဘလီဒိုး ဟာ စိတ်ဆိုးပုံမရဘူး၊ ဒါပေမယ့် သူ့လေသံထဲမှာ ဒီတွင်ပြီးဆုံးပြီဆိုတဲ့ အဓိပ္ပာယ်ပါတယ်။ ဟယ်ရီဟာ သူသွားသင့်ပြီလို့ သိတယ်။ သူ မတ်တတ်ရပ် လိုက်တယ်။ ဒမ်ဘလီဒိုးလည်း ရပ်လိုက်တယ်။

"ဟယ်ရီ" ဟယ်ရီ တံခါးဝရောက်တော့၊ ဒမ်ဘလီဒိုးက ပြောတယ်၊ "နီဗီးမိဘအကြောင်းကို သူများမပြောပါနဲ့၊ သူပြောချင်တဲ့အချိန်ကျမှ သူကိုယ် တိုင် ပြောပြသင့်တယ်"

"ကောင်းပြီ၊ ပါမောက္ခ" ဟယ်ရီက ပြောပြီး သွားဖို့လှည့်လိုက်တယ်၊

"ပြီးတော့ ——"

ဟယ်ရီ လှည့်ကြည့်တယ်၊ ဒမ်ဘလီဒိုးဟာ အတွေးဇလုံနောက်မှာ ရပ်တယ်။ ဇလုံထဲက ငွေရောင်ဟာ သူ့မျက်နှာကို လက်နေစေတယ်။ အရင်က ထက်ပိုပြီး အိုမင်းသလိုထင်ရတယ်၊ သူဟာ ဟယ်ရီ့ကို ခဏကြည့်နေပြီး ပြောတယ်။ "တတိယကဏ္ဍထဲမှာ မင်းကံကောင်းပါစေ"

www.burmeseclassic.com

www.burmeseclassic.com



# ၃၁။ တတိယကဏ္ဍ

"ဒမ်ဘာလီဒိုးကလဲ အဲဒီလူ သန်မာလာပြီလို့ ထင်လား" ရွန်က တိုးတိုး မေးတယ်။

ဟယ်ရီဟာ သူ အတွေးဇလုံထဲမှာ မြင်ရတာအားလုံးနဲ့ သူ ဒမ်ဘာလီဒိုး ဆီက ကြားရတာ၊ မြင်ရတာအားလုံးလိုလိုကို ရွန်နဲ့ဟာမီးကို ပြောပြလိုက်တယ် —— ဆီးရီးအက်စ်ကြယ်ကိုလည်း ပြောပြတာပေါ့။ ဟယ်ရီဟာ ဒမ်ဘာလီဒိုးရဲ့ ရုံးခန်းက ထွက်လာတာနဲ့ သူ့ဆီ ဇီးကွက်တစ်ကောင်က လွှတ်လိုက်တယ်။ ဟယ်ရီ ရွန်နဲ့ ဟာမီးဟာ၊ အဲဒီညဘက် အများနားနေခန်းမှာ အလွန်နောက်ကျတဲ့ထိ နေတယ်။ ဒီကိစ္စတွေကို အပြန်အလှန် ဆွေးနွေးတယ်။ ပြောကြတာ နောက်ဆုံး ဟယ်ရီ ခေါင်းတောင်မူးလာတယ်။ ဒမ်ဘာလီဒိုးပြောတဲ့ ခေါင်းထဲမှာ အတွေး တွေ သိပ်ပြည့်လာရင်၊ တချို့ကို ဆွဲထုတ်လိုက်ရင် ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ် ကို သူ အခု ခံစားရပြီ။

ရွန်က အများနားနေခန်းထဲက မီးဖိုကို ငေးကြည့်နေတယ်။ ည



အချိန်မှာ အတော်နွေးနေပေမယ့်၊ ရွန် အနည်းငယ်တုန်နေတာ ဟယ်ရီ တွေ့ရ တယ်။

"သူ စနိတ်ပ်ကို ယုံတယ် ?" ရွန်က မေးတယ်။ "စနိတ်ပ်ဟာ ဒက်အီ ထာဖြစ်ခဲ့တာ သူသိတယ်။ ဒါပေမယ့် သူ့ကို တကယ်ပဲ ယုံသေးလား ?"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

ဟာမီးဟာ ဆယ်မိနစ်ခန့် စကားမပြောဘူး။ သူမက လက်နဲ့ နဖူး ကိုင်ပြီး ထိုင်နေတယ်။ မျက်စိက ဒူးကို ကြည့်နေတယ်။ သူမလည်း အတွေး လုံတစ်လုံး လိုလိမ့်မယ်လို့ ဟယ်ရီက တွေးတယ်။

"ရိထာ-စကီးထာ" သူမက ပွစိပွစိပြောတယ်။

"နင် ဘယ့်နှယ် အခု သူမကို စိတ်ပူနေပြန်ပလဲ" ရွန်က မယုံနိုင်ဘဲ မေးတယ်။

"ငါ သူမကို စိတ်ပူတာမဟုတ်ဘူး" ဟာမီးက ဒူးကိုကြည့်ပြီး ပြော တယ်။ "ငါက တွေးတာ . . . . သူမ တံမြက်စည်းသုံးလက်အရက်ဆိုင်ထဲမှာ ငါ့ကိုပြောတဲ့စကားကို မှတ်မိသေးလား။ 'လူဒို-ဘက်ဂမင်းကိစ္စတချို့ ကိုယ် သိတယ်။ မင်းတို့ ကြက်သီးမွေးညင်းတောင်ထသွားလိမ့်မယ်' သူမ ပြောတာ ပဲ၊ ဟုတ်လား။ သူမက ထိုစဉ်က သူ့ကို စစ်မေးတဲ့အကြောင်း သတင်း ရေးတယ်။ သူ ဒက်အီတာကို သတင်းပေးတာ သိတယ်။ ပြီးတော့ ဝင်ခီ၊ မှတ်မိ လား . . . . 'လူဒို-ဘက်ဂမင်းဟာ မှော်ဆရာဆိုး' မစ္စတာခရောက်ချ်ဟာ ဘက်ဂမင်း အပြစ်ပေးမခံရတာ သိပ်ဒေါပွလိမ့်မယ်။ သူ အိမ်ပြန်တော့ ဒီ အကြောင်း ပြောလိမ့်မယ်"

"အကျိုးအကြောင်းရှိတယ်၊ ဒါပေမယ့် ဘက်ဂမင်းဟာ တမင်သတင်း ပေးတာ မဟုတ်ဘူး၊ ဟုတ်လား"

ဟာမီးက ပခုံးတွန့်ပြတယ်။

"ဖဒ်ဂ်က မဒမ်မက်ဆင်း ခရောက်ချ်ကို တိုက်တယ်လို့ ထင်တယ်?" ရွန်က ဟယ်ရီဘက် လှည့်မေးတယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "သူ ဒီလိုပြောတာ ခရောက်ချ် ဟာ ဗျူစ်ဘာတန်မြင်းလှည်းနားမှာ ပျောက်သွားလို့"

"ငါတို့ ဘယ်တုန်းကမှ သူမကို မတွေးမိဘူး၊ ဟုတ်လား" ရွန်က ဖြည်းနှေးစွာ ပြောတယ်။ "တွေးကြည့်ပါ၊ သူမမှာ ရောမလူသားသွေးပါမှာ သေချာတယ်၊ ဒါပေမယ့် သူမက ဝန်မခံချင်ဘူး ——"

www.burmeseclassic.com



"သူ ဘယ်ဝန်ခံချင်မလဲ" ဟာမီး ခေါင်းမော့ပြီး စူးရှစွာ ပြောတယ် ရိထာက ဟက်ဂရစ်အမေအကြောင်း တွေ့ရှိပြီး ဖြစ်ပေါ်တာကို ကြည့်ကြ ဖဒ်ဂ်ကိုလဲ ကြည့်ဦး။ မဒမ်မက်ဆင်းမှာ ရောမလူသားသွေးပါတာနဲ့ သူမ လက်သည်လို့ ထင်တယ်။ ဘယ်သူက ဒီလိုအထင်အမြင်ခံချင်မှာလဲ။ ငါသ ဆိုရင်လဲ၊ အမှန်ပြောတဲ့ အကျိုးဆက်က ဒီလိုဆိုတာသိခဲ့ရင်၊ ငါလဲ အရှိုးအဆ ကြီးတာလို့ ပြောချင်ပြောမှာ"

ဟာမီးက နာရီကြည့်လိုက်တယ်။ "ငါတို့ မလေ့ကျင့်ရသေးဘူး" သူ က လန့်အော်ပြောတယ်။ "အစက အတားအဆီးဂါထာ လေ့ကျင့်ရမှာ။ ငါ မနက်ဖြန် သေချာလေ့ကျင့်ဦးမှ။ သွားစို့၊ ဟယ်ရီ၊ နင်ကောင်းကောင်းအိပ်ဦး ဖြစ်မယ်"

ဟယ်ရီနဲ့ ရွန် ဖြည်းဖြည်းအပေါ်တက်ပြီး အိပ်ခန်းပြန်ခဲ့တယ်။ ဟယ် ညဝတ်အင်္ကျီဝတ်တော့ နီဗီးခုတင်ပေါ် ကြည့်လိုက်တယ်။ သူဟာ ဒမ်ဘယ် ကို ကတိပေးတာကို လိုက်နာပြီး နီဗီးမိဘအကြောင်းကို ရွန်နဲ့ ဟာမီးကို ပြေ မပြောဘူး။ ဟယ်ရီ မျက်မှန်ချွတ်ပြီး ခုတင်ပေါ် တက်လိုက်တယ်။ မိဘအသက် နေပေမယ့် သင့်ကို မမှတ်မိတဲ့ အရသာကို တွေးကြည့်နေတယ်။ သူဟာ မိဘ လူတွေက သနားလေ့ရှိတယ်။ ဒါပေမယ့် နီဗီးဟောက်သံ နားထောင်ရင် နီဗီးက သူ့ထက်ပို စာနာဖို့ကောင်းတယ်လို့ ထင်တယ်။ ဟယ်ရီဟာ အမှော ထဲမှာ လှဲနေရင်း၊ လွန်ဘော့တမ်လင်မယားကို နှိပ်စက်တဲ့လူအပေါ် ပြင်းထန် ဒေါသနဲ့ ရန်ငြိုးဖြစ်မိတယ် . . . . သူဟာ ခရောက်ချ်ရဲ့သားနဲ့ လူအချို့ ဝိညာ စုပ်ကောင်က တရားရုံးက ဆွဲထုတ်သွားစဉ် လူအများ သရော်တာကို တွေ တယ် . . . . သူတို့ရဲ့ခံစားမှုကို သူနားလည်တယ် . . . . ဒီနောက်၊ သူ ဖူးရှစွာ အော်ဟစ်နေတဲ့ကောင်လေးရဲ့ ဖြူဖပ်တဲ့မျက်နှာကို သတိရတယ် . . . တစ်ခါ ရုတ်တရက် သူလည်း နောက်တစ်နှစ်ဆို သေရမှာကို သတိရမိတ . . . .

အဲဒါ ဗိုလ်ဒီမွန့်။ ဟယ်ရီက အမှောင်ထဲက ခြင်ထောင်အမိုးကို ကြ ပြီး တွေးတယ်။ ဒါအားလုံး ဗိုလ်ဒီမွန့်ကြောင့်ဖြစ်တာ . . . . သူက ဒီအိမ်ထော တွေကို ဖျက်ဆီးပစ်တာ။ ဒီလောက်များတဲ့အသက်တွေကို ဖျက်ဆီးပစ်တ . . . .



ရွန်နဲ့ ဟာမီးရဲ့ စာမေးပွဲဟာ တတိယကဏ္ဍစတဲ့နေ့မှာ ပြီးဆုံးမယ်။ သူတို့ဟာ အချိန်လုပြီး စာကျက်ရမှာဖြစ်ပေမယ့်၊ အချိန်တွေ အများကြီး အကုန် ခံပြီး ဟယ်ရီ့ကိုကူပြီး ပြင်ဆင်မှုလုပ်ကြတယ်။

"စိတ်မပူပါနဲ့" ဟယ်ရီက သူတို့ကို ဒီအချက်ထောက်ပြပြီး မိမိဖာသာ လေ့ကျင့်မယ်ပြောတော့၊ ဟာမီးက ဘာမှစိတ်ထဲမထားဘဲ ပြောတယ်။ ငါတို့ဟာ အနည်းဆုံးတော့ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ဘာသာမှာ အမှတ်ကောင်းကောင်းရမယ်။ စာသင်ချိန်မှာ ဂါထာဒီလောက်များများ မတွေ့ ခဲ့ဘူး"

"ဟုတ်တယ်၊ ငါတို့ နောင်မှာ အောရာလုပ်ဖို့ အလွန်ကောင်းတဲ့ လေ့ကျင့်မှုပဲ" ရွန်က တက်ကြွစွာ ပြောတယ်။ တအုန်းအုန်းနဲ့ ပျံလာတဲ့ ပျား ကျယ်တစ်ကောင်ကို အတားအဆီးဂါထာ စမ်းကြည့်တယ်။ ၎င်းဟာ ရုတ်တ က် မိုးပေါ်မှာ ရပ်သွားတယ်။

ဇွန်လထဲရောက်တော့၊ ရဲတိုက်ထဲက လေထုဟာ လှုပ်ရှားတက်ကြွ လာပြန်တယ်။ ကျောင်းမပိတ်ခင်တစ်ပတ်မှာ ပြုလုပ်မယ့် တတိယကဏ္ဍပြိုင်ပွဲ ကို အားလုံး မျှော်လင့်စောင့်စားနေတယ်။ ဟယ်ရီဟာ အားတာနဲ့ ဂါထာ လေ့ကျင့်တယ်။ ရှေ့ကနှစ်ကြိမ်ထက် ပိုပြီးယုံကြည်စိတ်ရှိလာတယ်လို့ သူထင် တယ်။ ဒီပြိုင်ပွဲမှာ ခက်ခဲမှု၊ အန္တရာယ်ရှိမှုနဲ့ ပြည့်နေမှာ သေချာပေမယ့်၊ မူးဒီ ပြောတာမှန်တယ်။ ဟယ်ရီဟာ ဧရာမအကောင်ကြီးတွေနဲ့ မှော်အတားအဆီးရဲ့ သပ်မှုကို ချောမောစွာ ကျော်ဖြတ်ခဲ့ပြီးပြီ၊ ပြီးတော့၊ ဒီတစ်ခါမှာ ကြိုတင် အကြောင်းကြားထားတဲ့အတွက်၊ ပြင်ဆင်မှုလုပ်ချိန် ရတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ကျောင်းမှာ ရာတကာလေ့ကျင့်နေတာနဲ့ချည်း တိုးတယ်။ ဒါကြောင့်၊ သူမဟာ သူတို့ကို လယ်ထမင်းစားချိန်မှာ ရုပ်ပြောင်းစာသင်ခန်းကို အသုံးပြုခွင့်ပေးတယ်။ ယ်ရီဟာ မကြာခင်မှာပဲ အတားအဆီးဂါထာကို ရသွားတယ်။ သူဟာ တိုက် က်သူကို တားဆီးနိုင်တယ်။ ချေမှုန်းဂါထာက အစိုင်အခဲအတားအဆီးကို ်နိုင်တယ်။ ပြီးတော့၊ ဟာမီးတွေ့ရှိတဲ့ ဦးတည်ချက်ပြဂါထာ၊ ၎င်းက ဟယ်ရီရဲ့ ်ကြိမ်လုံးကို မြောက်ဘက်စူးစူးကို ညွှန်ပြစေတယ်။ ဒီလိုဆိုရင် သူဟာ ်ပါထဲမှာ ဦးတည်ချက် မှန်မမှန် ဝေခွဲလို့ရသွားတယ်။ ဒါပေမယ့် သူဟာ ်ပ်ဂါထာကို သေချာမရသေးဘူး။ အဲဒီဂါထာဟာ သူ့အတတ်လည်မှာ ယာယီ

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် မမြင်ရတဲ့တံတိုင်း ကာထားနိုင်တယ်။ ဟာမီးက ခြေပျော့ဂါထာ ရင်းကို ကျင်လည်စွာ ဖြုံခဲ့လိုက်တယ်။ ဟယ်ရီဟာ ခြေထော့ပြီး အခန်းထဲမှာ ဆယ်မိနစ်လမ်းလျှောက်ပြီးမှ သူမဟာ အဖြေဂါထာ ရှာလို့တွေ့တယ်။

"နှင်လေ့ကျင့်တာ မဆိုးဘူး" ဟာမီးက အားပေးပြောဆိုရင်း၊ မိမိ စာရင်းဇယားကို ကြည့်တယ်။ သူတို့တတ်မြောက်တဲ့ဂါထာကို ခြစ်ပစ်တယ် "အသုံးကျမှာတချို့တော့ ပါမှာပဲ"

"မြန်မြန်လာကြည့်ကြ" ရွန်က ပြတင်းရှေ့မှာရပ်ပြီး အောက် ကွင်းကို ကြည့်ပြီးပြောတယ်။ "မော်ဖိုင် ဘာလုပ်နေလဲ"

ဟယ်ရီနဲ့ ဟာမီးက အမြန်သွားကြည့်တယ်။ မော်ဖိုင်၊ ခရပ်နဲ့ ဂိုး သစ်ပင်ရိပ်မှာ တွေ့ရတယ်။ ခရပ်နဲ့ ဂိုးဟာ ကင်းစောင့်နေသလိုပဲ။ နှစ်ယော စလုံး ကြောင်တောင်တောင်ရယ်နေတယ်။ မော်ဖိုင်က ပါးစပ်ကို လက်နဲ့အုပ် စကားပြောတယ်။

"သူ အပြန်အလှန်စကားပြောစက် သုံးနေသလိုပဲ" ဟယ်ရီက သိ စိတ်နဲ့ ပြောတယ်။

"မဖြစ်နိုင်ဘူး" ဟာမီးက ပြောတယ်။ "ငါ နင့်ကို ပြောပြဖူးတယ် အဲဒီပစ္စည်းတွေ ဟော့ဂ်ဝပ်အဝန်းအဝိုင်းထဲမှာ အသုံးမကျဘူး။ လာ၊ ဟယ်ရီ" သူမက ပေ့ါပါးစွာ ပြောတယ်။ လှည့်ပြီး ပြတင်းပေါက်ကနေ အခန်းအလယ် ကို သွားတယ်။ "ငါတို့ သံချပ်ဂါထာ ထပ်လေ့ကျင့်ရအောင်"

ဆီးရီးအက်စ်ကြွယ်ဟာ အခု နေ့တိုင်း ဇီးကွက်နဲ့ စာ တယ်။ သူဟာ ဟာမီးလိုပဲ ဟယ်ရီ့ကို တတိယကဏ္ဍအောင်မြင်အောင် ညီဖို့ စိတ်ပြင်း နေတယ်။ သူဟာ စာတိုင်းမှာ ဟယ်ရီ့ကို ဟော့ဂ်ဝပ်ခြံစည်း အပြင်က ကိစ္စ မင်း ဝင်ပါစရာဝတ္တရား မရှိဘူး။ ၎င်းတို့ကို မင်း ကူညီ ပေမယ့် အင်အား မရှိဘူးလို့ သတိပေးတယ်။

တကယ်လို့ ဗိုလဒီမွန်နဲ့ တကယ်ပဲ အား ကောင်းလာတယ်ဆိုရင် မင်းလုံခြုံရေးကို ပထမဆုံး အာမခံရမယ်လို့ ကျုပ်ထင်တယ်။ ဒမ်ဘလီဒိုး ရဲ့ ကာကွယ်မှုရှိနေတဲ့အတွက်၊ သူက မင်းကိုလုပ်ဖို့မလွယ်ဘူး။ ဒါပေမယ့် မင်းတလဲ အလွန်သတိထားရမယ်၊ မစွန့်စားနဲ့။ အခု မင်းစဉ်းစားရမှာ ဝတ်ပါထဲက ဘယ်လိုလုံခြုံစွာ ထွက်လာနိုင်မလဲဆိုတာပဲ။ ကျန်ပြဿနာ တွေ နောက်မှပြောပါ။



ဟယ်ရီ့အာရုံဟာ ဇွန်လ ၂၄ ရက် နီးကပ်လာတာနဲ့အမျှ လှုပ်ရှား လာတယ်။ ဒါပေမယ့် ပထမကဏ္ဍနဲ့ ဒုတိယကဏ္ဍမတိုင်မီကထက် နည်းနည်း လျော့သေးတယ်။ ရှေးဦးစွာအားဖြင့်၊ သူဟာ ဒီတစ်ကြိမ်မှာတော့ အတတ်နိုင် ဆုံး ပြင်ဆင်ထားပြီလို့ ယုံကြည်တယ်။ ပြီးတော့လည်း၊ ဒါဟာ နောက်ဆုံး အတားအဆီး။ ရလဒ်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ယှဉ်ပြိုင်ပွဲ ပြီးဆုံးတော့မယ်။ ဒီဝန်ထုပ်ဝန်ပိုးကြီးကို ချလိုက်လို့ရတော့မယ်။

ပြိုင်ပွဲနေ့မှာ၊ ဂရစ်ဖင်းဒေါ နံနက်စောစောစာစားပွဲမှာ အလွန်စည် ကားတယ်။ စာပို့တဲ့ဇီးကွက် ရောက်လာတယ်။ ဟယ်ရီ့ကို ဆီးရီးအက်စ်ကြွယ် ပို့တဲ့ ကံကောင်းကတ် ရောက်လာတယ်။ သိုးရေစက္ကူတစ်ရွက်သာဖြစ်ပြီး၊ နင်းခေါက်ချိုးထားတာသာ ဖြစ်တယ်။ အပေါ်မှာ ရွှံ့ပေနေတဲ့ ခြေသည်းရာပဲ ရှိတယ်။ ဒါပေမယ့် ဟယ်ရီက သိပ်နှစ်သက်တယ်။ စူးစူးအော်ဝင်လာတဲ့ ဇီးကွက်ဟာ ခါတိုင်းလိုပဲ ဟာမီးကို နံနက်ထွက် 'ကြိုဟောသူများနေ့စဉ်' လာပို့ တယ်။ သူမဟာ သတင်းစာကိုဖြန့်ပြီး ပထမဆုံးစာမျက်နှာကို ကြည့်လိုက်တယ်။ ချက်ချင်းပဲ ပါးစပ်ထဲက ရွှေဖရုံသီးရည်တွေ သတင်းစာပေါ် ပန်းထွက်သွား တယ်။

"ဘာဖြစ်လဲ" ဟယ်ရီနဲ့ ရွန်က သူမကိုကြည့်ပြီး တစ်ပြိုင်နက် မေး တယ်။

"ဘာမှမဟုတ်ဘူး" ဟာမီးဟာ သတင်းစာကို ကမန်းကတမ်း သိမ်း လိုက်ချင်တယ်။ ဒါပေမယ့်၊ ရွန်က ဆွဲယူလိုက်တယ်။ သူက ခေါင်းစဉ်ကို ကြည့် ပြီး ပြောတယ်။ "မဖြစ်နိုင်ဘူး၊ ဒီနေ့ကျမှ၊ ဒီနွားမကြီး"

"ဘယ်လို" ဟယ်ရီက မေးတယ်။ "ရီထာ-စကီးထာပဲလား"

"မဟုတ်ဘူး" ရွန်ကလည်း ဟာမီးလိုပဲ သတင်းစာကို ဖွက်ထားချင် တယ်။

"ငါ့အကြောင်းပါတယ် ဟုတ်လား" ဟယ်ရီက မေးတယ်။

"မဟုတ်ဘူး" ရွန်က ယုံချင်စရာမရှိတဲ့လေသံနဲ့ ပြောတယ်။

ဒါပေမယ့် ဟယ်ရီက သတင်းစာကို ကြည့်မယ်လို့ မပြောခင်မှာဘဲ၊ ခန်းမဟိုတစ်ဖက်က စလေးသရင်းစားပွဲဆီက ဒရာခို-မော်ဖိုင်က ထအော်နေပြီ။

"ဟေး၊ ပေါ်တာ၊ ပေါ်တာ။ မင်းခေါင်း ဘယ်လိုဖြစ်လဲ။ မင်း ဘာမှ ဖြစ်ပါဘူးနော်။ ငါတို့ကို အရှူးထမပြပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



မော်ဖိုင့်လက်ထဲမှာလည်း 'ကြိုဟောဆရာများနေ့စဉ်' တစ်စော င်ကိုင်ထားတယ်။ စလေးသရင်းက ကျောင်းသားတွေ တိတ်တခိုးရယ်နေတယ် ဟယ်ရီ ဘယ်လိုတုံ့ပြန်မယ်ဆိုတာ လှည့်ကြည့်နေတယ်။

"ငါ့ပြစမ်း" ဟယ်ရီက ရွန့်ကို ပြောတယ်။ "ငါ့ပေး"

ရွန်က မပေးချင်ဘဲ သတင်းစာကို ပေးလိုက်တယ်။ ဟယ်ရီဟာ လှ လိုက်တာနဲ့ မိမိဓာတ်ပုံကို မြင်ရတယ်။ ပေါ်လွင်တဲ့ခေါင်းစဉ်နဲ့ ဖော်ပြထားတယ်

ဟယ်ရီ-ပေါ်တာ စိတ်ရှုပ်ထွေးပြီး

အန္တရာယ်ထဲ ကျရောက်နေတယ်။

အထူးသတင်းထောက် ရီတာ-စကီးထာရဲ့ သတင်းပေးပို့ချက်။ နာမည်တောင်မခေါ်ဝံ့တဲ့သူကို အနိုင်တိုက်ခဲ့တဲ့ကောင်လေးဟာ စိတ်မတည် မငြိမ် ဖြစ်နေတယ်။ ပြီးတော့ အတော်အန္တရာယ်ရှိနိုင်တယ်။ ခုတလော တုန်လှုပ်စရာ သက်သေခံအချက်အလက်က ဟယ်ရီ-ပေါ်တာရဲ့ ထူးဆန်း အပြုအမူကို ဖွင့်ပြနေတယ်။ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲလို အဆင့်မြင့်ခက်ခဲ ပြိုင်ပွဲထဲ သူပါဝင်ဖို့ သင့်တော်ပါ့မလားလို့ သံသယဖြစ်စေတယ်။ ဟော့ဂ်ဝပ် ကျောင်းနေဖို့တောင် သင့်တော်ပါ့မလားလို့ သံသယဖြစ်စေတယ်။

'ကြိုဟောဆရာများနေ့စဉ်'ရဲ့ သတင်းဦးမှာ ဖော်ပြထားတာ ပေါ်တာဟာ ကျောင်းမှာ မကြာခဏ ရောဂါထတယ်။ သူ့နဖူးက အမာရွတ် နာတယ်လို့ ပြောတယ် (အဲဒီအမာရွတ်ဟာ နာမည်မခေါ်ဝံ့သူက သူ့ကို သတ် လုပ်ကြံရွတ်ဆိုတဲ့ကျိန်စာဆိုးကြောင့် ကျန်ရစ်တဲ့ အမှတ်အသားဖြစ်တယ် လွန်ခဲ့တဲ့အပတ် ဓေဒင်သင်တန်းတက်စဉ်မှာ၊ ပေါ်တာဟာ အမာရွတ်နာလွ လို့ ကျောင်းဆက်မတက်နိုင်ဘူးလို့ပြောပြီး ကျောင်းခန်းက ပြေးထွက်သွား ကို 'ကြိုဟောဆရာများနေ့စဉ်' သတင်းထောက်ကိုယ်တိုင် မြင်တွေ့ခဲ့ရတ

စိန့်မန်ဂိုး ဒဏ်ရာနဲ့ဖျားနာရောဂါကု ဆေးရုံက အဆင့်မြင့်ပါရဂူ အဆိုအရ၊ ပေါ်တာရဲ့ ဦးနှောက်ဟာ ဟိုလူရဲ့ မှော်အားထိခိုက်မှုကို ခံရမယ် ထင်တယ်၊ သူကိုယ်နှိုက်က အမာရွတ်နာနေတယ်လို့ ပြောတာဟာ၊ သူ့စိ အာရုံ အလွန်ရှုပ်ထွေးနေတယ်ဆိုတာ ဖော်ပြတယ်။

"သူ ဟန်ဆောင်တာလဲ ဖြစ်နိုင်တယ်" ပါရဂူတစ်ယောက်က ပြော တယ်၊ "လူတွေ သတိပြုမိစေချင်လို့လဲ ဖြစ်မယ်"



ဒါပေမယ့် 'ကြိုဟောဆရာများနေ့စဉ်'က ဟယ်ရီ-ပေါ်တာရဲ့ စိုးရိမ် ရာ အခြေအနေတချို့ကို တွေ့ရှိထားတယ်၊ ဟော့ဂ်ဝပ်ကျောင်းအုပ်ကြီး အော်ဘတ်စ်-ဒမ်ဘာလီဒိုးဟာ သူ့ကို အမြဲတမ်း သတိထားပြီး ဖုံးကွယ်ပေးတယ်၊

"ပေါ်တာက မြွေမာဂစကား ပြောတတ်တယ်" ဟော့ဂ်ဝပ် စတုတ္ထ နှစ်ကျောင်းသား ဒရာခို-မော်ဖိုင်က ပြောပြတယ်။ "လွန်ခဲ့တဲ့နှစ်နှစ်က ကျောင်း သားအများအပြား အတိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီး၊ လူအများစုက ပေါ်တာ ဟာ နောက်ကွယ်က ညွှန်ကြားသူလို့ ထင်ကြတယ်။ အကြောင်းက သူဟာ နစ်ဦးချင်း အပြတ်တိုက်တဲ့ ကလပ်ထဲမှာ ကောင်လေးတစ်ယောက်ကို မြွေ ဒွတ်ပြီး ကိုက်ခိုင်းတာ အများကိုယ်တိုင် မြင်တွေ့ရလို့ပဲ။ ဒါပေမယ့် အဲဒါ တွေကို ဖုံးကွယ်ထားလိုက်တယ်။ သူဟာ ဝံပုလွေလူသား၊ ဧရာမလူသားတွေနဲ့ တ်ဆွေဖွဲ့တယ်။ သူဟာ အာဏာရဖို့ဆိုရင် ဘာမဆိုလုပ်ဝံ့တယ်လို့ ကျွန်တော် ထင်တယ်"

မြွေနဲ့ စကားပြောနိုင်တဲ့ မြွေမာဂစကားကို မှော်နက်ပညာလို့ သိနား ည်ကြတယ်။ ခင်စစ်မှာ၊ မျက်မှောက်ခေတ် နာမည်အကြီးဆုံး မြွေမာဂစ ကားတတ်သူဟာ ဟိုလူသာလျှင် ဖြစ်တယ်။ မှော်နက်ပညာခုခံကာကွယ်ရေး ဘာမိတ်အဖွဲ့က နာမည်မဖော်ပြလိုသူတစ်ဦးက ပြောတယ်။ မြွေမာဂစကား ပြောတတ်တဲ့ မှော်ဆရာမှန်ရင်၊ 'စစ်ဆေးခံသင့်တယ်'လို့ သူက ထင်တယ်၊ မြွေနဲ့ စကားပြောနိုင်တဲ့လူကို ကျွန်တော် အလွန်သံသယရှိတယ်။ အကြောင်း က မြွေကို အလွန်အလွန်ဆိုးရွားတဲ့ မှော်နက်ပညာထဲမှာ အသုံးချလို့၊ ပြီးတော့ မိုင်းမှာလဲ လူဆိုးနဲ့ ဆက်စပ်ကြည့်မြင်ခဲ့တယ်" ဒီအတိုင်းပဲ "ဝံပုလွေလူသား ဦ့ ဧရာမလူသားတို့လို မကောင်းဆိုးရွားတွေနဲ့ ပေါင်းတဲ့လူဟာလဲ အများ အားဖြင့် အကြမ်းဖက်မှုကို နှစ်သက်တယ်"

အော်ဘတ်စ်-ဒမ်ဘာလီဒိုးဟာ ဒီလိုကောင်လေးကို ဗိုလ်သုံးဗိုလ်ယှဉ် ပြိုင်ပွဲထဲ ပါဝင်ခွင့်ပြုတာ သင့်တော်သလားဆိုတာ စဉ်းစားသင့်တယ်။ တချို့က ပေါ်တာဟာ နိုင်ချင်လွန်းလို့ မှော်နက်ပညာအသုံးပြုမှာ စိုးရိမ်ကြတယ်။ ပြိုင်ပွဲ တတိယကဏ္ဍကို ဒီညမှာ ပြုလုပ်မယ်။

"ငါ့ကို သိပ်မျက်စိမကျတော့ဘူး၊ ဟုတ်လား" ဟယ်ရီက သတင်းစာ ကို ခေါက်ပြီး ပေါ့ပါးစွာ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com


စလေးသရင်းဘက်မှာ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့က သူ့ကို ကဲ့ရယ်နေ တယ်။ သူတို့က လက်ချောင်းနဲ့ နားထင်ကို ခေါက်ပြီး၊ အရူးဟန်ဆောင်ပြတယ်။ မြွေလိုလည်း လျှာထုတ်ထုတ်နေတယ်။

"သူမက မင်း ဗေဒင်အချိန်မှာ အမာရွတ်နာတာ ဘယ်လိုလုပ်သိလဲ" ရွန်က ပြောတယ်။ "သူမ အဲဒီမှာ မရှိနိုင်ဘူး၊ ကြားလဲမကြားနိုင် ——"

"ပြတင်းပွင့်နေတယ်" ဟယ်ရီက ပြောတယ်။ "ငါ လေရအောင် ပြတင်းဖွင့်တယ်"

"နင်က မြောက်ဘက်အဆောင်ရဲ့ ထိပ်ဆုံးအထပ်မှာ" ဟာမီးက ပြော တယ်။ "နင့်အသံ အောက်ကကွင်းထဲ မရောက်နိုင်ဘူး"

"အင်း၊ ခိုးနားထောင်တဲ့ မှော်ပညာကို သုတေသနပြုသူက နင်ပဲလေ" ဟယ်ရီက ပြောတယ်။ "သူမ ဘယ်လိုလုပ်သိတယ်ဆိုတာ နင် ငါ့ကို ပြောပြ"

"ငါတွေးနေတယ်" ဟာမီးက ပြောတယ်။ "ဒါပေမယ့် ငါ . . . . ဒါပေ မယ့် . . . ."

ဟာမီးမျက်နှာပေါ်မှာ ရုတ်တရက် အိပ်မက်မက်နေသလို ထူးဆန်းတဲ့ အမူအရာ ပေါ်လာတယ်။ သူမဟာ လက်တစ်ဘက်ကို ဖြည်းဖြည်းမြှောက်ပြီး မိမိဆံပင်ကို လက်ချောင်းနဲ့ ထိုးဆွနေတယ်။

"နင် ဘာမှမဖြစ်ပါဘူးနော်" ရွန်က သူမကို မျက်မှောင်ကြုတ်ပြီး မေးတယ်။

"ဘာမှမဖြစ်ဘူး" ဟာမီးက အသက်ရှူအောင့်ပြီး ပြောတယ်။ သူမ ဟာ ဆံပင်ကို လက်ချောင်းနဲ့ ထိုးဆွလိုက်ပြန်တယ်။ ဒီနောက် လက်ကို ပါးစပ် နားထိ မြှောက်လိုက်တယ်။ အပြန်အလှန်စကားပြောစက် ကိုင်ထားသလိုပဲ။ ဟယ်ရီနဲ့ ရွန် အပြန်အလှန်ကြည့်ပြီး ငိုင်သွားတယ်။

"ငါ့မှာ နည်းတစ်နည်းရပြီ" ဟာမီးဟာ ရှေ့ကို ဝေဝါးစွာ ငေးကြည့် ရင်း ပြောတယ်။ "ငါသိပြီလို့ ငါထင်တယ် . . . . ဒီလိုဆိုတော့ ဘယ်သူမှ မမြင်ရဘူး . . . . မူဒီတောင် မမြင်ရဘူး . . . . သူမဟာ ပြတင်းခုံပေါ် တက် နိုင်တယ် . . . . ဒါပေမယ့် ဒါဟာ ခွင့်မပြုဘူး . . . . ဒါကို လုံးဝခွင့်မပြုဘူး . . . . ငါတို့ သူမကို မိပြီလို့ ငါထင်တယ် . . . . ငါ့ကို နှစ်စက္ကန့်အချိန်ပေး —— စာကြည့်တိုက်မှာ သေချာအောင် သွားတိုက်ကြည့်မယ်"

စကားမဆုံးခင်မှာဘဲ၊ ဟာမီးဟာ လွယ်အိတ်ကိုဆွဲပြီး ခန်းမထဲက



ပြေးထွက်သွားတယ်။

"ဟေး" ရွန်က နောက်က အော်ပြောတယ်။ "မှော်သမိုင်းစာမေးပွဲ ဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်၊ ဘုရားမ,ပါ" သူက ဟယ်ရီဘက် လှည့်ပြော တယ်။ "သူမဟာ စကီးတာဆိုတဲ့ စုန်းမကြီးကို သေအောင်မုန်းလို့ ဖြစ်မယ်၊ စာမေးပွဲနောက်ကျမှာတောင် ဂရုမစိုက်ဘူး။ မင်း ဘင်းစ်အချိန်မှာ ဘာလုပ် မလဲ၊ စာပဲ ဖတ်မှာလား"

ဟယ်ရီဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ သူရဲကောင်းဖြစ်လို့ ကျောင်းပတ် လုံးစာမေးပွဲဖြေဖို့ မလိုဘူး။ သူဟာ စာမေးပွဲစစ်တိုင်း ကျောင်းခန်းနောက်ဆုံး မှာ ထိုင်ပြီး၊ တတိယကဏ္ဍအတွက် အသုံးဝင်မယ့်ဂါထာတွေ ရှာဖွေနေတယ်။

"ဒါပဲထင်တယ်" ဟယ်ရီက ရွန့်ကို ပြောတယ်။ ဒါပေမယ့် ပါမောက္ခ မက်ဂေါ်နာဂေါဟာ ဂရစ်ဖင်းဒေါစားပွဲအတိုင်း သူတို့ဆီ လျှောက်လာတယ်။

"ပေါ်တာ၊ သူရဲကောင်းတွေ နံနက်စာစောစော စားပြီးရင်၊ ခန်းမ ဘေးက အစည်းအဝေးခန်းမှာ စုမယ်" သူမက ပြောတယ်။

"ဒါပေမယ့် ပြိုင်ပွဲက ညကျမှစမှာ" ဟယ်ရီဟာ သတိမထားလိုက် ဘာနဲ့ ကြက်ဥတွေ ကိုယ်ပေါ်ဖိတ်ကျကုန်တယ်။ သူက မိမိအချိန်မှတ်မှား တယ်ထင်တာ။

"ကိုယ်သိတယ်၊ ပေါ်တာ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "သူရဲကောင်းရဲ့ ဆွေမျိုးတွေကို နောက်ဆုံးပြိုင်ပွဲကြည့်ဖို့ ဖိတ်ခေါ်တယ်။ မင်းတို့ တွေ့ကြရတာပေါ့"

သူမ ထွက်သွားတယ်။ ဟယ်ရီက သူမကျောဘက်ကိုကြည့်ပြီး ငိုင် နေတယ်။

"သူမက ဒါစလီမိသားစုလာမယ်လို့ မထင်ပါဘူးနော်" သူက ရွန့်ကို ဝေရမရာမေးတယ်။

"မသိဘူး" ရွန်က ပြောတယ်။ "ဟယ်ရီ၊ ငါ အမြန်သွားမှ၊ စာမေးပွဲ နောက်ကျတော့မယ်။ ခဏနေတော့ တွေ့မယ်"

ဟယ်ရီဟာ တဖြည်းဖြည်း လူကျဲသွားတဲ့ ခန်းမထဲမှာ နံနက်စာစော စာကို ပြီးအောင်စားလိုက်တယ်။ ဖလောအာ-ဒယ်လာခေါ်ဟာ ရေဗင်ကလော စားပွဲက မတ်တတ်ရပ်လိုက်ပြီး၊ စက်ဒရစ်နဲ့အတူ အစည်းအဝေးခန်းထဲ ဝင်သွား တာ မြင်ရတယ်။ ခဏနေတော့ ခရွန်းမ်လည်း ပျင်းအိအိနဲ့ ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ ထိုင်မြဲထိုင်နေတယ်၊ သူ တကယ်ပဲ မသွားချင်ဘူး။ သူ့မှာ ဆွေ မရှိဘူး —— သူ အသက်အန္တရာယ်ကိုစွန့်ပြီးလုပ်မှာကို လာတွေ့ချင်တဲ့ ဆွေ မရှိဘူး၊ ဒါပေမယ့် သူ မတ်တတ်ရပ်လိုက်ပြီး စာကြည့်တိုက်မှာ ဂါထာတ လေ့လာမယ်လုပ်တုန်းမှာ၊ အစည်းဝေးခန်း တံခါးပွင့်သွားတယ်။ စက်ဒ ခေါင်းပြူလာတယ်၊

“ဟယ်ရီ၊ မြန်မြန်လာ။ သူတို့ မင်းကို စောင့်နေတယ်”

ဟယ်ရီက ဘာမှန်းမသိဘဲ မတ်တတ်ရပ်လိုက်တယ်။ ဒါစလီမိသာ ကတော့ လာမှာမဟုတ်ဘူး။ သူက ခန်းမကြီးကိုဖြတ်ပြီး အစည်းဝေးခန်းတံ ကို တွန်းဝင်လိုက်တယ်။

စက်ဒရစ်နဲ့ သူ့အဖေအမေတို့ တံခါးနားမှာ ရပ်နေတယ်။ ဗစ်ခတာ ခရွန်းမ်ဟာ အခန်းတစ်ထောင့်မှာ ရင်းရဲ့ဆံပင်နက်နက်မိဘနဲ့ လျှင်မြန်စွ ဘူဂေးရီးယားစကား ပြောနေတယ်။ သူက သူ့အဖေရဲ့ သိမ်းငှက်နှုတ်သီ နှာခေါင်းကို ဆက်ခံထားတယ်၊ တခြားတစ်ဖက်မှာ ဖလေအာဟာ ပြင်သ စကားနဲ့ သူ့အမေနဲ့ ကွိကွိကွကွ မဆုံးနိုင်အောင် ပြောနေတယ်။ ဖလေအာ ညီမလေး ဂါဘရီက သူမအမေလက်ကို ကိုင်ထားတယ်။ သူမဟာ ဟယ်ရီ့ လက်ယမ်းပြတယ်။ ဟယ်ရီကလည်း လက်ယမ်းပြီး ရယ်ပြလိုက်တယ်၊ ဒီနော သူဟာ မစ္စစ်ဝယ်စလီနဲ့ ဘီးတို့ မီးလင်းဖိုဘေးမှာရပ်ပြီး သူ့ကို ပြုံးပြုံးကြ ကြည့်နေတာ တွေ့ရတယ်၊

“မထင်ဘူးမဟုတ်လား” မစ္စစ်ဝယ်စလီက လှိုက်လှဲစွာ ပြောတယ် ဟယ်ရီက ဝမ်းသာအားရပြုံးပြီး ကပ်သွားတယ်။ “ကိုယ်တို့က မင်းပြိုင်ပွဲ လာကြည့်ဖို့တွေးတာ၊ ဟယ်ရီ” သူမက ငုံ့ပြီး သူ့ပါးကို နမ်းလိုက်တယ်၊

“နေကောင်းတယ်နော်” ဘီးက ရယ်ပြီး ဟယ်ရီနဲ့ လက်ဆွဲနှုတ်ဆ တယ်၊ “ချာလီလဲ လာချင်တယ်၊ ဒါပေမယ့် မအားဘူး။ မင်း ဟွန်းတေ တိုက်တာ သိပ်ပြောင်မြောက်တာပဲလို့ သူက ပြောတယ်။ တွေးဝံ့စရာတော မရှိဘူးတဲ့”

ဖလေအာ-ဒယ်လာခေါ်ဟာ သူမအမေရဲ့ပခုံးကိုကျော်ပြီး ဘီး စိတ်ဝင်စားစွာ အကဲခတ်နေတာ ဟယ်ရီ မြင်ရတယ်။ သူမဟာ ဆံပင်ရှည် သွားချွန်တွေပါတဲ့ နားသန်သီးကို နည်းနည်းမှမမုန်းဘူးဆိုတာ သိသာတယ

“သင်တို့ သိပ်ကိုကောင်းတာပဲ” ဟယ်ရီက မစ္စစ်ဝယ်စလီကို အသာ



လေးပြောတယ်။ “ကျွန်တော်က တွေးနေသေးတယ် —— ဒါစလီ ——”

“ဟင်” မစ္စစ်ဝယ်စလီက နှုတ်ခမ်းစူထားတယ်။ သူမဟာ ဟယ်ရီ့ ရှေ့မှာ ဒါစလီဇနီးမောင်နှံကို ဝေဖန်တာ ရှောင်တယ်၊ ဒါပေမယ့် သူတို့နာမည် ကြားတိုင်း၊ သူမမျက်လုံးထဲမှာ မီးတောက်လာတယ်၊

“ဒီပြန်လာရတာ သိပ်ကောင်းတာပဲ” ဘီးက အစည်းဝေးခန်းကို အကဲခတ်ရင်း ပြောတယ် (မိန်းမဝဝကြီးရဲ့ မိန်းမအဖော် ပိုင်အိုလက်ဟာ သူ့ကို ကိုက်စိမိုတ်ပြနေတယ်)။ “ဒီနေရာကို ကျွန်တော် ငါးနှစ်တောင် မရောက်တာ။ အဲဒ်ဟို မြင်းစီးသူရဲ့ရုပ်ပုံ ပန်းချီကား ရှိသေးလား၊ ဆာခါဒိုဂင်”

“အော၊ ရှိသေးတယ်” ဟယ်ရီက ပြောတယ်။ မနှစ်က သူ ဆာခါ ဒိုဂင်နဲ့ တွေ့သေးတယ်၊

“မိန်းမဝဝကြီးကော” ဘီးက မေးတယ်၊

“ကိုယ်ကျောင်းနေတုန်းကတည်းက သူမ ရှိတာ” မစ္စစ် ဝယ်စလီက ပြောတယ်။ “တစ်ရက်မှာ ကိုယ် နံနက်လေးနာရီမှ အဆောင်ပြန်လာတယ်၊ သူမက ကိုယ့်ကို ရေရေလည်လည် ဆုံးမလိုက်သေးတယ် ——”

“သင် နံနက်လေးနာရီ အပြင်မှာ ဘာလုပ်နေလဲ” ဘီးက အံ့ဩစွာနဲ့ သူ့အမေကိုကြည့်ပြီး ပြောတယ်၊

မစ္စစ်ဝယ်စလီ ရယ်တယ်၊ မျက်လုံးက လက်နေတယ်၊

“ငါ မင်းအဖေနဲ့ လမ်းလျှောက်တာ၊ သူက ထိုစဉ်က အဆောင်မှူး အပိုလီယန်-ဖရင့်ဂေါ ဖမ်းမိသွားတယ် —— မင်းအဖေကိုယ်ပေါ်မှာ အခုထိ ရှိသေးတယ်”

“ငါတို့ကို လိုက်ပြဦး၊ ဟယ်ရီ” ဘီးက ပြောတယ်၊

“ကောင်းပြီ” ဟယ်ရီက ပြောတယ်၊ သူတို့ဟာ ခန်းမဆီပေါက်တဲ့ တံခါးဆီ လျှောက်သွားတယ်။ သူတို့ အားမော့စ်-ဒစ်ဂိုရီဘေး ဖြတ်သွားတော့ သူက လှည့်ကြည့်တယ်၊

“မင်းလား” သူက ဟယ်ရီ့ကို အထက်အောက်ကြည့်ပြီး ပြောတယ်၊ စက်ဒရစ် အမှတ်လိုက်လာပြီ၊ မင်း သိပ်ပြီး မာနမကြီးတော့ဘူး မဟုတ်လား”

“ဘာလဲ ?” ဟယ်ရီက မေးတယ်၊

“သူ့ကို အရေးမလုပ်နဲ့” စက်ဒရစ်က သူ့အဖေကျောဘက်ကနေ တိုးမှောင်ကြုတ်သွားတယ်။ ဟယ်ရီ့ကို အသံနှိမ့်ပြောလိုက်တယ်၊ “သူက

www.burmeseclassic.com

www.burmeseclassic.com



ရီထာ-စကီးထာရေးတဲ့ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲဆောင်းပါးကိုဖတ်ပြီး စိတ် နေတာ —— မင်းသိပါတယ်၊ အဲဒီမိန်းမက မင်းကို ဟော့ဂ်ဝပ်က ပြိုင်ပွဲဝင် တစ်ဦးတည်းသော သူရဲကောင်းလို့ ပြောထားတာ"

"သူကလဲ သူမကို ပြင်မပေးဘူး မဟုတ်လား" ဟယ်ရီဟာ မ ဝယ်စလီနဲ့ ဘီးတို့နဲ့အတူ တံခါးက ထွက်လာတော့ အားမော့စ်-ဒစ်ဂိုရီပြော ကြားလိုက်တယ်။ "ဒါပေမယ့် . . . . မင်းက သူ့ကို ပြမှာ၊ စက်၊ မင်း သူ့ တစ်ကြိမ်နိုင်ဖူးတယ်၊ မဟုတ်ဖူးလား"

"ရီထာ-စကီးထာဟာ ပြဿနာမရှိ ပြဿနာရှာတယ်၊ အားမော့ မစ္စစ်ဝယ်စလီက စိတ်ဆိုးစွာ ပြောတယ်။ "ရှင် ဝန်ကြီးဌာနမှာ အလုပ်လုပ် တာ၊ ကျွန်မက ရှင်သိတယ်ထင်နေတာ"

မစ္စတာဒစ်ဂိုရီဟာ ဒေါသထွက်ချင်သလိုပဲ။ ဒါပေမယ့် သူ့ဇနီး လက်တစ်ဖက်ကို သူ့လက်မောင်းပေါ် တင်လိုက်တယ်။ ဒါကြောင့် သူ ပခုံးတွ လိုက်ပြီး ပြန်လှည့်သွားတယ်။

. ဟယ်ရီက ဘီးနဲ့ မစ္စစ်ဝယ်စလီကိုခေါ်ပြီး နေရောင်လင်းလက် ကွင်းထဲမှာ လမ်းလျှောက်တယ်။ နံနက်ပိုင်းအချိန်မှာ အလွန်ပျော်မိတယ်။ သူ သူတို့ကိုခေါ်ပြီး ဗျူစ်ဘာတန်က မြင်းလှည်းကြီးနဲ့ ဒမ်စထရန်က သင်္ဘောကြီး ပြတယ်။ မစ္စစ်ဝယ်စလီက လူရိုက်မိုးမခကို အလွန်စိတ်ဝင်စားတယ်။ ၎င်း သူမကျောင်းက ထွက်သွားပြီးမှ စိုက်တာ။ သူမဟာ ဟက်ဂရစ်အရင်က တေ လိုက်ကွင်းအစောင့်အကြောင်း မနားတမ်းပြောတယ်။ သူ့နာမည်က အော့ဂ်တ

"ဖတ်စီ ဘယ့်နှယ်လဲ" သူတို့ အခွေးခန်းသွားကြည့်တော့၊ ဟယ်ရီ မေးတယ်။

"သိပ်မကောင်းဘူး" ဘီးက ပြောတယ်။

"သူ သိပ်စိတ်ရှုပ်နေတယ်" မစ္စစ်ဝယ်စလီက ဘေးဘီကိုကြည့် အသံနှိမ့်ပြောတယ်။ "ဝန်ကြီးဌာနက မစ္စတာခရောက်ချ် ပျောက်သွား အကြောင်းကို လူမသိစေချင်ဘူး။ ဒါပေမယ့် သူတို့က ဖတ်စီကိုခေါ်ပြီး မစ္စတ ခရောက်ချ်ဆီကလာတဲ့ ညွှန်ကြားချက်နဲ့ ပတ်သက်ပြီး စစ်မေးတယ်၊ ဒီည ကြားချက်တွေဟာ ခရောက်ချ်ရေးတာ မဖြစ်နိုင်ဘူးလို့ သူတို့က ထင်သလို ဖတ်စီ ဖိအားသိပ်ကြီးနေတယ်၊ သူတို့က သူ့ကို မစ္စတာခရောက်ချ်အ အမှတ်ငါးဒိုင်လူကြီးလုပ်ခွင့် မပေးဘူး။ ကွန်နယ်လစ်-ဖဒ်ဂ်ကို လုပ်ခိုင်းတယ်



သုံးယောက်သား ရဲတိုက်ပြန်ပြီး နေ့လယ်ထမင်းစားတယ်၊

"မေမေ —— ဘီး" ရွန်ဟာ ဂရစ်ဖင်းဒေါ်စားပွဲဘေး ထိုင်လိုက်တော့ နှဲ့သွားတယ်။ "သင်တို့ ဒီမှာ ဘာလုပ်တာလဲ"

"'ဟယ်ရီ့နောက်ဆုံးယှဉ်ပြိုင်ပွဲကို လာကြည့်တာ" မစ္စစ်ဝယ်စလီက င်းသာအားရပြောတယ်။ "ပြောချင်တာက၊ ဒါသိပ်ကောင်းတဲ့ အပြောင်းအလဲ းပေါ့၊ ထမင်းမချက်ရတော့ဘူး၊ မင်း စာမေးပွဲဖြေနိုင်လား"

"အော . . . . ရပါတယ်" ရွန်က ပြောတယ်။ ကျွန်တော်က ဟိုပုန်ကန် သရဲတစ္ဆေတွေရဲ့ နာမည်တွေ မေ့နေတယ်။ ဒါနဲ့ လုပ်ကြံရေးလိုက်တယ်၊ စွမရှိပါဘူး" ရွန်က ဟင်းရွက်အသားညှပ်မုန့်ကင်ကို စားရင်းပြောတယ်၊ စ်ဝယ်စလီက မျက်နှာထားတင်းသွားတယ်။ "၎င်းတို့အားလုံး မုတ်ဆိတ်မွေး ဘော့ ရော့ဒ်တို့၊ မသန့်ရှင်းတဲ့ အော့ဂ်တို့ ဘာတို့ခေါ်တာ။ မခက်ပါဘူး"

ဖရက်၊ ဂျော့နဲ့ ဂျင်နီတို့လည်း လာထိုင်ကြတယ်။ ဟယ်ရီ သိပ်ပျော် ယ်၊ အညတရဂေဟာကို ပြန်ရောက်နေသလိုပဲ။ သူဟာ ညမှာ ပြိုင်ရမယ့် င်ပွဲကို မေ့နေတယ်။ နေ့လယ်ထမင်းစားတာ တစ်ဝက်ကျတော့ ဟာမီး ာက်လာတယ်။ ဒီတော့မှ သူမဟာ မနက်က ရီထာ-စကီးထာရဲ့ ဘာကိစ္စကို သလိုဖြစ်တာ ပြန်သတိရတယ်၊

"နင် ငါတို့ကို ပြောပြစရာ ——"

ဟာမီးက ခေါင်းခါတယ်၊ သူ့ကို သတိပေးသလိုပဲ။ မစ္စစ်ဝယ်စလီ လည်း တစ်ချက်ကြည့်လိုက်တယ်။

"မင်္ဂလာပါ၊ ဟာမီး" မစ္စစ်ဝယ်စလီဟာ ခါတိုင်းထက် တင်းမာတယ်၊

"မင်္ဂလာပါ" မစ္စစ်ဝယ်စလီရဲ့ အေးစက်စက်အမူအရာကိုကြည့်ပြီး၊ ာမီးရဲ့အပြုံးဟာလည်း အန်းနေတယ်၊

ဟယ်ရီက သူမတို့နှစ်ယောက်ကို ကြည့်ပြီးနောက်၊ ပြောတယ်။ "မစ္စစ် ယ်စလီ၊ သင် ရီထာ-စကီးထာ 'မော်ဆရာအပတ်စဉ်'မှာ ရေးတဲ့ အမှိုက်သရိုက် ာင်းပါးကို မယုံပါဘူးနော်၊ ဟာမီးက ကျွန်တော့်ရည်းစားမဟုတ်လို့"

"အော" မစ္စစ်ဝယ်စလီက ပြောတယ်။ "ဟင့်အင်း —— ကိုယ် ဘာပ င်မှာလဲ"

ဒီနောက်မှာ သူမက ဟာမီးအပေါ် အများကြီးလှိုက်လှဲသွားတယ်၊

ဟယ်ရီ၊ ဘီးနဲ့ မစ္စစ်ဝယ်စလီဟာ ရဲတိုက်ထဲမှာ လမ်းလျှောက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေအချိန်ဖြုန်းပြီး ခန်းမကို ညစာစားဖို့ ပြန်ခဲ့တယ်။ လူဒို-ဘက်ဂမင်း ကွန်နယ်လစ်-ဖဒ်ဂ်တို့ ဆရာလုပ်သားစားပွဲမှာ ထိုင်ကြတယ်။ ဘက်ဂမင်းဟ ပျော်နေသလိုပဲ။ ဒါပေမယ့် မဒမ်မက်ဆင်းဘေးမှာ ထိုင်နေတဲ့ ကွန်နယ်လ ဖဒ်ဂ်ကတော့ မျက်နှာကြီးတင်းနေတယ်။ စကားတစ်လုံးမှ မပြောဘူး။ မ မက်ဆင်းက ငုံ့ပြီး ထမင်းစားနေတယ်။ သူမမျက်လုံး နည်းနည်းနီနေတယ် ဟယ်ရီ ထင်တယ်။ စားပွဲဟိုဘက်က ဟက်ဂရစ်ဟာ သူမဘက်ကိုပဲ ကြည့် တယ်။

ညစာဟာ ခါတိုင်းထက် ကြွယ်ဝတယ်။ ဒါပေမယ့် ဟယ်ရီ ဘ လောက်မှ မစားနိုင်ဘူး။ သူ အခု တကယ်ပဲ စိတ်ပူနေလို့။ မှော်ပညာနဲ့ စိ ထားတဲ့ မျက်နှာကြက်ဟာ အပြာရောင်ကနေ ခရမ်းပုပ်ရောင် ညနေစော ပြောင်းသွားတော့၊ ဒမ်ဘလီဒိုးဟာ ဆရာလုပ်သားစားပွဲဘေးမှာ မတ်တတ် လိုက်တယ်။ လူအားလုံး ငြိမ်ကျသွားတယ်။

"အမျိုးသမီးများ၊ အမျိုးသားများ ခင်ဗျား။ နောက်ထပ် ငါးမိ ကြာရင် ကျွန်တော် အားလုံးကို ခွေဒစ်ဘောကွင်းကိုသွားပြီး ဗိုလ်သုံးဗိုလ်ယှ ပြိုင်ပွဲ နောက်ဆုံးကဏ္ဍကို ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်။ အခု သူရဲကောင်းမျ မစွတာဘက်ဂမင်းနဲ့အတူ အားကစားကွင်းထဲ သွားကြပါ"

ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်။ ဂရစ်ဖင်းဒေါကျောင်းသား သူ့ကို လက်ခုပ်ဩဘာပေးကြတယ်။ ဝယ်စလီမိသားစုနဲ့ ဟာမီးက သူ့ကို ကောင်းပါစေလို့ ဆုတောင်းတယ်။ သူဟာ စက်ဒရစ်၊ ဖလောအာ၊ ခရွန် တို့နဲ့အတူ ခန်းမက ထွက်သွားတယ်။

"အားလုံးကောင်းတယ်နော်၊ ဟယ်ရီ" သူ ကျောက်လှေကားထစ် ဆင်းလာတော့ ဘက်ဂမင်းက မေးတယ်။ "ယုံကြည်စိတ်ရှိရဲ့လား"

"သိပ်ကောင်းတယ်" ဟယ်ရီက ပြောတယ်။ ဒါ စကားအစစ် ပြောလို့ရတယ်။ သူ သိပ်ကိုစိတ်တင်းကျပ်တယ်။ ဒါပေမယ့် သူ့ခေါင်းထဲ ဟိဂ်ါထာတွေကို ပြန်နွှေးနေတာ အကုန်သတိရတယ်။ ဒါကြောင့် သူ အမှာ သက်သာသလို ရှိတယ်။

သူတို့ ခွေဒစ်ဘောကွင်းထဲ ဝင်ခဲ့တယ်။ ဒီနေရာဟာ မှတ်တော မမှတ်မိအောင် ပြောင်းလဲသွားပြီ။ ပေနှစ်ဆယ်မြင့်တဲ့ သစ်ပင်ခြံစည်းရိုး ဘောကွင်းပတ်လည်ကို ဝိုင်းပတ်ထားတယ်။ သူတို့ရှေ့မှာ အပေါက်ထ



ပေါက် ရှိတယ်။ အဲဒါက ဒီဝက်ပါကြီးရဲ့ ဝင်ပေါက်ပဲ။ အထဲကလမ်းတွေဟာ ည်းမည်းမှောင်မှောင်၊ ကြောက်စရာကောင်းနေတယ်။

ငါးမိနစ်ကြာတော့၊ ပွဲကြည့်စင်ပေါ်မှာ လူတွေ စဝင်လာပြီ။ ရာနဲ့ ချီတဲ့ကျောင်းသားတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်ထိုင်ကြတယ်။ လေထု ထဲမှာ စိတ်လှုပ်ရှားတဲ့ စကားသံနဲ့ ရှုပ်ထွေးတဲ့ခြေသံတွေနဲ့ ပြည့်နေတယ်။ ကောင်းကင်ဟာ အခု ကြည်လင်တဲ့အပြာရင့်ရောင် ကြယ်လေးတွေ စတင် ထွက်ပေါ်လာပြီ။ ဟက်ဂရစ်၊ ပါမောက္ခ မူးဒီ၊ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ပါမောက္ခ ဖလစ်ဝစ်တို့ အားကစားကွင်းထဲ ဝင်လာတယ်။ ဘက်ဂမင်းနဲ့ သူရဲ ကောင်းတွေဆီ လျှောက်လာတယ်။ သူတို့ဦးထုပ်ပေါ်မှာ လက်နေတဲ့ ကြယ် နီကြီးတွေ ချိတ်ထားတယ်။ ဟက်ဂရစ်တစ်ယောက်တည်း သူ့ကြယ်နီကို ...းရေကိုယ်ကပ်လက်ပြတ်အကျႌကျောဘက်မှာ တပ်ထားတယ်။

"ကိုယ်တို့ ဝက်ပါအပြင်ဘက်မှာ ကင်းလှည့်မယ်" ပါမောက္ခ မက်ဂေါ် ...ဂေါက သူရဲကောင်းတွေကို ပြောတယ်။ "အခက်အခဲနဲ့ကြုံလို့ အကူအညီ ...တယ်ဆိုရင်၊ မိုးပေါ်ကို အနီရောင်မီးပန်း ပန်းထုတ်ပါ။ ကိုယ်တို့ လူလွှတ်ပြီး ...သိမယ်။ နားလည်ပြီလား"

သူရဲကောင်းတွေ တစ်ပြိုင်နက် ခေါင်းညိတ်တယ်။

"ကောင်းပြီ၊ ခင်ဗျားတို့ သွားကြတော့" ဘက်ဂမင်းက ပျော်ရွှင်စွာနဲ့ ...င်းလှည့်သူလေးယောက်ကို ပြောတယ်။

"ကံကောင်းပါစေ၊ ဟယ်ရီ" ဟက်ဂရစ်က တိုးတိုးပြောတယ်။ လေး ...ယောက်စလုံး မတူတဲ့ဦးတည်ချက်ဆီ ခွဲသွားကြတယ်။ ဝက်ပါဘေးပတ်လည် ... ဖြန့်နေကြတယ်။ ဒီအချိန်မှာ ဘက်ဂမင်းက မှော်ကြိမ်လုံးနဲ့ မိမိလည်မျိုကို ...ပြီး "အသံအောင်စေ"လို့ အော်လိုက်တယ်။ ဒါနဲ့ ၎င်းရဲ့ မှော်ပညာနဲ့ ချဲ့ထား ...အသံဟာ ကြည့်စင်ပေါ်မှာ မြည်ဟည်းသွားတယ်။

"အမျိုးသမီးများ၊ အမျိုးသားများခင်ဗျား။ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ ...ာက်ဆုံးကဏ္ဍ စပါတော့မယ်။ လက်ရှိရမှတ်ကို ကျွန်တော် အရင်ဖတ်ပြပါ ...မယ်။ စက်ဒရစ်-ဒစ်ဂိုရီနဲ့ ဟယ်ရီ-ပေါ်တာ —— ၈၅ မှတ်။ အတူတကွ ပထမ ...နေရာမှာ ရှိပါတယ်။ ဟော့ဂ်ဝပ်ကျောင်းကပါ" လက်ခုပ်သံ၊ အော်ဟစ်ဩဘာ ...သံတွေကြောင့် တားမြစ်သစ်တောထဲက ငှက်တွေ လန့်ပြီး၊ မှောင်စပျိုးတဲ့ ...ကောင်းကင်ဆီ ပျံပြေးကုန်တယ်။ "ဗစ်ခတာ-ခရွန်းမ် —— ၈၀ မှတ်၊ ဒုတိယ၊

www.burmeseclassic.com

www.burmeseclassic.com



ဒမ်စထရန်ကျောင်းကပါ" လက်ခုပ်သံတွေ ထွက်ပေါ်လာတယ်။ "ဖလောအာ
ဒယ်လာခေါ် —— တတိယ၊ ဗျစ်ဘာတန်ကျောင်းက"

ဟယ်ရီဟာ မစ္စစ်ဝယ်စလီ၊ ဘီး၊ ရွန်နဲ့ ဟာမီးတို့ ပွဲကြည့်စင်အလ
တန်းမှာ ဖလောအာအတွက် ယဉ်ကျေးစွာ လက်ခုပ်တီးနေတာ မြင်ရတယ်
သူက သူတို့ကို လက်ယမ်းပြတယ်။ သူတို့ကလည်း ပြုံးပြီး သူ့ကို လက်ယ
ပြတယ်။

"အခု . . . . ဟယ်ရီနဲ့ စက်ဒရစ်၊ ကျုပ်ဝီစီသံ နားထောင်" ဘ
ဂမင်းက ပြောတယ်။ "သုံး —— နှစ် —— တစ် ——"

တိုတောင်းတဲ့ ဝီစီသံနဲ့အတူ၊ ဟယ်ရီနဲ့ စက်ဒရစ်တို့ ဝက်ပါထဲ အ
ပြေးဝင်ကြတယ်။

သစ်ပင်ခြံစည်းရိုးမြင့်မြင့်ကြီးဟာ လမ်းကလေးကို မှောင်မည်
အရိပ် ကျရောက်စေတယ်။ သစ်ပင်ခြံစည်းရိုးက မြင့်ပြီးစိပ်လို့လား၊
ပညာစီရင်ထားလို့လားတော့ မသိဘူး၊ သူတို့ ဝက်ပါထဲ ဝင်လိုက်တာနဲ့ ပရိသ
အသံ မကြားရတော့ဘူး။ ဟယ်ရီဟာ မိမိ ရေအောက်ရောက်နေသလို ခံ
ရတယ်။ သူက မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး ရွတ်ဆိုတယ်။ "မီးရောင်လက်
သူ့နောက်က စက်ဒရစ်လည်း ဒီလိုပဲလုပ်တာ သူ ကြားရတယ်။

မိတာငါးဆယ်လောက် သွားမိတော့ သူတို့ လမ်းခွတစ်ခုကို ရော
လာတယ်။ နှစ်ယောက်သား အပြန်အလှန် ကြည့်လိုက်တယ်။

"နောက်မှတွေ့မယ်" ဟယ်ရီက ပြောပြီးတာနဲ့ ဝဲဘက်ကလမ်း
ဝင်လိုက်တယ်။ စက်ဒရစ်က ညာဘက်လမ်း လိုက်သွားတယ်။

ဘက်ဂမင်းရဲ့ ဝီစီသံ တစ်ချက်ပေါ်လာတာ ဟယ်ရီ ကြားရတ
ခရွန်းမ် ဝက်ပါထဲ ဝင်လာပြီ။ ဟယ်ရီက ခြေလှမ်းကို ပိုမြန်အောင်သွားတ
သူရွေးတဲ့လမ်းပေါ်မှာ ဘာမှမရှိသလိုပဲ။ သူက ညာဘက်ကို ကွေ့တယ်။
မြန်မြန်သွားတယ်၊ လက်တစ်ဖက်က မှော်ကြိမ်လုံးကို မြှောက်ထားပြီး ေ
မြင်ဖို့ ကြိုးစားတယ်၊ ဒါပေမယ့် ဘာမှမမြင်ရဘူး။

အဝေးကနေ ဘက်ဂမင်းရဲ့ တတိယဝီစီသံ ပေါ်ထွက်လာတာ
ရတယ်၊ သူရဲကောင်းအားလုံး ဝက်ပါထဲ ဝင်လာကြပြီ။

ဟယ်ရီက နောက်ဘက်ကို အဆက်မပြတ် ကြည့်တယ်။ အမှော
ထဲမှာ သူ့ကို စောင့်ကြည့်နေသူ ရှိတယ်လို့ သူထင်နေတယ်။ ဝက်ပါထဲ



နှစ်နဲ့အမျှ မှောင်လာနေတယ်။ ခေါင်းပေါ်က ကောင်းကင်ဟာ အပြာရင့်
ရောင် ဖြစ်လာပြီ။ သူ ဒုတိယလမ်းခွကို ရောက်လာတယ်။

"လမ်းပြပါ" သူက မှော်ကြိမ်လုံးကို လက်ဝါးပေါ်မှာ လှဲတင်ပြီး ၎င်းကို
အသာပြောလိုက်တယ်။

မှော်ကြိမ်လုံးဟာ လည်ပတ်လိုက်ပြီး သူ့ညာဘက်က ထူထဲတဲ့ သစ်ပင်
ခြံစည်းရိုးကို ညွှန်ပြတယ်။ အဲဒီဘက်က မြောက်ဘက်။ ဝက်ပါအလယ်ဗဟိုကို
ရောက်ဖို့ အနောက်မြောက်ဘက်ကို သွားရမယ်ဆိုတာ သူသိတယ်။ အကောင်း
ဆုံးနည်းက ဘယ်ဘက်ကလမ်းကို လိုက်၊ ဒီနောက် အမြန်ဆုံး ညာဘက်ကို
ချိုး။ ရှေ့ကလမ်းမှာလည်း ဘာမှမရှိဘူး။ ညာကွေ့တစ်ခုရောက်တော့ ဟယ်ရီ
ကွေ့ဝင်သွားတယ်။ ဒါလည်း ဘာအတားအဆီးမှ မရှိဘူး။ ဘာကြောင့် ဒီလို
ဖြစ်တယ်ဆိုတာ ဟယ်ရီ မသိဘူး။ ဒီလိုအတားအဆီးမရှိ သွားရတာ သူ့ကို
ထိတ်ပျာစေတယ်။ အခု တစ်ခုခုတော့ တွေ့သင့်ပြီလေ။ ဒီဝက်ပါဟာ လှုံ့ဆော်တဲ့
ဟန်ဆောင်မှုနဲ့ သူ့ကို ဆွဲဆောင်နေသလိုပဲ။ ရုတ်တရက်၊ သူ့ကျောဘက်မှာ
အသံကြားလိုက်ရတယ်။ မှော်ကြိမ်လုံးကို ယမ်းပြီး၊ မိမိကိုယ်မိမိ ကာကွယ်ဖို့
ပြင်ဆင်တယ်။ ဒါပေမယ့် မှော်ကြိမ်လုံး အလင်းရောင်ထဲ ဝင်လာတာက
ညာဘက်လမ်းကလေးတစ်လမ်းက အလောတကြီးပြေးလာတဲ့ စက်ဒရစ် ဖြစ်
နေတယ်။ သူဟာ ထိတ်ပျာပြီး အကျီလက်မောင်းမှာ မီးခိုးထွက်နေတယ်။

"ဟက်ဂရစ်ရဲ့ မီးပန်းပိုးကောင်" သူက ဖြဲအော်ပြောတယ်။ "သိပ်
ကြီးတာပဲ —— ငါ မနည်းပြေးခဲ့ရတယ်"

စက်ဒရစ် ခေါင်းခါပြပြီး တခြားလမ်းတစ်လမ်းထဲ ပြေးဝင်သွားတယ်။
မီးပန်းပိုးကောင်ကို ဝေးဝေးပစ်ထားခဲ့ချင်ပုံ ရတယ်။ ဟယ်ရီက ခြေလှမ်း ပိုမြန်
မြန်သွားတယ်။ ကွေ့ချိုးလိုက်တယ်၊ သူ မြင်ရပြီ . . . . ဝိညာဉ်စုပ်ကောင်
တစ်ကောင် သူ့ဆီကို ဖြည်းဖြည်းချင်း လျှောက်လာတယ်။ ဆယ့်နှစ်ပေမြင့်
တယ်၊ ခေါင်းစွပ်ဦးထုပ်နဲ့ မျက်နှာကို ဖုံးထားတယ်၊ ပုပ်ဆွေးပြီး အမာရွတ်ရှိတဲ့
လက်ဟာ ရှေ့ကို ဆန့်တန်းထားတယ်။ ၎င်းက တစ်လှမ်းချင်းကပ်လာတယ်၊
ခံစားချက်နဲ့ သူ့ဆီ စမ်းလာတယ်၊ ၎င်းအာခေါင်ထဲက ဂတ်ဂတ်နဲ့ ရှိုက်ရှူသံကို
ဟယ်ရီ ကြားရတယ်။ ရိုးတွင်းခြင်ဆီခိုက်တဲ့အအေးဟာ သူ့တစ်ကိုယ်လုံး
ဖုံးလွှမ်းသွားတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမယ်ဆိုတာ သူသိတယ် . . . .

သူဟာ အပျော်ရွှင်ဆုံးကိစ္စကို ကြိုးစားစဉ်းစားတယ်။ အာရုံစုစည်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ခင်ပါထဲက ထွက်နိုင်ပြီး၊ ရွှန်တို့ ဟာမီးတို့နဲ့အတူ အောင်ပွဲခံတဲ့အကြောင်း စဉ်းစားရင်း၊ မော်ကြိမ်လုံးကိုမြှောက်ကာ အော်ပြောတယ်။ "ကိုယ်စောင့်နတ် မ,စပါ"

ငွေရောင်သမင်ထီးတစ်ကောင် ဟယ်ရီရဲ့မော်ကြိမ်လုံးထဲက ခုန်ထွက်ပြီး ဝိညာဉ်စုပ်ကောင်ဆီ ပြေးသွားတယ်။ ဝိညာဉ်စုပ်ကောင် နောက်ကို နှစ်လှမ်း ဆုတ်တယ်။ ၎င်းရဲ့ဝတ်ရုံရှည် နင်းမိပြီး လဲကျသွားတယ် . . . . ဟယ်ရီဟာ ဝိညာဉ်စုပ်ကောင် လိမ့်ကျတာ တစ်ခါမှ မမြင်ဖူးသေးဘူး။

"မလှုပ်နဲ့" သူက ငွေရောင်ကိုယ်စောင့်နတ်နဲ့အတူ ရှေ့တက်တယ်။ "မင်းက ဘောဂတ်၊ ရစ်ဒစ်ခူးလပ်စ်"

ဖောက်ခနဲမြည်ပြီး အခိုးထွက်လာတယ်။ ငွေရောင်သမင် ပျောက်သွားတယ်။ ဟယ်ရီက ၎င်းကို နေရစ်စေချင်တယ်၊ သူ့ကို အဖော်ပြုစေချင်တယ် . . . . သူက ရှေ့ဆက်တက်သွားတယ်။ အတတ်နိုင်ဆုံး မြန်မြန်နဲ့အသံမထွက်အောင် သွားတယ်။ မော်ကြိမ်လုံးကို မြင့်မြင့်မြှောက်ထားပြီး အရပ်လေးမျက်နှာက လှုပ်ရှားသံကို သတိနဲ့ နားထောင်နေတယ်။

ဘယ်ဘက်ချိုး . . . . ညာဘက်ချိုး . . . . ဘယ်ဘက်ထပ်ချိုး . . . . သူဟာ နှစ်ကြိမ်တောင် ပိတ်နေတဲ့လမ်းထဲ ရောက်သွားတာတွေ့ရှိတယ်။ သူတဦးတည်ချက်ပြဂါထာကို နောက်တစ်ကြိမ်ရွတ်ဆိုတယ်။ အရှေ့ဘက်ကို အများကြီးသွားမိတာ တွေ့ရတယ်။ သူ ပြန်လှည့်လာတယ်။ ညာဘက်ကို ချိုးတယ်။ ရှေ့ဘက်မှာ ထူးဆန်းတဲ့ ရွှေရောင်တိမ်ခိုးတွေ ဝေနေတာမြင်ရတယ်။

ဟယ်ရီက သတိနဲ့ရှေ့တက်သွားပြီး မော်ကြိမ်လုံးနဲ့ ၎င်းကို ချိန်ထားတယ်။ ကြည့်ရတာ မော်ပညာစီရင်ချက်တစ်ခုပဲ။ ဒါကို ဖောက်ခွဲပစ်နိုင်မလား ဆိုတာ သူ မသိဘူး။

"ရီဒယူးကိုး"

ဂါထာဟာ ရွှေရောင်တိမ်ခိုးတွေကို ဖောက်ထွက်သွားတယ်။ ၎င်းကိုတော့ ဘာမှမထိခိုက်ဘူး။ ဟယ်ရီက သူ စောစောကတည်းက ဒါကို တွေးမိသင့်တယ်လို့ တွေးတယ်။ ကြေကွဲဂါထာ ရီဒယူးကိုးဟာ အစိုင်အခဲကိုမှ ထိခိုက်တာ။ သူ ရွှေရောင်တိမ်ငွေ့တွေထဲက ဖြတ်သွားရင် ဘယ်လိုဖြစ်မလဲ။ စမ်းကြည့်ရမလား၊ ပြန်ဆုတ်ရမလား။

တွေဝေနေတုန်းမှာ စူးရှတဲ့အော်သံက ဆိတ်ငြိမ်မှုကို ဖြိုခွဲလိုက်တယ်။



"ဖလောအာလား" ဟယ်ရီက အော်ပြောတယ်။

ငြိမ်သက်နေတယ်။ သူက ဟိုဒီကြည့်ကြည့်တယ်။ သူမ ဘာများဖြစ်သွားသလဲ၊ သူမအော်သံဟာ ရှေ့ကလာတာလိုပဲ။ သူက အသက်ပြင်းပြင်းရှူလိုက်ပြီး မှော်ပညာစီရင်ထားတဲ့ တိမ်ငွေ့ထဲ ပြေးဝင်လိုက်တယ်။

ကမ္ဘာကြီး ပြောင်းပြန်ဖြစ်သွားတယ်။ ဟယ်ရီဟာ ခေါင်းစောက်ထိုးနဲ့ နေရာတွင် တွဲလောင်းကြီးဖြစ်နေတယ်။ ဆံပင်တွေ ထိုးထောင်နေတယ်။ မျက်မှန်ဟာ နှာခေါင်းပေါ်က ကျွတ်နေပြီး အချိန်မရွေး အခင်းမရှိတဲ့ မိုးကောင်းကင်ထဲ ကျသွားနိုင်တယ်။ သူက မျက်မှန်ကို နှာခေါင်းပေါ် ပြန်ကပ်လိုက်တယ်။ ကြောက်လန့်စွာ တွဲလောင်းကြီးဖြစ်နေတယ်။ သူ့ခြေနှစ်ချောင်းဟာ မြက်ခင်းပေါ် ကပ်နေသလိုပဲ။ မြက်ခင်းဟာ အခုတော့ မျက်နှာကြက်ဖြစ်နေတယ်။ သူ့အောက်ဘက်မှာက အဆုံးအစမရှိ၊ ကြယ်ရောင်လင်းလက်တဲ့ အမည်းရောင် မိုးကောင်းကင်။ ခြေထောက်မြှောက်လိုက်တာနဲ့ ချက်ချင်းကျသွားမယ်လို့ သူ ထင်တယ်။

ကောင်းကောင်းစဉ်းစားကြည့်။ သူက မိမိကိုယ်မိမိ ပြောတယ်။ တစ်ကိုယ်လုံးကသွေးတွေ ခေါင်းပေါ်ရောက်လာပြီ၊ တွေးကြည့်ပါဦး . . . .

သူတတ်သမျှဂါထာအားလုံး ရွတ်ဆိုပြီးပေမယ့် မိုးမြေ ရုတ်တရက်ပြောင်းပြန်ဖြစ်သွားတာကို ပြုပြင်လို့မရဘူး။ သူ ခြေထောက်လှုပ်ဝံ့လား။ မိမိသွေးတွေ နားစည်ကို ရိုက်ခတ်နေတာ ကြားရတယ်။ သူ့မှာ ရွေးချယ်စရာ နှစ်ခုရှိတယ် —— အားတင်းပြီး ခြေနှစ်လှမ်း ရွှေ့ချင်ရွှေ့၊ ဒါမှမဟုတ်ရင် အနီရောင်ခလုတ်ကိုနှိပ်ပြီး အကူအညီတောင်း၊ ပြိုင်ပွဲက အပယ်ခံ။

သူ မျက်လုံးမှိတ်ထားတယ်။ အောက်ဘက်က အဆုံးအစမရှိတဲ့ အာကာသဟင်းလင်းကို မကြည့်ဘူး။ ဒီနောက် ညာခြေကို မြက်ခင်းမျက်နှာကြက်ဆီ တအားဆွဲထုတ်တယ်။

ကမ္ဘာကြီးဟာ ချက်ချင်း မူလအတိုင်း ဖြစ်သွားတယ်။ ဟယ်ရီဟာ ကောင်းတဲ့ မာကျောတဲ့ မြေကြီးပေါ် ဒူးထောက်ကျသွားတယ်။ ခုနက ကြောက်လန့်မှုကြောင့် သူ့တစ်ကိုယ်လုံး ပျော့နေတယ်။ သူက အသက်ပြင်းပြင်းရှူပြီး တည်ငြိမ်အောင်လုပ်တယ်။ ဒီနောက် ထပြီးရှေ့ကို ပြေးတယ်။ ပြေးရင်း ရွှေရောင်တိမ်ငွေ့တွေကို ကြည့်တယ်။ ၎င်းဟာ လရောင်အောက်မှာ သူ့ကို ထူးဆန်းစွာ အရောင်လက်ပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက လမ်းနှစ်လမ်းကြက်ခြေခတ်တဲ့နေရာမှာ ရပ်လိုက်တယ်။ ဖလေ
အာ အရိပ်အယောင်ကို ရှာတယ်။ ခုနကကြားတာ သူမအသံလို့ သူပြော
ဘယ်၊ သူမ ဘာနဲ့တွေ့လဲ။ အခုဘယ်လိုနေလဲ။ အနီရောင်မီးပန်းလည်း မတွေ
ရဘူး —— ဒါက သူမ အခက်အခဲက ရုန်းထွက်နိုင်ပြီလို့ ဆိုလိုတာလာ
ဒါမှမဟုတ် သူမ အခက်အခဲသိပ်ကြီးလို့ မော်ကြိမ်လုံးတောင် ဆွဲမထုတ်နိုင်တ
လား။ ဟယ်ရီဟာ ကြာလေစိတ်ပူလေဖြစ်ပြီး ညာဘက်ကလမ်းကို လိုက်သွ
တယ် . . . . ဒါပေမယ့်လည်း သူရဲကောင်းတစ်ယောက် လဲသွားပြီလို့ မတွေး
မနေနိုင် တွေးနေတယ် . . . .

ဆုဖလားနဲ့ နည်းနည်းနီးလာသလိုပဲ။ ဖလောအာလည်း ပြိုင်ပွဲ
ထွက်သွားပြီလိုပဲ။ သူ အခုထိ တောင့်ထားနိုင်တယ်၊ ဟုတ်လား။ သူ တက
နိုင်ခဲ့ရင်ကော။ မျက်စိတစ်မှိတ်အတွင်းမှာ၊ သူ သူရဲကောင်းဖြစ်ကတည်း
ပထမဆုံးအကြိမ်အားဖြင့် အရင်က အိပ်မက်ကို မြင်မိတယ်။ မိမိဟာ တ
ကျောင်းလုံးက ဆရာတပည့်တွေရှေ့မှာ ဗိုလ်သုံးဗိုလ်ဖလားကြီးကို မြှောက်ကို
ထားတယ် . . . .

ဆယ်မိနစ်လောက်အတွင်း သူ ဘာနဲ့မှ မတွေ့ဘူး။ ပိတ်နေတဲ့ လ
တွေထဲချည်း ဝင်မိနေတယ်၊ ဒီထဲမှာ နှစ်ကြိမ်လုံးလုံး လမ်းမှားတစ်ခုထဲ ဝ
တာ ရှိသေးတယ်။ နောက်ဆုံး လမ်းသစ်တစ်လမ်းကို သူသွားတွေ့တယ်။
အတိုင်း ဖြည်းဖြည်းပြေးသွားတယ်။ မော်ကြိမ်လုံးက အလင်းရောင် လှုပ်
နေတယ်။ မိမိရဲ့ ပုံပျက်နေတဲ့အရိပ်ဟာ သစ်ပင်ခြံစည်းရိုးပေါ်မှာ လှုပ်နေတ
သူ ကွေ့ချိုးတစ်ခုကို ချိုးလိုက်တယ်၊ ရှေ့မှာ မီးပန်းပိုးကောင်နဲ့ တိုးမိတ

စက်ဒရစ်ပြောတာ မှန်တယ် —— ၎င်း အလွန်နှုံကိုကြီးတယ်။ ဆယ်
ရှည်တယ်။ ရောမကင်းမြီးကောက်ကြီးတစ်ကောင်နဲ့ တူနေတယ်။ ၎င်းရဲ့
ရှည်ရှည်တွေကို ကျောပေါ်မှာ လိပ်ထားတယ်။ အခွံမာမာကြီးတွေဟာ ဟယ်
မော်ကြိမ်လုံး အလင်းရောင်အောက်မှာ လက်နေတယ်။ ဟယ်ရီက မော်ကြ
လုံးနဲ့ ၎င်းကို ချိန်ထားတယ်။

"စတပ်ဖိုင်း"

ဂါထာဟာ မီးပန်းပိုးကောင်ရဲ့ အခွံမာပေါ် ကျရောက်သွားပြီး
ကန်လာတယ်။ ဟယ်ရီ ရှောင်တာမြန်ပေလို့။ ဒါပေမယ့် သူ့ဆံပင်ကျွ
ကတယ်၊ ဂါထာက သူ့ခေါင်းပေါ် လောင်သွားတယ်။ မီးပန်းပိုးကောင



ဒြီးပိုင်းကနေ မီးတောက်ပန်းထုတ်တယ်။ သူ့ဆီ ပြေးဝင်လာတယ်။

"အင်မ်ဖက်ဒစ်မင်းထား" ဟယ်ရီ အော်ဟစ်တယ်။ ဂါထာဟာ မီးပန်း
ကောင်ရဲ့ အခွံမာပေါ် ကျပြီး ကန်ထွက်သွားတယ်။ ဟယ်ရီ ဂယိမ်းဂယိုင်
က်ကို ခြေလှမ်းအနည်းငယ် ဆုတ်သွားပြီး မြေကြီးပေါ် ပစ်လဲတယ်။ "အင်မ်
ဒစ်မင်းထား"

မီးပန်းပိုးကောင်ဟာ သူနဲ့ လက်မအနည်းငယ်မှာရပ်ပြီး မလှုပ်တော့
—— သူက ၎င်းရဲ့အခွံမာမရှိတဲ့ဗိုက်ကို ထိမှန်သွားစေတယ်။ ဟယ်ရီ
ဟိုက်ရင်း မတ်တတ်ထတယ်။ ဆန့်ကျင်ဘက်ဦးတည်ချက်ကို တအား
း:တယ်။ အတားအဆီးဂါထာရဲ့အားဟာ သိပ်ကြာမှာမဟုတ်ဘူး။ မီးပန်း
ကောင်ရဲ့ ခြေထောက်ဟာ အချိန်မရွေး လှုပ်လာနိုင်တယ်။

သူ ဘယ်ဘက်က လမ်းတစ်လမ်းကို သွားတယ်။ အဲဒါ ပိတ်နေတဲ့
။ ညာဘက်ကလမ်းကို သွားပြန်တယ်။ ပိတ်နေပြန်တယ်။ သူ မတတ်သာဘဲ
နေတယ်။ ရင်က တဒိုင်းဒိုင်းခုန်နေတယ်။ သူက ဦးတည်ချက်ပြဂါထာကို
သိုက်ပြီး လှည့်ပြန်ကာ အနောက်မြောက်ဘက်သွားတဲ့လမ်းကို ရွေးလိုက်
ယ်။

လမ်းသစ်ပေါ်မှာ မိနစ်အနည်းငယ် လျှောက်သွားတယ်။ သူ ရုတ်တ
ရပ်လိုက်တယ်။ ဘေးက လမ်းတစ်လမ်းပေါ်က အသံပေါ်လာတယ်။

"မင်းဘာလုပ်မလို့လဲ" စက်ဒရစ်အသံက ပြောတယ်။ "မင်း ဘာလုပ်
လို့လဲ"

ဒီနောက် ဟယ်ရီ ခရွှန်းမ်အသံကို ကြားရတယ်။

"သည်းခိုက်နာကျင်"

လေထုထဲမှာ စက်ဒရစ်အော်သံတွေ ပြည့်လျှံသွားတယ်။ ဟယ်ရီ သိပ်
လန့်သွားတယ်။ သူ လမ်းပေါ်မှာ တအားပြေးသွားတယ်။ အပေါက်တစ်ခု
တိုးဝင်သွားချင်တယ်။ ဒါပေမယ့် မတွေ့ဘူး။ သူက ကြေမွဂါထာကို
ဘ်ကြည့်တယ်။ သိပ်အကျိုးမရှိဘူး။ သစ်ပင်ခြံစည်းရိုးပေါ်မှာ အပေါက်
းတော့ ဖြစ်သွားတယ်၊ ဟယ်ရီက ခြေထောက်ကိုထိုးပြီး ပွတ်ကျပ်
ပ်နဲ့သစ်ကိုင်းကို တအားကန်တယ်။ နောက်ဆုံး အပေါက်တစ်ပေါက် ဖြစ်
ဘယ်။ ဒီနောက် တအားတိုးဝင်လိုက်တယ်။ ဝတ်ရုံရှည်တောင် ပြဲသွား
။ သူ ညာဘက်ကို ကြည့်လိုက်တော့ စက်ဒရစ် မြေကြီးပေါ်လဲနေပြီး

www.burmeseclassic.com

www.burmeseclassic.com



အကြောဆွဲနေတယ်။ ခရွှန်းမ်က သူ့ကို ငုံ့ကြည့်နေတယ်။

ဟယ်ရီ ရုန်းထပြီး မှော်ကြိမ်လုံးနဲ့ ခရွှန်းမ်ကိုချိန်ထားတယ်။ ခရွှန်

က မော့ကြည့်လို့ မြင်တာနဲ့ လှည့်ပြေးတယ်။

"စထယူပီဖိုင်း" ဟယ်ရီက အော်တယ်။

ဂါထာက ခရွှန်းမ်ကျောကို ထိမှန်သွားတယ်။ သူဟာ ဆတ်ခနဲ ရ

သွားပြီး ရှေ့ကို ထိုးကျကာ မြက်ခင်းပေါ် မှောက်ရက်ကြီး၊ မလှုပ်တော့ဘူ

ဟယ်ရီက စက်ဒရစ်အနား ပြေးသွားတယ်။ စက်ဒရစ်ဟာ အကြောမဆွဲတော

ဘူး။ လဲလျက်သား မောဟိုက်နေတယ်၊ လက်နှစ်ဖက်က မျက်နှာကို အုပ်ထ

တယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်" ဟယ်ရီက စက်ဒရစ်လက်မောင်း

ကိုင်ပြီး အသံအအနဲ့ မေးတယ်။

"ကိစ္စမရှိဘူး" စက်ဒရစ်က မောမောနဲ့ပြောတယ်။ "ကိစ္စမရှိဘူး . . .

ငါ မယုံနိုင်ဘူး . . . . သူ ငါ့နောက်ဘက်ကို တိတ်တိတ်လာတယ် . . . .

ကြားလို့ လှည့်ကြည့်လိုက်တော့ သူက ငါ့ကို မှော်ကြိမ်လုံးနဲ့ ချိန်ထားတ

. . . ."

စက်ဒရစ် မတ်တတ်ရပ်လိုက်တယ်။ သူ့ကိုယ်ခန္ဓာ တုန်ယင်

တုန်းပဲ။ သူတို့ မြေကြီးပေါ်က ခရွှန်းမ်ကို ကြည့်နေတယ်။

"တကယ့်ကို မယုံနိုင်စရာပဲ . . . . ငါက သူ သိပ်မဆိုးဘူးလို့ ထ

နေတာ" ဟယ်ရီက ခရွှန်းမ်ကိုကြည့်ပြီး ပြောတယ်။

"ငါလဲ ဒီလိုပဲ" စက်ဒရစ်က ပြောတယ်။

"မင်း ဖလောအာရဲ့အော်သံကို ကြားလား" ဟယ်ရီက မေးတ

"ကြားတယ်" စက်ဒရစ်က ပြောတယ်၊ "ခရွှန်းမ်က သူမကိုလဲ တို

ခိုက်တယ်ထင်လား"

"ငါ မသိဘူး" ဟယ်ရီက ဖြည်းနှေးစွာ ပြောတယ်။

"သူ့ကို ဒီမှာထားခဲ့မလား" စက်ဒရစ်က တိုးတိုးမေးတယ်။

"မဖြစ်ဘူး" ဟယ်ရီက ပြောတယ်။ "ငါတို့ အနီရောင်မီးပန်းလွှတ်

သူ့ကို လာခေါ်သွားခိုင်းမှ ဖြစ်မယ် . . . . နို့မို့ရင် မီးပန်းပိုးကောင် အစာ

သိမ့်မယ်"

"သူ့အပြစ်နဲ့သူ" စက်ဒရစ်က ရေရွတ်လိုက်တယ်။ ဒါပေမယ့် သူ



မှော်ကြိမ်လုံးကို မြှောက်ပြီး မိုးပေါ်သို့ အနီရောင်မီးပန်း လွှတ်လိုက်တယ်။

မီးပန်းဟာ ခရွှန်းမ်အထက်မှာ ဝိုင်းနေပြီး သူရှိတဲ့နေရာကို ဖော်ပြတယ်။

ဟယ်ရီနဲ့ စက်ဒရစ်ဟာ အမှောင်ထဲမှာ ခဏရပ်နေတယ်။ ဘေးဘီ

ကို ကြည့်တယ်။ ဒီနောက်၊ စက်ဒရစ်က ပြောတယ်။ "အော . . . . ငါတို့

ဆက်သွားရင်ကောင်းမယ် . . . ."

"ဟာ ?" ဟယ်ရီက ပြောတယ်။ "အော . . . . ဟုတ်တယ် . . . .

ဟုတ်တယ် . . . ."

ဒါဟာ အလွန်ထူးဆန်းတဲ့အချိန်ပိုင်းပဲ။ ခုနက ခရွှန်းမ်အတွက်ကြောင့်

သူနဲ့ စက်ဒရစ် ယာယီစည်းလုံးသွားကြတယ် —— အခု သူတို့ဟာ ပြိုင်ဘက်

တွေဆိုတဲ့ အဖြစ်မှန်ကို ဟယ်ရီ ပြန်သတိရလာတယ်။ နှစ်ယောက်သား မှောင်မည်း

တဲ့ လမ်းကလေးပေါ်မှာ တိတ်တိတ်လျှောက်နေကြတယ်။ ဒီနောက်တော့ ဟယ်ရီ

က ဘယ်ဘက်ကို သွားတယ်။ စက်ဒရစ်က ညာဘက်ကို သွားတယ်။ စက်ဒရစ်

ရဲ့ ခြေသံဟာ မကြာခင်မှာပဲ ပျောက်သွားတယ်။

ဟယ်ရီက ရှေ့ကို ဆက်သွားတယ်။ မကြာခဏ ဦးတည်ချက်ပြဂါထာ

နဲ့ သူ့ဦးတည်ချက်မှန်မမှန် ကြည့်တယ်။ အခုကတော့ သူနဲ့ စက်ဒရစ်တို့ နှစ်

ယောက်ယှဉ်ပြိုင်ပွဲပဲ။ သူ ဆုဖလားကို ဆွတ်ခူးဖို့ဆန္ဒဟာ အရင်ဘယ်အခါက

ထက်မဆို ပြင်းထန်တယ်။ ဒါပေမယ့် ခရွှန်းမ်ဟာ ဒီလိုလုပ်ရပ်မျိုး လုပ်တာကို

သူ မယုံနိုင်ဘူး။ မူးဒီက သူတို့ကို ပြောပြတယ်။ လူကို ခွင့်မလွှတ်ဂါထာသုံး

သူဟာ အက်ဇခါဘန်မှာ တစ်သက်လုံး ထောင်ကျမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

ခရွှန်းမ်ဟာ ဒီလောက်တောင် ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲဖလားကို ရချင်သလား

. . . . ဟယ်ရီ ခြေလှမ်းပိုသွက်လာတယ်။

မိမိဟာ ပိတ်ဆို့နေတဲ့လမ်းထဲချည်း ဝင်မိနေတာ ဟယ်ရီ တွေ့ရှိတယ်။

ပို၍ ထူထဲတဲ့အမှောင်ထုကြောင့် သူဟာ ဝက်ပါရဲ့ အလယ်ဗဟိုနဲ့ နီးလာ

ပြီလို့ ယုံကြည်တယ်။ ဒီနောက်၊ သူ ရှည်လည်းရှည်၊ ဖြောင့်လည်းဖြောင့်တဲ့

လမ်းကလေးပေါ် လျှောက်နေစဉ်၊ အသံကြားရပြန်တယ်။ မှော်ကြိမ်လုံးက

အလင်းရောင်ဟာ အလွန်ထူးခြားဆန်းကြယ်တဲ့ အကောင်တစ်ကောင့်ကိုယ်

ပေါ် ကျရောက်သွားတယ်။ သူဟာ "သရဲသဘက်တွေရဲ့ သရဲသဘက်စာအုပ်"

ထဲမှာသာ ၎င်းတို့ရဲ့ပုံကို တွေ့ဖူးတာ။

အဲဒါ စဖင်းခ်စ်။ ဒါပေမယ့် ၎င်းမှာ မိန်းမဦးခေါင်းရှိတယ်။ ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



ကပ်သွားတော့၊ သူမဟာ ရှည်သွယ်တဲ့ သမင်မျက်လုံးကို သူ့ဘက်လှည့်လိုက်တယ်။ သူက မှော်ကြိမ်လုံးကို မြှောက်ပြီး ဝေခွဲမရဖြစ်နေတယ်။ သူမဟာ ခုန်အုပ်ဖို့ ကိုယ်ကို ညွတ်မချဘူး။ လျှောက်လာပြီး သူ့သွားလမ်းကို ကာဆီး ထားတယ်။ ဒီနောက် သူမက ပြောတယ်။ အသံက နိမ့်ပြီး အက်ကွဲနေတယ်။

"မင်း ရည်မှန်းချက်နဲ့ အလွန်နီးနေပြီ။ အမြန်ဆုံးနည်းကတော့ ငါ့ကို ကျော်ဖြတ်သွားတာပဲ"

"ဒါဆို . . . . ဒါဆို ခင်ဗျားနည်းနည်းဖယ်ပေးလို့ရမလား" ဟယ်ရီက ပြောတယ်။ သူက အဖြေဘာလဲဆိုတာ သိတယ်။

"မရဘူး" သူက ဆက်လက်ပြီး ဟိုဒီလျှောက်နေတယ်။ "မင်း ငါ့စကားထာကို အဖြေရှာနိုင်မှ ရမယ်။ တစ်ကြိမ်တည်းနဲ့ အဖြေမှန်ရမယ် —— ဒါဆို မင်းကို သွားခွင့်ပြုမယ်။ အဖြေမမှန်ရင် —— ငါ ခုန်အုပ်မယ်။ အဖြေမပေးရင် —— မင်းကို မောင်းပစ်မယ်။ ဒုက္ခမပေးဘူး"

ဟယ်ရီ့ရင် လေးပြီးရင်းလေးသွားတယ်။ ဒါဟာ ဟာမီးမှတတ်နိုင်တဲ့ အမျိုး၊ သူမဟုတ်ဘူး။ သူ အကောင်းအဆိုး ချင့်ချိန်လိုက်ပြီး၊ တကယ်လို့ စကားထာက သိပ်ခက်ရင် သူ မဖြေဘဲနေနိုင်တယ်။ စဖင်းခ်စ်က သူ့ကို ဒုက္ခပေးမှာ မဟုတ်ဘူး။ သူ ဝက်ပါဗဟိုကိုပေါက်တဲ့ တခြားလမ်းထပ်ရှာနိုင်တယ်လို့ တွေး တယ်။

"ကောင်းပြီ" သူက ပြောတယ်။ "ကျွန်တော် စကားထာကို နားထောင် လို့ ရမလား"

စဖင်းခ်စ်ဟာ သူမရဲ့နောက်ခြေ ခြေမျက်စိပေါ်ထိုင်ပြီး လမ်းအလယ် မှာ ပိတ်ထားတယ်။ သူမက ရွတ်ဆိုတယ်။

ဘယ်သူမျက်နှာဖုံး အမြဲတပ်ထားတယ်ဆိုတာ အရင်တွေး၊
အပြုအမူ လျှို့ဝှက်ပြီး လိမ်ညာစကား ဖောင်အောင်ပြောတယ်။
ဘယ်အရာက အဖာအထေး အထပ်ထပ်နဲ့ဆိုတာ တစ်ခါပြောပြ
အလယ်ဗဟိုရဲ့ အလယ်ဗဟို၊ အမြီးရဲ့အမြီး ?
နောက်ဆုံး ဝေါဟာရရှာမရတဲ့အခါမှာ၊
ဘယ်စာလုံးကို အမြဲပြောသလဲဆိုတာ ပြောပြပါ။
အခု ၎င်းတို့ကို ဆက်စပ်ပြီး၊ အဖြေပေးပါ၊
ဘယ်ဟာက မင်း မနမ်းရှုံ့ချင်တဲ့ သတ္တဝါလဲ ?



ဟယ်ရီဟာ ပါးစပ်အဟောင်းသားနဲ့ သူမကို ကြည့်နေတယ်။

"ခင်ဗျား နောက်ထပ်တစ်ကြိမ် ရွတ်ပြပါဦး . . . . ဖြည်းဖြည်းရွတ်ပါ" သူက စမ်းပြောကြည့်တယ်။

သူမက သူ့ကို မျက်စိမှိတ်ပြပြီး ပြုံးတယ်။ အဲဒီကဗျာကို ထပ်ရွတ် ပြတယ်။

"ရှိသမျှ သဲလွန်စကို ဆက်စပ်လိုက်ရင်၊ ကျွန်တော် မနမ်းရှုံ့ချင်တဲ့ သတ္တဝါ ?" ဟယ်ရီက မေးတယ်။

သူမဟာ လျှို့ဝှက်စွာ အသာလေးပြုံးနေတယ်။ ဟယ်ရီက ဒါဟာ "ဟုတ်တယ်"ဆိုတဲ့ အဓိပ္ပာယ်လို့ ယူဆတယ်။ သူဟာ ခေါင်းထဲမှာ ရှာဖွေနေ တယ်။ သူ မနမ်းရှုံ့ချင်တဲ့ သတ္တဝါတွေ အများကြီးပဲ။ သူ ပထမဆုံး တွေးမိ တာ မီးပန်းပိုးကောင်။ ဒါပေမယ့် သူ ခံစားရသလိုရှိတာက ဒါအဖြေမဟုတ်ဘူး။ သူ သဲလွန်စကို အဖြေရအောင် ကြိုးစားရမယ် . . . .

"မျက်နှာဖုံးတပ်ထားတယ်" သူက သူမကို ကြည့်ပြီး ကိုယ့်ဖာသာ ပြောတယ်။ "လိမ်ညာချည်းပြောတယ် . . . . အော . . . . အဲဒါ —— im- poster ။ ဟင့်အင်း၊ ဒါ ကျွန်တော့်အဖြေမဟုတ်ဘူး။ အဲဒါ —— spy ? ကျွန်တော် ခဏနေမှ ဒါကို စဉ်းစားမယ် . . . . ဒုတိယသဲလွန်စကို ထပ်ပြော ပြနိုင်မလား"

သူမဟာ ကဗျာရဲ့အောက်ကနှစ်ကြောင်းကို တစ်ကြိမ်ရွတ်ပြပြန်တယ်။

"ဘာက အမြဲဖာထေးရတာလဲ" ဟယ်ရီက ထပ်ပြောတယ်။ "အော . . . . တွေးလို့မရဘူး . . . . 'Middle ရဲ့အလယ်' . . . . နောက်ဆုံး လေးငါး ကြောင်း ပြန်ရွတ်ပြနိုင်မလား"

သူမက နောက်ဆုံးလေးကြောင်းကို တစ်ကြိမ်ရွတ်လိုက်ပြန်တယ်။

"ဝေါဟာရတွေးမရရင် အမြဲပြောတဲ့စာလုံး" ဟယ်ရီက ပြောတယ်။ "အော . . . . ဒါက . . . . အော . . . . ခဏနေပါဦး . . . . 'er'၊ "er" က စာတစ်လုံးပဲ"

စဖင်းခ်စ်က သူ့ကို ပြုံးပြနေတယ်။

"spy . . . . er . . . . spy . . . . er . . . ." ဟယ်ရီ ဟိုဒီလျှောက် ရင်း ပြောတယ်။ "ကျွန်တော် မနမ်းချင်တဲ့သတ္တဝါ . . . . က spider ။ ပင့်ကူ"

စဖင်းခ်စ်က ပိုရင်းနှီးစွာ ရယ်ပြတယ်။ သူမ မတ်တတ်ရပ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ငွေခြေနှစ်ချောင်းကိုဆန့်ကာ ဘေးဖယ်ပေးတယ်။

"ကျေးဇူးတင်ပါတယ်" ဟယ်ရီဟာ မိမိဉာဏ်ပညာကို အံ့သြမိတယ်။ အမြန်ပြေးထွက်သွားတယ်။

သိပ်နီးနေတာ သေချာတယ်၊ သေချာတယ် . . . . မှော်ကြိမ်လုံးက သူ့ကို ဦးတည်ချက် လုံးဝမှန်ကန်ကြောင်း ဖော်ပြတယ်၊ သိပ်ကြောက်စရာကောင်းတဲ့ကိစ္စနဲ့သာ မတိုးရင်၊ သူ အခွင့်အရေးရနိုင် . . . .

ဟယ်ရီ တအားပြေးတယ်၊ ရှေ့မှာ လမ်းဆုံရောက်လာတယ်။ "လမ်းပြပါ" သူက မှော်ကြိမ်လုံးကို ပြောပြန်တယ်၊ မှော်ကြိမ်လုံးက လည်သွားပြီး ညာဘက်က လမ်းတစ်လမ်းကို ညွှန်ပြတယ်၊ သူက အဲဒီလမ်းအတိုင်း ပြေးသွားတယ်၊ ရှေ့မှာ အလင်းရောင်မြင်ရတယ်၊

ဗိုလ်သုံးဗိုလ်ဖလားဟာ မီတာတစ်ရာလောက်မှာရှိတဲ့ အောက်ခံပေါ်မှာ လက်နေတယ်။ ရုတ်တရက် အရိပ်တစ်ခု သူ့ရှေ့ကလမ်းပေါ် ပြေးလာတယ်။

စက်ဒရစ် ဦးသွားတယ်၊ သူဟာ ဆုဖလားဆီကို အရှိန်ကုန် ပြေးသွားနေတယ်။ သူ ဘယ်လိုမှ မမီတော့ဘူးဆိုတာ ဟယ်ရီ သိတယ်။ စက်ဒရစ်က သူ့ထက် အများကြီး မြင့်တယ်၊ ခြေထောက်လည်း ရှည်တယ် ——

ဒီနောက်မှာ ဘယ်ဘက်က သစ်ပင်ခြံစည်းရိုးအပြင်မှာ ဧရာမအရာကြီးတစ်ခုရှိတာ ဟယ်ရီ မြင်ရတယ်။ လမ်းဆုံတစ်ခုကနေ ဒီဘက်ကို ရွေ့လျားလာနေတယ်။ စက်ဒရစ်ဟာ ၎င်းကိုယ်ပေါ်ကို ဝင်တိုးမိတော့မယ်၊ စက်ဒရစ်ဟာ ဆုဖလားကိုပဲ ကြည့်နေလို့ လုံးဝမမြင်ဘူး ——

"စက်ဒရစ်" ဟယ်ရီက အော်ပြောတယ်၊ "ဘယ်ဘက်ကို သတိထား"

စက်ဒရစ် လှည့်ကြည့်လို့ မြင်သွားတယ်။ ချက်ချင်းရှောင်လိုက်တာ ဟိုအရာနဲ့ မတိုးမိတော့ဘူး၊ ဒါပေမယ့် သိပ်မြင်းသွားလို့ သူ လိမ့်ကျသွားတယ်၊ စက်ဒရစ် မှော်ကြိမ်လုံး လွင့်ထွက်သွားတာ ဟယ်ရီ မြင်တယ်။ ဧရာမပင့်ကူကြီးတစ်ကောင် တွားတက်လာပြီး စက်ဒရစ်ကို ဝင်အုပ်တယ်။

"စထယ်ပီဖိုင်း" ဟယ်ရီက အော်ပြောတယ်။ ဂါထာဟာ ပင့်ကူကြီးရဲ့ ဧရာမ၊ မည်းနက်အမွေးထူတဲ့ ခန္ဓာကိုယ်ပေါ် ကျရောက်သွားတယ်။ ဒါပေမယ့် ၎င်းကို ကျောက်ခဲနဲ့ ပေါက်လိုက်သလိုသာ ရှိတယ်၊ ပင့်ကူဟာ နည်းနည်းတွန့်သွားပြီး ဟယ်ရီ့ဆီကို ချက်ချင်း လှည့်ပြီးပြေးလာတယ်၊

"မူးမေ့လဲစေ၊ အတားအဆီး အထပ်ထပ်၊ မူးမေ့လဲစေ"



အသုံးမကျဘူး —— ပင့်ကူက သိပ်ကြီးလွန်းလို့၊ ဒါမှမဟုတ်၊ ၎င်းရဲ့ မှော်အင်အား သိပ်ကောင်းလို့ထင်တယ်။ ဂါထာဟာ ၎င်းအပေါ်မှာ ဘာမှ အကျိုးမသက်ရောက်ဘူး။ ၎င်းကိုတောင် ပိုပြီးဒေါသထွက်လာစေတယ်၊ ဟယ်ရီဟာ ထိတ်လန့်စွာနဲ့ ၎င်းရဲ့မျက်လုံးနက်ရှစ်လုံးနဲ့ ချွန်မြတဲ့ ညှပ်လက်ချောင်းကို ကြည့်နေတယ်၊ ပင့်ကူဟာ သူ့ကိုယ်ပေါ် ဝင်အုပ်နေပြီ၊

ပင့်ကူဟာ ရှေ့ခြေနဲ့ သူ့ကို အပေါ်မြှောက်ထားတယ်။ သူက တအားရုန်းကန်နေတယ်၊ သူက ခြေထောက်နဲ့ ၎င်းကိုကန်ဖို့ကြိုးစားတယ်။ ခြေထောက်ဟာ ၎င်းရဲ့ညှပ်နဲ့ သွားထိတယ်။ ချက်ချင်းပဲ အသည်းခိုက်အောင် နာကျင်သွားတယ်။ စက်ဒရစ်ဟာလည်း "မူးမေ့လဲစေ"လို့ အော်ပြောနေတာ ကြားတယ်။ ဒါပေမယ့် သူ့ဂါထာလည်း ဘာမှအသုံးမကျဘူး —— ပင့်ကူဟာ ညှပ်ကို ဟလိုက်ပြန်တယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို မြှောက်ပြီး အော်တယ်။ "သက်နက်ပြုတ်စေ"

အသုံးကျသေးတယ်လို့ ပြောရမယ် —— အဲဒီလက်နက်ဖြုတ်ဂါထာဟာ ပင့်ကူကို လက်လွှတ်လိုက်စေတယ်။ ဒါပေမယ့် ဒါဟာ ဟယ်ရီ့ကို သုံးမီတာအမြင့်ကနေ ပစ်ချလိုက်သလို ဖြစ်သွားတယ်။ ဒဏ်ရာရနေတဲ့ ခြေထောက်ဟာ သူ့ခန္ဓာရဲ့အလေးကို မခံနိုင်ဘဲ ချက်ချင်း မြေပေါ်လဲကျသွားတယ်၊ သူ ဘာမှ မစောင့်ဘဲ ပင့်ကူရဲ့ ဗိုက်အောက်ပိုင်းကို မှော်ကြိမ်လုံးနဲ့ ချိန်ပြီး မီးပန်းကောင်ကို သူလုပ်ခဲ့သလို အော်ဟစ်လိုက်တယ်။ "မူးမေ့လဲစေ" စက်ဒရစ်လည်း ဒီအတိုင်း အော်ပြောလိုက်တယ်။

ဂါထာနှစ်ခု ပေါင်းမိပြီး ဂါထာတစ်ခုက မဆောင်ရွက်နိုင်တဲ့အကျိုးကို ရသွားတယ်၊ ပင့်ကူ ဘေးကို လိမ့်ကျသွားပြီး သစ်ပင်ခြံစည်းရိုးတချို့ကို ပိလို့လဲသွားစေတယ်၊ အမွေးထူထူခြေထောက်ကြီးတွေ ကိုးရိုးကားရားနဲ့ ပြိုလဲနေတယ်၊

"ဟယ်ရီ" စက်ဒရစ်က အော်ပြောတယ်။ "မင်း ဘာမှမဖြစ်ဘူးနော်၊ သူ မင်းကိုယ်ပေါ် မပိပါဘူးနော်"

"ဟင့်အင်း" ဟယ်ရီက အမောတကောနဲ့ အော်ပြောတယ်။ သူက သူ့ခြေထောက်ကို ငုံ့ကြည့်တယ်။ သွေးတွေ စီးကျနေတယ်၊ စုတ်ပြဲတဲ့ဝတ်ရုံရဲ့ ရှည်ပေါ်မှာ စေးကပ်ကပ်အရာတချို့ ရှိတယ်။ အဲဒါ ပင့်ကူရဲ့ ညှပ်ကထွက်တဲ့ အရာ။ သူ မတ်တတ်ရပ်ဖို့ လုပ်တယ်။ ဒါပေမယ့် ခြေထောက်က သိပ်တုန်နေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ကိုယ်အလေးချိန်ကို မနိုင်ဘူး။ သူဟာ သစ်ပင်ခြံစည်းရိုးမှာမှီပြီး တအား မောရှိုက်နေတယ်။ ဘေးဘီကို ကြည့်လိုက်တယ်။

စက်ဒရစ်ဟာ ဗိုလ်သုံးဗိုလ်ဆုဖလားကြီးနဲ့ တစ်ပေအကွာမှာ ရပ်နေတယ်။ ဆုဖလားဟာ သူ့ကျောဘက်မှာ လက်နေတယ်။

"ယူလေ" ဟယ်ရီက မောရှိုက်ရင်း စက်ဒရစ်ကို ပြောတယ်။ "မြန်မြန် ယူလေ၊ မင်းရောက်နေပြီပဲ"

စက်ဒရစ်က မလှုပ်ဘူး။ သူဟာ ရပ်ပြီး၊ ဟယ်ရီ့ကို ကြည့်နေတယ်။ ဒီနောက် ဆုဖလားကို လှည့်ကြည့်တယ်။ ဆုဖလားရဲ့ ရွှေရောင်အလင်းအောက်မှာ စက်ဒရစ်ရဲ့ မျှော်လင့်တဲ့အမူအရာကို ဟယ်ရီ မြင်ရတယ်။ စက်ဒရစ်က ဟယ်ရီ့ကို ပြန်လှည့်ကြည့်တယ်။ ဟယ်ရီဟာ သစ်ပင်ခြံစည်းရိုးကိုမှီပြီး ဖြည်းဖြည်းမတ်တတ်ရပ်နေတယ်။ စက်ဒရစ်က အသက်ပြင်းပြင်းရှူလိုက်တယ်။

"မင်းယူပါ၊ မင်းနိုင်သင့်တယ်။ မင်း ငါ့အသက်ကို နှစ်ခါကယ်ခဲ့တာပဲ"

"စည်းမျဉ်းက ဒီလိုမဟုတ်ဘူး" ဟယ်ရီက ပြောတယ်၊ သူ သိပ်စိတ်ဆိုးနေတယ်၊ သူ့ခြေထောက်က သိပ်နာနေတယ်။ ပင့်ကူက လွှတ်ဖို့အတွက် သူ့အခု တစ်ကိုယ်လုံးနာကျင်နေတယ်။ ဒီလောက်များများကြိုးစားပြီးမှ စက်ဒရစ်ကို ရှုံးရပြန်တယ်။ ဟိုတစ်ခါက ချိုကို ကပွဲဝင်ဖို့ ဖိတ်ခေါ်တုန်းကလိုပဲ။ "အရင် ရောက်တဲ့လူက အမှတ်အရင်ရတယ်။ မင်းအရင်ရောက်တာ။ ငါ တကယ်ပြောတာ။ ငါ ဒီခြေထောက်က အပြေးပြိုင်လို့ မရတော့ဘူး"

စက်ဒရစ်ဟာ မေ့လဲနေတဲ့ပင့်ကူဆီ နည်းနည်းသွားလိုက်တယ်၊ ဆုဖလားနဲ့ နည်းနည်းဝေးသွားတယ်။ သူက ခေါင်းခါတယ်။

"ဟင့်အင်း"

"သိပ်ယဉ်ကျေးမနေနဲ့တော့" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ "မြန်မြန်ယူပါ။ ယူပြီးရင် ငါတို့ ဒီက ထွက်သွားရတာပေါ့"

ဟယ်ရီဟာ သစ်ပင်ခြံစည်းရိုးကို တင်းတင်းဆုပ်ထားတာ စက်ဒရစ် မြင်ရတယ်။

"မင်း ငါ့ကို မီးနဂါးအကြောင်း ပြောပြတယ်" စက်ဒရစ်က ပြောတယ်။ "မင်းကြို့ပြောမထားရင်၊ ငါ ပထမကဏ္ဍမှာတင် ပွဲကထွက်ရပြီ"

"အဲဒါ ငါအရင် အကူအညီရလို့" ဟယ်ရီက စိတ်လောစွာ ပြောတယ်၊ ဝတ်ရုံရှည်နဲ့လည်း ခြေပေါ်က သွေးကို သုတ်နေတယ်။ "မင်း ငါ့ကို



ရေအကြောင်း ပြောပြတယ် —— ငါတို့ သရေပါပဲ"

"ဒါလဲ ငါ့ကို ကူညီတဲ့လူရှိလို့" စက်ဒရစ်က ပြောတယ်။

"ငါတို့ သရေပါပဲ" ဟယ်ရီဟာ မိမိဒဏ်ရာရတဲ့ ခြေထောက်ကို သတိထားပြီး စမ်းကြည့်တယ်။ ကိုယ်အလေးချိန် ဖိလိုက်တာနဲ့ အဲဒီခြေထောက်ဟာ ပြင်းထန်စွာ နာလာတယ်။ သူ့ကို ပင့်ကူလွှတ်ချလိုက်တုန်းက ခြေမျက်စိ ထိသွားတယ်။

"ဒုတိယကဏ္ဍ ရမှတ်ပိုများသင့်တယ်" စက်ဒရစ်က ခေါင်းမာစွာ ပြောတယ်။ "မင်းနောက်ချန်ပြီး လူအားလုံးကို ကယ်ခဲ့တာ။ ငါလဲ အဲဒီလို လုပ်သင့်တယ်"

"ငါကသာ အ,တာ၊ ဟိုသီချင်းကို တကယ်ထင်နေတာ" ဟယ်ရီက ခါးကျနပ်ဘဲ ပြောတယ်။ "ဆုဖလားကို မြန်မြန်ယူပါ"

"ဟင့်အင်း" စက်ဒရစ်က ပြောတယ်။

သူက ယှက်လိမ်နေတဲ့ ပင့်ကူခြေထောက်တွေကိုကျော်ပြီး ဟယ်ရီ့ဆီကို လာတယ်။ ဟယ်ရီက သူ့ကို ကြည့်နေတယ်။ စက်ဒရစ်က တကယ်ပဲပဲမှာ။ သူဟာ ဟပ်ဖယ်ပတ်ဟောက်စ်ကျောင်း အနှစ်ရာအချို့အတွင်းမှာ မရရှိဖူးတဲ့ ဂုဏ်သရေကို စွန့်လွှတ်နေတာ။

"မင်းသွားပါ" စက်ဒရစ်က ပြောတယ်။ သူဟာ ခွန်အားအကုန်ထုတ်ပြီး ဒီစကားကို ပြောနိုင်သလိုပဲ။ ဒါပေမယ့် သူ့အမူအရာက ပြတ်သားတယ်။ လက်ပိုက်ထားတယ်။ စိတ်ဆုံးဖြတ်ချက်ချထားသလိုပဲ။

ဟယ်ရီ့အကြည့်ဟာ ဆုဖလားပေါ် ရောက်သွားတယ်။ ဆုဖလားရဲ့ အလင်းရောင်ထဲမှာ သူ့အတွေးတွေ လှုပ်ယိုင်နေတယ်။ မိမိ ၎င်းကို မြှောက်ကိုင်ပြီး ဝက်ပါထဲက ထွက်လာတာ မြင်ရသလိုပဲ။ သူဟာ ဗိုလ်သုံးဗိုလ်ဖလားကြီးကို မြှောက်ကိုင်ပြီး နားထဲမှာလည်း လူအုပ်ရဲ့ဩဘာသံတွေ ပြည့်လို့။ ချိုရဲ့ မျက်နှာပေါ်မှာ အရင်ကထက်ပိုပြီး ရှင်းလင်းစွာချီးကျူးတဲ့အရောင် တောက်နေတာ သူ မြင်ရတယ် . . . . ဒီနောက် အရိပ်အယောင်တွေ ပျောက်သွားတယ်၊ အမှောင်ထဲက ခေါင်းမာတဲ့ စက်ဒရစ်ရဲ့မျက်နှာကို သူ မြင်ရတယ်။

"ငါတို့အတူ" ဟယ်ရီက ပြောတယ်။

"ဘာ ?"

"နှစ်ယောက်စလုံး တစ်ပြိုင်နက်ယူ၊ ဟော့ဂ်ဝပ်ကပဲ နိုင်မှာ။ ငါတို့က

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ဗိုလ်နှစ်ယောက်ပေါ့"

စက်ဒရစ်က ဟယ်ရီ့ကိုကြည့်ရင်း လက်ပိုက်ကို ဖြုတ်ပစ်လိုက်တယ်။

"မင်း —— တကယ်ပဲ ဒီလိုလုပ်ချင်တာလား"

"ဒါပေါ့" ဟယ်ရီက ပြောတယ်။ "ဒါပေါ့ . . . . ငါတို့ အပြန်အလှန် ကူညီပြီး အခက်အခဲကို ကျော်နင်းခဲ့တယ်၊ ဟုတ်လား။ ငါတို့နှစ်ယောက် ဒီ အတူရောက်ခဲ့တယ်။ ငါတို့အတူ သွားယူရအောင်"

ခဏတာအတွင်း စက်ဒရစ်ဟာ မိမိနားကိုတောင် မယုံဝံ့ဘူး။ ဒီနောက် သူ ပြုံးလိုက်တယ်။

"မင်းစကားနားထောင်မယ်၊ လာကွာ"

သူက ဟယ်ရီ့လက်မောင်းကိုကိုင်ပြီး ဟယ်ရီ့ကို ဖေးမကာ ထော့ ထော့နဲ့နဲ့ ဆုဖလားဆီ လျှောက်သွားတယ်။ ရောက်သွားပြီးနောက် နှစ်ယောက် သား ဆုဖလားရဲ့ လက်နေတဲ့ လက်ကိုင်နှစ်ခုပေါ်မှာ လက်တစ်ဖက်စီ မြှောက် ထားတယ်။

"သုံးထိ ရေမယ်၊ ကောင်းလား" ဟယ်ရီက ပြောတယ်။ "တစ် —— နှစ် —— သုံး ——"

သူနဲ့စက်ဒရစ်တို့ တစ်ယောက်ကို လက်ကိုင်တစ်ခု ဖမ်းကိုင်လိုက် တယ်။

ဟယ်ရီဟာ ချက်နောက်ဘက်က အဆွဲခံလိုက်ရတယ်လို့ ခံစား တယ်။ သူ့ခြေနှစ်ချောင်း မြေပြင်နဲ့ခွဲခွာသွားတယ်။ ဒါပေမယ့် ဗိုလ်သုံးဗို ဖလားကိုကိုင်တဲ့ လက်ကိုတော့ ဖြည်လို့မရဘူး။ ၎င်းက သူ့ကို ဆွဲခေါ်ပြီး တဝီးဝီးလေသံနဲ့ လည်ပတ်နေတဲ့ အရောင်တွေထဲမှာ ရှေ့သို့ ပျံသန်းသွားတယ်။ စက်ဒရစ်က သူ့ဘေးမှာ ရှိတယ်။



# ၃၂။ အသား၊ သွေးနဲ့အရိုး

ခြေနှစ်ချောင်း မြေပြင်နဲ့ ထိမိတယ်လို့ ဟယ်ရီ ခံစားရတယ်။ သူ့ ဒဏ်ရာနဲ့ ခြေထောက် ပျော့ပြီး၊ မြေကြီးပေါ် လဲကျသွားတယ်။ လက်ကလည်း သုံးဗိုလ်ဖလားကို လွှတ်သွားတယ်။ သူ ခေါင်းမော့လိုက်တယ်။

"ငါတို့ ဘယ်ရောက်နေလဲ" သူက မေးတယ်။

စက်ဒရစ်က ခေါင်းခါပြတယ်။ သူ မတ်တတ်ရပ်လိုက်ပြီး ဟယ်ရီ့ကို ထူတယ်။ နှစ်ယောက်သား ဘေးဘီကို အကဲခတ်ကြည့်တယ်။

ဒီနေရာဟာ ဟော့ဂ်ဝပ်ပိုင်နက်အပြင် ရောက်နေပြီ။ သူတို့ မိုင်အချို့ န်းလာခဲ့တာ ထင်ရှားတယ် —— မိုင်ရာအချို့လည်း ဖြစ်နိုင်တယ်။ ရဲတိုက် လည်က ဝန်းပတ်နေတဲ့တောင်တွေတောင် မမြင်ရတော့ဘူး။ သူတို့ဟာ င်မည်းတဲ့၊ မြက်တွေပေါက်နေတဲ့ သချိုင်းမြေပေါ် ရပ်နေတယ်။ ညာဘက် မြင့်မားတဲ့ ယူးပင်ကြီးနောက်ဘက်မှာ ချပ်ကျောင်းလေးရဲ့ ပုံသဏ္ဌာန်ကို တယ်။ ဘယ်ဘက်ကတော့ တောင်ကုန်းတစ်ခု။ တောင်ကုန်းပေါ်မှာ ခုဆောက်ထားတဲ့ အိမ်အိုတစ်လုံးရှိတာ ဟယ်ရီ မြင်ရတယ်။

www.burmeseclassic.com



စက်ဒရစ်က ဗိုလ်သုံးဗိုလ်ဖလားကို ငုံ့ကြည့်လိုက်ပြီးနောက် ဟယ် ကို ကြည့်နေတယ်။

"ဒီဗိုလ်သုံးဗိုလ်ဖလားဟာ တံခါးသော့လို့ မင်းကို ပြောမပြဘူးလာ သူက မေးတယ်။

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ သူက အဲဒီသချိုင်းကုန်းကို အ ခတ်ကြည့်နေတယ်။ ပတ်ဝန်းကျင်က ကြောက်စရာကောင်းအောင် ငြိမ်သ နေတယ်။ "ဒါလဲ ပြိုင်ပွဲအစိတ်အပိုင်းလား"

"မသိဘူး" စက်ဒရစ်က ပြောတယ်။ ပူပင်သံ ပါနေတယ်။ "မှော် ကြိမ်လုံးထုတ်လိုက်၊ မင်းသဘောကကော"

"ကောင်းပြီ" ဟယ်ရီက စက်ဒရစ်အရင်ပြောတာကို ဝမ်းသာတ

သူတို့ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ ဟယ်ရီက ပတ်ဝန်းကျင် အဆက်မပြတ် ကြည့်နေတယ်။ သူ့မှာ လူစောင့်ကြည့်ခံနေရတဲ့ ခံစားချက် ပေါ်လာပြန်တယ်။

"လူလာပြီ" သူက ရုတ်တရက် ပြောတယ်။

သူတို့ဟာ စိတ်လှုပ်ရှားစွာနဲ့ မျက်စိမှေးပြီး အမှောင်ထဲကို ကြည့် တယ်။ လူရိပ်တစ်ခုဟာ သချိုင်းကြားကနေ သူတို့ရှိရာကို တစ်လှမ်း လျှောက်လာတယ်။ အဲဒီလူရဲ့မျက်နှာကို ဟယ်ရီ သဲကွဲစွာ မမြင်ရဘူး။ ဒါ မယ့် လမ်းလျှောက်ပုံ၊ လက်မောင်းအနေအထားကို ကြည့်ရတာ အဲဒီလူ တစ်ခုခုကို ပွေ့လာသလိုပဲ။ သူဟာ ကိုယ်ခန္ဓာပုသေးပြီး ခေါင်းစွပ်ဦးထုပ်ပါ ခြုံထည်ကို ဝတ်ဆင်ပြီး မျက်နှာကို အုပ်ထားတယ်။ နောက်ထပ် နီးလာ —— သူတို့အကြားက အကွာအဝေးက နီးနီးလာတယ်။ အဲဒီလူ ပွေ့ထား ဟာ ကလေး —— ဒါမှမဟုတ် အဝတ်ထုပ်တစ်ထုပ်နဲ့ တူတယ်ဆိုတာ ဟယ် တွေ့ရတယ်။

ဟယ်ရီ့လက်ထဲက မှော်ကြိမ်လုံး နည်းနည်းနိမ့်ကျသွားတယ်။ သူ စက်ဒရစ်ကို ကြည့်တယ်။ စက်ဒရစ်ကလည်း သူ့ကို သိလိုတဲ့မျက်လုံးနဲ့ ကြ တယ်။ သူတို့နှစ်ယောက်စလုံး နီးလာတဲ့လူရိပ်ကို ပြန်လှည့်ကြည့်ပြန်တယ်

အဲဒီလူဟာ မြင့်မားတဲ့ မာဘော်ကျောက်သချိုင်းကျောက်တိုင်ရှေ့ ရပ်လိုက်တယ်။ သူတို့နဲ့ ခြောက်ပေခန့်သာ ကွာခြားတယ်။ အဲဒီအချိန်လေး ဟယ်ရီနဲ့ စက်ဒရစ်ဟာ အဲဟိုပုပုလူနဲ့ အပြန်အလှန် စိုက်ကြည့်နေတယ်။



ရုတ်တရက်၊ ဟယ်ရီ့အမာရွတ် အပြင်းအထန် နာကျင်လာတယ်။ သူ့ဘဝမှာ ဒီလောက်နာကျင်တာ တစ်ခါမှ မကြုံဖူးဘူး။ မှော်ကြိမ်လုံး မြေကြီး ပေါ် ပြုတ်ကျသွားတယ်။ သူဟာ လက်နှစ်ဖက်နဲ့ မျက်နှာကိုအုပ်ထားပြီး ခြေပျော့ကာ မြေကြီးပေါ်လဲကျသွားတယ်။ မျက်စိရှေ့ ဘာမှမမြင်ရတော့ဘူး၊ ခေါင်းလည်း ကွဲမတတ်ဖြစ်နေတယ်။

ခေါင်းအပေါ်ဘက် ဟိုးအဝေးကြီးကနေ ရက်စက်တဲ့အသံက စကား ပြောတာ သူ ကြားတယ်။ "လူပိုကို ရှင်းပစ်"

တရှုးရှူးမြည်သံ ကြားရပြီး စူးစူးအော်သံ ပေါ်ထွက်လာတယ်။ "အာ ဘာဒါ အသက်ပျောက်"

ပြင်းထန်တဲ့အစိမ်းရောင်ဟာ ဟယ်ရီ့မျက်ခွံကို ဖောက်ဝင်လာတယ်၊ တစ်ခုခု သူ့ဘေးမှာ လေးပင်စွာ လဲကျသွားတာ ကြားရတယ်။ အမာရွတ် သိပ်ကို နာနေတယ်။ သူ ခေါင်းမူးလို့ အန်ချင်လာတယ်။ ဒီနောက် အနာလျော့သွား တယ်။ သူဟာ ထိတ်လန့်စွာနဲ့ နာကျင်တဲ့မျက်လုံးကို ဖြည်းဖြည်းဖွင့်လိုက်တယ်။

စက်ဒရစ်ဟာ ခြေလက်တွေစန့်ပြီး မြေပေါ်လဲနေတယ်။ သူ သေ သွားပြီ။

မဆုံးနိုင်တဲ့ တစ်စက္ကန့်အတွင်းမှာ၊ ဟယ်ရီဟာ စက်ဒရစ်ရဲ့မျက်နှာ ကို ငိုင်ကြည့်နေတယ်။ ၎င်းရဲ့ အမူအရာမရှိတဲ့ မီးခိုးရောင်မျက်လုံးကို ကြည့် နေတယ်။ အဲဒီမျက်လုံးဟာ စွန့်ပစ်အိမ်တစ်လုံးရဲ့ ပြတင်းလိုပဲ။ သူ့ပါးစပ် နည်းနည်းဟနေတယ်။ အံ့အားသင့်ပုံပေါ်နေတယ်။ ဟယ်ရီ့ဦးနှောက်ဟာ မျက်စိရှေ့က မြင်ကွင်းကို လက်မခံနိုင်ဘူး။ မယုံနိုင်သလို ဝေဝါးစွာ သိနေပေ မယ့် သူ့မှာ ဘာခံစားချက်မှ မရှိဘူး။ ဒီအချိန်မှာပဲ၊ မိမိကို ဆွဲသွားတယ်လို့ သူ ခံစားရတယ်။

ခြုံထည်ဝတ်ထားတဲ့ အရပ်ပုပုယောကျ်ားဟာ အထုပ်ကိုချထားပြီးပြီ၊ မှော်ကြိမ်လုံးကို မီးညှိပြီး ဟယ်ရီ့ကို မာဘော်ကျောက်တိုင်ဆီ ဆွဲခေါ်နေတယ်၊ သူ့ကို ဆွဲလှည့်ပြီး သချိုင်းကျောက်တိုင်ကို မှီမထားခင်မှာ၊ ဟယ်ရီဟာ မှော် ကြိမ်လုံးအလင်းရောင်နဲ့ နာမည်တစ်ခုကို မြင်ရတယ်။

တွမ်-ရစ်ဒေါ်

ခြုံထည်နဲ့ ယောကျ်ားဟာ မှော်ပညာနဲ့ ကြိုးဖန်ဆင်းပြီး ဟယ်ရီ့ကို ကျောက်တိုင်မှာ တင်းတင်းချည်နှောင်ထားတယ်။ လည်ပင်းကနေ ခြေမျက်စိထိ

www.burmeseclassic.com

www.burmeseclassic.com



အသပ်ထပ် ချည်နှောင်ထားတယ်။ ခေါင်းစွပ်ဦးထုပ်ကနေ မြန်မြန်ပါးပါး အသက်ရှူသံ ပေါ်လာတာ ဟယ်ရီ ကြားရတယ်။ သူ တအားရှန်းကန်တယ်၊ အဲဒီ ယောက်ျားက သူ့ကို ရိုက်တယ် —— သူ့ကိုရိုက်တဲ့ လက်မှာ လက်ချောင်း တစ်ချောင်း လျော့နေတယ်။ ဟယ်ရီက ခေါင်းစွပ်ထဲကလူ ဘယ်သူဆိုတာ သိသွားတယ်။ အဲဒါ ပိုးကောင်အမြီး။

"ခင်ဗျားကိုး" သူက လန့်အော်ပြောတယ်။

ဒါပေမယ့် ပိုးကောင်အမြီးက မဖြေဘူး။ သူ ကြိုးချည်ပြီးပြီ၊ ချည်တာ ခိုင်မခိုင်ဆိုတာ ကြည့်နေဖာယ်၊ သူ့လက်ဟာ မချုပ်တည်းနိုင်ဘဲ တုန်နေတယ်။ ကြိုးထုံးတစ်ခုကို စမ်းနေတယ်။ ဟယ်ရီ့ကို တင်းတင်းချည်ပြီး နည်းနည်းမှ မလှုပ်နိုင်မှန်း သိတော့မှ ပိုးကောင်အမြီးဟာ ခြုံထည်ထဲကနေ အနက်ရောင် အရာတစ်စကို ယူထုတ်လိုက်တယ်။ ကြမ်းတမ်းစွာနဲ့ ဟယ်ရီ့ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ ဒီနောက်၊ စကားတစ်ခွန်းမှမပြောဘဲ ကမန်းကတမ်း ထွက်သွားတယ်။ ဟယ်ရီဟာ အသံလည်း ထွက်လို့မရဘူး။ ပိုးကောင်အမြီး ဘယ်သွားမှန်းလည်း မသိဘူး။ သူဟာ သင်္ချိုင်းကျောက်တိုင်နောက်ကို လှည့်ကြည့်လို့ မရဘူး။ ရှေ့တည့်တည့်က အခြေအနေကိုပဲ မြင်ရ[illegible]။

စက်ဒရစ်အလောင်းဟာ [illegible]ဆယ်ကျော်ကျော်မှာ ရှိနေတယ်။ ဒီထက်လွန်သွားရင် ဖိုလ်သုံးဖိုလ်ဖလားဟာ ကြယ်ရောင်အောက်မှာ လက်နေတယ်။ ဟယ်ရီ့မှော်ကြိမ်လုံးဟာ စက်ဒရစ်ခြေထောက်နားမှာ ရှိတယ်။ ဟယ်ရီ ကလေးလို့ထင်တဲ့အထုပ်အနီးမှာပဲ ရှိမယ်၊ ဂူအောက်မှာ ထားတယ်လို့ထင်တယ်။ ၎င်းဟာ ငြိမ်ငြိမ်မနေနိုင်သလိုပဲ၊ ဟယ်ရီက ၎င်းကိုကြည့်တယ်။ သူ့ အမာရွတ်ဟာ မီးလောင်သလို နာလာတယ် . . . . အထုပ်ထဲကအရာကို မိမိ မမြင်ချင်ဘူးလို့ ရုတ်တရက် သိသလိုပဲ . . . . သူဟာ အဲဒီအထုပ် မဖြည်စေ ချင်ဘူး။

သူ့ခြေထောက်နားမှာ အသံကြားရတယ်။ အောက်သို့ ကြည့်လိုက်တော့ မြွေကြီးတစ်ကောင် မြက်ခင်းပေါ်မှာ ကွေ့ကောက်စွာ လျှောလာနေတယ်၊ သူရှိတဲ့သင်္ချိုင်းကျောက်တိုင်ကို ပတ်နေတယ်။ ပိုးကောင်အမြီးရဲ့ ဟောဟဲ အသံ ပေါ်လာပြန်တယ်၊ သူ လေးပင်တဲ့အရာဝတ္ထုကို တွန်းနေသလိုပဲ။ ဒီနောက် ဟယ်ရီ့မြင်ကွင်းထဲ သူ ဝင်လာတယ်၊ ကျောက်ဆေးကျိုအိုးတစ်လုံး ကို သင်္ချိုင်းအောက် တွန်းနေတယ်။ ဆေးကျိုအိုးထဲမှာ ရေအပြည့်ထည့်ထား



သလိုပဲ —— ရေဖိတ်စဉ်သံကို ဟယ်ရီ ကြားရတယ်။ အဲဒီဆေးကျိုအိုးဟာ ဟယ်ရီ အသုံးပြုဖူးတဲ့ ဆေးကျိုအိုးအားလုံးထက် ကြီးတယ်။ လူကြီးတစ်ယောက် အထဲမှာ ထိုင်နေလို့ရတယ်။

မြွေကြီးပေါ်ရှိ အထုပ်ထဲကအရာဟာ ပိုပြီးလှုပ်လာတယ်၊ ရုန်းထွက်တော့မလိုပဲ။ ပိုးကောင်အမြီးဟာ ဆေးကျိုအိုးအောက်မှာ မှော်ကြိမ်လုံးနဲ့ အလုပ်ရှုပ်နေတယ်။ ရုတ်တရက်ဆိုသလို ဆေးကျိုအိုးအောက်မှာ တဖျစ်ဖျစ် မြည်ပြီး မီးတောက်လာတယ်၊ မြွေကြီးဟာ အမှောင်ထဲ လျှောဝင်သွားတယ်။

ဆေးကျိုအိုးထဲက အရည်ဟာ ပူတ[illegible]သလိုပဲ၊ မျက်နှာပြင် မှာ စတင်ဆူပွက်လာတဲ့အပြင်၊ မီးပွင့်တွေပ[illegible]ကလာတယ်။ မီးထတောက် နေသလိုပဲ။ ရေငွေ့တွေ ကြာလေထူထဲလေပဲ၊ မီးကို စောင့်ရှောက်နေတဲ့ ပိုးကောင် အမြီးရဲ့အရိပ်တောင် ဝေဝါးလာတယ်။ အထုပ်က [illegible]ပြင်းထန်စွာ လှုပ်နေတယ်။ ဟယ်ရီဟာ စူးရှပြီး အေးစက်တဲ့ ဟိုအသံကို ကြားရပြန်တယ်။

"မြန်မြန်"

အခု ရေမျက်နှာပြင်တစ်ခုလုံး မီးပွင့်တွေ လက်နေတယ်။ စိန်တွေ [illegible]ခြယ်ထားသလိုပဲ။

"ကျိုပြီးပြီ၊ သခင်"

"အခု . . . ." အဲဒီ အေးစက်ခက်ထန်တဲ့အသံက ပြောတယ်။

ပိုးကောင်အမြီးဟာ မြွေကြီးပေါ်က အထုပ်ကို ဖြေလိုက်တယ်။ အထဲ က အရာပေါ်လာတယ်၊ ဟယ်ရီဟာ လန့်ပြီး အော်တယ်၊ ဒါပေမယ့် ပါးစပ်ကို အဆို့ခံထားရတယ်။

ဘာနဲ့တူလဲဆိုတော့ ပိုးကောင်အမြီးက ဆတ်ခနဲ ကျောက်တုံးတစ် [illegible]ကို လှန်လိုက်လို့ ကပ်စေးစေး၊ မျက်လုံးမရှိတဲ့ အရုပ်ဆိုးတဲ့အရာ ပေါ်လာ သလိုပဲ —— ဟင့်အင်း၊ ဒီထက်တောင် အဆတစ်ရာ ကြောက်စရာကောင်း သေးတယ်။ ပိုးကောင်အမြီး ပွေ့လာတဲ့အရာဟာ အပြင်ပန်းကကြည့်ရင် [illegible]ွေးနေတဲ့ကလေးပေါက်စလိုပဲ၊ ဒါပေမယ့် ၎င်းထက်ပိုပြီး ကလေးနဲ့မတူတဲ့ [illegible]ရာကို ဟယ်ရီ မမြင်ဖူးသေးဘူး။ ၎င်းမှာ ဆံပင်မွေးညင်း မရှိဘူး။ [illegible]ယ် [illegible]ပေါ်မှာ အကြေးခွံရှိသလိုပဲ၊ အသားအရောင်ဟာ မွဲမွဲနီနီ၊ ဒဏ်[illegible]ရနေတဲ့ အသားနုလိုပဲ၊ ၎င်းရဲ့ လက်နဲ့ ခြေထောက်ဟာ သေးပြီး ပျော့နေတယ်။ ၎င်းရဲ့ မျက်နှာ —— အသက်ရှိတဲ့ ဘယ်လိုကလေးမှ ဒီလိုမျက်နှာမျိုး မရှိဘူး ——

www.burmeseclassic.com

www.burmeseclassic.com



ငြားနေတဲ့ မြွေမျက်နှာ။ အပေါ်မှာ လက်နေတဲ့မျက်လုံးနီနီ ရှိတယ်။

အဲဒီအရာဟာ မိမိဖာသာ ဘာမှလုပ်နိုင်ပုံ မပေါ်ဘူး။ ၎င်းက လက် ပိန်ပိန်လေးကို မြှောက်ပြီး ပိုးကောင်အမြီးရဲ့ လည်ပင်းကို ဖက်ထားတယ်။ ပိုးကောင်အမြီးက ၎င်းကို ပွေ့ထားလိုက်တယ်။ ဒီအချိန်မှာ ပိုးကောင်အမြီးရဲ့ ခေါင်းစွပ်ဦးထုပ် လျှောကျလာတယ်။ မီးရောင်ထဲမှာ ၎င်းရဲ့ဖြူဖပ်ဖြူရော် ညှိုးငယ်တဲ့မျက်နှာပေါ်မှာ ရွံ့မုန်းတဲ့အမူအရာရှိတာ ဟယ်ရီ မြင်ရတယ်။ ပိုးကောင်အမြီးဟာ အဲဒီအရာကို ဆေးကျိုအိုးအနား ခေါ်သွားတယ်။ လျှပ် တစ်ပြက်အတွင်းမှာ ဆေးရည် မျက်နှာပြင်က ခုန်နေတဲ့မီးပွင့်တွေဟာ အဲဒီ ဆိုးယုတ်တဲ့ မျက်နှာပြားပြားကို လင်းသွားတာ ဟယ်ရီ မြင်ရတယ်။ ပိုးကောင် အမြီးဟာ အဲဒီအရာကို ဆေးကျိုအိုးထဲ ထည့်လိုက်တယ်။ တရှီးရှီးသံနဲ့အတူ ၎င်း မြုပ်သွားတယ်။ ၎င်းရဲ့ပျော့အိတဲ့ကိုယ်ခန္ဓာနဲ့ ဆေးကျိုအိုးအောက်ခြေ ထိတွေ့တဲ့အသံသေးသေးကို ဟယ်ရီ ကြားရတယ်။

နစ်သေပါစေ။ ဟယ်ရီက တွေးတယ်။ သူ့အမာရွတ်ဟာ နာလွန်းလို့ မခံနိုင်တော့ဘူး။ တောင်းပန်ပါတယ် . . . . ၎င်းနစ်သေအောင် လုပ်ပါ . . . .

ပိုးကောင်အမြီး စကားပြောနေတယ်။ သူ့အသံက တုန်နေတယ်။ ကြောက်လွန်းလို့ ခေါင်းမမှန်တော့သလိုပဲ။ သူက မှော်ကြိမ်လုံးကို မြှောက်ပြီး မျက်စိမှိတ်ထားတယ်။ မိုးပေါ်ကို လှည့်ပြောတယ်။ "ဖခင်ရဲ့အရိုး၊ မထင်မှတ်ဘဲ ထုတ်ပေး၊ သင့်သားကို ပြန်လည်ရှင်သန်စေမယ်"

ဟယ်ရီ့ခြေထောက်အောက်က ဂူ အက်ကွဲသွားတယ်။ ပြာမှုန်တစ်မှုန် ဟာ ပိုးကောင်အမြီး ခေါ်ယူတဲ့အလျောက် မိုးပေါ်ကို တက်သွားပြီး ဆေးကျို အိုးထဲကို ဖြည်းဖြည်းကျသွားတယ်။ စိန်ကဲ့သို့သော အရည်မျက်နှာပြင် ကွဲအက် သွားတယ်။ တရှီးရှီးမြည်နေတယ်။ အရည်ဟာ တောက်ပတဲ့အပြာရောင် ဖြစ် သွားတယ်။ ကြည့်လိုက်တာနဲ့ အဆိပ်ရှိမှန်း သိရတယ်။

ပိုးကောင်အမြီးက ရှိုက်နေတယ်။ သူက ခြုံထည်ထဲကနေ ရှည်ရှည် ပါးပါး ငွေရောင်လက်နေတဲ့ ဓားမြှောင်တစ်ချောင်း ဆွဲထုတ်လိုက်တယ်။ သူ့ အသံဟာ အလွန်ကြောက်လန့်တဲ့ ငိုရှိုက်သံအဖြစ် ရုတ်ချည်းပြောင်းသွားတယ်။ "ကျွန်ရဲ့ —— အသားကို —— ကိုယ့်သဘောနဲ့ ပေးအပ်ပါတယ်။ သင့်သခင်ကို —— ပြန်လည်ရှင်သန်စေမယ်"

သူက ယာလက်ကို ဆန့်ထုတ်တယ် —— လက်ချောင်းတစ်ချောင်း



လျှော့နေတဲ့လက်ပဲ။ ဒီနောက် ဘယ်လက်နဲ့ ဓားမြှောင်ကို တင်းတင်းဆုပ်ပြီး ယာလက်ဆီကို ယမ်းလိုက်တယ်။

ဟယ်ရီဟာ နောက်ဆုံး တစ်စက္ကန့်ကျမှ ပိုးကောင်အမြီး ဘာလုပ်မယ် ဆိုတာ နားလည်လိုက်တယ်။ သူကိုယ်တိုင်လည်း ဓားမြှောင်နဲ့ အထိုးခံရသလိုပဲ။ တစ်ခုခု မြေကြီးပေါ် ကျသွားတာ သူ ကြားရတယ်။ ပိုးကောင်အမြီး နာကျင်စွာ ရှိုက်ငင်နေတာ ကြားရတယ်။ ဒီနောက်မှာ ပလုံဆိုတဲ့ လူကိုပျို့အန်ချင်စရာ အသံနဲ့အတူ၊ ဘာကိုမှန်းမသိ ဆေးကျိုအိုးထဲ ပစ်ထည့်သံ ကြားရတယ်။ ဟယ်ရီ မကြည့်ချင်ဘူး . . . . ဒါပေမယ့် ဆေးရည်ဟာ မီးလိုရဲလာတယ်။ ပြင်းထန်တဲ့ အရောင်ဟာ ဟယ်ရီ့မျက်ခွံထဲ ထိုးဝင်လာတယ် . . . .

ပိုးကောင်အမြီးဟာ နာကျင်စွာ ရှိုက်ငင်ညည်းညူနေတယ်။ အဲဒီ နာကျင်တဲ့အသက်ရှူခြင်း သူ့မျက်နှာပေါ် အပန်းခံရတော့မှ ပိုးကောင်အမြီး သူ့ရှေ့ရောက်လာမှန်း ဟယ်ရီ သိတော့တယ်။

"ရန် —— ရန်သူရဲ့သွေး . . . . အတင်းပေးခိုင်းရတယ် . . . . မင်းရဲ့ ရန်သူကို . . . . ပြန်လည်ရှင်သန်စေမယ်"

ဟယ်ရီ မတားနိုင်ဘူး။ သူ့ကို တင်းနေအောင် တုပ်နှောင်ထားတယ် . . . . သူဟာ မျှော်လင့်ချက်မဲ့စွာ ရုန်းကန်နေတယ်။ သူ့ကို တုပ်နှောင်တဲ့ ကြိုးက အလွတ်ရုန်းချင်တယ်။ သူဟာ မျက်စိမှေးထားတဲ့ကြားကနေ၊ ဟို ငွေရောင်တောက်တဲ့ ဓားမြှောင်ဟာ ပိုးကောင်အမြီးရဲ့တစ်ချောင်းတည်းသော လက်ထဲမှာ တုန်ခါနေတာ တွေ့ရတယ်။ ဓားမြှောင်ထိပ်ဟာ သူ့တံတောင်ဆစ် အကွေးထဲ ထိုးလိုက်တာ သူ ခံစားရတယ်။ သွေးတွေဟာ စုတ်ပြဲနေတဲ့ ဝတ်ရုံရှည် လက်မောင်းကနေ စက်ကျလာတယ်။ နာကျင်စွာ ရှိုက်ငင်နေသေးတဲ့ ပိုးကောင် အမြီးဟာ တုန်တုန်ယင်ယင်နဲ့ အိတ်ကပ်ထဲကနေ ပုလင်းလေးတစ်လုံး ယူထုတ် လိုက်ပြီး ဟယ်ရီ့ဓားဒဏ်ရာဘေး ကပ်ထားတယ်။ သွေးအနည်းငယ် ပုလင်းထဲ ဝင်သွားတယ်။

သူဟာ ဟယ်ရီ့သွေးကိုယူပြီး ဆေးကျိုအိုးအနားကို ကယိမ်းကယိုင် သွားတယ်။ ၎င်းကို အိုးထဲလောင်းထည့်လိုက်တယ်။ ဆေးကျိုအိုးထဲက အရည် ချက်ချင်းပဲ မျက်စိစူးစေတဲ့ အဖြူရောင်ဖြစ်သွားတယ်။ ပိုးကောင်အမြီးဟာ တာဝန်ပြီးမြောက်အောင်မြင်သွားပြီ။ ဆေးကျိုအိုးဘေးမှာ ဒူးထောက်ထိုင်ချလိုက်တယ်။ ကိုယ်စောင်းသွားပြီး မြေကြီးပေါ် လဲကျသွားတယ်။ မိမိရဲ့သွေးထွက်

www.burmeseclassic.com

www.burmeseclassic.com



ခနဘဲ့ လက်ပြတ်ကို ကိုင်ပြီး ရှိုက်ငင်ငိုကြွေးနေတယ်။

ဆေးကျိုးအိုး ဆူပွက်လာတော့မယ်။ စိန်ကဲ့သို့သော မီးပွားတွေ လေ
ဘက်လေးတန်သို့ ပန်းထွက်လာတယ်။ သိပ်ကိုလင်းချင်း မျက်စိစူးစေ
အတွက်၊ ပတ်ဝန်းကျင်ရှိ အရာအားလုံးကို စိန်ကတ္တီပါအနက်လို အရောင်မှ
ဖြစ်သွားစေတယ်။

ငုင်းရေနစ်သေပါစေ။ ဟယ်ရီက တွေးတယ်။ မအောင်မြင်ပါစေ

. . . .

ရုတ်တရက်၊ ဆေးကျိုးအိုးပေါ်က မီးပွင့်တွေ ငြိမ်းသွားတယ်။ အ
ရောင်ရေငွေ့တစ်စု ဆေးကျိုးအိုးထဲကနေ တက်လာတယ်။ ဟယ်ရီ့မျက်စိရှေ့
အရာအားလုံးကို ဖုံးကွယ်သွားတယ်။ ပိုးကောင်အမြီးနဲ့ စက်ဒရစ်ကို သူ မမြ
ဘူး။ ရေငွေ့ဖြူဖြူဖွေးဖွေးတွေကိုပဲ မြင်ရတယ် . . . . မုချမအောင်မြင်ဘူး . . . .
ငုင်းရေနစ်သေပြီ . . . . တောင်းပန်ပါတယ် . . . . ငုင်းကို နှစ်သတ်ကြပါ . . . .

ဒီနောက်၊ မျက်စိရှေ့က ဖြူဖြူတွေကတစ်ဆင့် ဆေးကျိုးအိုးထဲက
ဖြည်းဖြည်းချင်းတက်လာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရိပ်မည်းမည်း
မြင်ရတယ်။ အရပ်မြင့်မြင့်ပိန်ပိန်။ အရိုးစုနဲ့တူတယ်။

"ငါ့ကို အကျႌဝတ်ပေး" အဲဒီအေးစက်ရက်စက်ပြီး စူးရှတဲ့အသံဟ
ရေငွေ့နောက်က ပြောတယ်။ ပိုးကောင်အမြီးဟာ ရှိုက်ငင်နေတယ်။ ညည်းည
နေတယ်။ သူ့လက်ပြတ်ကို ကိုင်ထားတုန်းပဲ။ သူဟာ မြေကြီးပေါ်ကနေ အထ
ကို ထုပ်လာတဲ့ အနက်ရောင်ဝတ်ရုံရှည်ကို ကမန်းကတမ်း ကောက်ယူပြီး မ
တတ်ရပ်လိုက်တယ်။ လက်တစ်ဖက်နဲ့ ငုင်းကို သူ့သခင်ခေါင်းပေါ် စွပ်
လိုက်တယ်။

ပိန်ပိန်ယောကျ်ားဟာ ဆေးကျိုးအိုးကို ကျော်ထွက်လိုက်တယ်။ မျ
လုံးက ဟယ်ရီ့ကို ကြည့်နေတယ် . . . . သုံးနှစ်လုံးလုံး သူ့အိပ်မက်ဆိုးထဲ
ပေါ်ပေါက်လာတဲ့မျက်နှာကို ဟယ်ရီ မြင်ရပြီ။ အရိုးစုထက်တောင် ဖြူ
ခနသေးတယ်။ မျက်လုံးကြီးနှစ်လုံးဟာ နီရဲနေတယ်။ နှာခေါင်းဟာ မြွေနှာခေါ
:ဲ့ ပြားပြားကြီး။ နှာခေါင်းပေါက်ဟာ အပေါကျဉ်းကျဉ်းလေးနှစ်ခု . . . .

ဗိုလ်ဒီမွန် ပြန်လည်ရှင်သန်လာပြီ။



## ၃၃။ ဒက်အီတာ

ဗိုလ်ဒီမွန့်အကြည့်ဟာ ဟယ်ရီ့ကိုယ်ပေါ်က ဖယ်လိုက်ပြီး၊ မိမိကိုယ်
ို စတင်စစ်ဆေးတယ်။ သူ့လက်ဟာ ပိုးဟပ်ဖြူလိုဖြူနေတဲ့ ပင့်ကူလိုပဲ။
ိန်ရှည်ဖြူရော်တဲ့ လက်က ရင်ဘတ်၊ လက်မောင်း၊ မျက်နှာကို ပွတ်သပ်နေ
ယ်။ အဲဒီမျက်လုံးနီနီတစ်စုံဟာ အမှောင်ထဲမှာ ပိုပြီးလက်နေတယ်။ သူ့ငယ်
်ဟာ အပေါလေးနှစ်ခု၊ ကြောင်မျက်လုံးလိုပဲ။ သူက လက်နှစ်ဖက်ကို မြှောက်
 သက်ချောင်းတွေကို လှုပ်ရှားတယ်။ အမှုအရာက သိပ်ဝမ်းသာအားရ ဖြစ်
သလိုပဲ။ မြေကြီးပေါ်မှာ လဲပြီး သွေးထွက် အကြောဆွဲနေတဲ့ ပိုးကောင်
ြီးကို နည်းနည်းမှ ဂရုမစိုက်ဘူး။ ဟိုမြွေကြီးကိုလည်း ဂရုမစိုက်ဘူး။ ငုင်း
ယ်အချိန်က ပြန်လာမှန်း မသိဘူး။ ဟယ်ရီ့ကို ပတ်ပြီး တရှီးရှီးလုပ်နေတယ်။
ဒီမွန့်ဟာ အံ့သြစရာကောင်းလောက်အောင်ရှည်တဲ့ လက်ချောင်းကို အလွန်
ဲဘဲ့ အိတ်ကပ်ထဲ ထိုးလိုက်ပြီး မှော်ကြိမ်လုံးတစ်လက်ကို ဆွဲထုတ်လိုက်
ယ်၊ သူက မှော်ကြိမ်လုံးကိုလည်း အသာလေး ပွတ်သပ်လိုက်တယ်။ ဒီနောက်
ှော်ကြိမ်လုံးကို မြှောက်ပြီး ပိုးကောင်အမြီးကို ချိန်လိုက်တယ်။ ငုင်းကို မြေပြင်

www.burmeseclassic.com

www.burmeseclassic.com



အနေ ဆွဲယူပြီး ဟယ်ရီ့ကို ချည်ထားတဲ့ ဂူကျောက်တိုင်ဆီ ပစ်လိုက်တယ် ပိုးကောင်အမြီးဟာ ကျောက်တိုင်ဘေးမှာ ပစ်ကျပြီး လဲလျက် ငိုယိုနေတယ် ဗိုလဒီမွန့်ဟာ နီရဲတဲ့မျက်လုံးကို ဟယ်ရီ့ဘက် လှည့်လိုက်တယ်။ အေးစ ရက်စက်တဲ့ အသံစူးစူးရယ်သံ ပေါ်ထွက်လာတယ်။

ပိုးကောင်အမြီးရဲ့ လက်ပြတ်ကို ထုပ်ထားတဲ့ ဝတ်ရုံရှည်ဟာ သွေ တွေ စိုရွှဲနေပြီ။

“သခင် . . . .” ပိုးကောင်အမြီးက ရှိုက်ရင်းပြောတယ်။ “သခ . . . . သင် ကတိပေးထားတယ် . . . . သင် ကတိပေးထားတယ် . . . .

“လက်ကို ဆန့်လိုက်” ဗိုလဒီမွန့်က ပျင်းရိရိပြောတယ်။

“အော၊ သခင် . . . . ကျေးဇူးတင်ပါတယ်၊ သခင် . . . .”

သူဟာ သွေးသံရဲရဲနဲ့ လက်ပြတ်ကို ဆန့်လိုက်တယ်။ ဒါပေမယ့် ဗို ဒီမွန့်က အေးစက်စက်ရယ်လိုက်တယ်။ “အဲဒီ လက်မဟုတ်ဘူး၊ ပိုးကောင်အမြီ

“သခင်၊ တောင်းပန်ပါတယ် . . . . တောင်းပန်ပါတယ် . . . .

ဗိုလဒီမွန့်က ခါးကွေးပြီး ပိုးကောင်အမြီးရဲ့ ဘယ်လက်ကို ဆွဲယူတယ် သူ့အင်္ကျီကို တံတောင်ဆစ်အပေါ်အထိ ဆွဲမ,လိုက်တယ်။ အဲဒီအရေပြ ပေါ်မှာ အရာတစ်ခုရှိတာ ဟယ်ရီ မြင်တွေ့ရတယ်။ အဲဒါဟာ နီရဲတဲ့ ဆေး ကြောင်ဒီဇိုင်းရုပ်ပုံလိုပဲ —— အရိုးစုတစ်ခုပါးစပ်ထဲက မြွေတစ်ကောင် ထွ နေတယ်။ ခွေဒစ်ကမ္ဘာ့ဖလားပွဲတုန်းက ပေါ်ထွက်ဖူးတဲ့ ဒီဇိုင်းပုံ။ မှော်နှ အမှတ်အသား။ ဗိုလဒီမွန့်က ၎င်းကို သေချာကြည့်နေတယ်။ ပိုးကောင်အ မထိန်းနိုင်ဘဲ ငိုယိုနေတာကို လုံးဝအရေးမလုပ်ဘူး။

“၎င်း ပြန်လာပြီ” သူက တိုးတိုးပြောတယ်။ “သူတို့အားလုံး ၎င် သတိပြုမိလိမ့်မယ် . . . . အခု၊ ကျုပ်တို့ မြင်ရတော့မယ် . . . . ကျုပ်တို့ လိမ့်မယ် . . . .”

သူက လက်ညှိုးရှည်ရှည်ကို ပိုးကောင်အမြီးရဲ့လက်မောင်းပေါ် ဖိထ တယ်။

ဟယ်ရီ့နဖူးက အမာရွတ် စတင်ပြီး ပြင်းထန်စွာ နာလာပြန်တယ ပိုးကောင်အမြီး ကြေကွဲစွာ အော်လိုက်ပြန်တယ်။ ဗိုလဒီမွန့်ဟာ လက်ချေ တို့ ပိုးကောင်အမြီးရဲ့ အမှတ်အသားပေါ်က ဖယ်လိုက်တယ်။ အမှတ်အသ ား မည်းနက်သွားတာကို ဟယ်ရီ မြင်ရတယ်။



ဗိုလဒီမွန့်မျက်နှာပေါ်မှာ ရက်စက်ပြီး ကျေနပ်တဲ့အမူအရာ ပေါ်လာ ဘယ်။ သူက ခါးဆန့်လိုက်ပြီး ခေါင်းကို မော့်လိုက်တယ်။ မှောင်မည်းတဲ့ သချိုင်း ကုန်းကို ဝေ့ကြည့်နေတယ်။

“၎င်းကို ခံစားမှုရပြီးနောက်၊ လူဘယ်လောက်ပြန်လာဖို့ သတ္တိရှိမလဲ” သူက တတွတ်တွတ်ပြောတယ်။ လက်နေတဲ့မျက်လုံးနီနီဟာ မိုးပေါ်က ကြယ် တွေကို ကြည့်နေတယ်။ “လူဘယ်လောက် အ,နစ္စာ မလာဘဲနေမလဲ”

သူဟာ ဟယ်ရီနဲ့ ပိုးကောင်အမြီးရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်နေတယ်။ မကြာခဏ သချိုင်းကုန်းကို ဝေ့ကြည့်တယ်၊ တစ်မိနစ်ကြာ တော့၊ သူ့အကြည့်ဟာ ဟယ်ရီ့ကိုယ်ပေါ် ကျရောက်သွားတယ်။ မြွေမျက်နှာ ဟာ တွန့်လိမ်သွားတယ်။ ရက်စက်တဲ့ပြုံးရိပ် ပေါ်လာတယ်။

“ဟယ်ရီ-ပေါ်တာ။ မင်းဟာ ငါ့အဖေရဲ့ အလောင်းရိုးပေါ်မှာ ရပ် နေတယ်” သူက သာသာတိုးတိုးနဲ့ တရှိုးရှိုးပြောတယ်။ “သူက မတ်ဂေါ်လဲ ဖြစ်၊ ဒထိုင်းလဲ ဖြစ်တယ် . . . . မင်းအမေအရင်းလိုပေါ့။ ဒါပေမယ့် သူတို့အားလုံး အသုံးကျတယ်၊ ဟုတ်လား။ မင်း ငယ်ငယ်တုန်းက၊ မင်းအမေဟာ မင်းကို ကာကွယ်ဖို့အတွက် သေသွားတယ် . . . . ကျုပ်က ကျုပ်အဖေကို သတ်လိုက် ဘယ်။ မင်း ကြည့်လေ၊ သေပြီးနောက် အလွန်အသုံးဝင်တာပဲ . . . .”

ဗိုလဒီမွန့် ရယ်ပြန်တယ်။ သူဟာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်နေတယ်။ မြွေတော့ ဟိုမြွေကလည်း မြက်ခင်းပေါ်မှာ လျှောသွားနေတယ်။

“တောင်ကုန်းပေါ်က အိမ်ကို မြင်လား၊ ပေါ်တာ။ ငါ့အဖေ အဲဒီမှာ နေခဲ့ဖူးတယ်။ ငါ့အမေက မှော်ဆရာမ၊ ဒီရွာမှာ နေဟယ်။ သူ့ကို မေတ္တာရှိ သွားတယ်။ သူမက မိမိဘာဆိုတာ ပြောပြတော့၊ သူက သူမကို စွန့်ပစ်လိုက် တယ် . . . . ကျုပ်အဖေက မှော်ပညာကို မနှစ်သက်ဘူး . . . .

“သူက သူမကို ခွဲခွာပြီး၊ သူ့မတ်ဂေါ်မိဘဆီ ပြန်သွားတယ်။ အဲဒီ တုန်းက ကျုပ်ကို မမွေးသေးဘူး၊ ပေါ်တာ။ ကျုပ်အမေ ကျုပ်ကို မွေးတော့ ဆုံး သွားတယ်။ ကျုပ် မတ်ဂေါ်မိဘမဲ့ကျောင်းမှာ ကြီးပြင်းလာတယ် . . . . ဒါပေမယ့် ကျုပ်က သူ့ကို တွေ့အောင်ရှာမယ်လို့ ဆုံးဖြတ်ထားတယ် . . . . ကျုပ်က သူ့ကို ကလဲ့စားချေခဲ့တယ်။ ကျုပ်ကို သူနဲ့နာမည်တူ မှည့်ထားတဲ့လူကို . . . . တွမ်-ရစ်ဒေါ် . . . .”

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဆက်လက်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်။ ချောက်သုံးနိုင်နိုင်ဟာ ဂူတွေကြားမှာ ဟိုဒီကြည့်နေတယ်။

"ကျုပ်ပြောတာ နားထောင်၊ ကျုပ်မိသားစုသမိုင်းကို ပြန်သတိရတာ နားထောင် . . . ." သူက သာသာပြောတယ်။ "အား၊ ကျုပ်နည်းနည်းတော့ ဝမ်းနည်းတယ် . . . . ဒါပေမယ့် ကြည့်ပါ၊ ဟယ်ရီ။ ကျုပ်ရဲ့တကယ့်မိသားစု ပြန်လာပြီ . . . ."

လေထုထဲမှာ မြူထည်တွေရဲ့ တရွှပ်ရွှပ်သံတွေ ရုတ်တရက် ပြည့်လာတယ်၊ သင်္ချိုင်းဂူတွေကြားမှာ၊ ယူးပင်တွေကြားမှာ၊ မှောင်မိုက်တဲ့နေရာအားလုံးမှာ မှော်ဆရာတွေ ရုပ်ရွှေ့ပြောင်းလာနေတယ်။ သူတို့အားလုံး ခေါင်းစွပ်ဦးထုပ်ဆောင်းပြီး မျက်နှာကို ဖုံးထားကြတယ်။ သူတို့ တစ်ယောက်ပြီးတစ်ယောက် လျှောက်လာတယ် . . . . လျှောက်တာ အလွန်နှေးတယ်၊ အလွန်သတိထားတယ်။ မိမိမျက်လုံးကို မယုံကြည်နိုင်သလိုပဲ၊ ဗိုလ်ဒီမွန့်ဟာ ငြိမ်သက်စွာ ရပ်ပြီး စောင့်နေတယ်။ ဒက်အီတာတစ်ယောက် ဒူးထောက်ချလိုက်ပြီး ဗိုလ်ဒီမွန့်ရှေ့ထိ တွားတက်သွားတယ်။ ၎င်းရဲ့ဝတ်ရုံနက်အောက်စကို နမ်းတယ်။

"သခင် . . . . သခင် . . . ." သူက အသံတိုးတိုးနဲ့ ခေါ်တယ်။

သူ့နောက်က ဒက်အီတာတွေလည်း အတူတူပဲ။ လူတိုင်း ဒူးထောက်ပြီး ဗိုလ်ဒီမွန့်အနားထိ တွားတက်သွားတယ်။ ၎င်းရဲ့ဝတ်ရုံရှည်ကို နမ်းတယ်။ ပြီးနောက် နောက်ဆုတ်ပြီး ရပ်နေတယ်။ တိတ်ဆိတ်စွာနဲ့ အဝိုင်းတစ်ဝိုင်း ဖွဲ့လိုက်တယ်။ တွမ်-ရစ်ဒေါ်ရဲ့ သင်္ချိုင်းဂူ၊ ဟယ်ရီ ဗိုလ်ဒီမွန့်နဲ့ မြွေကြီးပေါ် လှဲနေတဲ့ ပိုးကောင်အမြီးကို ဝိုင်းပတ်ထားတယ်။ ဒါပေမယ့် အဝိုင်းထဲမှာ လွတ်နေတဲ့ နေရာအချို့ရှိတယ်။ တခြားလူတွေလာမှာကို စောင့်နေသလိုပဲ။ သို့ပေမယ့် ဗိုလ်ဒီမွန့်ကတော့ နောက်ထပ် လူရောက်လာဖို့ မမျှော်လင့်တော့သလိုပဲ။ သူဟာ ခေါင်းစွပ်ဦးထုပ်ဆောင်းထားတဲ့ မျက်နှာတွေကို လှည့်ပတ်ကြည့်သွားတယ်။ လေမတိုက်ပေမယ့် အဝိုင်းထဲမှာ ရှုပ်ရှုပ်သံသဲ့သဲ့ ဖြတ်သွားသလိုပဲ။ အဲဒီအဝိုင်းဟာ ကြက်သီးထသွားသလိုပဲ။

"မင်းတို့ကို ကြိုဆိုတယ်၊ ဒက်အီတာ" ဗိုလ်ဒီမွန့်က တည်ငြိမ်စွာ ပြောတယ်၊ "ဆယ့်သုံးနှစ် . . . . ကျုပ်တို့ အရင်တစ်ခါ စုစည်းတာနဲ့ဆို ဆယ့်သုံးနှစ်ရှိသွားပြီ၊ ဒါပေမယ့် မင်းတို့ဟာ မနေ့တုန်းကလိုပဲ ကျုပ်ခေါ်သံကို တုံ့ပြန်ကြတယ် . . . . ဒါက ကျုပ်တို့ မှော်နက်အမှတ်အသားအောက်မှာ စည်းလုံးနေကြ



သေးတယ်လို့ ပြောတာပဲ။ ဟုတ်လား"

သူဟာ ကြောက်စရာကောင်းတဲ့မျက်နှာကို မော့်ပြီး၊ အဟာကလေးနဲ့ ရှည်တဲ့ နှာခေါင်းကိုဟကာ နမ်းရှုပ်ကြည့်တယ်။

"ကျုပ် အပြစ်ကိုနောင်တရတာ အနံ့ရတယ်" သူက ပြောတယ်။ "ဒီလေထုထဲမှာ နောင်တရတဲ့ အနံ့ဆိုးရှိတယ်"

အဝိုင်းဟာ ကြက်သီးထသွားပြန်တယ်။ လူတိုင်း နောက်ကို ဆုတ်ချင်ပြီး ဆုတ်လည်း မဆုတ်ဝံ့သလို ဖြစ်နေတယ်။

"မင်းတို့ ကျန်းကျန်းမာမာနဲ့ မှော်အင်အားဟာလဲ အရင်ကလိုပဲ ရှိတာ ကျုပ်တွေ့ရတယ် —— ဒီလိုအလျှင်အမြန် ရောက်လာတယ် —— ကျုပ်ကိုယ်ကျုပ် မေးတယ် . . . . ဘာဖြစ်လို့ ဒီမှော်ဆရာတွေ သူတို့သခင်ကို တစ်လျှောက်လုံး လာမကူညီတာလဲ။ ထာဝရသစ္စာရှိမယ်လို့ သစ္စာဆိုထားတဲ့လူကို ဘာဖြစ်လို့ မကူညီတာလဲ"

ဘယ်သူမှ စကားမပြောဘူး။ ဘယ်သူမှမလှုပ်ဝံ့ဘူး။ ပိုးကောင်အမြီးသာ မြေကြီးပေါ်လဲနေပြီး၊ သွေးထွက်နေတဲ့လက်ကို ကိုင်ပြီး ငိုနေတယ်

"ကျုပ်ကိုယ်ကျုပ် ဖြေတယ်" ဗိုလ်ဒီမွန့်က အသာလေးပြောတယ်။ "သူတို့ဟာ ကျုပ်မရတော့ဘူး။ ကျုပ် ကျဆုံးပြီလို့ ထင်တယ်။ သူတို့ဟာ ကျုပ်ရန်သူတွေထဲ ပြန်လစ်ဝင်သွားကြပြီး၊ မိမိအပြစ်မရှိဘူး၊ မသိနားမလည်လို့ အမှုစားခံရလို့လို့ ပြောတယ် . . . .

"ကျုပ်ကိုယ်ကျုပ် ပြန်မေးတယ်။ ဘာဖြစ်လို့ သူတို့ဟာ ကျုပ် ပြန်လည်ထောင်လာမယ်ဆိုတာ မယုံကြတာလဲ။ ကျုပ် ဟိုးအရင်တုန်းကတည်းက သေအောင် ကာကွယ်တဲ့နည်းနဲ့ စီမံထားတာ သူတို့ သိကြတယ် မဟုတ်လား။ ကျုပ် ရှိသမျှမှော်ဆရာတွေထက် အင်အားကောင်းတုန်းက၊ ကျုပ်အကြိမ်ပေါင်းများစွာရမတွက်နိုင်အောင် မိမိအင်အား အတိုင်းအဆမရှိကြောင်း ဖော်ပြခဲ့တာ သူတို့မြင်ကြုံတွေ့ကြတယ် မဟုတ်လား . . . .

"ကျုပ်ကိုယ်ကျုပ် ဖြေတယ်။ သူတို့ဟာ ပိုပြီးအားကောင်းတဲ့ အင်အားရှိတယ်၊ ဗိုလ်ဒီမွန့်ကို အောင်နိုင်တယ်လို့ ယုံနေလို့လား . . . . သူတို့ အခုအခါမှာ တခြားသူကို သစ္စာခံနေပြီ ဖြစ်ချင်ဖြစ်မယ် . . . . အဲဟိုအဆင့်မရှိတဲ့လူတွေရဲ့ ခေါင်းဆောင်၊ အဲဟို ရွှံ့သွေးနဲ့ မတ်ဂေါ်တွေရဲ့ခေါင်းဆောင် အောဘတ်စ်-ဒမ်ဘာလီဒိုးကို ဖြစ်လိမ့်မယ်"

www.burmeseclassic.com



ဒမ်ဘလီဒိုးနာမည်ကြားတော့၊ အစိုင်းထဲကလူတွေ မငြိမ်မသက် ဖြ သာတယ်။ တချို့က တတွတ်တွတ်နဲ့ အဆက်မပြတ် ခေါင်းခါတယ်။ ဗိုလဒီမွ က အရေးမလုပ်ဘူး။

"ဒါက ကျုပ်ကို စိတ်ပျက်စေတယ် . . . . ကျုပ်စိတ်ပျက်တာ ဝန် တယ် . . . ."

အစိုင်းထဲကလူတစ်ယောက် ရုတ်တရက် မြေကြီးပေါ် ဝပ်လိုက်တယ် သူဟာ ဗိုလဒီမွန့်ခြေထောက်အောက်မှာ ဝပ်နေတယ်။ ခြေဆုံးခေါင်းဆုံး တု နေတယ်။

"သခင်" သူက စူးစူးအော်ပြောတယ်။ "သခင်၊ ချမ်းသာပေးပါ၊ ကျွ တော်တို့ကို ချမ်းသာပေးပါ"

ဗိုလဒီမွန့် သရော်ရယ်ရယ်လိုက်ပြီး မှော်ကြိမ်လုံးကို မြှောက်လို တယ်။

"သည်းခိုက်နာကျင်"

မြေကြီးပေါ်လဲနေတဲ့ ဒက်အီတာဟာ နာကျင်စွာ တွန့်လိမ်ပြီး အော် ဟစ်နေတယ်။ ဒီအသံဟာ ပတ်ဝန်းကျင်ရှိ အိမ်တွေဆီ ရောက်လိမ့်မယ် ဟယ်ရီ ယုံကြည်တယ် . . . . ပုလိပ်ကို မြန်မြန်ခေါ်ကြပါ။ သူက မျှော်လင့်ချ ကင်းမဲ့စွာ တွေးတယ် . . . . ဘယ်သူပဲဖြစ်ဖြစ် . . . . ဘယ်လိုပဲဖြစ်ဖြစ် . . . .

ဗိုလဒီမွန့်က မှော်ကြိမ်လုံးကို မ,လိုက်တယ်။ အပြစ်ပေးခံရတဲ့ ဒက်အ တာဟာ မြေကြီးပေါ်မှာ စန့်စန့်ကြီးလဲပြီး အသက်ပြင်းပြင်းရှူနေတယ်။

"ထ၊ အဲဝရီ" ဗိုလဒီမွန့်က တိုးတိုးပြောတယ်။ "မတ်တတ်ရပ်။ မင်း ကျုပ်ကို ချမ်းသာပေးဖို့ တောင်းပန်တယ် ? ကျုပ် ခွင့်လွှတ်မှာမဟုတ်ဘူး ကျုပ်မေ့မှာမဟုတ်ဘူး။ ရှည်ကြာတဲ့ ဆယ့်သုံးနှစ် . . . . မင်းတို့ကို ဆယ့်သုံး အကြွေး ဆပ်ခိုင်းရမယ်။ ပြီးတော့မှ မင်းတို့ကို ခွင့်လွှတ်မယ်။ ပိုးကောင်အမြီး အကြွေးတချို့ ဆပ်လိုက်ပြီ၊ ဟုတ်တယ်မဟုတ်လား၊ ပိုးကောင်အမြီး"

သူက ပိုးကောင်အမြီးကို ငုံ့ကြည့်တယ်၊ ပိုးကောင်အမြီးက နေရာတွ ရှိုက်ငင်ခနေတယ်။

"မင်း ငါ့ဆီ ပြန်လာတာ သစ္စာရှိလို့ မဟုတ်ဘူး။ မင်းရဲ့မိတ်ဆွေ ဟောင်းတွေကို ကြောက်လို့။ မင်း ဒီလိုဒုက္ခမျိုးခံရတာ ကိုယ့်ထိုက်နဲ့ကိုယ် ပိုးကောင်အမြီး၊ မင်း ဒါကို သိတယ်၊ ဟုတ်လား"



"ဟုတ်တယ်၊ သခင်" ပိုးကောင်အမြီးက ညည်းညူပြောတယ်။ "တောင်း ပါတယ်၊ သခင် . . . . တောင်းပန်ပါတယ် . . . ."

"ဒါပေမယ့် မင်းက ငါ့ကို ရုပ်ပြန်ရအောင် ကူညီတယ်" ဗိုလဒီမွန့်က ကောင်အမြီး မြေကြီးပေါ်မှာ ရှိုက်ငင်နေတာကိုကြည့်ပြီး အေးစက်စွာ ပြော ယ်၊ "မင်းဟာ ယုတ်မာတဲ့အကောင်ဖြစ်ပေမယ့် ကျုပ်ကို ကူညီခဲ့တယ် . . . . ဒီမွန့်က သူ့ကို ကူညီတဲ့လူကို ပြန်ကျေးဇူးပြုတယ် . . . ."

ဗိုလဒီမွန့်က မှော်ကြိမ်လုံးကို မြှောက်လိုက်ပြန်တယ်။ မိုးပေါ်မှာ လှုပ် နေတယ်။ မှော်ကြိမ်လုံးထိပ်ဖျားကနေ အရည်ပျော်နေတဲ့ ငွေလို င်းတန်း ထွက်ပေါ်လာတယ်။ စစချင်း ဘာသဏ္ဌာန်မှ မရှိဘူး။ ဒီနောက် င်းတန်းဟာ ကွေ့ကောက်ပြီးလက်နေတဲ့ လူလက်ဖြစ်သွားတယ်။ လရောင် လင်းလက်နေတယ်။ ၎င်းဟာ အလိုအလျောက် ပျံဆင်းလာပြီး၊ ပိုးကောင် ရဲ့ သွေးထွက်တဲ့ လက်ကောက်ဝတ်မှာ တပ်ထားလိုက်တယ်။

ပိုးကောင်အမြီးဟာ ရုတ်တရက် ရှိုက်ငိုတာ ရပ်သွားတယ်။ သူ့ က်ရှူသံဟာ လေးပင်ပြီး နားကလောစရာပဲ။ သူက ခေါင်းမော့လိုက်ပြီး နိုင်သလို အဲဒီငွေရောင်လက်ကို ကြည့်နေတယ်။ ၎င်းဟာ သူ့လက်ပေါ်ကို သားတည်းဖြစ်အောင် ဆက်စပ်နေတယ်။ သူ့လက်မှာ မျက်စိစူးစေတဲ့ အိတ်စွပ်ထားသလိုပဲ။ သူဟာ လက်နေတဲ့လက်ချောင်းကို ကွေးကြည့် ၊ တစ်ခါ တုန်ယင်စွာနဲ့ မြေကြီးပေါ်က သစ်ကိုင်းတစ်ခုကို ကောက်ယူပြီး ကို အမှုန့်ဖြစ်အောင် ချေပစ်လိုက်တယ်။

"ကျွန်တော့်သခင်" သူက အသာခေါ်တယ်။ "သခင် . . . . သိပ်လှ . . . . သင့်ကို ကျေးဇူးတင်ပါတယ် . . . . သင့်ကို ကျေးဇူးတင်ပါတယ်"

သူက ဒူးနဲ့တွားသွားပြီး ဗိုလဒီမွန့်ရဲ့ဝတ်ရုံကို နမ်းတယ်။

"မင်းရဲ့သစ္စာရှိမှု နောက်ထပ် မယိမ်းမယိုင်ပါစေနဲ့ ပိုးကောင်အမြီး" မွန့်က ပြောတယ်။

"မယိမ်းယိုင်ပါဘူး၊ ကျွန်ုပ်သခင် . . . . ဘယ်တော့မှ မယိမ်းယိုင်ဘူး၊ သခင် . . . ."

ပိုးကောင်အမြီး မတ်တက်ရပ်လိုက်ပြီး၊ အဲဒီအစိုင်းထဲ ဝင်လိုက်တယ်။ နာပေါ်မှာ မျက်ရည်အစအန ရှိသေးတယ်၊ သူ့ရဲ့အားရှိတဲ့ လက်သစ်ကို အလှန် ကြည့်နေတယ်။ ဗိုလဒီမွန့်က ပိုးကောင်အမြီးရဲ့ ညာဘက်က

www.burmeseclassic.com



လှဆီ လျှောက်သွားတယ်။

"လူးရှပ်စ်၊ ကျုပ်ရဲ့ကောက်ကျစ်တဲ့မိတ်ဆွေ" သူက အဲဒီလူရှေ့ ရပ်ပြီး တိုးတိုးပြောတယ်။ "မင်းဟာ လူတွေရှေ့မှာ လူကြီးလူကောင်းဟ ဆောင်နေပေမယ့် အရင်က အပြုအမူကို မစွန့်လွှတ်ဘူးလို့ ကျုပ်ကြားတယ် မင်းဟာ အရင်ကလိုပဲ မတ်ဂေါ်တွေကို နှိပ်စက်ရာမှာ ဦးဆောင်ဦးမယ် ကျုပ် ယုံတယ်။ ဒါပေမယ့် မင်းက ငါ့ကို ဘယ်တုန်းကမှ လိုက်မရှာဘူး၊ လူးရှ . . . . မင်း ခွေဒစ်ကမ္ဘာ့ဖလား'ပွဲတုန်းက လုပ်ဆောင်မှုကတော့ သိပ်ကို စိ ဝင်စားစရာပဲ . . . . ဒါပေမယ့် တကယ်လို့ မင်းဟာ မင်းအားအင်ကို မင် သခင်ကို ရှာဖွေတာ၊ ကူညီတာမှာ သုံးခဲ့ရင်၊ ပိုပြီး မကောင်းဘူးလား"

"သခင်၊ ကျွန်တော် အမြဲတမ်းသတိထားနေပါတယ်" လူးရှပ်စ်-မော် ရဲ့ အသံဟာ ခေါင်းစွပ်ဦးထုပ်အောက်က အလျင်အမြန် ပေါ်လာတယ်။ "သ အချက်ပြတာရှိခဲ့ရင်၊ သင် ဘယ်ရောက်နေတယ်ဆိုတဲ့ သတင်းစကား ကြား နဲ့ ကျွန်ုပ်ဟာ သင့်အနားကို ချက်ချင်း ရောက်လာမှာပါ။ ကျွန်ုပ်ကို ဘာတ မတားနိုင်ပါဘူး ——

"ဒါပေမယ့် မနှစ်ကနွေမှာ၊ သစ္စာရှိတဲ့ ဒက်အီတာတစ်ယောက် ကျုပ်အမှတ်အသားကို မိုးပေါ်ပစ်လွှတ်လိုက်ပြီးနောက်၊ မင်းက ထွက်ပြေးတ ဗိုလ်ဒီမွန့်က ပျင်းအိအိနဲ့ ပြောတယ် —— မစ္စဟာမော်ဖိုင်ဟာ ရုတ်တရ ပါးစပ်ပိတ်သွားတယ်။ "ဟုတ်တယ်၊ ကျုပ် အားလုံးသိတယ်။ လူးရှပ်စ် . . . မင်းကို ငါ စိတ်ပျက်မိတယ် . . . . နောင်ကို ကျုပ်အပေါ်မှာ ပိုပြီးသစ္စာရှိ အလုပ်အကျွေးပြုစေချင်တယ်"

"ဒါပေါ့။ သခင်၊ ဒါပေါ့ . . . . သင် သဘောထားကြီးပါပေတ သင့်ကို ကျေးဇူးတင်ပါတယ် . . . ."

ဗိုလ်ဒီမွန့်ဟာ တစ်လှမ်းနှစ်လှမ်းလျှောက်ပြီး ရပ်လိုက်တယ်။ မော် နဲ့ ဘေးကလူကြားက နေရာလွတ်ကို ကြည့်နေတယ် —— ဒီနေရာလွတ် နှစ်ယောက်ရပ်နိုင်တယ်။

"လက်စ်ထရန်ဂ်စ်လင်မယား ဒီမှာရပ်နေသင့်တယ်" ဗိုလ်ဒီမွန့် အသာပြောတယ်။ "ဒါပေမယ့် သူတို့ဟာ အက်ဇ်ခါဘန်မှာ အရှင်လတ် မြှုပ်သင်္ဂြိုဟ်ခံရတယ်။ သူတို့ဟာ သစ္စာရှိတယ်။ သူတို့ဟာ အက်ဇ်ခါဘန် ရော ခိုင်းတာထက်ပေ ကျုပ်ကို သစ္စာမဖောက်ဘူး . . . . အက်ဇ်ခါဘန်ကို တိုက်ယ



နောက်၊ လက်စ်ထရန်ဂ်စ်လင်မယားဟာ သူတို့အိပ်မက်တောင်မမက်ဖူးတဲ့ လာဘ်ကို ရလိမ့်မယ်။ ဝိဇ္ဇာဥ်စုပ်ကောင်တွေ ကျုပ်တို့ထဲ ပါလာလိမ့်မယ် . . . ရင်းတို့ဟာ ကျုပ်တို့ရဲ့ သဘာဝမဟာမိတ်တွေ . . . . မောင်းနှင်ခံရဘဲ ရာမလူသားတွေကို ပြန်ခေါ်မယ် . . . . ကျုပ်ကို သစ္စာရှိတဲ့ ကျွန်အားလုံးကို ပြန်ခေါ်ပြီး၊ လူတကာကြောက်ရွံ့မယ့် ဆန်းကြယ်တဲ့သတ္တဝါတွေ ပြန်ရှိလာမယ် . . . ."

သူဟာ ဆက်လျှောက်နေတယ်။ ဒက်အီတာတချို့ ရှေ့က ဖြတ်သွား တော့ အသံမထွက်ဘူး၊ တခြားလူတချို့ရှေ့မှာ ရပ်လိုက်တယ်။

"မက်နေအာ . . . . ပိုးကောင်အမြီးက ကျုပ်ကို ပြောပြတယ်။ မင်းဟာ မှော်ဝန်ကြီးဌာနအတွက် အန္တရာယ်တိရစ္ဆာန်တွေကို သုတ်သင်နေတယ်ဆို။ ကြာခင်မှာ ပိုကောင်းတဲ့အရာတွေကို မင်းသွားသုတ်သင်ရမယ်။ မက်နေအား လဒီမွန့်က ပေးမှာက . . . ."

"ကျေးဇူးတင်ပါတယ်၊ သခင် . . . . သင့်ကို ကျေးဇူးတင်ပါတယ်" င်နေအာက ပွစိပွစိပြောတယ်။

"အား" ဗိုလ်ဒီမွန့်ဟာ အကောင်အကြီးဆုံး ခေါင်းစွပ်ဦးထုပ်ဆောင်း းတဲ့ လူရိပ်နှစ်ခုရှေ့ ရောက်တော့ —— "ခရပ် . . . . မင်း ဒီတစ်ခါပိုပြီး ကောင်းကောင်းဖော်ပြတယ်ထင်တယ်။ ဟုတ်လား၊ ခရပ်။ ပြီးတော့ မင်း၊ ဂိုး"

နှစ်ယောက်စလုံး ခပ်ထိုင်းထိုင်း ဦးညွှတ်အလေးပြုပြီး၊ ထိုင်းအအနဲ့ ရွတ်လိုက်တယ်။

"ဟုတ်ကဲ့၊ သခင် . . . ."

"ဖော်ပြမှာပါ။ သခင် . . . ."

"မင်းကော၊ နော့ထ်" ဗိုလ်ဒီမွန့်က မစ္စတာဂိုးအရိပ်အောက် ကျ ကျောက်နေတဲ့ ခါးကုန်းကို အသာမေးတယ်။

"သခင်၊ ကျွန်တော် သင့်ရှေ့မှာ ဝပ်တွားနေပါတယ်။ ကျွန်ုပ်ဟာ ရာအရှိဆုံးပါ ——"

"တော်တော့" ဗိုလ်ဒီမွန့်က ပြောတယ်။

သူဟာ အကျယ်ဆုံးလွတ်နေတဲ့နေရာကို သွားတယ်။ နေရာကို ခပ်ဝါး မှက်လုံးနဲ့ အကဲခတ်နေတယ်။ အဲဒီမှာ လူရပ်နေသလိုပဲ။

"ဒီမှာ ဒက်အီတာခြောက်ယောက် လျော့နေတယ် . . . . သုံးယောက်

www.burmeseclassic.com



က ကျုပ်အတွက် သေသွားတယ်။ တစ်ယောက်က ပြန်လာဖို့ သတ္တိမရှိ
. . . . ငွေတန်ဖိုး ပေးရလိမ့်မယ်။ တခြားတစ်ယောက်က ကျုပ်ကို ထာ
ခွဲခွာသွားပြီထင်တယ် . . . . သူ့ကို သေဒဏ်ပေးရမှာပေါ့ . . . . နောက်
ယောက်ကတော့ ကျုပ်ရဲ့သစ္စာရှိတဲ့ ကျွန်ပဲ။ သူဟာ ကျုပ်အတွက် ပြန်အ
အကျွေးပြုနေပြီ"

ဒက်အီတာတွေထဲမှာ အနည်းငယ်လှုပ်ရှားသွားတယ်။ အဲဒီမျက်နှာ
တပ်ထားသူတွေဟာ အကြည့်ချင်းဖလှယ်နေတာ ဟယ်ရီ မြင်ရတယ်။

သူ ဟော့ဂ်ဝပ်မှာ။ ကျုပ်ရဲ့သစ္စာရှိတဲ့ ကျွန်။ သူ့ကြိုးစားမှုကြေ
ကျွန်ုပ်တို့ရဲ့ မိတ်ဆွေလေး ဒီည ဒီကို ရောက်လာနိုင်တာ . . . ."

တစ်ဝိုင်းလုံးက လူတွေရဲ့အကြည့်ဟာ ဟယ်ရီ့ဆီ ရောက်သွားတ
"ဟုတ်တယ်" ဗိုလဒီမွန့်ရဲ့ နှုတ်ခမ်းမရှိတဲ့ပါးစပ်ဟာ အပြုံးတစ်ခုကို တွန့်
ပြလိုက်တယ်။ "ကျုပ် ပြန်လည်ရှင်သန်တဲ့ ညပါတီပွဲကို ဟယ်ရီ-ပေါ်
ကြွရောက်လာတယ်။ ကျုပ်တို့ သူ့ကို ကျုပ်ရဲ့အထူးဧည့်သည်လို့ ခေါ်လို့ရ

ငြိမ်သက်နေတယ်။ ဒီနောက် ပိုးကောင်အမြီး ညာဘက်က ဒ
တာဟာ ရှေ့တစ်လှမ်းတိုးလိုက်တယ်။ မျက်နှာဖုံးအောက်ကနေ လူးရှပ်စ်
ဖိုင့်အသံ ပေါ်ထွက်လာတယ်။

"သခင်၊ ကျွန်ုပ်တို့ သိပ်သိလိုတယ် . . . . ကျွန်ုပ်တို့ကို ပြော
တောင်းပန်ပါတယ် . . . . သင် ဒါကို ဘယ်လိုပြီးမြောက်အောင်မြင် . .
ဒီအံ့ဘွယ်ကိစ္စကို . . . . ကျွန်ုပ်တို့အနားကို ပြန်ရောက်လာတာလဲ . .

"အား၊ ပြောရရင် အရှည်ကြီးပဲ၊ လူးရှပ်စ်" ဗိုလဒီမွန့်က ပြော
"ဒီပုံပြင်ရဲ့အစ —— ပြီးတော့ အဆုံး —— အားလုံး ကျုပ်ရဲ့မိတ်ဆွေ
ပတ်သက်နေတယ်"

သူက ဖျင်းရိရိနဲ့ ဟယ်ရီ့အနား သွားတယ်။ အဝိုင်းတစ်ခုလုံးရဲ့ အ
ဟာ သူတို့နှစ်ယောက်ကိုယ်ပေါ် ရောက်သွားတယ်။ မြွေကြီးဟာ ဆက်လ
သွားလာနေတယ်။

"မင်းတို့ သိတာပေါ့၊ သူတို့က ဒီကောင်လေးဟာ ကျုပ်ရဲ့အ
ကောင်လို့ ပြောတယ်၊ ဟုတ်လား" ဗိုလဒီမွန့်က အသာလေးပြောတယ်။
မျက်သုံးနီနီက ဟယ်ရီ့ကို ကြည့်နေတယ်။ ဟယ်ရီ့အမာရွတ်ဟာ မီးတေ
သလို နာနေတယ်။ ဒါကြောင့် သူ ထအော်မတတ်ပဲ။ "မင်းတို့ သိကြ



ကျုပ် မှော်အင်အားနဲ့ ခန္ဓာကိုယ်ပျောက်ဆုံးသွားတဲ့ညမှာ၊ ကျုပ်က သူ့ကို သတ်
ချင်တာ။ သူ့အမေဟာ သူ့ကိုကယ်ဖို့ သေရတယ် —— မထင်မှတ်ဘဲ သူဟာ
အကာအကွယ်တစ်မျိုး ရသွားတယ်။ ဒါဟာ ကျုပ် မထင်မှတ်ခဲ့တာလို့ ဝန်ခံ
တယ် . . . . ကျုပ် အဲဒီကောင်လေးကို ထိလို့မရဘူး"

ဗိုလဒီမွန့်ဟာ သေးသွယ်ဖြူဖျော့တဲ့လက်ချောင်းတစ်ချောင်းကို
ဆွတ်ပြီး ဟယ်ရီ့ပါးနား ကပ်လိုက်တယ်။

"သူ့အမေဟာ သူ့ကိုယ်ပေါ်မှာ ဘူမ အသေခံတဲ့ အမှတ်လက္ခဏာ
ထားရစ်ခဲ့တယ် . . . . ဒါဟာ ရှေးကျတဲ့ မှော်ပညာ။ ကျုပ် မှတ်မိသင့်တယ်။
ဒါပေမယ့် ကျုပ်က ညံ့ဖျင်းစွာ မေ့ထားခဲ့တယ် . . . . ဒါပေမယ့် ကိစ္စမရှိဘူး။
ကျုပ် အခု သူ့ကို ထိလို့ရပြီ"

အဲဒီအေးစက်ဖြူဖျော့တဲ့ လက်ချောင်းဖျားဟာ သူ့အသားကိုထိတာ
ဟယ်ရီ ခံစားရတယ်၊ သူ့ခေါင်းကိုက်လို့ ကွဲထွက်တော့မယ်။ ဗိုလဒီမွန့်ဟာ
သူ့နားနားမှာ အသာရယ်လိုက်ပြီး လက်ချောင်းကို ဖယ်လိုက်တယ်။ ဒက်အီတာ
တွေကို ဆက်စကားပြောတယ်။

"မိတ်ဆွေတို့၊ ကျုပ် အတွက်မှားသွားတာ ကျုပ် ဝန်ခံတယ်။ ကျုပ်
ကျိန်စာဟာ ဟိုမိန်းမရဲ့ ထိုင်းအတဲ့ အသေခံမှုက ကာဆီးလိုက်လို့ ကျုပ်ကိုယ်
ပေါ် ပြန်ကန်လာတယ်။ အား . . . . နာတာမှ ဘာနဲ့မှမတူဘူး။ မိတ်ဆွေတို့၊
ဘာကမှ ငွေးကို ခုခံလို့မရဘူး။ ကျုပ် အသွေးအသားတွေ ဆွဲချွတ်ခံရတယ်၊
ဝိညာဉ်ထက် ဆိုးတယ်။ အောက်တန်းအကျဆုံး သရဲသဘက်ထက် ဆိုးတယ်
. . . . ဒါပေမယ့် ကျုပ် အသက်ရှင်နေသေးတယ်၊ ကျုပ်ဟာ ဘာလဲ။ ခုထိ
ကျုပ် မသိဘူး . . . . ကျုပ်ဟာ၊ အသက်ရှင်ရေးလမ်းပေါ်မှာ ဘယ်သူ့ထက်
မဆို ဝေးဝေးသွားခဲ့တယ်။ မင်းတို့ ကျုပ်ရည်မှန်းချက်ကို သိတယ် ——
သေခြင်းကို အောင်နိုင်ရေး။ အခု ကျုပ် အစမ်းသပ်ခံခဲ့ပြီ။ ကျုပ် စမ်းသပ်မှု
ထဲမှာ အနည်းဆုံး တစ်ခုနှစ်ခုက အကျိုးသက်ရောက်မှုရှိတယ်ထင်တယ် . . . .
အဲဒီကျိန်စာက သေစေတာဖြစ်ပေမယ့် ကျုပ်မသေလို့။ သို့ပေမယ့် ကျုပ်ဟာ
အချည့်နဲ့ဆုံးသတ္တဝါလေးလို အားအင်မဲ့တယ်။ မိမိကိုယ်မိမိ မကူညီနိုင်ဘူး
. . . . ကျုပ်မှာ ရုပ်မရှိဘူး။ ကျုပ်ကို အကူအညီရစေမယ့် ကျိန်စာအားလုံးဟာ
မှော်ကြိမ်လုံး အသုံးပြုရမယ် . . . .

"အဲဟို အိပ်မရတဲ့နေ့တွေညတွေမှာ၊ စက္ကန့်တိုင်း စက္ကန့်တိုင်း မိမိ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ရမယ်လို့ အပြန်အလှန် မိမိကိုယ်မိမိ အတင်းခိုင်းတယ် . . . . ကျွ ခေးလံတဲ့သစ်တောထဲ သွားပုန်းနေတယ်၊ စောင့်စားနေတယ် . . . . ကျွပ်ကို သစ္စာရှိတဲ့ ဒက်အီတာတွေ ကျွပ်ကို ရအောင်ရှာမှာပဲ . . . . လူတစ်ယောက် တော့လာပြီး ကျွပ်ကိုယ်တိုင် လုပ်လို့မရတဲ့ မှော်ပညာကို သုံးမှာပဲ၊ ကျွပ်ကို ရုပ်ပြန်ရစေမယ် . . . . ဒါပေမယ့် ကျွပ် အလကားစောင့်ရတာပဲ . . . ."

ဒက်အီတာအဝိုင်းက ကြက်သီးထသွားပြန်တယ်။ ဗိုလဒီမွန့်ဟာ ကြောက်လန့်မှုကို ငြိမ်သက်တဲ့ထဲမှာ အဆင့်တက်လာစေတယ်။ ဒီနောက် ဆက် ပြောတယ်။

"ကျွပ်မှာ မှော်အင်အားတစ်ခုပဲ ကျန်တယ်။ တခြားလူ့ကိုယ်ပေါ် ကပ်ပြီးနေတာ။ ဒါပေမယ့် လူများတဲ့နေရာကို ကျွပ် မသွားဝံ့ဘူး။ အောရာတွေ ကျွပ်ကို လိုက်ရှာနေတာသိလို့။ တစ်ခါတစ်ရံ တိရစ္ဆာန်ကိုယ်ပေါ် ကပ်နေ တယ် —— မြွေကတော့ ကျွပ်အကြိုက်ဆုံးပေါ့ —— ဒါပေမယ့် ၎င်းတို့ကိုယ် ပေါ်မှာနေတာ ဝိညာဉ်သက်သက်နေတာထက် ဘာမှသိပ်မထူးဘူး။ ၎င်းတို့ ကိုယ်ခန္ဓာဟာ မှော်ပညာသုံးဖို့ မသင့်တော်လို့ . . . . ပြီးတော့ ကျွပ် ကပ်တွယ် တဲ့အတွက် ၎င်းတို့ အသက်တိုတယ်။ ၎င်းတို့ သိပ်ကြာကြာမနေရဘူး . . . .

"နောက်တော့ . . . . လွန်ခဲ့တဲ့လေးနှစ်က . . . . ကျွပ် ပြန်လည် ရှင်သန်ဖို့ မျှော်လင့်ချက်ရှိလာသလိုပဲ။ ငယ်ရွယ်တဲ့၊ အ,နတဲ့၊ အလိမ်ခံရလွယ်တဲ့ မှော်ဆရာဟာ ကျွပ်နေတဲ့သစ်တောထဲ ဝင်လာတယ်။ ကျွပ်နဲ့ သွားတိုးတယ် အော၊ အဲဒါ ကျွပ် အိပ်မက်ထဲတောင် တောင့်တတဲ့ အခွင့်အရေး . . . . အကြောင်းက သူဟာ ဒမ်ဘလီဒိုးကျောင်းကဆရာ . . . . သူ့ကို ကျွပ် ချယ်လှယ် ဖို့ သိပ်လွယ်တာ . . . . သူက ကျွပ်ကို ဒီနိုင်ငံကို ပြန်ခေါ်လာတယ်။ နောက် တော့ ကျွပ် သူ့ကိုယ်ပေါ်မှာ ကပ်နေပြီး၊ သူ့ကို နီးနီးကပ်ကပ် စောင့်ကြည့် တယ်။ ဒါပေမယ့် ကျွပ်စီမံကိန်း ရှုံးနိမ့်သွားတယ်။ ကျွပ် မှော်ကျောက်ကို ခိုးလို့ မရခဲ့ဘူး။ မသေဘဲ ရေရှည်အသက်ရှင်အောင်လုပ်လို့ မရဘူး။ ကျွ ရှုံးနိမ့်သွားတယ် . . . . ကျွပ် ဟယ်ရီ-ပေါ်တာကြောင့် ရှုံးနိမ့်ရပြန်တယ်"

ငြိမ်သက်သွားပြန်တယ်။ ဘာသံမှ မကြားရဘူး။ ယူးပင်ရဲ့သစ်ရွက် တွေတောင် ငြိမ်နေတယ်။ ဒက်အီတာတွေ နည်းနည်းမှ မလှုပ်ဘူး။ မျက်နှာ ပေါ်က လက်နေတဲ့မျက်လုံးတွေက ဗိုလဒီမွန့်ကို ကြည့်နေတယ်။ ဒီနောက် ဟယ်ရီ့ကို ကြည့်တယ်။



"အဲဒီကျွန်ဟာ ကျွပ် သူ့ကိုယ်ခန္ဓာက ခွဲခွာလိုက်တဲ့နောက် သေသွား တယ်။ ကျွပ်ဟာ အရင်ကလိုပဲ အားအင်ချည့်နဲ့နေတယ်" ဗိုလဒီမွန့်က ဆက် ပြောတယ်။ "ကျွပ်ဟာ ဟိုဝေးလံတဲ့ ပုန်းအောင်းနေရာကို ပြန်သွားတယ်။ ကျွပ် မင်းတို့ကို မကြွားချင်ဘူး။ ထိုစဉ်က မှော်အင်အား ပြန်ရမှာ စိတ်မပူဘူး လို့ မပြောချင်ဘူး . . . . ဟုတ်တယ်၊ အဲဒါဟာ ကျွပ်ရဲ့အမှောင်မိုက်ဆုံး ကာလပဲ . . . . နောက်ထပ် မှော်ဆရာတစ်ယောက် ရောက်လာဖို့ကို မျှော်လင့်လို့ မရဘူး . . . . ဘယ်ဒက်အီတာကမှ ကျွပ်အခြေအနေကို ဂရုစိုက်ဖို့ စိတ်ကူး မယဉ်တော့ဘူး . . . ."

အဝိုင်းထဲက မှော်ဆရာတစ်ယောက်နှစ်ယောက် လှုပ်လိုက်တယ်။ ဒါပေမယ့် ဗိုလဒီမွန့်က သူ့ကို အရေးမလုပ်ဘူး။

"ဒီနောက်၊ တစ်နှစ်မတိုင်ခင်က၊ ကျွပ်မျှော်လင့်ချက် စွန့်လွှတ်တော့ မယ့်အချိန်မှာ။ မျှော်လင့်ချက် ပေါ်လာတယ် . . . . ကျွန်တစ်ယောက် ကျွပ်ကို ရှာတွေ့သွားတယ်။ အဲဒါ ဒီပိုးကောင်အမြီးပဲ။ သူဟာ သေချင်ယောင်ဆောင်ပြီး တရားဥပဒေကလွတ်အောင် လုပ်ခဲ့တယ်။ ၎င်းအရင်က မိတ်ဆွေလို့သဘော ထားတဲ့လူတွေ လိုက်လို့ ပြေးစရာမြေ မရှိတော့ဘူး။ ဒါကြောင့် သူ့သခင်အနား ပြန်လာဖို့ ဆုံးဖြတ်လိုက်တယ်။ သူဟာ လူတွေ ရေရှည်ပြောနေတဲ့ ကျွပ် ပုန်း နေတယ်ဆိုတဲ့နိုင်ငံမှာ ကျွပ်ကို လိုက်ရှာတယ် . . . . တစ်လမ်းလုံး ကြွက် တွေရဲ့ အကူအညီလဲ ရလို့။ ပိုးကောင်အမြီးနဲ့ ကြွက်ဟာ ထူးခြားတဲ့ ရင်းနှီးတဲ့ ဆက်သွယ်မှုရှိတယ်။ ဟုတ်လား၊ ပိုးကောင်အမြီး။ ၎င်းရဲ့ညစ်ပတ်တဲ့ မိတ်ဆွေ လေးတွေက သူ့ကို ပြောပြတယ်၊ အယ်ဘေးနီးယားက တောနက်ကြီးထဲက တစ်နေရာကို ၎င်းတို့ မကပ်ဝံ့ဘူး၊ ၎င်းတို့လို ငယ်ရွယ်တဲ့သတ္တဝါလေးတွေဟာ အဲဒီမှာ အမှောင်ရိပ်တစ်ခု အကပ်ခံရပြီး သေသွားကြတယ်တဲ့ . . . .

"ဒါပေမယ့် သူ ကျွပ်အနား ပြန်ရောက်တဲ့ဖြစ်စဉ်က မပြေပြစ်ပါဘူး။ ဟုတ်လား၊ ပိုးကောင်အမြီး။ ညတစ်ညမှာ၊ သူ အဲဒီသစ်တောအစပ် ရောက် လာပြီ၊ ကျွပ်ကို တွေ့တော့မယ်၊ သူဟာ ဆာလို့ ဘာဏ်မဲ့စွာ ဟိုတယ်တစ်ခုထဲ ဝင်သွားလိုက်တယ် . . . . အဲဒီမှာပဲ ဘာသာ-ဂျော်ကင်ငံ —— မှော်ဝန်ကြီးဌာနအဲ ဆရာမနဲ့ သွားတွေ့တယ်။

"အခု ကံကြမ္မာက ဗိုလဒီမွန့်ကို ဘယ်လိုဂရုစိုက်တယ်ဆိုတာ ကြည့်ပါ၊ ဒီ တွေ့ခြင်းဟာ မူလက ပိုးကောင်အမြီး အသက်အန္တရာယ်ရှိနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွမ် ပြန်လည်ရှင်သန်မယ့် နောက်ဆုံးမျှော်လင့်ချက်တစ်မျှင်ကို ကုန်ဆုံးသွား စေမယ်၊ ဒါပေမယ့် ပိုးကောင်အမြီးဟာ ကျုပ် မထင်မှတ်တဲ့ တည်ငြိမ်မှုတို ဆော်ပြတယ်။ သူက ဘာသာ-ဂျော်ကင်စ်ကို ညဘက် သူနဲ့အတူ လမ်းလျှောက် ဖို့ နားချလိုက်တယ်။ သူက သူမကို အနိုင်ယူပြီး . . . . သူမကို ကျုပ်ရှေ့ခေါ် လာတယ်၊ အဲဒီမှုလက အားလုံးကို ပျက်စီးစေမယ့် ဘာသာ-ဂျော်ကင်စ်ဟာ ကျုပ် အိပ်မက်တောင်မမက်ဖူးတဲ့ အကောင်းဆုံးလက်ဆောင် ဖြစ်သွားတယ် . . . . ကျုပ်က နည်းနည်းချော့လိုက်တာနဲ့၊ သူမက သတင်းအများအပြားကို ပြောတုတ်တယ်။

"သူမက ကျုပ်ကို ခုနစ် ဟော့ဂ်ဝပ်မှာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ကျင်းပ မယ့်အကြောင်း ပြောပြတယ်။ ပြီးတော့ သစ္စာရှိတဲ့ ဒက်အီတာတစ်ယောက်တို သူသိကြောင်း ပြောတယ်။ ကျုပ်သာ ၎င်းနဲ့ ဆက်သွယ်ရင် ၎င်းက ကျုပ်တို ကျေကျေနပ်နပ်ကြီး ကူညီလိမ့်မယ်လို့ ပြောသေးတယ်။ သူမက ကျုပ်တို အများကြီး ပြောပြတယ် . . . . ဒါပေမယ့် သူမကိုယ်ပေါ်က မေ့ပျောက်ကျိန်စာ ကို ဖြိုခွဲတဲ့နည်းက သိပ်ဆိုးသွားတယ်။ သူမ ပါးစပ်ထဲက အသုံးကျတဲ့ သတင်း အားလုံးကို နှိုက်ထုတ်ပြီးနောက်၊ သူမရဲ့စိတ်အာရုံနဲ့ ကိုယ်ခန္ဓာဟာ ပြန်မကောင်း နိုင်အောင် ပျက်စီးသွားပြီ။ သူမဟာ အသုံးခံလို့ ပြီးသွားပြီ။ ကျုပ် သူမကိုယ် ပေါ်မှာ ကပ်နေလို့ မရတော့ဘူး။ ဒါနဲ့ သူမကို ရှင်းပစ်လိုက်တယ်"

ဗိုလဒီမွန့်ဟာ ကြောက်စရာအပြုံး ပေါ်လာတယ်။ မျက်လုံးနီနီဟာ ဝေဝါးပြီး အေးစက်အကြင်နာကင်းနေတယ်။

"ပိုးကောင်အမြီး ကိုယ်ပေါ်ကပ်နေလို့ မသင့်တော်ဘူး။ အကြောင်းက လူအားလုံး သူသေပြီထင်နေလို့။ တစ်ယောက်ယောက် တွေ့သွားရင် သိပ်ထင် ရှားနေမယ်။ ဒါပေမယ့် သူ့လို တောင့်တင်းကျန်းမာတဲ့ ကျွန်တစ်ယောက် ကျုပ် လိုနေတယ်။ သူဟာ ခပ်ညံ့ညံ့မှော်ဆရာဖြစ်ပေမယ့်၊ ကျုပ် ညွှန်ကြားချက်တို တော့ ဆောင်ရွက်နိုင်တယ်။ ကျုပ်ကို ပဏာမအားဖြင့် ပျော့ညံ့တဲ့ရုပ် ရလာစေ တယ်၊ ကျုပ်ဟာ အဲဒီခန္ဓာကိုယ်ထဲမှာ ပြန်လည်ရှင်သန်မှုအစစ်အတွက် လိုအပ် တဲ့ အရာတွေကို စောင့်စားနေလို့ ရတယ် . . . . ကျုပ် တီထွင်တဲ့ဂါထာတစ် နှစ်ခုကို အားကိုးပြီး . . . . ပြီးတော့ ကျုပ် ချစ်မြတ်နိုးတဲ့ နာဂိနီပေးတဲ့ အ အညီနည်းနည်း" —— ဗိုလဒီမွန့်ရဲ့ မျက်လုံးနီနီဟာ အဝိုင်းကိုပတ်ပြီး ဆက်လ သွားနေတဲ့ မြွေကြီးကို ကြည့်နေတယ် —— "ဂိုးတစ်ကျိုသတ္တဝါရဲ့ သွေးနဲ့ နာဂိနီ



အဆိပ်ရည် ပေါင်းစပ်ဖော်စပ်တဲ့ဆေးရည် . . . . ကျုပ်မှာ လူနဲ့တူတဲ့ကိုယ်ခန္ဓာ တစ်ခုကို မကြာခင်မှာ ရလာတယ်။ ပြီးတော့ ခရီးသွားဖို့ ခွန်အားရှိလာတယ်။

"မှော်ကျောက်တုံးကို ခိုးဖို့ မျှော်လင့်ချက် မရှိတော့ဘူး။ အကြောင်း က ဒမ်ဘလီဒိုးက ၎င်းကို ဖျက်ဆီးပစ်မယ်ဆိုတာ ကျုပ် သိတယ်။ ဒါပေမယ့် ကျုပ်ဟာ လူ့ဘဝကို ပြန်ခံစားချင်တယ်။ ပြီးတော့မှ မသေဘဲ အသက်ရှည်စွာ နေနိုင်ရေးကို ရှာမယ်။ ကျုပ်က ရည်မှန်းချက်ကို နည်းနည်းနှိမ့်လိုက်တယ် . . . . မူလက ကိုယ်ခန္ဓာ ပြန်ရမယ်၊ မူလက အင်အား ပြန်ရရင်ပြီးရော။

"ဒီလိုလုပ်လို့ရဖို့ဆိုတာ၊ အားကောင်းထိရောက်တဲ့ ပစ္စည်းသုံးမျိုး လိုတယ်ဆိုတာ ကျုပ်သိတယ်။ ဒါမှ ဒီနေ့ ကျုပ်ကို ပြန်လည်ရှင်သန်စေတဲ့ မှော်ဆေးဖော်စပ်လို့ရမယ် —— ဒါဟာ ရှေးကျတဲ့ မှော်နက်ပညာဖြစ်တယ်။ ၎င်းအနက်တစ်မျိုးက လက်ထဲမှာ ရှိတယ်။ ဟုတ်လား၊ မိုးကောင်အမြီး။ ကျွန်ရဲ့ အသား . . . .

"ကျုပ်အဖေရဲ့ အရိုး။ ဒါကြောင့် ကျုပ်တို့ ဒီလာရမှာပေါ့။ ဒီနေရာ ဟာ သူ့ကို မြှုပ်နှံတဲ့နေရာ၊ ဒါပေမယ့် ရန်သူရဲ့သွေး . . . . ပိုးကောင်အမြီးက ကျုပ်ကို မှော်ဆရာတစ်ယောက်ရဲ့သွေးကို သုံးဖို့ အကြံပေးတယ်၊ ဟုတ်လား၊ ပိုးကောင်အမြီး။ ကျုပ်ကိုမုန်းတဲ့ မှော်ဆရာတစ်ယောက်ယောက် . . . . လူ တော်တော်များများ ကျုပ်ကို မုန်းနေသေးလို့။ ဒါပေမယ့် ကျုပ်ဘယ်သူ့သုံးရမယ် ဆိုတာ သိတယ် . . . . ကျုပ် ပြန်လည်ရှင်သန်ချင်တယ်၊ မရှုံးနိမ့်ခင်ကထက် အင်အားကောင်းချင်တယ်ဆိုရင်။ ကျုပ် ဟယ်ရီ-ပေါ်တာရဲ့သွေးကို ယူမယ်။ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က ကျုပ်ကို မှော်အင်အားပျောက်ဆုံးသွားစေတဲ့လူရဲ့ သွေးကို ယူမယ် . . . . သူ့အမေ သူ့ကိုယ်ပေါ်မှာ ထားရစ်တဲ့ အစောင့် ရှောက် ဟာ ကျုပ်သွေးထဲမှာလဲ ရှိမှာမို့ပဲ . . . .

"ဒါပေမယ့် ဟယ်ရီ-ပေါ်တာကို ဘယ်လိုရမလဲ။ သူ့ကို သေချာကာ ကွယ်ထားကြတယ်။ ဒါ သူကိုယ်တိုင်တောင် မသိဘူးလို့ ကျုပ် ထင်တယ်။ ရှေးကကြီးကတည်းက၊ ဒမ်ဘလီဒိုးဟာ ဒီကောင်လေးရဲ့အနာဂတ်ကို စီစဉ် ထား ကာကွယ်စောင့်ရှောက်တဲ့နည်း တစ်ခုလုံးကို စီမံခဲ့တယ်။ သူက ရှေးကျ တဲ့ မှော်ပညာသုံးပြီး ဒီကောင်လေးဟာ ဆွေမျိုးတွေရဲ့ ကြည့်ရှုမှုအောက်မှာ နေရင် အကာအကွယ်ရစေတယ်။ ကျုပ်တောင် သူ့ကို ထိလို့ရဘူး . . . . နောက်တော့ ခွေဒစ်ကမ္ဘာ့ဖလားပွဲပေါ့ . . . . အဲဒီမှာ သူ့ကို စောင့်ရှောက်မှု

www.burmeseclassic.com

www.burmeseclassic.com



အားနည်း၊ ဆွေမျိုးနဲ့ရော ဒမ်ဘာလီဒိုးနဲ့ပါ ခွဲခွာလာရမယ်လို့ ကျုပ် တွေးတယ်
ဒါပေမယ့် မှော်ဝန်ကြီးဌာနက မှော်ဆရာတစ်ပြုံကြီးကြားက သူ့ကို ဆွဲသွား
ကျုပ်မှာ အင်အားမရှိသေးဘူး။ ဒီနောက် အဲဒီကောင်လေး ဟော့ဂ်ဝပ်ကို
ရောက်သွားတယ်။ မိုးလင်းက မိုးချုပ် အဲဟိုမတ်ဂေါ်ကို နှစ်သက်တဲ့ ဝတ်
နှာခေါင်းအောက်မှာ ရှိနေတယ်။ ကျုပ် သူ့ကို ဘယ်လိုလုပ်ယူလို့ရမလဲ။

"အား . . . . ဘာသာ-ကျော်ကင်စ်ရဲ့သတင်းပဲပေါ့။ ကျုပ်ရဲ့ဟော့ဂ်
မှာ ပုန်းလျှိုးနေတဲ့ သစ္စာရှိတဲ့ ဒက်အီတာကို အသုံးပြုတာပေါ့၊ ဟိုကောင်လေး
နာမည် မီးတောက်ခွက်ထဲ ရောက်အောင် အာမခံတယ်။ တစ်ခါ ကျုပ်ရဲ့
ဒက်အီတာကို အသုံးပြုပြီး၊ ကောင်လေးကို ယှဉ်ပြိုင်ပွဲထဲမှာ အနိုင်ရစေတယ်
—— သူ ဗိုလ်သုံးဗိုလ်ဖလားကို ပထမဆုံးထိစေဖို့ —— အဲဒီဖလားကို ကျုပ်
ဒက်အီတာက တံခါးသော့နဲ့ လဲထားလိုက်ပြီ။ ဂင်းက သူ့ကို ဒီခေါ်လာမယ်
ဒမ်ဘာလီဒိုးရဲ့ အကူအညီ၊ အကာအကွယ်နဲ့ အဝေးကြီးဖြစ်သွားပြီး ကျုပ်
လက်ထဲ ရောက်ရှိလာမယ်။ သူ ဒီမှာပါ . . . . မင်းတို့က ကျုပ်ကို ဖျက်မယ်
အဖျက်ကောင်လို့ထင်တဲ့ ဒီကောင်လေး . . . ."

ဗိုလ်ဒီမွန်ဟာ ဖြည်းဖြည်းရှေ့တိုးလာပြီး ဟယ်ရီ့ဘက် လှည့်လိုက်
မျှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

"သည်းခိုက်နာကျင်"

ဟယ်ရီဟာ ဒီလို ရက်စက်နာကျင်စွာ နှိပ်စက်တာကို တစ်ခါမှ မခံ
ရဘူး။ သူ့တစ်ကိုယ်လုံးက အရိုးတွေ မီးလောင်နေတယ်။ သူ့ခေါင်းဟာ
ရွတ်ကနေ ကွဲထွက်သွားပြီဆိုတာ သေချာတယ်။ သူ့မျက်လုံးက ဦးခေါင်း
ထဲမှာ အရူးအမူး လည်ပတ်နေတယ်။ မြန်မြန်ရပ်ဖို့ သူ မျှော်လင့်တယ် . . . .
မိမိမေ့သွားစေချင်တယ် . . . . သေသွားစေချင်တယ် . . . .

နှိပ်စက်ခြင်း ရုတ်တရက် ပြီးဆုံးသွားတယ်။ သူဟာ သူ့ကို ဗိုလ်ဒီမွန်
အဖေ ဂူကျောက်တိုင်မှာ ချည်ထားတဲ့ ကြိုးပေါ်မှာ ခွေကျနေတယ်။ အဲဒီ
မျက်လုံးနီနီကို နှင်းငွေ့ကြားက မော့ကြည့်နေတယ်။ ညအမှောင်ရဲ့ ကောင်း
ထဲမှာ ဒက်အီတာတွေရဲ့ ရယ်သံတွေ ပဲ့တင်ထပ်နေတယ်။

"မင်းတို့ မြင်ရပြီထင်တယ်။ ဒီကောင်လေး ကျုပ်ထက် အားကောင်း
တယ်ဆိုတဲ့ အတွေးဟာ ဘယ်လောက်ညံ့ဖျင်းလိုက်ပါသလဲ" ဗိုလ်ဒီမွန်က ပြော
တယ်၊ "ဒါပေမယ့် အများခေါင်းထဲက အထင်မှားနေတာကို လုံးဝပယ်ဖျက်



ချင်တယ်။ ဟယ်ရီ-ပေါ်တာ ကျုပ်လက်ထဲက လွတ်သွားတယ်ဆိုတာ ရှောင်
တခင်ကိစ္စသာ ဖြစ်တယ်။ အခု ကျုပ် သူ့ကို သတ်မယ်။ ဒါနဲ့ ကျုပ်အင်အား
ကို ပြမယ်။ ဒီနေရာ၊ ဒီအချိန်မှာပဲ၊ မင်းတို့မျက်စိရှေ့မှာ ပြမယ်။ ဒီမှာ ဒမ်ဘာလီ
ဒိုးရဲ့ အကာအကွယ်မရှိဘူး။ သူ့အမေလဲ သူ့အတွက် အသေခံတာ မရှိဘူး။
ကျုပ် သူ့ကို အခွင့်အရေးပေးမယ်။ ကျုပ်နဲ့ ယှဉ်သတ်နိုင်တယ်။ ဒါဆိုရင်
မင်းတို့ဟာ ဘယ်သူပိုအင်အားကြီးတယ်ဆိုတာကို သံသယမရှိနိုင်တော့ဘူး။
မင်းခဏစောင့်ပါဦး၊ နာဂီနီ။" သူက အသာပြောတယ်။ မြွေကြီးဟာ မြက်ခင်း
ပေါ်ကနေ ဒက်အီတာတွေ ရပ်နေတဲ့နေရာကို ရောက်လာတယ်။

"သူ့ကို ဖြည်ပေးလိုက်၊ ပိုးကောင်အမြီး၊ သူ့မှော်ကြိမ်လုံးကို ပြန်ပေး
လိုက်"

www.burmeseclassic.com

www.burmeseclassic.com



## ၃၄။ ပြန်ပေါ်ဂါထာ

ပိုးကောင်အမြီး ဟယ်ရီ့နား ကပ်သွားတယ်။ ဟယ်ရီက မြေကြီး
ခြေထောက်နဲ့ထိအောင် တအားရုန်းတယ်။ ဒါမှ ကြိုးဖြည်လိုက်ရင် မိမိကို
မိမိ ထောက်မှီထားနိုင်မယ်။ ပိုးကောင်အမြီးက အသစ်စက်စက်ငွေလက်
မြှောက်ပြီး ဟယ်ရီ့ပါးစပ်ထဲ ထိုးထည့်ထားတဲ့ အဝတ်စုတ်ကို ဆွဲထုတ်တ
ဒီနောက် လက်ယမ်းလိုက်တာနဲ့ ဟယ်ရီ့ကို ဂူကျောက်တိုင်မှာ ချည်ထား
ကြိုးကို ဖြတ်ပစ်လိုက်တယ်။

လျှပ်တစ်ပြက်အတွင်းမှာ၊ ဟယ်ရီ ထွက်ပြေးဖို့ စဉ်းစားသေးတ
ဒါပေမယ့် သူ့ဒဏ်ရာနဲ့ ခြေထောက်ဟာ တုန်နေတယ်။ သူဟာ မြက်ရိုင်း
ပေါက်နေတဲ့ သင်္ချိုင်းမြေပေါ်မှာ ရပ်နေတယ်။ ဒက်အီတာတွေဟာ ရှေ့တိုး
ပြီး သူနဲ့ ဗိုလ်ဒီမွန့်ပတ်လည်မှာ သေချာဝိုင်းထားတယ်။ မလာကြတဲ့ ဒက်အီ
တွေ ရပ်ရမယ့်နေရာပါ မထားတော့ဘူး။ ပိုးကောင်အမြီးဟာ အဝိုင်းအ
ဘက် ဝက်ဒရစ်ရဲ့အလောင်းဘေးကိုသွားကာ ဟယ်ရီ့မှော်ကြိမ်လုံးကို ကော
ပြီး ရိုင်းပျစွာ ဟယ်ရီ့လက်ထဲ ထိုးထည့်တယ်။ သူ့ကို ကြည့်တောင်မကြ



ဘဲ တစ်ခါ ဒက်အီတာတွေရဲ့ အဝိုင်းထဲ ပြန်သွားတယ်။

"မင်း နှစ်ဦးချင်း အပြတ်တိုက်တာ လေ့လာဖူးတယ် ဟုတ်လား၊ ဟယ်ရီ-ပေါ်တာ" ဗိုလ်ဒီမွန့်က အသာလေး ပြောတယ်။ သူ့မျက်လုံးနီနီဟာ အမှောင်ထဲမှာ လက်နေတယ်။

ဒီစကားကြားတော့၊ လွန်ခဲ့တဲ့နှစ်နှစ်က သူဟာ ဟော့ဂ်ဝပ်မှာ ခေတ္တ နှစ်ဦးချင်း အပြတ်တိုက်ကလပ်မှာ ပါဝင်ခဲ့ဖူးတယ်။ အဲဒါ အရင်ဘဝကကိစ္စလို ဖြစ်နေတယ် . . . . သူဟာ အဲဒီမှာ "လက်နက်ပြုတ်စေ"ဆိုတဲ့ လက်နက်ဖြုတ် ဂါထာလောက်သာ တတ်မြောက်ခဲ့တာ . . . . ဒါပေမယ့် သူဟာ ဗိုလ်ဒီမွန့်ရဲ့ မှော်ကြိမ်လုံးကို လုယူနိုင်တယ်ထားဦး၊ ဘာအသုံးကျမှာလဲ။ ပတ်ဝန်းကျင်မှာက ဒက်အီတာတွေချည်းပဲ။ သူနဲ့ယှဉ်ပြိုင်ရမှာက အယောက်သုံးဆယ်နဲ့တစ်ယောက်။ ဒီမှာ အသုံးဝင်မယ့်အရာကို သူ မသင်ခဲ့ရဘူး။ သူ ရင်ဆိုင်ရမှာက မူးဒီက သတိထားဖို့ အမြဲလို သတိပေးနေတဲ့ ကျိန်စာတွေ . . . . တားဆီးလို့ မရတဲ့ အဗာဒါသက်ပျောက်ကျိန်စာ။ ဗိုလ်ဒီမွန့်ပြောတာ မှန်တယ်။ ဒီတစ်ချီမှာတော့ အမေဟာ အသေခံပြီး ကယ်ဖို့ မရှိတော့ဘူး . . . . သူ့မှာ အကာအကွယ် ဆုံးဝမရှိဘူး။

"ကျုပ်တို့ အပြန်အလှန် အရိုအသေ ပေးရအောင်၊ ဟယ်ရီ" ဗိုလ်ဒီမွန့်က ပြောပြီးနောက် နည်းနည်းခေါင်းညွှတ်လိုက်တယ်။ ဒါပေမယ့် ၎င်းရဲ့ မြွေမျက်နှာဟာ ဟယ်ရီ့ကိုပဲ ကြည့်နေတယ်။ "လာ၊ ထုံးစံကတော့ လိုက်နာရမှာပဲ . . . . ဒမ်ဘယ်လီဒိုးက မင်းကို သိက္ခာရှိစေချင်မှာပါ . . . . သေမင်းကို ဦးညွှတ်ပါ၊ ဟယ်ရီ . . . ."

ဒက်အီတာတွေ ဝိုင်းရယ်ကြပြန်တယ်။ ဗိုလ်ဒီမွန့်ရဲ့ နှုတ်ခမ်းမရှိတဲ့ ပါးစပ်ဟာ ပြုံးရိပ်သန်းလာတယ်။ ဟယ်ရီက ဦးမညွှတ်ဘူး။ သူ့ကို မသတ်ခင် မှာ သူ့ကို ဆော့ကစားခွင့် မပေးနိုင်ဘူး . . . . သူ့ကို အကြံအောင်မြင်ခွင့် မပေးဘူး . . . .

"ဦးညွှတ်လို့ ကျုပ်ပြောနေတယ်" ဗိုလ်ဒီမွန့်က မှော်ကြိမ်လုံးကို မြှောက်လိုက်တယ် —— ဟယ်ရီဟာ ကျောရိုးကွေးသွားသလို ခံစားရတယ်။ မမြင်ရတဲ့ ဧရာမလက်ကြီးက သူ့ကျောကနေ ရှေ့ကို ဖိချသလိုပဲ။ ဒက်အီတာ တွေရဲ့ ရယ်သံ ပိုကဲလာတယ်။

"ကောင်းတယ်" ဗိုလ်ဒီမွန့်က အသာပြောတယ်။ မှော်ကြိမ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



မြှောက်လိုက်တော့ ဟယ်ရီ့ကျောပေါ်က ဖိအားလည်း ပျောက်သွားတယ်။ "အခု မင်း ကျွပ်ကို ကြည့်၊ ယောက်ျားတစ်ယောက်လို . . . . ခေါင်းမော့ ရင်ကော့၊ မင်းအဖေသေတုန်းကလို . . . .

"အခု —— ကျုပ်တို့ အပြတ်တိုက်မယ်"

ဗိုလဒီမွန့်က မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဟယ်ရီဟာ မိမိကိုယ်ကို ကာကွယ်ဖို့ မပြင်ဆင်ရသေးဘူး။ လှုပ်တောင်လှုပ်ချိန်မရသေးခင်မှာ သည်းခိုက်နာကျင်ကျိန်စာ နောက်တစ်ခါ ထိမှန်သွားတယ်။ ပြင်းထန်စွာ နာကျင်ခြင်းဟာ အားလုံးကို ချုပ်ကိုင်ထားတယ်။ မိမိဘယ်ရောက်နေမှန်း မသိဘူး . . . . ပူရဲနေတဲ့ဓားဟာ သူ့အသားလက်မတိုင်းကို ထိုးနေတယ်။ သူ့ခေါင်းဟာ နာလို့ကွဲထွက်တော့မယ်။ သူက တအားအော်တယ်၊ သူ့ဘဝမှာ ဘယ်တုန်းကမှ ဒီလောက်ကြေကွဲစွာ မအော်ဟစ်ဖူးဘူး ——

ဒီနောက် ဒါတွေအားလုံး ရပ်သွားတယ်။ ဟယ်ရီက ထလိုက်တယ်၊ ပိုးကောင်အမြီး လက်တစ်ဖက်ခုတ်ပစ်ပြီးနောက် မထိန်းနိုင်ဘဲ တုန်ယင်နေသလို ဖြစ်နေတယ်။ သူဟာ ဒက်အီတာတွေ ဖွဲ့စည်းထားတဲ့ လူတံတိုင်းပေါ် ကယိမ်းကယိုင်နဲ့ ဝင်တိုးမိတယ်။ သူတို့က သူ့ကို ဗိုလဒီမွန့်ရှေ့ ပြန်တွန်းပို့လိုက်တယ်။

"ခဏရပ်" ဗိုလဒီမွန့်က ပြောတယ်။ အဟလေးလို နှစ်ခေါင်းနှစ်ပေါက်ဟာ စိတ်တက်ကြွလို့ ပွင့်နေတယ်။ "ခဏနား . . . . သိပ်နာတယ်နော် ဟယ်ရီ။ ကျုပ်ကို နောက်ထပ်မလုပ်စေချင်ဘူး၊ ဟုတ်လား"

ဟယ်ရီ မဖြေဘူး။ သူလည်း စက်ဒရစ်လို သေသွားလိမ့်မယ်။ အဲဒီရက်စက်တဲ့ မျက်လုံးနီနီဟာ သူ့ကို အဲဒီလို ပြောပြနေတယ် . . . . သူ အသတ်ခံရလိမ့်မယ်။ သူ့မှာတော့ ဒါကို ဘာမှမတတ်နိုင်ဘူး . . . . ဒါပေမယ့် သူ ဒူးမထောက်ဘူး။ ဗိုလဒီမွန့်ကြိုးဆွဲတိုင်း သူ မလုပ်နိုင်ဘူး . . . . သူ မတောင်းပန်ဘူး . . . .

"ကျုပ် နောက်ထပ်လုပ်ရမလားလို့ မင်းကို မေးနေတယ်" ဗိုလဒီမွန့်က အသာပြောတယ်။ "ကျုပ်ကို ဖြေ။ ဝိညာဉ်လုယူ"

ချက်ချင်းပဲ၊ ခေါင်းထဲမှာ အတွေးမရှိတော့ဘူးလို့ ဟယ်ရီ ခံစားရတယ်။ ဒါဟာ သူ့ဘဝမှာ တတိယအကြိမ် ဒီလိုခံစားမှုမျိုး ဖြစ်တယ် . . . . ဘယ်လောက်ချမ်းသာပါသလဲ၊ တွေးခေါ်စရာမလိုဘူး။ သူဟာ လွင့်ပျံနေသလို အိပ်မက်မက်နေသလို . . . . ပြော "ဟင့်အင်း" . . . . ပြောလေ . . . . ပြော "ဟင့်အင်း" . . . .



ငါ မပြောဘူး။ သူ့ခေါင်းအတွင်းထဲက ပိုအားရှိတဲ့အသံက ပြောတယ်။ ငါ မဖြေဘူး . . . .

"ဟင့်အင်းလို့ ပြော" . . . .

"ငါ မပြောဘူး၊ ဘယ်နည်းနဲ့မှ မပြောဘူး . . . .

"ဟင့်အင်းလို့ပြော" . . . .

"ငါ မပြောဘူး"

ဒီစကားလုံးတွေဟာ ဟယ်ရီ့ပါးစပ်က ပွင့်ထွက်လာပြီး၊ သချိုင်းကုန်းပေါ်မှာ မြည်ဟည်းသွားတယ်။ အိပ်မက်ထဲ ကျရောက်တဲ့အနေအထား ပျောက်သွားတယ်။ ခေါင်းပေါ်ကို ရေအေးတစ်ဇလုံ လောင်းချလိုက်သလိုပဲ —— သည်းခိုက်နာကျင်ကျိန်စာကြောင့် သူ့တစ်ကိုယ်လုံး နာကျင်ကျန်ရစ်တာတွေ ပြန်ပေါ်လာတယ် —— သူ ဘယ်မှာဆိုတာ သူ ပြန်သိလာတယ်၊ ရှေ့ကဟာ ဘာလဲ . . . .

"မင်းမပြောဘူး ?" ဗိုလဒီမွန့်က အသာပြောတယ်။ ဒက်အီတာတွေ ရယ်တော့ဘူး။ "မင်းက 'ဟင့်အင်း'လို့ မပြောချင်ဘူး ? ဟယ်ရီ။ မင်း မသေခင်မှာ နာခံခြင်းဆိုတဲ့ ကောင်းမြတ်တဲ့ ဂုဏ်အင်္ဂါကို နားလည်အောင် ကျုပ် သင်ပေးမယ် . . . . နောက်ထပ် နည်းနည်းနာကျင်ဦးမှ ထင်တယ်"

ဗိုလဒီမွန့်က မှော်ကြိမ်လုံးကို မြှောက်တယ်။ ဒါပေမယ့် ဒီတစ်ချီမှာ ဟယ်ရီ အသင့်ရှိနေပြီ။ သူဟာ ခွေးဒစ်ပြိုင်ပွဲထဲမှာ လေ့ကျင့်ထားတဲ့ ဖျတ်လတ်နဲ့ ဘေးကို ခုတ်ထွက်လိုက်တယ်။ မာဘော် ဂူကျောက်တိုင်ရဲ့ ကျောဘက်ကို မှောက်ဝင်လိုက်တယ်။ ကျိန်စာလွဲသွားတယ်။ ဒါပေမယ့် ကျောက်တိုင်အက်ကွဲတဲ့အသံကို သူ ကြားရတယ်။

"ကျုပ်တို့ တူတူပုန်းတမ်း ကစားနေတာ မဟုတ်ဘူး၊ ဟယ်ရီ" ဗိုလဒီမွန့်က အသာပြောတယ်။ အဲဒီ ရက်စက်အေးစက်တဲ့အသံဟာ တဖြည်းဖြည်း နီးလာတယ်။ ဒက်အီတာတွေ ရယ်နေကြတယ်။ "မင်း ငါ့ကို ပုန်းလို့မရဘူး။ မင်းက ကျုပ်တို့ရဲ့ အပြတ်တိုက်ပွဲကို ငြီးငွေ့နေပြီလို့ ဆိုလိုတာလား။ ကျုပ် အခုချက်ချင်း အဆုံးသတ်စေချင်တာလား၊ ဟယ်ရီ။ ထွက်လာခဲ့ ဟယ်ရီ . . . . ထွက်လာပြီး အပြတ်တိုက်စမ်းပါ . . . . သိပ်မြန်ပါတယ် . . . . နာကျင်မှုတောင် ခံစားရပါဘူး . . . . ကျုပ် မသိဘူး . . . . ကျုပ် သေတဲ့အရသာ မခံစားဖူးဘူး . . . ."

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ ဂူကျောက်တိုင်နောက်မှာ ဝပ်နေတယ်။ သူ ဗိုလဒီမွန့် ခြေထောက်အောက်မှာ ဒူးမထောက်နိုင်ဘူး . . . . သူဟာ သူ့အဖေလို ရပ်ရင်း သေမယ်။ မိမိကိုယ်မိမိ ကာကွယ်ရင်း သေသွားမယ်။ ကိုယ့်ကိုကိုယ် ကာကွယ်တာ မဖြစ်နိုင်ရင်လည်း ကိစ္စမရှိဘူး . . . .

ဗိုလဒီမွန့်ရဲ့ မြွေမျက်နှာ သင်္ချိုင်းဂူကျောက်တိုင်နောက်ရောက်မလာခင် ဟယ်ရီ ထွက်ရပ်လိုက်တယ် . . . . သူဟာ မှော်ကြိမ်လုံးကို တင်းတင်းဆုပ်ပြီး ရင်ဘတ်ရှေ့မှာ မြောက်ကာ လှစ်ခနဲ ပြေးထွက်သွားပြီး ဗိုလဒီမွန့်နဲ့ တည့်တည့် ရင်ဆိုင်လိုက်တယ်။

ဗိုလဒီမွန့်ကလည်း ပြင်ဆင်မှုရှိတယ်။ ဟယ်ရီက "လက်နက်ပြုတ်စေ" လို့ အော်လိုက်တဲ့ တစ်ချိန်ထဲမှာ၊ ဗိုလဒီမွန့်ကလည်း အော်တယ်။ "အဗာဒါ သက်ဗျော့က်"

အစိမ်းရောင်အလင်း ဗိုလဒီမွန့်မှော်ကြိမ်လုံးထဲက ပန်းထွက်လာ တယ်။ တစ်ချိန်ထဲမှာ ဟယ်ရီ့မှော်ကြိမ်လုံးထဲကနေ အနီရောင်အလင်း ပန်း ထွက်လာတယ် —— အလင်းနှစ်ခုဟာ မိုးပေါ်မှာ ဆုံတွေ့သွားတယ် —— ဟယ်ရီ့မှော်ကြိမ်လုံးက ရုတ်တရက် ဓာတ်လိုက်သလို တုန်ခါလာတယ်။ သူက တင်းတင်းဆုပ်ကိုင်ထားတယ်။ သူ လက်လွှတ်ချင်လည်း လွှတ်လို့မရတော့ဘူး —— အလင်းစု သေးသေးတစ်စုဟာ မှော်ကြိမ်လုံးနှစ်လုံးကို ဆက်သွယ်ထား တယ်။ အနီရောင်လည်း မဟုတ်ဘူး။ အစိမ်းရောင်လည်း မဟုတ်ဘူး။ မျက်စိ စူးစေတဲ့ ရွှေရောင်၊ ဟယ်ရီဟာ အံ့ဩစွာနဲ့ အလင်းစုအတိုင်း ကြည့်လိုက်တယ်။ ဗိုလဒီမွန့်ရဲ့ ဖြူဖယော့်ပြီး၊ ပိန်ရှည်ရှည်လက်ချောင်းတွေဟာလည်း တုန်ခါနေတဲ့ မှော်ကြိမ်လုံးကို ဆုပ်ကိုင်ထားတာ တွေ့ရတယ်။

ဒီနောက် ဘာမှန်းမသိလိုက်ဘဲ၊ ဟယ်ရီဟာ မိမိခြေထောက်ရှေ့ မြေပြင်နဲ့ ကင်းကွာသွားတယ်လို့ ခံစားရတယ်။ သူရော ဗိုလဒီမွန့်ပါ မိုးပေါ် တက်သွားတယ်။ မှော်ကြိမ်လုံးနှစ်ချောင်းဟာ လက်နေတဲ့ ရွှေကြိုးနဲ့ ဆက်သွယ် ထားဆဲပဲ။ သူတို့ဟာ ဗိုလဒီမွန့်အဖေရဲ့ သင်္ချိုင်းကျောက်တိုင်ရှေ့ကနေ ဂူမရှိတဲ့ မြေလွတ်ပေါ်ကို ပျံသွားတယ် . . . . ဒက်အီတာတွေ အော်ဟစ်နေတယ်။ ဗို လဒီမွန့်ရဲ့ ညွှန်ကြားချက်ကို တောင်းခံနေတယ်။ သူတို့ လိုက်လာကြတယ်။ ဟယ်ရီနဲ့ ဗိုလဒီမွန့်ကို အလယ်မှာ ဝန်းပတ်ထားပြန်တယ်။ မြွေကြီးဟာ သူတို့ ခြေထောက်နောက်ဘက်မှာ သွားလာနေတယ်၊ လူအချို့ မှော်ကြိမ်လုံး ဆွဲထုတ် တယ် ——



ဟယ်ရီနဲ့ ဗိုလဒီမွန့်ကို ဆက်သွယ်ထားတဲ့ ရွှေကြိုး ရုတ်တရက် ထွဲ အက်သွားတယ်၊ ဒါပေမယ့် မှော်ကြိမ်လုံးနှစ်လုံးဟာ တင်းတင်းဆက်သွယ်နေ တုန်းပဲ။ ဟယ်ရီနဲ့ ဗိုလဒီမွန့်တို့အပေါ်ဘက်မှာ အလင်းမျှဉ်းခုံးတွေ ဖြာထွက် နေတယ်။ အလင်းမျှဉ်းခုံးတွေဟာ သူတို့ပတ်လည်မှာ အပြန်အလှန် ယှက်နွယ် ပြီး နောက်ဆုံးမှာ အလင်းနဲ့ ဖွဲ့စည်းထားတဲ့ လှောင်အိမ်လို ရွှေရောင်အပေါ်ခုံး ပိုက်ကွန်တစ်ခု ဖုံးအုပ်သွားတယ်၊ ဒက်အီတာတွေဟာ တောခွေးတွေလို လှောင် အိမ်အပြင်မှာ ဝိုင်းနေတယ်။ သူတို့အော်သံတွေဟာ ထူးဆန်းစွာ လျော့ကျသွား တယ် . . . .

"မလှုပ်နဲ့" ဗိုလဒီမွန့်က ဒက်အီတာတွေကို အော်ပြောတယ်၊ ၎င်းရဲ့ မျက်လုံးနီနီဟာ အံ့အားသင့်ပြီး ကျယ်လာတာ ဟယ်ရီ မြင်ရတယ်၊ သူမြင်ရတဲ့ အခြေအနေကို အလွန်တုန်လှုပ်သွားတာ သိသာတယ်၊ မှော်ကြိမ်လုံးနှစ်ခုကို ဆက်နွယ်ထားတဲ့ ကွဲအက်တဲ့ အလင်းမျှင်တွေက အတင်းရုန်းထွက်ချင်တယ်၊ ဟယ်ရီက လက်နှစ်ဘက်နဲ့ မှော်ကြိမ်လုံးကို အသေကိုင်ထားတယ်၊ ရွှေကြိုးဟာ ဆက်နွယ်နေတုန်းပဲ၊ "ကျုပ်အမိန့်မရဘဲ မလှုပ်နဲ့" ဗိုလဒီမွန့်က ဒက်အီတာ တွေကို အော်ပြောတယ်၊

ရုတ်တရက် သီချင်းသံ ရောက်လာတယ် . . . . ၎င်းဟာ ဟယ်ရီနဲ့ ဗိုလဒီမွန့်ပတ်လည်မှာ တုန်ခါနေတဲ့ အလင်းပိုက်ကွန်ရဲ့ အလင်းမျှင်တိုင်းက ထွက်လာတာ ဖြစ်တယ်၊ ဒီသီချင်းသံကို သူ အရင်က တစ်ကြိမ်ပဲ ကြား ဖူးပေမယ့် ဟယ်ရီ ကြားတာနဲ့ သိတယ်၊ ဒါဟာ ဖီးနစ်ရဲ့ သီချင်းသံ၊

ဟယ်ရီ့အဖို့ ပြောရရင်၊ ဒီအသံဟာ မျှော်လင့်ချက်ဖြစ်တယ် . . . . ဒါဟာ သူ့ဘဝမှာ ကြားဖူးတဲ့ထဲက အလှပ၊ အကောင်းမွန်ဆုံးအသံ ဖြစ်တယ် . . . . ဒီအသံဟာ မိမိရင်ထဲမှာ ဖြစ်တယ်၊ မိမိဘေးပတ်လည်မှာ မဟုတ်ဘူးလို့ ခံစားရတယ် . . . . ဒီအသံက သူ့ကို ဒမ်ဘလီဒိုး သွားသတိရစေတယ်၊ မိတ်ဆွေတစ်ယောက်လို သူ့နားနားကပ်ပြီး ပြောနေတယ်၊

"ဆက်ထားတဲ့ကြိုးကို မပြတ်စေနဲ့"

ကျွန်တော်သိတယ်၊ ဟယ်ရီက သီချင်းကို ပြောတယ်၊ ပြတ်မသွား စေနဲ့ဆိုတာ ကျွန်တော် သိတယ် . . . . ဒါပေမယ့် သူတွေးနေတုန်းမှာပဲ ဆက်သွယ်နေဖို့ ကြိုးစားရတာ ရုတ်တရက် ပိုခက်လာတယ်၊ သူ့မှော် ကြိမ်လုံးဟာ ပိုပြီးပြင်းထန်စွာ တုန်ခါလာတယ် . . . . သူနဲ့ ဗိုလဒီမွန့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆတ်နွယ်တဲ့ ရွှေမှုင်တွေ ပြောင်းလဲမှု ဖြစ်လာတယ် . . . . အလုံးကြီးကြီး အလင်းစေ့တွေ အလင်းမျှင်တစ်လျှောက် ဟိုဒီရွေ့လျားနေတယ် —— ဟယ်ရီ့ လက်ထဲက မော်ကြိမ်လုံး တုန်ခါလိုက်ပြီး အလင်းစေ့ဟာ သူ့ဘက်ကို တဖြည်းဖြည်း ရွေ့လာတယ် . . . . အလင်းစေ့ဟာ ဗိုလ်ဒီမွန့်ဘက်ကနေ ဒီဘက်ဆီကို ရွေ့လျားနေတယ်။ သူ့မော်ကြိမ်လုံးဟာ ပြင်းထန်စွာ တုန်ခါနေတယ် . . . .

ပထမအလင်းစေ့ ဟယ်ရီ့မော်ကြိမ်လုံးထိပ်ဖျားနဲ့ နီးကပ်လာတာ အတူ၊ သူ့လက်ထဲက မော်ကြိမ်လုံး တအားပူလာတယ်။ ၎င်းမီးထလောင် တော့မယ်လို့တောင် ဟယ်ရီ စိုးရိမ်တယ်။ အလင်းစေ့ နီးလာလေ၊ ဟယ်ရီ့ မော်ကြိမ်လုံး ပိုပြီးပြင်းပြင်းထန်ထန် တုန်ခါလေပဲ။ သူ့မော်ကြိမ်လုံးဟာ အလင်း စေ့ထိတာ ခံနိုင်မှာမဟုတ်ဘူးလို့ သူထင်တယ်။ သူ့မော်ကြိမ်လုံးဟာ သူ့လက် ထဲမှာ ချက်ချင်း ကြေမွသွားတော့မလိုပဲ ——

သူဟာ အတွေးအာရုံအားလုံးကို စုစည်းပြီး၊ အလင်းစေ့ကို ဗိုလ်ဒီမွန့် ဘက် တွန်းပို့တယ်။ သူ့နားထဲမှာ ဖီးနစ်ရဲ့သီချင်းသံ ကြားနေတယ်၊ မျက်လုံး တည်ငြိမ်ပြီး ဒေါသမီး တောက်လောင်နေတယ် . . . . ဖြည်းဖြည်းချင်း၊ ဖြည်း ဖြည်းချင်း၊ အလင်းစေ့ဟာ တုန်ခါပြီး ရပ်သွားတယ်၊ ဒီနောက် ဖြည်းဖြည်းချင်း ပဲ တခြားတစ်ဖက်သို့ စတင်ရွေ့လျားသွားတယ် . . . . အခု ဗိုလ်ဒီမွန့်မော် ကြိမ်လုံး ပြင်းထန်စွာ တုန်လှုပ်လာပြီ . . . . ဗိုလ်ဒီမွန့်ကြည့်ရတာ အလွန်အံ့ဩ တုန်လှုပ်နေတယ်၊ နည်းနည်းတောင် ကြောက်နေသလိုပဲ . . . .

အလင်းစေ့တစ်စေ့ဟာ တုန်ခါနေတယ်။ ဗိုလ်ဒီမွန့်ရဲ့ မော်ကြိမ်လုံး ထိပ်ဖျားနဲ့ လက်မအချို့သာ ကွာတော့တယ်။ သူ ဘာကြောင့်ဒီလိုလုပ်ရတာ ဆိုတာ ဟယ်ရီ မသိဘူး။ ဒီလိုလုပ်တာ ဘာအကျိုးဆက်ရှိလဲဆိုတာလည်း မသိ ဘူး . . . . ဒါပေမယ့် သူ့ဘဝမှာ တစ်ခါမှ ဒီလောက်အာရုံစုစည်းတာ မရှိဘူး အလင်းစေ့ကိုပဲ ဗိုလ်ဒီမွန့်မော်ကြိမ်လုံးထိပ်ဖျားထဲဝင်အောင် အတင်းတွန်း နေတယ် . . . . ဖြည်းဖြည်းချင်း . . . . ဖြည်းဖြည်းချင်း . . . . အလင်းစေ့ ရွှေကြိုးတစ်လျှောက် ရွေ့လျားသွားတယ် . . . . ခဏတာတုန်ခါနေပြီး . . . . မော်ကြိမ်လုံးဖျားနဲ့ သွားထိတယ် . . . .

ချက်ချင်းဆိုသလို၊ ဗိုလ်ဒီမွန့်ရဲ့ မော်ကြိမ်လုံးဟာ ဆူဆူညံညံ ထအော် တယ်၊ အဆက်မပြတ် ပွဲတင်ထပ်သွားတယ် . . . . ဒီနောက်မှာ —— ဗိုလ်ဒီမွန့် မျက်လုံးနီနီဟာ အံ့ဩစွာ ကျယ်လာတယ် —— မီးခိုးပျစ်ပျစ်နဲ့ ဖြစ်လာတဲ့ လက်ဟာ မော်ကြိမ်လုံးဖျားက ပျံထွက်လာတယ်၊ ပျောက်ကွယ်သွားတယ် . . . . အဲဒါ သူက ပိုးကောင်အမြီးအတွက် ပြုလုပ်တဲ့ လက်ပြတ် . . . . တစ်ခါ နာကျင်စွာ အော်သံပေါ်လာတယ် . . . . ပိုရှိုကြီးတဲ့ အရာဝတ္ထုတစ်ခု ဗိုလ်ဒီ မွန့် မော်ကြိမ်လုံးထိပ်ဖျားက ထွက်လာတယ်။ မီးခိုးရောင်အရာကြီး၊ အပျစ်ဆုံး မီးခိုးနဲ့ ဖွဲ့စည်းထားသလိုပဲ . . . . အရင်ဆုံး ခေါင်းထွက်လာတယ် . . . . ဒီနောက် ရင်ဘတ်နဲ့လက်မောင်း . . . . အဲဒါ စက်ဒရစ်-ဒစ်ဂိုရီရဲ့ ကိုယ်ခန္ဓာ။

တကယ်လို့ ဟယ်ရီဟာ တုန်လှုပ်ပြီး မော်ကြိမ်လုံးကို လွှင့်ပစ်မယ် ဆိုရင်၊ အဲဒါ ခုချိန်မှာပါပဲ။ စက်ဒရစ်-ဒစ်ဂိုရီရဲ့ မွဲပြာပြာဝိညာဉ် (ဝိညာဉ် လား ? ၎င်းကိုကြည့်ရတာ အကောင်အထည်နဲ့)ဟာ ဗိုလ်ဒီမွန့်မော်ကြိမ်လုံး ဖျားက တစ်ခုလုံးထွက်လာတယ်၊ အလွန်ကျဉ်းမြောင်းတဲ့ ပိုက်လိုင်းထဲက ညှစ်ထွက်လာသလို ဖြစ်ပေမယ့်၊ သူဟာ အလိုအလျောက် မော်ကြိမ်လုံးကို မြဲမြဲ ဆုပ်ကိုင်ထားတယ်။ ရွှေရောင်အလင်းမျှင်တွေကို မပြတ်အောင် လုပ်တယ် . . . . စက်ဒရစ်ရဲ့ ဝိညာဉ်ဟာ မတ်တတ်ရပ်လိုက်တယ်။ ရွှေရောင်အလင်းမျှင် ကို ကြည့်ပြီး စကားပြောလာတယ်။

"တောင့်ထား၊ ဟယ်ရီ" သူက ပြောတယ်။

သူ့အသံဟာ ဟိုးအဝေးကြီးမှာ၊ လိုက်သံပါနေတယ်။ ဟယ်ရီက ဗိုလ်ဒီမွန့်ကို ကြည့်နေတယ် . . . . သူ့မျက်လုံးနီနီဟာ အံ့အားသင့်စွာ ပြူး ကားတုန်းပဲ . . . . သူရော ဟယ်ရီပါ မမျှော်လင့်ဘဲ ကြုံရတာ . . . . ဒက်အီ တာတွေ ကြောက်လန့်စွာအော်တဲ့အသံကို ဟယ်ရီ ခပ်သဲ့သဲ့ကြားရတယ်။ သူတို့ တာ ရွှေရောင်ပိုက်ကွန်အနားမှာ လည်ပတ်နေတယ် . . . .

မော်ကြိမ်လုံးထဲကနေ နာကျင်တဲ့အော်သံ ထွက်လာပြန်တယ် . . . . အရာတစ်ခု မော်ကြိမ်လုံးထိပ်ဖျားက ထွက်လာတယ် . . . . ဒါလည်း မီးခိုး ရောင်ပျစ်နဲ့ ဖွဲ့စည်းထားတဲ့ လူတစ်ယောက်ရဲ့ခေါင်း။ ဆက်လက်ပြီး လက်နဲ့ ကိုယ် . . . . ဟယ်ရီ အိပ်မက်ထဲမှာသာမြင်ဖူးတဲ့ အဖိုးကြီး၊ စက်ဒရစ်လိုပဲ မော်ကြိမ်လုံးထဲက တိုးထွက်လာတယ် . . . . အဲဒီဝိညာဉ် သို့မဟုတ် သရဲ တကယ်၊ ဒါမှမဟုတ် တစ်ခုခုဟာ စက်ဒရစ်ဘေးမှာ ကျလာပြီး တုတ်ကောက်နဲ့ ထည်းငယ် အံ့ဩစွာနဲ့ ဟယ်ရီနဲ့ ဗိုလ်ဒီမွန့်ကို အကဲခတ်နေတယ်။ ဆက်သွယ် ထားတဲ့ မော်ကြိမ်လုံးနဲ့ ရွှေပိုက်ကွန်ကို အကဲခတ်နေတယ် . . . .

"ဒီလိုဆိုတော့၊ သူ မော်ဆရာပဲလား" အဖိုးကြီးက ပြောတယ်။ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးတ ဗိုလဒီမွန့်ကို ကြည့်နေတယ်။ "ဒီကောင်က ကျုပ်ကို သတ်တယ် . . . . မင်း သူ့ကို တိုက်၊ ကလေး . . . ."

ဒါပေမယ့် လူခေါင်းတစ်ခေါင်း ထွက်လာပြန်တယ်။ မီးခိုးမွဲမွဲခေါင်း ရုပ်လိုပဲ။ အဲဒါ မိန်းမတစ်ယောက် . . . . ဟယ်ရီက မှော်ကြိမ်လုံးကို တအား ဆွဲထားတယ်၊ လက်နှစ်ဖက်စလုံး တုန်ခါနေတယ်။ အဲဒီမိန်းမ မြေကြီးပေါ် ကျ တာ သူမြင်တယ်။ တခြားလူလိုပဲ ကိုယ်ကို မတ်လိုက်တယ်၊ ဟိုဒီကြည့်နေတယ် . . . .

ဘာသာ-ဂျော်ကင်စ်ရဲ့ ဝိညာဉ်ဟာ မျက်လုံးကြီးပြူးပြီး ဒီတိုက်ပွဲကို ကြည့်နေတယ်။

"လက်မလွှတ်နဲ့" သူမအော်သံဟာ စက်ဒရစ်လိုပဲ လိုဏ်သံပါနေ တယ်။ အဝေးကြီးက ရောက်လာတဲ့အသံလိုပဲ။ "သူ မင်းကို မနိုင်စေနဲ့၊ ဟယ်ရီ လက်မလွှတ်နဲ့"

သူမနဲ့ တခြားဝိညာဉ်နှစ်ခုဟာ ရွှေပိုက်ကွန်ရဲ့ အတွင်းနံရံနားကပြီး လမ်းလျှောက်ကြတယ်။ ဒက်အီတာတွေကတော့ အပြင်ကနေ ရွှေပိုက်ကွန်ကို ပတ်ပြေးနေတယ် . . . . ဗိုလဒီမွန့်သတ်လို့သေတဲ့ ဝိညာဉ်တွေဟာ အပြင် တိုက်သူတွေကို ပတ်ပြီးသွားနေရင်း၊ ဟယ်ရီ့ကို တိုးတိုးအားပေးကြတယ်။ တစ်ချိန်ထဲမှာ ဗိုလဒီမွန့်ကို အံကြိတ်မာန်ကြိတ်နဲ့ ဟယ်ရီ မကြားရတဲ့စကား တွေ ပြောနေတယ်။

အခု လူခေါင်းတစ်ခေါင်း ဗိုလဒီမွန့်မှော်ကြိမ်လုံးဖျားက တိုးထွက် လာပြန်တယ် . . . . ဟယ်ရီ မြင်လိုက်တာနဲ့ ၎င်းဘယ်သူဆိုတာ တန်းသိတယ် . . . . စက်ဒရစ် ထွက်လာတဲ့အချိန်ကတည်းက သူ ထွက်လာဖို့ကို စောင့်မျှော် နေသလိုပဲ . . . . သူမြင်တာနဲ့ သိတယ်။ အကြောင်းက တိုးထွက်လာသူဟာ သူ ဒီည သတိအရဆုံးလူ ဖြစ်နေလို့ . . . .

ဆံပင်တွေ ရှုပ်ပွနေတဲ့ အရပ်ရှည်ရှည်ယောကျ်ားတစ်ယောက်ဟာ ဘာသာ-ဂျော်ကင်စ်လို မြေကြီးပေါ် ကျလာတယ်။ ကိုယ်ကိုမတ်ပြီး သူ့ကို ကြည့်နေတယ် . . . . ဟယ်ရီက သူ့အဖေမျက်နှာကို ပြန်ကြည့်နေတယ်။ လက် နှစ်ဖက်ဟာ ပြင်းထန်စွာ တုန်ခါနေတယ်။

"မင်းအမေလဲ လာတယ် . . . ." သူက ငြိမ်သက်စွာ ပြောတယ်။ "သူမ မင်းကို တွေ့ချင်တယ် . . . . အားလုံး အဆင်ပြေသွားမှာပါ . . . .



ကိုင်ထား . . . ."

ဒီနောက် သူမ လာပြီ . . . . ရှေးဦးစွာ ခေါင်း၊ နောက်တော့ သူမ ကိုယ်ခန္ဓာ . . . . ဆံပင်ရှည်ရှည်နဲ့ မိန်းမငယ်တစ်ယောက်။ လီ လီ-ပေါ်တာရဲ့ မီးခိုးအရိပ်ဟာ ဗိုလဒီမွန့်မှော်ကြိမ်လုံးထိပ်ဖျားက ပွင့်အန်ထွက်လာတယ်၊ မြေကြီးပေါ်ကို ကျလာတယ်။ သူ့ခင်ပွန်းလိုပဲ ကိုယ်ကို မတ်လိုက်တယ်၊ သူမ ဟာ ဟယ်ရီ့နားကိုသွားပြီး သူ့ကို ငုံ့ကြည့်တယ်။ သူမစကားဟာ အဝေးကြီးက သံပဲ။ တခြားသူတွေလို လိုဏ်သံပါနေတယ်။ ဒါပေမယ့် အသံက သိပ်နိမ့်တယ်။ ဒါကြောင့် ဗိုလဒီမွန့်ဟာ သူသတ်ပစ်တဲ့လူတွေ သူ့နားမှာ သွားလာနေတာ တွေ့တော့ ကြောက်ပြီး ဘာမှမကြားရဘူး . . . .

"ဆက်သွယ်မှု ပြတ်သွားပြီးနောက်၊ ငါတို့ ခဏပဲ နေနိုင်မယ် . . . . ဒါပေမယ့် မင်းအတွက် အချိန်ရအောင် လုပ်ပေးမယ် . . . . မင်း တံခါးသော့ ကို ရအောင်ယူ။ ၎င်းက မင်းကို ဟော့ဂ်ဝပ်ကို ပြန်ခေါ်သွားလိမ့်မယ် . . . . နားလည်လား၊ ဟယ်ရီ"

"နားလည်တယ်" ဟယ်ရီက မောဟိုက်စွာ ပြောတယ်။ မှော်ကြိမ်လုံး ဟာ သူ့လက်ထဲမှာ ချောနေတယ်။ သူက တအားဆုပ်ကိုင်ထားတယ်။

"ဟယ်ရီ . . . ." စက်ဒရစ်ရဲ့ဝိညာဉ်က ပြောတယ်။ "ငါ့ခန္ဓာကိုယ် ကို ပြန်ယူသွားပါ။ ငါ့မိဘကို ပေးလိုက်ပါ . . . ."

"ငါလုပ်မှာပါ" ဟယ်ရီက ပြောတယ်။ သူက ရှိသမျှအားကုန်ထုတ်ပြီး မှော်ကြိမ်လုံးကို ကိုင်ထားတယ်။ မျက်နှာတောင် ရှုံ့စောင်းလာပြီ။

"ဆုတ်တော့" သူ့အဖေက တိုးတိုးပြောတယ်။ "အမြန်ပြေးဖို့ပြင် . . . . အခုပဲ ဆုတ် . . . ."

"အခု" ဟယ်ရီက အော်တယ်။ သူလည်း နောက်ထပ်တောင့်မခံနိုင် တော့ဘူးလို့ ခံစားရတာနဲ့ —— သူဟာ မှော်ကြိမ်လုံးကို အထက်သို့ ပင့်လိုက် တယ်၊ ရွှေကြိုးပြတ်သွားတယ်၊ အလင်းပိုက်ကွန်မရှိတော့ဘူး။ ဖီးနစ်ရဲ့ သီချင်း လည်း ပျောက်သွားပြီ —— ဒါပေမယ့် ဗိုလဒီမွန့်သတ်လို့ သေရတဲ့ ဝိညာဉ် တွေဟာ ပျောက်မသွားဘူး —— သူတို့က ဗိုလဒီမွန့်ကို ဝိုင်းပတ်ထားလိုက် တယ်၊ ဟယ်ရီ့ကို မမြင်ရအောင် လုပ်တယ် ——

ဟယ်ရီဟာ သူ့ဘဝမှာ အမြန်ဆုံးပြေးခြင်းနဲ့ တအားပြေးတယ်။ ဆန့်ပြီးငိုင်နေတဲ့ ဒက်အီတာနှစ်ယောက်ကို တိုက်ပစ်လိုက်တယ်၊ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူတွေကြားမှာ ကွေ့ကောက်ပြေးတယ်၊ ဒက်အီတာတွေရဲ့ ကျိန်စာတွေ သူ့နောက်က တရှူးရှူးပျံလာပြီး ဂူကျောက်တိုင်ကိုမှန်တာ ခံစားရတယ်။ သူဟာ ကျိန်စာနဲ့ ဂူတွေကို လှည့်ပတ်ရှောင်ရှားရင်း စက်ဒရစ်အလောင်းဆီ ပြေးသွားတယ်။ သူ့ခြေထောက်နာတာကို မေ့နေတယ်။ သူလုပ်ရမယ့်ဟာကိုပဲ သိတယ် ——

"မူးမေ့အောင် ပစ်" ဗိုလဒီမွန့်အော်သံကို သူကြားတယ်။

စက်ဒရစ်နဲ့ ဆယ်ပေခန့်အကွာမှာ၊ ဟယ်ရီဟာ မာဘော်တမန်တော် နတ်ရုပ်ထုနောက် ဝင်ပြီး၊ နောက်က ပစ်လိုက်တဲ့ အနီရောင်ကို ရှောင်တယ်။ နတ်ရုတ်ထုရဲ့ တောင်ပံတွေ ကြေမွသွားတာ တွေ့ရတယ်။ သူဟာ မှော်ကြိမ် လုံးကို တင်းတင်းဆုပ်ပြီး၊ နတ်ရုပ်ထုနောက်ကနေ တအားပြေးထွက်တယ် ——

"အတားအဆီးအထပ်ထပ်" သူက မှော်ကြိမ်လုံးကို ပခုံးထက်မြှောက် ပြီး လိုက်လာတဲ့ ဒက်အီတာတွေကို ဖြစ်သလိုချိန်ကာ၊ အကျယ်ကြီး အော်ပြော တယ်။

လေးပင်တဲ့အော်သံနဲ့အတူ အနည်းဆုံးတစ်ယောက်ကိုတော့ တား ထားနိုင်တယ်လို့ သူသိတယ်။ ဒါပေမယ့် ရပ်ကြည့်ဖို့ အချိန်မရဘူး။ သူဟာ ဆုဖလားကို ခုန်ကျော်လိုက်တယ်။ ကျောဘက်ကနေ ပိုများတဲ့မှော်ကြိမ်လုံး တွေက ပစ်လွှတ်တဲ့အသံကို ကြားရတယ်။ သူဟာ မြေကြီးပေါ် ဝမ်းလျားထိုး ချပြီး၊ စက်ဒရစ်ရဲ့လက်ကို ဆွဲတယ်။ အလင်းမိုးတွေ သူ့ခေါင်းပေါ်က ဖြတ် သွားတယ်။

"ဖယ်ကြစမ်း၊ ကျုပ် သူ့ကို သတ်မယ်။ သူက ကျုပ်ဟာ" ဗိုလဒီမွန့်က စူးစူးဝါးဝါးအော်ပြောတယ်။

ဟယ်ရီနဲ့ ဗိုလဒီမွန့်ကြားမှာ ဂူကျောက်တိုင်တစ်ခုပဲ ခြားတယ်။ သူက စက်ဒရစ်ရဲ့လက်ကောက်ဝတ်ကို ဆွဲတယ်။ ဒါပေမယ့် စက်ဒရစ်က သိပ်လေးလို့ သူ လှုပ်အောင်မဆွဲနိုင်ဘူး။ ဆုဖလားကလည်း မမီဘူး ——

ဗိုလဒီမွန့်ရဲ့မျက်လုံးနီနီဟာ အမှောင်ထဲမှာ လက်နေတယ်။ သူ့ပါးစပ် ဟာ ရက်စက်တဲ့အပြုံးအဖြစ် လိမ်တွန့်နေတာ ဟယ်ရီ မြင်ရတယ်။ ၎င်း မှော် ကြိမ်လုံးကို မြှောက်နေပြီ။

"ဆုဖလားလာခဲ့" ဟယ်ရီက မှော်ကြိမ်လုံးနဲ့ ဗိုလ်သုံးဗိုလ်ဆုဖလား ကို ချိန်ပြီး အော်ပြောတယ်။




ဆုဖလားက သူ့ဆီ ထပျံလာတယ်။ ဟယ်ရီက ဖလားလက်ကိုင်ကို ဖမ်းကိုင်လိုက်တယ် ——

ဗိုလဒီမွန့် အရူးအမူးအော်ဟစ်သံကို သူ ကြားရတယ်၊ တစ်ချိန်ထဲမှာ ချက်နောက်နားကို အဆွဲခံလိုက်ရသလိုဖြစ်ပြီး တံခါးသော့က အလုပ်လုပ်ပြီ —— သူဟာ ရောင်စုံလေပွေနောက် တစ်ခါထဲ ပါသွားတယ်။ စက်ဒရစ်က သူ့ဘေးမှာ . . . . သူတို့ ပြန်သွားကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၃၅။ အမှန်ပြောဆေး

ဟယ်ရီဟာ မိမိ မြေကြီးပေါ်ကျသွားတယ်လို့ ခံစားရတယ်။ မျက်နှာ
ဟာ မြက်ထဲ မြှုပ်နေတယ်။ နှာခေါင်းထဲမှာ မြက်စိမ်းနံ့တွေ ပြည့်နေတယ်။
တံခါးသော့က သူတို့ကိုခေါ်ပြီး ပျံသန်းတုန်းက သူ့မျက်လုံးမှိတ်ထားတယ်။
အခု သူ့မျက်လုံးမှိတ်ထားတုန်းပဲ။ လှုပ်လည်း မလှုပ်ဘူး။ ရှိသမျှ အားအင်တွေ
ဘာမှမရှိတော့သလိုပဲ။ သူ ခေါင်းတအားမူးတယ်။ ကိုယ်အောက်က မြေပြင်ဟာ
သင်္ဘောကုန်းဘတ်လို လှုပ်ယိုင်နေတယ်လို့ သူထင်တယ်။ မိမိကိုယ်ကို ငြိမ်သွား
အောင်လို့ သူဟာ ပစ္စည်းနှစ်ခုကို တင်းတင်းဆုပ်ထားတယ —- ဗိုလ်သုံးပိုင်
ဆုဖလားရဲ့ ပြောင်ချောတဲ့ လက်ကိုင်နဲ့ စက်ဒရစ်ရဲ့အလောင်း။ ၎င်းအနက်
တစ်ခုခုကို လွှတ်လိုက်ရင်၊ မိမိဦးနှောက်အစပ်မှာ စုစည်းနေတဲ့ အမှောင်ထုထဲ
ကျသွားမယ်လို့ ထင်တယ်။ ကြောက်လန့်ခြင်းနဲ့ ပင်ပန်းခြင်းကြောင့် သူ မြေပြင်
ပေါ်မှောက်နေတယ်။ မြက်စိမ်းနံ့ကို ရှူရိုက်နေတယ်။ စောင့်စားနေတယ် ....
တစ်ခုခုလာလုပ်ပေးမယ့်လူကို စောင့်နေတယ် .... တစ်ခုခုဖြစ်မှာကို စောင့်
နေတယ် .... သူ့နဖူးက အမာရွတ်ဟာလည်း တစ်လျှောက်လုံး နာနေတယ်။



အသံတွေ တရစပ်ရောက်ရှိလာပြီး သူ့ကို ဖုံးလွှမ်းသွားတယ်။ သူ့ကို
ခေါင်ခွဲမရဖြစ်စေတယ်။ ခြေသံတွေ၊ အော်ဟစ်သံတွေ .... သူက မျက်မှောင်
ကြုတ်အားကြုတ်ထားတယ်။ ဒါဟာ အိပ်မက်ဆိုးမက်တာသာဖြစ်ပြီး၊ မကြာခင်
ပြေပျောက်သွားမလိုပဲ ....
အားရှိတဲ့လက်ကြီးနှစ်ချောင်းက သူ့ကိုကိုင်ပြီး ပက်လက်လှန်ပေး
လိုက်တယ်။
"ဟယ်ရီ၊ ဟယ်ရီ"
သူ မျက်လုံးဖွင့်လိုက်တယ်။
သူဟာ ကြယ်တွေလက်နေတဲ့ မိုးကောင်းကင်ကို ကြည့်တယ်။ အော
ဘတ်စ်-ဒမ်ဘလီဒိုး သူ့ဘေးမှာ ဆောင့်ကြောင့်ထိုင်နေတယ်။ ပတ်ဝန်းကျင်မှာ
လူတွေ မည်းနေတာပဲ၊ သူ့ဆီကို အတင်းတိုးနေတယ်။ မိမိဦးခေါင်းအောက်က
မြေပြင်ဟာ ၎င်းတို့ခြေသံကြောင့် အနည်းငယ် တုန်ခါနေတယ်။
သူဟာ ဝင်္ကပါအစပ်ကို ပြန်ရောက်နေပြီ။ ဘေးပတ်လည်က ပွဲကြည့်
စင်မြင့်မြင့်ကြီးတွေကို မြင်ရတယ်။ လူတချို့ အပေါ်မှာ သွားလာနေတယ်။
ခေါင်းပေါ်မှာ ကြယ်တွေဝေနေတယ်။
ဟယ်ရီက ဆုဖလားကို လက်လွှတ်လိုက်တယ်။ ဒါပေမယ့် စက်ဒရစ်
ကို တင်းတင်းဆွဲထားတယ်။ သူက လွှတ်သွားတဲ့လက်နဲ့ ဒမ်ဘလီဒိုးလက်
ကောက်ဝတ်ကို တင်းတင်းဆုပ်ကိုင်လိုက်တယ်။ ဒမ်ဘလီဒိုးမျက်နှာဟာ ရှင်း
လိုက်၊ ဝေဝါးသွားလိုက် ဖြစ်နေတယ်။
"သူ ပြန်လာပြီ" ဟယ်ရီက တိုးတိုးပြောတယ်။ "ဗိုလ်ဒီမွန့် ပြန်လာ
ပြီ"
"ဘယ်လိုလဲ၊ ဘာဖြစ်ခဲ့လဲ"
ကွန်နယ်လစ်-ဖဒ်ဂ်ရဲ့ မျက်နှာပြောင်းပြန်ဟာ ဟယ်ရီရှေ့မှာ ပေါ်
လာတယ်။ သူ့မျက်နှာ ဖြူယော်နေပြီး ထိတ်လန့်ကြောက်ရွံ့နေပုံရတယ်။
"ဘုရား၊ ဘုရား .... ဒစ်ဂိုရီ" သူက ပြောတယ်။ "ဒမ်ဘလီဒိုး
.... သူ သေပြီ"
ဒီစကားပြန့်သွားတယ်။ အတွင်းကို စွတ်တိုးနေတဲ့ လူအုပ်မည်းမည်း
ဟာ ထိတ်လန့်စွာနဲ့ ဒီစကားကို ပတ်ဝန်းကျင်သို့ တစ်ဆင့်ဖြန့်လိုက်ကြတယ်
.... ကျန်လူတွေ ထအော်ကြတယ် —— စူးရှတဲ့အော်သံတွေ ညကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ယ်မှာ ဆူညံသွားတယ် —— "သူ သေပြီ"၊ "သူ သေပြီ"၊ "စက်ဒရစ်-ဒစ်ဂို
သေပြီ၊ သေပြီ"

"ဟယ်ရီ၊ သူ့ကို လွှတ်လိုက်ပါ" ဖဒ်ဂ်အသံကပြောတာ သူ ကြား
တယ်၊ သူ့လက်ကို တစ်ယောက်က ဖြေနေတယ်၊ စက်ဒရစ်အလောင်းကို လွှတ်
လိုက်စေချင်တာ သူ ခံစားရတယ်၊ ဒါပေမယ့် ဟယ်ရီက မလွှတ်ဘူး။ အသေ
အလဲ ကိုင်ထားတယ်၊ ဒီနောက်၊ ဒမ်ဘယ်လီဒိုးရဲ့မျက်နှာ အနားကပ်လာတယ်
ဝေဝါးနေတုန်းပဲ၊

"ဟယ်ရီ၊ မင်း သူ့ကို မကူညီနိုင်တော့ဘူး၊ ပြီးဆုံးသွားပြီ၊ လွှတ်လိုက်
ပါ"

"သူက ကျွန်တော့်ကို သူ့ပြန်ယူလာဖို့ ပြောတယ်" ဟယ်ရီက တိုးတိုး
ပြောတယ် —— ဒီအချက်ကို ရှင်းအောင်ပြောဖို့ အလွန်အရေးကြီးသလိုပဲ
"သူ့မိဘဆီ ပြန်ယူပေးရမယ်"

"ကောင်းပြီ၊ ဟယ်ရီ . . . . လွှတ်လိုက်ပါ . . . . "

ဒမ်ဘယ်လီဒိုးဟာ ကုန်းပြီး၊ ပိန်ပါးတဲ့အဘိုးကြီးတစ်ယောက်အဖို့ ခါတိုင်း
ထက်ထူးတဲ့ အင်အားနဲ့ ဟယ်ရီ့ကို ဆွဲထူလိုက်တယ်၊ ဟယ်ရီ ယိုင်နေတယ်
ခေါင်းထဲမှာ တူနဲ့ထုနေသလို ခံစားရတယ်၊ ဒဏ်ရာရတဲ့ခြေထောက်ဟာ သူ့
ကိုယ်အလေးချိန်ကို မခံနိုင်ဘူး။ လူတွေဟာ တွန်းထိုးပြီး ရှေ့ကို အတင်းတိုး
တယ်၊ လူအုပ်ကြီး သူ့ဆီ ပိလာတယ် —— "ဘာဖြစ်တာလဲ"၊ "သူ ဘယ်လို
ဖြစ်လဲ"၊ "ဒစ်ဂိုရီ သေပြီ"

"သူ ဆေးရုံသွားဖို့ လိုတယ်" ဖဒ်ဂ်က အကျယ်ကြီးပြောတယ်၊ "သူ
ဖျားနေတယ်၊ ဒဏ်ရာရသွားတယ် —— ဒမ်ဘယ်လီဒိုး၊ ဒစ်ဂိုရီ့မိဘ ဒီမှာရှိတယ်
ပွဲကြည့်စင်ပေါ်မှာ . . . .

"ကျုပ် ဟယ်ရီ့ကို ခေါ်သွားမယ်၊ ဒမ်ဘယ်လီဒိုး၊ ကျုပ် သူ့ကိုခေါ် ——"

"ဟင့်အင်း၊ ကျွန်တော် ——"

"ဒမ်ဘယ်လီဒိုး၊ အားမော့စ်-ဒစ်ဂိုရီ ပြေးလာပြီ . . . . သူလာနေပြီ
. . . . ခင်ဗျား သူ့ကို အရင်ပြောလိုက်မလား —— သူ မမြင်ရခင်မှာ ——

"ဟယ်ရီ၊ ဒီမှာပဲနေ ——"

မိန်းကလေးတွေ အော်နေတယ်၊ မထိန်းနိုင်ဘဲ အရူးအမူးငိုနေတယ်
. . . . အဲဒီမြင်ကွင်းဟာ ဟယ်ရီ့မျက်စိရှေ့မှာ တစ်မျိုးကြီး လက်နေတယ် . . . .



"ကိစ္စမရှိပါဘူး၊ ကလေး။ ကျုပ်ရှိတယ် . . . . လာ၊ သွားစို့ . . . .
ဆေးရုံသွားရအောင် . . . . "

"ဒမ်ဘယ်လီဒိုးက 'ဒီမှာပဲနေ'လို့ ပြောတယ်" ဟယ်ရီက ဗလုံးဗထွေး
ပြောတယ်။ အမာရွတ်က တဒုတ်ဒုတ်နာနေလို့ သူ အန်ချင်နေတယ်၊ အမြင်က
ပြီးဝေဝါးလာတယ်။

"မင်းလှဲနေမှ ကောင်းမယ် . . . . သွားစို့ . . . . "

သူ့ထက် ထွားကျိုင်းတဲ့လူတစ်ယောက်ဟာ သူ့ကို တွဲလောင်းကြီး
ပြီး ထိတ်လန့်တဲ့လူအုပ်ကို ဖြတ်ကာ ဆွဲခေါ်သွားတယ်၊ လူတွေ ပင့်သက်
ရှူသံ၊ စူးစူးဝါးဝါးအော်သံ၊ အကျယ်ကြီးအော်သံတွေ ဟယ်ရီ ကြားရတယ်၊
အဲဒီလူဟာ သူ့ကို ပွေ့ဆွဲပြီး လူအုပ်ကြားက တိုးထွက်ကာ ရဲတိုက်ဆီ သွား
တယ်။ မြက်ခင်းကို ဖြတ်၊ ကန်နံဘေးနဲ့ ဒမ်စထရန်လှေကြီးကို ဖြတ်ခဲ့တယ်၊
အဲဒီယောက်ျားရဲ့ လေးပင်တဲ့ အသက်ရှူသံကို ဟယ်ရီ ကြားရတယ်၊

"ဘာဖြစ်သလဲ၊ ဟယ်ရီ" ဟယ်ရီ့ကို လှေကားထစ်က ဖေးမတက်လာ
ရင်း အဲဒီလူက စမေးတယ်။ ဒေါက်၊ ဒေါက်၊ ဒေါက်။ အဲဒါ အရူးမျက်လုံးမူးဒီ၊

"ဆုဖလားက တံခါးသော့" ဟယ်ရီက ပြောတယ် —— သူတို့ တံခါး
ပေါက်ကို ဖြတ်သွားတယ်။ "ကျွန်တော်နဲ့ စက်ဒရစ်ကို သင်္ချိုင်းမြေတစ်ခုကို ခေါ်
သွားတယ် . . . . ဗိုလဒီမွန့် အဲဒီမှာရှိတယ် . . . . ဗိုလဒီမွန့် . . . . "

ဒေါက်၊ ဒေါက်၊ ဒေါက်။ မာဘော်ကျောက်လှေကားပေါ် တက်တယ်
. . .

"မှော်နက်သခင်ကြီး အဲဒီမှာ ? ပြီးတော့ကော ?"

"စက်ဒရစ်ကို သတ်ပစ်တယ် . . . . သူတို့ စက်ဒရစ်ကို သတ်ပစ်
လိုက်တယ် . . . . "

"နောက်ပြီးတော့ကော"

ဒေါက်၊ ဒေါက်၊ ဒေါက်။ စင်္ကြံကို ဖြတ်သွားတယ် . . . .

"ဆေးတစ်ဖုံကျိုတယ် . . . . သူ့ရုပ်ခန္ဓာ ပြန်ရတယ် . . . . "

"မှော်နက်ဆရာကြီး ရုပ်ပြန်ရပြီ ? သူ ပြန်လည်ရှင်သန်လာပြီ ?"

"ဒီနောက် ဒက်အီတာတွေလာတယ် . . . . ဒီနောက် ကျွန်တော်တို့
နှစ်ဦးချင်း အပြတ်တိုက်တယ် . . . . "

"မင်းနဲ့ မှော်နက်သခင်ကြီး နှစ်ဦးချင်း အပြတ်တိုက်တယ် ?"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လွတ်လာတယ် . . . . ကျွန်တော့်မှော်ကြိမ်လုံးက စိတ် ဝင်စားစရာ ဖြစ်လာတာရှိတယ် . . . . ကျွန်တော် ကျွန်တော့်အဖေနဲ့အမေကို တွေ့တယ် . . . . သူတို့ သူ့မှော်ကြိမ်လုံးထဲက ထွက်လာတယ် . . . ."

"ဝင်ခဲ့၊ ဟယ်ရီ . . . . ဝင်ခဲ့၊ ဒီမှာထိုင် . . . . မင်း ဘာမှမဖြစ်ပါဘူး . . . . ဆေးနည်းနည်းသောက် . . . ."

သော့ကို သော့ပေါက်ထဲထိုးတဲ့အသံ ဟယ်ရီ ကြားရတယ်။ ခွက်တစ် ခွက် သူ့လက်ထဲ ထိုးပေးလိုက်တယ်။

"သောက်လိုက် . . . . မင်း သက်သာလာလိမ့်မယ် . . . . သောက် ဟယ်ရီ၊ အခြေအနေ တိတိကျကျ ကျုပ် သိဖို့လိုတယ်"

မူးဒီက အဲဒီခွက်ထဲကအရာကို ဟယ်ရီ့ပါးစပ်ထဲ ကူလောင်းထည့် တယ်။ ဟယ်ရီဟာ သီးပြီး ချောင်းဆိုးလာတယ်။ ပါးစပ်ထဲ ငရုပ်ကောင်းလောင်း ထည့်သလို ပူစပ်နေတယ်။ မူးဒီရဲ့ရုံးခန်း ရှင်းလာပြီ။ မူးဒီလည်း ရှင်းလာပြီ . . . . သူ့မျက်နှာဟာ ဖယောင်းလိုပဲ ဖြူဖယော်နေတယ်။ မျက်လုံးနှစ်လုံးဟာ မျက် တောင်မခတ်ဘဲ ဟယ်ရီ့ကို ကြည့်နေတယ်။

"ဗိုလ်ဒီမော့ ပြန်လာပြီ ? ဟယ်ရီ၊ မင်း သေချာလို့လား။ သူ ဘယ်လို လုပ်တာလဲ"

"သူက သူ့အဖေဂူထဲကနေ၊ ပိုးကောင်အမြီးနဲ့ ကျွန်တော့်ကိုယ်ပေါ် ကနေ ပစ္စည်းနည်းနည်းစီ ယူတယ်" ဟယ်ရီက ပြောတယ်။ သူ့ခေါင်းနည်း နည်း ရှင်းလာတယ်။ အမာရွတ်လည်း သိပ်မနာတော့ဘူး။ ရုံးခန်းထဲက အလင်း ရောင် မှုန်မွဲပေမယ့်၊ အခု မူးဒီမျက်နှာကို သူ သေချာမြင်ရပြီ။ အဝေးရှိ ခွေဒစ် ဘောလုံးကွင်းဆီက လူတွေရဲ့ အော်ဟစ်သံကိုလည်း ကြားရပြီ။

"မှော်နက်သခင်ကြီးက မင်းကိုယ်ပေါ်က ဘာကို ယူသလဲ" မူးဒီက မေးတယ်။

"သွေး" ဟယ်ရီက လက်မြှောက်လိုက်တယ်။ သူ့အကျႌလက်မောင်း ဟာ ပိုးကောင်အမြီးက ဓားမြှောင်နဲ့လှီးလို့ ပြဲနေပြီ။

မူးဒီက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်တယ်။

"ဒက်အီတာတွေရော ? သူတို့ သူ့ဆီ ပြန်သွားလား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "လူအများကြီးပဲ . . . ."

"သူက သူတို့ကို ဘယ်လိုဆက်ဆံလဲ ?" မူးဒီက အသာလေးမေးတယ်



"သူက သူတို့ကို ခွင့်လွှတ်လိုက်သလား"

ဟယ်ရီ ရုတ်တရက် သတိရလိုက်တယ်။ သူ ဒမ်ဘလီဒိုးကို ပြောပြ မှာ။ ပြန်ရောက်ကတည်းက ပြောရမှာ ——

"ဟော့ဂ်ဝပ်မှာ ဒက်အီတာတစ်ယောက်ရှိတယ်။ ဒီမှာ ဒက်အီတာ တစ်ယောက်ရှိတယ် —— ဒက်အီတာက ကျွန်တော့်နာမည်ကို မီးတောက်ခွက် ထဲ ထည့်တယ်။ ကျွန်တော့်ကို နောက်ဆုံးမှာ နိုင်အောင်တမင်လုပ်တယ် ——"

ဟယ်ရီက မတ်တတ်ရပ်တယ်။ ဒါပေမယ့် မူးဒီက သူ့ကို ဖိထားတယ်။

"အဲဒီ ဒက်အီတာဟာ ဘယ်သူလဲဆိုတာ ကျုပ် သိတယ်" သူက အေးဆေးစွာ ပြောတယ်။

"ခါခါရော့ဖ် ?" ဟယ်ရီက အလောတကြီး မေးတယ်။ "သူ ဘယ်မှာ လဲ ? သင် သူ့ကို မိပြီလား။ သူ့ကို ဖမ်းချုပ်ထားပြီလား"

"ခါခါရော့ဖ် ?" မူးဒီဟာ တစ်မျိုးကြီး ထရယ်တယ်။ "ခါခါရော့ဖ် ဒီည ထွက်ပြေးသွားပြီ။ သူ့လက်မောင်းပေါ်က မှော်နက်အမှတ်အသား ပူလောင် လာလို့။ သူက မှော်နက်ဆရာကြီးရဲ့ သစ္စာရှိတဲ့ ထောက်ခံသူတွေ အများကြီးကို ဖော်ထုတ်ရောင်းစားခဲ့လို့၊ သူတို့ကို သွားမတွေ့ဝံ့ဘူး . . . . ဒါပေမယ့် သူ ဝေးဝေးတော့ မသွားသေးဘူးလို့ ကျုပ်ထင်တယ်။ မှော်နက်သခင်ကြီးက သူ့ ရန်သူကို လိုက်ရှာနိုင်တယ်။

"ခါခါရော့ဖ် မရှိတော့ဘူး ? သူ ပြေးပြီ ? ဒါဆို —— သူ ကျွန်တော့် နာမည်ကို မီးတောက်ခွက်ထဲ မထည့်ဘူး ?"

"မထည့်ဘူး" မူးဒီက ဖြည်းဖြည်းချင်းပြောတယ်။ "သူ မဟုတ်ဘူး။ ကျုပ်လုပ်တာ"

ဟယ်ရီ ကြားတယ်။ ဒါပေမယ့် မယုံနိုင်ဘူး။

"ဟင့်အင်း" သူက ပြောတယ်။ "သင် မထည့်ဘူး . . . . သင် မဖြစ် နိုင် . . . ."

"ကျုပ်ထည့်တာ အမှန်ပဲ" မူးဒီက ပြောတယ်။ သူရဲ့မှော်မျက်စိဟာ တံခါးဘက်သို့ လည်ပတ်သွားပြီး တံခါးကို ကြည့်နေတယ်။ အပြင်ဘက်မှာ ဘယ်သူမှ မရှိ ကြောင်း ကြည့်နေတယ်ဆိုတာ ဟယ်ရီ သိတယ်။ တစ်ချိန်ထဲမှာ၊ မူးဒီက မှော်ကြိမ် လုံးကို ဆွဲထုတ်ပြီး ဟယ်ရီ့ကို ချိန်ထားတယ်။

"ဒီလိုဆိုရင် သူက သူတို့ကို ခွင့်လွှတ်လိုက်တယ်ပေါ့၊ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြင်မှာ နေချင်သလိုနေ၊ အက်ဇခါဘန်မှာ အကျဉ်းကျခံရမှာကနေ လွတ်နေတဲ့ ဒက်အီတာတွေကို ခွင့်လွှတ်လိုက်တယ်ပေါ့"

"ဘာလဲ ?" ဟယ်ရီက ပြောတယ်။

သူဟာ မူးဒီလက်ထဲက မော်ကြိမ်လုံးကို ကြည့်နေတယ်။ ဒါခပ်ညံ့ညံ့ ရယ်စရာလုပ်တာပဲ။ မုချဖြစ်မယ်။

"ကျုပ်မေးမယ်" မူးဒီက အေးဆေးစွာ ပြောတယ်။ "သူဟာ အဲတို သူ့ကို ဘယ်တုန်းကမှ လိုက်မရှာတဲ့ အမှိုက်သရိုက်တွေကို ခွင့်လွှတ်လိုက်သ လား။ အဲဒီ သစ္စာဖောက်တွေ၊ သတ္တိကြောင်တဲ့ကောင်တွေ။ သူတို့ဟာ သူ့အတွက် အက်ဇခါဘန်မှာ ထောင်ကျခံဖို့တောင် မဝံ့ရဲဘူး။ အဲဒီ ကတိမတည်တဲ့၊ အောက် တန်းကျတဲ့ အကောင်တွေ။ သူတို့ဟာ မျက်နှာဖုံးစွပ်ပြီး ခွေဒစ်ကမ္ဘာ့ဖလားပွဲ မှာ ဆူပူဝံ့တယ်။ ဒါပေမယ့် ကျုပ် ပစ်တင်တဲ့ မော်နက်အမှတ်အသားကို မြင် တော့ တစ်ယောက်ပြီးတစ်ယောက် ထွက်ပြေးသွားကြတယ်"

"သင်ပစ်တင်တာ . . . . သင် ဘာပြောတာလဲ . . . ."

"ကျုပ် မင်းကို ပြောဖူးတယ်၊ ဟယ်ရီ . . . . ကျုပ်ပြောဖူးတယ်။ ကျုပ် တစ်ခုခုကို အသေမုန်းခဲ့ရင်၊ အဲဒါ ဒက်အီတာတစ်ယောက် အပြင်မှာ လွတ်နေတာပဲ။ သူတို့ဟာ ကျုပ်သခင် သူတို့ကို အလိုရှိဆုံးအချိန်မှာ သူ့ကို သစ္စာဖောက်တယ်။ ကျုပ်က သူ သူတို့ကို ဒဏ်ခတ်စေချင်တယ်။ သူတို့ကို နှိပ်စက်စေချင်တယ်။ ကျုပ်ကို ပြောပြ။ သူ သူတို့ကို နှိပ်စက်တယ်၊ ဟယ်ရီ . . . ." မူးဒီရဲ့မျက်နှာပေါ်မှာ အကြောဆွဲသလိုအပြုံး ပေါ်လာတယ်။ "ကျုပ်ကို ပြောပြ။ သူက သူတို့ကို ကျုပ်သာလျှင် တစ်လျှောက်လုံး သစ္စာရှိတယ်လို့ ပြော တယ် . . . . အန္တရာယ်ဟူသမျှ ရင်ဆိုင်ပြီး သူ အလိုအပ်ဆုံးအရာ —— မင်းကို ရအောင်လုပ်ခဲ့တယ်"

"သင်မဟုတ်ဘူး . . . . ဟင့်အင်း . . . . သင် မဖြစ်နိုင်ဘူး . . . ."

"မင်းနာမည်ကို တခြားကျောင်းတစ်ကျောင်းက ကျောင်းသားအဖြစ် မီးတောက်ခွက်ထဲ ဘယ်သူထည့်သလဲ။ ကျုပ်ပဲ။ မင်းကို ဒုက္ခပေးမယ့် ဒါမှ မဟုတ် မင်းနိုင်ဖို့ အတားအဆီးဖြစ်မယ့်လူတွေကို ဘယ်သူက မောင်းပစ်တာလဲ။ အဲဒါ ကျုပ်ပဲ။ ဘယ်သူက ဟက်ဂရစ်ကို မင်းကို မီးနဂါးပြဖို့ မြှောက်ပေးသလဲ။ ကျုပ်ပဲ၊ ဘယ်သူက မင်းကို မီးနဂါးကို တိုက်နိုင်ဖို့ တစ်ခုတည်းသောနည်းကို မြင်အောင် လုပ်သလဲ။ ကျုပ်ပါပဲ"



မူးဒီရဲ့ မော်မျက်လုံးဟာ ပြန်လှည့်ပတ်လာပြီး ဟယ်ရီ့ကို ကြည့်နေ တယ်။ သူ့ပါးစပ်ရွဲ့ရွဲ့ကြီး ပိုပြလာတယ်။

"မလွယ်ပါဘူး၊ ဟယ်ရီ။ မင်းကို ဒီကဏ္ဍတွေအောင်အောင် ကူညီ ရတယ်။ လူတွေ သံသယလဲ အဖြစ်မခံရအောင်။ ကျုပ်ဟာ အကြံဉာဏ်အား လုံးကို ထုတ်ပြီး၊ ကျုပ်ပါနေတယ်ဆိုတာ လူမသိအောင် လုပ်ရတယ်။ မင်း နိုင်တာ သိပ်လွယ်လွယ်နဲ့ဆိုရင်၊ ဒမ်ဘလီဒိုးက သံသယဖြစ်နိုင်တယ်။ မင်းသာ ဝက်ပါထဲ ဝင်ခဲ့ရင်၊ အကောင်းဆုံးက အရင်ဆုံး စထွက် —— ဒီလိုဆိုရင်၊ ကျုပ်က ကျန်သူရဲကောင်းတွေကို သုတ်သင်ပစ်လို့ရတယ်၊ မင်းအတွက် လမ်း ရှင်းပေးနိုင်တယ်။ ဒါပေမယ့် ကျုပ်က မင်းရဲ့ အ,နမှုကို ရင်ဆိုင်ရဦးမယ်။ ဒုတိယကဏ္ဍထဲမှာ . . . . ကျုပ်က ကျုပ်တို့ ရှုံးနိမ့်မှာ သိပ်စိုးရိမ်တယ်။ ကျုပ်က မင်းကို တစ်လျှောက်လုံး စောင့်ကြည့်နေတာ၊ ပေါ်တာ။ မင်း ရွှေဥရဲ့သဲလွန်စ ကို မတွေ့ဘူးဆိုတာ ကျုပ်သိလို့၊ မင်းကို အရိပ်အမြွက်ပေးမှ ဖြစ်မယ်လို့ သိတယ် ——"

"သင်မပေးဘူး" ဟယ်ရီက အသံအက်အက်နဲ့ ပြောတယ်။ "အဲဒါ စက်ဒရစ်က ကျွန်တော့်ကို ပြောတာ ——"

"ရေအောက်မှာ ဖွင့်ရမယ်လို့ ဘယ်သူက စက်ဒရစ်ကို ပြောပြတာလဲ။ ကျုပ်။ သူ မင်းကို ပြောပြလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ မှန်ကန်ကောင်းမွန် တဲ့လူဆိုတာ ချုပ်ကိုင်ဖို့ သိပ်လွယ်တယ်၊ ပေါ်တာ။ စက်ဒရစ်ဟာ အရင်တစ်ခါ တုန်းက မင်း သူ့ကို ပထမကဏ္ဍက မီးနဂါးလို့ ပြောပြတာကို ကျေးဇူးဆပ်ချင်နေ တယ်ဆိုတာ ကျုပ် သိတယ်။ သူလဲ ဒီအတိုင်းပဲ လုပ်လိုက်တာပဲ။ ဒီလို ဖြစ်ပေ မယ့် မင်းရှုံးနိုင်တာရှိသေးတယ်။ ကျုပ်က မင်းကို တစ်လျှောက်လုံး စောင့်ကြည့် နေတာ . . . . မင်း စာကြည့်တိုက်ထဲမှာ ဒီလောက်ကြာကြာနေတာ။ မင်း လိုအပ်တဲ့စာအုပ် မင်းအိပ်ခန်းထဲမှာပဲ ရှိနေတယ်ဆိုတာ မင်း မတွေ့ဘူးလား။ အဲဒါ ကျုပ်စီမံတာ။ ကျုပ်က အဲဒီစာအုပ်ကို လွန်ဘော့တမ်လို့ခေါ်တဲ့ ကောင် လေးကို ပေးလိုက်တာ။ မင်း မှတ်မိလား။ "မြေထဲပင်လယ် ရေနေအပင်များနဲ့ ၎င်းတို့ရဲ့ ထူးခြားချက်"။ ၎င်းက မင်းကို ပါးဟက်ပင်နဲ့ ပတ်သက်တဲ့ ဗဟုသုတ အားလုံးကို ပြောပြလိမ့်မယ်။ ကျုပ်က မင်းဟာ မင်းအနားက လူအားလုံးကို အကူအညီတောင်းမယ်ထင်တာ။ လွန်ဘော့တမ်က မင်းကို ချက်ချင်း ပြောပြမှာ။ ဒါပေမယ့် မင်းက မမေးဘူး —— မင်း မမေးဘူး —— မင်းရဲ့မာနနဲ့ အမှီခို

www.burmeseclassic.com



ဘင်းတဲ့သဘောကြောင့် အားလုံးကို ပျက်စီးတော့မှာ။

"ကျုပ်မှာ နောက်ထပ် ရှိုးအတွဲ လူတစ်ယောက်ရှာပြီး မင်းကို သတ် ပေးဖို့ပဲ ရှိတော့တယ်။ မင်းက ခရစ္စမတ်စ်ညကပွဲမှာ ကျုပ်ကို ဒေါ့ဘီလို့ခေါ်တဲ့ အိမ်မွေးမှင်စာလေးဟာ မင်းကို ခရစ္စမတ်စ်လက်ဆောင်ပေးတယ်လို့ ပြော တယ်၊ ကျုပ်က အဲဒီမှင်စာလေးကို ဆရာလုပ်သားနားနေခန်းကို လျှော်ဖွပ်မယ့် အဝတ်အစား လာယူခိုင်းတယ်။ ကျုပ်က ပါမောက္ခ မက်ဂေါ်နာဂေါနဲ့ ဓားစာ အကြောင်း အကျယ်ကြီး ပြောတယ်၊ ပေါ်တာဟာ ပါးဟက်ပင် အသုံးပြုတာ မလားလို့ ခန့်မှန်းတယ်။ မင်းရဲ့မှင်စာမိတ်ဆွေလေးဟာ စနိတ်ပ်ရုံးခန်း ချက်ချင်း ပြေးသွားတယ်၊ တစ်ခါ မင်းကို လောလောသွားတွေ့တယ် . . . .

မူးဒီရဲ့ မှော်ကြိမ်လုံးဟာ ဟယ်ရီ့ရင်ဝကို ချိန်ထားဆဲပဲ။ သူ့ကျေ ဘက်မှာ၊ နံရံပေါ်က ရန်သူ မှန်ထဲမှာ ဝေဝါးတဲ့အရိပ် လှုပ်ရှားနေတယ်၊

"မင်း ကန်ထဲမှာ အချိန်သိပ်ကြာသွားတယ်၊ ပေါ်တာ။ မင်း ရေ သေပြီလို့ ကျုပ် ထင်နေတာ၊ တော်သေးတယ်။ ဒမ်ဘလီဒိုးက မင်းရဲ့ ညံ့ဖျင်း ကို မြင့်မြတ်တယ်လို့ ထင်ပြီး၊ မင်းကို အမှတ်များများပေးလို့ ကျုပ် အသ ရှုံးချောင်သွားတယ်။

"ဒီညမှာလဲ မင်း ဝက်ပါထဲမှာ အကူအညီရတာ အမှန်ပဲ" မူးဒီ ပြော တယ်၊ "ကျုပ် ဝက်ပါပတ်လည်မှာ ကင်းလှည့်နေတယ်။ သစ်ပင်ခြံဝ ရှိုးကို ဖောက်မြင်နိုင်ပြီး၊ ဂါထာနဲ့ မင်းလမ်းပေါ်က အတားအဆီး အများအပြ ကို မောင်းထုတ်ခဲ့တယ်၊ ကျုပ်က ဖာ-ဒယ်လာခေါ်ကို မေ့အော တိုက်ပြီး၊ ခရွန်းမ်ကို ဝိညာဉ်လုကျိန်စာ သုံးထားတယ်။ သူ့ကို ဒစ်ဂိုရီကို သွ သတ်ခိုင်းတယ်၊ မင်းကို ဆုဖလားရဖို့ လမ်းရှင်းပေးတယ်"

ဟယ်ရီက မူးဒီကို ကြည့်နေတယ်၊ ဒါ ဘယ်ဖြစ်နိုင်မလဲလို့ တွေး ဖြစ်နေတယ် . . . . ဒမ်ဘလီဒိုးရဲ့မိတ်ဆွေ၊ နာမည်ကြီးအောရာ . . . . ဒ အီတာအမြောက်အမြားကို လက်ရဖမ်းခဲ့သူ . . . . ဒါ အကျိုးအကြောင်း မ လျော်ဘူး . . . . သိပ်ကို ကျိုးကြောင်းမဆီလျော်ဘူး . . . .

ရန်သူပြမှန်ထဲက အရိပ်ရှင်းလာတယ်၊ လူသုံးယောက်ရဲ့ ပုံသဏ္ဌာ ကို ဟယ်ရီ မြင်ရတယ်။ သူတို့လာလေ နီးလေပဲ၊ ဒါပေမယ့် မူးဒီက မတွေ့ ဒင်းရဲ့ မှော်မျက်လုံးဟာ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။

"မှော်နက်ဆရာကြီးက မင်းကို မသတ်နိုင်ဘူး၊ ပေါ်တာ။ သူ မင်း



သိပ်ကို သတ်ချင်တာ" မူးဒီက အသာလေးပြောတယ်။ "တွေးကြည့်ပါ။ ကျုပ် သူ့အစား လုပ်နိုင်ခဲ့ရင်၊ သူ ကျုပ်ကို ဘယ်လိုဆုချမလဲ။ ကျုပ်က မင်းကို သူ့ဆီ ပို့လိုက်တယ် —— မင်းဟာ သူ ပြန်လည်ရှင်သန်ဖို့အတွက် အလိုအပ် ဆုံးအရာ၊ ဒီနောက် သူ့အစား မင်းကို သတ်လိုက်တယ်။ ကျုပ်ဟာ တခြား ဒက်အီတာအားလုံးထက်သာတဲ့ ဂုဏ်ကိုရမယ်။ ကျုပ်ဟာ သူ့ရဲ့အချစ်မြတ်နိုး ဆုံး လူယုံဖြစ်မယ် . . . . သားထက် ရင်းနှီးမယ် . . . ."

မူးဒီရဲ့ ပုံမှန်မျက်လုံးဟာ ပြူးထွက်လာတယ်၊ မှော်မျက်လုံးက ဟယ်ရီ့ ကို တင်းတင်းကြည့်နေတယ်။ အခန်းတံခါး ချက်ထိုးထားတယ်၊ မိမိမှော်ကြိမ် လုံး ဆွဲထုတ်ချိန်မရဘူးဆိုတာ ဟယ်ရီ သိတယ် . . . .

"မှော်နက်သခင်ကြီးနဲ့ ကျုပ်တို့မှာ တူညီတာအများကြီး ရှိတယ်" မူးဒီ ဒင်းက လုံးဝမမှန်တော့ဘူး။ သူဟာ အပေါ်စီးကနေ ဟယ်ရီ့ကို မျက်စောင်း ထိုးကြည့်နေတယ်၊ "ဥပမာ၊ ကျုပ်တို့မှာ အလွန်စိတ်ပျက်စရာကောင်းတဲ့ အဖေ တွေ ရှိတယ် . . . . သိပ်ကို စိတ်ပျက်စရာကောင်းတယ်၊ ဟယ်ရီ၊ ကျုပ်တို့ဟာ ဂုဏ်ရစ္စာနဲ့ အဖေ့နာမည်ကို ဆက်ခံထားတယ်။ ကျုပ်တို့ဟာ ပျော်ရွှင်စွာနဲ့ . . . အလွန်ပျော်ရွှင်စွာနဲ့ . . . . မိမိအဖေကို သတ်ပစ်လိုက်တယ်။ ဒါမှ မှော်နက်အာဏာ တည်မြဲစေမယ်"

"သင်ရှူးနေပြီ" ဟယ်ရီက ပြောထွက်သွားတယ်။ "သင်ရှူးနေပြီ"

"ကျုပ်ရူးတယ် ?" မူးဒီဟာ ချုပ်တည်းမရဘဲ အသံကို မြှင့်လိုက်တယ်။ ကြည့်သေးတာပေါ့။ ဘယ်သူရူးတယ်ဆိုတာ ကြည့်ရအောင်။ မှော်နက်သခင် ပြန်လာပြီ၊ ကျုပ်က သူ့ကို ဝန်းရံနေတယ်။ ဟယ်ရီ-ပေါ်တာ။ မင်း သူ့ကို နိုင်ခဲ့ဘူး —— အခု —— ကျုပ်က မင်းကို အနိုင်ယူမယ်"

မူးဒီက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်၊ ပါးစပ်ဟလာတယ်၊ ဟယ်ရီက လက်ကို ဝတ်ရုံရှည်ထဲ နှိုက်လိုက်တယ် ——

"မူးမေ့လဲစေ" မျက်စိရှူးစေတဲ့ အနီရောင်ဟာ သစ်သားကွဲအက်တဲ့ အသံကြီးနဲ့အတူ၊ မူးဒီရဲ့ ရုံးခန်းတံခါး တွန်းဖွင့်ခံလိုက်ရတယ် ——

မူးဒီဟာ စန့်စန့်ကြီး မှောက်ရက်လဲကျသွားတယ်။ ဟယ်ရီဟာ ခုနက ဒင်းရဲ့ မျက်နှာရှိတဲ့နေရာကို ကြည့်နေတုန်းပဲ။ အောဘတ်စ်-ဒမ်ဘလီဒိုး၊ ပါမောက္ခ စနိတ်ပ်၊ ပါမောက္ခ မက်ဂေါ်နာဂေါတို့ဟာ ရန်သူပြမှန်ထဲကနေ သူ့ကို ကြည့်နေတယ်။ သူ လှည့်ကြည့်လိုက်တော့၊ သူတို့သုံးယောက် တံခါးဝမှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေတာ တွေ့ရတယ်။ ဒမ်ဘာလီဒိုးက ရှေ့မှာ၊ မော်ကြိမ်လုံး ကိုင်ထားတယ်။

အဲဒီအချိန်လေးမှာပဲ၊ လူတွေက ဒမ်ဘာလီဒိုးသာလျှင် ဗိုလ်ဒီမော့ ကြောက်တဲ့ တစ်ဦးတည်းသောလူလို့ ဘာကြောင့်ပြောတယ်ဆိုတာ ဟယ်ရီ နားလည်သွားတယ်။ မေ့လဲနေတဲ့ အရှုံးမျက်လုံးမူးဒီကိုကြည့်တဲ့ ဒမ်ဘာလီဒိုးရဲ့ အမူအရာဟာ သိပ်ကြောက်စရာကောင်းတယ်။ ဟယ်ရီ တွေးထင်တာထက် ဆိုးတယ်။ အပြုံးမရှိ၊ မျက်မှန်နောက်က မျက်လုံးထဲမှာ ပျော်ရွှင်တဲ့ မီးပွင့် မရှိဘူး။ အိုမင်းတဲ့မျက်နှာပေါ်က အရေးအကြောင်းအားလုံးဟာ အေးစက်တဲ့ ဒေါသထွက်နေတယ်။ ဒမ်ဘာလီဒိုးတစ်ကိုယ်လုံးမှ အင်အားတစ်မျိုး လွှတ်ထုတ် နေတယ်။ သူ့တစ်ကိုယ်လုံး မီးလောင်နေသလိုပဲ။

သူ အခန်းထဲ ဝင်လာတယ်။ ခြေတစ်ချောင်းကို မူးဒီကိုယ်အောက် ထိုးပြီး ၎င်းကို ပက်လက်လှန်လိုက်တယ်။ မျက်နှာပေါ်လာစေတယ်။ စနိတ်ပ် လိုက်ဝင်လာတယ်။ နံရံပေါ်က ရန်သူပြမှန်ကို ကြည့်တယ်။ သူ့မျက်နှာဟာ မှန်ထဲမှာ အခန်းထဲ လှမ်းကြည့်နေတုန်းပဲ။ ပါမောက္ခ မက်ဂေါ်နာဂေါ်လ ဟယ်ရီ့ဆီ တန်းလာတယ်။

"လာ၊ ဟယ်ရီ" သူမက အသာလေးပြောတယ်။ "နှုတ်ခမ်းပါးပါးလေး တုန်နေတယ်။ ငိုတော့မလိုပဲ။ "ကိုယ်နဲ့ လိုက်ခဲ့ . . . . ဆေးရုံသွားမယ် . . . .

"မသွားနဲ့ဦး" ဒမ်ဘာလီဒိုးက ပြတ်သားစွာ ပြောတယ်။

"ဒမ်ဘာလီဒိုး၊ သူ ဆေးရုံသွားမှ ဖြစ်မယ် —— သူ့ကို ကြည့်ပါဦး —— သူ ဒီည သိပ်ဒုက္ခရောက်ခဲ့ပြီ ——"

"သူ နေခဲ့မှဖြစ်မယ်။ မီနာဗာ။ သူသိဖို့လိုတယ်" ဒမ်ဘာလီဒိုးက တိုတို ပြောတယ်။ "နားလည်ခြင်းဟာ လက်ခံခြင်းရဲ့ ပထမခြေလှမ်း။ လက်ခံပြီးမှ ပြန်လည်ကျန်းမာနိုင်မယ်။ ဘယ်သူ့ကြောင့် သူ ဒီည ဒုက္ခခံခဲ့ရတယ်ဆိုတာ သူသိဖို့လိုတယ်။ ပြီးတော့ ဘာကြောင့်ဒီလိုဖြစ်တယ်ဆိုတာလဲ သိဖို့လိုတယ်"

"မူးဒီ" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် သူ လုံးဝမယုံကြည်နိုင် သေးဘူး။ "ဘယ်လိုလုပ်ပြီး မူးဒီဖြစ်မှာလဲ ?"

"အဲဒါ အလတ်စတာ-မူးဒီ မဟုတ်ဘူး" ဒမ်ဘာလီဒိုးက ငြိမ်သက်စွာ ပြောတယ်။ "မင်း အလတ်စတာ-မူးဒီကို မသိဘူး။ မူးဒီအစစ်ဟာ ဒီည ပြီးပြီးနောက် မင်းကို ကျုပ်အနားက ခေါ်သွားမှာမဟုတ်ဘူး။ သူက မင်းကို ခေါ်သွားတာနဲ့ ကျုပ် သိလိုက်တာပဲ။ ဒါကြောင့် —— လိုက်လာတာ"



ဒမ်ဘာလီဒိုးက ကုန်းပြီး မူးမေ့နေတဲ့ မူးဒီကိုယ်ပေါ်ကနေ ပုလင်းခုံး အရက်ပုလင်းနဲ့ သော့တွဲတစ်တွဲကို နှိုက်ယူလိုက်တယ်။ ပြီးတော့ သူက ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ စနိတ်ပ်ကို ကြည့်နေတယ်။

"ဆီးဗရက်၊ ခင်ဗျားရဲ့အားအကောင်းဆုံး အမှန်ပြောဆေးကို သွားယူ၊ ပြီးတော့ မီးဖိုချောင်သွားပြီး ဝင့်ခီလို့ခေါ်တဲ့ အိမ်မွေးမှင်စာလေးကို ခေါ်ခဲ့။ မီနာဗာ၊ ဟက်ဂရစ်အိမ်ကို သွားလိုက်ပါဦး။ သူ့ရွှေဖရုံသီးခင်းထဲမှာ ခွေးနက်ကြီးတစ်ကောင်ရှိတယ်။ အဲဒီခွေးကြီးကို ကျုပ်ရုံးခန်း ခေါ်လာခဲ့ပါ။ ၎င်းကို ကျုပ် ခုတွင်ရောက်မယ်လို့ ပြောပြပါ။ ပြီးတော့ ခင်ဗျား ဒီကိုပြန်လာပါ"

စနိတ်ပ်နဲ့ မက်ဂေါ်နာဂေါ်တို့ ဒီညွှန်ကြားချက်တွေ ထူးဆန်းတယ်လို့ ထင်ချင်ထင်မှာ။ ဒါပေမယ့် သူတို့ မဖော်ပြဘူး။ နှစ်ယောက်စလုံး ချက်ချင်း လှည့်ထွက်သွားတယ်။ ဒမ်ဘာလီဒိုးဟာ သော့ခုနစ်လုံးရှိတဲ့ သေတ္တာရှေ့ လျှောက်သွားပြီး ပထမသော့ကို သော့ပေါက်ထဲ ထိုးလိုက်တယ်၊ သေတ္တာကို ဖွင့်လိုက်တယ်။ အထဲမှာက ဂါထာစာအုပ်တွေ၊ ဒမ်ဘာလီဒိုးက သေတ္တာကို ပိတ်လိုက်တယ်။ ဒုတိယသော့ကို ဒုတိယသော့ပေါက်ထဲ ထိုးလိုက်တယ်။ ထပ်ဖွင့်လိုက်တော့ သေတ္တာထဲမှာ ဂါထာစာအုပ်တွေ မဟုတ်တော့ဘူး၊ စောင့်ကြည့်မှန် အပျက်မျိုးစုံ၊ သိုးရေစက္ကူအချို့နဲ့ ငှက်မွေးကလောင်၊ ငွေရောင်ကိုယ်ပျောက် ဝတ်ရုံတစ်ထည် ဖြစ်နေတယ်၊ ဟယ်ရီဟာ ဒမ်ဘာလီဒိုးက တတိယ၊ စတုတ္ထ၊ ပဉ္စမနဲ့ ဆဋ္ဌမသော့တွေကို သော့ပေါက်ထဲ ထိုးလိုက်တာကို အံ့သြစွာ ကြည့်နေတယ်။ သေတ္တာဖွင့်လိုက်တယ်၊ အကြိမ်တိုင်း အကြိမ်တိုင်း ပေါ်ထွက်လာတဲ့ အရာတွေက မတူဘူး။ နောက်ဆုံး သူက သတ္တမသေတ္တာသော့ကို သော့ပေါက်ထဲ ထိုးလိုက်ပြီး သေတ္တာကို ဖွင့်လိုက်တယ်။ ဟယ်ရီ လန့်ပြီး အော်လိုက်တယ်။

သေတ္တာအောက်ခင်းဟာ တွင်းကြီးလိုပဲ။ မြေအောက်အခန်းနဲ့ တူတယ်၊ ဆယ်ပေလောက်နက်တဲ့ ကြမ်းပေါ်မှာ လူတစ်ယောက် လဲနေတယ်၊ အနှိုးပြိုင်းပြိုင်းနဲ့ အိပ်ပျော်နေသလိုပဲ၊ အဲဒါ အရှုံးမျက်လုံးမူးဒီအစစ်။ ၎င်းရဲ့ သစ်သားခြေထောက် မရှိတော့ဘူး၊ မော်မျက်လုံးရဲ့ မျက်ခွံအောက်မှာ လွတ်နေတယ်၊ ဆံပင်ဖြူဖြူတွေ တချို့နေရာမှာ ကိုက်ဖြတ်ထားတယ်၊ ဟယ်ရီဟာ သေတ္တာအောက်က အိပ်ပျော်နေတဲ့ မူးဒီကို ကြည့်လိုက်၊ ရုံးခန်းကြမ်းပြင်ပေါ်မှာ မေ့လဲနေတဲ့ မူးဒီကို ကြည့်လိုက်နဲ့ အလွန်ထိတ်လန့်နေတယ်။

ဒမ်ဘာလီဒိုးက သေတ္တာထဲ ဝင်သွားတယ်၊ အိပ်ပျော်နေတဲ့ မူးဒီ

www.burmeseclassic.com

www.burmeseclassic.com



ဘေးကို အသာလေးကျသွားတယ်။ သူ့ကို ငုံ့ကြည့်နေတယ်။

"ထိမှန်လို့ မေ့နေပြီ —— ဝိညာဉ်လုကျိန်စာ ထိထားတယ် —— သိပ်ချည့်နဲ့နေပြီ" သူက ပြောတယ်။ "ဒါပေါ့လေ၊ သူတို့က သူ့ကို အသက်ရှင် နေဖို့ လိုတယ်။ ဟယ်ရီ၊ မူးဒီအတုရဲ့ ခြုံထည်ကို ပစ်ချပေး —— သူ သိပ် အေးနေပြီ၊ သူ့ကို မဒမ်ဖွမ်ဖရေဆီ ပို့ရမယ်၊ ဒါပေမယ့် ခုချက်ချင်းတော့ အသက်အန္တရာယ် မရှိသေးဘူး"

ဟယ်ရီက ပြောတဲ့အတိုင်း လုပ်လိုက်တယ်၊ ဒမ်ဘလီဒိုးက ခြုံထည် ကို မူးဒီကိုယ်ပေါ် ခြုံပေးတယ်၊ သေသေချာချာ ခြုံပေးတယ်၊ ဒီနောက် သေတ္တာ ထဲက ထွက်လာတယ်။ သူက စားပွဲပေါ်က အရက်ပုလင်းခုံးကို ယူပြီး၊ အဖုံး ဖွင့်လိုက်တယ်။ အရက်ပုလင်းကို ဇောက်ထိုးလုပ်လိုက်တာနဲ့ ပျစ်ပျစ်အရည် တွေ ရုံးခန်းကြမ်းပြင်ပေါ် ကျလာတယ်၊

"ကွန်ပေါင်းဆေးရည်၊ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ "ကြည့်စမ်း ဒါ ဘယ်လောက်လွယ် ဘယ်လောက်ဟန်ကျပါသလဲ၊ မူးဒီဟာ သူ့မှာပါ အရက်ပုလင်းခုံးထဲကအရက်ပဲ သောက်တယ်။ ဒါ နာမည်ကြီးပြီးသား။ ဒါကြောင့် အတုလုပ်တဲ့လူဟာ မူးဒီအစစ်ကို အနားမှာ ထားရမယ်၊ ဒါမှ ကွန်ပေါင်းဆေး ရည် အဆက်မပြတ် ပြုလုပ်လို့ရမှာ။ သူ့ဆံပင်ကို မင်းကြည့်စမ်း ....

ဒမ်ဘလီဒိုးက သေတ္တာထဲက မူးဒီကို ကြည့်ပြီး ပြောတယ်။ "တစ်နှစ်လုံး အညှပ်ခံရတယ်၊ မညီညာတဲ့နေရာကို မြင်ရပြီလား။ ဒါပေမယ့် ကျုပ်ထင်တယ် ကျုပ်တို့ရဲ့ မူးဒီဟာ ဒီည သိပ်စိတ်ဓာတ်တက်ကြွနေလို့ ဆေးသောက်ဖို့ မေ့ တယ် ထင်တယ် .... တစ်နာရီ တစ်ခါသောက်ရတယ် .... စောင့်ကြည့် တာပေါ့"

ဒမ်ဘလီဒိုးက စားပွဲရှေ့က ထိုင်ခုံကို ဆွဲထုတ်ပြီး ထိုင်လိုက်တယ် ကြမ်းပေါ်မှာ မေ့နေတဲ့ မူးဒီကို ကြည့်နေတယ်၊ ဟယ်ရီကလည်း သူ့ကို ကြည့် နေတယ်၊ အချိန်ဟာ ငြိမ်သက်ခြင်းကြားက တစ်မိနစ် တစ်စက္ကန့်ချင်း ကျော် လွန်သွားတယ်။

ကြည့်နေရင်းနဲ့ ကြမ်းပေါ်ကလူရဲ့မျက်နှာဟာ ပြောင်းလာတယ် ဒဏ်ရာ တဖြည်းဖြည်းပျောက်သွားပြီး အသားအရေ ပြောင်ချောလာတယ် နှာခေါင်း ပြည့်ပြည့်စုံစုံနဲ့ ကျုံ့သွားတယ်၊ ဖြူမွဲမွဲဆံပင်တွေ တိုသွားပြီး၊ အဝါ ဖျော့ဖျော့ ဖြစ်သွားတယ်။ ရှတ်တရက် ဒေါင်ခနဲမြည်ပြီး သစ်သားခြေထောက်



ဘေးကျလာတယ်။ ခြေအစစ်တစ်ချောင်း ပေါက်လာတယ်။ ဆက်လက်ပြီး မှော် မျက်လုံးဟာ မျက်တွင်းထဲက ခုန်ထွက်လာတယ်။ ၎င်းနေရာမှာ မျက်လုံးအစစ် တစ်လုံး အစားဝင်လာတယ်၊ မှော်မျက်လုံးဟာ ကြမ်းပေါ် လိမ့်ကျလာပြီး လည် နေတုန်းပဲ။

သူ့ရှေ့မှာ ယောကျ်ားတစ်ယောက် လဲနေတာ ဟယ်ရီ မြင်ရတယ်၊ အသားအရေ ဖြူဖပ်ဖြူရော်နဲ့ မှဲ့ခြောက်နည်းနည်းရှိတယ်။ အဝါဖျော့ဖျော့ ဆံပင် ကပိုကရိုနဲ့။ ဒီလူကို သူ သိတယ်။ ဒမ်ဘလီဒိုးရဲ့ အတွေးဇလုံထဲမှာ မြင်ဖူးတယ်။ သူ့ကို ဝိညာဉ်စုပ်ကောင်က တရားရုံးကနေ ခေါ်သွားတုန်းက မွေတာခရောက်ချ်ကို မိမိမှာ အပြစ်မရှိဘူးလို့ ခုခံပြောဆိုသေးတာ သူ မြင်ရ တယ် .... ဒါပေမယ့် အခု သူ့မျက်လုံးထောင့်မှာ အရေးအကြောင်းတွေ နှင့်နေပြီ၊ အများကြီး အိုသွားတယ် ....

စင်္ကြံထဲမှာ ခြေလှမ်း ခပ်သုတ်သုတ်သံ ပေါ်လာတယ်၊ စနိတ်ပ်ဟာ ဝင်ခ်ီကို ခေါ်ပြီး ပြန်လာတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ နောက်က ကပ်လိုက်လာတယ်။

"ခရောက်ချ်" စနိတ်ပ်က အပေါက်ဝမှာ ငိုင်သွားတယ်။ "ဘာထီ- ခရောက်ချ်အငယ်"

"ဘုရား၊ ဘုရား" ပါမောက္ခ မက်ဂေါ်နာဂေါ် နေရာတွင်ငိုင်ရပ်နေ တယ်၊ ကြမ်းပေါ်ကယောကျ်ားကို မျက်လုံးပြူးကြည့်နေတယ်။

ညစ်ညစ်ပေပေ ဝင့်ခ်ီဟာ စနိတ်ပ်ခြေထောက်နားကနေ ပြူးကြည့် နေတယ်။ သူမဟာ ပါးစပ်ကြီးဟပြီး နားစူးစေတဲ့အော်သံ ထွက်လာတယ်။

"ဘာတီ သခင်လေး၊ ဘာထီသခင်လေး၊ သင် ဒီမှာ ဘာလုပ်နေတာ လဲ"

သူမဟာ အဲဒီလူငယ်ယောကျ်ားရင်ဘတ်ပေါ် သွားမှောက်လျက်။

"သင် သူ့ကို သတ်တယ်၊ သင် သူ့ကို သတ်တယ်။ သင် သခင်ရဲ့ ဖခင်းကို သတ်တယ်"

"သူ မူးမေ့ဂါထာ ထိမှန်ထားတာပါပဲ၊ ဝင့်ခ်ီ" ဒမ်ဘလီဒိုးက ပြော တယ်၊ "နည်းနည်းဖယ်ပေးပါ။ ဆီးဗရတ်စ်၊ ဆေးယူလာပြီလား"

စနိတ်ပ်က ဒမ်ဘလီဒိုးကို ကြည်လင်တဲ့ဆေးရည်ပုလင်းလေး တစ် ချောင်း ပေးလိုက်တယ်၊ အဲဒါကျောင်းတက်စဉ် ဟယ်ရီကို ခြိမ်းခြောက်တဲ့ အမှန်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆေး၊ ဒမ်ဘာလီဒိုး မတ်တတ်ရပ်လိုက်တယ်။ ခါးကုန်းပြီး ကြမ်းပေါ်က ယောက်ျားကို ဆွဲထူတယ်။ ၎င်းကို ရန်သူကြည့်မှန်ရှေ့မှာ မှီထိုင်ခိုင်းထားတယ်။ ရန်သူကြည့်မှန်ထဲမှာ ဒမ်ဘာလီဒိုး၊ စနိတ်ပ်နဲ့ မက်ဂေါ်နာဂေါ်ဟာ သူတို့ကို ကြည့်နေတုန်းပဲ။ ဝင့်ခီဟာ နေရာတွင် ဒူးထောက်ပြီး လက်နဲ့ မျက်နှာကို အုပ်ထားတယ်။ တစ်ကိုယ်လုံး တုန်နေတယ်။ ဒမ်ဘာလီဒိုးက အဲဒီလူရဲ့ ပါးစပ်ထဲ ဖြဲပြီး ဆေးသုံးစက် သွန်ထည့်လိုက်တယ်၊ ဒီနောက် အဲဒီလူရဲ့ရင်ဝကို မှော်ကြိမ်လုံးနဲ့ချိန်ပြီး "မြန်မြန်သတိရ"လို့ ပြောတယ်။

ခရောက်ချ်ရဲ့သားဟာ မျက်စိဖွင့်ကြည့်တယ်၊ သူ့အကြည့်ဟာ အရောင်မရှိဘူး။ ဒမ်ဘာလီဒိုးက သူ့အနားမှာ ဆောင့်ကြောင့်ထိုင်လိုက်ပြီး သူ့မျက်နှာချင်းဆိုင်လိုက်တယ်။

"ကျုပ် ပြောတာ ကြားလား" ဒမ်ဘာလီဒိုးက တည်ငြိမ်စွာ မေးတယ်။

အဲဒီယောက်ျားရဲ့ မျက်ခွံ လေးငါးချက် လှုပ်လိုက်တယ်။

"ကြားရတယ်" သူက တိုးတိုးပြောတယ်။

"ကျုပ်တို့ကို ပြောပြပါ" ဒမ်ဘာလီဒိုးက ဖြည်းနှေးစွာ ပြောတယ်။ "မင်း ဘာဖြစ်လို့ ဒီရောက်နေတာလဲ။ မင်း ဘယ်လိုလုပ်ပြီး အက်ဇ္ခါဘန်က ထွက်ပြေးလာတာလဲ"

ခရောက်ချ်ဟာ တုန်ခါရင်း အသက်ပြင်းပြင်းရှူလိုက်တယ်။ ဒီနောက် ခံစားချက်မပါတဲ့ အသံတစ်ဖြောင့်တည်းနဲ့ စကားပြောလာတယ်။

"ကျွန်တော့်အမေက ကျွန်တော့်ကို ကယ်တာ။ သူမဟာ မိမိသေခါနီးပြီမှန်းသိလို့၊ ကျွန်တော့်အဖေကို ကျွန်တော့်ကို ကယ်ဖို့ တောင်းပန်တယ်၊ သူ့အတွက် နောက်ဆုံးလုပ်ပေးခြင်းဖြစ်တယ်။ အဖေက ကျွန်တော့်ကို ဘယ်တုန်းကမှ မချစ်ပေမယ့် သူမကို သိပ်ချစ်တယ်။ သူ သဘောတူလိုက်တယ်၊ သူတို့ ကျွန်တော့်ကို အတူလာတွေ့တယ်။ ကျွန်တော့်ကို ကွန်ပေါင်းဆေးရည်တစ်ခွက် တိုက်လိုက်တယ်၊ ဆေးထဲမှာ ကျွန်တော့်အမေ့ဆံပင် ပါတယ်၊ အမေက ကျွန်တော့်ဆံပင်ပါတဲ့ ကွန်ပေါင်းဆေးရည် သောက်လိုက်တယ်။ ကျွန်တော်တို့ ရုပ်ရည်ချင်း လဲလိုက်တယ်"

ဝင့်ခီဟာ ခေါင်းခါရင်း တစ်ကိုယ်လုံး တုန်နေတယ်။

"မပြောပါနဲ့တော့၊ သခင်လေး ဘာတီ၊ မပြောပါနဲ့တော့၊ သင့်အဖေ ဒုက္ခရောက်လိမ့်မယ်"



ဒါပေမယ့် ခရောက်ချ်ဟာ အသက်ပြင်းပြင်း ရှူလိုက်ပြန်တယ်၊ အသံတစ်ဖြောင့်တည်းနဲ့ ဆက်ပြောသွားတယ်။

"ဝိညာဉ်စုပ်ကောင်တွေဟာ အကန်းတွေ။ သူတို့ဟာ ကျန်းမာတဲ့လူတစ်ယောက်နဲ့ သေခါနီးလူတစ်ယောက် အက်ဇ္ခါဘန်ကို ဝင်လာတာ အနံ့ရတယ်။ တစ်ခါ သေခါနီးလူတစ်ယောက်နဲ့ ကျန်းမာတဲ့လူတစ်ယောက် အက်ဇ္ခါဘန်က ပြန်ထွက်သွားတာ အနံ့ရတယ်။ ကျွန်တော့်အဖေက ကျွန်တော့်ကို တိတ်တိတ်ခေါ်ထုတ်သွားတယ်။ ကျွန်တော်က ကျွန်တော့်အမေယောင်ဆောင်တယ်။ အကျဉ်းသားတွေ တံခါးကြားကမြင်မှာစိုးလို့၊

"ကျွန်တော့်အမေဟာ အက်ဇ္ခါဘန်မှာ သိပ်မကြာဘူး၊ သေသွားရော၊ သူမဟာ ကွန်ပေါင်းဆေးရည်သောက်ဖို့ မမေ့ဘူး။ သေတော့လဲ ကျွန်တော့်ရုပ်အတိုင်းပဲ။ ကျွန်တော်ပဲဆိုပြီး မြှုပ်ပစ်လိုက်တယ်။ လူအားလုံးက အဲဒါ ကျွန်တော်ပဲလို့ ထင်ကြတယ်"

အဲဒီယောက်ျားရဲ့မျက်ခွံ တုန်ခါနေတယ်။

"မင်းအဖေက မင်းကို အိမ်ခေါ်သွားပြီး၊ မင်းကို ဘယ်လိုလုပ်လဲ" ဒမ်ဘာလီဒိုးက အေးဆေးစွာ မေးတယ်။

"ကျွန်တော့်အမေဆုံးဟန်ဆောင်တယ်။ လျှို့ဝှက်ရှာပနတစ်ခု ကျင်းပတယ်၊ ခေါင်းထဲမှာ ဗလာပဲ။ အိမ်မွေးမှင်စာလေးက ကျွန်တော့်ကို ကျန်းမာအောင် ပြုစုတယ်။ ကျွန်တော့်အဖေက ကျွန်တော့်ကို ဝှက်ထားချင်တယ်၊ ကျွန်တော့်ကို ချုပ်ကိုင်ချင်တယ်၊ သူဟာ ဂါထာအမျိုးမျိုးနဲ့ ကျွန်တော့်ကို ချုပ်ထိန်းတယ်၊ ကျွန်တော် ကိုယ်ခန္ဓာ ပြန်ကောင်းလာပြီးနောက်၊ ကျွန်တော့်သခင်ကိုပဲရှာဖို့ စိတ်ရှိတယ် . . . . သူ့ကို အလုပ်အကျွေးပြုချင်တယ်"

"မင်းအဖေက မင်းကို ဘယ်လိုချုပ်ထိန်းတာလဲ" ဒမ်ဘာလီဒိုးက မေးတယ်။

"ဝိညာဉ်လုကျိန်စာ" ခရောက်ချ်က ပြောတယ်၊ "ကျွန်တော့်အဖေ ချုပ်ကိုင်တာ ခံနေရတယ်။ တစ်နေကုန် ကိုယ်ပျောက်ဝတ်ရုံ ခြုံထားရတယ်၊ ကျွန်တော် အိမ်မွေးမှင်စာလေးနဲ့ပဲ နေခဲ့ရတယ်၊ သူမက ကျွန်တော့်ရဲ့ သူနာပြု၊ သူမက ကျွန်တော့်ကို စာနာတယ်။ ကျွန်တော့်အဖေကို တစ်ခါတစ်ရံ ကျွန်တော့်ကို နည်းနည်းလျှော့ပေးဖို့ ပြောတယ်။ ကျွန်တော့်ဖော်ပြချက်မရှိတဲ့အတွက် ဆုလာဘ်ဖြစ် လျှော့ပေးဖို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သခင်လေး ဘာထီ၊ သခင်လေး ဘာထီ" ဝင့်ခီဟာ မျက်နှာကို အုပ်ပြီး ရှိုက်ငိုရင်း ပြောတယ်။ "သင် သူတို့ကို ပြောမပြသင့်ဘူး။ ကျွန်မတို့ ဒုက္ခရောက်လိမ့်မယ် . . . ."

"မင်း အသက်ရှင်နေတာ သိတဲ့လူရှိလား" ဒမ်ဘလီဒိုးက ဖြည်းဖြည်း မေးတယ်။ "မင်းအဖေနဲ့ အိမ်မွေးမှင်စာလေးအပြင်"

"ရှိတယ်" ခရောက်ချ်ရဲ့မျက်ခွံတွေ တုန်ခါလာပြန်တယ်။ "ကျွန်တော့် အဖေရုံးခန်းက မှော်ဆရာမတစ်ယောက်။ ဘာသာ-ဂျော်ကင်စ်။ သူမဟာ စာရွက်စာတမ်းတွေ ယူပြီး၊ ကျွန်တော့်အဖေကို လက်မှတ်ထိုးခိုင်းဖို့ ကျွန်တော် တို့အိမ်ကို လာတယ်။ ကျွန်တော့်အဖေ အိမ်မှာမရှိဘူး။ ဝင့်ခီက သူ့ကို အိမ်ထဲ ခေါ်လာတယ်။ ဒီနောက် မီးဖိုချောင်ထဲ ပြန်ပြီး ကျွန်တော့်ကို ပြုစုတယ်။ ဒါပေ မယ့် ဘာသာ-ဂျော်ကင်စ်ဟာ ဝင့်ခီနဲ့ ကျွန်တော် စကားပြောတာ ကြားသွား တယ်။ ဒါနဲ့ လာကြည့်တယ်။ သူမဟာ ကြားရတဲ့စကားထဲကနေ ကိုယ်ပျောက် ဝတ်ရုံအောက်ကလူဟာ ဘယ်သူဆိုတာ ခန့်မှန်းလို့ရသွားတယ်။ ကျွန်တော့် အဖေ ပြန်လာတော့ သူမက ရှေ့တွင်မေးတယ်။ သူက သူမကို အလွန်ပြင်းထန် တဲ့ မေ့ပျောက်ဂါထာချလိုက်တယ်။ သူမ တွေ့ရှိတဲ့ လျှို့ဝှက်ချက်ကို လုံးဝ မေ့ပျောက်သွားစေတယ်။ ဒီဂါထာက သိပ်ပြင်းထန်လွန်းတယ်။ ကျွန်တော့် အဖေက ပြောတယ်။ သူမမှတ်ဉာဏ်မှာ ရေရှည်ထိခိုက်မှု ဖြစ်သွားတယ်တဲ့"

"သူမက ကျွန်မသခင်ရဲ့ ကိုယ်ရေးကိုယ်တာကို ဘာဖြစ်လို့ ဝင်ပါရ တာလဲ" ဝင့်ခီက ရှိုက်ငိုရင်း ပြောတယ်။ "သူမက ဘာဖြစ်လို့ ကျွန်မတို့ကို ချမ်းသာမပေးတာလဲ"

"ခွေဒစ်ကမ္ဘာ့ဖလားပွဲအကြောင်း ပြောပါဦး" ဒမ်ဘလီဒိုးက ပြော တယ်။

"ဝင့်ခီက ကျွန်တော့်အဖေကို နားချလို့ ရသွားတယ်" ခရောက်ချ်က အတက်အကျမရှိတဲ့ လေသံနဲ့ပဲ ပြောတယ်။ "သူမက သူ့ကို လေးငါးလတောင် နားချရတာ။ ကျွန်တော် အိမ်ပြင်ကို မထွက်ရတာ နှစ်နဲ့ချီနေပြီ။ ကျွန်တော် ခွေဒစ်ကို သိပ်ကြိုက်တာ။ သူ သွားပါစေ။ သူမက ပြောတယ်။ သူ ကိုယ်ပျောက် ဝတ်ရုံ ဝတ်ထားလို့ ရတာပဲ။ သူ ပြိုင်ပွဲကြည့်လို့ရတယ်။ သူ့ကို လေကောင်း လေသန့် ရှူရှိုက်ခွင့် ပေးလိုက်ပါဦး။ သူမက ပြောတယ်။ ကျွန်တော့်အမေသာ ဆိုရင် ကျွန်တော့်ကို သွားစေချင်မှာပဲ။ သူက ကျွန်တော့်အဖေကို ပြောတယ်။



အမေ ကျွန်တော့်ကို ကယ်တာဟာ ကျွန်တော့်ကို လွတ်လပ်ခွင့် ရစေချင်လို့ တစ်သက်လုံး အကျယ်ချုပ်ထားချင်လို့ မဟုတ်ဘူးလို့ ပြောတယ်။ ကျွန်တော့် အဖေက နောက်ဆုံးမှာ သဘောတူလိုက်တယ်။

"စီမံကိန်းက သိပ်အကွက်စေ့တယ်။ ကျွန်တော့်အဖေဟာ အစောကြီး ကတည်းက ကျွန်တော်နဲ့ ဝင့်ခီကို အပေါ်ဆုံးပွဲကြည့်စင်ခန်းထဲကို ခေါ်သွား တယ်။ ဝင့်ခီက ကျွန်တော့်အဖေအတွက် နေရာဦးတာလို့ ပြောလို့ရတယ်။ ကျွန်တော် အဲဒီမှာ ထိုင်နေတယ်။ ဘယ်သူကမှ မမြင်ရဘူး။ အားလုံး ထွက်ခွာ သွားပြီးမှ ကျွန်တော်တို့ ထွက်လာတယ်။ ကြည့်ရင်တော့ ဝင့်ခီတစ်ယောက် တည်း။ ဘယ်သူမှ တွေ့မသွားဘူး။

"ဒါပေမယ့် ကျွန်တော် တောင့်တင်းလာတာကို ဝင့်ခီက မသိဘူး။ ကျွန်တော်ဟာ အဖေရဲ့ ဝိညာဉ်လုကျိန်စာကို စတင်ခုခံတယ်။ တစ်ခါတလေ မှာ ကျွန်တော် မူလအတိုင်း ပြန်ဖြစ်လာတယ်။ တစ်ခါတလေမှာ သူ့ချုပ်ကိုင် မှုက ယာယီလွတ်သွားသလိုပဲ။ ထိပ်ဆုံးပွဲကြည့်စင်ခန်းမှာ အဲဒါမျိုး အခြေ အနေ ဖြစ်ပွားခဲ့တယ်။ အိပ်မက်ထဲက နိုးလာသလိုပဲ၊ ကိုယ့်ကိုယ်ကို လူအုပ် ထဲ ထိုင်နေပြီး ပြိုင်ပွဲကြည့်နေတာ တွေ့ရှိတယ်။ ကျွန်တော့်ရှေ့မှာ မှော်ကြိမ်လုံး တစ်လက် ကောင်လေးတစ်ယောက်ရဲ့ အင်္ကျီအိတ်ကပ်ထဲ ထိုးထားတယ်။ အက်ဇခါဘန်ကို ရောက်ပြီးကတည်းက ကျွန်တော် မှော်ကြိမ်လုံးကို မထိခဲ့ရ ဘူး၊ ကျွန်တော်က အဲဒီမှော်ကြိမ်လုံးကို ခိုးယူလိုက်တယ်။ ဝင့်ခီ မသိဘူး၊ ဝင့်ခီမှာ အမြင့်ကြောက်ရောဂါရှိတယ်၊ လက်နဲ့ မျက်နှာကိုချည်း အုပ်ထား တယ်"

"သခင်လေး ဘာထီ၊ ဆိုးတဲ့ကလေး" ဝင့်ခီက အသာလေးပြောတယ်။ မျက်ရည်တွေ လက်ကြားကနေ အောက်ကိုစီးကျတယ်။

"မင်း မှော်ကြိမ်လုံးကို ယူတယ် ?" ဒမ်ဘလီဒိုးက ပြောတယ်။ "ငင်းနဲ့ ဘာလုပ်လဲ"

"ကျွန်တော်တို့ တဲထဲပြန်ရောက်လာတယ်" ခရောက်ချ်က ပြောတယ်။ ဒီနောက် ဒက်အီတာတွေရဲ့အသံကို ကြားရတယ်။ အဲဒီ အက်ဇခါဘန်ကို ရောက်ဖူးတဲ့ကောင်တွေ။ သူတို့ဟာ ဘယ်တုန်းကမှ ကျွန်တော့်အရှင်သခင် အတွက် ဒုက္ခမခံခဲ့ဘူး။ သူတို့က သူ့ကို သစ္စာဖောက်တယ်။ သူတို့ဟာ ကျွန် တော့်လို မတတ်သာလို့ မဟုတ်ဘူး။ သူတို့ဟာ လွတ်လပ်မှာ သူ့ကို လိုက်ရှာ

www.burmeseclassic.com



နိုင်တယ်၊ ဒါပေမယ့် သူတို့ မလုပ်ဘူး။ သူတို့ဟာ မတ်ဂေါ်တွေကိုပဲ အနိုင်ကျင့်တတ်တယ်၊ သူတို့အသံက ကျွန်တော့်ကို နိုးကြားစေတယ်။ ကျွန်တော့်ဦးနှောက်ဟာ နှစ်အချို့အတွင်းမှာ ပထမအကြိမ် ရှင်းရှင်းနိုးကြားနေတယ်။ ကျွန်တော် သိပ်စိတ်ဆိုးတယ်။ ကျွန်တော် မှော်ကြိမ်လုံးကို ယူပြီး၊ အဲဒီသစ္စာမရှိတဲ့ကောင်တွေကို သွားဆုံးမချင်တယ်။ ကျွန်တော့်အဖေ တဲထဲမှာ မရှိဘူး။ သူ မတ်ဂေါ်တွေကို သွားကယ်တယ်။ ဝင့်ခီဟာ ကျွန်တော် သိပ်စိတ်ဆိုးနေတာမြင်တော့ သူမ သိပ်ကြောက်သွားတယ်။ သူမဟာ သူမရဲ့ မှော်ပညာနဲ့ ကျွန်တော့်ကို သူမအနားမှာ ချည်နှောင်ထားတယ်၊ သူမဟာ ကျွန်တော့်ကို တဲထဲက ဆွဲခေါ်သွားပြီး ဒက်အီတာတွေနဲ့ဝေးရာ သစ်တောထဲ သွားထားတယ်၊ ကျွန်တော်က သူမကို တားချင်တယ်၊ စခန်းထဲ ပြန်သွားချင်တယ်။ အဲဒီ ဒက်အီတာတွေကို ဘာကမှ မှော်နက်သခင်ကြီးကို သစ္စာရှိတာဆိုတာ ပြချင်တယ်၊ ပြီးတော့ သူတို့ရဲ့ သစ္စာမရှိမှုကို ဒဏ်ခတ်မယ်။ ကျွန်တော်ဟာ ခိုးလာတဲ့ မှော်ကြိမ်လုံးနဲ့ မှော်နက်အမှတ်အသားကို မိုးပေါ် ပစ်လွှတ်လိုက်တယ်။

"မှော်ဝန်ကြီးဌာနက မှော်ဆရာတွေ လာတယ်။ နေရာတကာမှာ မှုးမေ့ဂါထာတွေ လိုက်ချတယ်၊ ဂါထာတစ်ခုဟာ ဝင့်ခီနဲ့ ကျွန်တော် ရပ်နေတဲ့ သစ်တောထဲ ရောက်လာတယ်၊ သူမနဲ့ ကျွန်တော့်အကြား ချည်နှောင်ထားတာတွေ ပြတ်သွားတယ်၊ ကျွန်တော်တို့နှစ်ဦးစလုံး မေ့သွားတယ်။

"ဝင့်ခီကို တွေ့သွားပြီးနောက်၊ ကျွန်တော့်အဖေဟာ ကျွန်တော် အနီးမှာ ရှိမယ်ဆိုတာ သိတယ်၊ သူဟာ ဝင့်ခီရှိတဲ့ ချုံပုပ်တွေကို လိုက်ရှာတယ်၊ ကျွန်တော် အဲဒီမှာ လဲနေတာလဲ စမ်းမိတယ်။ သူဟာ မှော်ဝန်ကြီးဌာနက ကျန်လူတွေ တောထဲက ထွက်သွားပြီးနောက်၊ ကျွန်တော့်ကို ဝိညာဉ်လုကျိန်စာ ပြန်ချတယ်။ ကျွန်တော့်ကို အိမ်ပြန်ခေါ်သွားတယ်။ သူက ဝင့်ခီကို မောင်းထုတ်လိုက်တယ်။ ဝင့်ခီက ကျွန်တော့်ကို သေချာစောင့်ကြည့်မထားလို့ ကျွန်တော် မှော်ကြိမ်လုံး ရသွားပြီး ကျွန်တော် ထွက်ပြေးသွားဖို့ နည်းနည်းလိုတယ်ဆိုပြီး ထုတ်ပစ်တာ"

ဝင့်ခီဟာ အားကိုးရာမဲ့စွာ အော်လိုက်တယ်။

"အခု အိမ်မှာ အဖေနဲ့ကျွန်တော် နှစ်ယောက်တည်းရှိတယ်။ နောက်တော့ . . . . နောက်တော့ . . . ." ခရောက်ချ်ဟာ ခေါင်းခါနေတယ်။ မျက်နှာပေါ်မှာ မူမမှန်တဲ့အပြုံး ပေါ်လာတယ်။ "ကျွန်တော့်သခင်က ကျွန်တော့်ကို



လာတွေ့တယ်။

"ညတစ်ညမှာ၊ သူ့ကို သူ့ကျွန်ပိုးကောင်အမြီးက ချီပြီး၊ ကျွန်တော့်အိမ်လာတယ်။ ကျွန်တော့်သခင်က ကျွန်တော် အသက်ရှင်နေသေးတာ သိလို့၊ သူဟာ အယ်ဘေးနီးယားမှာ ဘာသာ-ဂျော်ကင်စ်ကို ဖမ်းမိတယ်၊ သူက သူမကို နှိပ်စက်တယ်။ သူမကို အခြေအနေ အများကြီး ပြောထုတ်စေတယ်။ သူမက သူ့ကို ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲအကြောင်း ပြောတယ်။ အောရာကြီး မူးဒီ ဟော့ဂ်ဝပ်မှာ ဆရာလာလုပ်မှာလဲ ပြောပြတယ်။ သခင်က သူမကို ဆက်ပြီး နှိပ်စက်တယ်။ ကျွန်တော့်အဖေ ချထားတဲ့ မေ့ပျောက်ကျိန်စာကို ချိုးဖျက်နိုင်တဲ့အထိပဲ။ ဘာသာက သူ့ကို ကျွန်တော် အက်ဇကဘန်က ထွက်ပြေးလာပြီး ကျွန်တော့်အဖေက ကျွန်တော့်ကို အိမ်ထဲမှာ ပိတ်ထားတယ်၊ သခင့်ကို လိုက်ရှာခွင့်မပေးတဲ့အကြောင်း ပြောပြတယ်။ ဒါကြောင့်၊ ကျွန်တော့်သခင်က ကျွန်တော်ဟာ သူ့ရဲ့သစ္စာရှိတဲ့ကျွန်မှန်း သိသွားတယ် —— သစ္စာအရှိဆုံးလူလဲ ဖြစ်လိမ့်မယ်၊ ဘာသာဆီကရတဲ့ သတင်းအချက်အလက်ကို ထောက်ပြီး၊ ကျွန်တော့်သခင်ဟာ စီမံကိန်းတစ်ခု အကြံရလိုက်တယ်၊ သူ ကျွန်တော့်ကို အလိုရှိတယ်၊ အဲဒီနေ့က သန်းခေါင်လောက်မှာ သူ အိမ်ကို လာတယ်။ ကျွန်တော့်အဖေ တံခါးဖွင့်တာ"

ခရောက်ချ်ရဲ့ အပြုံးဟာ ပိုထင်ရှားလာတယ်။ သူ့ဘဝမှာ အသာယာဆုံးအချိန်ကို ပြန်တွေးနေသလိုပဲ၊ ဝင့်ခီရဲ့ လက်ကြားကနေ ထိတ်လန့်တဲ့ အသံရောင်မျက်လုံး ပေါ်လာတယ်၊ သူမဟာ ကြောက်လို့ စကားတောင် မပြောနိုင်တော့သလိုပဲ။

"ဘယ်သူမှ မသိဘဲနဲ့ ကျွန်တော့်အဖေဟာ ကျွန်တော့်သခင်က ဝိညာဉ်လုကျိန်စာချတာ ခံနေရတယ်၊ အခု သူ့ကို အကျယ်ချုပ်ထားခံရပြီ၊ ချုပ်ကိုင်ခံရပြီ။ ကျွန်တော့်သခင်ဟာ သူ့ကို ခါတိုင်းလိုပဲ အလုပ်လုပ်ခိုင်းတယ်၊ ဘာမှမဖြစ်သလိုပဲ။ ကျွန်တော့်ကို လွှတ်ပေးတယ်။ နိုးလာပြီး မူလအတိုင်း ပြန်ဖြစ်လာတယ်၊ နှစ်ပေါင်းများစွာကမရတဲ့ ရှင်သန်အား ရလာတယ်"

"ဗိုလ်ဒီမွန့်က မင်းကို ဘာလုပ်ခိုင်းသလဲ" ဒမ်ဘယ်ဒိုးက မေးတယ်။

"သူက ကျွန်တော့်ကို သူ့အတွက် အားလုံးစွန့်စားရဲလားလို့မေးတယ်။ ကျွန်တော်က စွန့်စားရဲတယ်၊ သူ့ကို အလုပ်အကျွေးပြုမယ်၊ ကျွန်တော်ရဲ့ သစ္စာရှိမှုကို သူ့ကို သက်သေပြဖို့ဆိုတာ ကျွန်တော့်ရဲ့အိပ်မက်ပဲ၊ သူက ကျွန်တော့်

www.burmeseclassic.com



တို့ ပြောပြတယ်။ သူ ဟော့ဂ်ဝပ်မှာ လူယုံတစ်ယောက် ထည့်ထားဖို့လိုတယ်။ အဲဒီလူဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲမှာ ဟယ်ရီ-ပေါ်တာကို ညွှန်ကြားရမယ်။ လူမသိအောင်လဲ လုပ်ရမယ်။ အဲဒီလူဟာ ဟယ်ရီ-ပေါ်တာကို စောင့်ကြည့်ရမယ်။ ဟယ်ရီ-ပေါ်တာကို ဗိုလ်သုံးဗိုလ်ဖလားရအောင် အာမခံရမယ်။ ဆုဖလားကို တံခါးသော့ဖြစ်အောင် ခိုးလဲရမယ်။ ဒါမှ ပထမဆုံး ကိုင်မိသူကို ကျွန်တော့်သခင်ဆီ ခေါ်သွားလိမ့်မယ်။ ဒါပေမယ့် အရင်ဆုံး ——"

"မင်းတို့က အလာစထာ-မူးဒီကို လိုတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့အသံက တည်ငြိမ်အောင် ထိန်းထားပေမယ့် သူ့မျက်လုံးပြာပြာကတော့ ဒေါသမီးတောက်နေတယ်။

"ပိုးကောင်အမြီးနဲ့ ကျွန်တော်တို့နှစ်ယောက် လုပ်တာ။ ကျွန်တော်တို့ဟာ ကြိုပြီး ကွန်ပေါင်းဆေးရည် ဖော်စပ်ထားတယ်။ သူ့အိမ်ကို အတူသွားကြတယ်။ မူးဒီက တအားခုခံတယ်။ အသံက သိပ်ကျယ်တယ်။ ကျွန်တော်တို့ဟာ သူ့ကို အချိန်မီ မနည်းချုပ်ထိန်းလိုက်နိုင်တယ်။ သူ့ကို သူ့မှော်သေတ္တာရဲ့ လျှို့ဝှက်အခန်းထဲ တွန်းထည့်လိုက်တယ်။ သူ့ဆံပင် လေးငါးပင်နှုတ်ပြီး ဆေးထဲ ထည့်လိုက်တယ်။ ကျွန်တော် ဆေးသောက်လိုက်တော့ မူးဒီဖြစ်သွားတယ်။ သူ့သစ်သား ခြေတုနဲ့ မှော်မျက်လုံးကို ယူလိုက်တယ်။ အာသာ-ဝယ်စလီလာစစ်ဆေးတဲ့အခါ အသံကြားတဲ့ မတ်ဂေါ်ကို မေးတော့ ကျွန်တော် ပြင်ဆင်ပြီးနေပြီ။ ကျွန်တော်က အမှိုက်ပုံးကို ခြံထဲမှာ ပတ်လည်အောင် လုပ်လိုက်တယ်။ ကျွန်တော်က အာသာ-ဝယ်စလီကို ခြံထဲ လူဝင်သံကြားတယ်။ အမှိုက်ပုံးတွေ လည်နေအောင် လုပ်သွားတယ်လို့ ပြောလိုက်တယ်။ ဒီနောက် ကျွန်တော်ဟာ မူးဒီရဲ့ အဝတ်အစားနဲ့ မှော်နက်ပညာထောက်လှမ်းတဲ့ ကိရိယာတွေကို သိမ်းပြီး မူးဒီနဲ့အတူ သေတ္တာထဲ ထည့်တယ်။ ဟော့ဂ်ဝပ်ကို သွားတယ်။ ကျွန်တော်ဟာ သူ့ကို ဝိညာဉ်လုပ်ကျိန်စာ သုံးတယ်။ ဒါပေမယ့် မသတ်ဘူး။ သူ့ကို မေးစရာ အများကြီးရှိတယ်။ သူ့အတိတ်၊ သူ့အကျင့်ကို သိဖို့လိုတယ်။ ဒါမှ ဒမ်ဘလီဒိုးကတောင် သိမှာမဟုတ်တော့ဘူး။ ကျွန်တော် သူ့ဆံပင်နဲ့ ကွန်ပေါင်းဆေးရည် ပြုလုပ်ဖို့ လိုသေးတယ်။ တခြားဟာတွေက လွယ်တယ်။ ကျွန်တော်က မြေအောက်စာသင်ခန်းကနေ အာဖရိကမြွေရေခွံ ခိုးတယ်။ မှော်ဆေးပညာဆရာက ကျွန်တော့်ကို သူ့ရုံးခန်းထဲမှာ တွေ့တော့ ကျွန်တော်က အမိန့်အရ လာစစ်ဆေးတာလို့ ပြောတယ်"



"မင်းတို့ မူးဒီကို တိုက်ခိုက်ပြီးနောက်၊ ပိုးကောင်အမြီး ဘယ်ကိုသွားလဲ" ဒမ်ဘလီဒိုးက မေးတယ်။

"သူက ကျွန်တော့်အိမ်ပြန်ပြီး သူ့သခင်ကို ပြုစုတယ်။ ကျွန်တော့်အဖေကို စောင့်ကြည့်တယ်"

"ဒါပေမယ့် မင်းအဖေ ထွက်ပြေးလာတယ်" ဒမ်ဘလီဒိုးက ပြောတယ်။

"ဟုတ်တယ်၊ သိပ်မကြာဘူး၊ ကျွန်တော့်အဖေဟာ ကျွန်တော့်လိုပဲ ဝိညာဉ်လုပ်ကျိန်စာကို စတင်ခုခံလာတယ်။ တစ်ခါတလေ ဘာဖြစ်တယ်ဆိုတာ သူ့စိတ်ထဲမှာ သိတယ်။ ကျွန်တော့်သခင်က သူ့ကို အပြင်ထွက်ခိုင်းလို့ မဖြစ်တော့ဘူးလို့ထင်တယ်။ သူက ကျွန်တော့်အဖေကို မှော်ဝန်ကြီးဌာနနဲ့ စာဆက်သွယ်ဖို့ အတင်းခိုင်းတယ်။ သူ ဖျားနေတယ်လို့ ပြောခိုင်းတယ်။ ပိုးကောင်အမြီးဟာ သတိပေါ့လျော့လို့ ကျွန်တော့်အဖေ ထွက်ပြေးသွားတယ်။ ကျွန်တော့်သခင်က သူ ဟော့ဂ်ဝပ်သွားလိမ့်မယ်လို့ ခန့်မှန်းတယ်။ ကျွန်တော့်အဖေက ဒမ်ဘလီဒိုးကို အားလုံး ပြောပြချင်တယ်။ သူ့ကို ဝန်ခံချင်တယ်။ ကျွန်တော့်ကို အက်ဇခါဘန်က ခိုးထုတ်တဲ့ကိစ္စကို ဖွင့်ဝန်ခံချင်တယ်။

"ကျွန်တော့်သခင်က ကျွန်တော့်ကို ကျွန်တော့်အဖေ ထွက်ပြေးပြီလို့ အကြောင်းကြားတယ်။ ကျွန်တော့်ကို ဘယ်လိုတန်ဖိုး ပေးရပေးရ ဖမ်းမိဖို့ ပြောတယ်။ ကျွန်တော်လဲ သတိနဲ့စောင့်နေတယ်။ ကျွန်တော်က ဟယ်ရီ-ပေါ်တာလက်ထဲက သိမ်းယူထားတဲ့မြေပုံကို သုံးတယ်။ ကျွန်တော့်အရေးကို ပျက်စီးစေမတတ်ဖြစ်တဲ့ မြေပုံ"

"မြေပုံ ?" ဒမ်ဘလီဒိုးက ချက်ချင်းမေးတယ်။ "ဘာမြေပုံလဲ"

"ပေါ်တာရဲ့ဟော့ဂ်ဝပ်မြေပုံ။ ပေါ်တာဟာ မြေပုံပေါ်မှာ ကျွန်တော့်ကို တွေ့သွားတယ်။ ညတစ်ညမှာ ကျွန်တော် စနိတ်ပ်ရုံးခန်းမှာ ကွန်ပေါင်းဆေးရည်ထဲ ထည့်ဖို့ ဆေးသွားခိုးတာ သူမြင်သွားတယ်။ သူက ကျွန်တော့်ကို ကျွန်တော့်အဖေလို့ ထင်တယ်။ ကျွန်တော်တို့နာမည်က အတူတူပဲကိုး။ အဲဒီညမှာ ကျွန်တော် ပေါ်တာရဲ့မြေပုံကို သိမ်းသွားလိုက်တယ်။ ကျွန်တော်က သူ့ကို ကျွန်တော့်အဖေက မှော်နက်မှော်ဆရာကို မုန်းတယ်လို့ ပြောပြတယ်။ ပေါ်တာက ကျွန်တော့်အဖေ စနိတ်ပ်ကို လိုက်နေတယ်ထင်တာ။

"ကျွန်တော့်အဖေ ဟော့ဂ်ဝပ်ရောက်လာမှာကို ကျွန်တော် စောင့်နေ

www.burmeseclassic.com



တယ်။ တစ်ပတ်လောက် စောင့်ရပြီးနောက် တစ်ညမှာ၊ မြေပုံမှာ ကျွန်တော်
အဖေ ကွင်းထဲ ဝင်လာတာ ဖော်ပြတယ်။ ကျွန်တော်က ကိုယ်ပျောက်ဝတ်
ဝတ်ပြီး သူ့သွားကြိုတယ်။ သူဟာ တားမြစ်သစ်တောဘေးမှာ သွားနေတယ်
ဒီအချိန်မှာ ပေါ်တာနဲ့ ခရွှန်းမ် ရောက်လာတယ်။ ကျွန်တော် ခဏစောင့်
တယ်။ ကျွန်တော် ပေါ်တာကို ဒုက္ခပေးလို့ မဖြစ်ဘူး။ ကျွန်တော့်သခင်
သူ့ကို အလိုရှိတယ်။ ပေါ်တာ ဒမ်ဘယ်လီဒိုးကို သွားခေါ်နေတုန်းမှာပဲ ကျွန်တော်
က ခရွှန်းမ်ကို မေ့အောင်တိုက်ပြီး ကျွန်တော့်အဖေကို သတ်ပစ်လိုက်တယ်

"ဟင့်အင်း —— " ဝင့်ခီက ငိုကြွေးပြောတယ်။ "သခင်လေး ဘာထိ
သခင်လေး ဘာထိ၊ သင် ဘာပြောနေတာလဲ"

"မင်းက မင်းအဖေကို သတ်လိုက်တယ်" ဒမ်ဘယ်လီဒိုးဟာ ညင်သာ
အသံနဲ့ပဲ ပြောတယ်။ "အလောင်းကို ဘယ်လိုလုပ်လိုက်သလဲ"

"သစ်တောထဲ ပိုးသွားပြီး ကိုယ်ပျောက်ဝတ်ရုံနဲ့ ဖုံးထားတယ်။ ကျွ
တော့်ကိုယ်ပေါ်မှာ မြေပုံပါတယ်။ ဟယ်ရီ ရဲတိုက်ထဲ ဝင်သွားတာ ကျွန်တော်
မြင်တယ်။ ဒါနဲ့ ချုံပုပ်ထဲက ထွက်လာတယ်။ သူတို့ နောက်ကို ပတ်သွားပြီ
သူတို့ကို သွားနှုတ်ဆက်တယ်။ ကျွန်တော်က ဒမ်ဘယ်လီဒိုးကို စနိတ်ပ်က ပြော
လို့ ပြောတယ်။

"ဒမ်ဘယ်လီဒိုးက ကျွန်တော့်ကို ကျွန်တော့်အဖေကို သွားရှာခိုင်းတယ်
ကျွန်တော်က ကျွန်တော့်အဖေ့အလောင်းနားပြန်ပြီး မြေပုံကို ကြည့်နေတယ်
လူအားလုံးသွားကုန်မှ ကျွန်တော့်အဖေ့အလောင်းကို ရုပ်ပြောင်းဂါထာ ရွတ်
အရိုးဖြစ်အောင် လုပ်လိုက်တယ် . . . . ပြီးတော့မှ ကျွန်တော်က ကိုယ်ပျော
ဝတ်ရုံကို ဝတ်ကာ ဟက်ဂရစ်အိမ်ကလေးရှေ့က မကြာခင်က တူးထား
မြေထဲ မြှုပ်လိုက်တယ်"

ငြိမ်သက်နေတယ်။ ဝင့်ခီသာ ရှိုက်ငင်နေတယ်။ ဒီနောက် ဒမ်ဘယ်လီ
က ပြောတယ်။ "ဒီနေ့ည . . . ."

"ကျွန်တော်က ညစာမစားခင်မှာ ဗိုလ်သုံးဗိုလ်ဖလားကို ဝက်ပါ
သွားသည့်ဖို့ တင်ပြတယ်" ဘာထီ-ခရောက်ချ်က အသံနိမ့်နိမ့်နဲ့ ပြောတ
ခြင်းကို ဘဲခါးသော့ဖြစ်သွားစေတယ်။ ကျွန်တော့်သခင်ရဲ့ စီမံကိန်းအောင်
သွားပြီ၊ သူ ခွန်အားပြန်ရပြီ။ ကျွန်တော်ဟာ မှော်ဆရာအားလုံး တွေးတော
မရနိုင်တဲ့ ဆုလာဘ်ကို ရမှာ" သူ့မျက်နှာပေါ်မှာ မူမမှန်တဲ့ အပြုံး ပေါ်
မြင်တယ်၊ ခေါင်းကျိုးကျသွားတယ်။ ဝင့်ခီက သူ့ဘေးမှာ ငိုနေတယ်။



## ၃၆။ လမ်းခွဲခြင်း

ဒမ်ဘယ်လီဒိုး မတ်တတ်ရပ်လိုက်တယ်။ သူက ဘာထီ-ခရောက်ချ်ကို
ကြည့်တယ်။ သူ့အမူအရာက ရွံမုန်းနေတယ်။ ဒီနောက် သူက မှော်ကြိမ်လုံး
ကို မြှောက်လိုက်ပြန်တယ်။ ကြိုးတချို့ မှော်ကြိမ်လုံးထဲက ထွက်လာပြီး ဘာထီ-
ခရောက်ချ်ကို တင်းတင်းချည်နှောင်လိုက်တယ်။ ဒမ်ဘယ်လီဒိုးက ပါမောက္ခ
မက်ဂေါ်နာဂေါကို လှည့်ပြောတယ်။

"မီနာဗာ၊ ခင်ဗျား ဒီမှာ စောင့်နေနိုင်မလား။ ကျုပ် ဟယ်ရီကို အပေါ်
ခေါ်ပို့လိုက်မယ်"

"ရတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ သူမဟာ အနည်း
ငယ် ဖျော့ချင်နေတယ်။ ခုနက ကြည့်နေရတဲ့လူဟာ ရောဂါထနေတဲ့လူလိုပဲ။
သို့သော်လည်း သူမ မှော်ကြိမ်လုံးဆွဲထုတ်ပြီး ဘာထီ-ခရောက်ချ်ကို ချိန်ထားတော့
လက်တွေဟာ အလွန်ငြိမ်တယ်။

"ဆီးဗရတ်စ် —— ဒမ်ဘယ်လီဒိုးက စနိတ်ပ်ဘက် လှည့်လိုက်တယ်
—— "ကျေးဇူးပြုပြီး မဒမ်ပွမ်ဖရေကို သွားခေါ်ပေးပါ။ ကျုပ်တို့ အလာစတာ-

www.burmeseclassic.com

www.burmeseclassic.com



မူးဒီကို ဆေးရုံပို့ဖို့ လိုတယ်။ ပြီးတော့ ခင်ဗျားကွင်းထဲသွားပြီး ကွန်နယ်လစ် ဖတ်ဒ်ဂ်ကို ရှာ၊ သူ့ကို ဒီရုံးခန်းထဲ ခေါ်ခဲ့။ သူက ဘာထီ-ခရောက်ချ် ကိုယ်တိုင်စစ်မေးချင်မှာ။ သူ့ကို ပြောပါ၊ သူ ကျုပ်ကို အလိုရှိရင်၊ နာရီဝ အတွင်းမှာ ကျုပ် ဆေးရုံမှာ ရှိမယ်"

စနိတ်ပ်ဟာ တိတ်တိတ်လေး ခေါင်းညိတ်ပြီး၊ အခန်းက အမြန်ထွ ခွာသွားတယ်။

"ဟယ်ရီ" ဒမ်ဘလီဒိုးက နွေးထွေးစွာ ပြောတယ်။

ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်။ ယိမ်းယိုင်သွားပြန်တယ်။ ခုန ခရောက်ချ်ပြောတာကို အာရုံစူးစိုက်နားထောင်နေလို့ ဒဏ်ရာရတဲ့ ခြေထော နာတာ သိပ်မသိဘူး။ အခု အဲဒီနာကျင်မှုဟာ ပိုကဲလာတယ်။ မိမိတစ်ကိုယ်လုံ တုန်နေတာလည်း သူ သိလာတယ်။ ဒမ်ဘလီဒိုးက သူ့လက်မောင်းကို ဆွဲ ဖေးမကာ အပြင်က မှောင်မည်းတဲ့ စင်္ကြံထဲကို ဝင်ခဲ့တယ်။

"မင်း ကျုပ်ရုံးခန်းကို အရင်သွားစေချင်တယ်၊ ဟယ်ရီ" သူတို့ စင် အတိုင်း ရှေ့ကို လျှောက်နေစဉ်၊ ဒမ်ဘလီဒိုးက အသာအယာပြောတယ် "ဆီးရီးအက်စ်ကြယ် အဲဒီမှာ ကျုပ်တို့ကို စောင့်နေတယ်"

ဟယ်ရီ ခေါင်းညိတ်တယ်။ သူ့မှာ ထုံထိုင်းနေတယ်။ အိပ်မက်ထဲ လို ဖြစ်နေတယ်။ မျက်စိရှေ့က အရာအားလုံး ဆုပ်ဆုပ်ကိုင်ကိုင် မရှိသလို ဒါပေမယ့် သူ အရေးမထားဘူး၊ သူဟာ ဒီအတွက်တောင် ဝမ်းသာမိတယ် ဒီလိုဆိုတော့ သူဟာ ဗိုလ်သုံးဗိုလ်ဆုဖလားကို ထိမိပြီးနောက် ဖြစ်ပွားခဲ့တာ သွားမတွေးမိတော့ဘူးပေါ့။ သူ့ခေါင်းထဲက မှတ်မိနေတာတွေဟာ ပေါ် လာနေတယ်။ ဓာတ်ပုံလို အသက်ပါနေပေမယ့် သူ မှတ်မိတာတွေကို သေ မလေ့လာချင်ဘူး။ အရှူးမျက်လုံးမူးဒီ သေတ္တာကြီးထဲမှာ ပိတ်ထားခံရ ပိုးကောင်အမြီး မြေကြီးပေါ်လဲပြီး မိမိလက်ပြတ်ကို ကိုင်ထားတာ။ ဗိုလ်ဒ် ဟာ ရေငွေ့တွေထွက်နေတဲ့ ဆေးကျိုအိုးထဲက တဖြည်းဖြည်း တက်လာ စက်ဒရစ် . . . . အသက်ရှုရပ်သွားတာ . . . . စက်ဒရစ်က ဟယ်ရီကို မိ မိဘအနားပို့ပေးဖို့ ပြောတာ . . . .

"ပါမောက္ခ" ဟယ်ရီက မပွင့်တပွင့် ပြောတယ်။ "မစ္စတာ ဒစ် နီး ဘယ်မှာလဲ"

"သူတို့ ပါမောက္ခစနိတ်ပ်နဲ့အတူ ရှိတယ်" ဒမ်ဘလီဒိုးက ပြောတ



သူ့အသံဟာ ဘာထီ-ခရောက်ချ်ကို စစ်မေးတုန်းက တစ်လျှောက်လုံး တည်ငြိမ် နေတယ်။ အခု ပထမဆုံးအားဖြင့် နည်းနည်းတုန်နေတယ်။ "ပါမောက္ခ စပ ရောက်ချ်ဟာ စက်ဒရစ်တို့ ဟောက်စ်ကျောင်းက ကျောင်းအုပ်။ သူ့ကို နား အလည်ဆုံးပဲ"

သူတို့ တီရွှာန်ကျောက်ဘီလူးရှေ့ ရောက်လာတယ်။ ဒမ်ဘလီဒိုးက ကားဝှက်ပြောလိုက်တယ်။ ကျောက်ဘီလူးက ဝဲယာခွဲသွားတယ်။ သူနဲ့ ဟယ်ရီ လှုပ်ရှားတဲ့ကြောင်လိမ်လှေကားပေါ် တက်လိုက်တယ်။ ဝက်သစ်ချတံခါးရှေ့ ရောက်လာတယ်။ ဒမ်ဘလီဒိုးက တံခါးကို တွန်းဖွင့်လိုက်တယ်။ ဆီးရီးအက်စ် ကြယ် အဲဒီမှာ ရပ်နေတယ်။ သူ့မျက်နှာဖြူရော်ပြီး ပိန်လှီနေတယ်။ သူ အက ခါဘန်က ထွက်ပြေးလာတုန်းကနဲ့ တူနေတယ်။ သူဟာ အခန်းတစ်ဖက်ကနေ လှုပ်တစ်ပြက်အတွင်း ပြေးလွှားရောက်ရှိလာတယ်။

"ဟယ်ရီ ဘာမှမဖြစ်ပါဘူးနော်၊ ကျုပ် အစောကြီးကတည်းက သိတယ် - . . . ဒါမျိုးဖြစ်မယ်ဆိုတာ ကျုပ် အစောကြီးကတည်းက သိတယ် —— ဘယ်လိုဖြစ်တာတုန်း"

သူ့လက်တွေ တုန်ယင်နေတယ်။ ဟယ်ရီ့ကို ဖေးကူပြီး စားပွဲရှေ့က ထိုင်ခုံတစ်လုံးပေါ် ထိုင်ခိုင်းတယ်။

"ဘယ်လိုဖြစ်တာလဲ" သူက ပိုပြီးအလောတကြီးဖြစ်ပြီး မေးတယ်။

ဒမ်ဘလီဒိုးဟာ ဘာထီ-ခရောက်ချ်ပြောတာတွေကို ဆီးရီးအက်စ် ကြယ်အား ပြည့်ပြည့်စုံစုံ ပြန်ပြောပြတယ်။ ဟယ်ရီဟာ စိတ်မပါဘဲ နားထောင် နေတယ်။ သူ သိပ်ပင်ပန်းနေပြီ။ ကိုယ်ပေါ်က အရိုးအားလုံး တစိမ့်စိမ့် နာနေ တယ်။ သူ ဒီမှာပဲ ထိုင်နေချင်တယ်၊ သူများလာမနှောင့်ယှက်စေချင်ဘူး။ ဒီလိုပဲ ကြာကြီး ထိုင်နေချင်တယ်။ နောက်ဆုံး အိပ်ပျော်သွားပြီး ဘာအတွေး၊ ဘာ ခံစားချက်မှ မရှိချင်တော့ဘူး။

တောင်ပံ အသာအယာခတ်တဲ့အသံ၊ ဖီးနစ်ဖော့ခ်စ်ဟာ ငုတ်နားနေ နားကိုင်းကို ခွဲခွာကာ ရုံးခန်းတစ်ဖက်ကနေ ပျံလာပြီး ဟယ်ရီရဲ့ ဒူးပေါ် နားတယ်။

"မင်္ဂလာပါ၊ ဖော့ခ်စ်" ဟယ်ရီက အသာလေးပြောတယ်၊ သူဟာ စ်ရဲ့ လှပတဲ့ရွှေရောင်နဲ့ အနီရောင်အမွေးအတောင်တွေကို ပွတ်သပ်ပေး တယ်။ ဖော့ခ်စ်က အေးအေးလေး သူ့ကို မျက်စိမှိတ်တုတ်မှိတ်တုတ် လုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖီးနစ် ဒူးပေါ်မှာနားနေတာ နွေးထွေးပြီး လေးလေးလေးရယ်။ ဟယ်ရီ ရင်ထဲမှာ အများကြီး နေသာသွားတယ်။

ဒမ်ဘလီဒိုးက စကားပြောရပ်ပြီး ဟယ်ရီ့ရှေ့က ရုံးစားပွဲနောက်မှာ ထိုင်လိုက်တယ်။ သူက ဟယ်ရီ့ကို ကြည့်တယ်။ ဒါပေမယ့် ဟယ်ရီက သူ့ အကြည့်ကို ရှောင်တယ်။ ဒမ်ဘလီဒိုးက သူ့ကို မေးခွန်းထုတ်တော့မယ်။ သူ ဟယ်ရီ့ကို အဲဟိုဟာအားလုံးကို အတင်းပြန်စဉ်းစားခိုင်းတော့မယ်။

"ကျုပ် သိချင်တယ်၊ ဟယ်ရီ။ မင်း ဝက်ပါထဲမှာ တံခါးသော့ကို ထိ တော့ ဘာဖြစ်သလဲ" ဒမ်ဘလီဒိုးက ပြောတယ်။

"ကျွန်တော်တို့ မနက်ဖြန်မနက်ကျမှ ပြောတာပေါ့၊ ရမလား၊ ဒ ဘလီဒိုး" ဆီးရီးအက်စ်ကြယ်က အသံအက်အက်နဲ့ ပြောတယ်။ သူ့လက်တ ဖက်ဟာ ဟယ်ရီ့ပခုံးပေါ် တင်ထားတယ်။ "သူ တရေးအိပ်ပါစေ။ သူ ကော ကောင်းနားပါစေ"

ဟယ်ရီ့ရင်ထဲမှာ ဆီးရီးအက်စ်ကြယ်ကို ကျေးဇူးတင်စိတ် ဖြစ် လာတယ်။ ဒါပေမယ့် ဒမ်ဘလီဒိုးက ဆီးရီးအက်စ်ကြယ်စကားကို မကြားသ ပဲ။ သူက ဟယ်ရီ့ဘက် ကုန်းလိုက်တယ်။ ဟယ်ရီက မမော့ချင်ဘဲ ခေါင်း လိုက်တယ်၊ အပြာရောင်မျက်လုံးအစုံကို ကြည့်နေတယ်။

"တကယ်လို့ ကျုပ်က" ဒမ်ဘလီဒိုးက နွေးထွေးစွာ ပြောတယ်။ " မွေ့ချတဲ့နည်းနဲ့ မင်းကို အိပ်ပျော်အောင် လုပ်မယ်။ မင်းကို ဒီညဖြစ်ပွား တွေကို ယာယီသွားမစဉ်းစားဘဲနေရင်၊ မင်းအဖို့ အကျိုးရှိတယ်။ ကျုပ် ဒီ လုပ်မှာပဲ။ ဒါပေမယ့် ကျုပ်က မင်းထက် ပိုရှင်းတယ်။ နာကျင်ခြင်းကို ယာ အားဖြင့် ထုံထိုင်းစေရင် မင်းကို နာကျင်ခြင်း ပိုပြင်းထန်တယ်လို့ ခံစား လိမ့်မယ်၊ မင်းဖော်ပြတဲ့ ရဲရင့်ခြင်းဟာ ကျုပ် မင်းပေါ် မျှော်လင့်ထားတာ အများကြီးသာတယ်။ မင်းရဲ့ ရဲစွမ်းသတ္တိကို နောက်ထပ်ဖော်ပြဖို့ ကျုပ် တော ဆိုတယ်၊ ဖြစ်ခဲ့သမျှအားလုံးကို ကျုပ်ကို·ပြောပြဖို့ တောင်းဆိုတယ်"

ဖီးနစ်က သိမ်မွေ့တဲ့၊ တုန်ခါတဲ့အသံနဲ့ အော်လိုက်တယ်။ ရင် မိုးပေါ်မှာ အနည်းငယ်တုန်နေတယ်။ ပူဆူနေတဲ့ အရည်တစ်စက် ဟ လည်ချောင်းကနေ ဗိုက်ထဲဆင်းသွားတယ်လို့ ခံစားရတယ်။ ဒါကြောင့် ချ နွေးထွေးသွားပြီး အားအင်နဲ့သတ္တိ ရှိလာတယ်။

သူဟာ အသက်ပြင်းပြင်းရှူလိုက်ပြီး သူတို့ကို စတင်ပြောပြ



သူ စကားပြောနေတဲ့အခါမှာ အဲဒီနေ့ညက ဖြစ်ပွားတာအားလုံး ရုပ်ရှင်ပြသလို သူ့မျက်စိရှေ့မှာ တစ်ခန်းပြီးတစ်ခန်း ပေါ်ထွက်လာတယ်။ သူဟာ ဗိုလဒီမွန့် ကို အသက်ပြန်ရှင်စေတဲ့၊ မျက်နှာပြင်မှာ မီးပွားတွေနဲ့ မှော်ဆေးကို သူ မြင်ရ ဘယ်။ ဒက်အီတာတွေ ရုပ်ရှေ့ပြောင်းပြီး ရုတ်တရက်ကြီး သူတို့ပတ်ဝန်းကျင် က သင်္ချိုင်းဂူကြားမှာ ပေါ်လာတာ သူ မြင်ရတယ်။ စက်ဒရစ်ရဲ့အလောင်း ဒ်လ်သုံးဗိုလ်ဆုဖလားဘေး မြေကြီးပေါ်မှာ ငြိမ်သက်စွာ လဲလျောင်းနေတာကို သူ မြင်ရတယ်။

တစ်ကြိမ်နှစ်ကြိမ်လောက် ဆီးရီးအက်စ်ကြယ်က အသံအနည်းငယ် ထွက်လာတယ်။ တစ်ခုခုပြောချင်သလိုလို ရှိတယ်။ သူ့လက်ဟာ ဟယ်ရီ့ပခုံး ကို တင်းတင်းဆုပ်ကိုင်ထားဆဲ။ ဒါပေမယ့် ဒမ်ဘလီဒိုးက လက်တစ်ချောင်း မြှောက်ပြီး သူ့ကို တားလိုက်တယ်။ ဒါကြောင့် ဟယ်ရီ ကံကောင်းတယ်လို့ ထင်တယ်။ အကြောင်းက ဘာမဆို စလုပ်တာခက်တယ်၊ အခု စပြောခဲ့ပြီမို့ ဆက်ပြောရတာ အများကြီး လွယ်သွားတယ်။ သူ့မှာ ဝန်ထုပ်ချလိုက်ရတဲ့ ခံစားချက် ရှိလာတယ်။ အဆိပ်ရှိတဲ့ အရာတစ်ခုကို နည်းနည်းချင်း ခန္ဓာကိုယ် ထဲက စုပ်ထုတ်လိုက်သလိုပဲ။ သူဟာ စိတ်အားကို တအားတင်းပြီး မိမိကို ရှေ့ဆက်ပြောဖို့ ယောက်ကူထားတယ်။ ဒါပေမယ့် သူပြောလို့ပြီးသွားရင် ရင်ထဲက ပေါ့သွားမယ်လို့ သူ ခံစားရတယ်။

ဟယ်ရီပြောတာ ပိုးကောင်အမြီး သူ့လက်မောင်းကို ဓားနဲ့ထိုးတဲ့ အကြောင်းရောက်တော့၊ ဆီးရီးအက်စ်ကြယ်ဟာ စိတ်လှုပ်ရှားလို့ အော်သံ ထွက်သွားတယ်။ ဒမ်ဘလီဒိုးက ဆတ်ခနဲ မတ်တတ်ရပ်လိုက်တယ်။ မြန်တာမှ ဟယ်ရီတောင် လန့်သွားတယ်။ ဒမ်ဘလီဒိုးက စားပွဲကို ကွေ့လာပြီး ဟယ်ရီ့ ကို သက်ဆန့်ပြခိုင်းတယ်။ ဟယ်ရီက မိမိရဲ့ အဖြံခံရတဲ့ ဝတ်ရုံရှည်နဲ့ ဝတ်ရုံ အောက်က ဒဏ်ရာကို ပြတယ်။

"သူက ပြောတယ်၊ ကျွန်တော့်သွေးကိုသုံးတာ တခြားလူသွေး သုံးတာ ထက် အကျိုးရှိတယ်၊ သူ့ကို ပိုအားကောင်းစေမယ်လို့ ပြောတယ်" ဟယ်ရီက ဒမ်ဘလီဒိုးကို ပြောတယ်။ "သူက ပြောတယ်၊ အဲဒီလိုကာကွယ်တဲ့အင်အားကို — ကျွန်တော့်အမေ ကျွန်တော့်ကိုယ်ထဲမှာထားခဲ့တဲ့ အင်အားမျိုး — သူလဲ ရှိချင်တယ်တဲ့။ သူ မှန်တယ် —— နောက် သူ ကျွန်တော့်ကို လာထိတော့ ဒဏ်ရာမရတော့ဘူး။ သူ ကျွန်တော့်မျက်နှာကို ထိတယ်"

www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက်အချိန်တိုကလေးမှာ၊ ဒမ်ဘာလီဒိုးမျက်လုံးထဲမှာ သိပ်ဝမ်းသာတဲ့အရောင် လက်သွားတာ ဟယ်ရီ မြင်ရသလိုပဲ။ ဒါပေမယ့် ဟယ်ရီဟာ မိမိမျက်စိပြာနေလို့လို့ ထင်လိုက်တယ်။ အကြောင်းက ဒမ်ဘာလီဒိုးရုံးစားပွဲနောက်က ကုလားထိုင်ကို ပြန်ရောက်တော့၊ ဟယ်ရီ အမြဲမြင်တွေ့ရသလို အိုမင်းပြီး နွမ်းနယ်နေလို့ပဲ။

“ကောင်းတယ်” သူက ပြောတယ်။ ပြန်ထိုင်လိုက်တယ်။ “ဗိုလ်ဒီမွန့်ဟာ သာမန်မဟုတ်တဲ့ အတားအဆီးကို အောင်နိုင်သွားပြီ၊ ဟယ်ရီ၊ ဆက်ပြောပါ”

ဟယ်ရီက ဆက်ပြောသွားတယ်။ ဗိုလ်ဒီမွန့် ဆေးကျိုအိုးထဲက ဘယ်လိုထွက်လာတာ၊ သူ မှတ်မိသမျှ ဗိုလ်ဒီမွန့်က ဒက်အီတာတွေကို ပြောတာအားလုံးကို သူတို့ကို ပြောပြလိုက်တယ်။ ဒီနောက်၊ ဗိုလ်ဒီမွန့်က သူ့ကိုယ်ပေါ် ချည်ထားတဲ့ ကြိုးကို ဘယ်လိုဖြည်ခိုင်းတာ၊ မှော်ကြိမ်လုံးကို ပြန်ပေးတာ၊ သူနဲ့ နှစ်ဦးချင်း အပြတ်တိုက်ဖို့လုပ်တာ အားလုံးပြောပြတယ်။

သို့ပေမယ့် သူက ရွှေရောင်အလင်းဟာ သူနဲ့ ဗိုလ်ဒီမွန့်တို့ မှော်ကြိမ်လုံးကို ဆက်သွယ်တဲ့အကြောင်းကို ပြောတော့၊ သူ့အသံ ဝိုသံပါလာတယ်။ သူက ကြိုးစားပြောသွားတယ်။ ဒါပေမယ့် ဗိုလ်ဒီမွန့်မှော်ကြိမ်လုံးထဲက ထွက်ပေါ်လာတဲ့အရာတွေဟာ ဒီလှိုင်းလို သူ့ခေါင်းထဲ တိုးဝင်လာတယ်။ မှော်ကြိမ်လုံးထဲကနေ စက်ဒရစ်ထွက်လာတာကို သူ မြင်ရတယ်။ ဟိုအဘိုးကြီး ဘာသာ-ဂျော်ကင်စ် . . . . သူ့အမေ . . . . သူ့အဖေကို မြင်ရတယ် ——

ဒီအချိန်မှာပဲ၊ ဆီးရီးအက်စ်ကြယ်က ငြိမ်သက်ခြင်းကို ဖြိုခွဲလိုက်လို့ သူ အနည်းငယ် အသက်ရှုချောင်သွားတယ်။

“မှော်ကြိမ်လုံးနှစ်လုံးဆက်မိတယ် ?” သူက မေးတယ်။ ဒမ်ဘာလီဒိုးကိုလည်း ကြည့်တယ်။ “ဘာဖြစ်လို့လဲ”

ဟယ်ရီက ဒမ်ဘာလီဒိုးကို မော့ကြည့်တယ်။ သူ့မျက်နှာပေါ်မှာ နက်နက်ရှိုင်းရှိုင်း ဆွဲဆောင်ခံရတဲ့ အမူအရာဖြစ်နေတယ်။

“ပြန်ပေါ်ဂါထာ” သူက ဗလုံးဗထွေးပြောတယ်။

သူ့မျက်လုံးဟာ ဟယ်ရီ့မျက်လုံးကို နက်နက်ရှိုင်းရှိုင်း ငေးကြည့်နေတယ်၊ သူတို့နှစ်ယောက်ကြားမှာ မမြင်ရတဲ့ နားလည်တဲ့အကြည့် လက်သွားတယ်၊



“ပြန်ဖော်ပြတဲ့ဂါထာလို အကျိုးသက်ရောက်မှု ရတယ် ?” ဆီးရီးအက်စ်ကြယ်က ကျင်လျှင်စွာ မေးတယ်။

“သိပ်မှန်တယ်” ဒမ်ဘာလီဒိုးက ပြောတယ်။ “ဟယ်ရီရဲ့ မှော်ကြိမ်လုံးနဲ့ ဒ်လဒီမွန့်ရဲ့ကြိမ်လုံးဟာ အတွင်းမှာ အရာဝတ္ထု တူတူပဲ။ ၎င်းတို့အထဲမှာပါတဲ့ အမွေးဟာ ဖီးနစ်တစ်ကောင်တည်းက ယူထားတဲ့ အမွေးအတောင် ဖြစ်တယ်။ အမှန်ပြောရရင်၊ ဒီဖီးနစ်ပါပဲ” သူက ပြောတယ်။ ဟယ်ရီ့ဒူးပေါ်မှာ နားနေတဲ့ ရွှေနီရောင်ငှက်ကြီးကို လက်ညှိုးထိုးပြတယ်။

“ကျွန်တော့်မှော်ကြိမ်လုံးထဲက အမွေးအတောင်ဟာ ဖော့ခ်စ်ကိုယ်ပေါ်က ရတာ ?” ဟယ်ရီက အံ့သြစွာမေးတယ်။

“ဟုတ်တယ်” ဒမ်ဘာလီဒိုးက ပြောတယ်။ “လွန်ခဲ့တဲ့ လေးနှစ်က၊ မင်း မစ္စတာအော်လီဗန်ဒါရဲ့ဆိုင်က ထွက်သွားတော့၊ သူက ကျုပ်ဆီ မင်း ဒုတိယ မှော်ကြိမ်လုံးကို ဝယ်သွားကြောင်း စာရေးတယ်”

“ဒါဖြင့်ရင်၊ မှော်ကြိမ်လုံးတစ်လုံးက ၎င်းရဲ့ညီအစ်ကိုကို တွေ့ရင်၊ ဘယ်လိုအခြေအနေ ဖြစ်ပေါ်မလဲ” ဆီးရီးအက်စ်ကြယ်က မေးတယ်။

“၎င်းတို့ဟာ ပုံမှန်အတိုင်း တစ်ဖက်ကို မတိုက်ဘူး” ဒမ်ဘာလီဒိုးက ပြောတယ်။ “ဒါပေမယ့် တကယ်လို့ မှော်ကြိမ်လုံးရဲ့သခင်ဟာ မှော်ကြိမ်လုံးကို အဘင်းတိုက်ခိုင်းရင် . . . . အလွန်ရှားပါးတဲ့ အခြင်းအရာ ပေါ်ပေါက်လာမယ်၊ မှော်ကြိမ်လုံးတစ်လက်က ကျန်တစ်လက်ကို ၎င်းသုံးဖူးတဲ့ မှော်ဂါထာ မှော်ကျိန်စာတွေကို တစ်ခေါက်ပြန်သုံးစေမယ် —— နောက်ကနေ ပြန်ပြောတဲ့နည်းနဲ့၊ ပထမဆုံးက အနီးဆုံးမှော်ဂါထာ၊ ကျိန်စာ . . . . ဒီနောက်၊ အရင်ကဟာတွေ . . . .”

သူက မေးလိုတဲ့သဘောနဲ့ ဟယ်ရီ့ကို ကြည့်တယ်၊ ဟယ်ရီက ခေါင်းညိတ်ပြတယ်၊

“ဒါက ဘာကိုဖော်ပြသလဲဆိုတော့” ဒမ်ဘာလီဒိုးက ဖြည်းဖြည်းချင်း ပြောတယ်။ မျက်လုံးက ဟယ်ရီ့မျက်နှာကို ကြည့်နေတယ်။ “စက်ဒရစ်ဟာ အထွာန်တစ်ခုခုနဲ့ ပြန်ပေါ်လာမယ်”

ဟယ်ရီက ခေါင်းညိတ်လိုက်ပြန်တယ်၊

“ဒစ်ဂိုရီ ပြန်ရှင်လာပြီ ?” ဆီးရီးအက်စ်ကြယ်က ချက်ချင်း တုံ့ပြန်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှော်ဂါထာကမှ သေသွားပြီး သူ့ကို ပြန်နိုးအောင် မလုပ်နိုင်ဘူး" ဒမ်ဘာလီဒိုးက လေးပင်စွာ ပြောတယ်။ "ပုံတင်ကို နောက်က ပြန်ပေါ်တဲ့ သဏ္ဍာန်မျိုးသာ ပေါ်ထွက်နိုင်တယ်။ မှော်ကြိမ်လုံးထဲကနေ စက်ဒရစ် အသက်ရှင်စဉ်က အရိပ်တစ်ခု ပေါ်ထွက်လာမယ် .... ကျုပ်ပြောတာမှန်လား၊ ဟယ်ရီ"

"သူ ကျွန်တော့်ကို စကားပြောတယ်" ဟယ်ရီက ပြောတယ်။ သူဟာ မထိန်းနိုင်ဘဲ တုန်ယင်လာပြန်တယ်။ "အဲဒီ .... အဲဒီစက်ဒရစ်ရဲ့ ဝိညာဉ်လိုဟာမျိုးက စကားပြောတယ်"

"အဲဒါ ပုံတင်သံတစ်ခု" ဒမ်ဘာလီဒိုးက ပြောတယ်၊ "ငင်းက စက်ဒရစ်ရဲ့ ရုပ်ရည်နဲ့ အမူအကျင့်ကို ရှိနေစေတယ်၊ တခြား ဒီလိုဟာမျိုး ရုပ်ပုံတွေ ပေါ်ပေါက်လာဦးမယ်လို့ ကျုပ် ထင်တယ် .... အရင်က ဗိုလ်ဒီမွန့်မှော်ကြိမ်လုံးအောက်မှာ သေသွားရတဲ့လူတွေ ...."

"အဘိုးကြီးတစ်ယောက် ရှိတယ်" ဟယ်ရီက ပြောတယ်၊ သူ့လည်ချောင်းဟာ ဆို့နေဆဲပဲ၊ "ဘာသာ-ဂျော့ကင်စ်၊ ပြီးတော့ ...."

"မင်းအဖေနဲ့အမေ ?" ဒမ်ဘာလီဒိုးက အသာလေးမေးတယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

ဆီးရီးအက်စ်ကြယ်က ဟယ်ရီ့ပခုံးကို တအားဖက်ထားတယ်၊

"အဲဒီမှော်ကြိမ်လုံး ခုတလော ရက်စက်စွာ သတ်ဖြတ်တဲ့လူ" ဒမ်ဘာလီဒိုးက ခေါင်းညိတ်တယ်။ သူက ပြောတယ်၊ "နောက်ကပြန်ပြတဲ့ပုံ ပေါ်လာမယ်။ ဒါပေါ့လေ၊ တကယ်လို့ မှော်ကြိမ်လုံးနှစ်ခုကိုဆက်ပြီး ဆက်သွယ်ထားရင် ဒီထက်များတဲ့အရိပ်တွေ ပေါ်လာဦးမှာ ကောင်းတယ်၊ ဟယ်ရီ၊ ဒီပုံတင်သံတွေ၊ ဒီအရိပ်တွေက .... ဘာတွေလုပ်သလဲ"

ဟယ်ရီက မှော်ကြိမ်လုံးထဲက ထွက်လာတဲ့အရိပ်တွေဟာ ရွှေကွန်ယက် ဘေးမှာ ဘယ်လိုသွားလာနေပုံ၊ သူတို့က ဗိုလ်ဒီမွန့်ကို ဘယ်လိုထိတ်လန့် ဘာ၊ ဟယ်ရီ့အမေရဲ့အရိပ်က သူ့ကို ဘာလုပ်သင့်တယ်ဆိုတာ ပြောပြ စက်ဒရစ်အရိပ်က ငင်းရဲ့နောက်ဆုံးတောင်းဆိုချက်ကို ဘယ်လိုဖော်ပြတာ ကို ပြောပြတယ်။

ဒီနေရာရောက်တော့၊ ဟယ်ရီဟာ သူ ဆက်ပြောလို့မရတော့ဘူးလို့ ထင်တယ်၊ သူက ဆီးရီးအက်စ်ကြယ်ကို လှည့်ကြည့်တယ်၊ သူက လက် မျက်နှာအုပ်ထားတာ တွေ့ရတယ်၊



ဖော့ခ်စ်ဟာ သူ့ဒူးပေါ်က ထပျံသွားတာကို ဟယ်ရီ သိလိုက်တယ်။ ဖီးနစ်က တောင်ပံခတ်ရင်း ကြမ်းပေါ်ကို ဆင်းလိုက်တယ်။ ငင်းရဲ့လှပတဲ့ ခေါင်းနဲ့ ဟယ်ရီရဲ့ ဒဏ်ရာရတဲ့ ခြေထောက်ကို ကပ်ထားတယ်။ ကြည်လင်တဲ့ မျက်ရည်ပေါက်ကြီးတွေဟာ ငင်းရဲ့မျက်လုံးထဲက ထွက်လာပြီး ပင့်ကူကြောင့်ရတဲ့ ဒဏ်ရာပေါ် ကျလာတယ်။ နာကျင်ခြင်း ပျောက်သွားတယ်။ အနာလည်း ပျောက်သွားတယ်။ သူ့ခြေထောက်ဟာ အစကလို ပြန်ဖြစ်သွားတယ်။

"ကျုပ် ထပ်ပြောဦးမယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ ဒီအချိန်မှာ ဖီးနစ်က ပျံတက်သွားပြီး၊ တံခါးဘေးက နားကိုင်းပေါ် ပြန်ရောက်သွားတယ်။ "မင်း ဒီည ဖော်ပြတာ သိပ်သတ္တိပြောင်မြောက်တာပဲ။ မင်းပေါ် ကျုပ်မျှော်လင့်ထားတာထက် အများကြီးသာတယ်၊ ဟယ်ရီ။ မင်းဖော်ပြခဲ့တဲ့ ရဲစွမ်းသတ္တိဟာ ဗိုလ်ဒီမွန့်အင်အားအထွတ်အထိပ်ရောက်နေစဉ်က ငင်းကို ခုခံတိုက်ခိုက်ခဲ့လို့ ကျဆုံးသွားတဲ့ မှော်ဆရာတွေနဲ့ အတူတူပဲ၊ မင်းဟာ အရွယ်ရောက်ပြီး မှော်ဆရာတစ်ယောက်ရဲ့ တာဝန်ကို ထမ်းဆောင်နိုင်ခဲ့တယ်၊ မိမိ ဒီတာဝန်ကို ထမ်းဆောင်နိုင်တယ်ဆိုတာလဲ တွေ့ရှိတယ် —— မင်းကို ကျုပ်တို့က ပိုပြီး ကြီးမားတဲ့ မျှော်လင့်ချက် ထားလာစေတယ်။ မင်း ကျုပ်နဲ့အတူ ဆေးရုံကို သွားကြမယ်။ ဒီည မင်းကို အိပ်ဆောင်မပြန်စေချင်တော့ဘူး။ အိပ်ဆေးနည်းနည်း သောက်ပြီး ကောင်းကောင်းအေးအေးဆေးဆေးနား .... ဆီးရီးအက်စ်ကြယ်၊ မင်း သူ့ကို အဖော်လုပ်မလား"

ဆီးရီးအက်စ်ကြယ်က ခေါင်းညိတ်ပြပြီး၊ မတ်တတ်ရပ်လိုက်တယ်။ သူဟာ ခွေးနက်ကြီးတစ်ကောင် ပြန်ဖြစ်သွားပြီး၊ ဟယ်ရီ၊ ဒမ်ဘာလီဒိုးနဲ့အတူ ရုံးခန်းက ထွက်လာခဲ့တယ်။ သူတို့နဲ့အတူ လှေကားကဆင်းပြီး ဆေးရုံကို ရောက်သွားတယ်။

ဒမ်ဘာလီဒိုး တံခါးတွန်းဖွင့်လိုက်တော့၊ မစ္စစ်ဝယ်စလီ၊ ဘီး၊ ရွန်နဲ့ ဟာမိုင်းတို့ရဲ့ မေးခွန်းတွေနဲ့ ဒုက္ခရောက်နေတဲ့ မဒမ်ဖွမ်ဖရေကို ဟယ်ရီ မြင်ရတယ်၊ သူတို့ဟာ ဟယ်ရီ့အခြေအနေနဲ့ ဘယ်ရောက်နေတယ်ဆိုတာ အတင်း မေးနေပုံရတယ်။ ဟယ်ရီ၊ ဒမ်ဘာလီဒိုးနဲ့ ခွေးနက်ကြီး ဝင်သွားတော့ သူတို့အားလုံး ဆတ်ခနဲ လှည့်ကြည့်ကြတယ်။ မစ္စစ်ဝယ်စလီက ခပ်အုပ်အုပ်အော်သံ ထွက်လာတယ်။

"ဟယ်ရီ၊ အိုး၊ ဟယ်ရီ"

www.burmeseclassic.com

www.burmeseclassic.com



သူက ဟယ်ရီ့ဆီ ပြေးလာတယ်။ ဒါပေမယ့် ဒမ်ဘာလီဒိုးက ရှေ့တက်လာပြီး သူတို့နှစ်ယောက်ကြား ကာထားလိုက်တယ်။

"မော်လီ" သူက လက်တစ်ဖက်မြှောက်ပြီး ပြောတယ်။ "ကျုပ်ပြောတာ အရင်နားထောင်ပါ။ ဟယ်ရီဟာ ဒီညမှာ ကြောက်စရာကောင်းအောင် ဒုက္ခတွေ ရောက်ခဲ့တယ်။ သူ ခုနက ကျုပ်ကို တစ်ခေါက်ပြန်ပြောပြရတယ်။ သူ အခု လိုအပ်နေတာက အိပ်ဖို့၊ ငြိမ်းငြိမ်းချမ်းချမ်းနေဖို့၊ ဆိတ်ငြိမ်ဖို့ ဖြစ်တယ်။ တကယ်လို့ သူက ခင်ဗျားတို့ သူ့အနားမှာ ရှိစေချင်ရင်" သူက ဘေးမှာရှိတဲ့ ရွန်၊ ဟာမီးနဲ့ ဘီးကို ကြည့်ပြီး ဖြည့်ပြောတယ်။ "သင်တို့ ဒီမှာနေလို့ရတယ်။ ဒါပေမယ့် သင်တို့ သူ့ကို ဘာမေးခွန်းမှ မမေးစေချင်ဘူး။ သူ့ဟာသူ ပြောချင်ရင်တော့ တစ်မျိုးပေါ့။ ဒီညတော့ လုံးဝမရဘူး"

မစ္စစ်ဝယ်စလီက ခေါင်းညိတ်ပြတယ်။ သူမမျက်နှာ အတော်ဖြူရော်နေတယ်၊ သူမဟာ ရွန်၊ ဟာမီးနဲ့ ဘီးဘက် ရုတ်တရက် လှည့်လိုက်တယ်။ ၎င်းတို့ကပဲ ဆူညံနေသလိုပဲ၊ သူမက အသံနှိမ့်ပြီး ဆုံးမနေတယ်။ "မင်းတို့ ကြားပလား။ သူ နားဖို့လိုတယ်"

"ကျောင်းအုပ်ကြီး" မဒမ်ဖွမ်ဖရေက ဆီးရီးအက်စ်ကြွယ်က ဖြစ်လာတဲ့ ခွေးနက်ကြီးကို ကြည့်ပြီးပြောတယ်။ "ကျွန်မတစ်ခုမေးလို့ ရမလား။ ဒါ ဘာလဲ ——"

"ဒီခွေးက ဟယ်ရီနဲ့ ခဏနေမှာ" ဒမ်ဘာလီဒိုးက တိုတိုပဲ ပြောတယ်။ "ကျုပ် ခင်ဗျားကို အာမခံပါတယ်၊ ၎င်းကို သေချာလေ့ကျင့်ထားတာပါ။ ဟယ်ရီ —— မင်း ခုတင်ပေါ်တက်ပြီးမှ ကျုပ်သွားမယ်"

ဒမ်ဘာလီဒိုးက သူ့ကို မေးခွန်းမမေးဖို့ တားမြစ်ထားတဲ့အတွက် ဟယ်ရီ့ရင်ထဲမှာ ဖော်မပြတတ်အောင် ကျေးဇူးတင်မိတယ်၊ သူဟာ သူ့ ဒီမှာနေတာကို မကြိုက်တာမဟုတ်ဘူး၊ ဒါပေမယ့် အဖြစ်အပျက်ကို အစ အဆုံး တစ်ခေါက်ပြန်ပြောရမယ်၊ အားလုံးကို တစ်ခေါက်ပြန်ခံစားရမှာကို တွေးမိတော့၊ သူ့မှာ ခံနိုင်ရည်မရှိတော့ဘူး။

"ကျုပ် ဖဒ်ဂ်ကို သွားတွေ့ပြီးနောက်၊ မင်းဆီကို ပြန်လာခဲ့မယ် ဟယ်ရီ" ဒမ်ဘာလီဒိုးက ပြောတယ်။ "မင်း မနက်ဖြန်လဲ ဒီမှာပဲ ရှိနေစေချင်တယ်။ ကျုပ်ကျောင်းရှိ ကျောင်းသားအားလုံးကို စကားပြောပြီးမှပဲ ကြည့်ပေါ့" ပြောပြီး သူ ထွက်သွားတယ်။



မဒမ်ဖွမ်ဖရေက ဟယ်ရီ့ကို ခေါ်ပြီး ဘေးက ခုတင်တစ်လုံးကို သွားတယ်။ မူးဒီအစစ်ဟာ တုတ်တုတ်မှမလှုပ်ဘဲ အခန်းအစွန်းက ခုတင်တစ်လုံးမှာ အိပ်နေတာ ဟယ်ရီ မြင်ရတယ်။ ၎င်းရဲ့သစ်သားခြေတုနဲ့ မှော်မျက်လုံးကို ခုတင်ခေါင်းရင်း ဗီရိုလေးပေါ်မှာ တင်ထားတယ်။

"သူ ကိစ္စမရှိပါဘူးနော်" ဟယ်ရီက မေးတယ်။

"သူ ကိစ္စမရှိနိုင်ပါဘူး" မဒမ်ဖွမ်ဖရေက ပြောတယ်။ ဟယ်ရီ့ကို ညဝတ်အင်္ကျီတစ်စုံပေးပြီး ခုတင်ဘေးမှ လိုက်ကာတွေ ဆွဲပိတ်တယ်။ သူက ဝတ်ရုံရှည်ကို ချွတ်ပြီး၊ ညဝတ်အင်္ကျီ လဲလိုက်တယ်။ ခုတင်ပေါ်တက်လိုက်တယ်။ ရွန်၊ ဟာမီး၊ ဘီး၊ မစ္စစ်ဝယ်စလီနဲ့ ခွေးနက်ကြီးတို့ လိုက်ကာဘေးက အထဲဝင်လာတယ်။ သူ့ဘေးနှစ်ဖက်ရှိ ထိုင်ခုံပေါ်မှာ ထိုင်ကြတယ်။ ရွန်နဲ့ဟာမီးက သူ့ကို ကြည့်နေတယ်။ သူတို့အမူအရာက သတိရှိရှိ ကြောက်ဆုတ်ဆုတ်နဲ့။

"ငါ ဘာမှမဖြစ်ပါဘူး" သူက သူတို့ကို ပြောတယ်။ "သိပ်ပင်ပန်းနေတာပါပဲ"

မစ္စစ်ဝယ်စလီဟာ မလိုအပ်ဘဲ သူ့အိပ်ရာခင်းကို ပွတ်သပ်နေတယ်။ မျက်လုံးထဲမှာ မျက်ရည်တွေ လည်နေတယ်။

မဒမ်ဖွမ်ဖရေဟာ ခုနက သူမရုံးခန်းကို လောလောသွားလိုက်တယ်။ ခု ပုလင်းလေးတစ်လုံးနဲ့ ခြေတံရှည်အရက်ခွက်တစ်လုံး ယူပြီး ပြန်လာတယ်။ ပုလင်းထဲမှာ ခရမ်းရောင်ဆေးရှိတယ်။

"မင်း အဲဒါအားလုံးကို သောက်ဖို့ လိုတယ်၊ ဟယ်ရီ" သူမက ပြောတယ်။ "ဒီဆေးက မင်းကို အိပ်မက်မမက်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်စေမယ်"

ဟယ်ရီက ခြေတံရှည်ခွက်ကိုယူပြီး နှစ်လုတ်သုံးလုတ် သောက်လိုက်တယ်၊ ချက်ချင်းပဲ အိပ်ချင်လာတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး ဝေဝါးသွားတယ်၊ လူနာခန်းက မီးဟာ လိုက်ကာတစ်ဖက်ကနေ သူ့ကို မျက်စိမှိတ်ပြနေသလိုပဲ၊ မိမိကိုယ်ခန္ဓာဟာ နွေးထွေးတဲ့ ငှက်မွေးမွေ့ယာထဲမှာ ကြာလေလေး နစ်သွားလေလိုပဲ။ ဆေးသောက်လို့ မကုန်ခင်မှာပဲ၊ စကားတစ်ခွန်းမှ ထပ်မပြောတော့ဘူး။ သူဟာ အားအင်ကုန်ခန်းပြီ အိပ်မက်မရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။

ဟယ်ရီ နိုးလာတယ်။ သိပ်နွေးထွေးတာပဲ၊ ဒါပေမယ့် အိပ်ချင်နေ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ သူ မျက်လုံးမဖွင့်ဘူး၊ နောက်ထပ် အိပ်မောကျသွားစေချင်တယ်။ အခန်းထဲမှာ မီးရောင်မှုန်မွှားဆဲပဲ။ ဒါ ညအချိန်ပဲလို့ သူ တွေးတယ်။ မိမိ အကြာကြီးတော့ မအိပ်သေးဘူးလို့ သူ ထင်တယ်။

အဲဒီအချိန်မှာပဲ၊ ဘေးက တိုးတိုးပြောသံကြားတယ်။

"သူတို့ နောက်ထပ်ဆူနေရင်၊ သူ နိုးသွားလိမ့်မယ်"

"သူတို့ ဘာအော်နေတာလဲ။ ဘာများဖြစ်ပြန်ပလဲ"

ဟယ်ရီက အိပ်ချင်မူးတူးနဲ့ မျက်လုံးကို အတင်းဖွင့်တယ်။ သူ့မျက်မှန်ကို ညက ဖြုတ်ပေးထားကြတယ်။ သူ့အနီးရှိ မစ္စစ်ဝယ်စလီနဲ့ ဘီးတို့ရဲ့ အရိပ်မှုန်မှုန်ကိုပဲ သူ မြင်ရတယ်၊ မစ္စစ်ဝယ်စလီဟာ မတ်တတ်ရပ်လိုက်တယ်။

"ဒါဖဒ်ဂ်အသံ" သူမက တိုးတိုးပြောတယ်။ "အဲဒါက မီနာဗာ-မက်ဂေါ်နာဂေါ်အသံ၊ ဟုတ်လား။ သူတို့ ဘာကို ငြင်းခုံနေတာလဲ"

ဒီအချိန်မှာ ဟယ်ရီလည်း ကြားရပြီ၊ အော်ဟစ်နေသူတွေ လူနာခန်းဘက် ပြေးလာတယ်။

"စိတ်မကောင်းစရာပဲ၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ မီနာဗာ ——" ကွန်နယ်လစ်-ဖဒ်ဂ်က အကျယ်ကြီးပြောတယ်၊

"ရှင် ၎င်းကို ရဲတိုက်ထဲ လုံးဝမခေါ်သင့်ဘူး" ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ အော်ပြောတယ်။ "ဒမ်ဘလီဒိုး တွေ့သွားရင် ——"

လူနာခန်းကတံခါး ရုတ်တရက် တွန်းဖွင့်လိုက်တာ ဟယ်ရီ ကြားရတယ်။ ဘီးက လိုက်ကာဆွဲဖွင့်လိုက်တယ်။ လူအားလုံး တံခါးဝကို ကြည့်နေကြတယ်။ ဟယ်ရီ ထထိုင်ပြီး မျက်မှန်တပ်လိုက်တာ မသိကြဘူး၊

ဖဒ်ဂ်က ခြေလှမ်းကျဲကျဲနဲ့ လူနာခန်းထဲ ဝင်လာတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ စနိတ်ပ်တို့ နောက်က လိုက်လာတယ်။

"ဒမ်ဘလီဒိုးကော" ဖဒ်ဂ်က မစ္စစ်ဝယ်စလီကို မေးတယ်၊

"သူ ဒီမှာ မရှိဘူး" မစ္စစ်ဝယ်စလီက စိတ်ဆိုးစွာ ပြောတယ်။ "ဝန်ကြီး ဒါက လူနာခန်း၊ သင် အကောင်းဆုံး ——"

ဒီအချိန်မှာပဲ၊ တံခါးပွင့်သွားတယ်၊ ဒမ်ဘလီဒိုးက ဖျတ်လတ်စွာ လူနာခန်းထဲ ဝင်လာတယ်၊

"ဘာဖြစ်သလဲ" ဒမ်ဘလီဒိုးက ပြတ်ပြတ်ပဲ မေးတယ်၊ ဖဒ်ဂ်ကို ကြည့်လိုက်၊ ပါမောက္ခ မက်ဂေါ်နာဂေါ်ကို ကြည့်လိုက် ကြည့်တယ်။ "ခင်ဗျား



ဘာဖြစ်လို့ ဒီမှာ ဒီလူတွေကို နှောင့်ယှက်နေတာလဲ၊ မီနာဗာ၊ ခင်ဗျားကို ကျွန်တော် အံ့ဩမိတယ် —— ကျုပ်က ခင်ဗျားကို ဘာထီ-ခရောက်ချ်ကို စောင့်ကြည့်ခိုင်းထားတယ်လေ ——"

"သူ့ကို စောင့်ကြည့်ဖို့ မလိုတော့ဘူး ဒမ်ဘလီဒိုး" သူမက စူးရှစွာ အော်ပြောတယ်။ "ဝန်ကြီးက ဒီလိုဖြစ်အောင်လုပ်တာ"

ပါမောက္ခ မက်ဂေါ်နာဂေါ် အခုလို စိတ်မထိန်းနိုင်တာ ဟယ်ရီ မကြုံဖူးဘူး။ သူမ ပါးပေါ်မှာ ဒေါသကြောင့် နီရောင်သန်းနေတယ်။ လက်နှစ်ဖက် လက်သီးဆုပ်ထားတယ်၊ ဒေါသနဲ့ တုန်နေတယ်၊

"ဒီည အရေးကိစ္စကို ဒက်အီတာတွေက လုပ်တာလို့ ကျွန်တော်တို့က မစ္စတာဖဒ်ဂ်ကို ပြောပြတယ်" စနိတ်ပ်က အသံနိမ့်နိမ့်နဲ့ ပြောတယ်၊ "သူဟာ သူ့လုံခြုံရေးလဲ အန္တရာယ်ရှိတယ်လို့ ထင်တယ်နဲ့တူတယ်။ သူက ဗိညာဥ်စုပ်ကောင်တစ်ကောင်ကို အတင်းခေါ်ပြီး သူနဲ့အတူ ရဲတိုက်ထဲ ဝင်ခဲ့တယ်၊ သူက ဗိညာဥ်စုပ်ကောင်ကို ဘာထီ-ခရောက်ချ်ရှိတဲ့ ရုံးခန်းထဲ ခေါ်သွင်းလာတယ် ——"

"ကျွန်မက သူ့ကို ရှင်သဘောတူမှာမဟုတ်ဘူးလို့ ပြောတယ်၊ ဒမ်ဘလီဒိုး" ပါမောက္ခ မက်ဂေါ်နာဂေါ်က ဒေါသမီးတောက်စွာ ပြောတယ်၊ "ကျွန်မက သူ့ကို ရှင်က ဗိညာဥ်စုပ်ကောင်ကို ရဲတိုက်ထဲ ဝင်ခွင့်မပေးဘူးလို့ ပြောတယ်၊ ဒါပေမယ့် ——"

"ကျွန်ုပ်ရဲ့ ချစ်လှစွာသော အမျိုးသမီး" ဖဒ်ဂ်က အကျယ်ကြီး အော်ပြောတယ်။ သူ အခုလို ဒေါသမီးထတောက်နေတဲ့ပုံဟာလည်း ဟယ်ရီ မမြင်ဖူးဘူးပဲ။ "ကျုပ်ဟာ မှော်ဝန်ကြီးဌာနဝန်ကြီးတစ်ယောက်အနေနဲ့ မိမိ ကိုယ်ရံတော် ခေါ်သင့် မခေါ်သင့်ဆိုတာ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်။ ကျုပ်က အလွန်အန္တရာယ်ကြီးတဲ့သူတစ်ယောက်ကို လာတွေ့မှာ ——"

ဒါပေမယ့် ပါမောက္ခမက်ဂေါ်နာဂေါ်ရဲ့အသံဟာ ဖဒ်ဂ်အသံကို လွှမ်းသွားတယ်။

"အဲဒီအကောင် —— အဲဒီအကောင် ရုံးခန်းထဲ ဝင်လာလိုက်တာနဲ့" သူမဟာ ဖဒ်ဂ်ကို လက်ညှိုးထိုးပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။ စူးရှစွာ အော်ပြောတယ်။ "တစ်ခါတည်း ခရောက်ချ်ကို ဝင်အုပ်တယ်၊ ဒါနဲ့ —— ဒါနဲ့ ——"

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ခုနက ဖြစ်ပွားတဲ့ကိစ္စကို ပြောပြီး စကားလုံး ကြိုးစားရှာတယ်။ ဟယ်ရီဟာ ဗိုက်ထဲမှာ အအေးဓာတ်ပေါ်လာ တယ်လို့ ခံစားရတယ်။ ဟယ်ရီဟာ သူမ စကားကိုကုန်အောင်ပြောတာ နား ထောင်နေစရာ မလိုဘူး။ ဝိညာဉ်စုပ်ကောင် ဘာလုပ်လိုက်တယ်ဆိုတာ သူ သိတယ်။ ဝိညာဉ်စုပ်ကောင်က ဘာထီ-ခရောက်ချ်ကို သေစေတဲ့ အနမ်း ပေးလိုက်မှာ သေချာတယ်။ ၎င်းက ခရောက်ချ်ပါးစပ်ထဲကနေ သူ့ဝိညာဉ်ကို စုပ်ယူသွားတယ်။ ခရောက်ချ်ဟာ အခုဆိုရင် ရှင်နေတာ သေတာ ထက်တောင် ဆိုးသေးတယ်။

"ပြောဆိုကြတာ အမျိုးမျိုးအရ၊ ဒါဟာ သူ့အပြစ်နဲ့သူပဲ" ဖဒ်ဂ်က သဲကြီးမဲကြီးနဲ့ ပြောတယ်။ "သူဟာ လူမနည်းကို သေစေခဲ့တယ်"

"ဒါပေမယ့် သူ အခု သက်သေထွက်ဆိုနိုင်းလို့ မရတော့ဘူး၊ ကွန် နယ်လစ်" ဒမ်ဘာလီဒိုးက ပြောတယ်။ သူက ဖဒ်ဂ်ကို စူးရှစွာ ကြည့်နေတယ်၊ ပထမဆုံးအကြိမ်အားဖြင့် သူ့အကြောင်းကို သိရသလိုပဲ။ "သူ ဘာဖြစ်လို့ အဲဒီလူတွေကို သတ်ရတယ်ဆိုတာ၊ သူ သက်သေမခံနိုင်တော့ဘူးပေါ့"

"သူ ဘာဖြစ်လို့ သူတို့ကို သတ်ရလဲ။ အော၊ ဒါက ရှင်းနေတာပဲ မဟုတ်လား" ဖဒ်ဂ်က စိတ်ဆိုးမာန်ဆိုးနဲ့ ပြောတယ်။ "သူက လေလွင့်နေတဲ့ အရူး။ မိနာဗာနဲ့ ဆီးဗရတ်စ်တို့ ပြောပြချက်အရ၊ သူဟာ သူလုပ်သမျှ ဟိုလူ ညွှန်ကြားချက်နဲ့ လုပ်တယ်လို့ ထင်နေတာ"

"ဗိုလ်ဒီမွန့် အရင်က သူ့ကို တကယ်ပဲညွှန်ကြားနေတာ၊ ကွန်နယ်လစ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "အဲဒီလူတွေ သေရတာဟာ ဗိုလ်ဒီမွန့် ပြန်လည် ထူထောင်လာရေးစီမံကိန်းရဲ့ အစွန်းထွက် အကျိုးဆက်သာ ဖြစ်တယ်။ အဲဒီ စီမံကိန်း အောင်မြင်သွားပြီ။ ဗိုလ်ဒီမွန့်ဟာ သူ့ကိုယ်ခန္ဓာ ပြန်ရသွားပြီ"

ဖဒ်ဂ်ဟာ လန့်ပြီး မျက်နှာတောင် ပျက်သွားတယ်။ တစ်ယောက် ယောက်က သူ့ကို လက်သီးနဲ့ ပြင်းပြင်းထိုးလိုက်သလိုပဲ။ သူဟာ ငိုင်ပြီး မျက် တောင်ခတ်နေတယ်။ ဒမ်ဘာလီဒိုးကို ငေးကြည့်နေတယ်။ ခုနက ကြားမှာ စကားကို လုံးဝမယုံနိုင်သလိုပဲ။ သူက အ,ထစ်စွာ စကားပြောလာတယ်။ မျက် လုံးကတော့ ဒမ်ဘာလီဒိုးကိုပဲ ကြည့်နေတယ်။

"ဟိုလူ . . . . ပြန်လာပြီ ? ေလျှာက်ပြောနေတာ။ ရယ်စရာ မကောင်း ပါနဲ့တော့ ဒမ်ဘာလီဒိုး . . . ."



"မိနာဗာနဲ့ ဆီးဗရတ်စ်တို့က ခင်ဗျားကို ပြောပြီးပြီထင်တယ်" ဒမ် ဘာလီဒိုးက ပြောတယ်။ "ကျွန်တော်တို့ ဘာထီ-ခရောက်ချ် ဖွင့်ဝန်ခံတာ ကြား ရပြီ။ အမှန်ပြောဆေးအားနဲ့ သူ ဘယ်လိုအက်ဇ်ခါဘန်က တိတ်တိတ်ခိုးထုတ် ခံရတာ၊ ဗိုလ်ဒီမွန့်က ဘယ်လို —— ဘာသာ-ဂျော်ကင်စ်ဆီက သူ အသက်ရှင် နေသေးတာ သိသွားတယ် —— ဒါနဲ့ သူ့အဖေဆီကနေ သူ့ကို ကယ်တင်လိုက် တယ်။ သူ့ကို အသုံးချပြီး ဟယ်ရီ့ကို ဖမ်းတာတွေ ပြောပြတယ်။ ခင်ဗျားကို ပြောပြမယ်။ အဲဒီစီမံကိန်းက အောင်မြင်သွားပြီ။ ဘာထီ-ခရောက်ချ်က ဗိုလ် ဒီမွန့် ပြန်လာနိုင်အောင် ကူညီလိုက်ပြီ"

"ကျုပ်ပြောတာ နားထောင်၊ ဒမ်ဘာလီဒိုး" ဖဒ်ဂ်က ပြောတယ်။ သူ့ မျက်နှာပေါ်မှာ အပြုံးရိပ်တစ်ခု ပေါ်လာတာကို ဟယ်ရီ အံ့သြစွာ တွေ့ရှိ လိုက်တယ်။ "ခင်ဗျား —— ခင်ဗျား ဒါတွေအားလုံးကို တကယ် မယုံပါဘူး နော်။ ဟိုလူ —— ပြန်လာပြီ ? မကျီစားပါနဲ့၊ မကျီစားပါနဲ့ . . . . ခရောက်ချ် ဟာ မိမိ ဟိုလူ့ညွှန်ကြားချက်အရ လုပ်နေတာလို့ ထင်ချင်ထင်မယ်ဆိုတာ ပြောစရာမလိုဘူး —— ဒါပေမယ့် ဒီလိုအရူးတစ်ယောက်ရဲ့ စကားကို အတည် ယူလို့ ဘယ်ဖြစ်မလဲ၊ ဒမ်ဘာလီဒိုး . . . ."

"ဒီည၊ ဟယ်ရီ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲဖလားကို ထိမိတာနဲ့ သူဟာ ဗိုလ်ဒီမွန့်ဆီ တန်းအပို့ခံရတယ်" ဒမ်ဘာလီဒိုးက ခိုင်မာစွာ ပြောတယ်။ "သူဟာ ဗိုလ်ဒီမွန့်ပြန်လည်ရှင်သန်လာတာကို မျက်စိနဲ့ မြင်ခဲ့ရတယ်။ ခင်ဗျား ကျုပ် အခန်းကို လိုက်ခဲ့ပါ၊ ကျုပ် အားလုံးရှင်းပြပါမယ်"

ဒမ်ဘာလီဒိုးက ဟယ်ရီ့ဘက် ကြည့်လိုက်တယ်။ ဟယ်ရီ နိုးနေတာ မြင်ရတယ်။ ဒါပေမယ့် သူက ခေါင်းခါပြီးပြောတယ်။ "ဒီညတော့၊ ခင်ဗျား ဟယ်ရီ့ကို မေးခွန်းထုတ်ဖို့ ကျုပ် ခွင့်မပြုနိုင်ဘူး"

ဖဒ်ဂ်မျက်နှာပေါ်မှာ ထူးဆန်းတဲ့အပြုံးကြီး ရှိနေသေးတယ်။ သူက လည်း ဟယ်ရီ့ကို ကြည့်လိုက်တယ်။ ဒီနောက် အကြည့်ကို ဒမ်ဘာလီဒိုးကိုယ် ပေါ် ချလိုက်တယ်။ သူက ပြောတယ်။ "ခင်ဗျား —— အင်း —— ခင်ဗျားက ဟယ်ရီ့စကားကို အားလုံးလက်ခံမှာလား။ ဟုတ်လား၊ ဒမ်ဘာလီဒိုး"

ခဏတာ ငြိမ်သက်သွားတယ်။ ဒီနောက် ဆီးရီးအက်စ်ဖြယ်ရဲ့ ဟောင်သံ ပေါ်ထွက်လာတယ်။ ၎င်းဟာ လည်ဆံမွေးတွေ ထောင်ပြီး၊ ဖဒ်ဂ် ကို အစွယ်ကြီး ထုတ်ပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဟယ်ရီကို ယုံတာပေါ့" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့မျက်လုံးတွေ လက်နေတယ်။ "ကျုပ် ခရောက်ချ် ဖွင့်ပြောတာ နားထောင်တယ်။ ဟယ်ရီက သူ ဗိုလ်သုံးဗိုလ်ဖလားကို ထိမိပြီး ဖြစ်ပွားတဲ့အကြောင်းပြောတာလည်း နားထောင်တယ်။ သူတို့နှစ်ယောက်စကားဟာ ကျိုးကြောင်းဆီလျော်တယ်။ မနှစ်ကနွေမှာ ဘာသာ-ဂျော်ကင်စ် ပျောက်သွားပြီးနောက် ဖြစ်ပျက်တဲ့ကိစ္စအားလုံးကို ရှင်းသွားစေတယ်"

ဖဒ်ဂ်မျက်နှာပေါ်မှာ အပြုံးတစ်မျိုးကြီး ရှိနေတုန်းပဲ။ သူက ဟယ်ရီကို တစ်ခါကြည့်လိုက်ပြီးနောက်မှ ပြောတယ်။

"ခင်ဗျားက ဗိုလ်ဒီမွန့် ပြန်လာပြီဆိုတာ ယုံမလို့လား။ စိတ်မနံ့တဲ့ လူသတ်သမားနဲ့ ကလေးတစ်ယောက်စကားကို ယုံတယ်။ ဒီကလေးကလဲ . . . . သူ . . . . "

ဖဒ်ဂ်က ဟယ်ရီ့ကို အလျှင်အမြန် ကြည့်လိုက်ပြန်တယ်။ ဟယ်ရီက သူ့သဘောကို ချက်ချင်း သိသွားတယ်။

"ခင်ဗျား ရီထာ-စကီးထာဆောင်းပါးဖတ်နေတယ် ထင်တယ်၊ မစ္စတာဖဒ်ဂ်" သူက အသာပဲပြောတယ်။

ရွန်၊ ဟာမီး၊ မစ္စစ်ဝယ်စလီနဲ့ ဘီးတို့ လန့်သွားတယ်။ ဟယ်ရီ နိုးနေတာ သူတို့ ဘယ်သူမှမသိကြဘူး။

ဖဒ်ဂ်ဟာ မျက်နှာအနည်းငယ် နီသွားတယ်။ ဒါပေမယ့် သူ့မျက်နှာပေါ်မှာ ခုခံတဲ့ ခေါင်းမာမာအရိပ်အယောင် ပေါ်လာတယ်။

"ပြီးတော့ ကျုပ်တွေ့တယ်" သူက ဒမ်ဘလီဒိုးကို ကြည့်ပြီး ပြောတယ်။ "ခင်ဗျားဟာ ဒီကလေးရဲ့ အခြေအနေတချို့ကို တင်မပြဘဲ ဖုံးထားတယ်။ သူဟာ မြွေမာဂစကားပြောတတ်သူ။ ဟုတ်လား။ နေပုံထိုင်ပုံ အားလုံး တစ်မျိုးကြီးပဲ ——"

"ခင်ဗျားပြောချင်တာ ဟယ်ရီ အမြဲခံစားရတဲ့ အမာရွတ် နာကျင်တာလို့ ကျုပ်ထင်တယ်" ဒမ်ဘလီဒိုးက အေးစက်စွာ ပြောတယ်။

"ဒီလိုဆိုတော့၊ သူ တစ်လျှောက်လုံး ဒီလိုနာနေတာကို ခင်ဗျား အသိအမှတ်ပြုတာပေါ့ ?" ဖဒ်ဂ်က အမြန်ပြောတယ်။ "ခေါင်းကိုက်တယ်၊ အိပ်မက်ဆိုးမက်တယ်၊ ပြီးတော့ —— ထင်မှတ်မှားတယ် ?"

"ကျုပ်ပြောတာ နားထောင်ပါ၊ ကွန်နယ်လစ်" ဒမ်ဘလီဒိုးက ပြော



တယ်။ ဖဒ်ဂ်ရှေ့ကို တစ်လှမ်းတိုးသွားတယ်။ စကားနဲ့ ရှင်းပြလို့မရတဲ့ အင်အားကို လွှတ်လိုက်သလိုပဲ —— ဟယ်ရီဟာ ဒမ်ဘလီဒိုးက လူငယ် ခရောက်ချ်ကို မူးမေ့အောင် လုပ်လိုက်စဉ်မှာ ဒီလိုအင်အားရှိနေတာကို ခံစားရတယ်။ "ဟယ်ရီဟာ ခင်ဗျားတို့ ကျွန်တော်တို့လို ခေါင်းရှင်းတယ်၊ အသိရှိတယ်။ သူ့နဖူးပေါ်က အမာရွတ်ဟာ သူ့ဦးနှောက်ကို မရှုပ်ထွေးစေပါဘူး။ ဗိုလ်ဒီမွန့် အနီးမှာခိုအောင်းနေတဲ့အခါ ဒါမှမဟုတ် သိပ်ပြီး လူသတ်ချင်တဲ့အခါကျမှ၊ ဟယ်ရီ့အမာရွတ်က နာလာတယ်ဆိုတာ ကျုပ် ယုံတယ်"

ဖဒ်ဂ်က ဒမ်ဘလီဒိုးရှေ့ကနေ နောက်ကို နည်းနည်းဆုတ်လိုက်တယ်။ ဒါပေမယ့် သူ့အမူအရာကတော့ ဒီတိုင်း ခေါင်းမာနေဆဲ။

"ခွင့်လွှတ်ပါ၊ ဒမ်ဘလီဒိုး။ မှော်ကျိန်စာကြောင့်ရတဲ့ အမာရွတ်ဟာ သတိပေးခေါင်းလောင်းလို ဖြစ်တယ်ဆိုတာ ကျုပ် မကြားဖူးဘူး . . . . "

"ကျွန်တော် ဗိုလ်ဒီမွန့် ပြန်လာတာ မျက်စိနဲ့ မြင်ခဲ့တယ်" ဟယ်ရီက အကျယ်ကြီး အော်ပြောတယ်။ သူက ခုတင်အောက်ဆင်းဖို့ ရုန်းတယ်။ ဒါပေမယ့် မစ္စစ်ဝယ်စလီက သူ့ကို ပြန်တားထားတယ်။ "ကျွန်တော်ကိုယ်တိုင် ဒက်အီတာတွေကို မြင်ရတယ်။ ကျွန်တော် သူတို့နာမည်ကို ပြောပြနိုင်တယ်။ လူးရှပ်စ်-မော်ဖိုင် ——"

စနိတ်ပ်ဟာ ရုတ်တရက် နည်းနည်းလှုပ်သွားတယ်။ ဒါပေမယ့် ဟယ်ရီက သူ့ကို ကြည့်နေတော့ စနိတ်ပ်အကြည့်ဟာ ဖဒ်ဂ်ဆီ ပြန်ရောက်သွားတယ်။

"မော်ဖိုင်ကို အပြစ်မရှိကြောင်း ချမှတ်ထားပြီးသား" ဖဒ်ဂ်ဟာ သူ့ကို စော်ကားတယ်ထင်ပုံရတယ်။ သူက ပြောတယ်။ "အလွန်ရှေးကျတဲ့မျိုးနွယ် —— ကောင်းမွန်တဲ့ကိစ္စတွေအတွက် ရက်ရက်ရောရော လှူတန်းတယ် ——"

"မက်နေအာ" ဟယ်ရီက နာမည်ကို ဆက်ပြောတယ်။

"သူလဲ ရှင်းပြီးသား။ အခု မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ်တယ်"

"အဗရီ —— နော့တ် —— ခရပ် —— ဂွိုး ——"

"မင်းက လွန်ခဲ့တဲ့ဆယ့်သုံးနှစ်မတိုင်မီက ဒက်အီတာမဟုတ်သူလို့ စီရင်ခံရတဲ့လူတွေရဲ့နာမည်ကို ထပ်ပြောနေတာသာ ဖြစ်တယ်" ဖဒ်ဂ်က ဒေါသထွက်ပြီး ပြောတယ်။ "အရင်က တရားစီရင်တဲ့ အစီရင်ခံစာတွေမှာ ဒီနာမည်တွေကို သင် မြင်ရလိမ့်မယ်။ ဘုရားသခင်ကို ထောက်ထားပြီး ဒမ်ဘလီဒိုး

www.burmeseclassic.com

www.burmeseclassic.com



—— မနှစ်က နှစ်ကုန်ပိုင်းမှာ၊ ဒီကောင်လေးခေါင်းထဲမှာ လုပ်ကြံပြောဆိုတဲ့ ထူးဆန်းတဲ့ပုံပြင်တွေချည်းပဲ —— သူ့လိမ်ညာတဲ့စကားဟာ ကြာလေ ထူးဆန်းလာလေပဲ။ ခင်ဗျားက အားလုံးကို ယုံနေသေးတယ် —— ဒီကောင်လေးဟာ မြွေနဲ့ စကားပြောနိုင်တယ်။ ဒမ်ဘလီဒိုး၊ ခင်ဗျားက သူ့ကို ယုံသင့်တယ်လို့ ထင်နေတုန်းပဲလား"

"ရှင် တယ်တုံးပါလား" ပါမောက္ခ မက်ဂေါ်နာဂေါက အော်ပြောတယ်။ "စက်ဒရစ်-ဒစ်ဂိုရီ။ မစ္စတာ ခရောက်ချ်၊ ဒီလူတွေသေတာ အရူးတစ်ယောက်က ထင်သလိုလုပ်လို့ မဟုတ်နိုင်ဘူး"

"ဘာကြောင့်မဟုတ်လဲဆိုတာ ကျုပ် မမြင်ဘူး" ဖဒ်ဂ်ကလည်း အကျယ်ကြီး အော်ပြောတယ်။ မျက်နှာကြီးဟာ ခရမ်းရောင်သန်းလာပြီး ဒေါသက ပါမောက္ခ မက်ဂေါ်နာဂေါ်ထက် မညံ့ဘူး။ "ခင်ဗျားတို့ဟာ ထိတ်လန့်တကြားဖြစ်အောင် လုပ်ကိုလုပ်ချင်နေကြတယ်။ ကျုပ်တို့ ဆယ့်သုံးနှစ်လုံးလုံး ကြိုးစားထူထောင်ထားတာ အားလုံးကို ဖျက်ဆီးချင်နေတယ်လို့ ကျုပ် မြင်တယ်"

ဟယ်ရီဟာ မိမိနားကိုတောင် မယုံနိုင်သလို ဖြစ်နေတယ်။ ဖဒ်ဂ်ဟာ နည်းနည်းကြောချင်တယ်၊ ဟိတ်ဟန်ထုတ်ချင်ပေမယ့်၊ စိတ်ရင်းကောင်းတဲ့ ချစ်ခင်စရာလူလို့ သူတစ်လျှောက်လုံး ထင်မှတ်ခဲ့တယ်။ အခု သူ့မျက်စိရှေ့မှာ ရပ်နေတဲ့ ဒေါသတကြီးနဲ့ အကောင်သေးသေးမှော်ဆရာဟာ၊ မိမိရဲ့ စနစ်တကျ တည်ငြိမ်ငြိမ်ကျတဲ့ကမ္ဘာ ပျက်စီးစေနိုင်တာ၊ ဗိုလဒီမွန့် ပြန်လည်ထူထောင်လာတာကို ယတိပြတ် ငြင်းဆန်လိမ့်မယ်လို့ မထင်မိဘူး။

"ဗိုလဒီမွန့် ပြန်လာပြီ" ဒမ်ဘလီဒိုးက တစ်ခါထပ်ပြောတယ်။ "ဖဒ်ဂ် ခင်ဗျား ဒီအဖြစ်မှန်ကို ချက်ချင်းလက်ခံပြီး လိုအပ်တဲ့စီစဉ်မှုတွေ လုပ်နိုင်ရင် ကျွန်တော်တို့ အခြေအနေကို ပြန်လည်ပြောင်းနိုင်စရာရှိတယ်။ ပထမဦးဆုံး အရေးကြီးခြေလှမ်းကတော့ အက်ဇခါဘန်ကို ဝိညာဉ်စုပ်ကောင် ချုပ်ကိုင်မှုက ရှင်းထွက်စေရမှာပဲ ——"

"ပေါက်ကရတွေ" ဖဒ်ဂ်က အော်ပြောပြန်တယ်။ "ဝိညာဉ်စုပ်ကောင်ကို ဖယ်ပစ်ရမယ် ? ကျုပ် ဒီအကြံကို တင်ပြတာနဲ့ ရုံးခန်းက မောင်းထုတ်ခံရမှာ၊ ကျုပ်တို့လူတစ်ဝက်ဟာ ဝိညာဉ်စုပ်ကောင် အက်ဇခါဘန်မှာ ကင်းစောင့်နေဘာသိလို့ ညမှာ ကောင်းကောင်းအိပ်နိုင်တာ"

"ကွန်နယ်လစ်၊ အမိန့်ချလိုက်တာနဲ့ သူ့အတွက် အလုပ်အ...



...ပြမယ့်ကောင်တွေကို၊ ခင်ဗျားက ဗိုလဒီမွန့်ရဲ့ အန္တရာယ်အရှိဆုံးလူယုံတွေကို သွားစောင့်ခိုင်းမှန်း ကျုပ်တို့သိရင်၊ ကျုပ်တို့ တခြားလူတွေဟာ ကောင်းကောင်းအိပ်နိုင်မှာမဟုတ်တော့ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "အဲဒီကောင်တွေဟာ ခင်ဗျားကို သစ္စာရှိရှိလုပ်မှာမဟုတ်ဘူး၊ ဖဒ်ဂ်။ ဗိုလဒီမွန့်က ၎င်းတို့ကို ပေးနိုင်တဲ့ အာဏာနဲ့ ကျေနပ်မှုဟာ၊ ခင်ဗျားပေးနိုင်တာထက် များတယ်။ ဗိုလဒီမွန့်ဟာ ဝိညာဉ်စုပ်ကောင်တွေရဲ့ ထောက်ခံမှုရရင်၊ အရင်က သူ့လူတွေ သူ့အနား ပြန်ရောက်သွားလိမ့်မယ်။ အဲဒီအချိန်ရောက်ရင်၊ ခင်ဗျားက လွန်ခဲ့တဲ့ဆယ့်သုံးနှစ်ကလို အင်အားမျိုး ပြန်မဖြစ်အောင် သူ့ကိုတားဖို့ အလွန်ခက်ခဲသွားမယ်"

ဖဒ်ဂ်ပါးစပ်ဟာ ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေတယ်။ သူ့ဒေါသကို ဖော်ပြဖို့ ဘာသာစကား မရှိသလိုပဲ။

"ခင်ဗျားလုပ်ရမယ့် ဒုတိယခြေလှမ်းက —— ပြီးတော့ ချက်ချင်းလုပ်မှ" ဒမ်ဘလီဒိုးက တစ်ဆင့်တိုးပြီး ပြောတယ်။ "လူလွှတ်ပြီး ဧရာမလူသားတွေဆီ စာပို့ရမှာ"

"ဧရာမလူသားဆီ လူလွှတ်ပြီး စာပို့ ?" ဖဒ်ဂ်က လန့်အော်တယ်၊ ချက်ချင်းစကားပြောတတ်လာပြန်တယ်။ "ဒါ ဘာအရူးစကားလဲ"

"အခု သိပ်နောက်မကျသေးခင်မှာ၊ ၎င်းတို့ကို ချစ်ကြည်တဲ့လက်ကမ်းလိုက်ပါ" ဒမ်ဘလီဒိုးက ပြောတယ်။ "နို့မို့ရင် ဗိုလဒီမွန့်က ၎င်းတို့ကို ဆွဲဆောင်သွားမှာ။ သူ အရင်ကလဲ ဒါမျိုးလုပ်ဖူးတယ်။ မှော်ဆရာအားလုံးထဲမှာ၊ သူကသာလျှင် ၎င်းတို့ကို အာဏာအခွင့်အရေးနဲ့ လွတ်လပ်ခွင့်ပေးနိုင်တယ်လို့ စည်းရုံးမှာ"

"ခင်ဗျား —— ခင်ဗျား ရယ်စရာပြောနေတာ သေချာတယ်" ဖဒ်ဂ်ဟာ အံ့သြကြောက်လန့်လို့ အသက်တောင် ကောင်းကောင်းမရှူနိုင်ဘူး။ ခေါင်းခါရင်း ဒမ်ဘလီဒိုးရှေ့ကနေ နောက်ဆုတ်သွားတယ်။ "တကယ်လို့ မှော်လောကက ကျုပ် ဧရာမလူသားနဲ့ ဆက်သွယ်မှန်းသိရင် —— လူတွေက ဧရာမလူသားတွေကို သိပ်မုန်းတာ၊ ဒမ်ဘလီဒိုး —— ကျုပ်အရေးဟာလဲ ကျဆုံးသွားမှာ ——"

"ကွန်နယ်လစ်၊ ခင်ဗျားဟာ ခင်ဗျားရာထူးကို သိပ်စွဲမက်နေတယ်။ ဒါကြောင့် သင့်မှာ ရှိသင့်တဲ့ဝေခွဲမှု ပျောက်ဆုံးသွားစေတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့အသံဟာ တဖြည်းဖြည်း မြင့်လာတယ်။ လူတွေဟာ သူ့တစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကို ဖုံးလွှမ်းနေတဲ့ အင်အားရဲ့ အလင်းစကြာကို ခံစားလို့ရတယ်။ သူ့မျက်လုံးဟာ နောက်တစ်ကြိမ် လင်းလက်နေတယ်။ "ခင်ဗျားဟာ မှော်ဆရာမျိုးရိုးစစ်စစ်ဆိုတာကို သိပ်အရေးထားလွန်းနေတယ်။ ခင်ဗျား တစ်လျှောက်လုံး ဒီအတိုင်းချည်းပဲ။ လူတစ်ယောက်ရဲ့မျိုးရိုးဟာ သိပ်အရေးမကြီးဘူး၊ အရေးကြီးတာက သူ ဘယ်လိုလူမျိုး ဖြစ်လာမလဲဆိုတာကို ခင်ဗျား နားမလည်ဘူး။ ခင်ဗျားရဲ့ ဝိညာဉ်စုပ်ကောင်ဟာ အလွန်ရှေးကျတဲ့ မှော်ဆရာမျိုးရိုးက နောက်ဆုံးမျိုးနွယ်ကို ခုတင်ပဲ သုတ်သင်ပစ်လိုက်ပြီ —— အဲဒီလူ ရွေးချယ်တဲ့ လမ်းကြောင်းကို ခင်ဗျား ကြည့်ကြည့်ပါ။ ကျုပ် အခု ခင်ဗျားကို ပြောမယ် —— ကျုပ်အကြံပေးတာကို လက်ခံပြီး လုပ်သင့်တာတွေကိုလုပ်ရင်၊ မှော်ဆရာလောကကြီးတစ်ခုလုံးက ခင်ဗျားကို ထာဝရမှတ်သားထားမှာပါ။ ခင်ဗျားတို့သမိုင်းတစ်လျှောက် သတ္တိအရှိဆုံး၊ အကြီးမြတ်ဆုံး မှော်ဝန်ကြီးဌာန ဝန်ကြီးလို့ သဘောထားမှာပါ။ တကယ်လို့ ခင်ဗျား လုပ်သင့်တာမလုပ်ဘဲနေရင် —— သမိုင်းကလဲ စွဲစွဲမြဲမြဲ မှတ်ထားမှာပါ။ ခင်ဗျားက ဘေးရပ်ပြီး လက်ပိုက်ကြည့်နေလို့၊ ကျုပ်တို့ ပင်ပင်ပန်းပန်း ပြန်လည်တည်ဆောက်ထားတဲ့ ဒီကမ္ဘာတို့ ဗိုလ်ဒီမွန့်က ဒုတိယအကြိမ် ဖျက်ဆီးပစ်ဖို့ အခွင့်အရေးရသွားမှာ"

"အမိုက်ဖြိုက်မရှိ" ဖဒ်ဂ်က တိုးတိုးပြောပြီး နောက်ကို တစ်လှမ်းဆုတ်သွားတယ်။ "ရူးနေတယ် . . . ."

ဆက်လက်ပြီး ငြိမ်သက်သွားတယ်။ မဒမ်ဖွမ်ဖရေဟာ ဟယ်ရီ့ခုတင်ဘေးမှာ ဝိုင်ရပ်နေတယ်၊ ပါးစပ်ကို လက်နဲ့ အုပ်ထားတယ်။ မစ္စစ်ဝယ်စလီဟာ ဟယ်ရီ့ရှေ့မှာပဲ ရပ်ပြီး၊ လက်နှစ်ဖက်နဲ့ သူ့ပခုံးကို ဖိထားတယ်။ သူ့ကို မထစေဘူး။ ဘီး၊ ရွှန်နဲ့ ဟာမီးတို့ဟာ ဖဒ်ဂ်ကို အံ့ဩစွာ ကြည့်နေတယ်။

"တကယ်လို့ ခင်ဗျား ဒီအတိုင်း ဇွတ်မှိတ်လုပ်ရင် ကွန်နယ်လစ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါဆို ကျုပ်တို့ လမ်းခွဲရမှာပဲ။ ခင်ဗျားက ခင်ဗျားသင့်တယ်ထင်တာလုပ်။ ကျုပ် —— ကျုပ်ကလဲ ကျုပ်လုပ်သင့်တာ လုပ်မှာပဲ"

ဒမ်ဘလီဒိုးအသံထဲမှာ ခြိမ်းခြောက်သံနည်းနည်းမှ မပါဘူး။ သူ့အသံဟာ ကြေညာချက်တစ်ခုသာ ဖြစ်တယ်။ ဒါပေမယ့် ဖဒ်ဂ်ကတော့ ဒေါသူပုန်ထနေဘယ်။ ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးနဲ့ ချိန်ပြီး သူ့နားကပ်သွားသလိုပဲ။

"ကောင်းတယ်၊ ကောင်းတယ်၊ ဒမ်ဘလီဒိုး" သူက ခြိမ်းခြောက်စွာ လက်ချောင်းတစ်ချောင်းကို လှုပ်နေတယ်။ သူက ပြောတယ်။ "ကျုပ်က ထ

www.burmeseclassic.com



လျှောက်လုံး ခင်ဗျားကို လွတ်လပ်ခွင့်ပေးခဲ့တယ်။ တစ်လျှောက်လုံး ခင်ဗျားကို လေးစားခဲ့တယ်။ ခင်ဗျား ဆုံးဖြတ်ချက်တချို့ကို ကျုပ် ကြိုက်ချင်မှ ကြိုက်မယ်။ ဒါပေမယ့် ကျုပ်က တိတ်တိတ်ပဲနေတယ်။ ခင်ဗျား ဝံပုလွေလူသားကို ခန့်တာ၊ ဟက်ဂရစ်ကို ဆက်ထားတာ၊ ဒါမှမဟုတ် မှော်ဝန်ကြီးဌာနကို အစီရင်မခံဘဲ ကျောင်းသားတွေကို ဘာသင်မယ်လို့ ကိုယ့်ဖာသာ ဆုံးဖြတ်တာကို ခွင့်ပြုမယ့် သူ ဘယ်နှစ်ယောက်မှ မရှိဘူး။ ဒါပေမယ့် ခင်ဗျား ကျုပ်နဲ့ ထိပ်တိုက်ဝင်မယ်ဆိုရင် ——"

"ကျုပ်ထိပ်တိုက်ဝင်ချင်တာတစ်ခုတည်းရှိတာက" ဒမ်ဘလီဒိုးက ပြောတယ်။ "အဲဒါ ဗိုလ်ဒီမွန့်ပဲ။ တကယ်လို့ ခင်ဗျားလဲ သူ့ကို ဆန့်ကျင်တယ်ဆိုရင်၊ ကွန်နယ်လစ်၊ ဒါဆို ကျုပ်တို့တစ်ဖက်တည်းမှာ ရှိတယ်"

ဖဒ်ဂ်ဟာ ဘယ်လိုပြန်ဖြေရမှန်း မသိသလို ဖြစ်နေတယ်။ သူ့ခြေထောက်လေးနှစ်ချောင်းဟာ ရပ်လို့မခိုင်ဘဲ ရှေ့နောက် ယိမ်းယိုင်လိုက်သေးတယ်၊ လက်နဲ့ သူ့ထိပ်ဝိုင်းဦးထုပ်မြင့်မြင့်ကို လှည့်နေတယ်။ နောက်ဆုံး၊ သူ စကားပြောတယ်။ အသံထဲမှာ တိုးလျှိုးတဲ့အသံ ပါနေတယ်။ "သူ ပြန်မလာပါဘူး၊ ဒမ်ဘလီဒိုး။ သူ မလာနိုင် . . . ."

စနိတ်ပ်က ခြေလှမ်းကျဲကျဲနဲ့ ရှေ့တက်သွားတယ်။ ဒမ်ဘလီဒိုးကို ကျော်သွားတယ်။ သူက သွားရင်း ဝတ်ရုံရှည် ဘယ်ဘက်လက်မောင်းကို လှန်တယ်။ သူက လက်ကို ဖဒ်ဂ်ဆီထိုးပြီး ပြတယ်။ ဖဒ်ဂ်က လန့်ပြီး နောက်ကို ဆုတ်သွားတယ်။

"မြင်ပြီလား" စနိတ်ပ်က အသံအ,အနဲ့ ပြောတယ်။ "မြင်ပြီလား။ မှော်နက်အမှတ်အသား။ လွန်ခဲ့တဲ့ တစ်နာရီကျော်ကလောက် မပေါ်လွင်တော့ဘူး၊ ထိုစဉ်က ၎င်းဟာ မည်းနေအောင် လောင်တာ။ ဒါပေမယ့် ခင်ဗျား ကြည့်လို့ ရပါသေးတယ်။ ဒက်အီတာတိုင်းရဲ့ ကိုယ်ပေါ်မှာ ဗိုလ်ဒီမွန့် ပြုလုပ်ထားတဲ့ အမှတ်အသား။ ဒါဟာ ဒက်အီတာတွေ အပြန်အလှန် ခွဲခြားနိုင်တဲ့ နည်းနာတစ်မျိုး။ ဗိုလ်ဒီမွန့်က ၎င်းတို့ကို သူ့အနား ပြန်ခေါ်တဲ့လျှို့ဝှက်ချက် အချက်ပြဖြစ်တယ်။ ဒက်အီတာတစ်ယောက်ယောက်ရဲ့ အမှတ်အသားကို သူက ထိကိုင်မိတဲ့အခါမှာ၊ ကျွန်တော်တို့ဟာ ချက်ချင်း ရုပ်ရွှေ့ပြောင်းပြီး သူ့အနားကို ရောက်ရှိရတယ်။ တစ်နှစ်အတွင်းမှာ၊ ဒီအမှတ်အသား ပိုပိုထင်ရှားလာတယ်။ ခါခါရောဖ်လဲ ဒီလိုပဲ။ ခါခါရောဖ် ဒီည ဘာကြောင့်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးရတယ်ဆိုတာ ခင်ဗျား ပြောလေ။ ကျုပ်တို့နှစ်ယောက်စလုံး အမှတ်အသား က မီးလိုလောင်နေတယ်ဆိုတာ ခံစားရတယ်။ သူ ပြန်လာပြီဆိုတာ ကျုပ်တို့ သိတယ်။ ခါခါရော့ဖ်ဟာ ဗိုလ်ဒီမွန်နဲ့ သူ့ကို ကလဲ့စားချေမှာစိုးလို့။ သူဟာ သူ့ရဲ့ ဒက်အီတာအဖော်အများအပြားကို သစ္စာဖောက်ခဲ့တယ်။ ဘယ်သူမှ သူတို့ထဲ ပြန်သွားတာ ကြိုဆိုမှာမဟုတ်တာ သေချာတယ်"

ဖဒ်ဂ်ဟာ စနိတ်ပ်ရှေ့ကနေ နောက်ဆုတ်သွားပြန်တယ်။ သူဟာ မနားတမ်း ခေါင်းခါနေတယ်။ စနိတ်ပ်ပြောတဲ့စကားကို လုံးဝရှင်းရှင်းမကြား ရသလိုပဲ။ သူက မျက်လုံးကြီးပြူးထားတယ်။ စနိတ်ပ်လက်မောင်းပေါ်က အရုပ် ဆိုးတဲ့ အမှတ်အသားကြောင့် လန့်သွားပုံရတယ်။ ဒီနောက်၊ သူက ဒမ်ဘလီဒိုး ကို မော့ကြည့်ပြီး တိုးတိုးပြောတယ်။ "ခင်ဗျားနဲ့ ခင်ဗျားလူတွေ ဘာလုပ်မြနေ မှန်း ကျုပ် မသိဘူး၊ ဒမ်ဘလီဒိုး၊ ဒါပေမယ့် ကျုပ် ကြားရတာများပြီ။ ကျုပ် ဘာမှထပ်ပြောစရာမရှိဘူး။ မနက်ဖြန်မှ ခင်ဗျားနဲ့ ဆက်သွယ်ဦးမယ်၊ ဒမ်ဘလီ ဒိုး။ ဒီကျောင်းရဲ့ သင်ကြားမှုနည်းနာကို ဆွေးနွေးမယ်၊ ကျုပ် မော့်ဝန်ကြီးဌာန ကို ပြန်မှဖြစ်မယ်"

သူဟာ တံခါးနားထိသွားပြီး ရပ်သွားတယ်။ လှည့်ပြီး အခန်းထဲ ခြေလှမ်းကျဲကျဲဖြတ်ပြီး၊ ဟယ်ရီ့ခုတင်ရှေ့မှာ ရပ်လိုက်တယ်။

"မင်းရတဲ့ဆုငွေ" သူက တိုတိုပဲပြောတယ်။ အိတ်ကပ်ထဲကနေ ရွှေ ဒင်္ဂါးတစ်အိတ်ကြီး ဆွဲထုတ်ပြီး ဟယ်ရီ့ရဲ့ခေါင်းရင်းဗီရိုလေးပေါ် တင်လိုက် တယ်။ "ဂါလုံးတစ်ထောင်။ မူလကတော့ ဆုချီးမြှင့်တဲ့အခမ်းအနား လုပ်ရမှာ ဒါပေမယ့် အခုအခြေအနေမှာတော့ . . . . "

သူက ဦးထုပ်ထိပ်ပိုင်းကို ခေါင်းပေါ်ဆောင်းလိုက်တယ်၊ အခန်းအ ထွက်ပြီး တံခါးကို ပြင်းပြင်းပြန်ပိတ်ခဲ့တယ်။ သူထွက်သွားတာနဲ့၊ ဒမ်ဘလီဒိုး ဟယ်ရီ့ခုတင်ဘေးကလူတွေကို လှည့်ကြည့်တယ်။

"လုပ်စရာအလုပ်တချို့ ရှိတယ်" သူက ပြောတယ်။ "မော်လီ . . . . ကျုပ်မမှားဘူးဆိုရင်၊ မင်းနဲ့ အာသာကို ကျုပ် မျှော်လင့်လို့ ရပါတယ်နော်"

"ပြဿနာမရှိပါဘူး" မစ္စစ်ဝယ်စလီက ပြောတယ်၊ သူမမျက်နှာ ဖြူရော်နေပြီး နှုတ်ခမ်းကလည်း သွေးရောင်မရှိဘူး။ ဒါပေမယ့် သူမ အမူအရာ က အလွန်ပြတ်သားတယ်။ "ဖဒ်ဂ်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ ကျွန်မ သိတယ်၊ အာသာက မတ်ဂေါ်ကို နှစ်သက်လို့ ဒီလောက်နှစ်များများ



ဝန်ကြီးဌာနမှာ တိုးတက်မှုကို အတားအဆီးဖြစ်ခဲ့ရတယ်။ ဖဒ်ဂ်က အာသာဟာ မော်ဆရာတစ်ယောက်မှာ ရှိသင့်တဲ့သိက္ခာ မရှိဘူးလို့ ထင်တယ်"

"ကောင်းပြီ၊ ကျုပ် အာသာကို စာတစ်စောင်ပေးရမယ်" ဒမ်ဘလီဒိုး က ပြောတယ်။ "ကျုပ်တို့ နားချလို့ အခြေအနေကို သိနားလည်တဲ့လူအားလုံး ဆီ ကျုပ်တို့ ချက်ချင်း အကြောင်းကြားရမယ်၊ အာသာဟာ မော်ဝန်ကြီးဌာနက ဖဒ်ဂ်လို အမြင်မတိုတဲ့လူအားလုံးနဲ့ ထိတွေ့နိုင်တယ်"

"ကျွန်တော် အဖေ့ဆီ သွားမယ်" ဘီးက ပြောပြီး မတ်တတ်ရပ်လိုက် တယ်၊ "ကျွန်တော် ခုပဲသွားမယ်"

"သိပ်ကောင်းတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဖြစ်ပျက်သမျှကို သူ့ပြောပြ၊ ကျုပ် မကြာခင်မှာပဲ သူနဲ့တိုက်ရိုက်ဆက်သွယ်မယ်လို့ ပြော၊ ဒါပေ မယ့် သူ သတိနဲ့ လှုပ်ရှားရမယ်၊ တကယ်လို့ ဖဒ်ဂ်က ကျုပ်တို့ မော်ဝန်ကြီး ဌာနထဲ ဝင်စွက်တယ်ထင်ရင် ——"

"ကျွန်တော့်တာဝန်ထား" ဘီးက ပြောတယ်၊

သူက ဟယ်ရီ့ပခုံးကို ပုတ်လိုက်ပြီး သူ့အမေပါးကို နမ်းလိုက်တယ်၊ ဒီနောက် ခြုံထည်ခြုံပြီး အခန်းထဲက လှစ်ခနဲ ထွက်သွားတယ်။

"မီနာဗာ" ဒမ်ဘလီဒိုးက ပါမောက္ခ မက်ဂေါ်နာဂေါဘက်လှည့်ပြီး ပြောတယ်၊ "ကျုပ် ကျုပ်ရုံးခန်းထဲမှာ ဟက်ဂရစ်ကို အမြန်ဆုံး တွေ့ချင်တယ်၊ ပြီးတော့ —— မဒမ်မက်ဆင်း —— သူမလဲ လာမယ်ဆိုရင်"

ပါမောက္ခ မက်ဂေါ်နာဂေါက ခေါင်းညိတ်တယ်။ တစ်ခွန်းမှ မပြောဘဲ ထွက်သွားတယ်။

"ဖော့ပီ" ဒမ်ဘလီဒိုးက မဒမ်ပွမ်ဖရေကို ပြောတယ်၊ "ကျေးဇူးပြုပြီး၊ ပါမောက္ခမူးဒီရဲ့ရုံးခန်း သွားပေးနိုင်မလား။ ခင်ဗျား အဲဒီမှာ သေချင်စိတ် ပေါက်နေတဲ့ ဝင့်ခီလို့ခေါ်တဲ့ အိမ်မွေးမှင်စာလေးကို တွေ့လိမ့်မယ်၊ ခင်ဗျား သူမကို အတတ်နိုင်ဆုံး နွေးထွေးစွာ နားချပါ။ ဒီနောက် သူမကို အောက်က မီးဖိုချောင်ထဲ ခေါ်သွားပါ။ ဒေါ့ဘီက ကျုပ်တို့အစား သူမကို ပြုစုမှာပါ"

"ကောင်း —— ကောင်းပြီ" မဒမ်ပွမ်ဖရေဟာ နည်းနည်းအံ့သြနေ သလိုပဲ၊ ဒီနောက် သူမလဲ ထွက်သွားတယ်။

ဒမ်ဘလီဒိုးက တံခါးသေချာပိတ်ထားပြီးတာ သေချာမှ မဒမ်ပွမ်ဖရေ ခြေသံဝေးသွားမှ၊ စကားစပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အခု" သူက ပြောတယ်။ "ကျုပ်တို့ထဲက လူနှစ်ယောက် ဘယ်သူလဲဆိုတာကို အပြန်အလှန် သိလို့ရပြီ။ ဆီးရီးအက်စ်ကြယ် . . . . ခင်ဗျား မူလရုပ်ပုံ ပြန်ပြောင်းလို့ရမလား"

ခွေးနက်ကြီးဟာ ဒမ်ဘယ်လီဒိုးကို မော့ကြည့်ပြီးနောက်၊ ချက်ချင်းပဲယောကျ်ားတစ်ယောက် ဖြစ်သွားတယ်။

မစ္စစ်ဝယ်စလီဟာ လန့်အော်ပြီး ခုတင်ဘေးကနေ နောက်ဆုတ်ပြေးတယ်။

"ဆီးရီးအက်စ်ကြယ်ဘလက်" သူမက သူ့ကို လက်ညှိုးထိုးပြီး စူးရှစွာအော်တယ်။

"အမေ၊ တိတ်တိတ်နေပါ" ရွန်က ပြောတယ်။ "ဒါ ဘာမှမဖြစ်ပါဘူး"

စနိတ်ပ်ဟာ လန့်မအော်ဘူး။ နောက်လည်း မဆုတ်ဘူး။ ဒါပေမယ့်သူ့မျက်နှာပေါ်က အမူအရာဟာ ဒေါသနဲ့ ထိတ်လန့်ခြင်း ရောပြွန်းနေတယ်။

"ဟင်း" သူက ဆီးရီးအက်စ်ကြယ်ကို ကြည့်ပြီး ဒေါသနဲ့ ဟစ်အော်တယ် —— ဆီးရီးအက်စ်ကြယ်ရဲ့မျက်နှာပေါ်မှာလည်း သူ့လိုပဲ ရွံ့မုန်းတဲ့အမူအရာ ပေါ်လာတယ်။ "သူ ဒီမှာ ဘာလာလုပ်တာလဲ"

"ကျုပ် ဖိတ်ခေါ်ထားတာ" ဒမ်ဘယ်လီဒိုးက သူတို့ကို တစ်လှည့်စီ ကြည့်နေတယ်။ သူက ပြောတယ်။ "ခင်ဗျားလဲ တူတူပဲ၊ ဆီးဗရတ်စ်။ ခင်ဗျားတို့နှစ်ယောက်စလုံးကို ကျုပ် သိပ်ယုံကြည်တယ်။ အခု ခင်ဗျားတို့ဟာ ယခင်ကကွဲပြားမှုကို စွန့်ပစ်ပြီး အပြန်အလှန် ယုံကြည်စေချင်တယ်"

ဒမ်ဘယ်လီဒိုးဟာ ဆန်းကြယ်တဲ့အရာကို တောင်းဆိုနေသလိုပဲလို့ ဟယ်ရီ ထင်တယ်။ ဆီးရီးအက်စ်ကြယ်နဲ့ စနိတ်ပ်တို့ အပြန်အလှန် မျက်စောင်းထိုးကြည့်နေတယ်။ မျက်နှာပေါ်မှာ အဆုံးစွန် မုန်းတီးတဲ့အမူအရာ ဖော်ပြနေတယ်။

"အချိန်တိုအတွင်းမှာ" ဒမ်ဘယ်လီဒိုးက ပြောတယ်။ သိပ်စိတ်မရှည်တဲ့လေသံ ပါနေတယ်။ "ခင်ဗျားတို့ ရန်ငြိုးကို အတိအလင်း ဖော်မပြရင် ကျေနပ်ပါတယ်။ ခင်ဗျားတို့ လက်ဆွဲနှုတ်ဆက်နိုင်ပါတယ်။ အခု ခင်ဗျားတို့ ဘက်တစ်ဖက် ထဲမှာ ရှိနေပြီ။ အချိန်သိပ်မရှိဘူး။ ကျုပ်တို့အဖြစ်မှန်ကို သိတဲ့သူတချို့ဟာ စည်းလုံးညီညွတ်နေရမယ်။ နို့မို့ရင် ကျုပ်တို့အကုန်လုံး မျှော်လင့်ချက် မရှိတော့ဘူး"



ဆီးရီးအက်စ်ကြယ်နဲ့ စနိတ်ပ်ဟာ အလွန့်အလွန် နှေးကွေးစွာနဲ့ ရှေ့တိုးလာပြီး၊ လက်ဆွဲလိုက်တယ်။ ဒါပေမယ့် သူတို့ဟာ မုန်းမုန်းနဲ့ အပြန်အလှန် ကြည့်နေတယ်။ တစ်ဦးကိုတစ်ဦး ဒုက္ခရောက်ပါစေလို့ မျှော်လင့်နေသလိုပဲ။ သူတို့ဟာ လက်ကို အမြန်ဆုံး လွှတ်လိုက်တယ်။

"ဒါဆို တော်သေးတယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ တစ်ခါ သူတို့နှစ်ယောက်ကြားကို ဝင်လိုက်တယ်။ "အခု ခင်ဗျားတို့နှစ်ယောက်စလုံးမှာ တာဝန်ရှိတယ်။ ဖဒ်ဂ်သဘောထားကို ကျုပ်တို့ ခန့်မှန်းနိုင်ပေမယ့်၊ အခြေအနေတစ်ခုလုံးကို ပြောင်းလဲသွားစေတယ်။ ဆီးရီးအက်စ်ကြယ်၊ ခင်ဗျားကို ချက်ချင်းထွက်ခွာစေချင်တယ်။ ခင်ဗျား ရီမတ်စ်-လူပင်၊ အာရာဘဲလာ-ဖစ်ဂ်၊ မန်ဒန်းဂတ်စ်-ဖလက်ချာ —— အဲဒီ လူဟောင်းတစ်စုကို သွားအကြောင်းကြားပါ။ ခင်ဗျား လူပင်ဆီမှာ ယာယီပုန်းနေပါ၊ ကျုပ် အဲဒီကိုလာပြီး ခင်ဗျားနဲ့ ဆက်သွယ်မယ်"

"ဒါပေမယ့် ——" ဟယ်ရီက ပြောတယ်။

ဆီးရီးအက်စ်ကြယ်ကို သူ သိပ်ရှိနေစေချင်တယ်။ ဒီလောက် မြန်မြန်ကြီး သူနဲ့ မခွဲချင်ဘူး။

"မင်း မကြာခင်မှာပဲ ကျုပ်နဲ့ တွေ့ရမှာပါ၊ ဟယ်ရီ" ဆီးရီးအက်စ်ကြယ်က လှည့်ပြီး သူ့ကို ပြောတယ်။ "ကျုပ် အာမခံပါတယ်။ ဒါပေမယ့် ကျုပ် အတတ်နိုင်ဆုံး သွားလုပ်ရမယ်။ မင်း နားလည်လား။ ဟုတ်လား"

"ဟုတ်ကဲ့" ဟယ်ရီက ပြောတယ်။ "ဟုတ်ကဲ့ . . . . ကျွန်တော် နားလည်တာပေါ့"

ဆီးရီးအက်စ်ကြယ်ဟာ သူ့လက်ကို အမြန်ဆွဲလိုက်တယ်။ ဒမ်ဘယ်လီဒိုးကို ခေါင်းညိတ်ပြပြီး ခွေးပုံသဏ္ဍာန် ပြန်ဖြစ်သွားတယ်၊ တံခါးအနား ပြေးသွားပြီး လက်သည်းတစ်ဖက်နဲ့ တံခါးကို လှည့်ဖွင့်ပြီး ပျောက်သွားရော။

"ဆီးဗရတ်စ်" ဒမ်ဘယ်လီဒိုးက စနိတ်ပ်ဘက် လှည့်ပြောတယ်။ "ခင်ဗျားကို ဘာမှာကြားမယ်ဆိုတာ ခင်ဗျား သိတယ်။ ခင်ဗျား ပြောစရာမရှိဘူး . . . . ခင်ဗျား ပြင်ဆင်ပြီးပြီဆိုရင် . . . ."

"ပြဿနာမရှိဘူး" စနိတ်ပ်က ပြောတယ်။

သူ့မျက်နှာဟာ ခါတိုင်းထက် သွေးဆုတ်နေတယ်၊ ၎င်းရဲ့အေးစက်တဲ့ မျက်လုံးနက်နက်ဟာ အရောင်တစ်မျိုးကြီး တောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင်၊ ကံကောင်းပါစေ" ဒမ်ဘယ်လီဒိုးက ပြောတယ်။ သူ့မျက်နှာပေါ်မှာ ပူပင်တဲ့ အရိပ်ကလေး ပါနေတယ်။ စနိတ်ပ် စကားတစ်ခွန်းမှ မပြောတော့ဘဲ ဆီးရီးအက်စ်ကြွယ် နောက်က လိုက်ထွက်သွားတာကို ကြည့်နေတယ်။

နောက်ထပ် မိနစ်အနည်းငယ်ကြာတော့မှ၊ ဒမ်ဘယ်လီဒိုးက စကားစပြောတယ်။

"ကျုပ် အောက်ထပ်ကို သွားရမယ်" သူက နောက်ဆုံးမှ ပြောတယ်။ "ကျုပ် ဒစ်ဂိုရီဇနီးမောင်နှံကို တွေ့ဖို့လိုတယ်။ ဟယ်ရီ —— ကျန်တဲ့ဆေးကို အကုန်သောက်လိုက်။ ကျုပ် ခဏနေမှ အားလုံးကို လာတွေ့မယ်"

ဒမ်ဘယ်လီဒိုး ထွက်သွားပြီ။ ဟယ်ရီဟာ အားအင်ချည့်နဲ့စွာ ခေါင်းအုံးပေါ် လဲသွားတယ်။ ဟာမီး၊ ရွန်နဲ့ မစ္စစ်ဝယ်စလီတို့ဟာ သူ့ကို ကြည့်နေတယ်။ အတော်ကြာကြာ စကားပြောတဲ့လူ မရှိဘူး။

"ကျန်တဲ့ဆေးအားလုံး သောက်လိုက်ဦးမှ၊ ဟယ်ရီ" နောက်ဆုံးမှာ မစ္စစ်ဝယ်စလီက ပြောတယ်။ သူမ ဆေးပုလင်းနဲ့ ခြေတံရှည်ခွက်ကို ယူတဲ့အခါမှာ ခုတင်ဘေး ဗီရိုပုလေးပေါ်က ရွှေဒင်္ဂါးအိတ်ကို တွန်းလိုက်တယ်။ "ကောင်းကောင်းလေး တရေးအိပ်လိုက်၊ တခြားဟာတွေပဲ ယာယီစဉ်းစား . . . . မင်းဆုငွေနဲ့ ဘာဝယ်မယ်ဆိုတာ တွေး"

"ကျွန်တော် အဲဒီ ရွှေဒင်္ဂါးတွေ မလိုချင်ဘူး" ဟယ်ရီက အမူအရာမဲ့စွာ ပြောတယ်။ အသံကလည်း လှုပ်လှုပ်ရှားရှား မပါဘူး။ "သင် ယူသွားပါ။ ဘယ်သူမဆို ယူသွားလို့ ရတယ်။ ကျွန်တော် ၎င်းကို မရသင့်ဘူး။ ၎င်းဟာ စက်ဒရစ် ရရမှာ"

ဒီအချိန်မှာ သူ ဝက်ပါကာ ထွက်ခွာပြီးနောက် တစ်လျှောက်လုံး မျှော်ထားခဲ့၊ အတင်းချုပ်တည်းထားခဲ့ရတဲ့စိတ်ဟာ၊ တစ်ခါတည်း ရင်ထဲ ဆို့လာပြီး မထိန်းနိုင်အောင် ဖြစ်သွားတယ်။ သူ့မျက်လုံးထဲမှာ ပူပြီး စူးသွားတယ်လို့ ခံစားလိုက်ရတယ်။ သူက မျက်တောင်ကို တအားခတ်နေတယ်။ အပေါ်က မျက်နှာကြက်ကို စိုက်ကြည့်နေတယ်။

"ဒါ မင်းအမှားမဟုတ်ဘူး၊ ဟယ်ရီ" မစ္စစ်ဝယ်စလီက တိုးတိုးပြောတယ်။

"ကျွန်တော်က သူ့ကို ကျွန်တော်နဲ့အတူ ဆုဖလားသွားယူခိုင်းထား" ဟယ်ရီက ပြောတယ်။



အခု ဟိုလိုပူပြီး စူးသွားတဲ့ခံစားချက်ဟာ သူ့လည်ချောင်းထဲ ရောက်သွားတယ်။ ရွန် သူ့ကြည့်နေတဲ့မျက်လုံး တခြားကြည့်စေချင်တယ်။

မစ္စစ်ဝယ်စလီဟာ ဆေးရည်ကို ခုတင်ဘေး ဗီရိုလေးပေါ် တင်လိုက်တယ်။ ခါးကုန်းပြီး ဟယ်ရီ့ကို ဖက်ထားတယ်။ ဒီလို သူ့ကို ပွေ့ဖက်တာမျိုး ဟယ်ရီ မမှတ်မိတော့ဘူး။ သူ့အမေလိုပဲ။ မစ္စစ်ဝယ်စလီက သူ့ကို ပွေ့ဖက်ထားတဲ့အခါမှာ၊ ဟိုညက မြင်ခဲ့ရတာအားလုံးဟာ သူ့ရင်ထဲ လေးပင်စွာ ရောက်လာပြန်တယ်။ သူ့အမေမျက်နှာ၊ အဖေရဲ့အသံ၊ စက်ဒရစ် မြေပေါ်လဲကျသေသွားတဲ့အရိပ်၊ သူ့ခေါင်းထဲမှာ လွင့်ပျံလည်ပတ်နေသလိုပဲ။ နောက်ဆုံး သူ လုံးဝမခံနိုင်တော့ဘဲ အတင်းမျက်မှောင်ကြုတ်ထားတယ်။ လည်ချောင်းတနေ ပွင့်ထွက်တော့မယ့် နာကျင်တဲ့ ဟစ်ကြွေးသံကို အတင်းဖိနှိပ်ထားရတယ်။

ရုတ်တရက် တဒေါက်ဒေါက်ခေါက်သံ ပေါ်လာတယ်။ မစ္စစ်ဝယ်စလီနဲ့ ဟယ်ရီ ခွဲခွာလိုက်တယ်။ ဟာမီးဟာ ပြတင်းပေါက်နားမှာ ရပ်နေတယ်။ လက်ထဲမှာ တစ်ခုကို ဆုပ်ကိုင်ထားတယ်။

"ဝမ်းနည်းပါတယ်" သူမက အသံနှိမ့်ပြောတယ်။

"မင်း ဆေးရည်၊ ဟယ်ရီ" မစ္စစ်ဝယ်စလီက အမြန်ပြောတယ်။ လက်ခုံနဲ့လည်း မျက်လုံးကို သုတ်လိုက်တယ်။

ဟယ်ရီက ဆေးရည်ကို မော့ချလိုက်တယ်။ အကျိုးသက်ရောက်မှုက ချက်ချင်း ပေါ်လာတယ်။ လေးပင်တဲ့၊ ခုခံလို့မရတဲ့၊ အိပ်မက်မရှိတဲ့ နှစ်ခြိုက်စွာ အိပ်ချင်စိတ် ချက်ချင်း ပေါ်လာတယ်။ သူ ခေါင်းအုံးပေါ်ကို ပြန်ကျသွားပြီး ဘာမှ မတွေးတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ၃၇။ အစ

ဟယ်ရီဟာ တစ်လကြာပြီးနောက်မှ ပြန်တွေးတာတောင်၊ နောက်ရက်အချို့ကို မှတ်မိတာဟာ ဟိုတစ်စ၊ ဒီတစ်စ အပိုင်းအစတွေသာ ဖြစ်တယ်။ သူ ကြုံတွေ့ရတာတွေ သိပ်များလို့ ခေါင်းထဲ ပြည့်နေပြီး၊ နောက်ထပ် ဘာကိုမှ မမှတ်မိတော့သလိုပဲ။ သူ ဟိုတစ်စ၊ ဒီတစ်စ မှတ်မိတဲ့အပိုင်းအစတွေဟာ အလွန့်ကို နာကျင်စရာတွေ ဖြစ်နေတယ်။ သူ့အဖို့ အနာကျင်ဆုံးဟာ ဒုတိယ နေ့ နံနက်မှာ ဒစ်ဂိုရီဇနီးမောင်နှံနဲ့ တွေ့ဆုံခြင်းပဲ။

သူတို့ဟာ ဖြစ်ပျက်ခဲ့သမျှအတွက် သူ့ကို အပြစ်မတင်ဘူး။ ဆန့်ကျင်စွာပဲ၊ သူတို့က စက်ဒရစ်ရုပ်အလောင်းကို ပြန်ယူလာပေးတဲ့အတွက် ဟယ်ရီကို ကျေးဇူးတင်ကြသေးတယ်။ တွေ့ဆုံစဉ်၊ မစ္စတာဒစ်ဂိုရီဟာ အချိန်အများစုမှာ အသံမထွက်ဘဲ ငိုနေတယ်။ မစ္စစ်ဒစ်ဂိုရီကတော့ ဝမ်းနည်းလို့ မျက်ရည်တောင် ခန်းကုန်ပြီ။

"ဒါဆို၊ သူ သိပ်အနှိပ်စက်မခံရဘူးပေါ့" မစ္စစ်ဒစ်ဂိုရီဟာ ဟယ်ရီ စက်ဒရစ် သေဆုံးတဲ့ဖြစ်စဉ်ကို ပြောပြတာ ကြားရပြီးပြောတယ်။ "ဘာပဲဖြ



ဖြစ်၊ အားမှော် . . . . သူသေတဲ့အခါမှာ ဗိုလ်သုံးဗိုလ်ဖလားကို အောင်နိုင်ခါစ ရှိသေးတယ်။ သူ တကယ်ပဲ သိပ်ပျော်နေမှာ"

သူတို့ သွားဖို့ မတ်တတ်ရပ်လိုက်တော့ မစ္စစ်ဒစ်ဂိုရီက ဟယ်ရီ့ကို ငုံ့ကြည့်ပြီး ပြောတယ်။ "မင်းလဲ ကောင်းကောင်းကျန်းမာရေးကို ဂရုစိုက်"

ဟယ်ရီက ဗီရိုပုလေးပေါ်က ရွှေဒင်္ဂါးအိတ်ကို ဆွဲယူလိုက်တယ်။

"သင်တို့ ယူသွားပါ" သူက သူမကို ပြောတယ်။ "ဒါ စက်ဒရစ်ရရမှာ၊ သူ အရင်ရောက်တာ။ သင်တို့ ယူသွားပါ ——"

ဒါပေမယ့် မစ္စစ်ဒစ်ဂိုရီဟာ နောက်ဆုတ်ပြီး ရှောင်လိုက်တယ်။

"အော၊ မဖြစ်ဘူး၊ အချစ်လေး၊ ယူလို့မဖြစ်ဘူး . . . . မင်းအတွက်ထားပါ"

နောက်နေ့ညမှာ၊ ဟယ်ရီ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်လာတယ်။ ဘာမီးနဲ့ ရွန်တို့ ပြောပြချက်အရ၊ အဲဒီနေ့ မနက်စောစောစားတော့၊ ဒမ်ဘယ်လီဒိုးက ကျောင်းသားအားလုံးကို စကားပြောတယ်။ သူက ဟယ်ရီကို နှောင့်ယှက်ဖို့၊ ဘယ်သူမှ သူ့ကို မေးခွန်းမထုတ်ဖို့၊ ဒါမှမဟုတ်၊ ဟိုနေ့က ...က်ပါထဲမှာ ဖြစ်ပွားတာတွေကို အတင်းပြောခိုင်းတာမလုပ်ဖို့ အများကို ...ောင်းဆိုတယ်။ လူအများစုဟာ စင်္ကြံထဲမှာ သူ့ကို ရှောင်သွားတယ်။ သူ့ အကြည့်ကို ရှောင်တာ သူ သတိထားမိတယ်။ လူတချို့ဟာ သူဖြတ်သွားတဲ့ အခါမှာ လက်နဲ့ ပါးစပ်ကိုအုပ်ပြီး တိတ်တိတ်ပြောဆိုနေကြတယ်။ သူတို့အများစု ...ာ ရိတာ-စကီးတာဆောင်းပါးကို ယုံကြပြီး သူ သိပ်ပုံမမှန်ဘူး၊ အန္တရာယ် ...ဲ့လူလို့ ထင်ကြတယ်လို့ ဟယ်ရီက ခန့်မှန်းတယ်။ စက်ဒရစ်ဘယ်လိုသေတယ် ...ဆိုတာကိုလည်း၊ လူအများဟာ ကိုယ့်အထင်နဲ့ကိုယ် ရှိကြမှာပဲ။ ဒါပေမယ့် ...ယ်ရီဟာ မိမိဒါတွေကို သိပ်အရေးမထားတာ တွေ့ရှိတယ်။ သူဟာ ရွန်နဲ့ ...ာမီးတို့နဲ့အတူ တခြားအကြောင်းအရာကို ပြောတာ၊ ဒါမှမဟုတ်၊ သူတို့ ...င်ယောက်က ကျားထိုးပြီး၊ သူ့ကို ငြိမ်ငြိမ်လေး ထိုင်နေစေတာကို နှစ်သက် ...ယ်။ သူတို့သုံးယောက်ဟာ မပြောဘဲသိကြတဲ့အဆင့် ရောက်နေပြီ။ ဘာသာ ...ကားနဲ့ ဖော်ပြဖို့တောင် မလိုဘူးလို့ သူ ထင်တယ်။ သူတို့ဟာ ဟော့ဂ်ဝပ်အပြင် ...က်မှာ ဖြစ်ပွားတဲ့ အရေးကိစ္စတွေကို သိနိုင်တဲ့ အချက်ပြတစ်ခုခု ဒါမှမဟုတ် ...ကားအစအနကို စောင့်နေကြတယ် —— သတင်းအတိအကျ မရခင်မှာ၊

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို အမျိုးမျိုးတွက်ချက်တာဟာ ဘာမှအသုံးမကျဘူး။ သူတို့ဟာ ဒီအကြောင်းကို တစ်ကြိမ်ပဲ ပြောဆိုဖူးတယ်။ အဲဒါ ရွန်က ဟယ်ရီကို မစ္စစ် ဝယ်စလီ အိမ်မပြန်ခင်မှာ ဒမ်ဘလီဒိုးနဲ့ တွေ့ဆုံတဲ့အကြောင်း ပြောတာ။

"အမေက သူ့ကို သွားမေးတယ်၊ မင်း ဒီနွေမှာ ငါတို့အိမ်ကို တန်း သွားလို့ရမလားလို့" ရွန်က ပြောတယ်။ "ဒါပေမယ့် ဒမ်ဘလီဒိုးက မင်းကို ဒါစလီတို့အိမ်ပဲ ပြန်စေချင်တယ်။ အနည်းဆုံး သူတို့ဆီကို အရင်ပြန်ရမယ်"

"ဘာဖြစ်လို့လဲ" ဟယ်ရီက မေးတယ်။

"အမေက ပြောတယ်၊ ဒမ်ဘလီဒိုးမှာ သူ့အကျိုးအကြောင်းနဲ့ သူ ရှိတယ်တဲ့" ရွန်က ပြောတယ်။ စိတ်မကောင်းစွာ ခေါင်းခါတယ်။ "ငါတို့ သူ့ကို ယုံသင့်တယ်လို့ ငါထင်တယ်။ ဟုတ်လား"

ရွန်နဲ့ ဟာမီးအပြင်၊ သူနဲ့ စကားပြောလို့ရတဲ့လူဟာ ဟက်ဂရစ်ပဲလို့ ဟယ်ရီ ထင်တယ်။ အခု မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ဘာသာရပ် မရှိတော့ဘူး။ သူတို့ဟာ အဲဒီအချိန်တွေမှာ လွတ်လပ်စွာ အသုံးချနိုင်တယ်။ ဒါနဲ့ သူတို့ဟာ ကြာသပတေးနေ့ ညနေပိုင်း ကျောင်းချိန်တစ်ချိန်ရဲ့ အချိန်ကို ယူပြီး အောက်ဖက် ဟက်ဂရစ်အိမ်လေးကို သူ့သွားတွေ့တယ်။ အဲဒီနေ့ဟာ သာယာတဲ့နေလင်းတဲ့ရက်။ သူတို့ အနီးရောက်သွားတာနဲ့ အစွယ်ကြီးဟာ ပွင့်နေတဲ့တံခါးကနေ ခုန်ထွက်ပြီး ပျော်ရွှင်စွာ ဟောင်ရင်း အမြီးနှံ့နေတယ်။

"ဘယ်သူလဲ" ဟက်ဂရစ်က မေးရင်း တံခါးဝကို ရောက်လာတယ်။ "ဟယ်ရီ"

သူက သူတို့ကို ပြေးကြိုတယ်။ လက်ကြီးတစ်ဖက်နဲ့ ဟယ်ရီကို တအား ဖက်ထားတယ်။ ခေါင်းကို လက်နဲ့ဖွလိုက်ပြီး ပြောတယ်။ "မင်းကို တွေ့ရတာ သိပ်ဝမ်းသာတာပဲ။ သူငယ်ချင်း၊ တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

သူတို့ ဟက်ဂရစ်အိမ်လေးထဲ ဝင်ကြတယ်။ မီးဖိုရှေ့က သစ်သား စားပွဲပေါ်မှာ ရေပုံးလောက်ကြီးတဲ့ လက်ဖက်ရည်ပန်းကန်လုံးနဲ့ ပန်းကန်ပြား နှစ်ခု တင်ထားတာ တွေ့ရတယ်။

"အော်လင်မ်ပ် လက်ဖက်ရည်သောက်သွားတာ" ဟက်ဂရစ်က ပြော တယ်၊ "သူမ ခုတင်ပြန်သွားတယ်"

"ဘယ်သူ ?" ရွန်က သိလိုစိတ်နဲ့ မေးတယ်။

"မဒမ်မက်ဆင်းလေ၊ ပြောစရာလိုသေးလား" ဟက်ဂရစ်က ပြော တယ်။



"အော၊ ခင်ဗျားတို့နှစ်ယောက် ပြန်တည့်သွားပလား" ရွန်က ပြော တယ်။

"မင်း ဘာပြောနေတာလဲကွ" ဟက်ဂရစ်က ပျော်ရွှင်စွာ ပြောတယ်၊ တစ်ခါ ကြောင်အိမ်ထဲကနေ လက်ဖက်ရည်ခွက်တချို့ ယူလိုက်တယ်။ သူ လက်ဖက်ရည်ဖျော်ပြီးတာနဲ့ မုန့်ကြွပ်တစ်ပန်းကန်ချပြီး ဝေပေးတယ်။ ဒီနောက် ကုလားထိုင်ကိုမှီပြီး၊ မျက်လုံးနက်နက်နဲ့ ဟယ်ရီကို သေချာအကဲခတ်နေတယ်။

"မင်း အားလုံးကောင်းပါတယ်နော်" သူက အသံကြွမ်းကြွမ်းနဲ့ မေး တယ်။

"ကောင်းတယ်" ဟယ်ရီက ပြောတယ်။

"မဟုတ်ဘူး၊ မင်း မကောင်းဘူး" ဟက်ဂရစ်က ပြောတယ်။ "မင်း မကောင်းတာ သေချာတယ်။ ဒါပေမယ့် မင်းကောင်းလာမှာပါ"

ဟယ်ရီက ဘာမှမပြောဘူး။

"သူ ပြန်လာမယ်ဆိုတာ ကျုပ် သိတာပေါ့" ဟက်ဂရစ်က ပြောတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အံ့ဩစွာနဲ့ သူ့ကို မော့ကြည့်နေတယ်။ "ဒီနှစ်တွေမှာ ကျုပ်တစ်လျှောက်လုံး သိနေတယ်၊ ဟယ်ရီ။ သူ ရှိနေတယ်။ အခွင့်အရေး စောင့်နေတယ်ဆိုတာ ကျုပ် သိတယ်။ ဒီကိစ္စဖြစ်မှာ မုချပဲ။ ကောင်းပြီ၊ အခု ၎င်းဖြစ်လာပြီ။ ကျုပ်တို့ အဖြစ်မှန်ကို ဝန်ခံရမယ်။ ကျုပ်တို့ တိုက်ပွဲဝင်ရမယ်။ ကျုပ်တို့ သူ အာဏာရသွားမှာကို တားလို့ရတယ်။ အဲဒါ ဒမ်ဘလီဒိုးစီမံကိန်း။ ဒမ်ဘလီဒိုး၊ သူဟာ သိပ်ချီးကျူးစရာကောင်းတဲ့ လူ။ သူသာရှိနေရင်၊ ကျုပ် သိပ် မစိုးရိမ်တော့ဘူး"

သူတို့သုံးယောက်ရဲ့ သံသယအမူအရာကို မြင်တော့၊ ဟက်ဂရစ်က ၎င်းရဲ့ရှုပ်ပွေတဲ့ မျက်ခုံးမွေးကို ပင့်လိုက်တယ်။

"ထိုင်ပြီး စိတ်ပူနေတာ အသုံးမကျဘူး" သူက ပြောတယ်။ "လာမယ့် ဟာက လာမှာပဲ။ လာတော့လဲ လက်ခံရမှာပေါ့။ ဟယ်ရီ၊ ဒမ်ဘလီဒိုးက မင်း လုပ်ခဲ့တာတွေကို ကျုပ် ပြောပြတယ်"

ဟက်ဂရစ်က ဟယ်ရီကို ကြည့်ရင်း သူ့ရင်ဘတ်ဟာ ပြင်းပြင်းထန် ထန် နိမ့်ချည်မြင့်ချည် ဖြစ်နေတယ်။

"မင်းအဖေသာ အသက်ရှင်နေသေးရင်၊ သူလဲ ဒီအတိုင်းလုပ်မှာ။ ဒီဟာ ကျုပ် မင်းကို အမြင့်ဆုံးချီးကျူးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီကလည်း ဟက်ဂရစ်ကို ပြန်ပြုံးပြတယ်။ ဒါဟာ ဒီရက်တွေ အတွင်း သူ့ပထမဆုံးအပြုံးပဲ။ "ဒမ်ဘယ်လီဒိုး ခင်ဗျားကို ဘာလုပ်ခိုင်းလဲ၊ ဟက်ဂရစ်" သူက မေးတယ်။ "ဟိုညက၊ သူ ပါမောက္ခ မက်ဂေါ်နာဂေါကို လွှတ်ပြီး ခင်ဗျားနဲ့ မဒမ်မက်ဆင်းကို ခေါ်ခိုင်းတယ်"

"ကျုပ်ကို ဒီနွေမှာ အလုပ်နည်းနည်းလုပ်ဖို့ ပေးတာ" ဟက်ဂရစ်က ပြောတယ်။ "ဒါပေမယ့် လျှို့ဝှက်တယ်။ ကျုပ်ပြောလို့မဖြစ်ဘူး။ မင်းတို့ကိုလဲ ပြောလို့မရဘူး။ အော်လင်းမ်ဖ် မင်းတို့ပြောတဲ့ မဒမ်မက်ဆင်း —— ကျုပ်နဲ့အတူ လုပ်နိုင်တယ်။ သူမ လုပ်မယ်လို့ ကျုပ်ထင်တယ်။ ကျုပ် သူမကို နားချလို့ ရပြီ ထင်တာပဲ"

"ဒါ ဗိုလဒီမွန့်နဲ့ ဆိုင်လား"

ဟက်ဂရစ်က ဒီနာမည်ကြားတော့ ကြောက်ရွံ့စွာ နောက်ကို ကျုံ့ လိုက်တယ်။

"ထင်တာပဲ" သူက မရှင်းမလင်းပြောတယ်။ "ကောင်းပြီ . . . . ကျုပ်နဲ့ အတူ နောက်ဆုံး မီးပန်းပိုးကောင်တစ်ကောင်ကို သွားကြည့်ချင်တဲ့လူ ရှိလား။ ကျုပ် ရယ်စရာပြောတာပါ —— ရယ်စရာ" သူတို့မျက်နှာပေါ်က အမူအရာ တွေ့တော့၊ သူက ကမန်းကတမ်း ထပ်ဖြည့်ပြောတယ်။

ရေဖယောင်းပင်လမ်းကို ပြန်ရတော့မယ့် ရှေ့ညမှာ၊ ဟယ်ရီဟာ အိပ်ခန်းထဲမှာ သေတ္တာထဲ ပစ္စည်းထည့်နေတယ်။ ရင်လည်း လေးနေတယ်။ ကျောင်းပိတ်ညစာစားပွဲမှာ အမြဲတမ်း ဂုဏ်ပြုပွဲလုပ်လေ့ရှိတယ်။ အချိန်ကျရင် ဟောက်စ်ကျောင်း ဗိုလ်ခွဲတဲ့ ဖလားပိုင်ရှင်ကို ကြေညာမှာ သူ ကြောက်နေတယ်။ သူ ဆေးရုံက ဆင်းပြီးကတည်းက၊ လူများတဲ့အချိန်မှာ ခန်းမထဲဝင်ဖို့ ရှောင် ခဲ့တယ်။ သူများတွေသွားကုန်သလောက်ရှိမှ ထမင်းဝင်စားတယ်။ အဲဒါ ကျောင်း သားတွေ ငေးကြည့်တာကို ရှောင်ဖို့ဖြစ်တယ်။

သူ၊ ရွန်နဲ့ ဟာမီးတို့ ခန်းမထဲ ဝင်လိုက်တာနဲ့ ခါတိုင်းလို အလှဆင် တာတွေ မရှိတော့တာ သူတို့ မြင်တွေ့ရတယ်။ ခါတိုင်း ကျောင်းပိတ်ညစာ စားပွဲမှာ ခန်းမကို အနိုင်ရတဲ့ ဟောက်စ်ကျောင်းက အရောင်နဲ့ အလှဆင်လေ့ ရှိတယ်။ သို့ပေမယ့် ဒီညမှာတော့ ဆရာလုပ်သားစားပွဲနောက်က နံရံပေါ်မှာ အနက်ရောင်လိုက်ကာ ချထားတယ်။ ဒါ စက်ဒရစ်ကို အလေးပြုတဲ့သဘော



ဆိုတာ ချက်ချင်း နားလည်လိုက်တယ်။

အရူးမျက်လုံးမူးဒီစစ်စစ်ဟာ အခု ဆရာလုပ်သားစားပွဲဘေးမှာ ထိုင်နေတယ်။ ၎င်းရဲ့ သစ်သားခြေထောက်နဲ့ မှော်မျက်လုံးဟာ မူလနေရာ ပြန်ရောက်သွားပြီ။ သူဟာ အထူးတင်းကျပ်ပြီး မငြိမ်မသက် ဖြစ်နေတယ်။ သူ့ကို စကားသွားပြောတဲ့လူရှိရင် သူက လန့်ခုန်တယ်။ ဒါ သူ့ကို အပြစ်ပြောလို့ မဖြစ်ဘူးဆိုတာ ဟယ်ရီ သိတယ်။ မူးဒီဟာ မိမိသေတ္တာထဲမှာ ဆယ်လ အပိတ် ခံခဲ့ရတယ်။ ဒါကြောင့် သူများအလစ်တိုက်မှာကို စိုးရိမ်စိတ် ပိုကဲလာတယ်။ ခါခါရော့ဖ်နေရာ လစ်လပ်နေတယ်။ ဟယ်ရီဟာ တခြားဂရစ်ဖင်းဒေါကျောင်း သားတွေနဲ့ အတူထိုင်ရင်း၊ ခါခါရော့ဖ် အခု ဘယ်ရောက်နေလဲ၊ ဗိုလဒီမွန့် သူ့ကို ဖမ်းမျှားသွားသလားဆိုတာ တွေးနေတယ်။

မဒမ်မက်ဆင်း ရှိနေသေးတယ်၊ ဟက်ဂရစ်ဘေးမှာ ထိုင်နေတယ်။ သူတို့ဟာ တစ်ခုခုကို တိုးတိုးပြောနေတယ်။ စားပွဲရဲ့ဟိုတစ်ဖက်မှာ ပါမောက္ခ မက်ဂေါ်နာဂေါဘေးမှာထိုင်သူက စနိတ်ပ်။ ဟယ်ရီက သူ့ကို ကြည့်နေစဉ် သူ့အကြည့်ဟာ ဟယ်ရီ့ပေါ်မှာ ခဏရပ်ဆိုင်းသွားတယ်။ သူ့အမူအရာကို သိပ်ဖမ်းလို့မရဘူး။ သူဟာ အရင်ကလိုပဲ မှုန်ကုပ်ပြီး အမြင်ကတ်စရာ ကောင်း နေတယ်။ စနိတ်ပ်အကြည့် ဖယ်ရှားသွားပြီးနောက်မှာ ဟယ်ရီဟာ သူ့ကို အကြာကြီး ကြည့်နေတယ်။

ဗိုလဒီမွန့် ပြန်လာတဲ့ညမှာ၊ စနိတ်ပ်ဟာ ဒမ်ဘယ်လီဒိုး ညွှန်ကြားချက် အရ ဘာလုပ်သလဲ။ ပြီးတော့၊ ဘာဖြစ်လို့ . . . . ဘာဖြစ်လို့ ဒမ်ဘယ်လီဒိုးက စနိတ်ပ်ဟာ သူတို့နဲ့ တစ်ဖက်တည်းမှာ ရပ်တည်မယ်လို့ ဘာကြောင့် ဒီလောက် ယုံကြည်ရတာလဲ။ သူဟာ သူတို့ဘက်က သူလျှိုဖြစ်ခဲ့တယ်။ ဒမ်ဘယ်လီဒိုးဟာ အတွေးဇလုံထဲမှာ ဒီတိုင်းပြောခဲ့တယ်။ စနိတ်ပ်ဟာ ဗိုလဒီမွန့်ကို ထောက်လှမ်း တဲ့ သူလျှိုဖြစ်သွားတယ်။ "အသက်အန္တရာယ် အများကြီးနဲ့ စွန့်စားရတာ" သူ အရင်က အလုပ်ကို ပြန်လုပ်နေသလား။ သူ ဒက်အီတာတွေနဲ့ အဆက်အသွယ် ရသွားပြီထင်တယ်။ မိမိ ဒမ်ဘယ်လီဒိုးကို တစ်ခါမှ တကယ်မပေါင်းခဲ့ဖူးပါဘူး။ ဗိုလဒီမွန့်လို တစ်လျှောက်လုံး ပုန်းလျှိုးနေတာ၊ အခါအခွင့်စောင့်နေတာလို့ ဟန်ဆောင်မယ်ထင်တယ်။

ဟယ်ရီ အတွေးထဲ နစ်မြုပ်နေစဉ်မှာ ပါမောက္ခ ဒမ်ဘယ်လီဒိုးဟာ ရုတ်တရက် ဆရာလုပ်သားစားပွဲကနေ မတ်တတ်ရပ်လိုက်တယ်။ သူ့အတွေး

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သွားတယ်။ ခန်းမဟာ အစကတည်းက ခါတိုင်းကျောင်းပိတ် ညစာစားပွဲထက် အများကြီး ငြိမ်သက်တယ်၊ အခု ပိုပြီး ဘာသံမှ မရှိတော့ဘူး။

"နောက်ထပ်တစ်နှစ်" ဒမ်ဘာလီဒိုးက အများကိုကြည့်ပြီး ပြောတယ်။ "ပြီးဆုံးသွားပြန်ပြီ"

သူက စကားစကို ရပ်လိုက်တယ်။ အကြည့်ဟာ ဟော့ဖ်ဖတ်စားပွဲပေါ် ကျရောက်သွားတယ်။ ဒမ်ဘာလီဒိုး မတ်တတ်မရပ်ခင်မှာ၊ ဒီစားပွဲဟာ စိတ်ဓာတ်အလွန်ကျဆင်းနေတယ်။ အဲဒီစားပွဲဘေးက မျက်နှာတိုင်းဟာလည်း ခန်းမကြီးထဲမှာ ဝမ်းအနည်းဆုံး ဖြူရော်ဖျော့တော့ဆုံး ဖြစ်တယ်။

"ဒီည၊ ကျုပ်မှာ မင်းတို့ကို ပြောစရာစကား အများကြီး ရှိတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ဒါပေမယ့် ကျုပ် ပထမဆုံး ဝမ်းနည်းကြေကွဲစွာနဲ့ ဖော်ပြရမှာကတော့၊ ကျုပ်တို့ အလွန်ကောင်းတဲ့ လူတစ်ယောက် ဆုံးရှုံးခဲ့ရပြီ။ သူဟာ မူလက ဒီမှာထိုင်နေရမှာ" သူက ဟော့ဖ်ဖတ်ကျောင်းသားတွေကို လက်ညှိုးထိုးပြတယ်။ "ကျုပ်တို့နဲ့အတူ ဒီညစာစားပွဲကို ခံစားရမှာ ဖြစ်တယ်။ အားလုံး မတ်တတ်ရပ်ပြီး၊ ဖန်ခွက်မြှောက်ကာ စက်ဒရစ်-ဒစ်ဂိုရီကို အလေးပြုဖို့ ကျုပ် မျှော်လင့်တယ်"

အားလုံး မတ်တတ်ရပ်ကြတယ်။ ခန်းမထဲမှာ ထိုင်ခုံရွှေ့လျားတဲ့အသံတွေ ပေါ်လာတယ်၊ သူတို့အားလုံး ခြေတံရှည်အရက်ခွက်ကို မြှောက်ပြီး လေးနက်တဲ့အသံနဲ့ အတူတကွ ရွတ်ဆိုတယ်။ "စက်ဒရစ်-ဒစ်ဂိုရီ"

ဟယ်ရီဟာ လူအုပ်ကြားကနေ ချို-ချမ်းကို မြင်ရတယ်။ မျက်ရည်ပေါက်တွေဟာ သူမပါးပြင်ကနေ အသံမထွက်ဘဲ လိမ့်ဆင်းလာတယ်။ အားလုံးပြန်ထိုင်ကြတယ်။ ဟယ်ရီကလည်း ဝမ်းနည်းစွာနဲ့ ခေါင်းငုံ့ပြီး စားပွဲကို ကြည့်နေတယ်။

"စက်ဒရစ်ဟာ ဟော့ဖ်ဖတ်ပေါက်စ်ကျောင်းရဲ့ ထူးခြားတဲ့ အရည်အသွေးကို ဖော်ပြခဲ့တယ်" ဒမ်ဘာလီဒိုးက ဆက်ပြောတယ်။ "သူဟာ စိတ်ကောင်းနဲ့ သစ္စာရှိတဲ့မိတ်ဆွေ။ ကြိုးစားလုံ့လပန်းတဲ့ကျောင်းသားဖြစ်တယ်။ သူဟာ တရားမျှတစွာ ယှဉ်ပြိုင်ခြင်းကို တန်ဖိုးထားတယ်။ မင်းတို့ သူ့ကို သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူ သေဆုံးခြင်းက မင်းတို့ကို ဝယက်ရိုက်ခတ်တယ်။ ဒါကြောင့် ဒါတွေ ဘယ်လိုဖြစ်တယ်ဆိုတာ မင်းတို့မှာ သိပိုင်ခွင့်ရှိတယ်"

ဟယ်ရီက ခေါင်းမော့ပြီး၊ ဒမ်ဘာလီဒိုးကို ကြည့်နေတယ်။



"စက်ဒရစ်-ဒစ်ဂိုရီဟာ ဗိုလဒီမွန့်သတ်လို့ သေတာ"

ခန်းမထဲမှာ စိတ်လှုပ်ရှားစွာ တိုးတိုးပြောသံတွေ ပေါ်လာတယ်။ အားလုံး ထိတ်လန့်စွာနဲ့၊ မယုံနိုင်ဘဲ ဒမ်ဘာလီဒိုးကို ကြည့်နေတယ်။ ဟယ်ရီကတော့ အလွန်တည်ငြိမ်တယ်။ သူတို့ တိုးတိုးပြောသံတွေ တဖြည်းဖြည်း ငြိမ်သက်သွားတာကို ကြည့်နေတယ်။

"မှော်ဝန်ကြီးဌာနက ကျုပ် ဒါတွေ ပြောမပြစေချင်ဘူး" ဒမ်ဘာလီဒိုးက ဆက်ပြောတယ်။ "ကျောင်းသားမိဘတချို့ဟာ ဒီလိုလုပ်တာကို ထိတ်လန့်သိမ့်မယ် —— ဒါဟာ ဗိုလဒီမွန့် တကယ်ပြန်လာပြီဆိုတာ သူတို့ မယုံနိုင်လို့လဲ ဖြစ်မယ်။ ဒါမှမဟုတ်ရင်၊ မင်းတို့အသက်ငယ်သေးလို့ ဒီအကြောင်းကို မင်းတို့ကို ပြောသင့်ဘူးလို့ ထင်လို့လဲ ဖြစ်နိုင်တယ်။ သို့ပေမယ့် အမှန်ပြောတာဟာ လိမ်ပြောတာထက် ထာဝရကောင်းတယ်လို့ ကျုပ် ယူဆတယ်။ တကယ်လို့ ကျုပ်တို့ဟာ စက်ဒရစ်သေတာကို ရှောင်တခင်ဖြစ်မှုလို့ ပြောမယ်၊ ဒါမှမဟုတ် သူ ပေါ့လျော့လို့လို့ အပြစ်တင်မယ်ဆိုရင်၊ အဲဒါ သူ့သိက္ခာကို စော်ကားတာပဲ"

ဒီအချိန်မှာ၊ ခန်းမထဲက မျက်နှာတိုင်းဟာ ဒမ်ဘာလီဒိုးဘက် လှည့်သွားတယ်။ မျက်နှာတိုင်းမှာ ထိတ်လန့်အံ့ဩခြင်းတွေ ဖော်ပြနေတယ် —— အော၊ မျက်နှာတိုင်းတော့ မဟုတ်ဘူး။ စလဲ့သရင်းစားပွဲမှာ ဒရာ်ခို-မော်ဖိုင်ဟာ ခရပ်တို့ ဂိုးတို့နဲ့အတူ တိတ်တိတ်စကားပြောနေတယ်။ ရင်ထဲမှာ ရုတ်တရက် ပူစပ်စပ်ဒေါသထွက်လာတယ်လို့ ဟယ်ရီ ခံစားရတယ်။ သူဟာ အကြည့်ကို ဒမ်ဘာလီဒိုးဘက်လှည့်ဖို့ မိမိကိုယ်မိမိ အတင်းခိုင်းတယ်။

"စက်ဒရစ် သေဆုံးတဲ့အကြောင်း ပြောတဲ့အခါမှာ၊ တခြားတစ်ယောက်ကိုလဲ ပြောမှဖြစ်မယ်" ဒမ်ဘာလီဒိုးက ဆက်ပြောတယ်။ "ဒါမှန်ပဲ၊ ကျုပ်ပြောတာက ဟယ်ရီ-ပေါ်တာ"

ခန်းမထဲမှာ လှုပ်သွားတယ်။ လူအချို့က ဟယ်ရီ့ကို လှည့်ကြည့်တယ်၊ ဒီနောက် အမြန်ပြန်လှည့်သွားတယ်။ ဒမ်ဘာလီဒိုးကို ကြည့်နေတယ်။

"ဟယ်ရီ-ပေါ်တာဟာ ဗိုလဒီမွန့်လက်က လွတ်လာတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "သူဟာ အသက်အန္တရာယ်ကို ရင်ဆိုင်ပြီး စက်ဒရစ်အလောင်းကို ဟော့ဂ်ဝပ်ကို ပြန်ယူခဲ့တယ်။ သူဟာ ဘက်အသီးသီးမှာ ဘာမဆိုစိတ်ဓာတ်ပြခဲ့တယ်။ ဗိုလဒီမွန့်ကို ရင်ဆိုင်ရာမှာ မှော်ဆရာအချို့သာလျှင် ဒီလို သတ္တိကို ဖော်ပြနိုင်တာ။ ဒီအတွက် ကျုပ် သူ့ကို ဂုဏ်ပြုပါတယ်"

www.burmeseclassic.com



ဒမ်ဘလီဒိုးဟာ တည်ကြည်စွာနဲ့ ဟယ်ရီ့ဘက် လှည့်လိုက်တယ်။ ၎င်းရဲ့ခြေတံရှည်အရက်ခွက်ကို နောက်တစ်ကြိမ် မြှောက်လိုက်တယ်။ ခန်းမထဲက လူတွေအားလုံးလောက် ဒီအတိုင်းလုပ်ကြတယ်။ သူတို့ဟာ ခုနက စက်ဒရစ်နာမည်ကို ရွတ်ဆိုသလို ဟယ်ရီ့နာမည်ကို တိုးတိုးရွတ်ဆိုကြတယ်။ သူ့ကို အရက်နဲ့ ဂုဏ်ပြုတယ်။ ဒါပေမယ့် မတ်တတ်ရပ်ကြတဲ့လူတွေကြားကနေ မော်ဖိုင်၊ ခရပ်နဲ့ ဂိုး၊ ဒိပြင် စလေးသရင်းက လူအတော်အများများဟာ ခေါင်းမာစွာ ထိုင်နေကြပြီး ၎င်းတို့ရဲ့ အရက်ခွက်ကို ထိတောင်မထိတာ ဟယ်ရီ မြင်ရတယ်။ ဒမ်ဘလီဒိုးမှာ မှော်မျက်လုံးမှ မရှိတာ၊ သူတို့လုပ်ပုံကို မမြင်ဘူး။

အားလုံး ပြန်ထိုင်ကြပြီးနောက်၊ ဒမ်ဘလီဒိုးက ပြောတယ်။ "ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ ရည်ရွယ်ချက်ဟာ မှော်လောကမှာ အပြန်အလှန် နားလည်စေချင်လို့၊ အခုဖြစ်ပွားတဲ့ အဖြစ်အပျက်ကြောင့် —— ဗိုလ်ဒီမွန်ပြန်လည်ရှင်သန်လာတဲ့အတွက် —— ဒီလိုဆက်သွယ်မှုဟာ ဘယ်တုန်းကထက်မဆို အရေးကြီးတယ်"

ဒမ်ဘလီဒိုးက မဒမ်မက်ဆင်းနဲ့ ဟက်ဂရစ်ကို ကြည့်လိုက်တယ်။ ဖလောအာ-ဒယ်လာခေါ်နဲ့ သူမရဲ့ ဗျူစ်ဘာတန်ကျောင်းနေဘက်တွေကို ကြည့်တယ်။ စလေးသရင်း စားပွဲမှာထိုင်တဲ့ ဗစ်ခတာ-ခရွန်းမ်နဲ့ ဒမ်စထရန်ကျောင်းသားတွေကို ကြည့်ပြန်တယ်။ ခရွန်းမ်ဟာ သိပ်စိုးရိမ်ပုံပေါ်နေပြီး ကြောက်တောင်ကြောက်နေသလို ဖြစ်နေတာ ဟယ်ရီ မြင်ရတယ်။ ဒမ်ဘလီဒိုးက ပြင်းထန်တဲ့စကား ပြောမယ်လို့ ထင်နေသလိုပဲ။

"ဒီခန်းမထဲက ဧည့်သည်တိုင်းဟာ" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့အကြည့်ဟာ ဒမ်စထရန်ကျောင်းသားတွေပေါ် ကျရောက်သွားတယ်။ "ပြန်လာချင်ရင်၊ အချိန်မရွေး ကြိုဆိုပါတယ်။ ကျုပ် အားလုံးကို ထပ်ပြောဦးမယ် —— ဗိုလ်ဒီမွန့် ပြန်လည်ရှင်သန်လာတာကြောင့်၊ ကျုပ်တို့စည်းလုံးမှ ကြီးမားတောင့်တင်းမှာ ဖြစ်တယ်။ တကယ်လို့ ကွဲကြမယ်ဆိုရင်၊ လွယ်လွယ်နဲ့ ပြိုလဲသွားလိမ့်မယ်။ ဗိုလ်ဒီမွန့်ရဲ့ သွေးခွဲတဲ့လုပ်ရပ်နဲ့ ရန်လိုတဲ့လုပ်ရပ်တွေဟာ အလွန်ပြောင်မြောက်တယ်။ ကျုပ်တို့ဟာ ဒီအတိုင်း ဖြိုခွဲလို့မရတဲ့ ချစ်ကြည်မှုနဲ့ ယုံကြည်မှုကို ဖော်ပြနိုင်မှ၊ ၎င်းကို အဆုံးတိုင် ခုခံတိုက်ခိုက်နိုင်မယ်။ ကျုပ်တို့ ရည်မှန်းချက် တူညီမယ်၊ ရင်ဖွင့်ပြီးလုပ်မယ်ဆိုရင်၊ အလေ့အကျင့်နဲ့ ဘာသာစကား ကွာခြားမှုဟာ ပြဿနာမဟုတ်ပါဘူး။



"ကျုပ် ယုံကြည်တယ် —— ကျုပ် မှားတာဖြစ်ပါစေလို့ မျှော်လင့်တယ် —— ကျုပ်တို့အားလုံး အမှောင်နဲ့ ခက်ခဲတဲ့ကာလကို ရင်ဆိုင်ရလိမ့်မယ်လို့ ကျုပ် ယုံတယ်။ ခန်းမထဲရှိ မင်းတို့ထဲက လူတချို့ဟာ ဗိုလ်ဒီမွန့်ရဲ့ ရက်စက်စွာ ဒုက္ခပေးခြင်းကို တိုက်ရိုက်ခံခဲ့ရပြီ။ မင်းတို့ အိမ်ထောင်တွေ ပြိုကွဲသွားကြတယ်။ လွန်ခဲ့တဲ့တစ်ပတ်က ကျုပ်တို့ထဲက ကျောင်းသားတစ်ယောက် အသက်ကို လုယူဘာ ခံခဲ့ရတယ်။

"စက်ဒရစ်ကို မှတ်သားထားပါ။ မင်းတို့ လမ်းမှန်နဲ့ ဖြတ်လမ်းကြားမှာ မဘတ်သာဘဲ ရွေးချယ်ရတဲ့အခါမှာ၊ ဖြောင့်မတ်တဲ့၊ သတ္တိရှိတဲ့ ကောင်လေး တစ်ယောက်ကို မမေ့ပါနဲ့။ ဗိုလ်ဒီမွန့်နဲ့ မထင်မှတ်ဘဲ တွေ့ကြုံရတာနဲ့ ဒီလို ကြေကွဲဖွယ် ကံကြမ္မာဆိုးနဲ့ ကြုံရတယ်။ စက်ဒရစ်-ဒစ်ဂိုရီကို ထာဝရ မှတ်သားထားပါ"

ဟယ်ရီ့ပစ္စည်းတွေ သိမ်းဆည်းပြီးပြီ။ ဟက်ဒဝစ်ဟာလည်း သေတ္တာပေါ်က ၎င်းရဲ့လှောင်အိမ်ထဲ ပြန်ရောက်လာပြီ။ ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ တခြား စတုတ္ထနှစ်ကျောင်းသားတွေဟာ ကျပ်သပ်နေတဲ့ တံခါးခန်းမှာ သူတို့ကို ဟော့ဂ်စ်မိဒ်ဘူတာလိုက်ပို့ဖို့ စောင့်နေတယ်။ ဒီနေ့ဟာ လှပပြီး နေလို့ထိုင်လို့ ကောင်းတဲ့ နွေရက်တစ်ရက် ဖြစ်တယ်။ ဟယ်ရီက တွေးတယ်။ သူ ညဘက် ရေဖယောင်းဒင်လမ်းကို ရောက်ရင်၊ အဲဒီမှာ သိပ်ပူမှာပဲ။ ခြံထဲမှာ သစ်ရွက်တွေ ဝေစည်နေပြီး ပန်းခြံထဲမှာ ပန်းတွေ အစီအရီပွင့်နေမှာပဲလို့ တွေးတယ်။ ဒါတွေ တွေးမိပေမယ့် သူ နည်းနည်းမှ မပျော်ဘူး။

"ဟယ်ရီ"

သူ လှည့်ကြည့်တယ်။ ဖလောအာ-ဒယ်လာခေါ် ကျောက်လှေကားထစ်ကနေ အမြန်တက်လာပြီး ရဲတိုက်ထဲ ဝင်လာတယ်။ သူမနောက်က ကွင်းပြင်မှာ၊ ဟက်ဂရစ်ဟာ မဒမ်မက်ဆင်းကို ကူညီပြီး ဧရာမမြင်းကြီးနှစ်ကောင်ကို ကြိုးကြိုးချည်ပေးနေတာကို ဟယ်ရီ မြင်ရတယ်။ ဗျူစ်ဘာတန်မြင်းလှည်းကြီး ထွက်ခွာတော့မယ်။

"ကျွန်မတို့ ပြန်တွေ့ဖို့ မျှော်လင့်ပါတယ်" ဖလောအာက ဟယ်ရီ့အနား သွားပြီး လက်တစ်ဖက်ဆန့်ကာ ပြောတယ်။ "ကျွန်မ ဒီမှာ အလုပ်ရှာခွင့် ရချင်တယ်။ ကျွန်မရဲ့ အင်္ဂလိပ်စကားအရည်အချင်းကို မြှင့်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အင်္ဂလိပ်စကား အလွန်ကောင်းနေပြီ" ရွှန်က အနည်းငယ် အသက်ရှူမမှန်ဘဲ ပြောတယ်။ ဖလောအာက သူ့ကို ပြုံးပြတယ်။ ဟာမီးက ဘေးမှာ မျက်မှောင်ကြုတ်သွားတယ်။

"နောက်တွေ့မယ်၊ ဟယ်ရီ" ဖလောအာက ပြောပြီး လှည့်ထွက်သွားတယ်။ "ဒီတစ်ခါ ရှင်တို့နဲ့ တွေ့ရတာ သိပ်ပျော်ရွှင်တယ်"

ဖလောအာဟာ မြက်ခင်းအတိုင်း မဒမ်မက်ဆင်းဆီကို ကမန်းကတမ်း ပြေးသွားတာ ဟယ်ရီ ကြည့်နေတယ်။ ငွေရောင်တောက်တဲ့ဆံပင်ဟာ နေရောင်အောက်မှာ လှိုင်းလို ဂယက်ထနေတယ်။ သူ့စိတ်လည်း အလိုအလျောက် ပျော်လာတယ်။

"ဒမ်စထရန်က ကျောင်းသားတွေ ဘယ်လိုပြန်ကြမလဲမသိဘူး" ရွှန်က ပြောတယ်။ "မင်း ပြောစမ်း၊ ခါခါရော့ဖ်မရှိဘဲ သူတို့ အဲဒီသင်္ဘောကို မောင်းလို့ ရပ့်မလား"

"ခါခါရော့ဖ်က ပဲ့မကိုင်ပါဘူး" အသံပြာပြာလေးလေးတစ်သံက ပြောတယ်။ "သူက သင်္ဘောအခန်းထဲမှာ နေတာ၊ အလုပ်က ကျွန်တော်တို့ လုပ်ရတာ"

ခရွန်းမ်က ဟာမီးကို လာနှုတ်ဆက်တယ်။

"ကျွန်တော် ခင်ဗျားနဲ့ စကားနည်းနည်းပြောလို့ရမလား" သူက ဟာမီးကို မေးတယ်။

"အော . . . . ရတယ် . . . . ကောင်းပြီ" ဟာမီးက ပြောတယ်။ သူမမျက်နှာပေါ်မှာ နီရောင်သန်းသွားတယ်။ ခရွန်းမ်နောက်ကလိုက်ပြီး လူအုပ်ကို ဖြတ်ကာ ပျောက်သွားတယ်။

"နင် မြန်မြန်လုပ်ရင် ကောင်းမယ်" ရွှန်က သူမကျောဘက်က အော်ပြောတယ်။ "မြင်းလှည်းလာတော့မယ်"

သို့ပေမယ့် ဒီနောက် မိနစ်အချို့အတွင်းမှာ၊ ရွှန်က ဟယ်ရီကို မြင်းလှည်းအလာ စောင့်ကြည့်ခိုင်းပြီး၊ မိမိကတော့ လည်ပင်းဆန့်ပြီး ခရွန်းမ်နဲ့ ဟာမီး ဘယ်မှာလဲဆိုတာ ရှာနေတယ်။ အဲဒီလူနှစ်ယောက် မကြာခင်မှာ ပြန်လာတယ်။ ရွှန်က ဟာမီးကို ကြည့်တယ်။ ဟာမီးကတော့ ဘာမှမဖြစ်သလို

"ကျွန်တော် ဒစ်ဂိုရီကို တစ်လျှောက်လုံး နှစ်သက်တယ်" ခရွန်းမ်က ရွှန်ဘက်ကြီး ပြောတယ်။ "သူက ကျွန်တော့်ပေါ်မှာ ယဉ်ယဉ်ကျေးကျေး



ဆက်ဆံတယ်။ အမြဲတမ်း ဒီလိုပဲ။ ကျွန်တော် ဒမ်စထရန်က လာပေမယ့် —— ခါခါရော့ဖ်နဲ့အတူ ရှိပေမယ့်" သူက မျက်မှောင်ကြုတ်ပြီး ဖြည့်ပြောတယ်၊

"ခင်ဗျားတို့ ကျောင်းအုပ်အသစ်ရပြီလား" ဟယ်ရီက မေးတယ်။

ခရွန်းမ်က ပခုံးတွန့်လိုက်တယ်။ သူဟာ ဖလောအာကို လက်ကမ်းပေးတယ်။ ဟယ်ရီနဲ့ ရွှန်ကို တစ်လှည့်စီ လက်ဆွဲနှုတ်ဆက်တယ်။ ရွှန့်အမူအရာဟာ နာကျင်တဲ့ ရင်တွင်းပဋိပက္ခတစ်မျိုးကို အောင့်ခံစားနေရသလိုပဲ၊ ခရွန်းမ်က သွားတော့မယ်။ ရွှန်က ရုတ်တရက် ပြောတယ်၊ "ကျွန်တော့်ကို လက်မှတ်ထိုးပေးနိုင်မလား"

ဟာမီးက လှည့်ပြီး မြင်းမပါတဲ့ မြင်းလှည်းတွေ လှည်းလမ်းကြောင်းအတိုင်း သူတို့ဆီ ဖြည်းဖြည်းမောင်းလာတာကို ကြည့်နေတယ်။ မျက်နှာပေါ်မှာ ပြုံးရောင်သန်းလာတယ်။ ခရွန်းမ်ဟာ အံ့လည်းအံ့ဩ၊ ဝမ်းလည်းဝမ်းသာ ဖြစ်သွားပြီး သိုးရေစက္ကူတစ်ရွက်ပေါ်မှာ နာမည်ထိုးပေးလိုက်တယ်။

သူတို့ မင်းကြက်ခြေဘူတာကို ပြန်သွားတဲ့လမ်းမှာ၊ ရာသီဥတုဟာ မနှစ်က သူတို့ ဟော့ဂ်ဝပ်ကိုလာစဉ်ကနဲ့ လုံးဝမတူဘူး။ မိုးကောင်းကင် ကြည်သင်သာယာပြီး တိမ်ကင်းစင်နေတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ တော်တော်ကြာကြာလိုက်ရှာမှ ခြားထားတဲ့ အခန်းလွတ်ကလေးတစ်ခုရလို့ ဝင်ထိုင်ကြတယ်။ ဝက်ကလေးလည်း ရွှန့်ပွဲဝင်ဝတ်ရုံရှည်နဲ့ အုပ်ထားခံရပြန်တယ်။ ၎င်းက မပြတ်အော်နေလို့၊ ဟက်ဒဝစ်ဟာ ခေါင်းကို တောင်ပံထဲ ထိုးပြီး ငိုက်နေတယ်၊ ခရှုတ်ရှန်ဟာ နေရာလွတ်တစ်ခုမှာ ကွေးနေတယ်၊ အမွေးဖွားဖွားကြီးကြီး အဝါရောင်ထိုင်ဖုံကြီးနဲ့ တူတယ်။ မီးရထားဟာ ၎င်းတို့ကို တင်ပြီ တောင်ဘက်ကို ခုတ်မောင်းသွားတယ်၊ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးဟာ ရက်သတ္တတစ်ပတ်လုံး ငြိမ်နေရာက လွတ်ထွက်ပြီး၊ အားရကျေနပ်စွာ ပြောဆိုကြတယ်။ ဒမ်ဘလီဒိုး ကျောင်းပိတ်ညစာစားပွဲမှာ ပြောတဲ့စကားဟာ၊ မိမိရင်ထဲက စိုးရိမ်ကြောင့်ကြတာကို တစ်ခါတည်း ယူပစ်လိုက်သလို ဟယ်ရီ ခံစားရတယ်။ အခု ဖြစ်ပျက်ခဲ့တဲ့အမှုကို ပြောရင်လည်း ဒီလောက် မနာကျင်တော့ဘူး။ ဒမ်ဘလီဒိုးဟာ အခု ဘယ်လိုလုပ်ပြီး ဗိုလဒီမွန့် ပြန်လည်ထူထောင်လာတာကို တားဆီးမလဲဆိုတာကို သူတို့ လိုက်လှဲစွာ ဆွေးနွေးပြောဆိုကြတယ်။ နေ့လယ်စာ လာပို့တဲ့လှည်းကလေး ရွှေ့လာတော့မှ စကားရပ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာမီး တွန်းလှည်းလေးဆီက ထမင်းဝယ်ပြန်ပြီး ပိုက်ဆံကို လွယ်အိတ်ထဲ ပြန်ထည့်တဲ့အခါမှာ၊ သူမက သူမတစ်လျှောက်လုံး လွယ်အိတ်ထဲသိမ်းထားတဲ့ 'ကြိုဟောဆရာများနေ့စဉ်' တစ်စောင်ကို ယူထုတ်လိုက်တယ်။ ဟယ်ရီက ကြည့်လိုက်တယ်။ မိမိ သတင်းစာထဲပါတာ သိချင် မသိချင်ဆိုတာ သူ့ဟာသူလည်း မပြောတတ်ဘူး။ ဟာမီးက ဟယ်ရီ သတင်းစာကို ကြည့်နေတာတွေ့တော့ တည်ငြိမ်စွာ ပြောတယ်။ "သတင်းစာထဲမှာ ဘာမှမပါဘူး။ နင့်ဟာနင် ကြည့်ကြည့်။ တကယ်ဘာမှမပါတာ။ ငါ နေ့တိုင်းစစ်ကြည့်တယ်။ တတိယကဏ္ဍပြီး နောက်နေ့မှာ သတင်းတိုလေးတစ်ခုပဲ ထည့်တယ်။ နင် ဗိုလ်သုံးဗိုလ်ဖလား ဆွတ်ခူးတယ်လို့ပဲ ပါတယ်။ သူတို့ဟာ စက်ဒရစ်ကို ထည့်တောင်မပြောဘူး။ ဒီအကြောင်းကို တစ်လုံးတစ်ပါဒမှ မရေးဘူး။ တကယ်လို့ ငါ့ကိုမေးရင်၊ ဖဒ်ဂ်က သူတို့ကို ငြိမ်နေဖို့ အတင်းခိုင်းတာလို့ ထင်တယ်"

"သူက ရီတာကို ငြိမ်နေခိုင်းလို့ မရဘူး" ဟယ်ရီက ပြောတယ်။ "ရီတာက ဒီလိုပြောင်မြောက်တဲ့ပုံပြင်ကို လက်လွှတ်ခံမှာ မဟုတ်ဘူး"

"အော၊ တတိယကဏ္ဍပြီးနောက်၊ ရီတာဟာ ဘာမှမရေးတော့ဘူး" ဟာမီးက ပြောတယ်။ သူမဟာ တစ်ခုခုကို ကြိုးစားထိန်းထားသလိုပဲ။ သူမအသံက တစ်မျိုးကြီးဖြစ်နေတယ်။ "နင်တို့ကို ဖုံးမထားဘူး" သူမက ပြောပြန်တယ်။ အသံက နည်းနည်းမာတာတာ ဖြစ်နေတယ်။ "ရီတာ-စကီးထာ ယာယီအားဖြင့် ဘာမှရေးမှာမဟုတ်ဘူး။ သူ့လျှို့ဝှက်ချက်ကို ငါ ဖွင့်ချတာ မခံချင်ရင်ပေါ့"

"နင် ဘာတွေပြောနေတာလဲ" ရွန်က ပြောတယ်။

"သူမဟာ ကွင်းထဲ မဝင်သင့်တဲ့အချိန်မှာ၊ ဘယ်လိုလုပ်ပြီး သူများရဲ့ လျှို့ဝှက်စကားပြောတာတွေကို နားထောင်တာလဲဆိုတာ ငါ သိသွားပြီ" ဟာမီးက ဒရစပ်ပြောတယ်။

ဟာမီးဟာ ဒီရက်တွေအတွင်းမှာ ဒီကိစ္စကို သူတို့ ပြောပြချင်နေတယ်ဆိုတာ ဟယ်ရီ သိသလိုပဲ။ ဒါပေမယ့် ဖြစ်ပွားခဲ့တဲ့ကိစ္စတွေက သိပ်များတော့ သူမဟာ ချုပ်တည်းထားရတာပေါ့။

"သူမက ဘယ်လိုလုပ်တာလဲ" ဟယ်ရီက အမြန်မေးတယ်။

"နင်က ဘယ်လိုသိအောင်လုပ်တာလဲ" ရွန်က သူမကို ကြည့်ပြီး မေးတယ်။

"ကောင်းပြီ၊ စင်စစ်ပြောရမယ်ဆိုရင်၊ နင် ငါ့ကို ပေးတဲ့အကြံပဲ



ဟယ်ရီ" ဟာမီးက ပြောတယ်။

"ငါ ?" ဟယ်ရီက ဘာမှန်းမသိဘူး "ဘယ်လိုလုပ်ဖြစ်မှာလဲ"

"ခိုးနားထောင်တာ (bugging)" ဟာမီးက ပျော်ရွှင်စွာ ပြောတယ်။

"ဒါပေမယ့် နင်က ခိုးနားထောင်တဲ့ကိရိယာ အသုံးမကျဘူးဆို ——"

"အော၊ အီလက်ထရောနစ် bugs မဟုတ်ဘူး" ဟာမီးက ပြောတယ်။ "ဒီလို . . . . ရီတာ-စကီးထာ" —— ဟာမီးဟာ ကျေနပ်နှစ်သိမ့်တဲ့ ခံစားချက်ကို အောင့်ထားတယ်။ အသံကလည်း နည်းနည်းတုန်နေတယ် —— "သူမဟာ မှတ်ပုံမတင်တဲ့ အာနီမာဂပ်စ်။ သူမဟာ ——"

ဟာမီးက လွယ်အိတ်ထဲကနေ အလုံပိတ်ထားတဲ့ ဖန်ဘူးလေးတစ်လုံးကို ယူလိုက်တယ်။

"—— ပိုးပိတုံးကောင်ဖြစ်နိုင်တယ်"

"နင် ရယ်စရာပြောနေတာ ထင်တယ်" ရွန်က ပြောတယ်။ "နင် လုပ် . . . . သူမဖြစ် . . . ."

"အော၊ ဟုတ်တယ်၊ ဒီအတိုင်းပဲ" ဟာမီးက ဝမ်းသာစွာ ပြောတယ်။ သူတို့ကိုလည်း ဘူးကို လှုပ်ပြတယ်။

"ဖန်ဘူးထဲမှာ သစ်ကိုင်းလေးတွေနဲ့ သစ်ရွက်လေးတချို့ရှိတယ်။ ဝတုတ်တုတ်ပိုးပိတုံးကောင်ကြီးတစ်ကောင်လဲ ရှိတယ်"

"အဲဒါ မဖြစ်နိုင်ဘူး —— နင် ရယ်စရာပြောနေတာ ——" ရွန်က ဖန်ဘူးကို မျက်စိရှေ့မြှောက်ပြီး၊ အသံနိမ့်နိမ့်ပြောတယ်။

"ဟင့်အင်း၊ ငါ ရယ်စရာပြောတာ မဟုတ်ဘူး" ဟာမီးက သိပ်ပျော်တဲ့ အမူအရာနဲ့ ပြောတယ်။ "ငါ လှူနာခန်းပြတင်းပေါ်မှာ သူမကို ဖမ်းမိတာ။ နင် သေချာကြည့်စမ်း၊ အဲဒီ ပိုးပိတုံးကောင်ရဲ့ ဦးမျှင်ပတ်ဝန်းကျင်က အမှတ်အသားဟာ သူမတပ်တဲ့ အရုပ်ဆိုးတဲ့ မျက်မှန်နဲ့တစ်ပုံစံတည်းရယ်"

ဟယ်ရီက ကပ်ကြည့်တော့၊ ဟာမီးပြောတာမှန်ကြောင်း တွေ့ရတယ်။ သူကလည်း အကြောင်းတချို့ကို သတိရလာတယ်။

"ဟိုညက၊ ဟက်ဂရစ်က မဒမ်မက်ဆင်းကို သူ့အမေအကြောင်း ပြောတာ ကြားတဲ့အချိန်တုန်းက၊ ပိုးပိတုံးကောင်တစ်ကောင် ရုပ်တုပေါ် ကပ်နေတယ်"

"ဒီအတိုင်းပဲ" ဟာမီးက ပြောတယ်။ "ငါတို့ ကန်ဘေးမှာ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်၊ ဗစ်ခတာဟာ ငှါးဆံပင်ထဲကနေ ပိုးပိတုံးကောင်းတစ်ကောင် ဖမ်းမိတယ်။ ငါမှားတာ ဖြစ်ရင်ဖြစ်မှပဲ။ ဒါပေမယ့် ငါ ပြောဝံ့တယ်၊ နင့်အမာရွတ်နာတဲ့နေ့က၊ ရီထာဟာ ဗေဒင်ကျောင်းခန်းက ပြတင်းခုံပေါ်မှာ ပုန်းပြီး ခိုးနားထောင်နေမှာ။ သူမဟာ တစ်နှစ်ပတ်လုံး ဟိုပျံသွားလိုက် ဒီပျံလာလိုက်နဲ့ ချဲ့ကားရေးလို့ရတဲ့ အချက်အလက် လိုက်ရှာနေတာ"

"ဟိုနေ့က ငါတို့ မော်ဖိုင်ကို ဟိုသစ်ပင်အောက်မှာ တွေ့တယ် . . . . "

ရွှန်က ဖြည်းဖြည်းချင်း ပြောတယ်။

"သူ ရီထာနဲ့ စကားပြောနေတာ။ ရီထာက သူ့လက်ပေါ်မှာ" ဟာမီးက ပြောတယ်။ "ဒါပေါ့လေ၊ မော်ဖိုင်က ဒီလျှို့ဝှက်ချက်ကို သိတယ်။ ရီထာဟာ ဒီအတိုင်းပဲ စလေးသရင်းတွေကို ကောင်းကောင်းဗျူးလေးတွေ လုပ်တာပဲ။ သူတို့က သူမလုပ်တာ တရားဝင်တယ် မဝင်ဘူးဆိုတာ အရေးမထားဘူး။ သူမရှေ့မှာ သူတို့ လျှောက်ပြီးမဟုတ်တရုတ်ပြောပြီး ငါတို့နဲ့ ဟက်ဂရစ်ကို ရှုတ်ချရရင် ပြီးတာပဲ"

ဟာမီးဟာ ရွှန့်လက်ထဲကနေ ဖန်ဘူးကို ပြန်ယူလိုက်ပြီး ရယ်ကျဲကျဲနဲ့ ပိုးပိတုံးကောင်ကို ကြည့်နေတယ်။ ပိုးပိတုံးက ဒေါသထွက်လို့ ဖန်ဘူးထဲကနေ တအုန်းအုန်းအော်နေတယ်။

"ငါက သူမကို ပြောထားတယ်။ ငါတို့ လန်ဒန်ပြန်ရောက်တာနဲ့ သူမကို လွှတ်ပစ်မယ်" ဟာမီးက ပြောတယ်။ "ငါက ဖန်ဘူးကို ခိုင်ခံ့ဂါထာ ရွတ်ထားတယ်။ ဒီလိုဆိုတော့ သူမ ရုပ်ပြောင်းလို့ မရတော့ဘူး။ ငါက သူမကို တစ်နှစ်အတွင်းမှာ စာမရေးရဘူးလို့ ပြောထားတယ်။ သူများကို နာမည်ဖျက်တာနဲ့ စော်ကားတဲ့အကျင့်ဆိုး ပျောက်မလား ကြည့်ရအောင်"

ဟာမီးက တည်ငြိမ်စွာ ရယ်ပြီး၊ ပိုးပိတုံးကို မိမိလွယ်အိတ်ထဲ ပြန်သည့်လိုက်တယ်။

ခြားကာထားတဲ့ အခန်းလေးရဲ့တံခါး တွန်းဖွင့်ခံရတယ်။

"သိပ်ဉာဏ်ကောင်းတာပဲ၊ ဂရန်ဂျာ" ဂျာခို-မော်ဖိုင်က ပြောတယ်။

ခရပ်နဲ့ ဂိုးက သူ့နောက်မှာ ရပ်နေတယ်။ သူတို့သုံးယောက် ဒီလောက်ဟာတယ်ထင်တာ၊ ဒီလောက် မာနတက်နေတာ၊ ဒီလောက်ယောင်လွှားတာကို ဟယ်ရီ မကြုံဖူးဘူး။

"ဒီလိုဆိုတော့" မော်ဖိုင်က အခန်းထဲကို တစ်လှမ်းဝင်လိုက်တယ်။



သူတို့ကို ဖြည်းဖြည်းချင်း အကဲခတ်နေတယ်။ ပါးစပ်ထောင့်က တုန်ခါပြီး ကဲ့ရဲ့ပြုံး ပြုံးကာ ဖြည်းဖြည်းပြောတယ်။ "မင်းက သနားစရာသတင်းထောက်တစ်ယောက်ကို ဖမ်းထားတယ်၊ ပေါ်တာကလဲ ဒမ်ဘလီဒိုး အနှစ်သက်ဆုံးကောင်လေး ဖြစ်သွားတယ်။ တယ်လဲ ဟုတ်ပါလား"

သူ့မျက်နှာပေါ်က အကြံယုတ်နဲ့ အပြုံးဟာ ပိုထင်ရှားလာတယ်။ ခရပ်နဲ့ ဂိုးဟာလည်း ဆိုးရွားတဲ့ ရယ်သံတွေ ထွက်ထွက်လာတယ်။

"ငါတို့ ရင်းကို တတ်နိုင်သလောက် သွားမတွေးနဲ့၊ ဟုတ်လား" မော်ဖိုင်က သူတို့သုံးယောက်ကို ကြည့်ပြီး မလေးမနက် ပြောတယ်။ "ဘာမှမဖြစ်သလို အတတ်နိုင်ဆုံး ဟန်ဆောင် ?"

"ထွက်သွားစမ်း" ဟယ်ရီက ပြောတယ်။

ဒမ်ဘလီဒိုးက စက်ဒရစ်ကို လွမ်းဆွတ်သတိရကြောင်းစကား ပြောတဲ့၊ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ တိတ်တိတ်ပြောဆိုကြတာ ဟယ်ရီ မြင်ရပြီးတတည်းက၊ ဟယ်ရီဟာ မော်ဖိုင်နဲ့ ဒီလောက်နီးနီး တစ်ခါမှ မတွေ့သေးဘူး။ သူ့နားထဲမှာ တအုန်းအုန်းဖြစ်နေတယ်။ သူ့လက်ဟာ ဝတ်ရုံရှည်အောက်က မှော်ကြိမ်လုံးကို သွားကိုင်မိတယ်။

"မင်းဟာ စကတည်းက ရှုံးမှာသေချာတယ်၊ ပေါ်တာ။ ငါ မင်းကို သတိပေးဖူးတယ်။ ငါ မင်းကို အဖော်ရှာတဲ့နေရာမှာ သတိရှိရမယ်လို့ ပြောခဲ့ဘူးတယ်။ မှတ်မိလား။ အဲဒါ ဟော့ဂ်ဝပ်ကိုရောက်တဲ့ ပထမနေ့၊ ငါတို့ ရထားပေါ်မှာ တွေ့ကြတုန်းက။ ငါက မင်းကို ဒီလိုအောက်တန်းစားတွေနဲ့ ရောမနေဖို့ ပြောဖူးတယ်" သူက ရွှန်နဲ့ ဟာမီးကို ခေါင်းယမ်းပြတယ်။ "အခုတော့ မရတော့ဘူး ပေါ်တာ။ မှော်နက်သခင်ကြီး ပြန်လာပြီ။ အရင်ဆုံးသွားမှာက သူတို့ပဲ၊ အသေမဆုံးက ရွှံ့သွေးနဲ့ မတ်ဂေါ်နှစ်သက်တဲ့လူ၊ ဆက်ပြီး —— ဒုတိယခြေလှမ်းက ဒစ်ဂိုရီလို ——"

ဘေးခန်းမှာ ပျောက်အိုးတစ်သေတ္တာကို မီးညှိလိုက်သလို၊ မတူတဲ့ဘက်အသီးသီးကနေ မျက်စိစူးစေတဲ့ အလင်းရောင်တွေ ပေါ်ထွက်လာတယ်။ ဟယ်ရီ မျက်စိတောင် မဖွင့်နိုင်ဘူး။ တဖျောက်ဖျောက်မြည်သံဟာ နားကွဲမတတ်ပဲ။ သူက မျက်တောင်ခတ်လိုက်ပြီး ကြမ်းပေါ်ကို ငုံ့ကြည့်နေတယ်။

မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ဟာ သတိမေ့ပြီး အခန်းဝမှာ လဲနေတယ်၊ ရွှန်နဲ့ ဟာမီးတို့ မတ်တတ်ရပ်လျက်။ ခုနက သူတို့သုံးယောက်စလုံး မတူတဲ့

www.burmeseclassic.com



ကျိန်စာတစ်ခုစီ တစ်ပြိုင်နက် သုံးလိုက်ကြတယ်။ ပြီးတော့ ဒီလိုလုပ်တာ သူတို့ သုံးယောက်ချည်း မဟုတ်ဘူး။

"ဒီကောင်သုံးကောင် ဘာများလုပ်ချင်တယ်ဆိုတာ ငါ သိချင်လို့" ဖရက်က ခပ်တည်တည်ပြောရင်း ဂိုးကိုယ်ပေါ် နင်းပြီး တွဲခန်းထဲ ဝင်လာတယ်။ သူ့လက်ထဲမှာ မှော်ကြိမ်လုံးနဲ့၊ ဂျော့ကလည်း ဒီအတိုင်းပဲ။ ဂျော့ဟာ ဖရက် နောက်ကလိုက်ပြီး ဝင်လာတော့၊ မော်ဖိုင်ကိုယ်ပေါ် ကို တမင်နင်းဝင်လာတယ်။

"ဘယ်လောက်စိတ်ဝင်စားစရာကောင်းတဲ့ အကျိုးသက်ရောက်မှု ပါလဲ" ဂျော့က ခရပ်ကို ငုံ့ကြည့်ပြီး ပြောတယ်။ "ဘယ်သူ အမွေးထူကျိန်စာ သုံးလဲ"

"ငါ" ဟယ်ရီက ပြောတယ်။

"တိုက်ဆိုင်လိုက်တာ" ဂျော့က ဝမ်းသာစွာ ပြောတယ်။ "ငါက ဒူးပျော့ကျိန်စာသုံးတာ။ ဒီကျိန်စာနှစ်မျိုး ရောသုံးလို့မရဘူးထင်တယ်။ သူ့ မျက်နှာတစ်ခုလုံး ပိုးကောင်ဦးမျှင် ပေါက်နေပြီ။ ကောင်းပြီ၊ ငါတို့ သူတို့ကို ဒီမှာမထားနဲ့၊ သူတို့က လှပတဲ့အလှဆင်ပစ္စည်းတွေ မဟုတ်ဘူး"

ရွန်၊ ဟယ်ရီနဲ့ ဂျော့တို့ဟာ မူးမေ့နေတဲ့ မော်ဖိုင်၊ ခရပ်နဲ့ ဂိုး (သူတို့ အားလုံး ကျိန်စာတချို့ ရောနှောတိုက်ခိုက်တာခံရလို့ ပိုအရုပ်ဆိုးနေတယ်) တို့ကို တွန်းလှိမ့်ကန်ကျောက်ပြီး ဘေးကအခန်းထဲ ထည့်လိုက်တယ်။ တံခါး ပြန်ပိတ်လိုက်တယ်။

"ဘယ်သူ ဝုန်းဒိုင်းပေါက်ကွဲကစားမလဲ" ဖရက်က ပြောရင်း ဖဲတစ်ထုပ် ဆွဲထုတ်လိုက်တယ်။

သူတို့ ငါးပွဲလောက် ကစားရသေးတယ်၊ ဟယ်ရီက သူတို့ကို ရှင်း အောင် မေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"ဒါဆို၊ မင်းတို့ ငါတို့ကို ပြောပြလို့ ရပြီထင်တယ်" သူက ဂျော့ကို ပြောတယ်။ "မင်းတို့ ဘယ်သူ့ကို ငွေညှစ်နေတာလဲ"

"အော" ဂျော့က မကြည်မသာနဲ့ ပြောတယ်။ "ဟိုကိစ္စလား"

"ဘာမှမဟုတ်ဘူး" ဖရက်က ပြောရင်း စိတ်မရှည်ဘဲ ခေါင်းခါတယ်။ "ဘာမှသိပ်ကြီးကျယ်တာ မဟုတ်ပါဘူး။ အနည်းဆုံး အခု အရေးမကြီးတော့ဘူး"

"ငါတို့ လက်လျှော့လိုက်ပြီ" ဂျော့က ပခုံးတွန့်ပြီး ပြောတယ်။

ဒါပေမယ့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးက အတင်းမေးတယ်။ နောက်ဆုံး



ဖရက်က ပြောတယ်။ "ကောင်းပြီ၊ ကောင်းပြီ၊ မင်းတို့ တကယ်ပဲ သိချင်ရင်တော့ . . . . အဲဒါလူဒို-ဘက်ဂမင်း"

"ဘက်ဂမင်း ?" ဟယ်ရီက ကျင်လျှင်စွာ ပြောတယ်။ "သူလဲ ပါနေ တယ်လို့ ——"

"မဟုတ်ဘူး" ဂျော့က မျက်နှာကြီးမဲ့ပြီး ပြောတယ်။ "အဲဒီကိစ္စမျိုး ပြောတာ မဟုတ်ဘူး၊ သူက ငတုံးကြီး၊ ဒီလို ခေါင်းမရှိသေးဘူး"

"အော၊ ဒါဆို ဘယ်လိုဖြစ်တာလဲ" ရွန်က ပြောတယ်။

ဖရက်က တုံ့ဆိုင်းနေပြီး ပြောတယ်။ "ငါတို့ ခွေဒစ်ကမ္ဘာ့ဖလားပွဲမှာ သူနဲ့လောင်းတဲ့ကိစ္စကို မင်းတို့ မှတ်မိသေးလား။ ငါတို့က အိုက်ယာလန် နိုင်မယ်၊ ဒါပေမယ့် ခရွန်းမ်က ရွှေဘောလုံးပျံလေးကို ဖမ်းမိမယ်လို့ လောင်းတာလေ"

"မှတ်မိတယ်လေ" ဟယ်ရီနဲ့ ရွန်က ဖြည်းဖြည်းပြောတယ်။

"ကောင်းပြီ၊ အဲဒီငတုံးက ငါတို့ကိုပေးတဲ့ ရွှေဒင်္ဂါးဟာ သရဲပုလေး တွေရဲ့ ရွှေဒင်္ဂါး။ အဲဒါ သူ အိုက်ယာလန် လာဘ်ကောင်ဆီက ကောက်လာတာ"

"အဲတော့ ဘာဖြစ်လဲ"

"ဘာပြောစရာလိုသေးလဲ" ဖရက်က စိတ်မရှည်ဘဲ ပြောတယ်။ "ရွှေ ဒင်္ဂါးတွေ ပျောက်ကုန်တာပေါ့။ မဟုတ်ဘူးလား။ နောက်နေ့ နံနက်ကျတော့၊ အရိပ်တောင် မတွေ့ရတော့ဘူး"

"ဒါပေမယ့် —— သတိလစ်ပြီး မှားတာဖြစ်မှာပေါ့၊ ဟုတ်လား" ဟာမီးက ပြောတယ်။

ဂျော့က စူးစူးဝါးဝါးရယ်တယ်။

"ဟုတ်တယ်လေ၊ အစက ငါတို့လဲ ဒီအတိုင်းတွေးတာ။ ငါတို့ သူ့ကို စာရေးပြီး သူမှားပေးတဲ့အကြောင်း ပြောပြရင်၊ သူက တို့ကို ငွေပြန်ပေးမယ် ဆင်တာ။ ဒါပေမယ့် ဘယ်ဒီလိုဟုတ်မလဲ။ သူက ငါတို့စာကို လုံးဝအရေးမလုပ် ဘူး၊ ငါတို့ဟာ ဟော့ဂ်ဝပ်မှာ သူနဲ့စကားပြောဖို့ သုံးလေးကြိမ် ကြိုးစားတယ်၊ ဒါပေမယ့် သူက အကြောင်းပြချက်အမျိုးမျိုးနဲ့ ရှောင်ပြေးတယ်"

"နောက်ဆုံးကျတော့၊ သူ့သဘောထားက သိပ်ဆိုးသွားပြီ" ဖရက်က ပြောတယ်။ "သူက ငါတို့ကို ပြောတယ်။ ငါတို့ အသက်သိပ်ငယ်တယ်။ အလောင်း အစား မလုပ်ရဘူး။ သူ ငါတို့ကို တစ်ပြားမှပေးမှာ မဟုတ်ဘူးတဲ့"

"ဒီနောက်၊ ငါတို့က ငါတို့အရင်းကို ပြန်တောင်းတယ်" ဂျော့က ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ထွက်စွာ ပြောတယ်။

"ဒါလဲ သူ ငြင်းဆန်တယ် ?" ဟာမီးက အသက်အောင့်ပြီး မေးတယ်။

"နင်ပြောတဲ့အတိုင်းပဲ" ဖရက်က ပြောတယ်။

"ဒါပေမယ့် အဲဒါ မင်းတို့ရဲ့ စုဆောင်းငွေအားလုံးနော်" ရွန်က ပြောတယ်။

"ဒါ မင်းပြောစရာလိုသေးလား" ဂျော့က ပြောတယ်။ "အမှန်ပဲ၊ နောက်တော့ ဒါ ဘာဆိုတာ ငါတို့ သိလာတယ်။ လီ-ဂျော်ဒန့်အဖေ ဘက်ဂမင်းဆီက အကြွေးတောင်းတော့လဲ နဖူးကျည်ပွေ့တွေ့တာပဲ။ နောက်မှ သိရတာက ဘက်ဂမင်းဟာ သရဲသဘက်တွေနဲ့ ပြဿနာဖြစ်တယ်။ သူက ရင်းတို့ဆီကနေ ရွှေတွေအများကြီး ချေးထားတယ်။ ကမ္ဘာ့ဖလားပွဲပြီးနောက်၊ ရင်းတို့က သူ့ကို သစ်တောထဲမှာ ပိတ်ပြီး၊ သူ့ကိုယ်ပေါ်က ရွှေအားလုံးကို လုယူသွားတယ်။ ဒါတောင် ရင်းတို့အကြွေးကို ကျေအောင်မဆပ်နိုင်ဘူး။ ရင်းတို့ဟာ သူ့နောက်လိုက်ရင်း ဟော့ဂ်ဝပ်ရောက်လာတယ်။ သူ့ကို နီးနီးကပ်ကပ် စောင့်ကြည့်ထားတယ်။ သူဟာ အလောင်းကစားကြောင့် အားလုံးရှုံးကုန်တယ်။ သူ့ကိုယ်ပေါ်မှာ ရွှေဒင်္ဂါးနှစ်ပြားတောင် မရှိဘူး။ အဲဒီငတုံးက သရဲသဘက်တွေကို ဘယ်လို အကြွေးဆပ်မယ်ဆိုတာ မင်း သိလား"

"ဘယ်လိုဆပ်မလဲ" ဟယ်ရီက ပြောတယ်။

"သူက လောင်းကြေးကို မင်းပေါ်မှာထားတာ၊ သူငယ်ချင်း" ဖရက်က ပြောတယ်၊ "ငွေအများကြီးလောင်းတာ။ မင်း ယှဉ်ပြိုင်ပွဲနိုင်မယ်လို့ လောင်းတာ။ သရဲသဘက်တွေနဲ့ လောင်းကြတာ"

"အော၊ ဒါကြောင့် သူက ငါ့ကို နိုင်အောင်ကူညီချင်နေတာ" ဟယ်ရီက ပြောတယ်။ "ကောင်းပြီ —— ငါ တကယ်ပဲ နိုင်ပြီ၊ မဟုတ်ဘူးလား၊ သူက မင်းတို့ရွှေဒင်္ဂါးကို မင်းတို့ ပြန်ပေးလို့ရပြီ မဟုတ်လား"

"ဘယ်ဟုတ်မလဲ" ဂျော့က ခေါင်းခါပြီး ပြောတယ်။ "သရဲသဘက်တွေရဲ့ ဖော်ပြချက်ဟာလဲ သူ့လိုပဲ ဆိုးတယ်။ ရင်းတို့က ပြောတယ်၊ မင်းနဲ့ ဒစ်ဂိုရီ နှစ်ယောက်ယှဉ်ပြီး ပထမဆုရတာတဲ့။ ဘက်ဂမင်းလောင်းတာက မင်းတစ်ယောက်တည်း အနိုင်ရမယ်လို့ ... လုံးဝအောင်နိုင်မယ်တဲ့။ ဒါကြောင့် ဘက်ဂမင်းလဲ ကမန်းကတမ်း ထွက်ပြေးရရော။ တတိယကဏ္ဍပြီးဆုံးတာနဲ့ သူထွက်ပြေးတာပဲ"

ဂျော့က လေးပင်စွာ သက်ပြင်းချလိုက်ပြီး၊ စတင်ဖဲဝေပြန်တယ်။



ကျန်ရှိတဲ့ခရီးမှာ သူတို့ အလွန်ပျော်တယ်။ စင်စစ်၊ ဟယ်ရီဟာ မီးရထားကြီး ဒီအတိုင်းဆက်မောင်းသွားနေစေချင်တာ။ တစ်နွေလုံး မောင်းနေပြီး မင်းကြက်ခြေဘူတာကို ဘယ်တော့မှ မရောက်စေချင်ဘူး . . . . ဒါပေမယ့် ဒီနှစ်မှာ သူဟာ ခက်ထန်တဲ့ တရားတစ်ခုကို နားလည်ခဲ့ပြီ။ မပျော်ရွှင်စရာအကြောင်းတစ်ခု ရှေ့မှာ သင့်ကို စောင့်နေခဲ့ရင်၊ အချိန်က ခြေလှမ်းနှေးပေးမှာ မဟုတ်ဘူးဆိုတာပဲ။ မျက်စိတစ်မှိတ်အတွင်းမှာပဲ၊ ဟော့ဂ်ဝပ် အထူးအမြန်ရထားဟာ ၉ $\frac{၃}{၄}$ ဘူတာမှာ ရပ်သွားပြီ။ ကျောင်းသားတွေ တဖွဲဖွဲ ရထားက ဆင်းလာကြတယ်။ ပလက်ဖောင်းထဲမှာ ရှုပ်ထွေးဆူညံသွားတယ်။ ရွန်နဲ့ ဟာမီးဟာ သေတ္တာကို ဆွဲပြီး ရထားခန်းက ထွက်ခဲ့တယ်။ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ကို ခက်ခက်ခဲခဲ ကျော်ထွက်ခဲ့တယ်။ ဒါပေမယ့် ဟယ်ရီက မလှုပ်ဘူး။

"ဖရက် —— ဂျော့ —— ခဏစောင့်ပါဦး"

အမွှာညီနောင် ပြန်လှည့်လာတယ်။ ဟယ်ရီက သေတ္တာကို ဖွင့်ပြီး၊ သူ ယှဉ်ပြိုင်ပွဲက ရတဲ့ဆုငွေကို ယူထုတ်လိုက်တယ်။

"ယူထား" သူက ပြောတယ်၊ အထုပ်ကို ဂျော့လက်ထဲ ထိုးထည့်လိုက်တယ်။

"ဘာလဲ ?" ဖရက်က ပြောတယ်။ လန့်ပြီး ငိုင်သွားတယ်။

"မင်း ရူးနေလား" ဂျော့က ပြောပြီး အထုပ်ကို ဟယ်ရီ့ဘက် ပြန်တွန်းတယ်။

"ဟင့်အင်း၊ ငါ မရူးပါဘူး" ဟယ်ရီက ပြောတယ်။ "မင်းတို့ ယူသွားဆက်ပြီး တီထွင်၊ ဒါက ရယ်စရာကုန်တိုက်အတွက် အရင်းအနှီး မြုပ်နှံတာ"

"သူ တကယ်ရူးနေပြီ" ဖရက်က ထိတ်လန့်တဲ့အသံနဲ့ ပြောတယ်။

"နားထောင်" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။ "မင်းတို့ လက်မခံရင်၊ ငါ မြောင်းထဲ လွှင့်ပစ်မှာ။ ငါ ဒါတွေ မလိုချင်ဘူး။ လိုလဲ မလိုအပ်ဘူး၊ ဒါပေမယ့် ငါ ရယ်မောပျော်ရွှင်ချင်တယ်။ ငါတို့အားလုံး ရယ်မောပျော်ရွှင်မှု လိုမှာပါ။ ငါ့မှာ ငါတို့မကြာခင် ဒီထက်ပိုပြီး ရယ်မောပျော်ရွှင်စရာ လိုလိမ့်မယ်လို့ ကြိုခံစားနေရတယ်"

"ဟယ်ရီ" ဂျော့က အသံပျော့ပျော့နဲ့ ပြောတယ်။ လက်ထဲက ရွှေဒင်္ဂါးအိတ်ကိုလည်း ဆ,ကြည့်နေတယ်။ "အထဲမှာ ရွှေဂါလုံးတစ်ထောင်ရှိတာ"

"ဟုတ်တယ်လေ" ဟယ်ရီက ရယ်ပြီး ပြောတယ်။ "တွေးကြည့်လေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ရွှေငှက်ကလေးမုန့် ဘယ်လောက်ရမလဲ"

အမြွာနှစ်ယောက် သူ့ကို ကြည့်နေတယ်။

"မင်းတို့အမေကို ဘယ်က ရတယ်ဆိုတာ မပြောနဲ့ဦး . . . . သူမက အခု မင်းတို့ကို မှော်ဝန်ကြီးဌာနမှာ အလုပ်သိပ်မလုပ်စေချင်တော့ပေမယ့် . . . ."

"ဟယ်ရီ . . . ." ဖရက်က တစ်ခုခုပြောဦးမလို့ ဒါပေမယ့် ဟယ်ရီက မှော်ကြိမ်လုံးဆွဲထုတ်ပြီ။

"မြန်မြန်ယူသွား" သူက မျက်နှာထားကြီးနဲ့ ပြောတယ်။ "နို့မို့ရင် ငါ မင်းကို ဆိုးဝါးကျိန်စာ ချလိုက်မှာ။ ငါ အခု အလွန်ဆိုးတဲ့ကျိန်စာတချို့ သိတယ်။ မင်းတို့ ငါ့ကို တစ်ခုကူညီပါကွာ၊ ကောင်းလား။ ရွန့်ကို ပွဲဝင်ဝတ်ရုံ ရှည်တစ်ထည် သပ်သပ်ဝယ်ပေးလိုက်ပါ။ မင်းတို့ သူ့ကို လက်ဆောင်ပေးတာလို့ ပြောပါ"

အမြွာညီနောင် ဘာမှထပ်မပြောရခင်မှာ၊ သူက အခန်းထဲက ထွက်သွားတယ်။ လှည့်ပြီး မော်ဖိုင်၊ ခရပ်နဲ့ ဂိုးကို ကျော်ပြီး သွားရော။ မော်ဖိုင်တို့ဟာ ကြမ်းပေါ်မှာ လဲနေတုန်းပဲ။ ဆိုးရွားကျိန်စာကပေးတဲ့ အမှတ်အသား တွေလည်း သူတို့ကိုယ်ပေါ်မှာ ကျန်ရှိနေတုန်းပဲ။

ဦးလေးဗာနွန်ဟာ အကာအရံနောက်မှာ စောင့်နေတယ်။ မစ္စစ် ဝယ်စလီဟာ သူ့အနီးမှာ ရပ်နေတယ်။ သူမဟာ ဟယ်ရီ့ကို မြင်တာနဲ့ ပြေးဖက်တယ်။ သူ့နားနားကပ်ပြီး တိုးတိုးပြောတယ်။ "ဒမ်ဘာလီဒိုးက နွေမှာ မင်းကို ငါတို့အိမ်ကို လာခွင့်ပေးမယ်လို့ ထင်တယ်။ ဆက်သွယ်နော်၊ ဟယ်ရီ"

"နောက်မှ တွေ့မယ်၊ ဟယ်ရီ" ရွန်က ပြောရင်း သူ့ကျောကို ပုတ်လိုက်တယ်။

"နောက်မှတွေ့မယ်၊ ဟယ်ရီ" ဟာမီးက ပြောတယ်။ ဒီနောက် သူမဟာ အရင်က မလုပ်ဖူးတဲ့ အလုပ်ကို လုပ်လိုက်တယ်။ သူမက ဟယ်ရီ့ပါးကို နမ်းလိုက်တယ်။

"ဟယ်ရီ —— ကျေးဇူးတင်တယ်" ဂျော့က မပွင့်တပွင့် ပြောတယ်။ ဖရက်က ဘေးကနေ ခေါင်းချည်းညိတ်နေတယ်။

ဟယ်ရီက သူတို့ကို မျက်စိမှိတ်ပြပြီး၊ ဦးလေးဗာနွန်ဘက် လှည့်လိုက်တယ်၊ တိတ်တိတ်လေး သူ့နောက်လိုက်ပြီး ဘူတာက ထွက်သွားတယ်။ အခု သူ စိတ်ပူစရာမရှိသေးဘူး။ သူဟာ ဒါစလီတို့အိမ်က ကားထဲဝင်ရင်း အဲဒီ



ခြင်းစားတယ်။

ဟက်ဂရစ် ပြောခဲ့သလိုပဲ၊ လာမယ့်ဟာက လာမှာပါပဲ . . . . ရောက်လာရင် လက်ခံရမှာပဲ။

ဟယ်ရီ-ပေါ်တာနှင့် မီးတောက်ခွက် ပြီးပြီ။

ကြည်ကြည်မာ

၂၇၊ ၁၂၊ ၂၀၀၄

**စီစဉ်ဆဲစာအုပ်များ**

**ဟယ်ရီပေါ်တာနှင့် ဖီးနစ်အဖွဲ့**

www.burmeseclassic.com